382

ကျေးဇူးတော်ရှင်

အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရား

မန္တလေးမြို့ချစ်ဆွေမှော်ရုံဥ

ဟောတော်မူသော

ခန္ဓာဉာဏ်ရောက်

ဝိပဿနာ

လုပ်ငန်းစဉ်တရား



အမှတ်စဉ်-၅

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရား

ပဉ္စင်္ဂသမ္ပဒါကြီတရားများ၊ ဒု-ပါး၊ ထင်ရှားစေပါတွန်-ဒေသနာတော်

ဆရာတော်ဘုရား၊ မဟာသတိပဋ္ဌာနဂေဟာ၊ ပိုးကုတ်ဆရာတော် ဦးဝိမလာဘိ
ပဋိစ္စသမုပ္ပါဒ် ဖြစ်လမ်းကြည့်ရှုစရာ စက်ဝိုင်းဒေသနာ


ဝဋ်
ဒုတိယ ဘဝသံသရာ ဝဋ်
ပဋိသန္ဓေ
ဘဝင်
ဘဝင်ချော်
ပဉ္စဒွါရာဝဇ္ဇန်
စက္ခုဝိညာဉ်
သမ္ပဋိစ္ဆန်
သန္တီရဏ
ဝေါဋ္ဌဗ္ဗန်
ဇော
တဒါရုံ
ဘဝင်
ဘဝင်ချော်
မနောဒွါရာဝဇ္ဇ

ဧကျိုးဒုံးဓနဆာဂ်ရှင်

အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရား

မန္တလေးမြို-ဦးချစ်ဆွေ ဝမ္မဝံဒ်

ဟောကြား ဆုံးမတော်မူသော

(ခန္ဓာဥဿော်ရောက်)

ဝိပဿနာလှုပ်ငန်းစဉ်

ပဋိစ္စသမုပ္ပါဒ်-တရားဓမ္မ

(အမှတ်စဉ် ၅)

A

ဘာသာရေးဆိုင်ရာစာပေခွင့်ပြုချက်
အမှတ်(၃၀၂၀)

မိုးကုတ် ဆရာတော် ဘုရား၏

ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့၏
မူပိုင်ဖြစ်သည်။

မည်သူမျှ ကူးယူ ထုတ်ဝေခြင်း မပြုရ။

အဖွဲ့ကိုယ်စား-ထုတ်ဝေဖြန့်ချိသူ

ဦးအောင်ချို မှတ်ပုံတင် အမှတ် (မြ-၀၀၁၁၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့
ထရုံစပို့လမ်း၊ သွေးဆေးကန်အနီး၊
ဒဂုံစာတိုက် ရန်ကုန်မြို့။

★

စပယ်ပုံနှိုက်တိုက်၊ မှတ်ပုံတင်အမှတ် (၀၀၅၉၉)
အမှတ်-၂၀၀၊ လမ်း ၅၀၊ ရန်ကုန်မြို့တွင် ရိုက်နှိပ်သည်။

တတိယအကြိမ်ရိုက်နှိပ်ခြင်း စာအုပ်ရေ ၂၄၀၀။

၁၉၆၉-ခု၊ စက်တင်ဘာလ
အဘိုး ၃ကျပ် ၅၀ပြား။

နိဒါန်း

နဓေယျ ဒုဒ္ဒါယ သိဒ္ဓိ

၁။ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးသည် ၁၃၂၂-ခုနှစ်အတွင်း ဆောင်းရာသီ၌ မန္တလေးမြို့တွင် (၂)လ နီးပါး တရားဟောတော်မူခဲ့ရာ-ပရိသတ်များအလွန်ပင်စည်ကားလှုပါသည်၊ ညစဉ်ပရိသတ် ၅၀၀၀-ကျော်၆၀၀၀-လာရောက်နာကြားကြပါသည်၊ ဤကဲ့သို့ ဟောကြားတော်မူခဲ့သောတရားများကို စာအုပ်အဖြစ်သို့ အမှတ်စဉ်(၃)မှစ၍ အမှတ်စဉ်(၆)အထိ ဖြန့်ဖြူးရန် အစီအစဉ်ရှိခဲ့သည့်အတိုင်း ယခု အမှတ်စဉ်(၅)ကိုလည်း ရန်ကုန်မြို့ရှိ မိုးကုတ်ဝိပဿနာတရားစဉ်နှင့်အလုပ်စဉ်ပြန့်ပွါးရေး အဖွဲ့ကြီးက ကမကထပြုလုပ်လျက် ရိုက်နှိပ်ထုတ်ဝေခြင်းဖြစ်ရာ စက္ကူအခက်အခဲ အမျိုးမျိုးနှင့် တွေ့ရပါသော်လည်း ဆရာတော်ကြီး ဤမျှ ဝေနေယျတွေ့အပေါ်၌ ဆောင်ရွက်ပြီး သယ်ယူကယ်တင်ပို့ဆောင်တော်မူခဲ့သည်များကို ကိုယ်တိုင်နာကြားရသလို ဖြစ်ပါစေဟူသော အဖွဲ့ကြီး၏ ရည်ရွယ်ချက်ဖြင့် ရိုက်နှိပ်ထုတ်ဝေခြင်းဖြစ်ပါသည်။

၂။ ဆရာတော်ကြီး၏ဆန္ဒတော်မှာ ၇ ရက်သားသမီးအား လုံးတို့အား တရားနာနိုင်ကြပါစေ၊ နာသည့်အတိုင်းနားလည်

နိဒါန်း

ကြပါစေ....၊ နားလည်သည့်အတိုင်း ခန္ဓာဥာဏ်ရောက် တရား အားထုတ်နိုင်ကြပါစေဆိုတဲ့ စေတနာ မေတ္တာကို ရှေ့ထား၍ ကြီးမားလှသော ဂရုဏာတရားဖြင့် ဟောကြား ဆုံးမတော်မူခဲ့ခြင်းဖြစ်ရာ ဤတရားစာအုပ် ဘတ်ရှုသူတိုင်းအား စာဘတ်ရင်း ခန္ဓာဥာဏ်လှည့်ထားပါမှ ခန္ဓာအရှိကို ဥာဏ်နဲ့ မိအောင်နှလုံးသွင်းနိုင်ကြပါမည်။

ဆရာတော်သည် စာအရှိကို အဓိကမထားမူ၍ ခန္ဓာအရှိကို ဖြစ်စဉ်ကိုက် ဟောပြောဆုံးမခြင်းဖြစ်ရာ မိမိသန္တာန်မှာရှိပ်နာမ်နှစ်ပါးမျှသာရှိတယ်၊ ၎င်းရုပ်နာမ်နှစ်ပါးကလဲ ဖြစ်ပြီးပျက်တဲ့ တရားမျှားသာ ကောန်မှုချဖြစ်တယ်ဆိုတာ ခန္ဓာဥာဏ်ရောက် ဟောပြောတော်မူခြင်းဖြစ်၍ ခန္ဓာကို ဥာဏ်နဲ့ လှည့်ဖြစ်အောင် လှည့်ကြဖါရန် တိုက်တွန်းပါသည်။

၃။ ဆရာတော်ကြီးသည် ရံဖန်ရံခါသံဝေဂဥာဏ် ရမ္မကို ရှေးရှုပြီးဟောတော်မူသဖြင့် အနည်းငယ်ကြမ်းသည်ဟု ထင်ချင် ထင်ကြပေလိမ့်မည်၊ တကာရင်းဆရာရင်းပြီပြီဟောတော်မူခြင်း ဖြစ်၍တကာတကာမများအလိုကိုနဲ့နဲ့မှမလိုက်ဘဲမညှာမထောက် သြတ္တပ္ပသံဝေဂမှစ၍ ဓမ္မသံဝေဂအထိရစေခြင်းငှါ ဟောတော်မူ ခြင်းဖြစ်သည်ဟုနားလည်တော်မူကြရန်ဖြစ်ပါသည်ဤမျှသံဝေဂ ဖြစ်အောင်ဟောတော်မူသည်ကိုပင် အိမ်အရောက်ပါကြသူမျှား အရေအတွက် မျှားချင်မှမျှားပေလိမ့်မည်။

၄။ ဆရာတော်ကြီးသည် တကာတကာမတို့အား တဘဝ တည်းနှင့် ကိစ္စပြီးစီးအောင်အထိ အတော်ပင် အပင်ပန်းခံကာ သယ်ယူကယ်တင်ပို့ဆောင်တော်မူရှာပါသည်၊ မိမိဘက်မှလိုလေ

နိဒါန်း

သေးမရှိရအောင် ကယ်တင်ပို့ဆောင်တော် မူပါသော်လည်း တကာတကာမတွေ့ဘက်က လိုနေကြသေးရှိသဖြာဟု ဆိုရပေလိမ့်မည်။

ဆရာတော်ကြီးသည် သားရေး, သမီးရေး, စီးပွါးရေးနှင့် တဏှာခိုင်းသမျှ တဏှာကျွန်အဖြစ်နှင့် အချိန်တွေ့ ဖြုန်းတီးနေခြင်းကို အထူးကဲ့ရဲ့တော်မူခဲ့ပါသည်၊ဆုံးမတော်မူခဲ့ပါသည်၊ သား, မယားခြေရင်း တဏှာကျွန်အဖြစ်နဲ့ ခေါင်းစင်းပြီး သေတာလောက် အရွပ်ဆိုးတာ မရှိဘူးကဟု စာရေးသူအား မကြာခဏ ဆုံးမတော်မူခဲ့ပါသည်။

ဤသို့ ပြောဆိုဆုံးမခြင်းအားဖြင့် ဆရာတော်သည် စီးပွားရေးအလုပ်-မလုပ်ရဘူးဟု မဆိုလိုပါ၊မိမိကိစ္စကို ရွေ့ထားပါ၊ သားသမီးရေး - စီးပွါးရေး နောက်ထားပါဟူ၍ ဆိုလိုရင်းဖြစ်ပါသည်၊ မိမိတို့ရဲ့ အပါယ်ဘေးကို စိတ်ချရအောင် အရင်လုပ်ပါဦး၊ အပါယ်စိတ်ချရသည့်အခါ သားရေး, သမီးရေး, စီးပွါးရေးကိုလုပ်ပါဟု အထူးသတိပေးတော်မူပါသည်။

၅။ လူတိုင်းလူတိုင်းဆိုသလို အခွင့်သာလျှင် အပါယ်အကျိုးပေးမည်ဆိုတဲ့ကံတွေ့အနွှန်တကနောက်ကြောကတန်းလန်းကြီးပါနေတော့ ဒါန, သီလ, သမထ အစုမ်းကြောင့် နတ်ပြည် ဗြဟ္မာပြည် အကျိုးပေးပြန်ယင်လဲအထက်မြောက်လိုက်တဲ့ခဲလုံးပမာ အရှိန်သေတော့ပြန်ကျပြန်ပါသေးတယ်ဆိုတာ အားလုံးသိရှိတော်မူကြပြီး ဖြစ်သည့်အတိုင်း အပါယ်ဘေးကိုစိတ်ချရလောက်အောင်ပဌမအဆင့်အနေနှင့် ကြိုးစားတော်မူကြစေလိုပါသည်။

နိဒါန်း

၆။ ဆရာတော်ကြီးက အပါယ် အကျိုးပေးနိုင်တဲ့ ကံတွေ အနန္တရိယကံက၊ ဒါကိုဝိပဿနာတည်းဟူသော ဆေးတလျက်နဲ့ ကြပါတယ်ကွာ....လုပ်ကြစမ်းပါဟု မျှားစွာ တိုက်တွန်းတော် မူသည့်အတိုင်းနည်းလမ်းမှန်သောဝိပဿနာတရားကိုရှာဖွေစီစစ် တော်မူကြပြီးလျှင် ရုပ်နာမ် ခန္ဓာအာယတန ဓာတ်သစ္စာ ပဋိစ္စသမုပ္ပါဒ် အစရှိသော ဗုဒ္ဓဘာသာအခြေခံတရားကို နားလည်အောင် လေ့လာအားထုတ်ပြီးလျှင် သတိပဋ္ဌာန်(၄)ပါးတွင် မိမိတို့သန်ရာ အနုပဿနာတပါးပါးဖြင့် ရုပ်ဆိုလျှင်ရုပ်၏ ဖြစ်ပျက် ဝေဒနာဆိုလျှင် ဝေဒနာတို့၏ ဖြစ်ပေါ်ပြီး ပျက်ပျက်သွားတာ စိတ်ဆိုလျှင် ပေါ်လာတဲ့ စိတ်တွေ ပေါ်ပေါ်ပြီး ပျက်ပျက်သွားတာတွေကို ပဋိမမြင်အောင်ရှုပါ၊ နောက် ဖြစ်ပေါ်ပြီး ပျက်ပျက်သွားသည့် တရားတွေကို မုန်းလာသည်အထိ ငြီးငွေ့လာသည်အထိ ကြိုးစား၍ရှုပါ၊ နောက်ဖြစ်ပျက်တွေဆုံး သွားသည်အထိ ရှုပါဟု တိုက်တွန်းပါသည်။

၇။ သို့ကြောင့် ဆရာတော်ကြီးက ဖြစ်ပျက်မြင်အောင်ရှု ဖြစ်ပျက်မုန်းအောင်ရှု၊ ဖြစ်ပျက်ဆုံးအောင်ရှုဟု ဟောကြားဆုံးမတော်မူခဲ့ပါသည်။

ဖြစ်ပျက်သမျှ သင်္ခါရ ဒုက္ခသစ္စာမှတ်၊
ဖြစ်ပျက်မှုပင် ငါကောင်ထင် ခင်မင်သမုဒယမှတ်၊
ရုပ်နာမ်အားလုံး ဖြစ်ပျက်သူဉ်း ချုပ်ဆုံးနိဗ္ဗာန်မှတ်၊
ချုပ်ဆုံးမှုတွင် ဉာဏ်သက်ဝင် သိမြင်မဂ်ဟုမှတ်။

နိဒါန်း

အထက်ပါ လက်ဘကလေးကိုလည်း နှုတ်ငုံဆောင်ထားလျှင် ကောင်းပါမည်၊ ၎င်းပြင် ဆရာတော်ကြီး ဟောခဲ့တဲ့ အောက်ပါလက်ဘကလေး တွဲပုဒ်ကိုလည်း ဤနေရာတွင် ဖေါ်ပြလိုပါသည်။ အားထုတ်မည့် ယောဂီများအတွက် သင့်လျော်ပါသည်။

ယုံကြည်ကျမှာ- ဖြောင့်မှန်စွာနှင့်-လွန်စွာအားထုတ် နာမ်နှင့်ရုပ်ကို- ဖြစ်ချုပ်သိမြင်- ဤငါးအင်-မှန်ပင် မင်္ဂ ရကြောင်း။

ဤအင်္ဂါငါးပါးနှင့်ပြည့်စုံခဲ့လျှင် အမှန်ပင် မင်္ဂရနိုင်သည်ဆို တာ ယုံယုံကြည်ကြည်နှင့် ခန္ဓာငါးပါးပေါ်၌ အနိစ္စလက္ခဏာ ဒုက္ခလက္ခဏာ- အနတ္တလက္ခဏာ-တင်၍ (၀၂) ဖြစ်ပျက်တွေ့မြင် လာအောင် အားထုတ်လျှင် အမှန်မင်္ဂ-ရနိုင်သည်ဟု ယုံကြည် စွာနှင့် အားထုတ်ကြပါဟု တိုက်တွန်းပါသည်။ တစတစနှင့် ဖြေးဖြေးမှအားထုတ်ရတာပေါ့ဆိုတဲ့ ဟာမျိုးနဲ့တော့ ဝေးပါ သေးရဲ့ဟု- ဆရာတော်ကြီးမကြာခဏ ဆုံးမတော်မူခဲ့ပါသည်။

(ဂ) ပဋ္ဌမမင်္ဂသည် သိပ်အရေးကြီးပါသည်။ ပဋ္ဌမမင်္ဂကို ပေါက် မြောက် အောင် အား ထုတ် ထား ပြီး နောက် မိမိတို့ သားရေး သမီးရေး စီးပွားရေး စသည်တို့ကို လုပ်ကိုင်ဆောင် ရွက်နိုင်ကြပါသည်။ ပဋ္ဌမမင်္ဂ အောင်မြင်ခြင်းသို့ ရောက်မှသာ၊ အပါယ် ဒုဂ္ဂတိ ဘေးက လွတ်မြောက်ကြမည် ဖြစ်ပါသော ကြောင့် သောတာပတ္တိမင်္ဂ ရတဲ့သူသည်၊ သိကြားမင်း-ဗြဟ္မာ မင်း-စကြဝတေးမင်းတို့၏ အဖြစ်ကို ရတာထက် ပိုချမြတ်သည်

နိဒါန်း

ဟု-ဘုရားရှင် ဟောကြားထားခဲ့ပါသည်၊ အဘယ်ကြောင့် ဆိုသော် သိကြားမင်း- ဗြဟ္မာမင်း- စကြဝတေးမင်း အဖြစ်ဆိုတာ ဝိနိပါတဘေးက မလွတ်ကြကုန်သေးသောကြောင့်ဖြစ်ပါသည်။

သို့ဖြစ်ပါသောကြောင့် ဝိပဿနာ နည်းမှန် နည်းစစ်မျှားကို သေသေချာချာ စုံစမ်းပြီးလျှင် မိမိတို့ကိုယ်ကို မိမိတို့ကယ်တင်တဲ့ အလုပ်ကိုဖြင့် လုပ်ကြပြီးလျှင် သံသရာခရီးသည် အမြုပ် သမားအမျောသမားဘဝမှ-အဆန်သမားဘဝသို့ရောက်အောင် အားသစ် ကြိုးစားတော် မူနိုင်ကြပါ စေကုန်သတည်း။

ဦးသံဒိုင်။

(၂၃-၃-၆၄)

ဧဒဂ်ာတန်

ဦးရေ အကြောင်းအရာ စာမျက်နှာ။

၁။ ဝိပဿနာလုပ်သင့်ကြောင်း တိုက်တွန်းခြင်း
တရားတော် ၁

၂။ အချိန်မဖြုန်းသင့်ကြောင်း တိုက်တွန်းခြင်း
တရားတော် ၅၄

၃။ ဝေဒနာနုပဿနာရှုနည်း အလုပ်ပေး
တရားတော ၁၀၇

၄။ အဖုံးငါးပါးဖွင့်နည်း ။ ၁၅၆

၅။ သမ္မသန ။ ၂၀၃

၆။ မင်္ဂလာဏ်သို့ကူးပြောင်းပုံ ။ ၂၅၅

၇။ ကိုယ့်ခန္ဓာကိုယ်သုံးသပ်ပုံ ။ ၃၁၀

၈။ ပဗ္ဗတူပမသုတ် ။ ၃၆၁

၉။ ခန္ဓာခေါ်ရာဉာဏ်သွားရမည့် ။ ၄၁၂

၁၀။ ခန္ဓာဝန်ထမ်းခရီးကြမ်းသွားရပုံ ။ ၄၆၄

၁၁။ အဓိပတိထား၍အားထုတ်ရမည့် ။ ၅၁၁

၁၂။ တရားနာနည်းနိဿည်း ။ ၅၅၈

စီကွန်ဒုပသသနာ ရှုနည်း

ဟေတုဟေတု

၁။ မြင်စိတ်
၂။ ကြားစိတ်
၃။ နံစိတ်
၄။ စားစိတ်
၅။ ယားနာကောင်းစိတ်
၆။ တွေးစိတ်-တောစိတ်

} အပြင်ဖြည့်သည့် ၆ ယောက်

၁။ လောဘစိတ်
၂။ ဒေါသစိတ်
၃။ မောဟစိတ်
၄။ အလောဘစိတ်
၅။ အဒေါသစိတ်

} အတွင်းဖြည့်သည့် ၅ ယောက်

၁။ လေကိုထုတ်သောစိတ်
၂။ လေကိုသွင်းသောစိတ်

} အိမ်သည်စိတ် ၂ ခု

သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ၊
သမ္မာသတိ၊ သမ္မာသမာဓိ၊
ဂုဏ်း (၅) ခုသည် ရှုတတ်သော တရားမျှားဖြစ်၏။
ရှုပုံနည်းစံနစ်မှာ အိမ်သည်ကို အမြဲထား၍ ဖြစ်ပျက်ရှုပါ။
အိမ်သည် မရှိပါက အပြင် ဖြည့်သည်၊ အတွင်းဖြည့်သည်
ပေါ်ရာကိုရှုပါ။

ဖြည့်သည်မရှိပါက အိမ်သည်ကိုအမြဲရှုပါ။

အဖွဲ့၏ တည်ရာဌာန၊ အမှတ် ၃၃-ဆင်းဒွစ်လမ်းဥ

လက်လီရောင်းချခြင်း၊ ရပ်ဝေးသို့ စာတိုက်မှ တင်ပို့ခြင်း
မပြုပါ။။

၁၉၆၅-ခု၊ ဒီဇင်ဘာလအထိ ရိုက်နှိပ်ပြီး၍ ရနိုင်သော
စာအုပ်များမှာ အမှတ်စဉ် ၁-မှစ၍ အမှတ်စဉ် ၂-ဖြစ်ပါသည်။
နောက်ထပ် ထုတ်ဝေဆဲ နောက်ဆက်တွဲများလည်း ရိုက်နှိပ်ဆဲ
ဖြစ်ပါသည်။

(၁) ဖြစ်ပျက်သမျှ သင်္ခါရ ဒုက္ခသစ္စာမှတ်။
(၂) ဖြစ်ပျက်မှုတွင် ငါကောင်ထင် ခင်မင်သမုဒယမှတ်။
(၃) ရုပ်နာမ်အားလုံး ဖြစ်ပျက်သည်း ချုပ်ဆုံးနိဗ္ဗာန်မှတ်။
(၄) ချုပ်ဆုံးမှုတွင် ဉာဏ်သက်ဝင် သိမြင်မဂ်ဟုမှတ်။
(၅) သူတော်ဆည်းကပ် မြတ်တရားနာ လေ့ကျင့်စွာကျင့်
မဂ္ဂင်ဝင်ဆုံ ရလင့်ကုန်သဘ။

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ

ကျေးဇူးကော်ရှင်, အဂ္ဂမဟာပဏ္ဍိတ

အမရပူရမြို့ မဂ်လာတိုက်ဟောင်း-မိုးကုတ်ဆရာတော်ဘုရား
မန္တလေးမြို့၊ ဦးချစ်ဆွေမွာရုံ၌
ဟောကြားတော်မူသော

(အိုဘေး မစောင့်ဘဲ ဝိပဿနာလုပ်သင့်ကြောင်း)

တိုက်တွန်းခြင်းတရားတော်

(၂၅-၂-၆၁)

တကာ တကာမတွေ့ အိုဘေး, နာဘေး, စောင့်နေကြတာနဲ့ တူလွန်းလို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက အနာဂတ်ဘေးတွေ့ကို ဟောလိုက်ပါတယ်လို့ မှတ်ရမယ်နော်.... (မှန်လှပါဘုရား)။

ဝိပဿနာအလုပ် အားမထုတမ် ရှေးအဘုံကာလ၌ တကာတကာမတွေ့ ဝိပဿနာမျှားအားမထုတ်ဘဲနေခဲ့ကြသည်ရှိသော် (ဝါ)လုံလစိုက်ပြီး သကာလ လုပ်ရမည့် အလုပ်ကို မလုပ်ဘဲနေခဲ့ကြသည်ရှိသော် ဒီ တကာ တကာမတွေ့ ဘာဖြစ်နေကြပါလိမ့်မလဲလို့ ဘုရားကသဗ္ဗညုတရှေ့ဉာဏ်တော်ကြီးနဲ့ ကြည့်လိုက်

တဲ့အခါကြလို့ ရှိယင်ဖြင့် လုပ်သင့်တာ မလုပ်ဘဲနဲ့ မလုပ်သင့်တာ လုပ်နေကြလို့ ရှိယင်ဖြင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဘေးတွေစောင့်ပြီးသကာလ ဘေးလွတ်ချင်တဲ့ ပုဂ္ဂိုလ်ဟာ ဘေးစောင့်နေတဲ့ အလုပ် အမြဲတမ်း လုပ်နေပါကလား....လို့ သဗ္ဗညုတ ရွှေဉာဏ်တော်ကြီးနဲ့.... (ပဉ္စကနိပါတ်အင်္ဂုတ္တိုရ်မှာ) မြင်တော်မူတယ်လို့ မှတ်ရမယ်နော်....(မှန်ပါ့ဘုရား)။

တကာ တကာမတွေ သူတော်ကောင်း အလုပ် မလုပ်ဘဲနဲ့ သားရေး,သမီးရေး, စီးပွားရေးနဲ့ အချိန်ကုန်နေကြတာ သည်ဘေး စောင့်နေတာလို့ ဘုရားက မြင်တော်မူတယ်....(မှန်လှပါဘုရား)။

သူတော်ကောင်းအလုပ်မလုပ်ဘဲနဲ့ တကာတကာမတွေ သည် သားရေး,သမီးရေး,စီးပွားရေးတဏှာခိုင်းတာနဲ့ အချိန်တွေ ကုန်ပြီးသကာလ နေကြလို့ ရှိယင်ဖြင့် ဒီတကာတကာမတွေ ဘာလုပ်နေတာတုံး မေးယင် ဘယ် နှယ် ဖြေကြပါ့မလဲ....(ဘေးစောင့်နေကြတာပါ ဘုရား)။

ဘေးစောင့်နေတာလို့ မှတ်ပါ၊ ဘေးဆိုတာ စောင့်ရမှာလား....တကာ တကာမတို့ မတွေ့ခင်ကဲ့ ကိုယ့်ကိစ္စပြီးအောင် လုပ်ထားနှင့်ရမှာလား....(မတွေ့ခင်ကဲ့ ကိုယ့်ကိစ္စ ပြီးအောင် လုပ်ထားရမှာပါ ဘုရား)။

မတွေ့ခင်က ကိုယ့်ကိစ္စပြီးအောင် လုပ်ထားရမှာကို ဘေး စောင့်နေတဲ့ ပုဂ္ဂိုလ်များဖြစ်ခဲ့လို့ ရှိယင်ဖြင့် ဘုန်းကြီးတို့ တကာ တကာမတွေ အမိုက်ဖြင့် ကမ်းကုန်နေပေါ့လို့ဆိုယင် မလဲဘူး ပေါ့ဗျာ....(မှန်လှပါဘုရား)။

မိုးကုတ်ဝိပဿနာ လုပ်ငန်းစဉ်တရား (၅)

ဒါကြောင့် ဦးခင်မောင်တို့ ငါဘယ်အခြေအနေတွင် နေပလိမ့်....ငါဘာလုပ်နေပါလိမ့်.... ငါလူတကာလိုဘဲလား.... ဘေးစောင့်နေတဲ့ပုဂ္ဂိုလ်ထဲကဘဲလားလို့ ရှု့ပိုင်းမှာ တကာတကာမတွေ့ မှတ်စရာကလေး ဘုရားရှင်ကဟောလို့ ဝီရိယ လျှော့နေမှာစိုးလို့ ဘုရားက ဟောရှာတယ်၊ အမြင်အတိုင်း ပြောတယ်လို့လဲ မှတ်ကြစမ်းပါ....(မှန်လှပါဘုရား)။

တကာတကာမတို့....ဒီခန္ဓာကြီးသည်ကားလို့ ဆိုလို့ ရှိယင် ဘယ်အရောက် သွားနေသတုံးလို့ မေးလို့ရှိယင်ဖြင့် ပဋိသန္ဓေနေကတည်းက အမိ ဝမ်းခေါင်းထဲက ထွက်ကတည်းက စ,ပြီး အိုဘေးရှိရာ ပြေးနေတယ်....(မှန်လှပါ)။

ဒီခန္ဓာကြီးဟာ ပဋိသန္ဓေနေပြီး ဘယ်အရောက် ပြေးပါလိမ့် (အိုဘေးရှိရာ ပြေးပါတယ် ဘုရား) ဒါကြောင့် ၁-နံပါတ် အိုဘေးရှိရာ ပြေးသည်....(မှန်ပါ့)။

ဒါဖြင့် တကာ တကာမတွေ့ ဒီခန္ဓာကြီးဟာ သြော်.... သူတဝန်ဝတ္တရား ဘာမျှား အလုပ် လုပ်ပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့ အိုဘေးရှိရာအရောက်ပြေးတာဟာ ခန္ဓဝတ္တရားလို့ ဆိုယင် လဲပါ့မလား....(မလဲပါဘုရား)။

ခန္ဓဝတ္တရားဟာ ဘယ်မျှား အရောက် သွားနေပါလိမ့်.... (အိုဘေးရှိရာ အရောက် သွားနေပါတယ်ဘုရား) အိုဘေးရှိရာ အရောက်သွားနေတယ်ဆိုတာဖြင့် ရှင်းကြ,လင်းကြလောက်ပါပြီ (မှန်ပါ့ဘုရား)။

အဲဒီတော့ဒီသူတော်ကောင်းအလုပ် ကိုယ်ချမ်းသာဘို့အလုပ် ကိုယ်နိဗ္ဗာန် ရောက်ဘို့အလုပ် ကိုယ်ဒုက္ခသိမ်းတဲ့ အလုပ်ဆိုတာ တကာ တကာမတို့ ဆံပင် ကောင်းတုန်း သွားကောင်းတုန်း

အသားအရေကောင်းတုန်း, ဝဝဒနာကင်းရှင်းတုန်းလုပ်လိုက်ရမှ သာလျှင် ခုနကပြောခဲ့တဲ့ ချမ်းသာစစ်, ချမ်းသာမှန်ကိုလက်ဆုပ်လက်ကိုင် ပိုင်ပိုင်နိုင်နိုင် ရနိုင်ပါတယ်....(မှန်ပါဘုရား)။

အိုမှ လုပ်မယ်ဆိုတော့ တကာသစ်တို့ ရာဘိုရာ လွယ်ကြပါ့မလား....(မလွယ်ပါဘုရား) နို့.... ခန္ဓာကိုယ်ကြီးက ဒီသည်ဖြေးဖြေးမှ လုပ်မဟော....အသက်ကလေးကြီးမှာဘဲ၊ အခု အချိန်တော့ဖြင့် သားကိစ္စ, သမီးကိစ္စ, ဆွေကိစ္စ, ကိုယ့်ခန္ဓာကိုယ်ကိစ္စတွေနဲ့ နေရဦးမှာဘဲလို့ ဆိုလို့ရှိယင် နည်းနည်းကလေးကြီးမှကြိုးစားရမယ်ဆိုတဲ့ ပုဂ္ဂိုလ်မျှားသည် ကြိုးစားမယ် ပြောတာလား....၊ အိုဘေး စောင့်တာလား.... (အိုဘေးစောင့်တာပါဘုရား)။

ဦးခင်မောင်....ဘယ်စောင့်ပါလိမ့်....(အိုဘေး စောင့်တာပါဘုရား) တကာ တကာမတို့ အင်မတန် မဆိုးဝါးဘူးလား....(ဆိုးဝါးပါတယ်ဘုရား) နက်ဖြန်လုပ်မည့် လူတောင်မှ နက်ဖြန်ဟာ ယနေ့ထက် အိုတယ်ဆိုတာ သိပြီးသား ဖြစ်ပါလိမ့်မယ်....(မှန်ပါဘုရား)။

နက်ဖြန်မှ လုပ်မယ်ဆိုတာတောင်မှ နက်ဖြန်ပိုအိုတာ သေသေချာချာ သိရတဲ့အတွက် အိုဘေးစောင့်တာပါဘဲ....(မှန်ပါဘုရား) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

အဲ....ဒါဖြင့် စောင့်ကောင်းတာလား....၊ အိုဘေး မလာခင် ကိစ္စပြီးအောင် လုပ်နှင့်တာ ကောင်းသလားဆိုတာလဲ ရှေးချယ်ကြပါ....(မလာခင် ကိစ္စပြီးအောင် လုပ်တာ ကောင်းပါတယ်ဘုရား)ဒါက တကာ တကာမတွေ့ ဘုရားသခင်က ဆုံးမ,တာနော်....(မှန်ပါဘုရား)။

ဘုရားသခင်ဆုံးမ,တာ မင်းတို့သည်ကားလို့ဆိုလို့ရှိယင်ဖြင့် ဆံပင်ကောင်းတုန်း,သွားကောင်းတုန်း, အစာ ကျေကျက်တုန်း အားအင်ဗလရှိတုန်းကို လေးဆယ့်ငါးဆယ်အတွင်း မြန်မြန်ကြီး တခါတည်း အိုဘေး, နာဘေး, သေဘေး လွတ် ရာ ဖြစ်တဲ့ နိဗ္ဗာန်ကြီး အရယူဘို့ အလုပ်ကို ဒီတခါတွင် တွေ့တော့မယ်။ နောက်ဖြင့် အတွေ့အကြုံမရှိရအောင် ကြိုးစားပါတော့မယ်ဆိုတဲ့ စိတ်ထားရှိကြအောင် တကာ တကာမတွေ့ အိုဘေးစောင့်ပြီး သကာလမနေဘဲနဲ့ မအိုခင်မြန်မြန်လုပ်လိုက်ကြပါလို့တိုက်တွန်း လိုက်တယ်....(မှန်ပါ့ဘုရား)။

ခန္ဓာကိုယ်ကြီးက ဘယ်သွားနေလို့ ဒီလောက် ကာကွယ် နေရတာပါလိမ့်....(အိုဘေး,နာဘေး, သွားနေရပါတယ်ဘုရား) ပဋိသန္ဓေနေကတည်းက အမိ ဝမ်းခေါင်းတွင်းက ထွက်ကတည်း က သူ ဘယ်ပြေးနေပါလိမ့်.... (အိုဘေးရှိရာ ပြေးနေပါတယ် ဘုရား)။

အိုတဲ့ဆီ အမြဲပြေးပြီး သကာလ နေတော့ အိုမှ သူတော် ကောင်း အလုပ် လုပ်ပြီးသကာလ ဒုက္ခခပ်သိမ်း ကင်းငြိမ်းတဲ့ နိဗ္ဗာန်ကြီး ရှာပါတော့မယ်ဆိုတော့ သွားကမကောင်း, ခါးက မကောင်း, အစာကကျေကျက်မှုမရှိ, အင်အားလဲ ချိနဲ့ အဲဒီ အချိန်ကျမှ တကယ်လုံရင်းအလုပ်ကြီး ရှာမယ်ဆိုလို့ တွေ့နိုင် ကြပါ့မလား....(မတွေ့နိုင်ပါဘုရား)။

ဒါဖြင့် အလုပ်မလုပ်ဘဲနေတဲ့ ပုဂ္ဂိုလ်များ အနာဂတ် ဖြစ်တဲ့ ဘာကလေး စောင့်နေပါလိမ့်(အိုဘေးစောင့်နေပါတယ်ဘုရား) စောင့်ကောင်း....မစောင့်ကောင်း သဘိထားပါဦး.... (မစောင့်

ကောင်းပါဘုရား)အားလုံး တကာတကာမတွေ့ စောင့်ကောင်းသလား....မစောင့်ကောင်းဘူးလား....ဝေဘန်ကြပါဦး(မစောင့်ကောင်းပါဘုရား)။

မစောင့်ကောင်းလို့ ရှိယင်ဖြင့် အိုဘေးမရောက်ခင်, သွားမကျိုးခင်, ဆံမဖြူခင်, အားအင် ဗလမချိနဲ့ခင် မြန်မြန် တခါတည်း ဒုက္ခခပ်သိမ်းငြိမ်းတဲ့ နိဗ္ဗာန်ကြီးကို မျက်မှောက်ပြုနိုင်အောင် မရသေးတဲ့ မမှုကြီး အရယူရမည်ဆိုတဲ့ စိတ်နဲ့ မွေးပြီးသကာလ ကြိုးစားကြပါလို့ မင်းတို့တွေ့ရမည့်ဘေးဟာ အိုဘေးဟာ ကေန်ရှိ, တကယ်ရှိဖြစ်နေလို့ မလွတ်တမ်း တွေ့ရမှာဖြစ်လို့ အိုဘေး မစောင့်ပါနဲ့၊ အခုလုပ်ပါလို့ တိုက်တွန်းလိုက်ပါတယ်။ (မှန်ပါဘုရား)။

မတိုက်တွန်းသင့်ဘူးလော....(တိုက်တွန်းသင့်ပါတယ်ဘုရား) သားကလေးကြီးမှ, သမီးကလေးလူလားမြောက်မှ, သားကလေးပညာပြည့်စုံမှ, သူတို့တန်းကုန်တော့မှဘဲ ကိုယ်ကြိုးစားမယ်ဆိုတဲ့ စိတ်သာထားမယ်ဆိုလို့ ရယင်ဖြင့် အင်း....ဟင်....အိုဘေးစောင့်တဲ့ အသံတွေက တယ်-ထွက်လာပါကလား....ဦးခင်မောင်ရေ.... (မှန်ပါ့)။

အိုဘေးစောင့်တော့ မလုပ်ဘူးဆိုတာနဲ့ ကိုယ့်ကိုယ်ကို အနစ်နာ ခံတော့မယ် ဆိုတာနဲ့ ဒီနှစ်ချက်ဟာ တသားတည်းမသွားဘူးလား.... (သွားပါတယ်ဘုရား) တယ်လဲ ဆိုးဝါးပါကလား။ (ဆိုးဝါးပါတယ်ဘုရား) သူက မဆိုးဝါးဘူးလော-....(ဆိုးဝါးပါတယ်ဘုရား)။

ဒါဖြင့် တကာ တကာမတို့ ဒီဘေးဟာ ရှောင်ရမည့်ဘေးလား....စောင့်ရမည့်ဘေးလား....(ရှောင်ရမည့်ဘေးပါဘုရား)

ရှောင်ရမည့်ဘေးကို ဘာဖြစ်လို့ ဒီတကာ တကာမတွေ စောင့်နေပါလိမ့်မတုံး မေးလို့ရှိယင်ဖြင့် တဏှာလှည့်စားမှုကို ခင်ဗျားတို့ ယောင်နေလို့ဘဲ့.... (မှန်လှပါဘုရား) ဘယ်လို ဆုံးဖြတ်ချက်ချမလဲ့.... (တဏှာ လှည့်စားမှုကို ယောင်နေလို့ပါဘုရား)။

တဏှာလှည့်စားမှုကို ယောင်တယ်၊ တဏှာက နှင့်သားကလေး လူလားမမြောက်သေးဘူး၊ နှင့်မောင်ကလေး လူလား မမြောက်သေးဘူး၊ နှင်တို့ဘဲ့ လုပ်ကိုင်ကျွေးနေရသေးတာ၊ အဲ့ဒီတော့ သူတို့ အခြေကလေးကျတော့ သူတော်ကောင်းအလုပ်ကို ကိုယ်လုပ်တာပေါ့ ဆိုတဲ့ဥစ္စာ ဘယ်သူက ဝင်လှည့်လိုက်တာပါလိမ့်.... (တဏှာက ဝင်လှည့်လိုက်တာပါဘုရား)။

ဩော်....ခင်ဗျားတို့က နဂိုရိုက အဝိဇ္ဇာတဏှာကြောင့် ဒုက္ခရောက်နေတာ သိလျက်သားနဲ့ သူလှည့်စားတာ နောက်တခါ ခံပြန်တယ်ဆိုတော့ တကာ တကာမတို့ တခါမိုက်လား....နှစ်ခါမိုက်လား.... ဆိုတဲ့ မေးခွန်းဟာ ပေါ်လာတယ်.... (မှန်လှပါဘုရား)။

ဘယ်လိုဖြေကြမယ်.... (နှစ်ခါမိုက်ပါဘုရား) နှစ်ခါမိုက်ဖြစ်နေတယ်ဆိုတာသေချာပလား.... (သေချာပါတယ်ဘုရား)အဲ့.... ဒါကြောင့် ဘုန်းကြီးတို့ တကာ တကာမတွေကတဲ့.... တဏှာလှည့်စားတာ မခံနိုင်ကြဘဲ့ ဖြစ်ပြီးသကာလ နေသောကြောင့် အချိန်တွေကုန်ပြီး အိုဘေးစောင့်နေတဲ့အလုပ်ကြီး မစောင့်ချင်ဘဲနဲ့ စောင့်နေတယ် ဆိုလို့ရှိယင်လဲ လုံ့ပါမလား.... (မလုံ့ပါဘုရား) တယ်လဲ ဆိုးပါကလား....(ဆိုးပါတယ်ဘုရား)။

တကာ တကာမတို့ ရိပ်မိကြပလား.... (ရိပ်မိပါပြီဘုရား) ဦးဇင်္ဂံရှင်တို့.... ဘာစောင့်နေတုံးဆိုယင်.... (အိုဘေးစောင့်နေပါ

တယ်ဘုရား)ဩော်....အိုဘေးဆိုတာ တကာ တကာမတို့ တွေ့ကောင်းတဲ့ အလုပ်လား....ဇရာပိဒုက္ခသစ္စာလို့ ဘုရားက ဟောခဲ့လျက်သားနဲ့ ခင်ဗျားတို့က ဒါကို စောင့်ဆိုင်းပြီး တွေ့ချင်လို့ ဆိုတော့ မိတ်ဆွေကောင်းမို့ တွေ့ချင်တာလား....မိတ်ဆွေဆိုးမို့ တွေ့ချင်တာလား....(မိတ်ဆွေဆိုးပါဘုရား)။

အဲဒီတော့ မိတ်ဆွေဆိုးမှန်းမသိလို့ တွေ့ချင်တဲ့ အဓိပ္ပါယ်မရောက်ဘူးလား.... (ရောက်ပါတယ်ဘုရား) အဲဒီတော့ ဇရာပိဒုက္ခသစ္စာဆိုတာ တကာ တကာမတို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးနှင့် တကွ တကယ့်အမြင်ကျယ်တဲ့ ပုဂ္ဂိုလ်တွေ ရှောင်သွားတဲ့ လမ်းပါကလား.... (မှန်ပါ့) ခင်ဗျားတို့က စောင့်ပြီး အတွေ့ယူကြမယ် ဆိုတော့ ကိုယ်ကျိုး မနည်းသေးဘူးလား.... (နည်းပါတယ်ဘုရား)။

ဒီနေ့ကစပြီး သကာလ တခါတည်း အိမ်ကျတော့ ဆရာဘုန်းကြီး ဆုံးမတဲ့အတိုင်း ဟုတ်လား....ခုန တဏှာက နေပြီး သကာလ သားကလေးလူလားမြောက် သမီးကလေး နေရာချထားရေး အစရှိသဖြင့် မင်းလှည့်စားတာသည် ငါ့ကို အိုဘေး အစောင့်ခိုင်းတာ။

တော်ပြီ မင်းညာတာ မင်းလိမ်တာ မျှားလှပြီ၊ ငါ့အလုပ် ငါလုပ်တော့မယ်၊ အိုဘေး နာဘေး ရှောင်တဲ့ အလုပ် လုပ်ပါတော့မယ်ဆိုပြီးသကာလ အတင်းဇွတ်တွန်းလှန်ပြီး ကိုယ့်အလုပ် ကိုယ် လုပ်ပစ်ပါ.... (မှန်ပါ့) ဝိပဿနာအလုပ်ကို လုပ်ပစ်ကြပါနော်....(မှန်လှပါဘုရား)။

စောင့်တော့ စောင့်တာ ဆိုးဆိုးပါဆိုတာ သေချာကြပလား (သေချာပါတယ်ဘုရား)အိုဘေးဟာ ဘာပါလိမ့် တကာတကာ

မတို့....(ဆိုးဆိုးပါဘုရား)ဆိုးဆိုးစောင့်တာနဲ့ မတူဘူးလားဗျာ (မှန်ပါဘုရား)အဲ....ဆိုးဆိုးဟာ စောင့်ကောင်း-မစောင့်ကောင်း သဝေထားကြစမ်းပါ.... (မစောင့် ကောင်းပါဘုရား) မစောင့် ကောင်းပါဘူး၊ ခင်ဗျားတို့က မိတ်ဆွေမှတ်ပြီးသကာလ စောင့် နေတာ အတော်မဆိုးဝါးဘူးလား.... (ဆိုးဝါးပါတယ်ဘုရား)။

အေး....ဒါကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ့ ဖေါ် မပြောတော့လဲ မသိဘူး(မှန်ပါဘုရား)ဦးခင်မောင်-ဖေါ်မပြော တော့.... (မသိပါဘုရား) ဒါကြောင့် ဘုရားက ဒါအနာဂတ် ဘေးကွ- မင်းတို့စောင့်နေတာ....(မှန်ပါ)ဘယ် နှယ်ဆိုကြမလဲ— (အနာဂတ်ဘေးပါဘုရား)။

အနာဂတ်ဘေးဆိုတာ ရှောင်လွဲ သွားရမှာလား....တကာ တကာမတို့ ခင်ဗျားတို့ တွေ့ကြုံတာ ကောင်းသလား.... ရှောင် လွဲရတာ ကောင်းပါသလား....(ရှောင်လွဲရတာ ကောင်းပါတယ် ဘုရား)။

အဲ....ခန္ဓာကြီးက အမြဲသွားနေတော့ အနာဂတ်ဘေးတွေ့မှ အို့ဘေးကြီးတွေ့မှ တကာ တကာမတွေ့က အင်း....ဟင်....သူ့ ကောင်းကောင်း အလုပ်-လုပ်မယ်၊ တကယ့်အဘိုးတန်တဲ့မအို့မ သေအမြဲနေတဲ့ နိဗ္ဗာန်ကြီး အရယူမယ်ဆိုတော့ ကံမွဲဉာဏ်မဲ့ကြီး စားရလိမ့်မယ်....(မှန်ပါဘုရား)။

ဘယ်လိုဆုံးဖြတ်ချက်ချကြမလဲ.... (ကံမဲ့ဉာဏ်မဲ့တွေနဲ့ ကြုံး စားရလိမ့်မယ်) အံမာလေး....ကံကောင်း ဉာဏ်ကောင်း နဲ့ တောင် အတော်ကြုံးစားယူရတာ အဝိဇ္ဇာထူက ထူလွန်းလို့.... (မှန်ပါဘုရား)ကံမဲ့ဉာဏ်မဲ့မျှား ကြုံးစားတော့မယ်ဆိုလို့ ရှိယင်

ဘုန်းကြီးတို့ တကာ တကာမတွေ့လဲ သေအောင် လုပ်မရတော့ပါဘူး....(မှန်ပါ့ဘုရား)။

ဒါဖြင့်—ကံကောင်း ဥာဏ်ကောင်းတုန်းကို အရယူကြပါဆို တာ တိုက်တွန်းလိုက်ပါတယ်....(မှန်လှပါဘုရား)ဒါဖြင့် ယနေ့ ၁-နံပါတ် ဘာကိုမစောင့်နဲ့လို့ ပြောပါလိမ့်....(အိုဘေးကို မစောင့်ပါနဲ့ဘုရား)။

ကိုင်း....အိုဘေးမစောင့်နဲ့ဆိုတဲ့ အိုဘေးမလာခင် မြန်မြန် ဝိရိယစိုက်ပြီး ကြိုးစားလိုက်ပါလို့ ဦးခင်မောင်ကြီး ဦးဇင်ရင် တို့ကို တိုက်တွန်းတယ်....(မှန်လှပါဘုရား) ကိုမြရှေ သားတွေ သမီးတွေ ကြီးမှဆိုလို့ရှိယင် အိုဘေး စောင့်တာနဲ့ မတူဘူး လား....(တူပါတယ်ဘုရား)။

စောင့်သင့်-မစောင့်သင့်.... (မစောင့်သင့်ပါဘုရား) မစောင့် သင့်တာကြီး စောင့်ပြီးသကာလ နေလို့ရှိယင် မပေါင်းကောင်း တာကြီး ပေါင်းချင်လို့ စောင့်နေတယ်၊ မတွေ့ကောင်းတာ ကြီး တွေ့ချင်လို့ စောင့်နေတယ်ဆိုတာလောက် အသိနည်းတာ ဥာဏ်မဲ့တာ ရှိသေးရဲ့လား....(မရှိပါဘုရား)။

တယ်လဲ ဆိုးဝါး ပါကလား.... (ဆိုးဝါးပါတယ်ဘုရား) အင်မတန် ဆိုးဝါးတယ်ဆိုတာ သဘောပါကြပလား....(ပါပါ ပြီဘုရား) ကိုင်း....ဒါဖြင့် တကာ တကာမတို့ ယနေ့ကစပြီး သကာလ အိုဘေးမလာခင်— ကိုယ့်အရေး သိအောင်လုပ်ပါ (မှန်ပါ့ဘုရား)။

ဘာပါလိမ့်.... (အိုဘေးမလာခင် ကိုယ့်အရေး သိအောင် လုပ်ရပါမယ်) အိုဘေးမလာခင် ကိုယ့်အရေး သိအောင် လုပ် လိုက်ကြပါ ဆိုတာကိုဖြင့် တကာတကာမတွေ တွေ့ရမည့်ဘေး

က သေချာနေလို့ ဘေးမလာခင် ပြီးအောင်လုပ်ထားနှင့်လို့ ရှိယင်ဖြင့် ဘေးတွေယင်လဲ အို့....ဒီဟာခါတွေတော့မယ်၊ နောက်ဖြင့် လွတ်ပဟ-ဆိုပြီး ဝမ်းမြောက်ပြီးသကာလ မနေရဘူးလား (နေရပါတယ်ဘုရား)။

အဲဒါကြောင့် အိုဘေးလဲ မစောင့် ကြပါနဲ့.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား) အကယ်၍ အခုအချိန်မှာ တကာတကာမတွေက မလုပ်ပြန်ဘူး ဆိုလို့ရှိယင်ဖြင့် သူတော် ကောင်းအလုပ်ကြီး အိုဘေး နာဘေး သေဘေး လွတ်ရာဖြစ်တဲ့ နိဗ္ဗာန်ရောက်ကြောင်းအလုပ်ကြီး မဂ်အလုပ်ကြီး မလုပ်ကြဘူး ဆိုလို့ရှိယင်လဲ တခါနာဘေးဆီလဲ ခန္ဓာကအရောက်ပြေးနေတော့ ဦးခင်မောင်.... တွေ့ရဦးမှာဘဲ....(မှန်လှပါဘုရား)။

တကာတကာမတွေ ခန္ဓာကဘယ်ပြေးနေသတုံး....(နာဘေးပြေးနေပါတယ်ဘုရား) နာဘေးဆီ ပြေးနေတယ်....(မှန်လှပါဘုရား) ပြေးနေတော့ သူကလဲ သူ့အလုပ်တော့ သူလုပ်မှာဘဲ (မှန်ပါ့) ခင်ဗျားတို့က ဒီ-နာဘေး လွတ်ရာဖြစ်တဲ့ အလုပ်ကို အစောကြီးက ကိုယ်ပိုင်ကိုယ်ဆိုင်ဖြစ်အောင် လုပ်ထားလို့ရှိယင် ကိစ္စပြီးကြလိမ့်မယ်....(မှန်ပါ့ဘုရား)။

ဒါ့ကြောင့် နာဘေးကိုလဲစောင့်နေဘို့ရာ ခင်ဗျားတို့ဝတ္တရား ရှိပါရဲ့လား .... (မရှိပါဘုရား) မရှိတဲ့ အခါကျတော့ မောင်မြတို့ ကိုမြရွှေတို့.... နာဘေးမလာခင် ကိုယ့်အလုပ် ပြီးအောင် တခါတည်းဒုက္ခချုပ်တဲ့နိဗ္ဗာန်ကြီး အမြန်ရပြီးသကာလ သွားရအောင် ကြိုးစားလိုက်ပါဆိုတာ တိုက်တွန်းရပြန်တယ်.... (မှန်လှပါဘုရား) မတိုက်တွန်းသင့်ဘူးလား.... (တိုက်တွန်းသင့်ပါတယ်ဘုရား)။

ဘာ့ကြောင့်တုံးလို့ မေးတဲ့အခါမတွေ့မှာဖြင့်လဲ ဘုန်းကြီးက အထူးတိုက်တွန်းဘို့ မလိုပါဘူး.... (မှန်ပါ) သို့သော် ခန္ဓာလမ်းစဉ်က ဒီနေရာကို အမြဲသွားနေတယ် ဆိုတာလဲ သေချာနေတယ်....(သေချာပါတယ်ဘုရား) မသေချာ ဘူးလား.... (သေချာပါတယ်ဘုရား) ခန္ဓာသည် ဘယ်အမြဲသွားနေပါလိမ့်.... (နာဘေးဆီ အမြဲသွားနေပါတယ်) နာဘေးရှိရာ အမြဲပြေးနေတာဘဲ....(မှန်ပါ့ဘုရား)။

အဲဒီတော့ နာဘေးဆိုက်မှ ဇာသြင်....ဘုရားက ဟောထား ဒို့ဆရာ ဘုန်းကြီးက ဟောထား တကယ် မအိုမသေ အမြဲနေတဲ့ နိဗ္ဗာန် ရောက်ကြောင်း အလုပ်လုပ်ဘို့ ရာသည်ကားလို့ ဆိုလို့ရှိယင်ဖြင့် နာဘေးဆိုက်မှ လုပ်လို့မဖြစ်ဘူးလို့ ပြောသွားတဲ့အထဲမှာ ငါ-နာဘေး စောင့်နေလို့ နာဘေးတွေ့ပြီ၊ အခု အချိန်ဖြင့် ငါသည် အရှုံးကြီး ရှုံးပေါ့ဆိုတဲ့ ဉာဉ်းလုံးတွေနဲ့ သေသွားလို့ ရှိယင်ဖြင့် တကာ တကာမတို့ ယနေ့သေ-ယနေ့သာသနာ အဆုံးအမ ကွယ်ပါတယ်....(မှန်ပါ့ဘုရား)။

ယနေ့ သေယင်....(ယနေ့ သာသနာ အဆုံးအမ ကွယ်ပါတယ်ဘုရား) ယနေ့ဘုရားနဲ့ အိုးစားကဲ့တယ်....(မှန်ပါ့ဘုရား) ယနေ့ တရားနဲ့ကော.... (အိုးစားကဲ့ပါတယ်ဘုရား) တယ်လဲ နစ်နာပါကလား တကာ တကာမတို့....(နစ်နာပါတယ်ဘုရား)။

ဒါဖြင့် ဒါတွေနဲ့ နစ်နာသွားတော့ ဘုရားကွယ် တရားကွယ်ဆိုတဲ့ အဓိပ္ပါယ် ဆိုလို့ရှိယင် ခင်ဗျားတို့မှာဖြင့် ဆင်းရဲနဲ့သာ အမြဲဘဲတဲ့စပ်နေဘို့ရှိတော့တာပေါ့....(မှန်လှပါဘုရား) ကြောက်စရာမကောင်းဘူးလား....(ကောင်းပါတယ်ဘုရား)။

မိုးကုတ်ဝိပဿနာ လုပ်ငန်းစဉ်တရား (၅)

အေး....ဒါကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ အရင်း အခြာတွေမို့ တကာတကာမတို့ ခင်ဗျားတို့ သားကိုစ္စ-သမီးကိုစ္စ ဆွေကိုစ္စ-မျိုးကိုစ္စနဲ့ ဆိုတော့ခင်ဗျားတို့ကိုစ္စတွေက ဘယ်တော့မှ ပြီးမည့်ကိစ္စတွေလဲ မဟုတ်ဘူး၊ အဲဒီကိစ္စမပြီးတာ ကိစ္စမရှိဘူး၊ ခင်ဗျားတို့က ဒီကိစ္စလုပ်ရင်းနာဘေးကြီးစောင့်နေတာက အရှုပ် ဆိုးလှတယ်....(မှန်လှပါဘုရား)။

ဦးခင်မောင်....ပြောထိုက်- မပြောထိုက်-(ပြောထိုက်ပါတယ် ဘုရား) ဒါဖြင့် နာဘေးမလာခင် ဘုန်းကြီးတို့ တကာတကာမ တွေသည်ကားဆိုလို့ ရှိယင်ဖြင့် ခုနက သူတော်ကောင်း အလုပ် ကြီးကို အလျင်အမြန်လုပ်မဟဲ့....ဆိုတဲ့စိတ်ကို မွေးလိုက်စမ်းပါ (မှန်လှပါဘုရား)။

ခေါင်းမကိုက်ခင် ရင်မနာခင်, လျင်မြန်စွာ လုပ်လိုက်မဟာ၊ တော်တော်ကြာ ခေါင်းကိုက် ရင်နာလာရင် ခက်လိမ့်မဟာ....၊ ဝမ်းနာလာယင် ခက်လိမ့်မဟာ၊ နောက်ကြောတက်လာယင် ခက် လိမ့်မယ်၊ သူမလာခင် မြန်မြန်ပြီးအောင် လုပ်မဟဲ့ဆိုတဲ့စိတ်ကို ဖြင့် နေကောင်းတိုင်း ကောင်းတိုင်း မြန်မြန်နှိုးပြီးလုပ်လိုက် စမ်းပါ....(မှန်လှပါဘုရား) သဘောကျကြ ရဲ့လား.... (ကျပါ တယ်ဘုရား)။

ကိုင်း....ဒါဖြင့် အိုဘေးလဲမစောင့်သင့်, နာဘေးလဲမစောင့် သင့်....နော်....(မှန်ပါ့) တခါ ခန္ဓာကိုယ်ကြီးက ဦးခင်မောင်ရေ နာပြီးသည်၏အခြေးမဲ့၌ သေတဲ့ဆီကိုလဲ သူ့ဝတ္တရား အတိုင်း အရောက် မပြေးဘူးလား....(ပြေးပါတယ်ဘုရား) သြော်..... ပြေးလို့ ဗိုင်းကနဲလဲမှတော့ တကာတကာမတို့ ဘယ်သူတတ်နိုင် သေးတုံး....(မတတ်နိုင်ပါဘုရား)။

မိုးကုတ်ဝိပဿနာ လုပ်ငန်းစဉ်တရား (၅)

အဲဒါကြောင့် ခင်ဗျားတို့ အခုမလုပ်ဘဲနေတဲ့ ပုဂ္ဂိုလ်များ၊ အခု ဝိပဿနာ အလုပ် မဂ်ဉာဏ် ဖိုဉာဏ် ရအောင် လုပ်တဲ့ အလုပ်ကို မလုပ်ဘဲနေတဲ့ပုဂ္ဂိုလ်များ ဩဿ်....ဘုရားရှင် ကိုယ်တော်မြတ်ကြီးက သေဘေးစောင့်နေပြန်ပြီ....၊ ပုထုဇဉ်မိုက်နှယ် ခက်လိုက်လေခြင်းဆိုပြီး ဘုရားရှင် ကိုယ်တော်မြတ်ကြီးက မြင်တော်မူတယ်....(မှန်လှပါဘုရား)။

ဘာစောင့်နေတာနဲ့ တူသလဲ.... (သေဘေးစောင့်နေတာနဲ့ တူပါတယ်)။ တယ်လဲ အရှုပ်ဆိုးပါကလား.... တကာတကာမတို့ စောင့်ကောင်း-မစောင့်ကောင်း....(မစောင့်ကောင်းပါဘုရား)။

ခင်ဗျားတို့ ဆေးလိပ်သောက်ပြီး စကားပြောချင် တာလဲ သေဘေးစောင့်နေတာ....(မှန်လှပါဘုရား) ဖီးလိမ်းပြီးနေတာကော.... (သေဘေးစောင့်နေတာပါဘုရား....) အင်း....ဟင်.... သူတော်ကောင်းအလုပ် မလုပ်ဘဲနဲ့သာ နေကြမယ်ဆိုလို့ ရှိယင် ဩဿ်....သေဘေး ဖီးလိမ်းပြီး စောင့်နေတာဘဲ.....(မှန်ပါ့ဘုရား)။

ထမင်းကောင်း-ဟင်းကောင်းတွေ ချက်စားပြီး သကာလ သူတော်ကောင်းအလုပ် မလုပ်ဘဲ နေပြန်တော့ကော.... (သေဘေးစောင့်နေတာပါဘုရား)ဩဿ်....ခင်ဗျားတို့က စားယင်းလဲ စောင့်၊ ဖီးလိမ်းယင်းလဲစောင့်၊ဆေးလိပ်သောက်ယင်းလဲစောင့်တဲ့ စောင့်ကောင်းတာ စောင့်တာလားမသိ....မစောင့်ကောင်းတာ စောင့်တာလား.... (မစောင့်ကောင်းတာစောင့်တာပါဘုရား)။

တကာတကာမတို့ မိတ်ဆွေ မဟုတ်တာ မိတ်ဆွေ ဖွဲ့ချင်တာဟာ တယ်အရှုပ်ဆိုးသဗျာ.... (မှန်လှပါဘုရား) မရဏာမိုဒုက္ခသစ္စံ....ကိုး....(မှန်လှပါဘုရား) ဒုက္ခသစ္စာဆိုတာ ပိုင်းခြား

ပြီးသကာလ....တဲ့ နေရစ်တော့ဆိုပြီး သကာလ မင်္ဂနဲ့ပိုင်းခြားပြီး ထားပစ်ခဲ့ရမှာ....(မှန်လှုပါဘုရား)။

မင်းနယ်ထဲ ငါထွက်ပြီဆိုပြီး.... သွားရမည့် အလုပ်ကြီးခင်ဗျားတို့ကမျှား မိတ်ဆွေဖွဲ့ပြီး စောင့်နေလိုက်သေးတယ် ဆိုတော့ တယ်ဆိုးလိုက်ပါလား.... (ဆိုးပါတယ်ဘုရား) မဆိုးကြဘူးလား....(ဆိုးပါတယ်ဘုရား)။

ဒါ သံဝေဂရအောင် ဟောတာမဟုတ်ပါဘူး တကာတကာမတို့ ခင်ဗျားတို့ အလကားနေတာဟာ အလကားနေတာ မဟုတ်ပါဘူး၊ ဒါတွေကို စောင့်တာပါလို့ ဖော်ပြောတာပါ....(မှန်ပါဘုရား)ရှင်းကြပလား.... (ရှင်းပါပြီ) အလကားနေတာလား.... ခင်ဗျားတို့ ဒါတွေစောင့်နေတာလား....(ဒါတွေ စောင့်နေတာပါဘုရား)။

အိုဘေးစောင့်လိုက် နာဘေးစောင့်လိုက်, သေဘေးစောင့်လိုက်....(မှန်ပါ့)ဘယ်နှစ်ချက် ရှိသွားပလဲ.... (သုံးချက်ရှိသွားပါပြီ) ဒါတွင် မကသေးဘူးတဲ့ သူတော်ကောင်းအလုပ်-လုပ်ဆိုတဲ့ဥစ္စာ အခု တိုင်းနိုင်ငံမှာ အမျိုးမျိုးအဖုံဖုံ ဝါဒတွေကရှိကြတယ်နော်....(မှန်ပါ့)။

အဲဒီဝါဒတွေ လူတွေ သင်းကဲ့သွားပြီ ဆိုမှဖြင့် ကိုယ်ကလဲ တဖက်ဖက်မှာ ပါရမှာဖြစ်နေတော့ သင်းကဲ့တဲ့အခါ တယောက်တယောက် မကြည့်နိုင် မရှုနိုင် ဒေါသကြဟယ်....ဖြတ်ကြဟယ်.... ဆိုမှ သူတော်ကောင်းအလုပ် လုပ်မယ်ဆိုလို့ ရှိယင်လဲ ဖြစ်နိုင်ကြသေးရဲလား....(မဖြစ်နိုင်ပါဘုရား)။

အဲဒါကျတော့လဲ တကာ တကာမတွေ အလကားနေတာ မဟုတ်ဘူး ကဲ့ဘေး စောင့်နေတာ....(မှန်ပါ့ဘုရား) ဘာမျှား

စောင့်နေတာလဲ.... (ကဲ့ဘေးစောင့်နေတာပါဘုရား) ဩ.... ဦးခင်မောင် စောင့်ကောင်း-မစောင့်ကောင်း(မစောင့်ကောင်း ပါဘုရား)။

ကိုယ် အလုပ်ပြီးနှင့်တာ မအေးဘူးလားဗျာ- (မှန်ပါဘုရား) ဘာစောင့်နေတာလဲ.... (ကဲ့ဘေးစောင့်နေတာပါဘုရား) လူသင်းကဲ့တဲ့ဘေး စောင့်နေတာ....(မှန်ပါဘုရား) တယ်လဲဆိုးဝါးပါကလား....(ဆိုးဝါးပါတယ်ဘုရား)။

တကာတကာမတွေ....ဆေးလိပ် သောက်နေတာ ဘုန်းကြီးမကြည့်ညိုလို့ မဟုတ်ပါဘူး၊ ဖီးလိမ်းနေတာကို ခင်ဗျားတို့ အတွက် ဝမ်းမသာလို့ မဟုတ်ပါဘူး၊ အလကားစောင့်နေတာက မဟုတ်တာတွေ စောင့်ပြီးသကာလ ကျတ်ရေး လွတ်ရေး မလုပ်ဘဲနဲ့ စောင့်နေလို့ ဘုရားက ဒီအမြင်ကြီးကို အနာဂတ် ဘေးဆိုပြီး ဟောရခြင်းဖြစ်ပါတယ်....(မှန်ပါဘုရား) သဘော ပါကြလား....ပါ-ပါတယ်ဘုရား)။

တကာတကာမတွေ ဒီဘေးတွေဟာ တွေ့ရမည့် ဘေးလား မတွေ့ရမည့်ဘေးလား.... (တွေ့ရမည့်ဘေးပါဘုရား) ဟော.... လူသင်းကဲ့ပြီဆိုတော့ လူသင်းကဲ့တဲ့ဘေး စတုတ္ထဘေး သင့်ပြီး တော်တော်ကြာတော့ လူကသင်းကဲ့တော့ သံဃာတွေကလဲ ကဲ့ရပြန်တယ်(မှန်ပါ)မကဲ့ပါနဲ့ဆိုလို့ ရသေးရဲ့လား....(မရပါဘူး)

အဲဒီ သံဃာတွေ သင်းကဲ့တဲ့အခါကျလို့ ရှိယင်လဲ တကာ တကာမတွေက ဘယ်ဆရာတော်ဆီသွားပြီး တရားတောင်းမယ် ဆိုတော့ ဆရာတော်တွေကလဲ အလုပ်တွေကရှုပ်၊ အမျိုးမျိုး အဖုံဖုံဖြစ်နေတော့ ကိုယ်ကလဲ ဝိတက်တွေက လူသင်းကဲ့တဲ့ဘေး ကလဲ့ သင့်ထားပြန် ဆိုတော့ တကာတကာမတွေ ဒီကျတော့

လဲတရားထူး တရားမြတ် အားထုတ်ချင်ပြန်တယ် ဆိုတော့လဲ ဖြစ်နိုင်သေးရဲ့လား....(မဖြစ်နိုင်ပါဘုရား)။

ဒီလို မဖြစ်နိုင် ပြန်တော့လဲ ကိုယ်ကျိုး မနည်း ဘူးလား (နည်းပါတယ်ဘုရား) အဲ....တကာ တကာမတို့ ဒါဖြင့် ဒီဘဝ ငါးဘေးဟာ ရှောင်ရမည့်ဘေး.... (မှန်ပါ့ဘုရား) ရှင်းကြပလား....(ရှင်းပါပြီဘုရား)ဒီဘေးငါးဘေးဟာ ဘာလုပ်ရမယ်....ရှောင်ရမည့် ဘေးပါဘုရား)ရှောင်ရမည့်ဘေးဆိုတာ သေချာကြပလား(သေချာပါတယ်ဘုရား)!!

ဒါဖြင့် ပြန်ပြီးနိဂုံးချုပ်ပါမယ် ဝေဒနာနုပဿနာ မဟော ခင်....(မှန်ပါ့) တကာတကာမတွေ့ ဒီအတိုင်းနေရင် ၁-နှံပါတ် ဘာဘေး စောင့်နေသတုံး....(အိုဘေးစောင့်နေပါတယ်) အိုဘေး စောင့်နေတယ်ဆိုတာ သေချာကြပလား....(သေချာပါတယ်ဘုရား) ဒါဖြင့် ကောင်းပြီ စောင့်ကောင်း မစောင့်ကောင်း....(မစောင့်ကောင်းပါဘုရား)။

တခါ ဒီကနေပြီးသကာလ တက်သွားပြန်တော့ ဟကာ တကာမတွေ့ နောက်မလုပ်ဘဲ နေပြန်ပြီ၊ တော်တော်ကလေး အိုနေတာတောင်မှ မလုပ်ပြန်ဘူးဆိုတော့ ဘာစောင့်ပြန်တုံး (နာဘေး စောင့်ပါတယ်ဘုရား) ဩော်.....ခင်ဗျား တို့ဟာ အစောင့်လဲကြီး ကျနေပါပေါ့ ကလား....(မှန်လှပါဘုရား) တကာတကာမတွေ့ ဘယ်နှယ်တုံး....(အစောင့်လဲချည်းကျနေပါတယ်ဘုရား)။

အစောင့်လဲချည်းဖြစ်နေကျပြီဆိုတော့.... အင်မတန်မနစ်နာဘူးလား....(နစ်နာပါတယ်ဘုရား) အဲဒါကြောင့် ငယ်တဲ့ပုဂ္ဂိုလ် များကလဲစောင့်နေတယ်....၊ ကြီးတဲ့ပုဂ္ဂိုလ်များကလဲ . ကိုင်းး

နာဘေးတွေ စောင့်နေတယ်ဆိုတော့ စောင့်ကောင်း မစောင့်ကောင်းလဲ ကိုမြရွှေစဉ်းစားပါ....(မစောင့်ကောင်းပါ ဘုရား)။

မစောင့်ကောင်းပါဘူးဗျ(မှန်ပါဘုရား)ဒါတွေ ရှောင်ကွင်းရမည့်အလုပ်တွေမဟုတ်လားဗျာ(မှန်လှပါဘုရား) ကိုင်း-တကာတကာမတွေ နာဘေးလဲမစောင့်ကောင်း။ သဘောကျရဲ့လား-(မှန်ပါဘုရား)တခါ နာဘေးသင့်လာ နာဘေးက လာယင်....မလုပ်ဘဲနေပြန်တော့လဲ ဘာစောင့်တာပါလိမ့်.... (သဘေးစောင့်တာပါဘုရား)။

သြော်ဖြစ်မှဖြစ်ရလေ ခင်ဗျားတို့ ဥစ္စာကလဲ လွန်ကုန်ပြီ....(မှန်ပါဘုရား)ဆိုထိုက်, မဆိုထိုက်....(ဆိုထိုက်ပါတယ်ဘုရား) ဒီကြားထဲ နလံကလေး ထလာတယ် ဆိုလို့ရှိယင်လဲ အရောင်းဘက်လှည့်သွား အဝယ်ဘက်လှည့်သွားနဲ့ ကိုမြရွှေ ဘာဘေးစောင့်ပြန်တာတုံး....(သဘေးစောင့်တာပါဘုရား)။

ရော....တကာ တကာမတွေဟာ ခင်ဗျားတို့ဟာ မစောင့်ကောင်းတာတွေချည်း စောင့်ပြီးပြီ....၊ ဒါတွေ ဘေးတွေမှန်းသိလျက်သားနဲ့ စောင့်နေတာ ခင်ဗျားတို့ဟာ အမိုက်ကတူးခြစ်နေပြီလို့ဆိုယင် ဦးခင်မောင် .... လဲပါမလား....(မလဲပါဘုရား)။

ခန္ဓာမသေသေးဘဲနဲ့ လုတ်သွားပြန်တဲ့ အခါကျလို့ရှိယင် ဖြင့်....တခါ တကာ တကာမတွေ အင်း....ဟင်....နိုင်ငံရေးနဲ့ သင်းကဲ့တွေကကော မလာဘူးလား(လာပါတယ်ဘုရား)ဒီဟာတွေလာပြန်တော့လဲ ကိုယ့်အလုပ်-ကိုယ်လုပ်နိုင် သေးရဲလား....(မလုပ်နိုင်ပါဘုရား)။

မိုးကုတ်ဝိပဿနာ လုပ်ငန်းစဉ်တရား (၅)

အဲဒီ ကဲ့ဘေးသင့်နေတာကိုလဲ စောင့်နေတာနဲ့ မတူဘူးလား (တူပါတယ်ဘုရား) သူတို့မလာခင် သိအောင်လုပ်ရမယ် (မှန်ပါ့ဘုရား)ရှင်းကြပလား (ရှင်းပါပြီ) နောက်ကျတော့ လူသင်းကဲ့တဲ့ဘေးသင့်ပြီးယင် သံဃာသင်းကဲ့တဲ့ဘေးကလဲ သင့်နိုင်သေးတယ်....(သင့်နိုင်ပါတယ်ဘုရား) မသင့်နိုင်ဘူးလား....(သင့်နိုင်ပါတယ်ဘုရား)။

အဲ....တကာတကာမတွေ့လဲ ကဲ့ပြီဆိုယင် ဆရာတွေ့လဲ ကဲ့ကုန်ကြတာဘဲ ဆိုတာလဲ ငြင်းဘို့ လိုသေးသလား .... (မလိုပါဘုရား) အဲဒါကြောင့် ဒီဘေးငါးဘေးဟာ အနာဂတ်ဘေးဆိုပြီး ဘုရားဟောလိုက်တယ်....(မှန်ပါ့ဘုရား)ရှင်းပလား....(ရှင်းပါပြီ) ဒါဖြင့်သူတော်ကောင်း အလုပ်မလုပ်တဲ့ပုဂ္ဂိုလ်မှာ ဘေးငါးဘေးစောင့်နေတဲ့ပုဂ္ဂိုလ် (မှန်လှပါ)။

ဘယ်လို ဆုံးဖြတ်ချက် ချမလဲ.... (ဘေးငါးဘေး စောင့်နေတဲ့ပုဂ္ဂိုလ်ပါဘုရား) ဝိပဿနာအလုပ် မလုပ်ဘဲနေတဲ့ ပုဂ္ဂိုလ်များ ဘာလုပ်နေကြ ပါလိမ့်.... (ဘေး ငါးဘေးစောင့်နေပါတယ်ဘုရား)ဆြော်....ခင်ဗျားတို့ကလဲ တော်တော်ကြာ ညကျတော့ ရာဇတောဝါ-မင်းဘေးမသင့်ပါရစေနဲ့၊ စောရတောဝါ၊ ခိုးသူဘေး မသင့်ပါရစေနဲ့ဆိုပြီး ညကျလုပ်ကုန်ပြီ....(မှန်လှပါဘုရား)။

ခန္ဓာကတော့ ဘာစောင့်နေတုံး.... (ဘေး ငါးဘေးစောင့်နေပါတယ်ဘုရား) ခန္ဓာကတော့ ဘေးစောင့်နေတယ်၊ တော်တော်ကြာ ကျလို့ ရှိယင်ရှတ်ပြီ၊ သဘောကျရဲ့လား.... (မှန်ပါ့ဘုရား) နှစ်ဆယ့်ငါးပါးသောဘေးများဘုရား၊ ဘေးမသီ ရန်

မခပါရစေနဲ့ဘုရား.... ပြီးတော့ ဘာလုပ်နေသလဲ....(ဘေးငါးပါးစောင့်နေပါတယ်ဘုရား) ရော....ခင်ဗျားတို့ဟာ အပြောနဲ့ အဟောမညီပါကလား....(မညီပါဘုရား)။

ကိုမြရှေ....ဘယ် နှယ်ဖြစ်နေသလဲ.... (မညီပါဘုရား) ဦးဇံရင်ကြီး ဘယ် နှယ်ဖြစ်နေ သလဲ....(မညီပါဘုရား) မညီပါဘူး.... (မှန်ပါ့) ဦးဝကြီး- ဘယ် နှယ်ဖြစ်နေသတုံး- (မညီပါဘုရား) ကိုယ်တောင်းတာကတော့ဖြင့် နှစ်ဆယ့်ငါးပါးသောဘေး ဝေးနိုင်သမျှ ဝေးပါရစေဆိုပြီး ဦးခင်မောင်.... မလာဘူးလား.... (လာပါတယ်ဘုရား) ခန္ဓာကိုယ်နေပုံထိုင်ပုံကတော့ ဘာစောင့်နေသလဲ....(ဘေးငါးပါးစောင့်နေပါတယ်ဘုရား)။

ရော.... ခင်ဗျားတို့ဟာ ဘုရားရှေ့ကျတော့ လွတ်ပါရစေတဲ့....၊ တပည့်တော် ကိုယ်တိုင်တော့ တော့ပါရစေ၊ ဒီအဝိပ္ပါယ်ရောက်နေတယ်....(ရောက်ပါတယ်ဘုရား)။

ဘုရားဆီသွားပြီး ဆုတောင်းတဲ့အခါကျတော့ ဆုတောင်းပြည့်ဘုရားမျှား တောင်းတဲ့အခါကျတော့ ခင်ဗျားတို့က နှစ်ဆယ့်ငါးပါးသောဘေးတွေ၊ ဘေးမသီ ရန်မခပါရစေနဲ့ဘုရား လို့မတောင်းကြဘူးလား....(တောင်းပါတယ်ဘုရား)။

ခန္ဓာကိုယ်ကတော့.... ဘာလုပ်နေသလဲ.... (ဘေးငါးပါးစောင့်နေပါတယ်ဘုရား) ရော....ဘုရားလဲ မတတ်နိုင်တော့ဘူး ခင်ဗျားတို့ လက်လျှော့ရပြီ.... (မှန်လှပါဘုရား) ဦးခင်မောင် ဘယ် နှယ်ဖြစ်နေသလဲ....(လက်လျှော့ပါတယ်ဘုရား)။

ဘုရားကိုလက်လျှော့ရမယ်၊ ဘုရားရှေ့ကျတော့ မတော့ပါရစေနဲ့၊ကိုယ်ကိုယ်တိုင်ကတော့ ဘယ်က လာပါ့မတုံး စောင့်နေ

တယ်....(မှန်လှပါဘုရား)ဘယ်လောက် အရုပ်ဆိုး အကျည်းတန်တယ်ဆိုတာပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

အဲဒါ ဆေးလိပ်သောက်ပြီးသကာလ နေတဲ့အခါ စဉ်းစားကြ၊ သြော်....ငါသည် ဆေးလိပ် သောက်နေတာလား-သူတော်ကောင်းအလုပ် မလုပ်နိုင်အောင်လို့ အိုဘေးစောင့်နေတာလား လို့....ကိုယ့်ကိုယ်ကို မေးပစ်လိုက်....(မှန်ပါ့)သဘောကျရဲ့လား(မှန်ပါ့ဘုရား)။

အဝတ်ကလေးလဲပြီး ရေလေး ချိုးပြီး သကာလ ရေချိုးတုန်းနှလုံးမသွင်းဖြစ်ဘူး၊အဝတ်လဲတုန်းလဲ နှလုံးမသွင်းဖြစ်ဘူး၊ဒါ....နှလုံး သွင်းလိုက်တော့ ဘယ်အချိန်မဆို သတိပဋ္ဌာန်ကို ရတယ်မဟုတ်လား....(မှန်ပါ့ဘုရား)။

"သံဃဋ္ဌိပတ္တစီဝရခါရဏော သမ္ဘဇာနကာရီဟောတိ" ဆိုတော့ အဝတ်လဲတဲ့အခါလဲ နှလုံးသွင်းနိုင်တာဘဲ.....(မှန်ပါ့ဘုရား)။

ကျင်ကြီး ကျင်ငယ် စွန့်တဲ့အခါကော....(နှလုံးသွင်းနိုင်ပါတယ်ဘုရား)"ဥစ္စာရပဿဝကမ္မေ သမ္ဘဇာနကာရီ ဟောတိ...." ဆိုတော့ ဘယ်အချိန်နေနေ နှလုံးသွင်းရမှာဘဲ၊ဒီအတိုင်း ရေချိုး၊ ဒီအတိုင်းအဝတ်လဲနေတာသည် မင်းဘာလုပ်နေတာတုံး မေးလိုက်စမ်းပါ....(မှန်ပါ့ဘုရား) ဘေး ငါးဘေး စောင့်နေတာလို့ ခန္ဓာက ပြောရမယ်....(မှန်ပါ့ဘုရား) သေချာကြပလား....(သေချာပါတယ်ဘုရား)။

အဲဒီတော့....ဘုန်းကြီးတို့ တကာတကာမတွေ နည်းနည်းကလေးအားယင် စိတ်ထဲမှာ ဝိပဿနာမရှိတဲ့ အချိန်ကျယင်....ကိုယ့်ကိုယ်ကိုမေးလိုက်စမ်းပါ- မင်းဘာလုပ်နေတုံး....(မှန်ပါ့)

တကာတကာမတွေ့ မင်းဘာလုပ်နေတာတုံး မေးနော်.... (မှန်လှပါဘုရား) မေးယင် ခန္ဓာက ဘယ်လိုအဖြေထွက်လာမလဲ....(ဘေးငါးဘေး စောင့်နေပါတယ်ဘုရား)။

ဩော်....မိုက်လှချည့်လားလို့ တခါထပ်ပြီးမေးဦး၊ မမေးသင့်ဘူးလား.... (မေးသင့်ပါတယ်ဘုရား) မိုက်လှချည်လား.... မင်းဟာ ဒီလိုစောင့်ရမှာလား....ရှောင်ရမှာလား မေးတဲ့အခါ ရှောင်ရမယ်ဆိုတာ မသေချာဘူးလား.... (သေချာပါတယ် ဘုရား)။

ဦးခင်မောင်ရေ....ကိုယ်မိုက်တာ ကိုယ်သိပလား.... (သိပါပြီဘုရား) ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား) ဒါဖြင့် တကာတကာမတွေ့ မစောင့်ကောင်းတာ စောင့်နေတယ်ဆိုလို့ ရှိယင်ဖြင့် ခက်တယ်နော်....(မှန်ပါ့)။

အင်း....ဒီလိုနဲ့ အချိန်ကုန်နေပြန်လို့ ရှိယင်လဲ မင်းဘာလုပ်နေတာတုံး မေးလိုက်စမ်းပါဦး....(မှန်ပါ့ဘုရား)ဘယ်နှယ်ဖြေကြမလဲ.....(ဘေးငါးဘေးစောင့်နေပါတယ်ဘုရား)။

သားနဲ့ခင်ပွန်းသည်ဝတ္တရားနဲ့ အချိန်ကုန်နေပြန်ယင်ကော (ဘေးငါးဘေး စောင့်နေပါတယ်ဘုရား) သားမယား ဝတ္တရားနဲ့ အချိန်ကုန်နေပြန်ယင်ကော.... (ဘေးငါးဘေး စောင့်နေပါတယ်ဘုရား)။

ရော.... ဦးခင်မောင်.... ခင်ဗျားတို့ဟာ အနေလဲ မတတ်....အထိုင်လဲမတတ် ဖြစ်နေပါပေါ့ကလား....(မှန်ပါ့ဘုရား) ကိုယ့်အရေးကိုပါရဲ့လား.... အသေချည်း စောင့်နေတာဘဲလား.... (အသေချည်းစောင့်နေပါတယ်ဘုရား) စောင့်ကောင်း,မစောင့်ကောင်း....(မစောင့်ကောင်းပါဘုရား)။

တော်တော်ကြာ သေပါတော့မယ်ဆိုတော့ ဆရာဝန် ကူပါဦး၊ ဒီဝေဒနာကို ကျွတ်ဖြင့် ဘယ်လောက်ကုန်ကုန် ကုစမ်းပါဦး၊ လာပြန်ပြီ စောင့်လဲနေသေးရဲ့ သူ့ဟာက ဟင်....(မှန်ပါ့ဘုရား)။

အဒဏ္ဍတော့ အသေလွတ်တရားတွေ့လျှရဲ့သားနဲ့ အသေလွတ်တော့ မရှာဘူးဆိုတော့ အတော်မဆိုးဝါး ဘူးလား....(ဆိုးဝါးပါတယ်ဘုရား)။

ဒါ့ကြောင့် ဒီနေ့ဘယ်အချိန်မှာ အားလပ်ခွင့်ကလေး နေလိုက်နေလိုက် ဥာဏ်နဲ့ ခန္ဓာကိုယ် ဖြစ်ပျက် အနိစ္စကို နှလုံးမသွင်းလို့ ရှိယင် ဘေးငါးဘေးစောင့်နေတာလို့ ဆုံးဖြတ်ချက်ချပါ(မှန်ပါ့ဘုရား) ဘယ်လိုဆုံးဖြတ်ချက် ချမလဲ....(ဘေးငါးဘေးစောင့်နေတာပါဘုရား)။

ဘေးငါးဘေးကို စောင့်နေတာလို့ ဆုံးဖြတ်ချက် ချလိုက်စမ်းပါ တကာတကာမတို့....(မှန်ပါ့ဘုရား)။

ဩော်....ကျွတ်တို့တော့ဖြင့် ခပ်အေးအေးကလေး နေလိုက်တာပါဘဲ၊ အို....အေးတာမဟုတ်ဘူး၊ ဆေးနေတာ (မှန်ပါ့ဘုရား)သဘောကျပလား....(ကျပါပြီ)ခန္ဓာကြီးက အိုဘေးစွန့်ပြီးဆေးနေတာဆိုတာကော ငြင်းဘိုလိုသေးသလား(မလိုပါ)။

အဲဒါကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ့ ကိုယ်မိုက်တာ ကိုယ် တယ်-သိခဲပါကလား....(မှန်ပါ့ဘုရား)ဘယ်ဟာ သိခဲပါလိမ့်....(ကိုယ်မိုက်တာ ကိုယ်သိခဲပါတယ်ဘုရား)။

ဟော....ကိုယ်မိုက်တာ ကိုယ်အသိခဲဆုံးဘဲ တကာတကာမတို့ ဘုရားက ဟောတယ်နော်.... (မှန်ပါ့ဘုရား) ပြီးတော့လဲ ကိုယ့်ကိုယ်ကိုဟာအဆုံး, အမအခက်ဆုံးတဲ့.... (မှန်ပါ့ဘုရား)။

တကာတကာမတွေ ဘယ်လိုမှတ်ကြမယ်....(ကိုယ့်ကိုယ်ဟာ အဆုံး,အမ အခက်ဆုံးပါဘုရား) ကိုယ်မိုက်တာကော....(ကိုယ် အသိခဲဆုံးပါဘုရား) ကိုယ့်ကိုယ် အဆုံး,အမမှာ ဘယ်သူအခက်ဆုံးလဲ....(ကိုယ်အခက်ဆုံးပါဘုရား)။

"အတ္တာဟိ ကိရ ဒုဒ္ဒမော" ဓမ္မပဒပါဠိတော်က အတ္တာဟိ အတ္တာဝေ-မိမိကိုယ်သည်သာလျှင်၊ ဒုဒ္ဒမောကိရ-သူတပါးထက် ပိုလွန်၍ ဆုံးမခက်သည်၊ ဟောတိ-ဖြစ်၏တဲ့.... (မှန်ပါဘုရား) သဘောကျပလား(ကျပါပြီဘုရား)။

အဆုံးမ အခက်ဆုံး ဘယ်သူတဲ့တုန်း(ကိုယ့်ကိုယ်ပါဘုရား) ကလေးကိုဒုတ်ပြလိုက်ပြီး ဟင်း-ဆိုလိုက်ယင် ဦးခင်မောင် ငြိမ်ထုက်သွားတယ် (မှန်ပါ့)ခင်ဗျားတို့က ငြိမ်ရဲ့လား....(မငြိမ်ပါဘုရား) ဘာဖြစ်ဖြစ် လုပ်မယ်ကွ....၊ တိုးပြီး တက်လာတယ်....(မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဘယ်သူဟာ အဆုံးမ အခက်ဆုံး ပါလိမ့်....(ကိုယ့်ကိုယ်ဟာအဆုံးမအခက်ဆုံးပါဘုရား)။

အဲ....သဗ္ဗညုတ ဉာဏ်တော်ကြီးနဲ့ ကြည့်လိုက်တဲ့အခါ ကျေတော့မှ အဆုံး,အမဟာ ကိုယ့်ကိုယ်ကို အခက်ဆုံး....(မှန်ပါ့ဘုရား) ရှင်းကြပလား....ရှင်းပါပြီဘုရား)။

ခက်လို့ပေါ့ တကာတကာမတို့ အိုဘေးမစောင့်သင့်ဘဲနဲ့ စောင့်နေတာလဲ ဘာဖြစ်လို့ပါလိမ့်.... (ဆိုဆုံးမ ခက်လို့ပါဘုရား)ဆုံးမ ခက်လို့စောင့်နေတာ....(မှန်ပါဘုရား)။

နာဘေးမစောင့်သင့်ဘဲနဲ့ စောင့်နေတာကော....(ဆုံးမခက်လို့ပါဘုရား) ဆုံးမ ခက်လို့စောင့်နေတာဆိုတာ သေချာကြပလား....(သေချာပါတယ်ဘုရား)။

သေဘေး စောင့်နေတာကော....(ဆုံးမ ခက်လို့ပါဘုရား) ဆုံးမခက်လို့ စောင့်နေတာ ဆုံးမ,သာလွယ်မယ်ဆိုယင်ဖြင့် ကဲ ဒီသေဘေးနီးပြီကွ၊ မြန်မြန်လုပ်ကွာ မသေတန်လဲနေရအောင် ဆိုပြီး မြန်မြန်မလုပ်ပေဘူးလား.... (လုပ်ပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် အဆုံး,အမ အခက်ဆုံး ဘယ်သူပါလိမ့်.... (ကိုယ် ကိုယ်ပါဘုရား) ရှင်းကြပလား.... (မှန်ပါဘုရား) အဲဒီတော့ ဦးခင်မောင်ရေ....ဒီကရှေ့ မူပြောင်းကြဦးစို့နော်....(မှန်ပါဘုရား)။

အေး....ကလေးတွေတော့ဖြင့် လိမ်မာ ယဉ်ကျေးဘို့ မိဘ ဝတ္တရားတော့ ပြောရမှာဘဲ၊ ကိုယ် ကိုယ်ဆုံးမ,ဘို့ ကြံသေးသ ဟော့....ဆိုပြီးတော့ ကိုယ့်အရေး ကိုယ်လုပ်ကြ စမ်းပါ....(မှန်ပါဘုရား)ရှင်းပြီနော်(ရှင်းပါပြီဘုရား)။

ကလေးတွေက လူလားမမြောက်သေး,မလိမ်မာသေးတော့ အပြောမတတ်, အဆိုမတတ်, အနေမတတ်, အထိုင်မတတ်နဲ့ ခက်လိုက်တာလို့ သူများအပြစ်သာ သွားမြင်တယ်၊ ကိုယ် သူတော်ကောင်းအလုပ် မလုပ်ဘဲနဲ့ တကာ တကာမတွေက.... အို့ဘေး,နာဘေး စောင့်နေတာတော့ ကိုယ်အဆုံးမ ခက်တာ တော့ ဘယ်သူမှ မသိလိုက်ဘူး....(မှန်ပါဘုရား)တယ်လဲ ဆိုး ဝါးပါကလား....(မှန်ပါဘုရား)။

ကဲ....ယနေ့ကစပြီး တကာတကာမတို့ ဘယ်သူကို ဆုံးမဘို့ အရေးတကြီးထားရမယ်....(ကိုယ် ကိုယ်ဆုံးမဘို့ အရေးတကြီး ထားရပါမယ်ဘုရား) မဆုံးမယင် ကိုယ်က ဘာစောင့်နေတာ တုံး(အို့ဘေး,နာဘေး စောင့်နေပါတယ်ဘုရား) ဘေးငါးဘေး စောင့်နေတယ်....(မှန်ပါဘုရား)။

အိုဘေး, နာဘေး, သေဘေး လူသင်းကွဲတဲ့ဘေး, သံဃာသင်းကွဲတဲ့ဘေး.... (မှန်ပါဘုရား) ဒါတွေ အကုန်စောင့်တာဘဲ၊ သဘောကျပလား....(ကျပါပြီဘုရား)။

အိုဘေး, နာဘေး, သေဘေး တနည်းအားဖြင့်လဲ ငတ်မွတ်ခေါင်းပါးတဲ့ ဘေးလဲ သူ စောင့်တတ်တယ်.... (မှန်ပါဘုရား) သဘောကျပလား.... (မှန်ပါ) ငတ်မွတ်ခေါင်းပါးတဲ့ ဘေးလဲ တော်တော်ကြာ လာချင် လာပစ်လိုက်တာကိုး.... (မှန်ပါဘုရား)။

အဲဒါနဲ့ အဲဒီ ငတ်မွတ်ခေါင်းပါးတဲ့ ဘေး စောင့်လိုက်၊ သံဃာသင်းကွဲတဲ့ဘေး, လူချင်းကွဲတဲ့ဘေး စောင့်လိုက်....(မှန်ပါဘုရား) သူကမလုပ်ဖြစ်တဲ့ဘက်ဆီ မသွားလား....(သွားပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတွေ့ ခင်ဗျားတို့ စောင့်လာတာ ဘယ်လောက်ကြာကြပလဲ.... (သံသရာနဲ့ အမျှပါဘုရား) သံသရာနဲ့အမျှ စောင့်လာတာ အခုထက်ထိလဲ မလိမ်မာသေးဘူး၊ စောင့်တုန်းဘဲဆိုလို့ရှိယင် လွဲပါမလား-(မလွဲပါဘုရား)။

ကဲ....ယနေ့ကစ၍ မူပြင်ကြပေတော့....(မှန်ပါဘုရား) ဘယ်လိုဆုံးဖြတ်ချက်ချမလဲ....(မူပြင်ရပါမယ်ဘုရား)။

ယနေ့က, စပြီး မူပြင်ကြပါတော့ဆိုတာ ဦးထွန်းကျော်တို့.... ဘုန်းကြီးတို့ တကာတကာမတွေ့ကို ယဉ်ကျေးသထက်ယဉ်ကျေးအောင်လို့ ဆုံးမ,ပါတယ်ဆိုတာ သဘောကျကြပလား.... (ကျပါတယ်ဘုရား)။

ဘုန်းကြီးက ဆုံးမတာလား- တကာ တကာမများ ကဲ့ဒီဘေး ငါးဘေးရှိတာကို မင်းတို့သူတော်ကောင်းအလုပ် မလုပ်ယင် စောင့်နေတယ်လို့ ပြောတာလား....(စောင့်နေတယ်လို့ ပြောတာပါဘုရား) ရှင်းပြီနော်....(မှန်ပါဘုရား)။

ကဲ....ဒါဖြင့် ဦးခင်မောင် အလုပ်-လုပ်ကြစို့....(မှန်ပါဘုရား) ဒီဘေးတွေ သိပြီနော်(မှန်ပါ)ဒီဘေးတွေ သိတဲ့အခါကျတော့ အလုပ်-လုပ်ကြပါစို့တဲ့။

သတ္တဝါအစ အဝိဇ္ဇာ တဏှာက ဆိုပြီးသကာလ အဝိဇ္ဇာသန်ဓါရကြောင့် ခန္ဓာမဖြစ်လားဗျာ....(ဖြစ်ပါတယ်ဘုရား) ခန္ဓာဘယ်နှစ်ပါး ဖြစ်ပါလိမ့်.... (ငါးပါး ဖြစ်ပါတယ်ဘုရား) ဩော်....ပဉ္စဝေါကာရဘုံဆိုတော့ ခန္ဓာငါးပါး ဖြစ်တယ်နော် (မှန်ပါ)။

ပဉ္စဝေါကာရဘုံဆိုတော့ ခန္ဓာငါးပါးကဖြစ်တယ်၊ အဝိဇ္ဇာသန်ဓါရကြောင့် ခန္ဓာပါးပါးဖြစ်တယ်....(မှန်ပါ)။

လူမိုက်များကျတော့ ခန္ဓာငါးပါး နောက်ကနေပြီးအဝိဇ္ဇာသန်ဓါရလာပြန်တယ်....(မှန်လှပါဘုရား) သဘောကျပလား....(ကျပါပြီ)လူမိုက်များကျတော့ ဘာလာပြန်သတုံး....(အဝိဇ္ဇာသန်ဓါရ လာပြန်ပါတယ်ဘုရား)။

ဩော် .... အဝိဇ္ဇာ သန်ဓါရကြောင့် ဒုက္ခသစ္စာ ခန္ဓာကြီးဖြစ်တယ်....(မှန်လှပါဘုရား)။

ဒုက္ခသစ္စာခန္ဓာကြီး ဖြစ်ပြီးသကာလ တင်းမတိမ်တာနဲ့ ဒုက္ခသစ္စာခန္ဓာဖြစ်ကြောင်းဖြစ်တဲ့ အဝိဇ္ဇာ သန်ဓါရ ပြန်အားထုတ်တယ် (မှန်ပါဘုရား) မထုတ်ဘူးလား....(ထုတ်ပါတယ်ဘုရား)။

ထုတ်လဲထုတ်-လုပ်လိုက်တဲ့ အခါကျတော့ ဘယ်သူက ဘာရမယ် ထင်ကြသတုံး....(ခန္ဓာငါးပါး ရပါတယ်ဘုရား) ခန္ဓာငါးပါးဟာ ဘာသစ္စာတရား ပါလိမ့်.... (ဒုက္ခသစ္စာ တရားပါဘုရား)။

အဲဒီတော့ အဝိဇ္ဇာသင်္ခါရ ပြန်အားထုတ်လိုက်လို့ ရှိယင် ခန္ဓာငါးပါး ဒုက္ခသစ္စာ ရတယ်ဆိုတာ မသေချာဘူးလား.... လဲအုံးမဟေ့....(မလဲပါဘုရား)။

ကဲ....အဝိဇ္ဇာ သင်္ခါရကြောင့် ဦးခင်မောင် ဘာဖြစ်ကြပါလိမ့်.... (ခန္ဓာငါးပါး ဖြစ်ပါတယ်ဘုရား) ခန္ဓာငါးပါးဟာ ဘာသစ္စာတရားပါလိမ့်....(ဒုက္ခသစ္စာပါဘုရား)။

ဩော်....တကာ တကာမတို့ ခန္ဓာငါးပါး ဒုက္ခသစ္စာတရားလို့ ဘုန်းကြီးက ဟောချင်လို့ ဟောရတာ မဟုတ်ပါဘူး၊ ဘုရားက ဟောချင်လို့ ဟောရတာမဟုတ်ပါဘူး၊ သူ့အထဲမှာ ဇာတိကလာသောကြောင့် ဇာတိကတက်လာတဲ့ ခန္ဓာဖြစ်သောကြောင့် ဇာတိကလဲ ဒုက္ခသစ္စာဘဲ....(မှန်လှပါဘုရား)။

ရင့်ကျက်တဲ့ဇရာကကော....(ဒုက္ခသစ္စာပါဘဲဘုရား)။

ဒီအထဲ အနာတွေကပါလာလို့ ဗျာဓိကကော(ဒုက္ခသစ္စာပါဘုရား)။

ဒီအထဲ သေတတ်တဲ့အဆိပ်တွေက ပါလာလို့ မရဏဒွိ ဒုက္ခသစ္စာကလဲ ပါတယ်....(မှန်ပါဘုရား)။

ဒါဖြင့် ဒီခန္ဓာကြီးဟာ ဘာသစ္စာပါလိမ့် .... (ဒုက္ခသစ္စာပါဘုရား) အင်း....ဟင်....ဒုက္ခသစ္စာကြီး ဘယ်သူ တည်ထောင်လိုက်ပါလိမ့်....(အဝိဇ္ဇာတည်ထောင်တာပါဘုရား)။

အဝိဇ္ဇာ တဏှာနဲ့ သင်္ခါရတွေက တည်ထောင် လိုက်တဲ့ အတွက် ခန္ဓာငါးပါး ရပြီးသကာလ ဒုက္ခသစ္စာ၊ ဒုက္ခသစ္စာမှန်း မသိပြန်တော့ ဒီခန္ဓာကြီးကို မသိတဲ့ အဝိဇ္ဇာက ကိုယ့်ကိုယ်-ကိုယ်ပြန်မသိတဲ့အဝိဇ္ဇာက ဦးခင်မောင် လာပြန်တယ် (လာပါတယ်ဘုရား)။

မသိတော့ခင် လာပြန်တယ်တဲ့ ကိုယ့်ကိုယ်-ကိုယ် (မှန်လှပါဘုရား) ဘာပြန်လာပြန်ပါလိမ့်.... (တဏှာ ပြန်လာပါတယ် ဘုရား)အဝိဇ္ဇာနှင့်....(တဏှာပြန်လာပါတယ်ဘုရား)။

အဝိဇ္ဇာနှင့်တဏှာ ပြန်လာပြန်တော့ သူကတော့ဖြင့်ဒီခန္ဓာ ဖြစ်ကြောင်းကိုက အရင်ခန္ဓာကြီးကို မသိတဲ့ အဝိဇ္ဇာနှင့်တွဲတဲ့ တဏှာကြောင့် နောက်ခန္ဓာဆိုတဲ့ ခန္ဓာငါးပါး မောင်ထွန်းလှိုင် တို့ တကာဝတို့ မလာရပေဘူးလား....(လာရပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ ဒီမျိုးစေ့ကြောင့် ဒီအပင်ပေါက် (မှန်ပါ့) မပေါက်ကြဘူးလား.... (ပေါက်ပါတယ်ဘုရား) ဒီမျိုးစေ့ကြောင့်....(ဒီအပင်ပေါက်ပါတယ်ဘုရား)။

အဝိဇ္ဇာ တဏှာ မျိုးစေ့ကြောင့် ခန္ဓာဒုက္ခသစ္စာအပင်ကြီး ပေါက်လာတယ် (မှန်လှပါဘုရား) ဦးခင်မောင် ဘာပေါက်ပါလိမ့်....(ခန္ဓာမျိုးစေ့အပင်ကြီး ပေါက်လာပါတယ်ဘုရား)။

ခန္ဓာဒုက္ခသစ္စာ အပင်ကြီးပေါက်လာတော့ ဘာတွေမျှားသီးပါလိမ့်မတုံးလို့ အကဲခတ်လိုက်တဲ့အခါကျတော့ အဝိဇ္ဇာနဲ့ တဏှာပြန်သီးတယ်....(မှန်ပါဘုရား)။

ဒါတွေက မျိုးစေ့ကျပြီး ဘာပင်တွေမျှား ပေါက်မှာပါလိမ့်....(ခန္ဓာပင်တွေ ပေါက်မှာပါဘုရား)။

ခန္ဓာငါးပါး ဒုက္ခသစ္စာတရားဘဲ ပေါက်ပွားလာတယ်ဆိုတာ မသေချာပေဘူးလား....(သေချာပါတယ်ဘုရား)။

ဩော်....ဒါ လူမိုက်၏ လမ်းစဉ်....(မှန်ပါဘုရား) ရိပ်မိကြပလား....(မှန်ပါဘုရား) ဘယ်သူ၏လမ်းစဉ်ပါလိမ့်....(လူမိုက်၏ လမ်းစဉ်ပါဘုရား)။

ကိုင်း....တကာတကာမတွေ့ လူမိုက်၏ လမ်းစဉ်ဆိုတာသည် အဝိဇ္ဇာ သင်္ခါရကြောင့် ခန္ဓာငါးပါး ဒုက္ခသစ္စာတရားကြီး ပေါက်ပွား လာပါတယ်.... (မှန်ပါဘုရား) ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

ခန္ဓာငါးပါးထဲ သေသေချာချာကြည့်၊ ဒုက္ခသစ္စာသူ့ထဲမှာ ဇာတိကကော့ မစ-ဘူးလား.... (စပါတယ်ဘုရား) ဇာတိပိ ဒုက္ခသစ္စာ သူရှိတယ်၊ ဇရာပိ ဒုက္ခသစ္စာကော ....(လာပါတယ် ဘုရား) ဗျာဓိပိဒုက္ခသစ္စာကော....(လာပါတယ်)အနာတွေလဲ အပြည့်အစုံ ရှိတယ်၊ မရဏမွိ ဒုက္ခသစ္စံကော.... (လာပါတယ် ဘုရား)။

ဩော်....အဝိဇ္ဇာ သင်္ခါရကြောင့် ဒုက္ခသစ္စာ ခန္ဓာပင်ကြီး ပေါက်လာတယ်၊ ဦးခင်မောင်ရ.... (မှန်ပါဘုရား) ဒီခန္ဓာပင် ကြီးက လူမိုက်မှာတော့ ဘာတွေများ သီးလာပါလိမ့်ဗျာ.... (အဝိဇ္ဇာနဲ့ တဏှာ သီးပါတယ်) အဝိဇ္ဇာနဲ့ တဏှာ သီးပြီး မြေပေါ်ကျပြန်တယ်....(မှန်ပါဘုရား)။

ကျပြန်တော့ ဘာပင်တွေများ ပေါက်ဦးမယ် ထင်ကြပါ လိမ့်....(ဒုက္ခသစ္စာပင်တွေ ပေါက်ပါတယ်ဘုရား)။

မိုးကုတ်ဝိပဿနာ လုပ်ငန်းစဉ်တရား (၅)

ခန္ဓဝါးပါး ဒုက္ခသစ္စာတရားဘဲ ပြန်၍ ပေါက်ပွားဦးမယ် ဆိုလို့ ရှိယင်ဖြင့် တကာတကာမတွေ့ ဒီဘဝ ဒီသားသမီး၏ ကျွန်ခံ၊ ဟိုဘဝ ကျတော့ကော.... (ဟိုသားသမီး၏ ကျွန်ခံရပါမယ်ဘုရား)။

ဒီဘဝ ဒီလင်၏ကျွန်ခံ၊ ဟိုဘဝကျတော့....(ဟိုလင်၏ကျွန်ခံရပါမယ်) တကာတွေ့မှာလဲ ဒီဘဝ ဒီခင်ပွန်းမ၏ ကျွန်ခံ.... (ဟိုဘဝ ဟိုခင်ပွန်းမ၏ ကျွန်ခံရပါမယ် ဘုရား)။

နို့....ခင်ဗျားတို့ဟာ ကျွန်ဇာတ်ချည်း ခင်းနေတယ်ဆိုယင်လဲ လဲ့ပါ့မလား(မလဲ့ပါဘုရား)တော်တော်ကြာ အိုဘေး နာဘေး နဲ့ဘဲ တကာ တကာ့မတွေ့ အချိန်ကုန်၊ တော်တော်ကြာလဲ အိုဘေး နာဘေးနဲ့ အချိန်ကုန်ဆိုတော့ ဒီခန္ဓဝါကြီးဟာ ဒုက္ခလမ်းကိုမှတပါး အခြားလမ်းခဲ့ကို မတွေ့တော့ ပါကလား.... (မတွေ့ပါဘုရား) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ကိုင်း....ဒါဖြင့် လူလိမ်မာနဲ့ လူမိုက် ဘာထူးတုံးဆိုတော့ ဦးခင်မောင် ဒီကြည့်ပါတဲ့....လူလိမ်မာက အဝိဇ္ဇာတက္ကာ မလာဘဲနဲ့ ဝိဇ္ဇာနဲ့ အလောဘ လာတယ်၊ လူမိုက်က ဝိဇ္ဇာ အလောဘ မလာဘဲနဲ့ အဝိဇ္ဇာနဲ့ တက္ကာလာတယ်၊ ရှင်းပလား....မှန်လှပါဘုရား)။

လူမိုက်တုန်းကတော့ ဒီနေရာဘာတဲ့ဗျာ....(အဝိဇ္ဇာနဲ့လောဘ လာပါတယ်) လူလိမ်မာကျတော့....(ဝိဇ္ဇာနဲ့ အလောဘ လာပါတယ်) ဝိဇ္ဇာနဲ့အလောဘ လာတယ်ဆိုတော့ မသေချာဘူးလား....(သေချာပါတယ်ဘုရား)။

မိုးကုတ်ဝိပဿနာ လုပ်ငန်းစဉ်တရား (၅)

ဩော်.... သူကျတော့ ဒီဘက်ခန္ဓာပင် ပေါက်စရာရှိသေးရဲ့လား.... (မရှိပါ) သားတို့ သမီးတို့၏ ကျန်သပေါက်ဖြစ်စရာကော....(မရှိပါ) သေချာကြပလား....(သေချာပါတယ်ဘုရား)။

ဩော်....ဒါဖြင့် ဒို့သည်ကားဆိုယင် လူလိမ်မာ ဖြစ်ချင်လို့ရှိယင် ဒီခန္ဓာကြီးက ဝိဇ္ဇာနဲ့ အလောဘအသီး, သီးမှသာလျှင် လိုရာခရီး ပြီးတော့မယ်ဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား) ဘာအသီး, သီးရမယ်....(ဝိဇ္ဇာနဲ့ အလောဘ အသီး, သီးရပါမယ်ဘုရား)။

အဲ....မဂ္ဂင်သီး, သီးမှ ကိစ္စပြီးတော့မယ်.... (မှန်လှပါဘုရား) ရှင်းကြပလား....(ရှင်းပါပြီဘုရား) တကာ တကာမတို့ ဘာသီး သီးမှ ကိစ္စပြီးမယ်.... (မဂ္ဂင်သီး, သီးမှ ကိစ္စပြီးမှာပါ) ဒါဖြင့် ဒီအချိန်မှာ ဒီဆရာ သမားတွေနဲ့ ဒီသာသနာ ကြုံတုန်းကို ဒီအပြောကလေး ပြောရဲတာနော်....(မှန်ပါဘုရား)။

နောက်ကျတော့ ကိုယ့်ဉာဏ်ထဲမှာလဲ ပေါ်မယ်မဟုတ်ဘူး ပြောပေးမည့် သာသနာကြီးကလဲ ကွယ်တော့မယ် ဆိုတာကလဲ သိပ်မဝေးကြတော့ပါဘူး....(မှန်လှပါဘုရား) သာသနာကကျန်နေပြန်လဲ ကိုယ်က အသေစောလို့ ကွယ်ရမှာကလဲ ရှိပါသေးတယ်....(မှန်လှပါ)မရှိဘူးလား....(ရှိပါတယ်ဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ တကာ တကာမတွေ ယခု အချိန်သည် အစာလဲ ကျေကျက်တုန်း၊ အရွယ်က လေးကလဲရှိကြတုန်း အအိုလဲ မစောင့်ပါနဲ့၊ အသေလဲ မစောင့်ပါနဲ့၊ ဝိဇ္ဇာသီး, သီးအောင် လုပ်ပါ .... (မှန်လှပါဘုရား)

တိုက်တွန်းပြီနော်....(မှန်လှပါ) ဝိဇ္ဇာသီး-သီးအောင် မလုပ်သင့်ဘူးလား....(လုပ်သင့်ပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် လုပ်ကြပါစို့ တကာတကာမတို့ ဒီခန္ဓာကြီးမှာ သတိပဋ္ဌာန် လေးပါးနဲ့ ခဲ့လိုက်တော့....ခန္ဓာငါးပါးပေမဲ့ သတိပဋ္ဌာန်နဲ့ ခဲ့လိုက် တော့ ....လေး ပါး ဘဲ ရှိ ပါ တော့ တယ်....ရုပ်နာမ်နဲ့ ခဲ့လိုက်တော့....နှစ်ပါးဘဲ ရှိပါတော့တယ်....။ (မှန်ပါ့ဘုရား) သေသေချာချာ ရုပ်နာမ်ကိုဘဲ တခါအနိစ္စနဲ့ ခဲ့လိုက်တဲ့ အခါကျတော့ တခုသာ ရှိပါတော့တယ်.... (မှန်ပါ့) အနိစ္စနဲ့ ခဲ့လိုက်တော့ ဖြစ်ပျက် တခုဘဲ ရှိတော့ တယ်....(မှန်ပါ့ဘုရား)။

ဒါဖြင့် ဒီတလုံးဘဲရှုရမှာပေါ့ (မှန်ပါ့ဘုရား) ဘာရှုကြမယ် (ဖြစ်ပျက်တလုံးဘဲရှုရပါမယ်) ဖြစ်ပျက်တလုံးဘဲရှုရမယ် (မှန်ပါ့ဘုရား)ဝေဒနာရှုဆိုတာလဲ....ဖြစ်ပျက်.... (မှန်ပါ့ဘုရား) စိတ်ရှုဆိုတာကော.... (ဖြစ်ပျက်ပါဘုရား) ကဲ....ဒါဖြင့် နိဂုံးချုပ်လိုက်တော့ တကာတကာမတို့ ဒီတလုံးတည်းမျှားတော့ ခင်ဗျားတို့က ဝန်ငြေးစရာမျှား ရှိသေးလား.... (မရှိပါဘုရား)။

ဒီထက်လဲချုံးပြီးပေးစရာလဲမရှိတော့ဘူး....၊ ဒါမှမရှလို့ ရှိရင် အိပ်နေရုံရှိတော့တယ်၊ အိုဘေး, နာဘေး, သေဘေးစောင့်ရုံရှိတော့တယ်....(မှန်ပါ့ဘုရား)ရိပ်မိပလား(ရိပ်မိပါပြီ)ကဲ....ဒါဖြင့် တကာတကာမတွေ့ ဒီအလုပ်-အရေးတကြီး လုပ်ကြစို့ရဲ့နော်.... (မှန်လှပါဘုရား)။

ကိုင်း.....ဒါဖြင့်....ဦး ခင် မောင် ရေ....မ နေ့ က ဝေဒနာမှာ သစ္စဉာဏ်သာ ပြောခဲ့ရတယ်၊ ကိုစ္စဉာဏ် မပြောခဲ့ရဘူးနော်.... (မှန်ပါ့)မနေ့ကဝေဒနာ ဘယ်ဉာဏ်ပြောခဲ့သတုံး....(သစ္စဉာဏ်

ပြောခဲ့ပါတယ်) ကိစ္စဥာဏ်မပြောခဲ့ရဘူး.... (မှန်ပါ့) ကိုင်း.... တကာတကာမတို့ ဝေဒနာရှုရာဌာနကလေး သူ့သချိုင်းရှိတဲ့ ဌာနကလေး တခေါက်တော့ ပြောကြဦးစို့....နော်.... (မှန်ပါ့ ဘုရား)။

မျက်လုံးထဲ မြင်တာကလေးဟူသ၍ ဘာဝေဒနာလဲ..... (ဥပေက္ခာ ဝေဒနာပါဘုရား) နားထဲကြားတာကလေးဟူသ၍ (ဥပေက္ခာ ဝေဒနာပါဘုရား) နှာခေါင်းထဲ နံတာ မွှေးတာကလေးဟူသ၍.... (ဥပေက္ခာ ဝေဒနာပါဘုရား) အင်း....ဟင် လျှာပေါ်မှာ စားတာ သောက်တာကလေးဟူသ၍.... (ဥပေက္ခာ ဝေဒနာပါဘုရား)။

အဲဒါ ပေါ်တိုင်း ပေါ်တိုင်း ဒါ-ဥပေက္ခာ ဝေဒနာကလေး ဟာ သူ့နေရာနှင့်သူ ဒီလေးခုကိုဆိုတဲ့ဥစ္စာ ပေါ်တိုင်း, ပေါ်တိုင်း ဥပေက္ခာဝေဒနာ၏ သင်းချိုင်းဆိုတာ ဒါကိုမှတ်ရမယ်.... (မှန်ပါ့ ဘုရား) သင်းချိုင်းဆိုတာ ဒီနေရာမွှေး ဒီနေရာသေတာ (မှန်ပါ့ ဘုရား)။

သင်းချိုင်းဆိုတာ ဘာပါလိမ့်.... (ဒီနေရာမွှေး, ဒီနေရာသေတာပါဘုရား) ဒီနေရာမွှေး, ဒီနေရာသေတာ သင်းချိုင်းလို့ခေါ်ပါတယ်....နော်....(မှန်ပါ့) ကဲ....ဒါဖြင့် ဥပေက္ခာဝေဒနာလေးနေရာတော့ သိသွားပြီ....တဲ့၊ ကိုယ်ပေါ် ကျလာတော့.... တခါတလေ ခံသာတဲ့အခါ သုခဝေဒနာပေါ်တယ်.... (မှန်ပါ့ ဘုရား) တကိုယ်လုံးမှာ သူပေါ်ချင်တဲ့နေရာပေါ်တယ် (မှန်ပါ့ ဘုရား)။

အဲဒါ သုခဝေဒနာ၏ သင်းချိုင်းဟာ ဦးခင်မောင် ဘယ်နေရာပါလိမ့်.... (ကိုယ်ပေါ်မှာ ပေါ်ပါတယ်ဘုရား) တကိုယ်လုံး

ဆိုကြပါစို့။ သူပေါ်ချင်တဲ့နေရာမှာ ပေါ်လိမ့်မယ်နော် (မှန်ပါ့) သုခဝေဒနာ ဘယ်နေရာ ပေါ်ပါလိမ့်.... (တကိုယ်လုံးမှာပေါ်ပါတယ်ဘုရား) အဲ....ပေါ်ချင်တဲ့နေရာ ပေါ်တယ်....၊ တကိုယ်လုံးဆိုပေမဲ့လဲ.... တကာ တကာမတို့ ပေါ်ချင်တဲ့နေရာ ကွက်ပေါ်တာနော်.... (မှန်ပါ့ဘုရား) ပေါ်နိုင်တဲ့ဌာနသာ ပြောပါတယ်....(မှန်ပါ့ဘုရား)။

ဒုက္ခဝေဒနာဆိုတာလဲ တကာ တကာမတို့ တကိုယ်လုံးဘဲ မှတ်ပါ(မှန်ပါ့ဘုရား) အဲဒီတော့ ဒုက္ခဝေဒနာ၏ မွေးရာဌာန သေရာဌာနဆိုတာကော သိပလား.... (သိပါတယ်ဘုရား) သုခဝေဒနာ၏ မွေးရာဌာန, သေရာဌာနကော....(သိပါတယ်ဘုရား) ကိုယ်ပေါ်ပေါ့ဗျာ....(မှန်ပါ့) ရိပ်မိကြပြီနော်....(မှန်ပါ့)။

ဒါကလေးတွေကို ကိုမြရွှေတို့ ဦးဇင်ရင်တို့ သူ့နေရာနှင့်သူ သိမှသာလျှင်လဲ သင်းချိုင်း အသုဘအရှုမှန်သလိုပေါ့ဗျာ(မှန်ပါ့ဘုရား)အသုဘရှုရာကို ဥဿဏ်ထဲမှာ အသုဘဖြစ်သလိုပေါ့ဗျာ (မှန်ပါ့ဘုရား) ဒီမှာလဲ သူအနိစ္စရှိတဲ့နေရာကို အနိစ္စဥဿဏ်နဲ့ တည့်နေမှ အနိစ္စမိတော့မှာပေါ့.... (မှန်လှပါဘုရား) အနိစ္စရှိတဲ့နေရာ ဥဿဏ်နဲ့မတဲ့လို့ရှိယင် မိကြပါ့မလား.... (မမိပါဘုရား)။

အဲဒါကြောင့်လဲ သေရာဌာန အနိစ္စနေရာကလေးကိုလဲ ရှေးဦးစွာရှင်းလင်းပြီး ပြောနေသေးတယ်ဆိုတာကိုလဲ ဦးခင်မောင်မပျင်းနဲ့၊ မှတ်ရလိမ့်မယ်....(မှန်ပါ့ဘုရား)မမှတ်သင့်ဘူးလား.... (မှတ်သင့်ပါတယ်ဘုရား)။

ကဲ....တကာ တကာမတို့ အခုငါးနေရာ နားလည်သွားပြီ၊ (မှန်ပါ့) ချမ်းသာတဲ့ဝေဒနာဟာ တကိုယ်လုံးမှာပေါ်တယ်၊

နော်..... (မှန်ပါ့ဘုရား) ဒုက္ခဝေဒနာ ပေါ်ပြန်ရင်ကော..., (တကိုယ်လုံးမှာ ပေါ်ပါတယ်) အဲ....ပေါ်ရာကို ကျုပ်တို့က လိုက်ရလိမ့်မယ်....(မှန်ပါ့)။

ကဲ....တခါသွားလိုက်ပါဦးတဲ့၊ သောမနဿဝေဒနာဆိုတော့ ဝမ်းသာတယ်ဆိုတာ ခင်ဗျားတို့ ဝမ်းထဲကသာတာ.... (မှန်ပါ့) အဲဒီတော့ ဟဒယဝတ္ထုပေါ်မှာ ဝမ်းသာတဲ့စိတ်ကလေး ပေါ်တော့ သြော်သောမနဿကလေးဟာ ဝမ်းသာတာကလေးဟာ ဝမ်းထဲမှာဖြစ်ပြီး ဝမ်းထဲမှာ ပျက်ဘို့ဘဲလို့ နေရာကလေးမှတ်ထားလိုက်စမ်းပါ....(မှန်ပါ့ဘုရား)။

ကျုပ်ဒေါမနဿ ဖြစ်လိုက်တာဆိုတာကော မရှိဘူးလား.... (ရှိပါတယ်) အဲ....ဒေါမနဿဝေဒနာကလဲ အတူတူဘဲ တကာတကာမတို့ဝမ်းထဲမှာဖြစ်ပြီးတော့.... (ဝမ်းထဲမှာပျက်ပါတယ်) ဝမ်းထဲမှာဘဲပျက်တယ်၊ သူတို့ကို ဖြစ်ပျက်ရှုမယ် ကြံလို့ ရှိယင် ဝမ်းထဲဥာဏ်ကလေး လှည့်ရမယ်(မှန်ပါ့ဘုရား)ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

တခါ ဝမ်းထဲမှာလဲ ဥပေက္ခာဝေဒနာ ပေါ်တာကလေး ရှိသေးတယ်....တဲ့ တကာတကာမတွေအားလုံး ဒီကမ္မဿကာထားတဲ့အခါတွေကော မပါဘူးလား.... (ပါ-ပါတယ်ဘုရား)။

အဲ....ကမ္မဿကာထားတဲ့ အခါကျလို့ ရှိယင် ကံသာလျှင် အမိ-ကံသာလျှင်အဖ။ အို....ဘယ်သူသေပြန်သတဲ့၊ သြော်....ကံအမိ,ကံအဖဘဲ မတတ်နိုင်ဘူး၊ ကံစီမံသလိုခံရုံဘဲ....၊ ဘယ်လို စိတ်မှမပေါ်ဘဲနဲ့ ဒီအသံကလေးချည်း ထွက်နေလို့ ရှိယင်ဖြင့် ဥပေက္ခာစိတ်ကလေးလို့ သေသေချာချာ မှတ်ထားစမ်းပါ...၊ နော်....(မှန်လှပါဘုရား)။

ကမ္မဿကာထားနိုင်တဲ့ ဝမ်းထဲမှာပေါ်တဲ့ စိတ်ကလေးဟာ ဘာပါလိမ့်....၊ (ဥပေက္ခာစိတ်ပါဘုရား) ဥပေက္ခာဝေဒနာလို့.... မှတ်လိုက်....(မှန်ပါ့ဘုရား)ဒါဖြင့် ဝမ်းထဲမှာ သောမနဿကော မပေါ်ဘူးလား....(ပေါ်ပါတယ်ဘုရား)။

ဒေါမနဿကော....(ပေါ်ပါတယ်ဘုရား)။
ဥပေက္ခာကော....(ပေါ်ပါတယ်ဘုရား)။

အင်း....ဟင်....ဒါဖြင့် သောမနဿပေါ်ယင် ဝမ်းထဲမှာ ရှုရလိမ့်မယ်၊ ဒေါမနဿပေါ်ယင်.... (ဝမ်းထဲမှာ ရှုရပါမယ်) ဥပေက္ခာပေါ်ယင်.... (ဝမ်းထဲမှာရှုရပါမယ်) ဝမ်းထဲမှာဘဲရှုရမယ်၊ အခုနကပြောခဲ့တဲ့ ငါးနေရာမှာကော....(ရှုရပါမယ်)။

အဲ....ပေါ်ရာလိုက်ရမှာပေါ့ဗျာ (မှန်ပါ့ဘုရား) ဦးခင်မောင်ရေ သုခဒုက္ခကျတော့ ဘယ်လိုက်ကြမယ်.... (ကိုယ်ပေါ်လိုက်ရပါမယ်ဘုရား)။

အဲ....သီထားတော့ သြော်....ဝေဒနာပေါ်ရာ ဌာနသိပြီလို့ ဆိုတော့မှ ဝေဒနာချုံးလိုက်တဲ့ အခါကျတော့ ဝေဒနာသည် ပေါ်ရာဌာနသာ ပြားတယ်, ချုံးပြီးသကာလ တကာတကာမတွေ့ ဟာကြပါဆိုတော့....သောမနဿနဲ့ သုခပေါင်းလိုက်တော့ အဲဒါသုခဝေဒနာ....(မှန်ပါ့ဘုရား)။

ဒေါမနဿနဲ့ ဒုက္ခ ပေါင်းလိုက်တဲ့အခါကျတော့ ဒုက္ခဝေဒနာ (မှန်ပါ့ဘုရား) ဥပေက္ခာတွေ့ ထပ်ပေါင်းလိုက်တော့.... (ဥပက္ခောဝေဒနာပါဘုရား) ဝေဒနာဟာ သုံးမျိုးဘဲရှိပါတယ် (မှန်ပါ့ဘုရား)ရှင်းပလား.... (ရှင်းပါပြီ) ဝေဒနာဘယ်နှစ်မျိုးရှိပါလိမ့်....(သုံးမျိုးရှိပါတယ်ဘုရား)။

အင်း....ပေါ်ရာဌာနနဲ့ ခန္ဓာတွေ့ပြောလိုက်တော့ အခုနက ဘုန်းကြီးပြောတဲ့အတိုင်း နားလည်ထားလိုက်တာပေါ့ (မှန်ပါ့ဘုရား) ချုံးလိုက်တဲ့အခါကျတော့ ဝေဒနာ ဘယ်နှစ်မျိုးရှိသတုံး....သုံးမျိုးရှိပါတယ်ဘုရား) သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာ (မှန်ပါ့ဘုရား) ဘယ်နှစ်မျိုးပါလိမ့်....သုံးမျိုးပါဘုရား)။

ခန္ဓာကိုယ်ထဲမှာဒါဖြင့် ဒီဝေဒနာသုံးမျိုးတခုခု အမြဲရှိတယ်။ (မှန်ပါ့ဘုရား) ဦးခင်မောင်ရေ တခုခုတော့ဖြင့်....(အမြဲရှိပါတယ်ဘုရား) တခုခုရှိရမယ်ဆိုတော့ ဘယ်အချိန်လက်ညှိုးထိုးထိုး ဝေဒနာကင်းကြရဲ့လား.... (မကင်းပါဘုရား) ဘယ်အချိန်ခန္ဓာကိုယ်လက်ညှိုးထိုးထိုး ဝေဒနာကင်းကြပါရဲ့လား.... (မကင်းပါဘုရား)။

သြော်....ဒါဖြင့် ဒီတကာ တကာမတွေ့ အန္တရာယ်ကင်းလို့ ဘေးရှင်းကြရဲ့လားလို့မေးယင် ဘယ်နှယ်ဖြေမလဲ.... (မကင်းပါဘုရား)။

အန္တရာယ်မကင်းပါဘူး....(မှန်ပါ့ဘုရား)
ဝေဒနာတွေနဲ့ချည်းဘဲ....(မှန်ပါ့ဘုရား)
တကာတကာမတွေ့ ဘာတွေနဲ့နေကြရသလဲ....
(ဝေဒနာတွေနဲ့နေရပါတယ်ဘုရား)။

ဝေဒနာတွေနဲ့ နေကြလို့ပေါ့ တကာတကာမတွေ့ ခုစဉ်းစားကြည့်ပါလား....၊ တရားနာတာ နာရီသုံးမတ်လောက်ရှိပြီဘဲ ထားပါတော့၊ ဝေဒနာထတာနဲ့ ဟိုနေရာကလေးစောင်းလိုက်ရ ဒီနေရာ ကလေးပြောင်းလိုက်ရ၊ လက်ကလေး ငြိမ်ငြိမ်မနေနိုင်လို့ ဟိုဖျောက်လိုက်ရ၊ ဒီဖျောက်လိုက်ရ၊ ဟိုအထည်ကလေးဆဲ

ခြုံလိုက်ရ၊ ဒီအထည်ကလေး ဆွဲခွါလိုက်ရ၊ မလာဘူးလား....(လာပါတယ်ဘုရား)။

ဟ....တကာတကာမတွေ ငြိမ်ငြိမ်နေစမ်းပါ ဘာဖြစ်လို့ တုံးမေးတော့ ဝေဒနာကြလို့ဘုရား....(မှန်ပါ့)ဘယ်လိုဆိုကြပါ့မလဲ....(ဝေဒနာကြလို့ပါဘုရား) ဒါဘဲ ဘယ်သူမှ ငြိမ်ငြိမ်မနေနိုင်ကြဘူး၊ ရိပ်မိကြပလား....(မှန်ပါ့ဘုရား)ဘာဖြစ်လို့တုန်းလို့မေးတော့.... (ဝေဒနာသည်တွေမို့ပါဘုရား) ရှင်းကြပလား....(ရှင်းပါပြီ)ဘာဖြစ်ကြပါလိမ့်(ဝေဒနာသည်တွေ မို့ပါဘုရား)။

အဲဒါ တကာတကာမတွေ အန္တရာယ်ဖြစ်လို့သာ ယပ်တောင်ကလေး ခတ်ကာခတ်ကာနဲ့ နေတာ မကင်းလို့ ခတ်နေတာသိလျက်သားနဲ့....(မှန်ပါ့)မကင်းလို့ ခတ်နေတာ မဟုတ်လား(မှန်ပါ့ဘုရား)ခတ်တော့ ဒုက္ခဝေဒနာ ရောက်နေတာနဲ့ ယပ်တောင် ခတ်ရတာ....(မှန်ပါ့ဘုရား) ကျုပ်တို့ ဒီလို နေနိုင်တာတော်သေးရဲ့၊ ဟ....ဒီလိုမနေနိုင်လို့ ခတ်နေတာချည်း ဘယ်နှယ်ဖြစ်နေရတာတုန်း....ရိပ်မိကြပလား....(မှန်ပါ့ဘုရား)။

ဒီနားက,နေပြီး ဟိုနား ခနထိုင်လိုက်ပါဦးလား....ကျုပ် ဟိုနား ခဏသွားလိုက်မယ်၊လူတော့ ကျန်းမာပါတယ်၊ ဘယ်ကျန်းမာရမတုန်း....တကာတကာမတို့ ကုဋီသွားချင်တဲ့ ဝေဒနာပေါ်နေတယ်....(မှန်ပါ့ဘုရား)ကျင်ငယ်စွန့်ချင်တဲ့ ဝေဒနာ (ပေါ်ပါတယ်ဘုရား) ထိုင်လိုက်ပါဦးတဲ့ ကျုပ်ကတော့ ကျန်းမာတော့ ကျန်းမာပါတယ်၊ သို့သော်....မလွဲသာတာကလေး ရှိနေလို့တဲ့(မှန်ပါ့ဘုရား)။

ဒါ ကျန်းမာတာလား.... မကျန်းမာတာလား.... ပြော–ပြောပါဦး....(မကျန်းမာတာပါဘုရား) မကျန်းမာတာဆိုတာ သေ

ချာပလား.... (သေချပါတယ်ဘုရား) ကဲဗျာ....ဒီည်ဟာသည်နဲ့ဘဲ တော်တော်ကြာကျတော့ ခေါ်ပြီး ကာဖီကလေး သောက်ကြ ဦးစို့....ဆာလောင်ကုန်ကြရော့မယ် အချိန် လွန်သွားပြီဆိုတော့ နေကောင်းတုန်း စားနိုင်တာ နော်....ဆိုပြီး နေကောင်းတုန်း ပြောလိုက်သေးတယ်....(မှန်ပါ့ဘုရား)။

ဟိုဝေဒနာ ရောက်နေတာ သူသိမှမသိဘဲ....(မှန်ပါ့ဘုရား) နေကောင်းလို့လား-မကောင်းလို့စားရတာလား....(မကောင်း လို့စားရတာပါဘုရား)သဘောကျပလား....(ကျပါပြီ)ကောင်း လို့စားရတာလား....မကောင်းလို့ စားရတာလား (မကောင်း လို့ စားရတာပါဘုရား)။

မကောင်းလို့ပေါ့ ဆာတဲ့အနာ ပေါက်လာလို့ ဆာတဲ့ အနာကို ကုရတဲ့အလုပ်ကြီးတခု ဒါကို နေကောင်းတုန်း စားနိုင် ကြတာ မင်း ဒါကလေး စားလိုက်စမ်းပါ များတောင် လော ကွတ် ချော်လိုက်သေးတယ်....(မှန်ပါ့ဘုရား)တကယ့်ကိုခက်တဲ့ တကာတကာမတွေ ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒီတော့ ဒီအထဲ ဘယ်သူ့ဝေဒနာကင်းသတုန်း....(မကင်း ပါဘုရား)အခု အိမ်က ဆေးကုပြီး လာခဲ့ကြရတာ....ဟုတ်ကဲ့ လား....(ဟုတ်ပါတယ်ဘုရား) တချို့ပြန်မှ ကုကြရမယ်နော်.... (မှန်ပါ့ဘုရား)တချို့ပြန်မှကုရမှာ ထမင်းက မစားရသေးဘူး၊ ရိပ်မိပလား....(ရိပ်မိပါပြီ)တချို့ကျတော့လဲ ကုပြီးလာခဲ့ရတယ် (မှန်ပါ့ဘုရား)။

ဦးခင်မောင်ကြီး....ကုပြီးခဲ့ပလား....(ကုပြီးခဲ့ပါပြီ)ကုပြီးခဲ့ပြီ ဟုတ်လား....(တင်ပါ့ဘုရား)။

အဲဒါကြောင့် ဘယ်အခါမှဝေဒနာ မကင်းဘူးဆိုတာ တကာ့တကာမတွေ့ သိကြပလား....(သိကြပါပြီ)အဲဒီတော့ အဲဒီ ဝေဒနာကလေးတွေဟာ တကာတကာမတွေ့က ဗိုင်းဗိုင်းလဲမှ ဝေဒနာဆိုတာ ခွေးသို့ဝက်သို ဝေဒနာလို့ မှတ်လိုက်စမ်းပါ.... (မှန်ပါ့ဘုရား)သဘောကျပလား....(ကျပါပြီဘုရား)။

ဗိုင်းဗိုင်းလဲလာတော့လဲ ဦးခင်မောင်....ခွေးလဲ အော်နေတာဘဲ....(မှန်ပါ့) မအော် ဘူးလားဗျာ.... (အော်ပါတယ်ဘုရား) အဲဒီကြမှ ကျုပ်ဖြင့် ဝေဒနာရောက်နေလို့ ကယ်ကြပါဦး,ယူကြပါဦးဆိုတော့ ဩော်....ဒါကတော့ ခက်ပါသေးတယ်၊ ဝိပဿနာရှုလို့ရတဲ့ ဝေဒနာလား....၊အနာဘေးစောင့်လို့ အနာတွေ့တာလား....(အနာဘေးစောင့်လို့ အနာတွေ့တာပါဘုရား)။

အနာဘေးစောင့်လို့ အနာတွေ့တာ တကာ တကာမတွေ့လိုရင်း မဟုတ် ဘူးနော်.... (မှန်ပါ့)အဲဒီတော့ ဉာဏ်နဲ့ ရှုရမည့်ဝေဒနာက ဆာယင် ဆာတဲ့နေရာမှာ ဒေါမနဿဝေဒနာပေါ်တယ်.... (မှန်ပါ့) ဝမ်းထဲက ဟာလာပြီဆိုမှဖြင့် စိတ်ထဲဘယ်နှယ်ဖြစ်လာသလဲ....(ဒေါမနဿဖြစ်လာပါတယ်)။

ထမင်းကလဲ မကျက်နိုင်သေး၊ချက်တဲ့လူကလဲ ခပ်နှေးနှေးနဲ့ ဆိုယင် ဘယ်နှယ်မျှား ဖြစ်လာကြသလဲ....(ဒေါမနဿဖြစ်လာပါတယ်) အဲဒါ ဘာလုပ်ရမလဲ.... (ဒေမနဿဝေဒနာ ရှုရပါမယ်) ဒေါမနဿဝေဒနာကို တခါတည်း မြန်မြန် ဖြစ်ပျက်ရှုရမယ်....(မှန်ပါ့)။

ဒီဝေဒနာ မရှုလိုက်လို့ရှိယင် ဒေါမနဿဝေဒနာ မရှုလိုက်လို့ရှိယင် သောက, ကျုပ်တော့မစားရယင် ကျုပ်က လေနာ

စာတ်တယ်၊ လာပြီ.... သောက,က၊ မလာဘူးလား.... (လာပါတယ်ဘုရား)သောကဟာ လာပြီဆိုတာ သဘောကျပလား.... (ကျပါပြီဘုရား)။

ကျုပ်ဖြင့်ငို များငိုချင်တယ်ဆိုပြီး မျက်ရေသုတ်ကာ သုတ်ကာ လာသေးတယ်၊ ပရိဒေဝ....(မှုန်ပါ့)မလာဘူးလား....လာသလား.... (လာပါတယ်ဘုရား) ဟာ သောက, ပရိဒေဝကိုယ်ကလဲ လွဲအိပ်ချင်တဲ့ သဘောကလေး မလာဘူးလား ဒုက္ခ (လာပါတယ်ဘုရား) ဒီလိုဖြင့် ခက်ရချည်ရဲ့ဆိုတဲ့ ဒေါမနဿကော....(လာပါတယ်ဘုရား)။

ဒါတွေဟာ တကာတကာမတို့ သောက, ပရိဒေဝ, ဒုက္ခ ဒေါမနဿ, ဥပါယာသ ဆိုတာတွေ မလာဘူးလား.... (လာပါတယ်) အဲဒါ ဒုက္ခဝေဒနာကို ဖြစ်ပျက်မရှုလို့ ခင်ဗျားတို့ အုပါယ် သွားတော့ မလို့ တန်းလိုက်တာ.... (မှုန်ပါ့ဘုရား) ထမင်းစားရတာနဲ့ ထမင်းမစားရတဲ့သူ အပါယ်သွားပါတော့မယ်....(မှုန်ပါ့ဘုရား)။

ဒီ အဓိပ္ပါယ် မရောက်ဘူးလား....ရောက်သလား....(ရောက်ပါတယ်ဘုရား) ဒီအထဲမှာ မသိလို့ ဖြစ်တဲ့ အဝိဇ္ဇာက ပါပြီး သားမနေဘူးလား(နေပါတယ်ဘုရား)ဒါဖြင့် အဝိဇ္ဇာ ဘပစ္စယာ (သင်္ခါရာပါဘုရား) သင်္ခါရပစ္စယာ အပါယ်လေးပါး....(မှုန်လှုပါဘုရား) ဒါဘဲရှိတော့တယ်၊ ဒီ့ပြင် ဘာရှိသေးသလဲ....(မရှိပါဘုရား)။

ဒါကြောင့် ခင်ဗျားတို့ ထမင်းမစားရတာသည် ကျုပ်ဖြင့် စိတ်များ ပျက်ပါပေါ့လို့.... စိတ်ပျက်မနေနဲ့ အပါယ်သွားတာ (မှုန်ပါ့ဘုရား)ရိပ်မိပလား....(ရိပ်မိပါပြီ)၊ ဒါဖြင့် ဆာလောင်

လာတဲ့ ဒေါမနဿဖြစ်လာယင် ဘာလုပ်ကြမယ်....(ဖြစ်ပျက်ရှုရပါမယ်) ဝမ်းထဲရှုနော်....(မှန်ပါ့)မျက်လုံးက ဆာတာမဟုတ်ဘူး ဦးခင်မောင်....(မှန်ပါ့ဘုရား)ဝမ်းထဲက ဆာတာ....ဝမ်းထဲက ဒေါမနဿဖြစ်တာမို့ ဘယ်ရှုရမလဲ....ဝမ်းထဲရှုရမှာပါ)။

မရှုလို့ရှိ ယင်ဖြင့် သောက,ပရိဒေဝ,ဒုက္ခ,ဒေါမနဿ,ဥပါယာသ, အဝိဇ္ဇာ, သခ်ါရ လာမလား....မလာဘူးလား....(လာပါတယ်ဘုရား)သံသရာတောက်လျှောက်မသွားသေးဘူးလား....(သွားပါတယ်ဘုရား)အဲဒီတော့ ကျုပ်တို့ထမင်းဆာတာ ကျုပ်ဖြင့် စိတ်မျှား ပျက်ပါပေါ့....လို့ တချို့ မပြောဘူးလား....(ပြောပါတယ်ဘုရား)။

ဦးခင်မောင် ခင်ဗျားကလဲပြန်လာတဲ့အခါ အိမ်ကလဲမချက်ရသေးဘူးဆိုယင် ဘယ်နှယ် ဖြစ်နေသလဲ....(စိတ်ပျက်ပါတယ်ဘုရား)ဒေါမနဿ မဖြစ်ဘူးလားဗျာ....(ဖြစ်ပါတယ်ဘုရား)။

ဖြစ်တဲ့အခါ ကျတော့ ကိုယ်က ဒေါမနဿဖြစ်တာ ကိုယ် ဒေါမနဿ ကိုယ်မရှုမိ လိုက်တဲ့အခါ ကျလို့ယင်ဖြင့် ပစ္စုပ္ပန်မှာလဲ ခန္ဓာကိုယ်ကြီးဟာ အရုပ်တွေအကုန်ပျက်ပြီး အရုပ်မဆိုးဘူးလား....(ဆိုးပါတယ်ဘုရား)ဒီစိတ်တွေကလဲ အပါယ်မပို့ကြဘူးလား....(ပို့ပါတယ်ဘုရား)။

ဒါ ဝေဒနာမနိုင်တဲ့ အတွက်....(မှန်ပါ့ဘုရား) ရှင်းကြပလား.... (ရှင်းပါပြီ) ဒါဖြင့် ဆာလောင်တိုင်း.... ဆာလောင်တိုင်း ဘာလုပ်ရမလဲ....(ဝေဒနာရှုရပါမယ်ဘုရား)သဘောကျပြီနော်....(မှန်ပါ့)ဆာလောင်ယင် ဖြစ်ပျက် ရှုရလိမ့်မယ်ဆိုတာပေါ်ကြပလား.... (မှန်ပါ့) ဆာလောင်တော့ ဒေါမနဿဝေဒနာ ပေါ်တယ်.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ)

ဆာလောင်တော့ မကျက်ခင် ဘာဖြစ်ကြသလဲ.... (ဒေါမနဿ ဝေဒနာ ပေါ်ပါတယ်ဘုရား)။

တခါ ဆာလောင်ပြီးသကာလ လာပြန်တဲ့အခါကျလို့ရှိယင် ဖြင့် ထမင်းကလေး ဆာလာတယ်၊ ကျုပ်ထမင်းဆာလာတဲ့စိတ် ကလေးရှလာတယ်၊ အရင်မျိုး ထမင်းစားချင်တဲ့စတ မရှဘူး ခုတော့ဖြင့် စားချင်တဲ့စိတ်ကလေးရှိတော့ ဝမ်းသာရသေးတယ် ဆိုတာကော မလာဘူးလား....(လာပါတယ်ဘုရား)။

အဲဒီ ပုဂ္ဂိုလ်ကျတော့ သောမနဿ လာပြန်တယ်....(မှန်ပါ့ ဘုရား)သောမနဿ ဝမ်းထဲ မလာပေဘူးလား....(လာပါတယ် ဘုရား) အဲဒါ ဘာလုပ်ရမလဲ....(ဖြစ်ပျက်ရှုရပါမယ်)အကယ်၍ သောမနဿ မရှုမိလို့ရှိယင်လဲ စားရလို့သဘောကျတယ်ဆိုတဲ့ တဏှာ ဥပါဒါန်....(မှန်ပါ့) အင်း....ဟင်....ကာယကံ ဝစီကံ နဲ့ ထမင်းလုပ်ကြီးကြီး လွှဲးတာလေ....(မှန်ပါ့ဘုရား)မလာဘူး လား.... (လာပါတယ်ဘုရား) လာတော့ ကမ္မဘဝပစ္စယာ.... (ဇာတိပါဘုရား)။

သွားပါပြီကောဗျ.... (မှန်ပါ့ဘုရား) ထမင်းဆာလိုက်တာ အပါယ်ရောက် ကရော....(မှန်လှပါဘုရား) ရိပ်မိပလား....(ရိပ်မိ ပါပြီ)ထမင်းဆာလိုက်တာ ဘယ်ရောက်သွားသတုန်း....(အပါယ် ရောက်သွားပါတယ်) ခုနက ထမင်းမကျက်လို့လဲ အပါယ်တခါ ရောက်ခဲ့ပြီ....(မှန်ပါ့)။

အခုထမင်းဆာလို့မြိန်တာနဲ့ ဘယ်ရောက်သွားပြန်သတုန်း (အပါယ်ရောက်သွားပါတယ်) ဩော်....ခင်ဗျားတို့ ထမင်းစား တာ သနားစရာကြီးပါ ကလား....အပင်း မျိုနေတာ....(မှန်ပါ့ ဘုရား) ဒီအဓိပ္ပါယ် မကျဘူးလား .... ကျသလား.... (ကျပါ

တယ်ဘုရား) သေသေချာချာ စဉ်းစားမှနော်....ဦးခင်မောင်.... (မှန်ပါ့)ဒါက သဘောပါတဲ့ တရားဆိုတော့ ဦးဝ ရိပ်မိရဲ့လား (ရိပ်မိပါတယ်ဘုရား) မောင်ထွန်းလှိုင် ဒီစိတ်စဉ်တန်းက လွဲပါ့ မလား....(မလွဲပါဘုရား)။

မလွဲတော့ ဒီအတိုင်း အကျိုးပေးရမယ်၊ ဒါဟာ ဒီခန္ဓာပြီး ဒီခန္ဓာ....ဒီခန္ဓာပြီး—ဒီခန္ဓာ....ရမှာဘဲ.... (မှန်ပါ့ဘုရား)ခန္ဓာတွေ တန်းမသွားဘူးလား....(သွားပါတယ်ဘုရား)ဟောဒါက တဏှာ သခ်ါရကွဲခန္ဓာ၊ ဥပါဒါန်—သခ်ါရကွဲခန္ဓာ၊ ကံ—သခ်ါရကွဲခန္ဓာ၊ ဟော ခန္ဓာတွေ တန်းတန်း မသွားဘူးလား....(သွားပါတယ်ဘုရား)။

ဟော....ခန္ဓာတွေ တန်းပြီးသကာလ စုတေမနေ သေလွန်တော့ အပါယ်ခန္ဓာ မပေါ်ဘူးလား.... (ပေါ်ပါတယ်) ခန္ဓာ အဆက် ပြတ်သေး ရဲ့လား.... (မပြတ်ပါ) ဒါဖြင့် ဒုက္ခတန်း သွားတယ်....(မှန်လှပါဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒီတော့ ထမင်းစားလို့ကောင်းတဲ့ သဘောကလေးဟာ လဲ တကာတကာမတို့ မဆိုးဝါးဘူးလား.... (ဆိုးဝါးပါတယ်) အို....ကျုပ်ဖြင့် မြိန်တာနဲ့ ဘေးကပုဂ္ဂိုလ်က ဝမ်းသာတာက တမျိုး၊ စားရတဲ့ ပုဂ္ဂိုလ်က ပြုံးတာက တမျိုးဆိုတော့ နှစ်ယောက်စလုံး စုံသွားမလို့ ဆိုကြတာ၊ ရိပ်မိပလား.... (ရိပ်မိပါပြီ)သဘောပါကြပလား.... (ပါပါပြီဘုရား)။

အဲဒါ ခင်ဗျား တို့ကလဲ ညှဉ်ခံကောင်းပေါ့ဗျာ၊ ဟိုကလဲ လောက္ခတ် ကောင်းပေါ့ဗျာ.... (မှန်ပါ့) ဦးခင်မောင်....ဒီလိုမှ မတွဲလို့ရှိယင် လောကကြီးဟာ စုံတဲ့ အပါယ်သွားစရာမရှိဘူး (မှန်ပါ့) အတော်မဆိုးဝါးဘူးလား....(ဆိုးဝါးပါတယ်)။

အဲဒါ ဉာဏ်နဲ့မှ သိတာနော်.... (မှန်ပါ့) အဲဒီတော့ တယောက်တည်းစား၊ တယောက်တည်းနေ၊ တယောက်တည်း စိတ်ကူး၊တယောက်တည်း ကမ္မဋ္ဌာန်းရှုတာ၊ကောင်းတယ်ဆိုတာ မပေါ်သေးဘူးလား.... (ပေါ်ပါတယ်ဘုရား) လောကွတ်မလုပ်ယင်လဲ လောကကြီးဟာ တော်ပါ့မလား....(မတော်ပါဘုရား) လုပ်လိုက်ပြန်တော့ အပါယ်ကျတယ်....(မှန်ပါ့ဘုရား)။

မလုပ်ဘဲ နေပြန်တော့လဲ မျက်နှာမကောင်းဘူး....(မှန်ပါ့) အဲဒီတော့ မျက်နှာမကောင်းတာနဲ့ အပါယ်ကျတာ ဘယ်ဟာကြိုက်သတုန်း.... (မျက်နှာမကောင်းတာ ကြိုက်ပါတယ်)ဟာ.... မျက်နှာမကောင်းတာကြိုက်တယ်လို့ လာပြန်ပြီ။

တော်တော်ကြာမျက်နှာမကောင်းလို့ရှိယင်လင်နဲ့မယားရန်ဖြစ်မှာက ရှိသေးတယ်၊ မင်းကိုက ညည်းခံက သိပ်ညံ့တာကိုး၊ ဒီကျတော့လဲ လောကဘေးက သင့်နေပြန်တယ်(မှန်ပါ့) မသင့်ဘူးလား....(သင့်ပါတယ်ဘုရား)။

အင်မတန် ကြမ်းပါတယ်၊ ဒါကြောင့် တယောက်တည်းနေ၊ တယောက်တည်းစား၊ တယောက်တည်းကျင့်၊ တယောက်တည်းကိုယ် ကိုယ်ကိုယ်ဆုံးမရတာ—အကောင်းဆုံးလို့ ဘုရားကဟော တော်မူတာ၊ ဦးဝ....ရိပ်မိပလား....(ရိပ်မိပါပြီဘုရား) ကဲ အခုထမင်းဆာတာနဲ့ဘဲ စားလို့ကောင်းတော့ သာယာတာ တဏှာစွဲလမ်းတော့ ဥပါဒါန်၊ ကာယကံ,ဝစီကံနဲ့ များများကလေးယူမိတဲ့အခါကျတော့ ဦးခင်မောင်....ကမ္မဘဝ....(မှန်ပါ့)။

စုတေ မနေ သေလွန်တော့.... (အပါယ် ဇာတိပါဘုရား) အပါယ်ဇာတိ မလာဘူးလား....(လာပါတယ်ဘုရား) မဆိုးဝါးဘူးလားဗျာ.... (ဆိုးဝါးပါတယ်ဘုရား)အဲဒါ ဝေဒနာလမ်းက

သွားနေတာ.... (မှန်ပါ့ဘုရား) ဒါ့ကြောင့် ဝေဒနာနောက်က တဏှာလိုက်တယ်ဆိုတဲ့ဥစ္စာ အင်မတန်သေချာပါတယ်၊ အပါယ် သွားတာနော်....(မှန်ပါ့ဘုရား)။

ကဲ....တခါ ဥပေက္ခာဝေဒနာ ပေါ်လာတဲ့ အခါကျတော့ တကာတကာမတွေ့ စဉ်းစားပါ၊ ဥပေက္ခာဝေဒနာ ဆိုတာက မျက်လုံးမှာ ပေါ်တယ်၊ မြင်တော့ မြင်လိုက်တာဘဲ၊ မြင်တာကလေးကို ဥပေက္ခာဝေဒနာ ဖြစ်ပျက်မရှုမိဘူး....(မှန်ပါ့) မရှုမိတဲ့ အခါကျတော့ ဥပေက္ခာဖြစ်တာ ဖြစ်ပျက်သိလိုက်သေးရဲ့လား....(မသိပါဘုရား)။

ဥပေက္ခာဝေဒနာမသိတော့ အဝိဇ္ဇာ....(မှန်ပါ့)ဖြစ်ပျက်ကို မသိလိုက်ဘူး.... (မှန်ပါ့ဘုရား) ဥပေက္ခာဝေဒနာဟာ ကိုယ့်ခန္ဓာမ ဟုတ်လား၇....(မှန်လှပါ)ကိုယ့်ဝေဒနာက္ခန္ဓာ (မှန်ပါ့) အဲဒါ သိလိုက်သေးရဲ့လား.... (မသိလိုက်ပါ) ဒါဖြင့် ကိုယ့်အသေ ကိုယ်မသိတဲ့အခါကျတော့ သူ့ကို ဘာခေါ်ကြမယ်....(အဝိဇ္ဇာပါဘုရား)။

အဝိဇ္ဇာပစ္စယာ....(သင်္ခါရာပါဘုရား)။

သင်္ခါရပစ္စယာ....(ဝိညာဏ်ပါဘုရား)။

ဟော....ခန္ဓာငါးပါးဆိုတဲ့ ဇာတိ ဇရာ မရဏ လာထိုက်—မလာထိုက်.... (လာထိုက်ပါတယ်ဘုရား) ဒါဖြင့် ဒီ ဝေဒနာသုံးပါးကို ခင်ဗျားတို့ အသုံးမချတတ်လို့ရှိယင်ဖြင့် ဒီဝေဒနာတွေသည် ခင်ဗျားတို့ကို အပါယ်ပို့တဲ့ ဝေဒနာတွေ.... (မှန်လှပါ)သဘောကျပလား....(မှန်လှပါဘုရား)။

အသုံးချတတ်တော့လဲ လွယ်လိုက်တာ တကာ တကာမတို့၊ ဝေဒနာနောက်ကနေပြီး မဂ္ဂင်သာ လိုက်ပေး ပညာသာလိုက်

ပေးပါ ဆိုတော့ သုခလာလဲ ဘာလုပ်ရမလဲ.... (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ဒုက္ခလာလဲ....(ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ဥပေက္ခာလာလဲ....(ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ဖြစ်ပျက်ဆိုတော့ ဖြစ်ပျက် မဂ်-ဖြစ်ပျက် မဂ်-ဖြစ်ပျက် မဂ် ဆိုတော့ တန်းနေတယ်....(မှန်ပါ့) မတန်းဘူးလားကဲ....(တန်းပါတယ်ဘုရား)သံသရာ ဆက်သေးရဲ့လား....(မဆက်ပါဘုရား)။

အေး....ဒါ့ကြောင့် တကာ တကာမတို့ အင်မတန် အဘိုးတန်ပါတယ်နော်....(မှန်ပါ့)။

ဒါထက် ဝေဒနာနုပဿနာက ဘုရားသခင်ကိုယ်တော်မြတ်ကြီးကလဲ ဆဆက္ကသုတ်တို့မှာ သုခဝေဒနာနောက်က တဏှာမသေဘဲနဲ့ နိဗ္ဗာန် ရောက်တယ်လို့ ငါ တခါမှ မဟောဘူးဘူးတဲ့....(မှန်လှပါဘုရား)။

ဒုက္ခဝေဒနာနောက်က ဒေါသရှိတဲ့ပုဂ္ဂိုလ်ဟာ ဘယ်တော့မှ နိဗ္ဗာန် မရောက်ဘူးကွတဲ့....၊ နိဗ္ဗာန်ရောက်လိမ့်မယ် လို့လဲ ငါ တခါမှမဟောဘူးဘူးတဲ့....(မှန်ပါ့)။

ဥပေက္ခာဝေဒနာနောက်က တကာ တကာမတို့ အဝိဇ္ဇာလို့က်တဲ့ ပုဂ္ဂိုလ်ဟာ ဘယ်တော့မှ နိဗ္ဗာန်ရောက်လိမ့် မယ်လို့ ငါ တခါမှ မဟောဘူး ဘူးတဲ့ (မှန်ပါ့) သေချာကြပလား.... (သေချာပါပြီ) အင်မတန် မဆိုးဝါးဘူးလား.... (ဆိုးဝါးပါတယ်) ဒါဖြင့် သုခဝေဒနာ နောက်ကလဲ တဏှာမလိုက်အောင် လုပ်ရလိမ့်မယ်.... (မှန်ပါ့) ဒုက္ခဝေဒနာ နောက်က ဒေါသမလိုက်အောင်....(လုပ်ရပါမယ်) ဥပေက္ခာဝေဒနာနောက်က.... (အဝိဇ္ဇာမလိုက်အောင် လုပ်ရပါမယ်ဘုရား)။

အဝိဇ္ဇာ မောဟ မလိုက်အောင် လုပ်ရမယ်.... (မှန်ပါဘုရား) ဒါဖြင့် ဝေဒနာနောက်က လောဘ, ဒေါသ, မောဟ မလိုက်အောင် လုပ်ရလိမ့်မယ်....(မှန်လှပါဘုရား) ဒါဖြင့် မဂ် လိုက်အောင်လုပ်ပါ၊ မဂ္ဂင်ငါးပါး လိုက်အောင်လုပ်ကြပါ....(မှန်လှပါဘုရား) ရှင်းကြပလား.... (ရှင်းပါပြီ)။

ကိုင်း....ဒါဖြင့်ဒီဝေဒနာ မည်မျှလောက် ဆိုးတယ်ဆိုတဲ့ဥစ္စာ ခင်ဗျားတို့ကိုရှင်းပါမယ်တဲ့၊ တကာတကာမတို့ ဝေဒနာ ရှုဖြစ်အောင် ရှုရလိမ့်မယ်နော်....(မှန်ပါ့) ရှုတဲ့နေရာတွေလဲ ဘုန်းကြီးပြောပြီးပြီ၊ ခင်ဗျားတို့မမေ့ကြနဲ့နော်....(မှန်ပါ့)။

မေ့လို့ရှိယင် မတော်ဘူး၊ အတော် ဆိုးဝါးသွားလိမ့်မယ် (မှန်လှပါဘုရား) ရေထဲကငါး ကုန်းပေါ်သေတယ်.... (မှန်ပါ့ဘုရား) ဘာတဲ့ တကာ တကာမတို့....(ရေထဲကငါး ကုန်းပေါ်သေပါတယ်ဘုရား) ရေထဲကငါး ကုန်းပေါ် သေတယ်....(မှန်ပါ့) ရေထဲကငါး ရေထဲသေရယင် တော်တယ်နော်.... (မှန်ပါ့ဘုရား)။

သောင်ကြီးထဲမှေးတဲ့အခါ သေတော့ ဘယ်နေရာ သေဘို့သင့်သလဲ....(ရေထဲသေဘို့ သင့်ပါတယ်) မဟုတ်ဘူး၊ ဦးခင်မောင်ရဲ့ ရေထဲကငါး ကုန်းပေါ် သေတယ်ဆိုတော့ ဝေဒနာသတ်တာ....(မှန်ပါ့ဘုရား)။

ရေထဲကငါး ကုန်းပေါ် သေတယ်ဆိုတာ ဘယ်သူသတ်တာပါလိမ့်....(ဝေဒနာသတ်တာပါဘုရား) မယုံယင်စဉ်းစားကြည့် ဒီက တံငါသည်က ငမျောက်ရုပ်ကလေးနဲ့ ငါးစာချထားတာ

ဒီက ငါးစာကလေး ချထားတယ်ဆိုပါတော့ ဦးခင်မောင်ရယ် (မှန်ပါ့)။

ငါးက ကူးခတ်လာပြီး သူ့မျက်လုံးကလေးနဲ့ မမြင်ဘူးလား....(မြင်ပါတယ်ဘုရား) မျက်လုံးထဲ ဘာဝေဒနာပေါ်သလဲ....(ဥပေက္ခာဝေဒနာပေါ်ပါတယ်ဘုရား)။

ဟာ....ဥပေက္ခာဝေဒနာကပြတယ်.... (မှန်ပါ့ဘုရား) ငါးစာကိုပြတာ ဘယ်သူက ပြသလဲ....(ဥပေက္ခာဝေဒနာက ပြပါတယ်ဘုရား)။

ဒီငါး ကုန်းပေါ် သေချင်ပြီ၊ စိတ်သာချတော့.... (မှန်ပါ့ဘုရား) ဥပေက္ခာဝေဒနာ သတ်တော့မယ်....(မှန်ပါ့)ဘယ်သူက မြင်တာပါလိမ့်....(ဥပေက္ခာဝေဒနာက မြင်တာပါဘုရား)။

ဥပေက္ခာဝေဒနာက မြင်တော့ကို ဥပေက္ခာဝေဒနာကမြင်ရုံဘဲမြင်တယ်၊ စားချင်တာက တကာတကာမတို့ သောမနဿဝေဒနာ တဏှာက စားချင်တယ်....(မှန်ပါ့ဘုရား)မစားချင်ဘူးလား....(စားချင်ပါတယ်ဘုရား)။

စားချင်တော့ကို ဒီငါးများချိတ်ကလေးကိုသွားပြီးမမျိုမိပေဘူးလား....(မျိုမိပါတယ်ဘုရား)တကတဲ့ မျိုမိတော့ ဒီတဏှာသောမနဿ ဝေဒနာကြောင့် စားရယင် ကောင်းမှာဘဲဆိုတဲ့ သောမဿဝေဒနာကြောင့် မျိုမိပါတယ်....(မှန်ပါ့)။

မျိုမိတော့ကို ပြတဲ့ဥပေက္ခာဝေဒနာရယ်၊ စားတဲ့သောမနဿဝေဒနာရယ်တဲ့ ဒီငါးများချိတ်မျိုမိတော့ အာခေါင်ချိတ်တယ် (မှန်ပါ့ဘုရား)။

ချိတ်တဲ့အခါကျတော့ တံငါသည်က ကုန်းပေါ်ဆွဲတင်တယ် (မှန်ပါဘုရား) မတင်ပေဘူးလား....(တင်ပါတယ်ဘုရား) ကုန်းပေါ်ဆွဲတင်တဲ့ အခါကျလို့ရှိယင်ဖြင့် အရိုက်ခံပြီး မသေရဘူးလား....(သေရပါတယ်ဘုရား)။

အဲဒါ ဒုက္ခဝေဒနာ သတ်ပစ်လိုက်တာ....(မှန်ပါဘုရား) သူ့သန္တာန်မှာ အလကားသေတာလား....သူ့ဒုက္ခဝေဒနာကြောင့် သေတာလား....(ဒုက္ခဝေဒနာကြောင့် သေတာပါဘုရား)။

ဒါဖြင့် ဝေဒနာ သုံးပါးဟာ တကာ တကာမတို့ လူသတ်ယောကျ်ားသုံးယောက်.... (မှန်ပါဘုရား) ဘယ်လိုဆိုကြမယ်.... (လူသတ်ယောကျ်ား သုံးယောက်ပါဘုရား)။

ဥပေက္ခာဝေဒနာက ပြဿမား....(မှန်ပါ)။

သောမနဿဝေဒနာက မျိုးသမား(မှန်ပါ)။

ဒုက္ခဝေဒနာက သတ်သမား....(မှန်ပါ)။

ရှင်းကြပလား.... (ရှင်းပါပြီ) သဘောပါရဲ့လား....(ပါပါဘယ်ဘုရား)။

ဥပေက္ခာဝေဒနာက....(ပြ-သမားပါဘုရား)။

သောမနဿဝေဒနာက....(မျိုးသမားပါဘုရား)။

ဒုက္ခဝေဒနာက.... (သတ်သမားပါဘုရား)။

ဒါဖြင့် ဝေဒနာ သုံးပါးဟာ သဘောတူးကိုင်းတကောင်ကို သတ်တဲ့အထဲမှာ သူတို့သုံးယောက် ဝိုင်းသတ်တယ်....(မှန်ပါ)။

ခင်ဗျားတို့လဲ.... တဲ့ဒီဝေဒနာသုံးပါးသတ်လို့ သေခဲ့ရတဲ့ဘဝချည်းမှတ်ပါ....(မှန်ပါဘုရား) သဘောကျပလား....(ကျပါပြီ) ရှင်းပြီနော်....(ရှင်းပါပြီ)။

ကဲ....သဘော်ဘနဲ့ ဘယ်နေရာမှာဘာပစ္စည်းတွေ ရှိတယ်ဆိုပြီး မျက်လုံးက မြင်ခဲ့တဲ့အခါကျလို့ ရှိယင်ဖြင့် သဘော်ဘနဲ့သွားလို့ ဆိုလိုက်ပါစို့....(မှန်ပါ့)။

မျက်လုံးကြောင့် သွားဖြစ်တာပေါ့၊ ကျုပ် ဒီကုန်တွေမြင်ခဲ့တယ်၊ သောမနဿကလဲ သွားသာသွား....ဝယ်ချီ....ဝယ်ချီ.... ဟုတ်လား.... (မှန်လှပါ) ဒေါက်လျှောက်ကျတော့ သဘော်ပျက်တယ်၊ လှုပျက်တယ်ဆိုတော့ ဒုက္ခဝေဒနာနဲ့ မသေရဘူးလား....(သေရပါတယ်ဘုရား)။

ကဲ....လူတွေမှာလဲ ကုန်းပေါ်နေတဲ့လူတွေ ရေထဲဘာပြုလို့ သေတုန်း....(ဝေဒနာ သုံးပါးကြောင့်ပါ) ဝေဒနာ သုံးပါးကြောင့်သေရတယ်၊ သဘောကျပလား.... (မှန်ပါ့) ကုန်းပေါ်နေတဲ့လူတွေ ကောင်းကင်သေရတာလဲ ဘာကြောင့်ပါလိမ့်.... (ဝေဒနာသုံးပါးကြောင့်ပါဘုရား)။

ဒါဖြင့် ကျုပ်တို့ ဒီဝေဒနာ သုံးပါးရှိတဲ့ နေရာမှာ နေဘို့ မတော်ဘူး၊ ဒါနိဗ္ဗာန်မဟုတ်ဘူး.... (မှန်လှပါ) အသေလွတ်တာက သူမရှိတဲ့နေရာမှ....(မှန်ပါ့ဘုရား)ရိပ်မိကြပလား....(ရိပ်မိပါပြီ)။

ဒါဖြင့် တကာတကာမတို့ ဝေဒနာကုန်အောင် ရှုရမယ်.... (မှန်ပါ့ဘုရား)ဝေဒနာနဲ့ ကျုပ်တို့နဲ့ အိုးစားကွဲအောင် လုပ်ရမယ်....(မှန်ပါ့ဘုရား)။

အဲဒီ အိုးစားကွဲအောင်လုပ်လို့ ဝေဒနာ ကျုပ်တို့သန္တာန်မရှိတော့ဘူးဆိုတဲ့ တနေ့ကျတော့ သူနဲ့တဲ့ဘက်ဖြစ်နေတဲ့ နာ

မကွန္ဒၚတွေကော ရှိသေးရဲ့လား.... (မရှိပါဘုရား) ရူပကွန္ဒၚ ကော....(မရှိပါဘုရား)။

အဲဒီကဲ့သို့ မရှိလို့ရှိယင်ဖြင့် သူသတ်ယောကျ်ားနဲ့ကျုပ်တို့နဲ့ အိုးစားကဲ့မယ်....(မှန်ပါဘုရား) ဒါဖြင့် ဝေဒနာ ဆုံးအောင် လိုက်ရလိမ့်မယ် ဆိုတာကော သဘောပါကြရဲ့လား.... (ပါ-ပါတယ်ဘုရား) ဆုံးအောင်လိုက်ဘို့ရာနည်း မနက်ဖြန်မှပေးရမယ် (မှန်ပါဘုရား) ကိစ္စညာဏ်နဲ့မှရောပေးမယ်။

ယနေ့ နာရီစေ့ ပြီ တော်ကြဦးစို့....။

သာဓု....သာဓု....သာဓု....!!

ကျေးဇူးတော်ရှင် ၊ အဂ္ဂမဟာပဏ္ဍိတ

အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း-မိုးကုတ်ဆရာတော်ဘုရား

မန္တလေးမြို့၊ ဦးချစ်ဆွေ ဓမ္မာရုံ၌

ဟောကြားတော်မူသော

(ဒုလ္လဘတရားနဲ့ ကြုံခိုက် အချိန်မဖြုန်းပါနှင့်)

တိုက်တွန်းခြင်း တရားတော်

(၂၆-၂-၆၁)

ကိုယ် ့ကိုယ်ကလေးကို အဘိုးတန်ပြီးသကာလနေလို့၊ အခါကာလလဲကောင်းလို့၊ ဒါကလေးကို ဒုလ္လဘတရားခြောက်ပါးကလေးကို နားထောင်ကြည့်ပါဦးတဲ့....။

ဒါမှ ကိုယ် ့ကိုယ်....ကိုယ်၊ အလဲသုံးစားအချိန်တွေနဲ့ မဖြုန်းကြဘဲနဲ့ အဘိုးတန်တဲ့ အချိန်တွေနဲ့ ဖြုန်းပြီးသကာလ အဘိုးတန်တဲ့အချိန်တွေ သုံးပြီးသကာလ တကာတကာမတွေ ကျွတ်တမ်းဝင်ရလို့ ရှိယင်ဖြင့်တဲ့ အင်မတန် ကောင်းမှာဘဲ....(မှန်ပါ့ဘုရား)။

ကိုယ် ့ကိုယ်....ကိုယ် အဘိုးတန်မှန်းသိမှ ဩဿ....ငါသည် အချိန်တွေ အလကားဖြုန်းလိုက်တဲ့အချိန်ပါကလား၊ အဲသလိုဘဲ ပြောကြစို့ရဲ့....။

လိစ္ဆဝီမင်းသားတွေသည် အယူမှားပြီးသကာလ သူတို့သည် ရခဲတဲ့ ဒုလ္လဘတွေ တွေ့ပြီးသကာလနေကြတယ်၊ ဆင်ရတနာ ရခဲတယ်၊ မြင်းရတနာ ရခဲတယ်၊ သတို့သမီးရတနာ ရခဲတယ်၊

ပတ္ထမြားရတနာ ရခဲ့တယ်၊ သူဋ္ဌေးရတနာ ရခဲ့တယ်လို့ ရခဲ့တဲ့ အကြောင်းတွေ့ သူတို့အချင်းချင်း ငြင်းခုံပြီး နေကြတဲ့ အခါ ဘုရား သခင် ကိုယ်တော်မြတ်ကြီး ကွလာလို့၊ ဘုရား သခင် ကိုယ်တော်မြတ်ကြီးက ငါလာတဲ့အခါ သင်တို့ ဘာများအတွင်း စကား အပြင်စကား....ဆိုတာများပြောဆိုနေကြသလဲလို့ မေးတဲ့ အခါကျတော့ တပည့်တော်တို့ ဒုလ္လဘတရားတွေ့ ရခဲ့တဲ့တရား တွေ့ ရွှေးခြယ်ပြီးသကာလ ပြောဆိုနေကြပါတယ်ဘုရား.... ဟု လျှောက်ကြတယ်။

ဘာများ သင်တို့က ရွှေးခြယ်နေကြသတုံး....လို့ မေးတယ်။

အရှင်ဘုရား.... ဆင်ရတနာဆိုတာလဲ ကောင်းကင် ပျံနိုင်တဲ့ ဆင်ရတနာ အလှန်ရခဲ့တယ်၊ မြင်းရတနာ ရခဲ့တယ်၊ ပတ္တမြား ရတနာ ရခဲ့တယ်၊ ဣဋ္ဌိဆိုတဲ့ မိန်းမ ရတနာများလဲ ရခဲ့တယ်၊ သူဋ္ဌေး သူကြွယ်ဆိုတဲ့ ကိုယ့်အခြံအရံ ရတနာတွေ့လဲ ရခဲ့တဲ့ အကြောင်း တပည့်တော်တို့ ပြောဆိုနေကြပါတယ်ဘုရား။

သြော် ....ဒါ သင်တို့သည် ငါးပါးအာရုံ ကာမဂုဏ်နဲ့ ပတ် သက်ပြီး တွေးချင်တာတွေ့ တွေးပြီး ပေါ်ချင်တာတွေ့ ပေါ်နေ တာကိုးကွာ.... ဒီဟာ မဟုတ်ဘူးကွ.... ဒုလ္လဘ အစစ်က ရခဲ့တာ သင်တို့ သေသေချာချာ မှတ်ကြစမ်းပါ၊ တကာ တကာမတို့.... ဘုရားဟောတော်မူတော့မယ်နော်....(မှန်ပါဘုရား)။

ဘာရ,ခဲသတုံးဆိုလို့ရှိယင် ဘုရားသခင်ကိုယ်တော်မြတ်ကြီး ပွင့်ဘို့၊ ပွင့်တဲ့အခါနဲ့ကြုံဘို့၊ ပွင့်တဲ့သာသနာနဲ့ ကြုံဘို့ရာ အင် မတန် ရခဲပါသတဲ့၊ တကာ တကာမတို့.... (မှန်ပါဘုရား)။

ဘုရားသာသနာ ဘုရားပွင့်တာနဲ့ ကြုံဘို့ ဘုရားသာသနာနဲ့ ဆုံဘို့ရာ ဘယ် နှယ်တုံး....(ရခဲပါတယ်ဘုရား) ဩော်.... ရခဲတယ် ရခဲတယ်....နော်....(မှန်ပါ့)။

စဉ်းစား ကြည့်စမ်း ပါလား.... တကာ တကာမတို့ အသေ အချာ စဉ်းစားကြည့်စမ်း၊ ဘုရားငါးဆူပွင့်တာတောင်မှ ဘုရား တဆူတဆူကြားမှာ မြေကြီးဖျမ်းမျကြေး တဆယ် သုံးမိုင်တက်မှ တဆူပွင့်တယ် ဆိုတော့ ဖျမ်းမျကြေး တဆယ် သုံးမိုင် တက်ဘို့ ခဲယဉ်းလိမ့်မယ်၊ ဦးခင်မောင်တို့ ဖျမ်းမျကြေး တဆယ် သုံးမိုင် အကုန်တက်ရမယ် ဆိုတော့ လွယ်ကူပါ့မလား.... (မလွယ်ကူပါဘုရား)။

အင်မတန် ခဲခဲယဉ်းယဉ်းရှိလိမ့်မယ်ဆိုတာ တကာတကာမတွေ့ သိထားနှင့်ပါလိမ့်မယ်....တဲ့။

အဲဒီ တက်ပါမှ ကျုပ်တို့က အဲဒီ တဆယ် သုံးမိုင် တက်ပြီးတော့ ရာတမ်းပွင့်သွားတော်မူတဲ့ ဂေါတမ မြတ်စွာဘုရား၊ ဒီ....သာသနာကို ထားပစ်ခဲ့တာက နှစ်ထောင်ငါးရာ၊ နှစ်ထောင်ငါးရာကျော်ကလေးမှာ ဒီတကာတကာမတွေနဲ့ ဒီ....သာသနာတွေ့ရတယ် ဆိုတာ ဩော်.... နောက်တုန်းက တော်တော့ကို ကြိုးစားမင်းစား ဒါနဲ့ကြုံအောင် ဆုအမျိုးမျိုးတောင်း ကုသိုလ်အမျိုးမျိုးတွေလုပ်ပြီး တက်ခဲ့ကြရတဲ့ အဖြစ်ဟာ ကိုယ့်အဖြစ်ဘဲ ဆိုယင် လဲပါ့မလား....(မလဲပါဘုရား)။

ဒါ့ကြောင့် ကိုယ့်အဖြစ်ကလေးက အင်မတန် အဘိုးတန်ပြီး သကာလ နေခြင်းကြောင့် တကာသစ်တို့ မောင်မြတို့ အလဲသုံးစား မလုပ်လိုက် ပါနဲ့.... (မှန်ပါ) ကိုယ့်အဖြစ် ကလေးဟာ ခဲယဉ်းလှန်းလို့ နော်....(မှန်ပါ)။

မိုးကုတ်ဝိပဿနာ လုပ်ငန်းစဉ်တရား (၅)

မြေကြီး တဆယ့်သုံးမိုင်း ဖျမ်းမျကြေးတက်မှ ဘုရားတဆူ တဆူ ပွင့်တယ်ဆိုတော့ ဒီကြားထဲမှာ အနှစ်တရာတမ်းကလေး အတွင်းမှာ ဘုရားပွင့်တယ်။

ဒီကနေ သာသနာထားခဲ့တော့ ငါးထောင်၊ ဒီငါးထောင် နှစ်ကလေးဟာ မြေကြီး တဆယ့်သုံးမိုင် တယူဇနာ ဖျမ်းမျကြေး တက်ဘို့ဆိုတော့ ဒါကလေးဟာ ဖြစ်လောက်ပါ့ မလား (မဖြစ်လောက်ပါဘုရား)။

မဖြစ်လောက်တဲ့အထဲမှာ ခင်ဗျားတို့ ကျုပ်တို့ အကြုံကြီးကြုံ အဆုံကြီး ဆုံပြီးနေရတဲ့ ပုဂ္ဂိုလ်တွေဟာ ဒီတကာ တကာမတွေ ဘဲဆိုယင် လဲပါ့မလား....(မလဲပါဘုရား)။

အဲဒီတော့ သာသနာနဲ့ ကြုံပြီးသကာလ နေတယ်ဆိုတာ.... ခင်ဗျားတို့ အင်မတန် ခဲယဉ်းလှန်းလို့ ဩဇာ....တကာတကာမတို့ မိမိစိတ်ကလေးကို မိမိ အလဲသုံးစား သားရေး, သမီးရေး, စီးပွားရေးနဲ့ အချိန်မဖြုန်းဘဲနဲ့ အတက်ကြီးတက်လာခဲ့ရတာ အဆုံးဖြစ်တဲ့ ဒုက္ခကိုဖြင့် ဒီတခါ နောက်ဆုံးပိတ် သိမ်းပါတော့မယ်ဆိုပြီး သကာလ မြန်မြန်သာ ကိုယ်ရေးကိုယ်တာ ဖြစ်ပျက် ဝိပဿနာဉာဏ်က နေပြီး မဂ်ဉာဏ်ကူးအောင် လုပ်ဖြစ်အောင် လုပ်ပါ၊ ခဲခဲယဉ်းယဉ်း တက်ခဲ့ရလို့ - လို့ မှတ်လိုက်ကြစမ်းပါ နော်....(မှန်လှပါဘုရား) ဦးဝ....လွယ်ကူကြရဲ့လား.... (မလွယ်ကူပါဘုရား)။

အဲဒီတော့....တကာတကာမတွေ ဒါ ၁-နံပါတ် ခဲယဉ်းတာကို ဘုရားက ဟောလိုက်တယ်။

၂-နံပါတ်ကလဲကွာ....တဲ့....၊ သင်တို့ အပေါ်မှာ နားလည်ပါးလည်နဲ့ ငါဘုရား၏ တရားတော်ကို ဟောတတ်တဲ့ ပုဂ္ဂိုလ်နဲ့ ကြုံဘို့ရာကလဲ ၂-နံပါတ်ခဲယဉ်းသကွာ....တဲ့....(မှန်လှပါဘုရား)။ ကဲ.... တကာ တကာမတွေ.... ယခု ဆရာဘုန်းကြီး ကလဲ.... တကာ တကာမ တွေကို သယ်ယူပို့ဆောင် ကယ်တင်နေတဲ့ နားမလည်,လည်အောင် တည်မှ တလုံးနှစ်လုံးဘဲ ပြောပြီးသကာလ နေတော့ တကာ တကာမတွေမှာ နားမလည်,လည်အောင် ပြောတတ်တဲ့ ဆရာသမားနဲ့လဲ ယခုလောပြီးသကာလ တွေ့ပြန်တော့လဲ ဩော်....ဒါလဲ တော်တော်ခဲယဉ်းတဲ့အလုပ်မှာ ခဲယဉ်းတဲ့ အထဲမှာ ဒို့လောကြုံတာပါကလားဆိုယင်လဲ လဲ့ပါ့မလား.... (မလဲ့ပါဘုရား) ဘယ်နှစ်ချက် ရှိသွားပြီးလဲ.... (နှစ်ချက်ရှိသွားပါပြီဘုရား)။

ဘုရားသာသနာနဲ့ကြုံဘို့ ဟောတတ်တဲ့ပုဂ္ဂိုလ်နဲ့ကြုံဘို့၊ အခုနှစ်ခါကြုံတာ သေချာနေပြီ....(မှန်လှပါဘုရား) တကာတကာမတွေ နှစ်ခါကြုံတာ မသေချာသေးဘူးလား.... (သေချာပါတယ်ဘုရား)။

တခါ ဘုရားပွင့်တာနဲ့ကြုံပါရဲ့ ဟောတတ်တဲ့ ပုဂ္ဂိုလ်နဲ့လဲ ကြုံပါရဲ့၊ ကြုံပင်ကြုံခြင်းသော်လဲ ကိုယ့်မှာ ထောင်တတ်တဲ့ နားကလေးနဲ့ကြုံဘို့ရာက ၃-နံပါတ်ခဲယဉ်းတယ်- (မှန်လှပါဘုရား) ကိုယ့်နား-ကိုယ့်နား....(မှန်ပါ့)။

တကာ တကာမတို့ ဒီမှာ အခု အချိန်အရွယ် မရောက်သေးတဲ့ ကလေးသူငယ် လူငယ်လေးဘက်သွား ကလေးတွေကို တကာတကာမတို့ ဘယ်လိုပင် ပြောနေခြင်းသော်လဲ ရပါမလား.... (မရပါဘုရား)။

ဒါလဲဘဲ အမိဝမ်းထဲမှာရှိကဲ့သူတွေ တိရစ္ဆာန်တွေ,ဘာတွေကို ဘယ်လိုပင် ပြောနေကော....(မရပါဘူးရှား)။

တချို့ လူထဲကဘဲ တကာတကာမတွေ စဉ်းစားတာပေါ့။ သူတို့မှာ ဘာမှလဲ ဗဟုသုတကမရှိ၊ သားရေး,သွေးရေး,စီးပွားရေးတွေကလဲ အရေးကြီးဆိုတော့ ထောင်တတ်တဲ့နား ပါဘို့ ဗဟုသုတရှိဘို့ရာကလဲ လွယ်ပါ့မလား....(မလွယ်ပါဘူးရှား)။

အဲဒီတော့ တကာတကာမတွေမှာ....တဲ့၊ အခုရက်ပေါင်းလဲများစွာဆိုသလို ဆရာဘုန်းကြီးက သင်ပြပြီးလာတဲ့ အတွက် ပြောလိုက်လို့ရှိယင်ဖြင့် ဝေဒနာဆိုတာဘယ်မှာ,ဘယ်မှာရှိတယ်ဆိုတာ နားလည်တဲ့ဥာဏ်ကလေးရ,ထားတာကလဲ တကာတကာမတို့ လွယ်ကူပါ့မလား....(မလွယ်ကူပါဘူးရှား)။

အဲဒါလဲ ဒုလ္လဘတမျိုး၊ ထောင်တတ်တဲ့နားရှိဘို့ကလဲ ဒုလ္လဘ တမျိုးလို့ လိစ္ဆဝီမင်းသားတွေကို ဘုရားဟောပါတယ်နော်-(မှန်လှပါဘူးရှား) ဘယ်နှစ်မျိုး ရှိသွားကြပလဲ.... (သုံးမျိုးရှိသွားပါပြီဘုရား)။

ဘုရားသာသနာနဲ့ ကြုံဘို့ရာလဲဒုလ္လဘ၊ ဟောတတ်တဲ့ပုဂ္ဂိုလ်နဲ့ကြုံဘို့.... (ဒုလ္လဘပါဘူးရှား) ထောင်တတ်တဲ့ နားရှိဘို့ရာ....(ဒုလ္လဘပါဘူးရှား)။

အဲ....ဘုန်းကြီးဘက်ကလဲလို့၊ ခင်ဗျားတို့ ဘက်ကကော....(လိုပါတယ်ဘုရား)။

လိုတဲ့အထဲမှာမှ အခု အပြည့်ဖြစ်နေကြတဲ့ အတွက် တကာတကာမတွေ သွေ့....တော်တော်အရေးကြီးပြီးသကာလ တော်တော်နေရာကျနေတဲ့ ခေတ်ကြီးပါကလား၊ဒီအချိန်ကလေးသည်

ကားလို့ ဆိုလို့ရှိယင် ဒီခဏကလေး လွန်သွားမယ်ဆိုယင် ဒို့-ကိုယ်ကျိုးနည်းရချည်ရဲ့ မဆိုနိုင်ကြဘူးလား....(ဆိုနိုင်ပါတယ် ဘုရား)။

အဲဒါကြောင့် ကံကောင်းတွေကို တကာတကာမတို့ အင်မတန်ကောင်းတဲ့ကံတွေကိုတဏှာခိုင်းတာနဲ့ အချိန်တွေအလကားမဖြုန်းလိုက်ပါနဲ့ဆိုတာ ပြောချင်လို့ ဘုရားက ဒီဒုလ္လဘ ငါးပါးကို ဦးခင်မောင် ဟောတော်မူတယ်-(မှန်လှပါဘုရား) အခုဘယ်နှစ်ချက်ရှိသွားကြပလဲ....(သုံးချက်ရှိသွားပါပြီ ဘုရား)။

ကိုင်း....ဒါဖြင့် အခုလာတဲ့ တကာတကာမတွေ ဘုရား သာသနာနဲ့ ကြုံကြပါရဲ့လားလို့ မေးယင် ဘယ်နှယ်ဖြေကြမလဲ....(ကြုံပါတယ်ဘုရား) သြော်....အတက်ကြီးတက်ခဲ့ရတယ်နော်....(မှန်ပါ့) လွယ်လွယ်ကူကူဘဲလား တကာတကာမတို့ ခဲခဲယဉ်းယဉ်းဘဲလား....(ခဲခဲယဉ်းယဉ်းပါဘုရား)။

သေသေချာချာ ပြောမယ်ဆိုလို့ရှိယင် တကာတကာမတို့ ခုနစ်ရက်-ခုနစ်လီ မိုးမှောင်ကြီးကျနေတဲ့အထဲ လျှပ်စစ်ကလေးလင်းသလောက်သာ ဘုရားပွင့်တဲ့ အချိန်ကလေးကရှိတယ်....(မှန်လှပါဘုရား)။

အဲဒီအချိန်ကလေးထဲမှာ ကျုပ်တို့ကြီးလာပြီးအကြုံကြီးကြုံ-အဆုံကြီးဆုံကြပြီ၊ဒို့ပါရမီမှရှိလေရော့လားလို့မျှား ဆုတ်နှစ်တဲ့စိတ်တွေနဲ့ မတွေးလိုက်ပါနဲ့လို့ တောင်းပန်တယ်....(မှန်လှပါဘုရား)။

သြော်....ဒို့မှာ ပါရမီမှရှိကြရဲ့လား....ဆရာဘုန်းကြီးကလဲ....ဟောလိုက်ရတာ အာပေါက်လို့ ဒို့ကလဲသိချင်၊ ကျင့်ကြံကြိုး

ကုတ်ထဘဲလဲ ထိုက်တန်သလောက် အားထုတ်သားဘဲဆိုပြီး သကာလ ဒီဘဝနေရာကျမှကျပါမလားဆိုတဲ့ ဆုတ်နစ်တဲ့စိတ် တကာတကာမတို့ ဘယ်သူမှမထားလိုက်ပါနဲ့.... (မှန်ပါဘုရား)။

မထားလိုက်ပါနဲ့ အလဲသုံးစားကလေး တခုတော့ ကြောက် ပေးပါနော်.... (မှန်ပါ) အလဲသုံးစားကလေး တခုတော့ ဘယ်နှယ်မှဘပါလိမ့်.... (ကြောက်ပေးပါဘုရား)။

ကြောက်ပေးပါ....တဲ့၊ ဒီအချိန်သည်ကားလို့ဆိုယင် တဏှာခိုင်းတဲ့အချိန်နဲ့ ဥဏှာခိုင်းတဲ့အချိန် ခဲလိုက်စမ်းပါလို့ ဆိုတာသတိပေးပါတယ်.... (မှန်ပါဘုရား) ပရိယေသန ရှာတာကတော့ တဏှာခိုင်းတဲ့အချိန်ကလေးနော်.... (မှန်ပါ)။

အလကားနေရင်း ထိုင်စကားပြောပြီး မိတ်ဆွေသင်္ဘာတွေနဲ့ အချိန်ကုန်တာကတော့ ဘယ်လိုဆိုကြပါ့မယ် (တဏှာခိုင်းတာပါဘုရား) တဏှာခိုင်းတဲ့ အချိန်ချည်း မကျဘူးလား.... (ကျပါတယ်ဘုရား)။

အဲ့....တဏှာခိုင်းတဲ့အချိန်တွေနဲ့ အတက်ကြိုးတက်လာရတာကို တကာတကာမတွေက အင်မတန်ရခဲတဲ့ ပတ္တမြား ရတနာကြိုး ဆားနဲ့လဲစားလိုက်တဲ့ အဓိပ္ပါယ်မျိုးရောက်သွားမှာ ဘုန်းကြီးအင်မတန် စိုးရိမ်တယ် (မှန်လှပါဘုရား) မစိုးရိမ်သင့်ဘူးလား (စိုးရိမ်သင့်ပါတယ်ဘုရား)။

ဒါကြောင့် ကိုယ်အဘိုးတန်မှန်းသိမှ....ကိုယ် အဘိုးတန်မှန်းကို ကိုယ့်ဟာကိုယ်သိပါမှလဲ တကာတကာမတို့ကိုယ်တက်လာတဲ့ခရီးက မလွယ်သဖြင့် တက်လာခဲ့ရတာကို အလွယ်နဲ့ ဖြုန်းပစ်ကြမယ်ဆိုယင်ဖြင့် တကာတကာမတို့ ဒီတခါ လဲသွားယင် ကျောက်ခဲရေကျဖြစ်လိမ့်မယ် (မှန်ပါဘုရား)။

ဘယ်လို ဖြစ်တတ်ပါလိမ့်....(ကျောက်ခဲရေကျ ဖြစ်တတ်ပါတယ်) ကျောက်ခဲရေကျဖြစ်တတ်ပါတယ်ဆိုတာ ကျောက်ခဲရေကျလို့ ရှိယင်ဖြင့်တကာသစ်တို့-သူ့ဘာသာသူ ပေါ်စရာမြင်သေးသလား.... (မပေါ်နိုင်ပါဘုရား) ဦးဇံရင်.... (မပေါ်နိုင်ပါဘုရား) အားလုံး တကာတကာမတွေ့.... (မပေါ်နိုင်ပါဘုရား) ကံကောင်းလို့ ပေါ်သေးရဲ့လို့ ဆိုစရာမျှား မြင်သေးရဲ့လား-(မမြင်ပါဘုရား)။

အဲဒါကြောင့် ဒီတကာတကာမတွေ့ ယခု ဒုလ္လဘသုံးခုဟာ သေသေချာချာ ကြုံနေပြီဆိုတာကော....သဘောကျရဲ့လား-(ကျေပါတယ်ဘုရား) ဘုရားသာသနာနဲ့ ၁-နှံပါတ် ကြုံကြပလား၊ (ကြုံပါပြီဘုရား) ဟောတတ်တဲ့ပုဂ္ဂိုလ်နဲ့လဲ ခင်ဗျားတို့ ကြုံကြပလား....(ကြုံပါတယ်ဘုရား) ထောင်တတ်တဲ့ နားရှိတာကော.... ခင်ဗျားတို့မှာ ကောနတကယ်ရှိကြပါရဲ့လား (ရှိပါတယ်ဘုရား)။

ဩာ်....သုံးချက်ကြုံနေပြီဆိုတာ ဦးခင်မောင်ရေ ကျုပ်တို့ ပါရမီဟာ ဒါကိုချိန်ပေတော့ (မှန်လှပါ) ဩာ်....ငါ ပါရမီ ရှိလေသလား....မရှိလေသလား ဆိုတဲ့ဥစ္စာ ကူးခတ်ပြီး ဒီဇနရာတက်လာနိုင်ကတည်းက တကာတကာမတွေ့ စဉ်းစားတော့ ဩာ်....ပါရမီပြည့်တဲ့ဘဝကြီးပါလား....(မှန်လှပါဘုရား)။

တကာတကာမတို့ ပြည့်တဲ့ဘဝကို ခင်ဗျားတို့က ဖြည့်ရုံကလေး နောက်ထပ်ရှိတာမှ မဖြည့်တော့ဘူးဆိုယင် ဒီပါရမီအစ, ပျောက်သွားလိမ့်မယ်....(မှန်လှပါဘုရား)မပျောက်ပေဘူးလား (ပျောက်ပါတယ်ဘုရား) အဲဒါ ဘုန်းကြီးမျှားက အထူးတလည် စိုးရိမ်ပါတယ်ဆိုတာ တကာတကာမတို့ မှတ်စမ်းပါနော်....(မှန်လှပါဘုရား)။

ကဲ....၄-နံပါတ် ပြောပါဦးမယ် တကာတကာမတို့ ဘုရား သခင် ကိုယ်တော်မြတ်ကြီးက လိုစ္ဆဝိမင်းသားတို့ ၄-နံပါတ်က ကွာ....တဲ့၊ ထောင်တတ်တဲ့ နားပင်ရှိသော်ငြားလဲ ဓမ္မာနုဓမ္မပဋိပတ္တိဆိုတဲ့ ခန္ဓာကဖြစ်ပျက်နဲ့ ကိုယ်ရှုတဲ့ မဂ်နဲ့ ကိုက်အောင် လုပ်တတ်ဘို့လဲ ဒုလ္လဘတရားကြီး ခဲယဉ်းသတဲ့(မှန်လှပါဘုရား)

အနိစ္စတလုံးကို မြင်ဘို့ရန်လဲ အတော်ဘဲခဲယဉ်းတယ်က္....တဲ့ ဟောလိုက်ပြန်တယ်....(မှန်ပါဘုရား) ဖြစ်ပျက်နဲ့ မဂ်နဲ့ ကိုက်ဘို့ပေါ့လေ....၊ ဘုန်းကြီးတို့ အပြောမျိုးဆိုယင်နော်....(မှန်ပါဘုရား)။

ဘာနဲ့ဘာ ကိုက်ဘို့ ခဲယဉ်းပါလိမ့်.... (ဖြစ်ပျက်နဲ့ မဂ်နဲ့ ကိုက်ဘို့ခဲယဉ်းပါတယ်ဘုရား)။

ဖြစ်ပျက်နဲ့ မဂ်နဲ့ ကိုက်ဘို့ရာလဲ အတော် ခဲယဉ်းတယ်ကဲ့ ဆိုတော့ ဓမ္မာနုဓမ္မပဋိပတ္တိအလုပ်ဟာလဲ အတော်ခဲယဉ်းတယ်လို့ ပြောတာပါဘဲ.... (မှန်ပါဘုရား) သဘောကျကြပလား..... (ကျပါပြီဘုရား)။

ကဲ.....ဒါဖြင့် ဖြစ်ပျက်နဲ့ မဂ်နဲ့ ကိုက်အောင်လဲ တကာ တကာမတွေ့ ဒီအရေးဟာက နားပါးငြားသော်လဲ....တဲ့ တကာ တကာမတို့ ထောင်တတ်တဲ့နား ပါးငြားသော်လဲ.... အလုပ်ကျတော့ ခရီးမပေါက်မှာလဲ စိုးရတယ်....(မှန်လှပါ)စတုတ္ထအချက်က အလုပ်ကိုပြတာ....(မှန်ပါဘုရား)။

တတိယကတော့ဖြင့် ပါရမီကံကောင်းလို့ အကြောင်းသင့်တာတွေ့ပြပါတယ်....(မှန်ပါ)တစ်နှစ်သုံး၊ ပါရမီကံကောင်းချိန် အကြောင်းသင့်ပြီး အတက်ကြီး တက်လာခဲ့လို့....ဒေအောင်မြင်မှု

သုံးခုပြပါတယ်....(မှန်လှပါဘုရား) သဘောကျပလား.... (ကျပါပြီဘုရား)။

ဘုရားသာသနာနဲ့ ကြုံတာလဲ ခင်ဗျားတို့ အောင်မြင်မှုတခု (မှန်ပါ့)။

ဟောတတ်တဲ့ပုဂ္ဂိုလ်နဲ့ တွေ့ကြုံတာလဲ....(အောင်မြင်မှုတခုပါဘုရား)။

ထောင်တတ်တဲ့နားနဲ့ တွေ့ကြုံတာလဲ....(အောင်မြင်မှုတရပ်ပါဘုရား)။

အဲဒီ အောင်မြင် မှုတွေ့ အကုန်ပါပြီး သကာလ....နေတဲ့အတွင်းမှာ တခါဓမ္မာနုဓမ္မပဋိပတ္တိဆိုတဲ့အတိုင်း စာလိုပြောနေယင်ခက်နေမှာစိုးလို့....၊ ကိုယ် ခန္ဓာဖြစ်ပျက်နဲ့ ကိုယ် ဥာဏ်နဲ့ ရှုလိုက်တဲ့အခါမှာ တန်းကနဲတန်းကနဲ မဂ်ကလေး ပေါ်သွားလို့ ရှိယင်လဲ မဂ်ကလေး ပေါ်သွားဘို့ အလုပ်ဟာလဲ အတော်ခဲယဉ်းတဲ့ အလုပ်တဲ့ တကာဝ, တို့နော်....(မှန်လှပါဘုရား)။

မောင်ထွန်းလိုင်....ဒါကော မခဲယဉ်း ဘူးလား....(ခဲယဉ်းပါတယ်ဘုရား) တကာတကာမတွေ့....ဒီ အထဲက သာဖြင့် တစ်နှစ်, သုံးကတော့ဖြင့် ကံကောင်းအကြောင်းသင့်ယင် ဖြစ်နိုင်ပါတယ်....တဲ့၊ ၄-ကတော့ဖြင့် ကိုယ်တိုင် အားစိုက်ရလိမ့်မယ်....(မှန်ပါဘုရား)။

၄-က ဘယ်လိုပါလိမ့်· (ကိုယ်တိုင်အားစိုက်ရပါမယ်ဘုရား) ဖြစ်ပျက်နဲ့ မဂ်နဲ့ကိုက်အောင် ဘာလုပ်ကြရမယ်....(ကိုယ်တိုင်အားထုတ်ရမှာပါဘုရား)။

ဒါကတော့ ဆုတောင်းနဲ့ မဆိုင်တော့ဘူး(မဆိုင်ပါဘုရား) ဆိုင်သေးရဲ့လား....(မဆိုင်ပါဘုရား)။

အဲဒါကြောင့် တကာတကာမတို့ အခု ဘုန်းကြီး နေ့တိုင်း ပြောနေတာသည် ၄-နံပါတ်ကို အရေးတကြီး ပြောနေပါတယ်- (မှန်ပါ့ဘုရား)။

၃-နံပါတ် ကတော့လဲ ဒီဆရာနဲ့ ဒီ တကာတကာမတွေနဲ့ ဒီသာသနာ တော်ကြီးနဲ့ ဖြင့် အကြုံကြီးကြုံ အဆုံကြီးဆုံလို့ ဘာမှ အားငယ်စရာမရှိတဲ့ သုံးခုကတော့ ပြည့်စုံပြီးသား.... (မှန်ပါ့ဘုရား)။

ကိုယ်တိုင်အားထုတ်ရမည့် အလုပ်ကလေး ချို့ယွင်းချက်ရှိ နေမှာကိုဖြင့် ဦးဝတို့ မောင်ထွန်းလိုင်တို့ အတော် စိုးရိမ်လို့ ပြောတာ....(မှန်လှုပါဘုရား) ၄-နံပါတ်က ဖြစ်ပျက်နဲ့ မင်နဲ့ ဘာဖြစ်ရမလဲ....(ကိုက်အောင်လုပ်ရပါမယ်ဘုရား)။

အဲဒါ ကိုယ့်ခန္ဓာ ထဲမှာရှိတဲ့ တကာတကာမတွေ ဖြစ်ပြီး ပျက်နေတဲ့ ကိစ္စတရားကလေးနဲ့ ကိုယ် ဉာဏ်ကလေးနဲ့ ကြည့် လိုက်တဲ့အခါ ကျလို့ရှိယင်ဖြင့် ကိုက် ကိုက်-ကိုက် ကိုက် ပြီး သကာလ သူ့ဘို့ ဒီအရေးကလေးဟာ တကာတကာမ တို့၏ အရေးလို့ သေသေချာချာ မှတ်ကြ စမ်းပါနော် .... (မှန်ပါ့ ဘုရား)။

ဒီအရေးက ဦးခင်မောင်....သေသေချာချာ စဉ်းစားကြည့်၊ ဒီအရေးမပါလို့ ရှိယင် ဝိပဿနာမဂ်ကို မဖြစ်တော့ဘူး....(မှန် လှုပါဘုရား)။

၄-နံပါတ် မအောင်မြင်လို့ ရှိယင် ဝိပဿနာမဂ် ဖြစ်နိုင်ပါ့ မလား.... (မဖြစ်နိုင်ပါဘုရား) မဖြစ်နိုင်တော့ဘူး ဆိုတာ သေသေချာချာမှတ်ပါ....(မှန်ပါ့)။

အဲဒီတော့ ဒီ ၄-နံပါတ် မအောင်မြင်တော့ဘူး ဆိုလို့ရှိယင် ၁-၂-၃-နံပါတ်တွေက အကုန်ပျက်စီးနိုင်တာချည်းမှတ်ရမယ်.... (မှန်ပါ့ဘုရား) တစ်-နှစ်-သုံးက ဘာဖြစ်နိုင်သတုန်း....(ပျက်စီးနိုင်ပါတယ်ဘုရား)။

ဩော်....ပျက်စီးနိုင်တာတွေချည်း ဖြစ်နေတော့ အလုပ်ကြီးလုပ်လာရတာတွေက ၄-နံပါတ် မအောင်မြင်တာနဲ့ တစ်-နှစ်သုံးတွေ ပျက်ရတော့မယ် ဆိုလို့ရှိယင်ဖြင့် တကာတကာမတို့ကိုယ်ဖျင်းမှုနဲ့ ကိုယ်ပျင်းမှုအပေါ်မှာ သတ္တုချကြပါတော့.... (မှန်ပါ့ဘုရား) ဘယ်ဟာ သတ္တုချကြမယ်.... (ကိုယ်ဖျင်းမှုနဲ့ ကိုယ်ပျင်းမှုအပေါ်မှာ သတ္တုချရပါမယ်ဘုရား)။

ဒါဖြင့် ကိုယ်ဖျင်းမှု- ကိုယ်ပျင်းမှုကြောင့် တကာ တကာမတို့ နောက်က ၃-ပိုင်တယ်ဆိုပေမဲ့ ၄-မပိုင်လိုက်တဲ့ အတွက် တစ်, နှစ်, သုံးတွေပါ အကုန် အပျက်ကြီး ပျက်သွားရတော့ သိပ်နာသွားမှာဘဲ....(နာပါတယ်ဘုရား) မနာပေဘူးလား(နာပါတယ်ဘုရား)။

အဲဒါကြောင့် ဦးဇော်ရင်တို့ ဒီ ၄-နံပါတ်ဟာ ကိုယ့်အရေးဆိုတာ သိကြပါပလား....(မှန်ပါ့ဘုရား)။

၄-နံပါတ်က ဘာပါလိမ့် တကာတကာမတို့....(ကိုယ့်အရေးပါဘုရား) ကိုယ့်အရေးဆိုတာက ကိုယ့်သန္တာန်ရှိတဲ့ အနိစ္စနဲ့ ဖြစ်ပြီးပျက်နေတဲ့ အနိစ္စနဲ့ပေါ့လေ- ကိုယ့်ဉာဏ်နဲ့ သွားသွားတွေ့ရမယ်....(မှန်ပါ့ဘုရား)။

ကိုယ့်သန္တာန်ရှိတဲ့ ဖြစ်ပြီးပျက်တဲ့တရားနဲ့....(ကိုယ့်ဉာဏ်နဲ့ သွားတွေ့ရပါမယ်ဘုရား)။

အဲ့ဒါ ဓမ္မဘုန္ဓမ္မပဋိပတ္တိပါဘဲ.... (မှန်ပါ့ဘုရား) တရားနဲ့ လျော်အောင်သိတဲ့အကျင့်ကိုး....(မှန်လှပါဘုရား)။

တရားနဲ့ လျော်တဲ့ အကျင့်ဆိုတာ တရားကဖြစ်ပျက်၊ ဉာဏ်ကလဲ ဖြစ်ပျက်လို့သိယင် တရားနဲ့ လျော်တဲ့အကျင့် မဖြစ်သေးဘူးလား....(ဖြစ်ပါတယ်ဘုရား)။

အဲဒီ ဥစ္စာကလေးဖြင့် တကာ တဘကမတို့ တရားတပဲ့လုံးအရေးအကြီးဆုံးဘဲ၊ ဒီအလုပ် ကလေး ဟာဖြင့် သြော်....ဒါကလေးနဲ့ ငါတို့ ဒါကလေးမှ မမြင်လို့ ပြန်လျှောက်ရမယ်ဆိုယင်ဖြင့်ဟေ့....နောက်ဘုရားတွေကလဲ တွေ့ချင်မှတွေ့ ကုံချင်မှကုံကြရမယ်၊ အခုကုံတုန်းမှ အပိုင်မယူလိုက်လို့ရှိယင်ဖြင့်ကိုယ်ကျိုးဖြင့် လှလှကြီးနှည်းပါ့လို့ မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။

အဲဒီတော့ ကိုယ့်ကိုယ်-ကိုယ် တကာ တကာမတွေ အထူးတလည်ဘဲ အဘိုးတန်တာသိပြီး အဘိုးတန်တဲ့အလုပ်-လုပ်ကြစမ်းပါ....(မှန်လှပါဘုရား)။

အဘိုးတန်တာက တစ်,နှစ်,သုံးဆိုတဲ့ဥစ္စာ တကာ တကာမတို့ သာမညတက်ခဲ့ရတာလား၊ အလှန့်အလှန်ကြိုးစားခဲ့ကြရတာလား.... (အလှန့်အလှန်ကြိုးစားခဲ့ရတာပါဘုရား)။

အဲဒီ ကြိုးစားတာ အထမြောက်ပြီး သကာလ အဲဒါကဆုတောင်းနဲ့ အထမြောက်ပြီးသကာလ ဉာဏ်ကောင်းနဲ့ အလုပ်-လုပ်ရမည့် ၄-နံပါတ်မှာ ရှော်သွားမှာ စိုးရတယ်....(မှန်လှပါဘုရား)။

တစ်, နှစ်, သုံးက ဆုတောင်းနဲ့ ပြည့်စုံနိုင်တယ်....နော်....(မှန်လှပါဘုရား)၄-နံပါတ်ကျတော့ တကာတကာမတို့ ကိုယ့်

အပျက်နဲ့ ကိုယ် မင်္ဂနဲ့ ကိုက်ဘို့ဆိုတော့ ဆုတောင်းနဲ့ဆိုင်သေးရဲ့လား....(မဆိုင်ပါဘုရား)လုပ်ယူရမည့် တရားလို့ မှတ်ကြပါ(မှန်ပါဘုရား)။

ဘယ်လိုမျှား မှတ်ကြမယ်.... (လုပ်ယူရမည့်တရားပါဘုရား) လုပ်ယူရမည့်တရားကို ဒါကလေးမလွဲကြပါစေနဲ့(မှန်ပါဘုရား) သဘောပါကြလား....ပါ-ပါတယ်ဘုရား)။

၄-နံပါတ် ဘာတဲ့ဗျာ.... (လုပ်ယူရမည့် တရားပါဘုရား) လုပ်ယူရမည့်တရား ဘာနဲ့ဘာ ကိုက်ရမှာပါလိမ့်....(အပျက်နှင့် မင်္ဂနဲ့ ကိုက်ရပါမယ်) အပျက်နဲ့ မင်္ဂနဲ့ကိုက်အောင် လုပ်ရမယ်နော်....(မှန်လှပါဘုရား)။

အပျကနဲ့ မဂနဲ့ ကုကအောင် လုပရုမယဆုတော့ တကာတကာမတို့က စဉ်းစားတာပေါ့၊ ဘုန်းကြီးက ဥပမာကလေးတခုပြလိုက်ပါတယ်၊ ဥပမာ ကိုယ့် လက်ဖမိုးကလေးကို ကိုယ့်လက်ညှိုးထဲမှာရှိတဲ့ လည်သည်းနှင့် ဆိတ်လိုက်တဲ့အခါကျတော့ ဒုက္ခဝေဒနာကလေးမပေါ်ဘူးလား....(ပေါ်ပါတယ်ဘုရား)။

အနာကလေး ဉာဏ်နဲ့ ကြည့်လိုက်တဲ့အခါ ဒုက္ခဝေဒနာကလေး ရှိ မရှိ ဉာဏ်ကြည့်လိုက်တဲ့ အခါကျတော့ ရှိသေးရဲ့လား....(မရှိပါဘုရား) မရှိတော့ ဟိုကပျက်စီးမှုနဲ့ ဒီက မင်္ဂတာသိမှုနဲ့ သွားကိုက်တယ်....(မှန်လှပါဘုရား)။

ဒါ့ကြောင့် အပျက်နဲ့ မင်္ဂနဲ့ သွားကိုက်တယ်....(မှန်လှပါဘုရား) ရိပ်မိပလား....(ရိပ်မိပါပြီ) ဘာနဲ့ဘာသွားကိုက်သလဲ(အပျက်နဲ့ မင်္ဂနဲ့ သွားကိုက်ပါတယ်ဘုရား)။

အဲ....အဲဒီလို အခုပယောဂနဲ့ လုပ်ပြီးသကာလ ဥပမာ လက်ဖမိုးကလေး လက်သည်းကလေးနဲ့ ဆိတ်လိုက်တဲ့အခါ ဦးခင်မောင်ရေ နာလုံးကလေး မလာဘူးလား....(လာပါတယ်) နာလုံးကလေးကလဲ ဒီနေရာမှာပေါ်ပြီးဒီနေရာမှာ မပျက်လား (ပျက်ပါတယ်ဘုရား)။

အဲ....သူပျက်တာ သူ့ဟာသူပျက်နေတာလို့ ခင်ဗျားတို့က ဒီလိုမထားဘဲနဲ့ ဒီဟာကလေးဟာဘယ်လိုသဘောပါလိမ့်မတုန်း ဆိုပြီး ဉာဏ်ကလေးနဲ့ ကြည့်လိုက်....(မှန်ပါ့ဘုရား)။

ဉာဏ်ကလေးနဲ့ ကြည့်လိုက်တဲ့အခါကျတော့ ခုနကဝေဒနာကလေးက ကျုပ်ကို ခင်ဗျားတို့ ကြည့်လိုက်တဲ့အခါ အပျက်ဘဲတွေ့ပါလိမ့်မယ်လို့ ပြောမသွားဘူးလား....(ပြောသွားပါတယ်ဘုရား)။

အဲ....အပျက်တွေ့သွားတဲ့ အခါကျတော့ တကာ တကာမတွေ့ လက်ဖမိုးပေါ်မှာရှိတဲ့ ဒုက္ခဝေဒနာက အပျက်....(မှန်ပါ့ဘုရား)ဉာဏ်နဲ့တွေ့လိုက်တာက မင်္ဂလာပါဘုရား)။

အဲ....တွေ့တဲ့ဉာဏ်ကလေးက မင်္....(မှန်ပါ့ဘုရား) ရှေ့က အပျက်ပေါ့ဗျာ....(မှန်ပါ့) တွေ့တဲ့ ဉာဏ်ကလေးက....(မင်္ပါဘုရား) အဲဒါ ဓမ္မာနုဓမ္မပဋိပတ္တိ....(မှန်ပါ့ဘုရား) သူက ဓမ္မဒီက....ပဋိပတ္တိ....(မှန်ပါ့ဘုရား) ဒီဓမ္မနဲ့ ဒီ ပဋိပတ္တိနဲ့ လျော်ရမယ်....(မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒီလို လျော်သွားလို့ရှိယင်ဖြင့် တကာတာကာမတို့ခင်ဗျားတို့သည်ကား လို့ဆိုယင် ၄-နံပါတ်ဝိပဿနာမင်္ အောင်သောကြောင့် ဘာမှပူစရာမရှိတော့ပါဘူး....(မှန်ပါ့ဘုရား)။

ဒါဖြင့် ကိုယ့်အရေးက ဘယ်နှပါတ်ပါလိမ့်....(၄-နှပါတ်ပါဘုရား) ၄-နှပါတ်ဟာ ဘာနဲ့ဘာ ကိုက်ရမှာပါလိမ့်....(ဖြစ်ပျက်နဲ့ မဂ်နဲ့ ကိုက်ရပါမယ်ဘုရား)။

အဲဒီတော့ ခန္ဓာကိုယ်ကြီး ထဲမှာတော့ ဟိုနေရာက၌၌-၌၌ ဒီနေရာက၌၌-၌၌၊ ဝမ်းထဲကလဲ ဟိုစိတ်ကလေး ပေါ်လာလို့ကဲ့ ဒီစိတ်ကလေး ပေါ်လာလိုက်၊ အာရုံနဲ့တိုက်ရာတွေ့ ပေါ်ပေါ်လာပြီး၊ ဒါကလေးတွေ့ ဉာဏ်ကလေးနဲ့ နောက်က လိုက်လိုက်ပြီဆိုမှဖြင့် ရှေ့က အပျက်၊ နောက်က ရှုတဲ့မဂ်....(မှန်ပါဘုရား)။

ရှေ့က ....(အပျက်ပါဘုရား)။
နောက်ကရှုတာက ....(မဂ်ပါဘုရား)။
ရှေ့ကဘာပါလိမ့်....(အပျက်ပါဘုရား)။
နောက်ကရှုတာက....(မဂ်ပါဘုရား)။

အဲဒါကိုက်နေလို့ ရှိယင် ဒီရှေ့ကစမှ၊ နောက်ကအနုံပဋိပတ္တိ (မှန်ပါ) အနုက=လျော်တာ၊ ပဋိပတ္တိက=အကျင့်၊ နောက်က လျော်တဲ့အကျင့်ကိုကျင့်နေတာ....(မှန်လှပါဘုရား)။

ရှေ့က စမှက....အပျက်နော်.... (မှန်ပါဘုရား) အပျက်ကို အပျက်မှန်းသိတော့ နောက်က လျော်တဲ့အကျင့်ဆိုယင် လွဲပါ့မလား....(မလွဲပါဘုရား)။

အဲဒါကြောင့် စမှာနှစမှပဋိပတ္တိဆိုတာ ခင်ဗျားတို့ ကိုယ်ပိုင်လုပ်ရမည့် အလုပ်၊ ဒါ့ကြောင့် ဆုတောင်းယူရမှာက သုံးခု၊ ကိုယ်ပိုင်လုပ်ယူရမှာက ...(တခုပါဘုရား)လေးခုဆိုတာ သဘောကျကြပလား....(ကျပါပြီဘုရား)။

မိုးကုတ်ဝိပဿနာ လုပ်ငန်းစဉ်တရား (၅)

ဒါဖြင့် ဘုရားသာသနာကြုံဘို့ ဆုတောင်းလို့ ရှိယင် ရခဲ့ကြတယ်....နော်....(မှန်ပါ့) ဟောတတ်တဲ့ ပုဂ္ဂိုလ်နဲ့ကြုံဘို့....(ရခဲ့ကြပါတယ်)ထောင်တတ်တဲ့နားနဲ့ကြုံဘို့....(ရခဲ့ကြပါပြီဘုရား)။

ဒီဟာကျတော့အခု မရ ရအောင်လုပ်ကြပါ(မှန်ပါ့ဘုရား) ဒီဟာကျတော့....(မရ-ရအောင်လုပ်ရမှာပါ) အပျက်နဲ့ မဂ်နဲ့ ကိုက်အောင်တော့ မရ-ရအောင်လုပ်ရမယ်....(မှန်ပါ့ဘုရား)။

တကာ တကာမတို့ ဘာလုပ်ရမှာပါလိမ့်....(မရ-ရအောင်လုပ်ရမှာပါဘုရား) ဘယ်ဟာနဲ့ ဘယ်ဟာ ကိုက်အောင်လဲ....(အပျက်နဲ့ မဂ်နဲ့ ကိုက်အောင်ပါဘုရား)။

အပျက်နဲ့ မဂ်နဲ့ ကြားထဲမှာ ကိလေသာ မခြားဘူးဆိုလို့ ရှိယင် တကာတကာမတို့ ဟောဒါကအပျက်၊ နောက်ကတခါ တည်း ဝိပဿနာက ရှုလိုက်တဲ့အခါကျတော့ မဂ်ထဲမှာ ဒီကြားထဲမှာပေါ့ဗျာ....(မှန်ပါ့) ကိလေသာက မခြားလို့ ရှိယင် ညနေအားထုတ်ယင် နံနက်မဂ်ဖိုလ်ရမယ်(မှန်ပါ့ဘုရား)နံနက် အားထုတ်လို့ ရှိယင်ညနေရမယ်တဲ့....၊ကိလေသာကြားခြားယင်တော့ မရဘူးတဲ့....(မှန်လှပါဘုရား)။

ဒီလိုဆိုတော့ တကာတကာမတို့ ဒီအကြောင်းတွေ့လဲ သိရပြန်တော့ သြော်....ဒို့အရေးဟာ ၄-နံပါတ် ပါကလား(မှန်ပါ့ဘုရား) ဘယ်လို ဆိုကြမယ်.... (ဒို့အရေးဟာ ၄-နံပါတ်ပါဘုရား)။

၄-နံပါတ် ဦးခင်မောင်ရယ်.... တရား တပဲ့လုံးဘဲ ရှင်းကြစမ်းပါ၊၄-နံပါတ်ဆိုတာဘာနဲ့ဘာကိုက်ရမှာတုန်း....(အပျက်နဲ့ မဂ် ကိုက်ရမှာပါဘုရား)။

ကိုယ့်ခန္ဓာကြီးကတော့ သပ္ပေသခ်ါရာ အနိစ္စာ ဆိုတော့ ဘယ်အခါမဆို သူပျက်နေတာဘဲ.....(မှန်ပါဘုရား) စိတ်ကြည့်လိုက်လဲပျက်မှာဘဲ၊ ဝေဒနာ ကြည့်လိုက်ယင်လဲ .... (ပျက်မှာဘဲ)ရုပ်ကြည့်လိုက်လဲ....(ပျက်မှာပါဘဲဘုရား)။

အဲဒါ ခင်ဗျားတို့ သူကပျက်နေပေမဲ့ ကိုယ်က မင်္ဂလာတဲ့အတွက် မင်္ဂလာကြဘဲဖြစ်နေတယ်....(မှန်လှပါဘုရား) သူကတော့ပျက်နေတာဘဲ ဘယ်နှယ်ကြောင့် ကျုပ်တို့ မင်္ဂလာပါလိမ့်မလဲဆိုတော့ မလိုက်မိလို့.....(မှန်ပါဘုရား) (၀၊)မကျင့်မိလို့.....(မှန်ပါဘုရား)ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် တကာတကာမတွေ့ အရေးဟာ ဘာနဲ့ဘာ ကိုက်ရမှာပါလိမ့်....(အပျက်နဲ့ မင်္ဂလာ ကိုက်ရပါမယ်) အဲဒါဖြင့် ဒါက လေးဟာတော့ဖြင့် ဆုတောင်း ယူရမှာဘဲလား၊ ကိုက်အောင် ကိုယ်တိုင် အားထုတ်ယူရမှာလား.... (ကိုက်အောင် ကိုယ်တိုင် အားထုတ်ယူရမှာပါဘုရား)။

တကာတကာမတို့အားလုံး တရားတပဲလုံးဘဲ နားလည်ကြပါပလား.... (နားလည်ပါတယ် ဘုရား) ၄-နံပါတ်က ဘာနဲ့ဘာကိုက်ရမှာတုန်း....(အပျက်နဲ့ မင်္ဂလာနဲ့ ကိုက်ရပါမယ်ဘုရား)။

အေး....အပျက်နဲ့ မင်္ဂလာနဲ့ တကာတကာမတွေ့ ကိုက်အောင် လုပ်ပါနော်.... (မှန်လှပါဘုရား) ကိုက်အောင် လုပ်ရမယ်ဆိုတော့ အချိန်အချ ညီရမယ်လို့ ဆိုလိုတာဘဲ....(မှန်ပါ) အချိန်အချ ညီရမယ်ဆိုတာက အပျက်မရှိဘဲနဲ့ ကိုက်အောင်လုပ်ရမှာလား....အပျက်တွေ့ ရှိလျက်နဲ့ မကိုက်လို့ ဟောနေရတာလားမေးယင် ဘယ်နှယ်ဖြေကြမလဲ.... (အပျက်တွေ့ရှိလျက်နဲ့ မကိုက်လို့ဟောနေရတာပါဘုရား)။

အဲ....အပျက်ကတော့ဖြင့် တကာ တကာမတို့....ထိုင်လဲပျက်တာဘဲ၊ ထလဲပျက်တာဘဲ စိတ်ကူးတာလဲ ကူးတဲ့စိတ်ကလေးကပျက်သွားတာဘဲ၊ ယားယင် ယားတဲ့နေရာမှာပျက်၊ နာယင် နာတဲ့နေရာမှာကော....(ပျက်တာပါဘဲဘုရား)။

အဲ....သူ့ဟာသူသာ ပျက်နေတယ်၊ ခင်ဗျားတို့က ပျက်ပါကလားလို့ သိလုံးနဲ့ နောက်က သွားမကိုက်ဘူး....(မှန်လှပါဘုရား) ပျက်ပါကလား ဆိုတဲ့ သိလုံးနဲ့ .... သွားမကိုက်ပါဘုရား)။

နောက်ကသွားမကိုက်တော့ကို အပျက်နဲ့ မဂ်နဲ့ မကိုက်တဲ့အခါကျတော့ အပျက်နဲ့ ဒေါသနဲ့ယင်လဲ လာတတ်တယ်....(မှန်ပါ့) အပျက်နဲ့ သောကနဲ့ယင်လဲ....(လာပါတယ်ဘုရား)။

ငါ့မှာ ဖြစ်ရလေခြင်း၊ ငါ့မှာနာလေခြင်း၊ ဟော....မကိုက်လို့....မကိုက်လို့....(မှန်ပါ့) မကိုက်တော့ ဒေါသ သောကတွေ့ မလိုက်ဘူးလား....(လိုက်ပါတယ်ဘုရား) တကာတကာမတွေ့ မကိုက်တော့ အမှားတွေ့ လိုက်မလာဘူးလား....(လာပါတယ်ဘုရား)။

အမှားတွေ့လိုက်လာတော့ဘုန်းကြီးတို့ထုံးစံတကာတကာမတို့ထုံးစံဖြစ်တဲ့ ပဋိစ္စသမုပ္ပါဒ်ဟာ တခါတည်း သံသရာဆက်သွားတယ်....(မှန်လှပါဘုရား) မဆက်ဘူးလား....(ဆက်ပါတယ်ဘုရား)။

အဲဒီတော့ ဘယ်နှယ်ကြောင့်သံသရာဆက်ပါလိမ့်မတုန်းလို့ မေးတဲ့အခါကျတော့မှ အပျက်နဲ့ မဂ်နဲ့ မကိုက်လို့....(မှန်လှပါဘုရား)။

အင်မတန် အဘိုးတန်တယ်နော် .... ဦးခင်မောင်.... (မှန်လှပါဘုရား) ဒီအရေးဟာ တကာတကာမတို့သာမညအရေးမဟုတ်ဘူးဆိုတာကို သတိထားနားထောင်စမ်းပါ.... (မှန်ပါဘုရား)။

အင်မတန် အရေးကြီးတဲ့အချက်ဘဲ ၄-နံ့ပါတ်ဟာ နော်.... (မှန်ပါ) ၄-နံ့ပါတ်ဟာ အင်မတန် အရေးကြီးပါတယ်၊ကိုင်း.... တကာတကာမတို့ ၄-နံ့ပါတ်ဆိုတာ ဘာနဲ့ဘာ အချို အချဉ်ညှီကြရမှာပါလိမ့်.... (အပျက်နဲ့ မင်္ကုက်ရမှာပါဘုရား) အပျက်က တကာတကာမတွေသန္ဓာန် ဘယ်အချိန်ရပ်စဲပါလိမ့်.... (မရပ်စဲပါဘုရား)။

အဲ.... ဘယ်အချိန်မှ မရပ်စဲတော့ နောက်က မင်္ကုက ရပ်စဲတယ်.... (မှန်လှပါဘုရား) ဘယ်နှယ် ဆိုကြမယ်.... (နောက်က မင်္ကုက ရပ်စဲပါဘယ်ဘုရား)။

နောက်က မင်္ကုက ရပ်စဲပြီးသကာလနေတော့ မင်္ကလဲ ရပ်စဲလိုက်ပါရောတဲ့.... ပျက်တာကို မကြိုက်တဲ့ဒေါသ၊ ဟော....လိုက်ချင်လိုက်လာမယ်.... (မှန်ပါ) ပျက်တာကို စိုးရိမ်တဲ့သောက.... (မှန်လှပါဘုရား) မလိုက်ပေဘူးလား.... (လိုက်ပါတယ်ဘုရား) ငါ့မှာ ဖြစ်ရလေခြင်းဆိုတဲ့ သောကတွေကော.... (လိုက်ပါတယ်ဘုရား)။

ဩော်....ဒါ ဘာနဲ့ဘာ မကိုက်လိုက်တာပါလိမ့်မလဲဆိုတာကော ရိပ်မိကြပါပလား.... (ရိပ်မိပါတယ်ဘုရား) အင်း....ဘာနဲ့ဘာပါလိမ့်.... (အပျက်နဲ့ မင်္ကုနဲ့ မကိုက်တာပါဘုရား)။

အဲဒါ ဓမ္မာနုဓမ္မပဋိပတ္တိ မဖြစ်လိုက်တာ.... (မှန်ပါ) သိပ်ပြီးနာသွားတယ်ဆိုတာမောင်ထွန်းလှိုင်တို့ တကာဝတို့ သေချာကြပလား.... (သေချာပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် ကျုပ်တို့အရေးသည် ၄-နံပါတ်အရေးကဖြင့် တကာတကာမတို့ ကံပေးလို့မရဘူး၊ ဉာဏ်နောက်က လိုက်မှ ရမယ်....(မှန်လှပါဘုရား)။

ကံပေးလို့တော့....(မရပါဘုရား) ဉာဏ်က နောက်က လိုက်မှ....(ရပါတယ်ဘုရား) အပျက်၏နောက်က မင်ဆိုတဲ့ဉာဏ် လိုက်ယင်ဖြင့်(ရပါတယ်ဘုရား) ရကြလိမ့်မယ်ဆိုတာမှတ်ဘော့ ထား၊ အိပ်နေလို့လဲ မရဘူး တကာတကာမတို့နော်....(မှန်ပါ့ ဘုရား)။

သေသေချာချာ ခန္ဓာကိုယ်ဉာဏ်ကလေးနဲ့ စိုက်တော့ထား၊ ခန္ဓာကိုယ်ဉာဏ်ကလေးနဲ့ စိုက်ထားတဲ့အခါ ကျလို့ ရှိယင်ဖြင့် စားချင်တဲ့စိတ်ကလေး ပေါ်လာတယ် ဆိုကြပါစို့....(မှန်လှပါ ဘုရား)။

စားချင်တဲ့ စိတ်ကလေး ပေါ်လာတဲ့အခါ တခါဘည်း နောက်ကနေ မင်နဲ့လိုက်၊ စားချင်တဲ့စိတ်ကလေးဟာ ပေါ်ပြီး ပျက်ရရှာတာကိုးဗျ....(မှန်ပါ့ဘုရား)မပျက်ဘူးလား....(ပျက်ပါ တယ်ဘုရား)။

အင်း....ဒါကလေးတွေဟာ သရုပ်ဝါစိတ္တံ သရုပ်စိတ္တန္တိ ပဇာနာတိ ဆိုပြီးသကာလ သူက သရုဂစိတ်၊ သူက-ပဇာ နာတိ နောက်က လိုက်-လိုက်ရမယ်....(မှန်ပါ့ဘုရား)။

ပဇာနာတိ လိုက်-လိုက်တော့.... သရုဂစိတ်က အပျက်၊ ပဇာနာတိကမင်....(မှန်ပါ့) သူက သရုဂစိတ်က အပျက်၊ပဇာ နာတိက....(မင်ပါဘုရား)။

မိုးကုတ်ဝိပဿနာ လုပ်ငန်းစဉ်တရား (၅)

ဒီလိုကိုက်ကိုက်ပြီး သွားမယ်ဆိုပါတော့ တခါတည်းနောက် ဒီကြားထဲမှာ ဘဝင်တော့ ဘယ်လောက်ခြားခြား ကိလေသာတော့ မခြားစေနဲ့....(မှန်ပါ့ဘုရား)။

တခါတလေတော့လဲဒေါသတွေခြားပြီးတော့မှ သြော်-ခုနက ဟာကလေး ပျက်သွားပြီလို့ဆိုတော့ ဒေါသတွေက ခြားပြီးပြီ လောဘတွေကကော....(ခြားပြီးပါပြီ) မသိလိုက်တော့ မောဟ တွေကကော....(ခြားပြီးပါပြီဘုရား)။

အဲဒီ ခြားပြီးလို့ ရှိယင်ဖြင့် မင်းတို့ဟာကို ညနေအားထုတ် နံနက်ရလိမ့်မယ်လို့ မဟာနိုင်ဘူးကွဲ့ ကိလေသာ ကြားဝင်တယ်....(ကြားဂင်ပါတယ်ဘုရား) ရှင်းကြပလား....(ရှင်းပါပြီ) ဘာကြားဝင်ပါလိမ့်.... (ကိလေသာ ကြားဝင်ပါတယ်ဘုရား)။

အဲဒီတော့ တကာတကာမတွေက ကိုလေသာကြားဝင်တာကိုတော့ မသိဘဲနဲ့ ကျုပ်ဟာလုပ်ပါတယ်၊ ခန္ဓာကိုယ် ပျက်တဲ့အထဲရှုပါတယ်၊ ရှုပေမဲ့ ကျုပ်ဖြင့် အပျက်လောက်တောင် ကောင်းကောင်းမမြင်သေးဘူး။

တနည်းအားဖြင့်လဲ အပျက်အဆုံးဖြစ်တဲ့ နိဗ္ဗာန်ကိုလဲ ကျုပ် မမြင်သေးဘူး၊ ကျုပ်ဘာမျှား ဖြစ်ပါလိမ့်မတုန်းလို့ တကာ တကာမတွေက တွေးချင်လဲ့ တွေးကြမယ်....(မှန်လှပါဘုရား)။

ပါရမီမျှား နည်းလေရော့သလားလို့ တခါတလေ ပါရမီ ပေါ်ကော ပုံချချင် ချလိုက်လိမ့်မယ်(မှန်ပါ့ဘုရား)မချပေဘူး လား....(ချပါတယ်ဘုရား)အဲဒါ မဟာအလံတော်ကြီးလို့ မှတ်လိုက်စမ်းပါ....(မှန်ပါ့ဘုရား)။

ကိလေသာ ကြားခိုလို့ မရတာ....(မှန်ပါ့ဘုရား)ရှင်းပလား (ရှင်းပါပြီ) အပျက်နဲ့ မဂ်နဲ့ကြားထဲမှာ....(ကိလေသာ ကြားခိုလို့မရတာပါဘုရား)။

ဒါဖြင့်အပျက်နဲ့မဂ်နဲ့ အင်မတန်ဝေးသွားပြီ-(ဝေးသွားပါပြီ)မဝေးပေဘူးလား....(ဝေးပါတယ်ဘုရား) ကြားထဲ ပဋိဋ္ဌသမုပ္ပါဒ် ဝင်ခဲ့သွားပြီ....(မှန်ပါ့ဘုရား)။

ခဲ့သွားတဲ့ အခါကျတော့ မောင်ထွန်းလှိုင်တို့ တကာဝတို့ ရနိုင်ပါ့မလား.... (မရနိုင်ပါ ဘုရား) ပေါ် ကြ ပ လား.... (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ ဘာနဲ့ဘာ အချို့အချကိုက်ရမယ်ဆိုတာဖြင့် ပေါ်ကြပလား....(ပေါ်ပါပြီဘုရား) ဘာနဲ့ဘာတုံး....(အပျက်နဲ့ မဂ်နဲ့ ကိုက်ရပါမယ်)ခန္ဓာကြီးမှာ တော့ရှိတာကဘာတွေရှိသလဲ....(အပျက်တွေရှိပါတယ်ဘုရား)။

အဲဒီ အပျက်တွေနဲ့ အခု ဘုရားပေးထားတဲ့ ဉာဏ်မဂ်နဲ့ ဆြော်....ပျက်ပြီး ပျက်တိုင်း ပျက်တိုင်း သိပြီးသကာလပေးနေမယ်ဆိုလို့ရှိယင်ဖြင့် ခန္ဓာ၏သေမှုကိုသိ၊ ခန္ဓာ၏ဒုက္ခရောက်မှုကို သိသောကြောင့် သစ္စဉာဏ်တွေဟာတခါတည်း စ,ပေါ်လာတယ် (မှန်လှပါဘုရား) မပေါ်ဘဲ နေနိုင်ပါ့မလား .... (မနေနိုင်ပါဘုရား)။

အဲဒါတွေဟာ တကာ တကာမတွေတဲ့ ခန္ဓာကိုယ်စောင့်ကြည့်နေလို့ရှိယင်ဖြင့် ခန္ဓာကိုယ်က သူရှိတဲ့သဘောသူပြောမှာပါဘဲ....(မှန်လှပါဘုရား)။

သူ ရှိတဲ့သဘောက သူက သဗ္ဗညုဆန်စွာ၊ ကျုပ်ဟာ တကိုယ်လုံး အနိစ္စပါဆိုပြီး သူက ပြောနေတာတွေ ကျုပ်တို့က

မိုးကုတ်ဒိပဿနာ လုပ်ငန်းစဉ်တရား (၅)

စောင့်ကြည့်နေတဲ့ပုဂ္ဂိုလ်က ဩဇာ-အနိစ္စပါကလေးလို့ နောက်ကနေပြီး သိတဲ့မင်္ဂလေးနဲ့ ကိုလေသာကြားမခိုဘဲနဲ့ ဆက်ဆက်-ဆက်ဆက် သိသွားလို့ ရှိယင်ဖြင့်တဲ့ ပဏ္ဏာသပါဠိတော်မှာ သေသေချာချာ ဟောပါတယ် တကာတကာမတို့ ညနေအားထုတ်ယင် နံနက်ရနိုင်ပါတယ်....(မှန်လှပါဘုရား)။

သတိပဋ္ဌာန် ပါဠိတော်မှာလဲ "ယောဟိ ကောစိ ဘိက္ခဝေ ဣမေ စတ္တာရော သတိပဋ္ဌာနေ ဧဝံ ဘာဝေယျ သတ္တာဟံ" လို့ ဟောပါတယ်၊ ခုနစ်ရက်နဲ့တောင် ရပါတယ်ကွာတဲ့....(မှန်လှပါဘုရား)။

ဒီလိုဆိုတော့ တကာတကာမတွေ ပါရမီပြည့်ပြီးသားမှာလဲ တစ်, နှစ်, သုံးဆိုတဲ့ ပါရမီတွေကလဲ ခင်ဗျားတို့မှာ ပြည့်စုံနေပြီဖြစ်လို့ ဆိုခဲ့ပြီးတဲ့ ၁-၂-၃ က ဝန်ခံရာ ရောက်သွားပြီ(မှန်လှပါဘုရား)မခံသေးဘူးလား....(ခံပါတယ်ဘုရား)။

အဲဒီတော့ ခင်ဗျားတို့က မီးခဲကြီးရဲပြီးသကာလ လောင်းသော်လဲဘဲ အဝိဇ္ဇာတဏှာ တည်းဟူသောပြာတွေကဖုံးတယ်....(မှန်ပါဘုရား) မီးခဲကတော့ တွင်းထဲမှာ ရဲ-ရဲ့နော်....(မှန်ပါ) အဝိဇ္ဇာတဏှာ တည်းဟူသောပြာက....(ဖုံးပါတယ်ဘုရား)။

အဒတော့အပျက်နဲ့မဂ်နဲ့ကုက်တဲ့ဥာဏ်ကလေးနဲ့မှုတ်ပေးမှ ဒါကလေးက ရဲဆွတ်လာမယ်....(မှန်ပါဘုရား)ရဲထွတ်လာလို့ ရှိယင်တော့ စိတ်ချတော့ မရမရှိတော့ပါဘူး(မှန်ပါဘုရား)။

ဩော်....ဒါဖြင့် ဒီဟာက ပါရမီ မပါခဲ့လို့လား ဟုတ်လား မီးရဲရဲမပါခဲ့လို့လား-မှုတ်တတ်တဲ့ အပေါ်က မှုတ်ပေးမည့် ရဲရဲတောက်အောင်ကလေး မှုတ်ပြီးသကာလ ပေးဘို့ရာ လုံလဝိရိယ

မိုးကုတ်ဝိပဿနာ လုပ်ငန်းစဉ်တရား (၅)

ပညာကလေးက ညှဲလို့လားလို့ မေးလိုက်လို့ ရှိယင် ဒါညှဲလို့ သာ ဆိုးဖြတ်ချက်ချပါ.... (မှန်လှပါဘုရား) ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

အဲဒါကြောင့် တကာ တကာမတို့ ဒီလောက်ပြောလို့ ရှိယင် လဲ အကုန်ဘဲ တကာ တကာမ ပါရမီတော့ ချမနေပါနဲ့၊ လိုတာ ဖြည့်ပါ....(မှန်လှပါဘုရား) ဘယ်လို မှာပါလိမ့်.... (လိုတာ ဖြည့်ပါ ဘုရား) ပါရမီတော့ဖြင့်....(မချပါနဲ့ဘုရား)။

၁-နံပါတ် ပြည့်စုံသလား.... (ပြည့်စုံပါတယ်) ဘယ်ပါရမီ ဖြစ်လို့လဲ....(မှန်ပါ့ဘုရား)။

၂-နံပါတ် ပြည့်စုံသလား.... (ပြည့်စုံပါတယ်ဘုရား)။
၃-နံပါတ်ကော ပြည့်စုံသလား.... (ပြည့်စုံပါတယ်ဘုရား)။

ဟာ....ပြည့်စုံနေတော့ ၄-နံပါတ် ဘယ် နှယ်ဖြစ်နေကြသလဲ.... (၄-နံပါတ်မှာ ကိလေသာ ကြားခိုနေပါသေးတယ်) ၄-နံပါတ် ကိလေသာ ကြားခိုနေသေးတော့ မခိုအောင်လုပ်လို့ ရှိယင် ဖြင့် ကိစ္စပြီးတော့မည့် အလုပ်.... (မှန်ပါ့ဘုရား) ဦးခင်မောင် ဘာတဲ့....(မခိုအောင် လုပ်ရပါမယ်ဘုရား)။

အားလုံး တကာ တကာမတော့ ကိလေသာ ကြားမခိုလို့ ရှိယင် ညနေအားထုတ်ယင် နံနက်....(ရပါ့မယ်ဘုရား)။

ရန်ကုန်ပါတယ်လို့ ဆိုတဲ့ဥစ္စာ ဗောဓိရုဇ ကုမာရ မင်းသား ကို သေသေချာချာ ဟောထားတယ်၊ မင္ဆို မပဏ္ဍာသ ပါဠိတော် မှာကို သေသေချာချာ ရှိတယ်....(မှန်ပါ့ဘုရား)။

ဒါ့ကြောင့် ဘုန်းကြီးတို့ တကာ တကာမတော့ လိုတာသာ ဖြည့်ပါတော့၊ ပါရမီ မချကြပါနဲ့.... (မှန်ပါ့ဘုရား) ဒီစကား

အင်မတန် အရေးကြီးတယ်နော်....(မှန်ပါ့ဘုရား) လိုတာသာ.... (ဖြည့်ကြပါတော့) ပါရမီကိုဖြင့်....(မချပါနဲ့ဘုရား)။

ဒီဟာ တချက်လုပ်သွားလို့ ရှိယင် ဒီပါရမီကလေးကျော်ရ ပါလိမ့်မယ်....(မှန်ပါ့) မကျော်ရပေဘူးလား.... (ကျော်ရပါမယ် ဘုရား)။

ဒါ-နဲနဲနောနော လုပ်ခဲ့ရတဲ့ အလုပ်သုံးခုလားလို့ မေးပြန် လို့ရှိယင်လဲ အလွန်ကိုဘဲဆင်းရဲခံပြီး တက်ခဲ့ရတာပါ (မှန်လှပါ ဘုရား)။

တရားကိုယ်ပြောကြ ပါစို့ ဆိုတော့ များးသော အားဖြင့် အားလုံး ဘုန်းကြီးနှင့်တကွ ဘုန်းကြီးတို့ တကာ တကာမတွေ အားလုံးဟာ အပါယ်က တက်လာခဲ့ရတာများတယ်....(မှန်လှပါ ဘုရား) ဘယ်က တက်လာတာများသလဲ.... (အပါယ်က တက် လာတာ များပါတယ်ဘုရား)။

"စတ္တာရော အပါယာ သက ဂေဟသဒိသာ" ကိုး- ဓမ္မပဒ အဋ္ဌကထာက....(မှန်ပါ့ဘုရား)။

စတ္တာရောအပါယာ = အပါယ်လေးဘုံ တို့သည်၊ သကဂေဟ သဒိသာ-ဘုရားမရှိတဲ့ အခါမှာ ကျုပ်တို့ အမြဲနေတဲ့အိမ်ဘဲ.... (မှန်လှပါ)ကျုပ်တို့ အကုသိုလ်တွေက အဲဒီကိုချည်းပို့ထားတယ် (မှန်လှပါဘုရား)။

အဲဒီ တုန်းက ဒီစိတ်တွေ ပေါ်ပြီးသကာလ တက်ခဲ့တာ.... (မှန်ပါ့ဘုရား) ဒီနေရာ ပြန်မရောက် အောင်လို့ တခါတည်း ဘုရားနဲ့ ကြုံရပါလို့၏၊ ဟောတတ်တဲ့ ပုဂ္ဂိုလ်နဲ့ ကြုံရပါလို့၏၊ ဟုတ်လား....ထောင်တတ်တဲ့နားနဲ့....(ကြုံရပါလို့၏)။

ပြည့်စုံရပါလို့၏ဆိုပြီး အဲဒီတုန်းက ဆင်းရဲလွန်းလို့ ဆည်းပူးလာခဲ့တာတွေ....(မှန်လှပါဘုရား) အဲဒီ ဆည်းပူးလာတာတွေက အခုလူ့ပြည်ပို့လိုက်တာ-(မှန်ပါဘုရား) ပို့လိုက်တော့- ဒီ အင်္ဂါသုံးချက်က ညီမနေဘူးလား....(ညီပါတယ်ဘုရား)။

အဲဒီတော့ ဆုအရေးက ဒီအရေးကိုယ့်အရေးက ၄-(မှန်ပါ့) ဆုအရေးက ၁-၂-၃၊ ကိုယ့်အရေးက(၄-ပါဘုရား) ဆုတောင်းလို့ ပြည့်တဲ့အရေးက-(၁-၂-၃-ပါဘုရား)ကိုယ့်အရေးက(၄-ပါဘုရား) အခုဟာက ကိုယ့်အရေး ဟာနေတာ-(မှန်ပါ့ဘုရား) ဘယ်လိုဆုံးဖြတ်ကြမလဲ....(ကိုယ့်အရေးဟာနေတာပါဘုရား)။

ဟာတာကိုတော့ ဘုန်းကြီးကလဲ အပြစ်တော့ မတင်သေးပါဘူးတဲ့၊ လမ်းညွှန်ကောင်းနဲ့ တွေ့မှလဲ.... ဟာတာကို ဖြည့်တတ်တယ်.... (မှန်ပါ့ဘုရား) လမ်းညွှန်ကောင်း မတွေ့ပြန်လို့ ရှိယင်လဲ....(ဟာတာကို မဖြည့်တတ်ပါဘူး) မဖြည့်တတ်ဘူးတဲ့။

အဲဒီတော့ ဖြည့်တဲ့ နေရာမှာ ယနေ့ အကြီးအကျယ်စကားသုံးတာက ဝေဒနာနုပဿနာကမ္မဋ္ဌာန်းကို သစ္စဉာဏ်-ကိုစ္စဉာဏ်နဲ့ ဟောဘို့ပါဘဲတဲ့....။

သို့သော်လဲ ကိုယ်အဘိုးတန်တာကလေးကို တကာ တကာမတွေ့ အလဲ့သုံးစား အချိန်တွေနဲ့ ဖြုန်းပြီးသကာလ ခုမှတွေ့တဲ့သားသမီးနဲ့ ခုမှတွေ့တဲ့သားလင်ခင်ပွန်းတွေနဲ့ တခါတည်း မိန်းမောပြီးသကာလ အပါယ်တုန်းက စိတ်တွေ့ အကုန်ပျောက်ပြီး အရူးပေါက်နေတာကြီး ဖျောက်ပါဆိုတာ ပြောတာ....(မှန်ပါ့ဘုရား) သဘောကျပလား.... (ကျပါပြီ)။

မိုးကုတ်ဝိပဿနာ လုပ်ငန်းစဉ်တရား (၅)

အပါယ်တုန်းက စိတ်တွေ့ ပြန်ပြီးသကာလ ကြည့်လိုက်တဲ့ အခါ ကျလို့ ရှိယင် နောက် ဒီနေရာ မလာတော့ပါဘူး ဆိုတဲ့ စိတ်နဲ့ တက်လာကြတာ မဟုတ်လား....(မှန်ပါ့ဘုရား)။

အခု ဒီနေရာသွားမည့် အလုပ်တွေနဲ့ မျောနေပြန်တော့.... ကောင်းကြသေးရဲ့လား.... (မကောင်းပါဘုရား)

ကဲ....ဒါဖြင့် တကာ တကာမတို့ ဘယ်နှံပါတ် ပြင်ကြရမှာ ပါလိမ့်....(၄-နှံပါတ် ပြင်ရမှာပါဘုရား)၄-နှံပါတ် ဆိုတာ ဘယ် လို လုပ်ရမှာပါလိမ့်.... (အပျက်နဲ့ မဂ်ကိုက်အောင် လုပ်ရမှာပါ) အပျက်နဲ့ မဂ်နဲ့ ကိုက်အောင် လုပ်ရမှာ....(မှန်ပါ့)။

အပျက်ဆိုတာ ခန္ဓာ၊ မဂ်ဆိုတာ ဉာဏ်.... (မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီ) အပျက်ဆိုတာက.... (ခန္ဓာပါဘုရား) မဂ်ဆိုတာက....(ဉာဏ်ပါဘုရား) ဘယ်ဟာ ပျက်ပျက် အပျက်နဲ့ မဂ်နဲ့ ကိုက်ယင် ပြီးရော....(မှန်လှပါ)။

ရုပ်ပျက်တာတွေလဲ ရှု၊ ခန္ဓာကိုယ်, တကိုယ်လုံးဟာဘယ်ဟာ ရှုစရာရယ်လို့ မဟုတ်တော့ဘူး....၊ တကာ တကာမတို့ "သဗ္ဗေ သင်္ခါရာ အနိစ္စာ"လို့ ဟောထားတော့ အကုန် အနိစ္စချည်းဘဲ၊ အနိစ္စနဲ့ မဂ္ဂနဲ့သာ ကိုက်ပေစေ.... (မှန်လှပါဘုရား) ရှင်းကြပလား.... (ရှင်းပါပြီ) ဘယ်လိုပါလိမ့်ဗျာ.... (အနိစ္စနဲ့ မဂ္ဂနဲ့ ကိုက်ပေစေပါဘုရား)။

အနိစ္စနဲ့ မဂ္ဂနဲ့သာ ကိုက်ပါစေလို့ တကာဝ.... ဒါ ကိုယ့် အရေး အကြီးဆုံးအချက်ထားပါ....မှန်ပါ့ဘုရား)။

ဒါဖြင့် ဆုတောင်းလို့ ပြည့်တဲ့အရေးက ၁-၂-၃၊ ကိုယ်တိုင် လုပ်မှ ပြည့်မည့်အရေးက....(၄-ပါဘုရား)ဆုတောင်းလို့ ပြည့်တဲ့

အရေးက(၁-၂-၃-ပါဘုရား)ကိုယ်တိုင် ဖြည့်ရမည့်အရေးက(၄-ပါဘုရား) ရှင်းကြပလား....ရှင်းပါပြီ)။

ပဉ္စကနိပါတ် အင်္ဂုတ္တိုရ်မှာလဲ ဒီအတိုင်းလာလို့ အဲဒီတော့ တကာတကာမတို့ ဒါ စတုတ္ထ-က ဝိပဿနာမင်္ဂ ရပြီ၊ နောက် တခါ ဘုရားက ဘယ်လိုမျိုး ဟောပြန်သတုံး....လို့ ဆိုတော့ လိစ္ဆဝီတို့....သင်တို့ ဒုလ္လဘတရား ငါးပါး ထဲမှာ တပါး ကျန်သေးတယ်ကွ....၊ ကတည်တ ကတဝေဒီ ဆိုတာကလေးဟာလဲ ဒုလ္လဘဘဲ။

လောကမှာ တကာတကာမတွေက ဥပမာဘုန်းကြီးတို့ တကာတကာမတွေ လူတယောက်ကို တသောင်း ကိုးထောင် ကျည့်လိုက်တယ်၊ သောင်းကိုးထောင် ကျည့်လိုက်တဲ့အခါ ဟိုက ပြန်ပြီး ကျေးဇူးပြုတဲ့ ပုဂ္ဂိုလ်လဲ တော်တော် ရှားသတဲ့.... (မှန်ပါဘုရား) မရှားကြဘူးလား....(ရှားပါတယ်ဘုရား)

ဩော်.... ဒီက သူ့ကို ကျည့်တုန်းကတော့ လှယ်လှယ် ကူကူပေးလိုက်တယ်၊ သူက ပြန်ပေးဘို့ကျတော့ လေးလေးကန်ကန် ဖြစ်နေတာတွေလဲ တပုံကြီးဘဲ....(မှန်လှပါ) မရှိကြဘူးလား....(ရှိပါတယ်ဘုရား)။

အဲဒီတော့.... ကိုယ်က ကတည်တ ရှိခြားသော်လဲ သူက ကတဝေဒီဆိုတဲ့ ပြန်တုံ့ပြုသကာလ ကိုယ့်အပေါ် ၎င်းလုံးရှိတဲ့ ပုဂ္ဂိုလ်လဲ ဦးခင်မောင်.... ရှားသတဲ့.... (ရှားပါတယ် ဘုရား) သဘောကျပလား.... (ကျပါပြီ)။

ဒီမှာလဲ.... ခင်ဗျားတို့ လောကီမှာ ရှာသလို ဒီ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး ဟောတဲ့ စတုတ္ထ ၄-နံပါတ် အောင်မြင်လို့.... ၅-နံပါတ် မင်္ဂလာဏ်, ဖိုလ်ညာဏ် ရတော့မှ

သြော်.... ဒါဘယ်သူ့ကြောင့် ရပါလိမ့်မတုံးဆိုပြီး တရားနဲ့ ဘုရား ပူဇော်နိုင်ဘို့ အရေးဟာလဲ ကတညုတ ကတဝေဒီပါဘဲ (မှန်လှပါဘုရား) တရားနဲ့ ဘုရားကို ပူဇော်နိုင်ဘို့ အရေးဟာ (ကတညုတ ကတဝေဒီပါဘုရား)။

ဘုရားသခင် ကိုယ်တော်မြတ်ကြီးက သဘောကျလိုက်တာကလဲ တရားနဲ့ ပူဇော်တာ သူအကျေနပ်ဆုံး.... (မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီ)။

ဘာနဲ့ပူဇော်တာ အကျေနပ်ဆုံးပါလိမ့်- (တရားနဲ့ပူဇော်တာ အကျေနပ်ဆုံးပါ) ဓမ္မာနုဓမ္မပဋိပတ္တိနဲ့ ပြန်ပြီးများ ပူဇော်လိုက်တဲ့ အခါ အဲဒါလဲ ကတညုတ ကတဝေဒီဟ....ဆိုပြီး တိဿရဟန်းကြီးများ ဟောလိုက်တဲ့ နေရာ ဌာနမှာ တကာတကာမတွေ့ သိလောက်ပါတယ်နော်....(မှန်ပါ့ဘုရား)။

ဘုရားက သုံးလရှိယင် ပရိနိဗ္ဗာန် စံတော့မယ် ဆိုတော့.... တိဿရဟန်းကြီးက သုံးလအစကနေပြီး ဘုရားထံမှ ကမ္မဋ္ဌာန်းယူပြီး တောထဲသွား ကမ္မဋ္ဌာန်းအားထုတ်တယ်။

သွေးဝမ်းလားနေတဲ့အချိန် ဘုရားသခင် ကိုယ်တော်မြတ်ကြီးနားမှာ ရဟန်းတွေကဖြင့် ဒိုတောင်ကြီးပြိုတော့မယ်၊ လက်မောင်းကြီး ပြုတ်တော့မယ်၊ ခက်ရချည့်ရဲ့ဆိုပြီး မျက်ရေကြီးငယ် ကျပြီး ပြုစုနေကြတာ တပုံကြီးပေါ့ဗျာ .... (မှန်လှပါဘုရား)

အဲဒီမှာ တိဿဆိုတဲ့ ရဟန်းကြီးက တောထဲသွားပြီး ဒီပြုစုတဲ့ ရဟန်းတွေထဲက သွားခေါ်လိုက်တယ်....၊ ငါ့ရှင်....လာဦး၊ ဒို့ တောင်ကြီးပမာ ကိုးစားရာဖြစ်တဲ့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးဟာ သုံးလပြည့်ယင် ပရိနိဗ္ဗာန်စံတော့မယ်၊ ယခုလဲ

ဝမ်းတောင်တွေ လားနေပြီ....၊ ဟိုက လိုက်မလာဘူး....(မှန်ပါ့) သုံးခါသွားခေါ်တယ် ဦးခင်မောင်....မလိုက်လာဘူး.... (မှန်လှမါဘုရား)။

ဒါနဲ့ ရဟန်းတွေကလဲ ဘုရားကို သွားလျောက်တယ်၊ အရှင်ဘုရား-အရှင်ဘုရား၏တပည့် တိဿမထေရ်ဟာဖြင့် အရှင်ဘုရားမှာ ဒီလောက် ဝေဒနာကြီး ပြင်းထန်ပြီး သုံးလပြည့်ယင် ပရိနိဗ္ဗာန်စံတော့မည့်အရေးဟာ သေချာပြီးသား ဖြစ်တာတောင်မှ ဝေယျာဝစ္စတွေ လာမပြုဘူး၊ အတော်ဆိုးတဲ့ မထေရ်ပါဘုရား ဆိုပြီး လျောက်ကြတယ်။

ဒါဖြင့်ကွာ....ငါ့အမိန့်နဲ့ တိဿ သွားခေါ်ချလို့ မိန့်တော့ ဦးခင်မောင်.... တောထဲမှာ တရားကျင့်နေတဲ့ တိဿ ရဟန်းကြီးကို သွားခေါ်ရတာပေါ့ဗျာ....(မှန်ပါ့)။

သွားခေါ်လို့ တိဿ ရဟန်း အနား ရောက်လာတဲ့ အခါ တိဿ....ငါဘုရား သုံးလရှိယင် ပရိနိဗ္ဗာန်စံမည်ဆိုတာ မသိဘူးလား....တဲ့၊ သိပါတယ်ဘုရား....လို့ လျောက်တယ်....၊ ဒီတော့ ငါ့မှာ ဝေဒနာတွေ ပြင်းထန်နေတယ်ဆိုတာ သင်မသိဘူးလား-ဘယ်နှယ်ကြောင့် သင်-ဝေယျာဝစ္စတွေ လာပြီး မပြုသတုံးလို့ မေးတယ်....။

တပည့်တော်ဘုရား....အရှင်ဘုရားဆီက တရားကို ယူထားပါတယ်၊ ဝိပဿနာတရား ယူထားပါတယ်၊ ဒီတရားတွေကို အရှင်ဘုရားရှိတုန်း အထမြောက်ချင်လို့ ဒါနဲ့ ပူဇော်မယ်လို့ ကြိုးစားနေပါတယ်....ဆိုတော့ သူ့ကို သာဓုသုံးကြိမ် ခေါ်ပါတယ်-(မှန်ပါ့) အခုန ရဟန်းတွေကို သာဓုမခေါ်ဘူး....(မှန်လှပါ)။

တရားနဲ့ ပူဇော်တာကို ဘာတုံး.... (သာဓုခေါ်ပါတယ်) ဝေယျာဝစ္စသမားတွေကို.... (သာဓုမပေါ်ပါဘုရား) ပေါ်ကြပလား.... (ပေါ်ပါပြီ) အဲဒါကြောင့် ခင်ဗျားတို့လဲ ဘုရားကို တကယ်ကြည်ညိုတာဖြင့် အခု ကြည်ညိုတာမမှန်သေးပါဘူး-(မှန်ပါ့ဘုရား)။

ကျုပ် ဘုရားလဲ ကြည်ညိုပါရဲ့၊ ကျုပ်အိမ်လဲ လူမမာတွေများတယ်ဆိုပြီး ဒီဘုရား အိမ်ပေါ်က ပစ်ချင်ပစ်ချဦးမှာ ခင်ဗျားတို့(မှန်ပါ) ပစ်ချနိုင်တယ်၊ မချနိုင်ဘူးလား....(ချနိုင်ပါတယ်ဘုရား)။

ဥပမာ တယောက်သောပုဂ္ဂိုလ်ကဘဲ ယုံကြည်လောက်ယင် ဒီဘုရားဟာ ဘာသားလဲ၊ ဟာ....ဘာသားဖြင့် နင်တို့အိမ်နဲ့ မတည့်ဘူး ဖြစ်ချင်ဖြစ်ဦးမှာ....မဖြစ်ပေဘူးလား.... (ဖြစ်နိုင်ပါတယ်ဘုရား)။

အဲဒါဖြစ်နိုင်သေးတယ်၊ အဲဒါ တကယ်ကြည်ညိုတာ မဟုတ်တော့ ခင်ဗျားတို့ ဘုရား ပြောင်းလိုက်ဦးမယ်ဆိုတာ သေချာပလား....(သေချာပါပြီဘုရား)။

အဲဒါကြောင့် ဘုရားပြောတဲ့ တရားကို ခင်ဗျားတို့ သန္ဓာန် အကုန်ရောက်ပြီး သကာလ ဘုရားကျေးဇူး အကုန်သိတော့မှ သြော်.... ဘုရားပေးတဲ့ တရားနဲ့ ဒို့-တရားသိရတယ်၊ ဒီတရားနဲ့ ပြန်ပြီး ပူဇော်တော့မယ်ဆိုမှ တရားစစ် တရားမှန် ရောက်တော့တယ်....(မှန်ပါ့ဘုရား) သဘောကျပလား.... (ကျပါပြီ) ဒါမှ အစလ သဒ္ဓါတရားဖြစ်တယ်....(မှန်ပါ့ဘုရား) ပေါ်ကြပြီနော်.... (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဒီ-ဒုလ္လဘငါးပါးဟာ တကာတကာမတို့ ဘယ်နှစ်ချက်လို့နေပါလိမ့်.... (နှစ်ချက်လို့နေပါဘယ်) နှစ်ချက်မှာလဲ ဟောဒီတချက်ဟာတော့ သူ့အလိုလို့ပြီးမည့် တချက်ဖြစ်သော ကြောင့် ၄-နံပါတ် အချက်သာ ပြည့်စုံအောင် လုပ်ကြပါတော့ (မှန်ပါဘုရား) ဘာပြည့်စုံအောင်လုပ်ရမလဲ.... (၄-နံပါတ်ပြည့်စုံအောင် လုပ်ရပါမယ်ဘုရား)။

၄-နံပါတ်အချက် ပြည့်စုံအောင် လုပ်ကြပါဆိုတော့ ၄-နံပါတ်ဆိုတာ ဘာနဲ့ဘာကိုက်အောင်လုပ်ရမှာတုံး.... (အပျက်နဲ့ မဂ်ကိုက်အောင်လုပ်ရမှာပါ) မှတ်ထားပါ၊ မှတ်ထားပါ၊ ဝိပဿနာအလုပ်ဆိုတာ ဒီတလုံးဟာ လိုရင်းဘဲ.... (မှန်ပါဘုရား)။

ဒီဘက်ကတကာတွေ ဝိပဿနာအလုပ်ဆိုတာ ဘာနဲ့ဘာကိုက်ဘို့အရေးကြီးပါသလဲ.... (ဖြစ်ပျက်နဲ့ မဂ်နဲ့ ကိုက်ဘို့ အရေးကြီးပါတယ်) အပျက်နဲ့ မဂ်နဲ့ကိုက်ဘို့ အရေးကြီးတယ်.... (မှန်ပါဘုရား) အပျက်နဲ့မဂ်နဲ့ကိုက်ဘို့ အရေးကြီးတယ်ဆိုတော့ အဝေးကိုက်လား....၊ အနီးကိုက်လား.... (အနီးကိုက်ပါဘုရား)။

တခါတည်းဒီကြားထဲ ကိလေသာ ကြားမခိုဘဲနဲ့ကိုက်သွားယင်ဖြင့် ညနေအားထုတ်ယင် ဘာတဲ့....(နံနက်ရပါတယ်)နံနက်မှစ၍ အားထုတ်ယင်....(ညနေရပါတယ်ဘုရား)။

ဩော်....ဒါဖြင့် ကိလေသာ ကြားမခိုယင် ဦးခင်မောင်.... တယ်မြန်ပါကလား.... (မှန်လှပါဘုရား) ဒါဖြင့် ဦးခင်မောင်.... အားထုတ်နေတာ အခု ဆရာဘုန်းကြီးနဲ့တွေ့တာလဲ ၃-၄-နှစ်ရှိနေပြီ ဘယ်နှယ်မျှား ဖြစ်နေသတုံးလို့မေးယင် ....မပြောပါနဲ့တော့ဘုရား.... (ကိလေသာ ကြားခိုလို့ပါဘုရား) ကိလေသာ

ကြားခိုလို့....(မှန်ပါ့) တကာတကာမတွေ့ ရိပ်မိပလား....(မှန်ပါ့ဘုရား)။

အဲဒီတော့ ပါရမီဆိုကြမလား....ဘယ်လိုဆုံးဖြတ်ချက်ချကြမလဲ.... (ကိုလေသာကြားခိုလို့ပါဘုရား) ပါရမီနဲ့ ဘာမှမဆိုင်ဘူး....(မဆိုင်ပါဘုရား)။

ပါရမီက ၁-ပြည့်စုံရဲ့လား.... (ပြည့်စုံပါတယ်) ၂-ပြည့်စုံရဲ့လား....(ပြည့်စုံပါတယ်ဘုရား) ၃-ပြည့်စုံရဲလား....(ပြည့်စုံပါတယ်ဘုရား)။

ဟာ....ပါရမီရှိသားဘဲ တကာ တကာမတွေ့ မလိုတော့ပါဘူး.... (မလိုပါဘုရား) ကိုယ်တိုင် လုပ်ရမည့်နေရာမှာ ရှော့တောင်တောင်ဖြစ်နေတယ်.... (မှန်ပါ့ဘုရား) ဘယ်ကိုမျှားရှော့နေပါလိမ့်မတုံး မေးတော့မှ.... (ကိုလေသာ ကြားခိုနေပါတယ်ဘုရား)။

မဟုတ်ပါဘူး၊ ခင်ဗျားတို့ကိုလေသာက ဒီပြင်နေရာ ကြားခိုယင်ခိုပါ၊ ဒီနေရာတော့ မခိုပါစေနဲ့.... (မှန်ပါ့ဘုရား) ရိပ်မိပလား....(ရိပ်မိပါပြီ)။

ဒီ့ပြင်နေရာ ကြားခိုတာတော့ ကိစ္စမရှိပါဘူး၊ ထမင်းစားနေတုန်းဘဲ ဆေးလိပ်သောက်ချင်တယ်၊ သြော်....ထမင်းစားနေတုန်းဘဲ ဆေးလိပ်သောက်ချင်တဲ့ ကိုလေသာက ကြားဝင်ခိုလိုက်သေးတယ်....(မှန်ပါ့ဘုရား) ခိုချင်ခိုပါ၊ ကိုလေသာ တောထနေတဲ့အထဲမှာ ကိုလေသာအပင် ပြန်ပေါက်တာ အရေးမကြီးပါဘူး (မှန်ပါ) သန်းခေါင်အပြင် ညဉ့်မနက်ဘူး ဆိုကြပါစို့ဗျာ....(မှန်ပါ့ဘုရား)။

အပါယ်သွားရုံမှတပါး ဒီ့ပြင် ဘာမှမရှိပါဘူး.... (မှန်ပါ့) တကယ့်နေရာ အပါယ်တားဖြစ်နေတဲ့နေရာမယ် အပါယ်မသွား ဘို့ရာ လုံ့လစိုက်နေတဲ့ နေရာမယ် သူကကြားလာခို့တော့ ဦးခင်မောင်....နာလို့က်တာ မနာဘူးလား.... (နာပါတယ်ဘုရား)။

ဒါဖြင့် တကာ တကာမတို့ ဒီဥစ္စာ ကိုလေသာရန်သူဟာမာရ်နတ်ဆိုတာ ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

အဲဒါ ခင်ဗျားတို့က ကိုလေသာရန်သူကို မာရ်နတ်လို့ ထင်နေတဲ့အခါကျတော့ ဖြုန်းဆို တရားထိုင်ပြီဆိုမှဖြင့် ခေါင်းကိုက်သလို- လည်နာသလို- ရင်နာသလို- ကျုပ်ကို မာရ်နတ်ကဖျက်တယ်.... (မှန်ပါ့ဘုရား)။

ဘယ်မာရ်နတ်ဖျက်ရမတုံး တကာတကာမတို့ ခေါင်းကိုက်တယ်ဆို ခေါင်းကိုက်တဲ့ ဝေဒနာရှုပါလား.... (မှန်ပါ့) လည်နာယင်ကော.... (လည်နာတဲ့ဝေဒနာ ရှုရပါမယ်ဘုရား)။

သူက အရှုခံလာတာကို ခင်ဗျားတို့က မာရ်နတ်ဖျက်လို့ ကျုပ်တို့တော့ဖြင့် ဒီဘဝ ပါရမီမရှိပါဘူးဆိုပြီး နောက်ထိုင်ယင် သွားရောပေါ့ဗျာ.... (မှန်ပါ့) မသွားသေးဘူးလား.... (သွားပါတယ်ဘုရား)။

အဲဒီလောက်ကျအောင် ခင်ဗျားတို့ကလဲ အရုပ်ဆိုးနေတော့ ဟိုက အရှုခံလာတာ....(မှန်ပါ့) ဘယ်လိုဆိုကြမယ်.... (အရှုခံလာတာပါဘုရား)။

ခေါင်းကိုက်တာ လာတာလဲ နဂိုရိုက ခေါင်းမကိုက်ဘူး တရားထိုင်ကာနီးမှ ဟိုကစစ်စစ် ဒီကစစ်စစ် ခေါင်းကလေးနည်းနည်းကိုက်လာတော့ ဦးခင်မောင်ရေ....ဒါအဖျက်လာတာလား အရှုခံလာတာလား.... (အရှုခံလာတာပါဘုရား)။

ဦးခင်မောင်တို့စိတ်ထဲက ဘယ်နှယ်ဖြစ်နေသလဲ.... (အဖျက်လာတယ်ထင်နေပါတယ်) အို....နဂိုရိုက ပျင်းပျင်းနဲ့ အဖျက်နဲ့တော့တွေ့နေပေါ့ဗျာ .... နောက်ထိုင်ဘို့သေချာပြီ.... (မှန်ပါဘုရား)။

နောက်ထိုင်ဘို့ အတော်သေချာနေပြီ၊ အဲဒါ ယနေ့ကစပြီး ဘုန်းကြီးတို့ တကာတကာမတွေ့ အားလုံးဘဲ မှတ်ပါ၊ အဖျက်တခုမှမပါဘူး....(မှန်ပါဘုရား)။

ခင်ဗျားတို့ ရှုတတ်ဘို့ ဟိပဿိကော ....ကျုပ်ကို ရှုပါ၊ ဟိ = လာလေ၊ ပဿ = ကျုပ်ခေါင်းကိုက်နေတဲ့ ဝေဒနာကလေး ရှုပါလို့ သူကခေါ်တာ.... (မှန်လှပါဘုရား) ရှင်းပလား (ရှင်းပါပြီ) သူကဘာတုံး.... ဟိပဿိကော.... (မှန်ပါဘုရား)။

ဟိပဿိကောဆိုတာ ဘာပါလိမ့်.... (လာပါ ရှုပါလို့ခေါ်တာပါ) လာပါ ရှုပါ....(မှန်ပါဘုရား)။

ဘယ်သူက ခေါ်ပါလိမ့်.... တကာ တကာမတို့.... (ဝေဒနာတွေကခေါ်ပါတယ်) ခေါင်းကိုက်တဲ့ ဝေဒနာကလေးက ခေါ်နေတယ်....(မှန်လှပါ) သဘောကျပလား.... (ကျပါပြီဘုရား)။

အဲဒါ ခင်ဗျားတို့က မသွားချင်ဘူး၊ ခပ်ပျင်းပျင်းကလေးဖြစ်ပြီးသလား မဂ်ပေါ်မှာစိုးတာနဲ့ ခင်ဗျားတို့က အင်း.... ဟင်.... ဒီနေ့တော့ဖြင့်ကျုပ်ကံက ဒီလောက်ဘဲထင်ပါရဲ့၊ အရေးကြုံလာယင် တကယ့် သူတော်ကောင်းအလုပ်- လုပ်မယ်ဆိုယင် မာရ်နတ်ကဝင်လာတယ်....နဂိုရိုက ခပ်ပျင်းပျင်းနဲ့မို့ ပြေးတော့မလို့....(မှန်ပါဘုရား)။

မိုးကုတ်ဝိပဿနာ လုပ်ငန်းစဉ်တရား (၅)

ခပ်ပျင်းပျင်းနဲ့ ပြေးတော့မလို့ ဆိုတဲ့အလုပ်ကိုဖန်ဆင်းတယ် (မှန်ပါ့ဘုရား) နောက်ဆုံးပိတ်တဲနေ့ကျလို့ ရှိယင် ဆေးလေး ဘာကလေးသောက်လိုက်ဦးမယ် နက်ဖြန်မှဘဲဆိုတော့ နှက်ဖြန် က-နေ သဘက်ရောက်တော့တာဘဲ၊ ဘယ်တော့မှမလုပ်ဖြစ်တော့ ဘူး....(မှန်လှပါ) အင်မတန် မဆိုးဝါးဘူးလား.... (ဆိုးဝါးပါ တယ်ဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ ဟိပဿိကောကိုလဲ မမေ့ပါနဲ့ (မှန်ပါ့ဘုရား) ဘာမမေ့ပါနဲ့လဲ.... (ဟိပဿိကောကို မငမ့ ပါနဲ့ဘုရား)။

ဟိက ဘာတဲ့.... (လာပါတဲ့) ပဿက.... (ရှုပါတဲ့) ကဲ သူကခေါ်တယ်ဗျာ ... (မှန်ပါ့) မခေါ်ဘူးလား (ခေါ်ပါတယ် ဘုရား)။

ခင်ဗျားတို့ ညကြမ်းပိုးကိုက်တဲ့အခါကျတော့ ညဉ့်မှောင်ထဲ တောင် ရအောင်ဖမ်းနိုင်သေးတယ်....(မှန်ပါ့ဘုရား)။

ဟို ပဿိကောကိုး.... သူကလဲ ခေါ်သကိုးဗျ၊ ရအောင် ဖမ်းနိုင်သေးတယ်ဆိုတာသဘောကျပလား....(ကျပါပြီဘုရား)။

ဒီထိအောင်မလိုက်ဘူးဆိုတော့ အတော်ခက်နေတာ(မှန်ပါ့) ဒါကိုရအောင်ဖမ်းပါလား.... ဒီအပျက်ကို မိအောင်ဖမ်းလိုက်ပါ လား....(မှန်ပါ့)မရဘူးလား....(ရပါတယ်ဘုရား)။

အဲ....ရထိုက်ရဲ့သားနဲ့မရတာ ခင်ဗျားတို့ဟာက ဩဩ.... ဟိပဿိကောကိုဘဲ ရှုတ်သာနေတာ၊ သဘောကျပုံမရပါဘူး (မှန်ပါ့ဘုရား)။

ကဲ....တကာသစ် ဘယ်နှယ်တုံး.... (သဘောကျပုံမရပါ) သဘောကျပုံမရဘူး.... ရှင်းကြပလား၊ တကာ တကာမတို့.... (မှန်ပါဘုရား)။

နောက်တော့ နာယင် နာတဲ့နေရာကို ဘယ်လိုခင်ဗျားတို့ လုပ်ကြမယ်.... (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ယားယင်.... (ယားယင်လဲ ဖြစ်ပျက်ရှုရမှာပါဘုရား) စိတ် ကလေးတွေက ပျက်ပျက်သွားယင် (ဖြစ်ပျက်ရှုရပါမယ်)။

ပျက်ပျက်သွားတဲ့ နောက်ကို နောက်ကနေ မဂ်လိုက်ပေး၊ (မှန်ပါဘုရား) ရှုတဲ့ဉာဏ်ကလေး လိုက်-လိုက်ပေးတဲ့အခါကျ တော့ ကြာတော့ကို တကာတကာမတို့ နဂိုရိုက အပျက်ခန္ဓာ ကိုယ်ကြီးမို့ တကိုယ်လုံးမှာ ဘင်္ဂဉာဏ် အပျက်ချည်းလာတော့ မှာဘဲ၊ ခင်ဗျားတို့က မကြည့်ရတော့ဘူး၊ အပျက်စ,တွေ့တယ်ဆို ကတည်းက ထိသွားမှာဘဲ....(မှန်ပါဘုရား)မထိသေးဘူးလား.... (ထိပါတယ်ဘုရား)။

ပထမတော့ ခပ်ကျဲကျဲလာလိမ့်မယ်.... (မှန်ပါ) နောက်ရှုပါ မျှားလာတော့....(ထိလာပါတယ်)အဲ-ထိလာတော့ အပျက်တွေ့ အကုန် သိလာလို့ ရှိယင်ဖြင့် အပျက်တွေ့ မမှုန်းပေဘူးလား.... (မှုန်းပါတယ်ဘုရား)။

မှုန်းရုံတင်မကဘူး တကာ တကာမတွေ့ နောက်ကျတော့ ဒီအပျက်ကြီးဖြင့်.... အင်း....ဟင်.... ဇာတ်သိမ်းချင်ပါပြီဆိုတာ မလာပေဘူးလား.... (လာပါတယ်ဘုရား)။

အဲ....ဇာတ်သိမ်းချင်ပါပြီဆိုယင် ဒီအပျက်တွေဟာ အကုန် ချုပ်သွားမယ်....(မှန်ပါဘုရား)။

ဒီအပျက်တွေ အကုန်ချုပ်သွားတော့ဖြင့် ဝင့်ကျတ်ပေါ့ဆိုတဲ့ ဉာဏ်ဟာ နောက်ကမလာဘူးလား.... (လာပါတယ်ဘုရား)။

ရှေ့က ဝိပါကဝဋ်ကျတ်သွားတယ်.... (မှန်ပါ့ဘုရား) ရှေ့က ဘာကျတ်သွားပါလိမ့်.... (ဝိပါကဝဋ်ကျတ်သွားပါတယ်)။

အဲ....ဝိပါကဝဋ်ကျတ်သွားတာ နိဗ္ဗာန်ဘဲ (မှန်လှပါဘုရား) သဘောပါလား....(ပါ,ပါပြီဘုရား)။

အဲဒါကြောင့် တကာတကာမတို့ ဘယ်နံပါတ်သည် ကိုယ့် အရေးပါလိမ့်.... (၄-နံပါတ်ဟာ ကိုယ့်အရေးပါဘုရား)။

၁-၂-၃-သည် ဆုတောင်းအရေး....(မှန်ပါ့ဘုရား) ၄-သည် ကိုယ်တိုင်လုပ်ရမည့်အရေး (မှန်လှပါဘုရား) ၅-သည်ကားလို့ ဆိုယင် အထမြောက်တဲ့အတွက် တကာ တကာမတို့ ဘုရား မပြောင်း၊ တရားမပြောင်းတာ ဖြစ်သွားတယ်....(မှန်ပါ့ဘုရား)။

ကတည်းက ကတဝေဒီ ဆိုတာနော်.... (မှန်ပါ့ဘုရား) ဘုရား တရားပြောင်းသေးရဲ့လား .... အဲဒီကျတော့.... (မပြောင်းပါဘုရား)။

အခုအချိန်မှာတော့ တကာ တကာမတွေ ပြောင်းလိမ့်ဦးမယ်နော်....(မှန်ပါ့ဘုရား)ဘုရားပြောင်း တရားပြောင်း အကုန်ပြောင်းလိမ့်ဦးမယ် မမြဲသေးဘူး.... (မှန်ပါ့ဘုရား)။

ဒါကြောင့် တကာတကာမတို့ ၄-အထမြောက်အောင်လုပ်ပါ ဆိုတာကို လေးစားစွာနဲ့ သတိပေးလိုက်ပါတယ်.... (မှန်လှပါဘုရား) သဘောပါပလား....(ပါ-ပါပြီဘုရား)။

ကိုင်း....ဒါဖြင့် ဝိပဿနာ အလုပ်သက်သက်ကို ဟောကြစို့၊ ဒါက တိုက်တွန်းရင်းဟောတဲ့ဝိပဿနာ.... (မှန်ပါ့ဘုရား)။

မိုးကုတ်ဝိပဿနာ လုပ်ငန်းစဉ်တရား (၅)

သတ္တဝါအစ အဝိဇ္ဇာတဏှာက "အနမတဂ္ဂေါ ဃံ ဘိက္ခဝေ သံသာရော၊ အဝိဇ္ဇာ နီဝရဏာနံ တဏှာသံယောဇနာနံ" ဆိုတဲ့ အတိုင်း အဝိဇ္ဇာနဲ့ တဏှာကြောင့် ခန္ဓာငါးပါး မဖြစ်ဘူးလား (ဖြစ်ပါတယ် ဘုရား)။

တကာ တကာမတွေ အဝိဇ္ဇာနဲ့တဏှာကြောင့် ဘာဖြစ်သတုံး....(ခန္ဓာငါးပါးဖြစ်ပါတယ်ဘုရား) မရှုတဲ့ပုဂ္ဂိုလ်မျှားမှာ မဂ္ဂဖြဟ္မစရိယ အကျင့် မကျင့်တဲ့ လူမိုက်မျှားကျတော့ ကိုယ့်ခန္ဓာကိုယ် ဖြစ်ပျက်နေပါတယ်လို့ သိရဲ့လား....(မသိပါဘုရား)။

မသိတာကအဝိဇ္ဇာ၊ ဖြစ်ပျက်မှန်း မသိတဲ့ အခါကျတော့ သူ့ဘဲကျန်းမာဘို့ ကျုပ်မေတ္တာပို့ပြီးသကာလ သူ့ဘဲအားကိုးနေရတယ်ဆိုတော့ ဒိဋ္ဌိ-တဏှာ မလာဘူးလား.... (လာပါတယ် ဘုရား)။

လာတော့ ခန္ဓာနောက်က လူမိုက်ကျတော့ အဝိဇ္ဇာနဲ့တဏှာ ပြန်လိုက်တယ်.... (မှန်ပါ့ဘုရား) အဝိဇ္ဇာ တဏှာကြောင့်လည်း ဖြစ်သေးရဲ့.....(မှန်လှပါဘုရား) သူ့နောက်ကတခါ ဘာပြန်လိုက် ပြန်သတုံး.... အဝိဇ္ဇာနဲ့တဏှာ ပြန်လိုက်ပါတယ်ဘုရား)။

ဒါဖြင့်၊ ဒီအဝိဇ္ဇာ တဏှာကလဲ ဒီအဝိဇ္ဇာတဏှာတွေဘဲ ဒီခန္ဓာ မလုပ်ပေဘူးလား....(လုပ်ပါတယ်ဘုရား)။

အဲ....လုပ်လို့ရှိရင်ဖြင့် ဒါဘယ်သူ့အလုပ်လို့ ဆိုကြမတုံး (လူမိုက်တွေအလုပ်ပါဘုရား)။

ဩော်....လူမိုက်တွေက ဒုက္ခကလာပြီး သကာလ အဝိဇ္ဇာ တဏှာကလာပြီး အဝိဇ္ဇာတဏှာဘဲ ပြန်ပေါက် ပွားတယ်.... (မှန်ပါ့ဘုရား)။

အဝိဇ္ဇာတဏှာကြောင့် ခန္ဓာရတယ်(မှန်ပါဘုရား) ဒီအဝိဇ္ဇာတဏှာကြောင့် ခန္ဓာရပြီးအဝိဇ္ဇာတဏှာဘဲ ပြန်ဖြစ်သောကြောင့် အနာဂတ်ခန္ဓာတွေ ဘယ်နှယ်နေသတုံး.... (ရပါတယ်ဘုရား)။

သြော် .... လူမိုက်သည်ကား လို့ဆိုယင် ဟောဒီနေရာမယ် မဂ္ဂဗြဟ္မစရိယ အကျင့်ကို ကျင့်ရမယ်....(မှန်ပါဘုရား)။

ဒီနေရာမယ် အပျက်နဲ့ မဂ်နဲ့ ကိုက်ရမယ်ဆိုတာ ဒီလိုနေရာသဘောကျကြပလား.... (ကျပါပြီဘုရား)။

အပျက်နဲ့ မဂ်နဲ့ ကိုက်ရမယ်ဆိုတာသည် တကာ တကာမတို့ သုံးနေရာဘဲနော်.... (မှန်ပါဘုရား) တစ်-နှစ်-သုံးပေါ်ကြပလား။ (ပေါ်ပါပြီဘုရား)

ကိုင်း....ဒါဖြင့် တကာတကာမတွေ ဒီအတိုင်းသွားကြတော့မလား၊ မဂ္ဂဗြဟ္မစရိယ အကျင့် ကူကြတော့မလား....(မဂ္ဂဗြဟ္မစရိယအကျင့် ကူပါမယ်ဘုရား)။

လူသာဓုခေါ် နတ်သာဓုခေါ် ဖြစ်အောင်လဲ ပြောမနေနဲ့နော်....ကိုယ့်ကိုယ်ကိုယ် သာဓုခေါ်နိုင်အောင် လုပ်ပါ....(မှန်ပါဘုရား)။

လူသာဓုခေါ် နတ်သာဓုခေါ် ဆိုတာကတော့ အမည်ကြည့်ပြီး ခေါ်ချင်ခေါ်တာ.... (မှန်ပါဘုရား) အဝတ်ကလေး နီနီဝတ် တံဘက်ကလေး တင်ပြီးသွားယင် သြော်....သာဓု....သာဓု တရားနာသွားတယ် သူတို့၊ ဒါပေမဲ့ သူတို့ဝမ်းထဲမှာ ကံလေသာ တောထချင် ထလာတာမဟုတ်ဘူးလား.... (မှန်ပါဘုရား)။

အဲဒီ လူသာဓုခေါ် နတ်သာဓုခေါ်ကိုတော့ ခင်ဗျားတို့အလို မရှိနဲ့၊ ကိုယ့်ကိုယ်ကိုယ် သာဓုခေါ်နိုင်အောင် လုပ်စမ်းပါ.... (မှန်ပါဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် လူသာဓုခေါ် နတ်သာဓုခေါ်ကို သဘောကျသလား ကိုယ့်ကိုယ်ကိုယ် သာဓုခေါ်ဘို့ရာ အရေးကြီးသလား.... (ကိုယ့် ကိုယ်ကိုယ် သာဓုခေါ်ဘို့ရာ အရေးကြီးပါတယ်ဘုရား)။

ဩော်....ကိုယ့်ကိုလေသာငြိမ်းလို့ နေရာကျပြီ၊ တော်-တော် သေးရဲ့၊ ကိုယ့်ကိုယ်ကိုယ်သာ သာဓုခေါ် နိုင်အောင် လုပ်စမ်းပါ (မှန်ပါ့ဘုရား)ရှင်းပလား....(ရှင်းပါပြီဘုရား)။

သူများ သာဓုခေါ်ဘို့ကျတော့ ရေအိုးစင်တည်- ခေါ်တယ် ခင်ဗျားတို့ကို စိတ်သာချ....(မှန်ပါ့) မခေါ်ဘူးလား၊ ခေါ်မ လား....(ခေါ်ပါတယ်ဘုရား)။

ရေအိုးစင်သာ ခေါ်တာကိုးဗျ၊ ခင်ဗျားတို့က နောက်ဘဝ ရေလိုအေးပြီး ပန်းလိုလန်းပါစေ ဆိုတော့ သွားရောပေါ့.... (မှန်ပါ့) မသွားသေးဘူးလား.... (သွားပါတယ်ဘုရား)။

ရေလိုအေးပြီး ပန်းလိုလန်းပါစေဆိုတော့ လှပါရစေ-ပ, ပါ ရစေဆိုတဲ့ အဓိပ္ပါယ်ပြန်ရောက်တယ်....(မှန်ပါ့ဘုရား)။

ဦးခင်မောင် ဘာသစ္စာ ပြန်တောင်းသလဲ.... ဒုက္ခသစ္စာပြန် တောင်းပါတယ်ဘုရား)။

ဒုက္ခသစ္စာ ပြန်တောင်းတော့ကို သူကတော့ ဒုက္ခသစ္စာပြန် တောင်းနေတယ်၊ ဘေးကပုဂ္ဂိုလ်က အင်း....သာဓု-သာဓုဆိုတော့ အင်း-ကန့်လန့်ကြီး ဒီအဓိပ္ပါယ် မရောက်ဘူးလား(ရောက်ပါတယ် ဘုရား) အင်မတန်ဆိုးမနေဘူးလား.... (ဆိုးပါတယ်ဘုရား)။

ကဲ....ဒါဖြင့် တကာတကာမတို့ ခေါ်တဲ့ ပုဂ္ဂိုလ်မှာတော့ဖြင့် သူ့မှာ အပြစ်မရှိပါဘူး၊ ခံရတဲ့ပုဂ္ဂိုလ်က အတော်လဲ့နေတယ်- (မှန်ပါ့ဘုရား) မလဲ့ဘူးလား.... (လဲ့ပါတယ်ဘုရား)။

ဒုက္ခရှိလျက်နဲ့....(ဒုက္ခရှာတယ်) ရှင်းပလား (မှန်ပါ့ဘုရား) ခန္ဓာကြီးက အခုရေအိုးစင်တည်တဲ့ခန္ဓာက ဘာသစ္စာလဲ....(ဒုက္ခသစ္စာပါဘုရား)နောက်ရမှာကကော.... (ဒုက္ခသစ္စာပါဘုရား)။

အို-ဒါဖြင့်ဒုက္ခရှာတာ၊ ဒီနိဗ္ဗာန်ရှာလို့ရှိယင် ဘယ်လောက်ဘဲရှာရှာ အင်မတန်ကောင်းတယ်.... (မှန်ပါ့ဘုရား) ခုတော့ဒုက္ခရှိလျက်နဲ့ ဒုက္ခရှာနေတော့ တကာ တကာမတို့ မျက်စိလည်သွားတယ်(မှန်ပါ့ဘုရား) မလည်ဘူးလား.... (လည်ပါတယ်ဘုရား)။

အဲဒီလို မလည်ကြပါနဲ့တဲ့ နေ့စဉ် လှူဒါန်းပေးကမ်းပါ၊ ဒုက္ခဝဋ်မှကျတ်ရပါလို့၏လို့ ဆုတောင်းပါ- ဒီဒုက္ခ မလာအောင်....(မှန်ပါ့ဘုရား) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ကိုင်း....ဒါဖြင့် တကာ တကာမတို့ ဝိပဿနာအလုပ်ကိုလုပ်ကြပါစို့ဆိုတော့ ဒီအထဲမှာ ခန္ဓာငါးပါး ရှိတယ်နော်.... (မှန်ပါ့) ခန္ဓာငါးပါးဟာ ချုံးလိုက်တဲ့အခါကျတော့ တကာတကာမတို့သိတဲ့အတိုင်း ရုပ်နာမ်ဘဲရှိတယ်(မှန်ပါ့ဘုရား)ဒီ့ထက်ချုံးလိုက်တဲ့အခါကျတော့ ဖြစ်ပျက်ဘဲ ရှိတော့တယ်.... (မှန်ပါ့ဘုရား) ဒီ့ထက်ချုံးလိုက်တဲ့အခါ....(အပျက်ဘဲ ရှိပါတယ်ဘုရား)။

ဒါဖြင့် ဒီအထဲက အပျက်မိအောင် ရှုနိုင်လို့ရှိယင် ဓမ္မာနုပဿနာ သတိပဋ္ဌာန်သွားဖြစ်တယ်.... (မှန်ပါ့ဘုရား)။

ဖြစ်တော့ကိုတဲ့....မနေ့က ဝေဒနာက မဆုံးလို့ ခန္ဓာငါးပါးထဲမှာ ဝေဒနာတပါးတည်း မဟုတ်ဘူး၊ ဝေဒနာသည်ကားလို့ဆိုလို့ရှိယင် တကာတကာမတို့ ဖြန့်ကြည့်ယင် သုံးခုရှိမှာဘဲ....(မှန်ပါ့) ဒီထက်ဖြန့်လို့ရှိယင်လဲ ငါးခုရှိမှာပေါ့ဗျာ၊ မရှိပေဘူးလား.... (ရှိပါတယ်ဘုရား)။

သုခဝေဒနာ,ဒုက္ခဝေဒနာ, သောမနဿဝေဒနာ, ဒေါမနဿဝေဒနာ, ဥပက္ခာဝေဒနာရယ်လို့ ဝေဒနာ ဘယ်နှစ်မျိုးရှိပါလိမ့်မယ်.... (ငါးမျိုးရှိပါတယ်ဘုရား)။

အဲဒီငါးမျိုးရှိတော့ သူ့နေရာနဲ့သူလဲ တကာ တကာမတွေ ဟောပြီး ပြောပြီးတွေ့ ဖြစ်နေတော့ အချိန်တွေလဲ ကုန်သွားမှာစိုးတဲ့အတွက် တကာတကာမတို့ ဒီဝေဒနာတွေသည် ဘာတရားတွေတုံးဆိုတာ ရှုတတ်အောင်ဘုန်းကြီးရှင်းပြမယ်နော်.... (မှန်ပါဘုရား)။

ဒီဝေဒနာတွေဟာ ဘာတရားတွေတုံးဆိုတော့ ခင်ဗျားတို့ကတော့ဖြင့် သြော်....သောမနဿ ဝေဒနာဆိုယင်လဲ ခင်ဗျားတို့ကပြုံးနေရယင် တယ်ကျေနပ်တာပေါ့ဗျာ....(မှန်လှပါဘုရား)။

သုခဝေဒနာဆိုလို့ ချမ်းသာလို့ ရှိယင်ဖြင့် ခင်ဗျားတို့က အင်း....ဒီလို ချမ်းသာကလေးနဲ့ နေရလို့ တော်ဘဲတော်သေးရဲ့ ဆိုပြီး သုခဘဲ ဦးခင်မောင်တို့က သဘောကျမှာဘဲ.... (ကျပါတယ်ဘုရား)။

သောမနဿ တအိမ်လုံး ပြုံးနေတဲ့အခါမျှးကော(သဘောကျပါတယ်ဘုရား) အင်း....မသိသေးတော့ သဘောကျသပေါ့ဗျာ....(မှန်ပါ)မသိသေးတော့ သဘောကျတယ် (ကျပါတယ်) သိတော့ သေသေချာချာ စဉ်းစားကြည့်ပါတဲ့ တကာ တကာမတို့နော်....

ရာဓရဟန်းက မေးလိုက်တယ်၊ သံယုတ်ပါဠိတော်မှာ ရာဓ သံယုတ်ဆိုတာရှိတယ်....(မှန်ပါဘုရား)မာရောမာရောတိ ဘန္တေ ဝုစ္စတိ၊ ကိတ္တာဝတာနုခေါ ဘန္တေ မာရောတိ ဝုစ္စတိ။

မိုးကုတ်စိပသနာ လုပ်ငန်းစဉ်တရား (၅)

သူသတ်ယောကျိး သူသတ်ယောကျိးဆိုတာ အရှင်ဘုရား တပည့်တော် မသိလို့ သူသတ် ယောကျိး ဆိုတာ အမိန့်ရှိပါ အရှင်ဘုရား၊ ရာဓရဟန်းကမေးတယ်.... (မှန်ပါဘုရား)။

ဘုရားကဖြေလိုက်တယ်၊ ဘုရားကဖြေပြီ တကာ တကာမတို့၊ ဝေဒနာ မာရော၊ ဝေဒနာ=ဝေဒနာသည်၊ မာရော=သူသတ် ယောကျိးက္ခ....(မှန်ပါ့)။

ဟော.... ခင်ဗျားတို့ထဲမှာရှိတဲ့ ဝေဒနာကွန္ဓာဟာ ဘာပါ လိမ့်(သူသတ်ယောကျိးပါဘုရား) ပေါ်ပလား....(ပေါ်ပါပြီ)။

ခင်ဗျားတို့ထဲမှာရှိတဲ့ဝေဒနာဟာ ဘယ်ဝေဒနာမဆို သူသတ် ယောကျိးချည်း မှတ်လိုက်စမ်းပါ....(မှန်ပါ့ဘုရား)။

မယုယင ဘယမသာသညကားလို့ ဆုလို့ရယင တကာ တကာမတွေ ဘယ်မသာ သွဲးမေးမေး တကာ တကာမတို့ ဘာဝေဒနာတုံး မေးရမှာကေန်(မှန်ပါ့ဘုရား)မမေးရဘူးလား-(မေးရပါတယ်ဘုရား)။

မသာတွေကို ခင်ဗျားတို့ ပို့ဘူးပါတယ်၊ စုံပါရော့မယ်.... (မှန်ပါ့ဘုရား) စုံဘူးတဲ့ အခါကျလို့ရှိယင် ဟိုလူ လက်တို့-ဒီလူ လက်တို့ပြီး ဒီမသာဟာ ဘာမသာတုံးဗျ မေးခဲ့သော် ခင်ဗျား တို့က ယောကျိး-မိန်းမလို့ ထင်နေမယ်၊ စင်စစ်တော့ မဟုတ် ဘူး၊ ဝေဒနာ သတ်လိုက်တဲ့မသာ.... (မှန်ပါ့ဘုရား)။

ယောကျိး,မသာ မိန်းမ,မသာ မရှိဘူး၊ ဘာပါလိမ့်မယ်.... (ဝေဒနာ သတ်လိုက်တဲ့ မသာပါဘုရား) ရှင်းကြပလား.... (ရှင်းပါပြီ ဘုရား)

ဘယ်ဝေဒနာ သတ်လိုက်တာတုံးလို့ ခင်ဗျားတို့မေးတဲ့အခါ ကျလို့ရှိယင်ဖြင့်....တဲ့၊ ဝေဒနာဟာ သတ်နိုင်တဲ့ ဝေဒနာချည်းလို့ ဆုံးဖြတ်ချက်ချ.... (မှန်ပါ့ဘုရား)။

အစားလွန်ပြီး မေ့သွားတယ်၊ စားလို့ ကောင်းတာနဲ့ စားလိုက်တာ(မှန်ပါ့) သုခဝေဒနာသတ်ချလိုက်တာဘဲ.... (မှန်ပါ့ဘုရား)။

အစားလွန်လို့ သေသွားတယ်ဆိုတော့ သုခ ဝေနာသတ်ချလိုက်တာ(မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီ)အစားမှားလို့ သေသွားတယ်ဆိုလို့ရှိယင်ဖြင့် တကာ တကာမတို့ စားမိစားရာ တခါတည်း ဘာမှမပါဘဲနဲ့ စားတယ် ဆိုလို့ရှိယင်ဖြင့် ဒေါမနဿနဲ့ စားလိုက်တဲ့အတွက် ဒေါမနဿ ဝေဒနာ သတ်လိုက်တာကော မရှိဘူးလား.... (ရှိပါတယ်ဘုရား)။

အို....မသိလို့ စားလို့သေတယ်၊ မသိဘဲနဲ့ သူ့ဟာစားလိုက်တာ ဒါကြောင့် သေသွားတယ်ဆိုတော့ မသိတော့ တကာ တကာမတို့ ဥပက္ခာဝေဒနာ....(မှန်ပါ့)ဥပက္ခာ ဝေဒနာသတ်ချလိုက်တာ....(မှန်ပါ့ဘုရား) ဒါဖြင့် ဝေဒနာသုံးပါးလုံး ဘယ့်နှယ်ဆိုကြမလဲ....(သူသတ် ယောကျ်ားပါဘုရား)။

ဒါဖြင့် တကာ တကာမတွေ ဒီဝေနာခွဲကြီးနဲ့ ခင်ဗျားတို့ နတ်ပြည်သွားလဲ သေပါလိမ့်ဦးမယ်.... (မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီ) ဗြဟ္မပြည်သွားလဲ (သေမှာပါဘဲဘုရား)။

ဘာကြောင့်တုံး.... (ဝေဒနာကြောင့်ပါ) ဝေဒနာတွေပါသွားတယ်၊ ဝေဒနာတွေက ဘာတွေပါလိမ့်(သူသတ်ယောကျ်ားတွေပါဘုရား)။

ဩော်....ခင်ဗျားတို့ ခက်ပြီ....(မှန်ပါ့) တကာ တကာမတွေ့ ဃသေချာချာ တွေးပါ၊ ဒီဝေဒနာကွန်ခြောကြီးကလဲ နေရစ်မှာလား....(မနေရစ်ပါဘုရား)။

နို့....ဘာလုပ်ဘို့ လိုက်ပါလိမ့် သူက....(သတ်မလို့ပါဘုရား) သတ်မလို့လိုက်တာ.... (မှန်ပါ့) အမလေး တကာ တကာမတို့ ဝေဒနာမာရောဆိုတာ ဝေဒနာ=ဝေဒနာသည်၊ မာရော=သူသတ်ယောကျ်ားတည်း.... (မှန်ပါ့ဘုရား)။

တကာ တကာမတွေ့ကလဲ ဝေဒနာသုံးပါး ဘယ်ဝေဒနာသည်ကားလို့ဆိုယင် ခင်ဗျားတို့မေတ္တာပို့နေတာ ဘာဝေဒနာတုံးမေးယင် ဘယ်နယ်ပြောကြမယ်၊ ပါရဲ့လား....(မပါ-ပါ)။

သုခဝေဒနာကလဲ အစားလွန်ပြီးသကာလ သတ်ဘို့သူစိတ်ကူးနေတယ်....(မှန်ပါ့)ဝမ်းမြောက်ဝမ်းသာနဲ့ သေစေချင်တယ် (မှန်ပါ့) ဝမ်းမြောက်ဝမ်းသာနဲ့ သတ်တာ မရှိဘူးလား....(ရှိပါတယ်ဘုရား)။

သုခဝေဒနာက ပြုံးပြုံးနဲ့ သတ်တာ....(မှန်ပါ့) ဒုက္ခဝေဒနာကတော့ မျက်နှာထားနဲ့ သတ်တာ.... (မှန်ပါ့)ဥပက္ခာဝေဒနာကတော့ ဘိန်းစားများ သတ်သလိုပေါ့ဗျာ.... (မှန်ပါ့ဘုရား)။

တကာ တကာမတို့ ဥပက္ခာ ဝေဒနာကတော့ဖြင့် မသိလို့ အသတ်ခံလိုက်ရတာ....(မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီ) ဒါဖြင့် ဝေဒနာသုံးမျိုးကို တကာ တကာမတွေ့က ဘာတွေ့လို့ ဆိုကြပါ့မလဲ.... (သူသတ် ယောကျ်ားတွေ့ပါဘုရား)။

ဒါဖြင့် တကာတကာမတွေ့ ယခုခန္ဓာကိုယ်ထဲမှာ ဘာတွေ့နဲ့ နေကြပါလိမ့်.... (သူသတ်ယောကျ်ားတွေ့နဲ့ နေတာပါဘုရား) ဝေဒနာတွေ့နဲ့ နေကြသပေါ့ဗျာ.... (မှန်ပါ့)။

ဝေဒနာတွေနဲ့နေကြတဲ့ အခါကျတော့ ဒီဝေဒနာတွေက ခင်ဗျားတို့ကို ဘယ်လိုမျှားကူညီစောင်မမှာပါလိမ့်မတုံးဆိုတော့ သတ်ဘို့ရာ အချက်စောင့်နေကြတယ်.... (မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

သတ်ဘို့ရာ.... (အချက်စောင့်နေ ပါတယ်ဘုရား) အင်း.... တချို့မျှားအစားလွန်လို့သေသွားတော့ သုခဝေဒနာသတ်လိုက်တာ....(မှန်ပါ့ဘုရား) သဘောကျပလား.... (ကျပါပြီ) မသိလို့ စားလို့သေသွားတော့တကာတကာမတို့ဥပေက္ခာဝေဒနာက မသတ်လိုက်ဘူးလား.... (သတ်လိုက်ပါတယ်ဘုရား)။

ဥပေက္ခာဝေဒနာဆိုတာ သိခဲတာကိုး.... (မှန်ပါ့ဘုရား) တခါတလေကျတော့ ဒေါကြီးမောကြီးနဲ့ စားလိုက် သောက်လိုက်တာနဲ့ မှားမှန်းမသိ - မှန်မှန်းမသိနဲ့ဆိုတော့ ဒေါမနဿ ဝေဒနာသတ်ချလိုက်တယ်....(မှန်ပါ့ဘုရား)။

ဒါဖြင့် မသာ ဘယ်နှစ်မျိုး ရှိပါလိမ့်.... (သုံးမျိုးပါဘုရား) သုခသတ်တဲ့မသာ.... (မှန်ပါ့) ဒုက္ခသတ်တဲ့မသာ.... (မှန်ပါ့) ဥပေက္ခာ သတ်တဲ့မသာ.... (မှန်ပါ့) အေး.... နတ်တွေကျတော့ ပျော်လွန်းတာနဲ့ သေတာ.... (မှန်ပါ့) သုခဝေဒနာ သတ်ချလိုက်တာ....(မှန်ပါ့ဘုရား)။

နတ်တွေကျတော့.... (ပျော်လို့ သေတာပါ) ပျော်လို့ သုခဝေဒနာသတ်ချလိုက်တာ၊တခါတည်း အတွဲလိုက်အပြုံလိုက် အဝိစိကျတယ်.... (မှန်ပါ့ဘုရား) ဘယ်လောက် ကြောက်စရာကောင်းသလဲ....(မှန်ပါ့ဘုရား)။

ဘယ်သူပါလိမ့် တကာတကာမတို့.... (သုခဝေဒနာ သတ်တာပါ) ပဉ္စမစျာန်ဖြဟ္မာတွေကျတော့ ဥပေက္ခာဝေဒနာ သတ်ချတယ်....(မှန်ပါ့) ဥပေက္ခာဝေဒနာနဲ့ မိန်းမောပြီးသကာလ တခါတည်း ဖြစ်ပျက်တွေဘာတွေဆိုယင် ဘာမှန္နလုံးမသွင်းဘဲနဲ့ နောက်ကျတော့ ဖြဟ္မာပြည်ကနေ ဆင်းပြီးသကာလ ဝက်စားကျင်းတောင် ရောက်တယ်.... (မှန်ပါ့ဘုရား) ဘယ်လောက် ကြောက်စရာကောင်းသလဲ.... (ကြောက်စရာ ကောင်းပါတယ်ဘုရား) ဥပေက္ခာဝေဒနာ သတ်ချလိုက်တာ....(မှန်ပါ့ဘုရား)။

တကာတကာမတို့ ဒါဖြင့် ခင်ဗျားတို့မှာကော အန္ဓရာယ်ကင်းလို့ ဘေးရှင်း ကြပါ ရဲ့လား....(မကင်းပါဘုရား) ဘယ်သူနဲ့ အတူတူနေရသလဲ....(ဝေဒနာနဲ့ အတူတူ နေရပါတယ်ဘုရား)။

သေပါလိမ့်ဦးမယ်.... (မှန်ပါ့) ခင်ဗျားတို့ အကုန်သေလိမ့်ဦးမယ်၊ အကုန်သေလိမ့်ဦးမယ်....(မှန်ပါ့ဘုရား) ရိပ်မိကြပလား (ရိပ်မိပါပြီဘုရား)။

ခြောက်ဟောနေတာလား....အမှန်လား....(အမှန်ပါဘုရား) အမှန်ဘဲတဲ့ တကာတကာမတို့ ရိပ်မိကြပလား....(ရိပ်မိပါပြီ) ဒါဖြင့် တကာတကာမ်တို့ ဒီဝေဒနာတွေ ကျုပ်တို့က သတ်ယင် သူတို့သေလိမ့်မယ်....(မှန်ပါ့ဘုရား)။

သူတို့ကသတ်ခဲ့တဲ့ဘဝကဖြင့်ကျုပ်တို့မရေမတွက်နိုင်တော့ဘူး (မှန်ပါ့ဘုရား) ရေတွက် နိုင်ကြရဲ့လား.... (မရေတွက်နိုင်ပါ) ဒါ့ကြောင့် ဝေဒနာဟာ.... ရာဓ.... သူသတ်ယောကျ်ားကွ၊ သူသတ်ယောကျ်ားကွလို့ သေသေချာချာ ဟောတယ်....(မှန်ပါ့ဘုရား)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ဝေဒနာဟာ သူ့ကိုကိုယ်ကျွာဏ်နဲ့ သတ်နိုင်ယင်သတ်၊ မသတ်နိုင်ယင် သူကသတ်မယ်....(မှန်ပါ့ဘုရား)။

ကဲ....မြေပြေးကိုင်မိလျက် ကြုံနေကြပြီ....(မှန်ပါ့ဘုရား)မြေပြေးဆုပ်မိလျက်ဆိုတဲ့အဓိပ္ပါယ်မရောက်သေးဘူးလား....(ရောက်ပါတယ်ဘုရား) သူ့ကို သတ်ယင်သတ်ပါ တကာတကာမတို့နော်....(မှန်ပါ့) ကိုယ်ကနိုင်အောင် သတ်ယင်သတ်၊ မသတ်ယင် ဘာလုပ်မယ်....(သူကသတ်ပါလိမ့်မယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ ဒီသင်းချိုင်းတော်တို့ ရဟိုင်းသင်းချိုင်းတို့သွားကြည့်၊ ဆင်ဖြူကန်သင်းချိုင်းတို့ သွားကြည့်၊ အမျိုးမျိုးသောသင်းချိုင်းတွေ သွားကြည့်တာပေါ့ဗျာ....(မှန်ပါ့) ဘယ်သူသတ်တာတွေတုံး ဒီလောက်များတဲ့လူတွေ တမြို့လုံးဟာ(မှန်လှပါဘုရား)။

ဘယ်သူက သတ်ပါလိမ့်....(ဝေဒနာက သတ်တာပါဘုရား) ရော....တကာတကာမတို့ အဲဒီမှာ နေတိုင်းလိုလိုဘဲ အသုဘသွားကြတာတွေ ဦးခင်မောင်....ဘယ်သင်းချိုင်းဖြင့် ဒီနေ့မရှိဘူးလို့-မရှိပါဘူး....(မရှိပါဘုရား)။

ဒါတွေဟာ ဘယ်သူသတ်လိုက်တာဘာလိမ့်(ဝေဒနာကသတ်တာပါဘုရား)ဝေဒနာက သတ်တာ....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

မယုံယင်သွားမေး ဦးခင်မောင်....ဘာဝေဒနာတုံး.... အစားမှားလို့ယင်လဲ ဖြစ်ရမယ်၊ အသွားမှားလို့ ယင်လဲ....(ဖြစ်ရပါ

မယ်)မသိလို့ ဖြစ်သွားယင်လဲ ဖြစ်ရလိမ့်မယ်....(မှန်ပါ့)ဝေဒနာ သုံးပါး လှည့်သတ်တယ်ဆိုတာ မသေချာဘူးလား.... (သေချာပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတွေ့ ဝေဒနာဟာဖြင့် ဝေဒနာမာရော-ဆိုတာ သဘောကျပလား-(ကျပါပြီ)ရာဓ....ဝေဒနာ= ဝေဒနာသည်၊ မာရော=သူသတ် ယောကျ်းတည်းက့....လို့ ဟောတယ်....။

သင်က သတ်ယင်သတ်၊ မသတ်ယင် သူကသတ်လိမ့်မယ်.... (မှန်ပါ့ဘုရား)ရှင်းပလား....(ရှင်းပါပြီ) ဒါကြောင့် နိဗ္ဗာန်မှာ ကျတော့ ဝေဒနာကွန္ဓာတွေ့ ရှိသေးရဲ့လား....(မရှိပါဘုရား)။

ဒါ့ကြောင့် နိဗ္ဗာန်သည် အမတနိဗ္ဗာန်၊ မသေရာနိဗ္ဗာန်ဆိုတာ သူမရှိလို့.... (မှန်ပါ့ဘုရား) သူရှိယင် သတ်ဦးမှာ.... (မှန်ပါ့ဘုရား)ရိပ်မိကြပလား....(ရိပ်မိပါပြီ)။

ဒါဖြင့် တကာတကာမတွေ့ကငေ့ရှာကြငေ့ရှာကြ၊ အမျိုးမျိုး အိမ်-တိုက်-ကား-ရှာကြ၊ ဘာဖြစ်ချင်တုန်းလို့ မေးလို့ရှိယင် ဝေဒနာရှာတာဘုရား....(မှန်ပါ့ဘုရား)။

ဘာရှာကြတာတုန်း....(ဝေဒနာ ရှာတာပါဘုရား) သူတို့ရှိတော့ ဝမ်းသာရတယ်....(မှန်ပါ့) ဝမ်းသာတဲ့ဝေဒနာ သတ် အောင်လို့....(မှန်ပါ့ဘုရား) ရိပ်မိပလား.... (ရိပ်မိပါပြီ)။

ဒါဖြင့်တကာတကာမတွေ့ အခုနေ့တိုင်း လိုက်ရှာနေကြတာ ဘာရှာကြတာတုန်း....(ဝေဒနာ ရှာတာပါဘုရား) သြော်....သူ

မိုးကုတ်ဝိပဿနာ လုပ်ငန်းစဉ်တရား (၅)

သတ်ယောကျ်ားရှာနေကြတာ.... (မှန်ပါ့ဘုရား) သေခဲ့ရတာ အားမရလို့ပေါ့ဗျာ....(မှန်ပါ့ဘုရား)။

ဒီ-အဓိပ္ပါယ်ကော မရောက်ဘူးလား .... ရောက်သလား.... (ရောက်ပါတယ်ဘုရား) ကိုင်း....ဒါဖြင့် ဒီလောက်ဖြစ်အောင် ကျုပ်တို့မှာလဲ မသိဘဲဖြစ်နေတာ ပေါ်ကြပလား....(ပေါ်ပါပြီ) ရှင်းကြပလား.... (ရှင်းပါပြီ) ဒါဖြင့် တကာတကာမတို့ ကိုယ်ကသတ်ရလိမ့်မယ်ဆိုတာရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

နာရီကစေ့သွားပြီ သတ်နည်း မနက်ဖြန်မှ ပြောကြစို့....။

သာဓု....သာဓု....သာဓု....

ကျေးဇူးကော် - အဂ္ဂမဟာပဏ္ဍိတ

အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း-မိုးကုတ်ဆရာတော်ဘုရား
မန္တလေးမြို့၊ ဦးချစ်ဆွေ ဓမ္မာရုံ၌
ဟောကြားတော်မူသော
(ဝေဒနာနုပဿနာရှုနည်း)

အလုပ်ပေး - တရားတော်

(၂၇-၂-၆၁)

တကာတကာမတွေ....ဒုက္ခခပ်သိမ်း ကင်းငြိမ်းတဲ့ နိဗ္ဗာန်ကြီး ကို အာရုံပြုပြီးသကာလ-ရချင် ရောက်ချင်ယင်ဖြင့် မဇ္ဈိမပဏ္ဏာသ ပါဠိတော်မှာ မာဂဏ္ဍိယ ပုဏ္ဏားကြီးအား ဟောထားတာ ရှိတယ်၊ သူတော်ဆည်းကပ်ကု၊ သူတော်ကောင်းများ ဆည်းကပ်ကြ၊ သံဃာများ ဆည်းကပ်ကြ၊ ပညာရှိတွေ ဆည်းကပ်ကြလို့ ၁-နံပါတ်ဟောလိုက်တယ်နော်....(မှန်ပါ့ဘုရား)။

သူတော်ဆည်းကပ်၊ သူတော်ကောင်းများ ဆည်းကပ်ရမယ် ဆိုတာ သဘောကျပလား....(ကျပါတယ်ဘုရား)။

ကိုယ်-ကိုယ်တိုင် ဉာဏ်နဲ့တော့ ထိုးထွင်းဘို့ရာ အင်မတန်မှ ခဲယဉ်းလှပါတယ်၊ သူတော်ကောင်းတွေဆီကနည်းတွေ နာတွေ အလုံးစုံ အကုန်တွေ ရကြအောင် သံဃာတော်ကတဆင့်အဆက်ဆောင်လာတဲ့ပရိယတ်၊ အဲဒီပရိယတ်တွေကို ပြောကြားညွှန်ပြတဲ့ ကိုယ်တော်တွေ-သက်ကြီး ပညာရှိကြီးတို့ဆီကို ဆည်းကပ်ရမယ်....လို့ ဆိုထားတယ်....(မှန်ပါ့)။

သူတော်ကောင်းဆည်းကပ်၊ ပြီးတော့မှ သူပြောတဲ့တရားကို တခါ နာရဦးမယ်ဆိုတော့ သူတော်ဆည်းကပ်၊ မြတ်တရားနာတဲ့၊ တရားလဲ နာကြရမယ်နော်....(နာကြရပါမယ်ဘုရား)။

မဆည်းကပ်ဘဲနဲ့လဲ ဟိုကပြောမယ်မဟုတ်တော့ ပြောမှလဲ နာရမှာ ဖြစ်ပြီးသကာလ နေတော့ သူတော်ဆည်းကပ်၊ မြတ်တရားနာ၊ ပြီးတော့မှ တကာတကာမတွေက ခန္ဓာကိုယ်ထဲဖြစ်ပြီးပျက်နေတဲ့ ဓမ္မကလေးဘွဲ့ကို လွှန်စွာ အားထုတ်....တဲ့။

ဘယ်ဟာ အားထုတ်ရမှာတုန်း....ဆိုတော့ နာမ်နှင့်ရုပ်ကိုတဲ့၊ (မှန်ပါ့ဘုရား) နာမ်တရား ရုပ်တရားတွေကို တကာတကာမတွေ ကြိုးစားရလိမ့်မယ်နော်....(မှန်ပါ့ဘုရား)။

နာမ်တရားဖြစ်ပျက်, ရုပ်တရားဖြစ်ပျက်တွေကို မြင်အောင် ကြိုးစားရလိမ့်မယ်....(မှန်ပါ့ဘုရား)။

ဒါကြောင့် သူတော် ဆည်းကပ်၊ မြတ်တရားနာ၊ လွှန်စွာ အားထုတ်၊ နာမ်နှင့်ရုပ်ကို၊ ဖြစ်ချုပ်ညာဏ်မြင်၊ သော်....ဖြစ်ပြီးပျက်တဲ့ ဓမ္မသာ ခန္ဓာထဲရှိပါကလားဆိုတာကိုမြင်အောင်ကြည့်ရလိမ့်မယ်....(မှန်ပါ့ဘုရား)ဤငါးအင်၊ မှန်ပင် မဂ်ရကြောင်း-တဲ့။

တကာတကာမတို့ မဂ်ဉာဏ်,ဖိုလ်ဉာဏ် ရချင်လို့ ရှိယင်ဖြင့် ဒီငါးပါး ပြည့်စုံ ရမယ်လို့ ဟောထားတယ်....နော်.... (မှန်ပါ့ဘုရား)။

သူတော်ဆည်းကပ်၊ မြတ်တရားနာ၊
လွှန်စွာအားထုတ်၊ နာမ်နှင့်ရုပ်ကို၊
ဖြစ်ချုပ်ညာဏ်မြင်၊ ဤငါးအင်၊
မှန်ပင် မဂ်ရကြောင်း။

(သုံးခေါက်ဆိုခိုင်းသည်)။

တော်လောက်ပါပြီ၊ တော်လောက်ပါပြီ၊ နောက် နေ့တိုင်း နေ့တိုင်း ပြောသွားလို့ ရှိယင် ဦးခင်မောင် ရပါလိမ့်မယ်....နော် (မှန်လှပါဘုရား)။

ဒါကလေးကို တကာတကာမတွေ့ ရတဲ့ပုဂ္ဂိုလ်လဲ ရကြမှာပေါ့၊ မရတဲ့ပုဂ္ဂိုလ်လဲ နောက်ရက်တွေ့ကျတော့ ပိုင်ကြဆိုင်ကြ လိမ့်မပေါ့.... (မှန်ပါ့)။

ဩော်....ဒါဖြင့်.... မဂ်ဉာဏ် ဖိုလ်ဉာဏ်ဆိုတဲ့ နိဗ္ဗာန်အာရုံကြီး လျင်လျင်မြန်မြန် ရချင်လို့ ရှိယင်ဖြင့်.... သူတော်ကောင်း ဆည်းကပ်ရမယ်ဆိုတာ ၁-နံပါတ်ပေါ့ဗျာ.... (မှန်လှပါ)။

မြတ်တရား နာရမယ်ဆိုတာက- (၂-နံပါတ်ပါဘုရား) လွန်စွာ အားထုတ်ဆိုတဲ့ ဝီရိယစိုက်ရမယ် ဆိုတာက.... (၃-နံပါတ်ပါဘုရား) နာမ်နှင့်ရုပ်ကို၊ ဖြစ်ချုပ် ဉာဏ်မြင်က....(၄-နံပါတ်ပါဘုရား)။

နာမ်နှင့်ရုပ်ကို ခန္ဓာကိုယ်ထဲမှာ အဖြစ်နဲ့ အချုပ်ဘဲ ရှိပါတယ်....တဲ့။

အဲဒီ ငါးပါးရလို့ ရှိယင်ဖြင့် အမှန်မဂ်ရမှာပါဘဲ၊ ဖိုလ်ရမှာပါဘဲဆိုတာ တကာတကာမတွေ့ မှတ်ထားပေါ့နော်....(မှန်ပါ့ဘုရား)။

အဲဒါ....မာဂဏ္ဍိယ ပုဏ္ဏားကြီးက တပည့်တော်ကို ဘုရား မဂ်ဉာဏ်, ဖိုလ်ဉာဏ်ရောက်ကယ်ယူတော်မူပါဆိုတော့အို....ကယ်လို့မရသေးဘူးက္ခ၊ မင်း သူတော်ကောင်း ဆည်းကပ်ဦးက္ခ....၊ တရားနာဦးက္ခ၊ အားထုတ်ဦးက္ခ၊ အဖြစ်အပျက်တွေ့ မြင်အောင် အားထုတ်ဦးက္ခ-ဆိုတော့ ဘုရားက မပေးနိုင်ဘူး၊ နည်းသာပေး

နိုင်တယ်၊ ကိုယ်တိုင် လုပ်ယူရမယ်ဆိုတာကော သဘောကျ ကြပလား....(ကျပါတယ်ဘုရား)။

ဘုရားကပေးနိုင်သလား၊ နည်းသာပေးသလား၊ ကိုယ်တိုင် အားထုတ် ယူရမှာလား.... (ကိုယ်တိုင် အားထုတ် ယူရမှာပါ ဘုရား)။

ဘုရားကတော့နည်းပေးကိုယ်တော်ကြီးဆိုတာတော့ သာသ တီတိသတ္ထာ ဆိုတဲ့အတိုင်းဆုံးမသွန်သင်တတ်တာဘဲရှိပါတယ်တဲ့ နည်းလမ်းတွေကို....(မှန်လှပါဘုရား)။

လုပ်ယူရမှာက တကာဝ-ကိုယ်တိုင် အားထုတ်ရတယ်-(မှန်လှ ပါဘုရား) သဘောကျပလား....(ကျပါပြီ)။

ဒါဖြင့်....ခုနက ပြောခဲ့တဲ့ အတိုင်း တကာတကာမတို့ သူ တော ဆည်းကပ် ဆုံတာကို အားလုံး သူတောကောင်းတရား ကြိုးစားနေတဲ့ ပုဂ္ဂိုလ်တွေ ဆည်းကပ်ကြရမယ်ဆိုတဲ့အဓိပ္ပါယ် ပါဘဲ....(မှန်ပါဘုရား)။

တရားကိုလဲနာရမယ်ဆိုတာ အဲဒီ တရားတွေကိုလဲ သူတော် ကောင်း တရားဓမ္မ-ရုပ်နာမ် ဖြစ်ပျက် တရားဓမ္မကို နာရလိမ့် မယ်နော်....(မှန်ပါ)။

နာနုံတွင် နာနေလို့ မပြီးသေးဘူး၊ ကိုယ်က ဝိရိယစိုက်ပြီး သကာလ အားထုတ်ရလိမ့်ဦးမယ်....(မှန်လှပါဘုရား)။

အားထုတ်တဲ့ အခါကျလို့ရှိယင် အားသာ ထုတ်နေတယ် ဘာမှ မမြင်ဘူးဆိုယင်လဲ ဦးခင်မောင်....မဖြစ်သေးဘူးပေါ့ဗျာ (မှန်လှပါဘုရား)။

ဖြစ်ချုပ် ဉာဏ်မြင်တဲ့ အဖြစ်နဲ့ အချုပ်ကလေးကိုလဲ မြင် အောင် ကြည့်ရဦးမယ်....(မှန်လှပါဘုရား)။

အဲ့ဒါ မြင်လို့ရှိယင် တကာတကာမတွေ့ ဘာမှမပူနဲ့တော့ ပုဗ္ဗဘာဂမဂ်ကိုရပြီ.... (မှန်ပါ့)။

ပုဗ္ဗဘာဂမဂ်ကို ရလို့ရှိယင်ဖြင့် လောကုတ္တရာမဂ် သစ္စပါဒ ဆိုတဲ့ နောက်မဂ်ဟာ တကာ တကာမတို့ ဘာမှ မရစရာ မရှိပါဘူးဆိုတာ အောက်မေ့ကြပါတော့.... (မှန်လှပါဘုရား)။

ဒီမဂ်ရလို့ရှိယင်လဲ.... ဒုက္ခသိမ်းတဲ့ နိဗ္ဗာန်ကြီးကို မသေခင် မြင်ရ၊ မဂ်လေးတန်ရဲ့ အဆုံးကျလို့ရှိယင် ကိုယ်တိုင်ဘဲ ဒုက္ခ ခပ်သိမ်းငြိမ်းတဲ့ နိဗ္ဗာန်ဆိုတာကြီး ရောက်ရ-ရရတယ်ဆိုတဲ့ဥစ္စာဖြင့် ဘာမှသံသယမရှိဘဲနဲ့ ကြိုးစားကြပါ ဆိုတာကို တိုက်တွန်းရပြန်တယ်.... (မှန်ပါ့ဘုရား)။

ကိုင်း....ဒါဖြင့် အားထုတ်ရမှာ ဘာတုံး....လို့ မေးတဲ့အခါကျတော့....တကာ တကာမတို့ အရင်အတိုင်းဘဲပြန်ပြီး ဗာလပဏ္ဍိတသုတ်ကို ပြန်ရှင်းတာပေါ့နော်.... (မှန်ပါ့)။

ဒီဘက် အဝိဇ္ဇာသန်ဓါရ၊ အဝိဇ္ဇာပစ္စယာ.... (သန်ဓါရာပါဘုရား) (**စက်ဝိုင်းကိုပြသည်**)။

သန်ဓါရဆိုတဲ့ အဲဒီသန်ဓါရက အဝိဇ္ဇာဆိုတာမသိမှု၊ သန်ဓါရဆိုတာ ပြုပြင်မှုပေါ့ဗျာ.... (မှန်ပါ့ဘုရား)။

အဲဒီ ပြုပြင်မှုတရားတွေ့ကြောင့် တကာတကာမတို့ ဝိညာဏ်နာမ်ရုပ် သဠာယတန ဖဿဝေဒနာဆိုတဲ့ ခန္ဓာငါးပါး မပေါ်ဘူးလား.... (ပေါ်ပါတယ်ဘုရား)။

ဒါဖြင့် အဝိဇ္ဇာ သန်ဓါရကြောင့် ခန္ဓာငါးပါး ပေါ်တယ်ဆိုတာ ရှင်းလင်းနေပြီ.... (မှန်ပါ့ဘုရား) ရှင်းလင်းပြီးသကာလနေတော့ လူမိုက်နဲ့ လူလိမ်မာဘာထူးတုံးဟေ့....ဆိုပြီးသကာလဘုရားသခင် ကိုယ်တော်မြတ်ကြီးက မေးတဲ့အ ခါကျတော့....

မိုးကုတ်ဒေသနာ လုပ်ငန်းစဉ်တရား (၅)

ရဟန်းတွေက မဖြေတတ်လို့ ငါပြောပြပါမယ်ကွာ.... ဆိုပြီး ပြောပြတဲ့အခါ လူမိုက်ကတော့ကွာ....တဲ့၊ ဒုက္ခချုပ်ကြောင်း အားမထုတ်ဘူးကွ၊ အဝိဇ္ဇာနဲ့တဏှာ မပယ်ဘူးဆိုတော့....၊ လူမိုက်ကတော့ ကိုယ်ခန္ဓာကြီးကို ဒုက္ခသစ္စာလို့ မသိဘူး.... (မှန်ပါ့ဘုရား)။

မသိတော့ခင်တယ်၊ မခင်ပေဘူးလား.... (ခင်ပါတယ်ဘုရား) ခင်တော့ အဝိဇ္ဇာသင်္ခါရ ပြန်မလာပေဘူးလား.... (လာပါတယ်ဘုရား) အဝိဇ္ဇာတဏှာ ပြန်လာတာ အဝိဇ္ဇာသင်္ခါရ ပြန်လာတာနဲ့ အတူတူပါဘဲ....(မှန်ပါ့)။

သူတို့သာ ပြန်မလာလို့ရှိရင် တကာ တကာမတို့ သူတို့ထုံးတမ်းအတိုင်း သူတို့အလုပ်-လုပ်လိမ့်မယ်ဆိုတာ ငြင်းဘို့လိုသေးသလား....(မလိုပါဘုရား)။

အဲဒီတော့ ဘာလာဖြစ်လာမလဲဆိုတာ သတိထားလိုက်တာပေါ့.... (ခန္ဓာငါးပါးပါဘုရား)။

ခန္ဓာငါးပါး လာဖြစ်တယ်၊ ဩဿ....ဒီပဋိစ္စသမုပ္ပါဒ်သည်ကားလို့ ဆိုလို့ရှိယင်ဖြင့် အဝိဇ္ဇာသင်္ခါရကြောင့် ဒုက္ခသစ္စာ ခန္ဓာငါးပါးကြီးဖြစ်ပါတယ်....(မှန်ပါဘုရား)။

အဲဒီ ဒုက္ခသစ္စာ ခန္ဓာငါးပါးကြီးဘဲ.... တခါ မသိပြန်တော့ ဒုက္ခသစ္စာရယ်လို့ ရ,ထားတာကြီး မသိပြန်၊ မသိပြန်လို့ ခင်မင်ပြန်ဆိုတော့ ဘဝတဏှာတွေက လာလိုက်ပြန်တယ်....(မှန်ပါ့ဘုရား)။

ထိုကဲ့သို့လာတဲ့အတွက် အဝိဇ္ဇာသင်္ခါရ ပြန်ဖြစ်ပြီး သကာလနောက်-အနာဂတ် ခန္ဓာငါးပါး ပေါ်မလာဘူးလား.... (ပေါ်

လာပါတယ်ဘုရား) ဘာသစ္စာကြီးပါလိမ့်.... (ဒုက္ခ သစ္စာပါဘုရား)။

ဩော်....ဒါဖြင့် ဒုက္ခသစ္စာရှိလျက်နဲ့ ဒုက္ခသစ္စာ မသိတာနဲ့ ဒုက္ခသစ္စာ ပြန်ရတယ်.... (မှန်လှပါဘုရား) သဘောကျပလား.... (ကျပါပြီဘုရား)။

နဂိုရိုက သူ့ခန္ဓာကြီးဟာ....(ဒုက္ခသစ္စာပါဘုရား) အဲဒါ-ဒုက္ခသစ္စာမသိလို့ ခင်ပြန်ရောဗျ.... (မှန်ပါ့ဘုရား) မသိလို့ မခင်ဘူးလား)....(ခင်ပါတယ်ဘုရား)။

ခင်ပြန်တော့ သေသည်၏ အခြားမဲ့၌ ဘာပြန်ရပါလိမ့်.... (ခန္ဓာငါးပါး ပြန်ရပါတယ်ဘုရား)။

ဩော်....ဒါဖြင့် ဒီခန္ဓာကြီးကလဲ ဒုက္ခသစ္စာ၊ ဇာတိ ဇရာ မရဏ....(မှန်ပါ့ဘုရား)။

ရတာကြီးကလဲ.... (ဇာတိ,ဇရာ,မရဏပါဘုရား) ဒုက္ခသစ္စာလဲဟုတ်၊ ဇာတိ, ဇရာ, ဗျာဓိ, မရဏကော.... (ဟုတ်ပါတယ်ဘုရား)။

ဩော်....ဒါဖြင့် လူမိုက်မှာတော့ဖြင့် တကာတကာမတို့ ဒုက္ခထဲကလာပြီးသကာလ ဒုက္ခဘဲပြန်ရတယ်.... (မှန်ပါ့ဘုရား)ဒုက္ခထဲကလာပြီးတော့.... (ဒုက္ခဘဲပြန်ရတယ်) ဒုက္ခဘဲပြန်ရတယ်ဆိုတော့ အမြတ် အစွန်းများ ထွက်သေးလား.... (မထွက်ပါဘုရား)။

ဒါဖြင့် တကာတကာမတို့ ယခုလိုကြုံကြိုက်တဲ့အချိန်၊ သာသနာတော်ကြီးကလဲ ဝင်းဝါပြီးသကာလ နေတဲ့အချိန်၊ သာသနာတော်ကြီးကလဲ အမျိုးမျိုးအဖုံဖုံ ကိုယ်ထမ်းနိုင်တဲ့ဘက်က ရွက်ဆောင်ပြီး အားပေးနေတဲ့အချိန်မှာ တကာ တကာမတွေက

ကိုယ့်ဟာကိုယ်နည်းနာတွေ့ခံပြီး သကာလလုပ်မနေကြတော့ဘူး ဆိုယင်ဖြင့် အဝိဇ္ဇာတဏှာဘဲပြန်လာမှာဘဲ.... (မှန်ပါဘုရား)။

ဒါဖြင့် လူမိုက်ဟာ လူမိုက်လမ်းဘဲ သွားပြန်တယ်ဆိုလို့ရှိယင် မလွဲဘူးပေါ့ဗျာ.... (မလွဲပါ) ဒါကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ့ လူမိုက်နဲ့ လူလိမ်မာ ဘာထူးသတုံးဆိုတော့ ဒီနေရာမှာ ထူးပါတယ်....(မှန်ပါဘုရား)။

ဒီနေရာ မဂ္ဂင်ဟ်မစရိယာ အကျင့်ဆိုတဲ့ ငါးခု ပြန်သွင်းလိုက်.... (မှန်ပါ) ပြန်သွင်းလိုက်တဲ့ အခါကျလို့ရှိယင်ဖြင့် ဒီအဝိဇ္ဇာတဏှာက မချုပ်ဘူးလား....(ချုပ်ပါတယ်ဘုရား)။

ချုပ်တဲ့အတွက် နောက်ခန္ဓိာငါးပါး ရသေးရဲ့လား.... (မရှိပါဘုရား)ဒါကြောင့်တဲ့ လူမိုက်နဲ့ လူလိမ်မာ ဘာထူးသတုံးဆိုတော့ လူမိုက်မှာ ရှိထားတဲ့ ခန္ဓာနောက်က အဝိဇ္ဇာ တဏှာလိုက်တယ်....(မှန်ပါဘုရား)။

လူလိမ်မာမှာ မဂ္ဂင်ဟ်မစရိယာ အကျင့်ဖြစ်တဲ့ ဝိပဿနာဉာဏ်တွေ့ လိုက်လာတယ်....(မှန်ပါဘုရား) ဦးခင်မောင်-ဘာလိုက်လဲ(ဝိပဿနာဉာဏ်တွေ့ လိုက်လာပါတယ်ဘုရား)။

ဝိပဿနာဉာဏ်တွေ့ လိုက်ပြီးသကာလ၊လာတဲ့အတွက်တကာတကာမတို့ ခန္ဓာဆုံးမသွားဘူလား.... (ဆုံးသွားပါတယ်ဘုရား) ခန္ဓာက ဘာသစ္စာ....(ဒုက္ခသစ္စာပါဘုရား) ဩဿ်....ဒုက္ခသစ္စာကြီး ဆုံးသွားတယ်ဆိုလို့ရှိယင်ဖြင့် ဒုက္ခအေးသွားတာ၊ ဒုက္ခငြိမ်းသွားတာပါဘဲ ဆိုတာနိဗ္ဗာန်ပါဘဲ.... (မှန်ပါဘုရား)ရှင်းကြပြီလား....(ရှင်းပါပြီဘုရား)။

ကဲ....ဒါဖြင့် ဒီမဂ္ဂင်ဟ်မစရိယာအကျင့်ကို ကျင့်ကြပါစို့....လူလိမ်မာဖြစ်အောင်နော်.... (မှန်ပါဘုရား) လူလိမ်မာဖြစ်အောင်

ဘာလုပ်ကြရမယ် (မဂ္ဂဗြဟ္မစရိယာအကျင့်ကို ကျင့်ကြရပါမယ်) မဂ္ဂဗြဟ္မစရိယာ အကျင့်ဆိုတာက တကာဝတို့ဘာလုပ်ကြရမယ်-(ကျင့်ရပါမယ်ဘုရား)။

မဂ္ဂဗြဟ္မစရိယာအကျင့်ဆိုတာ ဘာလုပ်ရမည့် အလုပ်ပါလိမ့် (ကျင့်ရမည့်အလုပ်ပါဘုရား) သြော်....ကျင့်ကြံကြိုးကုတ် အားထုတ်ရမည့်အလုပ်ကြီး တခုပါလားဆိုတာ ပေါ်လာကြပလား (ပေါ်လာပါပြီဘုရား)။

ကောင်းပြီ၊ ဒါက မဂ္ဂင်ငါးပါးဘဲ ထားလိုက်ပါတော့၊ ဒီဘက်ကခန္ဓာငါးပါး.... (မှန်ပါ့) ခန္ဓာငါးပါးသည် ပဋိစ္စသမုပ္ပါဒ်က အဝိဇ္ဇာသင်္ခါရကြောင့် ခန္ဓာငါးပါး ပေါင်းလာ-ဖြစ်လာတယ်နော်.... (မှန်ပါ့ဘုရား)။

အဝိဇ္ဇာသင်္ခါရကြောင့် ဝိညာဏ်နာမ်ရုပ် သာဠာယတန ဖဿ ဝေဒနာတွေမဖြစ်လာဘူးလား.... (ဖြစ်လာပါတယ်ဘုရား)အဲ.... ဒါကို တကာ တကာမတွေ သြော်....ဝိညာဏ်နာမ်ရုပ် သာဠာယတန ဖဿ ဝေဒနာကတခြား၊ ခန္ဓာငါးပါးကတခြားလို့ အောက်မေ့မနေနဲ့တော့၊ သူတို့ဟာ ခန္ဓာငါးပါးဘဲ.... (မှန်ပါ့ဘုရား)။

ဒါဖြင့် ခန္ဓာငါးပါးကို တကာ တကာမတွေ သိပါပြီနော်.... (မှန်ပါ့ဘုရား) အခုတရားနာနေတာ ဘယ်သူပါလိမ့်မတုံး.... (ခန္ဓာငါးပါးပါဘုရား)။

သြော်....ယောကျ်ားတွေလား-မိန်းမတွေလားလို့ မေးလိုက်ယင် ဘယ်နယ်ဖြေကြပါ့မယ်.... (ခန္ဓာငါးပါးလို့ ဖြေပါမယ်)

သြော်-ဟုတ်ပြီတကာတကာမတို့ ခန္ဓာငါးပါးဟာခန္ဓာငါးပါးလို့ သိပြီးသကာလ နေတဲ့အတွက် ငါ သူတပါး ယောကျ်ား-

မိန်းမတွေတော့ မဟုတ်တော့ဘူး၊ ဒိဋ္ဌိစင်တယ်....နော်.... (မှန်ပါ့ဘုရား)။

ဒီခန္ဓာငါးပါးဟာ မိုးပေါ်ကျလား.... တကာ တကာမတို့၊ အဝိဇ္ဇာသန်ခါရက တည်ထောင်လိုက်တာလား.... (အဝိဇ္ဇာသန်ခါရက တည်ထောင်လိုက်တာပါဘုရား)။

ဒါဖြင့် အဝိဇ္ဇာသန်ခါရက တည်ထောင်လိုက်လို့ ခန္ဓာငါးပါးဖြစ်ပါတယ်ဆိုတာ သိလိုက်တဲ့အခါကျတော့ မိုးပေါ်ကျလဲမဟုတ်ပါဘူး၊ ဘယ်သူမှ ဖန်ဆင်းတဲ့လဲ မဟုတ်ပါဘူးဆိုတဲ့ ဝိစိကိစ္ဆာတွေကော စင်မသွားဘူးလား.... (စင်သွားပါတယ်ဘုရား)။

ဒါဖြင့် ဝိစိကိစ္ဆာစင်ပြီ၊ ခန္ဓာငါးပါးဖြစ်လာတာကို သိနေပြီဆိုတော့ ဒိဋ္ဌိကစင်တယ်၊ အလိုလိုဖြစ်တာဖန်ဆင်းလို့ ဖြစ်တာ ဟုတ်သေးရဲ့လား....(မဟုတ်ပါဘုရား)။

အဲဒါ သိလိုက်ကတည်းက ဝိစိကိစ္ဆာ ဘယ်နှယ်နေသလဲ.... (စင်ပါတယ်ဘုရား) အဲ....ဝိစိကိစ္ဆာစင်ပြီးသကာလ သွားတော့ ရော့....ဝိစိကိစ္ဆာ အခုညာတပရိညာအားဖြင့် စင်သွားပြီ၊ သိမှုနဲ့ပယ်လိုက်တာ စင်သွားပြီဆိုတာ မှတ်လိုက်တာပေါ့.... (မှန်ပါ့ဘုရား)။

တခါကြည့်လိုက်ပါဦးတဲ့.... ဒီအဝိဇ္ဇာသန်ခါရက ယောကျ်ားတွေလုပ်လိုက်တာလား၊ မိန်းမတွေမျှား တည်ထောင်လိုက်သလားလို့မေးတော့ ဘာတွေမျှားတွေ့ရသလဲ.... (ခန္ဓာငါးပါးဘဲတွေ့ရပါတယ်ဘုရား)။

ခန္ဓာငါးပါးဘဲ တွေ့ရတယ်ဆိုတော့ ဩော်.... ဒီတရားတပဲ့လုံးမှာ ဘာတွေမျှားပေါ်နေပါလိမ့်.... (ခန္ဓာငါးပါးဘဲ ပေါ်ပါတယ်ဘုရား)။

ခန္ဓာငါးပါး ပေါ်နေတယ်၊ ဩော်.... ဒါဖြင့် ဒီခန္ဓာငါးပါးကို တကာ တကာမတွေ ကျဉ်းလိုက်ကျ- ချုံးလိုက်ကြဦးစို့ဆိုတော့- ခန္ဓာငါးပါးဆိုတာ နာမကွန္ဓာက ၄-ပါး၊ ရူပခန္ဓာက တပါး-ထားလိုက်တော့ရုပ်နာမ်ဖြစ်သွားတယ်.... (မှန်ပါဘုရား)။

ဘယ်လိုမျှားဖြစ်သွားသလဲ(ရုပ်နာမ်ဖြစ်သွားပါတယ်ဘုရား) ရုပ်နာမ်ဘဲ ဖြစ်သွားတယ်ဆိုတာ ခန္ဓာငါးပါး ချုံးလိုက် ကျဉ်းလိုက်တဲ့အခါ ဘာဖြစ်သွားပါလိမ့်.... (ရုပ်နမ်ဘဲ ဖြစ်သွားပါတယ်ဘုရား)။

ရုပ်နာမ်ဘဲ ဖြစ်သွားတယ်ဆိုတာ သေချာပလား....(သေချာပါပြီ) အဲဒီရုပ်နမ်ကိုမှတခါ တကာ တကာမတို့ သည်ကားလို့ဆိုလို့ရှိယင်ဖြင့် ကျဉ်းလိုက်ကြဦးစို့ - ချုံးလိုက်ကြဦးစို့ ဆိုလို့ရှိရင်ဖြင့် သဗ္ဗေသင်္ခါရာအနိစ္စာ၊ ဩော်.... အနိစ္စတလုံးကျန်တော့တယ်....(မှန်ပါဘုရား)။

ဘာကျန်တော့လဲ....(အနိစ္စတလုံးကျန်ပါတော့တယ်)ဩော် ချုံးလိုက်တော့ အနိစ္စတလုံးကျန်တော့ တကာ တကာမတို့ အနိစ္စဆိုတာ "ဟုတ္တာ အဘာဝဝဋ္ဌေန အနိစ္စံ"လို့ ပြောတဲ့အတွက် အဋ္ဌကထာ ဆရာမျှား ရေးသားထားတဲ့အတွက် မှန်လည်းမှန်တဲ့အတွက် ဖြစ်ပြီး မရှိတာကလေးပေါ့ဗျာ.... (မှန်ပါဘုရား)။

ဒါဖြင့် ဖြစ်ပြီးမရှိတာဆိုတော့ ဖြစ်ပျက်ပေါ့ဗျာ.... (မှန်ပါဘုရား) ဒါဖြင့် ခန္ဓာငါးပါး ချုံးလိုက်တော့ ရုပ်နာမ်-ရုပ်နာမ် ချုံးလိုက်တဲ့အခါကျတော့ ဘာကလေး တခုတည်း လာတော့

သလဲ.... (အနိစ္စတခုတည်း လာတွေ့ပါတယ်) အနိစ္စဆိုတော့ မြန်မာလို ဖြစ်ပျက်နော်.... (မှန်ပါ့) ပါဠိလို အနိစ္စ၊ ဒါဘဲလာတွေ့တာဘဲ....(မှန်ပါ့ဘုရား)သဘောကျပလား.... (ကျပါပြီ)။

အဲဒီတော့ တကာတကာမတွေ့ရုပ်နာမ်တွေကိုတဲ့ သတိပဋ္ဌာန်လေးပါးနဲ့ ဝေဘန်လိုက်တဲ့ အခါကျလို့ ရှိယင်ဖြင့် ရုပ်က-ကာယာနုပဿနာ- ဝေဒနာက ဝေဒနာနုပဿနာ၊ စိတ်က-စိတ္တာနုပဿနာ၊ ကျန်တဲ့သည်-သင်္ခါရ နှစ်ခုက ဓမ္မာနုပဿနာတွေ့ဖြစ်နေတော့ သတိပဋ္ဌာန်လေးပါးထဲ အကုန်မဝင်လားဗျာ.... (ဝင်ပါတယ်ဘုရား)။

အဲ....သတိပဋ္ဌာန်လေးပါးထဲ အကုန်ဝင်ပြီးသကာလ သူ့းတော့ ဘုန်းကြီးက တကာတကာမတွေ့ကို ဉာဏ်ထက်ထက်နဲ့ တဏှာမျှားတဲ့ပုဂ္ဂိုလ်တွေ့ ဒီထဲမှာ ပါဦးမှာကိုးဗျ.... (မှန်ပါ့ဘုရား) မပါပေဘူးလား....(ပါ-ပါတယ်ဘုရား)။

အဲဒီကဲ့သို့ ဉာဏ်ထက်ထက်နဲ့ တဏှာမျှားတဲ့ ပုဂ္ဂိုလ်မျှားကျတော့ သုတ်မဟာဝါအဋ္ဌကထာနှင့် သမ္မောအဋ္ဌကထာ ဆရာကလဲဟော့-ဉာဏ်ထက်ထက်နဲ့ တဏှာမျှားယင် ဝေဒနာနုပဿနာပေးလိုက်ပါကွာတဲ့.... (မှန်ပါ့ဘုရား)။

ဘာပေးရမလဲ.... (ဝေဒနာနုပဿနာ ပေးရပါမယ်ဘုရား) ဒါဖြင့် သတိပဋ္ဌာန် လေးပါးထဲက သုံးပါးဖြုတ်ပြီး ဝေဒနာတလုံးထားကြစို့နော်.... (မှန်ပါ့ဘုရား) သဘောကျပလား.... (ကျပါတယ်ဘုရား)။

ဝေဒနာ တလုံးတည်းဘဲ တကာတကာမတွေ့ ရှုကြပါစို့၊ ယနေ့တရားမှာဖြင့်နော်---(မှန်လှပါဘုရား)စုံအောင်တော့ဟောမှာဘဲ၊ ဟောပေမယ်လို့ ယနေ့ဝေဒနာလှည့်ပြီး ဝေဒနာဘဲပြော

ကြပါစို့....လို့ ဆိုတော့ တကာတကာမတို့ ခန္ဓာကိုယ်ထဲမှာ ဝေဒနာဟာ နာမည်တူတော့ဖြင့် ဝေဒနာပါဘဲတဲ့ ခဲ့လိုက်တဲ့ အခါ သုခဝေနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာလို့ ဝေဒနာက ဘယ်နှစ်မျိုးရှိပါလိမ့်....(သုံးမျိုးရှိပါတယ်ဘုရား)။

သုံးမျိုးရှိတယ်ဆိုတာသိထားပြီနော်....(မှန်ပါ့)ဝေဒနာဟာ သုံးမျိုးဘဲရှိတယ်၊ သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာ ဒီသုံးမျိုးလဲ တကာတကာမတွေက မှတ်လိုက်ပါဦး၊ ရှိတာတော့ ဟုတ်ပါရဲ့၊ သုခရှိယင် ဒုက္ခ ဥပေက္ခာမရှိဘူး....(မှန်ပါ့ဘုရား)ခန္ဓာထဲမှာနော်....(မှန်ပါ့ဘုရား)။

ဒုက္ခ ရှိယင် ကျန်တဲ့ နှစ်ခု.... (မရှိပါဘုရား) ဥပေက္ခာရှိယင် ကျန်တဲ့နှစ်ခု....(မရှိပါဘုရား) အဲဒါကျတော့လဲ တကာတကာမတို့ ပြောတာကိုး၊ ရှုရမှာကတော့ ဝေဒနာပေါ်လာတဲ့တလုံး ရှုရုံဘဲ ဆိုတဲ့အဓိပ္ပါတ်ကော ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဝေဒနာတလုံးဘဲ၊ ဝေဒနာသုံးမျိုး ရှိငြားဆော်လဲ ပြိုင်မပေါ် သောကြောင့် ဦးခင်မောင်ရေ တလုံးတည်း ရှုရလိမ့်မယ်....(မှန်ပါ့ဘုရား)။

ပြိုင်မပေါ် သောကြောင့် ဘာတဲ့....(တလုံးတည်း ရှုရပါမယ် ဘုရား)တလုံးတည်းဘဲ ရှုရလိမ့်မယ်ဆိုတာ သေချာကြပလား....(သေချာပါတယ်ဘုရား)။

ကောင်းပြီ ဒါဖြင့် ဒီဝေဒနာတလုံးတည်းဘဲ တကာတကာမတွေက ရှုကြစို့ဆိုတော့ တကာတကာမတွေ ဝေဒနာ မရှုလို့ ရှိယင်လဲ ခင်ဗျားတို့ ဝေဒနာ ဆုတောင်းယူကြလိမ့်မယ်....(မှန်ပါ့ဘုရား)။

နတ်ပြည် ရောက်ရပါလို့၏ တကာ တကာမတွေက မသိတော့၊ နတ်ပြည်ဆိုတာ ဘာပါလိမ့်မတုန်းလို့ မေးတဲ့အခါကျတော့....အို....နတ်ပြည်ဆိုတာ ချမ်းသာတယ် ဆိုလို့....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

နတ်ပြည်ဆိုတာ ဘယ့်နှယ်ကြောင့် ကြိုက်ကြပါလိမ့်.... (ချမ်းသာတယ် ဆိုလို့ပါဘုရား) ဒါဖြင့် ဘာဝေဒနာပါလိမ့်....(သုခဝေဒနာပါဘုရား)။

သုခဝေဒနာကို ဆုတောင်းယူလိုက်တယ်....(မှန်ပါ့)သဘောကျပလား....(ကျပါပြီ) အင်း....ဟင်....တခါ....ငရဲပြည်ကျတော့ ကြောက်တယ်တဲ့ ဘာဖြစ်လို့ ကြောက်သတုန်းမေးတော့ ဒုက္ခဝေဒနာရှိလို့....(မှန်ပါ့ဘုရား) ငရဲပြည်ကျတော့ ဒုက္ခဝေဒနာချည်းဘဲ....(မှန်ပါ့ဘုရား)ရှင်းပလား....(ရှင်းပါပြီဘုရား)။

အင်း....ဟင် ပဉ္စမစျာန် ဗြဟ္မာတွေကျပြန်တော့လဲ ဥပေက္ခာဝေဒနာတွေက ရှိနေတယ်....(မှန်ပါ့ဘုရား)။

အဲဒီတချို့ ဗြဟ္မာကြိုက်တာကလဲ ဥပေက္ခာဝေဒနာ ကြိုက်တော့ တကာတကာမတွေ ဝေဒနာကိုကြိုက်တဲ့ဝေဒနာလဲရှိတယ် မကြိုက်တဲ့ဝေဒနာကော....(ရှိပါတယ်ဘုရား)။

သို့သော် ဒါ-ခင်ဗျားတို့ကြားသာနေတယ် ဘယ်ဝေဒနာမှ မကောင်းဘူးလို့မှတ်....(မှန်ပါ့ဘုရား) ဝေဒနာသည် ကြိုက်တဲ့ဝေဒနာ, မကြိုက်တဲ့ဝေဒနာလို့ တကာတကာမတွေက ဘယ်လိုပင် ပြောငြားသော်လဲ ဝေဒနာသည်ကားလို့ ဆိုလို ရှိယင် ဘုန်းကြီးတို့ တကာတကာမတွေမှတ်ကြပေတော့....ဝေဒနာဟာ

သူသတ် ယောကျ်ား ကြီးလို့ မှတ်လိုက်.... (မှန်လှုပါဘုရား) ဝေဒနာ ဘယ်လို မှတ်ကြမယ်.... (သူသတ်ယောကျ်ားကြီးပါဘုရား)။

ဒါ့ကြောင့် ရာဓရဟန်းကမေးလိုက်တယ် "မာရော မာရောတိ ဘန္တေ ဝုစ္စတိ၊ ကိတ္တာဝတာ နု ခေါ ဘန္တေ မာရောတိ ဝုစ္စတိ" လို့ မေးတော့ ဝေဒနာ မာရော-တဲ့....(မှန်ပါ့ဘုရား)။

ဘန္တေ= အရှင် ဘုရား၊ မာရော မာရောတိ= သူသတ် ယောကျ်ား၊သူသတ်ယောကျ်ားဟူ၍၊ ဝုစ္စတိ=ဆိုအပ်၏၊ ကိတ္တာဝတာနု ခေါ ဘန္တေ မာရောတိ ဝုစ္စတိ= အဘယ်တရားကို သူသတ်ယောကျ်ားလို့ ဆိုပါသလဲလို့ မေးတဲ့ အခါကျတော့.... ဝေဒနာ မာရော=ဘယ်ဝေဒနာမဆို သူသတ်ယောကျ်ားချည်းဘဲကွ....(မှန်ပါ့)ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒုက္ခဝေဒနာကလဲ တကာတကာမတွေ့ သတ်တာဘဲ....(မှန်ပါ့ဘုရား) သုခဝေဒနာကလဲ အပျော်ကျူးလို့ သေတာတွေ့ကော ရှိပါရဲ့လား....(ရှိပါတယ်ဘုရား)။

ဒါဖြင့် ဘယ်သူက သတ်လိုက်ပါလိမ့်.... (သုခဝေဒနာက သတ်ပါတယ်ဘုရား)ဗြဟ္မာတွေ့ကျတော့ သူတို့ပဥ္စမစျာန်တွေနဲ့ ပျော်မွေ့ပြီး ပဥ္စမစျာန်နဲ့ဘဲသေလိုက်တဲ့ ဥစ္စာကျတော့ ဘယ် ဝေဒနာ သတ်လိုက်ပါလိမ့်.... (ဥပေက္ခာဝေဒနာပါဘုရား) ဥပေက္ခာဝေဒနာသတ်လိုက်တော့ အားလုံး တကာတကာမတွေ့ ဝေဒနာကို သေမင်းချည်း မှတ်လိုက်စမ်းပါ....(မှန်ပါ့ဘုရား) ဦးဇင်္ဂံရင်တို့ ဘာမှတ်ကြမယ်....(ဝေဒနာကို သေမင်း မှတ်ရပါမယ်ဘုရား)။

မိုးကုတ်ဝိပဿနာ လုပ်ငန်းစဉ်တရား (၅)

ဒါဖြင့် တကာတကာမတို့ ဒီဝေဒနာကို ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဝေဒနာ မာရောတိလို့....ဟောတော်မူတယ်၊ ဝေဒနာ=ဝေဒနာကို၊ မာရောတိ=သူသတ် ယောကျ်ားဟူ၍.... ဝေဒနာဟာ သူသတ်ယောကျ်ားတဲ့၊ မာရော၀ အာဿ ဘ၀ေယျ၊ မာရော၀=သတ်တတ်သည်သာလျှင်၊အာဿဘ၀ေယျ=ဖြစ်ရာ၏၊

သြော်....ဝေဒနာဟာ တကာတာကာမတွေ့ သတ်နေတာဘဲ-တဲ့....၊ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါကြောင့် တနေ့က စပ်မိလို့ပြောတယ်၊ တကာတကာမတို့ မသာပို့ရတဲ့လူများဟာ မသာပို့ဘူးကြရဲ့လားဆိုတော့ ဒီပဲထဲမပို့ဘူးတဲ့ လူကရှားပါတယ်....(မှန်ပါဘုရား)။

မပို့ဘူးတဲ့ လူက မရှားလားဗျာ.... (ရှားပါတယ်ဘုရား) ရှားကြပါတယ်....တဲ့၊ ရှားတဲ့အခါကျတော့ ခင်ဗျားတို့ လမ်းမှာ နောက်က တိုးတိုးနဲ့ ကျုပ်တို့ကတော့ အိမ်ချင်းကလဲဝဲးတယ်၊ အရပ်ကလဲဝေးတယ်၊ ဘာဝေဒနာတုန်း....အခုသေတာ....(မှန်ပါဘုရား)ဟော....ဝေဒနာဘဲ မေးကြတယ်၊ မမေးကြဘူးလား-(မေးပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ရဟိုင်းသုဿာန်ရောက်တယ်၊ ဆင်ဖြူကန်ရောက်တယ်၊သင်းချိုင်းတော် ရောက်တယ်၊ဘယ်သူ့လက်ချက်တွေ့ပါလိမ့်.... (ဝေဒနာလက်ချက်တွေ့ပါဘုရား) ဝေဒနာလက်ချက်တွေ့....နော်....(မှန်ပါ့)။

တကာ တကာမတွေ့....တဲ့ အိမ်ပေါ်မှာ, မြေ့ရာပေါ်မှာ ခြင်ထောင်ချပြီးသကာလ အနွေးထည်တွေ့ခြုံ ဆေးကောင်း ဝါးကောင်းတွေ့ ဘေးက ခြံရံငြားသော်လဲ ဝေဒနာရှိနေတဲ့

အတွက် ဝေဒနာကဘဲ သတ်လိုက်ပါတယ်....(မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကောင်းပြီ....လူ့ပြည်မှာတော့ သေကာနီး ဒုက္ခဝေဒနာက သတ်တာနော်....(မှန်ပါ့) မသေခင် ကျတော့လဲ မသေ-သေ အောင်တိုက်တွန်းတာကလဲ သုခဝေဒနာက တယ်စားချင်တယ်၊ မတည့်တာမှ တယ်မစားချင်ဘူးလား(စားချင်ပါတယ်ဘုရား)။

စားချင်တာက သုခဝေဒနာ မနေဘူးလား....(နေပါတယ်ဘုရား) အဲ....သုခဝေဒနာနဲ့ စားလိုက်တော့ မတည့်ကဲ့ ဒုက္ခဝေဒနာက မသတ်လိုက်ဘူးလား....(သတ်ပါတယ်ဘုရား)။

အင်း....ဟင်....ကျုပ်က မြင်ယင်တော့ မနေနိုင်ဘူးဆိုတော့ ဥပေက္ခာဝေဒနာက ပြပေးတဲ့ အဓိပ္ပါယ် ပရောက်ဘူးလား....(ရောက်ပါတယ်ဘုရား)။

ဒါဖြင့် ဥပေက္ခာဝေဒနာက ပြ-သမား၊ သုခဝေဒနာက မျိုသမား၊ ဒုက္ခဝေဒနာက သတ်သမား....(မှန်ပါ့ဘုရား)ရှင်းကြရဲ့လား....(ရှင်းပါတယ်ဘုရား)။

ဥပေက္ခာဝေဒနာက....(ပြသမားပါဘုရား) သုခဝေဒနာက (မျိုသမားပါဘုရား) သုခဝေဒနာက မျိုသမားပေါ့ဗျာ၊ စားသမား,မျိုသမားပေါ့....(မှန်ပါ့) ဒုက္ခဝေဒနာကကော....(သတ်သမားပါဘုရား)။

အင်း....ဒါဖြင့် တကာတကာမတွေ့ ခင်ဗျားတို့ သန္တာန်မှာ ဒီဝေဒနာ သုံးပါး ရှိပါရဲ့လား.... (ရှိပါတယ်ဘုရား) စိတ်ချ, လက်ချမနေကြနဲ့၊ သေမင်းပါနေတယ်....(မှန်ပါ့ဘုရား)။

ဘယ်နှယ် ဆုံးမ,ပါလိမ့်....(သေမင်း ပါနေပါတယ်ဘုရား) ဘယ်နှစ်ယောက်ပါလိမ့်.... (သုံးယောက်ပါဘုရား)ဝေဒနာ သုံးပါးဟာ သေမင်းချည်းမဟုတ်လား....(မှန်ပါ့)။

ဒါ့ကြောင့် ဘုရားက ဝေဒနာ မာရောတိ ပဿ၊ဝေဒနာ= ဝေဒနာကို၊ မာရောတိ=သေမင်းဟူ၍၊ ပဿ=ရှုကွ....ရာဓ....ဟု ဒါ့ကြောင့် ဝေဒနာကို အရှုခိုင်းတာကိုး၊ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဝေဒနာကို ဘယ်လို ရှုရမယ်.... (သူသတ်ယောကျ်ားလို့ ရှုရမယ်) သူသတ် ယောကျ်ား.... သေမင်းလို့ ရှုပါ....(မှန်ပါ့ဘုရား)။

"မာရောတိ ပဿ၊ ဂဏ္ဍောတိ ပဿ" သံယုတ်ပါဠိတော် မျှားမှာ အနာလို့လဲရှုကွ....တဲ့....(မှန်ပါ့)သဘောကျကြပလား (ကျပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ခင်ဗျားတို့သည်ကားလို့ ဆိုလို့ ရှိယင်ဖြင့် ပြုံးရင်းလဲ သေနိုင်တယ်....တဲ့....(မှန်ပါ့ဘုရား)။

ပြုံးရင်းလဲ သေနိုင်တယ်ဆိုတာ သုခဝေဒနာ သတ်ချလိုက်တာ... (မှန်ပါ့ဘုရား) မွေ့လျော်မေ့လျော့ပြီး သကာလကလဲ သေနိုင်တယ် ဆိုတော့ ဥပေက္ခာဝေဒနာ သတ်ချလိုက်တာ.... (မှန်ပါ့ဘုရား)။

တချို့မှာ နတ်ပြည်များ ဒေါသဖြစ်တာနဲ့ ခန္ဓာအဆည် ပါ ပျောက်သွားတယ်၊ ဒေါမနဿဝေဒနာ သတ်ချလိုက်တာ.... (မှန်ပါ့ဘုရား)။

ဒါဖြင့် ဒါ သေမင်းမှ ဟုတ်ကဲ့လား- (ဟုတ်ပါတယ်ဘုရား) ဒါဖြင့် ဒီထဲ တကာတကာမတွေ့ အန္တရာယ် ကင်းလို့ ဘေးရှင်းမည့်ပုဂ္ဂိုလ်မျှား ပါကြပါရဲ့လား....(မပါပါဘုရား)။

ဘာ့ကြောင့်တုန်း....သေမင်းသုံးယောက်က အလှည့်ကျရှိနေတယ်....(မှန်ပါဘုရား)။

ဘယ်လိုဆုံးဖြတ်ချက်ချမလဲ(သေမင်းသုံးယောက်ကအလှည့်ကျ ရှိနေပါတယ်ဘုရား)။

သတိထားပါ-သတိထားပါ-တကာတကာမတို့ သေမင်းက ဘယ်နှစ်ယောက်ရှိနေသလဲ.... (သုံးယောက်ရှိပါတယ်ဘုရား)။

ဩော်....တကာတကာမတို့ အခုဟာ တောင်းတောင်းပန်ပန်နဲ့ တရားပွဲ လာခဲ့ကြရတယ်နော်....(မှန်ပါဘုရား)။

သူတို့မသတ်ခင် ကျုပ်တို့ တရားပွဲ လာခဲ့ကြရတယ်....(မှန်လှပါ) သူတို့သတ်ပြီးမှဆိုယင် လာနိုင်စရာ ရှိရဲ့လား....(မလာနိုင်ပါဘုရား)။

သို့သော်-သူတို့ တရားပွဲသွားပါဦးမယ်၊ နေရစ်ခဲ့ပါ မောင်ဝေဒနာရယ်ဆိုတော့ နေရစ်သလား.... ပါရက်လား.... (ပါရက်ပါဘုရား)။

ရော....တကာတကာမတို့ သေမင်းက ထားပစ်ခဲ့လို့လဲ မရပါကလား....(မရပါဘုရား) ထားပစ်ခဲ့လို့လဲ မရဘူးဆိုတာ.... သေချာကြပလား....(သေချာပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ သေမင်း လွှတ်တဲ့ နေရာ ပြေးကြပါစို့....(မှန်ပါဘုရား) ဘယ်ပြေးကြမယ်....(သေမင်းလွှတ်တဲ့နေရာ ပြေးကြပါမယ်ဘုရား)။

ဒါဖြင့် ဝေဒနာသုံးပါး မရှိတဲ့နေရာမှ သေမင်းလွှတ်တော့ မယ်....(မှန်ပါ့ဘုရား) ဘယ်နေရာမှာ လွှတ်ပါလိမ့်....(ဝေဒနာသုံးပါးမရှိတဲ့နေရာပါဘုရား)။

ဒါ့ကြောင့် အခုပျော်နေတာကို ဘုန်းကြီးတို့ တကာတကာမတွေကို သတိပေးရတယ်၊ တကာတကာမတို့ ခင်ဗျားတို့ ပျော်နေတာနော်....ဘုန်းကြီးများ ဝမ်းမသာလို့....မဟုတ်ပါဘူး....၊ သေမင်းရှိရက်နဲ့ ဓါးဂုတ်ပေါ်မှာဝဲရက်နဲ့ ပျော်နေတဲ့အပျော်ပါ....(မှန်ပါ့ဘုရား)ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဘယ်လို ပျော်နေတာပါလိမ့်....(ဓါးဂုတ်ပေါ်ဝဲလျက် ပျော်တာပါဘုရား) ဓါးဂုတ်ပေါ်ဝဲလျက်နဲ့ ပျော်နေတဲ့ အပျော်ဆို တော့ တကာဝတို့....မောင်ထွန်းလှိုင်တို့....ကောင်းသေးရဲ့လား (မကောင်းပါဘုရား) ပေါ်ကြပလား....ပေါ်ပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဘဝများစွာ သံသရာက ဘယ်သူ့လည်ပင်း ခေါင်းစင်းပြီး အပ်ပြီးသကာလ ကျုပ်တို့ နေခဲ့ကြရတယ်ဆိုတာ ယနေ့တော့ဖြင့် ပေါလောကြီး ပေါ်ပါပြီ....(မှန်ပါ့ဘုရား)။

ဝေဒနာ သုံးခု၏ လက်တွင်းမှာ ခေါင်းစင်းပြီး သကာလ သေခဲ့ရတဲ့ ဘဝချည်းဘဲ ဆိုယင်လဲ လွဲပါ့မလား.... (မလွဲပါဘုရား)ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

သို့သော်....တကာတကာမတွေက မသိတဲ့ အခါကျတော့.... ဒီဝေဒနာတွေကိုဘဲ လည်ပြီး ရှာနေကြတယ်....(မှန်ပါ့ဘုရား) ဒီဝေဒနာတွေကို လည်ပြီး ရှာကြတယ်....(မှန်ပါ့)ငွေရှာတယ် ဆိုတာ ဝမ်းသာချင်လို့....၊ရွှေရှာတယ်ဆိုတာကော....(ဝမ်းသာ

ချင်လို့ပါဘုရား) စိန်ရှာတယ်ဆိုတာကော.... (ဝမ်းသာချင်လို့ ပါဘုရား) ဝမ်းသာတာ ဘာဝေဒနာပါလိမ့်.... (သုခဝေဒနာ ပါဘုရား)။

ဩော်....သေမင်း ရှာကြတာပါကလား.... (မှန်ပါဘုရား) ဘာရှာကြတာလဲ.... (သေမင်း ရှာကြတာပါဘုရား) ဩော်.... မသိတော့ တကာ့တကာမတွေ့ သိပ်ခက်ပါကလား.... (မှန်ပါ့)။

သေမင်းဟာ ရှာကောင်းတာလား.... ရှောင်ရမှာလား.... (ရှောင်ရမှာပါဘုရား) ရှောင်ရမှာကို ခင်ဗျားတို့က ဘယ်နှယ် လုပ်နေကြသလဲ.... (ရှာနေကြပါတယ်ဘုရား)။

ဩော်....သေရတာ အားမရလို့လားလို့ဘဲ.... မေးဘို့သာရှိတော့တယ်.... (မှန်ပါ့ဘုရား) ဒီ့ပြင် ဘာမှ မေးစရာမရှိတော့ ဘူး.... (မှန်ပါ့ဘုရား) သဘောပါကြရဲ့လား.... (ပါ-ပါတယ် ဘုရား)။

ကိုင်း....တကာ တကာ့မတွေ့ နတ်ပြည်မျှားမှာ ခိုင်ပဒေါသိ က နတ်တွေ့မျှား အပျော်ကျူးတာနဲ့ ခန္ဓာပါ ပျော်က်သွား တယ်-(မှန်ပါ့ဘုရား)သုခဝေဒနာ သတ်ချလိုက်တယ်.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

တချို့ ဒီလူ့ပြည်မှာလဲ ရှိပါတယ်.... အပျော် လွန်တာနဲ့ သေပြီ၊ မရှိကြဘူးလား.... (ရှိပါတယ်ဘုရား) ဘယ်ဝေဒနာ သတ်လိုက်ပါလိမ့်....(သုခဝေဒနာ သတ်လိုက်ပါတယ်ဘုရား)။

တချို့လဲ အင်း....သူတို့ မူးမေ့ပြီး သေသွားတယ်ကွာ.... ဆိုတော့ ဥပေက္ခာဝေဒနာ သတ်ချလိုက်တယ်....(မှန်ပါ့ဘုရား) သဘောကျပလား.... (ကျပါပြီဘုရား)။

ဒါဖြင့်.... တကာ တကာမတွေ ဘယ်သူ့ လက်တွင်းမှာ ခေါင်းစဉ်းပြီး သေခဲ့ရတဲ့ ဘဝများပါလိမ့်.... (ဝေဒနာလက်တွင်းမှာ သေခဲ့ရတာ များပါတယ်ဘုရား)။

အခုကော တကာ တကာမတို့ ဝေဒနာကင်းကြရဲ့လား.... (မကင်းပါဘုရား) ဝေဒနာမကင်းဘူး၊ သုခမရှိ - ဒုက္ခရှိတယ်၊ ဒုက္ခမရှိ- ဥပေက္ခာရှိတယ်ဆိုတာ သေချာပလား (သေချာပါတယ်ဘုရား)။

အင်း....ဘယ်သူနဲ့ အတူတူနေကြပါလိမ့်(သေမင်းနဲ့အတူတူနေပါတယ်ဘုရား) သေမင်းနဲ့အတူတူ နေကြရတယ်.... (မှန်ပါ့ဘုရား)အားလုံး, တရားတပဲလုံး ဘယ်သူနဲ့အတူတူနေရသတုံး.... (သေမင်းနဲ့ အတူတူနေရပါတယ်ဘုရား)။

ဩော်-ဒီအထဲကလဲ သေမင်းမှန်း မသိတော့လဲ ဦးခင်မောင်ခက်လိုက်တာ.... (မှန်လှပါဘုရား) နေရတာက (သေမင်းနဲ့အတူတူ နေရပါတယ်ဘုရား)။

ဒါဖြင့် တကာ တကာမတို့ ခင်ဗျားတို့ဟာကလဲ သေမင်းရှိရက်နဲ့ သေမင်းမှန်း မသိတော့ပါဘူး ဆိုလို့ရှိယင် တယ်ကြီးတဲ့အဝိဇ္ဇာပါကလားဆိုတာဘဲ ပြောဘို့ ရှိတော့တာဘဲ.... (မှန်ပါ့ဘုရား)အားလုံး, တရားတပဲလုံး ဘယ်သူနဲ့အတူတူနေရသတုံး.... (သေမင်းနဲ့ အတူတူနေရပါတယ်ဘုရား)။

ဩော်-ဒီအထဲကလဲ သေမင်းမှန်း မသိတော့လဲ ဦးခင်မောင်ခက်လိုက်တာ.... (မှန်လှပါဘုရား) နေရတာက (သေမင်းနဲ့အတူတူ နေရပါတယ်ဘုရား)။

ဒါဖြင့် တကာ တကာမတို့ ခင်ဗျားတို့ဟာကလဲ သေမင်းရှိရက်နဲ့ သေမင်းမှန်း မသိတော့ပါဘူး ဆိုလို့ရှိယင် တယ်ကြီးတဲ့အဝိဇ္ဇာပါကလားဆိုတာဘဲ ပြောဘို့ ရှိတော့တာဘဲ.... (မှန်ပါ့ဘုရား) သတ္တောပါကြလား.... (ပါပါတယ်ဘုရား) သေမင်းဘယ်နှစ်ယောက်ရှိပါလိမ့်....(သုံးယောက်ရှိပါတယ်ဘုရား)ဘယ်အချိန်များ သူလုတ်ပါလိမ့်မတုံး.... (မလုတ်ပါဘုရား)။

ဒါ့ကြောင့် ဘုရားက "သောဝေဒနာ ပရိညာယ ဒိဋ္ဌေဓမ္မေ အနာသဝေါ" ဝေဒနာများ သေမင်းရယ်လို့ ပိုင်းပိုင်းခြားခြားနှိပ်စက်တတ်တဲ့တရားလို့ ကိစ္စဉာဏ်နဲ့များ သိမယ်ဆိုလို့ရှိယင် ကွာ....မျက်မှောက်ဌပင် အာသဝေါကင်းပါသတဲ့.... (မှန်ပါ့)။

သူ့ကို သေမင်းရယ်လို့မျှား သေသေချာချာသိပြီးသကာလ နှိပ်စက်တတ်တဲ့ တရားရယ်လို့ အမှန်မျှား သိကြမယ်ဆိုလို့ရှိယင် ဖြင့် သညာသိန့်မသိဘဲနဲ့ ပညာသိန့် သိရမယ်ဆိုလို့ ရှိရင်ဖြင့် ဒီဌေဓမ္မေ အနာသဝေါ = ယခုဘဝတွင်ပင် အာသဝေါကင်းပါ လိမ့်မယ်ကွာ....တဲ့(မှန်ပါ့ဘုရား)။

ကာယဿဘေဒါ ဓမ္မဌေဒါ၊ ကာယဿ=ခန္ဓာကိုယ်၏၊ ဘေဒါ=သေသည်မှ နောက်ကာလ၌၊ ဓမ္မဌေဒာ=နိဗ္ဗာန်၌တည်သည်၊ ဟောတိ=ဖြစ်၏ သဘောကျပလား.... (ကျပါပြီဘုရား)။

ဝေဒနာကို ခင်ဗျားတို့ သေမင်းလို့ နှိပ်စက်တတ်တဲ့တရားလို့ အမှန်မျှား သိမယ်ဆိုလို့ရှိယင်ဖြင့် အခု အာသဝေါကင်းပါတယ်တဲ့....(မှန်ပါ့ဘုရား) သဘောကျပလား.... (ကျပါပြီ)။

ကာယ ဿဘေဒါ ဓမ္မဌေဒာ-ကာယဿ = ခန္ဓာကိုယ်၏၊ ဘေဒါ=ယခုဘဝသေသည်၏ အခြားမဲ့၌၊ ဓမ္မဌေဒာ=နိဗ္ဗာန်၌ တည်သည်၊ ဟောတိ=ဖြစ်၏၊ တခါတည်း နိဗ္ဗာန် ရောက်သွားမယ် (မှန်ပါ့ဘုရား)။

သောဝေဒဂူ=ထိုရဟန္တာပုဂ္ဂိုလ်သည်၊ သန်္ဒိဋ္ဌေန် = ပုထုဇဉ် ဟူသော အရေအတွက်သို့၊ နောပေတိ- နဥပေတိ=မရောက်ပါဘူးကွာတဲ့....(မှန်ပါ့)ဒါဝေဒနာသံယုတ်ပါဠိတော်မှာလာပါတယ်.... (မှန်ပါ့ဘုရား) သဘောကျပလား.... (ကျပါတယ်)။

ဝေဒနာဟာ သူသတ်ယောကျ်ားလို့ ပိုင်ပိုင်နိုင်နိုင်သိလို့ရှိယင် မင်းတို့ အာသဝေါကုန်ပါတယ်တဲ့.... (မှန်ပါ့ဘုရား)ဦးခင်မောင်-တယ်ကောင်းပါကလား.... (ကောင်းပါတယ်ဘုရား)။

ဝေဒနာကို သူသတ် ယောကျ်ားရယ်လို့ ကိစ္စဥာဏ်နဲ့ ပိုင်ပိုင်နိုင်နိုင်သိလို့ ရှိယင်ဖြင့် ဘာဖြစ်သတဲ့တုံး.... (အာသဝေါကုန်ပါတယ်ဘုရား) အာသဝေါ ကုန်တယ်တဲ့၊ ဒီဥစ္စာ မင်္ဂလေးတန်ကို တခါတည်းတန်းပြီး ရနိုင်တယ်ဆိုတဲ့ အဓိပ္ပါယ်ကျအောင် ဘုရား သခင်ကိုယ်တော်မြတ်ကြီး ဟောတော်မူတယ်နော် (မှန်ပါ့)။

သောဝေဒနာ ပရိညာယ-
ဒိဋ္ဌေဓမ္မေ အနာသဝေါ။
ကာယဿ ဘေဒါ ဓမ္မဋ္ဌော၊
သဒ္ဓိံ နောပေတိ ဝေဒဂူ။

ဆိုတော့ သူ့ကို ဒုက္ခသစ္စာပိုင်ပိုင်နိုင်နိုင်သိဘို့ တကာ့တကာမတွေ့ယနေ့ပြောရလိမ့်မယ်.... (မှန်ပါ့ဘုရား)။

ဒီလိုသိပြီးလို့ ရှိယင်လဲ ဘာမှမပူပါနဲ့တော့တဲ့ အာသဝေါကင်းပါလိမ့်မယ်တဲ့ (မှန်ပါ့ဘုရား) ဟုတ်လည်း ဟုတ်ပေသားဘဲ တကာတကာမတို့၊ ရတဲ့ပါဠိနဲ့ဘဲ ဘုန်းကြီးအကိုးအကားပြလိုက်ပါမယ်ဆိုတော့ ဝေဒနာနိရောဓါ ဦးခင်မောင်တို့ ဆိုကြစမ်း (တဏှာနိရောဓော)ဝေဒနာ နိရောဓါ....(တဏှာနိရောဓါ)။

ဟော....တဏှာနိရောဓါဆိုတဲ့ ကာမာသဝ ချုပ်သွားပြီ၊ ကာမာသဝဆိုတဲ့လောဘလေ(မှန်ပါ့)ဘဝါသဝ ဆိုတဲ့ ဘုံးဘဝတပ်နှစ်သက်တဲ့ လောဘကော.... (ချုပ်ပါတယ်ဘုရား)ဒိဋ္ဌာသဝဆိုတဲ့ လောဘနဲ့ သဟဇာတဖြစ်နေတဲ့ ဒိဋ္ဌိကော....(ချုပ်ပါတယ်ဘုရား)။

နောက်ပြီးတော့ ဒီဒိဋ္ဌိနဲ့ သဟဇာတဖြစ်နေတဲ့ မောဟကော (ချုပ်ပါတယ်ဘုရား) ဟော - အာသဝ လေးပါးပေါ့ တကာ

တကာမတို့၊ သူတို့ချုပ်အောင် လုပ်နိုင်လို့ ရှိယင် အာသဝေါတရား လေးပါးလဲ နောက်ကချုပ်ပါတယ်ဆိုတာ သေချာပလား (သေချာပါတယ်ဘုရား)။

ဒါ့ကြောင့် "သော ဝေဒနာ ပရိညာယ၊ ဒိဋ္ဌေဓမ္မေ အနာသဝေါ" ဒိဋ္ဌဓမ္မပေါ့ကွာ၊ ဒါ အာသဝမရှိပါဘူး၊ မယုံယင် ရှုကြည့်စမ်းပါတဲ့၊ ဝေဒနာသာ တခါတည်း နောက်ဘယ်တော့မှ မလာအောင် နိုရောဓဖြစ်အောင် ချုပ်အောင် ရှုကြည့်စမ်းပါဆိုတော့ ဝေဒနာနိုရောဓာ....(တဏှာနိုရောဓောပါဘဲ)။

တဏှာနိုရောဓော ဆိုကတည်းက တဏှာနဲ့ သဟဇာတဖြစ်တဲ့ အဝိဇ္ဇာကော....(ချုပ်သွားပါတယ်ဘုရား) ဒီတဏှာကလဲ ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာဆိုတဲ့ အတိုင်း တကာတကာမတို့ တဏှာသုံးမျိုးလဲ မချုပ်ဘူးလား.... (ချုပ်ပါတယ်ဘုရား)။

ကာမတဏှာဆိုတာ လောဘ၊ ဘဝတဏှာဆိုတာ သဿတဒိဋ္ဌိ၊ ဝိဘဝတဏှာဆိုတာ ဥစ္ဆေဒဒိဋ္ဌိ၊ ဒါတွေပါ ရောချုပ်တယ် (မှန်ပါ့) သူနဲ့သဟဇာတဖြစ်တဲ့ မသိလို့ ဒိဋ္ဌိဖြစ်နေတဲ့ အဝိဇ္ဇာလဲ ပါမသွားသေးဘူးလား....(ပါသွားပါတယ်ဘုရား)။

အေး....ဒါ့ကြောင့် "သော ဝေဒနာ ပရိညာယ၊ ဒိဋ္ဌေဓမ္မေ အနာသဝေါ၊ ကာယဿဘေဒါ ဓမ္မဋ္ဌော" ကာယဿ=ခန္ဓာကိုယ်၏၊ ဘေဒါ=ပျက်သောကာလ၌၊ ဓမ္မဋ္ဌော=နိဗ္ဗာန်၌တည်သည်၊ဟောတိ=ဖြစ်၏။

တကာ တကာမတို့ ဒါကြောင့်မို့ သူ့ကို ပိုင်ပိုင် နိုင်နိုင် ရှုစမ်းပါလို့ ပြောလိုက်တယ်....(မှန်ပါ့)အရေးမကြီးဘူးလား.... (ကြီးပါတယ်ဘုရား)။

ကိုင်း....တကာတကာမတို့ အာသဝေါကုန်ချင်ရင် ဝေဒနာကုန်အောင်လုပ်ရလိမ့်မယ်....(မှန်ပါ့ဘုရား)အာသဝကုန်ချင်ယင် (ဝေဒနာကုန်အောင် လုပ်ရလိမ့်မယ်)ဝေဒနာကုန်အောင် လုပ်ရလိမ့်မယ်ဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ကိုင်း....ကုန်အောင်လုပ်တဲ့နည်းကို ဆရာဘုန်းကြီးက တကာတကာမတွေ့အား ရှုနည်းနှင့်တကွ ပြပါတော့မယ်ဆိုတဲ့ ဥစ္စာကို ကြပ်ကြပ်ဂရုစိုက်ကြပေတော့....(မှန်ပါ့ဘုရား)။

ဝေဒနာကသုံးမျိုး ချုံးလိုက်တဲ့အခါကျလို့ ရှိယင်ဖြင့် ဦးခင်မောင်ရေ ဖြစ်ပျက်ဘဲရှိမှာပါဘဲ (မှန်ပါ့ဘုရား) ဝေဒနာသုံးမျိုး ချုံးလိုက်တဲ့ အခါကျတော့.... (ဖြစ်ပျက်ဘဲ ရှိပါတယ်ဘုရား) ဖြစ်ပျက်ဘဲ ရှိတော့မယ်ဆိုတာ မသေချာဘူးလား.... (သေချာပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ ဝေဒနာကိုဘဲ ရှုကြပါစို့ဆိုတဲ့ အဓိပ္ပါယ်ဟာ ပေါ်လာပြီနော်....(မှန်ပါ့ဘုရား) ဝေဒနာနောက်ကမဂ္ဂဖြဟ္မစရိယာအကျင့် လုပ်ကြစို့....(မှန်ပါ့) တကာဝဘာလုပ်ရမယ်.... (မဂ္ဂဖြဟ္မစရိယာအကျင့်လုပ်ရပါမယ်ဘုရား)။

မဂ္ဂဖြဟ္မစရိယာအကျင့် လုပ်ရလိမ့်မယ်ဆိုတဲ့အခါကျလို့ ရှိယင်ဖြင့်....တဲ့၊ တကာတကာမတွေ့ သူခဝေဒနာကလေးကထပ်ပြောနေတယ်လို့ အောက်မေ့မနေနဲ့၊ မသိတဲ့ပုဂ္ဂိုလ်တွေ့အတွက်မှာထပ်ပြောတာတောင် သင့်ရုံဘဲရှိတယ်....နော်.... (မှန်ပါ့ဘုရား)။

မျက်လုံးမြင်တဲ့အခါ မြင်တယ်ဆိုယင် ဘာဝေဒနာ ပေါ်သတုန်း.... (ဥပေက္ခာဝေဒနာ ပေါ်ပါတယ်ဘုရား) နောက်ကတကာ တကာမတွေ့ သေသေချာချာမှတ်နော်....၊နောက်ရှုစရာ

မရှိဘဲနေမှာ စိုးတယ်....(မှန်ပါ့) မျက်လုံးကလေး ဖွင့်လိုက်လို့ မြင်လိုက်ယင်....(ဥပေက္ခာဝေဒနာပါဘုရား)။

အဲ—မြင်တဲ့သဘောကလေးဟာဥပေက္ခာဝေဒနာဘဲ၊ဥပေက္ခာသဟဂတံ စက္ခုဝိညာဏံဘဲ.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ) မြင်တယ်ဆိုလို့ရှိယင် ဘယ်သူမှ မြင်တာမဟုတ်ဘူး၊ ဥပေက္ခာဝေဒနာဖြစ်တာသာ မှတ်လိုက်ပေတော့(မှန်ပါ့ဘုရား) နားက ဘာကလေးကြားကြား....(ဥပေက္ခာဝေဒနာပါဘုရား)။

နှာခေါင်းထဲက ပုပ်တဲ့အနံ့ နံနံ၊ မွှေးတဲ့အနံ့ နံနံ၊ ဘာဖြစ်သတုန်း....(ဥပေက္ခာဝေဒနာပါဘုရား)လျှာပေါ်မှာ ချိုတာစားစား ချဉ်တာစားစား ဖန်တာစားစား ဘာဖြစ်သတုန်း(ဥပေက္ခာဝေဒနာပါဘုရား)။

ဩော်....ဒီနေရာတွေဟာ သူပေါ်တဲ့နေရာတွေဘဲ၊ သူပေါ်တဲ့နေရာမှာ သူသေတဲ့ နေရာလို့ မှတ်လိုက်ပေါ့.... (မှန်ပါ့ဘုရား) သူပေါ်တဲ့နေရာဟာ....(သူသေတဲ့နေရာပါဘုရား)။

ဩော်....ဒါဖြင့် ရှုစရာလေးဌာန တွေ့တယ်....(မှန်ပါ့ဘုရား) ဒါက ဘယ်ဝေဒနာပါလိမ့်....(ဥပက္ခောဝေဒနာပါဘုရား)။

ဩော်.... ဥပက္ခောဝေဒနာ ရှုရမည့်နေရာက လေးဌာနပါကလားလို့ မှတ်ထား....(မှန်ပါ့ဘုရား) လေးဌာန တပြိုင်နက်ပေါ်မှာလား.... တခုပြီးမှ တခုပေါ်မှာလား.... (တခုပြီးမှတခုပေါ်မှာပါဘုရား)။

ဒါဖြင့် တခုတည်းရှုရမှာ ဖြစ်ပြီးသကာလနေတော့ တကာတကာမတို့ ဝန်လေးစရာ ရှိကြရဲ့လား....(မရှိပါဘုရား) ပေါ်ပြီနော်....(မှန်ပါ့ဘုရား)။

တခါ "သုခသဟဂတံ ကာယဝိညာဏံ၊ ဒုက္ခသဟဂတံ ကာယဝိညာဏံ" လို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးကလဲ ဟော၊ သင်္ဂိုဟ်ကျမ်း အရှင်အနုရုဒ္ဓါတို့ကလဲ ဘုရားဟောတော်မူတာတွေကြည့်ပြီး ရေးထားပြန်တော့ ကိုယ်ပေါ်ကျတော့ ချမ်းသာယင် ဘာဝေဒနာ....(သုခဝေဒနာပါဘုရား)။

အင်း....နာလို ရှိယင် ကိုက်တယ် ခဲတယ်ဆိုယင်(ဒုက္ခဝေဒနာပါဘုရား) အဲ....ကိုယ်ပေါ်ကျတော့ သုခ ဒုက္ခ နှစ်ခုပေါ်တယ် (မှန်ပါ့) သုခ ပေါ်ယင်လဲ သုခကို ဒီနေရာပေါ်ယင် ဒီနေရာ ဖြစ်ပျက်ရှုပါ....(မှန်ပါ့) ဒုက္ခပေါ်ယင်ကော....(ဒီနေရာမှာ ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ဩော်....ဒါဖြင့် သုခဝေဒနာလဲ ရှုတတ်ပြီ၊ ဒုက္ခဝေဒနာကော.... (ရှုတတ်ပါပြီဘုရား) ဥပေက္ခာဝေဒနာ ကလေးတွေကော....(ရှုတတ်ပါပြီဘုရား)။

အဲဒါက ပြင်ဘက်ည့်သည်တွေ ရှုတတ်ပါပြီ (မှန်ပါ့ဘုရား) ပြင်ဘက် ည့်သည်ခြောက်ယောက်ကို ရှုတတ်ပါပြီ....(မှန်ပါ့)။

အတွင်းည့်သည်ကလေးတွေ လိုက်ကြပါဦး .... ဦးခင်မောင်တို့ ဦးဇံရင်တို့ အတွင်းည့်သည် လိုက်ပါဦး....နော်....(မှန်ပါ့ဘုရား)။

အတွင်းကျတဲ့ အခါကျတော့ ငွေကလေး ဘာကလေး တောင်းရတဲ့ အခါကျတော့ တကာတကာမတို့ အဆင်ပြေတဲ့ အခါကျတော့ ဝမ်းထဲမှာသောမနဿ ဝေဒနာပေါ်တယ်(မှန်ပါ့ဘုရား)။

အဲဒီတော့ သောမနဿဝေဒနာ ပေါ်တာလဲ ဟဒယဝတ္ထု ပေါ်မှာပေါ်တဲ့အတွက် ဒီနေရာမှာ ဉာဏ်လှည့်ပြီးသကာလ ဖြစ်ပျက်ရှုရလိမ့်မယ်....(မှန်ပါ့)တောင်ရမ်းလို့မရဘူး၊ အကြောင်းက မညီညွတ်ဘူးဆိုလို့ရှုယင်ဖြင့် ဝမ်းထဲမှာ ဒေါမနဿဝေဒနာကော....(ပေါ်ပါတယ်ဘုရား)။

ဒီအခါကျတော့ ဒေါမနဿ ဝေဒနာကို ဘာလုပ်ရမယ်....(ဖြစ်ပျက်ရှုရပါမယ်) အဲ့....ဖြစ်ပြီး ပျက်တဲ့တရားလို့ ရှုရလိမ့်မယ်နော်....(မှန်ပါ့ဘုရား)။

တခါတလေကျတော့ကိုင်း....ရ-မရဆိုတာ ကမ္မဿကာဘဲဗျ၊ ရချင်လဲ ရမှာဘဲ မရချင်လဲ နေမှာဘဲ၊ကမ္မဿကာဘဲဆိုပြီး ထိုင်လိုက်တဲ့အခါကော မပါဘူးလား....(ပါ-ပါတယ်ဘုရား)။

အဲဒီ ကမ္မဿကာ ထိုင်လိုက်တဲ့ အခါကျတော့ ဝမ်းထဲမှာ ဥပေက္ခာဝေဒနာ ပေါ်တယ်....(မှန်ပါ့ဘုရား) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒါအားလုံးအတွက် ၎့ပြီးတော့ ပြော နေ တယ် နော်....(မှန်ပါ့ နားလည်ပြီးသားပဲဂို့လ်တွေက ဘုန်းကြီးက ထပ်လာပြန်ပြီလို့ အောက်မေ့မနေနဲ့၊ နားမလည်သေးတဲ့ပဲဂို့လ်တွေက ဒီအထဲမှာ အတော်များတယ်....(မှန်ပါ့ဘုရား)။

ကဲ....ဒါဖြင့် တကာ တကာမတို့.... ဥပေက္ခာဝေဒနာ ပေါ်နိုင်တဲ့နေရာက မျက်စိ, နား, နှာခေါင်း,လျှာ, ဝမ်းထဲ....(မှန်လှပါဘုရား) ဘယ်နှစ်နေရာပါလိမ့်....(ငါးနေရာပါဘုရား) ငါးနေရာနော်....(မှန်ပါ့ဘုရား)။

အရှင်သာရိပုတ္တရာတို့ တကာ တကာမတို့ ချောင်းခုန်တယ် ဆိုတာ ကြားဘူးမှာပေါ့၊မကြားဘူးဘူးလား .... (ကြားဘူးပါ တယ်ဘုရား)။

ရဟန္တာဖြစ်ပြီးသကာလ ဘာဖြစ်လို့ ချောင်းကို ခုန်သတုံး ဝါသနာ မစ္ဆန့်နိုင်လို့.... (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီ)။

ကောင်းပြီ သုခပေါ်နိုင်တဲ့ နေရာက ကိုယ်ပေါ်မှာတချက်၊ ဝမ်းထဲမှာတချက်၊ ဝမ်းထဲကျတော့ သောမနဿအဖြစ်နဲ့ ပေါ်တယ်နော်....(မှန်ပါ့) ကိုယ်ပေါ်ကျတော့ သုခအဖြစ်နဲ့ ပေါ်တယ်....(မှန်ပါ့ဘုရား)။

ဒုက္ခကလဲ ကိုယ်ပေါ်ကျတော့ ဒုက္ခအဖြစ်နဲ့ ပေါ်တယ်၊ ဝမ်းထဲကျတော့....(ဒေါမနဿအဖြစ်နဲ့ ပေါ်ပါတယ်) သဘောကျပလား....(မှန်ပါ့ဘုရား)။

အဲဒီတော့ ဒီနေရာကလေးတွေ လှည့်ရှုလိုက်တဲ့အခါကျတော့ သြော်....သုခနဲ့ ဒုက္ခကတကိုယ်လုံးမှာ ပေါ်ချင်ရာ ပေါ်ပါကလား၊ ဆံဖျား,လက်သည်း, ခြေသည်းဖျား, အရေခြောက် ချန်ထားပြီး ကျန်တဲ့နေရာတွေမှာ အကုန်ပေါ်တာဘဲ .... (မှန်ပါ့ဘုရား)ဆံပင်ဖျားမှာ သူမပေါ်ဘူး၊ လက်သည် ခြေသည်းဖျားမှာ သူမပေါ်ဘူး၊ အရေခြောက်ကလေးတွေမှာ သူမပေါ်ဘူး (မှန်ပါ့) ကျန်တဲ့နေရာမှာ သုခပေါ်ချင်လို့ ရှိယင်လဲ ပေါ်နိုင်တာချည်းဘဲ၊ ဒုက္ခပေါ်ယင်ကော.... (ပေါ်နိုင်ပါတယ်ဘုရား)။

အေး-ဆံဖျား,လက်သည်း,ခြေသည်းဖျား, အရေခြောက်ကို ချန်လှပ်ပြီးသကာလပေါ်တဲ့ နေရာကလေးတွေကို တကာတကာ မတွေ့က "သောဝေဒနာပရိညာယ" သော=ထို့ပဋိပဒါလ်သည်၊ဝေဒ

နာ၊ပေါ်တဲ့ဝေဒနာကို၊ပရိညာယ=ပိုင်ပိုင်နိုင်နိုင်သိရမယ်၊ဒီဝေဒနာကလေးတွေကို ဘာတဲ့.... (ပိုင်ပိုင်နိုင်နိုင် သိရပါမယ်ဘုရား)။

သုခပေါ်လဲ ပိုင်ပိုင်နိုင်နိုင် သိရမယ်-(မှန်ပါ့) ဒုက္ခပေါ်လဲ.... (ပိုင်ပိုင်နိုင်နိုင်သိရမယ်) သောမနဿပေါ်ကော- (ပိုင်ပိုင်နိုင်နိုင် သိရမယ်) အင်း-ဒေါမနဿပေါ်ကော(ပိုင်ပိုင်နိုင်နိုင်သိရမယ်)။

အဲ....ပိုင်ပိုင်နိုင်နိုင် သိလိုက်လို့ ရှိယင်ဖြင့်ပရိညာယ = ပိုင်ပိုင်နိုင်နိုင်သိ၍၊ ဝါ = ပိုင်းခြား၍ သိ၍ အတူတူဘဲ့.... (မှန်ပါ့)။

ကိုင်း....ဒါဖြင့်ဒီလိုလုပ်ကြပေတော့ တကာတကာမတို့ မျက်လုံးထဲမှာ ဒီကနေပြီး ကြည့်လိုက်တော့ အပြင်ဘက်မှာလဲ တကာတကာမတွေရှိတယ်၊ နောက်မှာလဲ တကာတကာမတွေ ရှိတယ်၊ ရှေ့မှာလဲ ဆရာဘုန်းကြီးရှိတယ်....(မှန်ပါ့ဘုရား)။

ကြည့်လိုက်တဲ့အခါကြတော့ ဖျတ်ဆို မမြင်လား....ဘုန်းကြီးကြွလာပဟေ့ ဆိုတော့ မမြင်လား-(မြင်ပါတယ်ဘုရား) ဘာဝေဒနာပါလိမ့်....(ဥပေက္ခာဝေဒနာပါဘုရား)။

ရှုလိုက်ကြသေးလား....တကာတကာမတို့ မရှုပါဘူး၊ ဂွကျလိုက်တာမှ ရှုကိုမရှုဘူး ခက်လိုက်တဲ့ ဖြစ်ခြင်းမှ သြော် ဘုန်းကြီး ကွလာလို့ဝမ်းသာတာရှိတာဘဲ့....(မှန်ပါ့ဘုရား)။

ဝမ်းသာတော့လဲဝမ်းသာတာက ဘာဝေဒနာတဲ့....(သောမနဿဝေဒနာပါဘုရား) သောမနဿဝေဒနာ....(မှန်ပါ့) အဲဒါကော ရှုလိုက်ကဲ့လား....၊(မရှုလိုက်ပါဘုရား) ခင်ဗျားတို့ဟာက တယ်ကြပ်ပါကလား....၊ မရှိလို့ မရှုတာလား....ရှိလို့ မရှုတာလား....(ရှိလို့မရှုတာပါဘုရား)။

ဒါဖြင့် ရှိလို့ မရှုလို့ရှိယင် ဝေဒနာပစ္စယာ တဏှာ.... (မှန်ပါ့ဘုရား) ကဲ....ဆက်သွားပြီ....(မှန်ပါ့)မဆက်ဘူးလားကဲ၊

(ဆက်ပါတယ်ဘုရား)ဝေဒနာပစ္စယာ....(တဏှာပါဘုရား)သူက ဟောထားတာကဝေဒနာ နိရောဓမှ ဘာတုံး....(တဏှာနိရောဓေပါဘုရား)။

အဲဒါ ဝေဒနာရှုတော့မှ ဝေဒနာက နိရောဓေ ဖြစ်တော့မှ နောက်က ရှုတဲ့ မဂ်ကတဏှာနိရောဓေ ဖြစ်မှာကိုး.... (မှန်ပါ့ဘုရား) (မဟုတ်ဘူးလား....ဟုတ်ပါတယ်ဘုရား)။

ဦခင်မောင်--အခုတော့ ဝေဒနာပေါ်တာကိုလဲ မရှုမိတော့ သုခဝေဒနာပစ္စယာ တဏှာ ဒုက္ခဝေဒနာပစ္စယာ ဒေါသော၊ ဥပေက္ခာဝေဒနာပစ္စယာ မောဟော- ဒီသုံးခုဘဲ လှည့်လာတယ်-(မှန်ပါ့ဘုရား)။

တကာတကာမတွေ့ ဆရာကောင်းတပည့် တယ်လဲ မပီသေးပါဘူး....(မှန်ပါ့ဘုရား) အရှုပ်ဆိုးတုံး ရှိသေးတယ်.... (မှန်ပါ့ဘုရား) ဒါအပြစ်တင်တာလဲ မအောက်မေ့ပါနဲ့.... ကိုဆိုးတာပြောတာ....(မှန်ပါ့ဘုရား)ဦးခင်မောင်....အပြစ်တင်တာလား.... ကိုယ်အရှုပ်ဆိုးတာလား....(ကိုယ်အရှုပ်ဆိုးတာပါဘုရား)။

အဲ....နောက်လာလို့ရှိယင်ဖြင့် ဘာလာလာ မြင်တယ်ဆိုယင် မြင်တဲ့စိတ်ကို ဖြစ်ပျက်ရှုပါ....(မှန်ပါ့ဘုရား) မရှုလိုက်လို့ရှိယင် ဖြင့် မြင်တယ်,ခင်တယ်,စဲ့လမ်းတယ်,အားထုယ်မယ်ဆိုတာ ပဋိစ္စသမုပ္ပါဒ် ဆက်သွားတာဘဲ....(မှန်လှပါဘုရား) မဆက်ပေ ဘူးလား....(ဆက်ပါတယ်ဘုရား)။

အဲဒီတော့ မြင်လိုက်ပြန်တော့ မြင်တယ်, ခင်တယ်, စဲ့လမ်းတယ်၊ မြင်တယ်ဆိုတဲ့ဥစ္စာက မြင်ယင် ဥပေက္ခာဝေဒနာ(မှန်ပါ့) ခင်တယ်ဆိုတာက ဝေဒနာပစ္စယာ....(တဏှာပါဘုရား)ဟော.... မြင်လို့ ခင်တာကိုးဗျ....(မှန်ပါ့ဘုရား)။

ကျုပ်က မျက်စိ မျက်နှာမြင် ခင်တတ်တယ်ဗျ၊ခင်ဗျားတို့က လဲ နှုတ်တက်တယ် ဒီဥစ္စာတော့....(မှန်ပါ့ဘုရား) ဘာဖြစ်လို့ ဒီလောက် နှုတ်တက်နေရတာတုံး-ဆိုတော့ အို....လောကွတ်ပါ-ဘုရား၊ ဒီ လောကွတ်ဟာ အပါယ်ကျတယ် ခင်ဗျားတို့ဟာ....(မှန်ပါ့ဘုရား)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဦးခင်မောင် လောကွတ်ကြောင့် ဘာဖြစ်သတုံး....(အပါယ် ကျပါတယ်)မြင်ယင် ကျုပ်က ခင်တတ်ပါတယ်၊ ဆွမျိုး ဥာတကာလိုဘဲ ဘယ်သူ့တွေ့တွေ့ ဒီလိုဘဲ ခင်တတ်ပါတယ် ဆိုတော့ ရောင်းကောင်းအောင်လို့ ပြောနေတာ လိမ်ပြစ်က တခါ သင့်သေးတယ်....(မှန်ပါ့ဘုရား) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)၊

မလိမ်ပါဘူး-ရိုးရိုးခင်ပါတယ်ဆိုတော့လဲ တဏှာ,ဥပါဒါန်,ကံနဲ့ ဇာတိ,ဇရာ,မရဏ ပေါ်လာတယ်(မှန်ပါ့)လိမ်ပြန်တဲ့အခါကျ လို့ ရှိယင်လဲ တကာတကာမတို့ မုသာဝါဒကံ က,နေပြီး အပါယ် ပို့ပြန်တာဘဲ....(မှန်ပါ့)။

နို့....ဘယ်ဟာကောင်းသေးတုံး--(ဘယ်ဟာမှမကောင်းပါ) ရှုတာဘဲ ကောင်းတယ်....(မှန်ပါ့)ရိပ်မိပလား-(ရိပ်မိပါပြီ) ဘာ လုပ်ကြမယ်....(ရှုတာက ကောင်းပါတယ်ဘုရား)။

ရဲရဲတင်းတင်း ရှုစမ်းပါ တကာတကာမတွေက စိတ်ပျက်ကုန် မှာစိုးလို့များ မရှုဘဲနေတာလား....ခင်ဗျားတို့....

ကိုင်းဒါဖြင့် တကာတကာမတို့ ကြားတယ်. ဆိုယင်လဲ ဥပေက္ခာဝေဒနာကလေး ပေါ်တယ်နော်....(မှန်ပါ့)ကြားကြား ချင်း တခါတည်း ဘာလုပ်ကြမယ်(ဖြစ်ပျက်ရှုရပါမယ်) နားထဲကို ဥာဏ်ထည့်ပြီး ရှုလိုက်....(မှန်ပါ့)။

နားထဲညာဏ်ထည့်ပြီး ရှုလိုက်တော့ ဖြစ်ပျက်ဆိုတော့ ဝေဒနာ နိရောဓဆိုတော့ ရှုတဲ့ညာဏ်က တဏှာနိရောဓေ သဉ်းဖြစ်တယ်....(မှန်ပါ့ဘုရား)ဒီတဏှာ လာမည့်နေရာညာဏ်လာတာကိုး-(မှန်ပါ့ဘုရား) တဏှာလာမည့်နေရာ.... (ညာဏ်လာပါတယ်ဘုရား)။

လာတော့ဝေဒနာဖြစ်ပျက်ကိုမြင်မှ မဂ်ကလဲ ပေါ်တာကိုး (မှန်ပါ့ဘုရား)ဝိပဿနာမဂ်က ပေါ်တော့ ဝေဒနာနိရောဓေ....(တဏှာနိရောဓေ)တဏှာနိရောဓေ ဆိုတော့ တဏှာသည်....မလာဘဲနဲ့ ချုပ်တယ်.... (မှန်ပါ့ဘုရား) လာသေးရဲ့လား....(မလာပါဘုရား)။

ဘာဖြစ်လို့မလာသတုံးဆိုတော့ ဒီ ရှုတဲ့ညာဏ်က ဖျတ်ကနဲ အစားထိုးပစ်လိုက်တယ်.... (မှန်လှပါဘုရား) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

အဲ.....ရှုတဲ့ ညာဏ်က ဖျတ်ကနဲ အစားထိုးလိုက်တဲ့ အခါကျတော့ ဒီကလဲ ဝေဒနာကလဲ နိရောဓလဲဖြစ်ပါရော ညာဏ်ကလဲ နိရောဓကိုလဲ မြင်လိုက်ပါရောဆိုတော့ တဏှာ ဒီနေရာမှာ မလာဘဲနဲ့ ချုပ်သောကြောင့် တဏှာနိရောဓေ.... (မှန်လှပါဘုရား) ရိပ်မိပလား....(ရိပ်မိပါပြီ) ဘာ နိရောဓေလဲ....(တဏှာနိရောဓေပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ဟာ ဝေဒနာ မရှုမိလို့ရှိရင် ဝေဒနာပစ္စယာ တဏှာချည်း ဖြစ်မှာဘဲ....(မှန်ပါ့) ဒုက္ခဝေဒနာပစ္စယာ ဒေါသာ၊ ဥပေက္ခာဝေဒနာပစ္စယာ.... (မောဟာပါဘုရား) မောဟာဆိုတော့ ခင်ဗျားတို့ဥစ္စာက သြော်....တကာတကာမ

တွေ့ မသိပြီဆိုမှဖြင့် အပါယ်သွားကြောင်းချည်း ဖြစ်နေတော့ (မှန်ပါ့ဘုရား)မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။

အဲ....ဒါကြောင့် ခင်ဗျားတို့ ပေါ့ပေါ့တန်တန် မနေလိုက်ပါနဲ့ ဘုရားသခင် ကိုယ် တော် မြတ် ကြီး က မှာ ရှာ တယ်၊ "သတော ဘိက္ခဝေ ဘိက္ခု ဝိဟာရေယျ သမ္ပဇာနော၊ အယံ ဝေါ အမှာကံ အနုသာသနီ" သေသေချာချာ မှာတာဘဲ။

ဘိက္ခဝေ = ရဟန်းတို့၊သတော=သတိရှိသည်ဖြစ်၍၊သမ္ပဇာနော=ပညာနဲ့ ပြည့်စုံသည်ဖြစ်၍၊ ဝိဟာရေယျ=နေရစ်ကြပါကွ....။

သတိပညာနဲ့ နေရစ်ကြစမ်းပါကွာ-မင်းတို့အကုန် အပါယ်သွားကုန်မှာစိုးလို့၊ မပြောဘူးလား....(ပြောပါတယ်ဘုရား) ဘယ်သူကပြောပါလိမ့်....(ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ပြောပါတယ်ဘုရား)။

ပို အရဲတိုက်ကြတယ် ကျုပ်တို့တတွေက၊ သတိ ပညာလဲ မထားနိုင်ဘူး၊မြင်ယင် ခင်မှာဘဲ၊ မြင်ယင် မုန်းမှာဘဲဆိုတော့ ခင်ဗျားတို့ဟာက ဘယ်သူ့ကို အရဲတိုက်သလဲ.... (ဘုရားသခင် ကိုယ်တော်မြတ်ကြီးကို အရဲတိုက်ပါတယ်ဘုရား)။

" ဝ ဝ ဝ "ဝ ဝ

ဘုရားက သတော ဘိက္ခဝေ ဘိက္ခု ဝိဟာရေယျ ကုန်၊ဘိက္ခဝေ=တို့၊ သတော=သတိရှိသည်ဖြစ်၍၊ သမ္ပဇာနော= ပညာရှိသည်ဖြစ်၍၊ဝိဟာရေယျ=နေရစ်ကြပါ၊သတိထားပြီး ပညာနဲ့ရှုရှု နေရစ်ကြပါလို့ ဘုရားက မမှာဘူးလား.... (မှာပါတယ်ဘုရား)။

ခင်ဗျားတို့က သတိကော ထားရဲ့လား....(မထားပါဘုရား) ပညာနဲ့ကောရှုရဲ့လား....(မရှုပါဘုရား)။

အို....ခင်ဗျားတို့မှာဖြင့် အသံကြားယင် မိုးကြိုးပစ်ထာထက်နာသေးတယ်....(မှန်ပါ့) အပါယ်သွားရတာကိုးဗျ၊ မိုးကြိုးပစ်တာက တခါသေတာ ဦးခင်မောင်ရ.... (မှန်ပါ့) ဒီဟာက သေလို့ ဆုံးပါ့မလား....(မဆုံးပါဘုရား)။

ကိုင်း....ဒါဖြင့် တကာ တကာမတို့ ဒါ ရယ်စရာပြောပြီးသကာလနေတာလို့ အောက်မေ့ မနေဘဲနဲ့ ဒို့ကို အမျိုးမျိုး အဖုံဖုံ ဖြစ်ခြင်း ပျက်ခြင်း ရှုခိုင်းတဲ့ အဓိပ္ပါယ်ပါကလားလို့ ဆိုတာကော သေချာကြပလား....(သေချာပါတယ်ဘုရား)။

အဲ....ဒါဖြင့် ရှုကြပါစို့....တဲ့၊ တကာတကာမတို့ နားထဲမှာ ဆတ်ခနဲ ခေါက်လိုက်လို့ကြားယင် ခလေးကလေးက အူဝဲလို့ အော်တဲ့အသံ ကြားကြား၊ အမေလေးလို့ ခေါ်တဲ့အသံကြား ကြား၊ ဟော့....လို့ယင် ထူးမလား.... ရှုလိုက်မလား.... (ရှုလိုက်ပါမယ်ဘုရား)ဟုတ်ပါ့မလား....အတော်ကို ခက်နေပြီ၊ အတော် ခက်နေပြီ ခင်ဗျားတို့ဟာက မဟုတ်တာချည်း နှုတ်တက်နေတာကိုးဗျ၊ ခက်လိုက်တဲ့ဖြစ်ခြင်းက။

ဟော....အမေလို့ ခေါ်လိုက်လို့ရှိယင်.... ကြားတဲ့ အသံက လေးရှုပြီးမှ-ကြားတဲ့ ဥပေက္ခာဝေဒနာကလေးဟာ ဖြစ်ပြီးယင် ပျက်ပါပေါ့ကလား....ရှုပြီးမှဘဲ ထူးချင်လဲ ထူးတာပေါ့၊ မဟုတ်ဘူးလား....(မှန်ပါ့) ဒီလိုများ တခါလောက် နေဘူးကြရဲ့လား-(မနေဘူးပါဘုရား) တယ်လဲ လျှာသွက်ပါကလား တကာတကာမတို့။

အင်မတန် လျှာသွက်နေတယ်၊ဘယ့်နှယ်ကြောင့် ဒီလောက် သွက်ပါလိမ့်မတုံးဆိုတော့ အပါယ်သွားရမှာမို့.... ဒီလိုဆိုတော့ အင်မတန် ဆိုးဝါးမနေဘူးလား....(ဆိုးဝါးပါတယ်ဘုရား)။

အေး....ဒါကြောင့် ခင်ဗျားတို့ ဆိုးဝါးတာက ခပ်ပြုံးပြုံးနဲ့ ဆိုးဝါးတာနော်.... (မှန်ပါ့) လက်သီးလက်မောင်းတန်းပြီး လက်မောင်းပင့်ပြီး တန်းတာမဟုတ်သေးဘူး၊ အဲဒီ အဆိုးမျိုးမဟုတ်သေးဘူး....(မှန်ပါ့) ပြုံးဆိုးဘဲရှိသေးတယ်.... (မှန်ပါ့)။

ပြုံးဆိုး သဘောကျရဲ့လား.... (မှန်ပါ့) ပြုံးဆိုးဆိုတာ အမေလို့ ခေါ်လိုက်တော့ သြော်....သားကလေးက ခေါ်ရှာတယ်ဆိုတော့ ပြုံးမလာပေဘူးလား.... (လာပါတယ်ဘုရား)။

ပြုံးတာဘာတုံးဆိုတော့ ခင်တဲ့လောဘ.... (မှန်ပါ့) ကဲ.... လာတော့ ကိုယ့်အိမ်ရှေ့လိုက်တော့ ဥပါဒါန် မဖြစ်ဘူးလား.... (ဖြစ်ပါတယ်ဘုရား)။

ဘာဖြစ်သတုံး ငါ့သားကလေးလို့ မေးလိုက်တော့ ဝစီကံသဉ်းဖြစ်တယ်....(မှန်ပါ့)ဟော....တဏှာ ဥပါဒါန်ကံက တန်းထုတ်လာတယ်.... (မှန်ပါ့) မထုတ်ဘူးလား.... (ထုတ်ပါတယ်ဘုရား) အဲဒါ အပါယ်က ရုန်းလို့ ရပါ့မလား.... (မရပါဘုရား)။

ရုန်းလို့မရချင်နေပေစေ၊ ကိုယ့်သားတော့ ဒီလိုလုပ်ရမှာဘဲဆိုတော့ တကာ တကာမတို့ သားကတော့ အမျှဝေလိမ့်မယ်။ ကိုယ်ကတော့ အမျှမရောက်တဲ့ဆီ ရောက်သွားပြီ....(မှန်ပါ့) မရောက်ပေဘူးလား....(ရောက်ပါတယ်ဘုရား)။

အဲဒါတွေ့ ခင်ဗျားတို့ ဥာဏ်လှည့်ဘို့အင်မတန် ကောင်းပါတယ်၊ဒါကြောင့် ဘုန်းကြီးက တခါတခါ ဆုံးမတဲ့အခါ နက်နက်နဲနဲ နားထောင်ကြပါ၊ ကိုယ့်ကိုယ် သနားယင် ဒီအလုပ်လုပ်....(မှန်ပါ့ဘုရား)သဘောကျပလား.... (ကျပါပြီ) ဘယ်လို

မှာပါလိမ့်....(ကိုယ့်ကိုယ်သနားယင် ဒီအလုပ်-လုပ်) ကိုယ့်ကိုယ် သနားလို့ရှိယင် ဒီအလုပ်ကို လုပ်ပါလို့ သတိပေးလိုက်ပါတယ်....(မှန်ပါ့ဘုရား)။

အခုဟာက ခင်ဗျားတို့ ကိုယ့်ကိုယ် ကို သနားတဲ့အဓိပ္ပါယ်လားတဲ့-မသိလို့ဘဲ မသနားတဲ့အဓိပ္ပါယ်လား.... (မသိလို့ မသနားတဲ့အဓိပ္ပါယ်ပါဘုရား) သိပြန်တော့ကော(မသနားပါဘုရား) သိပြန်တော့လဲ မသနားဘူး၊ သိပြန်တော့လဲ မလုပ်ဖြစ်ဘဲကိုးဗျ....(မှန်ပါ့ဘုရား)။

သိပြန်တော့လဲ မသနားဘူးဆိုတော့ အတော်ခက်နေပြီ-တကာ တကာမတို့....(မှန်ပါ့) ဦးခင်မောင်....အချို့ချက်မရ၊ အချဉ်ချက်မရပါကလား (မှန်လှပါဘုရား) ဝါသနာဆိုတဲ့ဥစ္စာ အတော်ခက်တယ်နော်....(မှန်ပါ့ဘုရား)။

ခင်ဗျားတို့ကော....(ဝါသနာမစွန့်နိုင်လို့ပါဘုရား) ဒီဝါသနာက ဘာတုံးဆိုတော့ ကိုယ်သွားနေကျတဲ့ နေရာကို သွားချင်တဲ့ဝါသနာ အပါယ်လေးပါးကိုပြောတာ (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အဲဒါကြောင့် အခုဟာ သေသေချာချာ ဝါသနာပြင်နေတာ ဦးခင်မောင်တို့.... (မှန်လှပါ) ကြားယင် ကြားတဲ့ စိတ်ကလေး ဘာလုပ်ရမယ်....(ဖြစ်ပျက်ရှုရပါမယ်) ဟိုဘက် မကူးပါနဲ့ဦး ခင်ဗျားတို့ဥစ္စာ၊ အမေခေါ်ခေါ် အဖေခေါ်ခေါ် အမခေါ်ခေါ် မထူးပါနဲ့ဦး(မှန်ပါ့)ရိပ်မိပလား (ရိပ်မိပါပြီ)။

ဒါဖြင့် အခွံရဲတိုက်ရမလို ကျနေပြီ ဘုန်းကြီးတရားဟာ ခင်ဗျားတို့က ထင်ချင်ထင်ဦးမှာ သဘောကျပလား....(ကျပါပြီ)။

ခင်ဗျားတို့ဟာ အမေခေါ်လို့တောင်မှ မထူးနဲ့ဦး ရှုပြီးမှ ထူးဆိုတော့ တပည့်တော်တို့ အ,အ အပင်းလို ထားတဲ့အဓိပ္ပါယ် မျိုးလားလို့ ခင်ဗျားတို့က ပြောချင်လဲ ပြောကြမယ်နော်.... မဟုတ်ပါဘူးတဲ့၊ နို့မို့ယင် တဏှာက ဝင်လာမှာစိုးလို့....(မှန်ပါ့ဘုရား)။

တဏှာဝင်လာယင် ဥပါဒါန်က နေရစ်ပါ့မလား....(မနေရစ်ပါဘုရား) မနေရစ်လို့ရှိယင် ကံကကော....(မနေရစ်ပါဘုရား)။

ဒါဖြင့် "ကမ္မဘဝ ပစ္စယာ ဇာတိ" ကျတော့ ဘုရားလဲမတတ်နိုင်တော့ဘူး....(မှန်ပါ့) တတ်နိုင်သေးရဲ့လား.... (မတတ်နိုင်ပါဘုရား)။

"ကမ္မဝိပါကော အစိန္တေယျော" ဆိုတဲ့အတိုင်း "ကမ္မံ သတ္တေ ဝိဘဇ္ဇတိ" ဆိုတဲ့ အတိုင်း ဘုရားကိုကမတတ်နိုင်လို့....ဘုရား၏ ယောဂ္ဝမ အပါယ်ကျရရှာတယ်....(မှန်ပါ့)သုပ္ပဗုဒ္ဓလေ--၊ ဦးခင်မောင် မကျဘူးလား....(ကျပါတယ်ဘုရား)။

ဘုရား၏ ယောက်ဖ ဒေဝဒတ်ဟာ သူ့ကံ လုပ်လာတော့ ဘုရားတားလို့ ရသေးရဲ့လား.... (မရပါဘုရား) မရတော့ အပါယ် မကျဘူးလား....(ကျပါတယ်ဘုရား)။

အဲဒီတော့ "ကမ္မံ ဝိပါကဿ" ကျတော့ ဘုရားလဲ မတတ်နိုင်ဘူး....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ)အဲဒီတော့ကံ ဖြစ်ကြောင်းကို ဘုန်းကြီးတို့က တားပေးတာပါ....(မှန်ပါ့) ဒါဖြင့် ကြားတယ်ဆိုယင် ဘာလုပ်ကြမလဲ....(ဖြစ်ပျက် ရှုရပါမယ်) ကြားတဲ့ စိတ်ကလေး ကြားတဲ့ ဝေဒနာကလေးကို.... (ဖြစ်ပျက် ရှုရပါမယ်ဘုရား)။

ရှုပြီးမှ ခင်ဗျားတို့ ခေါ်တာကို ထူးတာပေါ့ဗျာ၊ မထူးချင် လို့ရှိယင်လဲ ကိုယ်က ခေါ်ချင်လဲ ခေါ်နေတာပေါ့.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ရှေးဦးစွာတော့ ဘာလုပ်ပစ်ရမလဲ....(ဖြစ်ပျက် ရှုရပါမယ်) ကြားစိတ်ကလေးကို ဖြစ်ပျက် ရှုရမယ်....(မှန်ပါ့) ဒါ အိမ်ကျယင် အတော်သင်ရဦးမှာနော်....(မှန်ပါ့)။

ရဲကျောင်းမှာ ဒရိန်းပြဿလို ဦးခင်မောင်....အတော် ပြဿုရဦးမှာ ဒီဥစ္စာ လွယ်တာမဟုတ်ဘူး....(မှန်ပါ့)အခုက ချည်း စောနေတယ်၊ရိပ်မိပလား၊ အရှုက ပါမှာမဟုတ်ဘူး....(မှန်ပါ့)။

အဲဒါ တော်တော့်ကို လုပ်ယူရဦးမယ် ဆိုတာ ဦးခင်မောင် ဒီနည်းဖြင့် လွယ်ပါ့မလား....(မလွယ်ပါ) မလွယ်ဘူး၊ မလွယ် ဘူးတဲ့ တကာတကာမတို့....။

ကဲ....မွေးတယ်ဆိုလို့ရှိယင်လဲ တကာတကာမတို့က မွေးတဲ့ စိတ်ကလေး ဖြစ်ပျက် ရှုရလိမ့်မယ်....(မှန်ပါ့ဘုရား) အို....မွေး လိုက်တာ ဒီအနားမှာ ကျုပ် တာရှည်နေချင်တယ်ဆိုတဲ့ တဏှာ ဥပါဒါန့်ကံတွေ့ မလာစေနဲ့ဦး....(မှန်ပါ့)မွေးတဲ့ စိတ်ကလေး ဘာလုပ်ရမလဲ....(ဖြစ်ပျက် ရှုရပါမယ်ဘုရား)။

ဒါ ဥပေက္ခာဝေဒနာကို ဖြစ်ပျက် ရှုလိုက်တာပေါ့.... (မှန် ပါ့) သဘောကျပလား....(ကျပါပြီ) ထမင်းစားတယ်,ဟင်းစား တယ်, ရေသောက်တယ်ဆိုတော့ လျှာပေါ်မှာ စိတ်ကလေး မပေါ်ဘူးလား....(ပေါ်ပါတယ်ဘုရား)။

အဲ.... ဥပေက္ခာဝေဒနာကလေးပေါ့၊ ပေါ်တာကလေး .... ဘာလုပ်ရမယ်.... (ဖြစ်ပျက်ရှုရပါမယ်ဘုရား) အဲ....ဖြစ်ပျက် ရှု

ပြီးသကာလ စားကြ သောက်ကြလို့ ရှိယင်လဲ....တဲ့ တကာ တကာမတို့ဝေဒနာနိရောဓော....(တဏှာနိရောဓောပါ ဘုရား)။

ဟော....တဏှာနိရောဓောတိ မဂ္ဂေါ....(မှန်ပါ့) တခါတည်း မဂ္ဂင်ပေါ်လာတယ်.... (ပေါ်ပါတယ်ဘုရား) တဏှာနိရောဓော ဆိုတာ ဘာပါလိမ့်.... (မဂ္ဂေါပါဘုရား) မဂ္ဂေါဆိုတော့ မဂ်ပေါ်လာတယ်ဆိုတယ်တဲ့....(မှန်ပါ့)။

ဒါဖြင့် ဝေဒနာက ဖြစ်ပျက်၊ ရှုတာက မဂ်၊ ဟော....မကိုက်သေးဘူးလား....(ကိုက်ပါတယ်ဘုရား) ဝေဒနာက....(ဖြစ်ပျက်ပါဘုရား) ရှုတာက....(မဂ်ပါဘုရား)။

အဲဒီတော့ တကာ တကာမတွေ့....မဂ်ရ-ရပါလို့၏ လို့....ဆုတောင်းရမှာလား....တဲ့ ရှုမှုပေါ်မှာလား.... (ရှုမှုပေါ်မှာပါဘုရား) အဲ....ရှုမှုပေါ်မှာ ဖြစ်နေတော့ ခင်ဗျားတို့က လိုချင်တာက မဂ်ဖိုလ်ဟုတ်လား....(မှန်ပါ့)။

အချောင်လိုချင်လို့တော့ (မရပါ) မရဘူး၊ ရှုမှုပေါ်မှာဘဲ....(မှန်ပါ့ဘုရား) ဖြစ်ပျက်မြင်မှ မဂ်ဝင်မှာကိုးဗျ.... (မှန်ပါ့ဘုရား) ဖြစ်ပျက်မှ မမြင်ဘူး ဆိုရင်တော့-(မဂ်မဝင်ပါဘုရား) မဂ် မဝင်နိုင်ဘူးဆိုတာ သေချာပလား.... (သေချာ ပါတယ်ဘုရား)။

အေး....ဒါတွေကိုတော့ အကျယ်တဝင့်လဲ ပြောနေဘို့ မလို့ပါဘူး၊ တကာတကာမတို့ နိဗ္ဗာန်ဆိုတာ ဘုရားကိုယ်တော်တိုင် ရာဟုလာကို ထမ်းမခေါ်နိုင် ဘူးဆိုတာ သဘောကျပလား.... (ကျပါပြီ) ယသော်ဓရာကိုကော .... ထမ်းခေါ်နိုင်ရဲ့လား.... (မခေါ်နိုင်ပါဘုရား)။

မင်းတို့တရား မင်းတို့လုပ် ဆိုပြီးသကာလ မင်း ဟောဒီလို ကျင့်၊ မင်း....ဟောဒီလိုကြံ ဆိုပြီးသကာလ ရာဟုလောဝါဒ သုတ်ကို အမျိုးမျိုး ဟောပြီးသကာလ ကယ်တင်ရတယ်....(မှန်လှပါဘုရား)။

သူ့ဟာသူ လုပ်ယူရ ရှာတယ်.... (မှန်ပါ့) မလုပ်ရပေဘူးလား....(လုပ်ရပါတယ်) ဒါဖြင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက နည်းပေး ကိုယ်တော်ကြီး ပေါ့ဗျာ....(မှန်လှပါဘုရား) ကျုပ်တို့ ခင်ဗျားတို့က လုပ်ယူရမည့် လူစားတွေ ဆိုတာကော သေချာပလား.... (သေချာပါတယ်) ဒါ့ကြောင့် ကိုယ့်အရေး ကိုယ် အားကိုးပါဆိုတာကော ကျေနပ်ကြပလား....(ကျေနပ်ပါတယ်ဘုရား)။

ကောင်းပြီ....ဒါဖြင့် တကာတကာမတို့ ဒီဝေဒနာ သုံးခုဟာ သေမင်း....(မှန်ပါ့)ဘာတဲ့တုံး....(သေမင်းပါဘုရား)သဘောကျကြရဲ့လား....(ကျပါတယ်ဘုရား) တချို့များ ကိုယ့်ဒေါသနဲ့ ကိုယ် ကြိုးဆွဲများချသလိုက်တယ်....(မှန်ပါ့)ကြိုးက သတ်တာလားတဲ့....တကာတကာမတို့ဝေဒနာက သတ်တာလား(ဝေဒနာက သတ်တာပါဘုရား)။

ဒေါမနဿဝေဒနာက သတ်ချလိုက်တယ်၊ စီးပွားတွေပျက်၊ သားမယားတွေကသေ၊ အကြောင်းက မညီညွတ်တော့၊ ကဲ.... သေတာကကောင်းပါတယ်ကွ....ဆိုပြီးတော့သေချလိုက်တာများ ဘယ်ဝေဒနာ သတ်လိုက်တာပါလိမ့်.... (ဒေါမနဿဝေဒနာ သတ်တာပါဘုရား)။

ဒေါမနဿဝေဒနာ သတ်ချလိုက်တယ်ဆိုတာ သဘောကျရဲ့လား....(ကျပါတယ်)ခုနက အပျော်ကျူးလို့ သေတာကျတော့ ဦးခင်မောင် ဘယ်နှယ်နေပါ့မလဲ....သောမနဿဝေဒနာ(သတ်တာပါဘုရား)။

အမေ့ကျူးလို့ သေတာကျတော့.... (ဥပေက္ခာဝေဒနာ သတ်တာပါဘုရား) ဥပေက္ခာဝေဒနာက သတ်ချလိုက်တာ....(မှန်ပါ့)သဘောကျပလား....(ကျပါပြီ) စိတ်ပျက်လို့ သေတာကတော့....(ဒေါမနဿဝေဒနာ သတ်တာပါဘုရား) ပျော်လွန်းလို့ သေတာကတော့....(သောမနဿ ဝေဒနာပါဘုရား)သဘောကျပြီနော်....(မှန်ပါ့) တချို့များ မူးမေ့ပြီး သေသွားတာတွေကတော့....(ဥပေက္ခာဝေဒနာ သတ်တာပါဘုရား)။

သြော်....ဒါဖြင့် တကာတကာမတွေ့ ခင်ဗျားတို့ အခု ဆရာဘုန်းကြီးနဲ့ တွေ့ပြီးသကာလ အခုတရားပဲမှာ နေကြ,ထိုင်ကြပါရမီရေစက် ဆုံကြ,ကြုံကြတယ်ဆိုတာ အင်မတန်ဝမ်းသာစရာကောင်းငြားသော်လဲ စိတ်မချရတဲ့ လူချည်းဘဲ(မှန်ပါ့ဘုရား)။

စိတ်မချရတဲ့လူချည်းဘဲ၊ သေးမင်းကိုယ်စီနဲ့ချည်းဘဲ(မှန်ပါ့) ဘယ်လို ဆုံးဖြတ်ချက်ချကြမလဲ....(သေမင်းကိုယ်စီနဲ့ ချည်းပါဘုရား)။

တကာတကာမတို့....ဘုန်းကြီးကလဲ တကာ တကာမတွေ့....အပေါ်မှာ သယ်ယူပို့ဆောင်ဘို့ ဝတ္တရားရှိတဲ့အတိုင်း သယ်ယူပို့ဆောင်ပြီးသကာလ သုဂတိနိဗ္ဗာန်ကို ပို့နေတယ်....(မှန်ပါ့)။

သူကလဲ သူ့အပေါ်မှာလဲ ဓါးဂုတ်ပေါ်ဝဲရက်ပါဘဲ(မှန်ပါ့) တကာတကာမတွေ့ကလဲ ဒီနည်းယူရက်နဲ့ ဓါးဂုတ်ပေါ် ဝဲရက်

ဘဲ့ မကျဘူးလား....(ကျပါတယ်)ဝေဒနာသုံးပါ တည်းဟူသော ခါးတွေကဝဲမနေဘူးလား....(ဝဲနေပါတယ်ဘုရား)။

အဲဒီတော့ သူတို့ကမဦးခင် ဥာဏ်ကဦးအောင် လုပ်ကြပါ (မှန်ပါ့ဘုရား) သူတို့ကတော့ သတ်မှာတော့ သေချာတယ်.... (မှန်ပါ့ဘုရား) တကာတကာမတို့ သူတို့ကတော့ ဘာတုန်း.... (သတ်မှာသေချာပါတယ်ဘုရား)။

သူတို့က သတ်မှာ သေချာတော့ကို ကဲရာဓရေ....ဝေဒနာ= ဝေဒနာသည်၊ မာရော=သတ်တတ်သည်၊ အဿဘဝေယျ=ဖြစ်ရာ၏၊ သူက သတ်တယ်ကွာ....တဲ့။

အဲဒီတော့ မင်းတို့က ဒီလိုလုပ်ကွ....တဲ့၊ မင်းတို့က သူ့ကို ပြန်သတ်....(မှန်ပါ့)ရှုတဲ့ ပုဂ္ဂိုလ်က သူ့ကို ပြန်သတ်ပါတဲ့-(မှန်ပါ့ဘုရား)။

ဒါဖြင့် သူကသတ်လို့ ကျုပ်တို့ သေမလား၊ သူ့ကိုကျုပ်တို့က သတ်မလား.... (သူ့ကိုသတ်ရပါမယ်ဘုရား) အပြောကတော့ လွယ်းလောက်ပါပေ့ဗျာ.... အပြောကတော့ လွယ်းလောက်ပါရဲ့ တကာတကာမတို့ ရှုမှ သေမှာနော်....(မှန်ပါ့)။

သို့သော်....သတ်ကောင်းတယ်လို့ သိတဲ့တလုံးဘဲ့ ဘုန်းကြီးသည် အင်မတန် ဝမ်းသာပါပြီ....(မှန်ပါ့ဘုရား)ဦးဇင်္ဂရင်တို့ ဘဝ များစွာ သံသရာက ဘယ်သူကချည်း သတ်ခဲ့သတုန်း....(ဝေဒနာကချည်း သတ်ခဲ့ပါတယ်ဘုရား)။

ကျုပ်တို့ကဖြင့်သတ်ခဲ့လို့ ရှိယင်ဖြင့် တကာတကာမတို့ ကျုပ်တို့က ဝေဒနာသတ်ခဲ့လို့ ရှိယင် သေမင်းအောင်ပဲ့ယူတဲ့ မသေရာ

မှန် ပြည်နိဗ္ဗာန် ရောက်မှာပေါ့.... (မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီ) အခုတော့ သူကချည်း သတ်နေတယ်.... (မှန်ပါ့ဘုရား)။

ဘယ်သူကချည်း သတ်နေသလဲ.... (ဝေဒနာကချည်း သတ်နေပါတယ်ဘုရား) ကျုပ်တို့က သတ်ခဲ့တဲ့ ဘဝများ ရှိပါရဲ့လား....(မရှိပါဘုရား)။

ဒီတခါ သတ်ယင်သတ်၊ မသတ်လို့ရှိယင်တော့ ခင်ဗျားတို့ ဘဝတိုင်း သူ့လက်တွင်း ခေါင်းစင်းသေရမယ်စိတ်ကူး....(မှန်ပါ့ဘုရား) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာ တကာမတို့ သတ်ဆိုတာ တခြားမဟုတ်ပါဘူး၊ ဝေဒနာကို ဖြစ်ပျက်မြင်အောင်ရှု....(မှန်ပါ့ဘုရား)သဘောကျပလား.... (ကျပါပြီဘုရား)။

ဝေဒနာတွေကို ဖြစ်ပျက်မြင်အောင်ရှုပြီး မှုန်းနေအောင်လဲ နိဗ္ဗန္နဉာဏ် တက်အောင်ရှုချ.... (မှန်ပါ့ဘုရား) ဝေဒနာသည် ကားလို့ဆိုယင် ဖြစ်တာလဲဒုက္ခသစ္စာ၊ ပျက်တာလဲ ဒုက္ခသစ္စာလို့သိအောင်ရှုပါ....(မှန်ပါ့ဘုရား) ဝေဒနာဖြစ်တာလဲ-(ဒုက္ခသစ္စာပါဘုရား) ပျက်တာကကော (ဒုက္ခသစ္စာပါဘုရား)။

အ....ဒီကိုသူ့သူ့ကို ပုံပုံနှိုင်းနှိုင်းသဲသဲလှုံ့ရှယင် ဝေဒနာတွေ အကုန်ချုပ်မယ်....(မှန်ပါ့)ဝေဒနာချုပ်တော့ ဦးခင်မောင်ဝေဒနာနဲ့ သဟဇာတဖြစ်တဲ့ သညာသင်္ခါရတွေကော....(ချုပ်သွားပါတယ်ဘုရား) ဝေဒနာနဲ့ သဟဇာတဖြစ်နေတဲ့ ရုပ်တရားတွေကော.... (ချုပ်သွားပါတယ်ဘုရား)။

အဲဒီကျတော့....“နာမရူပနိရောဓော ဝိညာဏာ နိရောဓော” သွားဖြစ်တယ်.... (ဖြစ်ပါတယ်ဘုရား) နာမရူပနိရောဓာ=နာမ်ရုပ် ချုပ်ခြင်းကြောင့် ဝိညာဏ်ချုပ်တယ်၊ သဘောကျပလား.... (မှန်ပါ့ဘုရား)။

ကဲ-နာမ်ရုပ်ချုပ်လို့ရှိယင်ဖြင့် သံယုတ်ပါဠိတော်မှာ သေသေချာချာဟောပါတယ် “ဝိညာဏနိရောဓော နာမရူပ နိရောဓော၊ နာမရူပနိရောဓော ဝိညာဏ နိရောဓော” ဆိုတော့....တကာတကာမတွေ တခုချုပ်ယင် ဘာတဲ့တုန်း.... (အကုန်ချုပ်ပါတယ်ဘုရား)။

တခုချုပ်-အကုန်ချုပ်တာဘဲလို့ မပြောဘူးလား (ပြောပါတယ်ဘုရား) ဝိညာဏ်ချုပ်ယင် နာမ်ရုပ်ချုပ်ပါတယ်၊ နာမ်ရုပ်ချုပ်ယင်....(ဝိညာဏ်ချုပ်ပါတယ်) ဝိညာဏ်ချုပ်တယ်ဆိုတော့ ခန္ဓာငါးပါးမစုံလား.... (စုံမါတယ်ဘုရား)။

ဒါဖြင့် ခန္ဓာငါးပါးဟာ ဘာသစ္စာတရားလဲ.... (ဒုက္ခသစ္စာပါ) အဲ....ဒုက္ခသစ္စာ ချုပ်သွားတယ်....ဆိုကတည်းကိုက တကာတကာမတို့ ကျုပ်တို့ဒုက္ခဝင်္ဂမှ မကျတ်လား.... (ကျတ်ပါတယ်ဘုရား) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဝေဒနာပေါ်ရာကို လိုက်ကြရလိမ့်မယ်(မှန်ပါ့)ဝေဒနာပေါ်ရာကို လိုက်ကြရလိမ့်မယ်ဆိုတော့ မျက်စိ, နား, နှာခေါင်း, လျှာမှာလဲ ဥပက္ခာဝေဒနာပေါ်တိုင်း လိုက်ပါနော်....(မှန်ပါ့)။

တကိုယ်လုံးမှာ သုခဝေဒနာပေါ်လဲ.... (လိုက်ရမှာဘဲ) ဖြစ်ပျက် ရှုပေးပါနော်.... (မှန်ပါ့) ဒုက္ခဝေဒနာပေါ်ကော.....

(ဖြစ်ပျက်ရှုပေးရပါမယ်) ဝမ်းထဲမှာ စည်းစိမ်ဥစ္စာ ရတနာရလို့ သောမနဿပေါ်ကော.... (ဖြစ်ပျက် ရှုရပါမယ်) ဒေါမနဿပေါ်ယင်လဲ....(ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

အေး....ကိုယ်နဲ့မဆိုင်သေးတဲ့ အခါကျလို့ရှိယင် ကမ္မဿကာဘဲ ထားတဲ့အခါကော မပါဘူးလား....(ပါ-ပါတယ်ဘုရား)။

ကိုယ်နဲ့ဆွေမျိုးကလဲ မတော် ဘာမှလဲမတော်တဲ့ ပုဂ္ဂိုလ် ကြားရရုံတင် ကြားရတဲ့အခါကြတော့ ဦးခင်မောင်တို့က ဘာထားလိုက်သတုန်း.... (ဥက္ခေဘာထားပါတယ်ဘုရား)။

ကမ္မဿကာဘဲကွာ.... သေမျိုးချည်းဘဲ မလာဘူးလား.... (လာပါတယ်) အင်း....ကိုယ်နဲ့ နည်းနည်းစပ်လာတဲ့ အခါကျတော့ ဒီအသံထွက်ကဲ့လား.... (မထွက်ပါဘုရား) ဖြစ်မှ ဖြစ်ရပလေ၊ မလာဘူးလား.... (လာပါတယ်ဘုရား)။

ဒါကြောင့် ကိုယ်နဲ့မစပ်တဲ့ ပုဂ္ဂိုလ်ကျတော့ သေမျိုးချည်းဘဲကွာ၊ ဥပေက္ခာဘဲဆိုတဲ့ အဓိပ္ပါယ် မလာဘူးလား.... (လာပါတယ်ဘုရား)။

ဒါဖြင့် ဥပေက္ခာလာတော့ ဘာလုပ်ရမလဲ.... (ဖြစ်ပျက်ရှုရပါမယ်) သြော်.... ဖြစ်မှ ဖြစ်ရပလေ.... လာယင်ကော....(ဖြစ်ပျက်ရှုရမှာပါဘဲ) ဖြစ်မှဖြစ်ရပလေဆိုတော့ ဦးခင်မောင်ရေ.... ဒေါသ, သောက မဟုတ်ဘူးလား.... (မှန်ပါဘုရား)။

အဲ....ဒေါသ, သောကဆိုတော့ ဒါဟာ ဒေါမနဿဝေဒနာဘဲ မဟုတ်လား.... (မှန်လှပါ) ဘာလုပ်ရမလဲ.... (ဖြစ်ပျက်ရှုရပါမယ်) ဒါဖြင့် ဖြစ်မှဖြစ်ရပလေလို့ လာယင်လဲ ဘာလုပ်ကြမယ်....(ဖြစ်ပျက်ရှုရပါမယ်) ကမ္မဿကာလို့ထားတဲ့ ဝေဒနာလာယင်ကော.... (ဖြစ်ပျက်ရှုရမှာပါဘဲဘုရား)။

ဩော်....ဒီပုဂ္ဂိုလ် ကျုပ်ဖြင့် မျက်လုံးထဲကတောင်မပျောက်သေးဘူးလို့ ဆိုယင်ကော.... (ဖြစ်ပျက်ရှုရမှာပါဘဲ) အဲဒါ ခင်လုံးကလေးတွေ့ သောမနဿဝေဒနာလာတာ (မှန်ပါ့) ဒါကလေးကျတော့လဲဘယ်နှယ်လုပ်ရမလဲ (ဖြစ်ပျက်ရှုရပါမယ်)။

ဒါဖြင့် အားလုံးသည်ကားလို့ဆိုယင် ဘုန်းကြီးက ဖြစ်ပျက်ရှုရမယ်လို့ခိုင်းလို့ ရှုရမှာလား၊ သူတို့ဖြစ်ပျက်ကို ကျုပ်တို့က မြင်အောင် လိုက်ရမှာလား.... (သူတို့ဖြစ်ပျက်ကို မြင်အောင် လိုက်ရမှာပါဘုရား)။

ဒါအရေးကြီးပါတယ် အခုပြောတဲ့စကားဟာ.... (မှန်ပါ့) ဘုရားက ရှုခိုင်းလို့ ရှုရတယ်၊ ဘုန်းကြီးက ရှုခိုင်းလို့ ရှုရတယ် ဆိုလို့ရှိယင်ဖြင့် သညာဖြစ်နေပါတယ်.... (မှန်ပါ့ဘုရား)။

သူတို့ဖြစ်ပျက်ကို သူတို့ဖြစ်ပျက်ပြီးသကာလနေတဲ့ သဘာဝ ဓမ္မ-အနိစ္စတရားကြီးကို ကျုပ်တို့က အနိစ္စဉာဏ်နဲ့ မှန်မှန်မြင်ဘို့ အရေးကြီးပါတယ်.... (မှန်ပါ့ဘုရား)။

ဦးခင်မောင် ဒီစကားအရေးမကြီးဘူးလား.... (ကြီးပါတယ် ဘုရား)အင်မတန်အရေးကြီးတယ်ဆိုတာမပေါ် သေးဘူးလား.... (ပေါ်ပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဝေဒနာဟာ ဒီနေ့နှစ်လုံးတည်းဘဲ ဒီတရားပဲက မှတ်သွားပါတော့ နာရီလဲစေ့နေလို့.... နော်.... (မှန်ပါ့) ကိုယ်ကသတ်လို့ရှိယင်....နိဗ္ဗာန်ရောက်မယ်.... (မှန်ပါ့ဘုရား)။

သူကသတ်လို့ရှိယင်ဖြင့် ခင်ဗျားတို့ သေပဲ့ဝင်ရလိမ့်မယ်.... (မှန်ပါ့ဘုရား) ကိုယ်ကသတ်နိုင်ယင်.... (နိဗ္ဗာန်ရောက်ပါမယ်)

သူကသတ်နိုင်လို့ရှိယင်.... (သေပဲ့ဝင်ရလိမ့်မယ်) အဲဒါကြိုက်တာယူပေတော့ ခင်ဗျားတို့.... (မှန်ပါ့ဘုရား)။

သူကသတ်တာ ကြိုက်သလား....ကိုယ်က သတ်ရတာကောင်းသလား....(ကိုယ်ကသတ်ရတာ ကောင်းပါတယ်ဘုရား) ဒါဖြင့် အမြဲတန်းဝေဒနာ ဖြစ်ပျက်မြင်အောင်ရှု (မှန်ပါ့ဘုရား) ရှုဖန်များလာယင် ဘာဖြစ်မယ်.... (မုန်းပါတယ်ဘုရား)။

မုန်းပြီးယင် ဘာဖြစ်မယ်ထင်သတုန်း.... (ဆုံးသွားပါတယ်) မုန်းပြီးယင် ဒီဝေဒနာတွေဟာ ရှုလို့ကိုရှာမတွေ့ဘူး ဆုံးသွားလိမ့်မယ်....(မှန်ပါ့ဘုရား)ဆုံးသွားလို့ရှိယင်"ဝေဒနာနံ ခယော ဘိက္ခု နိစ္စတော ပရိနိဗ္ဗုတော"".... (မှန်ပါ့ဘုရား)။

ဝေဒနာကုန်ယင် နောက်က တဏှာ ပါကုန်တာဘဲကွ....တဲ့၊ (မှန်ပါ့) တဏှာကုန်ယင် တဏှာနိရောဓော နိဗ္ဗာနံ....ကွ....တဲ့၊ ဘာမှမစိုးရိမ်နဲ့တဲ့....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီ)။

ကိုင်း....ယနေ့ ဒီတွင် တော်ကြဦးစို့။

သာဓု....သာဓု....သာဓု....

ကျေးဇူးတော် - အင်္ဂမဟာမင်္ဂလာတ

အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း-မိုးကုတ်ဆရာတော်ဘုရား

မန္တလေးမြို့၊ ဦးချစ်ဆွေ ဓမ္မာရုံ၌

ဟောကြားတော်မူသော

(အဖုံငါးပါး ဖွင့်လှစ်နည်း)

အလုပ်ပေး - တရားတော်

(၂၀-၂-၆၁)

တရားကို နားကနာပါလို့ သတိပေးလိုက် တယ်နော်.... တရားကို နားကထောင်ပါ၊ ဉာဏ်ကခန္ဓာလှည့်ပါ၊ တရားကို.... (နားကထောင်ရပါမယ်) ဉာဏ်ကတော့.... (ခန္ဓာဘက်လှည့်ရပါမယ်ဘုရား)။

အင်း....နားကတော့ ဘာလုပ်ကြရမယ်....(နားထောင်ရပါမယ်) တရားကိုဘဲ နားထောင်ရမယ်နော်.... (မှန်ပါ့)ကိုယ့်ရှိတဲ့ ဉာဏ်ကလေးကကော....(ခန္ဓာဘက် လှည့်ရပါမယ်ဘုရား)။

ခန္ဓာဘက်လှည့်ကြပါတဲ့၊ အဲဒီကဲ့သို့ နာခဲ့လို့ရှိယင်ဖြင့် တရားကို နားကထောင်၊ ဉာဏ်က ခန္ဓာဘက်လှည့်လို့ရှိယင်ဖြင့် ခန္ဓာပြောတာကို ဉာဏ်ကမြင်ပါလိမ့်မယ်နော်....(မှန်ပါ့ဘုရား)။

ခန္ဓာပြောတာကို ဉာဏ်ကမြင်ခဲ့သည်ရှိသော် ဘုန်းကြီးတို့ တကာ တကာမတွေသည် သူများပြောမယုံဘဲနဲ့ ခန္ဓာပြောကို ယုံလာပါလိမ့်မယ်ဆိုတာ ကေန်ပေါ့ဗျာ....(မှန်ပါ့ဘုရား)။

သူမျှားပြောကို ယုံစရာရှိသေးသလား.... (မရှိပါဘုရား) ခန္ဓာကပြောတာကတော့.... (ယုံရမှာပါဘုရား)။

ခန္ဓာက ပြောတာကတော့ ယုံရမှာချည်း ကောန်ဖြစ်နေတော့ သြော်.... ခန္ဓာသည် ဘာ-ခန္ဓာပါလိမ့်မလဲ ဆိုတဲ့ဥစ္စာ ခန္ဓာက ပြောပါလိမ့်မယ်.... (မှန်ပါ့ဘုရား)။

ခန္ဓာကပြောတာကို တကာ တကာမတွေက ဉာဏ်နဲ့နှား ထောင်ပြီဆိုမှဖြင့် ခန္ဓာက "သံခိတ္တောန ပဉ္ဉုပါဒါနက္ခန္ဓာဒုက္ခာ" လို့ သည့်ပြင် ဘာမှမပြောဘူး၊ ဒုက္ခသစ္စာချည်းပါဘဲလို့သာ ပြောလိုက်တယ်....(မှန်လှပါဘုရား) ဘယ်လိုမျှားပြောမယ်ထင်ကြသလဲ.... (ဒုက္ခသစ္စာချည်းဘဲလို့ ပြောပါတယ်ဘုရား)။

ဒုက္ခသစ္စာချည်းဘဲလို့ ခန္ဓာက ပြောတဲ့အခါကျလို့ရှိယင် ဉာဏ်က ကြည့်လိုက်တဲ့အခါကျတော့ သြော်....ဒါ ဒုက္ခသစ္စာဘဲ ဆိုတဲ့ဥစ္စာကို ခန္ဓာကပြောတာကို ဉာဏ်ကသိပြီဆိုမှဖြင့် သမုဒယသစ္စာ တဏှာလောဘက အနားမကပ်နိုင်တော့ဘူး.... (မှန်လှပါဘုရား)။

ဘယ်နှယ်ကြောင့် မကပ်နိုင်ပါလိမ့်မလဲလို့ အမေးထုတ်တော့မှ တကာ တကာမတို့ ခန္ဓာက ပြောတာကို ကိုယ်က အမှန်သိသောကြောင့် သံသရာတခုလုံး လိမ်လည်ကောက်ကျစ်တဲ့အထဲမှာ သမုဒယသစ္စာ တဏှာလောဘလောက် လိမ်လည်ကောက်ကျစ်တာ မရှိပါဘူး.... (မှန်လှပါဘုရား)။

အဲဒီလိမ်လည် ကောက်ကျစ်တဲ့တရားဟာ လိမ်လည်ကောက်ကျစ်ခွင့်ကို မရအောင် ခန္ဓာကပြောတာကို ဉာဏ်က မြင်ကြလို့ရှိရင်လဲ သမုဒယသစ္စာ သေပါလိမ့်မယ်-(မှန်လှပါဘုရား)။

သမုဒယသစ္စာ သေတော့ကို တကာ တကာမတို့ တဏှာ နိရောဓော နိဗ္ဗာန်-ဆိုတဲ့ဥစ္စာဟာ ပေါ်လာပါလိမ့်မယ်.... (မှန်လှပါဘုရား)။

အဲဒါကြောင့် ဒီနေ့တရားနာနည်းကို တကာ တကာမတွေ သင်ပေးနေပါတယ်၊ နားက ဘာထောင်ရမယ်.... (တရားကို ထောင်ရပါမယ်ဘုရား)။

အေး....ဆရာဘုန်းကြီးက ခန္ဓာတရား ဟောနေတဲ့အတွက် ခန္ဓာတရားကို နားထောင်ပါ.... (မှန်ပါ့) ဥာဏ်ကတော့ကို ဘုန်းကြီးဆီမလှည့်ဘဲနဲ့ တကာ တကာမတွေ ကိုယ့်ခန္ဓာဘက် ကိုယ်လှည့်လိုက်ပါ.... (မှန်ပါ့ဘုရား)ဥာဏ်က ဘယ်လှည့်ရမလဲ-... (ကိုယ့်ခန္ဓာဘက် လှည့်ရပါမယ်ဘုရား)။

ဥာဏ်က ကိုယ့်ခန္ဓာဘက် ကိုယ်လှည့်လိုက်ပြီလို့ ဆိုမှဖြင့် ခန္ဓာက ဘာသစ္စာလို့ပြောပါ့မလဲ.... (ဒုက္ခသစ္စာပါဘုရား)။

ဩော်....ခန္ဓာက ဒုက္ခသစ္စာလို့ ကောန်ပြောတဲ့အခါကျတော့ ဥာဏ်ကခေါင်းငြိမ့်ပြီးသကာလ ဩော်....ဟုတ်သားဘဲ၊ ဩော်.... ဟုတ်သားဘဲဆိုပြီး လိုက်-လိုက်လို့ ရှိယင်ဖြင့် တသံသရာလုံး လိမ်လည်ကောက်ကျစ်လှည့်ဖျားပြီးသကာလ ဟိုပုံကောင်းနိုးနိုး ဒီပုံကောင်းနိုးနိုးနဲ့ နိဗ္ဗာန်ရှာလာတာ တဏှာလှည့်စာပြီး ရှာလာတဲ့ နိဗ္ဗာန်ဟာဖြင့် ကွယ်ပျောက်ပြီး သကာလ တဏှာလက်ညှိုးညွှန်ရာမရောက်ဘဲနဲ့ ဥာဏ်လက်ညှိုးညွှန်ရာကို တကာ တကာမတွေ ကောန်တကယ် ရောက်ကြပါလိမ့်မယ်ဆိုတာ မှတ်ရလိမ့်မယ်နော်....(မှန်လှပါဘုရား)။

မိုးကုတ်ဝိပဿနာ လုပ်ငန်းစဉ်တရား (၅)

ကိုင်း.... ဒါဖြင့် ဘုန်းကြီးတို့ တကာ မကာမတွေ ဝိပဿနာ ရှုမှု ခန္ဓာကို ဉာဏ်နဲ့ လှည့်ပါဆိုတော့ ဝိပဿနာ ရှုပြီး နာပါလို့ ဆိုတဲ့ အဓိပ္ပါယ် ပါဘဲ.... (မှန်လှပါ) ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် ခန္ဓာ အစ ကလေးတော့ ပြောပေးပါဦးမယ် တကာ တကာမတို့ နေ့တိုင်းပြောလို့ ရှိယင်ဖြင့် အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ ဆိုတာ မလာပေဘူးလား (လာပါတယ်ဘုရား) သင်္ခါရပစ္စယာ ခန္ဓာ ငါးပါးလို့ ဆရာ ဘုန်းကြီးက မဟောဘူးလား....(ဟောပါတယ်ဘုရား)။

အဲ....သင်္ခါရပစ္စယာ ဝိညာဏံ ရယ် သဠာယတန, ဖဿ, ဝေဒနာတွေကို စာလိုဆိုယင် သုတ္တန်နည်းနဲ့ မှန်ငြားသော်လဲ ခန္ဓာ စစ်စစ်မှာ အဘိဓမ္မာနည်းနဲ့ ဝေဘန်လိုက်တော့ ခန္ဓာငါးပါး ပေါ်လာတယ်.... (မှန်ပါဘုရား) အင်း....ဟင်.... အဝိဇ္ဇာသင်္ခါရက ဘာမျှား တည်ထောင်လိုက်ပါလိမ့်.... (ခန္ဓာငါးပါး တည်ထောင်ပါတယ်ဘုရား)။

ဒါ ပြောချင်လို့ ပြောရတာမဟုတ်ပါဘူး၊ တကာ တကာမတို့ နဂိုရိ ကတည်းက ယောကျ်ား မပါ၊ မိန်းမ မပါ၊ ငါ မပါ၊ သူမပါတာ သိပါစေတော့လို့.... (မှန်ပါ ဘုရား) ဒီထဲပါကြသေးရဲ့လား....(မပါ-ပါဘုရား)။

ယောကျ်ား မိန်းမ ငါသူတပါးဆိုတာတွေ တကာ တကာမတွေ ပဌမ ဖြစ်လာကတည်းက မပါဘူးဆိုတာ သိလို့ရှိယင်ဖြင့် နောက်မှ သြော်.... သမုတိသစ္စာနဲ့ ပြောဆိုဖြစ်ကြအောင်လို့

မုသား မဖြစ်အောင်လို့ ပြောတဲ့ စကား တော့ မှန်တယ်၊ ယောကျ်ား မိန်းမကို ကျုပ်ဝိပဿနာရှုတဲ့ နေရာကျတော့ သူ့ကို အတည်မပြုဘဲနဲ့ ပင်ကိုယ်ကလာတာကို အတည်ပြုပြီး သကာလ ဝိပဿနာဥာဏ်နဲ့ ရှုကြလို့ ရှိယင်ဖြင့် သကာဒိဋ္ဌိက ပြုတ်ပြီးသားဖြစ်ပါတယ်.... (မှန်ပါ့ ဘုရား) သဿတလဲ ပြုတ်ပြီး၊ ဥစ္ဆေဒလဲ ပြုတ်ပြီးသား ဖြစ်ပါတယ် ဆိုတာ နေ့တိုင်း ပြောရတယ်.....(မှန်ပါ့ဘုရား)။

အဲဒါကြောင့် တရားသားချည်း ပြောနေတဲ့နေ့မို့ တကာ တကာမတွေ အဝိဇ္ဇာသင်္ခါရက ဘာလုပ်လိုက်ပါလိမ့်....(ခန္ဓာငါးပါးလုပ်လိုက်ပါတယ်ဘုရား)။

အင်း....ဒါဖြင့် တကာ တကာမတို့ လူမိုက်လဲ ခန္ဓာငါးပါး လုပ်လိုက်တာဘဲ....(မှန်ပါ့) လူလိမ္မာကော....ခန္ဓာငါးပါးပါဘဲ) ခန္ဓာငါးပါး လုပ်တာချင်း အတူတူဘဲဆိုတာ သေချာပလား.... (သေချာပါတယ်ဘုရား)။

ဩော်....ဒါဖြင့် လူမိုက်နဲ့ လူလိမ်မာ ဘာများ ထူးပါလိမ့်မလဲဆိုတာ ဗာလပဏ္ဍိတသုတ် သံယုတ်ပါဠိတော်ကြီးမှာ လူမိုက်နဲ့ လူလိမ်မာ ဘာများထူးပါလိမ့်မလဲ ဆိုတဲ့ဥစ္စာ အလာမှာမထူးဘူးဆိုတာ သေချာသွားတယ်....(မှန်ပါ့ဘုရား)

လူမိုက်လဲ အဝိဇ္ဇာသင်္ခါရကြောင့် ခန္ဓာငါးပါး ဖြစ်တာဘဲ-(မှန်ပါ့)လူလိမ်မာမှာကော တကာ တကာမတို့....(ခန္ဓာငါးပါးဘဲ ဖြစ်ပါတယ်ဘုရား)။

ခန္ဓာငါးပါး ဖြစ်ကြတာဘဲ ဆိုတော့ ဩော်.... လူမိုက်လဲ ခန္ဓာငါးပါးဖြစ် လူလိမ်မာလဲ ခန္ဓာငါးပါး ဖြစ်တယ် ဆိုတာ သိနေကြတော့ ခန္ဓာငါးပါးဖြစ်တာကို တကာ တကာမတွေ့.... ပိုင်ပိုင်နိုင်နိုင် ကိုယ် ခန္ဓာငါးပါးဟာ ဒီအကြောင်းကြောင့် ဖြစ်တယ်ဆိုတာ ပိုင်ပိုင်နိုင်နိုင် သိလာယင်လဲ ဘုန်းကြီးက ဩော်.... နဂိုရိုက်တည်းက ငါလဲ မပါ၊ သူလဲ မပါ၊ ယောကျ်ားလဲ မပါ၊ မိန်းမလဲ မပါ၊ အမေလဲ မပါ၊ အဖေလဲ မပါဆိုတာ မသေချာဘူးလား.... (သေချာပါတယ်ဘုရား)။

ဘာသာလျှင် ကောန်ရှိ,တကယ်ရှိပါလိမ့်.... (ခန္ဓာငါးပါးသာ ကောန်ရှိပါတယ်ဘုရား) ခန္ဓာငါးပါးသာလျှင် ကောန်ရှိ, တကယ်ရှိတယ်ဆိုတော့ ဩော်....အစက မပါတာ နောက်မှ မြို့ထဲရွာထဲမှာ မွေးမိ, ဖွားမိတာနဲ့ ပြောသံကြား,ဆိုသံကြားတွေကြောင့် သမုတိသစ္စာကို တကယ်ထင်ပြီးသကာလ အမေရယ်.... အဖေရယ်....ငါရယ်....သူရယ်....ဆိုတာတွေ ချုပ်ကွယ်ပြီး လာတာတွေကို အခု အရင်းကနေ ပြလိုက်တော့ မရှင်းသေးဘူးလား.... (ရှင်းပါတယ်ဘုရား)။

ဩော်....အရင်က နဂိုရိုက လာခဲ့တာက တကာ တကာမတွေ့ အဝိဇ္ဇာသင်္ခါရက ပြုလုပ်လိုက်တာက ဘာပါလိမ့်....(ခန္ဓာငါးပါးပါဘုရား) ဒီ ခန္ဓာငါးပါးကို အဝိဇ္ဇာသင်္ခါရကလဲ လုပ်လိုက်တယ်၊ ဩော်.... အဝိဇ္ဇာ သင်္ခါရ ကတော့ အတိတ်က အကြောင်းပေါ့ဗျာ....(မှန်ပါ့ဘုရား)။

အဝိဇ္ဇာက မသိတာ၊ သင်္ခါရက ပြုပြင်တဲ့တရား....(မှန်ပါ့) အဝိဇ္ဇာ သင်္ခါရပြုပြင်လိုက်တာက တကားတကာမတို့ အခုဘာနဲ့

အတူတူ နေကြရ, ထိုင်ကြရပါလိမ့်မလဲ....(ခန္ဓာငါးပါးနဲ့ နေကြရပါတယ်ဘုရား) ခန္ဓာငါးပါးနဲ့ အတူတူ နေကြရ, ထိုင်ကြရတယ်ဆိုတာ မရှင်းသေးဘူးလား....(ရှင်းပါတယ်ဘုရား)။

သြော်.... ဒါဖြင့် ဒီတရားပွဲမှာ ယောကျ်ားတွေ များလား မိန်းမတွေ များလား.... ခန္ဓာငါးပါးချည်းဘဲလားလို့.... မေးယင် ဘယ်နှယ်ဖြေကြမလဲ.... (ခန္ဓာငါးပါးချည်းပါဘဲဘုရား)။

ဟုတ်ပြီ.... ဟုတ်ပြီ....၊ ဒီလို ပိုင်ပိုင်နိုင်နိုင်ဉာဏ်ထဲမှာသိထားတော့မှ ဝိပဿနာ ရှုတော့ တကာသစ်တို့.... ဦးခင်မောင်တို့.... မရှင်းပေဘူးလား.... (ရှင်းပါတယ်ဘုရား)။

အဲဒါဖြင့် အစကတည်းက သက္ကာယဒိဋ္ဌိ ပြုတ်ပြီးသကာလ ဒီထဲမှာ ခန္ဓာငါးပါးဘဲ၊ ငါ သူတပါး ယောကျ်ား, မိန်းမ ပါ သေးရဲ့လား....(မပါ-ပါဘုရား)။

အင်း.... ဒါ ဘယ်ကများး လာပါလိမ့်.... သိကြား, ဗြဟ္မာ, ဘုရား လာပြီး ဖန်ဆင်းလေရော့လားလို့ မေးတော့၊ မသိတဲ့ အဝိဇ္ဇာ၊ ပြုပြင်မှု သင်္ခါရကြောင့် ပေါ်လာတာဘဲ.... (မှန်လှပါဘုရား)မသိတာက....(အဝိဇ္ဇာပါဘုရား)ပြုပြင်မှုက....(သင်္ခါရပါဘုရား)။

သြော်....မသိတဲ့ အဝိဇ္ဇာ၊ ပြုပြင်မှု သင်္ခါရကြောင့် ဘာများဖြစ်လာကြပါလိမ့်....(ခန္ဓာငါးပါးဖြစ်လာပါတယ်ဘုရား)။

အေး.... ခန္ဓာငါးပါးဖြစ်လာတယ်ဆိုတော့ ယခု တရားနာနေကြတာတွေ့ အားလုံး ရှင်းကြပါတော့၊ ယောကျ်ားလဲ မပါဘူး၊ မိန်းမလဲ မပါဘူး၊ နဂိုရိုက မပါခဲ့တဲ့ဥစ္စာ၊ ခန္ဓာငါးပါး ခန္ဓာငါးပါးပါဘဲ....(မှန်ပါဘုရား)။

ဒီခန္ဓာငါးပါး ပျက်ပြန်လို့ရှိယင် နောက် ခန္ဓာငါးပါးက အဝိဇ္ဇာသန်ခါက အစားထိုးမှာဘဲ.... (မှန်ပါ့ဘုရား)ဒီ့ပြင် ဘာထိုးစရာလိုသေးသလဲ.... (မလိုပါဘုရား)။

ဒီခန္ဓာငါးပါး ဖျတ်ဆို ပျက်သွားမယ်၊ ဘယ်သူက အစားထိုးရမယ်.... (အဝိဇ္ဇာသန်ခါရကပါ) အဝိဇ္ဇာသန်ခါက-နေပြီး ပြန်ပြီး အစားထိုးတော့ ခန္ဓာငါးပါးဘဲ ပြန်ထိုးတယ်(မှန်ပါ့) ခန္ဓာငါးပါး ပျက်တော့ ဘယ်သူက အစားထိုးသလဲ....(အဝိဇ္ဇာသန်ခါရကပါ)အဝိဇ္ဇာသန်ခါရကတော့ သဘောကျပါပြီ တကာတကာမတို့၊ ဘာတွေမျှား ပြန်ပြီး အစားထိုးလိုက်ပါလိမ့်.... (ခန္ဓာငါးပါးပါဘုရား)။

အေး.... ခန္ဓာငါးပါးဘဲ အစားထိုးလိုက်တော့ ဩော်.... အဝိဇ္ဇာသန်ခါရကြောင့် ဥဒယဗ္ဗယဉာဏ် ဟောရမယ်ဆိုတော့.... အဝိဇ္ဇာတို့, တဏှာတို့, ဥပါဒါန်တို့, ကံတို့ ပါမလာဘူးလား.... (ပါလာပါတယ်ဘုရား)။

ယခုလို ပဝတ္တိအခါမှာတော့ ခန္ဓာငါးပါးဟာ ဖြစ်တော့ ဖြစ်တာဘဲ သူတို့လဲ အကြောင်းမကင်းဘူးဆိုတော့ နေ့တိုင်း စားသောက်နေတဲ့ အဟာရကလေးကလဲ တကာ တကာမတွေကို နို့ထိန်းသဘွယ် စောင့်ရပါတယ်.... (မှန်လှပါဘုရား) နို့ထိန်းသဘွယ် စောင့်နေရတယ်နော်.... (မှန်လှပါ) အဝိဇ္ဇာသန်ခါရကတော့ မွေးထုတ်တယ်.... (မှန်ပါ့)။

အဝိဇ္ဇာသန်ခါရကတော့.... (မွေးထုတ်ပါတယ်ဘုရား)ဘာကို မွေးထုတ်လိုက်ပါလိမ့်.... (ခန္ဓာငါးပါးပါဘုရား) မွေးထုတ်ပြီး သူကတော့ ပစ်ထားတာ တကာ တကာမတို့.... (မှန်ပါ့)။

သူက ပစ်ပြီးသကာလ ထားတဲ့အခါကျတော့ တကာတကာမ တွေ့မှာ နေ့တိုင်း အမေကကျွေးတဲ့ အစာအဟာရ၊ ကိုယ် တိုင်စားနိုင်တဲ့အခါ ကိုယ်တိုင် စားသောက်တဲ့ အစာအဟာရ ဩဇာဓာတ်တွေက နေပြီးသကာလ ဒီခန္ဓာကြီး မထောက်ပံ့ ရဘူးလားဗျာ....(ထောက်ပံ့ရပါတယ်ဘုရား)။

သြော်.... ဒါ့ကြောင့် အဟာရကြောင့်ဘဲ ဘာဖြစ်ပါလိမ့် ဗျာ....(ခန္ဓာငါးပါး ဖြစ်ပါတယ်ဘုရား) သြော်....နေရာကျလိုက် တာ တကာတကာမတို့.... အဝိဇ္ဇာတို့, သင်္ခါရတို့, အဟာရတို့ ကြောင့် အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံ ဆိုတဲ့ကံ အဟာရဆို တာတွေ့ ယနေ့ ပေါ်မသွားသေးဘူးလား.... (ပေါ်သွားပါပြီ ဘုရား(။

ဒါဖြင့် တကာတကာမတို့ ဒီခန္ဓာငါးပါးထဲ ငါ, သူတပါး ယောကျ်ား,မိန်းမ, ဘယ်နှယ်တုန်း.... (မပါပါဘုရား) သိကြား ဗြဟ္မာ,ဘုရားလာပြီး ဖန်ဆင်းတာကော ဟုတ်သေးရဲ့လား.... (မဟုတ်ပါဘုရား)။

မဟုတ်ပါဘူးတဲ့....၊ အဝိဇ္ဇာသင်္ခါရတို့ အဟာရတို့ကနေပြီး တည်ထောင်တာဆိုတာ မသေချာဘူးလား.... (သေချာပါတယ် ဘုရား)ဒီအထဲက သြော်....ဒီအကြောင်းတွေ့ကြောင့် ဖြစ်တဲ့ ဒီအကျိုးတရားဆိုတာကော မသေချာဘူးလား.... (သေချာပါ တယ်ဘုရား)။

သြော်....ဒါဖြင့် အကျိုးတရား ခန္ဓာငါးပါး၊ သဘောကျ ကြပလား.... (မှန်ပါ့ဘုရား) အကျိုးတရား.... (ခန္ဓာငါးပါးပါ ဘုရား) သြော်....တကာ တကာမတွေ့ အခု ဘာနဲ့မျှားနေကြ ထိုင်ကြပါလိမ့်မတုန်းလို့ မေးတော့ အကျိုးတရား ခန္ဓာငါးပါးနဲ့

နေကြပါတယ်ဆိုတာ ရှင်းကြပလား.... (ရှင်းပါပြီ) ဘာနဲ့နေကြပါလိမ့်.... (အကျိုးတရား ခန္ဓာငါးပါးနဲ့ နေကြပါတယ်ဘုရား)အကျိုးတရားဆိုတာ သိလိုက်တဲ့အခါကျတော့ ယုံမှားခြင်း ဝိစိကိစ္ဆာ စင်ပါတယ်နော်.... (မှန်ပါ့)။

ဒီ အကြောင်း ကြောင့် ဖြစ်တဲ့ ဒီအကျိုးတရားဆိုတော့.... အကြောင်းနဲ့အကျိုး သိလိုက်ခြင်းကြောင့် သိကြား ဗြဟ္မာ ဘုရားလာပြီးသကာလ ထာဝရတွေက ဖန်ဆင်းတာ မဟုတ်တော့ဘူးဆိုတာသိသဖြင့် ယုံမှားခြင်း ဝိစိကိစ္ဆာ စင်မသွားဘူးလား.... (စင်သွားပါတယ်ဘုရား)။

ခန္ဓာငါးပါးလို့ သိသဖြင့် ငါ-သူတပါးယောကျ်ား, မိန်းမဆိုတဲ့ဒိဋ္ဌိကကော.... (စင်ပါတယ်ဘုရား) ဟော....ဒိဋ္ဌိဝိစိကိစ္ဆာ စင်သွားပြီ.... (မှန်ပါဘုရား) ရှင်းကြပလား.... (ရှင်းပါပြီ) ဒီခန္ဓာငါးပါးဟာ အကြောင်းတရားလား အကျိုးတရားလား တကာ တကာမတို့.... (အကျိုး တရားပါ ဘုရား) အကျိုးတရား ဆိုကတည်းကိုက အကြောင်းကြောင့် ဖြစ်တာပေါ့နော် (မှန်ပါ့)။

ဩော်....ဒါဖြင့် အကြောင်းတရားကြောင့်ဖြစ်တဲ့ အကျိုးတရား ခန္ဓာငါးပါးဟာ အကျိုးတရားလို့ သိလိုက်သဖြင့် ဝိစိကိစ္ဆာ စင်သွားတယ်....(မှန်ပါ့)သိကြား ဗြဟ္မာ ဘုရားလာပြီး တည်ထောင်တာလို့ ဆိုလို့ရသေးရဲ့လား.... (မရပါဘုရား) ထာဝရဖန်ဆင်းတာတွေကော ဟုတ်သေးရဲ့လား....(မဟုတ်ပါဘုရား)။

ဩော်.... ဒီလိုသိလိုက်သဖြင့် ဘာစင်သွားပါလိမ့်.... (ဝိစိကိစ္ဆာ စင်ပါတယ်) ဝိစိကိစ္ဆာ စင်သွားတယ်နော်.... (မှန်ပါ့)

ဒီအကြောင်းတရားတွေက ပြုလိုက်တဲ့ အကျိုးတရားထဲမှာ ငါသူတပါးယောကျ်ား မိန်းမ ပါသေးရဲ့လား....ခန္ဓာချည်းဘဲလား.... (ခန္ဓာချည်းပါဘုရား)။

ခန္ဓာချည်းဘဲလို့ သိလိုက်သဖြင့် ငါ- သူတပါး မစင်သေးဘူးလား....(စင်ပါတယ်ဘုရား)ဒါဖြင့် ခန္ဓာကို ခန္ဓာလို့ သိယင် ဒီဥစင်ပါတယ်....(မှန်ပါ့)ခန္ဓာဖြစ်ကြောင်းကို သိလိုက်လို့ရှိယင် ဝိစိကိစ္ဆာ စင်ပါတယ်.... (မှန်လှပါဘုရား) ခန္ဓာဖြစ်ကြောင်း သိလိုက်ယင်....(ဝိစိကိစ္ဆာ စင်ပါတယ်ဘုရား)။

ဩော်....ဒါဖြင့် ဒီလိုစင်ပြီးသကာလမှ တကာတကာမတွေ ဝိပဿနာရှုလိုက်ရလို့ရှိယင်ဖြင့် စူဠသောတာပန် ဖြစ်ပြီးမှ မဟာသောတာပန် ဖြစ်ခဏ်းကို လှမ်းလိုက်ရ လို့ ရှိ ယင် ဖြင့် တကာတကာမတို့ ဝန်လေးစရာမရှိတော့ဘူး.... (မှန်ပါ့ဘုရား)။

ဝန်လေးစရာမရှိတော့ဘူး၊ ကြိုးစားပြီးသကာလ တရားကို နာပြီး ခန္ဓာဉာဏ် လှည့်ပေးလိုက်လို့ ရှိယင်ဖြင့် နေရာကျတော့ မှာဘဲဆိုတာ သဘောကျကြပလား....(ကျပါပြီဘုရား)

ဒါဖြင့် တကာ တကာမတို့ နေ့တိုင်း ဟောနေတဲ့ တရားကလဲ မဆုံးသေးတော့ လူမိုက်နဲ့ လူလိမ်မာဘာထူးသတုံးလို့ မေးလိုက်တဲ့အခါကျတော့ လူမိုက်လဲ အဝိဇ္ဇာသခ်ါရ အဟာရတို့ကြောင့် ခန္ဓာငါးပါးဖြစ်တယ်....နော်.... (မှန်ပါ့) လူလိမ်မာကော ဘာကြောင့်ဖြစ်တာတုံး.... (ဒါကြောင့်ပါဘဲဘုရား)။

သို့သော်-လူမိုက်မှာတော့ ယခုလို ပဝတ္တိခန္ဓာငါးပါးနောက်က-နေပြီးသကာလ အဝိဇ္ဇာ တဏှာ ပြန်လိုက်တယ်.... (မှန်ပါ့ဘုရား) မလိုက်ဘူးလား.... (လိုက်ပါတယ် ဘုရား)။

အဝိဇ္ဇာ တဏှာတွေ ပြန်လိုက်တဲ့အခါ အဝိဇ္ဇာဆိုတာ ခန္ဓာကိုယ် ဒုက္ခသစ္စာလို့ မသိတာ ဘာခေါ်ကြမယ်.... (အဝိဇ္ဇာပါဘုရား) တဏှာဆိုတာက မသိတာ ရမ်းမခင်ဘူးလား.... (ခင်ပါတယ်ဘုရား)။

အဲ....အဝိဇ္ဇာသန်ဓါရဟာအဝိဇ္ဇာသန်ဓါရ ပြန်လိုက် မလာဘူးလား.... (လိုက်လာပါတယ်ဘုရား) တနည်း အဝိဇ္ဇာသန်ဓါရကော ပြန်လိုက်မလာဘူးလား....(ပြန်လိုက်ပါတယ်) လိုက်လာယင် ဘာမျှားဖြစ်ဦးမှာပါလိမ့်မတုံး- သေသည်၏အခြားမဲ့၌.... (ခန္ဓာငါးပါးဘဲဖြစ်မှာပါဘုရား)။

သြော်....ဒါဖြင့် လူမိုက်သည်ကားလို့ ဆိုလို့ရှိယင် အဝိဇ္ဇာသန်ဓါရကလာပြီး အဝိဇ္ဇာသန်ဓါရ ပြန်ကောက်မိတာနဲ့ ခန္ဓာဒုက္ခနှစ်ချက် ထပ်ရတယ်ဆိုရင်ဖြင့် မလဲ့တော့ဘူးပေါ့ဗျာ.... (မှန်လှပါဘုရား) ပစ္စုပ္ပန်ဘဝမှာလဲ ဒုက္ခသစ္စာခန္ဓာကြီးရတယ် (မှန်လှပါဘုရား)။

ဌင်းခန္ဓာငါးပါး ဒုက္ခသစ္စာလို့ မသိတာက အဝိဇ္ဇာအရမ်းခင်တာကတဏှာဘဝတဏှာကခင်ပြီးသကာလနေသောကြောင့် ခန္ဓာငါးပါးဘဲ ပြန်ရပြန်တော့ ခန္ဓာငါးပါးရတဲ့ အနာဂတ် ခန္ဓာကလဲ ဘာသစ္စာဆိုကြမလဲ....(ဒုက္ခသစ္စာပါဘုရား)အို့,နာ့,သေ့ပါသကိုးဗျ....(မှန်ပါဘုရား)မပါဘူးလား.... (ပါ-ပါတယ်ဘုရား) ဒီခန္ဓာကြီးကလဲ....(အို့,နာ့,သေပါပါတယ်ဘုရား)။

သြော်....အို့,နာ့,သေကို မသိတဲ့အတွက် အို့ နာ့ သေ--ကို မသိတာက ယခုဘဝ ပေါ်တဲ့အဝိဇ္ဇာ.... (မှန်ပါ့) အို့,နာ့,သေ့,ဒုက္ခသစ္စာကြီး မသိဘဲနဲ့ ခင်နေတာကတဏှာ....(မှန်ပါ့ဘုရား)။

ဒီ အဝိဇ္ဇာတဏှာတွေ့ ခန္ဓာကိုလှည့်ပြီးလာလိုက်တာနဲ့ တကာ တကာမတို့ စုတိမနေ သေလွန်ပြန်တော့ ဘာတွေ့မျှား ပြန်ရပါလိမ့် .... (ခန္ဓာငါးပါ ပြန်ရပါတယ်) ခန္ဓာငါးပါး ဒုက္ခသစ္စာ တရားဘဲ ပြန်မရဘူးလား....(ပြန်ရပါတယ်ဘုရား)။

သြော်....ဒါဖြင့် ဒုက္ခထဲကလာပြီး သူ ဘယ်မျှားသွားရှာပါလိမ့်....(ဒုက္ခထဲ သွားပါတယ်ဘုရား) ဒါဖြင့်ဗျာ အမြတ်ထွက်သေးရဲ့လားလို့ မေးလိုက်ပါတယ်....(မထွက်ပါဘုရား) အရှုံးထဲကလာပြီး....(အရှုံးထဲဘဲပြန်သွားပါတယ်ဘုရား)။

သံသရာ့ ခရီးသည် ဝန်ထမ်းသမားအဖြစ်နဲ့ နေပြီးဝန်ထမ်းသမားဘဲ ပြန်ဖြစ်ရတယ်ဆိုတော့၊- ကူလီက ကူလီပြန်ဖြစ်တယ်ဆိုတော့ တကာ တကာမတို့ ကူလီခေါင်းတောင် မတက်လိုက်ရပါလား....(မှန်ပါဘုရား) အင်မတန် မနာဘူးလား .... (နာပါတယ်ဘုရား)။

အေး....ဒါကြောင့် လူမိုက်နဲ့ လူလိမ်မာ ဘာထူးသတုံးလို့ ဆိုလို့ရှိယင်ဖြင့်တဲ့ ယခု ခန္ဓာငါးပါးနောက်က အဝိဇ္ဇာတဏှာ လိုက်လို့ရှိယင်ဖြင့် တကာတကာမတို့လူမိုက်ဘဲ (မှန်ပါဘုရား)။

မဂ္ဂင်ဖြဟ္မစရိယာအကျင့် လိုက်-လိုက်ရယင်တော့ ဘယ်နှယ်ဆိုကြပါ့မလဲ .... (လူလိမ်မာပါဘုရား) မဂ္ဂင်ဖြဟ္မစရိယာအကျင့်ဆိုတဲ့ မဂ္ဂင်ငါးပါးလိုက် - လိုက်တဲ့အခါကျတော့ နောက်ခန္ဓာငါးပါး လာသေးရဲ့လား....(မလာပါဘုရား)။

အင်း လူလိမ်မာက ဒီဒုက္ခပြီးယင် နောက်ဒုက္ခပြတ်ပါရဲ့လား (ပြတ်ပါတယ်ဘုရား) လူမိုက်ကတော့....(မပြတ်ပါဘုရား)။

သြော်....ဒါဖြင့် တကာ တကာမတို့ လူလိမ်မာနဲ့ လူမိုက် ဘာထူးပါလိမ့်မလဲလို့ ဆိုတော့ အဝိဇ္ဇာတဏှာလိုက်တာ လူမိုက် (မှန်လှုပါဘုရား)မဂ္ဂဗြဟ္မစရိယာအကျင့် လိုက်တာက....(လူလိမ် မာပါဘုရား)။

လူလိမ်မာဘဲဆိုတော့ ဒီတကာ တကာမတွေက အခုဒီပဲထဲ မှာတော့ဖြင့် ခင်ဗျားတို့သည်ကားလို့ ဆိုယင် လူမိုက်အဖြစ်ကို ကြောက်ပါပေါ့ဘုရားဆိုတာ တပဲ့လုံး ညည်းကြမှာဘဲနော်.... (မှန်ပါ့ဘုရား)။

ကြောက်လို့ရှိရင်ဖြင့် ဒီခန္ဓာကြီးကို ခင်ဗျားတို့ ခုနကတရား ဟောစက ပြောတဲ့အတိုင်း နားကထောင်ပြီးသကာလ ဉာဏ်က ခန္ဓာဘက် လှည့်လိုက်လို့ရှိယင် ဝိဇ္ဇာဖြစ်တော့မယ်....(မှန်ပါ့) ဝိဇ္ဇာဖြစ်ယင် တဏှာလာသေးရဲ့လား....(မလာပါဘုရား)။

သြော်....ဒါသည်ကားလို့ ဆိုယင် မဂ္ဂဗြဟ္မစရိယာအကျင့်၏ အစဘဲဆိုတာ မသေချာဘူးလား....(သေချာပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် မဂ္ဂဗြဟ္မစရိယာအကျင့်ဘဲ ကျင့်ကြပါစို့.... (မှန်ပါ့ဘုရား) တကာ တကာမတို့ ဘာလုပ်ကြမယ် .... (မဂ္ဂ ဗြဟ္မစရိယာ အကျင့်ကို ကျင့်ရပါမယ်) မဂ္ဂ ဗြဟ္မ စ ရိ ယာ အကျင့် ကျင့်ကြပါစို့ တကာတကာမတို့ နို့မို့လို့ရှိယင် ကျုပ် တို့ အမှောင်ထဲကလာပြီး အမှောင်ထဲရောက်တော့မယ်....(မှန်ပါ့ ဘုရား)

အရင် ခန္ဓာငါးပါးကိုမသိတော့ မှောင်ထဲကမလာဘူးလား (လာပါတယ်ဘုရား) နောက်တော့ ခန္ဓာငါးပါး ရပြန်တော့လဲ အမှောင်ထဲဘဲ ဘယ် နှယ်တုံး....(ပြန်သွားပါတယ်)အမှောင်ထဲ

ကလာပြီး အမှောင်ထဲ ရောက်တဲ့ပုဂ္ဂိုလ်ဟာ အလင်းကိုဘဲ တွေ့လိုက်ရသေးရဲ့လား....(မတွေ့လိုက်ရပါဘုရား)။

အဲဒါကြောင့် အာလောကော ဥဒပါဒိ ဆိုတဲ့ ဥာဏ်အလင်းကို မရလိုက်တာ အလွန်နာတာဘဲ(မှန်ပါ့) ဘာ-မရလိုက်ပါလိမ့် (ဥာဏ်အလင်းကို မရလိုက်တာပါဘုရား) ဒါကြောင့် အာလောကော ဥဒပါဒိဆိုတာ မဖြစ်နိုင်ဘူးနော်....(မှန်ပါ့ဘုရား)။

သိပ်ကြောက်စရာ ကောင်းပါကလား---တကာတကာမတို့....(ကြောက်စရာ ကောင်းပါတယ် ဘုရား) တကာတကာမတို့ တိရစ္ဆာန်ကလေးတွေမျှား၊ ဒီ-ဆွဲးတို့ မြင်းတို့ အစာစားနေတဲ့ အခါကျတော့ အောက်ကြည့်စားသလား- အထက်ကြည့် စားသလား(အောက်ကြည့်စားပါတယ်ဘုရား) သြော်....အထက်မှာ ဘာရှိတယ်လို့ သိသေးရဲ့လား....(မသိပါဘုရား)။

ဒါဖြင့် နဂိုရိုကတည်းက သူဟာ အောက်ကြည့်စားနေတော့ ကိုတဲ့ တကာတကာမတို့အောက်မှာအပါယ်လေးပါးဘဲရှိတယ်....(မှန်ပါ့)အထက်မှာ သုဂတိနတ်ပြည် ဗြဟ္မာပြည်ရှိတယ်၊အဲဒီကို မျော်မှန်းနိုင်သေးရဲ့လား....(မမှန်းနိုင်ပါဘုရား)။

အဲဒီလိုဘဲ မဂ်ဖိုလ်မှ ဖိလာအဖြစ်နဲ့တိရော=မဂ်ဖိုလ်မှ ဖိလာ "အစ္ဆာနာ ဘဝိဿတိ" ဆိုတဲ့အတိုင်း၊ တိရစ္ဆာန်=မဂ်ဖိုလ် ဖိလာ ဆိုတဲ့အတိုင်း ခင်ဗျားတို့လဲတဲ့ အောက်သံသရာချည်း လှည့်နေခဲ့ရတဲ့အတွက်ဘုရားအဆူဆူနဲ့လဲခဲ့ရပါတယ်....(မှန်လှပါဘုရား)။

ဒီတခါ မဂ္ဂဗြဟ္မစရိယာအကျင့် ကျင့်လိုက်လို့ ရှိယင်ဖြင့် ဘုရားသာသနာရှိတုန်းမှာ ငါတို့ဖြင့် အလင်းရောင်ခိုမိပြီးသကာလ အမှောင်ပျောက်လို့ အလင်းရောက်ပြီး အမှောင်ထဲက လာ

ငြားသော်လဲ ဒီတခါ အလင်းသွားပါတော့မယ်ဆိုတဲ့ စိတ် မွေးပြီး တရားနာကြပါနော်....(မှန်ပါ့ဘုရား)။

ကဲ....ဒါ့ဖြင့် မဂ္ဂင်ဟူစရိယာအကျင့်ဆိုတာ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိ.... (မှန်ပါ့ဘုရား)ပုဗ္ဗဘာဂမင်္ဂလို့ခေါ်တယ်....(မှန်ပါ့ဘုရား)။

ပုဗ္ဗက=ရှေး၊ ဘာဂ-က=အဖို့ပေါ့ဗျ-(မှန်ပါ့) ပုဗ္ဗဘာဂမင်္ဂဆိုတာ တကာတကာမတို့ ဒီ-ပုဗ္ဗဘာဂမင်္ဂ မရှိဘဲနဲ့ လောကုတ္တရာမင်္ဂ မလိုက်နိုင်ဘူးတဲ့ (မှန်လှပါဘုရား) ပုဗ္ဗဘာဂမင်္ဂ မရှိဘဲနဲ့ (လောကုတ္တရာမင်္ဂ မလိုက်နိုင်ပါဘုရား)။

ဒါဖြင့် ဒီမင်္ဂမှ ရှေ့က တကာတကာမတွေက မရှုလို့ရှိယင် ရှစ်ပါးပြည့်တဲ့ လောကုတ္တရာမင်္ဂဟာ ဘယ်နည်းနဲ့ ပေါ်ကြမလဲ (မပေါ်နိုင်ပါဘုရား)။

ဒါ့ကြောင့် နေ့တိုင်းဘဲ သတိပေးတယ်၊ တကာ တကာမတို့ နားကြီးကြီးနဲ့ ထောင်ပါ၊သူသည် အနန္တရပစ္စယော=အခြားမရှိမှ၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း-(မှန်ပါ့ဘုရား) ဘာတဲ့တုံး-(အနန္တရပစ္စယောပါဘုရား) အနန္တရပစ္စယောဆိုတာ အခြား မရှိဘူးနော်....(မှန်ပါ့ဘုရား)။

ဟောဒီမင်္ဂလာပြီးလို့ရှိယင် တကာတကာမတို့ သူသာအောင် အောင်မြင်မြင်ဖြစ်လို့ရှိယင် နောက်က- လောကုတ္တရာမင်္ဂဆိုတဲ့ သောတာပန် တည်မည့်မင်္ဂဟာ လာတော့မှာဘဲ (မှန်ပါ့ဘုရား) ဒါဖြင့် ဒီမင်္ဂကကျေးဇူးပြုမှ လောကုတ္တရာမင်္ဂလာမှာ....(မှန်ပါ့) ဒါဖြင့် ဒီမင်္ဂမှ မလုပ်တဲ့ ပုဂ္ဂိုလ်မျိုးဖြင့် လောကုတ္တရာမင်္ဂရဘို့ အဝေးကြီးပေါ့ဗျာ....(ဝေးပါတယ်ဘုရား)။

ဒါ့ကြောင့် တကာ တကာမတွေ အကြီးစားကြီး ကြိုးစားလိုက်စမ်းပါ၊ လမ်းညွှန်ကောင်းနဲ့တွေ့နေတုန်း ဆရာသမားတွေထင်ရှားရှိနေကြတုန်း ပိဋကတ်သုံးပုံတွေ မကွယ်ခင် ပြောနိုင်ဆိုနိုင်တဲ့ ပုဂ္ဂိုလ်တွေ မသေခင် တကာ တကာမတွေ ကြိုးစားပါဆိုတာ ဘုန်းကြီးက အားလုံးအတွက်ဘဲတိုက်တွန်းတယ်နော်.... (မှန်လှပါဘုရား)

ကဲ....မဂ္ဂင်ဟိတ်စရိယာအကျင့်-ကျင့်တာဟာ လူလိမ်မာနော်.... (မှန်လှပါဘုရား) မဂ္ဂင်ဟိတ်စရိယာအကျင့်ကို မကျင့်ယင်ဘာတဲ့ (လူမိုက်ပါဘုရား)။

ဩော်....ဒါဖြင့် ဒီအကျင့်မျိုး မကျင့်ရ သေးလို့ ရှိယင်ဖြင့် ဒို့ဘယ်အထဲကတုန်းဆိုတာ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဟောထားတဲ့အတွက် ဦးခင်မောင် ဝေဘန်စရာအထူးလိုသေးရဲ့လား....(မလိုပါဘုရား)။

အင်း....ဟင်....ဘယ်အထဲပါသွားပါလိမ့် (လူမိုက်ထဲပါသွားပါတယ်ဘုရား) လူမိုက်ထဲပါသွားတယ်ဆိုတော့ တကာတကာမတို့ ကျုပ်သည် အမိမွေးကတည်းက တော်တော် လိမ်မာယဉ်ကျေးပြီး နေခဲ့ကြပါတယ်လို့ ဆိုတဲ့ အပြော စကားတွေဟာ အလကား ဖြစ်သွားပါတယ်.... (မှန်ပါဘုရား) ဘာ့ကြောင့်လဲ မဂ္ဂင်ဟိတ်စရိယာအကျင့်ဆိုတာ မကျင့်ရသေးဘူး....(မှန်ပါ)။

ကိုင်း ဒါဖြင့် မဂ္ဂင်ဟိတ်စရိယာအကျင့်ဆိုတာ ဘာပါလိမ့်မတုံးဆိုတော့ ဒီ-ခန္ဓာငါးပါးကို တကာတကာမတို့ ဒုက္ခသစ္စာ မြင်အောင် ကြည့်ရလိမ့်မယ်(မှန်ပါဘုရား) ခန္ဓာငါးပါးကို ဘယ်လို မြင်အောင်ကြည့်ရမှာပါလိမ့်....(ဒုက္ခသစ္စာမြင်အောင် ကြည့်ရပါမယ်) နဂိုရိုက ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား)။

သြော်....နဂိုရိုက ဒုက္ခသစ္စာကို ကျုပ်တို့ ဘုန်းကြီးတို့ တကာတကာမတွေက မမြင်သေးကတည်းကိုက သြော်.... အဝိဇ္ဇာနဲ့ တဏှာရှိသေးတော့ လူမိုက်ထဲကပါကလေးလို့ ဆိုနိုင်ကြသလား (ဆိုနိုင်ပါတယ်ဘုရား) အင်ဇာနဲ့ တဏှာရှိနေကတည်းက ဘယ့်နှယ်ဆိုကြမယ်....(လူမိုက်ထဲကပါ ဘုရား)။

လူမိုက် ထဲက ပါနေသေးတော့ ကျုပ်တို့သည်တဲ့ တကာတကာမတို့ ယခုလို သာသနတွင်းကြုံ၍ ဒုလ္လဘ ဆုံတဲ့အခါမှာ ကြိုးစားရတော့မယ်၊ မဂ္ဂဇြဟ္မစရိယာ အကျင့်ကိုနော် (မှန်ပါ့) ကျင့်မှသာလျှင် လူလိမ်မာထဲသို့ ရောက်တော့မယ်ဆိုတာ ငြင်းဘို့ လိုသေးသလား....(မလိုပါဘုရား) သဘောပါကြပြီ....(ပါ ပါပြီ ဘုရား)။

ကိုင်း....ဒါဖြင့် တကာ တကာမတို့ လုပ်ဖြစ်အောင်လုပ်ပါဆို တာဖြင့် အထူးတိုက်တွန်းနေစရာ မလိုပါဘူး၊နောက်ခန္ဓာ ဒုက္ခသစ္စာကြီးရလို့ရှိယင် အိုဘေး နာဘေး သေဘေးကို ကိုယ်တိုင်နှံရဦးမှာ....(မှန်ပါ့) မနှံရပေဘူးလား....(နှံရပါမယ်ဘုရား) အိုပဲ နာပဲ သေပဲ ဘယ်လိုတုံး....(နှံရပါမယ်ဘုရား) ဒီခန္ဓာကြီးကလဲ အိုပဲ နာပဲ သေပဲ နှံရဦးမှာ....(မှန်ပါဘုရား)။

အဝိဇ္ဇာနဲ့ တဏှာ နောက်ကလိုက်ဦးမယ်ဆိုယင် နောက်ခန္ဓာလဲ ဒီပဲဘဲပြန်နှံရတော့မယ်....(မှန်ပါ့)ကောင်းနိုင်စရာ မြင်သေးရဲ့လား....(မမြင်ပါဘုရား)။

ဒါကြောင့် ကျုပ်တို့မျက်ရေတွေ သမုဒ္ဒရာလေးစင်းရေထက် များသေးတယ်ဆိုတာ ဒီအဝိဇ္ဇာနဲ့ တဏှာချည်း လိုက်နေလို့ (မှန်လှပါဘုရား)။

ဒီတခါ ကံကောင်းညာဏ်ကောင်းနဲ့ ခင်ဗျားတို့ကံကောင်းတာတော့ ပြောဘို့မလိုပါဘူး၊ ညာဏ်ကောင်းကလေး အသုံးချလို့ကလို့ ရှိယင်ဖြင့် သြော်.... ဒုက္ခစက်ရဟတ်ဖြင့် ပြတ်တော့မှာဘဲဆိုတာ မှတ်လိုက်ပါ....(မှန်ပါဘုရား) ရှင်းပလား....(ရှင်းပါပြီ)။

ကံကောင်းသလောက် ညာဏ်မကောင်းမှာဖြင့် ဘုန်းကြီးကသိပ်စိုးရိမ်တယ်.... (မှန်လှပါဘုရား) တကာတကာမတွေ့ ကံကောင်းလို့ သာသနာတင်းနဲ့ကြုံတယ်.... (မှန်ပါ) ပြောနိုင်ဆိုနိုင်တဲ့ ဆရာကောင်း သမားကောင်းတွေနဲ့ကော.... (ဆုံပါတယ်ဘုရား) ထောင်နိုင်တဲ့ နားတွေကကော.... (ကြုံပါတယ်ဘုရား)။

အဲ....ညာဏ်မကောင်းတော့ တကာ တကာမတို့ မကျင့်ဖြစ်ဘူး....(မှန်ပါဘုရား) ကျင့်ဖြစ်မှ ညာဏ်ကလဲ ထိုးထွင်းလာမှာဖြစ်နေတော့ တကာ တကာမတို့ မဂ္ဂင်ဟ္မစရိယာ အကျင့်ကို ကျင့်ဖြစ်အောင် ကျင့်ပါဆိုတာ တိုက်တွန်းရပြန်တယ် (မှန်ပါဘုရား)။

သို့သော်.... မဂ္ဂင်ဟ္မစရိယာအကျင့်ကို ကျင့်မယ်ဆိုတဲ့အခါမှာ ဦးခင်မောင်.... ကျင့်တဲ့အခါမှာ ကွယ်ဖုံးနေတာကလေးယနေ့ ပြောပေးချင်သေးတယ်....(မှန်လှပါဘုရား)။

ဒီ.... မဂ္ဂင်ဟ္မစရိယာ အကျင့်ကို ကျင့်တော့မယ်....ဆိုတော့ ခန္ဓာကြည့်ကြရမှာကိုး....(မှန်ပါ)ဘယ်ကြည့်ရမှာတုံး.... (ခန္ဓာကြည့်ရမှာပါဘုရား)

သြော်....ခန္ဓာကြည့်ကြရမယ်၊ ခန္ဓာကြည့်တဲ့ အခါကျလို ရှိယင်ဖြင့် ကိုယ့်ခန္ဓာကိုယ်ကြည့်လျက်သားနဲ့ ဒီ....ခန္ဓာကြီးထဲမှာ ဒုက္ခသစ္စာရှိတာ မမြင်တာသည် ဘာကြောင့်ပါလိမ့်မတုံး....ဆို တော့ အကုယ်အဖုံးတွေ ရှိနေလို့ဘဲ(မှန်လှပါဘုရား)သဘော ကျကြပလား....(မှန်ပါ့)။

ဒါဖြင့် ခန္ဓာကြီးထဲမှာရှိတာဖြင့် ဖြစ်လိုက် ပျက်လိုက်-ဖြစ် လိုက် ပျက်လိုက်-ဖြစ်လိုက် ပျက်လိုက်၊ ဒါတွေဘဲမရှိဘူးလား (ရှိပါတယ်ဘုရား) ဒါတွေဘဲရှိတာဘဲ "အနိစ္စာ ဝတ သခ်ါရာ" ဘဲ ရှိတာဘဲ....(မှန်ပါ့)ဒီပြင် ဘာများရှိသေးသတုန်း....(မရှိပါ ဘုရား)။

အဲ...."အနိစ္စာ ဝတ သခ်ါရာ"ဘဲရှိတဲ့ဥစ္စာကို တကာတကာ မ တွေက သိထားလျက်သားနဲ့ အနိစ္စလဲမမြင်ဘူး၊ သခ်ါရလဲ မမြင်ဘူးဆိုတော့ ဖြစ်တာလဲ မမြင်ဘူး၊ ပျက်တာလဲမမြင်ဘူး ဆိုတော့ ဘုန်းကြီးတို့ တကာတကာမတွေ အကုယ်အဖုံးဖြင့် ရှိပေါ့....(မှန်လှပါဘုရား)ဘယ်လို ဆိုးဖြတ်ချက်ချမလဲ(အကုယ် အဖုံးဖြင့်ရှိပါတယ်ဘုရား)။

အကုယ် အဖုံးရှိတယ်.... (မှန်ပါ့) အဲဒါကို ဘုန်းကြီးက တကာ တကာမတွေ .... ဒီအကုယ်လာယင် ဒီအကုယ်ဖယ်ပါ၊ ဒီအအဖုံးလာယင် ဒီအဖုံးဖွင့်ပါ....(မှန်ပါ့) ဒါ....သင်မပေးပြန် လို့ရှိယင်လဲ တကာတကာမတွေမှာ ကိုယ်ကျိုးနည်းချည်ရဲ့.... (မှန်လှပါဘုရား) သူ....အကုယ်အဖုံးက ရှိသကိုးဗျ.... (မှန်ပါ့ ဘုရား) သဘောပါကြလား....(ပါပါတယ်ဘုရား)။

ဒါဖြင့် ယနေ့ တကာတကာမတို့ ဝိပဿနာ ရှုမယ်ကြံလို့ ဒုက္ခာသစ္စာကြီး ရှိလျက်သားနဲ့ တပည့်တော်တို့ ခန္ဓာကြီးက

ဒုက္ခသစ္စာ....လို့ဆိုတာ စာသိတော့ သိနေပြီ၊ ကိုယ့်အမြင်နဲ့ အသိက မရှိသေးဘဲဖြစ်နေတာ အဖုံးရှိလိမ့်မယ်.... (မှန်လှပါဘုရား) ကိုယ့်အမြင်နဲ့ မသိဘဲနေတာ ဘာပါလိမ့်....(အဖုံးရှိနေတာပါဘုရား)။

အဲ....အဖုံးရှိနေမှာစိုးရိမ်တဲ့အတွက် ဘုရားသခင်ကိုယ်တော် မြတ်ကြီးက အဖုံးငါးချက်ကို ဖွင့်ပေးပါကွာ....ဒါမှ မြင်တော့မပေါ့တဲ့....(မှန်ပါ့ဘုရား) ဘာဖွင့်ပေးရမလဲ.... (အဖုံးဖွင့်ပေးရပါမယ်)သေသေချာချာ နားထောင်ပါ တကာ တကာမတို့....ဘာဖွင့်ပေးရပါလိမ့်....(အဖုံးဖွင့်ရမှာပါဘုရား)အဖုံးငါးချက်ကို ဖွင့်ပေးရလိမ့်မယ်....နော်....(မှန်ပါ့)။

ကိုင်း....ဒါဖြင့် မှတ်ကြ၊ အဖုံး ငါးချက် ကိုနော်....ဒါဖြင့် ဒီဟာ.... ခဏကလေးထားလိုက်ဦး၊ အဖုံးငါးချက်ကို တကာတကာမတွေ့ စပြီးလမ်းခင်းပါဦးမယ်၊ ပြီးမှ ဝိပဿနာကိစ္စတွေ့ သွားကြရအောင်....(မှန်ပါ့ဘုရား)။

အဖုံး ဘယ်နှစ်ချက်ပါလိမ့် တကာ တကာမတို့....(ငါးချက်ပါဘုရား) သြော်.... အဖုံးငါးချက် အဖုံးငါးချက်၊ စာလို့သုံးတော့ နီဝရဏတရား ငါးပါးပါဘဲ....(မှန်ပါ့ဘုရား) စာလို့သုံးတော့ ဘာတဲ့ (နီဝရဏတရားပါဘုရား)။

အေး....တကာတကာမတွေ့ နားလည်မှုနဲ့ ဆရာဘုန်းကြီးကပြောရပြန်လို့ရှိယင် အဖုံးငါးချက်ဘဲ(မှန်ပါ့)သဘောကျပလား(ကျပါပြီ)။

တကာတကာမတွေ့ နားလည်မှုနဲ့တော့.... (အဖုံးငါးချက်ပါဘုရား) စာလို့ သုံးတော့.... (နီဝရဏတရား ငါးပါးပါဘုရား)။

အေး....ပါဠိလိုတော့ နိဝရဏဆိုတဲ့ဥစ္စာ ဖုံးတတ်တဲ့ တရားဆိုတာ မြန်မာလို ပြန်တဲ့အခါကျတော့ ဦးခင်မောင်-အဖုံး ငါးချက်ခေါ်လိုက်တာပါဘဲ....(မှန်ပါ့)။

လောဘဟာလဲတကာတကာမတို့ ခန္ဓာ၏ ဒုက္ခသစ္စာမြင်မှုကို ဖုံးတာပါဘဲ....(မှန်ပါ့) ဒေါသဟာလဲ ခန္ဓာ၏ ဒုက္ခသစ္စာမြင်မှုကို....(ဖုံးတာပါဘဲ) ဒီထဲမှာ ထိနမိဒ္ဓဆိုတဲ့ တရားနှစ်ခုကလဲ တကာတကာမတို့ ဘာဆိုကြပါ့မယ်.... (ဖုံးတာပါဘဲ) ခန္ဓာ၏ ဒုက္ခသစ္စာမြင်မှုကို ဖုံးထားတယ်....(မှန်လှပါဘုရား) ဘယ်နှစ်ချက်ရှိသွားပြီလဲ....(သုံးချက်ရှိသွားပါပြီဘုရား)။

ဥဒ္ဓစ္စ ကုက္ကုစ္စဆိုတဲ့ ၄-နံပါတ်ကလဲ တကာတကာမတို့ ခန္ဓာ၏ဖြစ်ပျက် ဒုက္ခသစ္စာကြီးကို ဘာလုပ်ထားသလဲ....(ဖုံးထားပါတယ်ဘုရား)။

ဝိစိကိစ္ဆာဆိုတဲ့ ယုံမှားမှုကလဲ တကာတကာမတို့ ခန္ဓာ၏ ဖြစ်ပျက်ကြီးကို ဘာလုပ်ထားပါလိမ့် (ဖုံးထားပါတယ်ဘုရား)။

ဩော်....ဒီဝိပဿနာဉာဏ်မှ မရလို့ရှိယင် မဂ်ဉာဏ်မရ၊မဂ်ဉာဏ်မှမရလို့ရှိယင် နိဗ္ဗာန်မမြင်....(မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

အေး....ဒါဖြင့် ဝိပဿနာဉာဏ် မရလို့ရှိယင် မဂ်ဉာဏ်ကော (မရပါ)မဂ်ဉာဏ်မှမရယင် နိဗ္ဗာန်ကော- (မမြင်နိုင်ပါဘုရား)။

မမြင်နိုင်တဲ့ဥစ္စာဆိုသည် ကျိုက်သို့ ဝိပဿနာဉာဏ်ကို ဖုံးထားတာဖြင့် ဦးခင်မောင်ရေ....ဘယ်နှစ်ချက်တဲ့တုန်း....(ငါးချက်ပါဘုရား)။

အေး....ဒါကို သေသေချာချာမှတ်၊ ဒါကို သေသေချာချာမှတ်ကြ၊ အလုပ်လုပ်မည် ကြံလို့ရှိယင် ဖွင့်တတ်ဦးမှကိုးနော်....(မှန်ပါ့)။

ကိုင်း....ဒါဖြင့် ဖွင့်ကြပါစို့.....၊ဖွင့်တော့မည်ဆိုတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဟောတော်မူတဲ့ ဝတ္ထုကလေးကို ပဋ္ဌကနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော်ကို သွားပြီးသကာလ တကာတကာမတွေ့ အဲဒီကလာတဲ့ တရားဖြစ်သောကြောင့် ဒါကလေးကို ဖယ်နည်းရှားနည်းကလေးကို သင်ပါဦးမယ်....(မှန်ပါ့)။

ဖယ်နည်း ရှားနည်းကလေးက တကာတကာမတို့ တကာတကာမတွေသည်တဲ့ ဆရာဘုန်းကြီးက အိမ်ရောက်လဲ ရှုကြပါနော်....ခန္ဓာတွေရှုကြပါ၊ တခြားမကြည့်ပါနဲ့ ခန္ဓာကိုကြည့်ပါ၊ ခန္ဓာသည် ဘာဖြစ်နေသလဲ....ဆိုတာ သေသေချာချာကြည့်ပါနေမကောင်းထိုင်မသာတွေ့ အကြည့်ခိုင်းတာ မဟုတ်ပါဘူးနော်(မှန်ပါ့)။

ခန္ဓာတွေ ခဏခဏ တဖျတ်ဖျတ်နဲ့ ပေါက်ပြန်ပျက်စီးနေတာကို အကြည့်ခိုင်းတာ....(မှန်ပါ့)ကိုယ့် ခန္ဓာကိုယ် မှန်ကြည့်သလို ကြည့်ပြီးသကာလ ကျန်းမာမှု ချမ်းသာမှု ကြည့်နေတာကို ဆိုတာမဟုတ်ဘူးနော်....(မှန်ပါ့ဘုရား)။

ခန္ဓာကြီးက ဖျတ်ဖျတ် ဖျတ်ဖျတ်နဲ့ တခါတည်းပေါက်ပြန်ပျက်စီးနေတာကို ကြည့်စေချင်လို့ ဆိုတာလဲ မှတ်ထားလိုက်ပါဦး....(မှန်ပါ့ဘုရား)။

အဲဒီကြည့်စေချင်တဲ့ဥစ္စာ မမြင်ဘူးဘုရား ဆိုတော့ တကာတကာမတွေ့ မမြင်တာ ဖုံးနေလို့ပေါ့....(မှန်ပါ့)ဘယ်လို ဆုံးဖြတ်ချက်ချကြမလဲ....(မမြင်တာဖုံးနေလို့ပါဘုရား)။

အဲဒါကြောင့် ပဉ္စကနိပါတ် အင်္ဂုတ္တိုရ် ပါဠိ တော်ကြီးမှာ.... တကာတကာမတွေ့ သိတဲ့အတိုင်း အဖုံးငါးချက် မဖွင့်တတ်လို့ရှိ ယင်ဖြင့် အခက်ကြီး ခက်တော့တာဘဲ....(မှန်ပါ့ဘုရား)။

အဖုံးငါးချက် မဖွင့်တတ်လို့ရှိယင် ဝိပဿနာဉာဏ် မရဘူး-(မှန်ပါ့) ဝိပဿနာဉာဏ်မှ မရယင် မဂ်ဉာဏ်ကော....(မရပါဘုရား) မဂ်ဉာဏ်မှမရယင် နိဗ္ဗာန် မြင်နိုင်ပါ့မလား....(မမြင်နိုင်ပါဘုရား)။

မအို့မသေ အမြဲနေတဲ့နိဗ္ဗာန်၊ ဒုက္ခခပ်သိမ်း ကင်းငြိမ်းတဲ့ နိဗ္ဗာန်၊ ထောင့်ငါးရာကိလေသာတို့၏ ချုပ်ရာသိမ်းရာငြိမ်းရာဖြစ် တဲ့နိဗ္ဗာန်၊ ဘယ်နည်းနှင့်မှ မရနိုင်ဘူးဆိုတော့ သြော်....ဒါဖြင့် ဒို့အရေးကြီးနေတာ ဘာပါလိမ့်မတုန်းဆိုလို့ရှိယင် ဝိပဿနာ ဉာဏ် အမြင်သန့်ဘို့ အရေးကြီးပါလား....(မှန်ပါ့ဘုရား)။

ဝိပဿနာဉာဏ်အမြင်သန့်ဘို့ရာမှာလဲ အဖုံးက ဘယ်နှစ်ချက် ဖုံးထားသလဲ....(ငါးချက်ဖုံးထားပါတယ်)အဲဒီ ငါးချက် ဖုံးတာကို ဘုန်းကြီးက ယနေ့ တကာတကာမတွေ့ကို ဖွင့်ပြီးသကာလ ပြရဦးမယ်....(မှန်ပါ့)။

တရားဟာတော့ တကာတကာမတို့ ကိုယ့်သန္တာန်မှာ စဉ်းစားကြည့်တော့ ကိုယ့်ဒုက္ခ မသိမ်းနိုင်သေးသ၍ ကာလပတ်လုံးနေတိုင်းဟောတဲ့တရားဟာ အရေးကြီးတဲ့ တရားချည်းမှတ်....(မှန်ပါ့ဘုရား)နေတိုင်းဟောတဲ့ တရားတွေဟာ....(အရေးကြီးပါတယ်ဘုရား)။

ဘာကြောင့်တုံး....ကိုယ့်ဒုက္ခ မကုန်သေးလို့ရှိယင်ဖြင့်ကိုယ့် အနာမပျောက်သေးလို့ရှိယင်ဖြင့် အနာပျောက်တဲ့ဆေး ယူရတဲ့

နည်းဟာလဲ အရေးကြီးစ္စာ ယူရလိမ့်မယ်၊ အလျင်အမြန် ယူရလိမ့်မယ် ဆိုတာ ဦးဝတို့....မောင်ထွန်းလှိုင်တို့....ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ကိုင်း....ဒါဖြင့်နာဘူးတဲ့ပဂ္ဂိုလ်လဲ နာဘူးကြလိမ့်မယ်၊ မနာဘူးတဲ့ပဂ္ဂိုလ်တွေက အများကြီးဖြစ်ပြီးသကာလနေတော့တကာတကာမတို့ ဝိပဿနာရှုတဲ့အခါ မမြင်တာသည် လောက်ဥပမာပြောကြပါစို့ဆိုတော့ တကာတကာမတွေ ရှေးကတော့ ဘုရားလက်ဆက်ကတော့ မှန်တာ့ဘာတွေကဒီလောက်ထွန်းကားသေးတာမဟုတ်တော့ ရေခွက်ကိုပခုနထားကြတယ်နော်....(မှန်ပါ့ဘုရား)။

ရေခွက်ထဲမှာ တကာတကာမတို့ ရေကလေးကြည်နေအောင်ထား၊ ရေကလေးကြည်ပြီးသကာလ နေမယ်ဆိုလို့ ရှိယင်ဖြင့်တဲ့အဲဒီရေကြည်ထဲမှာ ဆေးနံ့တို့ ဆေးပြာတို့ ဆေးဝါတို့မျိုးရောလိုက်မယ်ဆိုလို့ ရှိယင် တကာတကာမတို့ မျက်နှာဟပ်ကြည့်ယင် မျက်နှာရိပ် ပေါ်ပါ့မလား....(မပေါ်ပါဘုရား) ဪ....ရေထဲမှာ အရောရှိနေလို့.... (မှန်ပါ့)ဘယ်လိုဆိုကြပါ့မယ်....(ရေထဲမှာ အရောရှိနေလို့ပါဘုရား)။

ရေထဲမှာ အရောရှိနေတဲ့အတွက် တကာတကာမတို့ ကိုယ့်မျက်နှာရိပ်ကို ရေမှန်ကြည့်လိုက်ပါတယ်၊ ရေမှန်မှာ ကြည့်လိုက်တဲ့အခါကျတော့ မျက်ခုံးလဲ မပေါ်လာ-မျက်လုံးလဲ မပေါ်လာ မှည့်တင်းတိပ်လဲ မပေါ်လာ-ဘယ်နှယ်ကြောင့် မပေါ်လာပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့မှ ရေထဲမှာ အရောရှိနေလို့.... (မှန်ပါ့ဘုရား)။

ဘယ်နှယ်ကြောင့်ပါလိမ့်.... (ရေထဲမှာ အရောရှိနေလို့ပါဘုရား)ဩော်....မျက်နှာရိပ် ထင်သေးရဲ့လား(မထင်ပါဘုရား) ရှင်းပြီနော်(ရှင်းပါပြီ)ဩော်....ဒါဖြင့် ဒီအရော ဖယ်လိုက်ရလို့ ရှိယင်ဖြင့် ရေကြည်လာလိမ့်မယ်နော်....(မှန်ပါ့)ဒီအရော ဖယ်လိုက်ရယင်....(ရေကြည်လာမှာပါဘုရား)။

ရေကြည်လာမှ မျက်နှာနဲ့ရေခွက်နဲ့ ဟပ်လိုက်လို့ရှိယင်ဖြင့် မျက်လုံးမျက်ခုံးတွေ မမြင်ရပေဘူးလား(မြင်ရပါတယ်ဘုရား)။

အေး-ဒါကြောင့် ကိုယ့်ခန္ဓာ၏ဖြစ်စဉ်ကို ကိုယ့်ဉာဏ်အမြင်နဲ့ကြည့်ချင်ငြားသော်လဲ ကိုယ့်ခန္ဓာထဲမှာ အရောရှိယင်မရဘူးတဲ့....(မှန်ပါဘုရား) ကိုယ့်ခန္ဓာဖြစ်စဉ်ကို ကိုယ့်ဉာဏ်အမြင်နဲ့ မျက်နှာဟပ်ကြည့်ငြားသော်လဲ အရောရှိနေယင်....(မမြင်ရပါဘုရား)။

အရောရှိနေယင်....(မမြင်ရပါ) ဩော်....ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ့မှာ အနိစ္စဒုက္ခသစ္စာ ဒီခန္ဓာမှာအပြည့်နဲ့၊ အကုန်လုံး အနိစ္စဒုက္ခသစ္စာ အမှန်တကယ်ဖြစ်ပြီးသကာလ နေငြားဓသော်လဲတဲ့ ဉာဏ်နဲ့ကြည့်လိုက်တဲ့အခါကျတော့ မမြင်ဘဲဖြစ်နေတာ ကြားထဲမှာ အရောတော့ရှိပြီ....(မှန်ပါ့ဘုရား)မဆိုနိုင်ကြဘူးလား....ဆိုနိုင်ပါတယ်ဘုရား)။

အင်း....အရောရှိနေတယ်၊ ခုနက ရေခွက်ထဲ၌ ဆေးနဆေးပြာ ဆေးဝါတွေ ရောလိုက်တဲ့ အခါမှာ တကာတကာမတွေ့မျက်နှာနဲ့ ဟပ်ကြည့်လိုက်တော့ ကိုယ့်မျက်လုံး ကိုယ့်အရိပ်တွေ့ ကိုယ်မြင်ရရဲ့လား....(မမြင်ရပါဘုရား) ဩော်....ရေကြည်ပြီဆိုရင်တော့....(မြင်ပါတယ်ဘုရား)။

ဩော်....ဒါဖြင့် တကာတကာမတို့ စဉ်းစားကြပေတော့...
ရေမကြည်ယင် မျက်နှာရိပ် မထင်ဘူး-မပေါ် ဘူး-(မှန်ပါ့ဘုရား)
ရေကြည်ယင်ဖြင့်....ပေါ် ပါတယ်ဘုရား)။

ဒါဖြင့် ကိုယ့်ခန္ဓာတည်းဟူသော မှန်ကြီးကို တကာတကာ မတို့ကိုယ့်ဉာဏ်တည်းဟူသော မျက်လုံးနဲ့ကြည့်လိုက်တဲ့အခါ ခန္ဓာတည်းဟူသောမှန်ကြီးထဲဒုက္ခသစ္စာတွေ အပြည့်အနှက်ရှိနေတာကို မမြင်တာသည်ကားလို့ ဆိုယင်ဖြင့် ဒီကြားထဲအရောရှိလို့ပေါ့....(မှန်ပါ့ဘုရား) ဘယ်လိုဆိုကြပါ့မယ်.... (ဒီကြားထဲအရောရှိနေပါတယ် ဘုရား) အရောရှိနေပြီဆိုတာ သေချာကြပလား....(သေချာပါတယ်ဘုရား)။

အေး....ဒါကြောင့်.... ဒီအရောမှ မဖယ်လို့ ရှိယင် ဒီရေကြည်စရာမြင်သေးရဲ့လား....(မမြင်ပါဘုရား)။

ဒီခန္ဓာကြည်စရာမမြင်ဘူး၊ ဒါကြောင့် ဘုတ်လေးပါး(မဟာဘုတ်-၄-ပါး)ဆိုတာ အကြည့်မှန်ကြီးနဲ့ တူတယ်ဆိုတဲ့ ဥစ္စာလဲ အဋ္ဌကထာဆရာမျ၊ားသိပ်ပြီးရေးကြပါတယ်....(မှန်ပါ့)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ရောနေလို့ရှိယင်လဲ မမြင်ဘူးဆိုတာ သေချာပြီနော်(သေချာပါပြီ)ကိုင်း....ဒါဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီး ထုတ်တဲ့ဥပမာကလေး....ဥပမာရယ်လို့တော့မဟုတ်ပါဘူး၊ ဝတ္ထုကလေးကို နည်းနည်း ထည့်လိုက်ပါဦးမယ် တကာဘကာမတို့နော်....(မှန်ပါ့ဘုရား)။

ဘုရားသခင် ကိုယ်တော်မြတ်ကြီးနဲ့ သင်္ဂါရဝသတို့သားနဲ့ တွေ့တယ်၊ သင်္ဂါရ ဝသတို့သားကလဲ ဉာဏ်ကလေးက ပါတဲ့ပုဂ္ဂိုလ်ဖြစ်လို့ အရှင်ဘုရား....တဲ့ တပည့်တော် ပုဏ္ဏား ဖြစ်ပါ

တယ်၊ ပုဏ္ဏားဆိုတဲ့ဥစ္စာ တပည့်တော်တို့ မန္တန်ဝန် သရဇ္ဈာယ် ရပါတယ်၊ မန္တန်ဝန်တွေ့ စာတွေ့ အင်မတန် ရ-ရပါတယ်။

အဲဒါ တပည့်တော် မသိလို့ဘဲ မေးလျှောက်ပါရစေ-ဘုရား၊ တခါတလေ ကျလို့ ရှိယင်ဖြင့် ရပြီးသား တွေ့တောင် မေ့ကုန်တယ် ဘွေးလို့ ကိုမရဘူး ပြန်စရာစာတောင် မရှိပါဘုရား။

တခါတလေ ကျပြန်တော့ တပည့်တော်မှာ ရှေးတုန်းက ငယ်ငယ် တုန်းက မေ့ပြီးသား စာတွေ့တောင် ပြန်ပေါ် ပါတယ် ဘုရား....တဲ့၊ သဘောကျပလား....(ကျပါပြီ) တခါတလေ ကြတော့ ဘာလဲ ရပြီးသားတွေ့....(မေ့ကုန်ပါတယ်)တခါ တလေ ကျတော့ ရှေးငယ်ငယ်က ပစ်ထားတာတွေ့တောင် (ပြန်ပေါ် ပါတယ်....ဘုရား)အဲဒီ နှစ်ကြောင်းတော့ အရှင်ဘုရား အမိန့်ရှိဦးမှ ကောင်းမယ်....သဘောကျပလား.... (မှန်ပါဘုရား)။

အေး....ဒါဖြင့် သင်္ဂါဝရ-ငါရှင်းပြမယ်ကွဆိုပြီးသကာလ ခုန က ပြောခဲ့တဲ့ရေခွက်ထဲမှာ ဆေးနီဆေးဝါ ဆေးပြာတွေ့ရောပြီး သကာလ မင်းမျက်နှာနဲ့ ဟတ်ကြည့်ဟေ့ သင်္ဂါဝရ သတို့သား၊ မင်း မျက်နှာရိပ်ထင်ပါ့မလား လို့ မေးလိုက်တော့ ပုဏ္ဏားဘယ့်နယ်ဖြေမယ် ထင်သလဲ....(မထင်ပါဘုရား)။

မျက်နှာရိပ် ထင်နိုင်ကြပါ့ မလား.... (မထင်နိုင်ပါ ဘုရား) ဘာတုံး-ရေထဲမှာ ဆေးနီဆေးဝါ ဆေးပြာတွေ့က ဘယ့်နယ် ဖြစ်နေသတုံး....(ရောနေပါတယ်ဘုရား)။

အဲ....ဒီမှာလဲ တကာတကာမတို့ကိုယ့်ခန္ဓာကိုယ်ကိုဝိပဿနာ ရှုမယ်ကြံလို့ ရှိယင်ဖြင့် လောဘစိတ်ကလေးတွေ့ရှိပြီး ကြားခို နေလို့ရှိယင် ဒီက ဉာဏ်နဲ့ ကြည့်လိုက်တဲ့ အခါကျလို့ ရှိယင် လောဘစိတ် ကြားခိုနေလို့ရှိယင်ဖြင့် ခန္ဓာ၏ ဖြစ်ပျက်ဒုက္ခသစ္စာ

ကို ဘယ်တော့မှမမြဌဘူး(မှန်လှပါဘုရား) သဘောကျပလား....
(ကျပါပြီ) လောဘခံနေယင်....(မပေါ်ပါဘုရား)။

အင်း-လောဘကလဲ လောဘမှုစိတ်ရှစ်ခုဆိုတော့ဒိဋ္ဌဂတသမ္ပယုတ်တွေ့ ဒိဋ္ဌဂတ ဝိပ္ပယုတ်တွေနဲ့ အင်း....တခါတည်း ဆေးနှိဆေးပြာ ဆေးဝါတွေဟာ တကာသစ်ရေ စုံလို့ပေါ့(မှန်လှပါဘုရား)ကိုမြရှေရေ စုံလို့ပေါ့ဗျာ.... (မှန်လှပါဘုရား)။

အဲဒီ စုံနေတဲ့ အရောကြီးထဲမှာ မျက်နှာရိပ် ဟပ်ကြည့်တော့ ဘယ် နှယ်လုပ်ပါ့မလဲ....(မပေါ်ပါဘုရား)။

အဲဒီတော့ ဘုန်းကြီးက သတိ ပေးလိုက် ပါတယ်- တကာ တကာမတို့ ဆေးနီ ဆေးဝါ ဆေးပြာတွေဖယ်ကြစို့ရဲ့....(မှန်ပါ့) ဘာပြုလို့တုံး....ရေ ကြည်စေချင်လို့....(မှန်လှပါဘုရား)။

ဆေးနီ ဆေးဝါ ဆေးပြာတွေဖယ်ကြစို့ တကာ တကာမတို့ (မှန်ပါ့) ဘယ် နှယ်ကြောင့် အဖယ်ခိုင်းပါလိမ့်.... (ရေကြည်စေချင်လို့ပါ) ရေ ကြည်ကြည် မျက်နှာ ဟပ်လိုက်ရလို့ ရှိယင်ဖြင့် ကိုယ်ခန္ဓာအရိပ်ဟာ.... (ဒုက္ခသစ္စာ အရိပ်ကြီးဟာ)ပေါ်တော့မယ်.... (မှန်ပါ့ဘုရား) ဦးခင်မောင် ပေါ်ပါ့မလား.... (ပေါ်ပါတယ်ဘုရား)။

အဲဒီမှာလဲ ထို့နည်းအတူဘဲ တကာတကာမတို့ ကိုယ် ခန္ဓာကြီးကို ကိုယ်ကြည့်လိုက်တဲ့အခါကျလို့ ရှိယင်ဖြင့် ဒီကြားထဲမှာ စိတ်ထဲမှာ လောဘတွေပါနေလျက်၊ ဒေါသတွေ ပါနေလျက်နဲ့ ဝိပဿနာ ရှုမယ်ဆိုလို့ရှိယင်ဖြင့် ဒီဆေးနီ ကလေးတွေဟာ ရောပြီးသား ဖြစ်နေတဲ့အတွက် ဒီခန္ဓာကြီးသည်ကားလို့ ဆိုလို့ ရှိယင် ဒုက္ခသစ္စာ အရိပ်ကြီးဟာ တကာတကာမတို့ မမြင်ဘူးတဲ့(မှန်လှပါဘုရား) မြင်နိုင်ပါ့မလား....(မမြင်နိုင်ပါဘုရား)။

တကာ တကာမတို့ လောဘတည်းဟူသော ဆေးနီ ဆေးဝါ တွေက ရောနေတယ်၊ ရောနေတော့ ခန္ဓာတည်းဟူသော ရေပြင်မှာ ကြည်ကြည် လင်လင် မရှိတဲ့အတွက် ကိုယ်မျက်နှာရိပ် ဆိုတဲ့ အနိစ္စရိပ် ဒုက္ခရိပ် အနတ္တရိပ် ဒုက္ခသစ္စာရိပ်တို့ မြင်နိုင်ပါ့ မလား....(မမြင်နိုင်ပါဘုရား)။

သြော်-ဒါဖြင့် တကာ တကာမတွေက အိမ်ကျတော့ ဆရာဘုန်းကြီးက မှာလိုက်တယ်၊ ဝိပဿနာ ရှုကြ ဝိပဿနာ ရှုကြ၊ ဒါမှသာလျှင် ဒီဝေဒနာ ချုပ်မယ်၊ ဒီဝေဒနာ ချုပ်မှသာလျှင် နောက်ခန္ဓာကြီးမရမယ်လို့ သင်လုတ်လိုက်တဲ့ အတွက် အိမ်ကျတော့ ရှုကြပါတယ်၊ ရှုကြပေမဲ့လဲ ဒီလောဘကလေးက သားခင်တဲ့ လောဘ သမီးခင်တဲ့ လောဘ ဒါကလေးကဝင်ပြီး သကာလ ရှုပ်နေတော့ ထိုင်တော့ ထိုင်တာဘဲဘုရား၊မြင်ကိုမမြင်သေးဘူးဆိုတော့ အရောကို သူမဖယ်လိုက်ဘူး.... (မှန်ပါ့ဘုရား)သဘောကျပလား....(ကျပါပြီဘုရား)။

ဆေးပြာ ဆေးဝါနဲ့တူတဲ့ လောဘက ရောမနေဘူးလားဗျာ (ရောက်နေပါတယ်ဘုရား) အဲ သူ ရောနေတဲ့အတွက် တကာတကာမတို့ ဉာဏ်တည်းဟူသော မျက်လုံးနဲ့ ကြည့်လိုက်တဲ့ အခါကျလို့ ရှိယင် ကိုယ့်ခန္ဓာကြီး ဖြစ်ပုံပျက်ပုံမြင်သေးရဲ့လား.... (မမြင်ပါဘုရား)။

သြော်....ဘာခံနေပါလိမ့်.... (လောဘ ခံနေပါတယ်ဘုရား) လောဘ တည်းဟူသော ဆေးနီ ဆေးဝါ ဆေးပြာနဲ့ ရောလို့ ချည်း တွေ့နေတာကိုး(မှန်ပါ့)မျက်နှာရိပ်ကို ထင်စရာ ရှိသေးရဲ့လား....(မရှိပါဘုရား)။

အဲဒီတော့ ဘုန်းကြီးက သတိပေးလိုက်တယ်၊အားလုံးတရား နာတဲ့ တကာတကာမတွေဒီအရေး အင်မတန် ကြီးတယ်ဆိုတာ မှတ်မိကြပလား.... (မှတ်မိပါပြီဘုရား)။

ကိုယ့်ရှိလျက်နဲ့ ကိုယ်မမြင်တာဟာ အရောရှိလို့ ဦးခင်မောင်ရေ (မှန်ပါ့) ကိုယ့်ရှိလျက်နဲ့.... (ကိုယ်မမြင်တာဟာ အရောရှိလို့ပါဘုရား) အရောရှိလို့ဆိုတာ သေချာကြပလား.... (သေချာပါပြီဘုရား)။

အဲဒီတော့ တကာတကာမတို့ သားရေး သမီးရေး စီးပွားရေးကို ပင်တွယ်တဲ့ လောဘကလေးနဲ့ ရောနေတဲ့အချိန်ကျလို့ ရှိယင်ဖြင့် ဆေးနိ ဆေးပြာ ဆေးဝါ ဆိုတဲ့ အရော ရှိနေတဲ့ အတွက် ဉာဏ်ကလေးနဲ့ ထိုးဖေါက်ဘို့ရာအတွက် မရဘဲ ဖြစ်နေတယ်....(မှန်ပါ့) ဒန္ဓာကို ထိုးဖေါက်နိုင်သေးရဲ့လား.... (မထိုးဖေါက်နိုင်ပါဘုရား)။

ဉာဏ်မျက်လုံးနဲ့ ဒန္ဓာကိုကြည့်တဲ့ အခါကျလို့ ရှိယင်ဖြင့် လောဘတည်းဟူသော တရားတွေက ရှေ့ပိုင်းက နေပြီး ကာကွယ်နေတယ်ဆိုတာ နိဝရဏတရားတွေ အဖြစ်နဲ့ အမှုထမ်းနေတယ်ဆိုတာ မသေချာလား....သေချာပါတယ်ဘုရား)။

အဲဒီလို သေချာပြီးသကာလ နေတဲ့အတွက် မမြင်တာဟာ ပါရမီမရှိလို့တော့ မအောက်မေ့လိုက်ပါနဲ့.... (မှန်ပါ့ဘုရား)။

ဒါဖြင့် ဒီလိုလုပ်ကြစို့ရဲ့ တကာတကာမတို့၊ ဒီလိုလုပ်ကြဆိုတာ ကိုယ့်အရေး ကိုယ်သိကြပေတော့နော်.... (မှန်ပါ့)။

ခုနက ရေခွက် ဥပမာပြန်ကိုင်လိုက်၊ဒီရေခွက်ထဲမှာ တကာတကာမတို့ ဆေးနိ ဆေးဝါ ဆေးပြာတွေ ရောထားတော့ ဒုါတွေ အကုန် ဖယ်ကြစို့၊ စွန့်ပစ်ကြစို့....(မှန်ပါ့)စွန့်ပစ်လိုက်

တော့ သူ့အရိပ်၏ အနယ်တွေ့ ဦးဇင်ရင်တို့....ကုန်သွားမှာပေါ့ ဗျာ၊ ကုန်သွားပြီးတော့မှ ဒီရောကို ပြန်ကြည့်လိုက်ရလို့လို့ရှိယင် ဖြင့် ကိုယ်ခန္ဓာရိပ်တွေဟာ အကုန်မပေါ်ဘူးလား.... (ပေါ်ပါတယ်ဘုရား)။

အဲဒီတော့ လောဘလာလို့ရှိယင် တကာတကာမတို့ ခန္ဓာကိုဒီ့ပြင်ဟာ မကြည့်ဘဲနဲ့ ကိုယ့်သန္တာန်မှာ လောဘ အရင်ရှုပါ.... (မှန်ပါဘုရား)။

လောဘ အရင်ရှုပြီးတော့ လောဘ သည်ကားလို့....ဆိုယင် ဖြင့် ဖြစ်ပြီး ပျက်-ဖြစ်ပြီး ပျက်-ဆိုပြီး သကာလ လောဘသည် အနိစ္စဘဲဆိုပြီး သူလာတိုင်းရှု၊ ရှုပြီးတော့မှ တကာတကာမတွေ့က ကျန်တဲ့ခန္ဓာ ပြန်ရှု....(မှန်ပါ)သူချုပ်သွားပြီးမှ ပြန်ရှုလိုက်....(မှန်လှပါဘုရား)။

ဒါဖြင့် ဆေးတွေ့ ဖယ်ပြီးမှ ပြန်ကြည့်တော့ ပိုမမြင်ရဘူးလား.... (မြင်ရပါတယ်) ဒါဖြင့် ဆေးတွေ့ ဖယ်တာလဲ ဝိပဿနာ.... (မှန်လှပါဘုရား) သဘောကျပလား.... (ကျပါပြီ) ဆေးတွေ့ဖယ်ပြီးမှ ကျန်တာရှုတာ ဘာလဲ.... (ဝိပဿနာပါဘုရား)။

အဲ....ဝိပဿနာ နှစ်ချက်ထပ်အောင်လို့ ဟောလိုက်ပါတယ် (မှန်ပါဘုရား)သဘောပါကြပလား.... (ပါ-ပါပြီ) ဒါဟာ အင်မတန် အရေးကြီးတဲ့ အချက်အလက် ဆိုတာကော ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် တကာတကာမတွေ့က အိမ်ကျတော့ ဝိပဿနာရှုတော့ ခန္ဓာကြီးလဲ ဆရာဘုန်းကြီးက ဟောလိုက်တယ် အကုန်အပျက်ချည်းဘဲ၊ ပျက်ဒုက္ခသစ္စာချည်းဘဲ၊ ဟောလိုက်ပါလျက်

သားနဲ့ တပည့်တော်တို့ မမြင်သေးဘူးဘုရားဆိုလို့ယင် တကာ တကာမတို့ လောဘရောနေပြီ.... (မှန်ပါ့) သေချာကြပလား.... (သေချာပါပြီဘုရား)။

ဘာ-ရောနေသတုန်း.... (လောဘ ရောနေပါတယ်ဘုရား) ဒါဖြင့် သူ့ကို ဘာလုပ်ကြရမယ်....(ဖြစ်ပျက် ရှုရပါမယ်)သူ့ကို ဖြစ်ပျက်ရှုပြီး ဖယ်လိုက်....(မှန်ပါ့ဘုရား)။

သူ့မရှိတော့ကို ဖြစ်ပျက် အနိစ္စဘဲလို့ ရှုပေးလိုက်၊ ရှုပေးပြီးတဲ့နောက်မှ သူမလာတဲ့အချိန်ကျမှ တခါ ကျန်တဲ့- ဝေဒနာရှုကြည့်၊ ကျန်တဲ့စိတ်တွေရှုကြည့်၊ မမြင်ပေဘူးလား.... (မြင်ပါတယ်ဘုရား)။

မြင်တာ ဘယ်နှယ်ကြောင့်တုန်းလို့ မေးတဲ့အခါကျတော့ ရောတာကို ဖယ်ပြီးသကာလမှ ရှုလိုက်တဲ့အတွက် ဒုက္ခသစ္စာရှိတဲ့ ခန္ဓာမို့ ဒုက္ခသစ္စာအရှုခံတာကို ဒုက္ခသစ္စာဘဲ ဖြစ်ပျက်ဘဲ လာတွေ့တာဘဲ.... (မှန်လှပါဘုရား) မတွေ့ဘူးလား.... (တွေ့ပါတယ်ဘုရား)။

ဒါဖြင့် ဖယ်တုန်းက ရှုနည်းတမျိုး၊ ဖယ်ပြီးမှ ရှုရတဲ့နည်းက....(တမျိုးပါဘုရား) အဲဒီတော့ နှစ်မျိုးသော ဝိပဿနာလို့ မှတ်လိုက်စမ်းပါ.... (မှန်ပါ့ဘုရား) ဦးခင်မောင်.... ဘယ်လိုမှတ်မယ်....(နှစ်မျိုးသော ဝိပဿနာပါဘုရား)။

လောဘကို ရှုနေတာလဲ.... (ဝိပဿနာပါဘုရား) ဝိပဿနာဘဲ စိတ္တာနုပဿနာ သွားဖြစ်တာဘဲ၊ ပြီးမှကျန်တာတွေ့ ရှုတာလဲ ဝိပဿနာဘဲ.... (မှန်ပါ့) မဖြစ်ဘူးလား.... (ဖြစ်ပါတယ်) ဒါဖြင့် မမြင်သေးတဲ့ အခါကျလို့ ရှိယင် အဖုံးရှိလိမ့်မယ်နော်.... (မှန်ပါ့ဘုရား)မမြင်ယင် ဘယ်လိုတဲ့.... (အဖုံးရှိပါတယ်ဘုရား)။

အဲ....အဖုံးမဖွင့်ဘဲနဲ့ ရှုနေလို့ရှိယင် ဒီနေ့ဖြင့် ကျုပ်က အနှောက်အယှက်တွေ့ သိပ်များတယ်၊ သားကိစ္စ သမီးကိစ္စ သားကလေးတွေ့ လွမ်းတဲ့ကိစ္စ သမီး ကလေးတွေ့ ခင်တဲ့ကိစ္စ၊ ဒါတွေ့က ကျုပ်ချစ်တော့ ကျုပ်ဒီနေ့ ဝိပဿနာမရှိဘူး....ဘိုးပြီး သကာလ တကာ တကာမတွေ့က အင်း....ဆေးတွေ့ဖယ်ရမှာကို ဆေးတွေ့မဖယ်ဘဲနဲ့ ထရှုတယ်.... (မှန်လှပါဘုရား)။

ဆေးဖယ်ရမှာ.... (ဆေးမဖယ်ဘဲနဲ့ ထရှုပါတယ်) ထပြီးတော့ ဦးခင်မောင် တနေ့လုံး သွားရောပေါ့ဗျာ.... (မှန်ပါဘုရား)တနေ့လုံး ပဋိစ္စသမုပ္ပါဒ် မတန်းပေဘူးလား.... (တန်းပါတယ်ဘုရား) တနေ့လုံး အပါယ်သွားတဲ့အလုပ်နဲ့ အချိန်မကုန်ပေဘူးလား.... (ကုန်ပါတယ်ဘုရား)။

အဲဒါကြောင့် ဆေးတွေ့ကော ဖယ်လိုက်ကြပါ.... (မှန်ပါ့) တကာ တကာမတို့..... လောဘ လာယင် ဘာလုပ်ကြရမယ်.... (ဖြစ်ပျက်ရှုရပါမယ်)သူ့ကို နှိုင်ပြီးသည့်နောက်မှ ကျန်တဲ့ခန္ဓာတွေ့ ဘာလုပ်ကြရမယ်.... (ဖြစ်ပျက်ရှုရပါမယ်) ဖြစ်ပျက်ရှုလိုက်တော့ မမြင်ပေဘူးလား.... (မြင်ပါတယ်ဘုရား)။

သြော်....ဖယ်တတ်တဲ့ ဥာဏ်လဲ ရှိပါစေ.... (မှန်ပါ့) အင်း.... ဖယ်ပြီးမှ ရှုတတ်တဲ့ဥာဏ်ကော....(ရှိပါစေ) ဒီ....နှစ်ချက်ဆိုယင် နီးပြီ မဝေးတော့ဘူး (မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

အဲ....ဒါဖြင့် ပုဏ္ဏားမေးတာလဲ တကာ တကာမတို့ အရောရှိလို့ မင်းမမြင်တာဆိုတာ သေချာပလား.... (သေချာပါပြီ)။

တခါတလေကျတော့ တကာ တကာမတွေ့က သားအလို့မကျ သမီးအလို့မကျ....နဲ့ အင်း....မကျပေစေ မတတ်နိုင်ဘူး။

ကိုယ့်အလုပ်တော့ ကိုယ်လုပ်ဦးမှဘဲ....ဆိုပြီး ဝိပဿနာကို ဘုန်းကြီးက ရှုခိုင်းတဲ့အတိုင်း တကာ တကာမတွေက လိုက်နာ နားထောင်ပြီး ရှုကြတယ်ဆိုကြပါစို့....(မှန်ပါ့) မမြင်ဘူး၊ ဦးခင်မောင်ရေ....ရောပြန်ပြီတခု.... (မှန်ပါ့) ရောပြန်ပြီတဲ့။

အဲဒီတော့ သင်္ဂါရဝ သတ္တိသားတဲ့၊ မင်းသည်ကားလို့ဆိုယင် ရေတွေကို အောက်ကနေ မီးနဲ့ထိုးထားပြီး ရေတွေက အငွေ့ထွက်နေတုန်း မျက်နှာဟပ်ကြည့်ယင် မင်း ကိုယ့်မျက်နှာရိပ်မြင်ပါ့မလား.... (မမြင်ပါဘုရား)။

ဒီမှာလဲ ဒေါသ တည်းဟူသော အခိုးတွေက ထနေတုန်းကို တကာ တကာမတို့ ဝိပဿနာ ရှုမယ်ဆိုလို့ရှိယင်ဖြင့် ကျန်တာတွေ မြင်နိုင်ပါ့မလား....(မမြင်နိုင်ပါဘုရား)။

ဒါဖြင့် တကာ တကာမတို့ ဒီလိုလုပ်ကြ၊ အခိုးထွက်နေတာကို မြင်အောင်လုပ်ပြီးမှ ရှုရမယ်၊ သဘောကျပလား....(မှန်ပါ့ဘုရား)အခိုးထနေတာကို....(မြင်အောင် လုပ်ရမယ်)မြင်အောင် လုပ်ပြီးမှ ရှုဆိုတော့ အခိုးထတဲ့ ဒေါသကို အရင် ရှုပေးပါ....(မှန်ပါ့ဘုရား)။

"သဒေါသံ ဝါစိတ္တံ သဒေါသံ စိတ္တန္တိ ပဇာနာတိ" ဆိုတဲ့ ပါဠိတော်အတိုင်း တကာ တကာမတို့ သူ့ကိုအရင်ရှုပါ (မှန်ပါ့ဘုရား)ရှင်းကြပလား.... (ရှင်းပါပြီ)ဘာလုပ်ကြမယ် (ဒေါသကို အရင်ရှုရပါမယ်ဘုရား)။

အင်း....အခိုးထနေတာကို အရင်ရှုပေးလိုက်....(မှန်ပါ့)အခိုးငြိမ်သွားတဲ့အခါကျတော့ ကျန်တဲ့ခန္ဓာတွေပါ အကုန်ပေါ်လာလိမ့်မယ်....(မှန်ပါ့)အခိုးငြိမ်သွားတဲ့အခါကျတော့.... (ကျန်တဲ့ခန္ဓာတွေ ပေါ်လာပါလိမ့်မယ် ဘုရား)။

ကဲ,....ဒီလိုဆိုတော့ တကာ တကာမတို့ ရေကြည်သွားတဲ့အခါ ကျမှ ရေအခိုးငြိမ်သွားတဲ့အခါကျမှ မျက်နှာရိပ် ဟပ်လိုက်တော့ အကုန်မြင်သလိုပေါ့ဗျာ.... (မှန်လှပါ)။

ဒီမှာလဲ တကာ တကာမတွေ ဒေါသ အရင်ရှုပြီးမှ ဒေါသ ကုန်မှ ကျန်တဲ့ခန္ဓာတွေ ရှုလိုက်မယ်ဆိုတော့ မမြင်ပေဘူးလား (မြင်ပါတယ်ဘုရား) ဒါဖြင့် ဖယ်လိုက်ကြပလား.... (မှန်ပါ့ဘုရား)။

ဒါဖြင့် ၁-နံပါတ်က လောဘဖယ်ရှု.... (မှန်ပါ့) လောဘကို အရင်ရှု၊ လောဘအရင်ရှုပြီးတော့မှ ကျန်တဲ့ဥစ္စာရှုပါ.... (မှန်ပါ့ဘုရား) ၂-နံပါတ် ဒေါသလာလို့ ရှိယင်လဲ ဦးခင်မောင် ဘာကို အရင်ရှုရမလဲ....(ဒေါသကို ရှုရပါမယ်ဘုရား)။

သူက အခိုးထတာကိုးဗျ ....(မှန်ပါ့) သူ့ရှုပြီးတော့မှ ကျန်တဲ့ခန္ဓာကို နောက်မှရှု....(မှန်ပါ့)သူ့ကို အရင်နိုင်အောင်လုပ်ပစ် လိုက်ပါဦး....(မှန်ပါ့) ရေထဲကနေပြီး ဒီရေတွေငြိမ်အောင်လုပ် ပစ်လိုက်ပါဦး၊ အခိုးတွေ သတ်ပစ်လိုက်ပါဦးဆိုတဲ့ အဓိပ္ပါယ် ပေါ့ဗျာ....(မှန်ပါ့) သဘောပါကြပလား....(ပါပါပြီ)။

ဒါဖြင့် နိဝရဏနှစ်ခု ကုန်သွားပြီနော်.... (မှန်ပါ့) တခါ တလေကျတော့ တကာ တကာမတွေက ခန္ဓာကြီးစိုက်ပြီး ဖြစ်မှု ပျက်မှုတွေရှုနေ၊ ဒုက္ခ သစ္စာတွေ ရှုတယ်ဆိုလဲ ဒီဖြင့် မမြင်ပါ ဘူးဆိုလို့ ရှိယင်ဖြင့် ထိုနမိဒ္ဓဆိုတဲ့ဥစ္စာဝင်နေပြန်ပြီ.... (မှန်ပါ့ဘုရား)ဘယ့်နှယ်ဆိုကြမယ်.... (ထိနမိဒ္ဓ ဝင်နေပါတယ်)။

ထိနမိဒ္ဓဆိုတဲ့ဥစ္စာ ဝင်နေတယ်....(မှန်ပါ့ဘုရား)ထိနမိဒ္ဓဆိုတဲ့ ဥစ္စာ ကိုယ့်စိတ်မနိုင်၊ ကိုယ့်စေတသိက် မနိုင်ဆိုတာ အိပ်ချင်တဲ့

စိတ်ကိုဆိုပါတယ်(မှန်ပါ့) ဘာဆိုကြမယ်.... (အိပ်ချင်တဲ့စိတ်ပါဘုရား)။

အဲ....အိပ်ချင်တဲ့စိတ်ပေါ်ဒါ အဲဒီတော့ကိုတဲ့ ဒီအခါမှာလဲ ကိုယ့်ခန္ဓာ ဒုက္ခသစ္စာကို မြင်နိုင်ပါ့မလား (မမြင်နိုင်ပါဘုရား) ကိုယ့်ခန္ဓာ ဖြစ်ပျက်အနိစ္စကော.... (မမြင်နိုင်ပါဘုရား)။

အင်း....ဘယ်နှယ်ကြောင့် ပါလိမ့်မတုံးလို့ဆိုတော့ ဘုရားကသင်္ဂါရဝ-မင်းဒီလို မှတ်လိုက်ကွာ....ရေထဲမှာ မှော်ရောနေတယ်ကွ....ရေအိုင်ထဲမှာဖြစ်စေ၊ ရေကန်ထဲမှာဖြစ်စေ၊ မှော်တွေကအုပ်နေတဲ့အခါကျတော့ ဥပမာ တကာသစ်က မျက်နှာကလေးရေထဲသွားဟပ်လိုက်တဲ့အခါ အရိပ်ထင်ပါ့မလား.... (မထင်ပါဘုရား)မှော်အုပ်နေတယ်....(မှန်ပါ့) ဘာအုပ်နေသလဲ.... (မှော်အုပ်နေပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ ဒီမှော်ကလေး ဖယ်ပြီးသကာလမှ မျက်နှာသွားဟပ်လိုက်လို့ရှိယင် ကိုယ့်မျက်နှာမှာ မှည့်ရှိတယ်၊ တင်းတိတ်ရှိတယ်ဆိုတာပေါ်ရမယ်....(မှန်ပါ့) ကိုယ့်ခန္ဓာ ဒုက္ခသစ္စာဖြစ်တယ်၊ မဖြစ်ဘူးဆိုတာ မပေါ်ပေဘူးလား.... (ပေါ်ပါတယ်ဘုရား)။

အဲဒီမှာလဲ တကာ တကာမတို့ တခါတလေ ရှုတဲ့အခါကျတော့ ဖြစ်ပျက်တွေ့ ဒုက္ခသစ္စာတွေ့ မမြင်ပါဘူးဆိုလို့ရှိယင် ထိန်မိဒ္ဓဝင်တဲ့အခါ လာလိမ့်မယ်.... (မှန်လှပါဘုရား)။

အဲ....ဒီလာလို့ရှိယင် ထိန်မိဒ္ဓကို တကာ တကာမတွေ့က ဖြစ်ပျက်ရှု(မှန်လှပါဘုရား) ကျန်တာကို ရှုကိုမရှုနဲ့ (မှန်ပါ့ဘုရား) ကျန်တဲ့ခန္ဓာကိုမရှုနဲ့ သူ့ကိုဘဲ နိုင်အောင်ရှုပေးပါဦး....(မှန်ပါ့)

သဘောကျပလား....(ကျပါပြီ) ထိုနမိဒ္ဓကို ဘာလုပ်ပေးရမလဲ (ဖြစ်ပျက် ရှုပေးရပါမယ်ဘုရား)။

အဲဒါကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဒါတွေ့ မြင်တာနဲ့ သတိပဋ္ဌာန် ပါဠိတော်ကြီးမှာ စိတ္တာနုပဿနာသတိ ပဋ္ဌာန် ပါဠိတော်ကြီးမှာ "သံခိတ္တံ ဝါစိတ္တံ သံခိတ္တံ စိတ္တန္တိ ပဇာနတိ"၊ သံခိတ္တံဝါ စိတ္တံ = တိနမိဒ္ဓစိတ်ကို၊ သံခိတ္တံ စိတ္တန္တိ=ထိနမိဒ္ဓ ဖြစ်ပျက်ဟူ၍၊ ပဇာနာတိ = သိအောင်လုပ်ပါ လို့မလာဘူးလား.... (လာပါတယ်ဘုရား)။

ဦးခင်မောင် ပေါ်ပလား.... (ပေါ်ပါပြီ) ဒါဖြင့် သူ့ကို အရင်ရှုပြီးတော့မှ ကျန်တာ သူ့နိုင်ပြီးတော့မှ ဘာလုပ်ရမတုံး (ကျန်တဲ့ခန္ဓာတွေ ရှုရပါမယ်ဘုရား)။

နို့မို့လို့ရှိယင် ရေပေါ်မှော်အုပ်နေတော့ မျက်နှာရိုပ်မထင် ဘူးကွ....(မှန်ပါဘုရား)ထင်သေးရဲ့လား.... (မထင်ပါဘုရား)။

ဒုက္ခသစ္စာ ခန္ဓာကြီးကလဲ ဉာဏ်နဲ့ ထိုးကြည့်လိုက်တဲ့အခါ ဒုက္ခသစ္စာတွေ့ ပေါ်လာသေးရဲ့လား.... (မပေါ်ပါဘုရား) အဲ....ထိနမိဒ္ဓဆိုတဲ့ မှော်တွေက အုပ်နေတာ.... (မှန်ပါဘုရား) မြင်နိုင်သေးရဲ့လား....(မမြင်နိုင်ပါဘုရား)။

ဒါဖြင့် ဘယ်နှယ်လုပ်ကြမယ်.... (မှော်ကို ဖယ်ပစ်ရပါမယ်) သူ့ကိုအရင်ရှု၊ သူ့ကိုအရင်ရှုပြီးတော့မှ သူ့နိုင်တော့မှ ကျန်တဲ့ ခန္ဓာလှည့်ပါ....(မှန်ပါ) သဘော ပါကြပဲလား.... (ပါ-ပါတယ်)။

ဒါနှင့် နိဝရဏ ဘယ်နှစ်ချက်ပြီးသွားပြီလဲ.... (သုံးချက်ပြီး သွားပါပြီ) သုံးချက်ပြီးသွားပြီ တကာတကာမတို့.... (သုံးချက် ပြီးသွားပြီ)ဒါဟာ ပါဠိတော်တွေနဲ့ လဲဦးခင်မောင်ကိုက်ပြီနော်- (ကိုက်ပါတယ်ဘုရား)။

မိုးကုတ်ဝိပဿနာ လုပ်ငန်းစဉ်တရား (၅)

ကိုင်း....တကာ တကာမတို့ အင်္ဂုတ္တိုရ်ိုးနဲ့ သတိပဋ္ဌာန်ဆိုတဲ့ သုတ်မဟာဝါပါဠိတော်ကြီးနဲ့ ညီလိုက်ပါတယ်....(မှန်ပါ့)။

တခါတလေကျတော့ ပုဏ္ဏားမေးတဲ့အထဲမှာ တကာ တကာမတို့ ရပြီးသားတွေမေ့၊ မရသေးတာတွေ အကုန်ပျောက်-ဆိုတဲ့ ဥစ္စာ ဘယ်အကြောင်းကြောင့်တုံးဆိုတော့ ဒီအရောကြောင့်သာ မှတ်ကြပေတော့....(မှန်ပါ့ဘုရား)ရှင်းကြပလား.... (ရှင်းပါပြီ)။

ခင်ဗျားတို့ကလဲ ရောချင်တာက လွန်နေတာဘဲ.... (မှန်ပါ့) ဟင်းချက်တာတောင်မှ ရောနှောချက်ကြတယ်၊ ခင်ဗျားတို့ဝါသနာက-လေ....(မှန်ပါ့ဘုရား)။

အဲဒီလို ဖြစ်ပြီးသကာလ ခင်ဗျားတို့ဟာ သားနဲ့လဲသွားမရောချင်ဘူးလား.... (ရောပါတယ်) သမီးနဲ့ကော.... (ရောပါတယ်) အင်း....သမီးသားနဲ့ကော .... (ရောပါတယ်) ငါ့များ မမြင်ကြဘူးလား၊ ငါ့များ အရုပ်များ မှတ်နေကြသလား.... ၊ ကိုယ်ကရောချင်တယ်.... (မှန်ပါ့ဘုရား)။

ငါ့များအရုပ်များ မှတ်နေကြသလားဆိုပြီး အိမ်မှာလူကြီးတွေကမမြည်တတ်ကြဘူးလား.... (မြည်ပါတယ်ဘုရား) ဘာပြုလို့ ဒီအသံထွက်လာသတုံးဆိုတော့ မရောရလို့၊ ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

တအိမ်လုံးမှာ ငါ့ဆက်ကြီးတာ ဆင်ဘဲရိုတော့တယ်၊ ဒါကို ငါ့ကို အရုပ်လုပ်ထားကြတယ်-ဆိုဘဲ့ဥစ္စာ ဒီအသံ ဘာသံပါလို့ (ရောချင်တဲ့အသံပါဘုရား)။

ဩော်....ခက်လိုက်တာ ဘုရားကလဲ အရောမကြိုက်၊ ခင်ဗျားတို့ကလဲ မရောရလို့ မျက်ရည်ကျ၊ ခက်လိုက်တဲ့ဖြစ်ခြင်း ဘယ့်နှယ်လုပ်ကြမှာတုံး....။

မိုးကုတ်ဝိပဿနာ လုပ်ငန်းစဉ်တရား (၅)

ကိုင်း....တကာ တကာမတွေ့ အရောတွေ့ မလာစေနဲ့နော်.... (မှန်ပါ့) အခုအရောကြောင့် အမှန်မြင်သေးရဲ့လား.... (မမြင်ပါ) အဲ....ဒီက ရှေ့ကျတော့ ဝိပဿနာလုပ်တော့မယ် ဆိုယင် သားနဲ့လဲမရောပါနဲ့၊ သမီးနဲ့ကော.... (မရောပါနဲ့) အင်း.... သားခင်မှုန့်လဲမရောနဲ့၊သမီးအလိုမကျမှုန့်ကော (မရောပါနဲ့) အိပ်ချင်မှုန့်လဲ....(မရောပါဘုရား)။

မရောလိုက်ပါနဲ့တဲ့၊ မရောလိုက်ပါနဲ့၊ ရေပေါ်မှာ တကာတကာမတို့ ဆေးနီဆေးဝါ ဆေးပြာရောတာကလဲ လောဘရောတာ....(မှန်ပါ့) ရေဆူနေတာက.... (ဒေါသပါဘုရား) ဒေါသရောတာ၊ မှော်တွေအုပ်နေတာက ထိနမိဒ္ဓရောတာ.... (မှန်ပါ့)ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

ကောင်ပြီဒါဖြင့် စတုတ္ထပြောပါဦးမယ် တကာ တကာမတို့ စတုတ္ထကို တကာ တကာမတို့ ဘုန်းကြီးက ခိုင်း လိုက် တယ်၊ ဝိပဿနာရှုကြ၊ ခန္ဓာထဲမှာ ဘာမှမရှိဘူး၊ သြော်....သခ်ါရနဲ့ အနိစ္စဘဲရှိတယ်(ဝါ)ဖြစ်ပျက်ဘဲရှိတယ် (ဝါ) သံခိတ္တောန ပဉ္စုပါဒါနက္ခန္ဓာဒုက္ခာဆိုတဲ့အတိုင်း ဒုက္ခသစ္စာဘဲရှိပါတယ်၊ အဲဒါကို ဉာဏ်ကလေးနဲ့ တည့်ပါ၊ ဉာဏ်ကလေးနဲ့တည့်ကြပါလို့ တကာဝတို့ မမှာဘူးလား.... (မှာပါတယ်ဘုရား)။

တည့်တော့ တည့်တာဘဲဘုရာ့၊ မမြင်ဘူးဘုရာ့၊ သြော်.... မရှိလို့ မမြင်တာလား၊ရှိလျက်နဲ့ မမြင်တာလား.... (ရှိလျက်နဲ့ မမြင်တာပါဘုရား) ရှိလျက်နဲ့ မမြင်တာ ဘယ့်နယ် ကြောင့် ပါလိမ့်မတုံးဆိုတော့ ကိုယ့်ရှေ့နား အဖုံးရှိလိမ့်မယ် တကာတကာမတို့နော်.... (မှန်ပါ့ဘုရား)။

ဒုက္ခသစ္စာနဲ့ ဥာဏ်နဲ့ ကြားထဲမှာ အဖုံးဝင်နေတယ်....(မှန်ပါဘုရား) ဘာတဲ့တုံး.... (ဒုက္ခသစ္စာနဲ့ ဥာဏ်နဲ့ ကြားထဲမှာ အဖုံးဝင်နေပါတယ်ဘုရား) ဒုက္ခသစ္စာနဲ့ မဂ္ဂသစ္စာကြားထဲမှာ အဖုံးဝင်နေပါတယ်၊ရိပ်မိကြပလား.... (ရိပ်မိပါပြီ) ဒုက္ခသစ္စာနဲ့ မဂ္ဂသစ္စာကြားထဲမှာ....(အဖုံးဝင်နေပါတယ်ဘုရား) ဒုအဖုံးဝင်နေတယ်ဆိုတာသေချာပလား.... (သေချာပါပြီဘုရား)။

အဲဒီတော့ ဥဒ္ဓစ္စကုက္ကုစ္စဝင်တယ်တဲ့၊ စာလိုတော့ဝိက္ခံတ္တစိတ်ဝင်တယ်လို့ ဆိုတာပေါ့ဗျာ၊ ခင်ဗျားတို့ကျုပ်တို့ နားလည်မှုဆိုယင်စိတ်ပျံ့လွင့်တယ်.... ဒါဥဒ္ဓစ္စနော်.... (မှန်ပါ့) နောင်တာတဘန် ပူပူပန်ပန်နေတယ်၊ ဒါကုက္ကုစ္စနော်.... (မှန်ပါဘုရား)။

အဲဒီတော့ ဒီစိတ်ကို တကာတကာမတို့က ခန္ဓာကိုယ်မရှဘဲနဲ့ သူပေါ်လာတဲ့စိတ်ကို သူ့ကိုအရင်ရှုပါ.... (မှန်ပါ့ဘုရား)။

ဥဒ္ဓစ္စလာလို့ရှိယင် ဥဒ္ဓစ္စကစိတ်ပျံ့လွင့်တယ်၊ရန်ကုန်ရောက်မဲခူးရောက်-ရောက်နေတယ်၊အို....ရန်ကုန်တို့ မဲခူးတို့ မရောက်ပါဘူး၊ ဝမ်းထဲတွင်ဖြစ်ပြီး ဝမ်းထဲတွင် ချုပ်တာပါ.... (မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီ) ခင်ဗျားတို့က လျှောမရှည်ပါနဲ့ သူဘယ်မှမသွားပါဘူး....(မှန်ပါ့ဘုရား)။

သူကဘယ်မှမသွားဘူး၊ ဝမ်းထဲတွင်ဖြစ်ပြီးတော့....(ဝမ်းထဲတွင် ချုပ်ပါတယ်) အို ....စိတ်က လွင့်လိုက်တာ မပြောပါနဲ့ တော့၊ စိတ်ကလွင့်တာမဟုတ်ဘူး တကာတကာမတို့.... စိတ်က မလွင့်နိုင်ရှာပါဘူး၊ ဒီနားဖြစ်ပြီးဒီနားသေရုတာပါ၊ဦးခင်မောင်ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

သို့သော် လွှင့်တယ်လို့ ဘယ်နှယ်ကြောင့် စာတွေကာတွေ ရေးရပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့ သူကဒီနားကနေ ပြီးမှန်ချိန်လိုက်တာက ပဲခူးလှမ်းချိန်တာကိုးဗျ....(မှန်ပါဘုရား) သဘောကျပလား.... (ကျပါပြီ) ရန်ကုန်ကို လှမ်းချိန်တယ်၊ သူချိန်တာက ဝေးလွန်းလို့သာပါ၊ သူကဒီနေရာကဘဲ (မှန်ပါ)။

အဲဒီတော့ ဟိုကိုရှုရမှာမဟုတ်ဘူး၊ဒီရှုရမှာ.... (မှန်ပါ) သူ ဖြစ်တဲ့နေရာမှာ ရှုရမှာ သဘောကျပလား.... (ကျပါပြီ) ဥဒ္ဓစ္စ ဖြစ်တဲ့နေရာ ဥဒ္ဓစ္စရှု၊ ကုက္ကုစ္စဖြစ်တဲ့ နေရာကော.... (ကုက္ကုစ္စ ရှုရပါမယ်ဘုရား)။

အဲ....ဟဒယဝတ္ထုပေါ်မှာ သူတို့အမြင်မျှားတဲ့အတွက်ဟဒယ ဝတ္ထုပေါ်မှာဘဲ ပြစ်ပျက်ရှုပါ.... (မှန်လှပါ) သူ့ရှုပြီးတော့မှ မောင်မြတို့ဘာရှုမလဲ.... (ခန္ဓာကိုရှုရပါမယ်) ကျန်တဲ့ ခန္ဓာပေါ့ ဗျာ....(မှန်ပါဘုရား)။

ကျန်ခန္ဓာ ရှုလိုက်တော့ တကာ တကာမတို့ သူက ဘာနဲ့ တူသတုံးဆိုတော့ ရေကို လေတိုက်လို့ လှုပ်နေတုန်းကို တကာ တကာမတို့ မျက်နှာနဲ့ ဟပ်လိုက်တော့ အရိပ် ထင်ပါ့မလား.... (မထင်ပါဘုရား)။

ဩော်....သူကလဲစိတ်လှုပ်နေတာကိုး၊ လှုပ်တဲ့စိတ် ပေါ်နေ တာကိုး.... (မှန်ပါ) ရိပ်မိကြပလား.... (ရိပ်မိပါပြီ) ဘာပေါ် တာပါလိမ့်.... (လှုပ်တဲ့စိတ်ပေါ် နေတာပါဘုရား) လှုပ်တဲ့စိတ် ပေါ်နေတော့ သူလှုပ်နေတုန်း မျက်နှာနဲ့ ဘယ်လို ဟပ်ဟပ် မျက်လုံး မျက်ခုံး မြင်ရသေးရဲ့လား.... (မမြင်ရပါဘုရား) ဘာ့ကြောင့်တုံး....(ရေလှုပ်နေလို့ပါဘုရား)။

အဲဒီမှာလဲ တကာတကာမတို့ ဝိပဿနာ ရှုမယ်ကြံလို့ရှိယင် သူလျှပ်နေလို့ဒိုယင် ရှုလို့မရဘူး.... (မှန်ပါဘုရား) အဲဒီတော့ ဖြစ်ပျက်ခန္ဓာက ထလဲမပြေးနဲ့ သူ့ရှုပစ်လိုက်....(မှန်ပါဘုရား) ခင်ဗျားတို့က ထပြေးတတ်တဲ့ ဝါသနာက အတော်ကဲတယ်.... (မှန်လှပါဘုရား)။

ဟာ....ဒီနေ့တော့ စိတ်က မငြိမ်သေးဘူး၊ မရှုသေးတူး.... (မှန်ပါ)အံ့မာ မငြိမ်သက်လို့သာ မရှုဘူးဆိုယင်ဖြင့်ခင်ဗျား တို့ဟာ နောက်စိတ်တွေ့ ဘယ်တော့မဆို မငြိမ်ဘူး.... (မှန်ပါဘုရား)ရိပ်မိပလား.... (မှန်ပါ) မရှုဘဲသာနေကြတော့၊ လူမိုက် အလုပ်သာ လုပ်ကြတော့ ဒီအဓိပ္ပါယ်မရဘူးလား.... (ရပါတယ်ဘုရား)။

အဲဒါကြောင့် တကာတကာမတို့ ဘုရားသခင် ကိုယ်တော် မြတ်ကြီး နည်းပေးတာဖြစ်နေတယ်၊ သိဂ်ါရဝအား ဟောတဲ့ တရားဖြစ်နေတဲ့အတွက် ဒီလှုပ်နေတဲ့ ပျံ့လွင့်ပူပန်တဲ့ ဥဒ္ဓစ္စ ကုက္ကုစ္စ ဘာလုပ်ကြမယ်.... (ဖြစ်ပျက်ရှုရပါမယ်) ဖြစ်ပျက်ရှုတာ သူချုပ်သွားသည့်တိုင်အောင် ရှုနော်....(မှန်ပါဘုရား)။

ရှုပြီးတော့မှ ဒီပြင်ဒီခန္ဓာကို ကြည့်မယ်ဆိုတော့ ရေငြိမ်မှ မျက်နှာဟပ်ကြည့်ပါ....(မှန်ပါဘုရား) ကိုယ်မျက်နှာရိပ် မမြင်ရ ပေဘူးလား(မြင်ရပါတယ်ဘုရား) အဲဒီမှာ ကိုယ့်ခန္ဓာ၏ ဖြစ် ပျက်တွေ့ အကုန်မြင်တယ်....(မှန်ပါဘုရား) ဖယ်တတ်ကြပလား (ဖယ်တတ်ပါပြီ)ဒါဖြင့် ဘယ်နှယ်မျိုးရှိသွားပြီလဲ.... (လေးမျိုးရှိသွားပါပြီဘုရား)။

လေးမျိုးရှိသွားပြီနော်....၊ အဖုံးလေးခုတော့ဖြင့် ဖွင့်ပေးပြီ၊ အိမ်ကျယင် ပိတ်မျှားနေဦးမှာလားလို့ သတိထားရသေးတယ်-(မှန်ပါ့) ခင်ဗျားတို့က ဝါသနာအတော်ဆိုးတယ်နော်-(မှန်ပါ့) တကာတကာမတို့ ဒီဥစ္စာက ပဉ္စမအဖုံးကို ဖွင့်ပါတော့ မယ်....(မှန်ပါ့ဘုရား)။

ပဉ္စမ အဖုံးဆိုတာ ဝိစိကိစ္ဆာ၊ ဝိစိကိစ္ဆာဆိုတာ သို့လော သို့လော တွေးတော ယုံမှား နေတာ....(မှန်ပါ့) အင်း....ဒီဆော့ ကလေးဟာ တခြားထားမိခဲ့သလား၊ အိတ်ထဲပါသလား၊ ပြော မပြတတ်ဘူး....(မှန်ပါ့)ဒီလိုကလဲ လာသေးတာကိုးဗျ-နှစ်ခု-နှစ်ခု ရိပ်မိပလား....(ရိပ်မိပါ့ပြီဘုရား)။

အဲဒီ နှစ်ခုတွေ့ဖြစ်ပြီးသကာလ နေတာ ဝိစိကိစ္ဆာလို့ ခေါ် သည်(မှန်ပါ့)အဲဒီဝိစိကိစ္ဆာရှိလျက်နဲ့ သော့ထားမိတာမထားမိ တာတော့ မပြောတတ်ဘူး၊ ကိုယ့်အချိန်ကလေးရောက်လို့ ထရှု ဦးမယ်ဆိုယင် သော့က ဝင်ဝင်လာတယ်(မှန်ပါ့ဘုရား)ဖြစ်ပျက် ပါသေးရဲ့လား....(မပါ-ပါဘုရား)။

အဲဒါကြောင့် ဒီ ဝိစိကိစ္ဆာကို ဒီလိုမလုပ်နဲ့ သူက သံသယရှိ တယ်၊ အဲဒီသံသယကို ဖြစ်ပျက်ရှုပေးပါ(မှန်ပါ့ဘုရား) သဘော ကျပလား....(ကျပါပြီဘုရား)။

"သမောဟံဝါစိတ္တံ သမောဟံစိတ္တန္တိ ပဇာနာတိ" ပါဠိ တော်ထဲသွင်းတော့၊ ရိပ်မိပလား(ရိပ်မိပါပြီ)အဲဒီတော့ ဒီမော ဟ စိတ်ကလေး ဘာလုပ်ပစ်ရမလဲ....(ဖြစ်ပျက်ရှုရပါမယ်) ဖြစ် ပျက်ရှုပြီးတဲ့နောက်မှ ကျန်တဲ့ခန္ဓာ နောက်မှလိုက်ပါ....(မှန်ပါ့ ဘုရား)သဘောပါကြပလား(ပါ-ပါတယ်)ကျန်တဲ့ခန္ဓာနောက်မှ လိုက်ပါနော်....။

အဲဒီတော့ ပုဏ္ဏားတဲ့-မင်းသည်ကားလို့ ဆိုလို.ရှိယင်ကွာတဲ့ ရေတွေက အနယ်ထနေတယ်ကွ၊ အဲဒီ အနယ်ထနေတဲ့ရေခွက်ထဲက ရေကို မျက်နှာ သွားဟပ်စမ်းပါလားကွ မြင်ရပါ့မလားတဲ့၊ (မမြင်ရပါဘုရား)။

ဒီမှာလဲ ခင်ဗျားတို့က အနယ်ထနေတော့ ခန္ဓာမမြင်ဘူး-(မှန်ပါ့ဘုရား)ရိပ်မိပလား(ရိပ်မိပါပြီ)ဝိစိကိစ္ဆာ တည်းဟူသော အနယ်တွေက ဘာဖြစ်နေသတုံး....(ထနေပါတယ်ဘုရား)အဲ-ဝိစိကိစ္ဆာ အနယ်ထလို့ ခန္ဓာရိပ် အနိစ္စရိပ် ဒုက္ခရိပ် အနတ္တရိပ်မြင်သေးရဲ့လား....(မမြင်ပါဘုရား)။

ဘယ်.နှယ်ကြောင့် မမြင်ပါလိမ့်မတုံး-ဆိုတော့ ဝိစိ ကိစ္ဆာ အနယ်ထနေလို့....(မှန်လှပါဘုရား)ရှင်းပလား(ရှင်းပါပြီ) အဲဒီတော့ ဒီအနယ်ထိုင်အောင် ကျုပ်တို့ဝတ္တရားအတိုင်း လုပ်ရလိမ့်မယ်(မှန်ပါ့)အနယ်ထိုင်အောင် ဘာလုပ်ရမယ်(ဝတ္တရားအတိုင်း လုပ်ရပါမယ်)ဝတ္တရားအတိုင်း လုပ်ရမယ်ဆို ဝိစိကိစ္ဆာဘာလုပ်ပစ်ရမလဲ....(ဖြစ်ပျက်ရှုရမှာပါဘုရား)။

အဲ.... ဖြစ်ပျက် ရှုပြီးတော့မှ မောင်ထွန်းလှိုင်တို့....တကာဝတို့....ကျန် တဲ့ခန္ဓာ လှည့်လိုက်.... (မှန်လှပါဘုရား) ကျန်တဲ့ခန္ဓာလှည့်လိုက်တော့ အနယ်ထိုင်ပြီးမှ မျက်နှာရိပ် ဟပ်လိုက်တဲ့အခါကျတော့-ကိုယ့်ခန္ဓာ၏ အရိပ်ဟာ ဘယ်လိုဆိုတဲ့ ဥစ္စာမြင်လာမှာပေါ့....(မှန်ပါ့ဘုရား) သဘောကျပလား.... (ကျပါပြီ)။

ဒါဖြင့် အဖုံးငါးချက်ဆိုတာ တကာတကာမတို့ သိမ်းလိုက်ပါတော့မယ်တဲ့-၊ လောဘလဲအဖုံးတချက်-(မှန်ပါ့)သူ့ကို အရင်ရှုပစ်နော်....(မှန်ပါ့)ပြီးမှ ကျန်ခန္ဓာကို (ဖြစ်ပျက်ရှုရပါမယ်)။

ဒေါသကကော....(အဖုံးတချက်ပါဘုရား) သူ ပေါ် နေယင် ဘယ်သူ့ကို အရင်ရှုမတုံး.... (ဒေါသအရင်ရှုရပါ့မယ်)သူ့အရင်ရှုပြီးမှ သူ့နှိုင်တော့မှ ဘာလုပ်ရမတုံး....(ကျန်ခန္ဓာရှုရပါမယ်) အဲ့....ကျန်ခန္ဓာတွေ့ ဖြစ်ပျက်ရှု။

ထိနမိဒ္ဓဆိုတဲ့ အိပ်မှုကော တကာတကာမတို့ ငိုက်မျည်းမှုကော....လာလို ရှိယင်....(ဖြစ်ပျက်ရှုရပါမယ်)သူ့အရင်ရှု သူ့ကို နှိုင်ပြီးသည့်နောက်မှ ဘာလုပ်ရမလဲ.... (ကျန် ခန္ဓာ ရှုရပါမယ်) အဲ့....ကျန်ခန္ဓာကို ရှု တည့်ပြီ....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

တခါ ဥဒ္ဓစ္စကုက္ကုစ္စဆိုတဲ့ စတုတ္ထ၄-နံပါတ်လာပြန်လဲတကာ တကာမတို့ သဘောကျပလား....(ကျပါတယ်)သူ့အရင်ရှုနော် (မှန်ပါ့ဘုရား) သူ့ကို နှိုင်ပြီးသည် နောက်မှ(ကျန်ခန္ဓာ ရှုရပါမယ်)

အဲ့-ကျန်တာတွေ့ ရှုလိုက်လို့ရှိယင် မျက်နှာရိပ်နဲ့ဟပ်လိုက် တည့်နေတာဘဲ့(မှန်ပါ့ဘုရား)သဘောကျပြီနော် ....(ကျပါပြီ)။

အင်း....၅-နံပါတ်က ဝိစိကိစ္ဆာဘဲ့ တကာတကာမတို့ သူ့ကို ဘာလုပ်ရမယ်....(အရင် ရှုရပါမယ်ဘုရား)။

သူ့ကိုအရင်ရှုလိုက်၊ သံသယကလေးဖြစ်နေတယ်၊ကျုပ်သံသယ ကလေးက မကင်းသေးဘူး....၊ အဲ့....မကင်းသေးတာလဲ ဖြစ်ပျက်-(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲ့-ဒါတွေ့ ရှုပြီးတော့မှ သူ့နှိုင်ပြီးသည့်နောက်မှ ဘာလုပ်မယ်....(ကျန်ခန္ဓာရှု)အဲ့....ကျန်ခန္ဓာရှုဆိုတော့ ဦးခင်မောင်ရေ အရှိနဲ့ အသိနဲ့ကိုက်တော့မယ်(မှန်ပါ့ဘုရား)ဘာနဲ့ ကိုက်တော့မယ်....(အရှိနဲ့ အသိနဲ့ကိုက်တော့မယ်ဘုရား)။

အဲ....အရှိနဲ့ အသိကိုက်တော့မယ်တဲ့၊ အရင်တော့ အဖုံးတွေ ရှိနေတော့ အရှိနဲ့ အသိ မကိုက်ဘူး-(မှန်ပါ့ဘုရား)သဘောကျပလား(ကျပါပြီ)အခု အဖုံးငါးချက် ဖွင့်လိုက်တဲ့ အခါကျတော့ အရှိက ဒုက္ခသစ္စာ၊အသိကမဂ္ဂသစ္စာနဲ့ သွားကိုက်တယ်၊ ဒုက္ခ-မဂ္ဂ ဒုက္ခ-မဂ္ဂလို့ သွားကိုက်တယ်....(မှန်ပါ့ဘုရား) မကိုက်ဘူးလား (ကိုက်ပါတယ်ဘုရား)အရှိက ဘာတဲ့တုံး-(ဒုက္ခသစ္စာပါဘုရား) အသိက(မဂ္ဂသစ္စာပါဘုရား)။

အဲ....ဒီလို သွားကိုက်တဲ့ အခါကျတော့ တကာတကာမတို့ မဂ္ဂဗြဟ္မစရိယာ အကျင့်ကြီးဟာ တန်းပြီးမပေါ်လာဘူးလား.... (ပေါ်လာပါတယ်ဘုရား)။

အင်း....ဘာနဲ့ဘာ သွားကိုက်ပါလိမ့်မလဲ တကာတကာမတို့ (အရှိနဲ့အသိ သွားကိုက်ပါတယ်ဘုရား) အရှိက ဘာ သစ္စာ.... (ဒုက္ခသစ္စာပါဘုရား) အသိက ဘာသစ္စာ....(မဂ္ဂသစ္စာပါ)။

အဲ....အရှိနဲ့အသိ သွားကိုက်လို့ရှိယင် ခင်ဗျားတို့သည် မဂ္ဂဗြဟ္မာစရိယာအကျင့်-ကျင့်ပြီးသားဖြစ်ပါတယ်....(မှန်ပါ့ဘုရား)

တရားတော့ ဟောလို့ ကောင်းတယ်၊ နာရီကလဲ ဈေးပြီယနေ့ တော်ကြဦးစို့....။

သာဓု....သာဓု....သာဓု

ကျေးဇူးတော်ရှင်, အဂ္ဂမဟာပဏ္ဍိတ

အာမရပူရမြို့ မင်္ဂလာတိုက်ဟောင်း- မိုးကုတ် ဆရာတော်ဘုရား

မန္တလေးမြို့၊ ဦးချစ်ဆွေ ဓမ္မာရုံ၌

ဟောကြားတော်မူသော

မိမိကိုယ်ကို သုံးသပ်ရန်

သမ္မသန တရားတော်

(၁-၃-၆၁)

သုံးဆယ့်တဘုံထဲမှာဖြင့် အသေလွတ်ရာရှာလို့ရှိယင် တွေ့ကြမှာ မဟုတ်ပါဘူးဆိုတဲ့ ဥစ္စာ သေသေချာချာ မှတ်ထားရမယ်....(မှန်ပါ့)။

သုံးဆယ့်တဘုံထဲမှာ အသေလွတ်တဲ့နေ ရာရှိပါ့မလား.... (မရှိပါဘုရား) သုံးဆယ့်တဘုံထဲမှာ အသေလွတ်တဲ့နေရာ.... (မရှိပါဘုရား)။

ဒီထဲမှာသာရှာနေတဲ့ပုဂ္ဂိုလ်ဟာဖြင့် မရှိရာရှာသောကြောင့် မရမှာလဲ သေချာတယ်.... (မှန်လှပါဘုရား) မရှိရာ ရှာသောကြောင့်....(မရမှာလဲသေချာပါတယ်ဘုရား)။

အဲဒီ မျက်စိလည်ပြီးသကာလ နေပြီ ဆိုမှဖြင့်လဲ သုံးဆယ့်တဘုံထဲမှာဖြင့်နတ်ပြည်ကောင်းနိုးနိုး၊ ဗြဟ္မာ့ပြည်ကောင်းနိုးနိုး စကြဝဠတေး မန္ဒဲ့ဝတ် အဖြစ်နဲ့ လူ့ပြည်လာပြီး ဖြစ်ရတာ ကောင်းနိုးနိုးဆိုပြီးသကာလ ဒီလို ရှာကြမယ်ဆိုလို့ရှိယင် ဖြင့် အသေလွတ်ရာ ရှာငြားသော်လဲ သေရာသာ တွေ့မယ် ဆိုတာ မှတ်ကြစမ်းပါ....(မှန်လှပါဘုရား)။

အသေလွတ်ရာ ရှာငြားသော်လဲ.... (သရာသာတွေ့ပါမယ် ဘုရား)သရာကိုသာ တွေ့မယ်ဆိုတာကိုဖြင့် ငြင်းဆန်နေဘို့လို သေးသလား.... (မလိုပါဘုရား)။

ဒါ့ကြောင့် တကာတကာမတို့ သတိပေးရတယ်၊ ဤခန္ဓာကိုယ်ကြီးသည်ကားဆိုလို့ရှိယင်ဖြင့် ဒီခန္ဓာမှတပါး ဘယ်ခန္ဓာဘဲရရ သူ့အလုပ်က သရာသွား၊သရာသွားတဲ့ အလုပ်ကိုဘယ် ခန္ဓာရရ အို နာ သေ ထပ်ခါတလဲလဲ ရတဲ့အလုပ်ကို ဒီခန္ဓာက လှည့်ခံနေရတာဘဲဆိုတာ မသေချာဘူးလား.... (သေချာပါ တယ်ဘုရား)။

ကိုင်း....ကိုယ့်ခန္ဓာကိုယ် ကြည့်လိုက်လို့ရှိယင် မြင်လာခဲ့ကြ တယ်နော်-ပေါင်းလိုက်တော့ ငါးခုရှိပါတယ်တဲ့.... ပုဏ္ဏားကြီးက တပည့်တော်ကို မျက်လုံးကောင်းကောင်း တပ်ပေးစမ်းပါဆိုတဲ့ အခါကျတော့ ငါဖြုန်းကနဲ မတတ်နိုင်ဘူးကွ....။

"သူတော်ဆည်းကပ်၊မြတ်တရားနာ၊လွန်စွာအားထုတ်၊နာဗန် နဲ့ရုပ်ကို၊ဖြစ်ချုပ်ခဲ့ဘဏ်မြင်၊ ဤငါးအင်မှန်ပင် မဂ်ရကြောင်း" ဆိုပြီး....။

ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ပါဠိနဲ့ဟောဆိုပြီးသကာ လ ထားတာ တကာ တကာမတွေ့ကလဲ သြော်.... ငါမဂ်ဉာဏ် ဖိုလ်ဉာဏ် ရချင်လို့ရှိယင် ဘယ်ကစ,၍ ဘယ်ဆုံးမှ ကိစ္စပြီးမှာ ပါလိမ့်မလဲ....ဆိုတဲ့.... အရေးကိုလဲ သိထားနှင့်ဘို့ရာ အမတန် အရေးကြီးပါတယ်ဆိုတာ သဘောပါကြပလား.... (ပါပါပြီ ဘုရား)။

လိုက်ကြစမ်း.... သူတော်ဆည်းကပ် (သူတော်ဆည်းကပ်) မြတ်တရားနာ....(မြတ်တရားနာ) လွန်စွာအားထုတ်.... (လွန်စွာအားထုတ်)နာမ်ဒုင်ရုပ်ကို.... (နာမ်ဒုင်ရုပ်ကို) ဖြစ်ချုပ်ဉာဏ်မြင်-(ဖြစ်ချုပ်ဉာဏ်မြင်) ဤငါးအင်.... (ဤငါးအင်) မှုန်ပင်မဂ်ရကြောင်း....(မှုန်ပင်မဂ်ရကြောင်း)။

(ဤနည်းအတိုင်း သုံးခေါက်ချပေးသည်)။

ဒီလောက်ဆိုယင် နေ့တိုင်းချသွားယင် ရပါလိမ့်မယ် ဆိုတာဘာမှ ယုံမှားသံသယ ရှိဘို့ မလိုပါဘူးနော်....(မလိုပါဘူးရှား) သုံးရက်လောက်ဆိုယင် တကာတကာမတွေ့ ကိုယ်တိုင် ဆိုနိုင်ပြီးသကာလ သွားပါလိမ့်မယ်.... (မှုန်ပါ့ဘုရား)။

ကဲ....ဒါဖြင့် တရားစ,ကြပါစို့....၊ သူတော်ကောင်းများလဲဆည်းကပ်ကြပါပြီ....(မှုန်ပါ့)မြတ်တရားလဲနာကြပါပြီ၊ လွန်စွာအားထုတ်ဆိုတော့ ဘုန်းကြီးက တကာ တကာမတွေ့ကို သင်ထားတာ အရှိသားဘဲ နားက ဘာလုပ်မလဲ.... (နားကထောင်ရပါမယ်ဘုရား)။

နားက တရားနာရတယ်.... (မှုန်ပါ့) သဘောကျပလား.... (မှုန်ပါ့ဘုရား) ဉာဏ်က ဘယ်လှည့်ရသလဲ....(ခန္ဓာလှည့်ရပါတယ်ဘုရား)ဉာဏ်က ခန္ဓာလှည့်ရတယ်နော်....၊ နားကတော့ ဘုန်းကြီးပြောထားတာ နာလို.... (မှုန်ပါ့) ဉာဏ်က ခန္ဓာလှည့်ထားတော့ကိုတဲ့ ခန္ဓာကတော့ဖြင့် ဖြစ်ပုံနဲ့ချုပ်ပုံတွေ့ဘဲ သူပြောပြီးသကာလ နေမှာဘဲဆိုတာလဲ အရှင်းသားပေါ့ဗျာ--(မှုန်ပါ)။

အဲဒီအတိုင်း တရားနာကြပါ၊ နားကတရားနာ၊ ဉာဏ်က ခန္ဓာလှည့်....(မှန်ပါ့ဘုရား)နားက ဘာလုပ်ကြရမယ်....(တရား နာရမယ်) ဉာဏ်ကတော့ ဘယ်လှည့်ရမလဲ....(ခန္ဓာလှည့်ရပါမယ် ဘုရား)။

ဉာဏ်ကတော့ ခန္ဓာလှည့်ရမယ်၊ ခန္ဓာလှည့်ထားတော့ ခန္ဓာ က ဘာတွေများ ပြောလိမ့်မယ်လို့ ထင်ကြသတုံး.... (ဖြစ်ပျက် တွေပြောပါလိမ့်မယ်ဘုရား)။

အေး.... ဒုက္ခသစ္စာလဲပြောမယ်၊ ဖြစ်ပျက်နေတဲ့ သဘော တွေလဲ ပြောပါလိမ့်မယ်၊ပြောချင်တာပြော ဒုက္ခသစ္စာမှတ ါး ဦးခင်မောင်.... ဘာမှ မပြောဘူး....(မှန်ပါ့ဘုရား) သူ့အရှိကိုသူ ပြောမှာကိုး....(မှန်ပါ့ဘုရား)။

တကာတကာမတွေဘာပြောမယ်....ထင်ကြသလဲ....(သူ့အရှိ ကိုပြောမှာပါ) သူ့ရှိတာကဘာတဲ့တုံး....(ဒုက္ခသစ္စာပါဘုရား) ဒုက္ခသစ္စာဆိုတာ ဘာပါလိမ့်မတုံးလို့ မေးဲတော့မှ ဖြစ်မှုပျက်မှု (မှန်ပါ့ဘုရား) ဒုက္ခသစ္စာဆိုတာ ဘာပါလိမ့်.... (ဖြစ်မှုပျက်မှု ပါဘုရား)။

ဖြစ်မှု ပျက်မှုဘဲတဲ့၊ အဲဒီဖြစ်မှုပျက်မှု မြင်တော့မှ သြော်.... ကိုယ် ခန္ဓာကြီးဟာ ဘာခန္ဓာကြီးပါလိမ့်မတုံးဆိုတော့ မှုန်းသေ ခန္ဓာကြီးပါလားဆိုတာ ပေါ်လာတယ်.... (မှန်ပါ့ဘုရား)

မှေးလိုက်သေလိုက်- မှေးလိုက်-သေလိုက်၊ခင်ဗျားတို့ ဝမ်း ထဲက မှေးပြီးသုသာန်ပို့မှ အသေ၊ ဒီအသေကို ဆိုတာမဟုတ် ဘူးနော်....(မှန်ပါ့ဘုရား) အခု ခန္ဓာထဲ ဝေဒနာကခန္ဓာကလေး

ပေါ်လာလိုက် ခုဘဲ ပျက်စီးသွားလိုက်ဆိုတော့ ဦးခင်မောင်.... မွေးသေ မကျဘူးလား....(ကျပါတယ်ဘုရား)သဘောပါကြ လား....(ပါပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတွေ့ ခန္ဓာကိုယ်ထဲမှာ မွေးသေနှစ်ခု သာ ရှိတယ်ဆိုတော့ ဖြစ်မှု ပျက်မှုသာ ရှိတယ်ဆိုတာ မသေချာ ဘူးလား....(သေချာပါတယ်ဘုရား)။

အဲဒါကို ဥာဏ်နဲ့ အိမ်ကျလဲ လှည့်၊ ဒီမှာလဲ လှည့်၊ လှည့်ထား ပြီဆိုမှဖြင့် သြော်-အခုရ,ထားတဲ့ ခန္ဓာကြီးဟာ အကောင်းလား အဆိုးလား....ဆိုတဲ့ ဥစ္စာကို အရိယာမျက်လုံးတတ်ကြွည့်လိုက်တဲ့ အခါကျတော့ မွေးသေကိုဘဲ မြင်ပါလိမ့်မယ်....(မှန်ပါ့)ဘာ မြင်မယ် ထင်ကြသလဲ.... (မွေးသေကို မြင်ပါလိမ့်မယ်ဘုရား)။

မွေးသေကို မြင်တဲ့အခါကျတော့ တကာတကာမတို့ သြော်-မိမိ ရ,ထားတာကြီးဟာ အကောင်းမှတ်တယ်၊ အနိစ္စကြီးပါက လား....ဒုက္ခသစ္စာကြီးပါကလား....ဆိုတာ ဘယ်သူက ပြောပါ လိမ့်....(ခန္ဓာက ပြောပါတယ်ဘုရား)။

ခန္ဓာက ပြောလိမ့်မယ် ဆိုတဲ့ဥစ္စာ အဲဒီတော့ မြတ်စွာဘုရား သခင်ကိုယ်တော်မြတ်ကြီးကလဲ ခန္ဓာက ပြောတာ အမှန်ယူဟေ့ သူများ ပြောဆိုတာက အနုဿဝ တဆင့်ကြား ဆိုတာကတော့ မှားသည်ရှိတယ်....မှန်သည်ရှိတယ်နော်....(မှန်ပါ့)ခန္ဓာက ပြော တာကတော့ မှားစရာ ရှိသေးရဲ့လား....(မရှိပါဘုရား)။

အဲဒါကြောင့် ခန္ဓာက အပြောကို သိအောင်လို့ ဘုရားက ဒိဋ္ဌဓမ္မော လုပ်စမ်းပါက္ခ၊ပတ္တာဓမ္မော လုပ်စမ်းပါက္ခ၊ဝိဒိတဓမ္မော

လုပ်စမ်းပါကွ၊ ကိုယ်တိုင် ဆုံးဖြတ်ချက် ချနိုင်အောင် လုပ်စမ်း ပါဆိုတဲ့ဥစ္စာ တကာသစ်တို့ ဘုရားက မတိုက်တွန်းဘူးလား.... (တိုက်တွန်းပါတယ်ဘုရား)။

အေး....ဒါကြောင့် ကိုမြရွှေတို့ အားလုံးခန္ဓာ ဥာဏ်လှည့်ကြ ပါဆိုတာ သတိပေးလိုက်ပါတယ်နော်....(မှန်ပါဘုရား)။

ကိုင်း....ယနေ့ တကာတကာမတို့ ခင်ဗျားတို့ ခန္ဓာကိုယ်ကြီး ကို ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် ကုရုတိုင်းမှာ နေတဲ့ အခါကျတော့ ရဟန်းတွေက စည်းဝေပြီးသကာလ လာကြ တယ်....(မှန်ပါ့)။

ရဟန်းတို့ မင်းတို့ ခန္ဓာကိုယ်ကြီးများ၊မင်းတို့ သုံးသပ်ကြရဲ့ လားကွ....၊ ဆင်ခြင်ကြရဲ့လားကွ....လို့ မေးလိုက်တယ်နော်.... (မှန်ပါ့ဘုရား)။

ခန္ဓာကိုယ်ကြီး ဆင်ခြင်ကြရဲ့လားကွ၊ သုံးသပ်ကြရဲ့လားကွ လို့ မေးလိုက်တဲ့အခါကျတော့ ရဟန်းတပါးက တပည့်တော် ဆင်ခြင်သုံးသပ်ပါတယ်ဘုရား....၊ အေး-ပြောစမ်း-ပြောစမ်းကွာ မင်း ဆင်ခြင်သုံးသပ်တာ ပြောစမ်း....ကွ....တဲ့။

တပည့်တော်ဟာသုံးဆယ့်နှစ်ကောဋ္ဌာသ ဆင်ခြင်သုံးသပ်ပါ တယ် ဘုရားလို့ ဆိုတော့ ဘုရားက အလိုမကျဘူး....(မှန်ပါ့)။ ဘုရားက ဒါပြောစေခြင်တာမဟုတ်ဘူး....(မှန်ပါ့)။

ဘုရားအလိုတော်မကျမှန်းသိတော့အရှင်အာနန္ဒာကအနား ရှိတော့ အရှင်ဘုရားပြောမှ,အရှင်ဘုရားဟောမှ သိရမည့် ပုဂ္ဂိုလ် တွေဖြစ်ပါတယ် အရှင်ဘုရားတဲ့....၊ ဒါ့ကြောင့် အရှင်ဘုရားဘဲ ဟောတော်မူပါ, ပြောတော်မူပါဆိုတဲ့ အကြောင်း အရှင် အာ နန္ဒာက တောင်းပန်ပါတယ်....(မှန်ပါ့ဘုရား)။

အရှင်အာနန္ဒာက တောင်းပန်တဲ့ အခါကျတော့ အေး.... ကောင်းကောင်းမှန်မှန်နာကြကွ၊ ကောင်းကောင်းမှန်မှန် နှလုံးသွင်းကြကွ ဆိုပြီး ဘုရားသခင် ကိုယ်တော်မြတ်ကြီးက နိဒါန ဝဂ္ဂသံယုတ်ပါဠိတော်ကြီးမှာ ဟောထားတာ ရှိပါတယ်။

အဲဒါ ဒီနည်းကိုလဲ ဆရာဘုန်းကြီးက သတိပေးလိုက် ပါတယ်၊ တကာတကာမတို့ ကိုယ့်ခန္ဓာ ကိုယ် သုံးသပ်ကြနော်၊ ဘယ့်နယ်မှာပါလိမ့်.... (ကိုယ့်ခန္ဓာကိုယ်သုံးသပ်ကြပါဘုရား)။

ကိုယ့်ခန္ဓာ ကိုယ်သုံးသပ်ကြစမ်းပါ၊ အလကား မနေပါနဲ့ ကိုယ့်ခန္ဓာကိုယ်သုံးသပ်ကြစမ်းပါ အလကား မနေပါနဲ့ဆိုတာ ပြောလိုက်ပါတယ်....(မှန်ပါ့ဘုရား)။

သုံးသပ်နည်းကလေးက ဘုရားသုံးသပ်စေချင်တာက တကာ တကာမတို့ ဇရာမရဏာ၊ ဇရာမရဏာဆိုတာ ဇရာက အို့မှု၊ မရဏာ က သေမှု(မှန်ပါ့) တကာ တကာမတွေ့၏ ခန္ဓာကိုယ်မှာ၊ ဇရာ မရဏာ ကိုယ်ခန္ဓာကြီး ပြေးနေတယ် ဆိုတာ မသိရဘူးလား.... (သိရုပါတယ်ဘုရား)။

ဩော်....ခန္ဓာကိုယ်ကြီးဟာ အရောက်သွားနေတာ ဘယ်ဆီ မျှား သွားနေပါလိမ့်မလဲလို့ အကဲခတ်ကြည့်လိုက်တော့ ဇရာဆီ ရောက်အောင် သွားနေတယ်-(မှန်ပါ့ဘုရား) မရဏာ ဆီကော.... (ရောက်အောင်သွားနေပါတယ်ဘုရား)။

ဩော်....ဒီခန္ဓာကိုယ်ကြီး၏ လမ်းစဉ် နည်းကဖြင့် ကျုပ်တို့ ကြိုက်တဲ့လမ်း သွားနေတာလား၊ သူ့ပင်ကိုယ် နိယာမလမ်း သွားနေတာလား....(သူ့ပင်ကိုယ် နိယာမလမ်း သွားနေတာပါ ဘုရား)။

သြော်....ဒါဖြင့် ခန္ဓာရတဲ့ပုဂ္ဂိုလ်၏ သဒ္ဒးရာ လမ်းခရီး ဆိုယင် တကာတကာမတွေက သိပါပြီ....(မှန်ပါ့ဘုရား) ခန္ဓာရတဲ့ပုဂ္ဂိုလ်ဟာ တကာတကာမတို့ ဘယ်သဒ္ဒးနေပါလိမ့်မလဲ....(ဇရာမရဏဆီ သဒ္ဒးနေပါတယ်ဘုရား)။

ဇရာမရဏဆီ သဒ္ဒးနေတယ်လို့ မောင်ထွန်းလှုင်တို့ မမှတ်ရပေဘူးလား.... (မှတ်ရပါတယ်ဘုရား) ခန္ဓာကိုယ် ရတဲ့ပုဂ္ဂိုလ် မျဒးဘယ်သဒ္ဒးနေကြသလဲ....(ဇရာမရဏဆီ သဒ္ဒးနေပါတယ်)။

အိမ်သဒ္ဒးတယ်ဆိုတာလဲ အိမ်သဒ္ဒးရင်း ဇရာမရဏဆီရောက်တာဘဲ....(မှန်ပါ့) ကျောင်းသဒ္ဒးတယ် ဆိုတော့ ကျောင်းသဒ္ဒးရင်း ဇရာမရဏဆီကော မရောက်ဘူးလား.... (ရောက်ပါတယ်)။

ဒါဖြင့် တကာတကာမတို့ အိမ်သဒ္ဒး ကျောင်းသဒ္ဒးတာ မှန်သလား၊ ဇရာမရဏဆီ ခန္ဓာကြီး အပြေးစိုင်းနေတာက မှန်သလားလို့ အကဲခတ်ကြစမ်း....(ဇရာမရဏဆီ အပြေးစိုင်းနေတာက မှန်ပါတယ်ဘုရား)။

အဲဒီလို သုံးသပ်ကြစမ်းပါတဲ့ ဒီ ခန္ဓာကြီး၏ ဖြစ်စဉ်ဟာ ဘယ်မျဒးသဒ္ဒးနေပါလိမ့်မတုံး ဆိုလို့ရှိယင် ဇရာမရဏဆီ အပြေးအလွှား သဒ္ဒးနေတယ်....(မှန်ပါ့ဘုရား)။

တကာ တကာမတို့ သဒ္ဒးကောင်းတဲ့ လမ်းလား၊ မသဒ္ဒးကောင်းတဲ့လမ်းလား.... (မသဒ္ဒးကောင်းတဲ့ လမ်းပါဘုရား) မသဒ္ဒးကောင်းတဲ့လမ်းဆိုတာ သေချာပလား (သေချာပါပြီ)။

အဲဒီ ခင်ဗျားတို့ လူစုတွေက မသဒ္ဒးကောင်းတဲ့ လမ်းကိုဘဲ မျက်စိလည်ပြီး သကာလ ဒီ ဘဝက စုတေမနေ သေလွန်ရလို့ ရှိယင်ဖြင့် လူကောင်း နတ်ကောင်း ဖြစ်ရပါလို့၏ ဆိုတော့ဇရာ

မရဏလမ်း ဒိုင်းဒိုင်းပြေးရပါလို့၏ ဆိုတဲ့ အဓိပ္ပါယ်ရောက်တယ် ဟုတ်လား....(ရောက်ပါတယ်ဘုရား)။

ဘယ်ရောက်သွားပါလိမ်....ဇရာမရဏဆီသို့ ဒိုင်းဒိုင်းပြေးတဲ့ လမ်းရောက်သွားပါတယ်ဘုရား)မဟုတ်ပါဘူး ဦးခင်မောင်ရယ် ဇရာ မရဏဆိုတာ ရှောင်ရမှာဆိုတော့ သေချာပါလျက်သား နဲ့ ခင်ဗျားတို့က ဒိုင်းဒိုင်းပြေးချင်တာ ဘာသဘောတုံးလို့မေး တဲ့အခါကျတော့ သစ္စာမသိလို့....(မှန်လှပါဘုရား)။

ဇရာပိ.... (ဒုက္ခသစ္စံပါ ဘုရား) မရဏမို့.... (ဒုက္ခသစ္စံပါ ဘုရား)ဩော်....ဒီနှစ်လုံးကို တကာတကာမတွေက ပိုင်ပိုင်နိုင် နိုင်မသိတော့ ဒီနှစ်လုံးကို၊ ဇရာကလဲ ဒုက္ခသစ္စာဘဲကွ၊ မရဏလဲ ဒုက္ခသစ္စာဘဲကွလို့ ဘုရားက ဓမ္မစကြာမှာ သေသေချာချာ ဟောပါတယ်၊ သတိပဋ္ဌာန် ပါဠိတော်ကြီးတွေမှာ သေသေ ချာချာဟောပါတယ်။

ဒါတွေကို ဥာဏ်နားနဲ့ မထောင်ဘဲဖြစ်ပြီး သကာလ နေ တော့ ဒီဇရာမရဏတွေ သွားရင်းမတ္တန့်နဲ့ နောက် ဇရာမရဏ သွားဘို့ရာကို တကာတကာမတွေ ကြိုးစားနေတာ များဟာ ခင်ဗျားတို့ဟာ အိုလမ်း သေလမ်းကိုသွားလို့ လက်စမသတ် ချင်လို့ လုပ်နေတာနဲ့ တယ်တူသကိုး....(မှန်လှပါဘုရား) မတူ ဘူးလား....(တူပါတယ်ဘုရား)။

ဒီတခါ အိုလမ်းသေလမ်း သွားပြီးနောက် အိုလမ်း သေ လမ်း မသွားဘူးကွာ၊ ကောင်းမှုမကောင်းတဲ့လမ်းကြီးဘဲဆိုပြီး ရှောင်ဘို့ ရှားဘို့အချိန် မရောက်ဘူးလား.... (ရောက်ပါတယ် ဘုရား)။

ထိုသို့ ရောက်ပါလျက်သားနဲ့ ဘုန်းကြီးတို့ တကာတကာမ တွေ့ ဘယ်နှယ်ကြောင့် ဒီဘဝကစုတေမနေ သေလွန်ရလို့ရှိယင် နောက်ဘဝ၌ လူကောင်းနတ်ကောင်း ဖြစ်ရပါလို့၏ ဆိုတော့ ဇရာမရဏ လမ်းကို ဒိုင်းဒိုင်းပြေးရပါလို့၏ ဆိုတဲ့ အဓိပ္ပါယ် ရောက်-မရောက်....(ရောက်ပါတယ်ဘုရား)။

အဲဒါ ဘာ-မသိလို့ ပါလိမ့်.... (သစ္စာမသိလို့ပါ ဘုရား) ဒါဖြင့် သိအောင်လုပ်ကြစို့ရဲ့နော်....(မှန်လှပါဘုရား)။

သိအောင် လုပ်ကြစို့ဆိုတော့ တကာတကာမတို့ ဇရာဟာ ဘာသစ္စာပါလိမ့်....(ဒုက္ခသစ္စာပါဘုရား) မရဏက....(ဒုက္ခသစ္စာ ပါဘုရား) သြော်....အခု တရားနာနေတဲ့ တကာတကာမတွေ သည် တရားနာရင်းနဲ့ ဘယ်မျှားပြေးသွား နေကြ ပါလိမ့်.... (ဇရာမရဏဆီ ပြေးသွားနေပါတယ်ဘုရား)။

ဒါဖြင့် ဒီထဲကမျှား ရောင်ရောင်ချာချာနဲ့ တကာတကာမ တွေကပါလာပြီး ဒီတရားနာတဲ့ ကုသိုလ်ကြောင့် တရားနှလုံး သွင်းရတဲ့ ကုသိုလ်ကြောင့် စုတိမနေသေလွန်တော့ လူကောင်း နတ်ကောင်း ဖြစ်ရပါလို့၏ဆိုတော့ ဦးခင်မောင်....ဘယ်-ပြေး ပါရစေလို့ ပါသွားသလဲ....(ဇရာမရဏဆီ ပြေးပါရစေလို့ ပါ သွားပါတယ်ဘုရား)။

ဇရာမရဏဆီ နောက်ထပ် ပြေးရပါလို့၏-ဆိုတော့ ဟာ.... အရှုး မပျောက်ပါလား.... (မှန်ပါ့ဘုရား) တကာသစ်....ဘယ်လို ဆိုပါ့မယ်.... (အရှုးမပျောက်ပါ ဘုရား) ဦးဇော်ရင် ဘယ်လိုပါ လိမ့်.... (အရှုးမပျောက်ပါဘုရား) အရှုးမပျောက်တာ မသေ ချာဘူးလား.... (သေချာပါတယ်ဘုရား)။

ဘာဖြစ်လို့တုံး ဆိုတော့ အခုပြေးနေရတာလဲ ကောင်းတဲ့လမ်း ပြေးရတာလား.... မကောင်းတဲ့လမ်း ပြေးရတာလား.... (မကောင်းတဲ့လမ်း ပြေးရတာပါဘုရား)နောက်တခါဆုတောင်းထားတာကလဲ ဘယ်လမ်း ပြေးဖြစ်အောင် တောင်းတာပါလို့ (မကောင်းတဲ့လမ်းပြေးဖြစ်အောင် တောင်းတာပါဘုရား)။

သြော်.... ခင်ဗျားတို့ ဟာကလဲ နဂိုရိုက မကောင်းတော့ နောက်လဲမကောင်းဘဲ၊ ခင်ဗျားတို့အလိုရှိနေတာ တော်တော် အရုပ်ဆိုးနေပါကလား....(မှန်ပါဘုရား)။

ဒါ ဘုန်းကြီးကမြည်တာလား.... ခင်ဗျားတို့က မိုက်လုံးပိုတာလား....သတိထားပါဦး.... (မိုက်လုံးပိုတာပါဘုရား) ပေါ်ကြပလား(ပေါ်ပါပြီဘုရား)။

ဘုန်းကြီးကမြည်တာလား....ခင်ဗျားတို့ ကိုယ်ကစုံလုံးကန်းပြေး-ပြေး နေတာလား....(စုံလုံးကန်း ပြေး-ပြေး နေတာပါဘုရား) အတော် ဆိုးနေပါကလား....(မှန်ပါဘုရား)။

ဦးခင်မောင်....ဘယ်နှယ် ဖြစ်နေ ကြသလဲ....(ဆိုးပါတယ်ဘုရား) အတော် ဆိုးတယ်ဆိုတဲ့ အဓိပ္ပါယ် ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

အခု ခန္ဓာကိုယ်ကြီးဟာ ဒါက တကာတကာမတွေ့ ခန္ဓာငါးပါးကြီး ထားပါဦးတော့၊ ဥပမာ-အခု တရားနာတဲ့ ခန္ဓာငါးပါးကြီးဟာ အခုရုပ်နေသလား....ဇရာဆီ သွားနေသလား.... မရဏဆီ သွားနေသလား(ဇရာမရဏဆီသွားနေပါတယ်)။

အိမ်က လာတာနဲ့ အခု ဇရာမရဏနဲ့ နီးတယ်....(နီးပါတယ်ဘုရား) မနီးဘူးလား....(နီးပါတ့ယ်) နီးရတဲ့အထဲမှာ ဆို

တော့ ကောင်းတဲ့လမ်း ခန္ဓာကြီး သွားနေတာလား-ဆိုးတဲ့လမ်း သွားနေတာလား....(ဆိုးတဲ့လမ်း သွားနေတာပါဘုရား)။

ဆိုးတဲ့လမ်း သွားနေတဲ့အထဲကဘဲ အခု တရားနာတဲ့ပုဂ္ဂိုလ် ဒို့ကုသိုလ်တွေ လုပ်ရတဲ့အတွက် လူကောင်းနတ်ကောင်း ဖြစ်ရ ပါလို့၏ဆိုပြီးသကာလ ခင်ဗျားတို့ တောင်းမယ်ဆိုယင် ဒီလမ်း ဘဲ ထပ်ပြေးရပါလို့၏.... (မှန်ပါ့ဘုရား) ဘယ်အဓိပ္ပါယ် ရပါ လိမ့်....(ဒီလမ်းဘဲထပ်ပြေးရပါလို့၏ပါဘုရား)။

ဒီလမ်းဘဲထပ်ပြေးရပါလို့၏ဆိုတော့ ဩော်....မြင်းမျိုးမျှား ဖြစ်နေသလား ဦးခင်မောင်....(မှန်လှပါဘုရား)မြင်းမျှား အမိ ဝမ်းခေါင်းက ထွက်လိုက်တဲ့အခါ အမေ့ကိုလှည့်ပတ်ပြီးမပြေး လား....(ပြေးပါတယ်ဘုရား)။

နောက် ကြီးလာတော့လဲ သူဝါသနာက ဘာလုပ်တတ် သလဲ....(ပြေးတတ်ပါတယ်)ခင်ဗျားတို့က ဘာမျိုးမျှား ဖြစ်နေ သလဲ-ဒါဖြင့် ဒီလမ်းကြီး ပြေးတဲ့အမျိုး ဖြစ်နေပါတယ်.... (မှန်ပါ့ ဘုရား)ရိပ်မိပလား....(ရိပ်မိပါပြီ) ပြေးကောင်းသလား မပြေးကောင်းဘူးလား....(မပြေးကောင်းပါဘုရား)။

မပြေးကောင်းတာ ဘာလို့ ခင်ဗျားတို့က ကပ်ဖဲ့ကြီး ခြေ လှမ်း-လှမ်းရ သတုန်း ဆိုလို့ရှိယင်ဖြင့် သစ္စာမသိလို့....(မှန်ပါ့ ဘုရား)ဘာ-သစ္စာ မသိတာ ပါလိမ့်....(ဒုက္ခသစ္စာ မသိတာပါ ဘုရား)။

ဇရာ ဘာသစ္စာပါလိမ့်....(ဒုက္ခသစ္စာပါ) မရဏ ဘာ သစ္စာ လဲ....(ဒုက္ခသစ္စာပါ) အခု ခန္ဓာကြီး ဘယ်ကို ဒိုင်းဒိုင်းပြေးနေ သလဲ....ဒုက္ခသစ္စာဘက် ဒိုင်းဒိုင်းပြေးနေပါတယ်) နောက်ထပ် ပြေးချင်သေးသလား....(မပြေးချင်ပါဘုရား)။

လေပြေ့တယ်၊ ဒါတောင်မှ.... လေပြေ့သေးတယ်၊ သူက ပြေးလက်စ တယ်-မသတ်ချင်ပုံ မရသေးဘူး....(မှန်ပါ့)တကာ တကာမတွေ့က ပြေးလက်စ တယ်-သတ်ချင်ပုံ မရသေးပါဘူး။

ကိုင်း....ဒါဖြင့် တကာ တကာမတို့ တခါသေဘူး ပျဉ်ဘိုး နားလည်းဆိုတာ ခင်ဗျားတို့ ပါးစပ်ထဲ နှုတ်ကိုတက်နေတယ်.... (မှန်ပါ့) နှုတ်မတက်ကြဘူးလား.... (တက်ကြပါတယ်ဘုရား) တခါသေဘူး ဘာတဲ့....(ပျဉ်ဘိုးနားလည်ပါဘုရား)။

ပျဉ်ဘိုး နားလည်တယ်ဆိုတော့ ခေါင်းပျဉ်ဘိုးကို ဝယ်ရတာ နားလည်သွားတယ်လို့ ဦးခင်မောင်-(မှန်လှပါ)ဒီ တကာ တကာမတွေ့က တခါ သေဘူးသလား- နှစ်ခါသေဘူး သလားမေးတော့ ဘယ့်နယ်ပြောပါ့မယ်.... (မရေတွက်နိုင်ပါဘုရား)။

ဒါဖြင့် ပျဉ်ဘိုး နားလည်ရဲ့လား ဆိုတော့....(နားလည်ပါတယ်)တော်တော်ရှော်တဲ့ တကာတကာမတွေဘဲ၊ မဆိုထိုက်ဘူးလား....ဆိုထိုက်သလား....(ဆိုထိုက်ပါတယ်ဘုရား)။

ဒီလမ်းချည်း ထပ်ပြေးနေတယ်ဆိုတော့ အသေလမ်းချည်း ပြေးနေတယ်ဆိုတာ မပေါ်လာ ဘူးလား....(ပေါ်လာပါတယ် ဘုရား)။

အဲဒါကြောင့် တကာတကာမတို့ အသေ ဇာတ်သိမ်းကြပါတော့ ဆိုတဲ့ဥစ္စာ သတိပေးရတယ်နော်....မှန်လှပါ) အသေ ရှိလို့ရှိယင်ဖြင့် အသေလွတ်ရာရှိရမယ်.... (မှန်ပါ့)အသေ ရှိလို့ ရှိယင်....(အသေလွတ်ရာရှိရပါမယ်) အင်း....ဒါကြောင့် အမတဆိုတာ မသေရာမှန် ပြည်နိဗ္ဗာန်ဆိုတာ ထင်ရှားရှိနေတယ်.... (မှန်ပါ့ဘုရား)။

ကိုင်း.... ဒါဖြင့် တကာ တကာမတို့ တရားဘဲ စကြပါစို့ ခင်ဗျားတို့ပြင်ရတာနဲ့ ကြာကြာနေတာ....(မှန်ပါ့)ဘုရားတရား တော် ဟောရတယ်ကိုမရှိဘူး၊ ခင်ဗျားတို့ဟာ ပြင်နေတာနဲ့ ဘဲ တော်တော်နေ တရားဟာ နာရီဝက်လောက် ရောက်သွား ရော ဦးခင်မောင်....(မှန်လှပါဘုရား)။

ဘယ်လောက် ပျက်လာလို့ ပြင်ရတာပါလိမ့်.... (အမျှား ကြီးပါဘုရား) အစကကိုက အကောင်းတခုမှမပါလို့ ပြင်နေ ရတာ....(မှန်လှပါ)ရိပ်မိပလား- (ရိပ်မိပါပြီ) အစက-အကောင်း မျှားပါကြရဲ့လား....(မပါ-ပါဘုရား)။

ဘာမှမပါဘူး၊ခင်ဗျားတို့ဟာက အသိဉာဏ်ဆိုတဲ့အကောင်း က ပါမှမပါခဲ့တော့ တခါတည်း ပြင်ဆင်ပေးနေရတဲ့ အဓိပ္ပါယ် ချည်းမျှားတယ်....(မှန်ပါ့ဘုရား)။

ကိုင်း.... တကာတကာမတို့ ဘုရားသခင် ကိုယ်တော်မြတ် ကြီးက ရဟန်းတို့....ဒီလို သုံးသပ်ကြပါကွာတဲ့....ဇရာ မရဏဟာ ဒုက္ခသစ္စာကွာ ဇရာ မရဏဟာ ဘာသစ္စာတဲ့....(ဒုက္ခသစ္စာပါ ဘုရား) သြော်....ဘယ်ကလာသတုန်းဆိုတော့ တွေးရမယ်တဲ့.... (မှန်ပါ့ဘုရား)ဇရာ မရဏ ဘယ်ကလာသတုန်းလို့ မင်းတို့အဲဒီ လို တွေးကြ စမ်းပါတဲ့....(မှန်ပါ့)ကိုင်း.... တကာ တကာမတို့ တွေးလိုက်တဲ့ အခါကျတော့ သြော်....ဇရာမရဏဆိုတာ ခန္ဓာ ငါးပါးကလာတာ-(မှန်ပါ့ဘုရား)ဇရာ မရဏဟာ ခန္ဓာငါးပါး ရှိလို့ ဇရာ မရဏလာတာ .... (မှန်လှပါဘုရား) သဘောကျပ လား.... (ကျပါပြီ) ဇရာ မရဏဟာ ဘယ်ကမျှား လာတာပါ

လိမ့်.... (ခန္ဓာငါးပါးက လာတာပါ) ပေါ်ပြီ....ပေါ်ပြီနော်.... (မှန်ပါ့)။

ဒါဖြင့် ဘယ်ခန္ဓာ ရချင်ကြသတုံး....(ဘယ်ခန္ဓာမှ မရချင်ပါဘုရား) ဟာ....တော်တော်ကလေးတော့ နေရာကျလာပြီ.... ဒီဟာ သစ္စာသံ ထုက်လာတယ်....(မှန်ပါ့) သစ္စာသံ ထုက်လာတာ တကာသစ်တို့ရ....(မှန်ပါ့)ကိုမြွေ....ဘာသံ ထုက်လာသလဲ....(သစ္စာသံထုက်လာပါတယ်ဘုရား) သစ္စာသံထုက်လာတယ် ဦးဇံရင်ရ....(မှန်ပါ့ဘုရား) ဇရာ မရဏ ဘယ်ကမျှား လာပါလိမ့် တကာတကာမတို့....(ခန္ဓာငါးပါးကလာပါတယ်)။

ဟော....ဒီက ဇရာမရဏ၊ ဇရာမရဏ သည်ကားလို့ဆိုယင် ဘယ်ကလာသတုန်းလို့ဆိုတဲ့ဥစ္စာ မင်းတို့ခန္ဓာမှာ တွေ့ကြစမ်းပါတဲ့....၊ အိမ်ရောက်လို့ ရှိယင်ဖြင့် ဘာကိစ္စမှ မတွေးဘဲနဲ့ ဦးခင်မောင်....ဒါကလေး တွေးစမ်းပါ....(မှန်ပါ့ဘုရား)။

တကာတကာမတွေ့ ဆရာဘုန်းကြီး မှာတယ်၊ဇရာ မရဏ ဆိုတဲ့ဥစ္စာ ခင်ဗျားတို့ အိုရဦးမယ်ဆိုတာ သေချာတယ်မဟုတ်လား....(သေချာပါတယ်)သေရဦးမယ်ဆိုတာကော....(သေချာပါတယ်) အဲဒါ ဘယ်ကလာပါလိမ့်မတုန်းလို့ နဖူးပေါ် လက်တင်ပြီး စဉ်းစားပြီး တွေးကြစမ်းပါ.... (မှန်ပါ့) တွေးလို့က်တော့ ဘာပေါ်လာသတုန်း.... (ခန္ဓာငါးပါးပေါ်လာပါတယ်)။

ဩော် ခန္ဓာငါးပါးက လာတယ်၊ ခန္ဓာငါးပါးရှိလို့ အိုမှု သေမှုရှိတယ်....(မှန်ပါ့ဘုရား)သဘောကျ ပလား....(ကျပါပြီ) တကာတကာမတို့ ဇရာ မရဏ ဘယ်က လာသတုန်း....(ခန္ဓာငါးပါးက လာပါတယ်) ခန္ဓာငါးပါးရှိလို့ လာတယ် ဆိုတာ သေချာကြပလား....(သေချာပါတယ်ဘုရား)။

သြော်....ဒါဖြင့် တကာတကာမတို့ ဇရာမရဏကို ဘယ်က လာတယ်ဆိုတာ ခင်ဗျားတို့ကမသိဘူး....၊ ဇရာမရဏ ဆိုတာ ကျုပ်ဖြင့် အိုလာပြီ၊ ကျုပ်ဖြင့်သေခါနီးလာပြန်ပြီ၊ ဒါတော့ပြောတော့ ပြောကြသားဘဲ၊ဘယ်ကများလာပါလိမ့်မတုန်းဆိုတဲ့ဥစ္စာ ခင်ဗျားတို့ကမသိဘူး....(မှန်ပါ့ဘုရား)။

အခု တော့ဖြင့် တကာ တကာမတွေ သိပြီ.... (သိပါပြီ) ဘယ်က လာသတုန်း-(ခန္ဓာငါးပါးက,လာပါတယ်)ခန္ဓာငါးပါးကလာတယ်ဆိုတော့ စာလိုသုံးတော့ ဥပဓိက လာတယ်လို့ သံယုတ်ပါဠိတော်မှာတော့ လာတယ်၊ သို့သော်-တကာတကာမတွေ နားလည်မှုကိုပြောရတော့ ခန္ဓာငါးပါးကလာတယ်(မှန်ပါ့)။

သြော်....ဒါဖြင့် ဇရာမရဏဆိုတာ တခြားက လာတာလား အောက်မေ့နေတယ်၊ ကိုယ်တောင်းထားဟဲ့ ဆုထဲကပါလာတာကိုး....(မှန်ပါ့ဘုရား) လူခန္ဓာ ဖြစ်ရပါလို့၏....(မှန်ပါ့)အိုဘေးသေဘေးက ငါလိုက်ခဲ့ဦးမယ်-(မှန်ပါ့ဘုရား)လူခန္ဓာ ရ,ရပါလို့၏ ဆိုတော့အိုဘေးသေဘေးက ဘာတဲ့....(ငါလိုက်ခဲ့ဦးမယ်တဲ့) လိုက်တော့ ခင်ဗျားတို့က ကြိုက်ကဲ့လား....(မကြိုက်ပါဘုရား)။

နို့-လူခန္ဓာတော့ရချင်တယ်၊လိုက်တော့ မကြိုက်ဘူးဆိုတော့ ဦးခင်မောင် ဒီဥစ္စာ မတော်ဘူးဗျာ(မှန်ပါ့)ကိုမြွေ့ တော်ပါမလား....(မတော်ပါဘုရား) တကာ တကာမတို့....(မတော်ပါဘုရား)။

လူခန္ဓာရ,ရပါလို့၏ ဆိုတော့ အိုဘေး သေဘေးက ဘာတဲ့ (လိုက်ခဲ့ဦးမယ်တဲ့) ငါလိုက်ခဲ့ဦးမယ်-တဲ့....(မှန်ပါ့ဘုရား) လိုက်

တော့ ခင်ဗျားတို့က ကျေနပ်ကဲ့လား.... (မကျေနပ်ပါဘုရား) မကျေနပ်လို့ရှိယင်လဲ အစကတည်းက မကျေနပ်နဲ့.... (မှန်ပါ့ဘုရား)။

ဒီခန္ဓာကုန်ခဲ့ယင်တော့ နတ်ခန္ဓာ,ဗြဟ္မာခန္ဓာ ဘာမှမရချင်နဲ့ သဘောကျပလား....(မှန်ပါ့ဘုရား) ခန္ဓာရလို့ရှိယင် ဘာလို့က် လာမယ်ဆင်ကြသလဲ....(အိုဘေး,သေဘေးလို့က်ပါမယ်)အိုဘေး သေဘေး သေသေချာချာ လို့က်မယ်မဟုတ်လား.... (မှန်ပါ့)။

ကဲဒါဖြင့် တကာ တကာမတို့ အိုဘေး,သေဘေး, ဘယ်က လာဖါလိမ့်.... (ခန္ဓာငါးပါးက လာပါတယ်ဘုရား) ခန္ဓာငါးပါးက လာတယ်၊ ဒါဖြင့် ခင်ဗျားတို့ နောက် ဒီခန္ဓာငါးပါးကို ဘာခန္ဓာဖြစ်ရပါလို့၊ ဟုတ်လား၊ နတ်ဖြစ်ရပါလို့၏ဆိုတော့ ခန္ဓာငါးပါး၊ ဗြဟ္မာဖြစ်ရပါလို့၏ ဆိုတော့ကော(ခန္ဓာငါးပါးပါဘဲ)။

အဲ....ခန္ဓာငါးပါးကို သူဌားမထည့်နဲ့.... (မှန်ပါ့) ထည့်ယင် အိုဘေး,သေဘေးက ငါလို့က်ခဲ့ဦးမယ်ချည်း လာလိမ့်မယ် (မှန်ပါ့ဘုရား)သဘောကျပလား....(ကျပပါပြီ)ထည့်ယင်ဘာတုံး.... (ငါလို့က်ခဲ့ဦးမယ်) ငါလို့က်မှာက ဘယ်ငါတော့ပါလိမ့် (အိုဘေး သေဘေးပါဘုရား) ဇရာ မရဏလို့က်မှာ.... (မှန်ပါ့ဘုရား)။

သူတို့ ဇရာ မရဏသာ လို့က်လာလို့ရှိယင်လဲ သူ့အဖေါ်တော့ က ရှိသေးတယ်(မှန်ပါ့ဘုရား)သောက ပရိဒေဝ ဒုက္ခဒေါမနဿ တော့ကလဲ ငါတို့လဲ လို့က်ခဲ့ဦးမယ်ဆိုပြီး တပြုံကြီး လာပါတယ် (မှန်ပါ့)။

သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတွေကော.... (ပါပါတယ်ဘုရား) မလို့က်ဘူးလား....လို့က်သလား (လို့က်ပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ ဒီလိုမျှားဖြစ်လိမ့်မယ်မထင်ဘူးလို့ နောက်မှ ခင်ဗျားတို့က ဒီအသုံးတွေမသုံးပါနဲ့ (မှန်ပါ့ဘုရား) ဒီလိုဖြစ်မှာဘဲ့....(မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ကောင်းပြီ တကာတကာမတို့ လူ့ခန္ဓာဆီသွားယင်ဘယ်သူက လိုက်ခဲ့ဦးမယ်ပြောသလဲ....(အိုဘေး,သေဘေးကပါ ဘုရား)ဇရာမရဏက လိုက်ခဲ့ဦးမယ်....(မှန်ပါ့ဘုရား)ဇရာမရဏ လိုက်လာလို့ ရှိယင်လဲ သောက ပရိဒေဝတွေကလဲ ကျုပ်တို့လဲလိုက်ဦးမယ်.... (မှန်ပါ့ဘုရား)။

ခင်ဗျားတို့က သောကဖြစ်ရမှာမျှားသား၏သောက သမီး၏ သောက ခင်ပွန်း၏သောက ဖြစ်ရမှာမျှား ကျုပ်ဒါအကြောက်ဆုံး ခင်ဗျားတို့မပြောကြဘူးလား.... (ပြောပါတယ်ဘုရား)။

ပြောယင် ဒါမပါစေနဲ့ (မှန်ပါ့) ခန္ဓာကိုမရစေနဲ့၊ ခန္ဓာရယင်တော့ သူတို့ကဘာတဲ့တုံး.... (လိုက်မှာပါဘုရား) လိုက်ခဲ့ဦးမယ်လို့ ပြောနေတယ် မဟုတ်လား.... (မှန်ပါ့ဘုရား) ဇရာမရဏက ဘာတဲ့....(လိုက်ခဲ့မယ် ပြောနေပါတယ်ဘုရား)။

ဇရာ မရဏ လိုက်လို့ရှိယင် သူ့အဖေါ်တွေ့ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿတွေကကော.... (လိုက်ပါတယ် ဘုရား) လိုက်ခဲ့ဦးမယ်လို့ သူတို့ကလဲ မပြောဘူးလား.... (ပြောပါတယ် ဘုရား)။

သူတို့လုံကလာတော့ ခင်ဗျားတို့ မျက်နှာကလေးတွေက ဇီးရွက်လောက်ရှိတော့တယ်.... (မှန်ပါ့ဘုရား) နဂိုရဲ့ ပြုံးသရွှဲဟာဘယ် နှယ်နေကြသလဲ.... (မဲ့နေပါတယ်) မဲ့ပစ်လိုက်တာ ဇီးရွက်လောက်ကျန်တော့တယ်(မှန်ပါ့) ဘယ်လောက်ဆိုးသွားသလဲ.... (ဆိုးပါတယ်ဘုရား)။

ကဲ....ဒါဖြင့် တကာ တကာမတို့ သူတို့ ဘယ် က လာသတုံး လို့မေးလို့ရှိယင် ဘယ်နှယ် ပြောကြမယ်.... (ခန္ဓာငါးပါးက လာပါတယ်ဘုရား)။

ဒါဖြင့် ဘယ်ခန္ဓာငါးပါးမှ ခင်ဗျားတို့ မကြိုက်လို့က်ပါနဲ့၊ ဆုလဲ မတောင်းလို့က်ပါနဲ့၊ "ဣဒံ မေ ပုညံ အာသဝက္ခယံ ဝဟံဟောတု" သာလုပ်ကြပါ....(မှန်ပါဘုရား)။

မဟောသင့်ဘူးလား.... (ဟောသင့်ပါတယ်ဘုရား) သူတို့က မလို့က်ဘဲနေမှာလား.... (မနေပါဘုရား) ဇရာ မရဏကကော.... မလို့က်ဘဲနေမှာလား.... (မနေပါဘုရား)သောက ပရိဒေဝ ဒုက္ခ ဒေါမနဿကကော....(မနေပါဘုရား)။

ဒါဖြင့် ဦးခင်မောင်ရေ ကိုယ်တိုင်လို့က်လာတာကကော ကိုယ်တိုင် ဒီခန္ဓာကြီးရလို့ ကိုယ်တိုင် ဇရာမရဏတွေနဲ့ အရှယ်ကြီးတဲ့ ပုဂ္ဂိုလ်မှာလဲ တွေ့နေရတာလဲ အထင်အရှား အမြင်သဲ့ဘဲမဟုတ်လား.... (မှန်ပါဘုရား) သောက ပရိဒေဝ ဒုက္ခ ဒေါမနဿတွေကကော....(လို့က်ပါတယ်ဘုရား)။

ဒါဖြင့် တကာ တကာမတို့ သူတို့ဘယ်ကမျှား လို့က်လာတာပါလိမ့်မတုံးလို့ မေးလို့ရှိယင် ဖြတတ်ကြရဲ့လား.... (ဖြတတ်ပါတယ်ဘုရား)။ ဘယ်ကပါလိမ့် (ခန္ဓာငါးပါးကပါဘုရား) ခန္ဓာငါးပါးက လာတယ်ဆိုတာ သေချာကြပလား.... (သေချာပါတယ်ဘုရား)။

အေး....ဒါကြောင့် ခန္ဓာငါးပါး ဆုတောင်းတဲ့ ပုဂ္ဂိုလ်မျှား အိုဘေး နာဘေး သေဘေးနဲ့ ရင်ဆိုင်တိုးရပါလို့၏.... (မှန်ပါဘုရား)သဘောကျပလား (ကျပါပြီ) သောက ပရိဒေဝ ဒုက္ခ

ဒေါမနဿတွေလဲ သူ့ပစ္စည်းချည်း ဖြစ်ရပါလို့။ မပါဘူးလား ပါသလား....(ပါပါတယ်ဘုရား)။

နို့....ပါလျက်နဲ့ ဘာပြုလို့ ခင်ဗျားတို့က ခန္ဓာငါးပါးဆုတောင်းရသတုံးလို့.... မေးတဲ့အခါကျတော့ ခန္ဓာငါးပါး ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား)။

ဩော်....ဒီလိုလဲမသိပြန်ဘူး၊ ခင်ဗျားတို့ဟာကလဲ ခက်လိုက်တာ၊ ခုနကလဲ ဇရာ မရဏ မသိခဲ့ဘူး.... (မှန်ပါ့) အခုတော့လဲ ဘာမသိပြန်သတုံး.... (ဒုက္ခသစ္စာ မသိပါဘုရား) ခန္ဓာငါးပါး ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့် ဒုက္ခသစ္စာလို့ မသိတော့ လူခန္ဓာ နတ်ခန္ဓာ ဗြဟ္မာခန္ဓာ ဖြစ်ရပါလို့ဆိုတော့ ငါလိုက်ခဲ့ဦးမယ် ဆိုတော့ ခင်ဗျားတို့က် မလိုက်ဘဲ နေမှာလား.... လိုက်မှာလား.... (လိုက်မှာပါဘုရား)။

အဲ....လိုက်တော့ ခင်ဗျားတို့က အကြိုက်လား ဒီဥစ္စာပရိတ်ရွတ်ထုတ်ချင်တာလား.... (ပရိတ်ရွတ်ထုတ်တာပါဘုရား)။

ဟာ....ပရိတ်ရွတ်ထုတ်လို့ မရဘူး....(မှန်ပါ့) ပရိတ်ရွတ်ထုတ်လို့ မရဘူး....တဲ့ ခန္ဓာထဲကပါလာတာ (မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီ)အို့မှု ပရိတ်ရွတ်ထုတ်လို့ ရပါ့မလား(မရပါဘုရား)။

အို့မှု ထုတလုံကလုံ့ရှယင် သေသွားလိမ့်မယ်၊ အို့မှုဆိုတာ တေဇောကြောင့်အိုတာ.... (မှန်ပါ့) ခန္ဓာငါးပါးထဲ ပထဝီ အာပေါ တေဇောက ပါမနေဘူးလား.... (ပါနေပါတယ်) တေဇောကြောင့် အိုတာ၊ သူ့ကို ပရိတ်ရွတ်ထုတ်လို့ ရပါ့မလား.... (မရပါ)သဘောပါကြပလား....(ပါပါပြီဘုရား)။

ဒါဖြင့် တကာတကာမတွေ့ ခန္ဓာဆုတောင်းကတည်းကိုက တကာတကာမတို့ သစ္စာမသိလို့ တောင်းနေတာ(မှန်ပါ့ဘုရား) ရှင်းပလား.... (ရှင်းပါပြီ) ခန္ဓာ ဆုတောင်းတာ ဘာဖြစ်လို့ တောင်းတာပါလိမ့်....(သစ္စာသသိလို့ပါဘုရား) သစ္စာ မသိလို့ တောင်းတယ်၊ ယနေ့တော့ဖြင့် တကာတကာမတို့ ခန္ဓာငါးပါး ဘာသစ္စာတဲ့တုံး....(ဒုက္ခသစ္စာပါဘုရား)။

သြော်....ဒုက္ခသစ္စာ ဒုက္ခသစ္စာနော်....ဒါဖြင့် အားလုံးတကာ တကာမတို့ ဒုက္ခသစ္စာဟာ တောင်းယူထိုက်တဲ့ တရားလား.... အိုးစားကဲ့ပါရစေလို့ ပြောရမှာလား....(အိုးစားကဲ့ပါရစေလို့ ပြောရမှာပါဘုရား)။

ခုတော့ ခင်ဗျားတို့ဟာက အိုးစားထူပါရစေဖြစ်နေတယ်.... (မှန်ပါ့ဘုရား)ဘယ်နှယ် ဖြစ်နေကြသလဲ....(အိုးစား ထူပါရစေဘုရား) တယ်လဲ ချစ်ပါလား....ခင်ဗျားတို့ဟာ.... (မှန်ပါ့ဘုရား) အိုးစား ခဲ့ရမှာကို သိပ်ကြောက်နေတဲ့ အဓိပ္ပါယ်မျိုး မရောက်ဘူးလား....(ရောက်ပါတယ်ဘုရား)။

ဒီ ခန္ဓာကြီးနဲ့ အိုဘေး နာဘေးရှိတဲ့ ခန္ဓာကြီးနဲ့ဘဲ အမြဲတမ်း တဲ့နေပါရစေဆိုတော့ ခင်ဗျားတို့ သား,သမီးတွေကလဲ မုန်း၊ မယားကလဲမုန်း၊ ရပ်ထဲရွာထဲက ပြင်ဘက် ထုတ်ချင်တာ တောင် ခင်ဗျားတို့က ဒီခန္ဓာကြီးကိုဖြင့် ကြိုက်တုန်း ဆိုလို့ရှိ ယင်လဲ ရှူးချက်သန့်လှချည်လား ပြောရလိမ့်မယ်-(မှန်ပါ့ဘုရား) မပြောထိုက်ဘူးလား....(ပြောထိုက်ပါတယ်ဘုရား)။

ဦးဇော်ရင်တို့....ကိုမြရွှေတို့....ပြောထိုက်-မပြောထိုက်....(ပြော ထိုက်ပါတယ် ဘုရား) သဘောပါကြလား.... (ပါ - ပါတယ်)

ကဲ....ဒါဖြင့် ဇရာ မရဏ ဘယ်က လာသတုံး-(ခန္ဓာငါးပါးက လာပါတယ်ဘုရား) ဩော်....ဒါဖြင့် တကာ တကာမတို့ ခန္ဓာငါးပါး ဘာသစ္စာလဲ....(ဒုက္ခသစ္စာပါဘုရား)။

ဟုတ်ပြီ....ဟုတ်ပြီ....ဟုတ်ပြီ....ဒုက္ခသစ္စာ၊ ဒါကို ဦးခင်မောင် မောင်ထွန်းလှိုင်တို့ သေသေချာချာ စဉ်းစားပါတဲ့ ဒီဥစ္စာ၊ ခန္ဓာငါးပါး ရလို့ရှိယင် အိုဘေး သေဘေး ကတော့ ဘယ်နှယ်နေသတုံး ...(လာမှာပါဘုရား) သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဘေးတွေကကော....(လာမှာပါဘုရား)ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဩော်...ဒါတွေ့ သိကြား ဗြဟ္မာ ဘုရား လာပေးတာလား၊ ကိုယ်ဆုတောင်း ပြည့်တာလား....(ကိုယ်ဆုတောင်း ပြည့်တာပါဘုရား) အဲမာ....ခင်ဗျားတို့ တောင်ဝှေးကြီး ထောက်ရတာ ဆုတောင်းပြည့်တာ မှတ်ထားကြနော်....(မှန်ပါ့) တောင်ဝှေး ထောက်ရတာ ဘာတုံး....(ဆုတောင်းပြည့်တာပါဘုရား)လူဖြစ်ရပါလို့၏ ဆိုတော့ အိုဘေး နာဘေးက ပါလာတယ်(မှန်ပါ့)။

အဲဒီတော့ တောင်ဝှေးထောက်ချင်လို့ ထောက်ရတာလား ကိုယ်ဆုကောင်းထဲမှာ တောင်ဝှေးထောက်ပြီးသလာလ မျက်မှန်စပ်ပြီးသကာလ ခပ်ကိုင်းကိုင်း ခပ်ဆဲဆဲနဲ့ လမ်းမှာ ထိုးလဲပါရဲ့လို့ ကိုယ်တောင်းတဲ့အထဲ ပါသလား-(ပါပါတယ်ဘုရား) ပါတယ်ပါတယ်....(မှန်လှပါ့) မပါဘူးလား....ပါသလား.... (ပါပါတယ်ဘုရား)။

ဘာဖြစ်လို့တုံးဆိုတော့ တကာတကာမတို့ ခန္ဓာဆုတောင်းကတည်းက အိုဘေး သေဘေးက ဘယ်နှယ်နေသလဲ....(ပါပါတယ်ဘုရား)အဲဒီလို သုံးသပ်စမ်းပါကွာ....တဲ့၊ အိုဘေးသေဘေး

ဘယ်က လာသတုံးလို့....(ခန္ဓာငါးပါးကလာပါတယ်)သဘော ကျပြီ၊ ခန္ဓာငါးပါးက လာတယ်ဆိုတာ သေချာကြပြီ....(သေချာပါပြီ ဘုရား)။

ဒါဖြင့် အခု တကာတကာမတွေမှာ ဘာနဲ့မျှားတရားနာနေကြပါလိမ့်....(ခန္ဓာငါးပါးနဲ့ နာပါတယ်)ဩော်....တရားနာနေကြလို့ ဘုန်းကြီးမျှားလဲ ဝမ်းသာပါတယ်၊ တကာတကာမတွေကလဲ ကိုယ့်ဆရာသမားဆိုတော့ ကြည်ညိုလေးစားပြီးတော့.... ဒို့ သိရပေတယ်ဆိုပြီး ဝမ်းသာကြတယ်၊ ဝမ်းသာပေမဲ့လဲဝမ်းသာတာဟာ အစစ် ဝမ်းသာစရာမကောင်းဘဲ ဖြစ်နေတယ်....(မှန်ပါဘုရား)။

ခန္ဓာကြီးက ဝမ်းသာရင်းမတွန့်နဲ့ အိုဘေး သေဘေးဆီ ပြေးနေတယ်(မှန်ပါ့)ဆရာ သမားကြည်ညိုလေးစားလျက်နဲ့ ဘယ်ဘက်ပြေးနေသလဲ....(အိုဘေးသေဘေးဘက်ပြေးနေပါတယ်)။

ဩော်....ဝမ်းသာရတာစိတ်ချ,လက်ချဘဲလား တကာတကာမတို့ စိတ်မချ,လက်မချနဲ့ ဝမ်းသာနေရတာလား....(စိတ်မချလက်မချ ဝမ်းသာနေရတာပါဘုရား)။သူက ဘယ်ပြေးနေသလဲ(အိုဘေး နာဘေး သေဘေးဆီ ပြေးနေပါတယ်ဘုရား)။

ဒီ အိုဘေး နာဘေး သေဘေးဆီပြေးချင်လို့ ပြေးရတာလား တကာတကာမတို့ ခန္ဓာရလို့ဒီဘက်ပြေးရတာလား (ခန္ဓာရလို့ ဒီဘက် ပြေးရတာပါဘုရား)။

ပေါ်ကြပြီ....(မှန်ပါ့)ပေါ်ပြီ....ပေါ်ပြီ တကာ တကာမတို့ ဒီနေ့ သမ္မသနသုတ်ကို ပြောတယ်လို့မှတ်ကြပါ၊ သမ္မသနသုတ်ဆိုတာ ဒီထဲ ကိုယ့်ဟာကိုယ် ပြန်သုံးသပ်ရမယ်....(မှန်ပါ့)သမ္မ

သနသုတ်ဆိုတာ ဘာပါလိမ့်....(ကိုယ့်ဟာကိုယ် ပြန်သုံးသပ်ရ ပါမယ်ဘုရား)။

ကိုယ့်ဟာကိုယ်သုံးသပ်ရမယ်တဲ့ အိုဘေး နာဘေး သေဘေး ဘယ်က လာပါလိမ့်မလဲလို့ နဖူးပေါ် လက်တင်တွေး၊ တွေးလိုက် တော့ ဘာပေါ်လာကြသလဲ (ခန္ဓာငါးပါး ပေါ်လာပါတယ်)။

ဩော်....ဟုတ်ပြီနော်....တကာတကာမတို့၊တကာတကာမတို့ တပဲ့လုံး သဘောကျပလား-(ကျပါပြီ)အို နာ သေ ဘယ်ကလာ ပါလိမ့်....(ခန္ဓာငါးပါးက လာပါတယ်)ဦးခင်မောင် ဟုတ်လား (ဟုတ်ပါတယ်ဘုရား) တကာသစ်တို့ ဟုတ်ပလား....(ဟုတ်ပါ တယ်ဘုရား)။

အိုဘေး နာဘေး သေဘေး ဘယ်က လာပါလိမ့်-(ခန္ဓာငါး ပါးက လာပါတယ်)အဲဒီနောက် ပြန်သုံးသပ်စမ်းပါကွာ တဲ့.... (မှန်ပါ့)သုံးသပ်တတ်ကြပလား....(သုံးသပ်တတ်ကြပါပြီ)။

ကဲ....အိမ်ကျတော့ စဉ်းစားတယ်၊ နဖူးပေါ် လက်တင်ပြီး ငါ့မှာအိုလဲအိုပြီ သေခါလဲနီးပြီ၊ ဒီအိုနာသေတွေက ဘယ်ကမျှား လာတာပါလိမ့်မတုံး-ကံမကောင်း အကြောင်းမသင့်လို့ဘဲလား ဘယ်နှယ်ကြောင့် ပါလိမ့်မတုံး....လို့ နဖူးပေါ် လက်တင်ပြီး ဘုရားက တော့ စမ်းပါကွ၊ သမ္မသန သုံးသပ်စမ်းပါကွ....ဆိုတော့ သုံးသပ်တဲ့နည်းကို ဆရာဘုန်းကြီးက ဘုရား၏ ကိုယ်စားလှယ် အဖြစ်နဲ့ အကူအညီ ပေးတယ်....(မှန်ပါ့ဘုရား)။

ဘယ်ကမျှား လာပါလိမ့်-(ခန္ဓာငါးပါးကလာပါတယ်)ဒါဖြင့် အခု တရားနာနေကြတာဘာတွေနဲ့မျှား နာနေကြသလဲ(ခန္ဓာ ငါးပါးနဲ့ နာနေပါတယ်)အင်း....နာရင်းမတွန်နဲ့ ဘယ်မျှား ခန္ဓာ

ကြီးက စောင်းထိုးနေပါလိမ့်....(အိုဘေး နာသေး အောဘေးဆီ ထိုးနေပါတယ်ဘုရား)။

ဩော်....တကာတကာမတို့ ကိုယ်က တရားကောင်းကောင်း နာချင်တယ်၊ သူကသွားတာကတဖုံဖြစ်နေတယ်-(မှန်ပါဘုရား) ကိုယ် စိတ်ကြိုက်က တခြား ခန္ဓာသွားပုံက တဖုံဖြစ်နေတယ်.... စိတ်ကြိုက်ကတော့ဖြင့် တရားနာချင်တယ်၊ ခန္ဓာက ဘယ်ဘက်သွားနေသလဲ(အိုဘေးနာဘေးသေဘေးဘက်သွားနေပါတယ်)

အဲဒါကြီး ခင်ဗျားတို့ မရ,အရဆုတောင်းပြီးသကာလ လာခဲ့တာဖြင့် အမှားတော်ပုံ ကြီးလှချည်းလားလို့ ဆိုရလိမ့်မယ်....(မှန်ပါဘုရား)ဘယ်လိုဆိုရမယ်....(အမှားတော်ပုံ ကြီးလှချည်းလား)နောက်ထပ်ကြီးယင်တော့ဖြင့် ခင်ဗျားတို့ဒီထက်မိုက်တာ ရှိသေးရဲ့လား....(မရှိပါဘုရား)။

အဲဒါ သစ္စာမသိလို့ မိုက်လက်စ မသတ်သေးပါဘူးဆိုတာ သေသေချာချာ မှတ်ပါ(မှန်ပါဘုရား) သစ္စာ မသိယင်(မိုက်လက်စ မသတ်သေးပါဘုရား)။

ကောင်းပြီ ဒီသုတ်ဟာ တကာတကာမတို့ ဝိပဿနာဥာဏ်နဲ့ ဇာတ်သိမ်းရမှာနော်....ကိုမြရွှေတို့--ဦးဇံရင်တို့--(မှန်ပါ) ဘာနဲ့ ဇာတ်သိမ်းရမယ်ထင်သလဲ-(ဝိပဿနာနဲ့ ဇာတ်သိမ်းရပါမယ်)။

ဒါကြောင့် ဒီသုတ်ကိုယနေ့ပြောင်းပြီးသကာလ ဗာလပဏ္ဍိတသုတ် အကုန်မှာ သူ့ကို ဆက်လာတယ်....(မှန်ပါဘုရား) ကဲ.... တကာတကာမတို့ ကိုယ့်ကိုယ်ကို သုံးသပ်ပါပလား....(မှန်ပါဘုရား)ဘယ်က စ,သုံးသပ်မယ်....(ခန္ဓာငါးပါးက စ,သုံးသပ်ပါမယ်ဘုရား)။

ဒီလို မသုံးသပ်နဲ့ ၊ ငါ့မှာအိုလာပြီ၊ သေခါလဲနီးလာပြီ၊ ဘယ် နှယ်ကြောင့် ငါ့မှာ ဒီအိုမှု နာမှု သေမှုတွေက ပေါ်လာရပါလိမ့် မတုံး-လို့ သုံးသပ်စမ်းပါ (မှန်ပါ့ဘုရား)သဘောကျပလား.... (ကျပါပြီ)သုံးသပ်တော့ ဘာလာတွေ့သလဲ....(ခန္ဓာငါးပါးတွေ့ ပါတယ်ဘုရား)။

ဩော်....ခန္ဓာငါးပါးရှိလို့ ဒါတွေ့ လာတာပါကလား လို့ ဒီလို ပြန် သုံးသပ်လိုက်စမ်းပါ....(မှန်ပါ့ဘုရား) ရှင်းကြပလား.... (ရှင်းပါပြီ)တခါ ပြန်သုံးသပ်ပါဦးတဲ့ ဦးခင်မောင်ရေ....ဒါ ပဋိ လောမ တရားနော်....(မှန်ပါ့ဘုရား)။

ဒီ ခန္ဓာငါးပါးသည်ကားလို့ ဆိုလို့ရှိယင်ဖြင့် ဘယ်ကမျှား လာပါလိမ့်မတုံးလို့ ဒုတိယအချက် ပြန်တွေးပါဦး....(မှန်လှပါ ဘုရား)သဘောကျပလား....(ကျပါပြီဘုရား)။

ဒီခန္ဓာငါးပါး ဘယ်ကမျှား လာပါလိမ့်မတုံး လို့ ဒုတိယ အချက် ပြန်တွေးပါ ဦးတဲ့(မှန်ပါ့ဘုရား) ဒုတိယအချက် ပြန် တွေးတဲ့အခါကျတော့လဲ တကာတကာမတွေ့မှတ်လိုက်တာပေါ့ တဲ့၊ ဩော်....တဏှာကလာတာ(မှန်ပါ့)ရှင်းပလား(ရှင်းပါပြီ)။

တကာတကာမတို့ ဘယ်ကလာသလဲ(တဏှာကလာပါတယ်) တဏှာက လာတယ်နော်(မှန်ပါ့)ကဲ-ဒါ သုံးသပ်တဲ့နည်း ဖြောင်း ပြန် ပြန်ရမယ်နော်....(မှန်ပါ့ဘုရား)အိမ်ကျတော့ ပဋိစ္စသမုပ္ပါဒ် ကိုတဲ့....(တည့်)မသွားပါနဲ့ ဖြောင်းပြန်ပြန်ပြီးဘုရားကသုံးသပ် ခိုင်းတယ်....(မှန်ပါ့ဘုရား)။

ကဲ-တရားတပုံလုံး တကာတကာမတို့ သုံးသပ်တဲ့နည်းကလေး တွေ့ ပြီးတော့မှ မကောင်းတာတွေ့ ဆက်ပြီးတော့ ပြတဲ့နည်း ဘုရားသခင်ကိုယ်တော်မြတ်ကြီးဟောပါလိမ့်မယ်(မှန်ပါ့ဘုရား)

ကဲ့-တကာတကာမတို့ အိုဘေး နာဘေး သေဘေး ဘယ်က လာပါလိမ့်မတုံး....(ခန္ဓာငါးပါက လာပါတယ်ဘုရား)။

ဩော်-အိုဘေးနာဘေးသေဘေးဆိုတဲ့ဥစ္စာတကာတကာမတွေ ခန္ဓာငါးပါးက လာတယ်ဆိုတာ ရှင်းလို့နော်....(မှန်ပါဘုရား) ဟုတ်ကော ဟုတ်ပါရဲ့လား....(ဟုတ်ပါတယ်ဘုရား) သေသေချာချာ ဟုတ်ကြရဲ့လား....(ဟုတ်ပါတယ်ဘုရား)။

ကောင်းပြီ....ဒီ ခန္ဓာငါးပါးက လာတယ်ဆိုတော့ ရှင်းပြီ၊ ခန္ဓာရှိလို့အိုရတယ်၊ကြည့်ပါလား'ဇရာဓမ္မောမ့ိဇရံအနတီတော့, ဒီခန္ဓာရှိလို့ရှိယင် ဇရာမလွန်နိုင်ဘူးကွ၊ "မရဏဓမ္မောမ့ိ မရဏံ အနတီတော" မရဏကို လွန်နိုင်ရဲ့လား....(မလွန်နိုင်ပါ) မလွန်နိုင်ဘူးတဲ့ ဒါ လာမှာဘဲဆိုတာ မသေချာလား.... (သေချာပါတယ်ဘုရား)။

ကိုင်း-ဒါဖြင့် တကာတကာမတွေ ဆက်ပေးပါဦးတဲ့....ဒီခန္ဓာငါးပါးကြီးကတော့ အိုဘေး နာဘေး သေဘေးတွေက သူကလာတာတော့ သိပြီ၊ဒီခန္ဓာကြီးကတော့ ဘယ်ကမျှားလာပါလိမ့်မလဲ (တဏှာကလာပါတယ်ဘုရား) ပေါ်ပြီ ဦးခင်မောင်ရေ- (မှန်လှပါဘုရား) အားလုံး တကာတကာမတွေ ဘယ်က လာပါလိမ့်မတုံး....(တဏှာကလာပါတယ်ဘုရား)။

ဩော်....တဏှာကလာတယ်၊တဏှာကလာတယ်နော်....လက်သည်ဟာ ဗူးညွှန့်ကြီးကို တကာတကာမတို့ အညွှန့်ကနေမြောက်လိုက်တဲ့အခါကျတော့ အမြစ်ရင်းတွေ့သလိုပေါ့ဗျာ.... (မှန်ပါ့)။

ဗူးညွှန့်ကြီး တခုကို ကိုင်လိုက်တဲ့အခါကျတော့ ဦးခင်မောင် အညွှန့်ကနေ မြောက်လိုက်တဲ့ အခါကျလို့ရှိယင်ဖြင့် သူအမြစ်ရင်းပေါ် ရမယ် မဟုတ်လား....(မှန်ပါ့)။

ဒီမှာဘဲ ဇရာ မရဏကနေ မြောက်ကြည့်လိုက်၊ဇရာ မရဏကနေ မြောက်ကြည့်လိုက်တော့ ဒီခန္ဓာပေါ်လာတယ်-(မှန်ပါ့) ခန္ဓာကို တခါ မြောက်လိုက်တဲ့အခါကျတော့ ခန္ဓာ၏ရေသောက်မြစ် တခါလာပေါ်တယ်-(မှန်ပါ့) ဘယ်သူပါလိမ့်....(တဏှာပါဘုရား)သဘောကျပလား-(မှန်ပါ့) ရှင်းပြီနော်.... (ရှင်းပါပြီ)။

ကိုင်း-ဒါက ဘာလုပ်တဲ့နည်းတုံး-မေးတဲ့အခါကျတော့ သုံးသပ်ရမည့်နည်းလို့ မှတ်လိုက်စမ်းပါ....(မှန်ပါ့)ဘယ်လို မှတ်ကြမယ်....(သုံးသပ်ရမည့် နည်းပါဘုရား)။

သုံးသပ်ရမည့် နည်းဆိုတာ သုံးသပ်ဆင်ခြင်ရမယ်ဆိုတဲ့ ဥစ္စာသေသေချာချာ မှတ်ပါ....(မှန်ပါ့ဘုရား) ဒါကြောင့် သမ္မသနသုတ်လို့ ဟောလိုက်ပါတယ်....(မှန်ပါ့)။

တကာတကာမတို့ ဒီအထဲပြန်ပြီး ပြောပါဦးမယ်၊ အိုဘေးနာဘေး သေဘေးကြီး ဘယ်က လာပါလိမ့်....(ခန္ဓာငါးပါးက လာပါတယ်) ခန္ဓာငါးပါး ဘယ်က လာပါလိမ့်....(တဏှာက လာပါတယ်) တဏှာက လာတယ်....(မှန်ပါ့) ရှင်းပြီနော်.... (ရှင်းပါပြီဘုရား)။

အင်း....ဒါဖြင့် ဒို့ တော်တော်ပိုင်ပြီ၊တော်တော်ပိုင်ပြီ၊တော်တော်ပိုင်ပြီဆိုတဲ့ ဥစ္စာသည် တကာ တကာမတွေ ဥာဏ်ထဲမှာ တော်တော်ကလေး ရှင်းပလား....(ရှင်းပါပြီ) တခေါက် မေးပါရစေဦး၊ အိုဘေး နာဘေး သေဘေး ဘယ်ကလာပါလိမ့်--(ခန္ဓာငါးပါးက လာပါတယ်) အခု တရားနာနေတဲ့ ခန္ဓာငါးပါးက လာတယ်....(မှန်ပါ့ဘုရား)သဘောကျပလား....(ကျပါပြီ)

ဒီ ခန္ဓာငါးပါကလဲ ဘယ်ကမျှား သူက သိကြား ဗြဟ္မာ ဘုရား လာပြီး ဖန်ဆင်းလို့ ဖြစ်ရတာလား....ဘယ်ကမျှား လာပါလိမ့်....(တဏှာက လာပါတယ်ဘုရား)ဆေြာ်....တဏှာက လာတယ်၊ ဟုတ်သားဘဲ၊တဏှာနဲ့ ဆုတောင်းယူလိုက်တာ-(မှန်ပါ့) ဘယ်နှယ် ဆိုကြပါ့မယ်....(တဏှာနဲ့ ဆုတောင်းယူပါတယ် ဘုရား)။

လူခန္ဓာ ဖြစ်ရပါလို့၏ဆိုတော့ ဒီ တဏှာက မတောင်းလိုက်ဘူးလား....(တောင်းပါတယ်ဘုရား) နတ်ခန္ဓာ ဖြစ်ရပါလို့၏....(တောင်းပါတယ်ဘုရား အင်း....တဏှာနဲ့ တောင်းလိုက်တော့ ဘာပေါ်လာသလဲ....(ခန္ဓာငါးပါးပေါ်လာပါတယ်) ခန္ဓာငါးပါးပေါ်လာတော့ ဘာတွေ့ အမြတ်ထုတ်လာသလဲ (အိုဘေး နာဘေးသေဘေးတွေ့အမြတ်ထုတ်လာပါတယ်)အိုဘေးနာဘေး သေဘေးတွေ့ အမြတ်မထုတ်ဘူးလား....(ထုတ်ပါတယ်ဘုရား)။

အဲဒီတော့အိုဘေး နာဘေး သေဘေးကျတော့ ခင်ဗျားတို့က ကျေနပ်ကဲ့လား....(မကျေနပ်ပါဘုရား) မကျေနပ်ပေမဲ့ ဒီလိုမျှား တွေးလိမ့်မယ်မထင်ဘူး(မှန်ပါ့)ဒီလိုမျှားဖြစ်လိမ့်မယ်မထင်ဘူးတဲ့၊ ခင်ဗျားတို့စိတ်ထင်က—(မှန်ပါ့) သဘောကျပလား....(ကျပါပြီ)ခု ဒီလို ဖြစ်နေတော့ ဘယ်သူ တတ်နိုင်သေသတုံး....(ဘယ်သူမှ မတတ်နိုင်ပါဘုရား)။

ကဲ....ဒါဖြင့် တကာ တကာမတို့ အရင်းကျကျ လိုက်ကျစို့ ဆိုတော့ တကာတကာမတို့ ခန္ဓာငါးပါး ဘယ်က လာပါလိမ့် မတုံး....(တဏှာက လာပါတယ်)ရှင်းပြီနော်....(ရှင်းပါပြီ)။

ဒါဖြင့် တဏှာက သမုဒုယသစ္စာ၊ ခန္ဓာငါးပါက ဒုက္ခသစ္စာ၊ သဘောကျပလား.... (ကျပါပြီ) အိုဘေး နာဘေး သေဘေးက

ကောင်(ဒုက္ခသစ္စာပါဘုရား)ဒုက္ခသစ္စာဘဲဆိုတာပေါ်ကြပလား--(ပေါ်ပါပြီဘုရား)။

ကဲ....ရှင်းပါပြီ-ရှင်းပါပြီ၊ သူ့ဘားကြဦးစို့၊ ဒီလောက် အရင်းကျကျနဲ့တော့ ဘုရားက ဒီလို ပြန်သုံးသပ်ရမယ်ဆိုတော့ ဒီလောက် သုံးသပ်မှုနဲ့တော့ မတော်သေးဘူးကွတဲ့....၊ မင်းတို့ အရင်းမကျသေးဘူးတဲ့....(မှန်ပါ့ဘုရား)ဒီတဏှာ ဘယ်က လာသတုံးလို့ ဆက်ရဦးမယ်....(မှန်ပါ့ဘုရား)။

တကာတကာမတို့ ဒီ တဏှာ ဘယ်က လာသလဲဆိုတဲ့ မေးခွန်းကော မထွက်ရပေဘူးလား....(ထွက်ရပါတယ် ဘုရား) ဩော်....ဒီတဏှာသည် ဘယ်ကမျှား လာပါလိမ့်မတုံး ဆိုလို့ရှိယင်ဖြင့်တဲ့....ခင်စရာ မင်စရာက လာတယ်.... (မှန်ပါ့) ပေါ်ပြီခင်ဗျားတို့....။

ဒီတဏှာ ဘယ်ကလာပါလိမ့်....(ခင်စရာ မင်စရာကလာပါတယ်) ဩော်....ခင်ဗျားတို့ကလဲ လူတွေ့ယင် ခင်တတ်တာနဲ့တော့ ဒုက္ခရောက်ပါလိမ့်ဦးမယ်....(မှန်ပါ့)ဒီ တဏှာဘယ်ကလာသတဲ့တုံး....(ခင်စရာ မင်စရာကလာပါတယ်ဘုရား)။

ခင်ရာ မင်ရာက လာတယ်....(မှန်ပါ့ဘုရား)ခင်စရာ မင်စရာက လာတယ်....(မှန်ပါ့)သဘောကျပလား-(ကျပါပြီ) ဒီတဏှာ ဘယ်က လာပါလိမ့်....(ခင်စရာ မင်စရာကလာပါတယ်)ခင်ဗျားတို့ကလဲ ဘယ်အသုံးမျိုး သုံးတတ်ပါလိမ့်....(ခင်တတ် မင်တတ် ပါတယ်ဘုရား) ခင်တတ် မင်တတ်တယ်၊ အင်း.... ဒုက္ခ ရောက်ချင်ပြီ။

တကာတကာမတို့ ခင်တတ် မင်တတ်ယင် ဘာဖြစ်ချင်ကြသလဲ....(ဒုက္ခရောက်တတ်ပါတယ်) ဘာဒုက္ခတုံး....ခန္ဓာဒုက္ခ....(မှန်ပါ့) ဒီခန္ဓာဒုက္ခ ရယင် ဒီဒုက္ခ နှစ်ခုကော....(လာပါမယ် ဘုရား)။

ဒါဖြင့် ခင်ဗျားတို့၊ခင်ဗျားတို့ ခင်တတ်မင်တတ်တယ် ဆိုတဲ့ နှုတ်ချိုသွေးတဲ့ အသွားတော့ဟာ သြော်....ဒုက္ခရောက်ဘို့ ပါကလား....(မှန်ပါ့ဘုရား) ဘယ်နှယ် ဆိုကြမလဲ....(ဒုက္ခရောက်ဘို့ ပါဘုရား) ဒုက္ခရောက်ဘို့ဆိုတာ သေချာကြပလား....(သေချာပါပြီဘုရား)။

ကိုင်း....အခု လေးခုပြထားပြီ တကာတကာမတို့ သမ္မသနသုတ်ဆိုတာ ပြောင်းပြန်-ပြန်ပြီး သုံးသပ်ရမယ်နော်....(မှန်ပါ့) ဒါက နောက်ဆုံး မဟုတ်လားဗျာ....(မှန်ပါ့)ဒီဘဝ နောက်ဆုံး အိုသေဆိုတာ ဒီဘဝ နောက်ဆုံး....(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် အိုဘေး နာဘေးသေဘေး ဘယ်ကလာပါလိမ့်(ခန္ဓာငါးပါးကလာပါတယ်) ရှင်းပြီနော်....(ရှင်းပါပြီ) ခန္ဓာငါးပါးဆိုတော့ တခြားလား၊ အခုတရားနာနေတဲ့ ခန္ဓာငါးပါးကလာတာလား....ဘယ်က လာသလဲ....(အခု တရားနာ နေတဲ့ ခန္ဓာငါးပါးက လာပါတယ်ဘုရား)။

နို့မို့လို့ရှိယင် ခင်ဗျားတို့ အကြွေးကိုပေးလို့မရဘူး၊ ခန္ဓာငါးပါးဆိုတော့ စာအုပ်ထဲက ခန္ဓာငါးပါး ဖြစ်နေမှာ စိုးရတယ်....(မှန်ပါ့)သဘောကျပလား.... (ကျပါပြီ) စာအုပ်ထဲက ခန္ဓာငါးပါးလား- ဒီခန္ဓာငါးပါးက ထွက်လာ တာလား....(ဒီခန္ဓာငါးပါးက ထွက်လာတာပါဘုရား)။

မိုးကုတ်ဝိပဿနာ လုပ်ငန်းစဉ်တရား (၅)

အိုဘေးနာဘေးသေဘေးဘယ်ကလာပါလိမ့် (ဒီခန္ဓာငါးပါး ကလာပါတယ်ဘုရား) ဘယ်ခန္ဓာငါးပါးပါလိမ့် (တရားနာနေတဲ့ ခန္ဓာငါးပါးပါ) ဩော်....ဒီအထဲ ကံကောင်းတယောက်မှ မပါဘူး၊ ဒီဘက်ချည်း ပြေးနေကြတယ်....(မှန်ပါဘုရား)။

ကံကောင်းမျှား ပါကြသေးလား .... (မပါပါ) ကိုကံကောင်းမျှား ပါကြသေးလား....(မပါ-ပါ) မ-ကံကောင်းမျှားကော.... (မပါ-ပါ) ပါယင် ဒီဘက် မပြေး ရဘူး....(မှန်ပါ့) သဘောကျပလား(မှန်ပါ့)ပါယင် အိုဘေး နာဘေး သေဘေး ဘက်ပြေးလို့ရပါ့မလား....(မရပါဘုရား)။

တယ် ကံကောင်းသဟေ့၊သူကတော့ဖြင့် အန္တရာယ်ကင်းလို့ ဘေးရှင်းလိုက်တာဆိုပြီးသကာလ သူ့ခြိမ်းမှမ်းဘို့ ကောင်းတယ် (မှန်ပါ့) အခုတော့ဖြင့် ခင်ဗျားတို့သည်ကားလို့ ဆိုလို့ရှိယင် ဒီအထဲ ဦးကံကောင်းလဲမပါ၊ မယ်ကံကောင်းလဲမပါ ဆိုတာ သေချာပလား....(သေချာပါပြီဘုရား)။

ဘယ် ပြေးနေကြသလဲ.... (အိုဘေး နာဘေး သေဘေးဆီ ပြေးနေကြပါတယ်)ရပ်လို့မျှား ရကြသလား....(မရပါဘုရား) ကဲ....ကံကောင်း ပါသေး ရဲ့လား....(မှပါ-ပါ) ရှင်းပြီနော်.... (ရှင်းပါပြီဘုရား)။

ကောင်းပြီ ဒီခန္ဓာငါးပါးသည် တကယ်တကာမတို့ ဘဲယ်ကမျှား လာပါလိမ့်မတုံး.... (တဏှာကလာပါတယ်) တဏှာက လာတယ်....(မှန်ပါ့)ပေါ်ကြပြီနော်....(ပေါ်ပါပြီဘုရား)။

ဒါ ဘုရားဟောအစစ် တကာတကာမတို့ သေသေချာချာ မှတ်ပါ ဒီသုတ်ကို....(မှန်ပါ့ဘုရား)အိမ်ကျလာတဲ့အခါ ဒီအတိုင်း တွေ့မယ်....(မှန်ပါ့ဘုရား)။

ကိုင်း....တကာ တကာမတို့ ဒီတက္ကာ ဘယ်က လာပါလိမ့် မတုံး....(ခင်ရာမင်ရာက လာပါတယ်) ခင်ရာမင်ရာက ခင်စရာ မင်စရာက လာတယ်....(မှန်ပါ့ဘုရား)။

ဩော်....ခင်ဗျားတို့ကလဲ ခင်စရာမင်စရာ မရှိလို့ရှိယင်ဖြင့် သားကလေး မရှိလို့ရှိယင် ပျင်းလိုက်တာ.... (မှန်ပါ့) သမီး ကလေး မရှိလို့ရှိယင်လဲ....(ပျင်းလိုက်တာ) ဘာဖြစ်လို့တုံး.... (ခင်စရာမင်စရာမရှိလို့ပါဘုရား)။

ခင်စရာ မင်စရာ မရှိလို့၊ ဒါဖြင့် ခင်စရာ မင်စရာကြောင့် တက္ကာပေါ်တယ်.... (မှန်ပါ့ဘုရား) တက္ကာပေါ်လို့.... (ခန္ဓာ ငါးပါးလာပါတယ်)ခန္ဓာရလို့.... (အိုဘေးနာဘေးသေသေဘေး ရပါတယ်)အိုရ နာရ သေရတယ်....(မှန်ပါ့ဘုရား)။

ဩော်....ခင်ဗျားတို့ ခင်မှုဟာ အိုချင်နာချင်သေချင်လို့သာ မှတ်ပေရော့(မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီ)ခင်ဗျားတို့ ခင်မှုဟာလေ....(အိုချင်နာချင်သေချင်လို့ပါဘုရား)။

ဘယ်နှယ်ကြောင့် ခင်ဗျားတို့ကလဲ ခင်တတ်မင်တတ်မှု သဘောတွေက ဝါသနာကြီးပါလိမ့်မလဲလို့ ဆရာဘုန်းကြီးက မေး တဲ့အခါ ဩော်....အိုချင်နာချင်သေချင်လို့ကိုး (မှန်ပါ့ဘုရား) ဦးခင်မောင်ရေ ခင်တတ်မင်တတ်သလား ခင်ဗျားကော....(မှန် ပါ့ဘုရား)။

ဘယ်နှယ်ဖြစ်နေသတုံး-အိုချင်နာချင်သေချင်ပြန်ပြီခင်ဗျား၊ ရိပ်မိကြပလား.... (ရိပ်မိပါပြီ) ဒီ တကာ တကာမတွေကော အင်မတန်ရိုင်းစိုင်းသလား၊ လူတွေ့ ခင်တတ်မင်တတ်သလား.... (ခင်တတ်မင်တတ် ပါတယ်ဘုရား) သေချင်လို့သာ မှတ် ကြပေရော့။

ခင်ယင် ဒါတွေ့ရတော့မယ်၊ မတွေ့ပေဘူးလား .... တွေ့ရမလား.... (တွေ့ရပါမယ်ဘုရား) ခင်ယင် ခန္ဓာရမယ်....(မှန်ပါ့) ခန္ဓာရယင် အိုဘေးနာဘေးသေဘေးက (ရ·ရပါမယ်ဘုရား)။

သေသေချာချာတွေ့ရမယ်ဆိုတော့ ခင်ဗျားတို့ပြောဆိုနေတဲ့အသံနဲ့ ခင်ဗျားတို့အကြိုက်နဲ့ ခင်ဗျားတို့ကလဲ အခင်အလုပ်လှုပ်ပါဆိုတော့ မလှုပ်ချင်ဘူး၊ အအိုအနာအသေ ကျတော့လဲ မတွေ့ပါရစေနဲ့တဲ့၊ ဒီလိုမလာဘူးလား.... (လာပါတယ်ဘုရား)။

အခင် ကျတော့လဲ.... (မလှုပ်ချင်ပါ) အခင်တော့ လက် မလှုပ်ချင်ဘူး၊ အိုမှုနာမှုသေမှုကျတော့ကော....(မတွေ့ချင်ပါ) အိုနာသေကျတော့လဲ ခင်ဗျားတို့က ဩ....နေမယ်ဆိုနေနိုင်သေးတယ်၊ အံမာ ခင်ဗျားတို့ချင်း လောကွတ်ချော်နေလိုက်ကြတာ....(မှန်ပါဘုရား)။

နေမယ်ဆို နေနိုင်သေးတယ်ဆိုတဲ့ဥစ္စာ မသာရှင် စတချမ်းသာအောင် ပြောများနေလိုက် သေးတယ်....(မှန်ပါ့) ဒီအရွယ်ဟိုရွာမှာ ဘယ်သူကြီးဟာ သူ့ထက် အသက်ကြီး သေးတယ်၊ မာလိုက်တာ ခင်ဗျားတို့ ပြောနေတဲ့ အသံးက ဒီဟာတွေက သိပ်များတယ်ဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ကိုင်း....ဒါဖြင့် တကာ တကာမတို့ ခင်မှသည် ခန္ဓာရမှ....(မှန်ပါ့)ခန္ဓာရယင်ဘာဖြစ်မယ် (အိုဘေးနာဘေးသေဘေးရပါမယ်ဘုရား) အိုရနာရသေရမယ်ဆိုတာ မသေချာဘူးလား(သေချာပါတယ်ဘုရား)။

ဒါဖြင့် တကာတာမတို့ အိုနာသေကြောက်ယင်....ခင်မှဖြုတ်ရလိမ့်မယ် (မှန်ပါ့ဘုရား) အိုနာသေကြောက်ယင် (ခင်မှဖြုတ်ရပါမယ်ဘုရား)။

မိုးကုတ်ဝိပဿနာ လုပ်ငန်းစဉ်တရား (၅)

သြော်....တပည့်တော် တသက်လုံးက ခင်လာတာ သူ့ဖြုတ် ရမယ်ဆိုလို့ရှိယင်ဖြင့် နိဗ္ဗာန်မယူတော့ဘူး၊ အိုနာသေဘဲယူတော့ မယ်၊ ဒီလို အဓိပ္ပါယ် ရောက်သွားတယ်၊ မရောက်ဘူးလား.... ရောက်သလား.... (ရောက်ပါတယ်ဘုရား)။

အံမာလေး တကာ တကာမတွေ ဒါ ဘုရားအရဲ့တိုက်တာ လား....ဘုန်းကြီး အရဲ့တိုက်တာလား.... (ဘုရား အရဲ့တိုက်တာ ပါဘုရား)။

မဟုတ်ဘူး ခင်ဗျားတို့နှင့် ဂုဏ်များတူလို့လား၊ ဘုရားက အတူမရှိလို့မဆိုဘူးလား.... (ဆိုပါတယ်) ခင်ဗျားတို့ကတော့ လူတန်းစားတွေ အတုနဲ့ချည်းဘဲ၊ အတူရှိတာချည်းဘဲ(မှန်ပါ့)။

အဒေတော့ တကာ တကာမတို့ သစ္စာမသယင ဘုရားအရှ တိုက်တယ်.... (မှန်ပါ့) သစ္စာမသိယင်.... (ဘုရားအရဲ့တိုက်ပါ တယ်)သြော်....ဘုရားကလဲ ခင်မှုမင်မှုဖြုတ်ဘို့ အလွန်ဟာရှာ တယ်၊ ကိုယ်ကလဲ ဒီဟာ ခင်မှုမင်မှု ဖြုတ်ရမယ် ဆိုလို့ရှိယင် တော့လဲ စိတ်ထဲမှာ နိဗ္ဗာန်တောင် မလိုချင်ဘူး.... (မှန်ပါ့)။

ခင်မှုမင်မှုဖြုတ်ရမယ်ဆိုယင် ဘယ့်နှယ်တုံး....(နိဗ္ဗာန်တောင် မလိုချင်ပါ)နိဗ္ဗာန်မလိုချင်တော့ သူဘာလိုချင်တာတုံး(အိုဘေး နာဘေး သေဘေးလိုချင်ပါတယ်ဘုရား) အိုနာသေကျတော့လဲ သူတကယ်လိုချင်တာ ဟုတ်ပါရဲ့လား....(မဟုတ်ပါဘုရား)။

တကယ် လိုချင်တာတော့လဲမဟုတ်ဘူး၊ ခင်မှုမင်မှုလဲမဖြုတ် နိုင်ဘူးဆိုတော့....စိတ်ထဲက မလိုချင်ဘူး ရမှာကသေချာတယ်.... (မှန်ပါ့ဘုရား)စိတ်ထဲကတော့.... (မလိုချင်ပါဘုရား) ရမှာက တော့....(သေချာပါတယ်ဘုရား)။

ကိုင်း....တကာတကာမတို့ အခု ခေါင်းဖြူစွယ်ကျိုးနဲ့ အမျိုးမျိုး ကွဲကြပြီးသကာလ နေရတော့ ရှေ့က ဘုန်းကြီးတို့ အမိအဖအရှယ်တွေက အင်မတန် ချိန့်ကုန်ကြပြီ၊ အဲဒီအခြေအနေမျိုးဟာ တကာ တကာမတို့ ဘယ်က လာတာတုံးလို့ မေးလို့ ရှိယင် ရှင်းကြပါပြီ.... (မှန်ပါ့) ဘယ်ကလာတာတုံး.... (ခန္ဓာငါးပါးက လာတာပါဘုရား)။

ဩော်....ဒါ ဒီခန္ဓာငါးပါးက လာတယ် ဆိုတာတော့ ဆရာဘုန်းကြီးပြောလိုက်လို့ ရှင်းပါပြီ....(မှန်ပါ့) ဒီ အိုမှု နာမှု သေမှုကြီးကျတော့ တကာ တကာမတွေက ကြိုက်ကဲ့လား....(မကြိုက်ပါဘုရား)။

သူ့မကြိုက်လို့ ရှိယင်ဖြင့်....တဲ့သူဟာ အကျိုးတရားဖြစ်တယ် ဦးခင်မောင် (မှန်လှပါဘုရား)သူဟာ အကြောင်းတရားလား အကျိုးတရားလား.... (အကျိုးတရားပါဘုရား) ဒါပယ်ယင် လွှတ်ပါတယ်.... (လွှတ်ပါတယ်ဘုရား) တဏှာပယ်ရင်....(လွှတ်ပါတယ်ဘုရား) သဘောပါကြပလား.... (ပါ-ပါတယ်ဘုရား)။ တဏှာပယ်မှဘာတုံး.... (လွှတ်ပါတယ်)အို နာ သေ လွှတ်မှာ (မှန်ပါ့)ရှင်းပလား.... (ရှင်းပါပြီ) တဏှာက သမုဒယသစ္စာကိုး....(မှန်ပါ့)ခန္ဓာနဲ့ အိုနာသေက.... (ဒုက္ခ သစ္စာပါဘုရား) ဒုက္ခသစ္စာဆိုတော့ သမုဒယ မပယ်ဘဲနဲ့ ဒုက္ခသစ္စာမှ လွှတ်နိုင်ကြပါ့မလား....(မလွှတ်နိုင်ပါဘုရား)။

ကိုင်း.... ဒါဖြင့် တကာ တကာမတို့ ဒီသမ္မာသနသုတ်နဲ့ဘဲ ပြန်ပြီး သုံးသပ်ကြဦးစို့....၊ ကဲ....ဝိပဿနာဉာဏ် သွင်းရတော့မယ်၊ မသွင်းယင် ဖြစ်ကိုမဖြစ်ဘူး.... (မှန်ပါ့ဘုရား) ဦးခင်မောင်

ဖြစ်ပါ့မလား.... (မဖြစ်ပါဘူးရှင်း) မဖြစ်ဘူးနော်.... သေသေချာ ချာလဲ စဉ်းစားကြပါ တကာ တကာမတို့.... (မှန်ပါ့ဘုရား)။

ကဲ....သူ့သွင်းရတော့မယ်ဆိုတော့ တကာ တကာမတို့ အိုနာသေ ဘယ်ကလာပါလိမ့်....(ခန္ဓာငါးပါးက လာပါတယ်ဘုရား) ခန္ဓာငါးပါး ဘယ်က လာပါလိမ့်.... (တဏှာက လာပါတယ်ဘုရား တဏှာ ဘယ်ကလာပါလိမ့်.... (ခင်မှုမင်မှုက လာပါတယ်ဘုရား)ခင်စရာ မင်စရာက လာတယ်.... (မှန်ပါ့ဘုရား)။

ပေါ်ပြီ တကာ တကာမတို့ ကျုပ်တို့ကလဲ ခင်တတ်တာနဲ့ ခင်ပြီးတော့ အို-နာ-သေ မတွေ့ချင်တာနဲ့တော့ဖြင့် အနာလဲရှိတယ် ပျောက်တဲ့ဆေးလဲ မစားချင်ဘူးဆိုတဲ့ လူတော့ ဒီလူနာတော့တွေ့ပြီ၊ အနာကကော.... (ရှိပါတယ်ဘုရား) ပျောက်တဲ့ဆေးကျတော့.... (မစားချင်ပါဘုရား)။

ပျောက်တဲ့ဆေးကျတော့ မစားချင်ဘူး အနာတော့ရှိတယ် (မှန်ပါ့) ဒီ-လူနာဟာ တော်တော် ခက်တဲ့လူနာ.... (မှန်ပါ့) ဦးခင်မောင် ဆိုထိုက်-မဆိုထိုက်.... (ဆိုထိုက်ပါတယ်ဘုရား)။

အနာကတော့ အကြီးအကျယ် အို-နာ-သေနာ အမြဲရှိတယ် သူ့မှာ....(မှန်ပါ့) ပျောက်တဲ့ဆေး စားပါဆိုတော့.... (မစားချင်ပါဘုရား)။

ဒါဖြင့် အို-နာ-သေဘဲကောင်းပါတယ် ခင်ဗျားတို့အတွက်က အတော်ဆိုးနေတဲ့ အဓိပ္ပါယ် မရဘူးလား....ရသလား.... (ရပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် တကာ တကာမတို့ ခင်ရာမင်ရာကလာတယ် ဆိုတဲ့ဥစ္စာ မသေချာသေးဘူးလား.... (သေချာပါတယ်ဘုရား)

ခင်ရာ မင်ရာဆိုတာ မိမိခန္ဓာလဲ ခင်ရာ မင်ရာဘဲ.... (မှန်လှပါ) သားသမီးခန္ဓာကော....(ခင်ရာ မင်ရာပါဘဲ)ပစ္စည်း ဥစ္စာရတနာတွေကော.... (ခင်ရာ မင်ရာပါဘဲဘုရား)။

ဩော်.... ဒါဖြင့် ခင်ရာ မင်ရာကြောင့် ဘာဖြစ်သတုန်း.... (တဏှာဖြစ်ပါတယ်ဘုရား) တဏှာကြောင့် ဘာဖြစ်သတုန်း.... (ခန္ဓာငါးပါးဖြစ်ပါတယ်) ခန္ဓာရလို့ ဘာဖြစ်ရသတုန်း....အိုနာသေ ဖြစ်ရပါတယ်ဘုရား)။

အိုနာသေဖြစ်တယ်ဆိုတော့ တကာတကာမတို့ ခင်ဗျားတို့ဖြင့် ဆေးသောက်လွဲနေကြပြီ.... (မှန်ပါ့ဘုရား) ဘယ်လိုပါလိမ့် (ဆေးသောက်လွဲနေပါတယ်) ဆေးသောက်လွဲနေကြပြီ တကာတကာမတို့....(မှန်ပါ့)။

ဒီဟာသည် ခင်ဗျားတို့ ခင်သလောက်- ခင်ဗျားတို့က ခင်ခြင်းကြောင့် ဟောဒီမှာ ခင်ရာ မင်ရာလို့ ခင်ဗျားတို့ .... ထင်လိုက်ခြင်းကြောင့် ဟောဒီမှာ တဏှာလာပါတယ်.... (မှန်ပါ့) မလာဘူးလား....(လာပါတယ်ဘုရား)။

ဒီ-တဏှာကြောင့် ဘာရပြန်သတုန်း.... (ခန္ဓာငါးပါး ရပါတယ်) ဘာသစ္စာတုန်း.... (ဒုက္ခ သစ္စာပါဘုရား) ဒီဒုက္ခသစ္စာတည်းဟူသော တရားကြီးကနေပြီး ပေါက်ပွားလာတော့ ဘာတွေမျှား ပွားလာသလဲ.... (အို-နာ-သေ- ပွားပါတယ်) အိုနာသေဆိုတဲ့ဒုက္ခ အညှန့်ဒုက္ခအတက်တွေလဲ ထွက်မလာဘူးလား.... (ထွက်လာပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ့ဆေးသောက်မလဲအောင် ဘုရားသခင် ကိုယ်တော်မြတ်ကြီး ပွင့်လာတယ်လို့ မှတ်လိုက်စမ်းပါနော်- (မှန်ပါ့ဘုရား) တကာတကာမတို့ ဟောဒီ

ဖြူးဖြူးကလေးဟာ ဘုရားလို့ မှတ်ထားပါနော်..... (မှန်ပါ့) ဒါက တဏှာ သူ့နေရာသူထားပါ....။

ဘုရားက ဒီနားက ဘုရားပဲ့တင်ယ်၊ ဘုရားပဲ့တင်ယ်ဆိုတော့ ဟောဒီသံသရာခရီးသည်က ဘာတွေ့တွေ့ သူကခင်တော်မင်တော် တယ်....(မှန်လှပါဘုရား) ဟေ့.... အငတ်သမားဘဝမျှားစ့ဉ်ကာ အငတ်မပြေဘဲနဲ့ သေခဲ့တယ်.... (မှန်ပါ့) ဒါ-အငတ်သမားနော် (မှန်ပါ့)တဏှာဆိုတာ ဘုရပါလိမ့်.... (အငတ်သမားပါဘုရား)။

ဟုတ်ကဲ့လား တကာ တကာမတို့.... (ဟုတ်ပါတယ်ဘုရား) တသိန်း ချမ်းသာယင်တော်ပလား....(မတော်ပါဘုရား)နှစ်သိန်း လောက် ချမ်းသာယင်ကော.... (မတော်ပါဘုရား) မတော်သေးဘူးနော်.... (မှန်ပါ့) သုံးသိန်းလောက် ချမ်းသာယင်ကော.... (မတော်သေးပါဘုရား)။

ဒါဖြင့် သုံးသိန်းလောက် ချမ်းသာတော့ ကိုယ်ကံက ဒီလောက်ဘဲရှိတော့ သေလိုက်တယ်....(မှန်ပါ့) သေလိုက်တဲ့အခါကျတော့ ဦးခင်မောင် ပြည့်သေလား....ငတ်သေလား.... (ငတ်သေပါဘုရား)။

သြော်-ဒါဖြင့် ဘယ်ဘဝမဆို တကာတကာမတို့ ဘာနဲ့သေခဲ့တာ မျှားပါလိမ့်.... (ငတ်သေခဲ့တာမျှားပါတယ်) သနားတယ်၊ ဒီလောက် ဆန်ပေါတဲ့တိုင်းပြည်မှာ ငတ်သေကြီး ဖြစ်ရတယ်ဆိုတာ အတော်ဆိုးမနေဘူးလား....(ဆိုးပါတယ်ဘုရား)။

သားခင်မှု တော်ပြီဆိုပြီး သေသွားတာလား- (မဟုတ်ပါဘုရား) သမီးခင်မှု တော်ပြီဆိုပြီး သေသွားတာလား....(မဟုတ်ပါဘုရား) ပစ္စည်းရှာမှု တော်ပြီဆိုပြီး သေသွားတာလား....

(မဟုတ်ပါဘုရား) ဒီသားမယားတွေနဲ့ ပေါင်းသင်းရတာ တော်ပြီဆိုပြီး သေသွားတာလား....(မဟုတ်ပါဘုရား)။

ဒါဖြင့် ဘယ်နှယ်တုံး.... ခင်လျက်တန်းလန်း,မင်လျက်တန်းလန်းနဲ့ ဘာဖြစ်သွားသတုံး-(သေသွားပါတယ်ဘုရား) ခေါင်းထဲဝင်လိုက်ရတယ်- (မှန်ပါ့) ခင်လျက်တန်းလန်း,မင်လျက်တန်းလန်းနဲ့-(ခေါင်းထဲဝင်ရပါတယ်ဘုရား) ဒီ-မသာကို ဘာမသာခေါ်ကြမလဲ- (အငတ်မသာပါဘုရား) အငတ်မသာ....(မှန်ပါ့) ခင်ဗျားတို့ဖြစ်နေမနော်....(မှန်ပါ့)။

နောက်မသာတွေ တွေ့လို့ ရှိယင်ဖြင့် မဂ်ဉာဏ်, ဖိုဉာဏ်မရတဲ့ မသာတွေဆိုယင် ဘိုတ်ကြမယ်(အငတ်မသာပါဘုရား)ဦးခင်မောင် သဘောပါရဲ့ လား-(မှန်ပါ့ဘုရား) ခင်ဗျားဘယ်လိုသေမလဲ ဝ,သေမလား....ငတ်,သေမလား....(ဝ,သေပါ့မယ်ဘုရား) နောက်က တကာတကာမတွေ ဦးခင်မောင်ချည်း တောင်းနေလို့ မဖြစ်သေးဘူး၊ ခင်ဗျားတို့ကော.... ဘယ်လိုပါလိမ့်မလဲ....။

အဲဒီတော့ တကာတကာမတို့ တဏှာဆိုတာသည်ကားလို့ ဆိုယင်"နကဟာပဏဝေဿန"ဆိုတဲ့အတိုင်း၊ အသပြာမိုဃ်းရွာတာတောင်မှ မောင်ထွန်းလှိုင် မကျေနပ်ဘူးဆိုပါလား-(မှန်ပါ့ဘုရား)။

"နကဟာပဏဝေဿန"တဲ့ အသပြာမိုဃ်းတွေ ရွာလာတာ ဒူးဆစ်လောက် ရွာတာတောင် မန္ဒာတူ စကြာမင်းဟာ ဦးခင်မောင်....တော်ပြီလို့ ဆိုပြီးမသေဘူးတဲ့၊ လိုချင်သေးတယ်ဆိုပြီး သေသွားတယ်....(မှန်ပါ့ဘုရား)။

ကောင်းကင် မော့ကြည့်လိုက်လို့ ရှိယင် သူ့ခါးလောက် ဒူးဆစ်လောက်ရှေမိုဃ်းငွေမိုဃ်းတွေရှာတယ်(မှန်ပါ့) သူ့တိုင်းပြည်လုံး ရှာတာနော်....(မှန်ပါ့ဘုရား)။

ကိုင်း.... ဦးခင်မောင် တော်ပြီဆိုပြီး သေသွားသလား.... လိုသေးတယ်ဆိုပြီးသေသွားသလား.... (လိုသေးတယ်ဆိုပြီးသေသွားတာပါဘုရား) ဒါဖြင့် ဝ, သေလား.... ငတ် သေလား..... (ငတ်သေပါဘုရား)။

ဒါဖြင့် တကာတကာမတို့ ဟောဒီ တဏှာက ဘဝမျှားစွဲက ငတ်လာတာ-(မှန်ပါ့ဘုရား) ရှင်းပလား— (ရှင်းပါပြီ) ဒီ-တဏှာက ဘာတဲ့-(ဘဝမျှားစွဲကငတ်လာတာပါ)ဘယ်တော့က ဝ,ခဲ့တယ်လို့ ရှိရဲ့လား....(မရှိပါဘုရား)။

ကိုင်း—ဒါဖြင့် တကာ တကာမတို့ ဒီတဏှာသည်ကားလို့ ဆိုယင် တကာ တကာမတွေ့ ဘယ်လိုမျှား နှိပ်စက်ပါလိမ့်မတုံးလို့ မေးတော့ အငတ်၊ အမြဲတမ်းငတ်အောင်နှိပ်စက်နေတယ်....(မှန်ပါ့ဘုရား) ဘယ့်နယ်လဲ....(အမြဲတမ်းငတ်အောင်နှိပ်စက်နေပါတယ်ဘုရား)။

စားမယ် သိပ်သုံးမယ် ကြံလို့ ရှိယင် ကြည့်လုပ် တဏှာက (မှန်ပါ့ဘုရား) သိပ်မစားခဲ့နဲ့-အငတ်ထားပေး (မှန်လှပါဘုရား) စားကာနီး ကောင်းတာဝယ်မည့်ကြံ အို--မတော်သေးဘူးလေ၊ တဏှာက အငတ်ထားပြန်တယ်-(မှန်လှပါဘုရား) အငတ်ချည်း မထားဘူးလား....(ထားပါတယ်ဘုရား)။

ကောင်းကောင်းကလေး ဝတ်မယ်၊ ကောင်းကောင်းကလေး စားမယ်ဆိုလို့ ရှိယင်လဲ တဏှာက ဘယ်လို လာပြန်သတုံး....

ကြည့်လုပ်၊ မလာဘူးလား.... (လာပါတယ်ဘုရား) ဘာခိုင်း တာဘာလိမ့်.... (အင်တ်ခိုင်းတာပါဘုရား)အင်တ်ခိုင်းထားတာ (မှန်လှပါဘုရား)။

မောလာတယ်၊မောလာလို့ကော အဝစားပရစေ... အုံသား အတွက်သမီးအတွက် ချန်ထားဦး.... (မှန်လှပါ) ဘယ်လိုထား ပြန်သလဲ....(အင်တ်ထားပါတယ်ဘုရား) ဘယ်လောက်ကြာပြီလဲ (မရေတွက်နိုင်ပါဘုရား) ရိပ်မိကြပလား.... (ရိပ်မိပါပြီဘုရား)။

လူကြီးတွေများ ကြည့်ပါလား တကာတကာမတို့ ကိုယ်က ဇတ္ဒ အဖါအရာတွေနဲ့ ဝတ်ပြီး- သားကလေး သမီးကလေး တွေကျတော့ ထယ်ထယ်ဝါဝါ ဝတ်ခိုင်းတယ်ဆိုတာ ကိုယ်က ဘာနဲ့နေတာတုံး သေချာကြပလား.... (အင်တ်နဲ့နေပါတယ် ဘုရား)။

ခင်ဗျားတို့ကလဲ ဒီအင်တ်ဘဲ အတုခိုးနေတယ်၊ ကိုယ်တိုင် နေပေစေ သားသမီးတွေသာ လှစေချင် ဝ,စေချင်....(မှန်ပါ) ဘယ့်နှယ် ဒီအင်တ်ပြဿနာ ဘယ်က ထွက်ထွက်လာတာပါလိမ့် (တဏှာက လာတာပါဘုရား)ရိပ်မိပလား....(ရိပ်မိပါပြီ)။

ဒါဖြင့် တကာ တကာမတို့ တသံသရာလုံးမှာ တဏှာသည် ခင်ဗျားတို့ကို အင်တ်အဖြစ်နဲ့ဘဲ အသေခိုင်းတယ်၊ ရှင်တုန်းလဲ အင်တ်ထားတာ- (မှန်ပါဘုရား) သေတော့လဲ ငတ်သေ-အသေ ခိုင်းတယ်....(မှန်ပါဘုရား)။

ဒါသေသေချာချာမှတ်ပါ၊ တဏှာ ဘယ်လောက်ဆိုးတယ် ဆိုတာ ပေါ်သွားအောင်လို့.... (မှန်ပါဘုရား) ရှင်တုန်းမှာလဲ

(အငတ်ထားပါတယ်) ရှင်တုန်းမှာလဲအငတ်ထားတယ်ဆိုတော့ တကာ တကာမတို့ သေချာကြပလား.... (သေချာပါပြီ) ရှင်တုန်းမှာလဲ အငတ်ထားတယ်၊ သေတော့လဲ အငတ်တန်းလန်းနဲ့ (သေခိုင်းပါတယ်ဘုရား)။

သြော်.... ငတ်သေ-သေတဲ့ ပုဂ္ဂိုလ်မျိုးတောင့်တတဲ့ အာသာမပြေဘဲနဲ့ သေသွားတယ်လို့ ဆိုယင် လဲပါ့ပမလား.... (မလဲပါဘုရား)။

ဒါဖြင့် သူ့စိတ်ချမ်းသာ လက်ချမ်းသာ သေသွားတာလား တကာ တကာမတို့ မျက်ရေကြီးငယ်ကျပြီး မစားရ မသောက်ရနဲ့ သေသွားတာလား....(မစားရ မသောက်ရနဲ့သေသွားတာပါဘုရား)။

ဒါ ဘယ်သူက သတ်လိုက်တာပါလိမ့်.... (တဏှာက သတ်လိုက်တာပါ) ပေါ်ကြပလား.... (ပေါ်ပါပြီ) ရှင်းကြပြီနော် တကာ့တကာမတို့....(ရှင်းပါပြီဘုရား) အားလုံး တကာ တကာ မတော့မှာ ဘယ်သူကအုပ်ချုပ်နေသတုံး.... (တဏှာက အုပ်ချုပ်နေပါတယ်ဘုရား)။

တဏှာက မနက် မိုးလင်းသွားလို့ ရှိယင်ဖြင့် စျေးသွားဟဲ့ ဆိုတော့ တကာ တကာမတွေက ကုတ်ကုတ်ကုတ်ကုတ်နဲ့ မသွားဘူးလား,သွားသလား....(သွားပါတယ်ဘုရား)။

ညနေကျတဲ့အခါ ညနေစျေးသိမ်းယင် အိမ်ပြန်ဟဲ့ ဆိုတာ ဘယ်သူကခိုင်းတာတုံး....(တဏှာက ခိုင်းတာပါဘုရား) သြော် တနေ့လုံးဟာ ဘယ်သူ့ကျွန်ဖြစ်နေသတုံး.....(တဏှာ့ကျွန်ဖြစ်နေပါတယ်ဘုရား)။

အိမ်ကျတော့ကို ဟင်းကောင်း ဟင်းမွန်နဲ့ နေ့တိုင်း ချက်သွားခိုင်းသလား၊ နင့်ဟာနင် ကြည့်ပြီး လျှော့လုပ်လို့ ခိုင်းသလား.... (လျှော့လုပ်လို့ ခိုင်းပါတယ်)ခိုင်းတော့ ကိုယ့်အတွက်ဗျ၊ ကျွေးတော့အငတ်.... (မွန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီ) ခိုင်းတော့ဘယ့်နှယ်တုံး.... (ကိုယ့်အတွက်ပါဘုရား)။

ကိုယ့်အတွက်ရော တခါတည်း အလုပ်ကို စေ့နေအောင်ဘဲ တကာ တကာမတို့ နက်ဖြန်ဘို့ ချန်ပြီးတော့မျှား ခိုင်းလိုက်သေးတယ်၊ နက်ဖြန် စောစော ထလုပ်၊ ဒီနေ့တော့ မပြီးသေးဘူး ဆိုပြီး သကာလ ခိုင်းတော့ တကာ တကာမတို့ သက်သာခွင့်ပေးရဲ့ လား....(မပေးပါဘုရား)ကျွေးတော့ နည်းနည်းဘဲ-(မွန်ပါ့ဘုရား)ခိုင်းတော့မျှားမျှား....(မွန်ပါ့ဘုရား)။

အဲ ဒါနဲ့ ခင်ဗျားတို့ အချိန်ကုန်နေတယ်.... (မွန်ပါ့ဘုရား) ဆိုထိုက်မဆိုထိုက်.... (ဆိုထိုက်ပါတယ်ဘုရား) ကျွေးတော့ကို ကြည့်သုံးနော်-ကြည့်သုံးနော်၊ ငွေဟာ တွင်းကထွက်တာမဟုတ်ဘူး၊ အံမာလေး တဏှာက စိမ်နေတယ် တွင်းက ထွက်တာမဟုတ်ဘူး၊ ပါးစပ်အစီရင်က မပြောဘူးလား.... (ပြောပါတယ်ဘုရား)။

တကာ တကာမတို့ အဲ ဒါ ကျ တော့ သူက ဘယ်လို အငတ်ထားချင်လို့ ပြောတာလဲ.... (မွန်ပါ့) အလုပ်-လုပ်ပါ ဆိုတဲ့အခါကျတော့ အို-ယောကျ်ားရော မိန်းမရော ရင်ဘောင်တန်း လုပ်မယ်၊ ဘာ ကြောက်စရာရှိသတုံး၊ ငွေရှာတာဘဲ၊ ဘာမှရှက်စရာမလိုဘူး၊ သူမျှားလဲ ဒီလို ရှာနေတာဘဲ အစရှိသည်ဖြင့် ဒီ-ကျတဲ့ အခါကျတော့လဲ အမောဆိုက်အောင် တကာ တကာမတို့ အခိုင်းရက်စက်တယ်.... (မွန်ပါ့ဘုရား)။

အမောဆိုက်အောင် ကျတော့.... (အခိုင်းရက်စက်ပါတယ်) အကျေးကျတော့.... (အငတ်ထားပါတယ် ဘုရား) ဒါတောင် ခင်ဗျားတို့က အကြည်ညိုမပျက်သေးဘူး၊ ဖြစ်မှဖြစ်ရပလေ.... ရိပ်မိကြပလား.... (ရိပ်မိပါပြီ) အကြည်ညိုပျက်သလား တဏှာ အပေါ်မှာ.... (မပျက်ပါဘုရား) အံမာ ဘယ်တုံးက စပြီး ကြည်ညိုမိတာပါလိမ့်.... (မရေတွက်နိုင်ပါဘုရား)။

သံသရာ စ-ကတည်းက ဦးခင်မောင်ရေ တော်တော် အရုပ်ဆိုးတဲ့ တရားကို ခင်ဗျားတို့က ခေါင်းပေါ် တင်ပြီး သကာလ ဂူတလုံး ဘုရားတဆူ လုပ်လာတာနော် (မှန်ပါဘုရား) ကြောက်စရာမကောင်းဘူးလား.... (ကောင်းပါတယ်) ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

အခု စျေးချိုထဲမှာဆိုလို့ ရှိယင် တကာ တကာမတို့ ဘယ်လောက်များ ပူလိုက်မယ်ဆိုတာ အပေါ် ကသူတ်တွေ့မိုးလို့ ပန်ကာလေကလဲ ပူလိုက်တဲ့ဖြစ်ခြင်း၊ လူတွေကလဲရှုပ် ပူလိုက်တာကလဲ မပြောပါနဲ့တော့ဟုတ်လား....(မှန်ပါဘုရား)။

ဒီအထဲမှာ တနေ့လုံးနေဟဲ့၊ ဘယ်သူကခိုင်းသတုံး....(တဏှာကခိုင်းပါတယ်) သူက ဆင်းရဲတာ ကြည့်ကောင်း နေတာကိုး (မှန်လှပါ) ချေး တသုတ်သုတ်နဲ့ ဆင်းရဲတာကိုး.... (မှန်ပါ) ကြည့်ကောင်းနေလို့ သူက တခါတည်း ချိုချိုနဲ့ နိပ်စက်နေတာ၊ ခင်ဗျားတို့က မသိဘူး.... (မှန်ပါဘုရား)။

မျက်စိလစ်သွားလို့ ရှိယင် စျေးဝယ်နဲ့ လဲလဲမယ်၊ကိုယ့်ဆိုင်မှာလဲ ပျောက်မယ်၊စောင့်ဟဲ့.... (မှန်ပါ) သေချင် သေပေစေ၊

ဒီနေရာ လဲသေသွားလဲ နင့်မှာ ဘာကိုစွ ရှိသတုံး.... (မှန်ပါ့) ငါတာဝန်မှ မဟုတ်ဘဲ ဒီလောက်ထိအောင် အရုပ်ဆိုးတဲ့တဏှာ ရိပ်မိကြပလား.... (ရိပ်မိပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် ကုဋိကျင်ငယ် သွားချင်တာတောင် ရောဂါဥပါဒ် အန္တရာယ် ဖြစ်မှာစိုးလို့ သွားချင်တာတောင်မှ ဒီဧျးဝယ်က မပြတ်နိုင်သေးလို့ ရှိယင် ဟို-သေနာပေါ်တာ အာသာ နေစမ်းပါ၊ ဒီလူငါခိုင်းတာ လုပ်တာ မဟုတ်ဘူး.... ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

သေနာပေါ်တာကတော့ ခဏခဏမပေါ်ဘူးလား.... (ပေါ်ပါတယ်ဘုရား) သို့သော်လဲ ခင်ဗျားတို့ သွားရဲသလားတဲ့သူခိုင်းတာကိုဘဲ ကြိုးစားနေရတယ်.... (မှန်ပါ့ဘုရား) ဦးခင်မောင်ယဲ့ကြောက်ဖြစ်နေတယ်....(မှန်ပါ့ဘုရား)။

ဘယ် နှယ်ဖြစ်နေသလဲ.... (ယဲ့ကြောက်ပါဘုရား) ယဲ့ကြောက်ဆိုတာ အတော်အရုပ်ဆိုးတယ်နော်.... (မှန်ပါ့ဘုရား) တကာ တကာမတို့ ယဲ့ကြောက်ဟာ ဘာတဲ့တုံး- (အတော် အရုပ်ဆိုးပါတယ်) မြန်မာကြက်ဖကြီးကို ကြက်တိန်ညင်ကလေးက လိုက်နေတဲ့အခါ ဦးခင်မောင် ကြည့်ကောင်းရဲ့လား (မကောင်းပါဘုရား)။

ကြက်တိန်ညင် ကလေးက သေးသေးဆိုပါတော့.... (မှန်ပါ့) မြန်မာကြက်ဖကြီးက ထွားထွားကြီး.... (မှန်ပါ့) သို့သော် ယဲ့ယဲ့တုံးကတည်းက ကြက်ဖကြီးက ခုမှထွားရရှာတာကိုး ဗျ (မှန်ပါ့) ယဲ့ယဲ့တုံးကတည်းက ဒီ-တိန်ညင်အောက် သူက အသက်ယဲ့နေတော့ကြီးတော့လဲ ပြေးနေတာဘဲ....(မှန်ပါ့)။

မိုးကုတ်ဝိပဿနာ လုပ်ငန်းစဉ်တရား (၅)

ဘာပြုလို့ ပြေးနေတာတုန်း.... (ငယ်ကြောက် မို့လို့ပါဘုရား) ခင်ဗျားတို့ကော.... (ငယ်ကြောက်ပါဘုရား) ကြက်ငယ်ကလေးကလိုက်လို့ ကြက်ဖကြီးပြေးတာကျတော့ ဒီကြက်ကြီး ဖျင်းလိုက်တာလို့ ခင်ဗျားတို့ မပြောဘူးလား....ပြောသလား....(ပြောပါတယ်ဘုရား)။

ခင်ဗျားတို့ကော ဘယ် နှယ်ဆိုရမလဲ.... (ဖျင်းလိုက်တာလို့ ဆိုရပါမယ်) အတော်ဆိုးပါကလား တကာ တကာမတို့ ရိပ်မိပဲလား....(ရိပ်မိပါပြီ) ဒီကြက်ဖကြီးတွေက ဖျင်းဘဲဖျင်းလွန်းလှတယ်၊ ဒီကြက်ဖကြီးတွေကော.... (ဖျင်းပါတယ်ဘုရား) ဒီတစ္ဆာက အရှယ်ရှိရဲ့လား.... (မရှိပါဘုရား)။

တစ္ဆာ ဆိုတာကလေးက တကာတကာမတို့ တစ္ဆာဆိုတာ သမုဒယသစ္စာ၊ သမုဒယသစ္စာဆိုတာသည်....တဲ့ လောဘစင်စစ်ကလေးပါဘဲ၊ အရှယ်အကောင်း မရှိဘူး.... (မှန်ပါ့)။

အဲဒါကလေး ခင်ဗျားတို့က တမြို့လုံးကချီပြီး ကြောက်နေကြတယ်....(မှန်ပါ့) တအိမ်လုံးက.... (ကြောက်ပါတယ်) ဘယ် နှယ်ကြောင့်လဲ သူ့ကို ဘာဖြစ်လို့ မတော်လှန်နိုင်ပါလိမ့်မလဲ.... တကာ တကာမတို့ (ငယ်ကြောက်မို့ပါ ဘုရား) ငယ်ကြောက်ဖြစ်လို့....။

ဖြစ်မှဖြစ်ရပလေ၊ ဆံပင်ဖြူတဲ့လူကလဲ ကျောက်တာဘဲ၊ သွားကျိုးတဲ့လူကကော.... (ကြောက်တာဘဲ) ဘယ် နှယ်ကြောင့်တုံး-(ငယ်ကြောက်မို့လို့ပါဘုရား)။

နို့ငယ်ကြောက်ဆိုတာ တကာ တစ္ဆာမတို့ သူကခိုင်းတော့ကို မနေ မနား....(မှန်ပါ့) ကျွေးတော့ကို ကြည့်စား) ....(မှန်ပါ့)

ခိုင်းတော့ကို....(မနေမနား) ကျွေးတော့ကို....(ကြည့်စား) နို့....ဘယ်မှာ ကောင်းတာပါသေးရဲ့လား....(မပါပါဘုရား)။

မနေမနားခိုင်းလို့ရှိယင် ဒီလောက်မောလာတဲ့လူငါစားချင်သလို စားမယ်ဆိုတော့ ရရဲ့လား.... (မရပါဘုရား) တဏှာက ကြည့်လုပ်၊ ကြည့်လုပ်နော်....မြေက ထွက်တာ မဟုတ်ဘူးလို့ သူကပြောပြန်တယ်....(မှန်ပါ့)။

စားမည့်ကြံတော့လဲ သူကမစားနဲ့ပြောတယ်....လုပ်မည့်ကြံတော့ အပြေးသွားက....၊ ခလုတ်တိုက်ပြီးလဲလဲ....(မှန်ပါ့ဘုရား) အခိုင်းကျတော့လဲ ဘယ်နှယ်တုံး ရက်စက်တယ်.... (မှန်ပါ့) အကျွေးကျတော့ ချေတာတယ်.... (မှန်ပါ့)အဲဒါကို ခင်ဗျားတို့က ရိပ်မိကြပလား.... (ရိပ်မိပါပြီဘုရား)။

အခိုင်းကျတော့.... (ရက်စက်ပါတယ်) အကျွေးကျတော့.... (ချေတာပါတယ်) အဝများ ကျွေးရဲ့လား.... (မကျွေးပါ) အဲဒါ ခင်ဗျားတို့က ရိပ်မိကြပလား.... (ရိပ်မိပါပြီ) အခိုင်းကျတော့....(ရက်စက်ပါတယ်)အကျွေးကျတော့(ချေတာပါတယ်) အဝများ ကျွေးရဲ့လား.... (မကျွေးပါဘုရား)။

မကျွေးပါဘူး၊ခင်ဗျားတို့က အရိုးကိုက်ပြီးခလေးကလေးတွေ အသားပေးနေတာ....(မှန်ပါ့ဘုရား) ကျွေးရဲ့လား.... (မကျွေးပါဘုရား)။

တဏှာက ဟုတ်လေးဘဲ့ပေး၊ နှငမစားနဲ့ နှငကအရိုးကုက အံမာဟေး....ကြောက်စရာကြီးပါကလား....တကာ တကာမတွေ (မှန်ပါ့)ဘယ်သူပါလိမ့်....(တဏှာပါဘုရား) ကဲ....ဘယ်လောက်ဆိုးသတုန်း.... (ဆိုးပါတယ်ဘုရား)။

ဆိုးသာဆိုးတယ် ခင်ဗျားတို့သည်ကားလို့ဆိုယင် သူ့ကိုရန်သူပါဘဲလို့ သိရဲ့လား.... (မသိပါဘုရား) ဒါ့ကြောင့် တကာတကာမတို့ ဒီတဏှာဆိုးကြောင်းကို ယနေ့ ရှင်းပြပါဦးမယ်....။ ဒီဘက် အသာ ထားလိုက်စမ်းပါဦး "ပဘဝလက္ခဏံ သမုဒယသစ္စံ"....တဲ့။

သမုဒယသစ္စံ=တဏှာဆိုတဲ့ သမုဒယသစ္စာသည်၊ ပဘာဝလက္ခဏံ = ဆင်းရဲဒုက္ခဟူသမျှ၏ စ၍ဖြစ်ကြောင်း မကောင်းသော လက္ခဏာရှိ၏....(မှန်ပါ့ဘုရား)။

သူဝင်လာလို့ရှိယင် ဆင်းရဲပေးတော့မလို့တဲ့၊ သေသွေချာချာမှတ်ပါ.... (မှန်ပါ့) စောစောလာယင်.... (စောစောဆိုးပါမယ်) နေထုတ်ခါနီးမှ လာယင်.... (နေထုတ်ခါနီး ဆိုးပါတယ်) နေ့လည်မှလာယင်....(နေ့လည်မှာဆိုးပါတယ်) ဘာပေးမလို့တုံး (ဆင်းရဲ ပေးမလို့ပါဘုရား) ဆင်းရဲပေးမလို့ လာတာနော်.... (မှန်ပါ့)။

အဲဒါ ခင်ဗျားတို့က မရိပ်မိဘူး၊ ကိုယ့် လောဘ ကလေးရှိလို့ ဒီနေ့ ဒီလောက်ရလိုက်သေးတာ၊ ဆင်းရဲပေးမလို့ လာတာတော့ မသိသိုက်ဘူး....(မှန်ပါ့ဘုရား)စင်စစ် ဘာလုပ်မလို့လာတာတုံး- (ဆင်းရဲပေးမလို့ လာတာပါဘုရား)။

သူသာရောက်လာလို့ရှိယင်တဲ့ ဆင်းရဲပေးတဲ့အခါမှာလဲ....တဲ့ တကာ တကာမတို့ မှတ်ထားပါ၊ တခါတည်းပေးမည်မဟုတ်ဘူးတဲ့....ဒီအလုပ်ပြီး တိုအလုပ်၊ ဟိုအလုပ်ပြီး ဒီအလုပ် ဆက်ခိုင်းမလို့လာတာတဲ့.... (မှန်ပါ့ဘုရား)။

တကာ တကာမတို့ ပထမလာတာကတော့ ဘာပေးမလို့လဲ-(ဆင်းရဲပေးမလို့ပါ) နောက်ကျတော့ ဆင်းရဲလက်စ မပြတ်ရအောင်လို့ တခါလုပ်ပြန်တယ်....(မှန်ပါ့ဘုရား) ပထမ ဘာပေးသလဲ....(ဆင်းရဲ ပေးပါတယ် ဘုရား)။

ဆင်းရဲပေးပြီး တခါပေးပြီး ပြီးတာဘဲလား.... ဆင်းရဲလက်စ မပြတ်ရအောင်လို့ဘဲ....သူလုပ်နေပြန်သလား.... (ဆင်းရဲလက်စ မပြတ်ရအောင် လုပ်နေပါတယ်ဘုရား)။

ဒါကြောင့် "ပဘဝလက္ခဏံ သမုဒယ သစ္စံ၊ အနုပစ္ဆေဒ ကရဏရသံ၊ ပလိဗောဓ ပစ္စုပဋ္ဌာနံ" ပလိဗောဓ ပစ္စုပဋ္ဌာနံ ကျတော့ တကာ တကာမတို့ ခင်ဗျားတို့ နိဗ္ဗာန်ဘက်ထွက်သွားမှာတောင် သူကတားထားတယ် (မှန်ပါ့)ဘယ်မှာ ကောင်းတာပါသေးတုန်း.... (မပါပါဘုရား)။

တကာ တကာမတို့ ဝင်လာကတည်းက သူက ဆင်းရဲပေးမလို့....(မှန်ပါ့ဘုရား) နောက်ကျတော့ မပြတ်ဆင်းရဲအပ်တဲ့ အလုပ်ကြီးထဲကို သူက ထောင်ချလိုက်တယ်.... (မှန်ပါ့ဘုရား)။

ဆင်းရဲဟူသမျှကို အကုန်သိမ်းပိုက်ဟဲ့....လို့ ဆိုပြီးသကာလ ဦးခင်မောင်....သူက မချယ်လှယ်ဘူးလား ... (ချယ်လှယ်ပါတယ် ဘုရား)ချယ်လှယ် ပြီးသည့်နောက်, နောက်ဆုံးပိတ် တနေ့ကျတော့ ချမ်းသာစစ်သွားတော့မယ်ဆိုတော့ မသွားနဲ့လို့ကန့်ကွက်တယ်....(မှန်ပါ့) နိဗ္ဗာန်ဘက် သွားမယ်ဆိုတော့ ....(ကန့်ကွက် ပါတယ်ဘုရား) ကန့်ကွက်တယ်၊ ဘယ်မှာ ကောင်းတာပါကြသေးရဲ့လား.... (မပါပါဘုရား) သဘောပါကြလား.... (ပါပါတယ် ဘုရား)။

ဒါဖြင့် ဒီတရားသည် ခင်ဗျားတို့ဝမ်းထဲ ရှိထိုက်ကောင်း-မရှိထိုက်ကောင်း-(မရှိထိုက်ကောင်းပါဘုရား) မရှိထိုက်ကောင်းတာ မသေချာဘူးလား.... (သေချာပါတယ် ဘုရား)။

သို့သော်လဲ ခင်ဗျားတို့က သူမရှိယင် ပျင်းတယ်....(မှန်ပါ့ဘုရား) ခင်ဗျားတို့ စိတ်ထင်က ဘာတဲ့.... (သူမရှိယင် ပျင်းပါတယ်ဘုရား) သူမရှိယင် ပျင်းတယ်တဲ့၊ ဘယ်နှယ်ကြောင့် သူမရှိယင် ပျင်းသတုန်းဆိုတော့ အို-အိမ်ကလဲ ခလေးမရှိဘူးဆိုလို့ ရှိယင်ဖြင့် ခင်စရာ- ပွေ့စရာ ကျင်ကြီးကြုံးစရာက မရှိဘဲကိုးဗျ-(မှန်ပါ့)။

ပျင်းလိုက်တာ၊ဘာဖြစ်လို့ပြင်းတာတုန်း.... (ခင်စရာမရှိလို့ပါ) သမုဒယ ခင်စရာမရှိတာနဲ့ ဘာဖြစ်ကုန်သတုန်း.... (ပျင်းပါတယ်ဘုရား) ပျင်းကုန်းတယ်- အိမ်ကြီးက ဇရပ်ကြီးဖြစ်နေတာဘဲ၊ မပြောကြဘူးလား.... (ပြောပါတယ်ဘုရား) အင်း....သူမရှိတော့ ခင်ဗျားတို့က ဘယ်နှယ်တဲ့.... (ပျင်းပါတယ်ဘုရား)။

ပျင်းတယ်ဆိုတော့ ဘယ်ကောင်းနိုင်စရာ ရှိသေးသတုန်း.... (မှန်ပါ့)သူရှိတော့ကို ဆင်းရဲပေးမလို့ လာတယ်.... (မှန်ပါ့) ဆင်းရဲလက်စ မပြတ်အောင်လို့ လာတယ်..... (မှန်ပါ့ဘုရား) ထုတ်ရပ်လမ်းဆိုတာကို ပိတ်ပင်မလို့လာတယ်....(မှန်ပါ့) သူကသုံးဆင့်တောင် မကောင်းတာလုပ်တယ်.... (မှန်ပါ့) ရိပ်မိပလား (ရိပ်မိပါပြီ) ၁-နံပါတ် သူဝင်လာယင် ဘာလုပ်မလို့တုန်း.... (ဆင်းရဲပေးမလို့ပါဘုရား)။

နောက်ကျလို့ ရှိယင်တော့ဖြင့် ဆင်းရဲပေးရုံဘဲလားဆိုတော့ ဆင်းရဲလက်စ မပြတ်ရအောင်လို့လဲ စီမံဦးမယ်.... (မှန်ပါ့) ကောင်းသေးရဲ့လား.... (မကောင်းပါဘုရား)။

မိုးကုတ်ဝိပဿနာ လုပ်ငန်းစဉ်တရား (၅)

ဆင်းရဲပေးမလို့ လာတာလဲသူဘဲ၊ ဆင်းရဲလက်စ မပြတ်ရ အောင်လို့ လုပ်မှာလဲ.... (သူပါဘဲဘုရား) ချမ်းသာမည့်ဆီကျ တော့....နိဗ္ဗာန် သွားမည့်ဆီ ကျတော့.... ပိတ်ပင်လိုက်တယ်.... (မှန်ပါ့)။

ဒါဖြင့်ဒီဥစ္စာကြည်ညိုထိုက်-မကြည်ညိုထိုက်.... (မကြည်ညိုထိုက်ပါဘုရား) ဒါဟာ ခင်းဗျားတို့ ပေါ်ပလား....(ပေါ်ပါပြီ) တဏှာ၏အပြစ်ကို ပြောနေတယ်.... (မှန်ပါ့)။

ကိုင်း....ဒါဖြင့် တကာ တကာမတို့ နာရီကလဲစေ့ပြန်တော့ ဝိပဿနာ မကူးနိုင်ဘူး၊ ဒီဟာ ဝိပဿနာ ရှုရမည့်အလုပ်ဘဲ....၊ သဘောကျပလား (ကျပါပြီဘုရား)။

ကဲ....အိမ်ကျယင် သုံးသပ်ရအောင် သင်လှုတ်ပါဦးမယ်....၊ ဇရာမရဏ ဘယ်ကလာသတုန်း....(ခန္ဓာငါးပါးက လာပါတယ်) ခန္ဓာငါးပါး ဘယ်က လာသလဲ.... (တဏှာက လာပါတယ်) တဏှာ ဘယ်က လာသလဲ.... (ခင်စရာ မင်စရာက လာပါတယ် ဘုရား)။

ဒါဖြင့် ခင်စရာ မင်စရာကို တကာ တကာမတို့ ခင်စရာ မဟုတ်အောင် ရှုတတ်တဲ့ဉာဏ် မလာသေးသ၍ ဒီတဏှာမသေသေးဘူး ...(မှန်လှပါဘုရား) ဒီတဏှာ မသေသေးသ၍ ဒီခန္ဓာရမယ်....(မှန်ပါ့ဘုရား)။

ဒီခန္ဓာလာယင် ဒီ....အို့ဘေး နာဘေး သေဘေးတွေက ခင်ဗျားတို့ ကိုယ်ပိုင်ပစ္စည်း ဖြစ်ရမယ်ဆိုတာ သေချာပလား.... (သေချာပါတယ်ဘုရား)။

ကိုင်း....နာရီကစေ့လို့ နက်ဖန်မှ ဝိပဿနာ ကူးကြစို့-။

သာဓု....သာဓု....သာဓု။

ကျေးဇူးတော်ရှင်, အဂ္ဂမဟာပဏ္ဍိတ

အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း- မိုးကုတ် ဆရာတော်ဘုရား

မန္တလေးမြို့၊ ဦးချစ်ဆွေ ဓမ္မာရုံ၌

ဟောကြားတော်မူသော

(ဝိပဿနာဉာဏ်မှ မင်္ဂဉာဏ်သို့)

ကုန်းပြောင်းပုဇော် တရားတော်

(၂-၃-၆၁)

တကာ တကာမတွေ့ ကိုယ်နှုတ်ပေါ် လက်တင် တွေးကြပါဆိုတဲ့ဥစ္စာ မှာလိုက်တယ်နော်....(မှန်ပါဘုရား)။

အို နာ သေ-ဘယ်က လာပါလိမ့်မလဲလို့ တွေးဖြစ်အောင် တွေးပါနော်....(မှန်ပါဘုရား)ဘယ်နှယ်ကြောင့် ဆရာဘုန်းကြီးက အတွေးခိုင်းပါလိမ့်မလဲလို့ မေးတဲ့အခါ ကျလို့ရှိယင်ဖြင့် သစ္စာမသိဘဲ နေမှာစိုးလို့ သတိပေးရပါသည်လို့ မှတ်ရလိမ့်မယ်နော်....(မှန်ပါဘုရား)။

သစ္စာမသိယင် သံသရာရှည်တယ်၊ သစ္စာသိမှ သံသရာပြတ်တယ်ဆိုတဲ့ဥစ္စာ သေသေချာချာ မှတ်ပြီး ထားတဲ့အခါကျတော့ ဒီလို ပဋိလောမ ပြောင်းပြန် လှန်မေးမှသာလျှင် သစ္စာကလဲ ရှင်းရှင်း လင်းလင်းနဲ့ ဘွင်းဘွင်းကြီး ပေါ်လာတော့တယ်ဆိုတာ မှတ်ထားရမယ်....(မှန်ပါဘုရား)။

အဲဒီတော့ တကာ တကာမတွေ့က ယခု အိုဘို့ နာဘို့ သေဘို့ အဆင်သင့် ရ,ထားကျတယ်နော်....(မှန်ပါဘုရား) အို,နာ,သေ

အဆင်သင့်ဆိုတဲ့ ခန္ဓာကြီး ရ,မထားကြဘူးလား....(ရ,ထားပါ တယ်ဘုရား)။

အဲဒီ အို,နာ,သေ-ဆိုတဲ့ အဆင်သင့် ခန္ဓာကြီးဟာ တကာ တကာမတို့ သိတဲ့အတိုင်းတဲ့ ဩော်....ဒီ-အို,နာ,သေဟာ ဒို့မလဲ သာ မရှောင်သာ တွေ့ရမှာဘဲ၊ရှောင်သာတဲ့ လမ်းများ ရှိလေ သေးသလား.... မရှောင်သာတဲ့ လမ်းဘဲလားဆိုတာ နှစ်ချက် တွေးရမယ်.... (မှန်ပါ့ဘုရား)။

အို,နာ,သေ-ဆိုတာ ရှောင်သာတဲ့ လမ်းလား....မရှောင်သာ တဲ့လမ်းလားဆိုတာ နှစ်ချက် တွေးရမယ်နော်....(မှန်ပါ့ဘုရား) အို,နာ,သေ-ဆိုတာ ရှောင်ရှားလို့ ဖြစ်တဲ့လမ်းလား....သို့မဟုတ် ဟာ.... ဒါထုံးစံလားလို့ ဒီလို နှစ်ချက် တွေးကြည့်စမ်းပါ.... နော်....(မှန်ပါ့ဘုရား)။

နှစ်ချက် တွေးကြည့်တဲ့အခါ ကျတော့ ပေါ်လာပါလိမ့်မယ် ဆိုတာ ဘုန်းကြီးတို့ တကာ တကာတွေ မှတ်လိုက်စမ်းပါ.... (မှန်ပါ့)အို,နာ,သေ-တွေဟာ တကာ တကာမတို့ ဘယ်ကလာ တာတုံးလို့ ကိုယ့်ဟာကိုယ် တွေးကြပါနော်....(မှန်ပါ့ဘုရား)။

ကိုယ့်ဟာကိုယ် တွေးကြတဲ့ အခါကျတော့ ဘုန်းကြီးမနေ့က ကိုယ့်ဟာကိုယ် သုံးသပ်ကြပါလို့ ဘုရားက နိဒါနဝဂ္ဂ သံယုတ် ပါဠိတော် သမ္မသနသုတ်မှာ ဟောထားတော့ အို,နာ,သေ-သည် ကားလို့ဆိုယင် တကာ တကာမတို့ ဘယ်ကလာသတုံး....(ခန္ဓာ ငါးပါးက လာပါတယ်ဘုရား) ကိုက်ပါပြီတဲ့၊ ခန္ဓာငါးပါးရှိလို့ ဩော်....အို,နာ,သေ-လာတာဘဲ....(မှန်ပါ့)။

ဒီဘက်က အိုနာသေ၊ ဒီ အိုနာသေ သည်ကားလို့ ဆိုယင် ခန္ဓာရှိတဲ့ပုဂ္ဂိုလ်၏သွားရာ လမ်းခရီးအဖြောင့်ကြီးဆိုတာ မှတ်လိုက်တာပေါ့....(မှန်ပါဘုရား) ခန္ဓာရှိတဲ့ပုဂ္ဂိုလ်၏ သွားရာလမ်းခရီးအဖြောင့်ကြီးဆိုတာ မှတ်ထားလိုက်တာပေါ့.... (မှန်ပါ)။

ဒါဖြင့် တကာတကာမတို့ ဒီနေရာမှာ ခန္ဓာသည်ကားလို့ ဆိုလို့ရှိယင်ဖြင့် ရူပက္ခန္ဓာ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာလို့ ခန္ဓာငါးပါးရှိတယ်၊ သြော်....ဒီခန္ဓာငါးပါး ရှိနေလို့ရှိယင်ဖြင့် ဘာတွေမျှား ပေါက်ပွားပြီး လာမတုန်းလို့ မေးတဲ့အခါကျတော့ ခန္ဓာငါးပါးထဲက အိုမှုနာမှု သေမှု ပေါက်ပွားလာတယ်....(မှန်ပါဘုရား)။

ခန္ဓာထဲက ဘာတွေမျှား ပေါက်ပွားလာမယ်....(အိုမှုနာမှု သေမှု ပေါက်ပွားလာပါတယ်)အိုမှုနာမှု သေမှုတွေ ပေါက်ပွားလာလိမ့်မယ်ဆိုတာ ဘုန်းကြီးတို့ တကာတကာမတွေ ရှင်းကြပါရော့မယ်နော်....(မှန်ပါ့)။

သြော်-ဒါဖြင့် ဒီခန္ဓာရှိယင် ကောင်းသလား-မရှိယင်ကောင်းသလားဆိုတဲ့ဥစ္စာ ယခုအချိန်ကစပြီး တွေးလိုက်လို့ ရှိယင်ဖြင့် အင်း....ခန္ဓာမရှိယင် ကောင်းတယ်....(မှန်ပါ့)။

တကာတကာမတို့ ဘယ်လိုတွေးမိကြသလဲ.... (ခန္ဓာမရှိယင် ကောင်းပါတယ်ဘုရား)သြော်....ခန္ဓာမရှိယင် ကောင်းတယ်ဆိုတဲ့ဥစ္စာပေါ်လာတယ်၊ဘာ့ကြောင့်တုံးလို့ ဆိုလို့ရှိယင် ခန္ဓာကိုယ်ရှိလို့ အိုနာသေ လာပါတယ် (မှန်ပါ့ဘုရား)ခန္ဓာရှိလို့ဘာပါလိမ့်-(အိုနာသေ လာပါတယ်ဘုရား)။

အင်း....ဒီ အို နာ သေဟာ ဘယ်ကမျှား အညွှန့်အညောင့်တွေ ပေါက်ပြီးသကာလ လာပါလိမ့်မလဲလို့ ဘုန်းကြီးတို့.... တကာတကာမတွေ့ မှန်မှန်ကန်ကန် သစ္စဉာဏ်နဲ့ တွေးလိုက်တဲ့ အခါကျတော့ ခန္ဓာက ပေါက်ပွားလာတယ်....(မှန်ပါ့)။

ဒါဖြင့် ဒီ ခန္ဓာသည်ကားလို့ ဆိုယင်ဖြင့် တကာတကာမတို့ ဘယ်ခန္ဓာရရ၊ အို နာသေဆိုတဲ့ အသီး-အပွင့်တွေဘဲ ထွန်းကား လာမှာဘဲ,ပေါက်ပွါးလာမှာဘဲဆိုတာငြင်းဘို့ လိုသေးသလား.... (မလိုပါဘုရား) အင်း....ခန္ဓာရှိယင် ဘာတွေမျှား ထွန်းကား ပေါက်ပွါးလာပါ့မယ်.... (အို နာ သေ တွေ့ ပေါက်ပွါးလာပါ့ မယ်ဘုရား)။

အင်း....ဒါဖြင့် ဘုန်းကြီးတို့ တကာ တကာမတွေ့မှာ ခန္ဓာ ဆုတောင်းမိတဲ့အတွက် ခန္ဓာရအောင် ကြိုးစားမိတဲ့အတွက် အို နာ သေနဲ့ ဖြင့် မခဲ့နိုင်,မခွါရက် ဖြစ်ပြီးသကာလ မကြိုက်တာ ကြီးနဲ့ တွေ့ရတော့မယ်....(မှန်ပါ့ဘုရား)။

အို နာ သေဆိုတာ ကြိုက်စရာလား.... မကြိုက်စရာလား.... (မကြိုက်စရာပါ ဘုရား) မကြိုက်စရာအဖြစ်ဆိုတာသေချာပလား (သေချာပါပြီဘုရား)။

အဲဒီတော့ သူ့ မကြိုက်တာသည် ဘုန်းကြီးတို့က အပြစ် မဆိုပါဘူးတဲ့၊သူဟာတော့ ရောက်မှ ခင်ဗျားတို့က မကြိုက်တာ၊ သူ့ ရေသောက်မြစ်က ဘယ်က လာသတုံးဆိုတာ တွေးလိုက်တော့မှ ခန္ဓာငါးပါးက လာတာ....(မှန်ပါ့ဘုရား)တကာတကာမတို့ အို နာ သေ ဘယ်ကလာပါလိမ့်.... (ခန္ဓာငါးပါးက လာပါတယ် ဘုရား)။

ဒါဖြင့် ခန္ဓငါးပါးကို ရချင်တဲ့ ပုဂ္ဂိုလ်ဟာ အိုနာသေ ဆုတောင်း ပြည့်ချင်လို့.... (မှန်ပါဘုရား) ခန္ဓာငါးပါး ရချင်တဲ့ ပုဂ္ဂိုလ်များဟာ....(အိုနာသေ ဆုတောင်းပြည့်ချင်လို့ပါ)။

အိုနာသေ ဆုတောင်းပြည့်ချင်လို့ဆိုတော့ လူဖြစ်ရ ပါလို၏၊ အိုနာသေနဲ့အတူ နေရပါလို၏၊ နတ်ဖြစ်ရပါလို၏ ဆိုယင်ကော....(အိုနာသေနဲ့အတူနေရပါလို၏)ဗြဟ္မာဖြစ်ရပါလို၏ ဆိုယင်ကော....(အိုနာသေနဲ့ အတူ နေရပါလို၏ဘုရား)။

ဒါကို ခင်ဗျားတို့ကလဲ လူ့ပြည်နတ်ပြည် အကြိမ်ကြိမ်ခံစား၍ ဆိုတော့ အိုနာသေတော့ အကြိမ်ကြိမ်တွေ့ရ၍ ဆိုတဲ့ အဓိပ္ပါယ် ရောက်-မရောက်.... (ရောက်ပါတယ်ဘုရား) ဒါဖြင့် ခင်ဗျားတို့၏ အမှားတော်ပုံပေါ်ဗျာ....(မှန်ပါဘုရား)။

ဘယ်နှယ်ကြောင့် မှားပါလိမ့်မလဲလို့ လက်သည်ရှာတော့မှ တကာတကာမတို့ မှားပုံက တခြားကြောင့် မှားတာ မဟုတ်ဘူး၊ အိုတာလဲ ဇရာပိဒုက္ခသစ္စံ၊ ဗျာဓိပိဒုက္ခသစ္စံ၊ မရဏပိဒုက္ခသစ္စံ ဆိုတော့ ဒီဒုက္ခသစ္စာ သုံးချက်ကို တကာတကာမတွေ့ကမသိတော့ ခန္ဓာ ဆုတောင်းနေတတ်တယ်.... (မှန်ပါ့)။

ဒီသစ္စာကိုမသိတော့ ဘာတုန်း.... (ခန္ဓာဆုတောင်းပါတယ်ဘုရား) ခန္ဓာဆုတောင်းနေလို့ကြတာ၊ ကိုယ်ကျိုးနည်းပါပြီ၊ တကာတကာမတို့ ခန္ဓာ ဆုတောင်း ယူလုံ့ကတာ ဘယ်နှယ်ဖြစ်လာသတုန်း....(ကိုယ်ကျိုးနည်းပါပြီဘုရား(။

အိုနာသေနဲ့ တွေ့ရတော့ တကာဝ....ဒုက္ခာ ဩဇာ-ငါတို့ အလွဲအချော်တွေဖြင့် လုပ်မိပေါ့လို့ ဆိုလို့ရှိယင် လွဲပါ့မလား (မလွဲပါဘုရား) လူခန္ဓာ ဖြစ်ရပါလို၏၊ နတ်ခန္ဓာ ဖြစ်ရပါ

လို၏....ဆိုတော့ အိုနာသေနဲ့ မခွဲမခွါရပါလို၏၊ ဒီ မရောက်ကြဘူးလား....(ရောက်ပါတယ်ဘုရား)။

ဩော်.... ခင်ဗျားတို့ကလဲ ကိုယ့်ဟာကိုယ် ပါးစပ်ထဲမှာထည့်ရင်းမတ္တာနဲ့ အရုပ်ဆုံးတာ မသတာက အတောနာတယ်....(နာပါတယ်ဘုရား) လူခန္ဓာဖြစ်ရပါလို၏ ဆိုတော့ အိုနာသေနဲ့မခွဲ,မခွါဖြစ်ရပါလို၏၊ နတ်ခန္ဓာ ဖြစ်ရပါလို၏ ဆိုယင်ကော....(အိုနာသေနဲ့မခွဲ,မခွါ ဖြစ်ရပါလို၏) ငြဟ္မာခန္ဓာ ဖြစ်ရပါလို၏ ဆိုတော့.... (အိုနာသေနဲ့မခွဲတမ်း ဖြစ်ရပါလို၏ဘုရား)။

ဩော်....နောက်ဖြင့် ဘယ်တော့မှ နှုတ်ထဲ မထည့်လိုက်ပါနဲ့နော်....(မှန်ပါဘုရား) ဘယ် နှယ်ကြောင့်တုန်း ဆိုတော့ ဒီလူခန္ဓာဖြစ်ရပါလို၏ ဆိုတဲ့ပုဂ္ဂိုလ်ဟာ ဘာကိုမသိလို့တုန်းလို့ မေးတဲ့အခါကျတော့ အိုနာသေ ဒုက္ခသစ္စာ မသိလို့(မှန်ပါဘုရား)။

မိမိခန္ဓာကြီးလဲ ဒုက္ခသစ္စာလို့ မသိလို့....(မှန်ပါ)ပေါ်ကြပလား-(ပေါ်ပါပြီ)တကာသစ် ဘာမသိတာတုံး-(မိမိခန္ဓာကိုယ် ဒုက္ခသစ္စာလို့ မသိတာပါဘုရား) ဘုရားကလဲ ဘုရားတိုင်းဘဲ တကာတကာမတို့ တရားဦး ဟောတော် မူတဲ့အခါ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခသစ္စာ၊ ဟ....ဒုက္ခသစ္စာက မင်းတို့ ခန္ဓာငါးပါးကြီးဟာ၊ ဘယ် နှယ်များ ဟောတော်မူခဲ့ ကျပါလိမ့် ဘုရားရှင်တို့က....(ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခသစ္စာပါဘုရား)။

ကိုယ်တော်တို့က ဒုက္ခသစ္စာလို့ဟောတယ်၊ တပည့်တော်တို့က ရ-ရပါလို၏.... (မှန်ပါဘုရား) ဘုရားက.... (ဒုက္ခသစ္စာလို့ ဟောပါတယ်) ခင်ဗျားတို့က....(ရ-ရပါလို၏)ဘယ် နှယ်တုန်း.... ဘာလုပ်ကြတာတုံး ခင်ဗျားတို့ဟာက....(ဘုရားကိုအရှဲတိုက်နေ

ကြတယ်) ဘုရားကို ခင်ဗျားတို့ ဘေးတိုတ်တဲ့အဓိပ္ပါယ်မရောက်ဘူးလား....(ရောက်ပါတယ်ဘုရား)။

ဘယ်နှယ် တိုက်ချင်လို့ တိုက်တာလားလို့ မေးတဲ့အခါကျတော့မှ တိုက်ချင်လို့ တော့တိုက်တာမဟုတ်ပါဘူး၊ ကိုယ့်ဉာဏ်ထဲနှာ သစ္စာမသိလို့ တိုက်မိရက်ကြုံပါတယ်.... (မှန်ပါဘုရား) ကိုယ့်ဉာဏ်ထဲသစ္စာမသိလို့....(တိုက်မိရက်ကြုံပါတယ်ဘုရား)။

ကိုယ့်ဉာဏ်ထဲ သစ္စာမသိလို့ တိုက်မိရက်ကြုံလို့ ရှိယင်လဲ သစ္စာမသိတဲ့ဘဝတိုင်းမှာဖြင့် ခန္ဓာရ, ရုပါလို့၏ချည်းလာကြမှာဘဲ့....(မှန်လှပါဘုရား) တခြားလာစရာရှိသေးရဲ့လား....(မရှိပါဘုရား) အဲဒါကြောင့် ခင်ဗျားတို့ သစ္စာသိယင် သံသရာပြတ်ပါလိမ့်မယ်ဆိုတဲ့ အဓပ္ပါယ်ဟာ ရှင်းသွားပါလိမ့်မယ်.... (မှန်ပါ) မရှင်းကြသေးဘူးလား.... (ရှင်းပါတယ်ဘုရား) သစ္စာသိယင် (သံသရာပြတ်ပါတယ်) သံသရာပြတ်ပါလိမ့်မယ်....။

ဒါ့ကြောင့် ဒီတရားမှာဖြင့် သစ္စာအဓိကာထးတယ်ဆိုတဲ့ဥစ္စာ သေသေချာချာမှတ်ဘို့ရာ အခု လေးလေးစားစားပြောနေတယ်လို့ စိတ်ထဲ ဆုံးဖြတ်ချက်ချပါနော်.... (မှန်ပါ) ကိုင်း....ဒါဖြင့် တကာ တကာမတို့ အို့, နာ, သေ ဘယ်ကလာပါတယ်....(ခန္ဓာငါးပါးက လာပါတယ်ဘုရား)။

ဒါဖြင့် ခန္ဓာငါးပါးကို ရအောင်-လုပ်ကောင်း-မလုပ်ကောင်း (မလုပ်ကောင်းပါဘုရား) ဘာ့ကြောင့် မလုပ်ကောင်းပါလိမ့် တကာ တကာမတို့....(ဒုက္ခသစ္စာဖြစ်၍မလုပ်ကောင်းပါဘုရား)။

ဒုက္ခသစ္စာမို့ တကာဝ-ရေ.... ဦးခင်မောင်ရေ.... ရိပ်မိပလား (မှန်ပါဘုရား) ခန္ဓာငါးပါးဟာ ဘာသစ္စာ.... (ဒုက္ခသစ္စာပါဘုရား)။

ဒုက္ခသစ္စာကြီးဟာ ဘာတွေမျှား အညွှန့် အညှောင့် တွေ ပေါက်တတ်တယ်ဆိုတာ မပေါ်သေးဘူးလား.... (ပေါ်ပါတယ် ဘုရား) အင်း.... ဘာတွေမျှား အညွှန့် အညှောင့်တွေပေါက်ပါ လိမ့်.... (အိုနာသေတွေ ပေါက်ပါတယ်ဘုရား)။

ဒါဖြင့် ဒီဘဝ တကာ့တကာမတွေအခု တရားနာနေကြတာ ယောကျ်ားတွေလား.... မိန်းမတွေလားလို့ မေးယင် ဘယ် နှယ် ဖြေကြမလဲ.... (ခန္ဓာငါးပါးတွေပါဘုရား) ခန္ဓာငါးပါး ဘယ် တရားတွေပါလိမ့်.... (ဒုက္ခသစ္စာတရားတွေပါဘုရား)။

ဒုက္ခသစ္စာတရားတွေ၊ အင်း....ရှေ့ ကိုတပည့်တော်တို့ ဗေဒင် မေးလိုက်တဲ့အခါ အိုဇာတာကောင်းမှာလို့ မေးချင်လဲ ခင်ဗျား တို့မေး၊ မလဲသာယင်လဲ မေးကြတာပေါ့ဗျာ....နော်.... (မှန်ပါ ဘုရား)။

အိုဇာတာ ကောင်းမှာလား.... နာဇာတာ ကောင်းမှာလား သေဇာတာကောင်းမှာလား.... မသာကြီးချများဖြစ်မှာလားလို့ မမေးနဲ့တော့....(မှန်ပါဘုရား) ရိပ်မိပလား....(မှန်ပါ) ဒီသုံးခု ကိုယ်ပိုင်ရမှာဘဲ (မှန်ပါဘုရား)အိုမှုကြီးလဲ ကိုယ်ပိုင်ရမယ်၊ နာမှု ကြီးကော.... (ကိုယ်ပိုင်ရမှာပါ) သေမှုကြီးကော.... (ကိုယ်ပိုင် ရပါမယ်ဘုရား)။

အဲဒါ အိုဇာတာကောင်းတာသာမှတ်ပေရော့ ခင်ဗျားတို့.... (မှန်ပါဘုရား) နောက်ကို သွားမမေးကြနဲ့ နော်.... (မှန်ပါ ဘုရား) ဘာဖြစ်လို့ မမေးနဲ့လဲဆိုတော့ ခန္ဓာကြီး၏ အညွှန့် အညှောင့်ပေါက်မှာက ဒီသုံးညွှန့်ဘဲရှိတယ်.... (မှန်လှပါဘုရား) အိုညွှန့်နာညွှန့်သေညွှန့် ပေါက်မယ်....((မှန်ပါဘုရား)။

ခန္ဓာကြီးက အညွန့်ပေါက်လာမှာက....(အိုညွန့် နာညွန့် သေညွန့် ပေါက်ပါမယ်) အခုတကာတွေ့ထဲမှာ အရွယ်သုံးဆယ်တွေ့လေးဆယ်တွေ့, ငါးဆယ်တွေ့, ခြောက်ဆယ်တွေ့ ပါကြပါတယ် (မှန်ပါ့ဘုရား)။

တပည့်တော်တို့ ရှေ့ဘာဖြစ်ဦးမှာတုံး....ဟာ....တကာတကာ့ မတို့.... မမေးနဲ့နော်.... ရှေ့ကို ဒါသုံးခုရလိမ့်မယ်၊ ခင်ဗျားတို့ (မှန်ပါ့ဘုရား) ကိုညွှန့်ရှေ..... (ဒါသုံးခုဘဲ ရပါမယ်ဘုရား) ဦးခင်မောင်ရေ....ခန္ဓာက ဒါဘဲ ပေါက်သွားမယ်နော်....(မှန်ပါ့) ရှေတွေ့ ငွေတွေ့များ ထွက်လာဘို့ မြင်သေးသလား.... (မမြင်ပါဘုရား)။

ခင်ဗျား တို့က တော့ ရှေတွေ့ ငွေတွေ့ ထွက်လာလိမ့်မယ် ထင်လို့ မေးကြတာဘဲ၊ အိုဇာတာ ကောင်း-မကောင်းမေးတာဘဲ (မှန်ပါ့ဘုရား) မေးပင်မေးငြားဒဿလဲ ခန္ဓာက ထွက်လာတာက ဒါဘဲလာမယ်တဲ့....(မှန်ပါ့ဘုရား)သဘော ပါကြလား.... (ပါပါတယ်ဘုရား)။

ဒါဖြင့် ခန္ဓာကိုယ်ကြီးက ဘာအညွန့်တွေ့များ ပေါက်မယ် ဆိုတာဖြင့် ယနေ့ မရှင်းသေးဘူးလား.... (ရှင်းပါပြီ ဘုရား) အိုညွန့် နာညွန့် သေညွန့် ဒါတွေ့ဘဲ ပေါက်မယ်ဆိုတာ မသေချာဘူးလား.... (သေချာပါတယ် ဘုရား) ဘယ်ကထွက်လာတဲ့ အညွန့် အညောင့် တွေ့ပါလိမ့်.....(ခန္ဓာကထွက်လာတဲ့ အညွန့် အညောင့်တွေ့ပါ ဘုရား)။

ဩော်.... ဒါဖြင့် ခန္ဓာငါးပါးရအောင် ဆုတောင်းမိတဲ့ အတွက် ခန္ဓာငါးပါးဟာ ဒုက္ခသစ္စာလို့ မသိဘဲနဲ့ ရမ်းပြီးသကာလ တောင်းလိုက်တဲ့အတွက် တပည့်တော်တို့ဖြင့် ကိုယ်ကျိုးနည်းပါ

ပေါ့လား.... အိုညွှန့်, နာညွှန့်, သေညွှန့်တွေကဖြင့် မပေါက်ပါနဲ့ ဆိုလို့ ကို ရသေးရဲ့လား.....(မရပါဘုရား) ရှင်းပြီနော်..... (ရှင်းပါပြီဘုရား)။

ကဲ.... ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ပြန်သုံးသပ်ပါကွာ ဆိုလို့ သမ္မာသနသုတ်ကို ဟောနေတဲ့အတွက် အို, နာ, သေဘယ် ကလာပါလိမ့်.... (ခန္ဓာငါးပါးကလာပါတယ်ဘုရား)။

အဲဒါ ကိုယ့်ဟာကိုယ် သုံးသပ်ကြနော်.... (မှန်ပါ့) ကိုယ့် ဟာကိုယ်သုံးသပ်ကြတဲ့အခါကျတော့ဆိုယင်ဖြင့် အို, နာ, သေက ဘာသစ္စာ.... (ဒုက္ခသစ္စာပါ ဘုရား)။

ကောင်းပြီ ခန္ဓာငါးပါးကို ဒီနေရာလဲ မှတ်လိုက်စမ်းပါဦး၊ ခန္ဓာငါးပါးရှိလို့ အို,နာ,သေ လာသောကြောင့် တကာတကာမ တို့ ခန္ဓာကိုယ်က သမုဒယသစ္စာ၊ အို,နာ,သေက....(ဒုက္ခသစ္စာ ပါဘုရား)။

ခန္ဓာမရှိအောင် ရှုနိုင်လို့ ရှိယင်ဘာဆိုကြမယ်....(မဂ္ဂသစ္စာ) မရှိတာကို နိရောဓသစ္စာ....(မှန်ပါ့) မရှိအောင်ရှုနိုင်ယင်....(မဂ္ဂ သစ္စာပါ ဘုရား)မရှိတော့ပါဘူးဆိုလို့ ရှိယင်.... (နိရောဓသစ္စာ ပါဘုရား) နိရောဓသစ္စာ ဖြစ်ပါတယ် ဆိုတာ ပေါ်ကြပလား.... (ပေါ်ပါပြီ ဘုရား)။

သြော်....လေးချက်စေ့သွားပြီ၊ လေးချက်ကို အို, နာ, သေ က ဘာသစ္စာ.... (ဒုက္ခသစ္စာပါဘုရား) ခန္ဓာက ဘာသစ္စာ.... (သမုဒယသစ္စာပါဘုရား) ခန္ဓာမရှိအောင် ကျင့်တဲ့အကျင့်က.... (မဂ္ဂသစ္စာပါဘုရား) ကျင့်လို့ ခန္ဓာပါ ဆုံးရှုံးသွားမယ်ဆိုယင် ဘာသစ္စာလဲ.... (နိရောဓသစ္စာပါဘုရား)။

ဩော်....ဒါဖြင့် ခန္ဓာမရှိမှ နိဗ္ဗာန်ပါလား..... (မှန်လှပါဘုရား) ခန္ဓာမရှိတော့ အို,နာ,သေ-ကော..... (မရှိပါဘုရား) ဩော်....ဒါဖြင့် တကာ တကာမတို့ ကျင့်တဲ့ ပုဂ္ဂိုလ်ဟာ တယ်ကျေးဇူးရှိပါကလား.... (မှန်ပါဘုရား)။

သမုဒယသစ္စာလဲချုပ်၊ ဒုက္ခ သစ္စာလဲသိမ်း၊ ကျင့်တဲ့ပုဂ္ဂိုလ် များမှာ ဒုက္ခသိမ်းပါတယ် ဆိုတာကော ရှင်းကြပလား.... (ရှင်းပါပြီ)ကောင်းပြီ ဒါဖြင့် ဒီနေရာမှာ သစ္စာဖဲလိုက်တာနဲ့ တကာ တကာမတွေ့ သိသွားပါပြီ....တဲ့။

ပြန်ပြီး နောက်ဆုတ်တွေးပါဦး တကာ တကာမတို့နော်.... နောက်ဆုတ် တွေးတဲ့ အခါကျလို ရှိယင် ခန္ဓာငါးပါး ဘယ်က လာပါလိမ့်....(တဏှာက လာပါဘယ်ဘုရား)တဏှာက လာတယ် ဩော်....တယ်ဆိုးတဲ့ တရားပါကလား တကာ တကာမတို့....ခန္ဓာငါးပါး ဘယ်က လာပါလိမ့် တကာ တကာမတို့.... (တဏှာက လာပါတယ်ဘုရား)။

ဩော်....ဒါဖြင့် တဏှာက သမုဒယသစ္စာ၊ ခန္ဓာက....(ဒုက္ခ သစ္စာပါဘုရား) တဏှာနဲ့ခန္ဓာ ချုပ်အောင် ကျင့်တဲ့အကျင့်က (မဂ္ဂသစ္စာပါဘုရား) တဏှာရော ခန္ဓာရော ချုပ်သွားမယ်ဆိုယင်....(နိရောဓ သစ္စာပါဘုရား)။

ဩော်....ဒီလို သိရမယ်တဲ့၊ ဒီလိုသိရမယ်၊ သစ္စာ ဒီလိုလိုက်သွားရမယ်နော်....(မှန်ပါ့)တော်တော် အဘိုးတန်လာပြီ တကာ တကာမတို့၊ မနေ့က သည်ပိုးထားတာနဲ့ ယနေ့တော့ဖြင့် တကာ တကာမတွေ့ ဉာဏ်တော်တော်ထက်လာပြီ (မှန်ပါ့)ကိုင်း....ခန္ဓာငါးပါး ဘယ်ကများ လာပါလိမ့်.... (တဏှာက လာပါတယ်

ဘုရား)တဏှာ သမုဒယက လာတယ်ဆိုတာ မသေချာဘူးလား (သေချာပါတယ်ဘုရား)။

ဩော်....တဏှာက ဘာသစ္စာ.... (သမုဒယ သစ္စာပါဘုရား) အင်း....သူကဖြစ်စေတဲ့အကျိုး, ခန္ဓာတရားကြီးက....(ဒုက္ခသစ္စာပါဘုရား) သူတို့နှစ်ခု ချုပ်အောင် ကျင့်နိုင်တဲ့ အကျင့်က....(မဂ္ဂသစ္စာပါဘုရား) တကယ် ချုပ်သွားတဲ့ အခါကျတော့....(နိရောဓသစ္စာပါဘုရား)။

ဩော်....ဒီလို ချုပ်သွားပြန်တော့ နိဗ္ဗာန်ဆိုတာ သူတို့နှစ်ခု ချုပ်တာ ဆိုတာပါကလား....(မှန်လှပါဘုရား) ပေါ်ကြပလား (ပေါ်ပါပြီ)နိဗ္ဗာန်ဆိုတာ ဘာပါလိမ့်....(သူတို့နှစ်ခု ချုပ်တာပါဘုရား) သမုဒယနဲ့ ဒုက္ခ ချုပ်တာကို ဆိုပါတယ်....(မှန်ပါ့)။

တကာ တကာမတို့ နိဗ္ဗာန်ဆိုတာ ဘာပါလိမ့်....(သမုဒယနဲ့ ဒုက္ခချုပ်တာပါဘုရား)သမုဒယနဲ့ ဒုက္ခချုပ်တာကို ဆိုပါတယ်.....ဆိုတာ ကောင်းကောင်း ရှင်းမသွားသေးဘူးလား....(ရှင်းသွားပါတယ်ဘုရား)။

ကောင်းပြီ....ဒါဖြင့် တကာ တကာမတို့ အခု မနေ့ကပြောတဲ့ စကားလုံး အခုဘဲ ဘယ်ကလာမှန်း မသိတဲ့ အခါကျတော့ သူ့တည်ရှိအဖျားက နေပြီးသကာလ ဦးဝ,ရေ ရှောက်ပြီးမှတ်လိုက်တဲ့အခါကျတော့ အရင်းတော့ တွေ့မှာပေါ့.... (မှန်လှပါဘုရား)။

အရင်းပြလို့ရှိယင် ဒီ--ဗူးခါးပင်ကြီး သည်ကားလို့ ဆိုလို့ ရှိယင်ဖြင့် တကာ တကာမတို့ အိမ်ထဲမှာ မပေါက်ကောင်းတဲ့ ဗူးခါးပင်၊ စားလဲ့-ခါးတယ်၊ အသုံးလဲမကျ၊ ရှုပ်လဲ ရှုပ်နေသေး

တဲ့ ဗူးခါးပင်ကြီးဟာ အမြစ်လိုက်ရှာပြီး အမြစ် ဖြတ်လိုက်ရလို့ ရှိယင် ဗူးခါးမျိုး ပြုတ်ကရောပေါ့ဗျာ....(ပြုတ်ပါတယ် ဘုရား)။

ဒီမှာလဲ ခန္ဓာဒုက္ခသစ္စာကြီး ပြုတ်တော့မည့် တရားလို့ သေသေချာချာ မှတ်ပါ- (မှန်ပါ့ဘုရား)ခန္ဓာ ဘာသစ္စာကြီးပါလိမ့်- (ဒုက္ခသစ္စာပါဘုရား) ဒါကြီး ပြုတ်အောင် ယနေ့တော့ဖြင့် ဘုန်းကြီး သည်ပိုးလိမ့်မယ် ဆိုတာ အောက်မေ့ ထားတာပေါ့ (မှန်ပါ့ဘုရား)။

ကောင်းပြီ-ဒါဖြင့် ကြိုးစားမယ်,ကျင့်မယ်,ကြံမယ်ဆိုတာသာ နှလုံး သွင်းကြပါတော့ ဆိုတဲ့ဥစ္စာ သတိပေးရပါတယ်....နော်.... (မှန်ပါ့)။

ဒါ့ကြောင့် မနေ့ကပြောခဲ့ပြီ၊ ခင်ဗျားတို့ သူတော်ကောင်းနား မဆည်းကပ်လို့ရှိယင်၊ ဆရာတော် သမားတော် သိသာတော်တွေ့ ပညာရှိတွေ့ထံ မဆည်းကပ်လို့ရှိယင်ဖြင့် ဒီအသံမျိုး ကြားရဘို့ ရှိသေးရဲ့လား....(မရှိပါဘုရား)။

ဒါ့ကြောင့်....သူတော် ဆည်းကပ်၊ မြတ်တရားနာ ဆိုတာ ကလေးဟာ မမေ့စေနဲ့နော် (မှန်ပါ့ဘုရား) လွန်စွာအားထုတ် နာမ်နှင့်ရုပ်ကို၊ ဖြစ်ချုပ် ဉာဏ်မြင်၊ ဤဒါးအင်၊ မှန်ပင် မဂ်ရကြောင်းကိုးဗျ-(မှန်ပါ့ဘုရား) ဆိုလိုက်ကြပါဦး၊ သူတော်ဆည်းကပ်၊ မြတ်တရားနာ၊ လွန်စွာအားထုတ်၊ နာမ်နှင့်ရုပ်ကို၊ ဖြစ်ချုပ် ဉာဏ်မြင်၊ ဤဒါးအင်၊ မှန်ပင် မဂ်ရကြောင်း.... (သုံးခေါက် ချပေးသည်)။

ကဲ....သုံးရက်လောက် ဆိုယင် ရပြီပါခင်ဗျားတို့၊ အားလုံး ရပြီနော်(မှန်ပါ့) သြော်....ဒီအစဉ်အတိုင်း သွားရမှာပါကလား

ဆိုတာ သေချာပလား..... (သေချာပါပြီ) ဒီအစဉ်အတိုင်းမှ မသွားလို ရှိယင် ရကို-မရဘူး.... (မှန်ပါ့)။

ကိုင်း....တကာတကာမတွေ့ အားလုံး ပြန်လှည့်လိုက်၊ အို,နာသေ-ဘယ်က လာပါလိမ့်.... (ခန္ဓာငါးပါးက လာပါတယ်ဘုရား) သြော်....ဒီခန္ဓာ ငါးပါးကလဲ သိကြား, ဗြဟ္မာ, ထာဝရဘုရားတွေက ဖန်ဆင်းလို့ ဖြစ်တာလားလို့ လက်သည်ရှာလိုက်တော့ ဘာတွေ့ပါလိမ်.... (တဏှာတွေ့ပါတယ်ဘုရား)။

သြော်....တဏှာက ဖြစ်စေတာဆိုတာ သေချာသွားပလား (သေချာပါပြီ) တကာ တကာမတို့ ဘယ်သူက ဖြစ်စေတာပါလိမ့်....(တဏှာက ဖြစ်စေတာပါဘုရား) တဏှာ ဆုတောင်းကြောင့်တဏှာဆင်းမှုကြောင့်ဘာတွေ့ ပေါ်လာသလဲ.... (ခန္ဓာငါးပါး ပေါ်လာပါတယ်ဘုရား) ခန္ဓာငါးပါး ပေါ်လာတယ်လို့ သမ္မာသနသုတ်မှာ ဟောပါတယ်နော်.... (မှန်ပါ့)။

ကိုင်း....ဒါဖြင့် တကာ တကာမတို့ ဒီတဏှာကလဲ မိုးပေါ်ကျလားလို့ မေးဘို့လိုလာတယ်(မှန်ပါ့ဘုရား)ဒီတဏှာကလဲ မိုးပေါ်ကျလားလို့ တကာ တကာမတွေ့က မေးတဲ့အခါကျတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဟော့....ခင်ရာ-မင်ရာ-ဆိုတဲ့ စက္ခု- သောတ- ဃာန- ဇိဝှာ- ကာယ-မန-တို့ကြောင့် တဏှာဖြစ်တယ်လို့ ဟောတော်မူလိုက်တယ်နော်.... (မှန်ပါ့ဘုရား)။

စက္ခု- သောတ- ဃာန- ဇိဝှာ- ကာယမနတို့ကြောင့် ဘာဖြစ်သတုံး....တဏှာဖြစ်တယ်(တဏှာပါဘုရား)ဒါဖြင့်တဏှာဘာယ်ကလာပါလိမ့်မလဲလို့ မေးတဲ့အခါ.... (ခင်ရာ-မင်ရာကပါဘုရား) ခင်ရာ-မင်ရာကလာတယ်၊ သဘောကျကြပလား.... (ကျပါပြီ) တဏှာဘာယ်ကလာပါလိမ့်....(ခင်ရာ-မင်ရာ-က လာပါတယ်)။

မိုးကုတ်စိပသနာ လုပ်ငန်းစဉ်တရား (၅)

ဩော်....ဘုန်းကြီးတို့ တကာတကာမတွေ့ တဏှာလဲအလေ့ပေါက်မဟုတ်ပါလား (မှန်ပါဘုရား) တဏှာလဲ အလေ့ပေါက်လို့ ဆိုကြမလား.... (မဆိုနိုင်ပါ) ဘယ်က လာပါလိမ့်.... (ခင်ရာမင်ရာက လာတာပါဘုရား)အဲ....ခင်ရာမင်ရာက လာတယ်ဆိုတော့ စက္ခုသောတ ဃာန ဇိဝှာ ကာယမနနော်.... (မှန်ပါဘုရား) ဘာတဲ့ တကာတကာမတို့.... (စက္ခု သောတ ဃာန ဇိဝှာ ကာယ မနပါဘုရား)။

အေး....မျက်လုံး နား နှာခေါင်း လျှာ-ကိုယ်-စိတ် ပါဝင်ပျာ (မှန်ပါဘုရား) ဒီကလာတာတဲ့ တကာတကာမတို့ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် ဒီတဏှာဟာ အလေ့ပေါက်လား တကာတကာမတို့ ခင်ရာ မင်ရာက လာတာလား ....(အလေ့ပေါက်မဟုတ် ခင်ရာ မင်ရာက လာတာပါဘုရား) ခင်ရာမင်ရာက အကြောင်း သမုဒယ၊ တဏှာက ဒုက္ခ....(မှန်ပါဘုရား) သူတို့နှစ်ခု ချုပ်အောင် ကျင့်တဲ့ အကျင့်ကို ဘာဆိုကြမယ် .... (မဂ္ဂပါဘုရား) နှစ်ခုစလုံးချုပ်သွားမယ် ဆိုယင်ဖြင့် ဘာ ဆိုကြမယ် (နိရောဓပါ)နိရောဓသစ္စာ(မှန်ပါ)ရှင်းပြီနော်....(ရှင်းပါပြီ)။

ကောင်းပြီ ဒီလိုသစ္စာတွေ့လဲ သိပြီး သကာလနေတော့ ဩော်....ဒို့သည်ကားလို့ ဆိုလို့ရှိယင်ဖြင့် ချုပ်အောင် ကျင့်ရမည့်အကျင့်ဟာ ဒို့အကျင့်ပါလားဆိုတာ မပေါ်လာ သေးဘူးလား....(ပေါ်လာပါတယ်ဘုရား)။

အေး....ဒါ့ကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီး ကလဲ "ဒုက္ခဿ အန္တံ ကရိဿတိ" ဒုက္ခဿ=ဒုက္ခသစ္စာ၏၊ အန္တံ=ချုပ်ဆုံးရာမှန် နိဗ္ဗာန်ကို၊ ကရိဿတိ=မျက်မှောက်ပြုနိုင်အောင်

မိုးကုတ်ဝိပဿနာ လုပ်ငန်းစဉ်တရား (၅)

လုပ်လိုက်စမ်းပါကွ-ဆိုတဲ့ ဥစ္စာကို သံယုတ်ပါဦးတော် အရဏဝတီသုတ်မှာ သေသေချာချာ ဟောထားခဲ့တယ်၊ ဒုက္ခဆုံးအောင် လုပ်ကြရလိမ့်မယ်....(မှန်ပါ့ဘုရား)။

ကောင်းပြီ ဒါဖြင့် တကာတကာမတို့ အခု အကြောင်း အကျိုးတွေ ဆက်ဆက်-ဆက်ဆက် လာတော့ ခင်ရာမင်ရာသည် တကာတကာမတွေကတော့ ကိုယ့်မျက်လုံး ကိုယ့်နား ကိုယ့်နှာခေါင်း ကိုယ့်လျှာ ကိုယ့်ကိုယ် ကိုယ့်စိတ် ပေါ့ဗျာ(မှန်ပါ့ဘုရား)အဇ္ဈတ္တိကာယတနခြောက်ပါးလို့လဲ ဆိုနိုင်ပါတယ်နော်၊ ဒီအာယတနတွေကြောင့် တကာတကာမတွေ တဏှာဖြစ်တယ် (မှန်ပါ့ဘုရား)။

ကိုယ့် မျက်လုံး ကလေးများ ကိုယ်မှန်ထဲမှာ ကြည့်လိုတဲ့ အခါကျတော့ အို တကယ့်ကို မျက်လုံးကလေးကလဲ ဘေးကအဖြူ အလယ်က အနက်နဲ့ ကြည့်နေတာဘဲဆိုပြီး အံမာကိုယ့် မျက်လုံးကလေးများ ကိုယ်မှန်ထဲမှာ သာယာပြီးနေတဲ့ အခါ မျက်လုံးကြောင့် တဏှာမဖြစ်ဘူးလား....(ဖြစ်ပါတယ်ဘုရား)။

နားကလေး ကြည်ကြည် လင်လင် ရှိပေ့လို့ ဘာဖြစ်ဖြစ် ကြားရပြုရရှိတယ်ဆိုတော့ နားကြောင့်ကော တဏှာ မဖြစ်ဘူးလား....(ဖြစ်ပါတယ်ဘုရား)။

နှာခေါင်းကလေးက ရှူနိုင်ရှိုက်နိုင်သေးတော့ကို တော်သေးတာဘဲဆိုတဲ့ တဏှာကော....(ဖြစ်ပါတယ်ဘုရား) လျှာကလေးက စားနိုင်သောက်နိုင်သေးလို့ တော်သေးတာဘဲဆိုတဲ့ တဏှာကော....(ဖြစ်ပါတယ်ဘုရား)။

ကိုယ်ကလေးကလဲ သွားနိုင် လာနိုင် လှုပ်နိုင် ရှားနိုင်သေးတာနဲ့ တော်သေးတာဘဲ၊အခု ကျုပ် အကျိုးပေးနေတာ ကျုပ်

စိတ်ကောင်းတဲ့အတွက် အကျိုးပေးနေတာ၊ ကျုပ်က အင်မတန် စိတ်ကောင်းတယ်၊ ကိုယ် စိတ်ကလေး ကိုယ်ကောင်းတယ်လို့ မသာယာဘူးလား....(သာယာပါတယ်ဘုရား)။

ကျုပ်က စိတ်တလုံးကောင်း ခေါင်းဘယ်မှ မရှေ့ဘူး၊ ဒါကြောင့် အခု စားသောက်ပြီး သားတွေသမီးတွေနဲ့ ဒီထမင်းအိုးကြီးကို အမျိုးမျိုးရွက်ဆောင်ပြီးသကာလ နေနိုင်တာ ကျုပ်စိတ်ကောင်းလို့၊ အံမာ တကာတကာမတွေက ကိုယ် စိတ်ကလေး ကိုယ်သာယာနေတဲ့အခါ ပါသေးတယ်....(ပါ-ပါတယ်ဘုရား)။

ပြီးတော့ ခင်ဗျားတို့ကလဲ ဆုံးမတယ်၊ ဟော စိတ်ကောင်း ကောင်းထား၊ စိတ်ကောင်းကောင်းထား- စိတ်ကောင်း ကောင်းထား၊ စိတ်ကောင်းကောင်းထားလို့ ဒုံ့စားသောက်နေရတာ၊ နိဗ္ဗာန်သွားမယ်လို့ ပါကိုမပါဘူး၊ စားတာသောက်တာနဲ့ အချိန်ကုန်နေတာဘဲ.... (မှန်ပါ့ဘုရား) ရိပ်မိပလား....ရိပ်မိပါပြီဘုရား)။

စိတ်ကောင်းကောင်းရှိလို့ စားသောက်နေရတယ်တဲ့၊ အံမာလေး နိဗ္ဗာန်များအသံတောင်မထည့်ဘူး....(မှန်ပါ့)အသံတောင် မထည့်ပါဘူး တကာတကာမတွေက။

ကိုင်း....ဒါဖြင့် ဒီခြောက်ကိုခု မသာယာ ဘူးလား....(သာယာပါတယ်ဘုရား) ဒါဖြင့် ဒီခြောက်ခုတည်းဟူသော ခင်ရာမင်ရာကြောင့် ဒီတဏှာ ပါလာတယ်....(မှန်ပါ့ဘုရား)ဒီတဏှာလာလို့.... (ဒီ ခန္ဓာငါးပါး လာပါတယ်) ဒီ ခန္ဓာငါးပါး ဖြစ်လို့ (အိုနာသေတွေလာပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ ဒီလိုလုပ်ကြစို့ရဲ့၊ ဘုရား သခင် ကိုယ်တော်မြတ်ကြီးသည် ဘယ်အတွက်ကြောင့် ပဉ္စင်္လာပါလိမ့် မလဲလို့ မေးဘို့မလိုဘူးလား....(လိုပါတယ်ဘုရား)။

ဘုရားသခင် ကိုယ်တော်မြတ်ကြီး ပဉ္စင်္လာတာသည် ဆုံးမ သွန်သင်ဘို့၊ သာသတိတိသတ္ထာ'ဆိုတဲ့အတိုင်း ဆုံးမသွန်သင်ချင် လို့ ပဉ္စင်္လာတာ....(မှန်ပါဘုရား) ဘယ်လိုကြောင့် ပဉ္စင်္လာတာ ပါလိမ့်....(ဆုံးမသွန်သင်ချင်လို့ပါဘုရား)။

ဆုံးမသွန်သင်ချင်လို့ ပဉ္စင်္လာတော့ဘုရားက ဒီဘက်နားမှာ တကာတကာမတို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ရပ်ပြီးသ ကာလ ဒီနားကနေပါတယ်တဲ့....ခင်ရာမင်ရာနားကနေပြီး ဘုရား သခင် ကိုယ်တော်မြတ်ကြီးက ရပ်နေတယ်....(မှန်ပါ)ခင်ဗျား တို့ ပုထုဇန်မိုက်က ဒီတဏှာကို လက်ကိုင်ထားတယ်....(မှန်ပါ ဘုရား)။

ပုထုဇန်မိုက်က ဘာလက်ကိုင် ထားပါလိမ့်(တဏှာလက်ကိုင် ထားပါတယ်ဘုရား) တဏှာလက်ကိုင်ထားတယ် ပုထုဇန်မိုက်က တဏှာလက်ကိုင်ထားတော့ ဘုရားက ဒီနားက ရပ်နေတယ်။

ဟော့....ပုထုဇန်မိုက် ဘဝများစွာသံသရာက မင်းကလဲ အ ငတ်က ဘယ်တော့မှမပြေခဲ့ဘူး၊ ရောက်ရာ မင်းမျက်လုံးမင်းနား မင်းနှာခေါင်း မင်းလျှာ မင်းကိုယ် မင်းစိတ်ဇော့ မင်းခင်လိမ့် မယ်၊ ဘုရားက ဒီနားက ရပ်ပြေတယ်။

သူကရောက်ရာမှာ တကာတကာမတွေ့ ခင်တတ်မင်တတ်တဲ့ သဘောပါတယ်၊ မပါဘူးလား.... (ပါ-ပါတယ်ဘုရား) တဏှာ သဘောက ဘာတဲ့....(ရောက်ရာမှာ ခင်တတ်မင်တတ် ပါတယ် ဘုရား) ရောက်ရာမှာ ခင်တတ်မင်တတ်တဲ့သဘော ပါသနော်

တကာတကာမတို့(မှန်ပါ့)ကိုယ့်ကိုယ်ကလေး ဘယ်နှယ်နေကြသတုန်း....(ခင်ပါတယ်ဘုရား)။

ဟာ....ကိုယ် ကိုယ်မ ကိုယ်မခင်ယင် ခေးလား လိ ေတာင် ပြောသေးတယ်(မှန်ပါ့ဘုရား)မပြောဘူးလား- (ပြောပါတယ်) ကိုယ် ကိုယ်ဆိုယင်ဖြင့် ခင်ကောင်းတယ်ချည်း အောက်မေ့တယ် (မှန်ပါ့ဘုရား) တကာတကာမတို့ ဘယ်လိုမျှား အောက်မေ့သလဲ.... (ခင်ကောင်းတယ်ချည်း အောက်မေ့ပါတယ်ဘုရား)။

မိုက်လိုက်တာ ဒို့ငယ်ငယ်တုန်းကဆိုယင် ဒီအရွယ် ကိုယ့် ကိုယ်ကို စောင့်ရှောက်တတ်ပြီ၊ ခင်တတ်မင်တတ်ပြီ၊ မင်းတို့မျှား မိုက်လိုက်တာ ရှုးတုန်းရှိသေးတယ်-အစရှိသည်ဖြင့် လူကြီးသူမ တွေကလဲ ဒီလိုပြောချင်တာပြောနေတဲ့သဘောတွေကလဲ ဦးခင် မောင် မရှိဘူးလားဗျာ....(ရှိပါတယ်ဘုရား)ကိုယ့် ကိုယ်ကို ခင်ရ မင်ရမှာလား တကာတကာမတွေရဲ့သဘောသိရမှာလား....(သဘော သိရမှာပါဘုရား)။

အဲဒီတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟေ....ပုထု ဇန်မိုက် ဒါကတဏှာရှိတဲ့ ပုထုဇန်ပေါ့ဗျာ....(မှန်ပါ့) ဒီဖြူးဖြူး ကလေးဟာ ဘာပါလိမ့်....(တဏှာရှိတဲ့ပုထုဇန်ပါဘုရား)။

တဏှာရှိတဲ့ ပုထုဇန်ဆိုပြီးသကာလ ဘုရားသခင်ကိုယ်တော် မြတ်ကြီးက ဒီနားကရပ်နေတယ်၊ ဟောဒါတွေဟာကွာတဲ့ အနုံ လဲကောင်းပါတယ်၊ အရဿာလဲကောင်းပါတယ်တဲ့ အရက်တွေ ပါဘဲ၊ အနုံကောင်း အရဿာကောင်းအရက်တွေပါဘဲ၊ သို့သော် ဒီအရက်တွေဟာ အဆိပ်နှင့်ရောထားတယ်(မှန်ပါ့)။

ဒီအရုက် ခြောက်မျိုးဟာ ဘာနဲ့ရောထားသလဲ....(အဆိပ်နဲ့ ရောထားပါတယ်) အနံ့ကလဲ ကောင်းတယ်၊ အရသာကလဲ.... (ကောင်းပါတယ်)ရောတာက.... (အဆိပ်နဲ့ရောထားပါတယ်)။

ပုထုဇန်မိုက်.... သူ့းမသောက်နဲ့ သူ့းသောက်လို့ ရှိယင် မင်းသည်ကား သေယင်လဲသေလိမ့်မယ်၊ မသေသော်မလှတမဖြစ် လိမ့်မယ်....(မှန်ပါ့)ဘုရားက ဒါ့ကြောင့် ဆုံးမချင်လို့ ဒီနားပ့ဉ် လာပါတယ်ဆိုတာ သဘောကျပလား.... (ကျပါပြီဘုရား)။

ဘုရား ဘယ်နားပ့ဉ်သတုန်းဆိုတော့ ခင်ဗျားတို့ခင်ရာမင်ရာ နားက နေပြီးသကာလ ပ့ဉ်နေပါတယ်....(မှန်ပါ့)ဘုရား ဘယ် နားကပ့ဉ်ပါလိမ့်....(ခင်ရာမင်ရာနားကနေပြီး ပ့ဉ်ပါတယ်)။

ခင်ရာမင် ဆိုတဲ့ ခုနက အစ္ဆတ္တိကာယတန ခြောက်ပါး နားကနေပြီးသကာလ ဘုရားသခင် ကိုယ်တော်မြတ် ကြီးရော အခု တကာတကာမတွေကို ဆုံးမနေတဲ့ ဆရာသမား တ့ဉရော ဒီနားကနေ စောင့်နေတယ်(မှန်ပါ့)ခင်ဗျားတို့ကတော့ ကွဲရော ခင်တော့မယ်ဆိုတာ သိတယ်(မှန်ပါ့ဘုရား)ခင်ဗျားတို့ ကတော့ ဘာပါလိမ့်....(တ့ဉရာခင်ပါတယ်ဘုရား)။

တ့ဉရာခင်တော့မယ်၊ ခင်လို့ ရှိယင်ဖြင့် တကာ တကာမတို့ တ့ဉရာကိုစားလိမ့်မယ်၊ တ့ဉရာကို သောက်လိမ့်မယ် ဆိုတာနဲ့ ခင်လိမ့်မယ်ဆိုတာနဲ့ တထပ်တည်းလို့ မှတ်လိုက်စမ်းပါ(မှန်ပါ့ ဘုရား) တ့ဉရာခင်လိမ့်မယ်၊ တ့ဉရာစားလိမ့်မယ် ဆိုတာသည် (တထပ်တည်းပါဘုရား)။

ဒါဖြင့် ဟေ့....ပုထုဇန်မိုက်.... မင်းက ဘဝသံသရာက သေ တာတောင်မှ သားပေါ် ခင်ရက်တန်းလန်း ယ်ီးပေါ် ခင်ရက်

တန်းလန်း ကိုယ့်ခန္ဓာပေါ် .... (ခင်ရက်တန်းလန်းပါ ဘုရား) ခင်ရက်တန်းလန်းနဲ့ သေလာတာ၊ မင်းဒီဘဝလဲရောက်ရာ မင်းခန္ဓာကြီး ပင်းခင်လိမ့်ဦးမယ်ဆိုတဲ့ ဒီတကာတတာမတ္တသုမခင် ပေဘူးလား.... (ခင်ပါတယ်ဘုရား)။

အဲဒါ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဒီနားရပ်ပြီး မင်းက အံ့ဇော်သေ- သေလာတော့ ရောက်ရာမှာ မင်း ရထားတဲ့ အာယတနတွေ ခန္ဓာတွေကို မင်းသည်ကားလို့ ဆိုလို့ရှိယင်ဖြင့် အရမ်းသောက်လိမ့်မယ်၊ အရမ်းစားလိမ့်မယ်၊ အဆိပ်နဲ့ ရောထားတဲ့အရက်တွေကလို့ ဘုရားက ဒီနားက စောင့်နေရှာတယ်(မှန်ပါ့) သဘောကျပလား....(ကျပါတယ်) ဘုရားက ခင်ရာမင်ရာကစောင့်နေတယ်။

ပုထုဇန်မိုက်က စားတော့မယ် မျိုတော့မယ် သိပ်တော့မယ် ဆိုတဲ့သဘောက ပုထုဇန်မိုက်မှာ ရှိပြီးသားဖြစ်နေတယ် (မှန်ပါ့ဘုရား) ပုဆုဇန်မိုက်မှာ စားမယ် မျိုမယ် သိပ်မယ်ဆိုတာက.... (ရှိပြီးသားဖြစ်နေပါတယ်) ရှိပြီးသား ဖြစ်နေတော့ ဘုရားက ဒီနားကနေပြီးသကာလ ခလေး ဒုတ်နဲ့ စောင့်နေသလိုပေါ့ဗျာ (မှန်ပါ့ဘုရား) စောင့်ပြီးသကာလ တကာဝ နေရရှာတယ်(မှန်ပါ့) တကာသစ်ရေ.... ဦးမြရွှေတို့.... ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဒါတွေကို အဆိပ်နဲ့ရောထားတယ် ဆိုတော့ အဆိပ်နဲ့ရောထားတော့ ခင်ဗျားတို့က ခင်မိ မင်မိ မျိုမိ သိပ်မိမယ် ဆိုလို့ရှိယင်ဖြင့်တဲ့- တကာ တကာမတို့ ဒီအသေတ္တ လာမလား.... မလာဘူးလား....(လာပါတယ်ဘုရား) ဒီခန္ဓာ မရပေဘူးလား

(ရုပါတယ်ဘုရား) ဒီခန္ဓာရယင် ဒီအသေ တွေက.... (လာပါတယ်ဘုရား)။

အဲဒါကြောင့် ဘုရားက ဒီနား ရပ်ပြီးသကာလ ဒါတွေကို မျိုကောင်း သိပ်ကောင်းတဲ့သဘော မဟုတ်ဘူးဟေ့၊ မင်းတို့ သည်ကားလို့ဆိုလို့ရှိယင် မမျိုရ မသိပ်ရဘဲနဲ့ ဒီဥစ္စာကိုအမှန် အကန်သိရမယ်တဲ့....(မှန်ပါဘုရား)။

တကာတကာမတွေ ဒီခြောက်ပါး ဘာတဲ့.... (အမှန်အကန် သိရမယ်) ပုထုဇန်တို့ကတော့ မျိုချင် သိပ်ချင်တယ်နော်....(မှန်ပါ) ဘုရားကတော့ ဘယ်လို သိစေချင်သတုန်း....(အမှန်အကန် သိစေချင်ပါတယ်ဘုရား)။

ဘုရားကတော့ ဒါ အဆိပ်နဲ့ရောထားတဲ့ အရက်ကြီး၊ မင်း သွားပြီးသကာလ တဏှာနဲ့မျိုလိုက်လို့ရှိယင်ဖြင့် ဟောဒီခန္ဓာကြီးရပါလိမ့်မယ်၊ ဒီခန္ဓာကြီးရယင် ဒီအသေပဲကြီး မင်းနဲ့ရလိမ့်မယ်၊မဆိုဘူးလား....(ဆိုပါတယ်ဘုရား)။

တကာဝရေ....ဘုရားက ဒီနားက ပဋ္ဌာန်းတယ်ဆိုတာ ပေါ်လာကြပလား.... ပေါ်လာပါပြီဘုရား (ဘုရား ဘယ်နားကပဋ္ဌာန်းပါလိမ့်.... (ခင်ရာမင်ရာနားက ပဋ္ဌာန်းပါတယ်ဘုရား) အင်း....ခင်ရာမင်ရာဆိုတဲ့စကား သောတ ဃာန ဇိဝှာ ကာယ မန နားကနေပြီးသကာလ အမြဲစောင့်နေလိုက်တယ်....(မှန်ပါဘုရား)။

အဲဒါကြောင့် တကာတကာမတို့ ပုထုဇန် မိုက်သည်ကားလို့ ဆိုယင်ဖြင့် ရောက်ရာမှာ အရမ်းခင်ပစ်တာဘဲ.... (မှန်ပါ) ပုထုဇန်မိုက်က ဘာပါလိမ့်.... (ရောက်ရာမှာ အရမ်းခင်ပါတယ်) ကိုယ်ခန္ဓာလဲ ခင်လိုက်တာဘဲ.... (မှန်ပါ) ကိုယ်နှင့် နီးစပ်တာတွေကော....(ခင်တာပါဘဲဘုရား)။

မိုးကုတ်ဝိပဿနာ လုပ်ငန်းစဉ်တရား (၅)

အို....ပုထုဇန်ဆိုတဲ့ဥစ္စာ တကာ တကာမတို့ အငတ်ဖြစ်နေတော့ တွေ့ရာစား တွေ့ရာသောက် ဆိုတဲ့ အဓိပ္ပါယ် ရောက်မရောက်....(ရောက်ပါတယ်ဘုရား) တယ်လဲဆိုးပါကလား-(ဆိုးပါတယ်ဘုရား)။

အခု အိမ်ထောင် ရယ်လို့ ကျကြတဲ့ပုဂ္ဂိုလ်များး ဘာတော်သလဲလို့မေးယင် ဘယ်နှယ်ပြောကြမလဲ.... (ဘာမှ မတော်ပါဘုရား) ဘာမှ မတော်ဘူးနော်.....ဘာမှ မတော်တာကိုပင် ခင်ဗျားတို့ သည်ကားလို့ ဆိုလို့ရှိယင်ဖြင့် ခင်မိ မင်မိ မျိုမိကြ တယ်ဆိုတာလဲ ပြောစရာ လိုသေးသလား.... (မလိုပါဘုရား)

ယောကျ်ားလုပ်တဲ့ ပုဂ္ဂိုလ်မှာလဲ ထို့အတူဘဲ၊ မိန်းမလုပ်တဲ့ ပုဂ္ဂိုလ်မှာကော.... (ထို့အတူပါဘဲဘုရား)။

ထို့အတူဘဲ ခင်မိ မင်မိ မျိုမိကြတာချည်းဘဲ ဆိုယင်ကော လဲပါ့မလား,....(မလဲ့ပါ) ဘာဖြစ်လို့ ဒီဥစ္စာ ဒီလိုဖြစ်ရသလဲ.... အို....ဘဝများစ့ဉာက ငတ်ပြီးသကာလ သေခဲ့တဲ့အတွက် တွေ့ရာတော့ဖြင့် သောက်မှာမျိုမှာဘဲ.... (မှန်လှပါဘုရား)သဘောကျပလား....(ကျပါပြီ)တွေ့ရာတော့.... (သောက်မှာပါဘဲ)သောက်မှာ မျိုမှာဘဲဆိုတာ သေသေချာချာ ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

အဲဒါကြောင့် အခု တရားတပဲ့လုံး တကာ တကာမတွေ့မှာ အခု့ို အိမ်ထောင်မပြုတဲ့ ပုဂ္ဂိုလ်ကလဲ မြေးကလေးတန်းလန်းဟုတ်လား....၊ တူမလေး တန်းလန်း၊မွေးစားတာကလေး တန်းလန်း၊ ရောက်ရာ မျိုထားတယ်.... (မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

အိမ်ထောင်ရှိတဲ့ ပုဂ္ဂိုလ်ကတော့ အို....ကိုယ့်ဟာထက်တော့ သူများဟာကို ဂရုမစိုက်နိုင်ဘူး၊ ကိုယ့်ဟာကိုယ်ဘဲမျိုမယ်ဆိုပြီးတော့ မျိုနေတာဘဲ....(မှန်ပါဘုရား) အိမ်ထောင်ရှိတဲ့ ပုဂ္ဂိုလ်က ကိုယ့်ဟာကိုမျိုတယ်.... (မှန်ပါ) အိမ်ထောင် မရှိတဲ့ပုဂ္ဂိုလ်က အဝှေးမျိုမျိုတယ်.... (မှန်ပါဘုရား) ဘာပြုလို့တုန်း.... (ငတ်လွန်းလို့ပါဘုရား)။

ဘယ့်နယ် ဆိုကြမယ်....(ငတ်လွန်းလို့ပါဘုရား) ဘယ်သူက ငတ်တာပါလိမ့်မလဲ (တဏှာက ငတ်တာပါဘုရား) တဏှာက ငတ်တယ်ဆိုတာ ပေါ်လာကြပလား.... (ပေါ်လာပါပြီဘုရား)။

အဲဒီတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ရောက်ရာမျိုမှာစိုးတဲ့အတွက် ဟောဒါတွေဟာ ဟေ့....အရက်တွေကွ....၊ သို့သော် ဒီအရက်တွေဟာ အဆင်းလဲ ကောင်းပါတယ်၊ အနံ့လဲ ကောင်းပါတယ်၊ သို့သော်လဲ အဆိပ်နှင့် ရောထားတာ မင်းသွားမသောက်နဲ့တဲ့....(မှန်ပါဘုရား) ဘယ်သူက မှာရှာပါလိမ့် (ဘုရားက မှာပါတယ်ဘုရား) ခင်ဗျားတို့ကတော့ တွေ့ယင်ဘာဖြစ်ချင်သတုန်း.... (သောက်ချင်ပါတယ် ဘုရား)။

သောက်ချင်တယ် ခင်ချင်တယ် မင်ချင်တယ် မျိုချင်တယ် သိပ်ချင်တယ်ဆိုတဲ့ သဘောဟာတော့ဖြင့် ခင်ဗျားတို့ ဘဝများစွာက ငတ်လာတော့ ဒီအတိုင်းဘဲ ဒီအာရုံတွေ့ တွေ့လို့ရှိယင် တွေ့တာနှင့်တပြိုင်နက်တည်း ခင်ဗျားတို့ သောက်မိ မျိုမိတာဘဲ ဆိုတာကော သဘောပါကြလား.... (ပါ-ပါတယ်ဘုရား)။

တယ်-ကြောက်စရာ ကောင်းပါကလား တကာ တဏှာမတို့ (ကောင်းပါတယ်ဘုရား) သဘောရောက်ကြလား....(ရောက်ပါ

တယ်)ဒါ့ဖြင့် ဘုရား ဘယ်နားကနေ ပွင့်ပါလိမ့်မတုံး.... (ခင်ရာ မင်ရာနားကပါဘုရား)။

ခင်ရာ မင်ရာနားကနေပြီး ဘုရားက စောင့်မနေတယ်၊ ဟော့ ပုထုဇန်မိုက်....မင်း-ရှေးဘဝကလဲ မဝဘဲနဲ့ ငတ်ပြီးသေခဲ့တယ်၊ မင်း-ဒီဘဝလဲ အခု ရောက်ပြန်ပြီ၊ အခုရောက်တဲ့နေရာမှာ မင်း သည်ကားလို့ဆိုယင် အမှားတွေ လုပ်ဦးတော့မယ်.... (မှန်ပါ့ ဘုရား)အဆိပ်နဲ့ ရောထားတဲ့ အရက်တွေ မင်းသောက်ဦးတော့ မယ်....ဆိုပြီးတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဒီကနေ စောင့်နေတယ်....(မှန်ပါ့)။

ဒါ့ကြောင့် ဘုရားသခင် ကိုယ်တော် မြတ်ကြီး ပွင့်လာတဲ့ အခါကျတော့ ဒီတရားတွေကို အဆိတ်နှင့်ရောထားတာ ဒါတွေ့ ကို ခင်လို့က်လို့ရှိယင်ဖြင့် တကာ တကာမတွေ စဉ်းစားကြည့် ကိုယ် မျက်လုံးကလေးကိုယ် ခင်လို့ရှိယင် တဏှာ၊ မလာပေဘူး လား.... (လာပါတယ်ဘုရား)တဏှာလာယင် ဥပါဒါန်ကကော (လာပါတယ်ဘုရား) ကံကကော.... (လာပါတယ်ဘုရား)။

ဟော....ဇာတိဆိုတဲ့ ခန္ဓာ ငါးပါး.... (လာပါတယ်ဘုရား) ဇရာမရဏဆိုတဲ့ အိုပဲ့ သေပဲ့.... (လာပါတယ်ဘုရား) မလာပေ ဘူးလား.... (လာပါတယ်ဘုရား) ဒါဟာ မျိုမိလို့.... (မှန်ပါ့ ဘုရား) သဘောကျပလား.... (ကျပါပြီဘုရား)။

ဒီဟာမျိုမိတဲ့အတွက် တဏှာနဲ့ မျိုလိုက်တဲ့ အခါကျတော့ မျိုတာကတဏှာ၊ စွဲလမ်းတာက....(ဥပါဒါန်ပါ)အားထုတ်တာ က....(ကံပါဘုရား)ကံကနေ ပစ်ချလိုက်တော့ ဘာတွေ့ရသလဲ- (ခန္ဓာငါးပါး ရပါတယ်ဘုရား)။

ခန္ဓာငါးပါးရတော့ ဘာပဲတွေ နဲ့ရသလဲ.... (အို-နာ-သေပဲတွေ နဲ့ရပါတယ်) အို-နာသေပဲတွေ မနဲ့ရဘူးလား.... (နဲ့ရပါတယ်ဘုရား) သောက်မိလို့ ဖြစ်ရတယ်(မှန်ပါ့) ဒီဟာတွေ ခင်မိမျိုမိ သောက်မိလို့ ဖြစ်ရတယ်....(မှန်ပါ့ဘုရား) ရှင်းကြပလား (ရှင်းပါပြီဘုရား)။

ဒါဖြင့် အာယတန ခြောက်ပါးကို ခင်မိ မျိုမိ သောက်မိတဲ့အတွက် တကာ တကာမတွေ တဏှာ ဥပါဒါန် ကံတွေပေါ်လာပြီးသကာလ ခန္ဓာငါးပါး ဒုက္ခသစ္စာတရားကြီးကော မပေါ်လာဘူးလား.... (ပေါ်လာပါတယ်ဘုရား)။

ပေါ်လာသည်နှင့် တပြိုင်နက်တည်း သူကနေ အညှန့် အညောင့်တွေ ပေါ်လာလိုက်တာ အို နာ သေ အညှန့်တွေ ပေါက်လာတယ်....(မှန်လှပါဘုရား) ဘာတွေမျှား ပေါက်လာသလဲ.... (အို နာ သေ အညှန့်အညောင့်တွေ ပေါက်လာပါတယ် ဘုရား)။

သြော်....အခု ဘုန်းကြီးတို့ တကာ တကာမတွေမှာ ရှေ့ဘာအညှန့်တွေမျှား ပေါက်ကြမှာပါလိမ့်.... (အို နာ သေ အညှန့်တွေ ပေါက်မှာပါဘုရား) အို နာ သေ အညှန့်တွေ ပေါက်တော့မယ်၊ ခန္ဓာကြီးဟာလေ.... (မှန်ပါ့)။

ဘယ်နှယ်ကြောင့် ဒီခန္ဓာကြီးဟာ အို နာ သေ အညှန့်တွေ ပေါက်ပါလိမ့်မတုံး ဆိုလို့ ရှိယင်ဖြင့် တကာ တကာမတို့ စဉ်းစားကြည့်....တဲ့၊ ဒီမိမိတို့၏ ခင်ရာ မင်ရာကို မျိုမိသိပ်မိလို့.... (မှန်ပါ့ဘုရား)။

ဦးခင်မောင်ရေ ဘာတဲ့.... (မျိုမိ သိပ်မိ လို့ပါဘုရား) မျိုမိသိပ်မိတာက တဏှာပေါ့ဗျာ....(မှန်ပါ့) စွဲလန်းတာက.... (ဥပါ

ဒန်ပါ) အားထုတ်တာက.... (ကမ္မဘဝပါဘုရား) အားထုတ်တော့ ဘာတွေ့ရသလဲ.... (ခန္ဓာငါးပါး ရပါတယ်ဘုရား)။

ခန္ဓာငါးပါးရတော့ကို တကာ တကာမတို့ ဘာအညွှန်တွေ့ပေါက်လာသလဲ.... (အို, နာ, သေ အညွှန်တွေ့ ပေါက်ပါတယ်) အို, နာ, သေ အညွှန်တွေ့ ပေါက်-လာတော့ ဩဇာ....ဒါဟာ အမျိုးမှားဘဲ အသိပ်မှားဘဲ.... (မှန်ပါဘုရား) ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)ရှင်းပြီနော် (ရှင်းပါပြီ) ဒါဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဒီနားကနေပြီး ပွင့်နေတယ်ဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

မင်းတို့သည်ကားလိုဆိုယင် ဘဝများစွာက အငတ်နဲ့ သေလာတယ်၊ အခု ရောက်ရာခန္ဓာကြီးကို မင်းတို့ ခင်လိမ့်ဦးမယ်....၊ ခင်ယင် အနာဂတ်ခန္ဓာကြီးရမယ်....၊ ရယင် အို, နာ, သေ အညွှန်တွေ့ပေါက်မယ်၊ ဒါတွေ့-ဘုရားက သိပ်မစိုးရိမ်ဘူးလား (စိုးရိမ်ပါတယ်ဘုရား) ကဲ....ဘုရား စိုးရိမ်တော်မူကာကော ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဩဇာ....ဘုရား ဘယ်အနားပွင့်ပါလိမ့်.... (ခင်ရာ-မင်ရာနားပွင့်ပါတယ်ဘုရား) ခင်ဗျားတို့ကတော့ ဗေဒါမိပင်နဲ့ ရွှေပလ္လင်ပွင့်တယ် အောက်မေ့မှာပေါ့ဗျာ.... (မှန်ပါ)။

မဟုတ်ပါဘူး တကာ တကာမတို့....၊ ကိုယ်တော်မြတ်ကြီးက ဗေဒါမိပင်နဲ့ ရွှေပလ္လင် ပေါ်မှာတော့ သူထိုင်တော့ ထိုင်ပါတယ်တဲ့၊ ခင်ဗျားတို့ တရားဟောတဲ့အခါ ဒီပလ္လင်ကြီးပါ -ပါလာသလား(မပါ-ပါဘုရား)မပါ-ပါဘူး ကကာ တကာမတို့ ဒီပလ္လင်ကြီး မပါ-ပါဘူး၊ ခင်ဗျားတို့ သန္တာန်မှာရှိတဲ့ ဒါတွေ့ကို ဝိပဿနာ အရှုခိုင်းတာ....(မှန်ပါဘုရား) ရှင်းပလား.... (ရှင်းပါပြီ)။

ခင်ဗျားတို့ သန္ဓာန်ရှိတဲ့ ဒီ-စက္ခု-သောတ-ဃာန-ဇိဝှာ-ကာယ မနတွေကို ဘာအလုပ်ခိုင်းသတုံး....(ဝိပဿနာအရှုခိုင်းပါတယ်) ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် တကာ တကာမတို့ ဒီအလုပ်ဟာ ဘုရားသခင်ကိုယ် တော်မြတ်ကြီးက ဒီနေရာက စောင့်နေတဲ့ ကိုယ်တော်မြတ်ကြီး အစစ်ပါဘဲလို့ မှတ်လိုက်စမ်းပါ (မှန်ပါဘုရား) အင်း....ဟင်.... အာယဿနခြောက်ပါးနားက ကိုယ်တော်ကြီး ဘာလုပ်နေပါလိမ့်-(စောင့်နေပါတယ်ဘုရား) စောင့်နေတယ်....၊ ပုထုဇန် မိုက်က ဘာစိတ်ကူးနေသဘုန်း....မျှိုမလို့.... (မှန်ပါ့)။

မျှိုမလို့ သိပ်မလို့ စိတ်ကူးနေတဲ့အခါ ဘုရားက ဟော-ပုထုဇန်မိုက်၊ စက္ခု- သောတ- ဃာန- ဇိဝှာ- ကာယမန တို့သည်ကားလို့ဆိုယင်ဖြင့် အဆင်းလဲ ကောင်းပါတယ်၊ အနံ့လဲ ကောင်းပါတယ် သို့သော်-အဆိပ်နဲ့ရောထားတဲ့ အရက်တွေ-က္ခ၊ သွားမသောက်နဲ့၊ သေယင်လဲသေ မသေသော် မလှတမဖြစ်လိမ့်မယ် ဆိုတဲ့အဓိပ္ပါယ်နဲ့ ဘုရားက ဒီအနားရပ်ပြီး ပွင့်တယ်....(မှန်ပါ့ ဘုရား)သဘောကျပလား.... (ကျပါတယ်ဘုရား)။

ဒါဖြင့် ဘုရားပွင့်တဲ့ နေရာဌာန သိပါပြီ(မှန်ပါ့ဘုရား)အိန္ဒိယ မှာပွင့်သလား၊ ဘယ်နားမှာ ပွင့်ပါလိမ့် (ခင်ရော-မင်ရာ-နားမှာ ပွင့်ပါတယ်)ခင်ရာ-မင်ရာနားမှာ ဒီနေရာကနေ ဟောလိုက်တာလား....(မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီ)။

အဲဒီတော့ ခင်ရာ-မင်ရာ-နားက,နေ ပွင့်တော့ ခင်ဗျားတို့ တချို့ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်သည်ကားလို့ဆိုယင် တာဝတိံသာ သွားဟောတာလဲ ဒီဟာတွေ မသောက် မမျှိုမိအောင် ဟောဒါဘဲ.... (မှန်ပါ့)။

ဟို-ဖြဟ္မာပြည်သွားပြီး ဗကဖြဟ္မာကြီး သွားဟောတာလဲ ဒါတွေ့ မသောက်မမျိုမိအောင် ဟောတာဘဲ(မှန်ပါ့)ရှင်းပလား (ရှင်းပါပြီ)။

မိဂါဒါဝုန်တောမှာ ပလ္လင်မပါဘဲနဲ့ ဓမ္မစကြာ တရားကြီး ဟောတော့လဲ ဒီနားကနေ ဟောတာဘဲ.... (မှန်ပါ့ဘုရား)ရိပ်မိပလား(ရိပ်မိပါပြီ) အဲဒီတော့ ပုဉ္စဝဂ္ဂီနေရာကတခြား၊ ဟောတဲ့နေရာကတဖုံပေါ့ဗျာ....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် ခင်ဗျားတို့ သန္တာန်မှာလဲ အခု-ဆရာသမားတွေရော ဘုန်းကြီးများရော အားလုံးပေါ့ဗျာ၊ ဒီနားက စောင့်နေတာဘဲ....(မှန်လှပါ)

ဒီနားကစောင့်နေတော့ ခင်ဗျားတို့က ခင်ဗျားတို့ခန္ဓာကိုယ်ကြီးကို ခလုပ်မထိ ဆူးမငြိပါစေနဲ့....၊ အယက်ပေါင်းရာကျော် ရှည်ပြီးသကာလ စည်းစိမ်ဥစ္စာ ရတနာ သားသမီးတွေ့ အခြေအရံတွေနဲ့ နေပါရစေဆိုပြီး.... ကိုယ့်ခန္ဓာကြီးကို တခါတည်း ပုတီးကလေး စိပ်ကာစိပ်ကာနဲ့ ထင်နေလိုက်တဲ့အခါ ဘာတွေ့တွေ့နေသလဲ၊ ပုတီးက တခြား ထင်တာက တခြားကိုးဗျာ့.... (မှန်ပါ့)။

ပုတီးကလေး စိပ်ပြီးသကာလ အဟာ အဝေရော ဟောမိ၊ ဒီခန္ဓာကြီး ကျန်းမာပါရစေ၊ ကိုယ်လဲ ကျန်းမာပါရစေ၊ ကိုယ့်သားသမီး ကလေးတွေကော.... (ကျန်းမာပါရစေ) အိုအောင်မင်းအောင် ပေါင်းပါရစေ.... (မှန်ပါ့)။

အိုအောင် မင်းအောင် ပေါင်းပါရစေ့ ဆိုတော့ ဘာတွေ့လာသတုံး....(တဏှာပါဘုရား) တဏှာလာပြီ....တဲ့၊အကြောင်း

က ရိုးရိုးလေး သူပေါင်းချင်တာက အရေးကြီးတာလား.... (သူ့ပေါင်းချင်တာက အရေးကြီးတာပါ ဘုရား)။

အဲဒါဖြင့် မေတ္တာထဲမှာ တဏှာရောနေတာ သူသိလိုက်သေးသလား.... (မသိပါဘုရား) အဲဒါကြောင့် ရာဂေါ မေတ္တာယ ဝဉ္ဇေတိ၊ ရာဂေါ=ရာဂသည် (ဝါ)ခင်မှု ရာဂသည်၊ မေတ္တာယ၊ မေတ္တာလိုလိုနဲ့၊ ဝဉ္ဇေတိ=လှည့်စား၏။

ရာဂ-က ဘာလိုလိုတဲ့....(မေတ္တာလိုနဲ့) မေတ္တာလိုလိုနဲ့ ရာဂက လုပ်ပစ်လိုက်တယ်၊ ရိပ်မိပလား.... (ရိပ်မိပါပြီ) ဒီခန္ဓာကြီးနဲ့ ဘာတုန်း....၊ အိုအောင် မင်းအောင် နေရပါလို၏။ ဒါမှ ဒီသားသမီးတွေနဲ့လဲ မခွဲခွါရမည့် အဓိပ္ပါယ် မပါဘူးလား.... (ပါ-ပါတယ်ဘုရား)။

အဲဒါကြောင့် ကိုယ့်ခန္ဓာကိုယ် မေတ္တာပို့တဲ့အခါ မျိုးရိုးကကျယ်လာတယ်....(မှန်ပါ့) သားတွေ, သမီးဘော့ ခင်ပွန်းတွေနဲ့ မခွဲချင်တဲ့ စိတ်ကလေးကလဲ ပါသေးတယ်....(မှန်ပါ့ဘုရား)။

ဒါဖြင့် ပါတော့ မခွဲချင်တာက တဏှာ ဟုတ်လား၊ ပို့တဲ့အသံက မေတ္တာ၊ မခွဲချင်တာက.... (တဏှာပါဘုရား) ပို့တဲ့အသံက....(မေတ္တာပါဘုရား)။

အဲဒါကြောင့် ရာဂေါ မေတ္တာယ ဝဉ္ဇေတိ၊ ရာဂေါ=ရာဂဆိုတဲ့ တရားက၊ မေတ္တာယ=မေတ္တာလိုလိုနဲ့၊ ဝဉ္ဇေတိ=သူကနေပြီးသကာလ မေတ္တာလုပ်နေ၏တဲ့.... (မှန်ပါ့) လုပ်သာလုပ်နေ၏၊ မေတ္တာ မဟုတ်ဘူးတဲ့.... (မှန်ပါ့ဘုရား) ဘာပါလိမ့်.....(ရာဂပါဘုရား)ရာဂ တဏှာဘဲတဲ့.... (မှန်ပါ့ဘုရား)။

တကာတကာမတို့ ဘာတဲ့တုန်း.... (ရာဂတဏှာပါ ဘုရား) အဲဒီတော့ မေတ္တာပို့ကလေး ရှင်းရှင်းကလေးတော့ လုပ်ကြပါလို့ တောင်းပန်ပါရစေနော်....(မှန်ပါ့)မေတ္တာပို့တဲ့အခါ ဘယ် လိုပါလိမ့်.... (ရာဂ,မပါရုပါ) တဏှာ မပါစေပါနဲ့ ရာဂ,မပါစေနဲ့....(မှန်ပါ့)ရှင်းပလားး....(ရှင်းပါပြီဘုရား)။

ကျုပ်ဖြင့် ခင်လွန်းလို့ မေတ္တာကို ပို့နေတာဆိုယင် သွားပြီ ဒီဥစ္စာ၊ မသွားသေး ဘူးလား....(သွားပါပြီဘုရား) ခင်တာက ဘာပါလိမ့်.... (တဏှာပါဘုရား) မေတ္တာပို့တာက မေတ္တာ-(မှန်ပါ့ဘုရား) မေတ္တာတို့ ကရုဏာတို့က တခြားမဟုတ်လားဗျာ.... (မှန်ပါ့ဘုရား)။

အင်း....ဟင်....တခြားပေမဲ့ ခင်ဗျားငိုက ဘယ်သူ့ အပို့ မျှားသတုံးလို့ မေးလို့ရှိယင် ဘယ်နှယ်ပြောကြပလဲ....(တဏှာ အပို့မျှားပါတယ်) ခင်ရာမင်ရာ ပို့ကယ် ... (မှန်ပါ့) သွားပါပြီ ခင်ဗျားတို့ မေတ္တာဟာ ဒါ့ကြောင့် မဖူးတာ...(မှန်ပါ့ဘုရား) ရှင်းကြပလား....(ရှင်းပါပြီ)။

ရာဂဂါ မေတ္တာယ ဝဠွေတိ ဆိုတဲ့အတိုင်း....တဲ့၊ ရာဂဂါ= ရာဂသည်၊ မေတ္တာယ=မေတ္တာ လို့လို့နှင့်၊ ဝဠွေတိ=သတ္တဂါ သန္ဓာန်မှာ အပို့ခိုင်းပြီ....(မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီ)။

ဘာနဲ့ ပို့နေကြတာလဲ.... (တဏှာနဲ့ပါဘုရား) တဏှာနဲ့ ပို့နေကြတာ၊ ခင်ဗျားတို့ အာထင်ကလဲ ကျုပ်ဖြင့်ဗျာ အိမ်မှာ လူတွေမမာတာသာ မြင်ရတာဘဲ၊ မေတ္တာ အမြဲပို့နေတယ်...၊ အံမာ အိမ်တော့ လူမမာဘူးတဲ့၊မေတ္တာကတော့ အမြဲပို့တယ်၊ ဒီမေတ္တာတွေ ဘယ်ရောက်ကုန်ပါလိမ့်မတုန်း....တဲ့၊ ခင်ဗျားတို့က မေတ္တာမျှား စိတ်ဆိုးနေလိုက်သေးတယ်....(မှန်ပါ့)။

မေတ္တာလား....တဏှာလား.... (တဏှာပါဘုရား) ဟာ... တဏှာဖြင့် မကောင်းကျိုးပေးမှာပေါ့....(မှန်ပါဘုရား) မေတ္တာ ဖြစ်ယင်.... (ကောင်းကျိုးပေးရမယ်) သဘောကျ ပလား.... (ကျပါပြီဘုရား)။

အဲဒီမှာ ခင်ဗျားတို့ စစ်စစ်ကလေးဖြစ်အောင်လုပ်ပါ ဆိုတာ ကိုလဲ ဒီကြားညှပ်ပြီးသကာလ ဒီစကားကိုအသုံးပြုပြီး ပေးလိုက် ပါတယ်ဆိုတာလဲ မှတ်လိုက်စမ်းပါနော်....(မှန်ပါဘုရား)။

ကဲ....တကာတကာမတို့ ဘုရားပွင့်တဲ့နေရပ် သိပါပလား.... (သိပါပြီဘုရား) ဘယ်နားကနေ ပွင့်သလဲ.... (ခင်ရာ မင်ရာ နားကနေ ပွင့်ပါတယ်ဘုရား)။

ခင်ဗျားတို့ ခင်ရာမင်ရာ နားကနေပြီး ဘုရား ပွင့်တယ်.... (မှန်ပါ)အင်း....ဟင်....ဘုရားတောင် ပွင့်ဘို့ရာနေရာ အတော် များများပွင့်ရမယ်၊ဒီဘက်က သားကလေးကျပြန်လဲ ခင်တော့ အဲဒီနား ဘုရားသွားရဦးမယ်၊ ဟ....ဒါလဲ နင်သွား မမျှိုနဲ့.... (မှန်ပါ့)။

ဒီဘက်သို့မီးကလေး ကျပြန်တော့ ခင်ဗျားတို့က ဘယ်လို စိတ်ကူးပြန်လဲ....(ခင်ပါတယ်ဘုရား)ခင်တော့ မျိုမိမှာဘဲဆိုတဲ့ အဓိပ္ပါယ်မရဘူးလား....(ရပါတယ်ဘုရား)။

အဲဒီနား ဘုရားသွားရသေးတယ်....၊ ဒါလဲမမျှိုနဲ့ မျိုယင် အဆိပ်ဘဲ၊ သဘောကျပလား....(ကျပါပြီ) ဒါကလေးက တူမ ကလေး၊ အင်မတန်လိမ်မာရေးခြားရှိပြန်တယ်ဆိုတော့ ခင်ဗျား တို့က ဘယ်လိုစိတ်ကူးရသလဲ....(ခင်ပါတယ်ဘုရား)။

အင်း....သွားမမျှိုနဲ့ဦး....၊ ဒါလဲ အဆိပ်ဘဲ....(မှန်ပါ့)ရိပ်မိ ပလား....(ရိပ်မိပါပြီ)။

မိုးကုတ်ဝိပဿနာ လုပ်ငန်းစဉ်တရား (၅)

ဒီကနေပြီးသကာလ မြေးကလေးဆိုတာကော ခင်ဗျားတို့က ဘယ်လိုစိတ်ကူးပြန်သလဲ....(ခင်ပါတယ်ဘုရား)။

ခင်မယ် မင်မယ်ဘဲ စိတ်ကူးနေတယ် မဟုတ်လား....(မှန်လှပါ) အင်း....ဒါ မျိုတဲ့သိပ်တဲ့ သဘော မပါဘူးလား....(ပါ-ပါတယ်ဘုရား)။

အဲဒီနေရာ ဘုရားကလိုက်ပို့ရတယ်၊ ဟော....ဒါလဲ မမျိုနဲ့ ဒါလဲ အဆိပ်နဲ့ ရောထားတဲ့ အရက်တွေဟာ....(မှန်ပါ့)သဘော ကျပလား....(ကျပါပြီ)။

ဘာတုန်း....(အဆိပ်နဲ့ ရောထားတဲ့ အရက်ပါ) အဲဒီတော့ အရက်ဆိုတာက မူးတဲ့ ယစ်စေတယ်၊ သဘောကျပလား....(မှန်ပါ့) အဆိပ်ဆိုတာက သေစေတယ်....(မှန်ပါ့)။

ဒီအာရုံတွေထဲမှာ ခင်ဗျားတို့ ပျော်နေလို့ ရှိယင် ဒါ-မူးနေတာဘဲ၊ သဘောကျပလား(ကျပါပြီ)နောက်ကျတော့ ခင်ဗျားတို့ ဒီ-အာရုံတွေကြောင့် ဒီဘက်က အိုနာသေတဲ့ တွေ့ရတာက အဆိပ်သင့်ပြီးသေတာ....(မှန်ပါ့)။

ဒါဖြင့် တကာတကာမတို့ ဒီအာရုံတွေသည် မူးလဲ မူးစေပါသည်ဆိုတာ ပေါ်လာကြပလား.... (မှန်ပါ့) သေလဲ သေစေတယ်....(မှန်ပါ့ဘုရား)။

ခင်ဗျားတို့ သားတို့ သိုးတို့ ခွေနာတွေဟာ ဘာတုန်း တကာတကာမတို့....(အဆိပ်တွေပါ ဘုရား) အဆိပ်တွေ၊ အဆိပ်နဲ့ ရောထားတဲ့ အရက် နှစ်ခုထည့်လိုက်ပါ....(မှန်ပါ့) ဘာနဲ့လဲ....(အဆိပ်နဲ့ ရောထားတဲ့အရက်ပါဘုရား)။

တကာတကာမတို့ မူးလဲမူးစေတယ်၊ သဘောကျပလား....သေကော....(သေစေပါတယ်ဘုရား) မူးလဲမူးစေတယ်ဆိုတာက

ဒီအာရုံတွေသာဝင်လာလို့ ရှိယင် ဒီခင်စရာ မင်စရာ တွေသာဝင်လာလို့ရှိယင် တကာတကာမတို့ သူတော်ကောင်း အလုပ်ဆိုတဲ့ ဝိပဿနာအလုပ်ကြီး သစ္စာတွေ့မြင်တဲ့ အလုပ်ကြီးလုပ်ဖြစ်ပါသေးရဲ့လား....(မလုပ်ဖြစ်ပါဘုရား) ဘာဖြစ်လို့တုန်း-(မူးနေလို့ပါဘုရား)သဘောကျပလား....(ကျပါပြီ)။

မူးတော့.... တဏှာ ဥပါဒါန် ကံတွေက မဖြစ်ဘူးလား....(ဖြစ်ပါတယ်ဘုရား) ခန္ဓာကမရဘူးလား....(ရပါတယ်) ခန္ဓာရတဲ့အခါကျတော့- အို,နာ,သေအညွှန့်တွေက မပေါက်ဘဲနေပါ့မလား....(မနေပါဘုရား)။

ဩော်....ဒါဖြင့် ဒီအရာတွေ မျိုမို့,သိပ်မိတာကလဲ မူးလို့မျိုတယ်၊နောက်အဆိပ်ဖြစ်ပြီးသကာလ အိုပဲ့,နာပဲ့,သေပဲ့ခင်းရတယ်....(မှန်ပါ့)သဘောပါပလား....(ပါ၊-ပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ့ ဒီဟာတွေသည်သောက်ကောင်းတဲ့ အလုပ်လား၊ မသောက်ကောင်းတဲ့ အလုပ်လား....)(မသောက်ကောင်းတဲ့အလုပ်ပါဘုရား)။

ဩော်....ဒါတွေ့ ဟောရတော့မယ် ဆိုတော့....ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ပုထုဇန်ကလဲ ဒါတွေ့ ကြိုက်လိုက်တာလွန်လို့....(မှန်ပါ့)ဘုရားကလဲ မူးမှာလဲစိုးရိမ်၊ သေမှာကော....(စိုးရိမ်ပါတယ်ဘုရား)။

ဘုရားစိုးရိမ်တာလဲ သဘောကျပလား....(ကျပါပြီ) မူးမှာမူးမှာကော.... (စိုးရိမ်ပါတယ်) သေမှာကော.... (စိုးရိမ်ပါတယ်ဘုရား)။

မိုးကုတ်ဝိပဿနာ လုပ်ငန်းစဉ်တရား (၅)

ဩော်....ဘုရားသခင် ကိုယ်တော်မြတ် ကြီးကဖြင့် ကရုဏာရော မေတ္တာရော တကာသစ်တို့ ကိုမြရှေတို့ တန်းကုန်နေပြီ.... (မှန်လှပါဘုရား)။

ခင်ဗျားတို့ကလဲ....တွေ့လို့ရှိယင် တော့ဖြင့် သောက်မဟာ.... သားတည်းဟူသော အာရုံနဲ့တွေ့ ယင်လဲ ခင်မဟာ၊ သို့မဟုတ်း ဟူသော အာရုံနဲ့တွေ့ယင်ကော....(ခင်မဟာ) ဆွမျိုးတည်းဟူသောအာရုံနဲ့တွေ့ယင်ကော....(ခင်မဟာ)။

ခင်ဗျားတို့ကလဲ မျိုမယ် သိပ်မယ်ချည်းစိတ်ကူးနေတာဘဲ.... (မှန်ပါ့) ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဒီနားက နေပြီး သကာလ ဟ....အဆိပ်နဲ့ရောထားတဲ့ အရက်တွေပါဟာ၊ အဆိပ်နဲ့ရောထားတဲ့ အရက်တွေပါဟ....လို့ ဒီဟာ အမျိုးမျိုးပြောနေရတယ်....(မှန်ပါ့)သဘောကျကြပလား.... (ကျပါပြီဘုရား)။

ဘုရားက တားမြစ်သမား၊ ခင်ဗျားတို့ကအတင်းမျိုသမား- (မှန်ပါ့ဘုရား) သဘော ကျပလား.... (ကျပါပြီ) ဘုရားက (တားမြစ်သမားပါ) (ခင်ဗျားတို့က....အတင်းမျိုသမားပါ)။

အဲဒီတော့....စဉ်းစားလိုက်ပါ....တဲ့၊ မမျိုတဲ့ ပဋိုလ်တွေဖြင့် တကာတကာမတို့ အဝိဇ္ဇာ တဏှာနဲ့လဲ မမှုးလို့ ဒိဋ္ဌိပဲ့ ဖဿပဲ့ နာပဲ့တွေက လွတ်သွားတယ်.... (မှန်ပါ့) တားလို့ရတဲ့ ပဋိုလ် နိဗ္ဗာန်ရောက်တာဘဲ....(မှန်ပါ့ဘုရား)။

တားလို့မရတဲ့ပဋိုလ်မှာ အရှုးပဲ့ရယ်, သေပဲ့ရယ် သွားတွေ့တယ်....(မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီ)။

မသေခင် ရှုးတယ်၊ နောက်ကျတော့ သေဘော့ကို ဘရှုးသေသေတယ်.... (မှန်လှပါ) သဘောကျပလား....(ကျပါပြီ)။

ဒါဖြင့် မျိုတဲ့ပုဂ္ဂိုလ် သိပ်တဲ့ပုဂ္ဂိုလ် သားခင်,သမီးခင်,ဆွေခင် မျိုးခင် ကိုယ့်ခန္ဓာခင်တဲ့ ပုဂ္ဂိုလ်များဟာ တကာတကာမတို့.... အဆိပ်နဲ့ ရောထားတဲ့အရက် သောက်နေကြတာ ပါကလား.... (မှန်ပါ့)။

တော်တော်ကြာကျလို့ရှိယင် ဒီအဆိပ်နဲ့ရောထားတဲ့အရက် သည် တကာတကာမတို့ မူးရုံဘဲလား.... သေမှုပါသေးလား.... (သေမှုပါ-ပါတယ်ဘုရား)။

ဒါဖြင့် မူးပြီးသကာလ သေချင်းဆိုး သေတဲ့အလုပ်-(မှန်ပါ့) ခင်လို့ရှိယင်မူးပြီ....(မှန်ပါ့)မူးလို့ရှိယင် နောက်ဆုံးပိတ် ဘာ ဖြစ်ရမလဲ....(သေပါတယ်ဘုရား)။

သေချင်းဆိုးသေရမယ် တကာတကာမတို့ရဲ့-(မှန်ပါ့)မသေ ရပေဘူးလား.... (သေရပါတယ်) ဒါဖြင့် တကာ တကာမတို့ ခင်တာသည် မူးတာဘဲ....(မှန်ပါ့ဘုရား)။

မူးလို့ရှိယင်ဖြင့် ဒီခန္ဓာတွေ မရပေဘူးလား....(ရပါတယ်) တဏှာမူး ဥပါဒါန်မူးကိုးဗျ....၊ ကံရှူးမှူ သဘော ကျပလား.... (မှန်လှပါ)။

တဏှာကလဲအမူးဘဲ၊ ဥပါဒါန်ကလဲ.... (အမူးပါဘဲ) ကံက အရှူး-(မှန်ပါ့)ကံက အရှူးကံတဲ့၊ တကာတကာမတို့ ဘယ်နှယ် ကြောင့် အရှူးကံလဲဆိုတော့ ဒုက္ခသစ္စာလုပ်တဲ့ကံကိုး(မှန်ပါ့)။

ဘာလုပ်တဲ့ ကံပါလိမ့် (ဒုက္ခသစ္စာလုပ်တဲ့ကံ) ဒုက္ခသစ္စာ လုပ်တဲ့ကံဆိုတော့ တကာတကာမတို့ အင်း....တဏှာကလဲအရှူး၊ ဥပါဒါန်ကလဲအရှူး၊ ကံကလဲ....(အရှူးပါဘုရား)။

သူက လုပ်စေတာက ခန္ဓာငါးပါးက ဘာသစ္စာ.... (ဒုက္ခသစ္စာပါ) ဒီခန္ဓာငါးပါးကြီးကလဲ ဘာတွေမျှား အညွှန်အညောင်တွေ ပေါက်လာပါလိမ့်....(အိုး,နာ,သေတွေပါဘုရား)။

အိုး,နာ,သေ အညွှန်တွေပေါက်လာတာ တကာတကာမတို့.... ဒါ-အသောက်လဲလို့ဖြစ်ရတာ၊ လက်သည်တွေပြီ(မှန်ပါ့ဘုရား) ဘာပါလိမ့်(အသောက်လဲလို့ပါဘုရား)။

အသောက်လဲလို့ တွေရတယ်ဆိုတာ သေချာကြပလား.... (သေချာပါပြီ) အို ဒါဖြင့် ဘုန်းကြီးတို့, တကာတကာမတွေမှာ ဒီနေရာကမှ ဘုရားမပွင့်လို့ရှိယင် ကိုယ်ကျိုးတော့လှလှကြီးနည်းပြီ....(မှန်ပါ့ဘုရား)။

ယခုလိုနေရတုန်းမှာ ရူးရမယ်၊ ယခုလိုနေရတုန်းမှာ....(ရူးရပါမယ်) သားနဲ့ရူး၊ သမီးနဲ့ရူး၊ ပစ္စည်းနဲ့ရူး၊ မလာပေဘူးလား (လာပါတယ်ဘုရား) အင်း....သေတော့ကော....အကောင်းသေလား....အရူးသေလား....(အရူးသေပါဘုရား)။

ဒါဖြင့် တကာတကာမတို့ ဩဩ....ရှင်ဟုန်းလဲ သူ့ကြည့်ရတာ စိတ်ပျက်လိုက်တာ၊ ရူးနေရှာတယ်၊ သေတော့အရူးပျောက်သွားသလား....၊ အရူးသေဘဲ သေရရှာသလား....(အရူးသေဘဲသေရပါတယ်ဘုရား)။

ဒါဖြင့် အနေမှာဆိုး၍ အသေမှာလဲဆိုးပါတယ်.... (မှန်ပါ့) ဘယ့်နှယ်ဆိုကြမလဲ....(အနေမှာလဲဆိုး၍ အသေမှာလဲ ဆိုးပါတယ်ဘုရား)။

အနေမှာတော့ ရူးလို့ဆိုးတယ်၊ အသေမှာတော့ ရောဂါမပျောက်ဘဲနဲ့သေတဲ့အတွက်....(ဆိုးပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမဟို့ အနေဆိုး အသေဆိုးနဲ့ ခင်ဗျားတို့ ကြုံတော့မယ်....(မှန်ပါ့ဘုရား)အခုဘုရားဟောတာနားမထောင်ယင်....(မှန်ပါ့)။

ဘုရားဟောတာ နားမထောင်ယင် ဘယ့်နှယ်ဖြစ်မယ်....(အနေဆိုးအသေဆိုးဖြစ်ပါမယ်ဘုရား) အနေဆိုး အသေဆိုးနဲ့ ခင်ဗျားတို့အားလုံး သွားရတော့မယ်(မှန်ပါ့)တကာတကာမတို့ ဘုရားဟောတာ နားမထောင်ယင်....(အနေဆိုး အသေဆိုးနဲ့ သွားရပါမယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ ထောင်သင့်-မထောင်သင့်လဲအကဲ ခတ်ပါဦး.... (ထောင်သင့်ပါတယ်ဘုရား) ဒီနေရာတွင်ထောင်ရမှာလား၊ ငတ္တတဲ့နေရာ ထောင်ရမှာလား....(ငတ္တတဲ့နေရာထောင်ရမှာပါဘုရား)။

ဟာဒီအာရုံနဲ့ ငတ္တတိုင်း-ငတ္တတိုင်း ဒီအရက်တွေ အဆိပ်နဲ့ ရောထားတဲ့ အရက်တွေ မသောက်မိအောင် စိတ်ကူးရမယ်....(မှန်ပါ့ဘုရား)။

ဒါ-အင်မတန် နက်လာပြီနော် တရားဟာ.... (မှန်ပါ့ဘုရား) တကာတကာမကွေ ဒီဥစ္စာ အရင်လမ်းခင်းတုန်းကတော့ လွယ်သလိုလိုနဲ့ အခုအခါကျတော့ ရှုရမည့် ပွားရမည့် အလုပ်ထဲ ရောက်လာပါပြီ....(မှန်ပါ့ဘုရား)။

ဘယ်အထဲ ရောက်လာသလဲ.... (ရှုရ ပွားရမည့် အလုပ်ထဲ ရောက်လာပါပြီ) အဲဒီတော့ တကာတကာမတွေ ဘုန်းကြီးက အလုပ်ပေးရမည့်ဆရာ၊ ဒီနားက ရပ်ပြီးသကာလ ဘုရားကလဲ

မရှိတော့ ဘုရားဟောတဲ့ ဒေသနာတွေကြည့်ပြီး တကာ့တကာမ တွေ့ ဒါတွေ့ သောက်လို့ရှိယင်ဖြင့် ဒို့-တကာ တကာမတွေ့မှာ အဆိပ်နဲ့ရောထားတဲ့ အရက်တွေ့ သောက်မိလို့ရှိယင်ဖြင့်ရှင်တော့ ရှုးမနေပေဘူးလား....(နေပါတယ်ဘုရား)။

ရှင်တုန်းလဲအရှုး....(မှန်ပါ့) သေတော့ သေခြင်းဆိုး (မှန်ပါ့ ဘုရား)မဆိုးဝါးဘူးလား(ဆိုးဝါးပါတယ်) ရှင်တော့(အရှုးပါ) သေတော့.... (သေခြင်းဆိုးပါဘုရား)။

ဒါဖြင့် တကာ့တကာမတို့ အရှုးသေ-သေရလေခြင်း ဆိုတဲ့ ဥစ္စာသည် တကာ တကာမတို့ ရှင်တုန်းမှာလဲ လူပုံအလယ်မှာ အရှက်ကွဲပါတယ်....(မှန်ပါ့)။

ရှင်တုန်းမှာလဲ(လူပုံအလယ်မှာ အရှက်ကွဲပါတယ်) သေတဲ့ အခါ ကြက်သရေမင်္ဂလာမျှား ရှိသေးသလား....(မရှိပါဘုရား)။

ကြက်သရေမင်္ဂလာတုန်းပြီးတော့ သေရပါတယ် ဆိုတော့.... ဘယ်ကောင်းတာပါသေးတုန်း(ဘယ်ဟာမှမကောင်းပါဘုရား)။

ကိုင်း....ဒါဖြင့် ဒီအနားရပ်ပြီး ဆရာဘုန်းကြီးက ဆရာသမား တွေ့က ဘုရားက ကိုင်း....ဒါတွေ့ မသောက်ဖြစ်အောင် ပြောရ တော့မယ်....(မှန်ပါ့ဘုရား)။

ကတကာ တကာမတို့ ဘယ်လိုဖြစ်အောင် ပြောရတော့မယ်.... (မသောက်ဖြစ်အောင် ပြောရတော့မယ်) မသောက်ဖြစ် အောင် မခင်ဖြစ်အောင် တကာ တကာမတွေ့ ဒါ-ပြောရတော့ မယ်နော်....(မှန်ပါ့)။

မသောက်,မခင်, မမျိုတော့ဘူးဆိုတော့ တဏှာ ဥပါဒါန်ကံ တွေ့က ဘယ်နှယ် နေသလဲ.... (ချုပ်သွားပါတယ်ဘုရား) ချုပ် သွားတယ်၊ မချုပ်ဘူးလား.... (ချုပ်ပါတယ်ဘုရား)။

မိုးကုတ်ဝိပဿနာ လုပ်ငန်းစဉ်စာရား (၅)

သူတို့ ချုပ်နေက ခန္ဓာလာသေးလား.... (မလာပါဘုရား) အင်း....ခန္ဓာမလာတော့ ဒုက္ခသစ္စာက ငြိမ်းတယ်၊ သူတို့ချုပ်တော့ သမုဒယသစ္စာက ငြိမ်းတယ်၊ခန္ဓာမလာတော့.... (ဒုက္ခသစ္စာငြိမ်းပါတယ်ဘုရား)။

သူတို့ချုပ်တော့ (သမုဒယသစ္စာကငြိမ်းပါတယ်)ခန္ဓာမလာတော့(ဒုက္ခသစ္စာ ငြိမ်းပါတယ်ဘုရား)။

အို-ဒုက္ခသစ္စာငြိမ်းပေါ့ ဒီအညွန့် အညောင့်တွေ့ ပေါက်ဘို့လို သေးသလား.... (မလိုပါဘုရား)။

ဩော်....ဒါဖြင့် နိဗ္ဗာန်ရောက် တရားဆိုတာ ဒါပါကလား.... မသောက်စေဘို့အရေးဟာ နိဗ္ဗာန်ရောက်ဘို့အရေး.... (မှန်လှပါဘုရား)မမျိုဘို့အရေးဟာ.... (နိဗ္ဗာန် ရောက်ဘို့အရေး)နိဗ္ဗာန်ရောက်ဘို့အရေးဆိုတာ ပေါ်လာကြပလား.... (ပေါ်လာပါပြီ)

ဒါဖြင့် ဘုရားဘယ်နားက ပွင့်ပါလိမ့်....(ခင်ရာ မင်ရာ နားကပါဘုရား) ခင်ရာမင်ရာနားက ပွင့်နေတယ်၊ ကိုမြရွှေ....စောင့်နေတယ်နော်....(မှန်ပါ့) စောင့်နေတယ် စောင့်နေတယ်၊ တကာတကာမတို့ ဘုန်းကြီးများကလဲ ဒါတွေကို ရှုပါ-ဒါတွေကို ရှုပါဆိုတာ အမြဲပြောနေရတယ်-(မှန်ပါ့ဘုရား)မပြောရပေဘူးလား (ပြောရပါတယ်ဘုရား)။

ဒါတွေကို ရှုပါ-ဒါတွေကို ရှုပါဆိုတော့ ခင်ဗျားတို့က ဒီစကြု ဆိုတာ ကိုယ့်မျက်လုံးကလေးကလဲ“စကြုလောကေ ပိယရူပံ သာတရူပံ ဇေတ္ထသာတဏှာ” ဟော-ပါဦးတော် လာပြီ....(မှန်ပါ့)။

စကြုဆိုတဲ့မျက်လုံးကလေးကိုလဲတဲ့၊ခင်ဗျားတို့က ပိယသာတဖြစ်ပါတယ်၊ ခင်ပါတယ်ဆိုတဲ့ဥစ္စာ မျိုတာဘဲနော်....(မှန်ပါ့)။

ဒါ့ကြောင့် "စက္ခုလောကေ ပိယရူပံ သာတရူပံ ဧတ္ထောသာ တဏှာ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ ဧတ္ထနိဝိသမာနာ နိဝိသတိ" ခင်ဗျားတို့မှာ နေ့တိုင်းမျိုနေတာဘဲ့....(မှန်ပါ့)။

"သောတံ လောကေ ပိယရူပံ သာတရူပံ" ဒီသောတကလေးဆိုတဲ့ နားကလေးကိုလဲ ပိယ,သာတနဲ့ မျိုနေတာဘဲ့....(မှန်ပါ့ဘုရား) "ဃာနံလောကေ ပိယရူပံ သာတရူပံ" ဃာနတည်းဟူသော လောကတရားကြီးကို ခင်ဗျားတို့က မျိုနေပါပြီ၊ မမျိုဘူးလား....(မျိုပါတယ်ဘုရား)။

ဇိဝှာလောကေဆိုတာတော့လျှာရုပ်ကလေးကိုလဲ အင်မတန်မသာယာကြဘူးလား.... (သာယာပါတယ်ဘုရား)သူလဲ မျိုနေတာဘဲ့....(မှန်ပါ့) "ကာယောလောကေ ပိယရူပံ သာတရူပံ" ကာယတည်းဟူသော လောကတရားကို ခင်ဗျားတို့က မျိုနေပါပြီ၊ မမျိုဘူးလား.... (မျိုပါတယ်ဘုရား)။

"မနောလောကေ ပိယရူပံ သာတရူပံတဲ့"၊ မနောကိုလဲ ခင်ဗျားတို့က ချစ်ခင်နှစ်သက်ကာ မျိုနေတာဘဲ့....(မှန်ပါ့ဘုရား) ဧတ္ထောသာတဏှာ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ ဧတ္ထ နိဝိသမာနာနိဝိသတိတဲ့၊ ဒီတဏှာသာ လာလို့ရှိယင် ဒီ-တဏှာလာ ဥပါဒါန်ကံ ခန္ဓာငါးပါးလာမယ်.... (မှန်ပါ့ဘုရား) ခန္ဓာငါးပါး လာပြီးယင် ဇာတိ ဇရာမရဏက ဘယ့်နှယ်နေသလဲ....(လာပါတယ်ဘုရား)

ကိုင်း....တကာ တကာမတို့ ခန္ဓာငါးပါး ကြောက်ရမလားတဲ့၊ အဆိပ်နဲ့ရောထားတဲ့အရက် ကြောက်ရမှာလား....(အဆိပ်နဲ့ရောထားတဲ့အရက် ကြောက်ရမှာပါဘုရား)။

ဒါမမျိုမိဘို့ အရေးကြီးတယ်.... (မှန်ပါ့ဘုရား) ပေါ်ကြပလား....(ပေါ်ပါပြီ) ကိုင်း....ဒါဖြင့် ဒါမမျိုမိအောင်လို့ ဘုရား

သခင်ကိုယ်တော်မြတ်ကြီးက ဒီနားပွင့်ပြီးသကာလ နေရှာတော့ သြော်....ဘုန်းကြီးတို့ တကာ တကာမတွေ့ကလဲ တသံသရာလုံးက လာတော့ တကာသစ်ရေ ရောက်ရာ မျိုတော့တာဘဲ.... (မှန်ပါ့ဘုရား)အင်မတန် ကြောက်စရာ မကောင်းဘူးလား....(ကောင်းပါတယ်ဘုရား)။

အဲဒါကြောင့် ဘုရားက ဒီနားကနေပြီး ဟော့....ပုထုဇဉ်မိုက် ဒီဥစ္စာ အနိစ္စတရား....၊ ဒုက္ခတရား....၊ အနတ္တတရား သဘောကျပလား....(ကျပါပြီ) ရောဂတရားက္ခ၊ ဘယတောဆိုတဲ့ ဘေးတရားက္ခ....၊(မှန်ပါ့)ဒီငါးခုနဲ့ မင်းရှုစမ်းက္ခာ...တဲ့။

ဒါ-အနိစ္စတရားလဲဟုတ်ပါသတဲ့၊ ဒုက္ခတရားကော.... (ဟုတ်ပါတယ်)အနတ္တ တရားကော.... (ဟုတ်ပါတယ်)ပြီးတော့ ရောဂတရားကော....(ဟုတ်ပါတယ်) ဘေးသဘောကော.... (ဟုတ်ပါတယ်ဘုရား)။

ဂဲ....ဒါဖြင့်အနိစ္စတော, ဒုက္ခတော, အနတ္တတော, ရောဂတော ဘယတောဆိုတဲ့ ဒီတောငါးခုနဲ့ တခုခု ပိုင်အောင် ရှုစမ်း....(မှန်ပါ့ဘုရား)။

မင်းတို့ မမျိုမိတော့ဘူး.... (မှန်ပါ့) ဒီလိုဆိုတော့ ရှုတယ်ဆိုကတည်းက တကာ တကာမတွေ့ကစဉ်းစားလိုက်တာပေါ့၊ရှုတယ်ဆိုကတည်းက ဒီမှာ ဝိပဿနာမဂ် ဝင်လာပြီ၊ မဝင်သေးဘူလား(ဝင်ပါတယ်ဘုရား)။

အင်း....ဟင်....မမျိုမိဘူးဆိုတဲ့ သဘောသည်ကားလို့ဆိုယင် မမျိုတော့ဘူးဆိုတော့ ဒါတွေဟာ မသောက်ကောင်းတာတွေ ဟုတ်လား၊ မမျိုကောင်းတာတွေဆိုတော့ ဝိပဿနာရှုနေတာ

မသောက်ကောင်းဘူး၊ မမျိုကောင်းဘူး ပြောနေတာ.... (မှန်လှပါဘုရား) သဘောပါကြပလား.... (ပါ-ပါတယ်ဘုရား)။

ကျပ်ကျပ်နားထောင်ပါ တကာ တကာမတွေ့ ဒီအရေးဟာ နေ့တိုင်းထက်ကြီးတယ်လို့မှတ်ပါ.... (မှန်ပါဘုရား)။

ဝိပဿနာရှုဆိုတာ မသောက်ကောင်း မမျိုကောင်းတာကို ရှုနေတာ.... (မှန်ပါ့) ဝိပဿနာရှုဆိုတာ ဘာပါလိမ့်- (မသောက်ကောင်း မမျိုကောင်းတာကို ရှုနေတာပါဘုရား)။

မသောက်ကောင်း မမျိုကောင်းတာကို အမှန်အကန်သိဘို့ ရှုနေတာ.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ) ဝိပဿနာရှုဆိုတာ ဘာပါလိမ့်.... (မသောက်ကောင်း မမျိုကောင်းတာ ရှုနေတာပါဘုရား)။။

မသောက်ကောင်း မမျိုကောင်းတဲ့တရားလို့ဆိုတော့ တဏှာနဲ့ မခင်ကောင်း၊ မခင်ကောင်းတဲ့တရား.... (မှန်ပါ့) ဒါတွေ့ရှုရမှာလား-မရှုရတော့ဘူးလား.... (ရှုရမှာပါဘုရား)။

အဲ....ရှုတဲ့အခါကျတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဒါကိုမသောက်ပါနဲ့၊ မမျိုပါနဲ့-ဟုတ်လား၊ မသိပ်ပါနဲ့ဆိုတာတွေ့ ဝိပဿနာရှုပါကွာတဲ့၊ ဒါတွေ့ဟာ အနိစ္စတရား၊ ဒုက္ခတရား၊ အနတ္တတရား၊ ရောဂတရား၊ ဘယတရားတွေ့.... (မှန်ပါ့) သဘောကျပလား.... (မှန်ပါ့)။

ဘယတော ဘေးသင့်မှာတွေ့ကွာတဲ့၊ မင်းတို့ ဒီဥစ္စာ ဘေးတွေ့ ကြည့်ပေးစမ်းပါ ဆိုတော့ ဘယဥာဏ်တွေ့ ပြောနေတာ (မှန်ပါ့ဘုရား) ရှင်းကြပလား.... (ရှင်းပါပြီ) ဘာပြောနေတာပါလိမ့်....(ဘယဥာဏ်တွေ့ ပေါ်အောင် ပြောနေတာပါဘုရား)

အဲဒီတော့ ဘယညာဏ်-ဒါတွေဟာ ကြောက်စရာ ဆိုတော့ ကြောက်စရာက အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ ကြောက်တာက မဂ္ဂသ္စဉး ဖြစ်တယ်-(မှန်ပါ့ဘုရား)ကြောက်စရာက....(အနိစ္စ၊ ဒုက္ခ၊ အနတ္တပါ) ကြောက်တာက.... (မဂ္ဂပါဘုရား) ဟော....သေတာက သမုဒယ....(မှန်ပါ့ဘုရား) ဟုတ်လား၊ ဒီဘက်က ဒါတွေပပေါ်တာက နိရောဓ.... (မှန်ပါ့) ဟော.... ရှင်းမသ္စဉးဘူးလဉး.... (မှန်ပါ့)။

ဒါ အင်မတန် ရှင်းပါတယ် တကာ တကာမတို့တဲ့ သစ္စာလေးပါး သ္စဉးကိုက်တာဘဲ.... (မှန်ပါ့) ဒါဖြင့် ကြောက်စရာတွေက ဒုက္ခသစ္စာ.... (မှန်ပါ့) ကြောက်စရာမှန်း သိတာက.... (မဂ္ဂသစ္စာပါ) သေတာက....(သမုဒယ သစ္စာပါ) ဒီဘက်ကခန္ဓာတွေ မပေါ်တာက....(နိရောဓ သစ္စာပါဘုရား)။

သြော်....ဒါကြောင့် ဘုရား ဟောပေတာဘဲ၊ တခါတည်း နိဗ္ဗာန်ရအောင်လို့ ဟောပေတာဘဲဆိုတာ တကာ တကာမတို့ သေသေချာချာ ပေါ်ပလား....(ပေါ်ပါပြီဘုရား) သေသေချာချာ ပေါ်လာပါပြီတဲ့၊ အင်မတန် အဘိုးတန်လာပါပြီ။

ကိုင်း....ဒါဖြင့် တကာ တကာမတို့ ဒီဥစ္စာကို ရှုရတော့မယ်ဆိုတော့ မဖြစ်သေးဘူးတဲ့၊ မင်းတို့သည်ကားလို့ ဆိုယင်ဖြင့် ခုနက ပြောခဲ့တဲ့ သူတော်ကောင်း ဆည်းကပ်ဦးမှ ရလိမ့်မယ် ဒီတရားမှန်းသိလာလိမ့်မယ်....(မှန်ပါ့)။

သူတော်ကောင်း ဆည်းကပ်လို့ ဒီတရားတွေ ရှုရမယ်ဆိုတာ သိတာနော်.... (မှန်လှပါ) နို့မို့ယင် သိပါ့မလား.... (မသိပါ) ခင်ဗျားတို့လိုတော့ မျိုနေမှာဘဲ.... (မှန်ပါ့) ဒါတွေအကုန်

မမျိုဘူးလား.... (မျိုပါတယ်) ကိုယ့်ခန္ဓာဖြစ်လဲ ခင်တာဘဲ၊ သားသမီးခန္ဓာဖြစ်ကော....(ခင်တာပါဘဲ ဘုရား)။

ခင်တာဘဲတဲ့၊ သူတော်ဆည်းကပ် အခု မြတ်တရားတော်နာတဲ့အတွက်တဲ့ ခင်ဗျားတို့ သည်ကားလို့ဆိုယင် သြော်....ဒါတွေအဆိပ်တွေပါလားလို့ သိတယ်....(မှန်ပါဘုရား) နို့မို့ယင်သိပါ့မလား.... (မသိပါဘုရား)။

အဲဒီတော့ ခင်ဗျားတို့အလုပ်က လွန်စ္စာ အားထုတ်ရမယ်တဲ့ ဘယ်လို အားထုတ်ရမတုန်းဆိုတော့ ဒါတွေအဆိပ်တွေ ဒါတွေအနိစ္စတရားတွေ၊ ဒါတွေ ဒုက္ခတရားတွေ၊ ဒါတွေ အနတ္တတရား၊ ဒါတွေဟာ ရောဂတရား၊ ဒါတွေဟာ ဘယတော ဆိုတဲ့ ဘေးသင့်တဲ့တရား၊ ဒါကို ခင်ဗျားတို့ အလုပ်လုပ်ရမယ်.... (မှန်ပါ့) မလုပ်ယင် တော်ပါ့မလား.... (မတော်ပါဘုရား)။

ကိုင်း.... တကာ တကာမတို့ လုပ်ခြင်း၏ ကျေးဇူးဆိုတော့ ဒါတွေကို အနိစ္စ-ဒုက္ခ-အနတ္တ-ရောဂ ဘယလို့ ရှုမယ်ဆိုတော့ သူတို့က အနိစ္စ-ဒုက္ခ-အနတ္တ-သူတို့ရောဂလို့ ဘယလို့မြင်တဲ့မဂ္ဂမဖြစ်ဘူးလား.... (ဖြစ်ပါတယ်ဘုရား) မဂ္ဂဖြစ်တော့ ဒီဘက်က ခုနကပြောတဲ့ ခင်တတ် မင်တတ် မျိုတတ် သိပ်တတ်တဲ့ သမုဒယတွေက ဘယ်နှယ် ဖြစ်သွားသလဲ.... (သေသွားပါတယ်ဘုရား)။

ဒါဖြင့် သမုဒယသေတော့ ဒီဘက်ကဒုက္ခတွေ (ချုပ်သွားပါတယ်ဘုရား) ချုပ်သွားတော့ကို သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာ ချုပ်တယ်....(မှန်ပါ့) သမုဒယသစ္စာ ချုပ်ခြင်းကြောင့် နိရောဓသစ္စာ မပေါ်ဘူးလား....(ပေါ်ပါတယ်ဘုရား)။

ကဲ....ဒါဖြင့် ဒီဒုက္ခသစ္စာကို ခင်ဗျားတို့ မဂ္ဂသစ္စာနဲ့ ပဌား များရမယ်.... (မှန်ပါ့ဘုရား) ဒီဘက်က ဒုက္ခသစ္စာကို.... (မဂ္ဂ သစ္စာနဲ့ ပဌားများရပါမယ်)ပဌားများတဲ့အတွက် ဒီသမုဒယသစ္စာ က (သေပါတယ်) သေတယ်၊ ဒီဘက်က နိရောဓသစ္စာမပေါ်ဘူး လား.... (ပေါ်ပါတယ်ဘုရား) ဩော်....ဒါဖြင့် ဒီအလုပ်ဟာ အလုပ်မှန်ဘဲ.... (မှန်ပါ့)တကာ တကာမတို့ ဘယ်လို ဆုံးဖြတ် ချက်ချမလဲ.... (အလုပ်မှန်ပါဘုရား)။

အလုပ်မှန်ဘဲတဲ့၊ အဲဒီတော့ တပည့်တော်တို့ဘုရား ဘယ်လို လုပ်ရမှာတုန်းလို့ မေးလို့ ရှိယင်ဖြင့် နာမရူပ ပရိစ္ဆေဒကျမ်းမှာ လာတဲ့ ဂါထာကလေးကို တကာ တကာမတွေ့ ဒီနေ့သင်းပေးပါ့ မယ် အင်မတန် အဘိုးတန်သွားမယ်နော်....(မှန်ပါ့ဘုရား)။

ပရိပက္ကာ ကမေနေဝံ၊
ပရိဘာဝိတ ဘာဝနာ။
ပရိစ္ဆေဒိ သင်္ခါရေ၊
ပက္ခန္ဒတိ အသင်္ခတေ။ ။

အင်မတန် ကောင်းတဲ့ အဓိပ္ပါယ်၊ မပြောသေးလို့ တကာ တကာမတွေ့၊ ဒါပါဋိဿတိုင်း ဖြစ်နေသေးလို့ ပါဋိဿတိုင်း ဖြစ်နေသေးလို့ မသိလို့။

ပရိပက္ကာ ကမေနေဝံ....တဲ့၊ ဟောဒီ ဝိပဿနာမဂ်သာကွာ-တဲ့ ဒါတွေကို ဖြစ်ပျက်-အနိစ္စ ဖြစ်ပျက်-ဒုက္ခ ဖြစ်ပျက်-အနတ္တ ဖြစ်ပျက်-ရောဂ ဖြစ်ပျက်-ဘယ ဖြစ်ပျက်သာမြင်အောင်ကြည့်နေ စမ်းပါတဲ့ ဟောဒီမဂ်နဲ့၊ ခင်ဗျားတို့ ခန္ဓာထဲက ဝေဒနာဖြင့် ဝေဒနာ၊ စိတ်ဖြင့် စိတ်ပေါ့ဗျာ....(မှန်ပါ့ဘုရား)။

အဲဒါ ဦးခင်မောင်တို့က အမြဲတန်း ကြည့်ပြီးတော့ ဒီဟာ ကလေးဟာ တကာတကာမတွေ့ ရင့်လာမလား၊ မရင့်လာဘူး လား....(ရင့်လာပါတယ်ဘုရား) ဖြစ်ပျက်ကြည့်ပါမျှားယင် ဘာ ဖြစ်မယ်ထင်သတုန်း....(ရင့်လာပါတယ်ဘုရား)။

အဲဒီတော့ ဇဝံ=ဤသို့၊ပရိက္ကာ=ရင့်ကျက်သည်အားလျော် စွာဆိုတော့ ဦးခင်မောင် မင်္ဂရင့်ကျက်ဘို့ အရေးကြီးတယ်.... (မှန်ပါ့) ဝိပဿနာမင်္ဂ ရင့်ကျက်ဘို့ အရေးကြီးတယ် (မှန်ပါ့ ဘုရား)သဘောကျပလား.... (ကျပါပြီ) လောကုတ္တရာ မင်္ဂက တော့ ဝိပဿနာမင်္ဂ ရင့်ကျက်ပြီး လာယင် သူ့ဟာသူဖြစ်လာ တာပါဘဲ(မှန်ပါ့)လောကုတ္တရာမင်္ဂက ခင်ဗျားတို့ ဘာမှ ကူညီ စရာမလိုဘူး၊ ဝိပဿနာမင်္ဂရင့်ယင် သူ့ဟာသူ ဖြစ်လာတာဘဲ (မှန်ပါ့ဘုရား)သဘောကျပလား....(ကျပါပြီဘုရား)။

ကဲ-ဒါဖြင့် ဇဝံ=ဤသို့၊ ပရိပက္ကာ= ရင့်ကျက်သည် အား လျော်စွာ....(မှန်ပါ့) ဒီဝိပဿနာမင်္ဂဟာ ဘယ်လိုဖြစ်ဘို့ အရေး ကြီးပါလိမ့်.... (ရင့်ကျက်ဘို့ အရေးကြီးပါတယ်ဘုရား) ရင့်ဘို့ အရေးကြီးတယ်နော်....တကာတကာမတို့.... (မှန်ပါ့ဘုရား)ဘာ အရေးကြီးပါလိမ့်....(ရင့်ဘို့ အရေးကြီးပါတယ်ဘုရား)။

ဩော်....ရင့်ဘို့ အရေးကြီးတယ် ဦးခင်မောင်....(မှန်ပါ့)ဒါ ဖြင့် ဒါတွေဟာ ဒီခန္ဓာတွေကို ရှုတဲ့အခါ ကျလို့ရှိယင် မျက် လုံးရှုရှု၊ နားရှုရှု၊ သတိပဋ္ဌာန်ထဲက ခင်ဗျားတို့ကြိုက်ရာရှု၊ ရှု လိုက်လို့ရှိယင်ဖြင့် ဒီမင်္ဂဟာ ဘာဖြစ်လာမယ် ထင်ကြသလဲ.... (ရင့်ကျက်လာမှာပါဘုရား) ဩော်....ရင့်လာမယ်နော်.... (မှန် ပါ့)ဦးခင်မောင် ရှုဖန်မျှားယင်....(ရင့်လာပါမယ်ဘုရား) အဲဒါ

ကြောင့် အိမ်ကျတော့ ခန္ဓာစိုက်ကြည့်ပါဟဲ့၊ ဝေဒနာကြိုက်တဲ့ လူကဝေဒနာ၊ စိတ်ကြိုက်တဲ့လူကစိတ်၊ ကြိုက်တာရှု....(မှန်ပါ့) ကြိုက်တာရှုလိုက်လို့ရှိယင်ဖြင့် ခန္ဓာထဲမှာ ဖျပ်ဖျပ်-ဖျပ်ဖျပ်နဲ့ ဟိုကရှရှ ဒီကရှရှနဲ့ ဟိုစိတ်ကလေး ပေါ်လာ ဒီစိတ်ကလေး ပေါ်လာနဲ့ မလာပေဘူးလား.... (လာပါတယ်ဘုရား)။

အဲဒါကလေးတွေက ဘာပါလိမ့်မတုန်း.... ဘာပါလိမ့်မတုန်း ဆိုလို့ရှိယင်ဖြင့် ဒါကလေးတွေဟာ အနိစ္စ တရားကလေးတွေ ဒုက္ခတရားကလေးတွေ အနတ္တတရားကလေးတွေ ရောဂတရား ကလေးတွေဟုတ်လား၊ဘယတရားကလေးတွေ စာလိုတော့မျှား နေတယ်၊ စင်စစ်တော့ ဖြစ်ပျက်ကလေးတွေသာ တလုံးတည်း နှလုံးသွင်းလိုက်တော့....(မှန်ပါ့)စာကတော့ ဒီနေရာ ဘုရားက ငါးချက်ဟောတယ်....(မှန်ပါ့)ဖြစ်ပျက်ထဲ ဝင်တာဘဲလို့ မှတ် (မှန်ပါ့)သဘောကျပလား....(မှန်ပါ့ဘုရား)။

ဖြစ်ပျက် တလုံးတည်း ရှိတဲ့အထဲ ဒီဟာ ဝင်လာတာဘဲ.... (မှန်လှပါ) ဒီပြင် ဘာဝင်လာသေးသတုန်း.... (မဝင်လာပါ) ဖြစ်ပျက်ဟာ အနိစ္စ၊ ဖြစ်ပျက်ဟာ ဒုက္ခ၊ ဖြစ်ပျက်ဟာ အနတ္တ (မှန်ပါ့)ဖြစ်ပျက်ဟာရောဂ၊ ဖြစ်ပျက်ဟာ ဘယဘဲ....(မှန်ပါ့) ဒါ ကိုယ်ခန္ဓာ ဘေးသင့် နေတာတွေကိုး.... (မှန်ပါ့ဘုရား) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

အဲဒါကြောင့် တကာ တကာမတို့ ဒီဖြစ်ပျက်ဘဲ ရှုပါလို့ ဆရာဘုန်းကြီးက သတိပေးလိုက်တော့ သူရင့်လာပါလိမ့်မယ် (မှန်ပါ့)ဦးခင်မောင် ဘယ်သူရင့်လာမလဲ.... (ဥာဏ်ရင့်လာပါ မယ်) ဥာဏ်ရင့်လာမယ်၊ ဝိပဿနာမဂ် ရင့်လာမယ်....(မှန်ပါ့

ဘုရား)တကာတကာမတွေ့ ဘာရင့်လာမယ်.... (ဝိပဿနာမဂ် ရင့်လာပါမယ်ဘုရား)။

ဝိပဿနာမဂ် ရင့်လာမယ်နော်၊ အဲဒီတော့ ဩော်....တပည့် တော်တို့ဘုရား ဝိပဿနာမဂ်ဆိုတော့ လောကုတ္တရာမဂ် မဟုတ် သေးပါဘူး၊ ဝိပဿနာမဂ်ဘဲရှိပါသေးတယ်၊ ဒါနဲ့မျှားသွားမယ်ဆိုယင်လဲ ဘာမှမပူနဲ့၊ ရှုယင်း သေသွားယင် မပူနဲ့.... (မှန်ပါ့)။

ရှုယင်းသေသွားလို့ ရှိယင်ဖြင့် နတ်ပြည် ရောက်ပါလိမ့်မယ် (မှန်ပါ့) နတ်ပြည်ရောက်တဲ့ အခါကျတော့ နတ်သမီးရင်ခွင်ထဲမှာသွားပြီး ထိုင်ရက်ဖြစ်တတ်တယ်....(မှန်ပါ့)ဒီဝမ်းထဲတော့ မရောက်တော့ဘူး (မှန်ပါ့)ကိုယ်ပေါ်မှာ ခဗလေး ပေ့ါသလိုပေါ့ ဗျာ....(မှန်ပါ့ဘုရား)။

အဲဒီသွားဖြစ်လို့ရှိယင် ဒီကဖြစ်ပျက်ရှုထားတဲ့ ပုဂ္ဂိုလ်ဟာ တကာတကာမတို့ အင်္ဂတိုရ် ပါဠိတော်မှာ သေသေချာချာ လာတယ်နော်.... (မှန်ပါ့) သူ နတ်ပြည်ရောက်နေလဲ နတ်သမီး ရင်ခွင်ထဲ ငါရောက်နေပြီလို့ မသိသေးဘူးတဲ့၊ သူ့ခန္ဓာသူကြည့် ပြီးသကာလ ဖြစ်ပျက်မြင်ပြီး ဒီထဲတွင် သောတာပန်တည်တယ် ရောက်-ရောက်ခြင်း တည်တယ်၊ ဒီက ဖြစ်ပျက် ရှုလျက်နဲ့သာ သေသွားလို့ရှိယင်....(မှန်ပါ့ဘုရား)။

ပူစရာရှိသေးရဲ့လား.... (မရှိပါဘုရား) ပို့လိုက် ကတည်းက ဖြစ်ပျက်ဉာဏ်က သူ့ဆီပို့လိုက်ပြီ....(မှန်ပါ့)ရောက်သည်နဲ့ တ ပြိုင်နက်တည်း သေတာပန်တည်ပြီ။

အတည်မြန်လှချည့်လားဘုရား ဆို အို....ဒီက အာစိဏ္ဏကံပါ သွားတယ်.... (မှန်ပါ့) ဘာပါသွားပါလိမ့်.... (အာစိဏ္ဏကံ ပါ

သွားပါတယ်) အာစိဏ္ဏကံဆိုတာ မပြတ်လေ့ကျက်တဲ့ အလုပ်ပါသွားတယ်.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

မပြတ်လေ့ကျက်ဟဲ့အလုပ်ပါသွားတာဟာဘုရား မြန်လိုက်တာ၊ အို....မြန်တာတော့ မပြောနဲ့ တကာ တကာမတို့ နတ်ဥာဏ်က ကျုပ်တို့ဥာဏ်မျိုးနဲ့ မတူဘူး၊ ကျုပ်တို့ကတော့ဥာဏ်က ဒီ-ဟဒယဝတ္ထုပေါ်မှာ တည်တယ်နော်.... (မှန်ပါ့) ဥာဏ်ပေါ်မှ သလိပ်က ကျုပ်တို့ ခဏခဏထွေးရတဲ့ ချောင်းဆိုးတဲ့ပုဂ္ဂိုလ်မျိုး ထွေးရတဲ့ သလိပ်မရှိဘူးလား.... (ရှိပါတယ်) ချောင်းမဆိုးတဲ့ပုဂ္ဂိုလ် သလိပ်ရှိတာဘဲ....(မှန်ပါ့ဘုရား)။

အဲဒီ သလိပ်က တကာ တကာမတို့ တပြည်သားလောက်ရှိတယ်၊ အဲဒါ ဥာဏ်ပေါ် အုပ်နေတယ်....(မှန်ပါ့)နတ်ကတော့ အဲဒါကိုမရှိဘူး၊ အဲဒါလဲမရှိဘူး၊ ဒီပြင် သွေးတွေကလဲမရှိဘူး (မှန်ပါ့ဘုရား)။

အဲဒီတော့ ဥာဏ်ဟာ နှလုံးသွင်းလိုက်သည်နဲ့ တပြိုင်နက်တည်း ဥာဏ်ဟာ—ဒါတွေဟာဖြစ်ပျက်မြင် ဖြစ်ပျက်မှန်းတယ်၊ ဖြစ်ပျက်ဆုံးတဲ့ တခါတည်း မဂ္ဂင်ရှစ်ပါး သွားသွားဖြစ်တယ်.... (မှန်ပါ့ဘုရား) သူက အဖုံးမရှိလို့၊ သဘောကျပလား....(ကျပါပြီ)သလိပ် သွေး ပြည် ဖုံးသေးသလား....(မဖုံးပါဘုရား)။

နတ်မှာ သလိပ်သွေးပြည်မရှိဘူး တကာတကာမတို့....(မှန်ပါ့)သုံးဆယ့်နှစ်ကောဋ္ဌာသမစုံဘူး၊ လူမှာသာသုံးဆယ့်နှစ်ပါးရှိတာကိုး....(မှန်ပါ့) ကသာ လောမာ နခါ ဒန္တာ တစောဆိုတာ တကာတကာမတို့ ရပြီးသားပေါ့ဗျာ.... (မှန်ပါ့) လူတော့ ဘယ်နှစ်ကောဋ္ဌာသ ရှိတယ်....(သုံးဆယ့်နှစ်ကောဋ္ဌာသပါဘုဘုး) နတ်ကျတော့ အဲဒါ သလိပ်လဲ မရှိဘူး၊ သွေးလဲ

မရှိဘူး၊ ပြည်လဲ မရှိဘူးဆိုတော့ တကာတကာမတို့ စုံသေးရဲ့လား....(မစုံပါဘုရား)။

မစုံတော့ ဉာဏ်ပေါ်ဖုံးတဲ့တရားတွေက အဖုံးတွေက ပွင့်ပြီးသား ဖြစ်နေတယ်....၊ ကျုပ်တို့မှာတော့ ဉာဏ်ကဒီကနေ တိုးထွက်ပြီးမှ ပါးစပ်က ထွက်နိုင်တာကိုး....(မှန်ပါ့)ပါးစပ်က ဒေါပြီး ကောင်းတာလဲပြောနိုင်တယ်၊ ဆိုးတာလဲပြောနိုင်တယ်....(မှန်ပါ့)ဉာဏ်ပေါ်မှာ ဖုံးနေတာတွေက နည်းတာတွေမဟုတ်ဘူး....(မှန်ပါ့)။

သည်းခြေကဖုံးလို့က်၊ သွေးကဖုံးလို့က်၊ သလိပ်ကဖုံးလို့က် ဆိုတော့ တော်တော့ ဉာဏ်ကလေးဟာ တကာတကာမတို့ ထိုးထွင်းနိုင်သေးရဲ့လား....(မထိုးထွင်းနိုင်ပါဘုရား)။

အဲ....နတ်ဉာဏ်ကျတော့ ဒီလိုမဟုတ်ဘူးတဲ့၊ ဒါတွေ ဖယ်ပြီး ဖျပ်ကနဲ သူ့ခန္ဓာ လှည့်လို့က်သည်နှင့် တပြိုင်နက်တည်း ဒါတွေ အနိစ္စဘဲ၊ ဒါတွေဟာ ဒုက္ခဘဲ၊ ဒါတွေဟာ အနတ္တ အစစ်ဘဲ၊ဒါတွေဟာ ရောဂ,အစစ်ဘဲ၊ ဒါတွေဟာ ဘေးသင့်နေတာ အစစ်ဘဲဆိုပြီး ချက်ချင်းမြင်ပြီးသကာလ မလိုချင်တဲ့ဝိပဿနာ မဂ်ဉာဏ် တခါတည်း လာတယ်.... (မှန်ပါ့) ရင်ခွင်ထဲမှာဘဲ တခါတည်း သောတာပန်တည်ရတယ်.... (မှန်ပါ့ဘုရား) မမြန်ဘူးလား....(မြန်ပါတယ်ဘုရား)။

အဲဒီတော့ ဝိပဿနာမဂ်နဲ့သေလဲ ဘုန်းကြီးတို့ တရားတပဲ့လုံးတကာ တကာမတွေက မပူပါနဲ့တဲ့....(မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီ)။

မဂိငါးပါးနဲ့ဖြစ်ပျက်မြင်ပြီး သေယင်လဲ မပူပါနဲ့တဲ့၊သုဂတိ ရောက်၊ ရောက်သည်နဲ့တပြိုင်နက်တည်း သောတာပန်ဖြစ်တာဘဲ (မှန်ပါ့ဘုရား)သဘောကျပလား....(ကျပါပြီ)။

ဟာ....အဲဒါက နှေးလှတယ်ဘုရားဆိုလို့ ရှိယင်လဲ အခု ကြိုးစား၊ အခုကြိုးစားတော့ ခုကန ပါဠိကို မှတ်လိုက် ဒီဥစ္စာ ရင့်ကျက်လာလို့ရှိယင်တဲ့ ရှေ့က ဝေဒနာတွေဖြစ်ပျက် စိတ်တွေဖြစ်ပျက် တခုခုရှုနေလိုက်တယ်၊ ဖြစ်ပျက်တွေကို ပရိပက္ကာ ကမေနေဝံ....တဲ့ ရင့်ကျင့်တဲ့အစဉ်အတိုင်း ဖြစ်လာလို့ရှိယင်ဖြင့်တဲ့ ပရိဘာဝိတ ဘာဝနာတဲ့....မင်းတို့က ပွားသာ ပွားတဲ့၊ ပွားယင် ရင့်ကျက်မှာဘဲတဲ့....(မှန်ပါ့)။

ဖြစ်ပျက်တွေချည်းပွား၊ ပွားယင်ဘာဖြစ်မယ်.... (ရင့်ကျက်ပါမယ်) အဲဒီတော့ ရင့်ကျက်ယင် မင်းတို့က မသိရပါဘူးတဲ့-သူ့ဟာသူ ရင့်ကျက်လာတာ သူ့ဟာသူ ပြောင်းပါလိမ့်မယ်တဲ့ (မှန်ပါ့) တကာတကာမတို့ ထမင်းကိုနပ်ပါစေ၊ နပ်ပါစေ ဆုတောင်းရတာလားတဲ့၊ သူ့ဟာသူ အချိန်ရောက်လို့ နပ်သွားတာလား....(သူ့ဟာသူနပ်တာပါဘုရား) ကိုယ့်တာဝန်က မီးထိုးရုံဘဲနော်....(မှန်ပါ့)။

ကိုယ့်တာဝန်ကဖြင့် ဒီဥစ္စာ မတူးမခြစ်ရအောင် ကြည့်ရုံဘဲ ရှိပါတယ်တဲ့၊ နပ်ပါစေတော့ဆိုလို့ နပ်တာလား....၊ နပ်ချိန်ရောက်လို့ နပ်တာလား....(နပ်ချိန်ရောက်လို့ နပ်တာပါဘုရား) ဒီမှာလဲ ခင်ဗျားတို့ ဝိပဿနာဉာဏ်နဲ့သာ ရှုရှုပေးပါတဲ့၊ ရှုပေးတော့ ဖြစ်ပျက်ဘဲမြင်ပါလိမ့်မယ်....(မှန်ပါ့)။

နောက်- သူရင့်လာတဲ့ အခါကျတော့ မဂ္ဂင်ရှစ်ပါး ဖြစ်ပြီး ဒီ-ဖြစ်ပျက်တွေမရှိတဲ့ နိဗ္ဗာန်ကို သူ့ဟာသူ ကူးပါလိမ့်မယ်-(မှန်လှပါဘုရား) သူ့ဟာသူ ကူးပါလိမ့်မယ်....၊ ဖြစ်ပျက်တွေ့ မရှိတာက နိရောဓသစ္စာပေါ့ဗျာ....(မှန်ပါ့) ဖြစ်ပျက်တွေ့က ဘာသစ္စာလဲ....(ဒုက္ခသစ္စာပါ) ဖြစ်ပျက်တွေ့ မရှိတာက....(နိရောဓသစ္စာပါဘုရား)။

အဲ....သူ့ဟာသူ ကူးလိမ့်မယ်တဲ့၊ ရင့်ယင် သူ့ဟာသူ ကူးလိမ့်မယ်၊ ခင်ဗျားတို့က ကူးပါစေဆိုလို့မရဘူး....(မှန်ပါ့ဘုရား) အဲဒီတော့ သူ့နာမရူပကျမ်းကလဲ တကာတကာမတို့-(ပရိပက္ကာ(ပ)သန်ါရေ) ဒီ-သန်ါရတရားဆိုတဲ့ ဖြစ်ပျက်တွေ့ကို အကုန်စွန့်ပစ်တယ်....(မှန်ပါ့)။

သန်ါရတရားတွေဘာတဲ့တုံး.... (အကုန်စွန့်ပါတယ်) စွန့်ပြီးတော့ ပက္ခန္ဒတိ အသန်ါတေ....တဲ့၊ အသန်ါတဆိုတဲ့ နိဗ္ဗာန်ဘက်ပြေးဝင်သွားတယ်....(မှန်ပါ့) ရင့်တာနဲ့ ပြေးဝင်သွားတယ်....(မှန်ပါ့)။

ရင့်တာနဲ့နိဗ္ဗာန်ဘက်ပြေးသွားတယ်....မရင့်ကျက်ခင်တုန်းကတော့ ဖြစ်ပျက်ဆီမှာဘဲ ဥာဏ်တွေ့ပါနေတယ်(မှန်ပါ့)ရင့်တော့ဘာတဲ့....(နိဗ္ဗာန်ဘက်ပြေးပါတယ်ဘုရား)။

ဖြစ်ပျက်တွေ့ရှိတဲ့ဘက်မ ပြေးဘဲနဲ့ နိဗ္ဗာန်ဘက် ပြေးသွားတယ်တဲ့.... (မှန်ပါ့) ဒါ ခင်ဗျားတို့က လုပ်ရတာလား.... သူရင့်လို့ သူ့ဟာသူ ပြေးသွားတာလား....(သူရင့်လို့ ပြေးသွားတာပါဘုရား) ဒါဖြင့် ခင်ဗျားတို့က ဘာပူစရာရှိသလဲ ခင်ဗျားတို့ကလုပ်နေဘို့ဘဲရှိတယ်....(မှန်ပါ့)။

ဒါဖြင့် ဝေဒနာ ကြိုက်တဲ့သူက ဝေဒနာ ဖြစ်ပျက်ရှု၊ စိတ် ကြိုက်တဲ့သူက (စိတ်ရှုရပါမယ်) သဘောကျပလား.... (ကျ ပါပြီ) သူ့ဟာသူ ကူးလိမ့်မယ်ဆိုတာကော သေချာပလား.... (သေချာပါတယ်) ဒါ့ကြောင့် ပရိပက္ကာ(ပ) သစ်ါရေ၊ ဦးခင် မောင် ရင့်လာလို့ရှိယင် သစ်ါရတရားတွေ အကုန်စွန့်လိမ့်မယ် တဲ့....(မှန်ပါ့)။

ရှုလို့ ဉာဏ်ရင့်လာယင်.... (သစ်ါရတရားတွေ စွန့်ပါလိမ့် မယ်)သစ်ါရတရားဆိုတာ တခြားမှတ်မနေနဲ့ ဖြစ်ပျက်တွေစွန့် လိမ့်မယ်....(မှန်ပါ့) ဖြစ်ပျက်မရှိတဲ့ဘက် ဒီဉာဏ်ဟာဝင်သွား လိမ့်မယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

ဒါဖြင့်ဖြစ်ပျက်ကိုယ့်ရှေ့တွင်ချုပ်လိမ့်မယ်-ချုပ်ပြီးသကာလ ဖြစ်ပျက်မရှိတဲ့ နိဗ္ဗာန်ကြီး ဒီနေရာတွင် ပေါ်လာလိမ့်မယ်ဆိုတာ သေချာပလား....(သေချာပါပြီဘုရား)။

ပက္ခန္ဒတိ အသစ်တေ၊ အသစ်တေ=အသစ်တဘက်သို့၊ ဝါ= ဖြစ်ပျက်မရှိတဲ့ဘက်သို့၊ ပက္ခန္ဒတိ_ပြေးဝင်သွားပါ လိမ့်မယ်တဲ့ ဦးခင်မောင် ဒီမင်္ဂလာတွေက....(မှန်ပါ့ဘုရား) ရှစ်ပါးဖြစ်ပြီး ပြေး ဝင်လိမ့်မယ်ဆိုတာ သေချာပလား....(သေချာပါပြီ)။

ဒါဖြင့် တကာတကာမတွေ အင်မတန်အဘိုးတန်တယ်ဆိုတာ ပေါ်လာကြပလား.... (ပေါ်လာပါပြီ) ခင်ဗျားတို့ အလုပ်က ဖြစ်ပျက်ရှုဘို့ဘဲ....(မှန်ပါ့ဘုရား)နိဗ္ဗာန်ဘက် ပြေးဘို့ရာကတော့ မင်္ဂလာအလုပ်....(မှန်ပါ့) ခင်ဗျားတို့က ရှုရမှာက.... (ဖြစ်ပျက်ပါ ဘုရား)ဖြစ်ပျက်မြင်အောင် ရှုဘို့ဘဲ ရင့်လာယင် ဒီဉာဏ်သည်

ဘယ်ဘက်ပြေးမတုန်း....(နိဗ္ဗာန်ဘက်ပါ) ဖြစ်ပျက်ဘက် မနေ တော့ဘူး၊ နိဗ္ဗာန်ဘက် သူ့ဟာသူပြေးသွားမယ်(မှန်ပါ့ဘုရား)။

ခင်ဗျားတို့ ပူစရာရှိသေးသလား.... (မရှိပါဘုရား) ဒါဖြင့် ခင်ဗျားတို့ ဖြစ်ပျက်မြင်မှ နိဗ္ဗာန်ဝင်မယ်....(မှန်ပါ့) ဖြစ်ပျက် မမြင်သေးယင်....(နိဗ္ဗာန်မဝင်ပါ) သဘောပါပလား.... (ပါ-ပါ ပြီဘုရား)။

ကိုင်း....ဒီနေ့ နာရီတောင် ပိုသွားပြီ၊ တော်ကြဦးစို့....။

သာဓု....သာဓု....သာဓု။

ကျေးဇူးတော်ရှင်, အဂ္ဂမဟာပဏ္ဍိတ

အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း- မိုးကုတ် ဆရာတော်ဘုရား

မန္တလေးမြို့၊ ဦးချစ်ဆွေ ဓမ္မာရုံ၌

ဟောကြားတော်မူသော

(ကိုယ်. ခန္ဓာကိုယ်)

သုံးသပ်ပုံ တရားတော်

(၃-၃-၆၁)

သုံးဆယ့်တဘုံထဲမှာဖြင့် အသေလွတ်ရာ ရှာလို့တွေ့ကြမှာ မဟုတ်ပါဘူးဆိုတဲ့ဥစ္စာ သေသေချာချာ မှတ်ထားပါနော်- (မှန်ပါ့ဘုရား) သုံးဆယ့်တဘုံထဲ အသေလွတ်တဲ့နေရာ ရှိပါ့မလား- (မရှိပါဘုရား) သုံးဆယ့်တဘုံထဲ အသေလွတ်တဲ့နေရာ....(မရှိပါဘုရား)။

ဒီထဲမှာသာရှာနေတဲ့ ပုဂ္ဂိုလ်ဟာဖြင့် မရှိရာရှာသောကြောင့် မရမှာက သေချာတယ်....(မှန်လှပါဘုရား) မရှိရာ ရှာသောကြောင့်....(မရမှာကသေချာပါတယ်ဘုရား)။

အဲဒီမျက်စိလည်ပြီးသကာလ နေပြီဆိုမှဖြင့်လဲ သုံးဆယ့်တဘုံထဲမှာဖြင့် နှတ်ပြည်ကောင်းနိုးနိုး ဗြဟ္မာပြည်ကောင်းနိုးနိုး စကြဝဠတေး မန္ဒာတ်ဖြစ်ရလို့ လူ့ပြည်လာပြီး နေရလို့ရှိယင် ကောင်းနိုးနိုး ဆိုပြီးသကာလ ဒီလိုရှာကြမ်ယ် ဆိုလို့ရှိယင်ဖြင့် အသေလွတ်ရာရှာငြားသော်လဲ သေရာသာတွေ့မယ်ဆိုတာ မှတ်ကြစမ်းပါ....(မှန်ပါ့ဘုရား)။

အသေလွတ်ရာ ရှာကြဦးသော်လဲ.... (သေရာသာ တွေ့ပါ့မယ်) သေရာသာ တွေ့မယ်ဆိုတာဖြင့် ငြင်းဆန်ဘို့ လိုသေးသလား....(မလိုပါဘုရား)။

ဒါ့ကြောင့် တကာတကာမတို့ သတိပေးရတယ်၊ ဒီ ခန္ဓာကိုယ်ကြီးသည်ကားလို့ ဆိုလို့ ရှိယင်ဖြင့် ဒီခန္ဓာမှတပါး ဘယ် ခန္ဓာဘဲရဲ့ သူ့အလုပ်က သေရာသွားတဲ့ အလုပ်(မှန်ပါ့ဘုရား)။

ခန္ဓာ့အလုပ်က ဘာပါလိမ့်.... (သေရာသွားတဲ့ အလုပ်ပါဘုရား)ခန္ဓာ့အလုပ်ကဖြင့် သေရာသွားတဲ့အလုပ်ကိုသာ သူလုပ်လုပ်ပြတာ အမြဲတန်းအလုပ်နော်....(မှန်ပါ့)။

အဲဒီတော့ ဘုန်းကြီးများကသတိပေးရတယ်၊ တကာတကာမတို့ခင်ဗျားတို့ ဥစ္စာကလဲသုံးဆယ့်တဘုံထဲမှာဖြင့် မသေရာရှာလို့ ရှိယင်ဖြင့် မရှိပါဘူးဆိုတာခင်ဗျားတို့ကလဲ သစ္စဉ္ဉာဏ် မပိုင်တော့ မသိဘူးပေါ့ ဦးခင်မောင်ကြီးရာ....(မှန်ပါ့ဘုရား)။

သစ္စဉ္ဉာဏ်တွေ ပြန်စဉ်းစားလိုက်တဲ့ အခါကျတော့ အဇာတိဇာတိမရှိတဲ့နေရာမှလဲ ပဋိသန္ဓေမနေတဲ့နေရာမှလဲ ဦးခင်မောင်မသေမှာပေါ့ဗျာ.... (မှန်လှပါဘုရား) ဦးဝ....ဘယ်နေရာမှ ပါလိမ့်....(ပဋိသန္ဓေမနေတဲ့ နေရာမှပါဘုရား) ပဋိသန္ဓေ မနေရတဲ့နေရာဖြင့် မသေရတော့ဘူး တကာတကာမတို့....(မှန်ပါ့)။

ပဋိသန္ဓေ မနေရတဲ့နေရာဖြင့် တကာသစ်တို့.... (မသေရပါဘုရား) ပဋိသန္ဓေမှ မဖြစ်လို့ရှိယင် အိုစရာကော ဖြစ်ပါဦးမလား....(မဖြစ်ပါဘုရား)နာစရာကော....(မဖြစ်ပါဘုရား) သေစရာကော....(မဖြစ်ပါဘုရား)။

သြော်....ဒါဖြင့် ခင်ဗျားတို့ သည်ကားလို့ ဆိုလို့ရှိယင်ဖြင့် ယုန်ရှာ-ရှာနေတဲ့ အဓိပ္ပါယ်မျိုးတော့ မကောင်းပါဘူး.... (မှန်

ပါ့)တောထဲက ယုန်ကလေးသည်ကားလို့ ဆိုယင်ဖြင့် နေ့လယ်ကျလို့ရှိယင် ချုံထဲမှာသာ အောင်းနေရတယ်၊ သူက ဘယ်သတ္တဝါလာလာ ကြောက်ရမည့် သတ္တဝါကလေး ဖြစ်နေတော့ ဦးခင်မောင်ရေ....ဒီနေရာ ဒီ ချုံဖုတ်ကလေးထဲမှာဘဲ ကျင်ကြီးစွန့်ရတယ်နော်.....(မှန်ပါ့) ဒီနေရာဘဲ ကျင်ငယ်စွန့်ရတယ် ဆိုတော့ သြော်....ဒီမြေပေါ်မှာဖြင့် ကြောက်ရတာ မျှားလှချီရဲ့ ဆိုပြီးသကာလ ခုန်လိုက်ပါတယ်။

ခုန်ပေမဲ့လဲ တကတကာမတို့ ယုန်ခုန်တာက တတောင်နှစ်ဇောင် မြင့်တော့မပေါ့ ဦးခင်မောင်ရေ.... (မှန်ပါ့ဘုရား) နောက် ဘယ်ပြန်ကျမယ် ထင်ကြသလဲ.... (မြေကြီးပေါ်ပြန်ကျမှာပါဘုရား)မြေကြီးပေါ်ပြန်ကြမယ်ဆိုတာ မသေချာဘူးလား (သေချာပါတယ်ဘုရား)။

ဒီမှာလဲ ခင်ဗျားတို့ ဒီဘုံမကောင်းလို့ ဟိုဘုံပြောင်းလို့ ရှိယင်လဲ ဟိုသင်းချိုင်းကျမှာပါဘဲ....(မှန်ပါ့ဘုရား)ဒီသင်းချိုင်းမှာ မသေချင်ပါဘူး ဆိုတာနဲ့ ဘာထူးသေး သတုံး....(မထူးပါဘုရား) ယုန်သည် မြေပေါ်မှာ မုန်း၍ မြေကို ခုန်ငြားသော်လဲ ခုန်ရာ ရောက်ပါရဲ့လား.... (မရောက်ပါ) မြေပေါ်ဘဲ ပြန်မကျဘူးလား....(ကျပါတယ်ဘုရား)။

ဒမှာလဲတကာတကာမတို့ သစ္စာမဖဲဘဲနဲ့ သူးဆယ်တဘုံထဲ အသေလွတ်ရာ ရှာနေကြမယ်ဆိုလို့ရှိယင်ဖြင့် အသေဘဲ ပြန်တွေ့ကြမယ်....(မှန်ပါ့)။

ကဲ....ဘာဘဲ တွေ့ကြမလဲ .... (အသေဘဲ တွေ့ကြပါမယ်ဘုရား) သြော်....အသေလွတ်ရာ ရှာကြငြားသော်လဲ ဘုန်းကြီး

တို့ တကာတကာမတွေ့ ဘာဘဲတွေ့နေ ကြပါလိမ့်....(အသေဘဲတွေ့နေကြပါတယ်ဘုရား)။

အသေဘဲတွေ့နေလို့ရှိယင်ဖြင့် တကာတကာမတို့ ဘုရားပွင့်တုန်း အခုလို ဆရာကောင်း သမားကောင်းတွေ့နဲ့ ကြုံတုန်း ဆုံတုန်း အသေလွတ်ရာ ပြနေတဲ့ အချိန်မှာဖြင့် အရေးတကြီး ငါတို့သိမ်းပိုက်ပြီး အရယူမယ်ဆိုတဲ့စိတ် မွေးဖြစ်အောင် မွေးကြပါဆိုတာ ပြောရတယ်နော်....(မှန်လှပါဘုရား)။

ဒါမှမမွေးလို့ရှိယင်လဲ ခင်ဗျားတို့ မင်္ဂလာဏ် ဖိုလ်ဉာဏ်မရနိုင်ဘူးဆိုတဲ့ ဥစ္စာလဲ သိကြပြီ မဟုတ်လား.... (မှန်ပါဘုရား) မင်္ဂဉာဏ် ဖိုလ်ဉာဏ်မှ မရကြလို့ရှိယင်လဲ မသေရာ မြင်ကြပါ့မလား.... (မမြင်ပါဘုရား) မမြင်ရလို့ရှိယင်လဲ သွားတတ်ပါ့မလား....(မသွားတတ်ပါဘုရား)။

မသွားတတ်လို့ရှိယင်ဖြင့် သုံးဆယ့်တဘုံထဲ လိုက်ရှာတော့သင်းချိုင်းဘဲပြန်ရောက်မှာဘဲ....(မှန်ပါဘုရား) သုံးဆယ့်တဘုံထဲသာ ရှာကြမယ်ဆိုယင် ဘာသာရကြမလဲ....(သင်းချိုင်းသာရကြပါမယ်ဘုရား) ဒါဖြင့် တကာတကာမတို့.... သင်းချိုင်းရတဲ့အလုပ်ကို ရှောင်ပြီးသကာလ ဇာတိမရှိတဲ့အရပ် ဇရာမရှိတဲ့အရပ် ဗျာဓိမရှိတဲ့အရပ် မရဏမရှိတဲ့ အရပ်ကိုသာ ကျုပ်တို့ မဂ္ဂင်လမ်းကြီးနဲ့ မဂ္ဂင်ရှစ်ပါး လမ်းမတော်ကြီးနဲ့ မဂ္ဂင်ငါးပါး လမ်းမြောင်ကလေး မဂ္ဂင်ရှစ်ပါး လမ်းမတော်ကြီးကို ကျုပ်တို့ လိုက်ရလို့ရှိယင်ဖြင့် မသေရာမှန်ပြည်နိဗ္ဗာန်သို့ ကောန်ရောက်ပါလိမ့်မယ်ဆိုတာ ဦးခင်မောင်တို့ သေသေချာချာမှတ်ရလိမ့်မယ် (မှန်ပါဘုရား)။

မဂ္ဂင်ရှစ်ပါး တည်းဟူသော လမ်းမတော်ကြီးက နိဗ္ဗာန်အဖြောင့်သွားတယ်၊ မသေရာမှန်ပြည်နိဗ္ဗာန်သို့ ကေန်သွားပါတယ်.... (မှန်ပါ့ဘုရား) သို့သော် မဂ္ဂင်ငါးပါး ဆိုတဲ့ လမ်းမြောင်ကလေးမှ လမ်းမကြီးပေါ် ရောက်အောင် ဆွယ်ပြီး သကာလ မတက်လိုက်လို့ ရှိယင်လဲ လမ်းမတော်ပေါ် ရောက်နိုင်ပါ့မလား....(မရောက်နိုင်ပါဘုရား)။

လမ်းမတော်ပေါ်မှ မရောက်နိုင် လို့ ရှိယင်လဲ မသေရာမှန်ပြည်နိဗ္ဗာန်ဆိုတဲ့ နေရာဌာနကြီးဟာလဲ လမ်းမတော်ပေါ် ရောက်မှသာလျှင် မြင်ရ၊ တွေ့ရ၊ ကြုံရ၊ ရောက်ရဆိုသလိုဖြစ်ပြီးသကာလ နေတော့ တကာတကာမတို့ လမ်းမြောင်ကလေး လိုက်ပြီး လမ်းမတော်ပေါ် ရောက်အောင်လျှောက်ပါ....(မှန်ပါ့)။

လမ်းမတော်ပေါ် လျှောက်ပြီးမှမြို့တော်အဆိုက်သွားကြပါ ဆိုတဲ့ဥစ္စာကိုလဲ ဆရာသမားမျှားက ပြနေတယ်ဆိုတဲ့ ဥစ္စာကိုလဲ သဘောကျကြပါပြီ....(မှန်ပါ့ဘုရား)။

ဒါ့ကြောင့် အဲဒီလမ်းကို ရောက်ချင်ကြတယ် ရချင်ကြတယ် ဆိုလို့ရှိယင်လဲ ကိုယ်မျက်လုံးကတော့ဖြင့် မတတ်နိုင်ပါဘူး၊ သူတော်ကောင်း ဆည်းကပ်မှ ရတော့မှာဘဲ....(မှန်ပါ့ဘုရား) သူတော်ကောင်း မဆည်းကပ်ယင်ဖြင့် (မရပါဘုရား)။

သူတော်ကောင်းဆည်းကပ်ပြီး သူတော်ကောင်းလုပ်နေငြားသော်လဲ သူတော်ကောင်းပြောတဲ့တရား မနာပြန်လို့ရှိယင်လဲ ဒီ လမ်းမတော်ကြီး တက်နိုင်ကြပါ့မလား .... (မတက်နိုင်ပါဘုရား)။

အဲဒါကြောင့် သူတော်ဆည်းကပ် မြတ်တရားဆိုတာ မလိုလားဗျာ.... (လိုပါတယ်ဘုရား) တရားနာရုံကလေးနဲ့လဲ မပြီး

သေးဘူးတဲ့ တကာတကာမတို့ ဓမ္မာနုဓမ္မပဋိပတ္တိအလုပ်ကို မလုပ်ပြန်လို့ ရှိယင်လဲ ခန္ဓာဥာဏ်မစိုက်လို့ ရှိယင်လဲ ခန္ဓာကိစ္စမသိသောကြောင့် ခန္ဓာလွတ်ငြိမ်းတဲ့နိဗ္ဗာန်ကို သွားချင်တဲ့ စိတ်ပေါ်မှာ မဟုတ်တဲ့အတွက်....တဲ့၊ခန္ဓာကြည့်တဲ့အလုပ်ကိုလဲ လွန်စ္ဓာ အားထုတ်တဲ့....(မှန်ပါ့)အားထုတ်ရလိမ့်မနော်....(မှန်ပါ့ဘုရား)။

ဒါ့ကြောင့် သူတော်ဆည်းကပ်၊ မြတ်တရားနာ၊ လွန်စ္ဓာအားထုတ်၊ ဘယ်အပေါ် အားထုတ်ရမှာတုန်းလို့ မေးစရာရှိနေမှာစိုးလို့ မာဂဏ္ဍိပုဏ္ဏားကြီးအား ဘုရားရှင်ကဟောလိုက်တယ်၊ နာမ်နဲ့-ရုပ်လို့တဲ့။

နာမ်နဲ့ရုပ်ကို ဘယ်လိုရှုရမှာတုန်းဆိုတော့ အို....နာမ်ကိုနာမ်လို့ သိနေရုံနဲ့ မပြီးသေးဘူး၊ ရုပ်ကိုရုပ်လို့ သိရုံနဲ့ မပြီးသေးဘူးဖြစ်ချုပ်ဥာဏ်မြင်....၊ကိုယ့်ဥာဏ်ထဲမှာ ဖြစ်ချုပ်ကိုလဲမြင်ရဦးမယ်(မှန်ပါ့ဘုရား)သဘောကျပလား....(ကျပါပြီဘုရား)။

ဤငါးအင် မှန်ပင် မဂ်ရကြောင်းဆိုတဲ့ဥစ္စာ တကာတကာမတွေ ဒါကိုမှတ်မိကြပြီနော်....(မှန်ပါ့ဘုရား)။

> “သူတော်ဆည်းကပ်၊မြတ်တရားနာ၊လွန်စ္ဓာအားထုတ်၊ နာမ်နှင့်ရုပ်ကို၊ ဖြစ်ချုပ်ဥာဏ်မြင်၊ ဤငါးအင်၊ မှန်ပင် မဂ်ရကြောင်း”။

သဘောကျကြပလား....(ကျပါပြီဘုရား) ကဲ- သုံးခေါက်လိုက်ပါဦး....(သုံးခေါက်ချပေးသည်) ကဲ....သုံးခေါက်လောက်ဆိုကြည့်ကြစမ်း အားလုံး....(သုံးခေါက်ဆိုကြသည်)။

အို....ဒီလို သုံးလေးရက် တကာတကာမတွေ ကျွမ်းကျင်သွားလို့ ရှိယင်ဖြင့် အလုပ်စဉ်ကြီးသိသွားတဲ့အတွက် အင်မတန်မှဝမ်းမြောက်စရာကောင်းတယ်နော်....(မှန်ပါ့ဘုရား)။

ဘုရားသခင် ကိုယ်တော်မြတ်ကြီ-သည် ကုရုတိုင်းမှာ သမ္မသန သုတ်ဆိုပြီးဟောပါတယ်၊ တကာတကာမတို့၊ သမ္မသနသုတ်ဆို တာ သူမျှားမသုံးသပ်ပါနဲ့၊ ကိုယ့်ကိုယ်ကို သုံးသပ်စမ်းပါ ဆို တာကို ကုရုတိုင်းမှာဘဲ ဟောတော်မူတယ်နော်....(မှန်ပါ့)ဘယ် ဟာ သုံးသပ်ရမှာ ပါလိမ့်.... (ကိုယ့်ကိုယ်ကို သုံးသပ်ရမှာပါ ဘုရား)။

ကိုယ့်ကိုယ်ကိုသုံးသပ်ကြည့်ပါတဲ့ တကာတကာမတို့နော်.... (မှန်ပါ့)ကိုယ့်ကိုယ်ကို သုံးသပ်ကြည့်တဲ့အခါကျလို့ရှိယင် ဘုရား သခင် ကိုယ်တော်မြတ်ကြီးက ရဟန်းတို့....မင်းတို့ ကိုယ့်ကိုယ် မျှားသုံးသပ်ကြရဲ့လားလို့ ကုရုတိုင်းမှာ ရဟန်းတော်မြတ်မေးလိုက်တဲ့ အခါ ရဟန်းတပါးက တပည့်တော်တို့ သုံးသပ်ပါတယ်ဘုရား။

ဩော်....မင်းတို့သုံးသပ်တာ ပြောစမ်းပါဦးကွာ၊တပည့်တော် ဟာ သုံးဆယ့်နှစ်ကောဋ္ဌာသ သုံးသပ်ပါတယ်ဘုရား....ဆိုတော့ ဘုရားအလိုမကျဘူး....(မှန်ပါ့ဘုရား)။

ဘာ့ကြောင့် အလိုမကျသတုန်းလို့ မေးတဲ့အခါ ကျတော့ ဟိုက အသုဘကမ္မဋ္ဌာန်းဖြစ်နေတယ်....(မှန်ပါ့) ဒီက သစ္စ ကမ္မ ဋ္ဌာန်းကို ဘုရားကလိုချင်တယ်....(မှန်လှပါဘုရား)သုံးဆယ့်နှစ် ကောဋ္ဌာသ ဘာ ကမ္မဋ္ဌာန်းတဲ့တုန်း.... (အသုဘကမ္မဋ္ဌာန်းပါ) ဘုရားလိုချင်တာက....(သစ္စကမ္မဋ္ဌာန်းပါဘုရား)။

သစ္စကမ္မဋ္ဌာနးကုလုချင်တဲ့အတွက် ဘုရားကအလုမကျတော့ အရှင်အာနန္ဒာက အနားမှာရှိတယ်၊ အရှင်ဘုရား- အရှင်ဘုရား ပြောမှသိရမည့်ပုဂ္ဂိုလ်, နာရမည့်ပုဂ္ဂိုလ်တွေ ဖြစ်ပါတယ်ဘုရှ့၊ အရှင်ဘုရားသာ ဟောတော်မူပါ၊ အရှင်ဘုရားသာ ဆုံးမတော်မူပါဆိုတော့ အေး....ကောင်းစွာ နာကြ၊ ကောင်းစွာ နာကြ

ကဲ့-ဆိုပြီး ဘုရားသခင်ကိုယ်တော်မြတ်ကြီးက မင်းတို့ခန္ဓာထဲမှာ သုံးသပ်စမ်းပါကွာ....ဆိုပြီး ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သုံးသပ်ခိုင်းတဲ့ ဥစ္စာ တကာ တကာမတို့.... အို, နာ, သေ,.... (မှန်ပါ့)။

တကာတကာမတို့ ခန္ဓာကိုယ်ထဲမှာ အိုတတ်တဲ့ တရားလဲရှိတယ်၊ နာတတ်တဲ့တရား၊ သေတတ်တဲ့ တရားကော.... (ရှိပါတယ် ဘုရား) ခန္ဓာငါးပါးသည် တကာတကာမတို့ ဇရာပီဒဋ္ဌသစ္စံ ဆိုတာလဲ ခန္ဓာငါးပါး၊ ဗျာဓိပီဒဋ္ဌသစ္စံ ဆိုတာလဲ ခန္ဓာငါးပါး မရဏမ္မီဒဋ္ဌသစ္စံ.... ဆိုတာကော.... (ခန္ဓာငါးပါး ပါဘုရား) ခန္ဓာငါးပါးဘဲဆိုတာ မှတ်ထားကြပါ တကာတကာမတို့....။

အဲဒီတော့ မင်းတို့ခန္ဓာကိုယ်ကို မင်းတို့ရှုလိုက်ကြစမ်းပါကွာ တဲ့၊ အို-နာ-သေဟာ ဘယ်ကလာပါလိမ့်မလဲလို့ မင်းတို့ သုံးသပ်လို့ရှိယင် အရင်းအမြစ်ပေါ်ပြီးသကာလ အရင်းအမြစ်ဖြတ်တတ်တဲ့ ဉာဏ်လာပါလိမ့်မယ်ကွ၊ ဒါ့ကြောင့်စပြီးသုံးသပ်စမ်းပါဆိုပြီးသကာလ အို-နာ-သေ ဘယ်က လာပါလိမ့်မလဲလို့ ဆင်ခြင်ကြစမ်းပါ....(မှန်ပါ့)။

တကာတကာမတို့ အို-နာ-သေ ဘယ်ကလာပါလိမ့်....(ခန္ဓာငါးပါးက လာပါတယ်ဘုရား) အေး....ခန္ဓာငါးပါးက လာတယ် တကာတကာမတို့ ရိပ်မိပြီ၊ အို-နာ-သေ ဆိုတာ ခန္ဓာငါးပါးက လာတယ်....နော်.... (မှန်ပါ့) အို-နာ-သေ ဘယ်ကလာပါလိမ့် တကာ တကာမတို့ (ခန္ဓာငါးပါးက လာပါတယ်ဘုရား) အေး ခန္ဓာငါးပါးက လာတယ်၊ ခန္ဓာငါးပါးက လာတယ်....နော်.... (မှန်ပါ့)။

ဒါဖြင့် တကာတကာမတို့ ဘယ်ခန္ဓာရယင် အရတော်လေစ့လို့ဆိုကြမလဲ....(ဘယ်ခဲ့ခန္ဓာမှ အရမတော်ပါဘုရား)ဦးခင်မောင်ဆိုချင်သေးသလား.... (မဆိုချင်ပါဘုရား) အားလုံး တကာတကာမတွေ့ ခန္ဓာကိုယ် ရတယ်လို့ဆိုယင်ဖြင့် ဘာတွေ့အညှန့် အညှောင့် ပေါက်မယ်ဆိုတာလဲ သိပြီးသား ဖြစ်နေကြတဲ့ အတွက် အို-နာ-သေ ဘယ်ကလာပါလိမ့်မလဲ.... (ခန္ဓာငါးပါးကလာပါတယ်ဘုရား)။

ဩော်....ဒီလို သုံးသပ်စမ်းပါကွာ၊ ဒီလို သုံးသပ်စမ်းပါကွ.... ဒီလိုဆိုယင်ဖြင့် အမြစ်အရင်းတွေ့ပေါ်ပြီး မင်းတို့ဖြတ်တတ်တဲ့ ဥာဏ် ငါဟာလို့လွယ်ပါလိမ့်မယ်ဆိုပြီး ဘုရားသခင်ကိုယ်တော် မြတ်ကြီးက ပဋိစ္စသမုပ္ပါဒ်ကြီးကို လေးမျိုးနဲ့ အပြတ်ထားပြီး သကာလ သစ္စာဆိုက်အောင်ဟောနေတယ်လို့ မှတ်လိုက်စမ်းပါ (မှန်ပါဘုရား)။

ကိုင်း....တကာတကာမတို့ ခင်ဗျားတို့သိအောင် အို-နာ-သေ ဘယ်ကလာပါလိမ့်.... (ခန္ဓာငါးပါးက လာပါတယ်) အင်း.... စာကတော့ ဥပမိ နိဒါနံ....လို့ဆိုတယ်၊ ခန္ဓပဓိကလာတယ်လို့ ဆိုတာပါဘဲ၊ သို့သော် တကာတကာမတွေ့ နားလည်မှု တန်းဆာဆင်လိုက်တဲ့အခါကျတော့ ခန္ဓာငါးပါးကလာတဲ့ အို-နာ-သေ ဆိုတာ မသေချာဘူးလား.... (သေချာပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ ဘယ်ခန္ဓာရလို့ရှိယင် အို-နာ-သေ လွတ်ပါ့မလဲ....(ဘယ်ခန္ဓာမှမလွတ်ပါဘုရား) ဒါဖြင့် ဘယ်ခန္ဓာဆုတောင်း သင့်သလဲလို့မေးလို့ရှိယင် ဘယ်နှယ်ပြောကြမလဲ (ဘယ်ခန္ဓာမှ ဆုမတောင်း သင့်ပါဘုရား) ဘယ်ခန္ဓာမှ ဆုမ-

တောင်းကြပါနဲ့၊ သူကထွက်လာတဲ့ အညွှန့်အညှောင့်တွေဆိုတာ မသေချာဘူးလား....(သေချာပါတယ်ဘုရား)။

ခန္ဓာက ထွက်လာတာ အိုညွှန့်-နာညွှန့်-သေညွှန့်မှ တပါး ဘာမျှးထွက်သေးသတုံး....(ဘာမှမထွက်ပါဘုရား)ဒါ့ကြောင့် အို-နာ-သေ ဘယ်ကလာပါလိမ့်.... (ခန္ဓာကလာပါတယ်ဘုရား) သြော်....တကာတကာမတွေ သိသွားတော့ တကာတကာမတို့....ခန္ဓာက အကြောင်း၊ အို-နာ-သေက (အကျိုးပါဘုရား)။

ဤအကြောင်းအကျိုး ဆုံးအောင် ကျင့်နိုင်တဲ့ အကျင့်သည်ကား ခန္ဓာကအကြောင်း သမုဒယ၊ အို-နာ-သေက အကျိုး ဒုက္ခ(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီ) ခန္ဓာက....(အကြောင်း သမုဒယပါ) အို-နာ-သေက (အကျိုးဒုက္ခပါဘုရား) ရှင်းပြီနော် သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာ သိသွားပြီနော်....(မှန်ပါ့ဘုရား)။

ဒါဖြင့် တကာတကာမတို့သည် အို-နာ-သေကို လွှတ်အောင် ကျင့်နိုင်တဲ့အကျင့်ကိုတော့ဘာဆိုကြမလဲ....(မဂ္ဂသစ္စာပါဘုရား) ကျင့်လိုက်တဲ့အခါကျတော့ ဒီခန္ဓာရော အို-နာ-သေရော လွှတ်သွားမယ်ဆိုယင် ဘာသစ္စာတုန်း....(နိရောဓသစ္စာပါဘုရား ။

အေး....ဒီလို သစ္စာလေးပါး သိတဲ့ဥာဏ်ကို ဘုရားကဟော ချင်လို့ ကိုယ့်ခန္ဓာကိုယ် သုံးသပ်ကြစမ်းပါကွလို့ သေသေချာချာ ဟောတော်မူပါတယ်....(မှန်ပါ့) သဘော ပါကြပလား.... (ပါ့-ပါတယ်ဘုရား)။

တခါတွေးကြည့်စို့၊တကာတကာမတို့ သြော်....တပည့်တော် တို့ဖြင့် ယနေ့ ထူးထူးခြားခြားဘဲ သိပါပြီဘုရား၊ ခန္ဓာရှိယင်

အို-နာ-သေတည်းဟူသော အညွှန့်အညှောင့်တွေ ပေါက်ရတော့မယ်၊ မပေါက်ပါနဲ့ဆိုလို့.... (မရပါဘုရား) ကျွေးရင်းမွေးရင်းနဲ့လဲ(ပေါက်ပါတယ်ဘုရား)။

အိုညွှန့်-နာညွှန့်-သေညွှန့်တွေ ဘယ် နှယ်တုန်း.... (ပေါက်ပါတယ်ဘုရား) ဆင်ရင်းပြင်ရင်းနဲ့ကော(ပေါက်ပါတယ်ဘုရား) အိုညွှန့်- နာညွှန့်- သေညွှန့်တွေက ပေါက်လာတာဘဲ တကာတကာမတို့ သဘောကျပလား....(ကျပါပြီ) ဆေးတွေဝါးတွေကုရင်း မတွန်နဲ့ကော.... (ပေါက်ပါတယ်ဘုရား) အို-နာ-သေဘဲပြန်ပေါက်ပွားလာတယ်ဆိုတာ ရှင်းကြပလား.... (ရှင်းပါပြီ)။

ဒါဖြင့် တကာတကာမတို့ ဒီခန္ဓာကြီးသည်ကားလို့ ဆိုလို့ ရှိယင်ဖြင့် ဘယ်လိုထားလို့မှ မရတဲ့ခန္ဓာကြီးဆိုတာ သေချာကြပလား....(သေချာပါပြီ)။

ဒါ့ကြောင့် ဒီခန္ဓာက ဘာသစ္စာ....(သမုဒယသစ္စာပါဘုရား) အို-နာ-သေက ဘာသစ္စာ.... (ဒုက္ခသစ္စာပါဘုရား) ဒုက္ခသစ္စာ၊ ဒီခန္ဓာကြီးက သမုဒယသစ္စာ၊ အို-နာ-သေက.... (ဒုက္ခသစ္စာပါဘုရား)။

သူတို့ကို လုတ်အောင် လုတ်အောင် ကျင့်နိုင်တဲ့အကျင့်က (မဂ္ဂသစ္စာပါဘုရား) ကျင့်လိုက်လို့ လုတ်သွားလို့ ရှိယင်.... (နိရောဓသစ္စာပါဘုရား)။

အ....ဒန့်စခုံ လုတ်သွားယင် နရောဓသစ္စာဆိုတာ တကာတကာမတို့ ခန္ဓာနဲ့တက္.... အို-နာ-သေ ချုပ်တာကိုဆိုပါတယ် (မှန်ပါဘုရား) ခန္ဓာနဲ့တက္.... အို-နာ-သေချုပ်တာကို ဘာဆိုကြမလဲ(နိရောဓသစ္စာပါဘုရား) နိရောဓသစ္စာ၊ ဒါအားထုတ်တဲ့ ပုဂ္ဂိုလ်တွေတော့ရကြမှာပေါ့ဗျာ....(မှန်ပါဘုရား)။

မိုးကုတ်ဝိပဿနာ လုပ်ငန်းစဉ်တရား (၅)

ကိုင်း....ဒါဖြင့် တကာတကာမတို့ တွေ့သာအောင် ဆက်ပြီး သကာလ ဘုရားက သမ္မသနသုတ်ဆိုတာ တွေ့ကြကွ....တဲ့၊ ဒီခန္ဓာကြီးကလဲ ဘယ်ကမျှား လာပါလိမ့်မလဲဆိုတဲ့ အမေးကို ပြန်မေးပါ....(မှန်ပါ့)ဘယ်က လာပါလိမ့်....(တဏှာက လာပါတယ်ဘုရား)။

ဟုတ်ပြီ တကာတကာမတို့ သုံးရက်တောင် ရှိသွားတော့ တကာ တကာမတွေ့ နားပါးလာပြီ....၊ ခန္ဓာငါးပါး ရုပ်နာမ် တရားသည်ကားလို့ ဆိုလို့ရှိယင်ဖြင့် ဘယ်ကမျှား လာပါလိမ့် (တဏှာကလာပါတယ်ဘုရား)။

ဩော်....ဒါဖြင့် တဏှာက ဘာသစ္စာ.... (သမုဒယသစ္စာပါ ဘုရား)ခန္ဓာက....(ဒုက္ခသစ္စာပါ) သူတို့နှစ်ခုချုပ်အောင် ကျင့်တဲ့အကျင့်က(မဂ္ဂသစ္စာပါ)နှစ်ခုစလုံး ချုပ်သွားယင်....(နိရောဓသစ္စာပါဘုရား)။

ဒါ့ကြောင့်.... တဏှာ နိရောဓော နိဗ္ဗာနံ၊ ခန္ဓနိရောဓော နိဗ္ဗာနံလို့ ဘုရားကဟောလိုက်ပြန်တယ် (မှန်ပါ့ဘုရား)ဒီသစ္စာကိုအမျှားကြီး သိစေချင်လို့ ဦးဇင်္ဃရင်တို့ ကိုမြရွှေတို့နော်.... (မှန်ပါ့) သုံးဆယ့်နှစ်ကောဋ္ဌာသကို သူအလိုမရှိဘူး....၊ဘုရားသခင် ကိုယ်တော်မြတ်ကြီးကို၊ ရဟန်းတပါးက ထင်ဖြတော့.... ကြေနပ်ကဲ့လား ဘုရားက....(မကျေနပ်ပါဘုရား)။

မကျေနပ်ဘူးတဲ့၊ သစ္စာမဆိုက်သေးတဲ့အတွက် မကျေနပ်ဘဲ ဖြစ်ပြီးသကာလ နေတော့ ဘုရားရှင်က သစ္စာဟောချင်တာ၊ ဟိုဟာလဲဟောတာပါဘဲ၊ သို့သော် ဒီအကွက်မှာ သစ္စာကိုမြင် မြင်ထင်ထင်ကြီး ပြချင်တာနဲ့ တကာတကာမတို့ ဟို....ရဟန်း

ကျင့်စဉ်ကို ဘုရားသခင် ကိုယ်တော်မြတ်ကြီးက မကျေနပ်ဘဲ ဖြစ်နေတယ်ဆိုတာ သဘောကျပလား....(ကျပါပြီ)။

ဩော်....ဘုန်းကြီးတို့ တကာတကာမတွေ့ အခု တရားနာကြတာ ခန္ဓာ ဘယ်နှစ်ပါးနဲ့ ဘာလိမ့်.... (ငါးပါးနဲ့ပါဘုရား) အင်း....ဟင် ဘယ်သူကမျှားတည်ထောင်လိုက်လို့ ဒီခန္ဓာငါးပါး ကြီးနဲ့ အခု ဒီလို ကြုံဆုံပြီး နေကြရပါလိမ့်မလဲ....(တဏှာက တည်ထောင်လိုက်လို့ပါဘုရား)။

ဩော်....တဏှာက စီမံလိုက်တဲ့အတွက် လူ့ပြည်, နတ်ပြည်, ဗြဟ္မာ့ပြည် ရ,ရပါလို့ဆိုတဲ့ တဏှာကစီမံလိုက်တော့ ကံကနေပြီး အားထုတ်လိုက်တော့ တကာတကာမတို့ တဏှာက လက်သည်ပါ၊ ဥပါဒါန်က သူခိုင်းရာ လုပ်ရတာပါ၊ ကံကလဲ တကာတကာမတွေ့ သိတဲ့အတိုင်း တဏှာချယ်လှယ်ရာ လုပ်ရတဲ့အတွက် ခန္ဓာငါးပါး ပေါ်မလာဘူးလား....(ပေါ်လာပါတယ်ဘုရား)။

ဒါကြောင့် တဏှာ ဥပါဒါန် ကံသုံးပါးတွင် ဥပါဒါန် ကံတွေကို ဘုရားကဖြုတ်ထားပြီး ဒီနေရာမှာ တဏှာကလာတယ်ပြောလိုက်တာ....(မှန်ပါဘုရား) ရှင်းကြပလား.... (ရှင်းပါပြီ) ဒီ ဥပါဒါန် ကံတွေလဲ မပါဘူးလား.... (ပါ-ပါတယ်ဘုရား) သို့သော်....ပြဋ္ဌာန်းတဲ့ အကြောင်းက တဏှာ....(မှန်ပါဘုရား) ရှင်းကြပလား....(ရှင်းပါပြီဘုရား) ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ့ ခန္ဓာငါးပါး ဘယ်က လာပါလိမ့်.... (တဏှာက လာပါတယ်ဘုရား)။

ဩော်....ဒီခန္ဓာငါးပါးကြီးဟာ တကာတကာမတို့ တဏှာဆိုတာသည် အင်မတန် ဆိုးဝါးယုတ်မာတဲ့တရား၊ တပ်နှစ်သက်

တာ တဏှာခေါ်တယ်၊ ဖြစ်စေတတ်တာ သမုဒယလို့ ခေါ်တယ်၊ အဲဒီ သမုဒယသစ္စာ တဏှာကြောင့် တကာတကာမတွေမှာ ယခု ဘာရ,ထားကြသတုန်း....(ခန္ဓာငါးပါး ရ,ထားကြပါတယ်ဘုရား) ဩော်....ခန္ဓာငါးပါး ရ,ထားတော့ တပည့်တော်တို့ ဒီဘဝမလိုချင်ပါဘူးဘုရား၊ မအိုချင်ပါဘူးဘုရား၊ မနာချင်ပါဘူးဘုရား၊မသေချင်ပါဘူးဘုရားဆိုတော့ ခန္ဓာက ထုတ်လာတဲ့အညွှန့်ဘဲ၊တားလို့,ဆီးလို့,ပိတ်လို့,ပင်လို့ ရနိုင်ကြပါ့မလား (မရပါဘုရား) မရနိုင်ဘူးဆိုတာ သေချာပါတယ်....(သေချာပါတယ်ဘုရား)။

ဒါ့ကြောင့် တကာတကာမတို့ သိတဲ့အတိုင်း တဏှာတည်းဟူသောရေသောက်မြစ်ကို မဖြတ်လို့ရှိယင်ဖြင့် တကာတကာမတို့သည် ခန္ဓာကြီးရပြီးသကာလ မသာချည်း ချနေရမှာဘဲ....(မှန်လှပါဘုရား) ခန္ဓာကြီးရပြီး....(မသာချည်း ချနေရမှာပါဘုရား) သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

အင်း....ပရိုက်ဆိတ်ကလေးဖြစ်လဲ ပရိုက်ဆိတ် မသာနဲ့ပေါ့ဗျာ....(မှန်ပါ) ဆင်ဖြစ်ယင်တော့.... (ဆင်မသာနဲ့ပါဘုရား) ငါးဖြစ်ယင်တော့.... (ငါးမသာနဲ့ပါဘုရား) အဲ....နတ်ဖြစ်ပြန်တော့....(နတ်မသာနဲ့ပါ) ဗြဟ္မာဖြစ်ပြန်တော့....(ဗြဟ္မာမသာနဲ့ပါဘုရား)။

ဩော်....ဒီမသာတွေ ဘယ်သူမျှားဖန်ဆင်းပြီး ဘယ်သူတည်ထောင်ပါလိမ့်.... (တဏှာ တည်ထောင်ပါတယ်ဘုရား) ဒါဖြင့် ဒီတဏှာသည် ဘာမှမလုပ်တတ်ဘူး၊ မသာဘဲ လုပ်တတ်တယ် (မှန်ပါ့ဘုရား)ရှင်းကြပလား....(ရှင်းပါပြီ)။

တဏှာသည် ဘာလုပ်တတ်ပါလိမ့်.... (မသာ လုပ်တတ်ပါတယ်ဘုရား) မသာဘဲလုပ်တတ်တယ်၊ နောက်ဆုံးပိတ်၊နောက်ဆုံးပိတ်နော်....(မှန်ပါဘုရား) နောက်ဆုံးပိတ် ကျတော့ သူမသာဖြစ်အောင်ဘဲ လုပ်တတ်တယ်....(မှန်လှပါ)အခြားဘာလုပ်တတ်သေးသလဲ .... (မလုပ်တတ်ပါဘုရား) ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ဒီ-တဏှာကြောင့် ခန္ဓာဖြစ်လာပါတယ် ဆိုကတည်းက ခန္ဓာက ဒီ-ဇာတိ ဇရာ ဗျာဓိ မရဏာ၊ အိုမှု,နာမှု,သေမှု တည်းဟူသော အညွှန့် အညောင့်တွေမှာ လမ်းမဆုံးရဘူးလား ဗျာ....(ဆုံးရပါတယ်ဘုရား)သဘောပါကြလား....(ပါ-ပါတယ်ဘုရား)။

ဒါဖြင့် တဏှာသည် ဘာကိုလုပ်တတ်ပါလိမ့်မလဲ....(ခန္ဓာကိုလုပ်တတ်ပါတယ်ဘုရား) ခန္ဓာသည် ဘယ်မှာလမ်းဆုံးပါလိမ့်-မသာမှာ လမ်းဆုံးပါတယ်....(မှန်ပါဘုရား) ရှင်းကြပလား.... (ရှင်းပါပြီ) ခန္ဓာသည် ဘယ်မှာ လမ်းဆုံးသလဲ.... (မသာမှာ လမ်းဆုံးပါတယ်ဘုရား)။

မသာမှာ လမ်းဆုံးတယ် ပြောလိုက်ပါတော့ တိုတိုပါဘဲ.... (မှန်ပါ) တကာတကာမတွေ့ လွှမ်းမနေပါနဲ့တော့....(မှန်ပါ) သဘောကျပလား....(ကျပါပြီ) တဏှာကြောင့် ဘာဖြစ်သလဲ—(ခန္ဓာဖြစ်ပါတယ်) ခန္ဓာ ဘယ်မှာစခန်းသတ်ပါလိမ့်....(မသာမှာပါဘုရား)။

မသာမှာစခန်းသတ်ရတယ်ဆိုတာ ခန္ဓာရတဲ့ပုဂ္ဂိုလ်ဟာ ဒီမှာချည်း စခန်းသတ်တာဘဲဆိုတော့ အားလုံး တရားနာတဲ့ ဦးခင်မောင်တို့လူစု ခန္ဓာရယင် မသာရတာဘဲ....(မှန်ပါဘုရား) ခန္ဓာရယင်....(မသာရတာပါဘဲဘုရား)။

ဒါဖြင့် ဘယ်ခန္ဓာ ရ-ရပါလို့၏၊ ဘယ်မသဲ့ ချရပါလို့၏ ဒီအဓိပ္ပါယ်ဘဲရတယ်....(မှန်ပါ့ဘုရား) ဒီပြင် ဘာရသေးတုံး....(မရပါဘုရား)အဲဒါကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ့ ဘယ်ခန္ဓာမှ မရချင်ပါနဲ့....(မှန်ပါ့ဘုရား)ခန္ဓာရယင် ဘာရမယ် (မသာရပါမယ်)။

ဒါဖြင့် တကာတကာမတို့ ဩဝါဒ....နိဗ္ဗာန် မရသေးမီ စပ်ကြားမှာဖြင့် နတ်ခန္ဓာ ရ-ရပါလို့၏ဆိုတော့ နတ်မသာ ချရပါလို့၏၊ ဒါဘဲ ရတယ်.... (မှန်ပါ့ဘုရား) ဗြဟ္မာခန္ဓာ ရ-ရပါလို့၏ ဆိုပြန်တော့....(ဗြဟ္မာမသာ ချရပါလို့၏) ဗြဟ္မာမသာကိုယ်တိုင် ဖြစ်ရပါလို့၏....(မှန်ပါ့) ဘာပါလိမ့်....(ဗြဟ္မာမသာကိုယ်တိုင်ဖြစ်ရပါလို့၏)။

ဗြဟ္မာမသာ ကိုယ်တိုင်ဖြစ်ရပါ၏ ဆိုတော့ တကာတကာမတို့ သုံးဆယ့်တဘုံ မသာစုံ ဖြစ်ရပါလို့၏ ဆိုတာ တဏှာလုပ်တာ.... (မှန်ပါ့ဘုရား) သုံးဆယ့်တဘုံ မသာစုံဖြစ်အောင်....(တဏှာကလုပ်ပါတယ်ဘုရား) တဏှာကလုပ်တယ်ဆိုတာ သေ,ချာကြပလား....(သေချာပါပြီ)။

ဒါဖြင့် ဒီတဏှာမသေသရွေ့ တဏှာမျိုးတော့ဖြင့် ပြတ်မယ် မဟုတ်ပါဘူး....(မှန်ပါ့)ပြတ်ပါ့မလား.... (မပြတ်ပါ့) ဒါ ကြမ်းကြမ်း ဟောတာလား- အမှန်ပေးနေတာလား- အကဲခတ်ပါ....(အမှန်ပေးနေတာပါဘုရား)။

အမှန်ပေးနေတယ်တဲ့၊ နားထဲမှာကြားရတဲ့ ပုဂ္ဂိုလ်ကတော့ ဩဝါဒ....ဘုန်းကြီးနှယ် ကြမ်းလိုက်တာ ဆိုတာ ခင်ဗျားတို့က ကြမ်းတယ်ထင်တယ်၊ ခန္ဓာက ဒါဘဲ.... (မှန်ပါဘုရား) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

မိုးကုတ်ဝိပဿနာ လုပ်ငန်းစဉ်တရား (၅)

ခင်ဗျားတို့က ကြမ်းတယ် ထင်ပေမဲ့ ခန္ဓာက ဒီပြင် နူးပြီး ထွက်လာသေးသလား....(မထွက်ပါ) ခန္ဓာရတဲ့ ပုဂ္ဂိုလ် ဘယ် လမ်းဆုံးရမယ်(မသာလမ်းဆုံးရပါမယ်ဘုရား) ဒီမသာ ဘယ်သူ တည်ထောင်ပါလိမ့်....(တဏှာတည်ထောင်ပါတယ်ဘုရား)။

အံမာလေး....ဒါဖြင့် တကာတကာမတို့ ဒီတဏှာဟာ ပေါင်း သင်းထိုက်-မပေါင်းသင်းထိုက်....(မပေါင်းသင်းထိုက်ပါဘုရား)။ ဦးဝကြီး....ပေါင်းသင်းချင်သေးသလား....(မပေါင်းသင်းချင်ပါ ဘုရား) ဒီတဏှာပေါင်းမိလို့ ကျုပ်တို့မှာ အခု မသာဖြစ်မည့် အထည်ကြီးနဲ့ သွားလာနေရတာ....(မှန်ပါ့)။

တကာတကာမတို့ ဘယ်သူနဲ့ သွားလာနေရ တာတုန်း.... (မသာဖြစ်မည့်အထည်ကြီးနဲ့ပါဘုရား) မသာဖြစ်မည့် အထည် ကြီးနဲ့ သွားလာနေရတော့ ကောင်းသေးရဲ့လား....(မကောင်း ပါဘုရား)။

အထဲကနေပြီး သူက ရှင်မသာတွေ သေမသာတွေများ နှစ် မျိုးပြလိုက်သေးတယ်.... (မှန်ပါ့) သွားတဲ့အခါ နှပ်တွေ ညှစ် လိုက် ကျင်ကြီးတွေစုန့်လိုက်ဆိုတော့ အသုဘတွေမပြဘူးလား (ပြပါတယ်) ဒါ ရှင်မသာကိုးဗျ....(မှန်ပါ့)။

နောက်ဆုံးပိတ်ကျတော့ ခေါင်းထဲဝင်တဲ့ မသာ....(မှန်ပါ့) သူက မသာ ဘယ်နှစ်မျိုး ပြသလဲ-(နှစ်မျိုးပါဘုရား) ရှင်မသာ တမျိုး၊ သေမသာ....(တမျိုးပါဘုရား)။

ဘယ်မသာ ကြိုက်ကြသလဲ.... (ဘယ်မသာမှ မကြိုက်ပါ) တော်ပြီ-တော်ပြီ၊ ဒါလောက်ဆိုယင် ခင်ဗျားတို့ အတော်ပါး လာပြီ၊ အတော်ပါးလာပြီ- ဒီပါးလာတာကို ဘုန်းကြီးက သိပ် ဝမ်းသာပါတယ်၊ သြော်....ရှင်မသာ မကြိုက်တော့ဘူး ဆိုတော့

လူ့ဘဝ သူမကြိုက်တော့ဘူး-(မှန်ပါ့)နတ်ဘဝကော(မကြိုက်ပါဘူးရှား)။

သေမသာတော့ လူတိုင်း မကြိုက်တာ ဟုတ်ပါတယ်၊ အခု ရှင်မသာကို မကြိုက်ဘူးဆိုတဲ့ စကားတလုံးကို ဘုန်းကြီးတို့တရား တပုဒ်လုံး သုံးလိုက်တဲ့အတွက် အလွန် ဝမ်းသာပါတယ် (မှန်ပါ့ဘုရား)။

ခန္ဓာထဲမှာက ထွက်လာသ၍ တကာ တကာမတို့ ခန္ဓာထဲမှာ ထွက်လာတာ နှာခေါင်းက ထွက်လာတာလဲ အသုဘဘဲ ထွက်တယ်....(မှန်ပါ့) ပါးစပ်က ထွက်လာတာလဲ.... (အသုဘပါဘဲ) နားက နဖါချေးတွေ ထွက်လာတာကော.... (အသုဘပါဘဲ) ကိုယ်ကချေးတွေ ထွက်လာတာကော....(အသုဘပါဘဲ)အောက် ဒွါရက ကျင်ကြီးတွေ ထွက်လာတာကော.... (အသုဘပါဘဲ) ကျင်ငယ်ပေါက်က ကျင်ငယ်တွေ ထွက်လာတာကော (အသုဘပါဘဲဘုရား)။

ဩော်....နဂိုရှိရှိလို့ နဂိုင်းထွက်လာတယ်.... (မှန်ပါ့)ဘယ်လို ဆိုကြပါ့မယ်(နဂိုရှိရှိလို့ နဂိုင်းထွက်လာတာပါဘုရား)နဂိုရှိရှိလို့ နဂိုင်းထွက်လာတယ်ဆိုတာ အဲဒါက တကာ တကာမတို့ သွေးယင်း လာရင်းဖြစ်ရတဲ့ ရှင်မသာ....(မှန်ပါ့) ရိပ်မိကြပလား.... (ရိပ်မိပါပြီ)အသုဘပေါ့ဗျာ.... (မှန်ပါ့)။

ခင်ဗျားတို့က ကျုပ်ဒီနေ့ ဘယ်ကစာကလေး ရောက်နေတယ် အသုဘဘိတ်တာနဲ့၊ အဲဒါက သေမသာသွေးကြတာ....(မှန်ပါ့) သေမသာ ဘယ်သူ သွေးပါလိမ့်ဆိုတော့ ရှင်မသာက ပို့တယ်.... (မှန်ပါ့) ရှင်မသာကပို့တယ် သေမသာကိုး....(ရှင်မသာကပို့ပါတယ်ဘုရား)။

ခင်ဗျားတို့က လမ်းမှာပြောသွားတာဘဲသူနဲ့ ကျုပ်တို့နဲ့ဟာ ရှေ့သွားနောက်လိုက်ပါဘဲ၊ မပြောကြဘူးလား....(ပြောပါတယ်ဘုရား)သူနဲ့ ကျုပ်တို့နဲ့ဟာ ဘာတဲ့....(ရှေ့သွား နောက်လိုက်ပါဘဲဘုရား)။

ဘာဖြစ်လို့ သူဒီအသံသုံးလာသတုန်းဆိုတာကြည့် ရှုင်မသာကို သဘောမကျတော့ဘူး၊ ဟိုသေမသာကိုသာ လှမ်းပြောနေတာ....(မှန်ပါ့)။

အခုတော့ဖြင့် ဘုန်းကြီးကဘဲ ထိုးထိုးထွင်းထွင်းပြောလိုက်တဲ့အတွက် တကာ တကာမတို့ ရှင်တဲ့အခါလဲ ခန္ဓာကိုယ်ထဲက ဘာတွေများ ထွက်လာသတုန်း....၊ သုဘထွက်သလား၊ အသုဘထွက်သလား....(အသုဘ ထွက်ပါတယ်ဘုရား)။

ကဲ....အဲဒါ ဘာမသာခေါ်ကြမလဲ....(ရှုင်မသာခေါ်ပါတယ်ဘုရား) ရှုင်မသာတဲ့ နော်....(မှန်ပါ့) ရှုင်မသာဆိုတော့ ကိုယ့်အလောင်းကိုယ် ထမ်းသွား နိုင်သေးတာပေါ့ဗျာ....(မှန်ပါ့) သေမသာကတော့ ကိုယ့်အလောင်း ကိုယ် မထမ်းနိုင်ဘူး....(မှန်ပါ့)ဒါထူးခြားတယ်....(မှန်ပါ့)။

ရှုင်မသာကတော့.... (ကိုယ့်အလောင်းကိုယ် ထမ်းနိုင်ပါတယ်) သေမသာကတော့.... (ကိုယ့်အလောင်းကိုယ် မထမ်းနိုင်ပါ) သူများထမ်းပို့မှ ထွက်တယ်.... ('မှန်ပါ့) အဲဒါကလေးဘဲ ထွက်တယ်၊ ဒီ့ပြင် ဘာထူးကြသေးသလဲ.... (ဘာမှမထူးပါ)ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် သေမသာကလဲ ဘာသစ္စာ.... (ဒုက္ခသစ္စာပါ) ရှုင်မသာကလဲ....(ဒုက္ခသစ္စာပါ) ဒါကြောင့်....တတန်းတည်း ဟော

နေတာ.... (မှန်ပါ့) ရိပ်မိကြပလား.... (ရိပ်မိပါပြီ) ဒါဖြင့် တကာ တကာမတို့ ဘယ်မသာဖြစ်ရလို့ရှိယင် ကောင်းပါ့မလဲ (ဘယ်မသာမှ မကောင်းပါ) ဟုတ်ကဲ့လား .... ခင်ဗျားတို့....။ ခင်ဗျားတို့က ရှင်မသာကြိုက်တွေထင်သနော်....။။

သေသေချာချာစဉ်းစားယင် ဦးခင်မောင် ဘယ်မသာကြိုက်ဖြစ်နေသတုန်း....(ဘယ်မသာမှ မကြိုက်ပါဘုရား) ဘယ်မသာမှ မကြိုက်ဘူး၊ ဒီပဲထဲမှာတော့ ခင်ဗျားတို့က တော်တော်ကလေးကို ရင့်နေပြီ၊ ပြင်ဘက်ကျမှ ဖေါက်ပြန်တာ သူ့ဟာက.... (မှန်ပါ့ဘုရား)။။

ကိုင်း....တကာ တကာမတို့ ခန္ဓာကိုယ်ကြီးကဖြင့် ဘယ်အချိန်မှာတွေးတွေး အသုဘမပြတဲ့အချိန်ရယ်လို့ ရှိရဲ့လား....(မရှိပါဘုရား) ရှင်ရင်းမတ္တာနဲ့ ပြနေတာလဲ သုဘပြသလား....၊ အသုဘပြသလား.... (အသုဘပြပါတယ်ဘုရား)။။

မျက်စိက ထုတ်ပြလိုက်လဲ အသုဘ၊ နားက ထုတ်ပြလိုက်လဲ အသုဘ၊ နှာခေါင်းက ထုတ်ပြလိုက်လဲ အသုဘ၊ လျှာကထုတ်ပြတာကော....(အသုဘပါဘဲ)ကိုယ်က ထုတ်ပြတာကော.... (အသုဘပါဘဲ)အောက်ဒွါရတွေကထုတ်ပြတာကော....(အသုဘပါဘဲ) တကိုယ်လုံးက ထုတ်ပြတာ....(အသုဘပါဘုရား)။။

ဒါကြောင့် တကာ တကာမတို့ ချေးဘယ်စေးနဲ့ရောင်းကြမတုန်းလို့ ဘယ်သူကမျှား ဆစ်သတုန်းဗျာ၊ ဆစ်သေးရဲ့လား.... (မဆစ်ပါ) ချေးဘယ်စေးနဲ့ ရောင်းကြမတုန်းဆိုတာ ဘယ်သူကမျှား ဆစ်သေးသတုန်း....(မဆစ်ပါဘုရား)။။

အသုဘမို့မဆစ်တာ....(မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီ) ဘာ့ကြောင့်မဆစ်ပါလိမ့်....(အသုဘမို့ပါဘုရား) ဒါဖြင့် လူရှင် အဘိုးတန်တယ် ခင်ဗျားတို့က.... (မတန်ပါဘုရား) ကျုပ်ဘာ မှတ်လို့တုန်း လူဂုဏ်တန်ထဲက....၊ အံမာ တော်တော် စျေးမြင့် ထားတာနော်၊ မမြင့်ဘူးလား ခင်ဗျားတို့.... (မြင့်ပါတယ် ဘုရား)။

မြင့်သာမြင့်တယ်တဲ့ ဘယ်သူက စျေးပေးဝယ်သတုံး မေးယင် (ဘယ်သူကမှမဝယ်ပါ) ဘယ်သူမှမဝယ်ဘူး၊ ဒါဖြင့် ခင်ဗျား တို့ဟာ ခင်ဗျားတို့ အရှုးမြင့်-မြင့်နေတာပေါ့.... (မှန်ပါ့ဘုရား) ဒီအဓိပ္ပါယ်ကော မကျဘူးလား....(ကျပါတယ်) သဘောပါကြ ရဲလား....(ပါ-ပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ ဒီခန္ဓာ ဘယ်ကလာပါလိမ့်....(တ ဏှာက လာပါတယ်) ဩော်....တဏှာက လုပ်တာသည် အသုဘ ဒုက္ခသစ္စာဘဲ လုပ်ပါတယ်.... (မှန်ပါ့ဘုရား) ရှင်းကြပလား.... (ရှင်းပါပြီ) တဏှာက လုပ်လိုက်တာဟူ၍ ....(အသုဘဒုက္ခ သစ္စာဘဲ လုပ်ပါတယ်ဘုရား)။

အသုဘဒုက္ခသစ္စာမို့ တကာ တကာမတို့ သူကနေပြီး ဒီဘက် မှာ ဇရာဗျာဓိမရဏတွေနဲ့ဘဲ လမ်းမဆုံးရဘူးလား.... (ဆုံးရပါ တယ်ဘုရား) ပေါ်ကြပလား.... (ပေါ်ပါပြီ) ဒါဖြင့် တကာ တကာမတို့ ဒီတဏှာကိုသတ်မှရမယ်....(မှန်ပါ့) ဒီတဏှာရှိနေယင် ကျုပ်တို့ကို ရှင်မသာ-သေမသာ လုပ်မယ်....(မှန်ပါ့ဘုရား)။

ဒီတဏှာ ရှိနေသ၍ ကာလပတ်လုံး.... (ရှင်မသာ-သေမသာ လုပ်ပါမယ်ဘုရား) ဦးဇင်ရင် တဏှာရှိနေယင် ဘာလုပ်မယ်ထင် ကြသတုံး....(ရှင်မသာ-သေမသာ လုပ်ပါမယ်ဘုရား)ကျုပ်တို့ကို

ကြက်သရေမင်္ဂလာထဲသွင်းပေးသလား- ကြက်သရေမင်္ဂလာ မရှိတဲ့ ဘက် ပို့နေသလား....(ကြက်သရေမင်္ဂလာ မရှိတဲ့ဘက် ပို့နေပါတယ်ဘုရား)။

ဒါဖြင့် တဏှာ ကျေးဇူးတင်စရာလား- တကာတကာမတို့ ခြေကန်ထုတ်စရာလား- (ခြေကန်ထုတ်စရာပါဘုရား) ဒါ့ကြောင့် တဏှာကို ပဟာတဗွကိစ္စနဲ့ ပယ်ရမယ်....(မှန်ပါ့)။

ဘုရားရှင်က သစ္စာအနက် တဆယ့်ခြောက်ချက်မှာ တဏှာဘာလုပဲရမလဲတဲ့- (ပဟာတဗွကိစ္စနဲ့ ပယ်ရမယ်) ပဟာတဗွကိစ္စနဲ့ပယ်ရမယ်လို့ ဟောတာ တကာတကာမတွေရဲ့ မပယ်လို့ ရှိယင် ရှင်မသာ-သေမသာ လုပ်မှာစိုးလို့ ဘုရား ဒါလောက် ဟောတာ....(မှန်ပါ့ဘုရား) ရိပ်မိကြပလား.... (ရိပ်မိပါပြီ)။

တဏှာသာ မပယ်နိုင်တဲ့ ပုဂ္ဂိုလ်သည် ဘာနဲ့ နေရမယ်ထင်သတုံး....(ရှင်မသာ-သေမသာနဲ့ နေရပါမယ်ဘုရား)ရှင်မသာနဲ့ သေမသာလဲ အားလုံး တကာတကာမတွေ ကဲကြပလား....(ကဲပါပြီဘုရား)။

ကိုယ့်အလောင်း ကိုယ်ထမ်းနိုင်တာသည်.... (ရှင်မသာပါဘုရား) သူများထမ်းပို့တာသည်.... (သေမသာပါဘုရား) ဘယ်မသာ ကြိုက်သတုံး.... (ဘယ်မသာမှ မကြိုက်ပါဘုရား)။

တော်လာပြီ တော်လာပြီ ခင်ဗျားတို့ ဒီတရားပဲ အတော်ကို တော်လာပြီ၊ နဂိုရိုက ရှင်မသာ သိမှ-မသိဘဲကိုး.... (မှန်ပါ့) အခုတော့ဖြင့် ရှင်မသာ သိသာအောင်လို့ ဘုန်းကြီးက ဒုက္ခရကိုးပေါက်က ထွက်တာတွေ့ ပြောလိုက်တော့ သုဘတွေထွက်သံလား အသုဘတွေထွက်သလား.... (အသုဘတွေထွက်ပါတယ်ဘုရား)။

အသုဘတွေ့ထုတ်တာယ်ဆိုကတည်းကိုက သြော်- ဒါဖြင့်နဂိုရှိလို့ နဂိုင်းထုတ်လာတာဘဲဆိုတာ မရှင်းလားဗျာ....(ရှင်းပါတယ်ဘုရား) ကောင်းပြီ၊ အဲဒီ ဒုဂ္ဂရကိုးပေါက်က ထုတ်တဲ့ဥစ္စာဘယ်စေ့းနဲ့ ဘယ်သူကကံထရိုက်ခံသတုံး....(ဘယ်သူကမှ ကံထရိုက်မခံပါဘုရား)။

ဘာဖြစ်လို့ပါလိမ့်(အသုဘမို့ပါ)အသုဘမို့ဆိုတာမသေချာဘူးလား.... (သေချာပါတယ်ဘုရား) ဒီအသုဘဖြစ်ခဲ့လို့ ရှိယင် ဘာသစ္စာတုံး(ဒုက္ခသစ္စာပါ)သေချာကြပလား(သေချာပါပြီ)၊

သေချာပြီတဲ့ ဒါဖြင့် တဏှာသည် ဘာကိုလုပ်ပါလိမ့်မလဲလို့ မေးယင် ဘယ်နှယ်ဖြေကြမလဲ.... (ခန္ဓာကို လုပ်ပါတယ်) ဒါဘဲ ကြမ်းကြမ်းပြောတော့ ဦးခင်မောင်ရေ ရှင်မသာ-သေမသာ လုပ်တာ....(မှန်ပါ့ဘုရား)။

တကာတကာမတို့ ကြမ်းကြမ်းပြောတော့.... (ရှင်မသာသေမသာလုပ်ပါတယ်ဘုရား) အမှန်ပြောတော့ဒါဘဲရတယ် (မှန်ပါ့) အမှန်ပြောတော့ သူဘာလုပ်ပါလိမ့်.... (အသုဘလုပ်ပါတယ်) အသုဘဒုက္ခသစ္စာဆိုတာ သေချပလား....(သေချာပါပြီ)။

ကိုင်းဒါဖြင့် ဒီတဏှာ မပြတ်သ၍ ကာလပတ်လုံး သူသည် ကျုပ်တို့ကို ဘာတွေ့ချည်း တည်ထောင် ပေးသလဲလို့ သေသေချာချာမေးတော့မှ တကဝ ရိပ်မိလောက်ပါပြီ.... (မှန်ပါ့)ရှင်မသာ-သေမသာမှတပါး သူဘာမှ မလုပ်တတ်ဘူး (မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

သမုဒယသစ္စာ တဏှာလောဘသည် ဘာလုပ်တတ်ပါလိမ့်-(ရှင်မသာ-သေမသာဘဲ လုပ်တတ်ပါတယ်ဘုရား) ဒါဖြင့် ရှင်

မသာ-သေမသာဆိုတဲ့ ဒုက္ခသစ္စာဘဲ ဦးခင်မောင်ရေ သူလုပ်တတ်တယ်....(မှန်ပါ့) သူ့ကို လက်သတ်မှေးလို့ တော်ပါ့မလား.... (မတော်ပါ) မတော်လို့ ရှိယင်ဖြင့် သူ့ကို ပယ်ရလိမ့်မယ်နော်....(မှန်ပါ့ဘုရား)။

ပယ်တဲ့အခါကျလို့ရှိယင်ဖြင့် သူဘယ်မှာ အမြစ်တွယ်နေသတုံးဆိုတဲ့စကား မေးရတော့မယ် (မှန်လှပါဘုရား) သဘောကျပလား....(ကျပါပြီ) ဒီ-တဏှာအမြစ်ဟာ ဘယ်မှာ တွယ်နေသတုံးဆိုတာ မေးတဲ့အခါ ကျတော့မှ ခင်ရာမင်ရာမှာ တွယ်နေတယ်....(မှန်ပါ့ဘုရား)။

ဘယ်မှာတဲ့.... (ခင်ရာမင်ရာမှာ တွယ်နေပါတယ်) ခင်ရာမင်ရာမှာ တွယ်နေတယ်ဆိုတာ သေချာကြပလား....(သေချာပါပြီ)အေး....သေချာပြီ၊ သေချာပြီ။

ဒါဖြင့် တကာတကာမတို့ လေးချက်ကလေး တခုတော့ စေ့သွားပါပြီ၊ 'စေ့သွားငြားသော်လဲ တကာ တကာမတို့ အကြောင်းအကျိုး ဆက်ကြဦးစို့နော်....(မှန်ပါ့)အို့, နာ, သေ, ဘယ်ကလာပါလိမ့်.... (ခန္ဓာငါးပါးက လာပါတယ်) ခန္ဓာငါးပါးက လာပါတယ်။

ခန္ဓာငါးပါးက ဘာသစ္စာ.... (ဒုက္ခသစ္စာပါဘုရား) အေး.... သို့သော် သူက သမုဒယသစ္စာ....(မှန်ပါ့) အို့, နာ, သေက.... (ဒုက္ခသစ္စာပါ)ရှင်းပြီနော် (မှန်ပါ့)ခန္ဓာငါးပါးက အကြောင်းကိုးဗျ၊ ခန္ဓာငါးပါးကြောင့် အို့,နာသေ, ဖြစ်ရတယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကဲ....ဒါဖြင့် သူတို့နှစ်ခုမရှိအောင်ကျင့်နိုင်တဲ့အကျင့်ဟာ ဘာသစ္စာ....(မဂ္ဂသစ္စာပါ) နှစ်ခုစလုံး မရှိယင် ဘာသစ္စာတုံး....(နိရောဓသစ္စာပါဘုရား)။

ဩော်....ဒီလို သစ္စာ သိသိသွားစမ်းပါကွာတဲ့၊ ဘုရားက ဒီလို သုံးသပ်စမ်းပါတဲ့၊ ကိုယ်ကိုယ်ကို သုံးသပ်ရမှာနော်....(မှန်ပါ့) သဘောပါကြလား....(ပါ-ပါပြီ) ကိုင်း....ဒါဖြင့်တကာတကာမတို့ခန္ဓာ ဘယ်သူက တည်ထောင်ပါလိမ့်.... တဏှာက တည်ထောင်ပါတယ်ဘုရား)။

ဒါဖြင့် တဏှာက ဘာသစ္စာ.... (သမုဒယသစ္စပါဘုရား) ခန္ဓာက.... (ဒုက္ခသစ္စာပါဘုရား) သူတို့နှစ်ခုမရှိအောင် ကျင့်တဲ့အကျင့်က....(မဂ္ဂသစ္စာပါဘုရား) နှစ်ခုစလုံးမရှိတာက-(နိရောဓသစ္စာပါဘုရား)။

ဩော်....ဒီလိုသွားရမှာ ဦးခင်မောင်ရေ.... (မှန်ပါ့) ဒီလိုသုံးသပ်ပြီ- သစ္စာဆိုက်အောင် သွားလိုက်စမ်းပါလို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဟောတော်မူပါတယ်.... (မှန်ပါ့) ကိုင်း....ဒီတဏှာ ဘယ်ကလာပါလိမ့်.... (ခင်ရာမင်ရာကလာပါတယ်ဘုရား)။

အဲ....ခင်ရာ မင်ရာဆိုတော့ ပါဠိတော်အတိုင်း ပြောကြစို့ဆိုတော့ စက္ခု သောတ ဃာန ဇိဝှာ ကာယ မန-ကလာတယ်....(မှန်ပါ့) စက္ခု သောတ ဃာန ဇိဝှာ ကာယ မနကလာတယ်နော် (မှန်ပါ့ဘုရား)

သို့သော် မကပါဘူး တကာတကာမတို့ သတိပဋ္ဌာန် ပါဠိတော်နဲ့ ကြည့်လိုက်မယ် ဆိုလို့ရှိယင်ဖြင့် "စက္ခုလောကေ သောတံလောကေ ဃာနံလောကေ ဇိဝှာလောကေ ကာယော

လောကေ မနောလောကေ ပိယရူပံ သာတရူပံ ဇတ္ထေသာ တဏှာ''တချို့နေရာကျတော့လဲ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက သစ္စာနေရာကျတော့ ရူပါလောကေ သဒ္ဒါလောကေ နဲ့လာပြန်တော့ ဩော်....ဒီဥစ္စာသည် တခြားမဟုတ်ဘူး၊ ခင်ရာ မင်ရာက လာတာဘဲဆိုတာ မသေချာဘူးလား.... (သေချာပါတယ်ဘုရား)။

ဒါဖြင့် ဒီ-တဏှာ ရေသောက်မြစ်သည် ဘယ်မှာ တုံ့ယဉ်နေသတုံး....(ခင်ရာမင်ရာမှာ တုံ့ယဉ်နေပါတယ်) ဒါဖြင့်ခင်ရာမင်ရာကို ကျုပ်တို့ကဖြုတ်နိုင်လို့ ရှိယင်ဖြင့် တဏှာပြုတ်မယ်.... (မှန်ပါဘုရား)။

ခင်ရာ မင်ရာကို ဝိပဿနာအလုပ် လုပ်နိုင်ယင်.... (တဏှာပြုတ်ပါမယ်)တဏှာပြုတ်မယ်၊ တဏှာပြုတ်ယင် ဒီဘက်ကခန္ဓာကော.... (ပြုတ်ပါတယ်ဘုရား) ဒီခန္ဓာပြုတ်ယင် အို,နာ,သေနဲ့ ကျုပ်တို့ အိုးစားကဲ့မယ်.... (မှန်ပါဘုရား)။

အို,နာ,သေနဲ့ ကဲ့-မကဲ့ စဉ်းစားမိပလား.... (ကဲ့ပါတယ်) တဏှာပြုတ်လို့ရှိယင်ဘာတဲ့တုံး....(ခန္ဓာပြုတ်ပါ့မယ်)အဲ....ခန္ဓာကပြုတ်မယ်၊ခန္ဓာပြုတ်ယင်....(အို,နာ,သေနဲ့အိုးစားကဲ့ပါတယ်)။

ဒါဖြင့်ကျုပ်တို့သည် ပြုတ်တဲ့ဥာဏ်ကို ကျုပ်တို့ ရမှသာလျှင် တကာတကားမတို့ တဏှာအမြစ်ကို ဖြတ်နိုင်မယ်၊ တဏှာအမြစ်တုံ့ယဉ်ရာ ဌာနကို ကျုပ်တို့ ဖြတ်မှ ရမယ်.... (မှန်ပါဘုရား) သဘောကျပလား....(ကျပါပြီ) တဏှာအမြစ်တုံ့ယဉ်ရာ ဌာနကို မဖြတ်ခဲ့လို့ရှိယင် တော်ပါ့မလား.... (မတော်ပါဘုရား)။

မိုးကုတ်ဝိပဿနာ လုပ်ငန်းစဉ်တရား (၅)

ကိုင်း....ဒါဖြင့် တဏှာတမြစ်တွယ်ရာဌာန ကျုပ်တို့ အကြီး အကျယ် ဖြတ်ကြစို့ရဲ့ နော်.... (မှန်ပါ့)ဒါ့ ကြောင့် တကာ တကာမတို့ တဏှာ အမြစ်တွယ်တဲ့နေရာ ဒီ-ပါဠိတော်မှာတော့ ခြောက်နေရာပြတယ်၊ တချို့နေရာကျတဲ့အခါကျတော့ တကာ ဘကာမတို့ အားလုံးအကုန်ဘဲ ပြလိုက်တယ်၊ လောကီခန္ဓာငါး ပါးစလုံးပြလိုက်တယ်နော်....(မှန်ပါ့)။

သို့သော်ဒီနေရာ သမ္မာသနသုတ်မှာတော့ ဘုရားက ခြောက် နေရာဘဲပြပါတယ်၊ ခြောက်နေရာဘဲပြသော်လဲ တကာတကာမ တွေက စဉ်းစားလိုက်၊စကျွသောတ ဃာန ဇိဝှာကာယမန-ဆို တော့ ဒါတွေက ရုပ်တွေမဟုတ်ဘူးလားဗျာ....(မှန်ပါ့ဘုရား)။

ကဲ....ဒါတွေက ရုပ်၊ ဒီဘက်က မနဆိုတဲ့နာမ် မနေဘူးလား (မှန်ပါ့ဘုရား)မနဆိုတာ စိတ်ပေါ့ဗျာ.... (မှန်ပါ့) စိတ်ဆိုလို့ ရှိယင် ယှဉ်ဖေါ်ယှဉ်ဘက် စေတသိက်နဲ့ခဲလို့ရပါ့မလား....(မရ ပါဘုရား)။

ဩော်....ဒီက နာမကွန်ခေါလေးပါး၊ သူက ရူပကွန်ခေါလို့ဆို လိုက်တော့ ရုပ် နာမ် ပြန်ရတယ်....(မှန်လှပါ့ဘုရား) ဘာရပါလိမ့် (ရုပ် နာမ် ပြန်ရပါတယ်ဘုရား) အင်....အခု တရားနာနေကြ တာ ဘယ်သူတွေ့ပါလိမ့်.... (ရုပ် နာမ် တွေ့ပါဘုရား) သဘော ပါကြပလား....(ပါ-ပါပြီဘုရား)။

ရုပ် နာမ်ဘဲ ရှုရမှာဘဲ.... (မှန်ပါ့) ဒါဖြင့် ဒီ-ရုပ် နာမ်ကို ခုနင်က ပါဠိတော်က ခုနကဘုန်းကြီး သံပေါက်ကလေးချပြီး၊ သံပေါက်ကလေး ချပေးလိုက်တုန်းက တကာ တကာမတွေက ဒီ-ရုပ်နာမ်ကို လွန်စ္ဓာ အားထုတ် နာမ်နဲ့ရုပ်ကို နာမ်ရုပ်တော့ တွေ့ပြီ....(မှန်ပါ့) မတွေ့သေးဘူးလား....(တွေ့ပါပြီဘုရား)။

ဘယ်လိုမြင်အောင် လုပ်ရမတုံး.... (ဖြစ်ချုပ်ဉာဏ်မြင်ပါဘုရား)ဖြစ်ချုပ်ဉာဏ်မြင် သူတို့၏ ဖြစ်တာ ချုပ်တာကို မြင်အောင် ကြည့်ရလိမ့်မယ်....(မှန်ပါဘုရား)။

အဲဒီတော့ ဖြစ်ချုပ်ဉာဏ်မြင်ဆိုတော့ ကျွဲငါးအင် အမှုန်ပင် မင်ရေကြောင်းဆိုတဲ့ ဥစ္စာ.... သူ့လက်ဝဲနဲ့ သူ့ဖြစ်စဉ်နဲ့တော့ ဒုံ နာမ်ရုပ်တောတွေပြီ၊ ဒီ-နာမ်ရုပ်ကို ဖြစ်ချုပ်မြင်အောင် လုပ်ရလိမ့်ဦးမယ်....(မှန်ပါဘုရား)။

နာမ်ရုပ်ကို.... (ဖြစ်ချုပ် မြင်အောင် လုပ်ရပါလိမ့်ဦးမယ်) မလျှော့ကြနဲ့နော်....တကာ တကာမတွေ ကြာကြာမြင်လို့ရှိယင် ဟောဒီတဏှာ သေပါလိမ့်မည်၊ ဒီတဏှာသေယင် ဒီခန္ဓာရပါ့မလာ....(မရပါဘုရား)။

ဒီခန္ဓာမရလို့ရှိယင် ဒီ-အုနာ သေနဲ့ ကျုပ်တို့ အုံးစားကွဲပါပြီ.... (ကွဲပါပြီ) မကွဲပါနဲ့ ဆိုလို့ရမလား.... (မရပါဘုရား) အခုတော့ဖြင့် တကာတကာမတွေက ဒီနေရာကနေ ရပ်တဲ့ပြီး သကာလ ကျုပ် အိုရမှာတော့ ဒီသား ဒီသို့နဲ့ ကြောက်သေးတယ်၊ အိုရမှာကြောက်သေးသတဲ့....(မှန်ပါ့)။

ဒီခန္ဓာကြီးနဲ့ရပ်ပြီးတော့.... (မှန်ပါ့)ဒီခန္ဓာကြီးနဲ့ တကာသစ်တို့ကော ဒီသား ဒီသို့တွေနဲ့ ခေတ်ပေါ်တွေနဲ့တော့ ခက်ပါသေးတယ်၊ ဘာတုံး ဒီခန္ဓာဖြစ်ပြီး သကာလ သူက ဘာကြောက်နေတာတုံး....(အိုရမှာကြောက်တာပါဘုရား)

အိုမှာကြောက်လှချီရဲ့၊ နာမှာကော.... (ကြောက်လှချီရဲ့) သေမှာကော.... (ကြောက်လှချီရဲ့) မကြောက်ပါနဲ့တော့ တကာတကာမတို့ တွေ့ရမှာဘဲ....(မှန်လှပါဘုရား)၊

တွေ့တာကလဲ ဘာဖြစ်လို့ တွေ့တာတုံးဆိုတော့ကံမကောင်း အငြောင်းမသင့်လို့ တွေ့ရတာလား၊ ကိုယ့်ဆုတောင်းနဲ့ကိုယ် တွေ့ရတာလား.... (ကိုယ့်ဆု တောင်းနဲ့ ကိုယ် တွေ့ရတာပါဘုရား)။

ဟောဒီတရားက ခန္ဓာဖြစ်ရပါလို့၏ ဆိုလို့ ဒါတွေက ငါလိုက်ခဲ့ဦးမယ်ဆိုပြီး လိုက်လာတာ... (မှန်လှပါ့ဘုရား)သဘောကျပလား....(ကျပါပြီဘုရား)။

တရားက ခင်ဗျားတို့ကလူဖြစ်ရပါလို့၏ဆိုတော့ခန္ဓာငါးပါးမရဘူးလား.... (ရပါတယ်) ခန္ဓာငါးပါးရတော့ ဇရာဗျာဓိမရဏကဘာတဲ့တုံး.... (လိုက်ပါတယ်ဘုရား) ငါလိုက်ခဲ့ဦးမယ်.... (မှန်ပါ့)။

ခင်ဗျားတို့က ငါလိုက်ခဲ့ဦးမယ်လို့ မမြင်တော့ ဒါကလေးတွင် တောင်းထားတယ်၊(မှန်ပါ့ဘုရား) သဘောကျပလား.... (ကျပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့သည် ဇာတ်ကြည့်သလိုဘဲ၊ နှစ်ပါးသွားသာကြည့်ပြီး ကြကွဲခဏ်းမကြည့်သလို ဖြစ်နေတယ်....မှန်လှပါ့ဘုရား)ဟင်....ကြကွဲခဏ်းကြည့်လဲ ခင်ဗျားတို့ သံဝေဂရမည့်လူတွေလဲမဟုတ်ပါဘူး.... (မှန်လှပါ့ဘုရား)။

ကြကွဲခဏ်းအရသာ ကြကွဲခဏ်းများ သူတို့ချိုးမှမ်းတာနားထောင်လိုက်တော့ အဋ္ဌကောင်းတယ် လို့တောင် ချီးမွမ်းလိုက်သေးတယ်....(မှန်လှပါ့ဘုရား)။

အဋ္ဌဆိုတာမကောင်းပါဘူးဆိုတာ ဘယ်သူဋ္ဌတာခင်ဗျားတို့ကြုံက်သတုံး စဉ်းစားကြည့်စမ်းပါ၊ အဲဒါ အဋ္ဌကောင်းတယ်ဆို

တော့ ခင်ဗျားတို့မို့ ကြုံဖန်ကောင်းတာတော့ မတတ်နိုင်ဘူး.... ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

အဲဒိုဟာ ကြက်သရေမရှိတာလား ကြက်သရေရှိတာလား (ကြက်သရေမရှိတာပါဘုရား)အဲဒါ ခင်ဗျားတို့က ဘယ်လို ချီးမွမ်းသလဲ (အဲဒိုကောင်းတယ်လို့)။

အင်း....ကိုယ်ကိုယ်တိုင် ဒိုကြည့်ဦး၊ ဒါဖြင့် ကိုယ်ကိုယ်တိုင် ဒိုကြည့်တော့ ကောင်းလို့ ဒိုတာလား၊ ဆိုးလို့ ဒိုတာလား.... (ဆိုးလို့ ဒိုတာပါဘုရား)။

အဲဒီတော့ အဲဒိုဆိုတာ ဘယ်သူမှ မကောင်းဘူးဆိုတာမှတ်ရမယ်.... (မှန်ပါဘုရား) သဘောကျပလား.... (ကျပါပြီ) အဲဒီတော့ ခင်ဗျားတို့သည်ကားလို့ ဆိုလို့ရှိယင်ဖြင့်....တဲ့ မျက်စိကလည်လှုန်းနေတယ်လို့ ဆရာဘုန်းကြီးက စုံချက်တင်လိုက်တယ် (မှန်ပါဘုရား)။

မျက်စိမလည်လှုန်းဘူးလား.... (လည်လှုန်းပါတယ်ဘုရား) ဒိုတာတောင်သဘောကျနေသေးတယ်ဆိုတော့အတော်ဆိုးမနေဘူးလား....(ဆိုးပါတယ်ဘုရား)။

ဒိုတာတောင်သဘောကျနေသေးတယ်ဆိုကတည်းကသူမျှးဒိုတာ သူတို့သဘောကျတာ တကာတကာမတို့၊ ဟိုမှာ-သောကပရိဒေဝ ဒုက္ခ ဒေါမနဿဆိုတဲ့ ဒုက္ခသစ္စံကိုး.... (မှန်ပါဘုရား) ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား) သောကပရိဒေဝ ဒုက္ခ ဒေါမနဿ ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါဘုရား) ကိုယ် ကိုယ်တိုင် သောကပရိဒေဝတွေကော.... (ဒုက္ခသစ္စာပါဘုရား)။

အို-ဒုက္ခသစ္စာဘဲ ကျုပ်က အတော်ကျေနပ်နေတာ (မှန်ပါ့) အငိုသဘောကျတဲ့လူက.... (မှန်ပါ့) ဘာကျေနပ်နေသတုံး.... (ဒုက္ခသစ္စာဘဲ ကျေနပ်နေတာပါဘုရား)။

သြော်....ဖြစ်မှဖြစ်ရပလေ၊ အဆိပ်သီးစားပြီးသကာလ စားမိတာ ဝမ်းသာသလိုဖြစ်နေပြီ.... (မှန်ပါ့ဘုရား) ဒီလောက် သေအောင် ရူးတယ်ဆိုတော့ ကောင်းနိုင်စရာ ရှိသေးရဲ့လား.... (မကောင်းနိုင်ပါ) ဒါဖြင့် နောက်တော့ ဒီအရူးကလေးများ တော့ ဖျောက်ကြပါတော့လို့ ပြောလိုက်တယ်နော်.... (မှန်ပါ့ဘုရား)။

ကဲ.... တကာတကာမတို့ ခင်ဗျားတို့က အတော်ခက်တာ၊ တောက တကာ တကာမတွေသွားပြီးသကာလ သူတို့ငိုတဲ့အခါ ကျလို့ရှိယင် အို.... သူတို့က ဖဲကာနဲ့ကာ ငိုတတ်တယ်၊ တော်တော် နားထောင်ကောင်းတယ်၊ တော်တော် ခက်နေတာဗျ သူ့ဟာ၊ မခက်ဘူးလား-ခက်သလား.... (ခက်ပါတယ်ဘုရား)။

အဲဒါ ခင်ဗျားတို့သည်ကားလို့ ဆိုလို့ရှိယင်ဖြင့်....တဲ့ သစ္စာမသိတဲ့အဓိပ္ပါယ် ကိုယ့်အကြောင်း ကိုယ်ပေါ်နေတယ်.... (မှန်လှပါ) မပေါ်ကြဘူးလား.... (ပေါ်ပါတယ်ဘုရား) ကဲ နောက်ကိုဖြင့်တကာတကာမတို့ငိုဆိုတာဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား)။

အဲ ဒုက္ခသစ္စာ-ဒုက္ခသစ္စာမှန်းသာ သိပေတော့ ခန္ဓာရလို့ငိုတာဘဲ.... (မှန်ပါ့ဘုရား)ခန္ဓာတခုစွန့်ရလို့.... (ငိုတာပါဘုရား) ခန္ဓဝါရလို့....(ငိုတာပါဘုရား) ခန္ဓာရလို့ — သူ့မျက်စောင်းထိုး

လိုက်လို့၊ သူ့မာန်မာနကြီးတဲ့ပုဂ္ဂိုလ်မို့ မျက်စောင်းထိုးမခံဘူး တဲ့ ပုဂ္ဂိုလ် မျက်စောင်းထိုးလို့ ငိုလိုက်ရတယ် ဆိုတော့လဲ.... ခန္ဓာကြောင့် ငိုတာဘဲ-(မှန်ပါ့)သဘောကျပလား- (ကျပါပြီ)။

ကောင်းပြီ-ဒါဖြင့် တကာတကာမတို့ ဒီခန္ဓာကြီးသည်ကား လို့ဆိုလို့ရှိယင်ဖြင့် ဘယ်သူ တည်ထောင်လိုက်ပါလိမ့် မတူး.... (တဏှာ တည်ထောင်ပါတယ်ဘုရား) တဏှာကလဲ တည်ထောင်ချင်လို့ တည်ထောင်တာလား တကာတကာမတို့၊ ခင်ရာ, မင်ရာ မရှိဘဲနဲ့ ဒီတဏှာက ပေါ်ပါ့မလား.... (မပေါ်ပါဘုရား)။

ဒါဖြင့် သူက အာရုံ၊ သူက အာရမ္မဏိက၊ ပဋ္ဌာန်းနည်းနဲ့ ဆိုတော့ သူက ဘာပါလိမ့်....(အာရုံပါဘုရား) သူက ဘာပါလိမ့် (အာရမ္မဏိကပါဘုရား)အဲ-အာရုံနဲ့ အာရမ္မဏိက ဖြစ်နေတော့ အာရုံကို ပြောင်းယူမှသာလျှင် ဦးခင်မောင် တော်တော့မယ်.... (မှန်ပါဘုရား) အာရုံပြောင်းယူမှ ဘာပါလိမ့်(တော်တော့မယ်) တော်တော့မယ်ဆိုတာ သဘောကျပလား.... (ကျပါပြီ)။

ကိုင်း....အာရုံကို ပြောင်းယူရမယ် ဆိုတော့ တကာတကာမတွေက အာရုံကို ပြောင်းယူရမယ်လို့ ဆရာဘုန်းကြီးက ဟောတော့ သြော်.... ဆရာဘုန်းကြီးက ပြောင်းပေးမှာ ထင်ပါရဲ့.... ဒီလိုတော့ မယူကြပါနဲ့....နော် (မှန်ပါဘုရား) ပင်ကိုယ် ကိုက ခင်ဗျားတို့က မျက်စိလည်နေလို့ ပြောင်းပေးရမှာ.... (မှန်လှပါဘုရား)။

ဆရာဘုန်းကြီးက ပြောင်းပေးရမှာလား.... ခင်ဗျားတို့က ဝိပဿနာသမ္မာက်မှားမှုကြောင့် ပြောင်းပေးရမှာလား-(ဝိပဿနာသမ္မာက်မှားမှုကြောင့် ပြောင်းပေးရမှာပါဘုရား)။

အဲ-ဒါဖြင့် ဝိပဿလာသလဲ ပယ်ပြီးသားဘဲ မှတ်လိုက်တာပေါ့ (မှန်ပါဘုရား) သဘောကျပလား.... (ကျပါပြီ) ဘာတဲ့လဲ.... (ဝိပဿလာသ, ပယ်ပြီးသားပါဘုရား)ဝိပဿလာသလဲ တကာတကာမတွေက ပယ်ပြီးသားလို့ တကာတကာမတွေက မှတ်လိုက်ပါတော့....(မှန်ပါ)ရှင်းကြပလား....(ရှင်းပါပြီ) ဘာကို ပယ်မလို့ ပါလိမ့်.... (ဝိပဿလာသ, ပယ်မလို့ပါ) ဝိပဿလာသ ဆိုတာ ဖေါက်ပြန်နေတာနော်....(မှန်ပါ)။

ဒီတရားတွေဟာ တကာ တကာမတို့.... ရုပ်နာမ်တွေဟာ နာမ်တရားကြည့်လိုက်လဲ ဖြစ်ပြီး ပျက်နေတာဘဲ....၊ ရုပ်တရားကြည့်လိုက်ယင်ကော- (ဖြစ်ပြီးပျက်နေတာပါဘဲ) ဒါ-မသာတွေ့မဟုတ်ဘူလားဗျာ.... (မှန်ပါ့)။

မေ့မီးလိုက်, သေလိုက်ဆိုတာ ဘာပါလိမ့်.... (မသာပါဘုရား) မသာတွေ့ဘဲ ဆိုတာ မသေချာဘူးလား.... (သေချာပါတယ်ဘုရား) အဲ-ဒါကလေးတွေ့ကို ခင်ဗျားတို့က ခင်စရာ ကောင်းလိုက်တာ, မင်စရာကောင်းလိုက်တာလို့ဖြစ်နေတော့ ဒါ-ခင်ဗျားတို့က ရူးတာလား....တဲ့၊ ဒီတရားတွေ့က ရူးတာလားလို့ မေးယင် ဘယ်နှယ်ပြောကြမလဲ.... (တပည့်တော်တို့က ရူးတာပါဘုရား)။

အဲဒါ ရူးတာ ခင်ဗျားတို့၏ ဝိပဿလာသ-(မှန်ပါ့) ရှင်းပလား (ရှင်းပါပြီ)အဲဒီ ဝိပဿလာသကို ယနေ့ ပြင်ပေးရမယ်.... (မှန်ပါဘုရား)တကာတကာမတို့ ဘာပြင်ပေးရမလဲ....(ဝိပဿလာသ ပြင်ပေးရပါမယ်ဘုရား)။

ဝိပ္ပလ္လာသ ပြင်ပေးရမယ်ဆိုတော့.... တကာ တကာမတို့.... ဝိပ္ပလ္လာသ သုံးမျိုးနော်....၊ သညာ ဝိပ္ပလ္လာသ, စိတ္တ ဝိပ္ပလ္လာသ, ဒိဋ္ဌိ ဝိပ္ပလ္လာသ၊ ဝိပ္ပလ္လာသ ဘယ်နှစ်မျိုးပါလိမ့်.... (သုံးမျိုးပါဘုရား) သညာ....(ဝိပ္ပလ္လာသပါဘုရား) စိတ္တ.... (ဝိပ္ပလ္လာသပါဘုရား) ဒိဋ္ဌိ....(ဝိပ္ပလ္လာသပါဘုရား) (၂-ခေါက်ချပေးသည်)။

သြော်....ခင်ဗျားတို့မှာ အရူးသုံးမျိုးရှိတယ်-(မှန်ပါ့)တကာ တကာမတွေ့ ဘာရှိနေသလဲ....(အရူးသုံးမျိုး ရှိပါတယ်ဘုရား) အရူးသုံးချက်ကို ဒီ-ဆရာဘုန်းကြီးနဲ့တကွ ဆရာသမားတွေကမှ မကုတော့ဘူး ဆိုလို့ရှိယင်ဖြင့် တကာ တကာမတို့ အရူးမသာသာ မှတ်ကြပေတော့-(မှန်ပါ့ဘုရား) ဒီမသာ ဘာမသာ ဆိုကြမလဲ....အရူးမသာပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ မသာတောင် ဂုဏ်ပျက်တော့ မခံကြပါနဲ့ အရူးတော့ ပျောက်အောင် လုပ်လိုက်ကြပါ-(မှန်ပါ့ဘုရား)ရိပ်မိပလား....ရိပ်မိပါပြီ)။

ဒါကလေးမှ မရှင်းလို့ရှိယင် ဒီမသာ ဘာမသာ ခေါ်ကြမလဲ.... (အရူးမသာပါဘုရား) သေသွားတဲ့ အခါကျတော့လေ (မှန်ပါ့) ဘာမသာချသလဲ....(အရူးမသာပါ)အရူးမသာ လိုက်ပို့တော့ ကောင်းသေးရဲ့လား (မကောင်းပါဘုရား)ဒါ-ဝိပ္ပလ္လာသ သုံးချက်နဲ့ သေသွားမယ်ဆိုယင် အရူးမသာ ဖြစ်ရတော့မယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ကိုင်း....ဒါဖြင့် ဒါကလေး ရှင်းပြီး ပေးပါဦးမယ် ဒီနေ့၊ ရုပ်နာမ် အပေါ်မှာ ခင်ဗျားတို့ အမှားကြီးမှားပြီးသကာလ နေတဲ့ အမှားချက်ကို ယနေ့ ပြင်ပြီးသကာလ ပေးပါတော့မယ်ဆိုတာ သေသေချာချာ မှတ်ပါနော်....(မှန်ပါ့)။

ဟောဒါက ခင်ဗျားတို့ ရုပ်နာမ်ကလေး....၊ ဒီ ရုပ်နာမ်က လေးဟာ သားကလေးလို့ ခင်ဗျားတို့က မွေးဖွားတဲ့ ရုပ်နာမ် ကလေးကိုပင် ခင်ဗျားတို့က သားကလေးလို့ တကယ်ထင်လို့က် လို့ရှိယင် တကယ့်သားဘဲ....လို့ ထင်လို့က်လို့ရှိယင် တကာ တကာမတို့ အမှတ်မှားဖြစ်တယ်-(မှန်ပါ့ဘုရား)။ မဖြစ်သေးဘူး လား.... (ဖြစ်ပါတယ်ဘုရား)။

သားကလေး တကယ့် သားကလေးဆိုယင် ဘယ်နှယ်ဆို ကြမလဲ....(အမှတ်မှားပါဘုရား) အဲဒါ သညာ ဝိပ္ပလ္လာသ.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

စိတ္တ ဝိပ္ပလ္လာသ-က တကာတကာမတို့ သားကလေးမို့ ခင်ရ မှာဘဲ ဆိုလို့ရှိယင် စိတ်က ဒုက္ခသစ္စာကို ခင်ပြီ (မှန်ပါ့)အသုဘ ကို....(ခင်ပါပြီ) ခင်တော့ စိတ်ဘယ်နှယ်နေကြသလဲ....၊ စိတ် ဖောက်ပြန်သွားတော့ စိတ္တဝိပ္ပလ္လာသ.... (မှန်ပါ့ဘုရား)။

ဒါဖြင့် သားကလေး တုန်းကတော့ အမှတ်မှား....(မှန်ပါ့) ခင်မှာဘဲဆိုတော့ အသိမှား-(မှန်ပါ့) အားကိုးရမှာဘဲ ဆိုတော့ အယူမှား....(မှန်ပါ့) မြန်မာလိုပြန်ကြစို့....(မှန်ပါ့)။

ဒါဖြင့် အမှတ်မှား-အသိမှား အယူမှား၊ ဘယ်နှစ် မှားပါ လိမ့်....(သုံးမှားပါဘုရား) ကဲ....ဘုန်းကြီးကဘဲ ရှုတ်ပါတယ်....၊ ဟောဒါ ကလေးဟာ ခင်ဗျားတို့ သားကလေးလို့ ဆိုလို့ရှိယင် ဘယ်နှယ်ခေါ်ကြမလဲ.... (အမှတ်မှားပါဘုရား)။

ဩော်....သားကလေးမို့ ခင်နေရတယ်ဆိုတော့....(အသိမှား ပါဘုရား) အသိမှားဖြစ်သွားပြီ၊ အားကိုးရမှာဘဲ....လို့ ယူ လိုက်တော့.... (အယူမှားပါဘုရား)။

မိုးကုတ်ဝိပဿနာ လုပ်ငန်းစဉ်တရား (၅)

သြော်....ခက်ပြီကော ခင်ဗျားတို့ အမှား ဘယ်နှစ်ချက် ရှိပါလိမ့်.... (သုံးချက်ပါဘုရား)အမှားသုံးချက် ရှိနေပြီဆိုလို့ ရှိယင် တကာတကာမတို့ ခက်ကုန်ပြီ။

ဒါဖြင့် ဒီ အမှားသုံးချက်ကို ကျော်လွှန်ပြီးသကာလ မှန်ပြီးသကာလ သေသွားတဲ့ပုဂ္ဂိုလ်နဲ့ အားလုံး တရားတပဲလုံးဘဲ ဆုံးဖြတ်ချက်ချပါတော့၊ ဒီ အမှားသုံးချက်နဲ့ သေသွားတဲ့ ပုဂ္ဂိုလ် သာ များလိမ့်မယ်ဆိုယင် လဲပါ့မလား....(မလဲပါဘုရား)။

ဒီ အမှားသည် ဝိပဿနာသလို့ ဆိုသဖြင့် အရူးဘဲ မဟုတ်လား....(မှန်လှပါဘုရား) ဒါဖြင့် အရင် အမေတွေ့,အဖေတွေ့ အလုံးစုံ အကုန်သေကုန်ကြပြီ၊ ဒါတွေ့ ရှင်းလင်းပြီးသွားပါသလား=အရူးတန်းလန်းနဲ့ဘဲ အရူး မပြုတ်ဘဲနဲ့ဘဲ အရူးစိတ် မဖျောက်ဘဲနဲ့ဘဲသေသွားကြသလားလို့ မေးယင် ဘယ်နှယ်ဖြေကြမလဲ....(အရူးတန်းလန်းနဲ့ သေသွားကြပါတယ် ဘုရား)။

ဒါဖြင့် အဲဒီမသာကို ဘာမသာခေါ်ကြမလဲ.... (အရူးမသာပါဘုရား) နို့....ခင်ဗျားတို့ကော ဘယ်မသာ ဖြစ်ချင်သတုံး....(ဘယ်မသာမှ မဖြစ်ချင်ပါဘုရား)။

ဘယ်မသာမှလဲ မဖြစ်ချင်ဘူး၊ အရူးတော်တော့ကို ပါးသွားပြီ၊ တော်တော့ကို နေရာကျသွားပြီ၊ အကောင်းမသာလဲ မဖြစ်ပါရစေနဲ့၊အရူးမသာလဲ မဖြစ်ပါရစေနဲ့ ဆိုလို့ရှိယင် ပြီးအောင် လုပ်လိုက်ပါတော့....မှန်ပါ့) ပြီးအောင် လုပ်လိုက်ပါ့တော့။

ကိုင်း....တကာတကာမတို့ ခင်ဗျားတို့ အိမ်မှာ နေ့တိုင်း ဖြစ်နေတဲ့ အမှားသုံးချက်နော်....(မှန်ပါ့) ဒီ ရုပ်နာမ်ကလေးဟာ

မိမိ ရုပ် နာမ် ဖြစ်လို့ ရှိလဲ ဒါ မိမိ ယောကျ်ားဘဲ၊ ငါ့ ယောကျ်ားဘဲလို့ ထင်လိုက်လို့ရှိယင် ဘယ်နှယ်ဆိုကြပါ့မလဲ-(အမှတ်မှားပါဘုရား)။

အို-ကိုယ့်ကိုယ် ကိုယ်မထင်ယင်ဘယ်....သူထင်ရမှာလဲ (အသိမှားပါဘုရား) ကိုယ့်ကိုယ်ဘဲ ကျုပ်က အားကိုးတယ်....(အယူမှားပါဘုရား)ဟော....ကိုယ့်ကိုယ်လဲ ဒီအတိုင်း လာတာဘဲ....(မှန်ပါ့)မလာဘူးလား....(လာပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ သမီးကလေးဆိုတော့ ဘယ်နှယ်ဆိုကြမလဲ....(အမှတ်မှားပါဘုရား) သမီးကလေးမို့ ခင်နေရတာပေါ့ဆိုတော့....(အသိမှားပါ့ဘုရား) သူ့ဘဲ အားကိုးနေရတယ်....(အယူမှားပါဘုရား)။

ရှိကြသေးရဲ့လား ခင်ဗျားတို့ သန္တာန်မှာ ဒီ သုံးချက် ရှိ-မရှိ အကဲခတ်စမ်း.... (ရှိပါတယ်ဘုရား) ဒါဖြင့် ဒါသည် တကာတကာမတို့ အမှန်လား-အမှားလား- (အမှားပါဘုရား) အမှားဆိုတော့ ဝိပဿလာသ ဖေါက်ပြန်တာပေါ့ဗျာ....(မှန်ပါ့)။

ဖေါက်ပြန်မှားယွင်းတာသည် လောကကြီးမှာ ဘယ်နှယ် ခေါ်ကြသလဲ အရှုး....(မှန်ပါ့)ဖေါက်ပြန်တာ လောကကြီးမှာ အရှုးခေါ်ကြတယ်.... (မှန်ပါ့) သဘောကျပလား- (ကျပါပြီ) သူက စိတ်မနှံ့ရှာဘူး၊ ဖေါက်ပြန်နေရှာတယ်....(မှန်ပါ့)။

ခင်ဗျားတို့ကော ဘယ်နှယ်တုံး.... (ဖေါက်ပြန်နေပါတယ်ဘုရား)စိတ်မနှံ့ဘူး၊ဒီလိုဆိုယင် မပြီးဘူးလား-ရိပ်မိပလား(ရိပ်မိပါပြီ)စိတ်မနှံ့ဘူးဆိုတော့ ဘယ်လိုနိဂုံးချုပ်ကြမလဲ-ဖေါက်ပြန်နေတယ်၊သဘောပါပလား....(ပါပါပြီဘုရား)။

မိုးကုတ်ဝိပဿနာ လုပ်ငန်းစဉ်တရား (၅)

မယုံယင် ငိုနေတဲ့ ပုဂ္ဂိုလ် သွားကြည့်၊ သားကလေးကြောင့် ငိုနေသလား....သမီးလေးကြောင့် ငိုနေသလား။ ကိုယ့် အတွက် ဝမ်းနည်းပြီး ငိုနေသလား....ကိုယ့်သား-လင်ခင်ပွန်း အတွက် ငိုနေသလားဆိုတာ သွားမေးကြည့်ယင် ဒီအရေးထဲက မလွတ်စေ့ဘူး....(မှန်လှပါဘုရား) လွတ်ပါ့မလား....(မလွတ်ပါဘုရား)။

ကြည့်စမ်း၊ မကြားကြဘူးလား.... ကျုပ်သမီးလေးဟာ ဘယ်နှစ်ရက်ရှိသေးတယ်၊ ဟော....သမီးကလေးက မလာဘူးလား....(လာပါတယ်ဘုရား) သူ့ဘဲ ကျုပ်ဟာ အင်မတန် ရှေ့ပေါ် မြ,တင်ထားတာ- ခင်တယ်၊ ဘာတဲ့တုံး....(အသိမှားပါဘုရား) တကယ်ဘဲ အားကိုးလောက်တယ်.... (အယူမှားပါဘုရား)။

တကာတကာမတို့ ခင်ဗျားတို့ဟာက သား အပေါ် မှာလဲ သုံးချက်၊ သမီးအပေါ်မှာကော....(သုံးချက်ပါဘုရား) ခင်ပွန်း အပေါ်မှာကော.... (သုံးချက်ပါ ဘုရား) ကိုယ့်အပေါ်မှာကော.... (သုံးချက်ပါဘုရား) ဆွေမျိုးအပေါ်မှာကော....(သုံးချက်ပါဘုရား)။

ဟာ....ခင်ဗျားတို့ဟာ သုံးချက်ပေါင်း မရေနိုင်ပါဘူး၊ ဒါဖြင့် ရေနိုင်စရာကို မရှိဘူး ခင်ဗျားတို့ဟာက.... (မှန်ပါ့)ရူးထားတာက အကုန် ရူးထားတာကိုး၊ ဘယ်နေရာ အကောင်းပါသေးသတုံး....(မပါပါဘုရား) ဘယ်နေရာမှ အကောင်းမပါတဲ့ အဓိပ္ပါယ်.... ရှင်းမနေဘူးလား....(ရှင်းနေပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် ဒီ အရှုးတွေ့ မပျောက်လို့ရှိယင် တော်ပါ့ မလား (မတော်ပါဘုရား) ကိုင်း....ဒါဖြင့် တကာ တကာ မတို့ ဒီလို လုပ်ကြပါစို့၊ ဒီဥစ္စာ သားကလေးလား- ရုပ် နာမ် လား-ခင်ရာ မင်ရာလား- အကဲခတ်လိုက်စမ်း....(ရုပ် နာမ်ပါ ဘုရား)။

ရုပ်နာမ်ဆိုကတည်းက အမှတ်က မှန်သွားပြီ((မှန်ပါ့)နဂိုရ် က ရုပ်နာမ်ဘဲ ရှိလို့ ရုပ် နာမ်ဆိုတော့ အမှတ်က မှန်သွားပြီ.... (မှန်ပါ့)ရုပ် နာမ်ဖြစ်ခဲ့လို့ရှိယင်ဖြင့် တကာတကာမတို့ သိတဲ့ အတိုင်းတဲ့၊ သုဘလား-အသုဘလား....(အသုဘပါဘုရား)။

ဒါဖြင့် ခင်စရာ ဟုတ်သေးရဲလား.... (မဟုတ်ပါ ဘုရား) သဘောကျပလား.... (ကျပါပြီ) ခင်စရာကော ရှိသေးရဲလား- (မရှိပါဘုရား)။

ကဲ....ဒါဖြင့် ရုပ်နာမ်သိတုန်းကသည်ပြုတ်ခဲ့တယ် (မှန်ပါ့) အသုဘမှန်းသိတော့ ခင်တာ ပြုတ်ခဲ့တယ်....(မှန်ပါ့) မပြုတ် သေးဘူးလား(ပြုတ်ပါတယ် ဘုရား) ဖြစ်ပျက် မြင်တဲ့ အခါကျ တော့ အားကိုးရာ ပြုတ်တယ်....(မှန်ပါ့) တခါတည်း ဒီဥပြုတ် တယ်၊သဘောကျပလား....(ကျပါပြီဘုရား)

အော်....ဒါဖြင့် ဒို့ဆရာဘုန်းကြီးနဲ့ ဒီ တကာတကာမတွေ နဲ့ နေရာကျပြီ၊ ဒါ ရုပ်နာမ်လို့ သိယင် သည်ပြုတ်ပါတယ် (မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီ) အသုဘလို့ သိနေ ယင်....(ခင်တာ ပြုတ်ပါတယ်)ခင်တာပြုတ်ပြီတဲ့။ ဖြစ်ပျက်မြင် တော့ အားကိုးသေးရဲ့လား....(မကိုးပါဘုရား) အားကိုးပြုတ်

သွားတယ်ဆိုတော့ ဒီဌဲ ပြုတ်သွားပြီ၊ မပြုတ်သေးဘူးလား....(ပြုတ်ပါတယ်ဘုရား)။

ဒါဖြင့် တကာ တကာမတို့ သညာလဲပြုတ်၊ စိတ်ကော....(ပြုတ်ပါတယ်ဘုရား) ဒီဌဲကော....(ပြုတ်ပါတယ်ဘုရား) ဒါဖြင့် ဖြစ်ပျက်လုပ်မှု ခင်ဗျားတို့ အကုန်ပြုတ်မယ်....(မှန်ပါ့ဘုရား) တကာတကာမတို့ ဘယ်လို ဆုံးဖြတ်ချက်ချမလဲ-(ဖြစ်ပျက်မြင်မှု အကုန်ပြုတ်ပါ့မယ်ဘုရား)။

ဒါဖြင့် ဖြစ်ပျက်မှု မမြင်ဘူးတဲ့ ပုဂ္ဂိုလ်မျှားသည် အရှုးမသာသာဖြစ်မှာဘဲ လမ်းဆုံးရှာလိမ့်မယ်....(မှန်ပါ့ဘုရား) ရှင်တုန်းလဲအရှုးဘဲ....(မှန်ပါ့) သေတော့ကော.... (အရှုးပါဘဲဘုရား) သဘောကြပလား.... (ကျပါပြီ) ဦးခင်မောင်ရေ နေရာကျပလား....(မှန်ပါ့ဘုရား)။

တော်တော်ကလေး နေရာကျလာပြီ တကာတကာမတို့၊ ယနေ့ တော်တော်နေရာကျလာပြီ....နော်....(မှန်ပါ့) ကိုင်း ဒါဖြင့် တကာ တကာမတို့ ဒီအလုပ်ကို ရှင်းကြလင်းကြပါစို့။

ဖြစ်ပျက်တလုံးပိုင်လို့ ရှိယင် သညာလဲပြုတ်တယ်....((မှန်ပါ့) စိတ်ကော....(ပြုတ်ပါတယ်) ဒါဖြင့် တကာတကာမတို့ ဖြစ်ပျက်ပိုင်ဘို့ဘဲ ကျုပ်တို့အရေးကြီးတယ်....(မှန်လှပါဘုရား)။

ခန္ဓာကြီးကြည့်လို့က်လို့ ရှိယင် ဖြစ်မှုနဲ့ ပျက်မှုတွင်ရှိတယ်ဆိုတာကို ပိုင်ပိုင်နိုင်နိုင်သိဘို့အရေးကြီးတယ်.... (မှန်လှပါဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

ကိုင်း ဒါဖြင့် ခန္ဓာကြည့်ကြပါစို့ တကာတကာမတို့ ဒီအမှားသုံးချက်ပျောက်အောင် အမှန်ငါးချက်နဲ့ ကျုပ်တို့က ကြိုး

စားပေးရမယ်....(မှန်ပါ့) အမှားသုံးချက် ပျောက်အောင်.... (အမှန်ငါးချက်နဲ့ကြိုးစားရမယ်)အမှန်ငါးချက်ဆိုတာဝိပဿနာမဂ်ကို ဆိုပါတယ်....(မှန်ပါ့ဘုရား)။

အမှားသုံးချက်ကို တကာတကာမတို့ ပြုတ်အောင် ဘာနဲ့လိုက်ပါ့မယ်.... (အမှန်ငါးချက်နဲ့ လိုက်ရပါမယ်) အဲ့ အမှားသုံးချက်ကို အမှန်ငါးချက်နဲ့ ဖျက်လိုက်လို့ ရှိယင်....တဲ့ အားလုံး တကာတကာမတွေ ပျက်စီးသွားတာပါဘဲ့.... (မှန်ပါ့)။

တော်တော်နေရာကျလာပြီ တကာတကာမတို့ ကြိုးစားကြနော် မလျှော့နဲ့.... (မှန်ပါ့) ကိုင်း ဒါဖြင့် တကာတကာမတို့ ဘုန်းကြီးကပြောတယ်၊ ခင်ရာ မင်ရာဆိုတာရုပ် နာမ်လို့ပြောတယ်နော်....(မှန်ပါ့)။

ကဲ.... ရုပ်တွေအသားထားလိုက်ပါတော့၊ နာမ်ဘဲ့ ရှုကြပါစို့ ဆိုဇတော့ တကာတကာမတို့ တနေ့ကစိတ်ကို အရှုမခိုင်းဘူးလား (ခိုင်းပါတယ်ဘုရား)တကာတကာမတို့ ဘာများ အရှုခိုင်းပါလိမ့် (စိတ်ကိုအရှုခိုင်းပါတယ်ဘုရား) အေး....စိတ်ကို အရှုခိုင်းတယ် ဆိုတာသေချာပလား.... (သေချာပါပြီ) စိတ်က ဘယ်သူ့ စိတ် ရှုရမှာပါလိမ့်.... (ကိုယ့်စိတ် ကိုယ်ရှုရမှာပါဘုရား) ကိုယ့်စိတ် ကိုယ်ရှုရမယ်နော်.... (မှန်ပါ့) ကိုယ့်စိတ် ကိုယ်ရှုရမယ် ဆိုတာကော သဘောကျပလား....(ကျပါပြီဘုရား)။

ဩော်....သူများစိတ်ဆိုတာ လဲ့လိမ့်မယ်....နော်.... (မှန်ပါ့) သူများစိတ်ရှုရတာ လဲ့သည်မှန်သည်နှစ်မျိုးရှိပါတယ်....(မှန်ပါ့) ကိုယ့်စိတ်ကိုယ်ရှုတော့.... (မှန်ပါတယ်ဘုရား) မှန်တယ်ဆိုတာ သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ကိုယ့်သန္တာန်လောဘဖြစ်လဲ....တဲ့ လောဘကလေး ဟာ ဖြစ်ပြီးပျက်သည်လို့ မဂ္ဂင်နဲ့လိုက်ပေး....(မှန်ပါ့) ဒေါသ ဖြစ်ယင်ကော....(ဖြစ်ပြီးပျက်ပါတယ်) ဖြစ်ပြီးပျက်သွားတာဘဲ လို့သာရှုပေး.... (မှန်ပါ့ဘုရား) ဣဿာကလေးဖြစ်ယင်ကော (ဖြစ်ပြီးပျက်သွားတာပါဘုရား) မစ္ဆရိယကလေးဖြစ်ယင် ဝန် တိုတဲ့စိတ်ကလေး ပေါ်လာယင်ကော.... (ဖြစ်ပြီးပျက်သွားတာ ပါဘုရား)။

ဒေါသကလေးဖြစ်ယင်ကော.... (ဖြစ်ပြီး ပျက်သွား တာပါ ဘုရား) သံသယကလေးရှိလာယင်ကော.... (ဖြစ်ပြီးပျက်ဘာပါ ဘုရား) အင်း....ဒါဖြင့် ကုသိုလ်ကလေးလုပ်တဲ့စိတ်ကလေးဟာ ကော....(ဖြစ်ပြီးပျက်တာပါဘုရား)။

ဖြစ်ပြီးပျက်တာဘဲဆိုတော့ တကာတကာမတို့ သန္တာန်မှာ ပုထုဇန်သန္တာန်မှာ ဖြစ်တဲ့စိတ် ပုထုဇန်ဉာဏ်နဲ့ရှုပေါ့ဗျာ(မှန်ပါ့ ဘုရား) ရှုတတ်ပြီမဟုတ်လား.... (ရှုတတ်ပါပြီဘုရား)။

ဒါဖြင့် ရှုပုံတော့ဖြင့် တနေ့ကစိတ်တဆယ် သုံးခု ပြပြီးပါပြီ (မှန်ပါ့)အဲဒီတော့ ဒါကို တဖြိုင်ဖြိုင်ရှုပေးပါနော်.... (မှန်ပါ့) လာတဲ့စိတ်ဆိုယင် ရှုနော်....(မှန်ပါ့) ဘာမှမရှိယင် ရှု့စိတ်နဲ့ ရှု့ကိစိတ်ကို ရှုပေး....(မှန်ပါ့)။

နို့မဟုတ် ကြားပေါက်လာယင်.... (ကြားပေါက်ရှုပေးရပါ မယ်ဘုရား) ကြားပေါက်စိတ်ရှု့၊ ခင်ဗျာ-တို့ သန္တာန်မှာ အရိ ယာစိတ်မလာပါဘူး(မှန်ပါ့ဘုရား) သဘောကျပလား (ကျပါ ပြီဘုရား) ပုထုဇန်တွေမို့ ဘာစိတ်သာလာမတုံ....(ပုထုဇန်စိတ် လာပါမယ်ဘုရား)။

ပုထုဇဉ်မှာလဲ ဒုဝိဟိတ်ပုဂ္ဂိုလ်ဖြစ်ယင် ဒုဝိဟိတ် စိတ်သာလာမယ်....(မှန်ပါ့) သည့်ပြင်စိတ် လာနိုင်ပါ့မလား.... (မလာနိုင်ပါဘုရား) မလာနိုင်တော့ ကိုယ်လာတဲ့စိတ်သာကိုယ်ရှု(မှန်ပါ့ဘုရား)သဘောကျပလား....(ကျပါပြီ)။

ဝမ်းသာယင် ဝမ်းသာတဲ့ စိတ်ကို....(ဖြစ်ပျက်ရှုရပါမယ်) ဝမ်းနည်းယင်(ဝမ်းနည်းတဲ့ စိတ်ကို ရှုရပါမယ်) ဥပေက္ခာထားယင်.... (ဥပေက္ခာစိတ်ရှုရပါမယ်) ဥပေက္ခာစိတ်ကိုရှု တကာတကာမတို့သဘောကျပလား....(ကျပါပြီ)။

အဲဒီကဲ့သို့တဲ့ ကိုယ့်စိတ်ကိုယ်ရှုလို့ရှိယင်ဖြင့် တကာတကာမတို့ စိတ္တာနုပဿနာဖြစ်ပါတယ်(မှန်ပါ့ဘုရား) အဲဒီတော့ကိုတဲ့ ဒါတပည့်တော်တို့ ဘယ်လောက်ကြာကြာ ရှုရမှာလဲလို့တကာတကာမတွေက မေးဘို့မလိုဘူးလား....(လိုပါတယ်ဘုရား)။

ကိုယ့် စိတ်ကို ဘုရားတပည့်တော်ဖြင့် လောဘ ကလေးလာလဲ နောက်ကနေပြီး မဂ္ဂင်ငါးပါးနဲ့ ရှုပါတယ်၊ ဒေါသကလေးလာလဲ မဂ္ဂင် ငါးပါးနဲ့ ရှုပါတယ်၊ မောဟလာလဲ မဂ္ဂင် ငါးပါးနဲ့ ရှုပါတယ်၊ ရှုချင်တာသာရှုပေါ့ဗျာ (မှန်ပါ့) ရှုလိုက်တော့ လောက၊ ဒေါသ၊ မောဟလား၊ ဖြစ်ပျက်လား(ဖြစ်ပျက်ပါဘုရား) ရှုတာကဘာဆိုကြမယ်....(မဂ္ဂပါဘုရား) ဒါဖြင့်ဖြစ်ပျက် မဂ် ကိုက်အောင်လုပ်.... (မှန်ပါ့ဘုရား)ဖြစ်ပျက်.... မဂ်ကိုက်အောင်လုပ်(မှန်ပါ့) ဒီကြားထဲမှာ ကိလေသာမဝင်အောင်လုပ်ပါ....(မှန်ပါ့ဘုရား)။

ကိလေသာမဝင်လို့ရှိယင် မနက်အားထုတ်ယင် ညနေရမယ် (မှန်ပါ့) ညနေအားထုတ်ယင်....(မနက်ရပါ့မယ်) မနက်ရမယ် ဆိုတော့ ဒါ-ကိုယ့်အတွက်မှာ ဝမ်းနည်းစရာ လိုသေးသလား.... (မလိုပါဘုရား) ဝမ်းနည်းစရာ ဘာမှမလိုပါဘူး....တဲ့။

အဲဒီတော့....ဒီလို တကာတကာမတွေက ကိုယ့်စိတ်ကို ကိုယ် ကြည့်ပြီး သကာလ ဖြစ်ပျက်တွေ့ကို မြင်ပါလိမ့်မယ်....(မှန်ပါ့) မြင်တော့ ဘုန်းကြီးက တကာတကာမတွေ့ကို အလုပ်ပေးနေတဲ့ ဘုန်းကြီးဖြစ်နေတော့ ရှင်းရှင်းဘဲပြောပါတယ်၊ စိတ်ဟာ နှစ်စိတ် ဘယ်တော့မှမပြိုင်ဘူး၊ ဒါလဲတစိတ်,အပျက်ကလဲ တစိတ်ဘဲ၊ အရှုကလဲ....(တစိတ်ပါဘဲ) ဘယ်တော့မှ သတ္တဝါသန္တာန်မပြိုင်ဘူးလို့ မှတ်ထားလိုက်ပါ....(မှန်ပါ့ဘုရား)။

ပြိုင်ပြီးဘယ်တော့မှမဖြစ်ဘူး၊ ဒီစိတ်ချုပ်ပြီးမှ ဟုတ်လား.... (မှန်ပါ့) အရှုခံစိတ်ချုပ်ပြီးမှ ရှုဉာဏ်စိတ်ပေါ်ပါတယ်....(မှန်ပါ့ဘုရား) အရှုခံစိတ်..... (ချုပ်ပြီးမှ ရှုဉာဏ်စိတ် ပေါ်ပါတယ်ဘုရား)။

ရှုဉာဏ်စိတ် ပေါ်တယ်ဆိုတော့ တတာတကာမတို့ အရင်တုန်းက အသက်ရှင်နေတာ ဒီစိတ်နဲ့ အသက်ရှင်နေတယ်.... (မှန်ပါ့) နောက် သူသေသွားတော့ ဘယ်စိတ်နှင့်အသက်ရှင်သလဲ.... (ရှုဉာဏ်စိတ်နဲ့ အသက်ရှင်ပါတယ်ဘုရား) ရှုဉာဏ်နဲ့ အသက်မရှင်ရပေဘူးလား....(ရှင်ရပါတယ်ဘုရား)။

ဒါဖြင့် ကေစိတ္တ သမာယုတာ=တခုသော စိတ်နဲ့ တကာ တကာမတွေ အသက်ရှင်နေတာ(မှန်ပါ့ဘုရား)စိတ်ဘယ်နှစ်ခုနဲ့

အသက်ရှင်နေသလဲ....(တခုသောစိတ်နဲ့ အသက်ရှင်နေပါတယ်) အရှုခံနဲ့ အသက်ရှင်နေတုန်းကို ရှုညာဏ် မပေါ်သေးပါဘူး.... (မပေါ်သေးပါဘုရား)။

သဘောကျပြီနော်.... (မှန်ပါ့) ဒါ-ရှင်းရှင်းလင်းလင်း မှတ်ပါ၊ ရှင်းရှင်းလင်းလင်းမှတ်ပါ....၊ ဒါ-အလုပ်တရားမှာ အလွန် အရေးကြီးနေပြီ-(မှန်ပါ့) တကာတကာမတွေ့ အပင်ပန်းခံပြီး သကာလ လူဘဝတိုးခေ့ပြီး သကာလ တချို့ နေရာမရှိလို့ ပြင်ဘက်မှာနေကြရတယ်....၊ ဒါလိုရင်းပေးချင်လို့ ဘုန်းကြီးကလဲ....ဒါ ရှုလိုက်လို့ရှိသင် ဒီကြားထဲ ခုနင်က တဏှာက လာသေးရဲ့လား....(မလာပါဘုရား)။

တဏှာ မလာယင် ဒီ ခန္ဓာ....(မလာပါဘုရား) ဒီခန္ဓာမှ မလာဘဲနဲ့ အို,နာ,သေ ဘယ်နှယ်တုန်း.... (မလာပါဘုရား) ကခါတည်း ဝင်္ကပ်မသွားဘူးလား.... (သွားပါတယ်ဘုရား)။

အဲဒါကြောင့် ဒီအလုပ်တရားကို ကြပ်ကြပ် ဂရုစိုက် နားထောင်ပါဆိုတာ တိုက်တွန်းရတယ်.... (မှန်လှပါဘုရား) ဒါဖြင့် ကိုယ်စိတ်ကိုယ်ရှု-(မှန်ပါ့) လောဘစိတ်လာယင်လဲ.... (လောဘစိတ်ရှု) လောဘစိတ်ကို မဂ်နဲ့ဖြစ်ပျက်ရှု၊ ဒေါသစိတ်လာယင်....(ဒေါသစိတ်ရှု) မောဟစိတ်လာယင်....(မောဟစိတ်ရှု)။

ရှုရလိမ့်မနော်.... (မှန်ပါ့) မမေ့အောင်ရှုပေး၊ ဘာမှ မရှိယင် လေကိုထွက်အောင် အားထုတ်တဲ့စိတ်ကို (ရှုရပါမယ်)လေကိုပြန်ရှိုက်တဲ့စိတ်ကို-(ရှုရပါမယ်ဘုရား) ရှုရလိမ့်မယ် ဆိုတော့ ဒါကလေးနဲ့ ရှု-ရှုပေးနေတော့ ဖြစ်ပျက်-မဂ် ဖြစ်ပျက် မဂ်....မကိုက်ပေဘူးလား....(ကိုက်ပါတယ်ဘုရား)။

အဲဒီတော့....တကာတကာမတွေ့ မိလိန္ဒပဉှာ ပါဠိတော်မှာ လာတာ ကလေးနဲ့.... တကာ တကာမ တွေ့ကို ပြောချင်ပါတယ်....တဲ့။

မိလိန္ဒမင်းကြီးက ရှင်နာဂသိန်ကိုမေးတယ်၊ မိလိန္ဒမင်းကြီး၊ ဆိုတာကတကာတကာမတွေ့ ကြားဘူးတဲ့အတိုင်း ပညာရှိပေါ့ ဗျာ၊(မှန်ပါ့)ရှင်နာဂသိန်ကတော့ သူ့ထက် ပညာရှိတဲ့အပေါ်မှာ ရဟန္တာဖြစ်နေတယ်....(မှန်ပါ့ဘုရား)။

ရဟန္တာဆိုတာသည် ဝိပဿနာ ကိုယ်တိုင်ရှုပြီးလို့ မင်ဉာဏ် ဖိုလ်ဉာဏ် လေးဉာဏ်ရလို့ ရဟန္တာဖြစ်တယ်ဆိုတာလဲ ခင်ဗျား တို့ဘာမှ သံသယရှိဘို့ မလိုပါဘူး၊ လိုသေးသလား....(မလိုပါဘုရား)။

အဲဒီ ကိုယ်တိုင် နိဗ္ဗာန်မြင်တဲ့ ပုဂ္ဂိုလ်ကို တကာတကာမတို့ မေးလိုက်တယ်၊ မိလိန္ဒမင်းကြီးက အရှင်ဘုရားကတော့ဘုရား.... ကိုယ်တိုင်နိဗ္ဗာန်ရောက်ပြီးသား ပုဂ္ဂိုလ်ဖြစ်ပါတယ်၊ အဲဒီတော့ နိဗ္ဗာန် ကိုယ်တိုင်အာရုံပြုနိုင်တဲ့ ပုဂ္ဂိုလ်ဖြစ်ပြီးသကာလ နေတော့ တပည့်တော်များလဲ နိဗ္ဗာန်ရောက်ချင်တယ်၊ ရောက်ချင်တော့ ကို ဘယ်လိုရှုပြီးသကာလ ဘယ်လိုနိဗ္ဗာန်ဘက် ကူးသွားတယ် ဆိုတဲ့ဥစ္စာ တပည့်တော် အရေးတကြီးသိချင်ပါတယ်။

တကာတကာမတို့ ဝိပဿနာရှုရင်းမတ္တာနဲ့ နိဗ္ဗာန်ဘက် ဘယ် လို ကူးသွားတယ်ဆိုတာ သူသိချင်တယ်....တဲ့....(မှန်ပါ့ဘုရား) ရှင်းကြပလား....(ရှင်းပါပြီ) ဝိပဿနာ ရှုရင်းမတ္တာနဲ့....(နိဗ္ဗာန် ဘက်ကူးသွားတာ သိချင်ပါတယ်ဘုရား)။

နိဗ္ဗာန်ဘက်ကူးသွားတာ သူ-သိချင်ပါတယ်ဆိုတော့ တကာ တကာမတို့ ဒီဟာကလေးဟာ အသေအချာ မှတ်ရမှာနော်.... (မှန်ပါ့ဘုရား) လုပ်တဲ့ ပုဂ္ဂိုလ်မှာ ငါ-နိဗ္ဗာန်ရောက်တယ် ဆိုတာ သူမျှားမေးမနေပါနဲ့တော့၊ ကိုယ့်ကိုယ်တိုင် နိဗ္ဗာန်ရောက် ပါလိမ့်မယ်(မှန်လှပါ) ရှုသာရှုပါ၊ ဖြစ်ပျက်သာ မှတ်အောင်ရှုပါ (မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

အဲဒီတော့-ရှင်နာဂသိန်က တကာကြိုးတဲ့-"တဿ တံ စိတ္တံ အပရာပရံ မနသိကရောတော ဥပ္ပါဒံ အတိက္ကမိတ္ဘာ အနုပ္ပါဒံ ဩက္ကမတိ"ဖြစ်ပျက်မှုကိုလွန်ပြီးသကာလ တကာကြိုးတဲ့မြန်မြန် ဒါကလေးကို ဖြစ်ပျက်,ဖြစ်ပျက်လို့ နှလုံးသွင်းလိုက်ပါ၊ ကိုယ် စိတ်ကို၊ သဘောကျပလား....(ကျပါပြီ)ကိုယ့်စိတ်ကို ဘာလုပ်ရမလဲ....(ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ဖြစ်ပျက်, ဖြစ်ပျက်လို့ ကိုယ့်မဂ်ကလေးနဲ့ ကိုယ့်ဥာဏ်ကလေးနဲ့ နှလုံးသွင်းနေပါ-တဲ့၊ သဘောကျပလား....(မှန်ပါ့) "တဿ တံစိတ္တံ အပရာပရံ မနသိကရောတော"....တဲ့၊ တဿ= ထို ဝိပဿနာရှုသော ပုဂ္ဂိုလ်သည်၊ တံစိတ္တံ = ထိုဖြစ်သော စိတ်ကို၊ အပရာပရံ=မပြတ်၊ မနသိကာရောတော=နှလုံးသွင်းနေခဲ့လျှင်....၊ ဖြစ်ပျက်သာ အမြဲနှလုံးသွင်းနေခဲ့လျှင် တကာ တကာမသို့ မှတ်မိပလား....(မှတ်မိပါပြီ) ဖြစ်ပျက် ဘာတုန်း.... (အမြဲနှလုံးသွင်းနေခဲ့လျှင်)။

အဲဒီတော့ ဥပ္ပါဒံ အတိက္ကမိတ္ဘာ=ဟောဒီ ဖြစ်ပျက် တွေ့လွန်သွား ပါလိမ့်မယ်တဲ့....(မှန်ပါ့) ဘာ လွန်သွားမလဲ....(ဖြစ်

ပျက်တော့ လွန်သွားပါမယ်) အနုပ္ပါဒံ ဩကွန်တိ=ဖြစ်ပျက်မရှိတဲ့ဘက် တခါတည်း ဟောဒီဥာဏ်က တကာတကာမတို့ဖဂွင်ရှစ်ပါးပြည့်ပြီး ဝင်သွားတာဘဲ....(မှန်ပါ့) ဖြစ်ပျက်မရှိတဲ့ဘက်ပြေးပြီးဝင်သွားတယ်....(မှန်ပါ့)။

ပဌမသူ-ဖြစ်ပျက် လှည့်နေတယ်....(မှန်ပါ့) ရှုဖန်များတော့ ဒီဖြစ်ပျက်ရှုတဲ့ဥာဏ်တော့ဟာ ဘယ်ဘက်လှည့်သွားသလဲ....(ဖြစ်ပျက်မရှိတဲ့ဘက်ပါဘုရား) ဖြစ်ပျက်မရှိတဲ့ဘက် လှည့်သွားတယ် (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ) ပဌမ ဘယ်ဘက် လှည့်သတုန်း....(ဖြစ်ပျက်ဘက်လှည့်ပါတယ်) နောက်-ရှုဖန်များလာတော့....(ဖြစ်ပျက်မရှိတဲ့ဘက် လှည့်ပါတယ်) ဖြစ်ပျက်မရှိတဲ့ဘက် သူ-လှည့်သွားတယ်.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ) ဒါဖြင့်....

> "တဿတံစိတ္တံ အပရာပရံ မနသိကာရောတော ဥပ္ပါဒံ အတိက္ကမိတ္ဝာ အနုပ္ပါဒံ ဩကွန်တိ။ ဧဝံ ခေါမဟာရာဇ သမ္မာ ပဿန္တော နိဗ္ဗာနံ သစ္ဆိကရောတိ...."

ဦးခင်မောင် ဖြစ်ပျက်ဘော့ရှုရာကနေပြီးသကာလ တခါတည်းရှုတဲ့ဥာဏ်သည် ဖြစ်ပျက်မရှိတဲ့ဘက် သူ့ဟာသူ ပြောင်းသွားတယ်....(မှန်ပါ့ဘုရား)ပဌမစော့ ဘယ်ဘက်လှည့်နေသတုန်း.... (ဖြစ်ပျက်ဘက်လှည့်နေပါတယ်) ရင့်လာတော့ ဘယ်နှယ်တဲ့.... (ဖြစ်ပျက်မရှိတဲ့ဘက်ပြောင်းပါတယ်ဘုရား)။

ဖြစ်ပျက်မရှိတဲ့ဘက် ပြောင်းသွားတော့ အဲဒါ နိဗ္ဗာန်ကို မျက်မှောက်ပြုတယ်ဆိုတာ တကာကြီး ဒါဘဲ....(မှန်ပါ့) ရိပ်မိ

ပလား....(ရိပ်မိပါပြီ) ပဌမတော့ ဘယ်ဘက် လှည့်နေသလဲ.... (ဖြစ်ပျက်ဘက်လှည့်နေပါတယ်) ခင်ဗျားတို့ကရှုတဲ့ဉာဏ်ကလေး ကလေ....(မှန်ပါ့)။

နောက်တော့ ရှုဖန်မျှားရင်း ရှုဖန်မျှားရင်းနဲ့ ဟောဒီ ဖြစ်ပျက်တွေ မတွေ့တော့ဘူး....(မှန်ပါ့) ဖြစ်ပျက်မရှိတဲ့ဘက် ဉာဏ် ကလှည့်သွားတယ်.... (မှန်ပါ့ဘုရား) ဖြစ်ပျက်မရှိတာက ဘာပါလိမ့်....(နိဗ္ဗာန်ပါဘုရား)။

အဲဒီ နိဗ္ဗာန်ဘက်လှည့်သွားတယ် တကာကြီး-ရာတဲ့ နိဗ္ဗာန်သစ္စာကရောတိ....တဲ့၊ နိဗ္ဗာန်ကို မျက်မှောက်ပြုတယ်ဆိုတာ ဒါဘဲတဲ့၊ ပဌမဖြစ်ပျက်ဘက်လှည့်နေတယ်တဲ့၊နောက်ကျတော့ရှုဖန်မျှားလာတော့ ဖြစ်ပျက်တွေ အကုန်ချုပ်သွားပြီး ဖြစ်ပျက်မရှိတဲ့ဘက် ဒီဉာဏ်က လှည့်သွားဘယ်.... (မှန်ပါ့ဘုရား) ရိပ်မိပလား....(ရိပ်မိပါပြီ)။

အဲဒါ "နိဗ္ဗာနံ သစ္ဆိကရောတိ" ဆိုတာ တကာကြီး ဒါဘဲတဲ့....ဆိုတော့ တကာတကာမတွေ့ သိတဲ့အတိုင်း ဒီပုဂ္ဂိုလ်က သူသွားပြီးသား လမ်းကို သူပြောတာနော်....(မှန်ပါ့ဘုရား).... ရမ်းပြောတာလား၊ ကိုယ်တိုင်ရောက်ဘူးတာ ပြောတာလား.... (ကိုယ်တိုင် ရောက်ဘူးတာ ပြောတာပါ) ဒါဖြင့် ကျုပ်တို့က သံသယရှိဘို့လိုသေးသလား....(မလိုပါဘုရား)။

ဒါဖြင့် ကျုပ်တို့က ကိုယ့်စိတ်ကို ဖြစ်ပျက်ရှုသာနေ-(မှန်ပါ့) သူ-နိဗ္ဗာန်ရောက်ချင်တဲ့ အခါကျတော့ ရှုတဲ့ဉာဏ် ရင့်ကျက်လာပြီး ဖြစ်ပျက်မမြင်တဲ့ဘက်ကို ဖြစ်ပျက်မရှိတဲ့ဘက်ကို ဒီဉာဏ်လှည့်သွားလိမ့်မယ်....(မှန်ပါ့ဘုရား)။

လှည့်သွားတဲ့ အခါကျတော့ ဖြစ်ပျက် မရှိတာက နိဗ္ဗာန်၊ လှည့်သွားတဲ့ဉာဏ်က မဂ်ဉာဏ်၊ သေတာက တဏှာ....(မှန်ပါ့ဘုရား) တဏှာသေကတည်းက ခန္ဓာလုပ်နိုင် သေးရဲ့လား.... (မလုပ်နိုင်ပါဘုရား) ခန္ဓာမှမရှိဘဲနဲ့ အို,နာ,သေ တကာတကာမတို့.... (မရှိနိုင်ပါဘုရား) မရှိနိုင်ဘူးဆိုတာ သေချာပလား....(သေချာပါပြီ) ရှင်းပြီနော်....(ရှင်းပါပြီ)။

ဒါဖြင့် ဖြစ်ပျက်ချုပ်တာက ဘာတဲ့.... (နိဗ္ဗာန်ပါ) မြင်တာက(မဂ်ဉာဏ်ပါ) သေတာက.... (တဏှာ) သမုဒယ သေတာ....(မှန်ပါ့)။

ခန္ဓာနဲ့တကွ တကာတကာမတို့ ဟိုဘက်ချုပ်တာက ခန္ဓာချုပ်ပြီးမှရတဲ့ အနုပါဒိသေသ နိဗ္ဗာန်....(မှန်ပါ့) ဒီဘက် ကိုယ်တိုင်မြင်ရတာက ခန္ဓာရှိတုန်း မြင်ရတဲ့အတွက် သဥပါဒိသေသ နိဗ္ဗာန်....(မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီ)။

မြင်ရတာက.... (သဥပါဒိသေသနိဗ္ဗာန်) နောက်မှ ရမည့် နိဗ္ဗာန်က.... (အနုပါဒိသေသနိဗ္ဗာန်) အနုပါဒိသေသ နိဗ္ဗာန်ဆိုတော့ တကာတကာမတို့ ဒါဘဲလုပ်ရုံရှိတယ်....(မှန်ပါ့) သဘောပါကြပလား.... (ပါ-ပါပြီ) လုပ်တတ်ကြပလား.... (လုပ်တတ်ပါပြီ) ခင်ဗျားတို့ လုပ်တတ်ဘို့ရာက ဖြစ်ပျက် မြင်ဘို့ရာသာလုပ်....(မှန်ပါ့) မိမိသန္တာန်မှာ ဘယ်စိတ်လာလာ ဖြစ်ပျက်သာ ရှုနေ....(မှန်ပါ့)။

အဲဒါ ခင်ဗျားတို့အလုပ်၊ နိဗ္ဗာန်သွားဘို့အလုပ်ကတော့ သူ့ရင့်လာလို့ မဂ်က သူ့ဟာသူ နိဗ္ဗာန်ဘက် လှည့်သွားမှာဘဲ....(မှန်ပါ့) မလှည့်ပါနဲ့ဆိုလို့ ရရဲ့လား.... (မရပါဘုရား) ဒါဖြင့်

ခင်ဗျားတို့အလုပ်က ဘာလုပ်ရမှာတုန်း....(ဖြစ်ပျက်ရှုရပါမယ်
ဖြစ်ပျက်ကို များများမြင်အောင်လုပ်ရမှာဘဲ....(မှန်ပါ့)။

ဒါဖြင့် များများမြင်တဲ့ဥာဏ်သည် ရင့်သွးယင် ဘယ်ဘဂ
လှည့်မတုန်း.... (နိဗ္ဗာန်ဘက်လှည့်ပါမယ်) ဒါဖြင့် နိဗ္ဗာန်ဟ
အကြွေးလား တကာတကာမတို့၊ အခုရမှာလား....(အခုရမှာပ
ဘုရား)။

ဒါဖြင့် နိဗ္ဗာန်ရ,ရပါလို့၏လို့ ဆုတောင်း မနေနဲ့၊ ဒါမျာ
များရှယင် သူ့ဟာသူ နိဗ္ဗာန်ပေါ်လာမယ်.... (မှန်ပါ့ဘုရား)
သဘောကျပလား.... (ကျပါပြီ) မပေါ်စရာ ရှိသေးရဲ့လား...
(မရှိပါဘုရား)။

ဒါဘယ်သူက ဟောတာတုံးဆိုတော့ ရဟန္တာရှင်နာဂသိန်ဂ
ဟောတာ.... (မှန်ပါ့ဘုရား)ရိပ်မိပလား....(ရိပ်မိပါပြီ) ဘုရာ
ကိုယ်က ဟောခဲ့လို့ ဒီ-ရှင်နာဂသိန်ပေါ်ရစ်လိမ့်မယ်ဆိုတဲ့ဥစ္စ
ဦးခင်မောင် သေချာပြီးသား....နော်.... (မှန်ပါ့ဘုရား)ရှင်းဂ
ပလား....(ရှင်းပါပြီဘုရား)။

သာဓု....သာဓု....သာဓု....

ကျေးငှူးတော်ရှင်, အဂ္ဂမဟာပဏ္ဍိတ

အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း- မိုးကုတ် ဆရာတော်ဘုရား

မန္တလေးမြို့၊ ဦးချစ်ဆွေ ဓမ္မာရုံ၌

ဟောကြားတော်မူသော

(တောင်ကြီးလေးလုံး ကြိတ်သည်ကို ခံနေကြရပုံ)

ပဋိတူပမသုတ်-တရားတော်

(၄-၃-၆၁)

မိမိတို့နေရထိုင်ရတာ ဘယ်လိုမျှား နေရ ထိုင်ရတယ်ဆိုတာ ဥာဏ်မျက်လုံးနဲ့ ကြည့်ကြပါဆိုတဲ့ ဥစ္စာ သတိ ပေးလိုက်ပါတယ်။

မိမိတို့သည်ကားလို့ ဆိုယင် ဘယ်လိုမျှား နေရပါလိမ့်မလဲလို့ မေးတဲ့အခါကျလို့ ရှိယင် တောင်ကြီး လေးလုံးကြားမှာနေရတယ်လို့ မှတ်လိုက်စမ်းပါ.... (မှန်ပါဘုရား) ဘယ်မှာနေကြရပါလိမ့်.... (တောင်ကြီးလေးလုံး ကြားမှာပါဘုရား)။

တောင်ကြီး လေးလုံးဆိုတာ တခြားမဟုတ်ပါဘူး တကာ တကာမတို့ ဒိဘက်ကလဲ ဇရာမရဏ၊ ဒိဘက်ကလဲ ဇရာမရဏဘာနော်.... (မှန်ပါ) ဒီဘက်ကလဲ ဇရာမရဏဘဲ၊ ဒီဘက်ကကြည့်လိုက်ပြန်လဲ ဇရာမရဏဘဲဆိုတော့ တောင်လေးလုံး ကြားမှာ တကာ တကာမတွေ မွေးဖွားနေရတယ်ဆိုတာ သဘောကျကြပလား.... (ကျပါပြီဘုရား)။

အဲဒီတော့ ဒီဥစ္စာ ဘယ်မှာ လာပါလိမ့်မတုန်း ဆိုတော့ သံယုတ်ပါဠိတော်မှာလာတယ်၊ ရှေ့ပိုင်းမှာ သံဝေဂနည်းနည်း ကလေး တကာ တကာမတွေကိုယ့်ဖြစ်ကြောင်းကိုယ်သိရအောင် လို့ ဘုန်းကြီးက ဟောရပါတယ်လို့ မှတ်ထားလိုက်စမ်းပါနော် (မှန်ပါ့) ဒီအတိုင်း မသိဘဲ နေကြလို့ရှိယင် မသိပျော်-ပျော် နေမှာ ဦးခင်မောင် သိပ်စိုးရိမ်တယ်.... (မှန်လှပါဘုရား)။

ဩော်....မသိပျော် - ပျော်နေပြီးသကာလ နေလို့ရှိယင် မသိသေ-သေလို့ရှိယင်ဖြင့် မသိသလိုဘဲ နှစ်နာသွားတော့မယ် ဆိုတာကို တကာတကာမတွေ့ ကိုယ့်အကြောင်းကိုယ် ကိုယ်သိ ထားတော့မှ အင်း....ရှောင်ရှားစရာ လမ်းများကလဲရှာဘို့အချိန် ရောက်ပါပေါ့လား..... ဆိုတဲ့ဥစ္စာလဲ သေသေချာချာ မှတ်ကြ ပါနော်....(မှန်ပါ့ဘုရား)။

ကောသလ မင်းကြီးဟာ တကာ တကာမတွေ့ နေ့လည် ကြောင်တောင်ကြီးမှ နောက်ကလဲ ချေလျင်တပ်တွေ့ ဆင်တပ် တွေ့ မြင်းတပ်ဘွေ့ ရထားတပ်တွေ့ အမျိုးမျိုးသော တပ်တွေနဲ့ လှည့်ပြီးသကာလ လာကြတယ်နော်.... (မှန်ပါ့)။

ကောသလမင်းကြီးက ရှေ့က ခေါင်းဆောင်ပြီး သကာလ မင်းအင်အား ပြတာပေါ့လေ၊ ခြေလျင်တပ် ဘယ်လောက်ရှိတယ်၊ ကုန်းတပ်က ဘယ်လောက်ရှိတယ်၊ မြင်းတပ်က ဘယ်လောက် ရှိတယ်ဆိုပြီးသကာလ တိုင်းပြည် ငြိမ်ဝပ်ပိပြားရေး- တိုင်းပြည် အုပ်ချုပ်မင်းလုပ်တဲ့ မင်းတို့၏ ဂုဏ်ပါဝါကို ပြတယ်လို့ ဦးခင် မောင်-မှတ်လိုက်စမ်းပါ.... (မှန်ပါ့ဘုရား)။

မိုးကုတ်ဝိပဿနာ လုပ်ငန်းစဉ်တရား (၅)

အဲဒီပြတဲ့အချိန်ကျတော့ သူ-ဘုရားကျောင်းတော်ကိုဝင်ပြီး သကာလ လာခဲ့တယ်၊ ဘုရားကျောင်းတော်ဝင်လာတော့ တကာကြီး.... နေ့လည် ကြောင်တောင်ကြီး ဘယ်နှယ်တုန်း ....ဒီ....ငါ ဘုရားကျောင်းတော် ရောက်လာတာ ဘာကိစ္စပါလိမ့် ဘယ် အကြောင်းနဲ့ ဆက်သွယ်ပြီး ဘယ်လိုမျှား ရောက်လာပါလိမ့် မလဲလို့ မေးလိုက်တဲ့အခါ....

အရှင်ဘုရား....ထိပ်မှာ ဘိသိက်သွန်းထားတဲ့ မင်းဆိုတာက မင်းတို့၏စစ်သည်ဗိုလ်ပါတွေ့ မင်းတို့၏ ချမ်းသာတွေ့ မင်းတို့၏ ပစ္စည်းဥစ္စာ ရတနာတွေ့ နောက်လိုက်ဗိုလ်ပါတွေ့ မည်မျှလောက် တောင့်တင်းတယ်ဆိုတဲ့ဥစ္စာ မင်းတို့၏အား ပြရပါတယ်ဘုရား၊ သူပုန်တွေ့၊ တိုင်းပြည်ကပုန်ကန်မှာတွေ့ ဒါတွေ့ အကုန်နှိုင်းနင်း သွားလောက်အောင် စိတ်တွေ့လျှော့ပြီးသကာလ သွားလောက် အောင် မင်းအင်အားကို ပြရင်းမတွန့်နဲ့ အရှင်ဘုရားဆီ ရောက် လာပါတယ်ဘုရား။

သူကတော့ဖြင့် တကာ တကာမတွေ့ သိတဲ့အတိုင်းပေါ့ဗျာ၊ သူ့အားကိုးကို သူပြတာ(မှန်ပါ့) လုံခြုံပြီဆိုပြီး အင်အားပြတာ နော်.... (မှန်ပါ့)။

ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ရိပ်မိတယ်၊ သြဋ်....သူ သည်ကားလို့ဆိုယင် ယာဉ်အားတော့ဖြင့် သူ့ဟာသူဟုတ်လှပြီ ထင်ပြီး ယဉ်အားကွေ့ပြပြီးသကာလ ငါတော့ဖြင့် အတော်လုံ ခြုံအောင် နေနိုင်တဲ့ရှင်ဘုရင် တဦးတယောက်ဘဲလို့ သူ့စိတ်ထဲ မှာ အောက်မေ့မှာဘဲ။

အဲဒီတုံ့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက တကာကြီး.... ငါဘုရား ဟောတော်မူတာကို နားနည်းနည်းထောင်စမ်းဆိုပြီး တော့ ထောင်ခိုင်းလိုက်တယ်။

တကာကြီး....တဲ့ အရှေ့ဘက်က တောင်ကြီး နှစ်လုံးကလဲ လိမ့်လိမ့်-လိမ့်လိမ့်ပြီးသကာလ လာတယ်၊ အရှေ့ဘက်ကလူတွေ အကုန်သိတာဘဲ၊ အဲဒီအရှေ့ဘက်က လာတဲ့လူက တကာကြီး.... ပြောမယ်....တဲ့ အရှင်မင်းကြီး အရှေ့ဘက်က လူတွေဖြင့်တောင် ကြီးနှစ်လုံးက ကြိတ်ကြိတ်လာလို့ အရှေ့ဘက်ကလူတွေ အကုန် သေကုန်ပါပြီ၊ ပြားပြားပြီးသကာလ အကုန်သေကုန်ပါပြီ အရှင်မင်းကြီး။

ဒီ-တောင်နှစ်လုံးကလဲ အထက်ကြည့်လိုက်လို့ရှိယင် ဗြဟ္မာ့ပြည်တိုင်အောင် ရောက်ပါတယ်၊ ဘေးမှာလဲ ကြားမရှိပါဘူး တောင်တန်းရှည်ကြီး အမြင့်ဆုံးကြီးဘဲ၊ အရှေ့ဘက်ကလူတွေကလဲ အကုန် ပြုတ်ကုန်ပါပြီ အရှင်မင်းကြီး ဒါကို ကျွန်ုပ်တို့ကိုကယ်တော်မူပါလို့ အရှေ့ဘက်ကလူကလဲ သင်မင်းကြီးကိုပြောလိမ့်မယ်....တဲ့ တကာ တကာမတို့....သဘောကျပလေး.... (ကျပါပြီဘုရား)။

တခါ အနောက်ဘက်က လူကလဲ တောင်ကြီးတွေ ကြိတ်ကြိတ်-ကြိတ်ကြိတ်ပြီး သကာလ လာလို့ အနောက်ဘက်ကလူကလဲ အရှင်မင်းကြီး.... ကျွန်ုပ်တို့ အနောက် တိုင်းသားတွေဖြင့် တောင်ကြီးနှစ်လုံးက အထက်မိုးကျအောင်ဘဲ မြင့်ပြီးသကာလ ဗြဟ္မာပြည် ကျအောင်မြင့်ပြီး ဘေးမှာလဲ ကြားမရှိလောက်အောင်ဘဲ လူတွေအကုန် ကြိတ်သတ်ပြီး သကာလ ဒီဘက်လိမ့်လိမ့်လာနေတယ်၊ အရှင်မင်းကြီး ကာကွယ်ဘို့ အားထုတ်ကြိုး

စားပါ၊ ကျွန်ုပ်တို့ကိုကယ်ပါ အရှင်မင်းကြီး တိုင်းပြည်မှာနေတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်ပါတယ်၊ အရှင်မင်းကြီးကိုလဲ အရှင်မင်းကြီး စောင့်ရှောက်ပါ တောင်ကြီးတွေကဖြင့် လာပြီဆိုတော့ ဇရာမရဏကိုဆိုတာ....(မှန်ပါ့ဘုရား) ရိပ်မိကြပလား.... (ရိပ်မိပါပြီဘုရား)။

အရှေ့ကလာတာလဲဘာ့တုန်း....(ဇရာမရဏပါဘဲဘုရား)။

မြောက်ကလာတာကော.... (ဇရာမရဏပါဘဲဘုရား)။

အနောက်ကလာတာကော.... (ဇရာမရဏပါဘဲဘုရား)။

တောင်ကလာတာကော....(ဇရာမရဏပါဘဲဘုရား)။

ဒီလို တောင်ကြီးလေးလုံး- လေးလုံးဆိုင်ပြီး ကြိတ်လိုက်တဲ့ အခါကျလို့ရှိယင်ဖြင့် ဘယ်ပုဂ္ဂိုလ် ခံနိုင်ပါ့မလဲ.... (မခံနိုင်ပါဘုရား) ဘယ်ပုဂ္ဂိုလ်မှမခံနိုင်ဘူး၊ အဲဒီတော့ တောင်ဘက်ကလူက ပြောပြန်လဲ ခုနင်က ပြောခဲ့တဲ့အတိုင်း ပြောပါဘယ်။

အဲဒီလို ဘုရားသခင်ကိုယ်တော်မြတ်ကြီးက အရှင်မင်းကြီး ဒီတောင်ကြီးလေးလုံး ဆိုင်ဆိုင်-ဆိုင်ဆိုင်ပြီး သကာလ ကြိတ်လိုက်လို့ရှိယင်ဖြင့် တောင်ဘက်ကလူတွေကလဲ တောင်ဘက်က ကြိတ်လာလို့ သေကုန်ပါပြီ၊ အရှင်မင်းကြီးလဲ ကာကွယ်ပါ၊ ကျုပ်တို့ကိုလဲ ကာကွယ်ပေးပါလို့ ပြောလို့ရှိယင်ဖြင့် အရှင်မင်းကြီး ဘယ်တတ်နိုင်ပါ့မလဲလို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက မေးလိုက်ပါတယ်နော်.... (မှန်ပါ့ဘုရား)။

အသင်မင်းကြီး.... ဒီလောက်မြင့်မားတဲ့ တောင်ကြီး လေးဘက်ကဝိုင်းပြီး ဆုံဆုံပြီး ကြိတ်တယ်ဆိုလို့ရှိယင်ဖြင့် ဒါကိုစစ်သည်ဗိုလ်ပါတွေနဲ့ ၎င်း၊ တုတ်-လှံတန်-ဓါး-လေးမြားတွေနဲ့ ၎င်း၊ သေနတ်- အမြောက် စသည် တို့ဖြင့်၎င်း၊ ကာကွယ်လို့ သင်

မင်းကြီး ရပါ့မလားလို့ ဘုရားက မေးလိုက်တယ်.... (မှန်ပါ့ဘုရား)တကာ တကာမတွေက ဘယ်နှယ်ဖြေပါ့မလဲ.... (မရပါဘုရား)။

မရနိုင်ဘူး၊ ဒီတောင်ကြိတ်ပဲမှာဘဲ တကာ တကာမတို့ အမှုန့်ဖြစ်ပြီး သေရမည့်အဓိပ္ပါယ်က အထူး သေချာနေတယ် ဆိုတာကော သဘောကျပလား.... (ကျပါပြီဘုရား)။

ဒီမှာလဲ တကာ တကာမတို့ ခင်ဗျားတို့ကတော့ တရားနာနေတယ်၊ ဒီတောင်ကြီးလေးလုံးကတော့ ဝိုင်းကြိတ်လို့ နှိုးလာပြီ ကပ်နေပြီဆိုတာ သေသေချာချာ မှတ်ကြပါ.... (မှန်ပါ့ဘုရား) သဘောပါကြပလား.... (ပါ-ပါပြီ ဘုရား)။

အနောက်ဘက်က လူတွေကို အနောက်ဘက်က တောင်က ကြိတ်လျက်ဘဲ.... (မှန်ပါ့)အရှေ့ဘက်က လူဘွေကော....(အရှေ့ဘက်ကတောင်က ကြိတ်လျက်ပါဘဲ) မြောက်ဘက်က လူတွေကော (မြောက်ဘက်ကတောင်က ကြိတ်လျက်ပါဘဲဘုရား)။

မြောက်ဘက်ကတောင်က ကြိတ်ကြိတ်-ကြိတ်ကြိတ်ပြီးလာလို့ တကာ တကာမတွေ အသုဘတွေ ဖြစ်ကုန်တာတွေကော တွေ့ကြပလား.... (တွေ့ပါပြီဘုရား)။

တောင်ဘက်ကလူတွေလဲ တောင်ဘက်က တောင်က ကြိတ်ကြိတ်-ကြိတ်ကြိတ်ပြီးသကာလ လာတယ်၊ ဘယ်သူမျှား ရှောင်ကွင်းပြီးသကာလ လွတ်ကင်းတယ်ဆိုတဲ့ အဓိပ္ပါယ်မျှား ရှိကြရဲ့လား....(မရှိကြပါဘုရား)။

ဒါဖြင့် တကာတကာမတို့အခုတရားနာနေတဲ့ တကာတကာမတွေ့ ဘယ်ကြားမှာ တရားနာနေရပါလိမ့်မလဲလို့ မေးကြစို့ရဲ့နော်....(တောင်လေးလုံးကြားမှာ နာနေရပါတယ်ဘုရား)။

တောင်ကြီးလေးလုံးကြားထဲမှာတကာတကာမတွေ့သည်ကား လို့ဆိုလို့ရှိယင်ဖြင့် သေပွဲအနီးမှာဘဲ တရားနာနေကြပါတယ်.... (မှန်ပါ့ဘုရား) သဘော ပါကြပလား.... (ပါ·ပါပြီ) ဘယ်မှာ တရားနာနေကြပါလိမ့်.... (တောင်ကြီး လေးလုံး ကြားမှာပါ ဘုရား)။

ဒီကြားထဲမှာ တရားနာနေတယ်၊ တောင်ကြီးလေးလုံးကြား ထဲမှာ တရားနာနေတယ်....(မှန်ပါ့) သူလဲဇရာမရဏက ရှိလျက်၊ ကိုယ်ကော....(ရှိပါတယ် ဘုရား)အရှေ့ဘက်က လူတွေကော.... (ရှိပါတယ်) အနောက်ဘက်က လူတွေကော (ရှိပါတယ် ဘုရား) မြောက်ဘက်က လူတွေကော ....(ရှိပါတယ်ဘုရား) တောင်ဘက်က လူတွေကော.... (ရှိပါတယ်ဘုရား)။

အင်မတန်ထွေးရှုတ်ကြီးဘွဲ့ဖြစ်နေတော့တကာတကာမတွေ့ ဒီထဲမှာတောင်ကြိတ်ပဲ့ထဲတွင် သေပဲ့ဝင်ရမည့်ပုဂ္ဂိုလ်တွေချည်းဘဲ ဆိုတာ ငြင်းစရာရှိသေးရဲ့လား....(မရှိပါဘုရား)။

သိပ်ကြောက်စရာ ကောင်းပါကလား တကာ တကာမတို့၊ ကျုပ်တို့ တောင်လေးလုံးကြား မွေးမိတဲ့အတွက်ဖြင့် အမွေးဖြင့် လဲပေါ့လို့ ဆိုလို့ရှိယင်ဖြင့် ပြောစရာရှိသေးရဲ့လား.... (မရှိပါဘုရား)။

တကာ တကာမတို့ ဘာလဲတယ် ဆိုကြမလဲ.... (အမွေးလဲပါတယ်)အမွေးလဲတယ်....(မှန်ပါ့) ဘယ်ကြားမှာ မွေးပါလိမ့်.... (တောင်ကြီးလေးလုံးကြား မွေးပါတယ်ဘုရား) ဒီတောင်လေးလုံးကလဲ ပြိုင်ပြိုင်ပြီး တခါတည်းပိတယ်.... (မှန်ပါ့ဘုရား)။

တကာတကာမတို့ခင်ဗျားတို့ဘိုးအေဘွားအေတွေလဲဘယ်ထဲများ ဆုံးရှုံးပါလိမ့်မတုန်း(တောင်ကြီးလေးလုံးကြီးကြားမှာပါ

ဘုရား)တောင်ကြီး လေးလုံးကြားမှာဘဲ သေဆုံးကြရတယ်.... နော်....(မှန်ပါ့) ကျုပ်တို့ကလဲ ဘယ်အထဲမှာ သေဆုံးရမယ်ဆို တာကော တကာ့တကာမတွေ့ သိကြပလား.... (သိကြပါပြီ ဘုရား)။

ဒီတောင်လေးလုံးကြားမှာဘဲ တကာ့တကာမတို့ သေကြရ မှာဘဲ(မှန်ပါ့ဘုရား) အခု တောင်တွေ့ပိလာတာ တချို့တကာ့ တကာမတွေ့လဲ တော်တော်ကလေးကိုဘဲ အခြေအနေပျက်ကုန် ပါပြီ....(မှန်ပါ့)မပျက်သေးဘူးလား.... (ပျက်ပါပြီဘုရား)။

ဦးခင်မောင်ရေ.... ပျို့ရုပ်တွေ့မျှား ရှိသေးရဲ့လား....(မရှိပါ ဘုရား) အိုရုပ် အိုမှုတွေ့ဟာ တောင်ကြိတ်ထားတာတွေ့ သေ ချာပလား.... (သေချာပါပြီဘုရား) အသေမကြိတ်သေးဘူး.... နော်....၊ အားအင်ဗလ နဲ့ ရုံဘဲချိရုံဘဲ ရှိသေးတယ်၊ အသေ ကြိတ်မှာကော ရှိသေးတယ်ဆိုတာကော ငြင်းဘို့ လိုသေးသ လား....(မလိုပါဘုရား)။

ကိုင်း....ဒါဖြင့် တကာ့တကာမတို့ ဒီတောင်လေးလုံးကြား က ဘယ်လိုလုပ်ပြီးသကာလ ထွက်ကြမတုန်း....တဲ့၊ ဘဝမျှားစွာ လဲ ဒီတောင်လေးလုံးကြားချည်း မွေးကြမှာဘဲ(မှန်ပါ့)နတ်ပြည် မွေးလဲ တောင်လေးလုံးကြားဘဲ၊ ငြဟ္မာပြည် မွေးကော.... (တောင်လေးလုံးကြားပါဘုရား)။

လွတ်ရေး ကျွတ်ရေး မြင်ကြသေးရဲ့လား.... (မမြင်ပါ ဘုရား)သြော်....ကျုပ်တို့ ဖြစ်ထွေသည်ကားလို့ ဆိုလို့ရှိယင်ဖြင့် ဧရှေးဘဝက တပည့်တော် ဘယ်လိုမျှားနေလို့ ဘယ်လိုမျှား သေခဲ့ရပါလိမ့်မတုန်းလို့ မေးလို့ရှိယင် တောင်ကြိတ်ပဲမှာသေပဲ ဝင်ခဲ့ရတယ်....(မှန်ပါ့ဘုရား)ရိပ်မိကြပလား....(ရိပ်မိပါပြီ)။

ရှေးဘဝက သင်္ကြားဖြစ်ခဲ့သလား၊ ဗြဟ္မာဖြစ်ခဲ့သလား၊ အဲဒါ ဘုန်းကြီးတော့ မပြောတတ်ဘူ သေချာတာကတော့ဖြင့် တောင်ကြိတ်ပဲ့ သေပဲ့ဝင်ခဲ့ရတာကတော့ သေချာတယ်....(မှန်ပါ့ဘုရား) ရှင်းကြပလား.... (ရှင်းပါပြီ) ဘာသေချာပါလိမ့်.... (တောင်ကြိတ်ပဲ့မှာ သေပဲ့ဝင်ခဲ့ရတာ သေချာပါတယ်ဘုရား)။

အဲ....တောင်ကြိတ်ပဲ့မှာ ခန္ဓာနဲ့ သေပဲ့ဝင်ခဲ့ရတယ်ဆိုတာဖြင့် တကာ တကာမတို့ ဘယ်လောက်များ ကြာခဲ့သတုန်း မေးလို့ ရှိယင် တောင်ကြားမွေးတဲ့ဥစ္စာ တကာသစ်ရာ ဘယ်နေရာသေ စရာလိုသေးသတုန်း.... (မလိုပါဘုရား)ကိုမြရွှေတို့ လိုသေးသလား(မလိုပါ) ဇရာမရဏာ တောင်ကြားမှာချည်း ကျုပ်တို့က မွေးတာကိုးဗျ....(မှန်လှပါဘုရား)။

ဒါဖြင့် ဒီက ဇရာမရဏာက ကြိတ်လိုက်၊ ဟိုက ဇရာမရဏာက ကြိတ်လိုက်၊ တကာ တကာမတို့ ရှေ့က ကြိတ်လိုက်-နောက်က ကြိတ်လိုက်၊ တောင်လေးလုံး ကြားမှာဘဲ ကျုပ်တို့ ကြမ္ဘာပြိုးသကာလ ဝိညာဏ် ချုပ်လိုက်ရပါတယ် ဆိုတာကော ငြင်းဘို့လိုသေးသလား.... (မလိုပါဘုရား) ဘယ်လောက် ကြာကြပြီလဲ.... (မရေတွက်နိုင်ပါဘုရား) အခုကော တကာ တကာမတို့ လွတ်ပလား၊ လာနေတုန်းဘဲလား တောင်တွေက.... (လာနေတုန်းပါဘုရား)။

ကဲ....တကာ တကာမတို့ ဘယ်လို လုပ်ကြမယ်ဆိုတာ ဘုန်းကြီးကလဲ အကြံဉာဏ်ပေးရတော့မယ်၊ ဘုရားရှင်ကလဲကောသလမင်းကြီး အကြံဉာဏ် ပေးတဲ့အတိုင်း တကာ တကာမတို့ လိုက်

ကြမှ တော်တော့မယ် ဆိုတာဖြင့် ဘယ်လိုဘဲ အန္တရာယ်ကင်း ဘေးရှင်းစရာဖြင့် မြင်ကြသေးရဲ့လား.... (မမြင်ပါဘူးရား)။

ဒီတောင်ကြားမှာ မွေးကတည်းက တကာ တကာမတို့ ဒီဘက်ကလဲ ဇရာမရဏနဲ့၊ ဒီဘက်ကလဲ.... (ဇရာမရဏပါဘဲ) အနောက်ဘက်ကကော.... (ဇရာမရဏနဲ့ပါဘဲ) အရှေ့ဘက်က ကြည့်လိုက်တော့လဲ.... (ဇရာမရဏပါဘဲ ဘုရား)။

သြော်....ဇရာမရဏတွေက ဝိုင်းကြိတ်တယ်....(မှန်ပါ့ဘုရား) သတ္တဝါရယ်လို့ ဖြစ်လာယင် ဇရာမရဏ လက်တွင်းမှာဘဲ ခေါင်းစင်းပြီး ပြားပြီး သေလိုက်ရပါတယ်.... (မှန်ပါ့ဘုရား)။

တကာ တကာမတို့ ဘယ်ဘဝက ဘာဖြစ်ခဲ့ကြသတုံး....ဘယ်လိုသေလို့ ဘယ်လို နေခဲ့ရသတုံး.... ဆိုလို့ရှိယင်တောင် တဖြေးဖြေးကြိတ်ပြီး နောက်ဆုံးပိတ် ခန္ဓာပါ ပျောက်ပြီး သေခဲ့ရပါတယ်ဘုရား....၊ တခြားဘာပြောစရာ လိုသေးသလဲ....(မလိုပါဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ တကာ တကာမတွေ့ ကတော့ ကိုယ့်ဟာကလေးနဲ့ကိုယ် ဟုတ်ပြီးသကောလ နေငြားသော်လဲ ဒီတောင်ကြီးတွေ့ လာပါပြီ ခင်ဗျားတို့ဆီ.... (မှန်ပါ့)လာနေပြီနော်....တကာ တကာမတို့....(လာနေပါပြီဘုရား)။

အသက်ကြီးတဲ့လူ ကြီးသလောက် ကြိတ်ထားပြီ၊ နောက်ဆုံးပိတ် အသေကြိတ်မယ်ဆိုတာ တကာဝ သေချာပလား.... (သေချာပါပြီဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ တကာ တကာမတွေက ဖီးကာလိမ်းကာ ပြင်ကာဆင်ကာနဲ့ သားကလေး၊ သမီးကလေးတွေ့

လူလူးမြောက်ဘို့ရာ စောင့်ပြီး သကာလနေတာ အဲဒါ စောင့်တာက မသေချာဘူး၊ တောင်ကြိတ်ပဲ့ စောင့်တာက သေချာတယ်....(မှန်လှုပါဘုရား) သဘော ကြပလား.... (ပါ-ပါပြီ)။

တယ်လဲ ကြောက်စရာ ကောင်းပါကလား.... (ကောင်းပါတယ်ဘုရား)အင်း....တကာ တကာမတို့ အမှေးလဲပြီ....(မှန်ပါ့) ဦးဘအုန်းတို့ ဘယ်လိုမှတ်ကြမယ်....(အမှေးလဲပါပြီဘုရား)ဒီထဲ အမှေးကောင်းမျှး ပါကြသေးသလား.... (မပါ-ပါဘုရား)။

ဒီအတိုင်းဘဲ ဘဝမျှးစ္ဆာဘဲ့ တပည့်တော်တို့ဖြင့်ဘုရား....ဒီအထဲမှာဘဲနေပြီး ဒီအထဲမှာဘဲ သေပဲ့ဝင်ရတဲ့အလုပ်ဟာ တပည့်တော်တို့၏ အမြဲတန်း အလုပ်ပါဘဲဆိုပြီး ဒီလိုဘဲ နေကြတော့မလား၊ ဒီတောင်တွေလှတ်ရာကို ရှုန်းကန်နိုင်တဲ့ ဆရာကောင်းသမားကောင်းက နည်းပေးခဲ့သည် ရှိသော် ရှုန်းဘို့ အချိန်ဖြင့်ရောက်ပြီလို့ ဘုန်းကြီးမျှးက ဆိုချင်တယ်နော်.... (မှန်လှုပါဘုရား) မရောက်ကြသေးဘူးလား.... (ရောက်ပါပြီဘုရား)။

ရောက်ပါပြီ၊ ဒါဖြင့် တကာ တကာမတို့ တောင်မဖိသေးလို့အို့....ငါတော့ ကံကောင်းပါရဲ့ ဆိုစရာ တက္ကက်မှမပါဘူး၊ မှေးကတည်းက ဒီအထဲမှေးတာ၊ တောင်တွေကလဲ လှုံ့မှုံ့လှုံ့မှုံ့လာတာဘဲ၊ အထက်လဲ ကောင်းကင် ဗြဟ္မာ့ပြည် ဆိတာဘဲ့ တကာတကာမတို့ အောက်လဲ မြေကြီးနဲ့ စပ်သွားတာဘဲ့.... (မှန်ပါ့) လေးဘက်စလုံး ဆုတ်ပေါက်ကိုမရှိဘူး.... (မှန်ပါ့ဘုရား)သဘော ပါကြပလား.... (ပါ-ပါပြီဘုရား)။

အဲဒီလောက်ထဲမှာဘဝမျှးစ္ဆာသံသရာက တကာတကာမတို့ တောင်ကြိတ်ပဲ့ သေပဲ့ ဝင်ခဲ့ရတယ်ဆိုတာ သဘောကျပလား....

(ကျပါပြီ)ဘယ်မှာ သေပွဲဝင်ရပါလိမ့်....(တောင်ကြိတ်ပွဲ သေပွဲဝင်ခဲ့ရပါတယ်ဘုရား)။

တကာ့တကာမတွေက ဒ အထိမှာ-ဒ အထိမှာ၊ တောင်လေးလုံးကြားထဲမှာ(မှန်ပါ့) ဒီအထဲမှာချည်း မွေးတာဘဲ၊ သူ့မှာလဲ သူ့ဇာရာ မရဏနဲ့ဘဲ၊ ကိုယ့်မှာကော.... (ကိုယ့်ဇာရာ မရဏနဲ့ပါဘုရား)။

အင်း....ဒါက အသိုးသိုး ရှိနေတယ်ဆိုတော့ တောင်ကလူကော အကြိတ်ခံရတာဘဲ၊ မြောက်ကလူကော.... (အကြိတ်ခံရတာပါဘဲ) အရှေ့ကလူ အနောက်ကလူကော.... (အကြိတ်ခံရတာပါဘဲဘုရား)။

သြော်....ဒါဖြင့် တကာ တကာမတွေ့ ဒီပွဲမှာဘဲ သေပွဲချည်းဝင်ခဲ့ရတယ်၊ ကိုယ့်သားသမီးကလေးများ ဘယ်ထဲများဘာဖြစ်ပါလိမ့်မတုန်းမေးလို့ ရှိယင် တောင်ကြိတ်ပွဲမှာဘဲ သေခဲ့ရတာဘဲ(မှန်ပါ့ဘုရား)ဆွမျိုးညာတကာတွေကော.... (သေခဲ့ရပါတယ်ဘုရား)

တောင်ကြိတ်ပွဲမှာ သေခဲ့ရတယ်ဆိုတာ သေချာကြပလား.... (သေချာပါပြီ ဘုရား)ဘယ်တော့မှ လွတ်ရေး ကျွတ်ရေး ရှောင်ရေးဆိုတာ ခင်ဗျားတို့မတွေ့ခဲ့ဘူး.... (မှန်ပါ့ဘုရား)။

ဒီတခါ အခု အားလုံး ဆရာတော် သမားတော်တွေနဲ့တကွ ဆရာကောင်း သမားကောင်းတွေက ပေးတဲ့နည်းကိုမှ ခင်ဗျားတို့ မလိုက်နာတော့ဘူး ဆိုလို့ရှိယင်ဖြင့် တပည့်တော် နောက်ဘဝ ဘာဖြစ်ရမှာတုန်း....တောင်ကြိတ်ပွဲ သေပွဲဝင်ရလိမ့်မယ်၊ ဒါဘဲ အဖြေရှိတယ်.... (မှန်လှပါဘုရား)။

နောက်ကော တပည့်တော် ဘာမျှး ဖြစ်ဦးမှာလဲ အို.... ဘာဖြစ်မှာတော့ မသေချာဘူး၊ တောင်ကြိတ်ပဲ့ သေပဲ့ဝင်ရမှာဘဲ.... (မှန်ပါ့) ဇရာမရဏာကာ လာသ၍ ကြိတ်မှာကိုး....(မှန်ပါ့ ဘုရား)။

ကိုယ့်ခန္ဓာကိုယ်ထဲမှာ တောင်ကြီးတွေ့ ပါလာတာ(မှန်ပါ့) သဘောကျကြပလား.... (ကျပါပြီဘုရား) ကိုယ့်-ခန္ဓာကိုယ်ထဲမှာ ဘာပါလာသလဲ....(တောင်ကြီးတွေ့ပါလာပါတယ်)။

ဇရာမရဏာဆိုတဲ့ တောင်ကြီးတွေဟာ ကိုယ့်ခန္ဓာ အမြဲကြိတ်နေတယ်....(မှန်ပါ့)နောက်ဆုံးပိတ် တနေ့ အရှင်ထားမလား၊ အသေထားမလား.... (အသေထားမှာပါဘုရား) သေသွားအောင်ဘဲ ကြိတ်လိမ့်မယ်ဆိုတာ ငြင်းဘို့လိုသေးသလား....(မလို ပါဘုရား)။

ဦးခင်မောင်ရေ ကျုပ်တို့ အမွေးလဲပြီ.... (မှန်ပါ့) တကာတကာမတို့ ဘယ်လို ဆုံးဖြတ်ချက် ချမလဲ.... (အမွေးလဲပါပြီဘုရား)။

အမွေးလဲပြီ၊ အမွေးလဲဆိုတာက တခြားမဟုတ်ဘူး၊ခင်ဗျားတို့ တောင်လေးလုံးကြားမှာ မွေးရပါတယ် ဆိုတည်းကိုက ခင်ဗျားတို့ကိုက သြော်....မသိလိုက်တဲ့ဖြစ်ခြင်း ဇရာပိ ဒုက္ခသစ္စံ မရဏာမိ ဒုက္ခသစ္စံ=မသိတော့ ဒီကြားမှာချည်း ဖြစ်ရပါလို့၏ ဖြစ်နေတယ်....(မှန်ပါ့ဘုရား)သဘောကျပလား(ကျပါပြီ)။

ဇရာပိ....(ဒုက္ခသစ္စံပါ) ခင်ဗျားတို့ တွေ့မည့် ဒုက္ခသစ္စာ.... (မှန်ပါ့ဘုရား) မရဏာမိ.... (ဒုက္ခသစ္စံပါဘုရား) ဘယ်သူတွေ့မှာတုန်း....(တပည့်တော်တို့တွေ့မှာပါဘုရား)။

အဲဒီဒုက္ခသစ္စာမသိတော့ လူဖြစ်ရပါလို့၏၊ နတ်ဖြစ်ရပါလို့၏၊ ဗြဟ္မာ ဖြစ်ရပါလို့၏၊ တောင်ကြိတ်ပဲ့ သေပဲ့ ဝင်ရပါလို့၏....(မှန်ပါ့ဘုရား)ပေါ်ကြပလား....(ပေါ်ပါပြီ)။

လူဖြစ်ရပါလို့၏ ဆိုယင်ကော....(ထောင်ကြိတ်ပဲ့ သေပဲ့ဝင်ရပါလို့၏)နတ်ဖြစ်ရပါလို့၏ဆိုယင်....(တောင်ကြိတ်ပဲ့သေပဲ့ဝင်ရပါလို့၏) ဗြဟ္မာဖြစ်ရပါလို့၏ ဆိုယင်....(တောင်ကြိတ်ပဲ့ သေပဲ့ဝင်ရပါလို့၏ပါဘုရား)။

အံမာလေး တကာဘကာမတွေ တောင်းကောင်း-မတောင်းကောင်း ကြည့်စမ်း....(မတောင်းကောင်းပါဘုရား)။

မတောင်း ကောင်းပေမဲ့.... ခင်ဗျားတို့က နတ်သံပေးပြီး သကာလ အစားအသောက် ပါသည်ဖြစ်စေ တပါးသောပုဂ္ဂိုလ်က ပြော သည် ဖြစ်စေ၊ အင်း.... အန္တရာယ်ကင်းလိမ့်မယ် ထင်ပါရဲ့ဆိုတော့ နတ်ထဲမှာ ဇရာမရဏကပါရဲ့....(မှန်လှပါဘုရား) ဗြဟ္မာထဲမှာကော.... (ပါလျက်ပါဘုရား) စကြဝတေးမန္ဒာတ်ထဲမှာကော.... (ပါ-ပါတယ်ဘုရား) လူ့ဘဝတွေထဲမှာကော.... (ပါ-ပါတယ်ဘုရား)။

ဒါဖြင့် ဘယ်ဟာ ဆုတောင်းရလို့ရှိယင် တောင်ကြိတ်ပဲ့ လုတ်ရပါ့မလဲလို့ မေးလို့ရှိယင် သုံးဆယ့်တဘုံထဲမှာဖြင့် ဘယ်ဘုံမှသွားမတောင်းနဲ့၊ တောင်ကြိတ်ပဲ့မှာ သေပဲ့ဝင်ရမှာချည်းလို့ ဦးခင်မောင် မှတ်လိုက်စမ်းပါ....(မှန်လှပါဘုရား)။

ဦးဇံရင် ဘယ်လိုမှတ်မယ်....(ဘောင်ကြိတ်ပဲ့မှာ သေပဲ့ဝင်ရမှာချည်းပါဘုရား) ရှင်းကြပလား(ရှင်းပါပြီ) ဒီတောင်ကြီးဟာ

ဇာတ်တော်ဆင် မရဏတော်ဆင်လေ.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ) ဒီဘက်ကတောင်တွေ့ကကော.... (ဇာတ်မရဏ တော်ဆင် တွေ့ပါဘုရား)။

ဇာတ်မရဏတောင်တွေ့ချည်းဘဲဆိုတော့ ဇာတ်မရဏကလဲခန္ဓာကိုယ်ထဲမှာ ပါပြီးသားဆိုတော့ တကာတကာမတို့ သေပဲ့တော့ ဖြင့် လွတ်ပါ့မလား.... (မလွတ်ပါဘုရား)။

အဲဒီတုင် ကောသလမင်းကြီးကို ဘုရားသခင် ကိုယ်တော် မြတ်ကြီးက ပြောလိုက်တယ်.... (မှန်ပါ့) တကာကြီးတဲ့.... အရှေ့ဘက်ကလူဘေ့လဲ ကြိတ်ကုန်ပြီ၊ အနောက်ဘက်က လူတွေ့လဲ ကြိတ်ကုန်ပြီ၊ တောင်ဘက်ကလူတွေ့လဲ ကြိတ်ကုန်ပြီ၊ မြောက်ဘက်ကလူတွေ့လဲ ကြိတ်ကုန်ပြီ၊ အရှင်မင်းကြီး....ကျန်ုပ်တို့ကိုလဲ ကယ်ပါ၊ အရှင်မင်းကြီးလဲ ဒီတောင်ကြိတ်ပဲ့လွတ်အောင်လုပ်ပါဆိုတော့ တကာကြီး ဘယ်လိုစကားပြောမလဲလို့ ဘုရားကမေးလိုက်တယ်....(မှန်ပါ့ဘုရား)။

ပြီးတော့ တပ်တောင်တာဗိုလ်ထူတွေ့နဲ့ ရှင်ဘုရင်တို့၏ အားပြတယ်ဆိုပြီး ကြွားတာပေါ့ဗျာ.... (မှန်ပါ့ဘုရား) အခုတောင်ကြီးတွေ့နဲ့ မေးလိုက်တော့ တကာတကာမတို့ အဖြေထွက်ဘို့ အတော်ခက်သွားတယ်.... (ခက်ပါတယ်ဘုရား) မခက်ဘူးလားဗျာ....(ခက်ပါတယ်ဘုရား)။

အဖြေထွက်ဘို့ ခက်သွားတော့သူဖြေပုံကလေး နှားထောင်ကြတာပေါ့၊ အရှင်ဘုရား....တဲ့၊ ဒီဟာတွေ့တော့ဖြင့် မြင့်မား လိုက်တာကလဲကောင်းကင်ရောက်လို့ လေးဘက်ကလဲ စေ့နေ

တယ်၊ ထွက်ပေါက်ကလဲမရှိ၊ ဘယ်လိုတန်ခိုးကြီးတဲ့ ပုဂ္ဂိုလ်မှလဲ ဒီတောင်လေးလုံးကျော်ပြီး သကာလ ထွက်စရာမရှိ....၊ ဘေးလဲ ထွက်စရာမရှိ၊ အပေါ်လဲမကျော်နိုင်၊ အကုန်သေပဲဝင်ရတယ်ဆိုတော့ ဒီနေရာမှာ လွတ်ရေး,ကျတ်ရေးကို ရှာရလို့ရှိယင်ဖြင့်ဒီတပ်တောင်တာဗိုလ်ထုတွေလဲ အလကားဘဲဘုရာ့....တဲ့(မှန်ပါ့)။

ဇရာကို မှန်အောင် ပစ်နိုင်ကြပါ့မသား....၊ တပ်တွေမှာရှိတဲ့ လက်နက်တွေဟာ ဇရာကိုမှန်အောင် ပစ်နိုင်ပါ့မလား....(မပစ်နိုင်ပါဘုရား) မရဏကော....ပြန်ပြီး စစ်ထိုးနိုင်ပါ့ မလား....(မထိုးနိုင်ပါဘုရား)။

ဒီအတိုင်း ခင်ဗျားတို့ လွှဲပြီးသကာလ ကြိတ်ပဲ့ခံလိုက်ရုံဘဲ ရှိတယ်....(မှန်လှပါဘုရား) သဘောပါပလား (ပါ-ပါပြီဘုရား) ကကာဝ-ရေ ...ဒါဖြင့် ဘယ်လိုကြံစည်ရမတုန်းဆိုတဲ့ အလုံးဟာ ယနေ့ပေါ်လာပြီ....(ပေါ်လာပါပြီဘုရား)။

တကာတကာမတို့ ဘယ်လိုကြံစည်ကြမလဲဆိုတဲ့ အရေးဟာ အရေးကြီးလာပြီ....(မှန်ပါ့) မကြီးဘူးလားဗျာ.... (ကြီးပါတယ်ဘုရား)။

အဲဒီတွင် ကောသလမင်းကြီးက အရှင်ဘုရား....တဲ့၊ တပည့်တော် ကြားခဲ့သ၍ မော်ခဲ့သ၍ မောက်ခဲ့သ၍၊ လူထုအင်အားနဲ့တက္က အလုံးစုံတပ်တောင်တာဗိုလ်ထုနဲ့အားပြပြီး ခေါင်းမှာ အဘိသိက်သွန်းတဲ့ ရှင်ဘုရင်မို့ အားပြပြီးလာငြားသော်လဲ ဒီတောင်လေးလုံးကြိတ်တဲ့အထဲမှာတော့ တပည့်တော်လဲ လွတ်စရာမမြင်ဘူး....(မှန်ပါ့ဘုရား)။

အဲဒီတော့ လွတ်စရာမြင်တာကို ပြောရလို့ရှိယင်ဖြင့် ဓမ္မစရိယာနဲ့ သမစရိယာဘဲ ရှိတော့တယ်လို့ ဆိုလိုက်ပါတယ်.... (မှန်ပါ့)တရားကိုကျင့်ဘို့ဘဲ သဘောကျပလား....(ကျပါပြီ)။

တရားကိုကျင့်လိုက်တဲ့အခါ သမစရိယာဆိုတဲ့အတိုင်း တရားနဲ့ညီညွတ်အောင် ကျင့်လိုက်လို့ ခန္ဓာမရှိတဲ့အလုပ်, လုပ်လိုက်ရလို့ရှိယင်ဖြင့် တောင်ကြိတ်ပဲထဲမှာ ကျုပ်တို့ပါစရာ မြင်သေးရဲ့လား.... (မပါနိုင်ပါဘုရား) သဘောပါကြပလား.... (ပါပါပြီဘုရား)။

ဒါဖြင့် ခန္ဓာဆုတောင်းတဲ့ ပုဂ္ဂိုလ်အကြောင်းကိုဖြင့် ယနေ့ဘုန်းကြီးတို့ တကာ တကာမတွေ သံဝေဂရအောင်လို့ ဟောတယ်လို့ ဒီလိုမယူလိုက်ပါနဲ့နော်....(မှန်ပါဘုရား) ခင်ဗျားတို့ဧကန် အကြိတ်ခံရလိမ့်မယ်လို့ ယူလိုက်ပါ.... (မှန်ပါ့ဘုရား)။

ဘုန်းကြီးက သံဝေဂရအောင်လို့ တရားပလွှင့်ပေါ် ရောက်တာနဲ့ တကာ တကာမတွေ တရား အားထုတ် စေချင်တာနဲ့ သြော်....ဒါကြီးပြပြီး ချောက်ဟောတယ်လို့ ဒီလိုမယူလိုက်ပါနဲ့....(မှန်ပါ့) ချောက် ဟောတာလား ....ကိုယ့်တောင်နဲ့ကိုယ် ကြိတ်လျက် ဘဲလား.... (ကိုယ့်တောင်နဲ့ကိုယ် ကြိတ်လျက်ပါဘုရား)ချောက်တာ တလုံးမှမပါပါဘူး.... (မှန်ပါ့ဘုရား)။

တကာ တကာမတွေကသာ သားနဲ့ပြုံး၊ သမီးနဲ့ပြုံး၊ပစ္စည်းရွှေငွေ ကျောက်သံပတ္တမြားကလေးရလို့ ဒီအထဲမှာ တောင်တွေကြိတ်လုကာနီးတောင် မသိလို့ ပြုံးတုန်း ရှိသေးတယ်....(မှန်လှပါဘုရား) အင်မတန် မဆိုးဝါးကြဘူးလား.... (ဆိုးဝါးပါတယ်ဘုရား)။

အဲဒါကြောင့် ဒီတောင်ကြိတ်ပဲထဲမှာ တောင်လေးလုံးကြား မွေ့တဲ့ပုဂ္ဂိုလ် တကာဝတို့ ဦးခင်မောင်တို့ လွတ်ရေး ကျွတ်ရေး မြင်သေးရဲ့လား.... (မမြင်ပါဘုရား)။

ဘယ်နှယ်ကြောင့် ဒီတောင်ကြိတ်ပဲထဲ တောင်လေးလုံး ကြားမှာ မွေ့ဖုံးရတဲ့အလုပ် ဖြစ်ရပါလို့၏ဆိုလို့ နတ်ပြည်လဲ ဒီတောင်ရှိတာဘဲ၊ ဗြဟ္မာ့ပြည်မှာကော (ရှိပါတယ် ဘုရား)။

ဒါဖြင့် ကျုပ်တို့ကိုက နတ်ဖြစ်ချင်လို့ ကျုပ်တို့ကိုက ဗြဟ္မာ ဖြစ်ချင်လို့ တောင်ထဲမှာ မွေ့ဖုံးရတာ (မှန်ပါ့ဘုရား) ရှင်းပြီနော်....(ရှင်းပါပြီ) ကျုပ်တို့ကိုက.... (နတ်ဖြစ်ချင်လို့ပါ)ကျုပ်တို့ကိုက.... (ဗြဟ္မာဖြစ်ချင်လို့ပါ) အင်း....ဟင်.... ကျုပ်တို့ကိုက လူဖြစ်ချင်လို့ (မှန်ပါ့)တောင်ထဲမှာ ဘာဖြစ်ရသလဲ.... (မွေ့ဖုံးရပါတယ်ဘုရား)။

ဩော်....ခင်ဗျားတို့ အမွေ့လဲကုန်ပြီ (မှန်ပါ့)လဲကုန်ပြီနော် ဦးခင်မောင် ဘယ်လိုဆုံးဖြတ်ချက် ချမလဲ....(အမွေ့လဲပါတယ် ဘုရား) အမွေ့လဲပြီတဲ့.... တကာ တကာမတို့ တောင်လေးလုံး ကြားမှာ သွေးမွေ့တယ်....(မှန်ပါ့)။

တောင်ကလဲ အမြင်နည်းတဲ့တောင်လား- လေးဘက် လေး တန်က စုစည်းပြီး ကြိတ်တဲ့တောင်လား-(လေးဘက်လေးတန်က စုစည်းတဲ့ တောင်ပါ ဘုရား)။

လေးဘက်လေးတန်က စုပြီးကြိတ်တဲ့ တောင်ကြားမှာကျုပ် တို့ လူ့ ပြည်တောင်ကြား မွေ့လို့ရှိယင်လဲ အကြိတ်ခံရမှာဘဲ.... (မှန်ပါ့)နတ်ပြည်တောင်ကြား မွေ့ယင်ကော....(အကြိတ်ခံရမှာ ပါဘဲ)အခုတော့ဖြင့် ဘယ်နေရာများ ရောက်နေကြပါလိမ့်.... (တောင်ကြားထဲမှာ ရောက်နေပါတယ်ဘုရား)။

တောင်ကြားထဲရောက်နေတယ်-(မှန်ပါ့) တကာ တကာမတို့ ကြံစည်ကြပေတော့၊ အခုအချိန်မှာ အချိန်ကလေး ကျန်သေးတယ်....(မှန်လှပါဘုရား) အခုအချိန်မှာ-(အချိန်ကလေး ကျန်ပါသေးတယ် ဘုရား) အချိန် ကျန်သေးတယ်နော် .... ပေါ့ပေါ့နဲ့ ဒီတရားကို မနာလိုက်ပါနဲ့၊ ကိုယ့်ဖြစ်စဉ်အကိုက်ကို ပြောနေတယ်-(မှန်ပါ့ဘုရား) ဘယ်လိုပါလိမ့်.... (ကိုယ့်ဖြစ်စဉ်အကိုက်ကို ပြောနေပါတယ်ဘုရား) ကိုယ့်ဖြစ်စဉ်အကိုက်ကို ပြောနေတယ် ဆိုတာ တကာ တကာမတွေ သေချာကြပလား.... (သေချာပါပြီဘုရား။

ကိုင်း....ဒီတရားသာ နာကြတယ်- တကာ တကာမတွေက တရားနာတဲ့အခါကျလို့ရှိယင်ဖြင့် ကိုယ့်မိတ်ဆွေနဲ့ ကိုယ့်သင်္ဃာနဲ့ ပြောကြ, ဆိုကြလို့ပေါ့ဗျာ.... (မှန်ပါ့) တရားတောင်မှ နှလုံးမသွင်းနိုင်ဘူး၊ မိတ်ဆွေတွေ ဆုံတဲ့အခါမှာ အသံတွေ ဘာတွေ ထွက်ပြီး ပြောကြဆိုကြနဲ့ တောင်ကြားထဲရောက်နေတယ် ကြိတ်လှုပ်ဆိုတာ မသိလို့ ဆူတာကိုးဗျ....(မှန်ပါ့ဘုရား)ရိပ်မိပလား-(ရိပ်မိပါပြီဘုရား)။

ဘယ်နှယ်ကြောင့် ဆူတာပါလိမ့်....(ကြိတ်လှုပ်ဆိုတာ မသိလို့ ဆူတာပါဘုရား)အဲ....နောက်တော့ ဒ တောင်ကြားရောက်ပြီဟေ့၊ လွတ်ရေး, ကျွတ်ရေးဆိုတဲ့ဓမ္မစရိယာနဲ့ သမစရိယာဆိုတဲ့ ခန္ဓဝိပဿနာ ရှုတဲ့အလုပ်သာ ငါလုပ်နေတော့မယ်၊ မင်းတို့နဲ့ ငါစကားမပြောတော့ဘူး၊ တောင်နီးလွန်းလို့လို့.... (မှန်ပါ့)။

ငြိမ်ငြိမ်နေပြီး စောစောရောက်တဲ့ပုဂ္ဂိုလ်က စောစောအားထုတ်ကြပါ၊ စောစောလဲလာကြပေါ့ဗျာ....(မှန်ပါ့ဘုရား) ရိပ်မိ

ကြပလား....(ရိပ်မိပါပြီ)အဲဒီတော့ တောင်ကြားထဲမှာ သေခါနီး ပျော်တော့ မကောင်းပါဘူး၊ (မှန်ပါ့)တယောက်တယောက် နှုတ်ဆက်တာတောင် မင်းလဲသိပြီးပြီ၊ ငါလဲသိပြီးပြီ၊ တောင်ကြားမှာဟော့.... (မှန်ပါ့) ဆိုတော့ ကောင်းသေး ရဲ့လား.... (မကောင်းပါဘုရား)။

အဲ....ဒါကြောင့် တကာ တကာမတို့ ငြိမ်ငြိမ် ကလေးနေပြီး ကိုယ် ဟာကိုယ် ကိုယ့်တောင်ကလေးနဲ့ကို၊ ကိုယ့်နေရာကလေး ကိုယ်ခင်ပြီးသကာလ ကိုယ့်ဟာကိုယ် ခန္ဓာစိုက်နေ၊ ဘာ့ကြောင့်တုန်း.... တောင်တွေ့ ကြိတ်နေတာ နီးလွန်းလို့ လွတ်ရေး ကျတ်ရေးလုပ်နေတယ်.... (မှန်ပါ့ဘုရား) မကောင်းဘူးလား၊ တကာ တကာမတို့....(ကောင်းပါတယ် ဘုရား)။

အဲဒီတော့ မသိတော့ကို ဟိုကလာတယ်၊ တွေ့ရုတာ ဝမ်းသာလိုက်တာ၊ တယောက်နဲ့တယောက် ဆုံဘိုဆိုတာ မလွယ်ဘူးလို့ လုပ်မနေနဲ့ သေခါနီးက ရိပ်မိပလား....(မှန်ပါ့) သေခါနီး ဒီအသံထွက်ဘို့ မလိုဘူး၊ အသေသာ ဖြောင့်အောင်....ဘာကြောင့်မလုပ်နဲ့လို့ဆိုသလဲ.... (သေခါနီးလို့ပါ) ဟာ....လုပ်ဘို့ (မှန်ပါ့)မလိုဘူးလား.... (လိုပါတယ်ဘုရား)။

အဲဒါကြောင့် တကာ တကာမတို့ သေခါနီး ပျော်ကိုဖြင့် ရှောင်ကြပါ....(မှန်ပါ့ဘုရား)ဘာ-မှာပါလိမ့်.... (သေခါနီးပျော်ကို ရှောင်ရမှာပါ) သေခါနီးပျော် ရှောင်ကြပါလို့ ဦးဝ.... သတိပေးလိုက်ပါတယ်.... (မှန်ပါ့ဘုရား) ဦးခင်မောင်.... အခု ပျော်နေတာက နက်ဖြန် တောင်ကြိတ်ပဲမှာ သေချင်သေမယ် နော်....(မှန်ပါ့ဘုရား)။

အခုပျော်နေတာ, ပြုံးနေတာတွေက ဘာပျော်ဆိုကြမယ် (.သေခါနီးပျော်ပါဘုရား) အဲဒီတော့ နာလဲ မနာကြနဲ့တော့ ခင်ဗျားတို့ပျော်ပုံကတော့ အရုပ်ဆိုးတယ်.... (မှန်ပါ့) မဆိုးဘူးလားဗျာ.... (ဆိုးပါတယ်ဘုရား) ဘာပျော်တဲ့ဗျာ....(သေခါနီး ပျော်ပါဘုရား)။

ဟာ....မကောင်းပါဘူးဗျာ....၊ သေခါနီးဖြင့် လှုတ်ရေး ရှာရမယ်(မှန်ပါ့) ခင်ဗျားတို့က ဘယ့်နှယ်ဖြစ်နေသလဲ-(ပျော်နေပါတယ်ဘုရား)။

အံမာလေး....ငါးကလေး အပေါ်က ရေမရှိတော့ဘူး၊ စုန်တွေက စားတော့မယ်၊ ရေကကုန်နေပြီ.... (မှန်ပါ့) ဒါတောင်မှ သူတို့က အတောင်ကလေး ယှက်ပြီးသကာ ပြေးနေသေးတယ် ဆိုယင် တိရစ္ဆာန်မိုက်-မိုက်နေတာ....(မှန်ပါ့ဘုရား)။

ရေခန်းယင် နက်ဖြန် စုန်တို့ ကျီးတို့အစာ မဖြစ်ပေဘူးလား (ဖြစ်ပါတယ်ဘုရား)ရေကလဲခန်းနေပြီ....(မှန်ပါ့)။

အဲဒီ့အထဲ အတောင်ယှက်ပြီး သကာလ ဟိုပြေး,ဒီပြေးနဲ့ ဦးခင်မောင်.... ပျော်နေဦးမယ် ဆိုလို့ရှိယင်ဖြင့် ဒီ ငါးကလေးတွေ့ ကုန်းပေါ်ကနေကြည့်တဲ့ ပုဂ္ဂိုလ်က ကဲ့ရဲ့စရာမကောင်းဘူးလား....(ကောင်းပါတယ်ဘုရား)ဟ....သေခါနီး ပျော်-ပျော်နေကြတာ- (မှန်ပါ့) ဘယ့်နှယ်ဆိုကြမလဲ-(သေခါနီး ပျော်-ပျော်နေတာပါဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ ပြောကြ,ဆိုကြ,ပြုံးကြ,ရှင်ကြတာ ဘုန်းကြီးများ ဝမ်းသာပါတယ်၊ သို့သော် .... ပျော်ပုံအချိုးမကျလို့....(မှန်ပါ့ဘုရား)ဘယ့်နှယ်ကြောင့် အချိုးမကျ

သလဲ....(သေခါနိုး ပျော်-ပျော်နေလို့ပါ) အချိုးမကျဘူး၊သေခါနိုးပျော်လဲ ဖြစ်နေတယ်၊ တောင်ကြိတ်လျက်ကိုး၊ ဇရာကလဲ မကြိတ်ဘူးလား .... (မှန်ပါ့) မရဏကာ အသက်ပျောက်၊ အောင် ကြိတ်မယ်ဆိုတာ မသေချာဘူးလား.... (သေချာပါတယ်ဘုရား)။

ဇရာက ကြိတ်ဆဲ.... (မှန်ပါ့) မရဏကာ အသက်ပျောက်အောင် ကြိတ်မယ်ဆိုတာကလဲ တကာတကာမတို့ ငြင်းဘို့ လို့သေးသလား....(မလိုပါဘုရား)။

အဲဒီလို ဒီအထဲမှာ သေခါနိုး ပျော်တော့ဖြင့် ကျုပ်တို့ဖြင့် ပြောလဲ မပြောလို့တော့ပါဘူး- ဆိုလဲ မဆိုလို့တော့ပါဘူး.... အလွတ်ရွှန်းတဲ့နည်းသာ ကျုပ်ဖြင့် ပြေးသွားပါတော့မယ်လို့— ကိုယ့်အရေးကိုယ်ဂရုစိုက်.... (မှန်လှပါဘုရား) ရှင်းကြပလား-(ရှင်းပါပြီဘုရား)။

တကာဟာကာမတွေ ဒုတိယ ကမ္ဘာစစ် တုန်းက ဗုံးတွေနဲ့ လေယာဉ်ပျံတွေနဲ့ ဝဲနေတော့ သူမျှားအရေးစိုက်နေသေးသလား.... ကိုယ့်အထုပ်ကိုပြင်ပြီး ကိုယ်အရင် ပြေးတာဘဲလား.... (ကိုယ်အရင်ပြေးတာပါဘဲဘုရား)။

အဲဒီလိုပြေးရမှာ....အဲဒီလိုပြေးရမှာ....(မှန်ပါ့) ရိပ်မိလား-(ရိပ်မိပါပြီ) ဒီအထဲ ဘယ်သူမှ ငဲ့မနေနဲ့....၊ အမေကလဲ သူ့တာဝန်နဲ့သူ ကြိတ်လျက်၊ အဖေကကော.... (သူ့တာဝန်နဲ့သူကြိတ်လျက်ပါ) သားကလေးတွေကကော.... (သူ့တာဝန်နဲ့သူကြိတ်လျက်ပါ)ကိုယ့်မှာကော....(ကိုယ့်တာဝန်နဲ့ကိုယ် ကြိတ်လျက်ပါဘုရား)။

မိုးကုတ်ဝိပဿနာ လုပ်ငန်းစဉ်တရား (၅)

ကိုယ့်တာဝန်နဲ့ ကိုယ်ကြိတ်လျက် ဖြစ်ပြီးသကာလ နေတာဘယ်သူ့ကြောင့် စရာရှိသေးသတုန်း တကာတကာမတို့ ကိုယ်အလုတ်ရုန်းဘို့အရေးကြီးတယ်....(မှန်ပါ့ဘုရား) အရေးမကြီးဘူးလား (ကြီးပါတယ်ဘုရား)။

သား၄့နေယင် သားဆွဲရတာနဲ့ ကိုယ့်တောင်က ကိုယ်ကို အရင်ကြိတ်ပစ်လိုက်လိမ့်မယ်.... (မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီ) ဒီသားကလေးကလဲ လုတ်မှာလားလို့ မေးတော့.... (မလုတ်ပါဘုရား) သူ့တောင်က သူ့ကို ကြိတ်မှာဘဲ....(မှန်ပါ့)။

အဲဒီတော့ကို သားသမီးခင်လို့ရှိယင်လဲ တောင်ကြိတ်ပဲက လုတ်ရေးကို သင်ပေးပါ(မှန်ပါ့) ကိုယ့်ကိုယ်ကို သနားယင်လဲ (တောင်ကြိတ်ပဲ့ လုတ်ရေးလုပ်ပါ) တောင်ကြိတ်ပဲ့ လုတ်ရေးကို သာလျှင် ကြိုးစားပါဆိုတာ ဟာထိုက်—မဟာထိုက်....(ဟာထိုက်ပါတယ်ဘုရား) သဘောပါကြပလား.... (ပါပါပြီဘုရား)။

ဟာ....ဘုန်းကြီး ခုနင်က ပြောဟဲ့စကားကို တကာတကာမတွေ့ ပြန်အုပ်ရမယ်နော်....(မှန်ပါ့) သံဝေဂရအောင် ပြောတာလား....ကိုယ့်ဖြစ်စဉ်နဲ့ ကိုက်နေတာလား....(ကိုယ့်ဖြစ်စဉ်နဲ့ကိုက်နေတာပါဘုရား)။

ကိုယ့်ဖြစ်စဉ်နဲ့ ကိုက်နေလို့ ရှိယင်ဖြင့် သေခါနီး ပျော်မလုပ်ကြနဲ့....(မှန်ပါ့)ရှင်းပြီနော်.... (ရှင်းပါပြီ)ဦးခင်မောင်....ဘာမလုပ်နဲ့လို့ မှာသတုန်း.... (သေခါနီးပျော်—မလုပ်နဲ့လို့ မှာပါတယ်) သေခါနီးပျော် ဆိုတာ အင်မတန် ကြောက်စရာမကောင်းဘူးလား....(ကောင်းပါတယ်ဘုရား)။

သေခါနီးပျော်ဆိုတာ ခုနင်ကငါးကလေးတွေဟာ တိရစ္ဆာန်လား၊လူလား.... (တိရစ္ဆာန်ပါဘုရား) အင်း....ရေလဲမရှိဘူး၊နက်ဖြန်ဆိုလို့ရှိယင်လဲ ကျီးတို့ ငှက်တို့ စုန်တို့၏အစာ ဖြစ်ရမယ် (မှန်ပါဘုရား) ကိုမြရှေ့ မဖြစ်နိုင်ဘူးလား.... ဖြစ်နိုင်ပါတယ်ဘုရား) ရေမှမရှိတော့ဘဲကိုးဗျ....(မှန်ပါ့)။

အဲဒီအထဲ ငါးကလေးတွေက ပျော်ကြ, ရွှင်ကြ တယ်ဆိုလို့ရှိယင် သြော်....တိရစ္ဆာန်များ တယ်မိုက်ပါ ကလား၊ နက်ဖြန် သေခါနီးတောင် ဒီနေ့ပျော်တုန်း....(မှန်ပါ့) ဘာကြောင့်တုန်း တိရစ္ဆာန်စိတ်ရှိနေလို့ မသိလို့....(မှန်ပါ့ဘုရား)ဆိုထိုက်သလား (ဆိုထိုက်ပါတယ်ဘုရား)။

ဒီထဲ တကာတကာမတွေ ပျော်နေတာ ဘယ်နှယ်ဆိုမလဲ (တိရစ္ဆာန်စိတ်ရှိလို့ မသိပျော်- ပျော်နေတာပါ) တိရစ္ဆာန်စိတ်ရှိလို့ မသိလို့ဆိုတာ ဘုန်းကြီးကတော့ မဆိုပါဘူး၊ ဖြစ်စဉ်ကကိုက်နေတယ်....(မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီ)။

ဘုန်းကြီးကတော့မဆိုပါဘူး၊ တကာတကာမတွေက အို.... တွေ့ရတာ ဝမ်းသာလို့က်တာ အစရှိသည်နဲ့ အမျိုးမျိုးအဖုံဖုံ မဟုတ်တာတွေလဲ ပါရဲ့ ဟုတ်တာတွေလဲ ပါရဲ့ ပေါ့ဗျာ.... (မှန်ပါ့)။

အဲဒါတွေ ရှောက်ပျော်နေမယ် ဆိုလို့ယင်ဖြင့် တောင်က ကြိတ်တာကလဲ တော်တော်နာနေပြီ....(မှန်လှပါဘုရား) ဒီ-အ ထဲကနေပြီး မသိပြော-ပြောနဲ့ မဟုတ်တာတွေ ရှောက်ပျော်နေမယ်ဆိုလို့ရှိယင် သေအောင်ကြိတ်လို့က်ပါလိမ့်မယ် ခင်ဗျားတို့....(မှန်ပါ့ဘုရား)သဘောပါကြပလား....(ပါ-ပါတယ်)။

ဒါဖြင့် ဘုန်းကြီးတို့ တကာ တကာမတွေ အိမ်မှာ သားနဲ့ ပျော်ပျော် သမီးနဲ့ ပျော်ပျော် ကိုယ့် အရေးကို ကိုယ်လုတ်အောင် ရှုန်းပါ (မှန်ပါ့ဘုရား) ဘယ်လိုမှာပါလိမ့်.... (ကိုယ့် အရေးကို ကိုယ်လုတ်အောင် ရှုန်းရပါမယ်ဘုရား)။

ကိုယ့်တောင်က ကိုယ့်ကြိတ်လျက်ကိုးဗျ.... (မှန်ပါ့)ကိုယ် ယူလာတဲ့ ဇရာမရဏက ကိုယ့်ကြိတ်လျက်.... (မှန်ပါ့) ခလေး မှာကော.... (ကြိတ်လျက်ပါဘုရား) သူယူလာတဲ့ ဇရာမရဏက.... (သူ့ကိုယ်ကြိတ်လျက်ပါ) အေး....မောင်ကလေး ဖါးကလေးတွေ့ မှာကော.... (ကြိတ်လျက်ပါဘုရား)။

ကြိတ်လျက်ဘဲ ဖြစ်နေတော့ ကိုယ့်ဟာကိုယ် အလုတ်ရှုန်းမှ သာလျှင်ရမယ်၊ မောင်-ဆွဲနေလို့လဲ ကိုယ်မလုတ်ပေဘူး.... (မှန်ပါ့ဘုရား)။

ဆွဲနေခြင်းကြောင့်လဲ မောင်ကလေး မကြိတ်ပါစေနဲ့ဆိုလို့ သူယူလာတဲ့တောင်က သူ့ကြိတ်မှာဘဲ၊ လုတ်ပါ့မလား (မလုတ်ပါဘုရား)။

အဲဒါတွေ သေသေချာချာ သိတော့မှ သြော်....အတ္တာဟိ အတ္တနော နာထော=ကိုယ့်အရေးသာ ကိုယ်ကြီးပါကလား .... (မှန်ပါ့ဘုရား) သဘောကျပလား.... (ကျပါပြီ)။

ခင်ဗျာတို့ ခင်ပွန်းမက ခင်ပွန်းယောကျ်ားကို ဘာပူစရာရှိသတုန်းလို့ ပြောငြားသော်လဲ မယုံနဲ့....(မှန်ပါ့)။

မင်းက ပူစရာမရှိတာက ကိစ္စမရှိဘူး၊ ငါ့မှာတောင်ကြိတ်နေပြီလို့သာ ပြန်ပြော....(မှန်ပါ့ဘုရား) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

မိုးကုတ်ဝိပဿနာ လုပ်ငန်းစဉ်တရား (၅)

မိန်းမလုပ်တဲ့ပုဂ္ဂိုလ်ကို ယောကျ်ားလုပ်တဲ့ ပုဂ္ဂိုလ်ကလဲ မင်း ဘာပူစရာရှိသလဲ ငါရှာကျွေးတယ်၊ အို--ရှာကျွေးတာကလဲ စား ရင်းမတွန့်လျှာထွက်သေရချီရဲ့တောင်ကြိတ်လို့ပြော---(မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီ) လုတ်ရေးကျတ်ရေး မြင်ကြရဲ့လား (မမြင်ပါဘုရား)။

ဒါဖြင့် ကောသလမင်းကြီးက ဓမ္မစရိယာနဲ့ သမစရိယာဘဲ ရှိတယ်ဘုရားတဲ့ တောင်ကြိတ်ပဲ့ လုတ်ဘို့ရာ.... (မှန်ပါ့ဘုရား) ဒါဖြင့် ဝိပဿနာအလုပ်ဘဲ ရှိတော့တယ်.... (မှန်ပါ့) ဝိပဿနာ အလုပ် လုပ်လိုက်တဲ့ အခါကျတော့ ကိုယ့်ခန္ဓာ မမုန်းပေဘူး လားဗျာ.... (မုန်းပါတယ်ဘုရား)။

ကိုယ့်ခန္ဓာ ဖြစ်ပျက် မြင်တော့ ကိုယ့်ခန္ဓာ ဖြစ်ပျက်မုန်း တော့ ကိုယ့်ခန္ဓာကြီးကို မင်းဟာ ဒုက္ခသစ္စာဘဲ၊ မလိုချင်တော့ ဘူးဆိုတဲ့ မဂ်ဉာဏ်လာလိုက်တော့ ခန္ဓာဖြစ်သေးရဲ့လား (မဖြစ် ပါဘုရား)။

တောင်တွေဟာ သူတို့ဟာသူတို့သာ အချောက်ကြိတ်ရမှာ ဘဲ၊ အစိုကြိတ်တော့ မရတော့ဘူး.... (မှန်ပါ့) ရနိုင်သေးရဲ့ လား....(မရနိုင်ပါဘုရား)။

ကဲ....ဒါဖြင့် တကာ တကာမတို့ တောင်ကြိတ်ပဲ့က လုတ်တဲ့ တရားဟာ ဘယ်သူပါလိမ့်မလဲ ဆိုတဲ့ဥစ္စာ ဝိပဿနာဘဲ....(မှန်လှ ပါဘုရား)ရှင်းကြပလား.... (ရှင်းပါပြီ)တောင်ကြိတ်ပဲ့က လုတ် မည့်တရားက....(ဝိပဿာနာပါဘုရား)။

ကိုင်း....ဒါဖြင့် ဒါကလေးမှ ဘုန်းကြီးတို့ တကာ တကာမ တွေက ဒီလောက် အမြင်အထင် ကိုယ့်မှာလဲရှိနေလျက်သားနဲ့မှ

လွတ်ရေး ကျွတ်ရေး မလုပ်သေးဘူးဆိုလို့ ရှိယင် လူစိတ်မရှိလို့ (မှန်ပါ့) ခုနင်က ငါးကလေးတွေလို ဖြစ်နေတယ်.... (မှန်ပါ့ဘုရား) ဘယ်နှယ် ဖြစ်နေသလဲ.... (ငါးကလေးတွေလို ဖြစ်နေပါတယ်ဘုရား)။

ငါးကလေးတွေဟာ ရေကလဲခမ်းပြီ၊ တကာ တကာမတို့.... အဲဒီမှာ အတောင်ယှက်ပြီးသကာလ ဟိုမြူးလိုက် ဒီမြူးလိုက် ဆိုလို့ရှိယင် ဘာပျော်လဲ.... (တိရစ္ဆာန်ပျော်ပါဘုရား) သေခါနီးပျော်....(မှန်ပါ့)။

သေခါနီးပျော် ဘယ်နှယ်ကြောင့် ပျော်ပါလိမ့်မတုံး....ဆိုတော့ တိရစ္ဆာန်မို့.... (မှန်ပါ့) သေခါနီးပျော် ဘယ်နှယ်ကြောင့်ပျော်ပါလိမ့်....(တိရစ္ဆာန်မို့ပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ကျုပ်တို့မှာလဲ တောင်တွေ့ ကိုယ်ကိုယ်တိုင် အကြိတ်ခံရပလား.... (ခံရပါပြီဘုရား) မသေတာတမယ် ကျန်တော့တယ်....(မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီ)။

မသေတာ တမယ်ဘဲ ကျန်တော့တယ်ဆိုတာ ပေါ်ကြပလား (ပေါ်ပါပြီဘုရား) ဒီအထဲကနေပြီး ပြုံးကာရွှင်ကာနဲ့ ကိုယ့် အရေးတော့ကိုယ်အားမထုတ်ဘဲနဲ့ တကာ တကာမတွေ့ လောကွတ်တွေ့ များနေကြမယ် ဆိုလို့ရှိယင်ဖြင့် ဒီ....လောကွတ်ဟာ အဘိုးကော တန်ပါရဲ့လား.... (မတန်ပါဘုရား) ကိုယ့်အသေကော လွတ်ပါရဲ့လား.... (မလွတ်ပါဘုရား)။

ဩ....တကာ တကာမတို့ လောကွတ်ဟူသ၍ သည်ကားလို့ဆိုယင်ဖြင့် သေခြင်းဆိုးသေချင်လို့ ဒီလောက်များတာဘဲ လို့ဆိုယင်ကော လွဲပါ့မလား.... (မလွဲပါဘုရား)။

ခုနင်ကပြောတဲ့ ဝိပဿနာအလုပ်သာ ကြိုးစားတော့၊ သူဘဲ လှတ်စရာရှိတယ်....(မှန်ပါဘုရား) ရှင်းကြပလား....(ရှင်းပါပြီ) ပစ္စည်းနဲ့ပေးတော့လဲ ဒီတောင်ကြီးတွေက ရပ်မှာလား....(မရပ်ပါဘုရား)သားနဲ့သမီးနဲ့ တားပြန်ယင်ကော....(မရပ်ပါဘုရား) ဆွေနဲ့မျိုးနဲ့ တားပြန်ယင်ကော....(မရပ်ပါဘုရား) မင်းနဲ့စိုးနဲ့ တားပြန်ယင်ကော....(မရပ်ပါဘုရား)။

မရပ်ဘူး၊ သူတို့ကို အကြိတ်ခံနေရတာ တကာ တကာမတို့ (မှန်ပါ့) မင်းတွေ့စိုးတွေ့ကိုကဘာဖြစ်နေသလဲ....(အကြိတ်ခံနေရပါတယ်ဘုရား)။

အဲဒီတော့ ဒါကြောင့်ကောသလမင်းကြီးက တပည့်တော်လဲ မတတ်နိုင်ဘူးဘုရား၊ တပည့်တော်လဲ အကြိတ်ခံပြီး သေပဲဝင်ရမှာဘဲ၊ အဲဒီတော့.... အကြိတ် လှတ်တဲ့နည်းကို တပည့်တော် လျှောက်ထားရလို့ရှိယင်၊ အရှင်ဘုရား....ဓမ္မစရိယာ သမစရိယာ ဆိုတဲ့ ဝိပဿနာအလုပ်ဘဲ ရှိပါတော့တယ်....(မှန်ပါ့) ဒါဘဲကြိုးစားမှဘဲ(မှန်ပါ့)ပေါ်ကြပလား....(ပေါ်ပါပြီ)။

ဒါဖြင့် တောင်ကြိတ်ပဲက လှတ်အောင်လုပ်နိုင်တဲ့နည်း ဘဝမျှားစွာ သံသရာကလဲ ဇတောင်ကြိတ်လို့သေခဲ့ရတာ အင်မတန် ရှင်းလင်းပြီးသကာလ နေတဲ့အတွက် ဘုန်းကြီးတို့ တကာ တကာမတွေ့ ဒတခါဖြင့် ကိုယ့်အရေးကိုယ်ကျင့်ကြပါတော့....(မှန်ပါ့ဘုရား)။

ဘယ်သူ့ ၄့စရာ လိုသေးသလဲ....(မလိုပါဘုရား) သေသေချာချာဉာဏ်နဲ့ စဉ်းစား ကြပါနော်....(မှန်ပါ့ဘုရား) ၄့လို့

ရှိယင်ဖြင့် ရေနစ်တဲ့လူ၄ လို့ ရှိယင်ဖြင့် တကာတကာမတို့ကိုယ် ပါရောနစ်တာဘဲ....(မှန်ပါ့)။

ရေနစ်တဲ့ ပုဂ္ဂိုလ် သွားဆယ်လိုက်တဲ့ အခါကျတော့ သူက ဆဲမိဆဲရာ ဆဲ လိုက်တဲ့ အခါကျတော့ ခုနင်က ဆယ်တဲ့ လူဟာ ဘာဖြစ်သွားသလဲ....(သူပါနစ်ပါတယ်ဘုရား)။

အဲ....ခင်ဗျားတို့ အာခု သားတွေ ခင်တာ၊ သမီးတွေ ခင်တာ၊ ဆွေတွေ ခင်တာ၊ မျိုးတွေ ခင်တာတော့ သူတို့က ရေနစ်နေတဲ့ အထဲမှာ ကိုယ်က သွားကူတာနဲ့တူတယ် ဦးခင်မောင်ရ (မှန်ပါ့ဘုရား) ကိုယ်ပါ နစ်ချင်လို့....(မှန်ပါ့)ဘယ်လို ဆိုကြပါ့မလဲ....(ကိုယ်ပါ နစ်ချင်လို့ပါဘုရား)။

အဲ....ခင်ဗျားတို့ သားခင် မြေးခင် ဆွေခင် မျိုးခင် စိန်ခင် မြခင် ဆိုတာတွေဟာ ဘာထင်ကြသတုံး....(ကိုယ်ပါ နစ်ချင်လို့ ပါဘုရား)ကိုယ်ပါနစ်ချင်လို့....(မှန်ပါဘုရား)။

ဒါဖြင့် တကာတကာမတို့ ကိုယ့်ကိုယ် ကိုယ်သနားပါတယ် ဆိုတာ မှန်ပါရဲ့လား....(မမှန်ပါဘုရား)ကိုယ့်ကိုယ် ကိုယ်သနား ပါတယ်ဆိုတာ အင်မတန် ရိုင်းနေပြီ....(မှန်ပါ့) သဘောကျ ပလား....(ကျပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ကိုမြင်ရတို့ ဦးဇင်္ဂရင်တို့ ကိုယ့်ဟာ ကိုယ်ချုန်းကြရလိမ့်မယ်နော်.... (မှန်ပါ့) ဘယ်လို ဆုံးဖြတ်ချက် ချကြမလဲ....(ကိုယ့်ဟာကိုယ်ချုန်းကြရမှာပါဘုရား) ကိုယ့်ဟာ ကိုယ်ချုန်းလို့ ရှိယင်ဖြင့် တကာတကာမတို့ သစ္စာသီအောင်လုပ် (မှန်ပါ့)။

ဒီဘက်က တောင်ကြီးနှစ်လုံးကလဲ ဘာသစ္စာ(ဒုက္ခသစ္စာ ပါဘုရား) အင်း....ကိုယ်ခန္ဓာဘဲ ဒီဥစ္စာနော်.... (မှန်ပါ့) ဒီဘက်က တောင်ကြီးနှစ်လုံးကကော....(ဒုက္ခသစ္စာပါဘုရား) ဒီဘက်က တောင်ကြီးနှစ်လုံးကကော....(ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့် အရှေ့ဘက် နေတဲ့ လူကို အရှေ့ဘက် တောင်က ကြိတ်မှာဘဲ....(မှန်ပါ့)တောင်ဘက် မေ့ဖျားတဲ့ ပုဂ္ဂိုလ်ကော.... (တောင်ဘက်တောင်က ကြိတ်မှာပါ)မြောက်ဘက် မေ့ဖျားတဲ့ ပုဂ္ဂိုလ်(မြောက်ဘက်တောင်ကကြိတ်မှာပါ)အနောက်ဘက်မေ့ဖျားတဲ့ ပုဂ္ဂိုလ်.... (အနောက်ဘက်တောင်က ကြိတ်မှာပါဘဲ)။

ဒါဖြင့် တကာတကာမတို့ ဘယ်သူမျှား လွတ်ရေး,ကျတ်ရေး ရှိသေးသလဲ....(မရှိပါဘုရား) ကိုင်း....ကောသလမင်းကြီးက ပြောလိုက်တယ် အရှင်ဘုရား....ဓမ္မစရိယာ သမစရိယာ ဆိုတဲ့ ဝိပဿနာ ဉာဏ်အလုပ်ဘဲ အားကိုးစရာ အားထားစရာရှိပါတော့တယ်၊သူကတော့ဖြင့် အဇရံ-လို့ဆိုတာကိုးဗျ (မှန်ပါ့) အဇရံ-မအိုရာဖြစ်သော၊ အမတံ-မသေရာဖြစ်သော ဆိုတော့ တောင်ကြိတ်မလွတ်ဘူးလား....(လွတ်ပါတယ်ဘုရား)။

ဒါဖြင့် မအိုရာ မသေရာ သွားတဲ့ ကျုပ်တို့ ခန္ဓာဖြစ်ပျက်ကို မြင်အောင်လုပ်ပါ၊ ခန္ဓာဖြစ်ပျက်ကို မှန်းအောင်လုပ်ပါ၊ ခန္ဓာကြီးနဲ့ နေရတာ ဒုက္ခသစ္စာဘဲဆိုပြီး ပိုင်ပိုင်နိုင်နိုင် ဒီ ဒုက္ခသစ္စာကြီး မလိုချင်လို့ ရှိယင်ဖြင့် အားထုတ်တဲ့ယောဂီ ပုဂ္ဂိုလ်အားခန္ဓာရပါ့မလား....(မရပါဘုရား)။

ခန္ဓာရမှ ဒီတောင်တွေ့ ကြိတ်မှာ(မှန်ပါ့)ခန္ဓာမရတဲ့ ပုဂ္ဂိုလ်မှာ.... (တောင်မကြိတ်ပါဘုရား) တောင်ကြိတ်လွတ်တယ် ဆိုဘာ သေချာကြပလား....(သေချာပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ခင်ဗျားတို့ အိမ်ရောက်တဲ့ အခါကျလို့ ရှိယင်ဖြင့် သြော်....မနေ့က ကြိတ်ထားတာ အစေတော် ဒဏ်ရာ ပိနေပြီ၊ ယနေ့ဒီထက်သေခါနီးအောင် ကြိတ်ပြီ ဆိုတာ မနေ့ကထက် ယနေ့ အကြိတ်ပြင်းထန်တယ်....(မှန်ပါ့) မပြင်းထန်ဘူးလား....(ပြင်းထန်ပါတယ်ဘုရား)။

တနေ့ထက် ကနေ့ အိုလာတယ်ဆိုတာ တကာတကာမတို့ အိုချင်လို့ အိုတာလား၊ တောင်ကြိတ်လို့ လား....(တောင်ကြိတ်လို့ ပါဘုရား)။

အင်း....ဒီလောက်နဲ့ သူရပ်မှာလား အသေကြိတ်ဦးမှာလား-(အသေကြိတ်ဦးမှာပါဘုရား) အသေကြိတ်ဦးမှာဆိုတာ မသေချာဘူးလား....(သေချာပါတယ်ဘုရား)။

အဲဒါတွေပိုင်ပိုင်နိုင်နိုင်သိတော့မှ သြော်.... ဒီသည်းကား လို့ ဆိုယင် တောင်ထဲ မွေးဖွားတယ်ဆိုတော့ တကာတကာမတို့က လူဖြစ်ရပါ၏ ဆိုယင် ဇရာ မရဏတောင်ထဲ မွေးဖွားရပါလို့၏၊ နတ်ဖြစ်ရပါလို့၏ ဆိုယင်ကော.... (ဇရာ မရဏတောင်ထဲမွေးဖွားရပါလို့၏) ဗြဟ္မာဖြစ်ရပါလို့၏ဆိုယင်ကော (ဇရာမရဏတောင်ထဲ မွေးဖွားရပါလို့၏)။

အဲဒါ ခင်ဗျားတို့က တောင်ထဲ မွေးဖွားရပါလို့၏ ဆိုလို့ တောင်ကြိတ်တာ....(မှန်ပါ့ဘုရား) ခင်ဗျားတို့ မျက်စိ လည်မှု၊ ဘာကြောင့်မျက်စိလည်သတုံးဆိုတော့ ဇရာ မရဏကို ဒုက္ခသစ္စာလို့ မသိလို့ (မှန်ပါ့ဘုရား ရှင်းကြပလား....(ရှင်းပါပြီ)။

ဘာမသိတာတုံး....(ဇရာ မရဏကို ဒုက္ခသစ္စာလို့ မသိတာပါဘုရား) အေး....ဒါဖြင့် ဇရာ မရဏသည် ဒုက္ခသစ္စာဆိုတော့ ဇရာ

မရဏသည် ရုပ်၏ဇရာ နာမ်၏ဇရာဆိုတော့ ရုပ်ရှိယင်လဲ ရုပ်ဇရာလာမယ်....(မှန်လှပါ) နာမ်ရှိယင်....(နာမ်ဇရာလာပါမယ်)။

ကဲ....ဘာကောင်းသေးသတုံး....(ဘာမှမကောင်းပါဘုရား) ဒါဖြင့် တကာတကာမတို့ ဇရာ မရဏလွတ်တဲ့ အရေးဟာဖြင့် ဓမ္မစရိယာ သမစရိယာဆိုတဲ့ ဝိပဿနာဉာဏ် မဂ်ဉာဏ်ဘဲရှိတော့တယ်....(မှန်လှပါဘုရား)။

ဒါဘဲ ကြိုးစားကြပါစို့ ဆိုတာ တပဲ့လုံး ဆုံးဖြတ်ချက်ချဘို့ကောင်းပြီ.... (မှန်ပါ့ဘုရား) ဘာ့ကြောင့်တုံး....ဘယ်သူမှ ဒီအထဲ အန္တရာယ် မကင်းဘူးဆိုတာ ပေါ်နေတယ်.... (မှန်ပါ့ဘုရား)။

တောင်က အသီးအသီး တကာတ ကာမတော့ ဒီ တကာတကာမတွေမှာ တနေ့ထက် တနေ့ အိုအောင်ကြိတ်တယ်၊တနေ့ထက် တနေ့ သေအောင်ကြိတ်တော့မယ်၊ ဇရာ မရဏကလေ.... (မှန်ပါ့ဘုရား)။

အဲဒီတော့ ဘယ်သူ အန္တရာယ်ကင်းလို့ ဘယ်သူ ဘေရှင်းပါလိမ့်.... (ဘယ်သူမှ မကင်းပါ) အဲဒီတော့ ဒီ တရားတပဲ့လုံး ဒီ ဆရာကော ဒီတကာ တကာမတွေကောဘာလုပ်ကြမှာတုံး-ဆိုတော့ တောင်ကြိတ်ပဲ့မှ လွတ်တဲ့ အလုပ်ကို လုပ်ရလိမ့်မယ်.... (မှန်ပါ့)။

ခန္ဓာမရှိတဲ့အလုပ်ကို.... (လုပ်ရမှာပါဘုရား) သဘောပါကြပလား.... (ပါပါပြီ) ဘာလုပ်ရမယ်....(ခန္ဓာမရှိတဲ့ အလုပ်ကို လုပ်ရပါ့မယ်) ခန္ဓာမရှိယင် ဇရာ မရဏကော....(မရှိပါ) မရှိပါဘူးဆိုတာ သေချာပြီမဟုတ်လား....(သေချာပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ခန္ဓာမရှိတဲ့အလုပ်ဟာ အကောင်းဆုံး....(မှန်လှပါဘုရား) ခန္ဓာမရှိတဲ့အလုပ်သည် အကောင်းဆုံးဆိုတော့ လုပ်တဲ့ပုဂ္ဂိုလ်မှာတော့ ခန္ဓာမရဘူး.... (မှန်ပါ့) ခန္ဓာမရတော့ ဒီခန္ဓာမရတဲ့ပုဂ္ဂိုလ်ဟာ ခန္ဓနိရောဓော နိဗ္ဗာနံဆိုတဲ့ အတိုင်း နိဗ္ဗာန်ရောက်တဲ့ ပုဂ္ဂိုလ်လို့ဆိုရင် လဲပါ့မလား.... (မလဲပါဘုရား)။

အဲဒါကြောင့် ခန္ဓာမရှိအောင် လုပ်တတ်တဲ့ ပုဂ္ဂိုလ်ဟာ တောင်ကြိတ်ပဲမှ လုတ်ပါတယ်(မှန်ပါ့ဘုရား) ဘယ်လိုဆုံးဖြတ်ချက်ချမလဲ....(တောင်ကြိတ်ပဲမှ လုတ်ပါတယ်ဘုရား)။

အဲ....ဒါကို တကာတကာမတွေ့ ဘုန်းကြီးက ပြောရတယ်၊ ဩဝါ....သူတို့ ပြုံးတာကိုလဲ သူတို့ ကြီးပွားကြလို့ ပြုံးကြတယ်၊သားကလေးတွေ့,သမီးကလေးတွေ့ကပညာအရည်အချင်းကလေးတွေ့ ပြည့်စုံလာတော့ ကိုးစားရာ ဖြစ်လာလို့ ပြုံးကြတယ်၊ လူလားမြောက်လာလို့ပြုံးကြတယ်၊ ဩဝါ....တိရစ္ဆာန်ပြုံး-ပြုံးနေတာကိုး....(မှန်ပါ့ဘုရား)။

ကိုယ်ကိုတောင်ကြိတ်နေတာတော့ သိရဲ့လား.... (မသိပါဘုရား)မသိတော့ သူဟာ လူပြုံး-ပြုံးတာ ဟုတ်သေးရဲ့လား-(မဟုတ်ပါ့ဘုရား) အင်မတန် လဲမနေဘူးလား.... (လဲနေပါတယ်) အဲဒါကြောင့် ဒီအလဲတွေပေါ်အောင်လို့ ဒါ-သံယုတ်ပါဠိတော်က ထုတ်လာတယ်....(မှန်ပါ့ဘုရား) သဘောပါကြပလား....(ပါ-ပါတယ်ဘုရား)။

ဒါဖြင့် တကာ တကာမတို့ ကောသလမင်းကြီးကို ဘုရားသခင်ကိုယ်တော်မြတ်ကြီးက တကာကြီး အရှေ့ကတောင်ကြီး

ကလဲ့ တကာကြီးကြိတ်ပြီ။ ကြိတ်တော့မလို့ လိမ့်လိမ့်လာနေပြီ၊ တကာကြီးဘယ်လိုကြံစည်းမတုန်း....တောင်လေးလုံးကဖြင့် လာပြီတဲ့။

အရှင်ဘုရား....ဓမ္မစရိယာနဲ့ သမစရိယာဘဲ အားကိုးရာ ရှိပါတော့တယ်ဆိုတော့ တကာတကာမတော့ သတော်ကောင်းအကျင့်ဘဲ အားကိုးရာ ရှိပါတော့တယ်....(မှန်ပါဘုရား) ဘယ်လိုမှတ်ကြမယ်....(သူတော်ကောင်းအကျင့်ဘဲ အားကိုရာ ရှိပါတော့တယ်) ရှင်းပြီနော်....(ရှင်းပါပြီ)။

သူတော်ကောင်းအလုပ်ဘဲ အားကိုးရာရှိပါတယ်ဆိုတော့.... ဒီအလုပ်ဟာ ဘုန်းကြီးပြောတဲ့ ဝိပဿနာက မဂ်ဉာဏ်ကူးတဲ့ အလုပ်ဟာ မလုပ်-မဖြစ်တဲ့အလုပ်လို့ မှတ်ကြစမ်းပါ....(မှန်လှပါဘုရား)။

ဘယ်လိုမှတ်ကြမယ်.... (မလုပ်-မဖြစ်ဟဲ့ အလုပ်ပါဘုရား) မလုပ်-မဖြစ်တဲ့ အလုပ်ဆိုတော့ အသေလွတ်တဲ့အလုပ် ဖြစ်နေသောကြောင့် ခင်ဗျားတို့က အသေကို မရှာပါနဲ့တော့.... (မှန်ပါဘုရား) ရှင်းပလား....(ရှင်းပါပြီ) တောင်လေးလုံးကြားမှာ မမွေးချင်ပါနဲ့တော့....(မှန်ပါဘုရား)။

အသေလွတ်အောင်သာ ရှောင်ကြရှားကြဆိုပါတော့တကာ တကာမတို့ ဒါ-ကိုယ့်အရေးဆိုတာ သေချာပလား.... (သေချာပါပြီဘုရား) သူများ အရေးလား.... ကိုယ့်အရေးလား.... (ကိုယ့်အရေးပါဘုရား) အေး....ဒါကြောင့် ကိုယ့်အရေး မသိတော့ တောင်ကြားမှာပြုံးနေတယ်(မှန်ပါဘုရား) ကိုယ့်အရေး မသိတဲ့ ပုဂ္ဂိုလ်က.... တောင်ကြားမှာ ပြုံးနေပါတယ်ဘုရား)။

မိုးကုတ်ဝိပဿနာ လုပ်ငန်းစဉ်တရား (၅)

ဩော်....ဒါကြောင့် ဘုန်းကြီးတို့ကဲ့ အားလုံးဘဲ အရင်းအချာတွေ့ချည်းဘဲ၊ ဒီ-တောင်ကြား ပြုံးနေတာ ဘုန်းကြီးက မကျေနပ်နိုင်ဘူး....(မှန်ပါ့ဘုရား) ဩော်....ထူလွန်းတယ်၊ အ-လွန်းတယ်လို့ မဆိုထိုက်ဘူးလား.... (ဆိုထိုက်ပါတယ်ဘုရား)။

သူပြုံးနေတာက သူဟာ အန္တရာယ်ကင်းလို့.... ပြုံးတာလား.... အန္တရာယ်ကြားထဲ ပြုံးတာလား....(အန္တရာယ်ကြားထဲ ပြုံးတာပါဘုရား) အန္တရာယ်ကြားထဲ ပြုံးနေတော့ ဩော်.... သူ-ထူလွန်းအ,လွန်းလို့ ဘုန်းကြီးတို့လို အမြင်ကျယ်တဲ့ ပုဂ္ဂိုလ်များက ကျေနပ်နိုင်စရာ ကောင်းရဲ့လား.... (မကောင်းပါဘုရား)။

အခု ခင်ဗျားတို့ကဘဲ အခု ဘုန်းကြီးတရားကို နာရလို့ တောင်ကလဲ သေသေချာချာ ကြိတ်နေတာ သေသေချာချာသိတော့ ခင်ဗျားတို့အောက်က ခလေးတွေက ပျော်လိုက်တာနဲ့ ပါးလိုက်တာနဲ့ နေတဲ့အခါ ဩော်....ခလေးများ ဘာမှမသိရှာဘူး၊ ခင်ဗျားတို့ ကိုယ်တိုင်လဲ သံဝေဂမရပေဘူးလား.... (ရပါတယ်ဘုရား)။

အဲ့-ထို့အတူဘဲတဲ့ ယနေ့ကစပြီး တကာ တကာမတွေဖြင့် ဩော်....တောင်ကြီးလေးလုံးကဖြင့် လာနေပြီ၊ သဘောကျပလား....(ကျပါပြီ) တောင်းကြီးလေးလုံးကဖြင့်.... (လာနေပါပြီဘုရား)တနေ့ထက်-တနေ့လဲ.... နီးလာပါပြီ) နီးလာပြီနော်....။

အင်း....အခု တောင်တလုံးက ကြိတ်ထားတာလဲ တော်တော် အိုလာပြီ(မှန်ပါ့) နောက်တလုံးကြိတ်ယင် ဘာဖြစ်မယ်ဆင်ကြသလဲ....(သေမှာပါဘုရား)။

သေရုံဘဲ ကျန်တော့တယ်ဆိုတော့ မြင့်မားတော့ ဘယ် နှယ် လုပ်ပြီးသကာလ ထွက်လဲထွက်ဘို့မရနိုင်ဘူး.... (မှန်ပါ့ဘုရား) မြင့်တာကလဲ အထက်ဆုံး ဗြဟ္မာပြည်တိုင်အောင်မြင့်တာကိုး.... (မှန်ပါ့) လေးဘက်-လေးတန်ကလဲ ရှိနေတယ်ဆိုတော့ တကာသစ်တို့....မောင်မြတို့....ဘယ် နှယ်လုပ် ရုန်းမလဲ....(မရုန်းနိုင်ပါဘုရား) ရုန်းနိုင်စရာ ရှိသေးရဲ့လား....(မရှိပါဘုရား)။

အဲဒီလို မရှိတဲ့အထဲမှာ ခင်ဗျားတို့ အမွေးလဲတာသည် ဘာဖြစ်လို့ အမွေး လဲပါလိမ့်မတုန်းလို့ မေးတဲ့အခါကျတော့.... ခင်ဗျားတို့ ဆုတောင်းလဲလို့.... (မှန်ပါ့)ပေါ်ကြပလား- (ပေါ်ပါပြီ) ဘာပါလိမ့်....(ဆုတောင်းလဲလို့ပါဘုရား)။

လူဖြစ်ရပါလို့၏....တောင်ကြား မွေးရပါလို့၏.... (မှန်ပါ့) နတ်ဖြစ်ရပါလို့၏.... (တောင်ကြားမွေးရပါလို့၏) ဗြဟ္မာဖြစ်ရပါလို့၏.... (တောင်ကြားမွေးရပါလို့၏) စကြဝတေး မန္ဓာတ်ဖြစ်ရပါလို့၏....(တောင်ကြား မွေးရပါလို့၏ဘုရား)။

တောင်ကြားမွေးလို့ပေါ့၊ စကြဝတေးတယောက် အခုရှာတွေ့သေးရဲ့လား- မတွေ့ပါဘုရား) တွေ့ကြသေးရဲ့လား (မတွေ့ပါဘုရား)ဘယ်သွားကုန်သတုန်း.... (သေကုန်ပါတယ်) တောင်ကြိတ်ပဲမှာ သေပဲ့ဝင်ကုန်ပြီ.... (မှန်ပါ့ဘုရား) တကာတကာမတွေ့ ဘယ်လိုဆုံးဖြတ်ချက်ချမလဲ.... (တောင်ကြိတ်ပဲမှာ သေပဲ့ဝင်ကုန်ပါပြီဘုရား)။

စကြဝတေး အသာထားပါဦး.... ခင်ဗျားတို့ ဘိုးဘွားဘီဘင်တွေဟာ ခင်းဗျားတို့ကို တခါတည်း မကြင်နာလို့ စွန့်ပစ်သွားကြတာလား၊ တောင်တွေ့ မတွန်းလှန်နိုင်တာနဲ့ သေပဲ့

စင်လိုက်ရတာလား....(တောင်တွေ မတွန်းလှန်နိုင်တာနဲ့ သေပဲ့ စင်လိုက်ရတာပါဘုရား)ခင်ဗျားတို့အတွက်စိတ်ကိုမချဘူး၊ မချဖဲပေမဲ့လဲ တောင်ကြိတ်တာနဲ့ သေရရှာတယ်.... (မှန်ပါဘုရား) သဘောကျလား....(ကျပါပြီ)။

အဲဒီတော့ ခင်ဗျားတို့ မျိုးရိုးက တောင်ကြိတ်ခံပြီး သေပဲ့ စင်တဲ့မျိုးရိုးဘဲလားလို့ မေးလို့ရှိယင်ဖြင့် ခင်ဗျားတို့ ဆရာဘုန်းကြီးသာ ခေါင်းမဆောင်တော့ဘူးဆိုယင် ဒီ-အမျိုးထဲဖြစ်မယ်....(မှန်ပါ့)မဖြစ်ပေဘူးလား....(ဖြစ်ပါတယ်) သစ္စာမသိတဲ့ အမျိုးထဲသွားဖြစ်မယ်.....(မှန်ပါ့ဘုရား)။

ဦးခင်မောင်ရေ....သစ္စာသာမသိလို့ရှိယင် ဇရာမရဏာတောင် ကြားဖြစ်မှာဘဲဗျ....(မှန်လှပါဘုရား) လူဖြစ်ရပါလို့၏၊ ဇရာမရဏာတောင်ကြားဖြစ်ရပါလို့၏၊ ဇရာမရဏာက လူဖြစ်တဲ့အထဲ ပါလာတယ်....(မှန်ပါ့) မပါဘူးလာ....(ပါပါတယ်) ရှင်းကြပလား....(ရှင်းပါပြီ)။

ဒါဖြင့် တကာတကာမတို့ ဒီတောင်ကြားက လွှတ်အောင် အသင်မင်းကြီး စိတ်ကူးစမ်းပါလို့ ဘုရားရှင်က မေးလိုက်တော့ အရှင်ဘုရား ဓမ္မစရိယာနဲ့ သမစရိယာသာရှိတော့တာဘဲ(မှန်ပါ့ဘုရား)ဆိုတော့ ဘုန်းကြီးတို့ တကာတကာမတွေ သိရောပေါ့ဗျာ....(မှန်ပါ့)။

ဝိပဿနာ မဂ်ဉာဏ်အလုပ်ဘဲ တံကာတကာမတို့ အားကိုးရာရှိတော့တယ်(မှန်ပါ့) ဒီ့ပြင် ဘာရှိသေးသတုန်း(မရှိပါဘုရား) ဘာမှမရှိဘူးဆိုတာ သေချာပလား....(သေချာပါပြီ)။

ကောင်းပြီ ဒါဖြင့် ဒီနေ့ ဘုန်းကြီးများကလဲ ပြောရတာ တကာတကာမတွေကလဲ နားလည်ပါးလည်ရှိလို့ အတော်ဝမ်းသာစရာကောင်းတဲ့နေ့ဘဲ....(မှန်ပါ့ဘုရား) နောက်ကိုမပြုံးကြနဲ့နော်....(မှန်ပါ့) ပြုံးချင်လို့ရှိယင်ဖြင့် ခင်ဗျားတို့ ဟောဒီတောင်တွေ လွှတ်တဲ့နေရာရောက်တော့ ပြုံးတော့....(မှန်ပါ့ဘုရား)။

တောင်ကြားထဲမှာ ပြုံးတာကတော့ (မကောင်းပါဘုရား) လူပြုံးလား.... တိရစ္ဆာန်ပြုံးလား.... (တိရစ္ဆာန်ပြုံးပါဘုရား) သီပြုံးလား....မသီပြုံးလား.... (မသီပြုံးပါဘုရား) ဝိဇ္ဇာပြုံးလား....အဝိဇ္ဇာပြုံးလား....(အဝိဇ္ဇာပြုံးပါဘုရား)။

အဲ....မသိပြုံးဟူသ၍ သည်ကားဆိုလို့ရှိယင်ဖြင့်ကောင်းလို့ ပြုံးတာလားတဲ့၊ သူ့မှာရှုးလို့ပြုံးတာလား.... ရှုးလို့ပြုံးတာပါဘုရား) ဒါဖြင့်ဗျာ....ကိုယ့်ကိုယ်-ကိုယ်လဲ အရှုးလဲမဖြစ်ရအောင်ကိုင်း....အလုတ်ရှုန်းတဲ့နည်းသာလျှင် ဝိပဿနာအလုပ်ဘဲ ရှေ့တွင်တွင်ကြိုးလုပ်ပြီး မဂ်ဆိုက်အောင်ဘဲ လုပ်ပါတော့မယ် ဆိုလို့ရှိယင်ဖြင့် တကာတကာမတို့ ဒီတောင်ထဲမှာ မမှေးဖွားတော့ဘူး....(မှန်ပါ့ဘုရား)။

သစ္စာသိပကောဗျာ....(မှန်ပါ့) သစ္စာသိကတည်းကလူခန္ဓာဒုက္ခသစ္စာ၊ နတ်ခန္ဓာ....(ဒုက္ခသစ္စာပါဘုရား) အင်း....ဒါတွေ့မရချင်ဘူး ဆိုကတည်းကတောင်ကြားမှေးသေးရဲ့လား(မမှေးပါဘုရား)မမှေးတော့ တကာတကာမတွေသည် တောင်လှုတ်ရာမှာ မနေရပေဘူးလား....(နေရပါတယ်ဘုရား)။

တောင်လွှတ်ရာသည် နိဗ္ဗာန်ဘဲ၊ ဇရာမရှိရာသည် နိဗ္ဗာန်၊အဇရံ=မအိုရာစင်စစ်ဖြစ်သော၊ အမတံ=မသေရာ စင်စစ်ဖြစ်သော၊ နိဗ္ဗာနံ=နိဗ္ဗာန်သည်၊ဟောတိ=ဖြစ်၏၊မအိုရာ မသေရာ နိဗ္ဗာန်ဘဲ....(မှန်ပါ့)တောင်လွှတ်တဲ့နေရာ....(မှန်ပါ့ဘုရား)။

ဘယ်လိုဆုံးဖြတ်ချက် ချမလဲ....(တောင်လွှတ်တဲ့ နေရာပါဘုရား) ကိုင်း....ဒါဖြင့် ခင်ဗျားတို့ ယုံကြပလား....(ယုံပါပြီဘုရား)မယုံယင် ခင်ဗျားတို့ ဘိုးတွေ ဘွားတွေဘယ်သွားကုန်သတုန်းသာ ကြည့်လိုက်ပါ....(မှန်ပါ့ဘုရား)မယုံယင်-မယုံယင်....(မှန်ပါ့)။

ဘိုးတွေ ဘွားတွေ ဘယ်သွားကုန်သတုန်း....(တောင်ကြိတ်လို့ သေကုန်ပါပြီဘုရား) တောင်ကြိတ်ပဲသေပဲ ဝင်ကုန်ပြီ....(မှန်ပါ့)သဘောကျပလား....(ကျပါပြီ)ဒါတွေက မယုံမှားမျှားရှိသေးရဲ့လား....(မရှိပါဘုရား)။

ကိုင်း....ဒါဖြင့် ရှေးက မင်းကောင်း မင်းမြတ်တွေကော မင်းကောင်း မင်းမြတ်လို့သာ ခေါ်လိုက်ရတယ် ဘယ်သွားကုန်ပါလိမ့်....(တောင်ကြိတ်ပဲ သေပဲဝင်ကုန်ပါပြီဘုရား)တောင်ကြိတ်ပဲ သေပဲဝင်ကုန်ပြီဆိုတာမသေချာဘူးလား....(သေချာပါပြီဘုရား)။

ခင်ဗျားတို့ ချစခင်တဲ့ အင်း....သားကလေးတွေ သမီးကလေးတွေ တချို့စွန့်ပစ်လိုက်ရတာကလေးတွေလဲ ခင်ဗျားတို့စွန့်ချင်လို့လား....၊သူ့တောင်နဲ့ သူပီပြီး သေကြတာတာ....(သူ့တောင်နဲ့ သူပီပြီး သေကြတာပါဘုရား) ပေါ်ကြပလား(ပေါ်ပါပြီဘုရား)။

ကိုင်း....ဒါဖြင့် ဓမ္မစရိယာနဲ့ သမစရိယာသာ လုပ်ကြပါစို့....၊ တောင်လှတ်ပဲ့က လှတ်တာ ဒါဘဲရှိတော့တယ်....(မှန်ပါဘုရား) ပေါ်ကြပလား....(ပေါ်ပါပြီ)အံမာလေး....မသိလို့ ပြောရတာက တရားဟောရတာထက် ကြာသေးတယ်....(မှန်ပါဘုရား)။

အခုဟာ တရားမဟောရသေးဘူး၊ ဘာပြောနေတယ်ထင်သလဲ....(မသိလို့ပြောနေတာပါ) မသိလို့ပြောနေရတာ၊ဟ....ရှောင်စမ်းပါ၊ ဟ....ရှောင်စမ်းပါ၊ နင့် တောင်ကြီးတွေလာနေတယ်ဆိုတဲ့ဥစ္စာ တရားလားတဲ့....။ ရှောင်နည်း ရှားနည်းကို မသိတာနဲ့ လက်တို့နေရတာလား....ရှောင်နည်း ရှားနည်းမသိလို့ လက်တို့နေရတာပါဘုရား)။

ခင်ဗျားတို့ကလဲနားကလဲမထောင် မျက်လုံးကလဲမမြင်၊ခက်လိုက်တဲ့ ဖြစ်ခြင်းမှ မပြောပါနဲ့တော့၊ အတော်ခက်နေတာဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ကိုင်း....ဒါ တကာတကာမတွေ တောင်လေးလုံးဖြင့် ရှင်ဘုရင်သွားတော့ ဘုရားက ပြောလိုက်တယ်....(မှန်ပါ့)ရှင်ဘုရင်ကတော့ သူတိုင်းပြည်အုပ်ချုပ် မင်းလုပ်ပြီးသကာလ လာခဲ့ရတယ်ဆိုတော့မင်းအားတွေပြတာဘုရား၊ တပည့်တော်တို့ အဘိသိက် သွန်းထားတဲ့ မင်းဆိုတာ ဒီလိုမှ အားမပြယင် ဂျမ်းသူပုန်တွေ ထကုန်မှာပေါ့-(မှန်ပါ့)အံမာ....သူက ခပ်ကြွားကြွားရယ်(မှန်ပါ့)။

ဒီတော့ဘုရားက တောင်လေးလုံး တရား သူ့ဟောတာ(မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီ)လှတ်ရေး ကျွတ်ရေးရှိသေးရဲ့လား....(မရှိပါ) အဲ....ခင်ဗျားတို့ ကျုပ်တို့ကော....(မရှိပါ)။

ကဲ....လှတ်တဲ့နည်းကို အခုဘုန်းကြီးကပြောပြီ၊ ဘာကျင့်ကြမယ်....(ဓမ္မစရိယာနဲ့ သမစရိယာ ကျင့်ရပါမယ်) ဝိပဿနာနဲ့ ခန္ဓာကိုမြင်အောင်လုပ်-(မှန်ပါ့) ခန္ဓာမြင်အောင်လုပ်ပြီး သကာလဒီခန္ဓာ မြင့်တဲ့အခါကျလို့ရှိယင် မမှန်းပါနဲ့ဆိုလို့ မရဘူး....(မှန်ပါ့)။

မမှန်းပါနဲ့ဆိုလို့ ရပါ့မလား.... (မရပါဘုရား) နိဗ္ဗိန္ဒာဉာဏ် တက်လာမယ်.... (မှန်ပါ့) မှန်းလာတဲ့ တနေ့ကျတော့ ဒီခန္ဓာကြီးဟာ ဒုက္ခသစ္စာအစစ်မှန်း သိသွားတော့ လိုချင်ပါဦးမလား.... (မလိုချင်ပါဘုရား)မလိုချင်ယင် နောက်ခန္ဓာတောင်ကြားမှာ ဖြစ်ဦးမလား....(မဖြစ်ပါဘုရား)။

ဒါဖြင့် ခန္ဓာမလိုချင်တဲ့ပုဂ္ဂိုလ် ဦးဇင်ရင် နိဗ္ဗာန်ရောက်တာဘဲ(မှန်ပါ့) ခန္ဓာမလိုချင်တဲ့ပုဂ္ဂိုလ်ဟာ.... (နိဗ္ဗာန်ရောက်ပါတယ်ဘုရား)ဒါဖြင့် နိဗ္ဗာန်ရောက်ချင်ယင် ခန္ဓာမလိုချင်တဲ့ အလုပ်ကို လုပ်ရလိမ့်မယ်(မှန်ပါ့ဘုရား)နိဗ္ဗာန်ရောက်ချင်ယင်....(ခန္ဓာမလိုချင်တဲ့အလုပ်ကို လုပ်ရပါမယ်)ရှင်းပြီနော်....(ရှင်းပါပြီ)။

ခန္ဓာလိုချင်ယင် တောင်ကြား သေပဲ့ဝင်ပြီ.... (မှန်ပါ့) ခန္ဓာမလိုချင်ယင်ဖြင့် တောင်ကြိတ်ပဲ့မှလွတ်ပြီ(မှန်ပါ့) သဘောပါကြပလား....(ပါ-ပါပြီ) ခန္ဓာမလိုချင်ယင်-(တောင်ကြိတ်ပဲ့မှ လွတ်ပါပြီ)တောင်ကြိတ်ပဲ့မှ လွတ်ပြီဆိုတာ သဘောကျပလား (ကျပါပြီ) ကိုင်း-ဒါဖြင့် တကာတကာမတို့ တောင်ကြိတ်ပဲ့ကနေပြီး သကာလ လွတ်ရေး,ကျတ်ရေး ဓမ္မစရိယာနဲ့ သမစရိယာ လုပ်ကြပါစို့....။

ကဲ့-ဒါဖြင့် ယနေ့ တကာတကာမတို့ အထူးမှတ်စရာကလေးက သံယုတ်ပါဦတော်ဘဲ ထည့်ပေးပါ့မယ်၊ သမထ မပါဘဲနဲ့ (နိဗ္ဗာန် ရောက်တဲ့နည်းပြောမယ်(မှန်ပါ့ဘုရား) သမထ,မပါဘဲနဲ့(နိဗ္ဗာန် ရောက်တဲနည်းပြောပါ့မယ်ဘုရား)။

သမထမပါဘဲနဲ့ ခုနင်က တောင်ကြိတ်ပဲ့မှ လှတ်ရတဲ့နည်း ဘုရားရှင်ကိုက ဟောတာ-(မှန်ပါ့)ဘုရားကိုက သေသေချာချာ ဟောတာပါ တကာ တကာမတို့.... ငါဘုရား သာသနာဟေ့.... သမထကြောင့် နိဗ္ဗာန်ရောက်တာ မဟုတ်ဘူးကွ၊ ဘုရားကဖွင့် ဟောတယ်....(မှန်ပါ့)ဝိပဿနာကြောင့် နိဗ္ဗာန်ရောက်တာကွတဲ့ (မှန်ပါ့) ဝိပဿနာမဂ်ကြောင့် နိဗ္ဗာန်ရောက်တာကွ၊ သမထ ကြောင့် နိဗ္ဗာန်မရောက်ဘူးကွတဲ့....၊ သေသေချာချာဟောတာ နော်....(မှန်ပါ့ဘုရား)။

အေး....ဒါကြောင့် အဲဒီ့တရားကို နာရမှာ ဖြစ်ပြီးသကာလ နေတော့ ဘုန်းကြီးတို့ တကာတကာမတွေ သေသေချာချာ သြော်.... ဒို့ဆရာဘုန်းကြီးပေးနေတာ သမထ မပါဘူးနော်....၊ သမထဟာ နောက်လိုက်ကြီး သူ့ဟာသူဝင်ပြီး နောက်လိုက်နေ တာ၊ စင်စစ် ဝိပဿနာက ရှေ့သွားဆိုတာ မှတ်ရမယ်....နော်.... (မှန်ပါ့) ဝိပဿနာက ရှေ့သွားဆိုတာ မှတ်ရလိမ့်မယ် ဦးခင် မောင်ရေ....(မှန်လှပါဘုရား)ကိုင်း....ဒါဖြင့် ပြကြပါစို့....။

ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် ဘုရားဖြစ်လာတဲ့အခါ ကျလို့ရှိယင်ဖြင့်တဲ့ နောက်ဆုံးပိတ် အကျိုးပေးဝဋ်ဘဝဆိုတော့ ဦးခင်မောင်တို့-ဦးဝတို့ အလွန် အကျိုးပေးလိုက်တယ်....(မှန်ပါ့ ဘုရား) ဆီတွေ-ပျားရေတွေဆိုတာ ချောင်းစီးပြီးလာတယ်.... (မှန်ပါ့)။

ချောင်းရေတွေလိုစီးလာတယ်၊ ဘုရားဆီကို အလှူအတန်း လာကြတာတွေ....(မှန်ပါဘုရား)အဝတ် သင်္ကန်းတွေ ဆိုတာလဲ လှည်းအစီး ငါးရာတထောင်နဲ့ လာလာပြီး ပုံကြတယ်၊ ဦးခင်မောင် တကယ် ဒီအတိုင်း ချိုင့်ကလေးနဲ့ထည့်ပြီး အရှင်ဘုရား သင်္ကန်းလှူပါ၏လို့ ဒီလိုမဟုတ်တော့ဘူး၊တခါတည်းလှည်းအစီး ငါးရာ တထောင်နဲ့ လာပုံကြတာဘဲ....(မှန်ပါ)။

အဲဒီလောက်ကျအောင် သူ့အကျိုးပေးကလဲ သန်ပြီးသကာလ နေတော့ နောက်ဆုံးပိတ် ဘဝကိုးဗျ....(မှန်ပါ) ဒါနဲ့တပည့်သား,မြေးတွေကလဲ မြတ်စွာဘုရားကို မှီပြီးသကာလ.... ဆွမ်းသင်္ကန်း,ကျောင်း, ဆေးပစ္စည်းလေးပါးတွေ ဦးခင်မောင်အကုန်ပေါသပေါဗျာ.... (မှန်ပါ)။

အကုန်ပေါတော့ ဘုရားမပွင့်ခင်ကတည်းက ဘုရားလုပ်နေတဲ့တိတ္ထိတွေကရှိသေးတယ်-(မှန်ပါ) ဘုရားမပွင့်ခင်က ဘုရားလုပ်နေတဲ့ တိတ္ထိဘာကရှိသေးတော့ ဘုရားလဲပွင့်လာပါရော ဦးဝရေ နေကြီးထွက်လာတဲ့အခါ ပိုးစုန်းကြူး အရောင်ပျောက်သလို တိတ္ထိတွေဟာ စားရမဲ့- သောက်ရမဲ့ ဦးခင်မောင် ဖြစ်ကုန်ပြီ....(မှန်ပါဘုရား)။

တိတ္ထိတွေ စားရမဲ့- သောက်ရမဲ့ ဖြစ်ကုန်တဲ့ အခါကျလို့ ရှိယင်ဖြင့်....တဲ့ တိတ္ထိခေါင်းဆောင်တွေက အစည်းအဝေး ဖွင့်တယ်....(မှန်ပါ)ဒို့မှာ အရင်တုန်းကတော့ဖြင့် စားရ,သောက်ရ ဝတ်ရပါတယ်၊ အခုတော့ဖြင့် ရှင်ကြီးဂေါတမ ပွင့်ပေါ်လာကတည်းက စားရ,သောက်ရ,ဝတ်ရဆိုတာ ဒို့မှာအတော်ချို့တဲ့သွားပြီ။

အဲဒီတော့ ရှင်ကြီးဂေါတမဟာ တယ်လိုဟောတယ် ဘယ်လို ဆိုတယ်ဆိုတဲ့ဥစ္စာ သူမှာ နည်းကောင်းတော့ ရှိတယ်....၊ အဲဒီနည်းကောင်းကို ဒို့အထဲက ဉာဏ်ကောင်းတဲ့ လူတယောက် လွှတ်ပြီးသကာလ.... ရှင်ကြီးဂေါတမ ပြောပုံဆိုပုံ၊ အဲဒီနည်းကို သွားသင်ရလို့ရှိယင်ဖြင့် ဒို့မှာ နဂိုရှိရှိတဲ့နည်းနဲ့ အခုသွားသင်လို့ ရတဲ့နည်းနဲ့ရောပြီး ဟာရ-ပြောရယင် ဒို့လဲပေါမျှားမှာဘဲ....(မှန်ပါ့)။

ဦးခင်မောင်ရေ ကြံပုံစည်ပုံပေါ့ဗျာ....(မှန်ပါ့ဘုရား)အဲဒီလို ကြံပုံစည်ပုံတွေ ဖြစ်ပြီးသကာလ လာတာနဲ့ သုသိမဆိုတဲ့ ပရိဗိုဇ်ကို တိတ္ထိ ခေါင်းဆောင်ကြီးက ခေါ်လိုက်တာဘဲ၊ ဟေ့.... သုသိမ လာပါဦးကွ၊ ဒို့မှာဖြင့် အမျိုးသားကာကွယ်ရေးဆိုတာ လုပ်ပေးပါဦး၊ ဒို့အကုန်ဆင်းရဲပြီ....၊ ရှင်ကြီးဂေါတမ ပေါ်ကတည်းက ဒို့မှာဖြင့် စားရမဲ့ သောက်ရမဲ့ ဖြစ်ကုန်ပါတယ်.... (မှန်ပါ့)။

အဲဒါကြောင့် မင်းကလဲ ဒီအထဲမှာ ဗေဒင်အရာမှာလဲ မင်းက တော်တော့ကို တတ်တဲ့ပုဂ္ဂိုလ်၊ အခုအခါ ဂေါတမဘုရား ဆီမှာ မင်း-နည်းသွားပြီးသကာလ ယူရမယ်ဆိုယင် မင်းကအမြန် ဆုံးယူခဲ့ပါ၊ အမြန်ဆုံးယူခဲ့ပြီးသကာလ ဒို့ကိုပြန်ပြော၊ ဒို့ကလဲ ဒို့ရှိတဲ့တရားနဲ့ မင်းဆီကတရားနဲ့ရောပြီး ပြောရ ဟောရလို့ရှိယင်ဖြင့် ဒို့လဲစားမှသောက်မှ နေမှထိုင်မှ အကုန်ချောင်မှာဘဲ၊ ကဲ-ဒါဖြင့် ဒို့အမျိုးသားတွေ ကယ်ဆယ်ပါ ဆိုပြီးသကာလ.... အဆိုသွင်းတာဘဲ....(မှန်ပါ့)။

အဆိုသင်းတော့ ဟိုကလဲ တိတ္ထိ ဖြစ်ပြီးသကာလ နေတော့ ဘယ်လိုလုပ်မှာတုံးတဲ့၊ အို-သွားသင်ရမှာ မင်းကဉာဏ်ကောင်းတယ်....(မှန်ပါ့) ဟာ-ဒါ အမျိုးသားကယ်ဆယ်ရမယ်၊ အမျိုးသားကူညီရမယ်ဆိုလို့ရှိယင် ကျုပ်လုပ်မယ်....တဲ့၊ သုသိမကပေါ့လေ....(မှန်ပါ့) ပရိဗိုဇ်တွေ-ပရိဗိုဇ်တွေ....(မှန်ပါ့)။

အဲဒီတော့ သုသိမ ပရိဗိုဇ်က စဉ်းစားလိုက်တယ်၊ ဂေါတမဘုရားဆီ သွားရတော့မယ် ဆိုလို့ရှိယင် ဘယ်သူ့ဆီ အရင်ဝင်ရပါ့မတုံး၊ တိုက်ရိုက်ဝင်လို့တော့ သူ့မင်းတွေ,စိုးတွေနဲ့ တရားဟောချိန်တွေနဲ့ တော်တော်နဲ့ လက်ခံဘို့တွေဘို့ကို အချိန်မရနိုင်ဘူးဆိုပြီးသကာလ အရှင်သာရိပုတ္တရာဆီ ဝင်ရမလားလို့၊ သူစိတ်ကူးလိုက်တယ်၊ ဟာ-အရှင်မောဂ္ဂလန်ဆီ ဝင်ရမလား....စတာကူးလိုက်တယ်။

အို....သူတို့က အရှင်သာရိပုတ္တရာက ပညာတေဒဂ်ရတဲ့၊ အရှင်မောဂ္ဂလန်က တန်ခိုးတေဒဂ်ရတဲ့ ဥပါလိတို့ ကျပြန်တော့ ဝိနည်း တေဒဂ်ရတဲ့၊ ပဋ္ဌာတို့ကြည့်ပြန်တော့လဲ တရားဟော တေဒဂ်ရတဲ့၊ ဒါတွေမဟုတ်သေးပါဘူး၊ အားလုံးတေဒဂ်ရတဲ့ ပဋိဂါလ်ချည်းဘဲ အရှင်အာနန္ဒာဆီကပ်မှဘဲ၊ အရှင်အာနန္ဒာဟာ ဘုရားနဲ့အရင်းဆုံး၊သူ့ဆီဝင်မှတော်မယ်ဆိုပြီးသကာလ တကာတကာမတို့ သူ့ဆီဝင်မှ တော်မယ်ဆိုပြီးသကာလ သုသိမပရိဗိုဇ်က အရှင်အာနန္ဒာဆီဝင်လိုက်တယ်....(မှန်ပါ့ဘုရား)။

ရှင်အာနန္ဒာဆီတန်းဝင်ပြီး အရှင်အာနန္ဒာ....အရှင်ဘုရားတို့ သာသနာတော်မှာ ဟောတဲ့တရားတွေ တပည့်တော် တိတ္ထိတော့ ခေါင်းဆောင်ပါဘဲ၊ သို့သော်-ကြည်ညိုလွန်းလို့ အရှင်ဘုရား

တို့ဆီဘဲသက်နဲ့ဝတ်ပြုဒီပညာတွေဘဲသင်တော့မယ်၊ တိတ္ထိအယူဟာ ဘယ်ဟုတ်မှမဟုတ်ဘဲ ဆိုပြီးသကာလ တပည့်တော် ဒီလို စိတ်ကူးနဲ့လာခဲ့ပါတယ်(မှန်ပါ့)ညာပြီပေါ့ဗျာ (မှန်ပါ့) စင်စစ်တော့ တရားခိုးမလို့....(မှန်ပါ့)။

တရားခိုးမလို့ လာတာဆိုတာ တကာတကာမတွေ့ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား) အဲ....တရားခိုးမလို့ လာတာပါဘဲတဲ့၊ အဲဒီတော့ အရှင်အာနန္ဒာကတော့ အဲဒီအချိန်မှာ သူကဘာမှမဖြစ်ဘူး၊ သောတာပန်သာ ဖြစ်နေတော့ သြော်....တိတ္ထိခေါင်းဆောင်ကြီးက ဒိဋ္ဌသာသနာ ဘုရားသာသနာ ကြည်ညိုပုံတယ် ဆိုတဲ့ဥစ္စာ ရိုးမှ-ရိုးရဲ့လား....၊ ဟုတ်မှဟုတ်ကဲ့လား၊ အကဲခတ်တယ်....(မှန်ပါ့)။

အကဲခတ်တဲ့ အခါကျတော့ အို....ငါတော့ အကဲမခတ်တတ်ဘူး မတတ်နိုင်ဘူး ဘုရားဆီ ခေါ်သွားမှဘဲဆိုပြီး သကာလ သူသိမပရိဗိုဇ်ကို တကာတကာမတို့ ဘယ်ခေါ်သွား ပါလိမ့်....(ဘုရားဆီခေါ်သွားပါတယ်ဘုရား)။

အဲ....အရှင်အာနန္ဒာက ဘုရားဆီခေါ်သွားတယ်၊ ဘုရားဆီရောက်တဲ့ အခါကျတော့ ဟော-အာနန္ဒာ ဘာလို့လာသတုံး....ဒီလိုဘဲဘုရား သူသိမပရိဗိုဇ်က တပည့်တော်တို့ သာသနာတော်ကြီးကြည်ညိုလွန်းလို့ သက်နဲ့ဝတ်ပြီး ပညာသင်ချင်ပါသတဲ့ဘုရား....။

ဘုရားကစဉ်းစားလိုက်တယ်၊ အရိုးဘဲလား,အဆန်းဘဲလား။ တွေ့ရတော့မှာကိုးဗျ၊ မတွေ့ရပေဘူးလား.... (တွေ့ရပါတယ်ဘုရား)အဲဒီတွင်မှ ဘုရားသခင်က သြော်....အဆန်းဘဲ၊ တရားခိုး

မလို့လာတာ၊ ဘုရားကသိပြီ-(မှန်ပါ့) ဘယ်နှယ် သိပါလိမ့်....
(တရားခိုးမလို့လာတာပါဘုရား)။

တရားခိုးမလို့လာတာလို့ သူသိပြီးပါပြီ တကာတကာမတို့
(မှန်ပါ့)တရားခိုးမလို့ လာတာလို့ သိပြီးပြီ၊ ဒီအသိတွင်မက
သေးဘူး၊ ဟိုဘက်တချက်ထပ်ပြီးသိတယ်၊ တရားခိုးရင်းရဟန္တာ
ဖြစ်လိမ့်မယ်....(မှန်ပါ့)။

ဘယ်နှစ်ချက်ပါလိမ့်.... (နှစ်ချက်ပါဘုရား) ကဲ....ဘုရားက
တော့ နှစ်ချက်မြင်ပြီ၊ သူကတော့ ခိုးတာတချက်သာမြင်တာကိုး
(မှန်ပါ့) သဘောပါကြပလား.... (ပါ-ပါပြီ) ပဌမတော့ ဘယ်
လိုမြင်ပါလိမ့်.... (တရားခိုးမလို့ပါ) နောက်တော့ ဘုရားက
ဘယ်လို ဆက်မြင်ပါလိမ့်....(တရားခိုးရင်း ရဟန္တာဖြစ်မယ်)။

တရားခိုးရင်း ရဟန္တာဖြစ်လိမ့်မယ်- (မှန်ပါ့)အဲဒါသူးမြင်
တော့ ညီတော်အာနန္ဒာ....ဒီသူသိမကို ရဟန်းခံပေးလိုက်ကွာ။
ဘုရားက ခွင့်ပြုလိုက်တယ်၊ သူသိမကတော့ တကာတကာမတို့
သူ့အကြိုက် ကျသွားပြီ၊ ဟာ....ငါဝင်လာတဲ့ အပေါက်ကတော့
အပေါက်ကောင်းဘဲ- (မှန်ပါ့) ဒီသသာနာက တရားတွေတော့
ကောန်ရတော့မှာဘဲ ငါတော့ဖြင့် တိတ္ထိတွေ့ ကယ်တင်နိုင်တော့
မှာဘဲဆိုပြီး သူ့စိတ်ထဲကတော့ ကျေနပ်နေတာ ပေါ့လေ....
(မှန်ပါ့ဘုရား)။

ဘုရားကလဲ မသိဘူး၊ ငါ့အကြံကို ညီတော် အာနန္ဒာကလဲ
မသိဘူး၊ ငါတော့ဖြင့် နေရာကျပြီ ဆိုပြီးသကာလ ရဟန်းခံပေး
လိုက် ဆိုကတည်းက ဦးခင်မောင် အတော်ကျေနပ်သွားတယ်....
(မှန်ပါ့) ဘုရားကတော့ သိပြီးသားနော်....(မှန်ပါ့)။

ဘုရားကတော့ သိပြီးသားပေါ့ တကာတကာမတို့၊ ရှေးဦးစွာ တရားခိုးလိမ့်မယ်ဆိုတာလဲသိပြီးသား၊ တရားခိုးရင်း မတွန့်နဲ့ ဘာတုန်း....(ရဟန္တာဖြစ်မယ်ဆိုတာလဲသိပြီးသား) ရဟန္တာဖြစ်မယ်ဆိုတာသိလို့ ရဟန်းပြုပေးလိုက်လို့ပြောတာ-(မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

အဲဒီဇာတ်ထုပ်မှာ တကာတကာမတို့ အဲဒီ ပါဠိတော် အခုပြောတဲ့ ပါဠိတော်မှာ ဘုရားသခင် ကိုယ်တော်မြတ်ကြီး သေသေချာချာ ဟောတာက ဒီနေ့ သိပ်ဆုံးမယ်မဟုတ်လို့ သမထမပါဘဲနဲ့ နိဗ္ဗာန်ရောက်နိုင်တယ်ဆိုတာ သူပြောတာ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

သမထ မပါဘဲနဲ့.... (နိဗ္ဗာန်ရောက်နိုင် ပါတယ်) ငါဘုရားသာသနာတော်မှာ သမထကြောင့် နိဗ္ဗာန်ရတာမဟုတ်ဘူး၊ သဘောကျပလား.... (မှန်ပါ့) ဝိပဿနာကြောင့်သာ....(နိဗ္ဗာန်ရတာပါ) ဝိပဿနာကြောင့်သာ နိဗ္ဗာန်ရတာဆိုတာ ဒီနေရာမှာ ဘုရားဖွင့်ချလိုက်တယ်- (မှန်ပါ့) သဘောပါပလား- (ပါ-ပါပြီ)။

သမထကတော့ တကာတကာမတို့ ကောင်းကင်ပျံ-မြေလျှိုးသူတပါးစိတ်တွေ့ သိပေါ့ဗျာ....(မှန်ပါ့)အင်း....ဟင်....ဘယ်နေရာ ဘာရှိဆိုတာ အမြင်အထင်တွေ့ ပေါက်ပေါ့ဗျာ....၊ ဒါဟာသူ့သတ္တိပါ-(မှန်ပါ့)ခုနင်က ဒီခန္ဓာထဲက အဝိဇ္ဇာထုကို ဖေါက်ဘို့ကျတော့ ဝိပဿနာမဂ်မှ ဖေါက်တယ်.... (မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီ)။

ခန္ဓာထဲမှာရှိတဲ့ ဖြစ်ပျက်ကလေးတွေ့ မြင်ဘို့ရာကျတော့.... သမထက ဖေါက်လို့ကိုမရဘူး- (မှန်ပါ့) ရသေးရဲ့လား....(မရ

ပါဘုရား)သူက သမာဓိလမ်းဆုံးနေတာကိုး....(မှန်ပါ့)သဘော ကျပလာ-....(ကျပါပြီ) ပညာကမှ ဖေါက်နိုင်တယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် တကာတကာမတို့ သမထသည် ငါဘုရားသာသနာတော်မှာ ဘုရားသခင် ကိုယ်တော်မြတ်ကြီးကရော အဋ္ဌကထာဆရာကရော သမထကြောင့်နိဗ္ဗာန်ရောက်တာမဟုတ်ဘူး သုသိမရေ....ဝိပဿနာကြောင့် နိဗ္ဗာန်ရောက်တာ၊ဝိပဿနာမဂ်ကြောင့် နိဗ္ဗာန်ရောက်တာဟာ-လို့ဆိုတာ သူသေသေချာချာ ဖေါ်ပြောတာ....(မှန်ပါ့)။

ငါဘုရားသာသနာတော်မှာ သမထကို အနှစ်သာရရှိတယ်လို့ သေသေချာချာဟောတာမဟုတ်ဘူး(မှန်ပါ့) သဘောကျပလား (ကျပါပြီ)ဘယ်ဟာကိုသာ အနှစ်သာရရှိတယ်လို့ ဟောသတုန်း ဆိုတော့ ဝိပဿနာမဂ်ကိုသာ အနှစ်သာရရှိတယ်လို့ ငါသေသေချာချာ ဟောတယ်ဆိုတာ ဒီနေရာမှာလာတာ-(မှန်ပါ့ဘုရား)။

ဒါကြောင့် တကာတကာမတွေ ဘုန်းကြီးပေးတဲ့ ဝိပဿနာအလုပ်ကို တကာတကာမတွေက မငြင်းဆန်ဘဲနဲ့ တောင်ကြိတ်ပဲမှ လုတ်ရတဲ့အလုပ်ဖြစ်ရလေသောကြောင့် ဒီခန္ဓာကိုယ် မကြည့်ယင်မဖြစ်ပါ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

ခန္ဓာကိုယ် ကြည့်လိုက်တဲ့အခါကျလို့ ရှိယင်ဖြင့် စိုက်သာကြည့်၊ အနိစ္စအချက်၊ ဒုက္ခအချက်၊ အနတ္တအချက်တွေ ပေါ်မှာပေါ့ဗျာ.... (မှန်ပါ့) ပေါ်လာလို့ ရှိယင်ဖြင့် တနေရာမှာတွေ့လိုက်လို့ ရှိယင်ဖြင့် တကာတကာမတွေစောင့်သာကြည့်နေ၊ တကိုယ်လုံးဟာ အနိစ္စအချက်တွေ အကုန်ပြောတော့မှာဘဲ....(မှန်ပါ့ဘုရား)။

ဦးခင်မောင် တနေရာတွေ့ဘို့အရေးကြီးတယ်(မှန်ပါ့)တနေရာ တွေ့ယင်ဘဲ ဒီဟာသဲလွန်စရလို့ လိုက်သွားသလိုပေါ့ဗျာ.... အကုန် မတွေ့ပေဘူးလား(မှန်ပါ့ဘုရား)။

အဲဒီလိုတွေ့တဲ့အခါကျလို့ ရှိယင်ဖြင့် သြော်.... အနိစ္စချည်းပါလား.... အနိစ္စဆိုတာ ဒုက္ခသစ္စာပါကလာ-....(မှန်ပါ့) အနိစ္စဆိုတာဘာတဲ့....(ဒုက္ခသစ္စာပါ့ဘုရား) အနိစ္စဟာ ဒုက္ခသစ္စာဘဲ၊ ဘာမှ ငြင်းမနေနဲ့....(မှန်ပါ့)

တကာတကာမတို့ ဒုက္ခသစ္စာဆိုတာ တခြားလား အောက်မေ့နေတယ်၊ မဟုတ်ပါဘူး- ဒီအနိစ္စဟာ ဒုက္ခသစ္စာဘဲ....(မှန်လှပါဘုရား) ရှင်းပလား....(ရှင်းပါပြီ)အနိစ္စဟာဘာတဲ့.... (ဒုက္ခသစ္စာပါဘုရား) အနိစ္စဟာ ဒုက္ခသစ္စာဘဲဆိုတော့ ခင်ဗျားတို့ခန္ဓာထဲမှာရှိလျက်နဲ့ တွေ့အောင်သာ ရှာပေတော့.... (မှန်ပါ့ဘုရား)။

အဲဒီမတွေ့တာကတော့ ဘုန်းကြီးက ဒီနေ့ သုသိမ အသာကလေးထားပြီးတော့ ဆုံးမှာမဟုတ်လို့ မတွေ့တာက ခင်ဗျားတို့မှာ ဒါက....တကာတကာမတွေ့ ဉာဏ်ဆိုပါတော့ဗျာ၊ မဂ္ဂင်ငါးပါးနဲ့ ဆရာဘုန်းကြီးက ခင်ဗျားတို့ ကူညီထားတဲ့ ဒီနည်းနဲ့ ကြည့်ပါဆိုတဲ့ဉာဏ်၊ အဲဒီဉာဏ်ရှေ့မှာ ဦးခင်မောင် အဝိဇ္ဇာက တချက်ခံတယ်၊သဘောကျပလား....(ကျပါပြီ)။

ဒီဉာဏ်ရှေ့မှာ ဘယ်သူတချက်ခံသတုန်း....(အဝိဇ္ဇာတချက်ခံပါတယ်) အဝိဇ္ဇာရှေ့နားကတခါ ခန္ဓာက တချက်ခံတယ်....(မှန်ပါ့) ဒါ့ကြောင့် တကာတကာမတို့ ဟောဒီနိဗ္ဗာန်မပေါ်

လာတာ(မှန်ပါ့)ဟောဒီ ဒါနဲ့ ကြည့်လိုက်တဲ့အခါ ကျလို့ရှိယင် အဝိဇ္ဇာက တချက်ကွယ်ထားတယ်.... (မှန်ပါ့) အဝိဇ္ဇာဖယ်မှ ခန္ဓာကိုတွေ့မယ်....(မှန်ပါ့ဘုရား)ခန္ဓာ ဒုက္ခသစ္စာတွေ့မယ်။

အဲဒီ ခန္ဓာဒုက္ခသစ္စာဖယ်နိုင်မှ ဒီဘက်ကနိဗ္ဗာန်သွားတွေ့မယ် (မှန်ပါ့ဘုရား) ဒါနှစ်ချက် ဖယ်လိုက်ယင် ရပါတယ်.... (မှန်ပါ့ဘုရား) ပဌမ ဘာဖယ်ရမယ်....(အဝိဇ္ဇာဖယ်ရပါမယ်) ဒုတိလ ဘာဖယ်ရမယ်....(ခန္ဓာ ဖယ်ရပါမယ်ဘုရား)။

အဲ....ခန္ဓာဖယ်တော့ ခန္ဓာမရှိတဲ့အခါကျတော့ သူလာပေါ်တယ်....(မှန်ပါ့) နိဗ္ဗာန်ဟာ ဒါကြောင့် ဒီဥာဏ်နဲ့ဟာ တကာတကာမတို့ အနီးကလေးဆိုတာ မှတ်ပါ....(မှန်ပါ့)။

ဒါ....ဖယ်နည်း ရှာနည်းကို တကာတကာမတွေ နှုတ်ဖြန် သုသိမပရိဗိုဇ်ဝတ္ထုနဲ့တကွ သေသေချာချာ ရှင်းပြတော့ကို မင်ဥာဏ် ဖိုလ်ဥာဏ်အနီးကလေးဆိုတာ ပေါ်လာလိမ့်မယ်နော် (မှန်ပါ့)။

ကနေ့တော့ နာရီစေ့တဲ့အတွက် ဖတ်ကြဦးစို့....။

သာဓု....သာဓု....သာဓု....။

ကျေးဇူးတော်ရှင်, အဂ္ဂမဟာပဏ္ဍိတ

အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း- မိုးကုတ် ဆရာတော်ဘုရား

မန္တလေးမြို့၊ ဦးချစ်ဆွေ ဓမ္မာရုံ၌

ဟောကြားတော်မူသော

(ခန္ဓာခေါ်ရာ)

ဉာဏ်သွားရမည့်- တရားတော်

(၅-၃-၆၁)

တရားနာပြီးသည့်နောက်ကို ခန္ဓာဉာဏ်လှည့်ပါ၊ ခန္ဓာဉာဏ်လှည့်ပြီးသကာလ ခန္ဓာထဲမှာပြနေတဲ့တရားတွေကိုဉာဏ်နဲ့အမှန်သိအောင်လုပ်ပါလို့ဆိုတာ တိုက်တွန်းပါတယ်နော်.... (မှန်ပါ့ဘုရား)။

တရားကိုလဲ နာရမယ်၊ ခန္ဓာကိုလဲဉာဏ်လှည့်ရမယ်၊ ခန္ဓာထဲဉာဏ်နဲ့လှည့်လိုက်ပြီဆိုမှဖြင့် ခန္ဓာက ပြောပြပါလိမ့်မည်....ကျုပ်ဟာ အနိစ္စခန္ဓာကိုယ်ပါဘဲ၊ ကျုပ်ဟာ ဒုက္ခခန္ဓာကိုယ်ပါဘဲ၊ ကျုပ်ဟာ အနတ္တခန္ဓာကိုယ်ပါဘဲ၊ ကျုပ်ဟာ ဒုက္ခသစ္စာဘဲလို့ ခန္ဓာက ပြောပါလိမ့်မယ်.... (မှန်ပါ့ဘုရား)ဘယ်သူကပြောတာမှမယုံနဲ့ ခန္ဓာကပြောတာယုံပါ....(မှန်ပါ့)။

အဲဒီ ခန္ဓာကပြောပြီဆိုမှဖြင့် ဘုန်းကြီးတို့ တကာတကာမတွေက စိုက်ပြီးကြည့်ပါ....သူပြောတာကို....(မှန်ပါ့)။

ဒါကြောင့် တကာတကာမတွေ မမေ့ပါနဲ့၊ ဟေ ပဿိကော ဆိုတဲ့ဥစ္စာ သဘောကျတယ်မဟုတ်လား....(မှန်ပါ့ဘုရား) ခန္ဓာ

က ဘယ်လိုမျှား ခေါ်လေ့ ပြောလေ့ရှိပါလိမ့်.... (ဟေ ပဿီကောလို့ ခေါ်ပါတယ်ဘုရား)။

အဲ....လာပါ ရှုပါလို့ ခဏခဏ ခန္ဓာက ခေါ်တယ်....နော် (မှန်ပါ့) ဟေ=လာခဲ့ပါ၊ ပဿ=သူ့ကိုရှုပါ၊ ခန္ဓာက မခေါ်ဘူးလား....(ခေါ်ပါတယ်ဘုရား)။

အဲဒီကဲ့သို့ ခန္ဓာက အမြဲတန်းခေါ်နေတာဘဲ၊ အဲဒါလက်နဲ့ မသွားဘဲနဲ့ မျက်လုံးနဲ့မသွားဘဲနဲ့ ဥာဏ်ကလေးနဲ့ သွားပေးလိုက်စမ်းပါ....(မှန်ပါ့) ခန္ဓာကခေါ်တာ ဘာနဲ့ သွားရမယ်....(ဥာဏ်နဲ့သွားရပါမယ်ဘုရား)။

အဲဒါကြောင့် ဘုရားကလဲ သန္ဒိဋ္ဌိကော သာမံပဿိတဗ္ဗော=ကိုယ်တိုင်မြင်အောင်သွားပါ၊ သန္ဒိဋ္ဌိကောနဲ့ သွားလိုက်နော်....(မှန်ပါ့ဘုရား)။

သန္ဒိဋ္ဌိကောနဲ့ တကာ တကာမတွေက သွားလိုက်ပြီဆိုမှဖြင့် အခေါ်သမားနဲ့ အသွားသမားသည် အခေါ်သမားကလဲ အနိစ္စက ခေါ်မှာဘဲ၊ အသွားသမားက ဥာဏ်ဖြစ်ရမယ်.... (မှန်ပါ့ဘုရား)(

အခေါ်သမားက အနိစ္စ....(မှန်ပါ့ဘုရား)။

အသွားသမားက ဥာဏ်....(မှန်ပါ့ဘုရား)။

အခေါ်သမားက.... (အနိစ္စပါဘုရား)။

အသွားသမားက.... (ဥာဏ်ပါဘုရား)။

အဲဒီခေါ်ရာကို ဥာဏ်နဲ့သွားပြီဆိုမှဖြင့် တကာ တကာမတို့ကိုယ် ခန္ဓာအကြောင်း ကိုယ်ကောင်းကောင်းသိပါတယ်.... (မှန်ပါ့ဘုရား)မသိပေဘူးလား.... (သိပါတယ်ဘုရား)။

ကိုမြရွှေတို့ တကာ-ဦးဇင်ရင်တို့ မသိပေဘူးလား.... (သိပါတယ်ဘုရား) ခေါ်ရာကိုသာ အနိစ္စကခေါ်ရာကိုသာ ဥာဏ်ကသွားပေးပါ....(မှန်ပါ့)အနိစ္စခေါ်ရာကို (ဥာဏ်ကသွားပေးပါ)။

ခန္ဓာကိုယ် တကိုယ်လုံးကဖြင့် ဝေဒနာ ကြည့်လိုက်ပြန်လဲ ယားဘယ်လို့ ကြည့်လိုက်ပြန်လဲ ကြည့်သည်နဲ့တပြိုင်နက်တည်း ပျောက်သွားလို့ အနိစ္စခေါ်တာဘဲ....(မှန်ပါ့ဘုရား)။

စိတ်ကလေးတွေကလဲ ဘယ်စိတ်ပေါ်ပေါ် နောက်ကနေပြီး ကြည့်ပါဦးမယ်ဆိုပြီး သဒ္ဒိဋ္ဌကောနဲ့- သာမံပဿိတဇ္ဇော ဆိုတဲ့ အတိုင်း ကိုယ်တိုင်လဲ လိုက်ကြည့်လိုက်ပါရော တကာတကာမတို့ အနိစ္စက မရှိတာကဘဲ ကျုပ်ဖြင့် မရှိတော့ဘူး၊ ကျုပ်ဖြင့် သေပါပေါ့၊ မပြောဘူးလား.... (ပြောပါတယ်ဘုရား)။

အဲဒီလို ခန္ဓာက သူ့အသေကို သူပြောတဲ့အခါ ကျုပ်တို့ တကာ တကာမတွေ ဥာဏ်ကလေးနဲ့ လိုက်-လိုက်တဲ့အခါကျ လို့ရှိယင်ဖြင့် သူများအသေ ကိုယ်မြင်တာလား.... မိမိအသေ မိမိမြင်တာလားဆိုတာ အကဲခတ်တာပေါ့ဗျာ၊ ဘယ်လိုဆုံးဖြတ်ချက်ချကြမလဲ.... (မိမိအသေ မိမိမြင်တာပါဘုရား) မိမိအသေ မိမိမြင်တဲ့ ဥာဏ်ဘဲလို့ ဆိုလို ရှိယင် လွဲပါ့မလား.... (မလွဲပါဘုရား)။

အဲဒီတော့ မိမိအသေဆိုတာ ဘာပါလိမ့်မတုန်း.... ဆိုတော့ "မရဏမွံ ဒုက္ခသစ္စံ" ဆိုလဲဟုတ်တာဘဲနော်....(မှန်ပါ့)ဖြစ်ပျက်သည် ဒုက္ခသစ္စာဘဲလို့ ဆိုတာလဲ ဟုတ်တာဘဲ.... (မှန်ပါ့)။

ဘာဖြစ်လို့တုန်း...."သံခိတ္တေန ပဉ္စုပါဒါ နက္ခန္ဓာပိ ဒုက္ခာ" လို့ ဟောထားသောကြောင့် တကာ တကာမတွေ သိတဲ့အတိုင်း

တဲ့၊ ဒီခန္ဓာကိုယ်ကြီးကဖြင့် ဒုက္ခသစ္စာကြီးပါတည်း၊ ဒုက္ခသစ္စာအဖြစ်နဲ့ ခေါ်လေ့ပြောလေ့ ရှိပါတယ်..... (မှန်ပါ့)။

အဲဒီ ဒုက္ခသစ္စာအဖြစ်နဲ့ ခေါ်လေ့ ပြောလေ့ ရှိတာကို တကာ တကာမတွေက တဏှာနဲ့ မလိုက်နဲ့၊ ဒေါသနဲ့ မလိုက်နဲ့၊ ဥာဏ်နဲ့ လိုက်ပါလို့ သတိ ပေးလိုက်တယ်.... (မှန်ပါ့ဘုရား) တဏှာနဲ့ (မလိုက်ရပါဘုရား) ဥာဏ်နဲ့ (လိုက်ရပါမယ်) ဒေါသနဲ့.....(မလိုက်ရပါဘုရား)။

ယဲ့-ယဲ့လှုန်းလှုတယ်ဆိုပြီး ခန္ဓာကိုယ်က ဝေဒနာ ပေါ်နေတာ ယဲ့-ယဲ့လှုန်းလှုတယ် ဆိုပြီး ကုတ်လိုက်တဲ့ အခါကျတော့ ဒေါသနဲ့ လိုက်တယ်နော်.... (မှန်ပါ့) ယဲ့လိုက်တာ စိတ်မျဲ့ပျက်ပါပေါ့၊ ပခုံးကိုက ယဲ့တာဘဲ၊ ရင်ကိုက ယဲ့တာဘဲ၊ မျက်နှာကိုက ယဲ့တာဘဲ ဆိုယင်ဖြင့် စိတ်မျဲ့ပျက်ပါပေါ့--ဒေါသနဲ့ လိုက်တယ်နော်.... (မှန်ပါ့)။

အဲဒါကြောင့် ဟိ=လာခဲ့ပါ၊ ပဿ=ကျုပ်ကို ရှုပါလို့ ယဲ့တဲ့နေရာက ခေါ်ခေါ်၊ ဝမ်းထဲက စိတ်တွေက ခေါ်ခေါ်၊ မျက်လုံးစိတ်က ခေါ်ခေါ်၊ တကာ တကာမတွေက သန္ဒိဋ္ဌိကောကိုယ်တိုင်မြင်အောင် လိုက်ရမယ်၊ ဥာဏ်နဲ့ လိုက်ကြစမ်းပါနော်.... (မှန်ပါ့ဘုရား)။

ဘာနဲ့ လိုက်ကြမယ်.... (ဥာဏ်နဲ့ လိုက်ရမှာပါ)ဥာဏ်နဲ့ လိုက်ကြစမ်းပါဆိုတော့ ခန္ဓာကလဲ မခေါ်တဲ့အချိန် ရှိပါ့မလား (မရှိပါဘုရား) အဲ....ဥာဏ်က မလိုက်မိတဲ့ အချိန်ဖြစ်မှာစိုးလို့ ယနေ့ ဒီတရား စ,ပြောပါတယ်.... (မှန်ပါ့ဘုရား)။

ခန္ဓာကတော့ မခေါ်မရှိဘူးဆိုတာ သေသေချာချာ မှတ်ကြပါ....(မှန်ပါ့ဘုရား)ဥာဏ်က မလိုက်မိမှာ အင်မတန် စိုးရိမ်

ရတယ် တကာသစ်တို့နော်.... (မှန်ပါဘုရား) ဦးခင်မောင်တို့.... ဘာစိုးရိမ်ရပါလိမ့်(ဥာဏ်က မလိုက်မိမှာ စိုးရိမ်ရပါတယ်)။

ဥာဏ်မလိုက်လို့ရှိယင် ဒေါသ, တဏှာ လိုက်ပါလိမ့်မယ်....။ တဏှာလိုက်ယင် တဏှာဥပါဒါန် ကံဖြစ်ပါလိမ့်မယ်.... (မှန်ပါဘုရား) ဒေါသ လိုက်လို့ရှိယင် ဒေါသ သောက ပရိဒေဝ အဝိဇ္ဇာဆိုတာ ဖြစ်ပါလိမ့်မယ်....(မှန်ပါဘုရား)မဖြစ်ပေဘူးလား (ဖြစ်ပါတယ်ဘုရား)အဲဒီလိုဆိုတော့ ပဋိစ္စသမုပ္ပါဒ် ဆက်မသွားပေဘူးလား.... (ဆက်သွားပါတယ်ဘုရား)။

ဆက်သွားတော့ တဘဝ တခါတည်း ယားလိုက်တာနဲ့ တခါတည်း နာလိုက်တာနဲ့ ဟို....အနာဂါတ်ဘဝပါ ခန္ဓာကြီး ရတယ်....(မှန်ပါ)ဒုက္ခသစ္စာ ခန္ဓာကြီးနဲ့ ခင်ဗျားတို့အကျိုးပေး တွေ့ပြီး ဆုံနေရလိမ့်ဦးမယ်ဆိုတာ မသေချာဘူးလား....(သေချာပါတယ်ဘုရား)။

အဲဒါကြောင့် ဟေ ပဿိကောက ခေါ်တာကို ဘာနဲ့လိုက်ကြမယ်(သန္ဒိဋ္ဌိကောနဲ့လိုက်ရပါမယ်ဘုရား)။

သန္ဒိဋ္ဌိကောနဲ့ လိုက်လိုက်တဲ့ အခါကျလို့ရှိယင်ဖြင့် .... တဲ့ တကာ တကာမတို့ ဥပမာ-ယားနေတဲ့နေရာကလေး ပခုံးကယားတယ်၊ ယားတာကလေး ဥာဏ်နဲ့ လိုက်လိုက်တဲ့ အခါကျလို့ရှိယင်ဖြင့် သြော်....ယားတာ ကလေးဟာလဲ ဖြစ်ပြီး ပျက်သွားတာဘဲလို့ ဥာဏ်ကလေးက မသိလိုက်ဘူးလား.... (သိလိုက်ပါတယ်ဘုရား)။

သိလိုက်တော့ ယားခြင်းကြောင့် ဒေါသ သောက ပရိဒေဝ နောက်က လိုက်သေးရဲ့လား.... (မလိုက်ပါ) အဲ.... ဥာဏ်နဲ့ လိုက်-လိုက်တဲ့အတွက် အကုသလိကောဆိုပြီး ဒေါသ သောက

ပရိဒေဝတွေ ချုပ်သွားတယ်....(မှန်ပါ့)မချုပ်ဘူးလား....(ချုပ်ပါတယ်ဘုရား)။

အဲ....အကာလိကော အခါမလင့် အကျိုးပေးပစ်လိုက်တော့ တကာ တကာမတွေ့ အပါယ်သွားမည့် တရားတွေ့ ဝင်ခွင့်ရသေးရဲ့လား....(မရပါ) အဲဒီ့ အပယ်သွားမည့် တရားတွေ့ ဝင်ခွင့်မရတာ အကာလိကောလို့ မှတ်လိုက်စမ်းပါနော်....(မှန်ပါ့ဘုရား)။

ဒါဖြင့် တကာ တကာမတွေ့ ဒီဥစ္စာ သုံးလေးခါရှိပြီ ဆရာက-ဟောဒါက ခန္ဓာ၊ ခန္ဓာက ဟိပဿိကော၊ ဥာဏ်က ဘာတုန်း....(သန္ဒိဋ္ဌိကောပါ)သန္ဒိဋ္ဌိကော၊အဲဒီတော့ ဟိပဿိကောခေါ်ရာကို ဘာနဲ့လိုက်ရမလဲ....(သန္ဒိဋ္ဌိကောနဲ့ လိုက်ရပါမယ်) သန္ဒိဋ္ဌိကောနဲ့လိုက်ရမယ်ဆိုတာ မသေချာဘူးလား....(သေချာပါတယ်ဘုရား)။

ဒီလို လိုက်-လိုက်တဲ့အခါကျတော့ ဥာဏ်နဲ့ လိုက်-လိုက်တော့ ဖြစ်ပျက် ဝိပဿနာမဂ်၊ သွားမကိုက်ဘူးလား....(ကိုက်ပါတယ်ဘုရား)။

ကိုက်တဲ့အခါကျတော့ ဒေါသနဲ့ မလိုက်တဲ့အတွက် ယားလိုက်တာ ကျုပ်ဖြင့် စိတ်ကိုပျက်လို့ဆိုတဲ့ ဒေါသ သောကပရိဒေဝတွေကော လာသေးရဲ့လား....(မလာပါဘုရား)။

ဥာဏ်နဲ့ လိုက်-လိုက်တော့ မလာဘူး၊ မလာတော့ဒီတရားတွေဟာ မကောင်းတဲ့တရားတွေဟာ တခါတည်းတကာတကာမစော့ သန့်စာန် ချုပ်မသွားဘူးလား.....(ချုပ်သွားပါတယ်ဘုရား)။

အဲဒါ အကာလိကော=အခါမလင့် အကျိုးပေးချလိုက်တာ (မှန်ပါ့ဘုရား)သဘောကျပလား....(ကျပါပြီ)ဝမ်းထဲအကုသိုလ်တရားတွေ ရှိသေးရဲ့လား....(မရှိပါ) ဒါ ဘာပါလိမ့်ဗျာ....(အကာလိကောပါဘုရား)။

အကာလိကော = အခါမလင့်အကျိုးပေး ပစ်လိုက်တယ် ချက်ခြင်းလိုက်လိုက်လို့နော်၊ မလိုက်ယင် ဒီလိုဖြစ်မယ် မဟုတ်ဘူးဆိုတာ သေချာကြပလား....(သေချာပါတယ်ဘုရား။)

အဲဒါကြောင့် တကာ တကာမတွေ့ ဒါ အလုပ်တရားကို စ-ပြီးပေးနေပါတယ်....((မှန်ပါ့) အလုပ်တရား ဒီအတိုင်းလိုက်ရမယ်ဆိုတာ သေချာပလား....(သေချာပါပြီဘုရား)။

ဟိုပဿီကောက....(အခေါ်သမားပါဘုရား)။

သန္ဒိဋ္ဌကောက....(အလိုက်သမားပါဘုရား)။

အကာလိကောဆိုတာက အကျိုးပေး အထမြောက်တာ....(မှန်ပါ့)အကာလိကောက...(အကျိုးပေးအထမြောက်တာပါ) လုပ်ခြင်းကြောင့် အပါယ်တံခါးပိတ်တယ်၊ အပါယ်သွားမည့်တရားတွေ့ အကုန်ပိတ်သွားတယ်....(မှန်ပါ့) လုပ်လို့ရတာ၊ မလုပ်တဲ့ပုဂ္ဂိုလ် အပါယ်တံခါးပိတ်တယ်လို့ ဆိုနိုင်ပါ့မလား (မဆိုနိုင်ပါဘုရား)။

အဲဒါတွေ့ ဥာဏ်နဲ့လိုက်ပြီးကြည့်တော့မှ သြော် ....ဒီသည်ကားလို့ ဆိုလို့ရှိယင်ပြင့် တရားဂုဏ်တော်ဟာ သွက္ခတောဘဂဝတာ ဓမ္မော=ဘုရားက ကောင်းအောင် ဟောပါလျက်သားနဲ့ ဒို့က အသုံးမချတတ်လို့ ခက်နေတယ်.... (မှန်ပါ့) ဘုရားကဘာတဲ့....(ကောင်းအောင်ဟောပါတယ်ဘုရား)။

"သဋ္ဌာတော ဘဂဝတာ ဓမ္မော" ဘဂဝတာ=မြတ်စွာဘုရားသခင်သည်၊ ဓမ္မော=တရားကို၊ သဋ္ဌာတော=ကောင်းအောင်ကို ဟောနေတယ်၊ နိဗ္ဗာန်ရောက်အောင်ကို ကျင့်စဉ်ဟောပါတယ်နော်.... (မှန်ပါ့) ဘယ်လိုမျိုး ဟောလိုက်ပါလိမ့်.... (နိဗ္ဗာန်ရောက်အောင် ဟောပါတယ်ဘုရား)။

နိဗ္ဗာန်ရောက်တဲ့ ကျင့်စဉ်ကို ဟောလိုက်ပါလျက် သားနဲ့တကာ တကာမတွေက မကျင့်တတ်ဘဲ ဖြစ်ပြီး မသုံးတတ်ဘဲ ဖြစ်ပြီးသကာလ နေသောကြောင့် ဒီနေ့ ဒီဥစ္စာကို ဇမောင်မြတို့ ဆက်ပြောမယ်နော်.....(မှန်လှပါဘုရား)။

ကဲ....တကာ တကာမတို့ ဟေ ပဿိကောဆိုတာက ခန္ဓာက အနိစ္စက အခေါ်သမား.... (မှန်ပါဘုရား) သန္ဒိဋ္ဌိကောက.... (အလိုက်သမားပါဘုရား) အကာလိကောက.... (အခါမလင့်အကျိုးပေးပါတယ်ဘုရား)။

အခါမလင့် အကျိုးပေးတယ်ဆိုတာ အပါယ်တံခါးပိတ်ပေးတာ.... (မှန်ပါဘုရား) ရှင်းကြပလား..... (ရှင်းပါပြီ) ဘာပါလိမ့်....(အပါယ်တံခါး ပိတ်ပေးတာပါဘုရား)။

အဲဒီတော့ အပါယ်တံခါး ပိတ်ချင်ပါတယ် ဆိုတဲ့ဥစ္စာ သန္ဒိဋ္ဌိကော-လိုက်မှာဲပိတ်တယ်.... (မှန်ပါဘုရား) သန္ဒိဋ္ဌိကောမလိုက် လို့ရှိယင် (မပိတ်ပါဘုရား)မပိတ်နိုင်ဘူးဆိုတာ သေချာပလား (သေချာပါပြီ ဘုရား)။

အဲဒါကြောင့် တကာ တကာမတွေက ပေါ့ပေါ့ တန်တန် မနေပါနဲ့၊ အခု-ဒီနေ့ပြောတာ တရားစ,ကာရှိသေးတယ်၊ သုံးလုံးခင်ဗျားတို့ ဉာဏ်ထဲမှာရောက်သွားပြီ....(မှန်ပါဘုရား) မရောက်သေးဘူးလား....(ရောက်ပါပြီဘုရား)။

ဒီဟာကလေးက ဘာတဲ့.... (ဟေ့ ပဿိကောပါဘုရား) လာပါ ရှုပါလို့ ဒါခန္ဓာက ခေါ်တယ်....နော်.... (မှန်ပါ့) ခန္ဓာကခေါ်တော့ ဘာနဲ့လိုက်ကြမယ်.... (သန္ဓိဋ္ဌကောနဲ့ လိုက်ရပါမယ်ဘုရား)။

အသန္ဓိဋ္ဌကောဆိုတာ သာမပဿတပ္ပေါ၊ သာမ=ကုယ်တိုင်၊ ပဿိတပ္ပော=ဘာပါလိမ့်မတုန်းလို့ မြင်အောင်လုပ်ပါ.... (မှန်ပါ့ဘုရား) ဘာပါလိမ့်မတုန်းလို့ မြင်အောင် လိုက်-လိုက်တဲ့ အခါကျတော့ ဘာတွေ့သတုန်း ဒီနေရာ....(အကာလိကော တွေ့ပါတယ်) အနိစ္စဘဲတွေ့တယ်....(မှန်ပါ့)။

ရှိတာတွေ့သလား- ဖြစ်ပြီး မရှိတာ တွေ့သလား.... (မရှိတာတွေ့ပါတယ်ဘုရား) ဒါဖြင့် ဉာဏ်နဲ့ လိုက်-လိုက်တော့ မရှိတာတွေ့တော့ မရှိတာက အနိစ္စ၊ ဉာဏ်ကလေးက....(မဂ္ဂပါဘုရား)။

ဟော....ဉာဏ်က မဂ္ဂဖြစ်သွားတော့ မင်္ဂသည် ကိလေသာကို ဖြတ်ပါတယ်လို့ ဆိုတော့ မင်္ဂလိုက်တဲ့အတွက် ဒီဘက်က အကာလိကော=အခါမလင့် အကျိုးပေးတဲ့ အပါယ်သွားတဲ့ တရားတွေ့ လာသေးရဲ့လား.... (မလာပါ ဘုရား) သေချာ ပလား.... (သေချာပါပြီဘုရား)။

ဒါဖြင့် ဒီသုံးလုံးဟာ တကာ တကာမတွေ့က စဉ်းစားကြည့်စမ်းပါလား၊ ဩော်....ဒို့သည်ကားလို့ ဆိုယင် နှစ်လုံးက အလုပ်လုပ်ရမယ်၊ တလုံးက အလိုလိုပြီးတယ်.... (မှန်ပါ့ဘုရား) နှစ်လုံးကတော့ အလုပ်လုပ်ရမယ်....(မှန်ပါ့ဘုရား)။

သူကတော့ ခေါ်လိမ့်မယ်၊ ဉာဏ်နဲ့ လိုက်ရမှာ၊ တဏှာနဲ့ မလိုက်နဲ့- ဒေါသနဲ့ မလိုက်နဲ့၊ မောဟနဲ့ မေ့မနေနဲ့....(မှန်ပါ့ဘုရား) ရှင်းပလား.... (ရှင်းပါပြီ) တဏှာနဲ့လဲ.... (မလိုက်

ရပါ)ဒေါသနဲ့လဲ.... (မလိုက်ရပါ) မောဟနဲ့လဲ မေ့မနေနဲ့....
(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။
ဤကဲ့သို့ ဒီသုံးချက်ရှောင်ပြီး ဦးခင်မောင် သန္ဓိဋ္ဌကော....
သာမံ ပဿ တဗ္ဗော ဆိုတဲ့အတိုင်း ကိုယ်တိုင်ဉာဏ်နဲ့သာလိုက်၊
ကိုယ်တိုင်မြင်အောင် လိုက်-လိုက်စမ်းပါ....(မှန်ပါ့ဘုရား)။
လိုက်-လိုက်လို့ရှိယင်ဖြင့် ၁-ခေါ်ရာကို ၂-က လိုက်,လိုက်လို့
ရှိယင် ၃-ဟာ အလိုလို ကိစ္စပြီးဘယ်....(မှန်ပါ့ဘုရား) ၃-ဟာ
အပယ်တံခါးပိတ်တာ ဘယ်နှယ်တုန်း....(ကိစ္စပြီးပါတယ်ဘုရား)
အလိုလိုကိစ္စပြီးပါတယ်ဆိုတာ ကောင်းကောင်း ကျေနပ်ပလား-
(ကျေနပ်ပါပြီဘုရား)။
အဲဒါကြောင့် တကာတကာမတို့ အခုပြလိုက်သဖြင့် သွေ....
သမထ ပါနေသေးသလားဆိုတာ ဒီအထဲ ကျည့်လိုက်....(မပါ
ပါဘုရား)မပါတော့ဘူး။
ပါသေးရဲ့လား (မပါတော့ပါဘုရား) မပါတော့ဘူး-သမထ
မပါတော့ဘူး၊ မနေ့က ဘုန်းကြီးက စကားခင်းထားခဲ့တယ်၊
ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟေ့....သူသိမ ငါဘုရား၏
သာသနာတော်မှာ သမထကြောင့် နိဗ္ဗာန်ရောက်တာ မဟုတ်
ဘူးကွ။
သမထ၏ အကျိုးကြောင့် နိဗ္ဗာန်ရောက်တာ မဟုတ်ဘူး၊
ဝိပဿနာကြောင့် နိဗ္ဗာန်ရောက်တာလို့ ဆိုတာလဲ ဘုရားသခင်
ကိုယ်တော်မြတ်ကြီး အလိုတော်ကျ ပြောလိုက်တဲ့ အင်္ဂကထာ
ဆရာတွေကလဲ ဤအဘိုင်းပြောလို့ ဒီမှာ ရှေ့ပိုင်းမှာ အလုပ်
ပြတာ အဲဒါ သွားချင်လို့....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါ
ပြီဘုရား)။

ဒါဖြင့် ဒါက ဘာတဲ့.... (ဧဟိပဿိကောပါဘုရား) ဧဟိပဿိကော ဆိုတော့ ခန္ဓာက ခေါ်တယ်....(မှန်ပါ့)မခေါ်ဘူးလား....(ခေါ်ပါတယ်ဘုရား)။

ခန္ဓာက ခေါ်တဲ့ အခါကျတော့ မယုံယင် တကာတကာမတွေက ညအခါ ကြမ်းပိုးကလေးဖြစ်ဖြစ် သန်းကလေးဖြစ်ဖြစ် ကိုက်လို့ရှိယင် လက်ကလေးနဲ့မလိုက်ဘူးလား....(လိုက်ပါတယ်ဘုရား)ခေါ်လို့သွားတာ....(မှန်ပါ့)မခေါ်ယင် သွားကိုမသွားဘူး....(မှန်ပါ့ဘုရား)လက်နဲ့သွားတာ တကာတကာမတို့မသွားဘူးလား....(သွားပါတယ်ဘုရား)။

အဲဒါ ဘယ်သူက ခေါ်သတုန်း....(ခန္ဓာကပါဘုရား)ဧဟိပဿိကော ဆိုတဲ့ ခန္ဓာကခေါ်တယ်၊ ဝေဒနာကခန္ဓာက- နေပြီး ခေါ်နေတယ်.... (မှန်ပါ့) ကျုပ် ယားတယ်-ယားတယ် လာဖျောက်ပေးပါ-မခေါ်ဘူးလား....(ခေါ်ပါတယ်ဘုရား)။

အဲဒီတော့ ခန္ဓာ အခေါ်သမားသက်သက်ဘဲဆိုတာ အဲဒါလက်နဲ့ လိုက်တာကတော့ ပျောက်ခြင်း အလိုရှိတဲ့ တဏှာနဲ့ လိုက်တာ.... (မှန်ပါ့ဘုရား) ယားတာပျောက်ခြင်း အလိုရှိတဲ့ဘာနဲ့လိုက်တာတုန်း...း...(တဏှာနဲ့လိုက်တာပါဘုရား)။

အဲ....တဏှာနဲ့မလိုက်နဲ့တဲ့ကွ၊ ဘုရားက တဏှာနဲ့လိုက်လို့ရှိယင် တဏှာ ဥပါဒါန် ကံ သွားလိမ့်မယ်....(မှန်ပါ့ဘုရား)ရှင်းပလား....(ရှင်းပါပြီ)တဏှာနဲ့လိုက်ယင်....(တဏှာ ဥပါဒါန် ကံ သွားပါလိမ့်မယ်ဘုရား)။

"တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ကမ္မဘဝေါ၊ ကမ္မဘဝပစ္စယာ ဇာတိ" ဆိုတော့ ဇရာမရဏ မသွားပေဘူးလား

(သွားပါတယ်ဘုရား) ဒါနဲ့ ဘာနဲ့ လိုက်လိုက်လို့ ပါလိမ့်.... (တဏှာနဲ့လိုက်လိုက်လို့ပါဘုရား)။

ကဲ....ဒါဖြင့် ဘုရားကရော၊ ဆရာဘုန်းကြီးကရော ဘာနဲ့ လိုက်ရမဲ့တုန်း....(ဉာဏ်နဲ့လိုက်ရမှာပါဘုရား)ဘယ်ပါဠိတော်က ဟောထားသတုန်း.... (သန္ဒိဋ္ဌိကောပါဘုရား) သန္ဒိဋ္ဌိကော သာမံ=ကိုယ်တိုင်(၀ါ)ဉာဏ်နဲ့ ကိုယ်တိုင်၊ ပဿံတဗ္ဗော=မြင်အောင်လိုက်ပါ။

မင်း မြင်အောင်လိုက်ပါဆိုတာ ကိုယ်တိုင်မြင်အောင် လိုက်ပါ(မှန်ပါ့)ကိုယ်တိုင်ဉာဏ်နဲ့မြင်အောင်လိုက်ပါဆိုတာ သဘောကျကြပလား....(ကျပါပြီဘုရား)ဉာဏ်နဲ့မြင်အောင် လိုက်လိုက်တော့ ဘာတွေ့သလဲ....(အနိစ္စတွေ့ပါတယ်ဘုရား)။

ဒါဖြင့် တွေ့တာက အနိစ္စ၊ ဟုတ်လား.... (မှန်ပါ့) လိုက်တဲ့ဉာဏ်က(မဂ္ဂပါဘုရား)ဒီဘက်က ခုနင်က အပါယ်သွားကြောင်း တရားတွေ့ချုပ်တာကဘာတဲ့တုန်း....(နိရောဓ)သမုဒယချုပ်တာဆိုချင်ဆို၊အကာလိကော=အခါမလင့် အကျိုးပေးတာလို့....ဆိုချင်ဆို၊ အတည့်ချည်းဘဲ.... (မှန်ပါ့ဘုရား) ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ကိုင်း....ဒါဖြင့် ဒါက ဝိပဿနာရှုစရာ၊ ဒါကဝိပဿနာရှုတာ၊ ဒီဘက်က ချုပ်သွားတာက ဝိပဿနာ ရှုခြင်းကြောင့် အကျိုးပေးတာ.... (မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒီဘက်က ဝိပဿနာရှုစရာ.... (မှန်ပါ့) တကာတကာမတို့အပြကိုလဲကြည့်၊ ဒါမှ ခင်ဗျားတို့ အကုန် ရှုတတ်မယ်နော်.... (မှန်ပါ့ဘုရား)။

ဒီအလုပ်ကို အခုပြောတာမှ နားမလည်တော့ပါဘူး....ဘာ များပြောနေပါလိမ့် ဆရာဘုန်းကြီးကဆိုလို့ရှိယင်ဖြင့် ခင်ဗျား တို့ ကိုယ်ကျိုးနည်းပြီ အောက်မေ့ပါ....(မှန်ပါဘုရား) ဦးခင် မောင် ဘယ်လိုမှတ်ကြမယ်....(ကိုယ်ကျိုးနည်းပါပြီဘုရား)။

ကိုယ်ကျိုးနည်းပြီဆိုတာက ခန္ဓာကခေါ်ရာကို ခန္ဓာဆိုတာ က ခန္ဓာငါးပါးရှိတယ်၊ ရူပက္ခန္ဓာက ခေါ်ချင်ခေါ် လိုက်လိမ့် မယ်...(မှန်ပါ့) ဝေဒနာက္ခန္ဓာကကော....(ခေါ်ပါတယ်ဘုရား) သညာက္ခန္ဓာကကော.... (ခေါ်ပါတယ်ဘုရား) သင်္ခါရက္ခန္ဓာက ကော(ခေါ်ပါတယ်ဘုရား) ဝိညာဏက္ခန္ဓာဆိုတဲ့ စိတ်ကကော.... (ခေါ်ပါတယ်ဘုရား)ခေါ်ချင်ရာခေါ်၊ ခင်ဗျားတို့က ဥာဏ်နဲ့ ချည်းလိုက်ရမယ်....(မှန်ပါဘုရား)။

ဥာဏ်နဲ့ချည်း လိုက်လိုက်လို့ရှိယင် ခေါ်တာဟူသ၍သည် အနိစ္စချည်းဘဲ....(မှန်ပါ့)လိုက်တာ ဟူသ၍သည် မဂ္ဂချည်းဘဲ၊ (မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒီတော့ ခေါ်ရာကို လိုက်ခဲ့သည်ရှိသော် အကာလိကော ဆိုတဲ့ ခင်ဗျားတို့အပါယ်သွားကြောင်း တရားဘွဲ့ဟာ အလိုက် ကောင်းလို့ ချုပ်သွားတယ်....(မှန်ပါ့)အလိုက် မကောင်းယင် (မချုပ်နိုင်ပါ) မချုပ်နိုင်ဘူးဆိုတာ သေချာပလား....(သေချာ ပါပြီဘုရား)။

ကိုင်း....ဒါဖြင့် ဒါကရှုစရာနော်....(မှန်ပါ့)ဒါက ရှုတာ၊ ဒါ ကရှုခြင်းကြောင့် အကျိုးပေးတာ(မှန်ပါ့) သဘောကျပလား- (ကျပါပြီ) ဒါက ဘာပါလိမ့်.... (ရှုစရာပါ) ဒီဘက်က....(ရှုတာ ပါ)အင်း....ဟင်....ဒီဘက်ကကော....(ရှုခြင်းကြောင့်အကျိုးပေး တာပါဘုရား)။

မိုးကုတ်ဝိပဿနာ လုပ်ငန်းစဉ်တရား (၅)

ရှုခြင်းကြောင့် အကျိုးပေးတာ ခင်ဗျားတို့ အပါယ်တံခါး ပိတ်ပစ်လိုက်တယ်(မှန်ပါ့)အပါယ်တံခါး ပိတ်ပြီးသကာလ ဒီမင်္ဂ နိဗ္ဗာန်တံခါးကို အရောက်ပို့ပေးလိုက်တယ် (မှန်ပါ့)သဘော ကျပလား...,..(ကျပါပြီ)။

သြော်....ဒါဖြင့် တရားစ့ကာရှိသေးတယ်၊ ဒို့မှာ ဒီအတိုင်း လုပ်လို့ရှိယင်ဖြင့် နိဗ္ဗာန်ဆိုတဲ့-ဒုက္ခခပ်သိမ်း ကင်းငြိမ်းတဲ့ နိဗ္ဗာန် တထောင့်ငါးရာ ကိလေသာ ချုပ်ငြိမ်းတဲ့ နိဗ္ဗာန် ဇာတိဇရာမရဏာ တို့၏ ကုန်ရာဆုံးရာဖြစ်တဲ့ နိဗ္ဗာန်ဟာ၊ သြော်....မရောက်မရှိတော့ ဘူး၊ ဒီအတိုင်း လိုက်ရုံဘဲ.... (မှန်ပါ့ဘုရား) ပေါ်ကြပလား.... (ပေါ်ပါပြီ) ဒီအတိုင်း ကြိုးစားကြပါဆိုတာဖြင့် တိုက်တွန်းပါ တယ်....(မှန်ပါ့)။၊

ကဲ....သန္ဒိဋ္ဌိကော ,ဆုံပ,,,,, သာမံပဿိတဗ္ဗော= ကိုယ်ပိုင် ဉာဏ်နဲ့လိုက်ရမှာ-(မှန်ပါ့ဘုရား)သမထ ပါသေးသလား....(မပါ ပါဘုရား)ပါတော့ ပါတယ်ထား၊ ခေါင်းမဆောင်နိုင်တော့ဘူး-(မှန်ပါ့)ခေါင်းဆောင် နိုင်သေးရဲ့လား-(မဆောင်နိုင်ပါဘုရား)

ခေါင်းမဆောင်တော့ဘူး....တဲ့၊ တကာ တကာမတို့ သမထ ခေါင်းမဲဆောင်ဘူး သမထက နောက်လိုက်ဖြစ်နေတယ်၊ မကင်း ရာ မကင်းကြောင်း သဟဇာတအဖြစ်နဲ့လိုက်တာ....(မှန်ပါ့)။

သဟဇာတ အဖြစ်ဆိုတဲ့ဥစ္စာ ရေယူရာမှာ ဦးခင်မောင်ရေ.... ခွက်က မကင်းလို့ပါလာတာ-(မှန်ပါ့) ရေယူတာဟာ ကျုပ်တို့ ရေသောက်ချင်တာလား.... ခွက်သောက် ချင်တာလား....ပြောစမ်းပါဦး.... (ရေသောက်ချင်တာပါဘုရား)။

သို့သော်....မကင်းတရားအဖြစ်နဲ့တော့ ခွက်နဲ့ယူမှ သောက်ရတဲ့အတွက် ဟုတ်လား--၊ သောက်ရတာကတော့ ခွက်သောက်ရတာမဟုတ်ပါဘူး....(မှန်ပါ့) ဘာသောက်ရတာတုန်း.... (ရေသောက်ရတာပါဘုရား)။

ဒါဖြင့် တကာ တကာမတို့ ခွက်က အမောပြေတာလား.... ရေက အမောပြေတာလား.... (ရေက အမောပြေတာပါဘုရား) အဲဒီမှာလဲတဲ့ သမထဆိုတဲ့ သူနဲ့ တဲ့နေတဲ့ သတိတို့ ဝိရိယတို့ သမာဓိတို့က သမထတွေ ပါဘဲတဲ့၊ မကင်းလို့ ခွက်အဖြစ်နဲ့ပါလာတာ....(မှန်ပါ့)။

တကယ် ကျုပ်တို့က ကိလေသာ အမောပြေအောင်ကတော့ တကာ တကာမတွေ....ဝိပဿနာ ပညာတည်းဟူသော ရေကမှ ကိလေသာ အမောကို ဖျောက်စေနိုင်တယ်.... (မှန်ပါ့ဘုရား) ပေါ်ပလား....(ပေါ်ပါပြီ) ရှင်းပြီနော်.... (ရှင်းပါပြီ)။

အဲဒါ သေသေချာချာ ဝတ္ထုသက်သေသာဓကနဲ့လဲ ထုတ်ပြပါဦးမယ်၊ တကာ တကာမတို့ သုသိမ ပရိဗိုဇ် ဟောတဲ့ နေရာဌာနရှင်းပါလိမ့်မယ်....နော်....(မှန်ပါ့ဘုရား)။

ကိုင်း-ဒါဖြင့် ဒီအလုပ်ကို တကာ တကာမတို့ ရှင်းသွားပလား (ရှင်းပါပြီ)။

ဒါက ဘာတဲ့.... (ဟိပဿိကောပါ) ဧဟိ-က ဘာတုန်း.... (လာပါ)ပဿ'က ဘာတုန်း-(ရှုပါ) ဟော-သူကဖြင့် လာပါရှုပါ လာပါ-ရှုပါလို့ ဦးခင်မောင်.... ခေါ်နေတယ်....(မှန်ပါ့ဘုရား)။

ဦးခင်မောင်က ကျောပေးနေယင်တော့ မတတ်နိုင်ဘူး-(မှန်ပါ့)တကာ တကာမတွေက ကျောပေးနေယင်....(မတတ်နိုင်ပါ)

သူကတော့ မခေါ်ဘူးလား.... ခေါ်သလား.... (ခေါ်ပါတယ်ဘုရား)။

အဲသူခေါ်တာကို ကျောပေးပြီး သကာလ မနေပါနဲ့ ခင်ဗျားတို့က၊ ဥပမာ-သူကခေါ်ရှာတယ်၊ ထမင်းဆာတယ်၊ တကာတကာမတို့ ထမင်းဆာတယ်ဆိုတော့ ဆာလောင် မွတ်သိပ်တတ့် လော်ဘသော်ငင်း၊ ဆာလို့ သည်းမခံနိုင်တဲ့ ဒေါသ သော်ငင်း၊ ဝမ်းထဲက မခေါ်ဘူးလား.... (ခေါ်ပါတယ်ဘုရား)။

သြော်....ဒါဖြင့် ဆာလောင် မွတ်သိပ်တဲ့ ဒေါသကလေးဟာလဲ ဖြစ်ပြီး ပျက်တာဘဲ အနိစ္စလို့ ဉာဏ်နဲ့ လိုက်ရမယ် မဟုတ်ဘူးလား-(မှန်ပါဘုရား)အို....ကျုပ်ဖြင့် ထမင်းဆာလိုက်တာ စိတ်ကို ပျက်လို့ ဆိုတော့ ဒေါသနဲ့ သွားလိုက်တာ- (မှန်ပါ) အလိုက်ကလဲနေတယ်....(မှန်ပါ) သဘောကျပလား....(ကျပါပြီ)။

အဲဒီလို ဒေါသနဲ့ အလိုက်လဲတဲ့ အခါကျတော့ မယားက ထမင်းကမကျင်သေး၊ ယောကျ်ားကလဲ ထမင်းဆာ၊ ရန်ဖြစ်ရုံရှိတော့တယ်....(မှန်ပါဘုရား) မလိုက်တတ်လို့ ပေါ့ဗျာ.... (မှန်ပါဘုရား) မလိုက်တတ်တော့ ကိုမြရှေ ဘယ်နှယ်ဖြစ်ကုန်သလဲ....(ရန်ဖြစ်ပါတယ်ဘုရား)။

အဲဒါ ခင်ဗျားတို့ကရန်တော့ဖြစ်တတ်တယ်တဲ့၊ ရန်ပြေအောင်တော့ မလုပ်တတ်ဘူး.... ' (မှန်ပါဘုရား) သဘောကျပလား....(ကျပါပြီ)အခု ရန်ပြေနည်း-နည်းရပါပလား....(ရပါပြီဘုရား)။

ထမင်းဆာတယ်ဆိုတော့ လောဘကလေးဟာ ဖြစ်ပြီးပျက်တာဘဲလို့ သန္ဒိဋ္ဌိကောနဲ့ လိုက်-(မှန်ပါ) မလိုက်ရပေဘူးလား....(လိုက်ရပါတယ်ဘုရား) သူက ဟိုပဿိကောကိုး၊ ဆာမှန်းသိအောင်ကို ပြောနေတာ....(မှန်ပါ)။

ကျုပ်ဆာပြီ၊ ကျုပ်ဆာပြီ၊ ကျုပ်ဆာပြီ၊ ခင်ဗျားတို့ လာခဲ့ကြ-လာခဲ့ကြ, လာခဲ့ကြလို့ မခေါ်ဘူးလား.... (ခေါ်ပါတယ်ဘုရား) အဲဒါ-ခင်ဗျားတို့က ဒေါသနဲ့သွားလို့က် လောဘနဲ့သွားဒို့က်၊ ဥာဏ်နဲ့မှ မသွားလို့က်ဘဲ.... (မှန်ပါ့ဘုရား)။

ဥာဏ်နဲ့ သွားလို့က်တော့ ဆာလောင် မှတ်သိတ်တာကလေး က ပြေပြီးပျက်တယ်.... (မှန်ပါ့) အနိစ္စက ခေါ်တယ်ဆိုတော့ ဦးဇင်္ဃရင် မမိဘူးလား....(မိပါတယ်ဘုရား)။

ဪ....ဒါဖြင့် ထမင်းဆာတဲ့အခါကော သွားတတ် လာတတ်ပလား ...(သွားတတ် လာတတ်ပါပြီဘုရား)ဘာနဲ့သွားကြမယ်-(ဥာဏ်နဲ့သွားပါမယ်) ဥာဏ်နဲ့သွားရမယ်၊ ဆာတာကတော့ ခေါ်တာအမှန်ဘဲနော်.... (မှန်ပါ့ဘုရား)။

ခြင်္ကလေးကိုက်တယ်, ကိုက်တဲ့နေရာ ဒုက္ခဝေဒနာကလေးက အယား ဖျောက်ပေးပါလို့ မခေါ်ဘူးလား.... (ခေါ်ပါတယ်ဘုရား)အဲဒါ-ခင်ဗျားတို့က လက်နဲ့တော့သွားပြီး ခြင်-စိတ်ဆိုးတယ်ဆိုတော့ ဒေါသနဲ့ သွားလို့က်တာကိုး....(မှန်ပါ့)။

ဒီ-ခြင်ပုန်းတွေကြောင့် ခက်တာဘဲ၊ တည်လုံး အိပ်ရတော့မှာ မဟုတ်ဘူး၊ ကျုပ်ဖြင့် စိတ်များပျက်ပါပေါ့ အစရှိသည်နဲ့ ခင်ဗျားဘို့ကလဲ ရှလို့က်တဲ့ဖြစ်ခြင်း၊ ရှေတယ်ဆိုတာ ပဋိစ္စသမုပ္ပါဒ် တန်းဘာ.... (မှန်ပါ့ဘုရား) ရိပ်မိပလား.... (ရိပ်မိပါပြီ)။

ဒါဖြင့် ဘာနဲ့သွားရမလဲ....(ဥာဏ်နဲ့သွားရပါမယ်) ဥာဏ်နဲ့ သွားလို့က်တဲ့အခါကျတော့ ယားတဲ့ နေရာကလေးဟာ တကယ်ဘဲယားတာဘဲလား- သာမာန်ယားတာဘဲလား၊ ဒါကလေးဟာ အနိစ္စကလေး တမျိုး ပေါ်လာတာဘဲလို့ ကြည့်လို့က်ပါဗျ....

(အနိစ္စကလေး ပေါ်လာတာပဲဘုရား) ဘယ်နှယ်ဖြေကြမယ် (အနိစ္စကလေး ပေါ်လာတာပါဘုရား)။

ဒါဖြင့် အနိစ္စနောက်က ဥာဏ်လိုက်-လိုက်တာပေါ့ (မှန်ပါဘုရား) ဒါဖြင့် ယားတဲ့ဝေဒနာက အနိစ္စ၊ ဥာဏ်လိုက်တာက မဂ္ဂင်ခုနင်က ဒေါသ-သောက-ပရိဒေဝတွေ သေတာက တကာတကာမတို့ သိတဲ့အတိုင်း အကာလိက၊ သဘောကျပလား.... (ကျပါပြီ)။

ဒါဖြင့် အနိစ္စ၊မဂ္ဂ၊အကာလိက၊ ဒီလိုဖြစ်ကြပါတယ်.... (မှန်ပါ့) ဒါက ဘယ်နှယ်ဆိုကြမယ်....(အနိစ္စပါဘုရား) လိုက်တာက....(မဂ္ဂပါဘုရား)အင်း....ဟင် ဒီဘက်က ချုပ်တာက (အကာလိကပါ) ပေါ်တာက (အနိစ္စပါ) လိုက်တာက.... (မဂ္ဂပါ) အကျိုးပေးတာက (အကာလိကပါ)။

ဒီလိုချည်းသဉ်းရမှာ၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဒီလိုနဲ့ပြီးသဉ်းတာဘဲ၊ အားလုံးသော အရိယာတွေဟာ ဒီလိုနဲ့ပြီးသဉ်းတာဘဲ၊ ဒီအကာလိကနဲ့ဘဲ အပါယ်လေးပါး တံခါးပိတ်ပြီး နိဗ္ဗာန်တံခါးပွင့်သဉ်းတယ်....(မှန်ပါ့)။

အပါယ်လေးပါး တံခါးပိတ်တယ် ဆိုကတည်းက ဒီတရားဟာ နိဗ္ဗာန်ဘဲ သဉ်းတော့တယ်၊ ဒီ့ပြင်သဉ်းသေးရဲ့လား.... (မသဉ်းပါဘုရား) သေချာကြပလား....(သေချာပါပြီ)။

ဒါဖြင့် တကာတကာမတို့ ယနေ့တရားစ,စ,ခြင်းဘဲ ခင်ဗျားတို့ အလုပ်ပေးနေတယ်ဆိုတာ သေချာပလား....(သေချာပါပြီ) စိတ်ရှုတဲ့ပုဂ္ဂိုလ်လဲ ဒီအတိုင်းလိုက်၊ ဝေဒနာရှုတဲ့ ပုဂ္ဂိုလ်လဲ.... (ဒီအတိုင်းလိုက်ရပါမယ်) ဝေဒနာပေါ်ရာလိုက်ပေါ့ဗျာ (မှန်ပါ့ဘုရား)။

ဒါဖြင့် ပေါ်တဲ့နေရာတွေ့တော့ ဘုန်းကြီးနဲ့တိုင်းလိုလိုဘဲ ပြောနေတယ်၊ သူ့ကိုချည်းထပ်ပြောနေလို့လဲ ဒီပြင်ဟာတွေ့ မစုံဘဲနေမှာစိုးလို့နော်....(မှန်ပါဘုရား) ကျေနပ်ကြပလား.... (ကျေနပ်ပါပြီဘုရား)။

အဲဒီတော့ ဒီဥစ္စာ မြန်မြန်လုပ်ရမည့်အလုပ်လား....နှေးနှေးလုပ်ရမည့် အလုပ်လား.... (မြန်မြန်လုပ်ရမည့် အလုပ်ပါဘုရား) ကျုပ်က အကျိုးပေးဆိုလို့ရိုယင် ခပ်သွက်သွက် ကြိုက်တယ်၊ နှေးနှေးကန်ကန်ဆိုလို့ရိုယင် မကြိုက်ဘူးဆိုတာ လူတိုင်းပါးစပ်မှာ ရှိပါလိမ့်မယ်....(မှန်ပါဘုရား)။

အဲဒီတော့အခုလုပ်ယင် အခုအကျိုးပေးမယ်ဆိုတာ သေချာပလား....(သေချာပါပြီဘုရား) ဒါကြောင့် အကာလိကော.... အခါမလင့် အကျိုးပေးတယ်ကဲ့....(မှန်ပါ) ဗေဒင်မေးတာကမှ ခင်ဗျားတို့ နောက်ခြောက်လရှိ အကျိုးပေးပါလိမ့်မယ်၊ ပြောချင်ပြောနေဦးမယ်....(မှန်ပါ) မဟုတ်ဘူးလား....(မှန်ပါ)။

ဒါက ဘယ်အချိန် အကျိုးပေးမှာတုန်း....(အခု အကျိုးပေးမှာပါဘုရား) အခုလုပ် အခုအကျိုးပေးမှာ....(မှန်ပါ)သဘောကျပလား....(ကျပါပြီ) ယတြာချေနေဘို့လိုသေးသလား....(မလိုပါ) ယတြာ မချေပါနဲ့၊ ဟိုပဿဒ္ဓိကော ခေါ်ရာကို ဘာလုပ်ရမတုန်း....(သန္ဒဿိကောလိုက်ရပါမယ်ဘုရား)။

လိုက်ယင် ဒါ....ဘာဖြစ်သွားသတုန်း....(အကာလိကောဖြစ်သွားပါတယ်) အကာလိကောဖြစ်နေတော့ တကာတကာမတို့ ယတြာချေတာ၊ ဒါ....ယတြာချေတာအစစ်လို့ မှတ်ပေတော့ (မှန်ပါဘုရား) ကိလေသာ ရန်သူတွေ့ချေမှုန်းပစ်တာ.... (မှန်ပါဘုရား)။

မကောင်းကျိုးပေးတာကဘယ်သူကပေးတာတုန်း....(ကိလေသာကပေးတာပါ) ကိလေသာတွေက ပေးတာမဟုတ်လား....(မှန်ပါ့)အဲဒါတွေချေးမှုန်းပစ်လိုက်တယ်ဆိုကတည်းက၊ခင်ဗျားတို့ ယတြာယပ်ရှစ်စင်းတို့လိုသေးရဲ့လား (မလိုပါဘုရား) မလိုပါဘူး၊ စက္ကူယပ်ကလေးတွေခပ်လို့လဲမဖြစ်ပါဘူး၊ ခင်ဗျားတို့ လုပ်တာ....(မှန်ပါ့)ဖြစ်ကောဖြစ်ကဲ့လား....(မဖြစ်ပါဘုရား)။

မဖြစ်ပါဘူး အလကားဘဲ၊ ယတြာဆိုတဲ့အတိုင်း ပရိယာယ်လုပ်နေတာနော်....(မှန်ပါ့ဘုရား) ကဲ....ဒါဖြင့် တကာတကာမတွေ.... ဝိပဿနာအလုပ်- လုပ်တတ်ပါပလား.... (လုပ်တတ်ပါပြီဘုရား)။

ဘယ်သူခေါ်ရာ ဘယ်ဝါနဲ့လိုက်မယ်.... (ဧဟိပဿိကောခေါ်ရာ သန္ဒိဋ္ဌိကောနဲ့လိုက်ရပါမယ်)လိုက်ခြင်းကြောင့် ဘယ်လိုများ အကျိုးပေးပါလိမ့်.... (အကာလိကော အကျိုးပေးပါတယ်)အကာလိကောဆိုတာ အခါမလင့်ကို အကျိုးပေးချလိုက်တယ်....(မှန်ပါ့) ရှင်းပလား.... ရှင်းပါပြီ)။

ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဗောဓိပင်နဲ့ ရွှေပလ္လင်ပေါ်မှာ တထောင့်ငါးရာ ကိလေသာတည်းဟူသော ရန်သူတွေတို့ကိုဖျက်တဲ့ဥစ္စာ တော်တော် ကြာကြာ တိုက်ရသလား....တဲ့ ဧဟိပဿကော ခေါ်ရာကို သန္ဒိဋ္ဌိကောနဲ့လိုက်တာနဲ့ တထောင့်ငါးရာ ကိလေသာတွေငြိမ်းတဲ့အကျိုးပေးသွားတယ်.... (မှန်ပါ့) မပေးဘူးလား.... (ပေးပါတယ်ဘုရား) သဘောပါကြလား....(ပါပါပြီ)။

ဒါဖြင့် ဒီဝိပဿနာမင်က လောကုတ္တရာမင်ဖြစ်သွားတယ်....ဆိုတာ မသေချာဘူးလား....(သေချာပါတယ်ဘုရား)။

အဲဒီတော့ အားလုံး တရားနာကြတဲ့ပုဂ္ဂိုလ်တွေ ပင်ပင်ပန်းပန်းနဲ့ အဝေးကြီးကလဲလာကြရတယ်၊ ဒီမှာနေကြထိုင်ကြရတာကလဲ တိုးတိုးဝှေ့ဝှေ့ဆိုသလို နေကြရတဲ့အထဲမှာ ဘုန်းကြီးတို့ တကာတကာမတွေ့ ယနေ့ ဒီသုံးလုံးပြောတာကို အသဲစဲ့မှတ်ပါ (မှန်ပါ့ဘုရား) အရေးအကြီးဆုံးဘဲ....(မှန်ပါ့) သဘောကျကြပလား....(ကျပါပြီ)။

ဒဝဒနာကခေါ်တယ် ဗေဟိပဿိကောဘဲ(မှန်ပါ့) စိတ်ကခေါ်ယင်ကော....(ဗေဟိပဿိကောပါ) စိတ်ပေါ်ယင် ခေါ်ပြီသာမှတ်ပေတော့၊ဝေဒနာပေါ်ယင်ကော(ခေါ်ပါတယ်ဘုရား) ရုပ်တွေ ဖေါက်ပြန်လာယင်ကော....(ခေါ်ပါတယ်ဘုရား) ခေါ်တာဘဲ့။

သညာ သင်္ခါရတွေ ဖေါက်ပြန်လာယင်ကော (ခေါ်တာပါဘုရား)။

အဲဒီတော့ မခေါ်တဲ့အချိန်တော့မရှိဘူး(မှန်ပါ့) မလိုက်တဲ့အချိန်ရှိတယ်(မှန်ပါ့ဘုရား) မခေါ်တဲ့အချိန်တော့.... (မရှိပါဘုရား) မလိုက်တဲ့အချိန်ကတော့.... (ရှိပါတယ်ဘုရား)။

ဩော်....ဒါဖြင့် ခင်ဗျားတို့ ဘုရားအဆူဆူနဲ့လဲရတာက ဒီဗေဟိပဿကောနောက်က သန္ဒိဋ္ဌကော မလိုက်မိလို့လဲတာ....(မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီ)။

ဗေဟိပဿိကော နောက်က....(သန္ဒိဋ္ဌကော မလိုက်မိလို့လဲတာပါဘုရား)သန္ဒိဋ္ဌကော မလိုက်မိတာနဲ့ ခင်ဗျားတို့ ဘုရားအဆူဆူနဲ့လဲတော့ တရားအဖုံဖုံနဲ့လဲလဲရတယ်....(မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီ)။

ဘုရားနဲ့လဲတာက ဒါလောက် အရေးမကြီးဘူး၊ ဘုရားဟာ ထားတဲ့ တရားနဲ့လဲတာက သာပြီးကိုယ်ကျိုးနည်းတယ် (မှန်ပါ့ ဘုရား)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘုရားနဲ့ လဲတာက ဒီလောက် ကိုယ်ကျိုးမနည်းသေးဘူး.... (မှန်ပါ့)တရားနဲ့ လဲတာက.... (ကိုယ်ကျိုးနည်းပါတယ်ဘုရား) ခေါ်ရာမလိုက်မိတာကိုးဗျ....(မှန်ပါ့ဘုရား)။

ဘုရားမရှိမှ ကျွတ်တမ်းဝင်တဲ့ပုဂ္ဂိုလ်တွေဟာ ဘုရားနဲ့လဲပြီး သားဘဲ့....(မှန်ပါ့) တရားနဲ့မလဲတာနဲ့ ဘာဖြစ်ကုန်ကြသလဲ.... (ကျွတ်တမ်းဝင်ကြပါတယ်ဘုရား) ခင်ဗျားတို့ကော အခုကျွတ်တမ်း ဝင်နိုင်ပါသေးတယ်ဆိုတာကော သေချာပလား(သေချာပါပြီ)ကိုင်း....ဒါဖြင့် ကြိုးကြိုးစားစား လုပ်ကြစမ်းပါဆိုတာ သတိပေးလိုက်ပါတယ်....(မှန်ပါ့ဘုရား)။

ဟာ....ဒီလိုဖြင့် မလုပ်တော့ဘူး ဆိုလို့ရှိယင်ဖြင့် ခင်ဗျားတို့ မလုပ်တဲ့အချိန်မှာ ဟိုမှာခင်ဗျားတို့ ပဋိစ္စသမုပ္ပါဒ် တန်းပြီဆိုလို့ရှိယင် လောဘ ဒေါသ၊ လောဘဆိုလို့ရှိယင် တဏှာ ဥပါဒါန်ကံ မလာပေဘူးလား....(လာပါတယ်ဘုရား) ဒေါသဆိုယင် ဒေါသ သောက ပရိဒေဝ အဝိဇ္ဇာ မလာဘူးလား.... (လာပါတယ်ဘုရား) မောဟ ဆိုလို့ရှိယင် အဝိဇ္ဇာ သင်္ခါရ ဝိညာဏ် မလာပေဘူးလား....(လာပါတယ်ဘုရား)။

အဲဒါ ခင်ဗျားတို့ ဒီက,နေပြီးသကာလ ငါလာလို့ရှိယင် အဆင်သင့် ဖြစ်အောင်ဆိုပြီး သကာလ ငရဲမီး မွေးပြီးသကာလ ငရဲအိုး တယ်နေတာသာ မှတ်ပေတော့....(မှန်ပါ့) မလိုက်မိယင် မလိုက်မိယင်.... (မှန်ပါ့)။

ကိုမြင်ရှေ....ချောက်တယ် ထင်သလား....၊ အမှန်ဘဲလား.... (အမှန်ပါဘဲ ဘုရား) တကာ တကာမတွေ သေသေချာချာယုံ ရဲ့လား....(ယုံပါတယ်ဘုရား)။

မယုံယင် ဝတ္ထုကလေးတခု ထုတ်ပြမယ်နော်.... (မှန်ပါ့) မယုံလို့ ရှိယင် ဝတ္ထုကလေးတခု ထုတ်ပြမယ်၊ တိုတိုကလေး ယုတ်ပြမယ်၊ ခင်ဗျားတို့ ဒီအလုပ် မဟာကြစေနဲ့....(မှန်ပါ့)။

လူ့ပြည်မှာ ဘုရားကို နဒ္ဒိယဆိုတဲ့ ကျောင်းတကာဟာ လူ့ပြည်မှာ ကျောင်းဆောက် လှူတယ်(မှန်ပါ့) နဒ္ဒိယဆိုတာ ဘုရားလက်ထက်ကလေ....(မှန်ပါ့)။

နဒ္ဒိယကျောင်းတကာဆိုတာကြားဘူးကြပါလိမ့်မယ်(မှန်ပါ့) အဲဒီ လူ့ပြည်မှာ ကျောင်းဆောက် လှူတော့ နတ်ပြည်မှာ သူ မသေခင်က ဦးခင်ပေါင် ဘုံဗိမာန်တွေ ပေါက်နေတယ်.... (မှန်ပါ့)မပေါက်ဘူးလား.... (ပေါက်ပါတယ်ဘုရား)။

ဘယ်ဓလကနေ ဆောက်လိုက်တာတုံး....မေးတော့ လူ့ပြည်က ဆောက်လိုက်တာ....(မှန်ပါ့)ဘယ်နှယ်ပြောကြမလဲ....(လူ့ပြည် က ဆောက်လိုက်တာပါဘုရား)။

လူ့ပြည်က ဆောက်လိုက်တော့ နတ်ပြည်မှာ ဘာဖြစ်နေ သလဲ.... (ဘုံပေါက်နေပါတယ် ဘုရား) သေပလားတဲ့....အဲဒီ ပုဂ္ဂိုလ်ဟာ.... (မသေသေးပါဘုရား) မသေခင်က ဘုံပေါက် နေတယ်....(မှန်ပါ့) ကုသိုလ်တည်းဟူသော အကြောင်းကြောင့် ကုသိုလ်ဘုံ ပေါက်နေတာယ်....(မှန်ပါ့)။

ကဲ....မသေခင်က ခင်ဗျားတို့က အကုသိုလ်တွေ တဏှာ ဥပါဒါန် ကံတွေချည်း လုပ်နေကြမယ် ဆိုကော့ ဒါ အကုသိုလ် တွေ မဟုတ်လား(မှန်ပါ့)။

ကဲ....ခင်ဗျားတို့ ဘုံဘယ်မှာ ပေါက်မယ် ထင်ကြသတုန်း.... (အပါယ်မှာ ပေါက်မှာပါဘုရား) အဆင်သင့် ဟိုကြို့နေ မှာပေါ့....(မှန်ပါ့) လာခဲ့....လာခဲ့....နဲ့၊ သဘော ကျပလား.... (ကျပါပြီဘုရား)။

အဲဒီတော့ ခင်ဗျားတို့ အလကားနေတာကို ဘုန်းကြီးက ဝမ်းမသာလို့ မဟုတ်ပါဘူးတဲ့၊ ငရဲမီးမွှေးပြီး ငရဲအိုး တယ်နေ တော့လဲ ကြည့်မကောင်းလို့.... (မှန်ပါ့ဘုရား) ရိပ်မိပလား.... (ရိပ်မိပါပြီ) ချောက်တာလား.... အဟုတ်လား.... (အဟုတ်ပါ ဘုရား)။

ခုနင်က နှိုးယ လူ့ပြည်မှာသေပလား- ဘုံပေါက်နေတော့ (မသေသေးပါ) မသေကြောင်း ဘုန်းကြီး နည်းနည်းကလေး ရှင်းပြပါဦးမယ် ဦးခင်မောင်ရ.... (မှန်ပါ့)။

ရှင်မောဂ္ဂလန်ကြီးက ဆွမ်းခံသွားတယ်၊ မနေ့က ဒီနေရာ နှိုးယ ကျောင်း မဆောက်သေးတော့ ဘုံမပေါက်သေးဘူး.... (မှန်ပါ့) နောက်တနေ့ သွားတဲ့အခါကျတော့ နတ်သမီးတွေ နဲ့ ဘုံကြီးက ထူးထူးခြားခြား သူ့နားမှာ လာပေါက်နေ တယ်။

ဟ....မနေ့က ငါဒီနေရာ ဆွမ်းခံလာတုန်းက ဘယ်သူမှမရှိ ဘူး၊ ဘုံလဲမရှိဘူး၊ နတ်သမီးတွေလဲ မတွေ့ပါဘူး၊ ယနေ့ ဒီနေ ရာကြီး ဘာဖြစ်နေတာတုန်း....။

အရှင်ဘုရား.... လူ့ပြည်မှာ နှိုးယ ကျောင်းဆောက်လို့.... ဒီမှာသူ့အတွက် ဘုံပေါက်ရပါတယ် ဘုရား၊ တပည့်တော်တို့က အကြို အဆိုအဖြစ်နဲ့ စောင့်နေရပါတယ်၊ နတ်သမီးတွေက-

မိုးကုတ် ဝိပဿနာ လုပ်ငန်းစဉ်တရား (၅)

အဲဒီတော့ သူ့ကို အရှင်ဘုရားက အခုဆုမ်းခံပြန်ယင် လူ့ပြည်ပြန်မှာဖြစ်သောကြောင့် နဒ္ဒိယ ပြောလိုက်စမ်းပါ၊ နဒ္ဒိယ ကျောင်းတကာကို၊ မြန်မြန် လူခန္ဓာတည်းဟူသော မြေအိုးနဲ့ တူတဲ့ လူ့ခန္ဓာစုန့်ပြီး ရွှေအိုးနဲ့ တူတဲ့ နတ်ဘုံကို မြန်မြန်ကြွခဲ့ပါ ဆိုတာ မှာလိုက်တဲ့အကြောင်း ပြောလိုက်ပါ....။

ကဲ....သေသေချာချာ မှာလိုက်တာ.... (မှန်ပါ့ဘုရား) ရိပ်မိပလား(ရိပ်မိပါပြီ) ဒါဖြင့် သေမှ ပေါက်တာလား.... မသေခင်က ပေါက်ဟာလား.... (မသေခင်က ပေါက်တာပါဘုရား)။

ခင်ဗျားတို့ကလဲ မနည်းဘူးနော်....(မှန်ပါ့) ရိပ်မိပလား-(ရိပ်မိပါပြီ) ခင်ဗျားတို့ကော နည်းမလား....(မနည်းပါ) ဒယ်အိုးပေါင်း ဘယ်လောက် ထင်ကြသတုန်း.... (မရေတွက် နိုင်ပါဘုရား)။

မရေမတွက်နိုင်ဘူး၊ အဲဒါ ဒီကနေ ငြိမ်းကောမဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား) ဒီကနေ ငြိမ်းလဲ ဖြစ်တယ်.... (မှန်ပါ့)ဒီကနေ တယ်တာကိုးဗျ....(မှန်ပါ့ဘုရား) ဒီကနေ တယ်တော့ ဒီကနေငြိမ်းကော.... (ဖြစ်ပါတယ်ဘုရား)။

ဟာ....ထုံးစံအတိုင်း တပည့်တော်တို့ မတတ်နိုင်ဘူးဘုရာ့၊ အရောင်းနဲ့ အဝယ်နဲ့ နေရတာ၊ သားစာ သမီးစာ မလောက်တော့ လုပ်ရမှာဘဲဆိုတော့ အို....သေယင် အဆင်သင့်၊ ကဲ.... သွားပေတော၊ သေယင် ဘယ်တော့မှ ဆုမ်းကိုသွတ်မနေနဲ့....၊ အဲဒီ သေသေချာချာ ရောက်တယ်၊ အမျှဝေလဲ ငါခေါ်နိုင်မှာ မဟုတ်ဘူးဆိုတာသာ မှာသွား....(မှန်ပါ့)။

ကိုမြရွှေ....ကြမ်းကြမ်းဟောတာ မဟုတ်ဘူးနော်....၊ ပဋိစ္စသမုပ္ပါဒ်က တနေ့-ဘယ်လောက်တန်းသတုန်း....(မရေတွက်နိုင်ပါဘုရား) သဘောကျကြပလား.... (ကျပါပြီ) တဏှာ ဥပါဒါန်ကံ တဏှာ ဥပါဒါန် က် ဒေါသ သောက ပရိဒေဝ အဝိဇ္ဇာသင်္ခါရ၊ ဘယ်လောက်မျှား-မျှားကြသတုံး....(မရေတွက်နိုင်ပါဘုရား)။

အဲဒါတွေက ဘာလုပ်တာတွေတုန်း....ဆိုတော့ ငရဲမီးမွေးပြီး ငရဲအိုး တယ်တာချည်းဘဲ.... (မှန်ပါ့) ဘာမျှားလုပ်ပါလိမ့်....(ငရဲမီးမွေးပြီး ငရဲအိုးတယ်တာပါဘုရား)။

အဲဒါ....ဘယ်ပုဂ္ဂိုလ်ဘို့တုန်း....လို့ မေးလို့ရှိယင် ဒီကျောင်းဆောက်တဲ့ ပုဂ္ဂိုလ်တွေပေါ့ဗျာ ခင်ဗျားတို့လဲ....၊ ငရဲကျောင်းဆောက်ကြတာ....(မှန်ပါ့ဘုရား) ဘာကျောင်း ဆောက်ကြပါလိမ့်....(ငရဲကျောင်းဆောက်ကြတာပါဘုရား)။

ငရဲကျောင်းဆောက်ကြတာ၊ တဏှာ ဥပါဒါန် ကံ တွေက ဘာတွေချည်းဆောက်သလဲ.... (ငရဲကျောင်း ဆောက်ပါတယ်) အဲ....မီးမွေးတယ်၊ ဒယ်အိုးတယ်ပေးတယ်၊ ဒီကံတွေကပေါ့ဗျာ (မှန်ပါ့)။

အဲဒါ ခင်ဗျားတို့ အခု ဆရာဘုန်းကြီးနဲ့တွေ့တုန်း အမျိုးမျိုး,အမျိုးမျိုးအဖုံဖုံဘဲ ဆုံးမသွန်သင်ပါတယ်ဆိုတော့ ကုသိုလ်လဲ ကောင်းကျိုးပေးတဲ့နေရာ ကြိုပြီး စောင့်နိုင်တာဘဲ ဦးခင်မောင်ရေ.... (မှန်ပါ့ဘုရား) အကုသိုလ်ကလဲ အကျိုးပေးမယ်ဆိုတော့ ဘယ်နှယ်တုန်း....(ကြိုပြီးစောင့်နိုင်ပါတယ်ဘုရား)။

ကဲ....ဘယ်ဟာ စောင့်တာကြိုက်သတုံး....(ကုသိုလ်စောင့်တာကြိုက်ပါတယ်)မရဘူး၊မရဘူး၊ မလုပ်မှ-မလုပ်ဘဲ မရဘူး၊ ခင်ဗျားတို့အကြိုက် လုပ်မနေနဲ့၊ ဒီဥစ္စာ မြန်မြန်လုပ်(မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီ)။

ဒါပေါ့ပေါ့တန်တန်နဲ့ ခင်ဗျားတို့ရှေ့ကလဲ မကယ်နိုင်ဘူး၊ စိန်ကလဲမကယ်နိုင်ဘူး(မှန်ပါ့ဘုရား)ကယ်နိုင်ပါ့မလား (မကယ်နိုင်ပါဘုရား) ဆွမျိုးညာတကာတွေကကော....(မကယ်နိုင်ပါဘုရား)။

ကိုယ်လုပ်ထားတာ ကိုယ့်ဘုံကို ကိုယ်စံရမှာဘဲ.... (မှန်ပါ့) အကုသိုလ် လုပ်လဲ အကုသိုလ်အတိုင်းခံရုံဘဲ၊ ကုသိုလ်လုပ်ထားပြန်လဲ.... (ကုသိုလ်အတိုင်း စံရုံပါဘဲ) ကုသိုလ်အတိုင်း စံရုံဘဲ ဆိုတာ သေချာကြပလား....(သေချာပါပြီဘုရား)။

အဲဒီတော့ လင့်ကို့စ်လား- မယားကိစ္စလား- သားကိစ္စလား- သမီးကိစ္စလား....ဟိုမှာ ငရဲအိုးတွေ့ ဘာတွေတယ်တာကိုယ့်ကိစ္စလား ဆိုတာ အကဲခတ်.... (ကိုယ့်ကိစ္စပါဘုရား) ကိုယ့်ကိစ္စကိုယ်လုပ်ကြတာ ...(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ဒီအိမ်မှာ တကာမက လောဘရှိယင် တကာမက ဒယ်အိုးတွေ့များတယ်-(မှန်ပါ့)တကာက လောဘကြီးယင်.... (တကာက များပါတယ်ဘုရား) သားသမီးတွေက လောဘကြီးနေယင်-(သားသမီးတွေက များပါတယ်ဘုရား)။

အဲ....သူ့အိုးနဲ့သူ့သာ မှတ်ပေတော့(မှန်ပါ့)ရိပ်မိပလား.... (ရိပ်မိပါပြီ) အဲဒီတော့-ကိုယ့်မီးကို ဒီကနေမှုတ်ပြီး ကိုယ့်အိုးကို ဒီကနေတယ်တာ....၊ ဒီကနေ မင်္ဂလာပြည့်ယင်ကော မရဘူးလား....(ရပါတယ်ဘုရား)။

ရပါတယ် ဦးခင်မောင်-ရ၊ မုဆိုးတွေ့ အဂုံလိမာလ တို့ဟာ ငြိမ်းသွား ကြတာမဟုတ်လား.... (မှန်ပါ့ဘုရား) လုပ်ပြီးသား အကုသိုလ်တွေ့ ဘယ် နှယ်တုန်း.... (ငြိမ်းသွားပါတယ်) ဘာနဲ့ ငြိမ်းသတုန်း....(မဂ်နဲ့ ငြိမ်းပါတယ်ဘုရား)မဂ်နဲ့ ငြိမ်းရတယ် ဆို တာ ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

အဲ....ဒါဖြင့် ခင်ဗျားတို့ အခုဆရာဘုန်းကြီးနဲ့ လဲတွေ့၊ ထရာ တော်တွေ့ အမျိုးမျိုးအဖုံဖုံ တွေ့နဲ့ လဲ ခင်ဗျားတို့ နာကြားရ တော့ ဩော်....ငြိမ်းချိန်ကလေး ရှိသေးတယ်- (မှန်လှပါဘုရား) ဘာကလေး ရှိသေးသလဲ.... (ငြိမ်းချိန်ကလေး ရှိပါသေးတယ် ဘုရား)။

ဒါကလေးကို ပြောပြောသလဲလုပ်ရမှာလား....နှေးနှေးဘဲလား (ပြောပြောသလဲလုပ်ရမှာပါဘုရား)ခင်ဗျားတို့ ဘုန်းကြီးရှေ့ကျမှ ပြောလို့မဖြစ်ဘူးနော်.... (မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီ) ကိုယ့်ဟာကိုယ်ပြောမှ....(မှန်ပါ့)။

ဘုန်းကြီးကတော့ဖြင့် အကျိုးစီးပွားကို ညီအစ်ကိုမောင်နှမ အမေမိဘဆိုသလိုဘဲ အကုန်အလိုရှိလို့ ပြောတာဘဲ....(မှန်ပါ့) ကိုယ့်ဟာကိုယ် ငြိမ်းမှ ရမယ်.... (မှန်ပါ့ဘုရား) ဘယ်သူငြိမ်း လို့မှမရဘူး၊ ဘုရားငြိမ်းလို့လဲ မရဘူး....(မှန်ပါ့ဘုရား)။

"ကမ္မဝိပါကော အစိန္တေယျော"ကဲ့....၊ မကြံစည်နဲ့တဲ့၊ သူ့ ကြောင့်ဖြစ်တာ ငါမငြိမ်းနိုင်ဘူးတဲ့ (မှန်ပါ့ဘုရား) ရိပ်မိပလား (ရိပ်မိပါပြီ) ဒါဖြင့် တရားကြောင့် ဖြစ်တာ တရားနဲ့ ငြိမ်းယင် တော့....(ရပါတယ်ဘုရား)။

အဲ....ဆေးကြောင့် မှားတာကို ဖြေဆေးနဲ့ လိုက်ယင်.... (ရပါတယ်ဘုရား) အရက်သောက်ဆေး မှားနေတယ် နောက် သောက်ဆေး အဖြေနဲ့လိုက်ယင်.... (ရပါတယ်ဘုရား)။

အဲဒီတော့....ခင်ဗျားတို့က အမှားတော့သောက်တတ်တယ်၊ အဖြေကျတော့ ဖြေးဖြေးမှဆိုတော့ သေတာကောင်းပါတယ်- (မှန်ပါ့ဘုရား) ဒီလို ကျမနေဘူးလား.... (ကျနေပါတယ်)အင် မတန်မဆိုးဝါးဘူးလား.... (ဆိုးဝါးပါတယ်ဘုရား)။

အဲဒီတော့ ခင်ဗျားတို့ ဆေးသောက်မှားထားတာက ဘယ် လောက်ကြာပြီတုန်း.... (မရေတွက်နိုင်ပါဘုရား) ဒီဘဝတွင်.... ဒီဘဝတွင်....ဖြဆေးကျတော့ တော်တော်သောက်မိကြပလား လို့မေးတော့ အခုမှ ပျိုးတုန်းရှိပါသေးတယ်ဘုရား....ဆိုတော့ သေတာကောင်းတယ်လို့ပြောတာ မမှားဘူးဗျ....(မှန်ပါ့)မှား ရဲ့လား....(မမှားပါဘုရား)။

ကဲ....ဒီကရှေ့ ဘယ့်နှယ်လုပ်ကြမလဲ....ခပ်သွက်သွက်လုပ်ရ မယ်....(မှန်ပါ့) ဦးခင်မောင်ဘာလုပ်ရမတုန်း....(ခပ်သွက်သွက် လုပ်ရပါမယ်) ခပ်သွက်သွက်ဘဲ၊ ခင်ဗျာ့အရွယ်နဲ့ဆို သေကာ နီးနေပြီ၊ သွက်နိုင်သ၍သွက်မှရမှာ.... (မှန်ပါ့ဘုရား) ရိပ်မိကြ ပလား....(ရိမိပ်ပါပြီဘုရား)တကာတကာမတို့ ဖြေးဖြေးဆိုယင် လုံးဝ မရဘူးဆိုတာ ပေါ်လာကြပလား....(ပေါ်လာပါပြီ)။

အေး....ဒါ့ကြောင့် ခင်ဗျားတို့ရောင်းဝယ် စားသောက်နေ တာတွေဟာ တဏှာ,ဥပါဒါန်,ကံ ချည်း လုပ်နေတာဘဲ(မှန်ပါ့) သီလဘက်ကမပျက်လို့ ရှိယင်လဲ ဝိပဿနာဘက်က ပျက်တယ်.... (မှန်ပါ့ဘုရား)။

သီလ ဘက်ကတော့ ဘယ်သူ့ကိုမှ မလိမ် ဘယ်သူ့ ကိုမှ မကောက်လို့ရှိယင် သီလဘက်ကတော့မပျက်ပါဘူး၊ ဝိပဿနာ ဘက်ကတော့ တဏှာ ဥပါဒါန် ကံ၊ တဏှာ ဥပါဒါန် ကံ ချည်း သွားတာဘဲ ပျက်တယ်.... (မှန်ပါ့ဘုရား) ရိပ်မိပလား....(ရိပ်မိပါပြီ)။

အဲဒီတော့ သိတဲ့ပုဂ္ဂိုလ်ကကျုပ် သူများဟာခိုးတာလဲမဟုတ်ဘူး၊ သတ်တာလဲမဟုတ်ဘူး၊ လိမ်တာလဲမဟုတ်ဘူး၊ကျုပ်တော့ ဒီစျေးဝယ်လို့ ဒီစျေးရောင်းတာဘဲ၊ ကျုပ် ဘာအပြစ်ရှိရမလဲ ဟော်....သူက သီလဘက်က အပြစ်မရှိဘူး၊ ဝိပဿနာဘက်က ကိလေသာ ဗွက်ထနေပြီ....(မှန်ပါ့ဘုရား) ရိပ်မိပလား....(ရိပ်မိပါပြီ) ဝိပဿနာဘက်ကတော့ (ကိလေသာ ဗွက်ထနေပါတယ်ဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့လဲတဲ့ဆင်ခြေဟာကတကာတကာမတို့မသိလဲ-လဲနေတယ် ဆိုတာဘဲလို့သာ မှတ်လိုက်ကြစမ်းပါဦး၊ (မှန်ပါ့ဘုရား)သိလဲလား- မသိလဲလား....(မသိလဲပါဘုရား)။

ကဲ....ဒါဖြင့် တကာတကာမတို့ ငရဲမီးတွေကို ဒီကနေပြီးမှုးတယ်၊ ဒီကနေပြီးဒယ်အိုးတယ်တယ်၊ ဒီကနေပြီးငြိမ်းယင် ဖြစ်နိုင်မဖြစ်နိုင်.... (ဖြစ်နိုင်ပါတယ်ဘုရား) ပေါ်ကြပလား....ပေါ်ပါပြီဘုရား)။

ဒီကနေပြီး ငြိမ်းကြ စို့နော်.... (မှန်ပါ့) ဒီက တယ်ယင် ဒီကဘဲ ငြိမ်းတာပေါ့ဗျ....(မှန်ပါ့)သဘောကျပလား.... (ကျပါပြီဘုရား)။

ဟိုမှာသွားပြီး ဘယ်သူက မီးတွေဟုန်းဟုန်းတောက်အောင် လုပ်သတုန်း....ဒီက အကုသိုလ်ကံက သွားတယ်တာ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

ဟိုမှာ ဒယ်အိုးကြီး ထူထူထဲထဲကြီး ဘယ်သူလုပ်ထားသတုန်း (ဒီက အကုသိုလ်ကံက လုပ်ထားပါတယ်ဘုရား) ဒါဖြင့် ဒီက ကုသိုလ်နဲ့ငြိမ်းတာပေါ့....(မှန်ပါ့ဘုရား)မရဘူးလား.... (ရပါတယ်ဘုရား)။

ဒီကနေမက်ကုသိုလ်နဲ့ငြိမ်းလိုက်မယ်ဆိုယင် တကာတကာမတို့ စတူဟာပါယေဟိစဝိပ္ပမုတ္တာ=အပါယ်လေးပါးမှ လွတ်တယ်ကို လို့ ဘုရားက ငသငသချာချာ မဟောဘူးလား.... (ဟောပါတယ်ဘုရား)။

အဲဒီတော့ လွတ်တယ်ဆိုတာ ငသငသချာချာသိလျက်သားနဲ့ ခင်ဗျားတို့က မြန်မြန်လွတ်တာကြိုက်သလား-နှေးနှေးမှလွတ်တာ ကြိုက်သလား.... (မြန်မြန်လွတ်တာကြိုက်ပါတယ်) ကဲ....မြန်မြန် လုပ်ပါဗျ.... (မှန်ပါ့) မြန်မြန်လုပ်ပါလို့ဆိုတာ သဘောပါကြပလား....(ပါပါပြီဘုရား)။

ကိုင်း....ဒါဟာ မြန်တဲ့အထဲမှာ ဘုန်းကြီးက တကာတကာမတွေကို မြန်သထက် မြန်စေချင်လို့ ခင်ဗျားတို့ တိုက်တွန်းလုံးကလေးတလုံးလဲ ပေးလိုက်ပါဦးမယ်နော်....(မှန်ပါ့ဘုရား)။

တိုက်တွန်းလုံးတလုံးက ဒီလိုပါ၊ တိုက်တွန်းလုံးက တကာတကာမတွေ ခင်ဗျားတို့ အမိဝမ်းခေါင်းထဲမှာ လူခန္ဓာရယ်လို့ ခန္ဓာငါးပါး ပဋိသန္ဓေ နေလိုက်တယ်....(မှန်ပါ့)လူတိုင်းဘဲ ဒီလို နေကြတာပေါ့ဗျာ....(မှန်ပါ့)။

အမိဝမ်းခေါင်းထဲ နေလိုက်တော့ ဒီအပေါ်မှာက ဇရာနဲ့ မရဏရှိက်ပြီးသကာလ ကျုပ်တို့က လာခဲ့ရတယ်....(မှန်ပါ့)ဇရာ မရဏရှိက်ပြီး ခန္ဓာကလာခဲ့ရတယ်....(မှန်လှပါဘုရား) သဘော ကျပလား....(ကျပါပြီ)။

ဘာရှိက်ပြီးလာခဲ့ရသလဲ.... (ဇရာမရဏ ရှိက်ပြီးလာခဲ့ရပါတယ်) အဲ့....ဇရာမရဏ ရှိက်လာရတော့ နင်အိုဟဲ့-နင်သေဟဲ့ဆိုတာ နဂိုရိုက်တည်းကပါလာတာ ဘယ်သူဖြုတ်လို့မှ မပြုတ်ဘူး (မှန်ပါ့ဘုရား)ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် ဘာရှိက်ပြီး မွေးဖွားလာခဲ့ရသလဲ.... (ဇရာ မရဏ ရှိက်ပြီး မွေးဖွားလာခဲ့ရပါတယ်) ဒါဖြင့် ဇရာမရဏရှိက်ပြီး မွေးဖွားလာတော့ ဇရာမရဏနဲ့ အသက်ထွက်ရလိမ့်မယ် ဆိုတဲ့ဥစ္စာက ဗေဒင်မမေးနဲ့တော့ သေချာနေပြီ....(မှန်လှပါဘုရား)။

နဂိုရိုက်ပါလာတာ....(မှန်ပါ့)ဟုတ်ပလား.... (ဟုတ်ပါတယ်ဘုရား)။

အင်း....နဂိုရိုက် ပါလာတော့ သတ်တော့ ဘယ်သူသတ်မှာတုန်း....မေးလိုက်တော့....(ဇရာမရဏသတ်မှာပါဘုရား)။

ဘာဖြစ်လို့တုန်း ဆိုတော့ နဂိုရိုက် ပါလာတယ်....(မှန်ပါ့) နဂိုရိုက် ပါလာတယ်၊ ဇရာပီ ဒုက္ခသစ္စံ၊ မရဏမိ ဒုက္ခသစ္စံ ဆိုတော့ ဟ....ဒီဒုက္ခသစ္စာကြီးကော ဘယ်ကလာသတုန်းဆိုတော့ အို....ခန္ဓာက ဒုက္ခသစ္စာမို့ ကျုပ်တို့ အတူတူ လိုက်လာတယ်ပြောတာပေါ့....(မှန်ပါ့ဘုရား) ခန္ဓာက ဘာသစ္စာတုန်း....(ဒုက္ခသစ္စာပါဘုရား)။

အဲဒီတော့ ဒုက္ခသစ္စာပေါ်မှာ ဒုက္ခနှစ်ခုက ဆင့်ပြီး ပါမလာဘူးလား....(ပါလာပါတယ်ဘုရား)အဲ့....ကျုပ်တို့က အဖေါ်

ချင်းမို့ လိုက်လာတာဘဲတဲ့....(မှန်ပါ့)ရိပ်မိပလား- (ရိပ်မိပါပြီ) ခန္ဓာက ဘာသစ္စာတုန်း.... (ဒုက္ခသစ္စာပါဘုရား) သူ့အပေါ်မှာ ရှက်ထားတဲ့ ဇရာ မရဏကကော.... (ဒုက္ခသစ္စာပါဘုရား)။

သြော်....ဒါဖြင့် တကာတကာမတို့ ခန္ဓာသည် ဘာရှက်ပြီး မေ့လာသတုန်း.... (ဒုက္ခသစ္စာရှက်ပြီး မေ့လာပါတယ်ဘုရား) ဒုက္ခသစ္စာက ဒုက္ခသစ္စာရှက်ပြီး မေ့လာတယ်.... (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီ)။

အဲဒီတော့ ဒီ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဆရာများက တကာတကာမတို့ မြေထဲကပေါက်လာတဲ့ မှိုကလေးတွေ မြင်ဘူးပါလိမ့်မယ်(မှန်ပါ့)မမြင်ဘူး-ဘူးလား....(မြင်ဘူးပါတယ်ဘုရား)။

မြေထဲကထိုးထွက်လာတဲ့ မှိုကလေးတွေလေ....(မှန်ပါ့)အဲဒီ မှိုရဲ့ထိပ်ပေါ်မှာ တကာတကာမတို့ စဉ်းစားကြည့်စမ်း၊ မြူမှုန်မှ ပါပါ့မလား.... (ပါပါတယ်ဘုရား) ဟ....ဘယ် နှယ်ကြောင့် ပါလာသလဲ....(မြေထဲကလာလို့ပါ) သြော်....မြေထဲကလာတာသဘောကျပလား....(ကျပါပြီ)။

ခင်ဗျားတို့ကလဲ ဒုက္ခသစ္စာခန္ဓာကိုယ်ကြီးရထားလို့ ဇာတိဒုက္ခထဲက တိုးထွက်ခဲ့ရတော့ ဇရာမရဏ ဒုက္ခတွေဟာ တကာတကာမတို့ ကြီးတဲ့အထဲ မြူမှုန်တွေ ပါလာတယ်.... (မှန်ပါ့) မပါဘူးလား....ပါသလား....(ပါပါတယ်ဘုရား)။

ဒါဖြင့် ခုနင်ကမှိုကလေးဟာ တကာတကာမတွေ သမင်, ဒရယ်,ဂျီငယ်,စိုင်,ဆတ် တွေကလဲမစား၊ လူကလဲမနှုတ်ဘူးဆို လို ရှိယင် သူရှက်လာတဲ့ မြေ-ဇရတွေက သူ့ကိုအောက်ပြားကျ

သွားစေတယ်....(မှန်ပါ့)သူယူလာတဲ့ပိုးတွေက သူ့ကိုစားတယ်-(မှန်ပါ့) ပြားကျသွားတာဘဲ....(မှန်ပါ့) မသေရဘူးလား....(သေရပါတယ်ဘုရား)။

ဒီမှာ ခင်ဗျားတို့ ဘယ်သူကမှ ဓါးနဲ့မခုတ်၊ဒုတ်နဲ့မပစ်ဘဲနဲ့ ခင်ဗျားတို့ ယူလာတာနဲ့ ခင်ဗျားတို့ ပြားပြီးတော့သေရလိမ့်မယ်....(မှန်ပါ့ဘုရား) သူများက မသတ်ရဘူး....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒီတော့ ခင်ဗျားတို့ ယူလာတာက စိတ်ချလက်ချနဲ့နေဘို့ရာလား....ကိုယ့်ဟာကိုယ် သေမင်း ပါလာတာလား....(ကိုယ့်ဟာနဲ့ကိုယ် သေမင်းပါလာတာပါ ဘုရား) ဒါဖြင့် ဒီသေမင်းကလဲ ခဲလို့ ခွါလို့ ရရဲ့လား....(မရပါဘုရား)။

ဒါဖြင့် တကာတကာမတို့ ဒီတခါသာ အသေခံပါကွာ....၊ နောက်တခါ အသေမခံဘူး ဆိုပြီးသကာလ ဒီ ခန္ဓာမရအောင် လုပ်မှသာလျှင် ဒီအပါယ်လေးပါးတွေလဲ ခန္ဓာမရှိတော့ မီးတွေလဲ သူ့ဟာသူငြိမ်း၊ ဒယ်အိုး ပုက်ပုက်ဆူနေတာတွေလဲ သူ့ဟာသူ သိမ်း၊မဖြစ်ပေဘူးလား....(ဖြစ်ပါတယ်ဘုရား)။

ဒါ့ကြောင့် ခန္ဓာမရမှ ချမ်းသာမယ်ဆိုတာ မပေါ်လာသေးဘူးလား....(ပေါ်လာပါတယ်ဘုရား)ခန္ဓာရယင် ဒါချည်း ထုက်ပိုးလာဦးမှာဘဲ....(မှန်ပါ့ဘုရား)။

ဒါဖြင့် ခန္ဓာဖြစ်ချင်သေးရဲ့လား- (မဖြစ်ချင်ပါဘုရား)ဖြစ်ချင်ယင်လဲ ဇရာမရဏ ရွက်ရလိမ့်မယ်....(မှန်ပါ့ဘုရား)သဘောကျပလား....(ကျပါပြီ) ဟို-အမှု ဒီ-အမှုကော မရွက်ရပေဘူးလား....(ရွက်ရပါတယ်) ကဲ....သဘောကျပလား....(ကျပါပြီ)။

ဒါဖြင့် တကာတကာမတို့ ဒီဟာကလေးကလဲ တနေ့တခြား သိမယ်ဆိုတာကော သေချာပလား....(သေချာပါပြီ) အိုမှကလဲ တနေ့တခြား ဦးခင်မောင်....ထူးထူးလာတယ်....(မှန်ပါ့) မျက်လုံးသွားပုံထူးတယ်၊အရေတွန့်လိုက်ပုံ.... (ထူးပါတယ်ဘုရား)။

ဘာဖြစ်လို့တုန်း....သူသိလာတယ်....(မှန်ပါ့) သိလာတယ် သဘောကျပြီနော်....(ကျပါပြီ)အဲဒါ သိထက်မက သိလို့ရှိယင် ပြားပြီး သေရုံဘဲရှိတော့တယ်....(မှန်ပါ့)ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဖြေးဖြေးလုပ်လို့ တော်ပါ့မလား အသိက စောသွားလို့ရှိယင်ဖြင့် ခက်ရချည်ရဲ့.... (မှန်ပါ့) မခက်ပေဘူးလား....(ခက်ပါတယ်)ကဲ....ဒါဖြင့် ဘယ်နှယ် လုပ်ကြမယ်....(မြန်မြန်လုပ်ရပါမယ်ဘုရား) အိမ်ပြန် မြန်သလောက် ကို မြန်မှ နေရာကျမယ်....(မှန်ပါ့)တရားပွဲပြီးယင်အိမ်ပြန်ကျတော့ သိပ်တိုးတာ ခင်ဗျားတို့က အဲဒီ အိမ်ပြန်မြန်သထက်ကို မြန်မှနေရာကျမယ်....(မှန်ပါ့ဘုရား)ရိပ်မိပလား....(ရိပ်မိပါပြီ)၊

ဒါဖြင့် တကာတကာမတို့ အိမ်ပြန် မမြန်တာ ခင်ဗျားတို့ကိစ္စမရှိပါဘူး၊ မရောက် မရှိပါဘူး၊ နောက်ကျတာနဲ့ အရင်ရောက်တာဘဲ ကွာမှာပါဘဲ....(မှန်ပါ့)။

ဒီမရဏကဖြင့် တကာတကာမတို့ နောက်ကျ - အရင်ကျရယ်လို့ မရှိဘူး၊သူ သိချင်တဲ့အချိန် သိချလိုက်လို့ရှိယင် ခလေးကလေးလဲ သွားတာဘဲ ...(မှန်ပါ့) လူလတ်ကလေးတွေကော.... (သွားပါတယ်ဘုရား) အပျိုအရွယ်ကလေးတွေကော....(သွားပါတယ်ဘုရား)။

အဲဒါကြောင့် သူက ပါပြီးသားလဲဖြစ်နေတယ်၊ သတ်မယ်လို့ကလဲ သေချာပြီးသားဖြစ်နေတယ်....(မှန်ပါဘုရား) ဒါ မြန်မြန်- သူမြန်မြန်မလုပ်ခင် ကျုပ်တို့ဉာဏ်က မြန်မြန်လုပ်ပစ်လိုက်ပါ....(မှန်ပါ)ရှင်းပလား....(ရှင်းပါပြီ)။

ဘုန်းကြီးက ကဗျာကရာ အလုပ်ခိုင်းနေတယ်လို့ခင်ဗျားတို့ကထင်သလား၊ ခင်ဗျားတို့ခန္ဓာကိုယ်က ကဗျာကရာလုပ်မှတော်မယ်လို့ဆိုတာက အမှန်ထားပါ....(မှန်ပါဘုရား) ရှင်းပလား....(ရှင်းပါပြီ) ခန္ဓာကိုယ်ကဘာတုံး....(ကဗျာကရာလုပ်မှတော်မှာပါဘုရား)။

ကဗျာကရာလုပ်မှ ရမှာ ခင်ဗျားတို့က သားကလေးကြီးမှသမီးကလေးလူလားမြောက်မှ နေရာချထားပြီးမှနဲ့ ဘာနဲ့ဆင်ခြေတွေက လဲမနေနဲ့....(မှန်ပါ) ဆင်ခြေတွေ လဲမနေနဲ့၊ လဲသ၍ အလဲခံချည်းဘဲဆိုတာ သေသေချာချာမှတ်ပါ....(မှန်ပါဘုရား) သဘောပါပလား....(ပါပါပြီ)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ သုသိမ-ဆက်ကြပေတော့မြန်မြန်လုပ်ကြပေတော့နော်.... (မှန်ပါ) သုသိမ လုပ်နည်းကို မြန်မြန်လုပ်ကြပေတော့ ဦးခင်မောင်....(မှန်ပါ)။

ရာဇဂြိုဟ်ပြည်မှာ ပရိဗိုဇ်ရဟန်း သုသိမဆိုတာရှိတယ်၊တကာတကာမတို့ ဘုရားလက်ထက်ကနော်....(မှန်ပါ) ရာဇဂြိုဟ်ပြည်မှာ ပရိဗိုဇ်ရဟန်း သုသိမ....ဆိုတာရှိတယ်- ခေါင်းဆောင်ကြီးပါတဲ့၊ တပည့်ပေါင်းငါးရာတထောင်နဲ့နေတာပါ၊ သူတို့တပည့်ပေါင်း ငါးရာတထောင်နဲ့နေတဲ့ တိတ္ထိပရိဗိုဇ်တွေလဲဦးခင်မောင်ပုံလို့ပေါ့ဗျာ....-(မှန်ပါဘုရား)။

အဲဒီကဲ့သို့ ပုံနေတဲ့အထဲမှာဘုရားသခင် ကိုယ်တော်မြတ်ကြီးကလဲ တိုးပြီးသကာလ ပွင့်ထွန်း ပေါ်ပေါက်ပြီး ဗောဓိပင်နဲ့ ရှေပလွင်ပေါ်မှာ ဘုရားရယ်လို့ ဖြစ်ပြီးသကာလ လာတော့တန် ခိုးတွေကလဲပြ နောက်ဆုံးပိတ်ဘဝမို့ အကျိုးပေးတွေကလဲ သန်လိုက်တဲ့ဖြစ်ခြင်းဟာဦးခင်မောင်ပြောစရာမရှိဘူးပေါ့ဗျာ.... (မှန်လှပါ)။

နတ်တွေ ဗြဟ္မာတွေကလဲလာကြ၊အမျိုးမျိုး အဖုံဖုံပူဇော် ပသကြဆိုတော့ ဒီတန်ခိုးကြောင့်ဘဲ၊သြော်....ဒီကိုယ်တော်ကြီးမှ ဘုရားဘဲဆိုတာ ဘုရားစင်စစ်တွေကြတယ်၊ နဂိုရိကတိထိုတွေက ဘုရားလုပ်နေတာ....(မှန်ပါ့)။

အဲဒီမှာ တွေ့ကြတဲ့ အချိန်ကျတော့ ဘုရားစစ်ကို ကွေတော့ ခုနင်က ဘုရားတုတွေက တန်းခိုးကလဲမပြနိုင်၊အမှန်အကန်ကလဲ မပြောနိုင်ဖြစ်ပြီးသကာလနေတော့ ဟန်ဆောင် ဘုရားတွေဖြစ်နေတော့ ဦးခင်မောင်ရေ-လပ်သပ်ပကာတွေ တနေ့တခြားနည်းပါသွားတယ်....(မှန်ပါ့ဘုရား)။

ဆွမ်း,ကွမ်းလောင်းမည့်လူမရှိ၊ အဲဒီတွင်မှ တိတ်ဆိတ်အစည်း အဝေးပဲဖွင့်ပါတယ်၊ပရိဗိုဇ်တွေ အစည်းအဝေးပဲဖွင့်တယ်၊ဟော.... သုသိမ လာဦးကွ....ဒို့မှာဖြင့် ရှင်ကြီးဂေါတမ ဘုရားသခင် ကိုယ်တော်မြတ်ကြီး ပေါ်လာကတည်းက ပိုးစုန်းကြူးသဖွယ် ဖြစ်ပြီး နေလကြီးက ဖုံးသွားပြီကွာ....စားရမဲ့-သောက်ရမဲ့-ဝတ်ရမဲ့-နေရမဲ့ဖြစ်ကုန်ပြီ....။

အဲဒီတော့ ဒို့အထဲမှာတော့ မင်းဘဲ ဗေဒင်လဲတတ်တယ်၊ ဉာဏ်လဲ ကောင်းတယ်၊ ဂေါတမ ဘုရားဆီ သွားပြီးသကာလ မင်းသည်ကားလို့ဆိုယင် ပညာသင်ပါ၊ ပညာသင်ပြီး မင်းပြန်

လာခဲ့၊ ပြန်လာပြီးသကာလ ဒို့သိထားတဲ့တရားနဲ့ မင်းယူလာတဲ့တရားနဲ့ တဝက်စီရော ဟာရလို့ရှိယင် ဒို့လဲ လပ်သပ်ပကာပေါ့မယ်၊ သဘောကျပလား.... (ကျပါပြီဘုရား)။

ကောင်းတဲ့ စိတ်လား.... မကောင်းတဲ့ စိတ်လား အကဲခတ်စမ်းပါဦး....(မကောင်းဟဲ့ စိတ်ပါဘုရား) မကောင်းတဲ့စိတ်ပေါ့လေ၊ လာဘ်ပေါချင်တာသာ ရှိတာကိုး၊ ကိလေသာ ခေါင်းပါးချင်တာ ပါရဲ့လား....(မပါပါဘုရား)။

အေး....အဲဒီလိုဖြစ်ပြီးသကာလနေတော့ ဘုန်းကြီးတို့ တကာတကာမတွေနဲ့ ခပ်ဆင်ဆင်ဖြစ်နေတယ် ဦးခင်မောင်....(မှန်ပါ့) တကာ တကာမတွေက စီးပွားသာဖြစ်ချင်တာ၊ နိဗ္ဗာန်မရချင်ဘူးရိပ်မိပလား....(မှန်ပါ့)ဘာကိုသာ ဖြစ်ချင်သတုံး....(စီးပွားသာဖြစ်ချင်ပါတယ်ဘုရား)။

ဒါဖြင့် လာဘ်သာပေါချင်တာပေါ့ဗျ- သူဟာ.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ) အဲဒါ တကာ တကာမတွေ ဒါလဲ ကိလေသာ တပ်ကြီးတခု ခံနေတယ်လို့ မှတ်စမ်းပါ-နော်.... (မှန်ပါ့)။

ကိလေသာ မာရ်နတ်ကပေါ့.... (မှန်ပါ့) မာရ်နတ်ကတော့ ဆယ်ပါးတောင်ရှိတယ်၊ ရှည်နေမှာစိုးလို့ နောက်မှ ကြုံတဲ့အခါပြောမယ်....(မှန်ပါဘုရား)။

ကဲ....ဒါဖြင့် တကာ တကာမတို့ တိတ္ထိတွေမှာလဲ ဒီလိုဖြစ်ပြီးသကာလနေတော့ သုသိမ-ကလဲ ကဲ....ကိုယ့်အမျိုးသား ကယ်ဆယ်ရေးဘဲ၊ အားလုံးလဲပြတ်တော့မယ်၊ ငတ်တော့မယ်ဆိုသဖြင့်

သူကယ်ဆယ်မယ်၊ ဒါဖြင့် ဘုရားဆီသွားပြီး ပညာခိုးမယ်၊ တရားခိုးမယ်ပေါ့ဗျာ....(မှန်ပါ့ဘုရား)။

တရားခိုးမယ်ဆိုပြီးသကာလ တရားခိုးမယ်ကြံတော့ သူကလဲ ပညာသည်ဖြစ်ပြီးတော့ အတော်-ပါးတယ်၊ အရှင် သာရိပုတ္တရာနဲ့ ကပ်ဝင်ရမလား....၊ အရှင်မောဂ္ဂလ္လာန်နဲ့ ကပ်ဝင်ရမလား....၊ အရှင်ဥပါလိနဲ့ ကပ်ဝင်ရမလား....၊ အရှင်ပုဏ္ဏနဲ့ ကပ်ဝင်ရမလား သူက အကုန်သိနေတယ်နော်.... (မှန်ပါ့)။

အို....ဘုရားနဲ့ အနီးကပ်ဆုံးက အရှင် အာနန္ဒာဘဲ၊ သူ့ကို ကပ်ဝင်မှ နေရာကျမယ်.... (မှန်ပါ့) သူက အချိုးအတည့်ပါကလား ဦးခင်မောင်....(မှန်ပါ့ဘုရား)။

အရှင် အာနန္ဒာ ကပ်ပြီး ဝင်မှ နေရာကျမယ်ဆိုပြီး အရှင် အာနန္ဒာဆီ သွားလိုက်ပါတယ်၊ အရှင်အာနန္ဒာ....အရှင်ဘုရားတို့ သာသနာ ကြည်ညိုလှန်းလို့ တပည့်တော်သည် သာသနာတွင်း ဝင်ပြီးသကာလ ရဟန်း လုပ်ချင်ပါတယ်တဲ့.... (မှန်ပါ့)။

သို့သော်....အရှင် အာနန္ဒာကတော့ အဘိဉာဏ်တွေ ဘာတွေ မရတော့ ဦးခင်မောင်-အကဲခတ် ခက်နေတယ်.... (မှန်ပါ့ဘုရား) တကာတကာမတွေ့ အရှင်အာနန္ဒာက ဘာဖြစ်နေသလဲ....(အကဲခတ် ခက်နေပါတယ်ဘုရား)။

အကဲခတ် ခက်တယ်၊ တိတ္ထိမှာလဲ ခေါင်းဆောင်ထဲက၊ ဗေဒင်မှာလဲ သူက ကမ်းတဖက်ခတ်အောင် တတ်တဲ့ ပုဂ္ဂိုလ်လဲဖြစ်တယ်၊ ဒီအထဲက ဒို့သာသနာ ကြည်ညိုပါတယ် ဆိုတော့ ဒါဟုတ်မှ ဟုတ်ပါ့မလား....သို့သော်လဲ ငါတော့ မရိပ်မိဘူးလေ ဘုရားဆီ

ကျမ္မာဘဲ ဘုရားသခင်ကိုယ်တော်မြတ်ကြီးပြောသလို လိုက်နာရုံဘဲ ဆိုပြီး သုသိမကို ဘုရားဆီ ခေါ်သွားတယ်၊ သုသိမ ပရိဗိုဇ်ကို ဘယ်ခေါ်သွားပါလိမ့်.... (ဘုရားဆီ ခေါ်သွားပါတယ် ဘုရား)။

အဲ....ဘုရားဆီ ခေါ်သွားတဲ့အခါကျတော့ အရှင်အာနန္ဒာက ဘဲ လျှောက်လိုက်တယ်၊ ရှေ့ဆောင်လုပ်ပြီး အရှင်ဘုရားဟော ဒီ သုသိမ ပရိဗိုဇ်က တပည့်တော်တို့ သာသနာ ကြည်ညိုလွန်း လို့ ဒီသာသနာတော်တွင်း ဝင်ပြီးသကာလ ပညာတွေ သင်ပြီး တရားဓမ္မ ကြိုးစားပါရစေလို့ လျှောက်ပါတယ် ဘုရား-ဆိုတော့ သုသိမကို ဘုရားက နှစ်ချက်ကြည့်လိုက်တယ် တကယ်ကြည်ညို တာလား-ဒို့သာသနာကိုဆိုတော့ မကြည်ညိုဘူး ဆိုတာ ပေါ်လာတယ် ဥာဏ်ထဲမှာ....(မှန်ပါ့)။

ဘယ်လိုပေါ်ပါလိမ့်....(မကြည်ညိုဘူးဆိုတာ ပေါ်ပါတယ် ဘုရား)မကြည်ညိုဘူး တရားခိုးဘို့လာတာဆိုတာ တခါတည်း ဥာဏ်ထဲမှာ ပေါ်လာတယ်....(မှန်ပါ့)ရှင်းပြီနော်.... (ရှင်းပါပြီ) သာသနာ ကြည်ညိုတာလား.... မကြည်ညိုဘူးလား....(မကြည် ညိုပါဘုရား)မကြည်ညိုဘူး၊ တရားသူ ခိုးဘို့လာတယ်....(မှန်ပါ့ ဘုရား) ဒါလဲသိတယ်။

တခါနောက်ထပ် ဆက်ပြီးသကာလ ဘုရားက ဦးခင်မောင် ကြည့်လိုက်ပြန်တယ်နော်.... (မှန်ပါ့) ဪ....ဒီပုဂ္ဂိုလ်ဟာ ခိုးရင်းမတွန်ဘဲ ရဟန္တာဖြစ်မှာဘဲ.... (မှန်ပါ့)။

ခိုးရင်းမတွန်ဘဲ ကျင့်တော့မှာကိုး....၊ကျင့်စမ်းမယ်သူ ကျင့်စမ်း ယင် ရဟန္တာဖြစ်မှာဘဲဆိုတော့ ဘယ်နှစ်ချက်မြင်သတုံး(နှစ်ချက် မြင်ပါတယ်)ခိုးမှာဆိုတာလဲ သိပါတယ်.... (မှန်ပါ့ဘုရား)။

တကာတကာမတွေ့ခိုးမှာဆိုတာကော....(သိပါတယ်ဘုရား) ခိုးရင်းမတွန်နဲ့သူသည် ကျင့်တဲ့အတွက် ဘာဖြစ်မလဲ.... (ရဟန္တာဖြစ်ပါမယ်ဘုရား)။

ကဲ....သောတာပန်သကဒါဂါမ် အနာဂါမ် မကဘူး တကာတကာမတွေ့ ရဟန္တာဖြစ်မယ်....(မှန်ပါ့) ဒါနဲ့ အရှင်အာနန္ဒာကို အာနန္ဒာ သုသိမကိုရေချိုးပြီး ရဟန်းခံပေးလိုက်ကွ....။

ဒီတော့ ခုနင်က သုသိမ ပရိဗိုဇ်က အကြံဖြင့် အောင်ပေါ့လို့ ဦးခင်မောင် အောက်မေ့တယ်....(မှန်ပါ့ဘုရား) သူ ခိုးဘို့ ဝတ္ထရားအချိန်ရောက်ပြီဆိုပြီးသကာလသူ့စိတ်ထဲဝမ်းသာတာကတမျိုး။ ဘုရား ခွင့်ပေးလိုက်တာက တမျိုး.... (မှန်ပါ့ဘုရား) ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

အဲဒီတော့ တကာ တကာမတို့တဲ့....။ ခိုးတဲ့ပုဂ္ဂိုလ်တောင်မှ နိဗ္ဗာန် ဝင်နိုင်သေးတာ ဒီမှာ အလိုရှိလို့ရတဲ့ ပုဂ္ဂိုလ်တွေ ရရမယ်....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ ဘုရား)။

အဲဒီတော့ ရရမယ်ဆိုငြားသော်လဲ ခင်ဗျားတို့က ဒီဟာက လုပ်ယူမှ ဟေပဿိကော ခေါ်ရာကို သန္ဒိဋ္ဌိကောနဲ့ လိုက်မှ အကာလိကော ဖြစ်မှာကိုး....(မှန်ပါ့ဘုရား) မလိုက်ယင်တော့.... (မရပါဘုရား)။

အဲဒီတော့ ဒါဟာ ခင်ဗျားတို့ ဒီမူသုံးခုကို မဖျက်ဘဲနဲ့ တကာ တကာမတို့ လုပ်ကြမယ်ဆိုရင်တော့ ခင်ဗျားတို့ဟာ ရမှာဘဲ၊ ဟိုမှာ သူခိုးတောင် ရဟန္တာဖြစ်ဦးမှာကိုး(မှန်ပါ့)ဟုတ်လား ခင်ဗျားတို့က မခိုးလို့ ပေါ့နေယင်လဲ မပြောတတ်ဘူးပေါ့လေ။

ဟိုပုဂ္ဂိုလ်ကတော့ အရေးတကြီး ခိုးတာဘဲ....၊ သူက ပို့ဆောင်တဲ့ဆိုယင် အကုန်မှတ်တယ်....ကိုမြရွှေရ၊ အရေးကြီးတာအကုန်မှတ်တယ်-(မှန်ပါ့)သဘောကျပလား....(မှန်ပါ့)။

ခင်ဗျားတို့က ကုသိုလ်ဖြစ် နာနေတာလား....၊ ကိုယ်ကိုယ်တိုင် နိဗ္ဗာန်လိုချင်တာလား- ပြောကြစမ်းပါဦး....(နိဗ္ဗာန်လိုချင်တာပါဘုရား) ဟုတ်ကြရဲ့လား....ဟုတ်ယင်လဲ ဘုန်းကြီးအပင်ပန်းခံရတာ ဝန်မလေးပါဘူး....(မှန်ပါ့ဘုရား)။

ဟာ....တရားနာတာ ကုသိုလ်ရတယ်ဟေ့၊ ဒါလောက်နဲ့တော့ လာကိုမလာနဲ့ မကိုက်ဘူး ဒီဥစ္စာ-(မှန်ပါ့) ရိပ်မိပလား (ရိပ်မိပါပြီဘုရား) အပါယ်တံခါး ကိုယ့်ဟာကိုယ် ဖွင့်ထားတာကြီး ပိတ်နည်း လာယူပါတယ်ဘုရား....၊ ပိတ်နည်း အလုပ်ကိုဘဲ လုပ်ပါမယ်ဆိုယင် နေ့တိုင်း လာကောင်းတယ်- (မှန်ပါ့ဘုရား) ရှင်းပြီနော်....(ရှင်းပါပြီ)။

အဲဒါကြောင့် ယခုတော့ဖြင့် တကာတကာမတွေ အရင်းအချာတွေလဲ ဖြစ်ပြီးနေတဲ့အတွက်တဲ့ နှစ်ပေါင်းများစွာလဲ....ပြောဆိုလာတဲ့အတွက် သြော်....ကိုယ့်အရေးဟာ ကိုယ်လုပ်မှပြီးမယ်ဆိုတာ လူတိုင်း ဆုံးဖြတ်ချက်ချပါ.... (မှန်ပါ့ဘုရား)။

ကိုယ့်အရေးကို အမေကလုပ်ပေးလို့ကော....(မရပါဘုရား) မရဘူး၊ အဖေက လုပ်ပေးလို့ကော....(မရပါဘုရား) ဆွေမျိုးဉာတကာက လုပ်ပေးလို့ကော (မရပါဘုရား) ကိုယ့်ပဋိစ္စသမုပ္ပါဒ်က ကိုယ့်ဝမ်းထဲက ဘန်းနေတာ ဘယ်သူကောလာဖြတ်လို့ ရမှာတုန်း....(မရပါဘုရား)။

ကိုယ့်ဝမ်းထဲကနေပြီး အပါယ်နဲ့သွဒးဆက်လိုက်၊ ကိုယ့်ဝမ်းထဲကနေပြီး နတ်ပြည်နဲ့သွဒးဆက်လိုက်၊ တကာတကာမတွေ့(မှန်ပါ့)အမေနဲ့ဆက်တာဟုတ်သေးရဲ့လား(မဟုတ်ပါဘုရား)။

ကိုယ့်ဝမ်းထဲက ပဋိစ္စသမုပ္ပါဒ်က တဏှာ,ဥပါဒါန်,ကံ,နတ်ပြည်ဇာတိ၊ ဒီလိုသွဒးဆက်တယ်၊ တဏှာဥပါဒါန်ကံအပါယ်လေးပါး ဇာတိ သွဒးဆက် လိုက်တယ်--(မှန်ပါ့)ကဲ- အမေနဲ့ဆက်တာဟုတ်သေးရဲ့လား....(မဟုတ်ပါဘုရား) ဟိုက လာလတ္တံ့ဘဝနဲ့ချည်း မဆက်ဘူးလား.... (ဆက်ပါတယ်ဘုရား)။

အဲဒါကြောင့် ကိုယ့်အဆက်ကို ကိုယ်ဖြတ်မှဖြစ်မယ်.... (မှန်ပါ့ဘုရား)ရှင်းကြပလား....(ရှင်းပါပြီ) ဘာပါလိမ့်.... (ကိုယ့်အဆက်ကိုကိုယ်ဖြတ်မှ ဖြစ်ပါမယ်)သဘောပါပြီနော်.(ပါ-ပါပြီ)။

အဲဒီတုန်း သုသိမ,က ဘုရားဆီရောက်ပြီးသကာလသွဒးတော့ သူက ချက်ကောင်း ချောင်းနေတယ်၊ ဘုရားဆီမှာ ဘယ်ပုဂ္ဂိုလ်လာမတုန်း၊ လာလို့ရှိယင် သူတို့ဆရာ၏ အကြီးဆုံးစကားဆိုတာတော့ရှိမှာဘဲ၊ အဲဒီအကြီးဆုံး စကားကို မရ,ရအောင် ဖမ်းမယ်၊ သူက တရားခိုးဘို့ဘဲ အရေးကြီးနေတာကိုး.... (မှန်ပါ့)ရှင်းကြပလား.... (ရှင်းပါပြီ)။

ဒါဖြင့် သူက သတိ လစ်ပါ့မလား....(မလစ်ပါဘုရား) ခိုးမဲ့လူက လစ်စရာတော့ မရှိဘူးပေါ့ဗျာ....(မှန်ပါ့) ကဲ-ဒါနဲ့တနေ့သဒ္ဓါနှစ်ရက်သုံးရက်နေတော့ တကာတကာမတို့ သီတင်းကျွတ်တဲ့အချိန်ကျတော့ ရဟန်းတွေက တောထဲမှာဝါတွင်းသုံးလ အားထုတ်ကြတာ ရဟန္တာတွေ ဖြစ်ပြီးသကာလ ပြန်လာကြတယ်၊ ပြန်လာကြတဲ့အခါကျလို့ရှိယင် ဘုရားကျောင်းတော် ဝင်ကြတဲ့

အခါ အင်း....ဒီကိုယ်တော်တွေ့ ထူးတယ်၊ တောကလာတဲ့ ကိုယ်တော်တွေ့၊ ဒီကိုယ်တော်တွေ့ ဘုရားဆီဝင်ကြတယ်၊ အဲဒီမှာ စကားထူးတော့ပါမှာဘဲ၊ ငါနောက်ကလိုက်မှ တော်မယ်....။

သူက တရားခိုးဘိုဘဲ အရေးကြီးနေတာဘဲ....(မှန်ပါ့ဘုရား) ဦးခင်မောင်ဘာအရေးကြီးနေတာလဲ-(ခိုးဘိုဘဲအရေးကြီးနေပါတယ်)အဲဒီ အရေးကြီးပြီးသကာလ နေတာနဲ့ တကာတကာမတို့ ကိုယ်တော်တွေ့က ကြလာပြီးသကာလ ဘုရားဆီရောက်နေတယ်၊ သူကလဲနောက်က ထိုင်စောင့်ပြီး ရောထိုင်နေတာဘဲ။ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဘယ့်နှယ်တုန်း 'ခမနီယံ ယာပနီယံ' ဆိုတဲ့အတိုင်း ကျန်းမာကြရဲ့လား၊ ချမ်းသာကြရဲ့လား....၊ သူတော်ကောင်းတရားများ ဘယ့်နှယ်များနေကြသတုန်း၊ အို....တပည့်တော်တို့တော့ ပဋိသန္ဓေ ကုန်ပါပြီဘုရား....။

တကာ တကာမတွေ့ ဘယ်လိုလျှောက်ပါလိမ့်.... (ပဋိသန္ဓေကုန်ပါပြီတဲ့) ပဋိသန္ဓေ ကုန်တယ်ဆိုတာ တဏှာ,ဥပါဒါန်,ကံ ဇာတိ ဇာတိက ပဋိသန္ဓေမဟုတ်လား.... (မှန်ပါ့) ဇာတိကုန်ပါပြီဆိုတော့ ဒါကုန်တဲ့အဓိပ္ပါယ် မသေချာဘူးလား.... (သေချာပါတယ်ဘုရား)။

တဏှာ ဥပါဒါန် ကံကုန်ကတည်းက ဇာတိက ဘယ့်နှယ်နေသလဲ....(ကုန်ပါတယ်)အဲဒီတော့.... တပည့်တော်တို့ ခံဏာဇာတိ ဝုဿိတံ ဗြဟ္မစရိယံ၊ ပဋိသန္ဓေကုန်ပါပြီဘုရား....၊ ကျင့်စရာကိစ္စတွေလဲ ကျင့်ပြီးပါပြီ။

တကာတကာမတို့ ပဋိသန္ဓေလဲ ကုန်ပါပြီ....တဲ့၊ ကျင့်စရာကိစ္စတွေကော....(ကျင့်ပြီးပါပြီတဲ့)အဲ-အခု`ဘုန်းကြီးဆီမှာ တရားနာ

ကြတဲ့ တကာ တကာမတွေ....မသေမခြင်း ကျင့်ရမယ်လို့ ဒီလို မအောက်မေ့ပါနဲ့....(မှန်ပါ့) ကျင့်စရာကုန်တဲ့ အခါကျတော့ သူကုန်ပါတယ်....(မှန်ပါ့) သူ့လမ်းက လမ်းဆုံး ရှိတာကိုး....။ အစရှိတော့ အဆုံးရှိတယ်....(မှန်ပါ့)။

ဩော်....ဝိပဿနာဆိုတာ ဘယ်လိုမျိုး လုပ်ရမှာပါလိမ့်.... မသေမခြင်းဘဲလား၊ မဟုတ်ပါဘူး တတာ တကာမတို့ ကျင့်စရာကုန်တဲ့အခါ ရှိပါသေးတယ်.... (မှန်ပါ့ဘုရား) မရှိပေဘူးလား....(ရှိပါတယ် ဘုရား)။

" ခဏာဇာတိ၊ ဝုသိတံ ဗြဟ္မစရိယံ၊ ကတံ ကရဏီယံ " ကရဏီယံ=ပြုဘွယ်ကိစ္စကို၊ ကတံ=ပြုပြီးပြီဆိုလို့ ရှိယင် နောက် ကလိုက်စရာ လိုသေးသလား.... (မလိုပါဘုရား)။

" နာပရံ ဣတ္ထတ္တာယာတိ ပဇာနာတိတို့.... ၊ တာဆယ် ခြောက်ချက်သော မဂ်ကိစ္စဟာ တကာ တကာမတို့ နောက်ထပ် ပေါ်ဘို့ လိုသေးသလား.....(မလိုပါဘုရား)မဂ်ဆိုတာ တကြိမ် ပေါ်ပြီး ပြီးကြတာဘဲ မဟုတ်လား.... (မှန်ပါ့ဘုရား)။

အဲဒါတွေကို ခုနင်က ရဟန္တာကြီးတွေက ရဟန္တာဖြစ်လာလို့ လျောက်တဲ့အခါကျတော့ သူကအောက်မေ့တယ်၊ ပဋိသန္ဓေနေမှုကုန်ပြီလို့ ပြောတယ်၊ ဒီကိုယ်တော်တွေ၊ ပဋိသန္ဓေနေမှုကုန်တယ်ဆိုလို့ ရှိယင် နည်းတဲ့သတ္တိမဟုတ်ဘူး၊ သူက ဒါလောက်တော့ နားလည်တယ်....(မှန်ပါ့ဘုရား)။

ဒီလိုနားလည်ပြီးသကာလ ကိုယ်တော်တွေနဲ့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးကလဲ သာဓုအနုမောဒနာ ခေါ်တော်မူပြီးကဲ....အာဂန္တုတွေ့ ဝမ်းမြောက်စရာဘဲ၊ ကိုယ့်ကိစ္စကိုယ်သိမ်းပြီးလာကြတဲ့အတွက် သိပ်ဝမ်းသာတယ် ဘုရားက.... (မှန်ပါ့)။

ဘုရားကတော့ သိပြီးသားကိုးဗျ၊ ဒီ....တပည့်သားမြေးတွေကို အပါယ်သွားမည့်ကိစ္စတွေ နောက်ပဋိသန္ဓေနေရမည့် ဇာတိဒုက္ခတွေ သိမ်းလာတယ်ဆိုတော့ အဖလုပ်တဲ့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဝမ်းမသာ ပေဘူးလား.... (သာပါတယ် ဘုရား)။

အဲဒီတော့ သူမျှားဝမ်းသာတာထက်ကိုယ့်ဟာကိုယ်ဝမ်းသာနိုင်အောင် လုပ်ကြစမ်းပါ.... (မှန်ပါ့ဘုရား) သူမျှားဝမ်းသာတာထက်.... (ကိုယ့်ဟာကိုယ် ဝမ်းသာအောင် လုပ်ရပါမယ်) လုပ်ကြစမ်းပါဆိုတာ တိုက်တွန်းရမယ်....။

ဘာ့ကြောင့်တုံးဆိုတော့ ရာဇဝတ်မှု သူမျှားကလွှတ်လိမ့်မယ်ပြောတာနဲ့၊ ကိုယ့်ကိုယ်တိုင် ဒီဂရီနှားထောင်ပြီး လွှတ်ရတာနဲ့ ဘယ်ဟာက ဝမ်းသာသလဲ....(ကိုယ့်ကိုယ်တိုင် နှားထောင်ရတာက ဝမ်းသာပါတယ် ဘုရား)။

သူမျှားကတော့ နှားခံသာအောင်ပြောတာ၊ လွှတ်ပါလိမ့်မယ်ဆိုတာက မဟုတ်ဘူးလား....(မှန်ပါ့) ကိုယ့်ကိုယ်တိုင် ဒီဂရီနှားထောင်လို့ လွှတ်လာတဲ့အခါကျတော့မှ တကာ တကာမတို့ သိပ်ဝမ်းသာရမယ် မဟုတ်လား.... (မှန်ပါ့)။

ဒီမှာလည်း ကိုယ့်ကိုယ်တိုင် မဂ်စစ်ပေါ်လာလို့ သိတဲ့အခါကျမှ ငါအပယ်လေးပါး လွှတ်ပြီဆိုတာ ကိုယ်ကိုယ်တိုင် သိရတယ် (မှန်ပါ့ဘုရား) အဲဒီလိုကျအောင် လုပ်မယ်ဆိုတဲ့ အဓိပ္ပါယ်လဲရှင်းကြပလား....(ရှင်းပါပြီ) ပေါ်ပြီနော်....(ပေါ်ပါပြီ)။

ကိုင်းဒါဖြင့် တကာ တကာမတို့ သုသိမက ဒီရဟန်းတွေပြောတာ နှားထောင်ပြီးသကာလ ရဟန်းတွေက ပဋိသန္ဓေနေမှု ကုန်

ပါပြီဘုရား၊ လုပ်စရာကိစ္စတွေလဲ အကုန်ချောချော မောမော ပြီးပါပြီဘုရား နောက်ထပ်လဲ လုပ်စရာမရှိတော့ပါဘူး....။

ဒီလိုပြောတော့ သူသိမက ဩဩ.... ဒီကိုယ်တော်တွေဟာ သေသေချာချာ သူတို့နိဗ္ဗာန်ရတာဘဲ၊ နိဗ္ဗာန်ရောက်တဲ့ ကိုယ်တော်တွေဘဲလို့ သူသိတယ်။

သူသိတာနဲ့ ဦးခင်မောင်ရေ ဒီကိုယ်တော်တွေကလဲ ဆိုင်ရာဆိုင်ရာကျောင်းကို ကြွကြတာပေါ့ဗျာ....ဘုရားလျှောက်ထားပြီးဘေးက ကျောင်းတွေ ကြွကြတော့ ဒီကြတဲ့ရဟန်းတွေနောက်လိုက်တာဘဲ.... (မှန်ပါ့)။

ကြတဲ့ရဟန္တာတွေနောက် လိုက်ပြီးသကာလ ရဟန္တာတွေက ထိုင်ကာရှိသေးတယ်၊ အရှင်ဘုရားတို့....အရှင်ဘုရားတို့ ဘုရားဆလျှောက်ခဲ့တာ တပည့်တော်ကြားတယ်၊ ပဋိသန္ဓေနေမှု ကုန်ပြီဆိုပေါ့ ရဟန္တာဖြစ်ပြီလို့ အရှင်ဘုရားတို့ပြောတာဘဲ၊ နောက်ထပ် လုပ်စရာကိစ္စလဲမရှိဘူးလို့ အရှင်ဘုရားတို့ လျှောက်တယ်၊ အဲဒါလဲ တပည့်တော်ကြားတယ်၊ အဲဒါ-အရှင်ဘုရားတို့ ရဟန္တာဖြစ်ပြီလို့ဆိုတာ အရှင်ဘုရားတို့ လျှောက်တာဘဲ၊ သူကရိပ်မိတယ် (မှန်ပါ့)။

အဲဒီတော့ အရှင်ဘုရားတို့ ရဟန္တာဖြစ်တာဟာ ကောင်းကင်ပျံနိုင်ရဲ့လား....တဲ့၊ မေးတာက တလဲ့ဖြစ်နေတယ်.... (မှန်ပါ့) ရိပ်မိပလား....(မှန်ပါ့) ရဟန္တာဖြစ်တာနဲ့ ကောင်းကင်ပျံနိုင်တာနဲ့ တခြားစီဘဲ.... (မှန်ပါ့)ရဟန္တာဖြစ်တိုင်း ကောင်းကင်ပျံနိုင်တာမှမဟုတ်ဘဲ....(မှန်ပါ့ဘုရား) ကောင်းကင် ပျံနိုင်တာ

က စျာန်လမ်းကမှ ပျံနိုင်တာ.... (မှန်ပါ့) သဘောကျပြီလား (ကျပါပြီ)။

ကောင်းကင်ပျံနိုင်ရဲ့လား၊ မြေလျှိုးနိုင်ရဲ့လား၊ ရေပေါ်မှာ လမ်းသွားနိုင်ရဲ့လားတဲ့၊ သူက စျာနလမ်းချည်း မေးတာဘာ.... (မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီ) သူတပါးစိတ်ကို သိရဲ့လားဆိုတော့ အဘိညာဏ်လမ်း မေးလိုက်ပြန်တယ်....(မှန်ပါ့) ဒိဗ္ဗစက္ခုဆိုတဲ့ ဉာဏ်နဲ့ မြင်းမိုရ်တောင်ကြီးထဲမှာရှိတဲ့ သဲတွေ မြင်ပါရဲ့လား၊ ပတ္တမြားတွေ မြင်ပါရဲ့လားဆိုတော့ စျာန်လမ်းချည်း မေးချလိုက်တယ်....(မှန်ပါ့)။

အဲဒီတော့ ဟိုကိုယ်တော်တွေက ရိပ်မိတယ်၊ ဩဋ်....သုသိမတယ်ခက်ပါကလား.... တယ်ခက်ပါကလား....ဒို့က ဝိပဿနာလမ်းနဲ့ ရဟန္တာဖြစ်လာတာ၊ သူက စျာန်လမ်း နိဗ္ဗာန်မရောက်တဲ့လမ်းနဲ့ သူကလှမ်းမေးနေတယ်ဆိုတော့ ဟိုကိုယ်တော်တွေက တိုတိုဘဲဖြေလိုက်တယ်။

"ပညာဝိမုတ္တာ မယံ သုသိမ" သုသိမ=သုသိမပရိဗိုဇ်၊မယံ=ငါတို့သည်၊ ပညာဝိမုတ္တာ=ပညာနဲ့ မဂ်ဉာဏ် ဖိုဉာဏ် ရခဲ့တယ်၊ (ဝါ)ကိလေသာမှ လွတ်ခဲ့တယ်၊ ပညာတလုံးတည်းနဲ့ ရခဲ့တယ်၊ စျာန်မပါဘူးလို့ ပြောချလိုက်တယ်၊ရိပ်မိပလား....(ရိပ်မိပါပြီ)။

ဘာတဲ့တုံး(ပညာနဲ့ရဟန္တာ ဖြစ်ခဲ့ပါတယ်) ခုနင်က တရားပြန်ကောက်လိုက်တော့ မကိုက်ဘူးလား....(မှန်ပါ့)ဒီကဖြစ်ပျက်ဟောဒီကမဂ်....ဆိုတော့ ပညာ ဖြစ်နေတယ်.... (မှန်ပါ့ဘုရား) ဒီက အကာလိကော=အခါမလင့် အကျိုးပေးတယ်ဆိုတော့

မင်္ဂက သတ်ပစ်လိုက်ပြီဆိုတော့ ဒါရဟန္တာဖြစ်တော့တာပေါ့.... (မှန်ပါ့) မဖြစ်သေးဘူးလား.... (ဖြစ်ပါပြီဘုရား)။

အဲဒီတော့ ဟိုကိုယ်တော်တွေက 'ပညာဝိမုတ္တာ မယံသုသိမ' သုသိမ=သုသိမပရိဗ္ဗိုဇ်၊ မယံ=ငါတို့သည်၊ ပညာဝိမုတ္တာ=ပညာနဲ့ ကိလေသာတို့မှလွတ်တယ်၊ သဘောကျပြီလား....(ကျပါပြီ)။

အဲဒီမှာ အဋ္ဌကထာဆရာက သုသိမ နိဗ္ဗာနကာ=ငါတို့မှာ စျာန်မရှိပါဘူးကွာ၊ သုက္ခဝိပဿကာတဲ့ စျာန်ဆိုယင် နည်းနည်းမှ ဝမ်းထဲမှာမရှိဘူး၊ စျာန်ချောက်ပါတယ်တဲ့၊ သဘောကျပလား (ကျပါပြီ)။

ပညာမတ္တေနဝိမုတ္တာ=ပညာနဲ့သာ ကိလေသာမှ လွတ်လာခဲ့တာပါ၊ စျာန်ကိုမပါခဲ့ပါဘူးတဲ့၊ ဒါ....ဟိုကိုယ်တော်တွေက ဖြေတာ၊ ရိပ်မိကြပလား.... (ရိပ်မိပါပြီ)။

ပညာနဲ့ဝိပဿနာ ရှုပြီးသကာလ ငါတို့ ရဟန္တာအဖြစ်သို့ ရောက်လာခဲ့ပါတယ်ကွာ၊ စျာန်မပါပါဘူး.... နိဗ္ဗာနကာ သုက္ခဝိပဿကာလို့ ဖွင့်လိုက်ပါတယ်၊ အဋ္ဌကထာဆရာတွေက နိဗ္ဗာနကာဆိုတာ စျာန်မရှိဘူး၊ သုက္ခဝိပဿကာဆိုတာ စျာန်ချောက်ပါတယ်လို့ပြတာ၊ ပညာမတ္တေနဝိမုတ္တာ=ပညာနဲ့ သာလျှင် ကိလေသာမှ လွတ်ပြီးနိဗ္ဗာန်ရောက်ခဲ့တာပါ....(မှန်လှပါ)ရှင်းကြပလား.....(ရှင်းပါပြီ)။

ဘာနဲ့ နိဗ္ဗာန်ရောက်ခဲ့သလဲ.... (ပညာနဲ့ နိဗ္ဗာန်ရောက်ခဲ့ပါတယ်)ပညာနဲ့ နိဗ္ဗာန်ရောက်ခဲ့တယ်ဆိုတာ သေချာပလား.... (သေချာပါပြီဘုရား)။

အဲဒီတော့ ဟိုက ဖြေတာကတော့....ဦးခင်မောင်အရှင်သဒ္ဓံဘဲ့....(မှန်ပါ့ဘုရား) တကာသစ်ဘယ် နှယ်တုန်း....(ပြောတာကရှင်းပါတယ်ဘုရား) ရှင်းပြီနော်....ကိုမြရွှေတို့ဦ-ဇံရင်တို့ကော....(ရှင်းပါပြီဘုရား)။

ပြောတာကလဲ ရှင်းလိုက်တာ၊ပညာနဲ့ သူကိလေသာမှလွတ်ခဲ့တယ်....(မှန်ပါ့)ပညာနဲ့ နိဗ္ဗာန်ရောက်ခဲ့တယ်၊ပညာနဲ့ ကိလေသာတွေ ချုပ်ငြိမ်းရုပ်သိမ်းပြီး နိဗ္ဗာန်ရောက်ခဲ့တယ် ပြောတာဘဲ့....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

သူကတော့ ကျေနပ်ကဲ့လား....(မကျေနပ်ပါဘုရား) ဘာကျေနပ်မတုန်း ဦးခင်မောင်ရဲ့၊ ဘာမှမပါတဲ့လူက အရမ်းမေးတာကြီးဘဲ့....(မှန်ပါ့)သမထလဲ မလုပ်ဘူးဘူးဗျ၊ ဝိပဿနာကော .... (မလုပ်ဘူးပါဘုရား) မလုပ်ဘူးဘဲနဲ့ဆိုတော့ သူသဘောကျနိုင်ပါ့မလား.... (မကျနိုင်ပါဘုရား) ဟို-ရန္တာတွေ ဖြေတာက မှားသလား-မှန်သလား....(မှန်ပါတယ်ဘုရား)။

ပညာဝိမုတ္တာ မယံ သုသိမ-ကိုး....((မှန်ပါ့)အဋ္ဌကထာဆရာကလဲ သုသိမ မယံ နိဗ္ဗာနကာ=စျာန်မပါ မါဘူးက္ခ၊ သုက္ခဝိပဿကာတွေ၊ စျာန်ကိုချောက်နေပါတယ်၊ ပညာမတ္တောနေဝိမုတ္တာ=ပညာတခုတည်းနဲ့ နိဗ္ဗာန်ရလာတာပါ....(မှန်ပါ့)ဒါအဋ္ဌကထာဆရာက ဖြေလိုက်တယ်....(မှန်ပါ့ဘုရား)။

ဒီရဟန္တာတွေက ဖြေတာကို အကျယ်ဖြေလိုက်တာပါဘဲ့....(မှန်ပါ့) ဒီလိုဖြေလိုက်တော့ တကာတကာမတို့ သုသိမ-က သဘောမကျဘဲ ဖြစ်နေတယ်.... (မှန်ပါ့) ဘယ်သူက သဘော

မကျသတုံး.... (သုသိမ-ကသဘောမကျတာပါ) သိလို့သဘော မကျတာလား ....မသိလို့ သဘောမကျတာလား .... (မသိလို့ သဘောမကျတာပါဘုရား)မသိလို့သဘောမကျတာ အင်မတန် ခက်တယ်....(မှန်ပါ့) ရှင်းပလား တကာတကာမတို့.... (မှန်ပါ့ ဘုရား)။

သမ့ထလဲ မသိတဲ့ပုဂ္ဂိုလ်၊ ဝိပဿနာလဲ မသိတဲ့ ပုဂ္ဂိုလ်မှာ ဝိပဿနာနဲ့ လုတ်လာပါတယ် ပြောတော့ သူသိပါဦးမလား ဦးခင်မောင်....(မသိပါဘုရား) နဂိုရိုက်မှ သမထ ဝိပဿနာမကဲ့ တဲ့ပုဂ္ဂိုလ်ကိုး....(မှန်ပါ့ဘုရား)။

တကာတကာမတို့ ဘယ်လိုမှတ်ကြမယ်....(နဂိုရိုက်မှ သမထ ဝိပဿနာမသိတဲ့ပုဂ္ဂိုလ်ပါဘုရား)အဲဒီတော့ ဝိပဿနာပညာနဲ့ ကိလေသာမှလွတ်ပြီးနိဗ္ဗာန်ရောက်ခဲ့ပါတယ်လို့ သေသေချာချာ ပြောတာ သူကကျနပ်ပါရဲ့လား....(မကျနပ်ပါဘုရား)။

မကျနပ်တော့ ရဟန္တာကြီးတွေကိုသူကလျှောက်ပြန်တယ်၊ အရှင်ဘုရားတို့ ရှင်းပါဦးဘုရား....၊ တပည့်တော် တော့ဖြင့် အရှင်ဘုရားတို့ပြောတဲ့စကား အင်မတန်ကျဉ်းနေတဲ့အတွက်ရှင်း ဘို့ရန်အကြောင်းကိုအရှင်ဘုရားတို့ သည်းခံပြီး သကာလတပည့် တော်ကို ရှင်းပါဦးဆိုတော့ ရဟန္တာတွေက ရိပ်မိတယ်၊ ဘာမှ နားမလည်တဲ့လူ ဘာနဲ့ရှင်းရမှန်းမသိဘူး .... (မှန်ပါ့) ရိပ်မိ ပလား....(ရိပ်မိပါပြီ) ဘာမှနားမလည်တဲ့ ပုဂ္ဂိုလ်ဟာ....(ဘာ နဲ့ရှင်းရမှန်းမသိပါဘုရား)။

ဘာနဲ့ရှင်းရမှန်း မသိဘူးဆိုတော့ကွာ....ကဲ မင်းနားလည် ချင်လဲလည်တော့၊မလည်ချင်လဲနေတော့လို့ ရဟန္တာတွေကပြန် ပြောတယ်....(မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

မိုးကုတ်ဝိပဿနာ လုပ်ငန်းစဉ်တရား (၅)

မင်းနားလည်ချင်လဲ လည်တော့ မလည်ချင်လဲနေတော့၊ ဒို့တော့ဖြင့် ပညာဆိုတဲ့ ဝိပဿနာနဲ့ ရဟန္တာဖြစ်ခဲ့တယ်၊ ဒါဘဲပြောလိုက်တယ်.... (မှန်ပါ့) သူတို့ဖြစ်တာတော့ မသေချာဘူးလား....(သေချာပါတယ်တုရား)။

အဲဒီတော့ သူ ဘုရားဆီသွားလိမ့်ဦးမယ် တကာတကာမတို့၊ ဒီသုသိမ မကျေနပ်ဘူး....(မှန်ပါ့)မကျေနပ်ဘူး၊ နားမလည်လို့မကျေနပ်တာ.... (မှန်ပါ့ဘုရား)။

သို့သော် သူမကျေနပ်တာအသာထား၊ ခင်ဗျားတို့ဒီပညာတလုံးတည်းနဲ့ မဂ်ရတယ်ဆိုတာကော သေချာပလား.... (သေချာပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ဘုရားဆီကို မသွားနိုင်ဘူး၊ နာရီကစေ့လို့....(မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

ကဲ....ဒါဖြင့် ယနေ့ ဒီတွင် သိမ်းကြုံးစို့....။

သာဓု....သာဓု....သာဓု။

ကျေးဇူးတော်ရှင်, အဂ္ဂမဟာပဏ္ဍိတ

အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း - မိုးကုတ် ဆရာတော်ဘုရား

မန္တလေးမြို့၊ ဦးချစ်ဆွေမမွာရုံ၌

ဟောကြားတော်မူသော

(ခန္ဓာဝန်ထမ်း ခရီးကြမ်း)

သွားရပုံ - တရားတော်

(၇-၃-၆၁)

ခန္ဓာဝန်ကြီး ထမ်းပြီးသကာလ အခုသုံးဆယ့်တဘုံမှာလည်နေရတယ်နော်(မှန်ပါ့) ခန္ဓာဝန်ကြီးထမ်းပြီး ဘယ်မျှးလည်နေရပါလိမ့်....(သုံးဆယ့်တဘုံလယ်နေရပါတယ်ဘုရား) သုံးဆယ့်တဘုံမှာ လည်ရတယ်ဆိုတဲ့ဥစ္စာ တကာ့တကာမတို့ ခန္ဓာကိုယ်ကြီးက ခန္ဓာဝန်ထုပ်ကြီးလို့မှတ်ထားလိုက်စမ်းပါနော်....(မှန်ပါ့ဘုရား)။

ကိုယ့်နာမည်ကလေးတွေ့ ကိုယ့်နာမည်ကလေးတွေ့က အာထမ်းသမားလို့နာမည်ရှိတဲ့ ပုဂ္ဂိုလ်ကလေးတွေ့ကအထမ်းသမားလို့မှတ်ထားစမ်းပါနော်....(မှန်ပါဘုရား) ခန္ဓာကိုယ်ကြီးကဘာပါလိမ့်.... (ဝန်ထုပ်ကြီးပါဘုရား) နာမည်ရှိတဲ့ ပုဂ္ဂိုလ်က(အထမ်းသမားပါဘုရား)။

အဲဒီအထမ်းသမားကို တကာ့တကာမတွေ့က ဩော်....မိမိခန္ဓာဝန်ကြီးလဲ မိမိနာမည်ရှိတဲ့ ပုဂ္ဂိုလ်က ထမ်းပြီးသကာလနေတုန်းမှာ ဝန်ထုပ်တင်ပေးတာ ဘယ်သူပါလိမ့် မတုံးလို့မေးတဲ့

အခါကျတော့မှ သြော်....တဏှာက ထပ်ထပ်ပြီး တင်ပေးနေတယ် လို့ မှတ်လိုက်စမ်းပါ....(မှန်ပါ့ဘုရား)။

ဒါဖြင့် တဏှာက ဝန်တင်သမားပေါ့.... (မှန်ပါ့ဘုရား)ဘယ် လိုမှတ်ကြမယ်....(တဏှာက ဝန်တင်သမားပါဘုရား)။

သြော်....ဒါဖြင့် ဘုန်းကြီးတို့ တကာ တကာမတွေမှာ ကိုယ့် ခန္ဓာကြီးက ဝန်ထုပ်ကြီး၊ နာမည်ရှိတဲ့ပုဂ္ဂိုလ်က အထမ်းသမား၊ နာမည်ရှိတဲ့ပုဂ္ဂိုလ်က အထမ်းသမားမှာ တဏှာတည်းဟူသော ဝမ်းထဲမှာရှိတဲ့ ကိလေသာက သားဝန်ကလေး တင်ပေးလိုက်၊ သမီးဝန်ကလေး တင်ပေးလိုက်၊ ဒီအမေ့အဖေကဘဲ ထမ်းရပြန်တယ်ဆိုတော့ ဝန်တင်ပေးသမားက တကာ တကာမတို့ စဉ်းစားကြည့်စမ်း....တဲ့ သနားတတ်တဲ့လူလား- မသနားတတ်တဲ့ ပုဂ္ဂိုလ်လား ဆိုတာလဲ အကဲခတ်ရမယ်.... (မသနားတတ်တဲ့ လူပါဘုရား)မသနားတတ်တဲ့ တရား(မှန်ပါ့)ဘယ်သူပါလိမ့် မသနားတတ်တဲ့တရား....(တဏှာပါဘုရား) တဏှာ လောဘဘဲ ဆိုတာ သဘောကြကျပလား....(ကျပါပြီဘုရား)။

အဲဒီတော့ ဒီတကာ တကာမတွေက ကိုယ့် ခန္ဓာဝန်ကြီးကိုလဲ ထမ်းရပြန်၊ ကိုယ့် ခန္ဓာဝန်ကြီးကို နာမည်ရှိတဲ့ပုဂ္ဂိုလ်တွေက မည်သူ မည်ဝါဆိုတဲ့ ပုဂ္ဂိုလ်တွေကထမ်း၊ ကိုယ့် ဝန်ထုတ်ကြီးကလဲ တနေ့တခြား မထမ်းနိုင်တဲ့အခြေအနေရောက်အောင် တနေ့တခြား လေးလေး လေးလေးလာပါတယ်၊ ပိုတော့ထမ်းနိုင်ကြသေးရဲ့လား....(မထမ်းနိုင်ပါဘုရား)။

မထမ်းနိုင်လေ တကာ တကာမတွေမှာ သား သမီး မြေးမြစ်ကျအောင် ပွားလေလေဆိုယင်ကော လွဲပါ့မလား (မလွဲပါဘုရား)သားသမီးက မြေးမြစ်ကျလေ.... (ပွါးလေလေပါဘုရား)

အဲဒီဟာတွေဘဲ ဘယ်သူက ထမ်းပါလိမ့်မလဲလို့ မေးတဲ့အခါ ကျတော့ ဒီဝန်ထမ်းသမားကဘဲ ထမ်းတာပါဘဲ(မှန်ပါ့ဘုရား)။

တကာ တကာမတွေ ဘယ်သူ ထမ်းပါလိမ့်.... (ဝန်ထမ်းသမားက ထမ်းပါတယ်ဘုရား) ဒါဖြင့် ခင်ဗျားတို့ဟာ နဂို့ရှိက ကိုယ့်ဝန်ကြီးက လေးရတဲ့အထဲမှာ သားဝန်,သမီးဝန်,ဆွဲဝန်, မျိုးဝန်,မင်းဝန်, စိုးဝန်တွေကလဲ တကာ တကာမတွေက မထမ်းရဘူးလား....(ထမ်းရပါတယ်ဘုရား)။

ဝန်ထုပ်ပေါင်း ဘယ်လောက်တုန်းလို့ မေးယင် ဘယ်နှယ်ပြောမလဲ....(မရေတွက်နိုင်ပါဘုရား) ဦးဝ မရေတွက်နိုင်ဘူးဆိုတာ သေချာတယ်....နော်....(သေချာပါတယ်ဘုရား) မရေတွက်နိုင်တဲ့ ဝန်ထုပ်တွေကို တကာ တကာမတွေ ငယ်ငယ်တုန်းက ဒီလောက် များသလား....၊ ကြီးမှများသလား.... (ကြီးမှ များပါတယ်ဘုရား)။

ရော....ခက်လိုက်တဲ့ဖြစ်ခြင်း၊ တကာ တကာမတွေ စဉ်းစားကြပါတော့ မထမ်းနိုင်တဲ့အချိန်မှာ ဝန်ထုပ်များနေပါကလား (မှန်ပါ့ဘုရား) ဘယ်လိုပါလိမ့်.... (မထမ်းနိုင်တဲ့အချိန်မှာ ဝန်ထုပ်များနေပါတယ်ဘုရား)။

မထမ်းနိုင်တဲ့အချိန်မှာ ဝန်ထုပ်တွေက တခါတည်းသားဝန်လဲအို-ငါဘဲရှက်ဆောင်ရမှာဘဲ၊ သမီးတာဝန်လဲ ငါဘဲရှက်ဆောင်ရမှာဘဲ၊ မြေးတာဝန်ကော....(ငါဘဲရှက်ဆောင်ရမှာဘဲ)။

မြေးက- မြစ်ကလေးတွေကျအောင် မိမိက အသက်ရှည်နေပြန်တော့ကော.... (မိမိဘဲ ထမ်းရမှာဘဲ) ကိုယ်ဘဲ ထမ်းရမယ်ဆိုတဲ့ အဓိပ္ပါယ် မရောက်ဘူးလား.... (ရောက်ပါတယ်ဘုရား)။

မိုးကုတ်ဝိပဿနာ လုပ်ငန်းစဉ်တရား (၅)

သြော်....တကာ တဲကာမတို့ ညာဏ်နဲ့ကြည့်စမ်းပါ၊ ညာဏ်နဲ့ကြည့်စမ်းပါ၊ ကိုယ် ဝန်ထုပ်နဲ့ ကိုယ်နဲ့ မျှရဲ့လား.... (မမျှပါဘုရား) မမျှတဲ့အခါမှာ တခါတလေ ညများ နဖူးပေါ် လက်တင်ပြီး ဝန်များလေးပြီး ခက်ပါသေးရဲ့များ ညည်းလုံးများထုတ်နေသေးတယ်....(မှန်ပါဘုရား) ဘယ် နှယ်ကြောင့် ညည်းလုံးထုတ်တာတုန်းလို့ မေးလို့ရှိယင်ဖြင့် ဦးခင်မောင်ရေ-ဝန်ထုပ်လေးလွန်းလို့....(မှန်ပါဘုရား)။

တကာ တကာမတွေ ညကျယင် နဖူးပေါ် လက်တင်ပြီး စဉ်းစားတဲ့အခါ သားအတွက်ကလဲ ဝန်ကြီးလိုက်တာ၊ သမီးအတွက်က ဝန်ကြီးလိုက်တာ၊ သူက မွေးဖွားလာတာတွေက ဝန်ကြီးလိုက်တာ၊ တခါ အမြတ်တော်ကြေး ဥပစာခွန် အစရှိသည်တွေ ဒီဝန်တွေကလဲ ထမ်းပြီးသကာလ နေပြန်တော့ တွေးလေတွေးလေ ဝန်ကြီးဟာ လေးလေးလာတော့ အသက်ရှူတောင်မမှန်အောင် လေးတယ်....(မှန်ပါဘုရား) မလေးကြဘူးလား....(လေးပါတယ် ဘုရား)။

အဲဒါ တကာ တကာမတွေ စဉ်းစားပါလား....၊ သြော်.... သံသရာ့ ခရီးသည် ဝန်ထမ်းသမားမှာ ဝန်သေးသေးထမ်းရတာလား၊ ကြီးကြီးထမ်းရတာလား....(ကြီးကြီးထမ်းရတာပါဘုရား) ကြီးကြီးထမ်းရတယ်နော်....(မှန်ပါ) အဲဒီတော့ တကာ တကာမတွေက မသိလို့ တဏှာကလဲ မြေးကလေးလာပြန်လဲ အို-မင်းဘဲ တာဝန်ယူလိုက်လေ၊ မြေးကမွေးလာတဲ့ မြစ်ကလေးကျအောင် ကိုယ်က အသက်ရှည်နေတယ်၊ ကိုယ်ကဘဲ တာဝန်ယူတယ်....(မှန်ပါ)။

တကာတကာမတွေ့ သနားတဲ့ သဘောမျှား ပါရဲ့လား.... (မပါပါဘုရား) ခင်ဗျားတို့ကလဲ တဏှာတည်းဟူသော တရားကို ငါ့ကိုဝန်ထုတ်တင်ပေးနေတဲ့ ပုဂ္ဂိုလ်တယောက်ပါလားဆိုပြီး သကာလ မင်းနဲ့ ငါနဲ့ မပေါင်းဘူးဆိုတဲ့ ဥာဏ်က မလာဘူး၊ သူတင်ပေးတာကို ဟုတ်ပ....ဆိုပြီး ထမ်းနေတာသာမျှားတယ်.... (မှန်ပါ့ဘုရား)မဆိုးဝါးဘူးလား.... (ဆိုးဝါးပါတယ်ဘုရား)။

ဒါနဲ့ တကာ တကာမတွေ့ အချို့ သေသွားတဲ့ အခါကျတော့ အမောဆိုက်ပြီး တခါ သားစိတ်မချ-သမီးစိတ်မချ-ပစ္စည်းစိတ်မချ ဝန်တွေ့ပိပြီး သေသွားကြတဲ့ ပုဂ္ဂိုလ် တကာသစ် အင်မတန် မမျှားဘူးလား-(မျှားပါတယ်ဘုရား)ဒါဖြင့် ဝန်ပိသေတဲ့ ပုဂ္ဂိုလ် ကောင်းရာသုဂတိ လားနိုင်ပါ့မလားလို့ မေးကြည့်ကြစမ်းပါဦး....(မလားနိုင်ပါဘုရား)။

ဧကြော်....ဒီထဲကလဲ ခင်ဗျားတို့က ခုထက်ထိဘဲ ကိုယ့်သားသမီး မရှိလို့ရှိယင် သူမျှားသားသမီး မွေးစားချင်၊ ဝန်ထုပ်တခုလျော့တယ်ထင်လို့ ထပ်တင်ပြီး ထမ်းချင်ဟဲ့ အဓိပ္ပါယ်တွေ့ကလဲ မပါဘူးလား....(ပါပါတယ်ဘုရား)။

အဲဒါ တဏှာက ပြောသ၍ ခင်ဗျားတို့ကလဲ အယုံအကြည် ရှိပြီးသကာလ သေချင်းဆိုး သေချင်လို့ ဒါလောက်တောင် တဏှာပြောတာ နားထောင်တာလားလို့ တကာသစ် မေးဘို့ကောင်းတယ်....(ကောင်းပါတယ်ဘုရား) မမေးသင့်ဘူးလား.... (မေးသင့်ပါတယ်ဘုရား)။

ဒါကြောင့် တကာ တကာမတို့ ခင်ဗျားတို့ထမ်းရတဲ့ ဝန်ထုပ်ပေါင်းက ရေတွက်နိုင်ရဲ့လား.... (မရေတွက်နိုင်ပါ ဘုရား)အ

ထမ်းသမားက ဘယ်သူပါလိမ့်ဗျာ....(တဏှာပါဘုရား) အထမ်းသမားက တကာ-တကာမတွေ့....(မှန်ပါ့)။

အဲဒီ ထမ်းတာ ထမ်းရပါစေတော့၊ ဝန်ထုပ်တွေကလဲကြီးလိုက်တာ-များလိုက်တာကလဲ ပုံနေတာဘဲ ဆိုတာလဲ ရှိပါစေတော့၊ ဘယ်လမ်းကို အထမ်းခိုင်းသတုန်းလို့ မေးတဲ့ အခါကျတော့ ဒီကနေ စျေးချို- စျေးချိုကနေပြီးသကာလ အမျိုးမျိုး အဖုံဖုံ ကိုယ့်အရောင်းအဝယ်ရှိတဲ့ဆီ သွားကြတော့ လမ်းမှာလဲ တကာ တကာမတို့ လေပူ-နေပူ- အညော်တွေ- ဖုံတွေ- မြူတွေ-ပိုးကောင်တွေ-မရှိတော့ဘူးလားဗျာ....(ရှိပါတယ်ဘုရား)။

ဩော်....ဒါဖြင့် တကာတကာမတို့ ဝန်ထုပ် ထမ်းရတာကလဲ ကြီးပြန်၊ ၉၆-ပါး လမ်းကြမ်းလဲ သွားရပြန်.... (မှန်လှပါဘုရား) ဘယ်လိုမှတ်ကြမယ်.... (ဝန်ထုပ်ထမ်းရတာလဲကြီးပြန်၊ ၉၆-ပါးလမ်းကြမ်းလဲ သွားရပြန်ပါဘုရား)။

ဝန်ထုပ်က အင်မတန် ကြီးပါတယ် ဆိုတာ သေချာကြပလား....(သေချာပါတယ်ဘုရား) ဝန်ထမ်းရတဲ့လူက ထမ်းတဲ့ဝန်ထုပ်နဲ့ တကာတကာမတို့ ထမ်းတဲ့ဝန်ထုပ်နဲ့ကော မျှပါရဲ့လား(မမျှပါဘုရား)ဒီထဲမှာ ၉၆-ပါး လမ်းကြမ်းမှာ အထမ်းခိုင်းတာ....(မှန်ပါ့ဘုရား)။

ဒီကနေပြီး တကာတကာမတို့ အိမ်ကလာခဲ့ရတယ်ဆို လမ်းမှာ ကားတွေ့ရှောင်ခဲ့ရတာနဲ့၊ခလုတ်ကဇင်းတွေ့ကြည့်ပြီး လာခဲ့ရတာနဲ့၊ အောက်ကမြေခိုးတွေ့ မှုတ်တာကို ကြည့်ပြီး သကာလ လာခဲ့ရတာနဲ့၊ အပေါ်က အပူရှိန်တွေ့ လှမ်းမိုးနေတာတွေ့ကလဲ ၉၆-ပါးလမ်းကြမ်းထဲမှာ မဆန့်မပြဲ ဝန်ထုပ်ထမ်းပြီးသကာလ

တကာတကာမတို့ သွားနေရတဲ့ဟာ ယနေ့စဉ်းစားကြည့်စမ်းပါ၊ သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

လမ်းကဘာလမ်းတဲ့(၉၆-ပါးလမ်းပါဘုရား) ၉၆-ပါးလမ်းကြမ်း....(မှန်ပါဘုရား) သံသရာခရီးသည်က ဝန်ထမ်းသမား(မှန်လှပါဘုရား) ခန္ဓာငါးပါးကြီးက ဝန်ထုပ်ကြီး....(မှန်ပါ) နောက် ဒီ ခန္ဓာငါးပါးကြီးပေါ်၌ သားသမီး ဆွေမျိုး ဥစ္စာ ကာတွေကိုလဲ ကိုယ်က ပေးချင်ကမ်းချင် လက်ဆောင်ထိုးချင်တဲ့ စိတ်ကရှိပြန်တော့ ဝန်ထုပ်တွေက ဆက်မလာဘူးလား....(လာပါတယ်ဘုရား)။

ဒါဖြင့် ဝန်ထုပ်တွေကလဲ များပြန် တကာတကာမတို့ ၉၆-ပါး လမ်းကြမ်းလဲအသွားခိုင်းပြန်၊ စီးပွားအရှာခိုင်းတယ်ဆိုတာ မှတ်လိုက်စမ်းပါ ကိုမြရှေ....(မှန်လှပါဘုရား) ၉၆-ပါးလမ်းကြမ်းအသွားခိုင်းတယ်....(မှန်ပါ)။

ဒီကနေပြီး ရန်ကုန်သွားတယ်၊ မတော် ဗုံးတွေဘာတွေနဲ့ တွေ့ယင် ဘယ်နှယ်လုပ်မလဲ....(မှန်ပါ) ဆီးချုပ် ဝမ်းချုပ်နဲ့ ကိစ္စဆိုတာကတော့ ပါသေးတယ်....(မှန်ပါ) အစားအသောက်တွေ့ တွေ့ကရာစားသောက်သွားမှာမို့ တွေ့ရာစားပြီး သွားရတဲ့ ဥစ္စာ ရောဂါအဆိပ်တွေက ဦးခင်မောင် ဖြစ်နိုင်-မဖြစ်နိုင်....(ဖြစ်နိုင်ပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတွေ့ တဏှာက ဝန်ထုပ်ထမ်းပြီး ၉၆-ပါးလမ်းကြမ်းမှာ အပြေးခိုင်းတယ်....(မှန်ပါဘုရား) ဘယ်လို ခိုင်းပါလိမ့်....(၉၆-ပါးလမ်းကြမ်းမှာ အပြေးခိုင်းပါတယ်ဘုရား) အပြန်ကျတော့ကော တကာတကာမတို့ အနှေးဘဲပြန်

စေသလား- အပြေးဘဲပြန်စေသလား.... (အပြေးဘဲ ပြန်စေပါတယ်ဘုရား)။

ဩော်....ဒီတကာတကာမတွေ့တဲ့၊ ဒီ သမုဒယသစ္စာ ဝန်ပေးသမား သူတင်သ၍ ခင်ဗျားတို့လက်ခံပြီး ၉၆-ပါး လမ်းကြမ်း အပြေးခိုင်းတာလဲသူဘဲ၊ ဝန်ထုပ်တွေ့ ပိုပိုတင်တာကော....(သူပါဘဲဘုရား) အပြေးခိုင်းတာကော.... (သူပါဘဲဘုရား)။

တသံသရာလုံး ဦးခင်မောင်လျှောထွက်ပြီး ဗိုင်းဗိုင်းလဲသေခဲ့ရတယ်....(မှန်လှပါဘုရား) တသံသရာလုံး ဘယ်လိုမျှား သေခဲ့ရသလဲ.... (လျှောထွက်ပြီး ဗိုင်းဗိုင်းလဲ သေခဲ့ရပါတယ်) လျှောထွက်ပြီး ဗိုင်းဗိုင်းလဲ သေခဲ့ရတယ်ဆိုတဲ့ဥစ္စာ သေခြင်းကောင်းမျှား ကြုံခဲ့ကြရရဲ့လား....(မကြုံခဲ့ရပါဘုရား)။

အင်မတန် တကာတကာမတွေ့ အဖြစ်ဆိုးလွန်းလို့ ပြောပါတယ်....(မှန်ပါ့ဘုရား) ဒါ ဘုန်းကြီးက ပြောတယ်လို့ မယူပါနဲ့၊ ခန္ဓာဝဂ္ဂသံယုတ် ဘာရဝဂ်မှာ သေသေချာချာ လာပါတယ်တဲ့၊ အဲဒါ တကာတကာမတွေ့ကမသိတော့ သားကလေးမွေးလာလဲ ကိုယ့်တာဝန်ဘဲ၊ သမီးကလေး မွေးလာကော....(ကိုယ့်တာဝန်ပါဘဲဘုရား)။

ကိုယ့်တာဝန်ဘဲ၊ သူကမွေးဖွားလာတဲ့ ပဋိဂ္ဂါလ်တွေ့ ကျပြန်တော့ကော(ကိုယ့်တာဝန်ပါဘဲဘုရား) အင်း....ခင်ဗျားတို့ဟာကျောပေါ်နဲ့ ခန္ဓာကို....နဲ့ ဝန်ထုပ်ကြီးနဲ့ မျှသေးရဲ့လား....(မမျှပါဘုရား) မမျှတော့ အသက်အရွယ်ကလဲကြီးပြန်၊ ဝန်တွေ့ကလဲ ပိပြန်....(မှန်ပါ့ဘုရား)။

ဦးခင်မောင် ဘာတုန်း....(အသက်အရွယ်ကလဲကြီးပြန်၊ ဝန်တွေကလဲပိပြန်) ဦးခင်မောင်တို့ နဂိုရိုလူပျိုတုန်းက ဒီလောက် ဝန်ထုပ်များရဲ့လား မေးချင်တယ်.... (မများပါဘုရား) အခု အသက်အရွယ်ကလဲကြီးလာပြီ၊ ဝန်ထုပ်က ပိုမလာဘူးလား.... (ပိုပါတယ်ဘုရား)။

ဘယ်နှယ်တုန်း၊ မထမ်းနိုင်တဲ့အချိန်နဲ့ ဝန်များတဲ့အချိန်နဲ့ ကြုံပါပေါ့လား....(ကြုံပါတယ်ဘုရား)တကာသစ် ဘာတဲ့တုန်း.... (မထမ်းနိုင်တဲ့အချိန်နဲ့ ဝန်များတဲ့အချိန်နဲ့ ကြုံပါတယ်ဘုရား) မထမ်းနိုင်တဲ့အချိန်နဲ့ ဝန်များတဲ့အချိန်နဲ့ ကြုံတယ်၊ကြုံတဲ့အခါကျတော့ စားမည်လူ သောက်မည်လူတွေကလဲကိုယ့် ကျောပေါ်မှာ များနေတော့ ရှေးကလို နှေးနှေးလုပ်ရသလား....တဲ့ ခပ်သွက်သွက် ငွေရှာရသလားလို့ မေးပြန်တော့လဲ ဘယ်နှယ်ဖြေကြမယ်....(ခပ်သွက်သွက် လုပ်ရပါတယ်ဘုရား)။

ဟာ....ဒါဖြင့် အပြေးခိုင်းပြီး အရှာခိုင်းတယ်.... (မှန်ပါ) တကာတကာမတို့ ဘယ်လိုအရှာခိုင်းပါလိမ့်.... (အပြေးခိုင်းပြီး အရှာခိုင်းပါတယ်ဘုရား) အပြေးခိုင်းပြီးသကာလ ရှာစေတယ်ဆိုတာ ရိပ်မိပလား....(မှန်ပါဘုရား) ဘယ်လိုများ ရှာစေပါလိမ့်....(အပြေးခိုင်းပြီး ရှာစေပါတယ်ဘုရား)။

အပြေးခိုင်းပြီး ရှာစေတယ်ဆိုတော့ လမ်းက လမ်းကောင်းလား.... (လမ်းကြမ်းပါဘုရား) ဘာလမ်းတဲ့.... (၉၆-ပါး လမ်းကြမ်းပါဘုရား)အံမာလေး တကာတကာတွေ့ရဲ့ မကြားဘူးတဲ့ လမ်းကြီးပါကလား....(မှန်ပါဘုရား)။

လမ်းမှာ လေပူ,နေပူတွေကလဲ ဓဒ ပါးရောဂါဝေဒနာတွေ ပေးနေတာဘဲ မဟုတ်လား....(မှန်လှုပါဘုရား)အညှော်အသင်း အိမ်သာနံ့တွေဘာတွေကကော....(မှန်ပါဘုရာ) ဓဒ ပါး လမ်း ကြမ်း မှန်ပါရဲ့လား....(မှန်ပါတယ်ဘုရား)။

အဲဒီလမ်းမှာ ဝန်ထုပ်တွေက မဆန့်မပြဲထမ်းလာတယ်၊ လမ်း လဲသူတို့ဘို့ဆိုတာတွေက ပါလျက်ဘဲ (မှန်ပါ) သားဘို့,သီးဘို့ ဆေးဘို့,မျိုးဘို့ ဆိုတာတွေကလဲ....ကိုမြရှေ မပါဘူးလားဗျာ.... (ပါ,ပါတယ်ဘုရား)။

ဒါဖြင့် လမ်းမှာလဲ ဒီဝန်တွေက ထမ်းလျက်ဘဲ ဆိုယင်ကော လဲပါ့မလား.... (မလဲပါဘုရား) တကာတကာမတို့ ထမ်းရတဲ့ ပဋိုလ်နဲ့ ဝန်ထုပ်နဲ့ မျှရဲ့လား....(မမျှပါဘုရား)။

လမ်းကကော ကောင်းရဲ့လား....(မကောင်းပါဘုရား) ဘာ လမ်းတဲ့တုံး....(ဓဒ-ပါးလမ်းကြမ်းပါဘုရား) ဓဒ-ပါးလမ်းကြမ်း မှာ အမြဲပြေးဘဲ သွားရသလား....နှေးနှေးဘဲ သွားရသလား.... (အပြေးသွားရပါတယ်ဘုရား)။

သြော်....သေခြင်းဆိုးတော့ ကပ်နေပါပေါ့ကလား....(မှန်ပါ့ ဘုရား) တကာ တကာမတွေက မြည်တယ် တွန်တယ်....လို့ မအောက်မေ့လိုက်ပါနဲ့၊ ခင်ဗျားတို့ ဖြစ်စဉ်ဆိုးလွန်းလို့ပြော ပါတယ်....(မှန်ပါ့ဘုရား) ခင်ဗျားတို့ဖြစ်စဉ် ဘယ်နှယ်နေသလဲ (ဆိုးပါတယ်ဘုရား)။

အင်မတန် ဆိုးပါတယ်ဆိုတာ မပေါ်လာဘူးလား....(ပေါ် လာပါတယ်ဘုရား) အဲဒါတောင်မှ တကာတကာမ တွေကလဲ ဝန်ချရဌာန ဘယ်မှာ နေပါလိမ့်မလဲလို့ ဆိုတာ ဝန်တင်မှန်း မသိတော့ ဝန်ချရဌာန ဘယ်မှာပါလိမ့်မလဲဆိုတာ မသိဘဲ ဖြစ်

နေတယ်.... (မှန်လှပါဘုရား) ဘယ်နှယ်ဖြစ်နေ ကြပါလိမ့်.... (ဝန်ချရာဌာန မသိဘဲဖြစ်နေပါတယ်ဘုရား)။

ဝန်ချရာဌာန မသိဘဲဖြစ်နေတယ်.... (မှန်ပါ့) ဘာဖြစ်လို့ ဒီတကာတကာမတွေ ဝန်ချရာဌာန မသိပါလိမ့်မတုန်းမေးတော့မှ ဝန်တင်ပုဂ္ဂိုလ်မှ မသိလို့ရှိယင် ဝန်တွေထမ်းနေရ တာလဲ သိပါ့မလား....(မသိပါဘုရား)။

သမုဒယသစ္စာမှမသိတော့ သမုဒယသစ္စာပေးတဲ့ ဒုက္ခသစ္စာ ဝန်တွေကိုလဲ ထမ်းနေရတာ ကိုယ်တိုင်သိသေးရဲ့လား....(မသိပါဘုရား) မသိသေးတော့ ၉၆-ပါးလမ်းကြမ်းကို ပြေးနေရပါကလားဆိုတာလဲ ဖေါ်ပြောမှသာလျှင် အခု သံယောင်လိုက်ပြီး ပြောကြရတာ....(မှန်ပါ့) စင်စစ်သိတဲ့ အမျိုး ဟုတ်ပါရဲ့လား.... (မဟုတ်ပါဘုရား) လူဆိုယင် ရှာစားရမှာဘဲ ဒီလိုဘဲ အောက်မေ့တာဘဲ....(မှန်ပါ့)။

လူဆိုယင်ဘာတဲ့....(ရှာစားရမယ်) အံမာလေး....ဖြစ်မှ ဖြစ်ရပလေ တကာတကာမတို့....၊ ဒါကြောင့် အားလုံး မသာတွေ ရှောက်ပြီးသကာလ အသုဘသေတ္တာတွေ ရှောက်ကြည့်လိုက်တဲ့ အခါကျတော့ အင်း....သားဝန်,သမီးဝန်,ဆွေဝန်,မျိုးဝန်တွေ ထမ်း၊ လမ်းကြမ်းပြေးပြီးသကာလ သေပဲ့ ဝင်ရတာတောင်မှ သြော်-မထမ်းချင်တော့ဘူးဆိုပြီး သေသွားတာလား၊ ထမ်းချင်ရဲ့တန်းလန်းနဲ့ သေသွားတာလား....(ထမ်းချင်ရဲ့တန်းလန်းနဲ့ သေသွားတာပါဘုရား)။

သားကလေးမှာချင်, သမီးကလေးမှာချင် ပစ္စည်းကလေးကိုလဲ ခွဲဝေပေးချင်၊ လူ့အောက်ကျမှာလဲစိုးရိမ်နဲ့ စိတ်ချလက်ချ

သေသွားတာလား တကာတကာမတို့ စဉ်းစားကြည့်ပါဦး ဝန်ထမ်းချင်လျက် တန်းလန်းနဲ့ သေသွားတာလား....(ဝန်ထမ်းချင်လျက်တန်းလန်းနဲ့သေသွားတာပါဘုရား)။

ဒါဖြင့် ဆုံးဖြတ်ချက်ချကြတော့ ဝန်ထမ်းသမား အသေဆိုးကလေး....(မှန်ပါ့)ဘယ့်နှယ် ဆုံးဖြတ်ချက်ချမလဲ....(ဝန်ထမ်းသမား အသေဆိုးပါဘုရား) မနာကြနဲ့နော်.... (မှန်ပါ့) မှန်ကော မှန်ရဲ့လား....(မှန်ပါတယ်ဘုရား)ဝန်ထမ်း သမားကော ဟုတ်ပါရဲ့လား....(ဟုတ်ပါတယ်ဘုရား)။

အို....ခလေးကလေးတယောက် ရတယ်ဆိုကတည်းက တကာတကာမတို့ ညမအိပ်ရ, နေ့မအိပ်ရ ဝန်ထမ်းနေရတာကော....(မှန်ပါတယ်ဘုရား) ကိုယ့်ခန္ဓာကိုယ်ကြီးကိုလဲ ဆေးတိုက်ပြီး ဝန်ထမ်းနေရသေးတယ်....(မှန်ပါ့)ဒီခလေး ကျန်းမာရေးလဲ....ရင်ခွင်ထဲက မချန်ိုင်အောင် ထမ်းနေရ သေးတယ်....(မှန်ပါ့)။

ဒီအထဲ သား,လင်,ခင်ပွန်းတို့၏ မျက်နှာကြည်သာအောင် ချက်ပြုတ်ပြီးသကာလ မနိုင်ဝန်တွေ လုပ်နေရသေးတယ်....(မှန်ပါ့) အံမာလေး.... တကာတကာမတွေ ခင်ဗျားတို့မို့ ပြုံးနိုင်တာနော်၊ ရိပ်မိကြပလား....(ရိပ်မိပါပြီ) ဘယ်လိုမျှားမှတ်ရပါလိမ့်၊ မိုက်လွန်းလို့ပြုံးနိုင်တာ....(မှန်ပါ့)။

တကာတကာမတို့ ဘယ်လိုကြောင့် ပြုံးနိုင် တာပါလိမ့်....(မိုက်လွန်းလို့ပြုံးနိုင်တာပါဘုရား) ဦးခင်မောင် ကိုယ်တိုင်လုပ်ကြည့်တော့ ဘယ့်နှယ်တုံးဗျာ၊ ပြုံးကွက်ကို ပါသေးရဲလား....(မပါ-ပါဘုရား)။

အဲဒီမှာ တကာတကာမတွေက ခလေးကလဲတဖက်နဲ့ စျေးရောင်းတာကလဲတဖက်နဲ့ သား,လင်,ခင်ပွန်း ကြည်သာအောင်

ထမင်းချက်ချင်တာကလဲတဖက်နဲ့ အံမာလေး....တကာတကာမ တွေ့ ဒီထဲကနေပြီး သကာလ ပြုံးနိုင်တာ တော်တော်ရှုးလို့ မဟုတ်ဘူးနော်....(မှန်ပါ့)။

ဘယ်လိုဆုံးဖြတ်ချက်ချကြမလဲ....(တော်တော်ရှုးလို့မဟုတ် ပါဘုရား) အရှုးသန်လွန်းလို့ ဆိုစမ်းပါဗျာ.... (မှန်ပါ့ဘုရား) တကာဝ....ဘယ်နှယ်ဆိုမယ်.... (အရှုးသန်လွန်းလို့ပါဘုရား) အရှုးမှ ဘာမှမသိအောင် ရှုးနေတယ်၊ သစ္စာလေးပါး မသိလို့ ရှုးနေတယ်၊သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

အဲဒီတော့....တကာတကာမတို့ ဒီကလဲ ဝမ်းထဲကရှုး၊ သား လင်-ခင်ပွန်း ကြည်သာအောင် သူတို့ဝန်တွေကိုလဲထမ်းရ၊ သား မယားကြည်သာအောင် ယောကျ်ားတွေကလဲ ဝန်တွေထမ်းရ၊ ဒီလိုနေရတာ တကာတကာမတွေသည်ကားလို့ဆိုယင်ဖြင့် စိတ် အေး,လတ်အေး ဘဝင်အေးအေးများ အချိန်ပါကြရဲ့လား.... (မပါ်-ပါဘုရား)။

မပါဘူးနော်....၊ နေဝင်လို့သာ အလုပ်သိမ်းလိုက် ရတယ်၊ အလုပ်ပြီးတယ်လို့များ ရှိရဲ့လား.... (မရှိပါဘုရား) နက်ဖြန် ဘို့ချန်ထားတာတွေ့များ ရှိသေးလား.... (ရှိပါတယ်ဘုရား)။

အံမာလေး-ဖြစ်မှဖြစ်ရလေ တကာတကာမတို့ အပြတ်အသတ် ကို မဖြစ်ပါကလား.... (မှန်ပါ့ဘုရား) ဖြစ်ပါရဲ့လား....(မဖြစ် ပါဘုရား) အံမာလေး.... ကြောက်စရာကြီးပါကလား တကာ တကာမတို့....(မှန်ပါ့ဘုရား)။

ဒါ ဘယ်လောက်ကြဲကြာ လုပ်ရမှာတုန်း....၊ အို....သေခါ နီး လျှာထွက်အောင် လုပ်ရမှာပါဘုရာ့....(မှန်ပါ့ဘုရား)ဘယ်

လိုမှတ်ကြမယ်.... (သေခါနီး လျှာထွက်အောင် လုပ်ကြရမှာပါ ဘုရား)အတော် မဆိုးဝါးဘူးလား....(ဆိုးဝါးပါတယ်ဘုရား)။

ဒါမျှား ခင်ဗျားတို့က ဖီးနိုင်၊လိမ်းနိုင်၊ ပြုပြင်နိုင်သေးတယ် ဆိုတော့ အတော်ခက်နေတယ်....(မှန်ပါ့ဘုရား)တကာတွေကလဲ ပြင်နိုင် ဆင်နိုင် ကြံးနိုင် ဝါနိုင်သေးတယ်ဆိုတော့ ဘယ်နှယ် ဖြစ်နေသတုန်း....(ခက်ပါတယ်ဘုရား)။

အတော်ခက်နေတယ်ဆိုတာ တကာဝ-သေချာပလား (သေ ချာပါတတ်ဘုရား)ဒါဖြင့် ဝန်ထမ်းသမားဟာ ကြံးချိန်မျှားရှိပါ ရဲ့လား.... (မရှိပါဘုရား) ၉၆-ပါး လမ်းကြမ်းမှာ တဏှာက အတင်းလိုက်မောင်းတာနဲ့ ပြေးရတာနဲ့ ခင်ဗျားတို့ သက်သာ ခွင့်ရပါရဲ့လား....(မရပါဘုရား)။

သေတဲ့အခါ ကျပြန်လို့ရှိယင် သွားရောဟဲ့....အပါယ်ဆိုပြီး သကာလ တဏှာကဘုန်းချလိုက်သေးတယ်၊ အပြေးလဲအမောင်း ခိုင်းသေးတယ်၊ လမ်းလဲလျှာထွက်သေအောင် လုပ်လိုက်သေး တယ်၊ နောက်ဘဝကျလဲ အပါယ်ပို့လိုက်သေးတယ် ဆိုတော့ ခင်ဗျားတို့မို့ဘဲ သည်းခံနိုင်ပါပေတယ်၊ အံ့လဲ အံ့စရာကောင်း ပါပေတယ်.... (မှန်လှပါ) ဆိုထိုက်....မဆိုထိုက်.... (ဆိုထိုက်ပါ တယ်ဘုရား)။

ဒီနေ့ကစပြီး ကြပ်ကြပ်သတိထားစမ်းပါ၊ တဏှာ ခိုင်းတာ မလုပ်ဘူးဟေ့၊ တကာတကာမတွေ့ တော်လှန်ကြစမ်းပါ(မှန်လှ ပါဘုရား) ဦးခင်မောင် ဒီနေ့ကစ၍ ဘာလုပ်ရမယ်....(တဏှာ ခိုင်းတာတော်လှန်ရပါမယ်ဘုရား)။

တဏှာက ဒီလမ်းသွားရမယ်၊ ဒီလမ်းက သွားခိုင်းလို့ ရှိယင် မသွားဘူးကွာ၊ ခင်ဗျားတို့ ရဲပါရဲ့လား....(ရဲပါတယ်)အင်း....

အတော်ကို ငြိမ်ထွက်သွားတယ်၊ မရဲဘူးဗျ....ကြောက်စရာ သိပ်ကောင်းတယ်....ငယ်ကြောက်ဖြစ်နေတယ်။

ဦးခင်မောင် ဘာကြောက်ဖြစ်နေသတုန်း.... (ငယ်ကြောက်ဖြစ်နေပါတယ်ဘုရား) ငယ်ကြောက်ဖြစ်နေတယ်ဆိုတော့ တသံသရာလုံးက ဘယ်တော့မှ တော်မလွန်ဘူး ဆိုတော့ကို တကာတကာမတို့ ငယ်ကြောက် ဖြစ်နေတယ်ဆိုတာ ဦးဝ....သေချာပလား....(သေချာပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဒီငယ်ကြောက်ကို ခင်ဗျားတို့ မကြောက်ပါနဲ့၊ သူ့ကို ကျုပ်တို့က မင်္ဂလာအပြန်အလှန်တိုက်ရမယ်....(မှန်ပါဘုရား)။

မင်္ဂလာမင်းသေအောင် တိုက်လို့ရှိယင် ဒီအပေါ်မှာ ဝန်ထုပ်ဝန်ပိုးတွေမတင်တော့ဘူး....(မှန်လှပါဘုရား) ၉၆-ပါး လမ်းကြမ်းလဲအပြေးမခိုင်းတော့ဘူး....(မှန်ပါ) လျှာထွက်သေတဲ့အလုပ်ကော (မခိုင်းပါဘုရား) ရပ်စဲသွားတယ်.... (မှန်ပါ) အပါယ်လေးပါးပို့တဲ့အလုပ်ကော....(ရပ်စဲသွားပါတယ်)။

ရပ်စဲ ဇာတ်သိမ်းသွားမယ်ဆိုတာ မသေချာဘူးလား (သေချာပါတယ်ဘုရား)အဲဒါကြောင့်ခင်ဗျားတို့အခုအချိန်မှာမပျော်ကြပါနဲ့၊ နွားကပိန်ပိန် ဝန်က ခုနစ်ရာလောက် တင်လာမယ်ဆိုယင် ကုန်ခုနစ်ရာလောက် တင်လာမယ်ဆိုယင် ဦးခင်မောင် ကြည့်ကောင်း-မကောင်း....(မကောင်းပါဘုရား)။

သို့သော်လဲ နွားရှင်ကတော့ ငွေလိုချင်တာနဲ့ တင်မှာဘဲ....(မှန်ပါဘုရား) သူငွေရတို့သာ အရေးကြီးတယ်၊ နွားပိန်တာ အရေးကြီးရဲ့လား....(မကြီးပါဘုရား)ခင်ဗျားတို့လဲ ပိန်ပိန်နဲ့ဘဲ

သွားမကွာ၊ လာဟာ စားမကောင်းဘူး၊ စားမကောင်းလဲသွား သာသွားကွာ၊ မင်းမသွားခက်ကုန်ရောပေါ့....။

တကာတကာမတို့ ပိန်တယ်လို့ စားမကောင်းတယ်တို့ကော တဏှာက အခိုင်းလုတ်ပါ့မလား....(မလုတ်ပါဘုရား)ခင်ဗျားတို့ ကကော ကြည်ကြည်သာသာ သွားတာဘဲလား၊ မသွားဘူးလို့ကော တော်လှန်သေးသလား....(မတော်လှန်ပါဘုရား)ဘာဖြစ်နေကြတာလဲ....(ငယ်ကြောက် ဖြစ်နေပါတယ်ဘုရား)။

ငယ်ကြောက်ဖြစ်နေတယ် (မှန်ပါ့) တကာတကာမတွေ့ အလှန်ဆိုးနေပြီဆိုတာ ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား) အဲဒီတော့ တသံသရာလုံးကို ဒီနေ့ ဉာဏ်ဖြန့်ပါတော့လို့ တကာတကာမတွေ့ သတိပေးလိုက်တယ်နော်....(မှန်ပါ့)။

ခန္ဓာ မနိုင် ဝန်လဲထမ်းရသေးတယ်၊ ၉၆ ပါးလမ်းကြမ်းလဲ အသွားခိုင်းသေးတယ်၊ အပြေးလဲ နောက်ကရိုက်ပြီး နှင်သေးတယ်ဆိုတော့ ဦးခင်မောင် ကောင်းသေးရဲ့လား....(မကောင်းပါဘုရား) ဒါဖြင့် ကျုပ်တို့မှာ အသေကောင်းသေတာ ကြိုက်သလား....လျှာထွက်သေတာ ကြိုက်တဲ့ တဏှာလားလို့ မေးကြည့်စမ်း....(လျှာထွက်သေတာ ကြိုက်ပါတယ်ဘုရား)။

တို့တို့ပြောကြပါစို့ တကာတကာမတို့ သေခြင်းဆိုး သေတာ ကြိုက်တဲ့တဏှာ (မှန်ပါ့ဘုရား) သေပြီးသည်၏ အခြားမဲ့၌၊ ခွေးသေမှ ငွင်းတစာဖြစ်သေးတယ်၊ ကျုပ်တို့ အပါယ်ပို့ပေးတယ်....(မှန်ပါ့ဘုရား) ကဲ....စိတ်နာစရာ မကောင်းဘူးလား (ကောင်းပါတယ်ဘုရား)။

ဒါဖြင့် ဘယ်နှယ် လုပ်ကြမယ်.... (တော်လှန်ပစ်ရပါမယ်) တကာတကာမတို့ ဘယ်နှယ်လုပ်မလဲ၊ ခင်ဗျားတို့ အရှင်သခင်

ကြီးက အတော်ကြီးကျယ်နေပြီ....(မှန်ပါ့ဘုရား)မကြီးကျယ်ဘူးလား....(ကြီးကျယ်ပါတယ်ဘုရား)။

ကဲ....မင်္ဂလာပါး တကာတကာမတို့ သူ့ကိုဖြတ်နိုင်တဲ့တရားရှိလိမ့်မယ်မျှား ထင်သလား....(မရှိပါဘုရား)ဘယ်သူ့တုံးဗျာ....ခင်ဗျားတို့ကို ကယ်မည့်ယူမည့်တရား ဘယ်တရားပါလိမ့်....(မင်္ဂလာပါဘုရား)။

ကိလေသေ မာရေန္တော နိဗ္ဗာနံ ဂစ္ဆတီတိ မင်္ဂ၊ကိုး....ကိလေသေ=ခုနင်က ခိုင်းတဲ့-ဝန်တင်တဲ့ ၉၆-ပါး လမ်းကြမ်းကို အပြေးရိုက်ပြီး ခိုင်းတဲ့ကိလေသာ၊ အပါယ်လေးပါးပို့တဲ့ကိလေသာကို၊မာရေန္တော=သတ်လျက်၊နိဗ္ဗာနံဂစ္ဆတိ=နိဗ္ဗာန်သို့ သွားတယ်၏၊ ဣတိတသ္မာ=ထို့ကြောင့်၊ မင်္ဂ၊ါ၊ မင်္ဂလာပါ၏....ဆိုတော့ သူ့ကို မရလို့ရှိယင် ဒီကျန်စာရင်းကတော့ မလွတ်တော့ဘူး....(မှန်ပါ့) သဘောပါကြပလား....(ပါပါပြီ)။

သူ့မရလို့ ရှိယင်....(ကျန်စာရင်းမလွတ်ပါဘုရား) ကျန်စာရင်းက လွတ်စရာမျှားမြင်သေးရဲ့လား....(မမြင်ပါဘုရား)ခေါင်းဖြူစွယ်ကျိုးတွေလဲ ဘာဖြစ်သတုန်း.... ခိုင်းနေမှာဘဲ....(မှန်ပါ့) ဦးခင်မောင်ရေ....(ခိုင်းနေမှာပါဘုရား)။

ဒါ့ကြောင့် ဘုန်းကြီးက ပြောရတယ်၊ နွားမျက်မှန်တပ်ခိုင်းတယ်လို့ ဘယ်သူမှမရှိဘူးက္ခ၊ လူမျက်မှန် တပ်ပြီး သကာလ လုပ်ပါဦးဆိုပြီး ခိုင်းနေတာတွေက ရေတွက် နိုင်ကြရဲ့လား....(မရေတွက်နိုင်ပါဘုရား)။

နွားကို မျက်မှန်တပ်ပြီး ခိုင်းတာမျှား တကာသစ်မြင်ဘူးရဲ့လား....(မမြင်ဘူးပါဘုရား) တော်ပြီကွာ....ဒီနွားကို မခိုင်းချင်

တော့ဘူး၊ ဘေးမဲ့လွတ်လိုက်တာ ကောင်းတယ်ဆိုပြီး ဦးခင်မောင် နွားရှင်က ခိုင်းသေးရဲ့လား....(မခိုင်းပါဘူးရှား)

ဒီမှာ ကိုလေသာ တည်းဟူသော နွားရှင်ကတော့ တကာ တကာမတွေကို မျက်မှန်တပ်ပြီး ခိုင်းတယ်၊ တောင်ဝှေးထောက်ပြီးတော့....(ခိုင်းပါတယ်)သနားတဲ့စိတ် ပါ-ပါရဲ့လား....(မပါပါဘူးရှား) ဒါဖြင့် တကာတကာမတို့ ဒီထက်ကြီးတဲ့ ရန်သူမျှား ရှိသေးရဲ့လား....(မရှိပါဘူးရှား)။

ဒါဖြင့် သမုဒယသစ္စာကို ဘုရားက ပဟာတဗ္ဗနဲ့ပယ်ရမယ်တဲ့ (မှန်ပါ့) ဘယ်လိုတဲ့တုံး....(သမုဒယသစ္စာကို ပဟာတဗ္ဗနဲ့ပယ်ရမယ်) စာဆိုလား ခင်ဗျားတို့ကို နှိပ်စက်လွန်းလို့လား....(နှိပ်စက်လွန်းလို့ပါဘူးရှား)သဘောပါကြပြီနော်....(ပါပါပြီ)။

ဘုရားက အပယ်ခိုင်းတာကို ခင်ဗျားတို့ကလက်သတ်မှေးချင်သလား....တဲ့၊ ဘုရားကတော့ အပယ်ခိုင်းတယ်၊ သမုဒ္ဒယသစ္စာဆိုတာ ပဟာတဗ္ဗနဲ့ပယ်ကွ....၊ မခိုင်းဘူးလား....(ခိုင်းပါတယ်ဘုရား)။

ခင်ဗျားတို့ကတော့ ဘယ်နှယ် ဖြစ်နေသတုံး....အို....ကိုယ့်လောဘကလေးရှိလို့ ဒါကလေး ရလိုက်သေးတယ်....(မှန်ပါ့) အံမာ....ခင်ဗျားတို့က လက်သတ်မှေး ဖြစ်နေတယ်၊ ရိပ်မိကြပလား(ရိပ်မိပါပြီ)ခင်ဗျားတို့က ဘာဖြစ်နေသတုံး....(လက်သတ်မှေးဖြစ်နေပါတယ်ဘုရား)။

ဒီမှာ ဒီလောဘကလေးနဲ့ ဒီအချိန်ဒီအရွယ်က လုပ်ခဲ့လို့ အခု ဒီအချိန်မှာ သားတွေ၊ သမီးတွေ၊ မြေးတွေ ဝန်ထမ်းချင်

သေးတယ်၊အံမာလေး-ဝန်ထမ်းတာတောင် ကြွားနေသေးတယ် (မှန်ပါ့ဘုရား)။

ဘေးကမျှား ကြည့်ကြစမ်းပါဦး....တကာတကာမတို့၊ နွားပိန်ပိန်မှာ၊ ဝန်ခုနစ်ရာ တင်လာတော့ နွားရှင်တောင်ခင်ဗျားတို့ ရိုက်ထုတ်ချင်သေးတယ်....(မှန်ပါ့)မထုတ်ချင်ဘူးလား....(ထုတ်ချင်ပါတယ်ဘုရား)။

ဒီမှာလဲ အရိယာမျက်လုံးတပ်ပြီး ဦးခင်မောင် - ကြည့်စမ်းပါ၊ သူတို့ သားသမီး ရှစ်ယောက် ကိုးယောက် တဆယ်....ဟုတ်လား....(မှန်ပါ့) ဒီ့ပြင်လဲ အိမ်မှာ လုပ်ဖေါ် ကိုင်ဘက်တွေနဲ့ဆိုယင် မနည်းလှဘူး၊ ဒါတွေကို ဒီလင်မယားကဘဲ ရှာကျွေးနိုင်တယ်....ဆိုတဲ့ဥစ္စာ တော်တော်ထမ်းတဲ့ ဝန်လား....အလွန်အလွန် မိုက်လွန်းလို့ ထမ်းတာလား မေးကြည့်စမ်း....(အလွန်အလွန် မိုက်လွန်းလို့ ထမ်းတာပါဘုရား)။

ဝန်သာ ထမ်းရတယ်၊ ဒီဝန်တွေက တနေ့တခြား တိုးပွားလာတဲ့ ဝန်လား၊ တကာတကာမတို့ လျှော့သွားတဲ့ ဝန်လား....(တိုးပွားလာတဲ့ ဝန်ပါဘုရား) ကိုယ်ကတော့ အားအင် ဗလဘယ်လိုဖြစ်နေသတုန်း....(လျှော့ပါတယ်ဘုရား) ကိုယ်ကအားအင်ဗလကလျှော့တယ်၊ဝန်က တနေ့တခြားကြီးတယ်-(မှန်ပါ့) တကာတကာမတို့ သဘောပါပလား....(ပါပါပြီဘုရား)။

ဒါကြောင့် ခင်ဗျားတို့အိပ်ယာဝင် နဖူးပေါ် လက်တင်တဲ့ အခါကျတော့ အသက်ရှူတာကို သူမျှားရှူတာနဲ့ မတူဘူး....(မှန်ပါ့) ခပ်ပြင်းပြင်းရှူတယ်....(မှန်ပါ့) ဘယ်နှယ်ကြောင့် ခပ်ပြင်းရှူပါလိမ့်.... (ဝန်လေး လွန်းလို့ပါဘုရား) ဝန်လေး

လွန်းလို့....(မှန်ပါ့)တကာတကာမတို့ ဘာဖြစ်လို့ လုပ်ပါလိမ့်.... (ဝန်လေးလွန်းလို့ပါဘုရား)။

ဝန်လေးလွန်းလို့-ဝန်လေးလွန်းလို့လို့တွေးလေ ကျုပ်ဖြင့် စိတ်ထဲ ပျက်လေဘဲ ဆိုတဲ့ဥစ္စာ ဘာပါလိမ့်....(ဝန်လေးလို့ပါဘုရား) ဝန်ပိ လေးလွန်းလို့.... (မှန်ပါ့ဘုရား) ဘယ်နေရာပိသလဲ....အိပ်ယာထဲမှာ....(မှန်ပါ့)ဟာ....တော်သေးတယ်.... သေခါနီး ဒီ့ထက် ပိဦးမယ်....(မှန်ပါ့) အခုဟာကပရိယာယ်ပိရှိသေးတယ်....(မှန်ပါ့)။

ဦးခင်မောင်ရေ....သေခါနီး စိတ်မချ....လက်မချနဲ့ ပိဦးမှာတွေ့ မရှိဘူးလား.... (ရှိပါတယ်ဘုရား) သြော်....အပါယ်သွားလောက်အောင် ခင်ဗျားတို့ မိုက်ဦးမယ်ဆိုတဲ့ အဓိပ္ပါယ်ကောရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဝန်ပေးသမား ဘာ....သူတုန်း.... (တဏှာပါဘုရား) ဝန်ချရာ ဌါနနိဗ္ဗာန်....(မှန်ပါ့) တဏှာသတ်ယင် နိဗ္ဗာန်ရောက်မယ်.... (မှန်ပါ့ဘုရား) တဏှာ သတ်ယင်....(နိဗ္ဗာန်ရောက်ပါမယ်)နိဗ္ဗာန်ရောက်မယ်ဆိုတာ သေချာပလား....(သေချာပါပြီဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတို့....သံသရာကြီးထဲမှာ ခင်ဗျားတို့လည်ခဲ့ရတာဟာ ၉၆-ပါး....လမ်းကြမ်းမှာ မနှိုင်ဝန်ကြီးထမ်းပြီး၊ အပြေး အလှမ်း သွားပြီး လည်ခဲ့ရတာကိုးဗျ....(မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

သံသရာကြီးထဲမှာ မနှိုင်ဝန်....(ထမ်းခဲ့ရပါတယ်ဘုရား) ၉၆ - ပါးလမ်းကြမ်းမှာ .... (ထမ်းခဲ့ရပါတယ်) အပြေးသွားရတယ်....(မှန်ပါ့) အံမာဓလေး....ဒီနေရာကနေပြီး ဒီ ဝန်ချပြီး

ဦးခင်မောင်....ဟိုဘက် ခန္ဓာတခု ရပြန်တော့ ဟိုဘက်ဝန်ထမ်းပြန်တယ်....(မှန်ပါ့) ဒီဝန်ချပြီးတော့ ဘာလုပ်ရပြန်သလဲ.... (ဟိုဘက်ဝန် ထမ်းရပါတယ်ဘုရား) ဟိုဘက်ဝန် ထန်းရတယ် ဆိုတော့ ခင်ဗျားတို့ ဝန်နဲ့ ပြတ်ဘူး ရဲ့လား.... (မပြတ်ပါဘုရား)။

အံမာလေး.... နွားပခုံး သွားကြည့်တဲ့အခါကျတော့ ဦးခင်မောင်တို့က အင်း....နွားသမား မိုက်လိုက်တာကွာ.... မပြောကြဘူးလား....(ပြောပါတယ်ဘုရား)။

မနိုင်ဝန် အထမ်းခိုင်းတယ်၊ သူဘိုသာ သူသိတယ်၊ နွားအကြောင်း ဘာမှ မသိရှာဘူး....(မှန်ပါ့)ခင်ဗျားတို့လဲ ကိုယ့် အကြောင်းကိုယ် ဘာမှမသိဘူး....(မသိပါဘုရား)။

ဒီဝန် ထမ်းပြီးတော့ ဟိုဘက်ဝန် ဘာလုပ်ရပြန်သတုန်း.... (ထမ်းရပြန်ပါတယ်ဘုရား)ဒါဖြင့် ပခုံးနဲ့ ဝန်နဲ့ ဘယ် နှယ်နေသလဲ....(မပြတ်ပါဘုရား)ပြတ်သေးရဲ့လား.... (မပြတ်ပါဘုရား) လမ်းက ဘာလမ်းတဲ့.... (၉၆-ပါးလမ်းကြမ်းပါဘုရား) ၉၆ - ပါးလမ်းကြမ်း၊ဝန်ကလဲ ပြောင်းလိုက်ရတာ မနည်းဘူး ထမ်းလိုက်ရတာ....(မှန်ပါ့ဘုရား)။

သွားတဲ့အခါကျတော့ အပြေးလား....အနှေးလား....(အပြေးပါဘုရား) အံမာလေး....တကာတကာမတို့ ခင်ဗျားတို့.... ဇာတ်သိမ်းတော့ မတော်ဘူး အရုပ်ဆိုးကုန်ပြီ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ) ခင်ဗျားတို့ဇာတ်ဟာ အခု သေသေချာချာသိအောင် ပြောတဲ့ အခါကျတော့ အသက်ရှူတောင် မမှန်ဘူး၊ မှန်ကြရဲ့လား....(မမှန်ပါဘုရား)။

အသက်ရှူတောင် မမှန်တော့ ဘယ်နှယ်ကြောင့် မမှန်တာ ပါလိမ့်....(ဝန်လေးလွန်းလို့ပါဘုရား) ဝန်လေးလွန်းလို့နော်.... (မှန်ပါ့) လမ်းကကော....(လမ်းကြမ်းပါဘုရား) နှေးနှေးသွား ရသလား .... (မြန်မြန် သွားရ ပါတယ်ဘုရား) ဦးခင်မောင် တော်တော့....တော်တော့ဒီဇာတ်သိမ်းမှ တော်မယ်....(မှန်ပါ့)။

တကာ တကာမတို့ ဘယ်နှယ်ဆိုပါ့မလဲ....(ဒီဇာတ်သိမ်းမှ တော်မှာပါဘုရား)။

ဒီဇာတ်မသိမ်းယင် တော်ပါ့မလား....(မတော်ပါဘုရား) ကိုင်း ဒါဖြင့် ဇာတ်သိမ်းတဲ့တရား ခင်ဗျားတို့လုပ်မလား....(လုပ် ပါ့မယ်ဘုရား) သိပလား ကိုယ့်အဖြစ်ဆိုး.... (သိပါပြီဘုရား) သိပြီနော် .... (မှန်ပါ့) ပရိယာယ်လား - အဟုတ် တွေ့နေ ရတာလား.... (အဟုတ်တွေ့နေရတာပါဘုရား)အဟုတ် တွေ့နေ ရတာဆိုတာ သေချာပလား....(သေချာပါပြီဘုရား)။

ကိုင်း.... ဒါဖြင့် မြို့ထဲရွာထဲမှာ ဦးခင်မောင် ရှောက်ကြည့် နော်....ဘယ်အိမ်ဖြင့်စိတ်ချမ်းသာ-လက်ချမ်းသာနဲ့ အေးအေး ချမ်းချမ်းနေရလေတယ်၊ဘယ်မှမသွားရ၊ ဘယ်မှမလာရ၊ဘယ်မှ မရှာရ၊ထမင်းလက်ဆေးစားပြီး သကာလစိတ်သောက ဗျာပါရ ငြိမ်းတဲ့ အိမ်ရယ်လို့ မြို့ထဲမှာ တအိမ်မှ မရှိဘူး.... (မှန်ပါ့) ရှိပါ့မလား....(မရှိပါဘုရား)။

အို....သူ့ဝန်နဲ့ - သူနဲ့ဟာဖြင့်ဒေါင်ချာ စိုင်းအောင်ထမ်းနေ တာဘဲ....(မှန်ပါ့ဘုရား) မထမ်းဘူးလား - ထမ်းသလား.... (ထမ်းပါတယ်ဘုရား) ဒီလောက် အရုပ်ဆိုးတဲ့ ဘဝကြီးဟာ.... ခင်ဗျားတို့က လူဖြစ်ကျိုးနပ်ပြီလို့ များအောက်မေ့မနေကြနဲ့....

(မှန်ပါ့ဘုရား) ကျွန်ုပ်ကျိုး နပ်ပြီဆိုယင် တော်သေးရဲ့.... (မှန်ပါ့ဘုရား)ရိပ်မိပလား.... (ရိပ်မိပါပြီ)လူဖြစ်ကျိုးနပ်ကဲ့လား....(မနပ်ပါဘုရား)။

ငမွေးကတည်းက ကိုယ့်ဝန် ကိုယ်ထမ်း၊ ကိုယ့်ဝန်ကိုယ်မထမ်းနိုင်တုန်းကအမေကထမ်း၊ ကိုယ့်ဝန်ကိုယ်ထမ်းနိုင်တဲ့နေ့ကျတော့ ကိုယ့်ဝန်ကိုယ်ထမ်း၊ ကိုယ်ကပ္ပဒေါတော်ကျတော့ ကိုယ် ထမ်းနိုင်တဲ့နေ့ကျတော့ ဦးခင်မောင်ကြီးတို့မျိုး အို.... စိတ်ကို ပျက်စရာကြီး ထမ်းနေရတာ....(မှန်ပါ့ဘုရား။

တကာသစ်တို့ကော....(ထမ်းရပါတယ်ဘုရား) သဘောကျပလား....(ကျပါပြီ) စားတဲ့ထမင်းနဲ့ ထမ်းရတဲ့ဝန်နဲ့ ကဲ-တကာ တကာမတို့ အလေးချိန်ကြစို့ရဲ့၊ချိန်ယင်....(ထမ်းရတဲ့ဝန်ကမျိုးပါတယ်) ထမ်းတဲ့ဝန်က မျိုးတယ်၊ စားတဲ့အလေးချိန်က....(နည်းပါတယ်ဘုရား)။

ဩော်....အငတ်ထားခိုင်းတာပါကလား.... (မှန်ပါ့ ဘုရား) ဘာလုပ်ပါလိမ့်.... (အငတ်ထားခိုင်းပါတယ်ဘုရား) ဘယ်သူပါလိမ့်လက်သည်....(တဏှာပါဘုရား) ဒီလောက် အရုပ်ဆိုးတာတောင် ခင်ဗျားတို့ကလဲ ငယ်ပေါင်းမို့ မမေ့သေးဘူး ဆိုတော့ ခက်သေးတယ်....(မှန်ပါ့ဘုရား)မပြောထိုက်ဘူးလား-ပြောထိုက်သလား.... (ပြောထိုက်ပါတယ်ဘုရား)။

တကာ တကာမတို့ ယနေ့ပြောနေတဲ့ တရားဟာ ဝိပဿနာနဲ့ဖြတ်မှ ရမယ်ဆိုတာ သိပါစေလို့၊ အရုပ်ဆိုးတာ သိမှသာလျှင် ဦးခင်မောင်ရေ ဖြတ်ချင်လိမ့်မယ်နော်....(မှန်ပါ့ဘုရား)

အချုပ်ဆိုးတာမှမသိယင် ကိုယ့်ဟာကလေးနဲ့ ကိုယ်ဆိုရင် တခါတည်း ပျော်နေမှာဘဲ....(မှန်ပါ့) မပျော်ဘူးလား.... (ပျော်ပါတယ်ဘုရား)။

အေး....ဒါ့ကြောင့် အခုတော့ ပျော်စရာ အချက်အလက် အကုန်ရှိရဲ့လား....(မရှိပါဘုရား) ခင်ဗျားတို့ အသက်ကြီးမှာနဲ့ မြေးတွေ-မြစ်တွေက ခင်ဗျားတို့အပေါ်မှာ အမွေတောင်းမှာနဲ့တော့ ကိုက်မျှားနေလိုက်ဦးမှာ....(မှန်ပါ့) တကယ် သေသေချာချာကိုက်တယ်....(မှန်ပါ့)မကိုက်ပေဘူးလား- ကိုက်မလား.... (ကိုက်ပါတယ်ဘုရား)။

ကိုက်မယ် ကိုယ်က မရှာနိုင်တဲ့အချိန်ကျမှ သူတို့အတောင်းအရမ်း ထူမှာနဲ့တော့ ဦးခင်မောင်.... (ကိုက်ပါတယ်ဘုရား) သေသေချာချာ ကိုက်မယ်ဆိုတာ သဘောကျပလား.... (ကျပါပြီဘုရား)။

ဒါဖြင့် အိုခြင်းနဲ့ဆင်းရဲနဲ့တော့ ခင်ဗျားတို့ ရောတော့မယ်....(မှန်ပါ့) ခန္ဓာကိုယ်က အိုခြင်း.... (မှန်ပါ့) သားတွေ သမီးတွေက အမွေလိုချင်လို့ နှိပ်စက်လို့ ခိုးကြ ဝှက်ကြတာက ခင်ဗျားတို့ စိတ်ဆင်းရဲလာမယ်.... (မှန်ပါ့ဘုရား)။

ဒါဖြင့် အိုခြင်းနဲ့ ဆင်းရဲနဲ့ဟာ တွဲမှ တွဲဖြစ်ပါ့မလား.... (တွဲဖြစ်ပါတယ်ဘုရား) သေခြင်းနဲ့ ဆင်းရဲမှုနဲ့တော့....(တွဲဖြစ်ပါတယ်ဘုရား) တွဲမိမှာဘဲဆိုတာ သေချာကြပလား.... (သေချာပါပြီဘုရား)။

ဒီထဲ တကာ တကာမတွေ အိုခြင်းနဲ့ ဆင်းရဲနဲ့ တွဲတာတွေ့တဲ့ပုံကြီးပါတယ်.... (မှန်ပါ့) မပါဘူးလား.... (ပါ-ပါတယ်

ဘုရား) သေခြင်းနဲ့ ဆင်းရဲခြင်းနဲ့ တွဲမှာကော.... (ပါ-ပါတယ် ဘုရား) အဲဒါ တကာ တကာမတွေ့ ဘယ်သူတင်တဲ့ ဝန်တွေကြောင့် အိုခြင်းနဲ့ ဆင်းရဲနဲ့ တွဲရတာတုန်း.... (တဏှာတင်တဲ့ ဝန်ကြောင့်ပါဘုရား)။

သေခြင်းနဲ့ ဆင်းရဲနဲ့ တွဲရတာလဲ ဘယ်သူကြောင့်ပါလိမ့်.... (တဏှာကြောင့်ပါဘုရား) တဏှာ၏ လက်ချက်ဘဲဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား) ကိုင်းဒါဖြင့် ဒီတဏှာကို ခင်ဗျားတို့ ယနေ့ အကြီးဆုံး ရန်သူသာ မှတ်ပေတော့....(မှန်ပါဘုရား) ဘယ်လိုမှတ်ကြမယ် (အကြီးဆုံး ရန်သူပါဘုရား) အကြီးဆုံး ရန်သူလို့ သေသေချာချာ မှတ်ပါ တကာ တကာမတို့....။

ဒါဖြင့် တကာ တကာမတို့ ဒီတဏှာ သတ်လို့ ရှိယင်ဖြင့် ကျုပ်တို့ ဝန်ချရာအရပ်ကို ရောက်ပါပြီ....(မှန်ပါဘုရား)ဒီတဏှာ သတ်ယင်.... (ဝန်ချရာအရပ် ရောက်ပါပြီဘုရား) သဘောပါပလား....(ပါ-ပါပြီဘုရား) ဒီတဏှာ သတ်ယင် ဝန်ချရာအရပ် ရောက်ပါပြီ ဆိုတာဖြင့် ငြင်းနေဘို့ လိုသေးသလား.... (မလိုပါဘုရား)။

ဒါဖြင့် ဒီတဏှာဟာ ပေါင်းသင်းထိုက်တဲ့ တရားလား၊ တကာ တကာမတို့ စဉ်းစား ကြည့်စမ်း၊ ခြေနဲ့ ကန်ပစ်ရမည့် တရားလား....(ခြေနဲ့ ကန်ပစ်ရမည့် တရားပါ ဘုရား)။

ဒါကြောင့် ခင်ဗျားတို့က သားလဲမခင်ပါနဲ့၊ သမီးလဲ မခင်ပါနဲ့၊ ပစ္စည်းလဲ မခင်ပါနဲ့၊ ဝတ္ထုရားအတိုင်းသာ သားလဲကျေးတာပေါ့၊ သမီးလဲကျေးတာပေါ့ (မှန်ပါဘုရား) ခင်တာလုံးတော့ ထည့်မနေပါနဲ့....(မှန်ပါဘုရား)။

မင်္ဂလသုတ်မှာလဲ ခင်ရမယ်လို့မပါဘူး၊ မာတာပိတုဥပဋ္ဌာနံ အာမိအဖမျှား လုပ်ကျွေးရမယ်သာပါတယ်၊ ပုတ္တဒါရဿသင်္ဂဟော သားသမီးမျှား- မယားမျှားကို သင်္ဂြိဟ် ထောက်ပံ့ရမယ်လို့ ပါတယ်၊ ခင်ရမယ်တော့ မပါဘူး....(မှန်ပါ့) ပါသေးရဲ့လား.... (မပါ-ပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့က မင်္ဂလသုတ်က ဘုရားဟောတာ-ကျုပ်တို့ သုတ်က ဒီသုတ်မဟုတ်ဘူး-(မှန်ပါ့) သဘောကျပလား-(ကျုပါပြီ)ကျုပ်တို့သုတ်က မင်္ဂလသုတ် မဟုတ်ဘူးဆိုတော့ အမင်္ဂလသုတ်က ခင်ဗျားတို့ ရထားတာကိုး(မှန်ပါ့ဘုရား) ဦးခင်မောင် ခင်ဗျားရထားတာ ဘာသုတ်ပါလိမ့်-(အမင်္ဂလသုတ်ပါ ဘုရား)။

ဘုရားက ဘာသုတ်ဟောသလဲ၊ (မင်္ဂလသုတ်ဟောပါတယ်) ခင်ဗျားတို့ ရထားတာက (အမင်္ဂလသုတ်ပါ ဘုရား) ဒါနဲ့မျှား ခင်ဗျားတို့အိမ် အန္တရာယ်ကလေးမျှား ကင်းနေတာ တော်-တော်သေးတယ်၊ အမင်္ဂလသုတ်ရ,ထားတာကိုး....(မှန်ပါ့)ရိပ်မိပလား (ရိပ်မိပါပြီ)။

ကဲ....ဒါဖြင့် တကာ တကာမတို့ တဏှာသတ်ယင် ဝန်ချရာ အရပ် ရောက်ပါပြီ(မှန်ပါ့) တဏှာ ဘာနဲ့သတ်ကြမယ်.... မင်္ဂလနဲ့သတ်ပါမယ်) မင်္ဂလနဲ့ သတ်ရမယ် ဆိုတာ ပေါ်လာကြပလား.... (ပေါ်လာပါပြီဘုရား)။

ကိုင်း....ဒါဖြင့် တကာ တကာမတို့ ကျုပ်တို့ ခင်ဗျားတို့ တသက်လုံး ဆင်းရဲ, တသက်လုံး ဝန်ထမ်းသမား, တသက်လုံးသေခြင်းဆိုး, တသက်လုံး တကာ တကာမတို့ ကြည့်မကောင်းတဲ့အဖြစ်၊ ဒါတွေဟာ တဏှာ၏ လက်ချက်ချည်းဘဲ ဆိုတာ ပေါ်လာကြပလား.... (ပေါ်လာပါပြီဘုရား)။

ဒါဖြင့် ဒီတဏှာကို ဘယ်အခါကာလမှ ကျုပ်တို့က ဦးခင်မောင် ရန်သူရယ်လို့ မသိခဲ့ကြဘူး....(မသိခဲ့ကြပါဘုရား) အခုတော့ဖြင့် ယနေ့ပြောလိုက်တော့- အကြီးဆုံးရန်သူဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီ ဘုရား)။

ဒါဖြင့်....သူ့မသတ်သ၍ ကာလပတ်လုံး ကျုပ်တို့ ကျန်သ ပေါက်တော့အဖြစ်မှ လွတ်နိုင်ပါ့မလား.... (မလွတ်နိုင်ပါဘုရား) ဝန်ထမ်းသမား ကူလီအဖြစ်မှ ကော-မလွတ်နိုင်ပါဘုရား) သေခြင်းဆိုး အဖြစ်မှကော.... (မလွတ်နိုင်ပါ ဘုရား) အိုခြင်းဆိုး အဖြစ်မှကော.... (မလွတ်နိုင်ပါဘုရား။

ကိုင်း....ဒါဖြင့် တကာ တကာမတွေ ဒါကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဟော့-တဏှာ ယောကျ်ား လက်သမား၊ ခန္ဓာဝန် လုပ်ရတော့မယ်လို့ မအောက်မေ့နဲ့၊ နောက်ငါမထမ်း ဘူးကွ၊ မပါဘူးလား.... (ပါ-ပါတယ်ဘုရား)။

'အနေက ဇာတိသံသာရံ' ဆိုတာ အနေကဇာ တင်တဲ့အခါကျတော့ ဟော့-တဏှာယောကျ်ား လက်သမား နောက်ခန္ဓာဝန်ကို မင်းလုပ်ရတော့မယ်လို့ မင်း-မအောက်မေနဲ့ ခန္ဓာဝန်ထမ်းတဲ့ဘဝမှာ ငါသည် ကူလီအဖြစ်မှ လွတ်ပြီကွ.... (မှန်ပါ့ဘုရား)ကိုမြွေ့ မပြောဘူးလား.... (ပြောပါတယ်ဘုရား)။

ဒါဖြင့် တကာ တကာမတွေ့လဲ....ဘုရားတပည့် ဗုဒ္ဓဘာသာဆိုလို့ ရှိယင်ဖြင့် ဝန်ထမ်းသမားနဲ့ သေချင်သလား၊ ဘုရားလို့ လွတ်ပြီး သေချင်သလား.... (ဘုရားလိုလွတ်ပြီး သေချင်ပါတယ် ဘုရား) ဟုတ်ကြရဲ့လား.... (ဟုတ်ပါတယ်ဘုရား)။

ခင်ဗျားတို့က အင်မတန်ဆိုးတယ်နော်-လမ်းသွားတာတောင်မှ သားကလေး လက်တဖက်က ဆဲ့ချင်တယ်၊ သမီးကလေး ပွဲ့ချင်တယ်ဆိုတော့ ဝန်မပါယင်ကို ခင်ဗျားတို့က ကြောင်တက်တက် ဖြစ်နေတယ်....(မှန်လှပါဘုရား)။

ဘယ်နှယ်ဖြစ်နေသလဲ.... (ဝန်မပါယင် ကြောင်တက်တက် ဖြစ်နေပါတယ်ဘုရား) ဩော်....ရုန်းနေကျန္ဒားကိုး.... (မှန်ပါ့) အဓိပ္ပါယ်က ဒီမရောက်ဘူးလား....(ရောက်ပါတယ်ဘုရား) ဘယ်လိုဖြစ်သွားလို့ပါလိမ့် (ရုန်းနေကျ နွဲ့ဖြစ်နေပါတယ်ဘုရား)။

ဩော်....တကာတကာမတို့ ဘေးကနေ ကြည့်တဲ့အခါကျလို့ ရှိယင် မော်တော်ကားလာလို့ ရှောင်ရတဲ့အခါမျိုး ခင်ဗျားတို့ လွတ်ဘို့အရေးအတော်ဝေးတယ်နော်....(မှန်ပါ့) မဝေးဘူးလား (ဝေးပါတယ်ဘုရား)။

ဟိုဟာတန်းလန်း-ဒီဟာဖယ်ရနဲ့ဆိုလို့ရှိယင်ဖြင့် နေရာမကျပါဘူး၊ ဒါကြောင့် တကာ တကာမတို့....ကိုယ် အရုပ်ဆိုးတာ ကိုယ်သိကြပလား....(သိပါပြီဘုရား) ကောင်းပြီ-ဒါဖြင့် တကာ တကာမတို့ ဝန်ချရာဌာနကဘယ်ဟာပါလိမ့်....(နိဗ္ဗာန်ပါဘုရား) ဝန်ပေးသမားက ဘယ်သူတုန်း....(တဏှာပါဘုရား)။

ဒါဖြင့် သူ့မသတ်သ၍ ဝန်ချရာ ဌာန ရောက်ပါ့မလား.... (မရောက်ပါဘုရား) ကိုင်း....ဒါဖြင့် တကာတကာမတို့ အလုပ်-လုပ်မှ တော်တော့မယ်.... (မှန်ပါ့ဘုရား) ကဲ....အလုပ်ပြောကြတော့မယ်၊ တကာတကာမတွေ့....။

တကာ တကာမတွေ့ သိတဲ့အတိုင်း ဟောဒါ.... ဝန်ထမ်းသမား....(မှန်ပါ့) ဒါ-ဘာပါလိမ့်.... (ခန္ဓာငါးပါးပါဘုရား)

ဝန်ထမ်းသမား ခန္ဓာငါးပါး....(မှန်ပါ့) ဒီဝန် ဘယ်သူ ပေး လိုက်တယ်ဆိုတဲ့အခါကျတော့မှ ဒါ-အဝိဇ္ဇာနဲ့ တဏှာကပေးလိုက် တယ်....(မှန်ပါ့ဘုရား)။

အဝိဇ္ဇာက ဒါ....ခန္ဓာကို ဒုက္ခသစ္စာလို့ မသိဘူး၊ မသိတော့ တဏှာက လိုချင်တော့ ဒီခန္ဓာငါးပါးကြီး ဝန်ထမ်း သမား မရဘူးလား.... (ရပါတယ်ဘုရား) ဝန်ထမ်းသမားဟာ ခန္ဓာ ဝန်ထုပ်ကြီး မရဘူးလား....(ရပါတယ်ဘုရား)။

ကဲ-ဒါဖြင့် ဒီဝန်ထုပ်ကြီး တဏှာပေးလိုက်တယ်ဆိုတာ သေ ချာပလား....(သေချာပါပြီ)သိတဲ့လူပေးတာလား.... မသိတဲ့လူ ပေးတာလား.... (မသိတဲ့လူ ပေးတာပါဘုရား) ကြည့်လေ.... ဒီဘက်က ဘာပါလိမ့်.... (အဝိဇ္ဇာပါ ဘုရား) ဒီဘက်က.... (တဏှာပါဘုရား) မသိတဲ့လူကို တဏှာက ပေးပါတယ်..... (မှန်ပါ့ဘုရား)။မသိတဲ့လူကို.... (တဏှာက ပေးပါတယ်ဘုရား)။

ပေးတော့.... ဘာကြီးရပါလိမ့်.... (ခန္ဓာငါးပါး ရပါတယ် ဘုရား) ခန္ဓာငါးပါး ဝန်ထုပ်ကြီးရတယ်.... (မှန်ပါ့) သဘော ကျပလား.... (ကျပါပြီ)ဘာရပါလိမ့်.... (ခန္ဓာငါးပါး ဝန်ထုပ် ကြီးရပါတယ်)သိတဲ့လူပေးတာလား-မသိတဲ့လူ ပေးတာလား.... (မသိတဲ့လူ ပေးတာပါ ဘုရား(မသိတာက ဘာပါလိမ့်..... (အဝိဇ္ဇာပါဘုရား) ပေးတာက....(တဏှာပါဘုရား) ရတာက ဒီ-တကာတကာမတွေ.... (မှန်ပါ့ဘုရား) သဘောကျပလား.... (ကျပါပြီ) ဒါကြီးဟာ တကာတကာမတို့ ခန္ဓာငါးပါးကြီး ဟာ စဉ်းစား ကြည့်လိုက်တဲ့ အခါကျတော့မှ ဒီခန္ဓာငါးပါး ကြီးသည် တကာကကာမတွေသိတဲ့အတိုင်း အသုဘဒုက္ခသစ္စာ

ကြီး....(မှန်ပါ့ဘုရား) ဘယ်လိုဆိုကြမယ်.... (အသုဘဒုက္ခသစ္စာ ကြီးပါဘုရား)အသုဘဒုက္ခသစ္စာကြီးကို ဥပမာမယ် ဦးခင်မောင် ဆိုတဲ့ ဦးဝ,ဆိုတဲ့ နာမည်ရှိတဲ့ပုဂ္ဂိုလ်က ဒီ....ခန္ဓာငါးပါးထမ်းရ တယ်....(မှန်ပါ့ဘုရား)။

ဘယ်သူက ထမ်းရတာပါလိမ့်.... (နာမည်ရှိတဲ့ ပုဂ္ဂိုလ်ကပါ) ဦးခင်မောင်တို့ ဦးဝတို့က ထမ်းရတယ်ဆိုတာသေချာပလား.... (သေချာပါပြီ)ဘာကိုထမ်းရသတုန်းလို့ မေးတော့မှ အသုဘနဲ့ ဒုက္ခသစ္စာကိုထမ်းရတယ်....(မှန်ပါ့ဘုရား) သဘောပါကြပလား (ပါပါပြီဘုရား) ဘာထမ်းရပါလိမ့်.... (အသုဘနဲ့ ဒုက္ခသစ္စာ ထမ်းရပါတယ်)အသုဘနဲ့ဒုက္ခသစ္စာထမ်းရတယ်ဆိုတာ သေချာ ပလား....(သေချာပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဒါကြီးထမ်းနေတဲ့ ပုဂ္ဂိုလ်သည် တကာတကာမတို့ အသုဘစစ်တယ်....မစစ်တယ်ဆိုတာ ပြောဘို့ မလိုပါဘူး....(မှန်ပါ့ဘုရား) ဒီကနေ နတ်ပြည်- နတ်ပြည်က နတ်တွေ တာဝတိံသာ စတုမဟာရာဇ်မှာရှိတဲ့ နတ်တွေဟာ တကာတကာမတို့ တယ္ဟာနာကနေ ကျုပ်တို့အနံ့တွေနံတယ်.... (မှန်ပါ့ဘုရား)။

လူ့ပြည်က အနံ့တွေကြောင့် တယ္ဟာနာအောက်ကို မဆင်း ဘူး၊ တယ္ဟာနာအထက်မှာသာ သူတို့နေကြတယ်၊ အသုဘနံ့တွေ က ထွက်လွန်းလို့.... (မှန်ပါ့ဘုရား) သဘောပါပလား....(ပါ ပါပြီဘုရား) အသုဘ ဟုတ်-မဟုတ်....(ဟုတ်ပါတယ်ဘုရား)။

အဲဒီ တယ္ဟာနာကနေ ဒီအနံ့တွေဘာဖြစ်သတဲ့တုန်း....(နံပါ တယ်ဘုရား) နံလို့ လူ့ပြည်လာရဲ့လား.... (မလာပါဘုရား)

ဘာဖြစ်လို့မလာတာလဲ....(အသုဘအနံ့တွေ့နံ့လွန်းလို့ပါ)အသုဘဖြစ်နေလို့မလာတာ.... (မှန်ပါဘုရား) သဘောပါပလား.... ပါပြီဘုရား)။

အဲဒါ ခင်ဗျားတို့ အနံ့တွေ့ကတော့ ဒီလောက်က နံတယ် (မှန်ပါဘုရား) တယူဇနာကနံတယ်ဆိုတော့ သုဘမို့နံသလား-အသုဘမို့နံသလား.... (အသုဘမို့နံပါတယ်ဘုရား) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဘုန်းကြီးတို့ တကာတကာမတွေ့ ဒါဖြင့် ဒီဟာကြီးထမ်းပြီးလည်နေရတယ်ဆိုတာက တကာတကာမတွေ့ သူများအလောင်းထမ်းပြီး လည်နေရတာလား- ကိုယ့်အလောင်း ကိုယ်ထမ်းပြီး လည်နေရတာလား....(ကိုယ့်အလောင်း ကိုယ်ထမ်းပြီးလည်နေရတာပါဘုရား)။

အသုဘကို ကိုယ့်အသုဘကို ကိုယ်ထမ်းပြီးတော့ (လည်နေရပါတယ်ဘုရား) ရှင်းကြပလား....(ရှင်းပါပြီ) ကိုယ့်အသုဘကို (ကိုယ်ထမ်းပြီး လည်နေရပါတယ်) ကဲ....ဒါဖြင့် ဦးခင်မောင်....အသုဘဆိုလို့ရှိယင်ဖြင့် ဒါ....ဒုက္ခသစ္စာဘဲ လုပ်လိုက်ပါတော့ (မှန်ပါ)အသုဘကဒုက္ခသစ္စာဆိုတာသေချာကြပလား(သေချာပါပြီ)။

ဒါဖြင့် ဒီဟာကြီးမချရသ၍ ကာလပတ်လုံး ဒါကြီးနဲ့ဆိုယင် ဒါ့ကြောင့် ခန္ဓာငါးပါးဟာ နိဗ္ဗာန်မှာ မရှိဘူးဆိုတာ အသုဘဒုက္ခသစ္စာမို့ မရှိဘူးပြောတာ.... (မှန်ပါ ဘုရား) သဘောကျပလား....(ကျပါပြီ) ခန္ဓာငါးပါးဟာ ဘာသစ္စာပါလိမ့်.... (ဒုက္ခသစ္စာပါဘုရား) ဆက်လိုက်ပါဦး အသုဘ၊ အသုဘ ဒုက္ခသစ္စာဆိုတာ သေချာပလား.... (သေချာပါပြီ)။

ဒါဖြင့် ဒီခန္ဓာကြီးနဲ့ နိဗ္ဗာန်ကကော လက်ခံပါရဲ့လား.... (မခံပါဘုရား)ဘာကြောင့်ပါလိမ့်.... (အသုဘဒုက္ခသစ္စာမို့ပါ) အသုဘ ဒုက္ခသစ္စာမို့ လက်မခံဘူး တကာ တကာမတို့(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ) အဲဒါကြောင့် ဒီခန္ဓာကြီးမရှိမှ နိဗ္ဗာန်က လက်ခံမှာ.... (မှန်လှပါဘုရား)ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား) ဒီခန္ဓာမရှိမှ ဘာပါလိမ့်(နိဗ္ဗာန်က လက်ခံမှာပါဘုရား) နိဗ္ဗာန်က လက်ခံမယ်ဆိုတာ သေချာပလား.... (သေချာပါပြီ)။

ဒီခန္ဓာကြီး မရှိအောင်လဲ တကာ တကာမတို့ဘယ်သူ့သတ်မှ မရှိမှာတုန်းဆိုတော့ ဒီတဏှာက တည်ထောင်ခဲ့တယ်....(မှန်ပါ့) ဒီအဝိဇ္ဇာက တည်ထောင်ခဲ့တယ် ခန္ဓာကို(မှန်ပါ့) မသိတာက (အဝိဇ္ဇာပါ)ဆုတောင်းတာက(တဏှာပါ) မသိလို့ ဆုတောင်းလို့ရတာက အသုဘဒုက္ခသစ္စာ.... (မှန်ပါဘုရား) ရှင်းကြပလား (ရှင်းပါပြီ)။

မသိတာက (အဝိဇ္ဇာပါဘုရား) တောင်းတာက(တဏှာပါ) အဲ....မသိလို့ဆုတောင်းတော့ ရတာကဘာတုန်း (အသုဘဒုက္ခသစ္စာပါဘုရား) ဒါဖြင့် သူတို့နှစ်ခုသေမှ ဦးခင်မောင် ပြီးမယ်.... (မှန်လှပါဘုရား) မောင်ထွန်းလှိုင် သဘောကျပလား.... (ကျပါပြီဘုရား)သူတို့နှစ်ခု မသေသချို့ ကာလပတ်လုံး တကာ တကာမတို့အေးအေးချမ်းချမ်းနေချိန်ရှိပါရဲ့လား (မရှိပါဘုရား) ပေါ်ကြပလား.... (ပေါ်ပါပြီ)။

ဒါဖြင့် ဒီလို လုပ်ကြပေတော့တဲ့၊ မသိတာက ဘာတုန်း.... (အဝိဇ္ဇာပါဘုရား)လို့ချင်တာက....(တဏှာပါ) ရတာက....(အသုဘဒုက္ခသစ္စာပါ) အသုဘဒုက္ခသစ္စာ၊ ရှင်းကြပါဦး ဘာတဲ့၊

(အသုဘ ဒုက္ခသစ္စာပါဘုရား) မသိတာက(အဝိဇ္ဇာပါ) လိုချင်တာက....(တဏှာပါ) ရတာက.... (အသုဘ ဒုက္ခသစ္စာပါ)။

ကိုင်း....ဒါဖြင့် အဝိဇ္ဇာတဏှာ၏ လက်ချက်ကြောင့် အသုဘ ဒုက္ခသစ္စာကြီး ကျုပ်တို့ထမ်းပြီး မလည်ရဘူးလား.... (လည်ပါတယ်ဘုရား) သဘောပါကြပလား.... (ပါပါပြီ)။

လူ့ပြည်ရောက်ပြန်လဲခင်ဗျားတို့ရှင်တုန်းလဲအသုဘ(မှန်ပါ့) ရှင်းတုန်းတော့ ကိုယ့်ဟာကိုယ် ထမ်းတဲ့အသုဘ၊ သေတော့ သူမျှားထမ်းတဲ့....(အသုဘပါဘုရား) ရှင်းပလား....(ရှင်းပါပြီ) ရှင်းတုန်းတော့.... (ကိုယ့်ဟာကိုယ်ထမ်းတဲ့ အသုဘပါဘုရား)။

ကိုယ့်ဟာကိုယ် ထမ်းတယ်ဆိုတော့ ကိုယ်က ဒဏ်းစလွှားသွားဖြစ်တယ်....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီ) ကိုယ့်ဟာကို ထမ်းတယ်ဆိုတော့ (ဒဏ်းစလွှားသွားဖြစ်ပါတယ်)မနာပါနဲ့နော်....(မှန်ပါ့) အခု တရားနာလာကြတာ တကာ တကာမတို့သူမျှားက ထမ်းပို့သလား ကိုယ့်ဟာကိုယ်ဘဲ.... ထမ်းလာကြသလား....(ကိုယ့်ဟာကိုယ် ထမ်းလာပါတယ်ဘုရား)။

ဒီမှာလေး ဘာထမ်းလာခဲ့ကြသလဲ.... (အသုဘ ဒုက္ခသစ္စာကို ထမ်းပါတယ်) ဘယ်လူမျိုးမို့ ထမ်းသလဲ.... (ဒဏ်းစလွှားမို့ ထမ်းပါတယ်)ပေါ်ပလား.... (ပေါ်ပါပြီဘုရား) ကျုပ်တို့မျိုးရိုးမကောင်းပါဘူးနော်.... (မှန်ပါ့)။

ခန္ဓာဝန်ထမ်းသမား အဖြစ်ဟာ မကောင်းဘူးဆိုတာ ပေါ်ပလား....(ပေါ်ပါပြီဘုရား) နာအောင် ပြောတာလား....မှန်နေသလား....အကဲခတ်....(မှန်နေပါတယ် ဘုရား) ဦးဝ နာအောင် ပြောတာလား....မှန်တာလား.... (မှန်ပါတယ်ဘုရား)။

ဒါဖြင့် ကျုပ်တို့မျိုးရိုး ဒီဓနွာကို ထမ်းနေတဲ့ မျိုးရိုးဟာဖြင့် ဦးခင်မောင် အတော်ညံ့တဲ့မျိုးရိုး.... (မှန်ပါ့ဘုရား)ရှင်းပလား (ရှင်းပါပြီ)ဒီဓနွာ ဝန်ထမ်းနေတဲ့ မျိုးရိုးဟာဖြင့်....(ညံ့ပါတယ်ဘုရား) ဘာအမျိုးထဲ သွင်းကြမလဲ.... (ဒုန်းစက္ကားအမျိုးပါဘုရား)။

အံမာလေး ကြောက်စရာကြီးပါကလား....၊ ဒီတရားပဲကျမှ ဖြစ်ရလေချင်းလို့တော့ မလုပ်ကြနဲ့နော်.... (မှန်ပါ့ဘုရား)နဂိုရိုက်ကိုက ဒီအတိုင်းဘဲ၊ ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

ရှင်တုန်းတော့ ဘယ်သူထမ်းရသတုန်း-(ကိုယ့်ဟာကိုယ်ထမ်းပါတယ်) သေတော့ ဘယ်သူ ထမ်းသတုန်း.... (သူများထမ်းရပါတယ်)သူများ ထမ်းရတယ်ဆိုတော့ တကာ့တကာမတို့ သေတော့ ဒုန်းစက္ကားဝင်ရက် ဒဘဝကျတဲ့ဘဝးတာနဲ့ သူများထမ်းရတယ်....(မှန်ပါ့ဘုရား)သဘောကျပလား....(ကျပါပြီဘုရား)။

မသေခင်တော့....(ကိုယ့်ကိုယ်တိုင် ထမ်းရပါတယ်) ဟာ.... ဒုန်းစက္ကားဝင်ရဲ့ မကျတ်လို့ပေါ့.... (မှန်ပါ့ဘုရား) ရိပ်မိပလား.... (ရိပ်ပါပြီ) ဘာမကျတ်တာပါလိမ့်-(ဒုန်းစက္ကား ဝင်ရမကျတ်တာပါဘုရား)။

ဒါဖြင့် တကာ့တကာမတို့ တသံသရာလုံး ကျုပ်တို့ ဘယ်အမျိုးအမည်နဲ့ အမှုထမ်းခဲ့ကြသတုန်း.... (ဒုန်းစက္ကားအမည်နဲ့ အမှုထမ်းခဲ့ပါတယ်ဘုရား) ရှင်းပြီနော်....(မှန်ပါ့) ရှင်းလို့ရှိယင် ဒါဖြုတ်ကြပါစို့ဗျာ၊ အမျိုးလဲမကောင်းပါဘူး၊ ထမ်းရတာလဲ မကောင်းပါဘူး(မှန်ပါ့) ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

ထမ်းရတာကော.... (မကောင်းပါဘူးရှား) အမျိုးကကော.... (မကောင်းပါဘူးရှား) အမျိုးကလဲ မကောင်းလို့ရှိယင်၊ ထမ်းရတာလဲ မကောင်းလို့ရှိယင် တကာတကာမတို့ ဒီခန္ဓာကြီး အခုပေါ်လာပါပြီ (မှန်ပါ့) ဘာသစ္စာတဲ့တုန်း.... (ဒုက္ခသစ္စာပါဘူးရှား) သုဘလား-အသုဘလား....(အသုဘပါဘူးရှား)။

ဒါဖြင့် အသုဘ ဒုက္ခသစ္စာကို ကျုပ်တို့ ယနေ့ ထူးထူးခြားခြား ကိုယ့်ခန္ဓာကိုယ် မြင်နေတယ် (မှန်ပါ့) ကဲ....ဆုတောင်းချင်ကြသေးသလား.... (မတောင်းချင်ပါဘူးရှား) အင်း....တဏှာဟာ အရမ်းသေသွားတာဘဲ- (မှန်ပါ့) သဘောကျပလား- (ကျပါပြီ)။

ခင်ဗျားတို့ဝမ်းထဲမှာ ဒီတရားကလေးနာလိုက်တာနဲ့ တဏှာသေသွားတယ်....(မှန်ပါဘူးရှား) အသုဘ ဒုက္ခသစ္စာလို့ သိတာကဝိဇ္ဇာ....(မှန်ပါ့) မလိုချင်တာက အလောဘ (မှန်ပါ့ အလောဘပါ) ကဲ....ဝိဇ္ဇာနဲ့ အလောဘ သွားဖြစ်တယ် (မှန်ပါ့) ဘာဖြစ်သွားပါလိမ့်.... (ဝိဇ္ဇာနဲ့ အလောဘ သွားဖြစ်ပါတယ်ဘုရား)။

ဟော....ဝိဇ္ဇာနဲ့ အလောဘ ဖြစ်တယ်ဆိုတော့ တကာစကာမတွေမှတ်လိုက် အဝိဇ္ဇာလဲ ချုပ်သွားတယ်....(မှန်ပါ့) လောဘကော.... (ချုပ်သွားပါတယ်ဘုရား) ချုပ်သွားတော့ကို ဝိဇ္ဇာနဲ့ အလောဘဖြစ်သွားတယ်၊ သူ့ကို အသုဘဒုက္ခသစ္စာလို့ သိလိုက်တဲ့အတွက် ....(မှန်ပါ့ဘုရား) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဘယ်လို သိလိုက်ပါလိမ့်.... (အသုဘ ဒုက္ခသစ္စာလို့ သိလိုက်ပါတယ်ဘုရား) အသုဘ ဒုက္ခသစ္စာလို့ မသိလိုက်ဘူးလား.... (သိလိုက်ပါတယ်ဘုရား) သိလိုက်တဲ့အခါကျတော့ အသုဘဘဲ ဒုက္ခသစ္စာဘဲ၊ အသုဘဘဲ ဒုက္ခသစ္စာဘဲလို့ တကာတကာမတွေက ဒီခန္ဓာကြီး ရှုတော့မယ်....(မှန်ပါ့ဘုရား)။

အခုဟာက သညာသိ ရှိသေးတာကိုး....(မှန်ပါ့)ပညာသိ ကျန်နေသေးတယ်၊ အခုဟာက ဘာတဲ့....(သညာသိပါဘုရား) နောက် ဘာသိကျန်ပါလိမ့်....(ပညာသိကျန်ပါတယ်ဘုရား) ပညာသိကျန်နေသေးတော့ ဝိပဿနာ ပွားယူမှုရမယ်....(မှန်လှပါဘုရား) ဘယ်လိုလုပ်ရမယ်....(ဝိပဿနာပွားယူမှု ရပါ့မယ်ဘုရား) ဝိပဿနာပွားမှယူရမယ်ဆိုတာ သေချာကြပလား(သေချာပါပြီဘုရား))

ကဲ....ဒါဖြင့် တကာ တကာမတို့ ဝိပဿနာ အလုပ်-လုပ်ရမယ်....(မှန်ပါ့ဘုရား)။

ဒါဖြင့် တကာ တကာမတို့ ဒီဘက်က ဝိပဿာနာ ဆိုတာ မဂ္ဂင် ငါးပါးလို့ မနေ့က မပြောဘူးလား....(ပြောပါတယ်ဘုရား) ဒီအထဲ သမာဒိဋ္ဌိက ဝိဇ္ဇာဘဲ....(မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

သမာဒိဋ္ဌိက ဘာပါလိမ့်.... (ဝိဇ္ဇာပါဘုရား) ဝိဇ္ဇာ မဂ္ဂင်ဘဲ သူက....(မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား) ကောင်းပြီ ဒါဖြင့် တကာတကာမတို့ ဒီအထဲမှာ လောဘ ပါသလား၊ အလောဘသာ ပါတော့တယ်....(မှန်ပါ့ဘုရား)အလောဘသာ ပါတော့တယ်၊ မလိုချင်တာသာ ပါတော့တယ်.... (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကဲ....ဒါဖြင့် ခန္ဓာငါးပါး - တပါးပါးကိုတကာ တကာမတို့ ဘာလုပ်ရမယ်....(ဝိပဿနာရှုရပါမယ်)ဝိပဿနာရှုရမယ်....(မှန်ပါ့ဘုရား)အရှင်ဘုရား တပည့်တော်သိပြီးပြီ၊ အသုဘဒုက္ခသစ္စာဘဲ၊ အို....ဒါက ဆရာပြောလို့ သိတာရှိသေးတယ်၊ ကိုယ့်ဉာဏ်နဲ့

ထိုးထိုးထွင်းထွင်းမသိရသေးဘူး.... (မှန်ပါ့ဘုရား) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဘယ်လိုသိရမယ်....(ကိုယ်ညှာဏ်နဲ့ ထိုးထိုးထွင်းထွင်း သိရမယ်) ကိုင်းဒါဖြင့် တကာတကာမတို့ ဒီအထဲမှာ ဝေဒနာနဲ့ စိတ်ကိုကြိုက်ရာရှုကြစမ်း၊ သဘောကျပလား....(မှန်ပါ့ဘုရား)။

ဝေဒနာကလေးတခု ပေါ်လာတယ်ဆိုလဲ တကာ တကာမတို့ဖြစ်တယ်၊ ယားတဲ့စိတ်ကလေး ဒီအပေါ်မှာ ပေါ်တယ်၊ ယားပြီး မပျောက်ဘူးလား....(ပျောက်ပါတယ်ဘုရား)သူများ သေတာလား....၊ မိမိဝေဒနာသေတာလား....(မိမိဝေဒနာသေတာပါဘုရား) ဒါဖြင့် မိမိသေတာပေါ့....(မှန်ပါ့ဘုရား)။

ဒါဖြင့် မိမိသေတာသည် တကာတကာမတို့ သုဘလား.... အသုဘလား.....(အသုဘပါဘုရား)မိမိသေတာသည်ဒုက္ခလား.... သုခလား(ဒုက္ခပါဘုရား)ဒါလက်တွေ့ပြပါပြီတဲ့ တကာတကာမတို့ ကိုယ်လက်ကို လက်သည်းကလေးနဲ့ လက်မောင်းကလေး တခုကို ခြစ်ကြည့်ပါတဲ့၊ ခြစ်ကြည့်တော့ ဝေဒနာကလေးမပေါ်ဘူးလား.... (ပေါ်ပါတယ်ဘုရား) ဒုက္ခဝေဒနာပေါ့ဗျာ.... (မှန်ပါ့ဘုရား)

ဒီ အတိုင်း နေတော့ သုခဝေဒနာ....(မှန်ပါ့ဘုရား) သုခဝေဒနာလဲ ပျက်လျက်ဘဲ.... (မှန်ပါ့) ဒုက္ခဝေဒနာ ကော.... (ပျက်လျက်ပါဘဲဘုရား) ဒါဖြင့် တကာ တကာမတို့ သုခဝေဒနာလဲဖြစ်ပြီးပျက်တော့အသုဘဘဲ....(မှန်ပါ့ဘုရား)ဘယ်သူသေတာပါလိမ့်....(မိမိသေတာပါဘုရား) မိမိဟာဝေဒနာကွန္ဒာကိုးဗျ....(မှန်ပါ့ဘုရား)။

မိမိဟာ ဝေဒနာကွန္ဒာဖြစ်နေတော့ဝေဒနာကွန္ဒာမသေဘူးလား....(သေပါတယ်ဘုရား) သေတာသည် သုဘလား၊ အသုဘလား.... (အသုဘပါဘုရား)သေတာသည် ဒုက္ခလား၊ သုခလား....(ဒုက္ခပါဘုရား) အဲဒါကြောင့် ဖြစ်ပျက် မြင်အောင် ကြည့်စမ်းပါ.... (မှန်ပါဘုရား) ဝေဒနာကလေး တလုံးဟာ ဖြစ်ပြီးပျက်တယ်၊ဖြစ်ပြီးပျက်တယ်၊စိတ်ကလေးတလုံးဟာကော (ဖြစ်ပြီးပျက်ပါတယ်ဘုရား)။

ဖြစ်ပြီးပျက်တယ်၊ ဖြစ်ပြီးပျက်တယ်လို့ ဒီက မဂ္ဂင်ငါးပါးနဲ့ ကြည့်ပေးစမ်းပါ.... (မှန်ပါဘုရား) တကာတကာမတို့ အိမ်ကျတော့ထိုင် - ထိုင်ပြီးသကာလပဌမတော့ လေကလေး မှန်မှန်ရှူ မှန်မှန်ရှိုက်ပြီးနေရင်း မတွန့်နဲ့ ဟိုကယား - ဒီကယားနဲ့ လာလိမ့်မယ်၊ အဲဒါ - လက်သည်းနဲ့ မဖျောက်နဲ့.... (မှန်ပါဘုရား) မဖျောက်ပါနဲ့ တကာတကာမတို့ အလုပ်သင် လွှတ်နေတယ်.... (မှန်ပါဘုရား)။

အင်း....ဘာပါလိမ့်မလဲဆိုတော့ ဝေဒနာကလေးဘဲ၊ အဲဒါသည်ကားလို့ဆိုလို့ ရှိယင်ဝေဒနာကလေးဘဲ၊ ဖောက်ပြန်လာတာဘဲ၊ ဝိပရိဏာမလက္ခဏံ ဒုက္ခသစ္စံ ဦးခင်မောင်.... (မှန်ပါဘုရား) ဘာတဲ့တုန်း.... (ဝိပရိဏာမလက္ခဏံဒုက္ခသစ္စံပါဘုရား) ဝိပရိဏာမလက္ခဏံ = ဖောက်ပြန်ခြင်း လက္ခဏာသည်၊ ဒုက္ခသစ္စံ = ဒုက္ခသစ္စာဘဲ....(မှန်ပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ခန္ဓာကိုယ်ကလေးကယားတာလဲ နဂိုရှိကမရှိဘူး....၊ ခုမှပေါ်လာတာ....(မှန်ပါ့)နာတာကော....(ခုမှပေါ်လာတာပါဘုရား) ဖောက်ပြန်လာတာပေါ့ဗျာ.... (မှန်ပါဘုရား)။

ဦးဝ, ဟုတ်သလား....(ဟုတ်ပါတယ်ဘုရား)အဲဒါ ဘာသစ္စာတုန်း....(ဒုက္ခသစ္စာပါဘုရား) အင်....ဒါ-ဒုက္ခသစ္စာပါကလား.... ဒါ ဖြစ်ပျက် ဒုက္ခသစ္စာပါကလား....၊ ဖြစ် - ပျက် ဒုက္ခသစ္စာပါကလားလို့ ခန္ဓာကိုယ် လှည့်ရှု....(မှန်ပါဘုရား) ပေါ်ရာကို လှည့်ရှုပါ။

လှည့်ရှုလိုက်တဲ့ အခါကျလို့ ရှိယင်ဖြင့် အသုဘဒုက္ခသစ္စာ မမြင်ပေဘူးလား.... (မြင်ပါတယ်ဘုရား) မြင်တာက ဝိဇ္ဇာ.... မလို့ချင်တာက အလောဘ၊ရှင်းပလား.... (ရှင်းပါပြီ) ဒါဖြင့် အဝိဇ္ဇာနဲ့ တဏှာ မသေဘူးလား....(သေပါတယ်ဘုရား) ဒါဖြင့် မသိအောင်လုပ်တဲ့ အဝိဇ္ဇာ၊ ဆုတောင်းခိုင်းတဲ့တဏှာ မသေဘူးလား.... (သေပါတယ်ဘုရား)။

ဒါဖြင့်ဒီဝန်ကြီးနောက်ထပ်လာပါဦးမလား(မလာပါဘုရား) ကျုပ်တို့သိပြီ၊ မထမ်းတော့ဘူး၊ ဒီအဓိပ္ပါယ်ရတယ် - (မှန်ပါ့) သိပြီဆိုတာက ဝိဇ္ဇာဖြစ်တာ (မှန်ပါ့) မထမ်းတော့ဘူး ဆိုတာက တဏှာ သေသွားတာ.... (မှန်ပါ့) သိပြီမထမ်းတော့ဘူး ဆိုတော့ နှစ်ချက်မပိုင်ဘူးလား.... (ပိုင်ပါတယ်ဘုရား)။

သိတာက ဘာပါလိမ့်....(ဝိဇ္ဇာပါဘုရား) မထမ်းတော့ဘူး လို့ဆိုတာက.... (အလောဘပါ) အဲ....ခန္ဓာ မလို့ချင်တော့ဘူး ဆိုတာက တဏှာချုပ်တာ....(မှန်ပါ့ဘုရား)ရှင်းပလား....(ရှင်းပါပြီ) သိပြီ ဆိုတာက....(ဝိဇ္ဇာပါ) မထမ်းတော့ဘူး ဆိုတာက (အလောဘပါ) အလောဘဆိုတော့ တခါတည်း ဒီအထဲမှာ တကာတကာမတို့ မဂ္ဂင် ကောင်းကောင်းဆိုက်တယ်....(မှန် လှုပါဘုရား) မဆိုက်ဘူးလား....(ဆိုက်ပါတယ်ဘုရား)။

မဂ္ဂင် ကောင်းကောင်းဆိုက်တယ်ဆိုတာ သေချာပလား.... (သေချာပါပြီ) ဒါဖြင့် ဘယ်နေရာမှာ ပေါ်တဲ့ ဓမ္မ ဖြစ်ဖြစ် တကာတကာမတို့ ဖြစ်ပျက်ရှုပေးပါ....(မှန်လှပါဘုရား)။

ဝေဒနာတွေက အနှံ့အပြား ပေါ်လိမ့်မယ်နော်....(မှန်ပါ့) ဝမ်းသာတဲ့ ဝေဒနာလာယင်လဲ ဘာလုပ်ကြမယ်.... (ဖြစ်ပျက်ရှုရပါမယ်) ဝမ်းနည်းတာကလေး ပေါ်လဲ.... (ဖြစ်ပျက်ရှုရပါမယ်)ယားတဲ့ဝေဒနာပေါ်လာယင်.... (ဖြစ်ပျက်ရှုပေးရပါမယ်) နာတာပေါ်လာမယ်(ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

မြင်တာကလေး ပေါ်လာယင်.... (ဖြစ်ပျက်ရှုရပါမယ်) မြင်တာလဲ ဥပေက္ခာဝေဒနာကိုးဗျ၊ ကြားတာ ဥပေက္ခာ ဝေဒနာ ဘာလုပ်ရမလဲ.... (ဖြစ်ပျက်ရှုပေးရပါမယ်) အဲ....ဖြစ်ပျက်ရှုပါ ဆိုတဲ့ဥစ္စာက တကာတကာမတို့က ရှုရတာမဟုတ်ပါဘူး၊ ကိုယ့် အသေ ကိုယ်မြင်အောင် ပြတာပါ....(မှန်လှပါဘုရား)သဘော ကျပလား....(ကျပါပြီ)။

ဒါဖြင့် ကိုယ်ခန္ဓာကြီးဟာ ဘာသစ္စာတဲ့.... (ဒုက္ခသစ္စာပါဘုရား)ထည့်လိုက်ပါဦး အသုဘ- (အသုဘ ဒုက္ခသစ္စာပါဘုရား) ကိုယ့်ဟာကိုယ် သေခြင်းကြောင့်လဲ အသုဘ-(မှန်ပါ့)သေတာသည် ဒုက္ခဖြစ်လေသောကြောင့်လဲ ဒုက္ခသစ္စာ(မှန်ပါ့)သဘော ကျပလား....(ကျပါပြီ) ဘာသစ္စာတဲ့.... (အသုဘဒုက္ခသစ္စာပါဘုရား) အဲဒါမြင်အောင်ကြည့်....(မှန်ပါ့)။

မြင်အောင်ကြည့် ဆိုတော့ သူများမြင်အောင် ကြည့်ရမှာလား၊ ကိုယ့်ခန္ဓာထဲပေါ်တာ မြင်အောင်ကြည့် ရမှာလား.... (ကိုယ့်ခန္ဓာထဲပေါ်တာ မြင်အောင် ကြည့်ရမှာပါ) အဲဒီတော့

ခန္ဓာကြီးက ငါးပါးဖြစ်နေတော့ တပါတည်း ကွက်ကြည့်ပါ-(မှန်ပါ့)သဘောကျပလား.....(ကျပါပြီ)။

ခန္ဓာက ဘယ်နှစ်ပါးတဲ့.... (ငါးပါးပါဘုရား) ငါးပါး ဖြစ်နေတဲ့အတွက် ဘယ်လိုကြည့်မယ်.... (တပါးတည်းကွက်ကြည့်ရပါမယ်) တပါးတည်းကွက်ကြည့်....၊ ဦးခင်မောင် ဝေဒနာဖြင့် ဝေဒနာတပါးတည်းကြည့်၊စိတ်ဖြင့် ဝိညာဏကွန္ဓာ တပါးတည်း ကွက်ကြည့်.....(မှန်ပါ့ဘုရား)။

အဲဒီကဲ့သို့ ကြည့်လိုက်တဲ့ အခါကျလို့ ရှိယင် စိတ်တွေထဲ ဝေဒနာ ပါသွားတယ်.....(မှန်ပါ့ဘုရား) ရှင်းပြီနော်.....(ရှင်းပါပြီ) ကဲ....ဒါဖြင့်လဲ ဒီလိုကြည့်လိုက်တဲ့ အခါကျတော့ တကာတကာမတွေ ဝိဇ္ဇာဆိုတာသည် ပညာပါဘဲ.....(မှန်ပါ့ဘုရား)။

ဒီလိုမြင်လိုက်တဲ့ အခါကျတော့ တကာတကာမတို့ ဒီခန္ဓာကြီးကို လိုချင်သေးရဲ့လား..... (မလိုချင်ပါဘုရား) မလိုချင်တဲ့ အခါကျတော့ တကာတကာမတို့ တဏှာ မဆိတ်ဘူးလား.....(ဆိတ်ပါတယ်) ဥပါဒါန်ကော.... (ဆိတ်ပါတယ်) ကံကော.....(ဆိတ်ပါတယ်)နောက်ဘဝ လာဦးမလား.....(မလာပါဘုရား)။

ဩော်....ဘယ်နှယ်ကြောင့် မလာပါလိမ့်မလဲဆိုတော့ အသုဘ ဒုက္ခသစ္စာသိလို့.....(မှန်ပါ့ဘုရား)ဘယ်လို ဆုံးဖြတ်ချက် ချမလဲ.....(အသုဘ ဒုက္ခသစ္စာသိလို့ပါဘုရား)ဘယ်ခန္ဓာပါလိမ့်.....မိမိခန္ဓာ.....(မှန်ပါ့ဘုရား)မိမိခန္ဓာကိုဘယ်လိုသိရမယ်.....(အသုဘ ဒုက္ခသစ္စာပါဘုရား)။

အဲ့....ခင်ဗျားတို့သိတာကတော့ ပုပ်ညှီနေမှ အသုဘ၊ဟုတ်လား.....(မှန်ပါ့)အင်း.....ဟင်.....နာလှချည်ရဲ့လို့အော်နေမှ ဒုက္ခသစ္စာ၊ ဒီလိုမယူပါနဲ့ တရားဓမ္မကလေးတခု ဖြစ်လိုက် ပျက်

လိုက်ဆိုယင် ဦးခင်မောင် ဘယ်လိုဆိုကြမလဲ.... (ဒုက္ခသစ္စာပါဘုရား) အသုဘ ဒုက္ခသစ္စာဘဲ(မှန်ပါ့)ရိပ်မိကြပလား....(ရိပ်မိပါပြီ) ဘာသစ္စာတဲ့လဲ....(အသုဘဒုက္ခသစ္စာပါဘုရား)။

အဲဒီတော့ ခန္ဓာထဲမှာပေါ်ရာ စိတ်ပေါ်ယင်စိတ်ရှု၊ ဝေဒနာပေါ်ယင်.... (ဝေဒနာရှုရပါမယ်) ရှုလိုက်တဲ့ အခါ ကျတော့ ဘာမြင်ပါလိမ့်.... (အသုဘဒုက္ခသစ္စာပါဘုရား) သူက အသုဘဒုက္ခသစ္စာ၊ ဒါက အသုဘဒုက္ခသစ္စာ၊ မြင်တာက....(မဂ္ဂသစ္စာပါဘုရား)လိုချင်သေးရဲ့လား....(မလိုချင်ပါဘုရား)။

မလိုချင်တော့ တဏှာ ဥပါဒါန်တွေ့ မချုပ်ဘူးလား....(ချုပ်ပါတယ်) တဏှာဥပါဒါန်တွေ့ ချုပ်တယ်ဆိုကတည်းက ဟိုဘက်ဇာတိ ဇရာမရဏ ဘယ် နှယ်နေသတုံး....(မလာပါဘုရား)မလာယင် နိရောဓသစ္စာ ဖြစ်ရတော့မယ်ဆိုတော့ ဟိုဘက်မှာ ခန္ဓာထမ်းဘို့ ထမ်းစရာခန္ဓာ ပေါ်သေးရဲ့လား....(မပေါ်ပါဘုရား)။

ကိုင်း....ဒီထမ်းတဲ့ ခန္ဓာကြီးကို အသုဘ ဒုက္ခသစ္စာသိယင် နောက်ထမ်းတဲ့ ခန္ဓာမပေါ်ဘူး....(မပေါ်ပါဘုရား)ရှင်းပလား (ရှင်းပါပြီ) ဒါကိုမသိသေးသ၍ကာလပတ်လုံး နောက်ထမ်းတဲ့ ဒုက္ခသစ္စာ ဘယ် နှယ်နေကြသလဲ....(ပေါ်ပါတယ်ဘုရား) ပေါ်မယ်ဆိုတာသေချာပလား(သေချာပါပြီ)ဒါဖြင့် ဒီဥစ္စာ တကာတကာမတို့ ဝိဇ္ဇာပညာနဲ့ ဒီကိလေသာမှ လွတ်မသွားဘူးလား (လွတ်သွားပါတယ်ဘုရား) ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် မနေ့ကဝတ္ထုကို နည်းနည်းပြန်ဆက်လိုက်....(မှန်ပါ့) သုသိမ ပရိဗိုဇ်ကမေးတော့ ရဟန္တာတွေက ဘယ်လိုဖြေလိုက်သလဲ....ပညာနဲ့ ဒီ ကိလေသာမှ လွတ်လာတာ....(မှန်ပါ့ဘုရား)

မဖြေဘူးလား....(ဖြေပါတယ်ဘုရား) ဘာနဲ့ လုတ်လာသတဲ့လဲ....(ပညာနဲ့ ကိလေသာမှ လုတ်လာပါတယ်ဘုရား)။

အသုဘဒုက္ခသစ္စာကို မြင်တဲ့ပညာနဲ့ နောက်ကိလေသာတွေ လုတ်တယ်ကွ.... (မှန်ပါဘုရား) မတည့်ဘူးလား....(တည့်ပါတယ်ဘုရား) အသုဘ ဒုက္ခသစ္စာကို မြင်တဲ့ပညာနဲ့ ဘာလုတ်သွားသတုံး(နောက်ကိလေသာတွေလုတ်ပါတယ်ဘုရား)နောက်ကိလေသာတွေ လုတ်တော့ နောက်ခန္ဓာတွေကော....(လုတ်ပါတယ်ဘုရား) လုတ်တယ်ဆိုတာမသေချာဘူးလား....(သေချာပါတယ်ဘုရား)။

အဲဒါကိုပင်လျှင် ရဟန္တာတွေကဖြေတာ တကာတကာမတို့ မှန်ပါသလား....(မှန်ပါတယ်ဘုရား) သို့သော် သုသိမသဘောကျရဲ့လား....(မကျပါဘုရား)။

သူက ရဟန္တာဖြစ်လို့ရှိယင် ဦးခင်မောင်ရေ ကောင်းကင်ပျံနိုင်ရမယ်၊မြေလျှိုးနိုင်ရမယ်ဆိုပြီး စျာန်လမ်းချည်းမေးတယ်....(မှန်လှပါ)စျာန်လမ်းချည်း မေးတော့ ဟို....ကိုယ်တော်တွေက စျာန်လမ်းက နိဗ္ဗာန်ရောက်တာလား....တဲ့၊ တကာတကာမတို့ ဝိပဿနာလမ်းက ရောက်လာတာလား.... (ဝိပဿနာလမ်းက ရောက်လာတာပါဘုရား)။

ဟိုက သမထက ရဟန္တာဖြစ်လာတာ မဟုတ်ဘူး....(မှန်ပါ) ဝိပဿနာက....(ရဟန္တာဖြစ်လာတာပါ) အဲဒီတော့ရဟန္တာကြီးတွေက မဖြေဘူးလား၊ ဟေ့သုသိမ မင်းသည်ကားလို့ ဆိုယင် ဒို့ကိုစျာန်လမ်းတွေ လာမေးနေတယ်၊ ဒို့က....ဝိပဿနာလမ်းက ရဟန္တာဖြစ်လာတာလို့ အမှန်ဖြေတာဘဲ(မှန်ပါဘုရား)

ဖြေပင်ဖြေငြားသော်လဲသုသိမက ဗဟုသုတကမရှိတော့ တကာတကာမတို့ ကျေနပ်ပါရဲ့လား....(မကျေနပ်ပါဘုရား)။

မကျေနပ်တော့ မင်းသိချင်သိ မသိချင် နေကွာ....ဒို့သည်ကား....လို့ဆိုလို့ရှိယင်ဖြင့် စျာန်လဲ မပါပါဘူး၊ စျာန်ချောက်ပါတယ်၊ ဝိပဿနာမျှနဲ့ ဝိပဿနာရှုတာနဲ့ ဒို့နိဗ္ဗာန်ရပါတယ် ဖြေလိုက်တယ်....(မှန်ပါ့ဘုရား)သဘောကျပလား.... (ကျပါပြီ) စျာန်ကော မပါဘူးတဲ့.... (မပါပါဘုရား) တကာတကာမတို့....ဘာနဲ့ရသတုန်း....(ဝိပဿနာနဲ့ ရပါတယ်ဘုရား)။

ဝိပဿနာ မတွေ့နေဝ ဝိမုတ္တာကိုး....ဝိပဿနာ မတွေ့နေဝ=ဝိပဿနာမျှနဲ့ဘဲ၊ ဝိမုတ္တာ=ကိလေသာမှ လွတ်ပါတယ်....တဲ့၊ အဋ္ဌကထာဆရာက သေသေချာချာဖွင့်ပြတယ်....(မှန်ပါ့ဘုရား) ကျေနပ်ပလား.... (ကျေနပ်ပါပြီ) ဒါနဲ့ သုသိမ....က တကာတကာမတွေ့ ဒီကိုယ်တော်တွေ့ဖြတာကို သူရှင်းရှင်းလင်းလင်းနားလည်ပါရဲ့လား....(မလည်ပါဘုရား) မလည်တာနဲ့ ဘုရားဆီသွားတယ်....(မှန်ပါ့)။

ဘယ်သွားပါလိမ့်.... (ဘုရားဆီ သွားပါတယ်) ဘုရားဆီသွားပြီး၊ သုသိမက ဒီကိုယ်တော်တွေ့ သူမေးတဲ့အကျိုး အကြောင်းတွေ့ ဘုရားဆီ အကုန်လျှောက်တာပေါ့ဦးခင်မောင်ရေ (မှန်ပါ့ဘုရား) ဦးဝ....အကုန် လျှောက်တယ်နော်.... (မှန်ပါ့ဘုရား)။

အဲဒီတော့ ဘုရား....တဲ့၊ ကိုယ်တော်တွေ့ ဖြတဲ့အဖြဟာ တပည့်တော် မရှင်းဘဲဖြစ်နေတယ်၊ အဲဒီတော့ တပည့်တော်ကို သေသေချာချာ ရှင်းပေးပါဦးဘုရား၊ ဒီဥစ္စာ ဒီအတိုင်း ပစ်မ

ထားပါနဲ့ဆိုတော့ "ပုဗ္ဗေခါ သုသိမ ဓမ္မဋ္ဌိတိဉာဏံ ဟောတိ" ဘ-နံပါတ် ဖြေလိုက်တယ်။

"ပုဗ္ဗေခါ သုသိမ ဓမ္မဋ္ဌိတိဉာဏံ ဟောတိ ပစ္ဆာ နိဗ္ဗာနေ ဉာဏံ" လို့ဖြေလိုက်တယ်.... (မှန်ပါဘုရား) မြန်မာလိုပြန်လိုက်တော့ သေသေချာချာမှတ်ကြ၊ ရှေ့က ဝိပဿနာ မဂ်ငါးခုနဲ့ ရှုကွ....(မှန်ပါဘုရား)သဘောကျပလား.... (ကျပါပြီဘုရား)။

နောက်က လောကုတ္တရာမဂ်ရှစ်ခု အလိုလိုလိုက်လာလိမ့်မယ် လို့ဖြေလိုက်တယ်.... (မှန်ပါဘုရား) ရှေ့က ဝိပဿနာမဂ်နဲ့သာ ရှုပါတဲ့ ဦးခင်မောင်.... (မှန်ပါဘုရား) နောက်က မဂ္ဂင်ရှစ်ပါး သောတာပန်ဖြစ်တဲ့မဂ် အလိုလို လိုက်လာပါလိမ့်မယ်....(မှန်ပါဘုရား)ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဒါ....ဘယ်သူ ဖြေတာပါလိမ့်.... (ဘုရားကဖြေတာပါဘုရား) ပုဗ္ဗေခါ-သုသိမ ဒါက ပုဗ္ဗေနော် (မှန်ပါဘုရား) သုသိမ-သုသိမ၊ ပုဗ္ဗေ=ရှေးကာလ၌၊ ဓမ္မဋ္ဌိတိဉာဏံ=ဝိပဿနာ မဂ်ဉာဏ်သည်၊ ဟောတိ-ဖြစ်၏။ ရှေ့က ဝိပဿနာမဂ်သာရှုကွ....တဲ့၊ ပစ္ဆာ နိဗ္ဗာနေဉာဏံ....တဲ့၊ပစ္ဆာ= နောက်ကာလ၌....တဲ့၊ နောက်တော့ နိဗ္ဗာန်မြင်တဲ့ဉာဏ် လာမယ်တဲ့.... (မှန်ပါဘုရား) သဘောကျပလား.... (ကျပါပြီဘုရား)။

ဒါဖြင့် ဘ-နံပါတ်က အသုဘ ဒုက္ခသစ္စာ ဖြစ်ပါလိမ့်မယ်တဲ့....(မှန်ပါဘုရား) ရှေ့မဂ်က ဘာဖြစ်မယ်.... (အသုဘဒုက္ခသစ္စာ မြင်ပါမယ်) နောက် ဒီမဂ်တွေ အားကြီးလာတဲ့အခါကျတော့ မဂ္ဂင်ရှစ်ပါး မလာဘူးလား.... (လာပါတယ်ဘုရား)

သူကတော့ နိဗ္ဗာန် မြင်တဲ့ဥာဏ် လာပါလိမ့်မယ်တဲ့.... (မှန်ပါ့ဘုရား)။

ဒါဖြင့် တကာတကာမတို့ ရှေ့ပိုင်းကဒီမဂ်မပါဘဲနဲ့ ဒီနိဗ္ဗာန် မြင်နိုင်ပါ့မလား.... (မမြင်နိုင်ပါဘုရား) ဒါဖြင့် ဝိပဿနာမဂ်အမြင်သည် ဖြစ်ပျက်ကို မြင်တယ်....(မှန်ပါ့ဘုရား)သဘောကျပလား....(ကျပါပြီဘုရား)သူရင့်လာလို့ ရှိယင် တကာတကာမတို့ မဂ္ဂင်ရှစ်ပါး ဖြစ်ရမယ်....(မှန်ပါ့)မဖြစ်လို့ ရှိယင် နေနိုင်ပါ့မလား....(မနေနိုင်ပါဘုရား)။

အဲဒါကျတော့ ခုနင်က အမြင်မျိုးမဟုတ်ဘူးတဲ့၊နိဗ္ဗာန်မြင်ပါလိမ့်မယ်....(မှန်ပါ့ဘုရား)နိဗ္ဗာန်မြင်လို့ ရှိယင်တော့ သောတာပတ္တိမဂ်အစစ်မှတ်.... (မှန်ပါ့ဘုရား) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)ဒါ ဘယ်သူဖြေတာတုန်း.... (ဘုရားဖြေတာပါဘုရား) ဘုရားဖြေတာ။

ပုဗ္ဗေခါ သုသိမ ဓမ္မဋ္ဌိတိဉာဏ်ံ = ရှေ့ပိုင်းက ဝိပဿနာဉာဏ်နဲ့သာ ဖြစ်ပျက်မြင်အောင်ရှု၊ ဘုရားကဘာတဲ့ တကာတကာမတို့....(ဝိပဿနာဉာဏ်နဲ့ ဖြစ်ပျက် မြင်အောင်ရှုတဲ့....)။

ရှေ့ပိုင်းက ဝိပဿနာဉာဏ်နဲ့ ဖြစ်ပျက် မြင်အောင်ရှုတဲ့....၊ နောက်ပိုင်းကျလာလို့ ဒီဝိပဿနာဉာဏ်ရင့်လာလို့ ရှိယင်ဖြင့်တဲ့၊ နိဗ္ဗာန်မြင်တဲ့မဂ္ဂင်ရှစ်ပါး လာလိမ့်မယ်.... (မှန်ပါ့ဘုရား) ဝေးသလား တကာတကာမတို့....(မဝေးပါဘုရား)။

ဒါကြောင့် ဘုန်းကြီး ဆုပေးတဲ့အခါ ခင်ဗျားတို့ သေသေချာချာ နားထောင်ရဲ့လား.... (မှန်ပါ့ဘုရား) ဝိပဿနာဉာဏ်သည် မဂ်ဉာဏ်သို့ ကျေးဇူးပြု၍ နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်

သည်ဖြစ်စေ....၊ မလာဘူးလား.... (လာပါတယ်ဘုရား) ဒါဖြင့် ဝိပဿနာဉာဏ်မပါဘဲနဲ့ မဂ်ဉာဏ်က.... (မလာပါဘုရား) မဂ်ဉာဏ်မရဘဲနဲ့လဲ နိဗ္ဗာန်မြင်ပါ့မလား....(မမြင်ပါဘုရား)။

ဒါဖြင့် တကာတကာမတို့ ရှေ့ပိုင်းက ဘာ အားထုတ်ရမယ်.... (ဝိပဿနာဉာဏ်အားထုတ်ရပါမယ်ဘုရား) ဝိပဿနာဉာဏ်ဆိုတာ ခန္ဓာငါးပါးကြီး၏ ဖြစ်ပျက်ကို မြင်တဲ့ဉာဏ်.... (မှန်ပါ့ဘုရား)။

သူရင့်လာလို့ရှိယင် ဘယ်ဉာဏ် လာမယ်....(မဂ်ဉာဏ်လာပါမယ်) မဂ်ဉာဏ်လာလို့ရှိယင် ဘာမြင်မယ်.... (နိဗ္ဗာန်မြင်ပါတယ်ဘုရား) နိဗ္ဗာန်မြင်တယ်ဆိုတာ သေချာပလား.... (သေချာပါပြီဘုရား)သဘောကျပြီနော်....(ကျပါပြီဘုရား)။

ကိုင်း....နာရီက ဇစ့်သွားတယ် နက်ဖြန်မှ ဟောကြစို့။

သာဓု....သာဓု....သာဓု

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း - မိုးကုတ် ဆရာတော်ဘုရား

မန္တလေးမြို့၊ ဦးချစ်ဆွေမမွာရုံ၌

ဟောကြားတော်မူသော

(အဓိပတိ ထားချီ .)

အားထုတ်ရမည့် - တရားတော်

(ဂ - ၃ - ၆၁)

တကာတကာမတွေ့ တရားအားထုတ်တဲ့ အခါကျလို့ရှိယင် ဖြင့် မရ-မရှိနိုင်တဲ့ နည်းသုံးပါးကို ဟောကြား တော်မူတယ်၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက တရားအားထုတ်တဲ့ ပုဂ္ဂိုလ် မျှား အဓိပတိသုံးပါး ထားရမယ်လို့ ဟောထားတယ်....(မှန်ပါ့ ဘုရား)။

တရားအားထုတ်တဲ့ပုဂ္ဂိုလ် ဘယ်နှစ်ပါး ထားရမလဲ....(သုံး ပါးထားရပါမယ်ဘုရား) အဓိပတိသုံးပါးထားရမယ်လို့ ဟော ထားတယ်နော်....(မှန်ပါ့)။

တရားအားထုတ်တဲ့ပုဂ္ဂိုလ်မျှား အဓိပတိ ဘယ်နှစ်ပါးထား ရမတုန်း....(သုံးပါးထားရပါမယ်ဘုရား) သုံးပါးထားရမယ်လို့ တိကနိပါတ် အင်္ဂုတ္တိုရ်မှာ ဘုရားရှင်ကိုယ်တော်တိုင် ဟောပြီး သကာလ ထားတာရှိတယ်။

ဒါကြောင့် ဘုန်းကြီးတို့ တကာတကာမတွေလဲ တရားဟော ရတာလဲကြာပြီမို့ ဒီအဓိပတိသုံးပါး ကိုယ်ပိုင်ထားကြလို့ရှိယင်

ဖြင့် မဂ်ဉာဏ် ဖိုလ်ဉာဏ် မရ-မရှိပါဘူးဆိုတဲ့ဥစ္စာ ကောန်သိပြီး ထားကြစမ်းပါ.... (မှန်ပါ့ဘုရား) ဒါဖြင့် ဒီအဓိပတိ သုံးပါးကို တကာတကာမတွေ့ သေသေချာချာ မှတ်ကြပါ(မှန်ပါ့ဘုရား)။

အဓိပတိသုံးပါးလို့ တိကနိပါတ် အင်္ဂုတ္တိရ်မှာ ဟောတော် မူတဲ့အတွက် (၁)မိမိကိုယ်ကို အဓိပတိထား၍ တရားအားထုတ် ခြင်း၊ (၂)လောကကြီးကို အဓိပတိထား၍ တရားအားထုတ် ခြင်း၊(၃)တရားတော်ကို အဓိပတိထား၍ တရားအားထုတ်ခြင်း၊ ဘယ်နှစ်မျိုးပါလိမ့်....(သုံးမျိုးပါဘုရား)။

မိမိကိုယ်ကို အဓိပတိထား၍.... (တရားအားထုတ်ပါတယ်) လောကကြီးလို့ အဓိပတိထား၍.... (တရားအားထုတ်ပါတယ်) တရားဂုဏ်တော်ကိုအဓိပတိထား၍....(တရားအားထုတ်ပါတယ်) ဘယ်နှစ်မျိုးပါလိမ့်....(သုံးမျိုးပါဘုရား)။

ဒီဘက်က ဘာပါလိမ့်.... (မိမိကိုယ်ကို အပဓိပတိထား၍ တရားအားထုတ်ပါတယ်) ဒီဘက်က ဘာပါလိမ့်....(လောကကြီး ကိုအဓိပတိထား၍ တရားအားထုတ်ပါတယ်) ဒီဘက်က ဘာပါလိမ့်....(တရားဂုဏ်တော်ကို အဓိပတိထား၍ တရားအားထုတ်ပါတယ်ဘုရား)။

ကုိင်း....တကာတကာမတို့ အားထုတ်တဲ့နည်းကို ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် လေးသင်္ချေနဲ့ ကမ္ဘာတသိန်းကာလ ပတ်လုံး စု ဆည်းပူးတဲ့ဉာဏ်တော်ကြီးနဲ့ ဒီတကာတကာမတွေ့ ဒီအဓိပတိသုံးပါးကို မချို့ယွင်းဘဲနဲ့ ကြိုးစားကြမယ် ဆိုလို့ ရှိယင် ငါ၏တပည့်သားတွေသည် အိုဘေး နာဘေး သေဘေး

တို့၏ လွတ်ရာဖြစ်တဲ့ နိဗ္ဗာန်ရောက်ရမယ်လို့ သေသေ ချာချာ ဟောထားတယ်....(မှန်ပါ့ဘုရား)။

အဲဒါကြောင့် ဒီတရားကိုဘဲ အားထုတ်ရင်းမတွန့်လဲ နှလုံးသွင်းပါ။ အားမထုတ်မီ ရှေ့အဘို့ကာလဌာလည်း ကိုယ့်ကိုယ်ကို အဓိပတိထား၍ တရားအားထုတ်ခြင်း၊ လောကကြီးကို အဓိပတိထား၍ တရားအားထုတ်ခြင်း၊ တရား၏ဂုဏ်တော်ကို အဓိပတိထား၍ တရားအားထုတ်ခြင်းဆိုပြီး တရားအားထုတ်နည်း ဘယ်နှစ်မျိုးပါလိမ့်....(သုံးမျိုးပါဘုရား)။

တကာဝ-ရေ....သုံးနည်းတဲ့....နော်.... (မှန်ပါ့ဘုရား) ဘုရား ကိုယ်တော်တိုင် ဟောတာဖြစ်လေသောကြောင့် တကာတကာမတို့ မမှားဘူးလို့ မှတ်လိုက်စမ်းပါ.... (မှန်ပါ့ဘုရား)။

ဒီအဓိပတိသုံးပါးကို တကာ တကာမတွေက ညီညွတ်အောင် အားထုတ်မယ် ဆိုလို ရှိယင်ဖြင့်တဲ့ ဝိရိယပြင်းထန်ပြီး သကာလ မဂ်ဉာဏ် ဖိုဉာဏ် မရ-မရှိပါဘူးလို့ သေသေ ချာချာ ဟောထားပြန်တော့ ဒို့တာဝန်လိုတာ ဒို့ဖြည့်မယ်ဆိုပြီး ဒီအဓိပတိသုံးပါးကို တကာ တကာမတွေက ကြိုးစားပါလို့ ဆရာဘုန်းကြီးက တဆင့်တိုက်တွန်းတယ်နော်....(မှန်ပါ့ဘုရား)။

တဆင့် တိုက်တွန်းပါတယ်....တဲ့၊ တကာ တကာမတွေက တရားအားထုတ်ပြီး အိမ်မှာ ဘုရားရှေ့မှာဖြစ်စေ-အိပ်ရာထဲမှာဖြစ်စေ-မီးဖိုချောင်ထဲမှာဖြစ်စေ တရား အားထုတ်ပြီး သကာလ နေကြတယ်၊ လွတ်လပ်တဲ့ အချိန် အားထုတ် တာပေါ့ဗျာ.... (မှန်ပါ့ဘုရား)။

အဲဒီကဲ့သို့ အားထုတ်တဲ့ အချိန်ကျလို့ ရှိယင်ဖြင့် မိမိကိုယ်ကို မြောက်လိုက်ပါတဲ့၊ ဘယ်လို မြောက်ရမလဲလို့ ဆိုလို့ ရှိယင်ဖြင့် ငါသည် စားစရာမရှိလို့ တရားအားထုတ်တာလဲ၊ မဟုတ်ဘူး၊ ဝတ်စရာမရှိလို့ တရားအားထုတ်တာလဲ မဟုတ်ဘူး....။

နေစရာ ထိုင်စရာ မရှိလို့ တရား အားထုတ်တာလဲ မဟုတ်ဘူး၊ ဆေးဝါး အလိုရှိလို့ တရား အားထုတ်တာလဲ မဟုတ်ဘူး၊ သံသရာကြီး အိုဘေး, နာဘေး, သေဘေးတွေကို ရုံလွန်း မုန်းလွန်းလို့ တရား အားထုတ်တာ ဆိုတော့ ကိုယ့်ကိုယ်- ကိုယ် မြောက်ရာမရောက်ဘူးလား.... (ရောက်ပါတယ်ဘုရား)။

တကာ တကာမတို့ သိတဲ့အတိုင်း ငါသည်....ဝတ်စရာမရှိလို့ တရားအားထုတ်တာလဲ မဟုတ်ဘူး၊ စားစရာမရှိလို့ တရားအားထုတ်တာလဲ မဟုတ်ဘူး၊ နေစရာ ထိုင်စရာ အိမ်မရှိလို့ တရားအားထုတ်တာလဲ မဟုတ်ဘူး၊ ဆေးဝါးအလိုရှိလို့ တရားအားထုတ်တာလဲ မဟုတ်ဘူး။

ဇာတိဇရာ ဗျာဓိမရဏ အစရှိသော ဒုက္ခဘေးတွေမှ ကင်းဝေးလိုသောကြောင့် ငါ-အားထုတ်တာ၊ ဒါကြောင့် ငါသည် ကားလို့ ဆိုလို့ရှိယင် လုံ့လ ဝီရိယနဲ့ ကြိုးစားလိုက်မယ်ဆိုပြီး သကာလ ကိုယ့်ကိုယ်ကို အဓိပတိထားပြီး ကြိုးစားလိုက်ပါ.... (မှန်ပါဘုရား) သဘောကျပလား.... (ကျပါပြီဘုရား) ကိုယ့်ကိုယ်ကို.... (အဓိပတိထားပြီး ကြိုးစားရပါမယ်) ကိုယ့်ကိုယ်ကို အဓိပတိထား၍ ကြိုးစားလိုက်ပါတဲ့ ဦးခင်မောင်ရေ....(မှန်ပါဘုရား)။

ပြန်ပြောပါဦးမယ် တခေါက်၊ တကာ တကာမတို့ ငါသည် ဝတ်စရာမရှိလို့ တရား အားထုတ်တာ မဟုတ်ဘူး၊ စားစရာမရှိလို့.... (တရားအားထုတ်တာမဟုတ်ပါဘုရား) နေစရာ ထိုင်စရာမရှိလို့.... (တရားအားထုတ်တာ မဟုတ်ပါဘုရား) ဆေးဝါး မရှိလို့.... (တရားအားထုတ်တာ မဟုတ်ပါဘုရား) အိုဘေး-နာဘေး သေဘေးတို့မှ လွတ်ရေးကို မျော်တွေးပြီး သကာလ တရားအားထုတ်တာ.... (မှန်ပါ့ဘုရား)။

ငါဟာ....သာမည ပုဂ္ဂိုလ်မဟုတ်ဘူး၊ အိုဘေး, နာဘေး သေဘေး တခုကိုသာ လွတ်ချင်လို့ တရား အားထုတ်ပါတယ် လို့ ဗီရိယ ပြင်းထန်ပေးလိုက်စမ်းပါ.... (မှန်ပါ့ဘုရား)။

ဒီလိုဗီရိယ ပြင်းထန်ပေးလိုက်လို့ ရှိယင်ဖြင့် တကာ တကာမတွေရဲ့ 'ခန္ဓာထဲမှာရှိတဲ့ ဖြစ်- ပျက် အနိစ္စကလေး တွေဟာ ဒီလို အဓိပတိထားပြီး အားထုတ်လိုက်လို့ ရှိယင်ဖြင့် တကာဝမြင်လာလိမ့်မယ်.... (မှန်ပါ့ဘုရား) သဘောပါပလား.... (ပါပါပြီ ဘုရား)။

မိမိကိုယ်ကို အဓိပတိထားပြီး အားထုတ်ပါနော်.... (မှန်ပါ့ဘုရား) အားထုတ်တတ်ပလား....(မှန်ပါ့ဘုရား) ငါသည် ဘာတုန်း....၊ဝတ်စရာမရှိလို့ တရားအားထုတ်တာ မဟုတ်ဘူး....စားစရာ မရှိလို့ တရားအားထုတ်တာ မဟုတ်ဘူး- နေစရာ ထိုင်စရာမရှိလို့ တရားအားထုတ်တာ မဟုတ်ဘူး။

အိုဘေး, နာဘေး, သေဘေး လွတ်ရာကို ရည်မှန်း၍ တရားအားထုတ်ပါတယ်၊ ဒါကြောင့်၊ ဗီရိယ ပြင်းထန်ပြီး ကြိုးစားလိုက်လို့ ရှိယင်ဖြင့် ခန္ဓာ၏ ဖြစ်ပျက်ကို တခါတည်း မြင်လာ

လိမ့်မယ်.... (မှန်ပါ့ဘုရား) သဘောကျပလား.... (ကျပါပြီ) ဘာတွေမြင်လာမယ်ထင်သတုန်း....(ခန္ဓာ၏ ဖြစ်-ပျက်ကိုမြင်လာပါမယ်ဘုရား)။

ခန္ဓာ၏ ဖြစ်ပျက်ကို တခါတည်း မမြင်မရှိ၊ မြင်လာလိမ့်မယ် ဆိုတာ တကာ တကာမတွေ သြော်....ငါဘာ့ကြောင့် မမြင်ပါလိမ့်မတုန်းလို့ မေးလို့ရှိယင် ဒီအဓိပတိသုံးပါး လုတ်နေလို့....(မှန်ပါ့ဘုရား) ဒီအဓိပတိသုံးပါး မလုတ်ယင် ဘာဖြစ်ရမလဲ....(မြင်ရပါမယ် ဘုရား)။

ဖြစ်- ပျက် အနိစ္စတွေ မြင်ရမယ်....(မှန်ပါ့ဘုရား) ဖြစ်ပျက်အဆုံးနိဗ္ဗာန်ကို....(မြင်ပါမယ်ဘုရား) ဖြစ်ပျက် အနိစ္စကို....(မြင်ရပါမယ်ဘုရား)ဖြစ်ပျက် အဆုံးနိဗ္ဗာန်ကို....(မြင်ရပါမယ်ဘုရား) မြင်ရမယ်ဆိုပြီး အဓိပတိ သုံးပါးတွင်၊ ၁-နံပါတ် မိမိကိုယ်ကို အဓိပတိထားပြီးတော့ တကာဝ ကြိုးစားစမ်းပါ.... (မှန်လှပါဘုရား) ရ-ရမယ် မောင်ထွန်းလှိုင် ရ-ရမယ်နော်.... (မှန်လှပါဘုရား)။

ကိုင်း....ဒါဖြင့် ၂-နံပါတ်က တကာ တကာမတွေ သတိထားလိုက်ပါဦး၊ တရားတော့ အားထုတ်တာဘဲ၊ တရား အားထုတ်ရင်း ရှေလိုချင်တဲ့စိတ်....ငဲ့လိုချင်တဲ့စိတ်- သားခင်တွယ်တဲ့စိတ်- သမီး ခင်တွယ်တဲ့စိတ်တွေ၊ လာလို့ရှိယင်ဖြင့် လောကကို အဓိပတိထား။

မင်းဟာ....တရား အားထုတ်နေတယ်လဲဆိုရဲ့၊ မင်းသန္တာန်ရှိတဲ့ ကာမဝိတက်ဆိုတဲ့ လောဘ၊ ဗျာပါဒဝိတက် ဆိုတဲ့ ဒေါသ ကလေးတွေက၊ ဝိဟိံသဝိတက် ဆိုတဲ့ သူတပါး ညှဉ်းဆဲချင်တာ

ကလေးတွေက ဝင်လာတော့ မင်းဟာ-မင်းက တရားအားထုတ်နေတယ်ဆိုပြီး မင်းစိတ်ကို မင်းကိုယ်စောင့်နတ်ကလဲ သိတယ်.... မင်းမရှက်ဘူးလား....၊ ကိုယ့်ကိုယ်ကို မေးရမယ်နော်....(မှန်လှပါဘုရား)။

မင်းကိုယ်စောင့်နတ်တွေကိုလဲမင်းကိုတခါတည်းသိတယ်၊ မင်းဟာ မကောင်းတဲ့စိတ်ဝင်နေတယ်ဆိုတာ ၊မင်းဟာ - သူတော်ကောင်းယောင် ဆောင်နေတာ၊ မင်း-ကိုယ်စောင့်နတ်တွေက သိတယ်....၊ ဘေးက တောစောင့်နတ် - တောင်စောင့် နတ်တွေက တော့....(သိပါတယ်ဘုရား) အဘိညာဏ်ရတဲ့ ပုဂ္ဂိုလ်တွေကကော....(သိပါတယ်ဘုရား)။

အဲဒီတော့ ဘေးက လောကကြီးက မင်းကို အကုန်သိနေတယ်၊ မင်းမရှက်ဘူးလား၊ မင်းမကြောက်ဘူးလား၊ မင်းဟာက စားစရာမရှိလို့ တရားအားထုတ်တာလဲမဟုတ်ဘူး....၊ ဝတ်စရာမရှိလို့ တရားအားထုတ်တာ လဲမဟုတ်ဘူး....၊ နေစရာ ထိုင်စရာမရှိလို့ တရားအားထုတ်တာလဲ မဟုတ်ဘဲနဲ့ သံသရာကြီးမှ ထွက်ချင်လို့ အားထုတ်တယ်ဆိုပြီးသကာလ မင်းလာတဲ့ စိတ်တွေက အခုလောဘစိတ်,ဒေါသစိတ်,မောဟစိတ်တွေက မင်းမှာလာလာနေတယ်၊ အဲဒီတော့ မင်းကသာ မသိဘူး ထင်နေတယ်၊ မင့် ကိုယ်စောင့်နတ်ကစပြီး မင်း - အရှုံးလုပ်နေတာ သိတယ်.... (မှန်ပါဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

ကိုယ်စောင့်နတ်က မသိပေဘူးလား.... (သိပါတယ်ဘုရား) ဒီနားမှာရှိတဲ့ တောစောင့် - တောင်စောင့်နတ် - အိမ်စောင့်နတ်တွေကကော.... (သိပါတယ်ဘုရား) တိုက်စောင့်နတ်က

ကော....(သိပါတယ်ဘုရား) အဘိညာဏ်ရတဲ့ ပုဂ္ဂိုလ်တွေကကော (သိပါတယ်ဘုရား)။

အဲဒီတော့ မင်း မရှက်ဘူးလား၊မင်း - လောကကြီးရှက်ပါဦး၊ ရှက်ပြီး မင်းကြိုးစားလိုက်ပါ၊ ဒါတွေမလာစေနဲ့.... (မှန်ပါဘုရား) ဒါက ဘယ်နှယ်ကြောင့် ဘုရားက မှာရသတုန်းဆိုတော့ တရားအားထုတ်မှ အဖျက်သမားတွေက လာတတ်တယ်....(မှန်ပါဘုရား)ဒါဟာ ကိလေသာ မာရ်နတ်တွေလို့ ဟောလိုက်တာဘဲ....(မှန်ပါဘုရား) သဘောကျပလား....(ကျပါပြီဘုရား) ဘာတွေလဲ.... (ကိလေသာ မာရ်နတ်တွေပါဘုရား) ကိလေသာ မာရ်နတ်တွေတဲ့ တကာတကာမတို့ သဘောပါကြပလား....(ပါ - ပါပြီဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ တရားအားထုတ်ရင်း မတွေ့နဲ့ အိမ်ပြန်ချင်တဲ့ စိတ်ကလေးလာလိုက်တယ်၊ ဟုတ်လား.... စိတ်မချတဲ့စိတ်ကလေး လာလိုက်တယ်၊ အရောင်းအဝယ် စိတ်ကလေးက ကြားထိုးဝင်လိုက်တယ်ဆိုယင် ကိုယ့်ကိုယ်ကို မင်း မရှက်ဘူးလား မေးပါ....(မှန်ပါဘုရား)။

မမေးသင့်ဘူးလား.... (မေးသင့်ပါတယ်ဘုရား) မင်း မရှက်ဘူးလား....၊ မင်းကိုယ်စောင့်နတ်ကလဲ.... မင်းဟာ - ဟန်လုပ်နေတယ်၊ သူတော်ကောင်းယောင် လုပ်နေတယ်ဆိုတာ မင်းကိုသိတယ်....(မှန်ပါဘုရား) ဒီနားမှာရှိတဲ့ တောစောင့်နတ် - တော်ဝင်စောင့်နတ်.... သစ်ပင်စောင့်နတ်တွေကကော.... (သိပါတယ်ဘုရား)။

အဲဒီတော့ လောကကြီးလဲ - မင်းမရှက်ဘူး၊ မင်းကတရား အားထုတ်တဲ့ ပုံသဏ္ဌာန် ဟန်ပန်နဲ့ နေပြီး မင်းစိတ်တွေကတော့ ဖြင့် မဟုတ်တာတွေချည်းလာနေတယ်၊ လောကကြီးလဲ မင်းက မရှက်ဘဲကိုး....လို့ ကိုယ့်ကိုယ် - ကိုယ်ဆုံးမ,ပါ.... (မှန်လှပါဘုရား)ဆုံးမပြီးသကာလ ရှက်တဲ့အခါကျတော့မှ ကဲ....ပိုဝိရိယစိုက်လိုက်....(မှန်ပါ့ဘုရား)။

ဒီလိုဆိုလို့ ရှိယင်လဲ လာတဲ့စိတ်တွေကို ကိုယ်စောင့်နတ်-တောင်စောင့်နတ်-ရှာစောင့်နတ်တွေကမြင်မှာ၊ သူတော်ကောင်းတွေကမြင်မှာ၊အဘိညာဏ်ရတဲ့ ပုဂ္ဂိုလ်တွေက သိမှာစိုးတဲ့အတွက် ရှက်ပြီး ဝီရိယ ပိုကြိုးစားလိုက်ယင်လဲ....တရားဟာ ရပါတယ်....(မှန်ပါ့ဘုရား) ဘယ်နှယ်ချက် ရှိသွားပလဲ.... (နှစ်ချက်ရှိသွားပါပြီဘုရား)ဒါက လောကအဓိပတိထားတာ....(မှန်ပါ့ဘုရား)။

ကိုင်း....အခု ၃-နံပါတ်ကို တကာတကာမတွေ ပြောပါဦးမယ်နော်....၊ ၃-နံပါတ်က ဘာပါလိမ့်မလဲ ဆိုတော့ ဘုရားက 'သဉ္ဇာဇာတောဘဂဝတာဓမ္မော' ဘဂတာ=မြတ်စွာဘုရားသခင် သည်၊ဓမ္မော = တရားကို၊ သဉ္ဇာတော =ကောင်းစွာ ဟောထားတာ၊ မင်းခန္ဓာကိုယ်ထဲ အနိစ္စရှိတယ်လို့ ဟောမထားဘူးလား....(ဟောထားပါတယ်ဘုရား)။

အဲဒီတော့မင်းကအနိစ္စတွေ၊ဘုရားသခင် ကိုယ်တော်မြတ်ကြီးက အဲနိစ္စတွေရှိပါတယ်လို့ 'သဉ္ဇာဇာတော ဘဂဝတာ ဓမ္မော' ဘုရားက ကောင်းစွာဟောထားတဲ့တရား၊ ဟုတ်ယ်ရှိလို့ တကယ်သိပြီး ဟောထားတဲ့တရား.... (မှန်ပါ့ဘုရား)။

ဦးခင်မောင်ရေ.... တကယ်ရှိသလား.... (တကယ်ရှိပါတယ်ဘုရား) တကယ်ရှိလို့ တကယ်သိပြီး ဟောထားတဲ့တရားသန့်ဌိကော =မင်းကိုယ်တိုင် မြင်ရမည့်တရား၊ အကာလိကော=အခါမလင့် အကျိုးပေးစည့်တရား....(မှန်ပါဘုရား) မဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ်ဘုရား)။

အဲဒါတွေ ကေန်တကယ်ဘုရားဟောတရားတော်တွေ_မင်းကတရားအားထုတ်သလိုလို့နဲ့ မင်းမမြင်ဘူးဆိုလို့ရှိယင် မင်းဘုရားပြောတာ မင်းက တလဲလှုပ်နေတာလား....၊ ဘုရားက ကိုယ်တိုင်မြင်ရမယ်ဆိုတော့ မင်းက ဖြစ်ပျက်တွေ့ မမြင်တော့ မင်းဟာဘုရားဟော တရားတော်ကို အလေးအမြတ် မပြုလို့ မင့်းဖြစ်နေတာ....(မှန်ပါဘုရား)။

အကာလိကော = အခါမလင့် အကျိုးပေးရမယ်ဆိုတာ ကိုလေသာ ရန်သူတွေ့ မလာရဘူးလို့ ဆိုထားတာ မင်းကို နေရာမကျလို့လာနေတာ....(မှန်လှပါဘုရား)။

အဲဒီတော့ တရားတော်ကို လေးစားပြီးသကာလ တရားကကောင်းစွာ ဟောတော်မူတဲ့တရား၊ ကိုယ်တိုင်မြင်ရမည့် တရား၊ အခါမလင့် အကျိုးပေးရမည့်တရားကို မင်းက မမြင်ဘူးလို့ ဆိုတော့ မင်းကိုက တရားကိုလာဖျက်နေတာ၊ တရားကို မင်း-သေသေချာချာ ကြည့်ညိုလေးစားထဲ့သဘော ယုံကြည်တဲ့သဘော မရှိသောကြောင့် မင်းဖြစ်ပျက်တွေ့,မမြင်တာ....(မှန်ပါဘုရား)။

ဘယ်သူ့ဆုံးမရမယ်.... (ကိုယ့်ကိုယ် - ကိုယ်ဆုံးမရမယ်) ကိုယ့်ကိုယ့်,ကိုယ်တရားတော်ဂုဏ်ကို ကိုးစားပြီးသကာလ ကိုယ့်ကိုယ့်,ကိုယ် ဝိရိယပြင်းထန်အောင်လုပ်ပါ.... (မှန်ပါဘုရား) ရှင်းပလား....(ရှင်းပါပြီ)။

၁ - နံပါတ်က ဘယ်သူ့ အဓိပတိထားရမယ်-
(မိမိကိုယ်ကို အဓိပတိထားရပါမယ်)
၂-နံပါတ်က ဘယ်သူ့ အဓိပတိထားရမယ်--
(လောကကို အဓိပတိထားရပါမယ်)။

လောကကြီးကို ရှက်စရာ ကြောက်စရာတွေ မိမိသန္တာန်မှာ ဖြစ်နေလို့ ရှိယင်လောကကြီးမင်းမရှက်ဘူးလားဆိုပြီး လောကကို အဓိပတိထားပြီးကြိုးစားပါ.... (မှန်ပါ့ဘုရား) သဘောကျပါပလား....(ကျပါပြီဘုရား)။

ဒီဟာက ဓမ္မတွေကို အဓိပတိထားပြီးကြိုးစားရမယ်၊ ဓမ္မဆိုတာ ကောင်းစွာ ဟောထားတာ၊ကိုယ်တိုင်မြင်ရမယ်လို့ ပြောတယ်၊ အခါမလင့် အကျိုးပေးရမယ်လို့ ဟောတယ်။

ဒီလို ဟောထားပါလျက်သားနဲ့ မင်းက မမြင်ဘူးဆိုတော့ မင်း ဓမ္မကိုမလေးစားလို့ မင်းမမြင်တာဘဲ.... (မှန်ပါ့ဘုရား)။

ဘယ်လိုဆိုးဖြတ်ချက်ချမလဲ....(ဓမ္မကို မလေးစားလို့မမြင်တာပါဘုရား)။

ဓမ္မကို မလေးစားလို့ ဓမ္မကို မင်းအဓိပတိမထားလို့ မင်းမမြင်တာဘဲဆိုပြီး ဓမ္မဟာ မြင်ထိုက်တဲ့ တရားဖြစ်သောကြောင့် ဘုရားတောင်မှ ကောင်းစွာဟောထားတဲ့တရား၊ ကိုယ်တိုင်မြင်ရမယ်လို့ ဟောထားတဲ့တရား၊အခါမလင့် အကျိုးပေးရမယ်လို့ ဟောထားတဲ့တရားကို မင်းက မမြင်ဘူးဆိုလို့ရှိယင် မင်းတရားကို အလေးအမြတ် မပြုလို့ မင်းမမြင်တာဘဲ....(မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဤကဲ့သို့ စိတ်ထဲမှာ ဝိရိယ ပြင်းထန်ပြီး ကြိုးစားလိုက်မယ်ဆိုယင် ဖြစ်ပျက်ဓမ္မတွေ မြင်ပါလိမ့်မယ်....(မှန်ပါ့ဘုရား)။

တကာတကာမတို့ သဘောပါပလား....(ပါပါပြီဘုရား)။
ဒါဖြင့် ဖြစ်ပျက် ဓမ္မတွေ့ မမြင်ခြင်း၏ အကြောင်း ဘယ်နှစ်ကြောင်းပါလိမ့်....(သုံးကြောင်းပါဘုရား) သုံးကြောင်း ဆိုတာ သဘောကျပလား....(ကျပါပြီဘုရား)။
ဘယ်ကိုယ်-ကိုယ် အမိပတိမထားလို့လဲ....(ဖြစ်ပျက် ဓမ္မ မမြင်ပါ)လောကကြီး မရှက်မကြောက်သောကြောင့်လဲ....(ဖြစ်ပျက်ဓမ္မ မမြင်ပါ) တရားတော်၏ ဂုဏ်ကို မလေးစားသောကြောင့်လဲ....(မမြင်ပါဘုရား)။
ဒါဖြင့် တကာတကာမတို့ ဒီလို လုပ်ကြစို့ရဲ့နော်....ကိုယ်ကိုယ်ကို အမိပတိထားလို့လဲ တရားအားထုတ်ပါ.... (မှန်ပါ့ဘုရား)။
လောကကြီးကို ရှက်ကြောက်ပြီး သကာလလဲ....(တရားအားထုတ်ပါ)သဘောကျပလား....(ကျပါပြီဘုရား)။
တရားတော်ဂုဏ်ကို လေးစားပြီးသကာလလဲ....(တရားအားထုတ်ပါဘုရား)။
ဒီလိုအားထုတ်လို့ရှိယင် တကာဝ,ရေ-သေသေချာချာ ရ,ရ မယ်လို့....တိကန်ပါတဲ့ အင်္ဂါတို့ရှိမှာလာတယ်.... (မှန်ပါ့ဘုရား) ပေါ်ကျပလား....(ပေါ်ပါပြီဘုရား)။
ဒါဖြင့် တကာတကာမတွေ့ ဒီမှာ ဘယ်နှယ်ကြောင့် ဘုရားကလဲဟော၊ ဆရာဘုန်းကြီးကလဲဟော၊ ခန္ဓာကိုယ်ထဲမှာ အနိစ္စတွေ့ရှိတယ်လို့ ဟောထားတော့ အနိစ္စမမြင်ပါဘူးဆိုလို့ရှိယင် ဖြင့် ကိုယ်ကိုလဲ အမိပတိမထားလို့....(မှန်ပါ့ဘုရား) ရှင်းပြီနော်....(ရှင်းပါပြီဘုရား)လောကကြီးလဲ.... (အမိပတိမထားလို့) တရားဂုဏ်တော်တွေ့လဲ....(အမိပတိမထားလို့ပါဘုရား)။

မိုးကုတ်ဝိပဿနာ လုပ်ငန်းစဉ်တရား (၅)

အဓိပတိ မထားလို့ မမြင်တာဆိုတာ သေချာကြပလား.... (သေချာပါပြီဘုရား) ကိုင်း....ဒါဖြင့် အဓိပတိထားယင် ဘယ့်နှယ်တုန်း....(မြင်ရမှာပါဘုရား)။

ဒါဖြင့် တကာတကာမတွေ့ ဘုန်းကြီးက ဆုံးမတယ်၊ ဘုရားကိုယ်တော်မြတ်ကြီးကလဲ ပရိနိဗ္ဗာန်စံသွားတော့ ဓမ္မက္ခန္ဓာတွေကဆရာတွေ့ဖြစ်နေလို့ ဓမ္မက္ခန္ဓာတွေ့ကသူ့စာအုပ်ထဲမှသူနေပြန်တော့လဲ သူကလဲ လာပြီး မဆုံးမ,ဘူးနော်....(မှန်ပါ့ဘုရား)။

အဲဒီဓမ္မက္ခန္ဓာတွေ့ဘုန်းကြီးများက ကြည့်ပြီးသကာလ တခါဆုံးမရပြန်တော့ အနိစ္စမရှိလို့ အနိစ္စ မသိတာလား....၊ အနိစ္စရှိလျက်နဲ့ အနိစ္စမသိကြတာလား.... (အနိစ္စရှိလျက်နဲ့ အနိစ္စမသိတာပါဘုရား)။

အဲဒီသုံးချက်လိုနေတယ်၊ကိုယ် ကိုယ်ကိုအဓိပတိထား၍တရားအားမထုတ်သောကြောင့်ဂုဏ်း၊ လောကကြီးကို အဓိပတိ ထား၍....(တရားအားမထုတ်သောကြောင့်ဂုဏ်း) တရားဂုဏ်တော်ကို အဓိပတိထား၍....(တရားအားမထုတ်သောကြောင့်ဂုဏ်း) မမြင်ရတာဆိုတာ သေချာကြပလား....(သေချာပါပြီ ဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့တကာတကာမတွေ့ အဓိပတိ ဘယ်နှစ်ပါးထားပြီး ကြိုးစားရမယ်.... (သုံးပါးထားပြီး ကြိုးစားရပါမယ်ဘုရား)။

၁-နံပါတ်ပြန်ပြောလိုက်ပါမယ်၊ ငါသည် စားစရာ မရှိလို့ ဝတ်စရာမရှိလို့ နေစရာမရှိလို့, ဆေးဝါးမရှိလို့ တရားအားထုတ်သည်မဟုတ်၊ လောကကြီး အိုဘေး နာဘေး သေဘေး

လူတ်ရာဖြစ်တဲ့ နိဗ္ဗာန်ကိုသာ အရယူချင်လို့ တရားအားထုတ်တာ ဆိုပြီးသကာလ အဲဒီလို တခါတည်း စိတ်ထဲမှာ ပိုင်းပိုင်းခြားခြားနဲ့ ကိုယ်ကိုယ်ကို အဓိပတိထားပြီး ကြိုးစားလိုက်လို့ ရှိယင် ရ,ရမယ်....(မှန်ပါ့ဘုရား) ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

လောကကြီးထဲမှာလဲ မင်း ဒီတရားသာကြိုးစား၊ဒီ့ပြင်စိတ်ငတ္တ ဝင်လာယင် မင်းရှက်စရာကြီး,ကြောက်စရာကြီး မင်းကသာ သူများမသိဘူးထင်နေတယ်၊ မင်း ကိုယ်စောင့်နတ်တွေကစပြီး မင့်ကိုသိတယ်....(မှန်ပါ့ဘုရား) တောစောင့်နတ်, တောင်စောင့်နတ်တွေကကော....(သိပါတယ်ဘုရား)မင်း မကောင်းတဲ့စိတ်တွေဝင်နေတယ်ဆိုတာ သိတယ်....(မှန်ပါ့ဘုရား)။

အဲဒါတွေ ရှက်ကြောက်ပြီးသကာလ၊ ကဲ....ဒါတွေလဲ ရှက်စရာကြီး၊ ကြောက်စရာကြီးဆိုပြီး ဝိရိယပြင်းထန်ပြီး ကြိုးစားလိုက်ယင်လဲ ဖြစ်ပျက်မြင်ပါလိမ့်မယ်....(မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

တရားဂုဏ်တော်ကလဲ သွာက္ခာတော ဘဂဝတာဓမ္မော၊ ဘဂဝတာ=မြတ်စွာဘုရားသည်၊ ဓမ္မော=တရားကို သွာက္ခာတော=ကောင်းစွာဟောထားတာ၊ မင်းလက်ထဲကျမှ မကောင်းဖြစ်နေတာ....(မှန်ပါ့ဘုရား) မင်း တရားတော် မလေးစားတဲ့အတွက် သန္ဒိဋ္ဌိကော=ကိုယ်တိုင် မြင်ရမယ်လို့ကော မဟောဘူးလား....(ဟောပါတယ်ဘုရား) အကာလိကော=အခါမလင့်အကျိုးပေးရမယ်လို့ကော....(ဟောပါတယ်ဘုရား)။

အဲဒီလိုဟောထားတဲ့ဘုရားစကားတွေ၊ မင်းက ဖျက်နေတာလားလို့ မေးကြည့်စမ်း....(မှန်ပါ့ဘုရား)။

အဲဒီတော့ တရားတော်ကလဲ မှန်ပါပေတယ်၊ ဘုရားကိုလဲ ကြည်ညိုပါတယ်၊ တရားကိုလဲ လေးစားပါတယ်ဆိုပြီးသကာလ တရားအဓိပတိထားပြီး မြင်ရမည့်တရားမို့ မြင်အောင်လုပ်မဟာ ဆိုပြီး ဝိရိယစိုက်လိုက်....(မှန်လှပါဘုရား)။

ဘာဖြစ်လာမယ်ထင်သတုံး(ဖြစ်ပျက်မြင်လာပါမယ်ဘုရား) မြင်တဲ့ဉာဏ်ကလေး ပေါ်လာလိမ့်မနော်....(မှန်ပါ့) ဒါဖြင့် အဓိပတိ ဘယ်နှစ်ပါးထားပြီး ကြိုးစားရမလဲ.... (သုံးပါးထားပြီး ကြိုးစားရပါမယ်ဘုရား)။

အဲဒါ ဘုန်းကြီးတို့ တကာတကာမတွေ အပါယ်လေးပါး အိုဘေး,နာဘေး,သေဘေး,တွေကို တကယ်တမ်းရှုံ၊ တကယ် တမ်းမုန်း,တကယ်တမ်းကြောက်လို့ရှိယင် ဒီအဓိပတိသုံးပါးကို တကာတကာမတို့ တပါးပါးထားပြီးကြိုးစား၊ ဦးခင်မောင်.... သေသေချာချာရတယ်....(မှန်လှပါဘုရား)။

ကိုမြရွှေတို့ ဦးဇော်ရင်တို့ အဓိပတိ ဘယ်နှစ်ပါးပါလိမ့်- (သုံးပါးပါဘုရား) မိမိကိုယ်ကို အဓိပတိထား၍ တရားအားထုတ်ရခြင်း၊လောကကြီးကို အဓိပတိထား၍(တရားအားထုတ်ရခြင်း) တရားဂုဏ်တော်ကို အဓိပတိထား၍....(တရားအားထုတ်ရခြင်း) ဒီအားထုတ်ခြင်းသုံးမျိုး တခုခုနဲ့ အားထုတ်ယင်....(ရပါတယ် ဘုရား) မဂ်ဉာဏ် ဖိုလ်ဉာဏ် မရမရှိပါဘူးတဲ့ (မှန်ပါ့) သဘော ပါကြပလား....(ပါပါပြီဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ လိုတာဖြည့် ပေးနေတယ်လို့ မှတ်လိုက်စမ်းပါ....(မှန်ပါ့ဘုရား) သဘောကျ ပလား....(ကျပါပြီ)။

ဘာတရားပါလိမ့်အခုဟာ....(မဂ်ဉာဏ် ဖိုလ်ဉာဏ်ရတဲ့တရား ပါဘုရား)လို့တာဖြည့်တဲ့တရားဆိုတာ ကောင်းကောင်းသဘောကျပလား....(ကျပါပြီ)။

ကဲ....၁-နံပါတ်ကဘာတဲ့(မိမိကိုယ်ကိုအဓိပတိထားရပါမယ်) ၂-နံပါတ်က(လောကကြီးကိုအဓိပတိထားရပါမယ်) ၃-နံပါတ်က(တရားဂုဏ်တော်ကိုအဓိပတိထားရပါမယ်)နေရာကျပြီ ဦးခင်မောင်ရေ....နေရာကျပြီ၊ တခုခုက လို့နေလို့ရှိယင်လဲ တကာတကာမတို့ ဖြည့်ပေးကြပါ....(မှန်ပါ့)ဖြည့်ပေးကြစမ်းပါဆိုတာကို တိုက်တွန်းပါတယ်နော်....(မှန်ပါ့ဘုရား)။

ဘုရားကတော့ဖြင့် ဒီသုံးခု တခုခုအဓိပတိထားပြီး ကြိုးစားယင် မဂ်ဉာဏ် ဖိုလ်ဉာဏ် ရ-ရမယ်ကွ....တဲ့၊ သေသေချာချာဟောပါတယ်.... (မှန်ပါ့ဘုရား) ရှင်းပလား.... (ရှင်းပါပြီ) ကောင်းပြီ ဒါဖြင့် ဒီသုံးပါးနဲ့ ကြိုးစားကြပါစို့ ဆိုတဲ့ဥစ္စာ ဦးခင်မောင်ရေ....ဒီသုံးပါးကိုအဓိကထားပြီးသကာလ ကျွပ်တို့ ကြိုးစားကြစို့....(မှန်ပါ့ဘုရား)။

ကြိုးစားကြစို့ဆိုတော့ လွယ်ပါတယ် တကာတကာမတို့.... ကြိုးစားဘို့ရာ အချက်က ၁-နံပါတ်က ဝိပဿနာဉာဏ်၊ ၂-နံပါတ်က မဂ်ဉာဏ်၊ ၁-နံပါတ်အားထုတ်ယင် ၂-နံပါတ်အလိုလို ပြီးမယ်....(မှန်လှပါဘုရား)။

၁-နံပါတ် ဝိပဿနာဉာဏ်နဲ့အားထုတ်ယင် (၂-နံပါတ် အလိုလိုပြီးပါတယ်) ၂-နံပါတ် မဂ်ဉာဏ်ဟာ အလိုလိုပြီးမယ်....(မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီ)။

၁-နံပါတ်က ဘာပါလိမ့်.... (ဝိပဿနာ ဥာဏ်ပါဘုရား) ၂-နံပါတ်က(မဂ်ဥာဏ်ပါဘုရား)အဲ....ဒီနှစ်ဥာဏ်နဲ့ ကြိုးစားစမ်း ပါလို့ဆိုတာ သေသေချာချာ ဟောတယ်....နော်.... (မှန်ပါ့) ၁-နံပါတ် ဝိပဿနာဥာဏ်က တတာ တကာမတို့ မဂ္ဂင် ငါးပါး (မှန်ပါ့)ဘယ်နှစ်ပါးပါလိမ့်.... (ငါးပါးပါဘုရား) မဂ္ဂင်ငါးပါး၊ အဲဒါ ဖြစ်ပျက် မြင်တယ်ဆိုယင် ကိုယ့်ဝမ်းထဲမှာ ဒီမဂ္ဂင် ငါးပါးဟာ ကိုယ်ပိုင် ရပြီလို့ အောက်မေ့ပါ.... (မှန်လှပါ) ဖြစ်ပျက်သာ မြင်လို့ရှိယင်.... (မဂ္ဂင် ငါးပါး ကိုယ်ပိုင် ရပါပြီ ဘုရား)။

မဂ္ဂင်ငါးပါး ကိုယ့်အထဲ ပေါ်လို့ မြင်တာနော်.... (မှန်ပါ့ ဘုရား)နို့မို့ယင် မြင်ကိုမမြင်ဘူးဆိုတာသေချာပလား(သေချာ ပါပြီ)။

ဖြစ်ပျက်ဆုံးသွားတာကို ဆုံးသွားပြီလို့ ဆိုလို့ရှိယင် တကာ တကာမတို့ သောတာပတ္တိမဂ်ကို ရပြီလို့ အောက်မေ့ပါတော့ မဂ္ဂင် ရှစ်ပါးရပြီ.... (မှန်ပါ့) သောတာပတ္တိမဂ်ဆိုတာ မဂ္ဂင်ရှစ် ပါး....(မှန်ပါ့)ရိပ်မိကြပလား....(ရိပ်မိပါပြီ)။

ဒါဖြင့် ၁-နံပါတ်က ဖြစ်ပျက်ကိုမြင်တယ်၊ သဘောကျပြီ.... (ကျပါပြီ) ၁-နံပါတ် ဝိပဿနာဥာဏ်က (ဖြစ်ပျက်ကို မြင်ပါ တယ်ဘုရား)ကောင်းပြီ၊ ဒီဟာ ရင့်ကျက်လာတဲ့ အခါကျတော့ ကိုတဲ့ ၂-နံပါတ် မဂ်ဥာဏ် ပေါ်ပါလိမ့်မယ်.... (မှန်ပါ့ဘုရား) သူကတော့ ဖြစ်ပျက်မမြင်ဘဲနဲ့ ဖြစ်ပျက်ဆုံးတာကို မြင်တယ်.... (မှန်ပါ့ဘုရား)။

ဒါဖြင့် ၁-နံပါတ်က ဘာမြင်သတုန်း....(ဖြစ်ပျက်မြင်ပါတယ်ဘုရား)၁-နံပါတ် ရင့်ကျက်ပြီးသကာလ လာတဲ့အခါကျတော့ ၂-နံပါတ် မဂ်ဉာဏ် မပေါ်ပေဘူးလား (ပေါ်ပါတယ် ဘုရား) သူက ဘာမြင်ပါလိမ့်.... (ဖြစ်ပျက်ဆုံးတာ မြင်ပါတယ်ဘုရား) ဖြစ်ပျက် ဆုံးတာကိုမြင်တယ်၊ ဖြစ်ပျက် ဆုံးတာဆိုတာ တကာ တကာမတွေ့ သေသေချာချာမှတ် နိဗ္ဗာန်ဘဲလို့ (မှန်ပါဘုရား) ဖြစ်ပျက်ဆုံးတာသည် (နိဗ္ဗာန်ပါဘုရား)နိဗ္ဗာန်ဘဲလို့ သေသေချာချာမှတ်ပါ။ ဘုန်းကြီးတို့ တကာ တကာမတွေ့ ဩဿ.... ဒါဖြင့် နိဗ္ဗာန်က နှစ်ဉာဏ်နဲ့ ရောက်ပါကလား.... (မှန်ပါဘုရား)။

နိဗ္ဗာန်သည်....(နှစ်ဉာဏ်နဲ့ ရောက်ပါတယ် ဘုရား) ၁-နံပါတ်က မိမိခန္ဓာကြီးကိုကြည့်လိုက်တယ်၊ ဝေဒနာကြည့်လိုက်လဲ ဝေဒနာဖြစ်ပျက်မြင်တယ်၊ စိတ်ကြည့်လိုက်လဲ စိတ်ဖြစ်ပျက်မြင်တယ်၊ရုပ်ကြည့်လိုက်လဲ ရုပ်ဖြစ်ပျက်မြင်တယ်၊ မြင်ချင်တာမြင်ဒီ ၁-နံပါတ်ဉာဏ်ကတော့ဖြစ်ပျက်ချည်းမြင်တယ်.... (မှန်လှပါဘုရား)။

၁-နံပါတ်ဉာဏ်ကတော့ ဘာချည်းမြင်ပါသတုန်း (ဖြစ်ပျက်ချည်းမြင်ပါတယ်ဘုရား) ဖြစ်ပျက် မြင်လို့ ရှိယင်လဲ တကာ တကာမတွေ့က ခုနင်က အဓိပတိသုံးပါးနဲ့ညီလို့ မြင်တာလို့ မှတ်လိုက်....(မှန်ပါဘုရား) အဓိပတိသုံးပါးနဲ့ ညီလို့နော်.... (မှန်ပါဘုရား)။

ကဲ....ဒါဖြင့် ဖြစ်ပျက်မြင်လို့ ရှိယင် အဓိပတိသုံးပါး တပါးပါးနဲ့ မညီသေးဘူးလား၊ (ညီပါတယ်ဘုရား)ဒါဖြင့် ၁-နံပါတ်

ဥာဏ်သည် တကာ တကာမတို့ ဘာကိုမြင်ပါလိမ့်.... (ဖြစ်ပျက်မြင်ပါတယ်ဘုရား)။

ခန္ဓာကိုယ်ထဲမှာ ဖြစ်လိုက်ပျက်လိုက်၊ ဖြစ်လိုက်ပျက်လိုက်၊ စိတ်ကလေးပေါ်လိုက် ပျက်သွားလိုက်၊ စိတ်ကလေးပေါ်လိုက် ပျက်သွားလိုက်၊စိတ်ကလေးပေါ်လာလိုက်၊ပျက်သွားလိုက် အဲဒီ ဖြစ်ပျက် မြင်တာသည် ၁-နံပါတ်ဥာဏ်.... (မှန်လှပါဘုရား) ဒီဥာဏ် ရင့်လာတဲ့အခါကျတော့ ဖြစ်ပျက်တွေ မြင်ဖန်များလာတော့ တကာတကာမတို့ ဖြစ်ပျက်ကလေးဟာ ဆတ်ကနဲ ရှုရင်းမတ္တ ပျောက်သွားတယ်....(မှန်ပါဘုရား) ဒါဖြင့်ဖြစ်ပျက်ကလေး ဆုံးမသွားဘူးလား.... (ဆုံးသွားပါတယ်ဘုရား) ဆုံးသွားတဲ့ဥစ္စာကို ဟာဒီဆုံးသွားလို့ရှိယင် ဒီဥာဏ်လာလို့ ဒီဥာဏ်က အဆုံးကိုမြင်တာဘဲ....(မှန်ပါဘုရား) ဒါ သောတာပတ္တိမဂ်ဥာဏ် ခေါ်တယ်.... (မှန်ပါဘုရား) အပါယ် လေးပါး တံခါးပိတ်တဲ့ဥာဏ် (မှန်ပါ) သဘောကျပလား.... (ကျပါပြီ) အပါယ်လေးပါး တံခါးပိတ်တဲ့ဥာဏ်က ဘာမြင်ပါလိမ့်....(ဖြစ်ပျက်ဆုံးရာ နိဗ္ဗာန် မြင်ပါတယ်ဘုရား) ဖြစ်ပျက်အဆုံးကို မြင်တယ်....(မှန်ပါ)။

သေသေချာချာ မှတ်ပါ အပါယ်လေးပါး တံခါးပိတ်တဲ့ဥာဏ်က ဘာမြင်ပါလိမ့်....(ဖြစ်ပျက်ဆုံးရာ နိဗ္ဗာန်မြင်ပါတယ်) ဩော်....ဒါဖြင့် တကာ တကာမတို့ ဥာဏ်က ဘယ်နှစ်ဥာဏ် ရှိပါလိမ့်....(နှစ်ဥာဏ်ပါဘုရား)ဖြစ်ပျက် မြင်တာကတဥာဏ်(မှန်ပါ) ဦးခင်မောင်.... (မှန်လှပါဘုရား) ဖြစ်ပျက်တွေ ရှုယင်းမတ္တာနဲ့ ပျောက်ဆုံးသွားပြီး နှစ်မိနစ်-သုံးမိနစ်-ငါးမိနစ် ကျအောင်ဖြစ်

ပျက်တော့ဆုံသွားတာ မြင်တဲ့ဉာဏ်ဟာ ဘဉာဏ်တုံး-(မဂ်ဉာဏ်ပါဘုရား)ဒါဖြင့် ရှေ့မဂ်ဉာဏ်၊ ဒါက နောက်မဂ်ဉာဏ်....(မှန်ပါ့)သဘောကျပလား.... (ကျပါပြီဘုရား)။

ရှေ့မဂ်ဉာဏ်က ဖြစ်ပျက်ကို မြင်တယ်....(မှန်ပါ့) နောက်မဂ်ဉာဏ်က....(ဖြစ်ပျက်ဆုံးရာနိဗ္ဗာန်မြင်ပါတယ်)ဖြစ်ပျက်အဆုံးကို မြင်တယ်....(မှန်ပါ့ဘုရား)။

တကာတကာမတို့ အားမလျှော့နဲ့၊ ဘုန်းကြီးသည်ကား လို့ဆိုယင် အားလုံးသယ်ယူပို့ဆောင်ပြီးတင်ပို့နေတယ်၊ အပါယ်လေးပါးမှ လွတ်ဘို့ရာအရေး သံသရာစခမ်းသတ်ဘို့ရာ အရေးကို ဦးမြွှေတို့-ဦးဇင်္ဂါရင်တို့ ကယ်တင်နေတယ်နော်(မှန်လှပါ)။

အဲဒီတော့ ဒီနှစ်ဉာဏ်နဲ့သာလုပ်ပါ၊ ၁-နံပါတ်က ဘာမြင်တဲ့ ဉာဏ်ပါလိမ့်....(ဖြစ်ပျက်မြင်တဲ့ ဉာဏ်ပါဘုရား)။

သူ ရင့်ကျက် လာလို့ရှိယင် ၂-နံပါတ်ဉာဏ် ဖြစ်ပါလိမ့်မယ်တဲ့(မှန်ပါ့)သူက ဘာမြင်ပါလိမ့်.... (ဖြစ်ပျက်ဆုံးရာနိဗ္ဗာန်မြင်ပါတယ်)ဖြစ်ပျက်အဆုံးဟာ ဘာပါလိမ့် (နိဗ္ဗာန်ပါဘုရား)။

ဩော်....ဦးခင်မောင် နိဗ္ဗာန်ဝေးသလား....၊ နီးသလား.... (နီးပါတယ် ဘုရား)။

တကာဝ နီးတယ်နော်-(မှန်ပါ့) နီးလျက်သားနဲ့ ဘယ်နှယ်ကြောင့် ဝေးနေကြပါလိမ့်မတုံးလို့ ဘုန်းကြီးတို့ တကာတကာမတွေ့ မေးလို့ရှိယင်ဖြင့် ခုနင်က အဓိပတိသုံးပါး တပါးပါး လို့နေတယ်....(မှန်လှပါဘုရား)ရှင်းပလား....(ရှင်းပါပြီ ဘုရား)။

ဦးဘအုန်း ဘာလို့ပါလိမ့်ဗျာ.... (အဓိပတိသုံးပါး တပါးပါး လို့ပါတယ်ဘုရား)။

အဲ.... တပါးပါးနဲ့သာ ကြိုးစားလို့ရှိယင် သူက္ခာတော ဘဂဝတာဓမ္မော-သန္ဒိဋ္ဌိကော မြတ်စွာဘုရားက အနိစ္စရှိတယ်လို့ ဟောထားတယ်၊ ခန္ဓာကိုယ်ထဲမှာ....(မှန်ပါဘုရား)။

မင်းတို့ ခန္ဓာကိုယ်တခုလုံးဟာ အနိစ္စချည်းဘဲလို့ တကာဝ မဟောဘူးလား.... (ဟောပါတယ်ဘုရား) ဦးခင်မောင်မဟော ဘူးလား....(ဟောပါတယ်ဘုရား)။

ဒါ ဘယ်သူကဟောတာတုန်း....(ဘုရားကဟောတာပါ)။

အဲ....သူက္ခာတော ဘဂဝတာဓမ္မော၊ ဘဂဝတာ=မြတ်စွာဘုရားသခင်သည်၊ ဓမ္မော=တရားတော်ကို၊ သူက္ခာတော=ဖြစ်ပျက်ရှိတယ်လို့ ကောင်းစွာ ဟောထားတယ်-(မှန်ပါ) မဟော ဘူးလား....(ဟောပါတယ်ဘုရား)။

အဲဒီလိုဟောထားတာကို တကာတကာမတွေက တရားတော် မယုံတဲ့အတွက် မမြင်တာဘဲ....(မှန်ပါဘုရား)။

ဩော်....ကောင်းစွာ ဟောထားတဲ့တရား ငါ အကြည့်ညံ့လို့သာ မမြင်တာဖြစ်ရမယ်ဆိုပြီး သကာလ သန္ဒိဋ္ဌိကော-ကိုယ်တိုင်မြင်အောင်ကြည့်မယ်ဆိုပြီး ဝိရိယသာစိုက်ကြည့်လိုက်လို့ရှိယင် ၁-နံပါတ်မက် ရရမယ်....(မှန်ပါ) မရပေဘူးလား.... (ရပါတယ်ဘုရား)။

ဘယ်မက်ရကြမယ်.... (၁-နံပါတ်မက်ရပါမယ်) ၁-နံပါတ်မက် ရရမယ်....(မှန်ပါဘုရား)။

ဒါဖြင့် တကာတကာမတို့ ဘာမှမပူနဲ့တဲ့၊ ဖြစ်ပျက်ဆိုတဲ့ဥစ္စာ အနိစ္စရှိတာ ကြည့်ရတာလား-မရှိတာကြည့်ရတာလား....(ရှိတာ ကြည့်ရတာပါဘုရား)။

ရှိတာကြည့်ရင် ရှိတာတော့ဖြင့် သိမှာပေါ့....(မှန်ပါ့)။ ဒါဖြင့်ရှိတာက အနိစ္စ၊သိတာက ဝိပဿနာမဂ်....(မှန်ပါ့) ရှိတာက(အနိစ္စပါ)သိတာက....(ဝိပဿနာမဂ်ပါ)။

အဲဒါရင့်အောင်လုပ်လိုက် တကာတကာမတွေ့-ဒါရင့်အောင် လုပ်လိုက်၊ဒုါရင့်အောင်လုပ်လိုက်ပါတဲ့။

ဒါ ရင့်အောင်လုပ်ဆိုတော့ဘယ်လိုလုပ်ရမှာတုန်းဘုရှ့ပြောစမ်းပါဦး....အို-ဘုန်းကြီးတို့ တကာတကာမတို့ ဒါ ရင့်အောင်လုပ်ဆိုတဲ့ဥစ္စာ ဒါကိုဖြစ်ပျက်-ဖြစ်ပျက်နဲ့ဖြစ်ပျက်နဲ့ ဒီမဂ်နဲ့သာမြင်နေအောင် ကိုက်နေအောင်လုပ်လို့ရှိယင် သူ့ဟာသူရင့်လာတာဘဲ....(မှန်လှပါဘုရား)။

မြင်ပါမျှားတော့ ဘာဖြစ်လာသလဲ.... (သူ့ဟာသူရင့်လာပါတယ်ဘုရား)။

သူ့ဟာသူရင့်လာတဲ့ အခါကျလို့ရှိယင်ဖြင့် ရင့်လာတဲ့အခါကျတော့ ဖြစ်ပျက်မြင်ပြီး ဖြစ်ပျက်မုန်းသွားလိမ့်မယ်....(မှန်ပါ့) မုန်းသည်နဲ့တပြိုင်နက်တည်း ဒီဟာကဆုံးသွားမယ်- (မှန်ပါ့)။

အဲဒီ့အဆုံး ဒီကလဲဆုံးပါရော ဒီမဂ်ပေါ်လာတယ်-(မှန်ပါ့) သောတာပတ္တိမဂ်ပေါ်လာတယ်။

တကာတကာမတို့ ဘာပေါ်လာပါလိမ့်.... (သောတာပတ္တိမဂ်ပေါ်လာပါတယ်ဘုရား)။

အင်း....သူပေါ်လာတော့ ဘာမြင်ပါလိမ့်.... (နိဗ္ဗာန်မြင်ပါတယ်)ဖြစ်ပျက်အဆုံးကိုမြင်တယ်....(မှန်ပါ့) သဘောကျပလား-(ကျပါပြီဘုရား)။

ဘာမြင်ပါလိမ့်.... (ဖြစ်ပျက်အဆုံးမြင်ပါတယ်) ဒါဖြင့် ဖြစ်ပျက်မြင်တာ ဝိပဿနာမက်....(မှန်ပါ့)ဖြစ်ပျက်အဆုံးမြင်တာက သောတာပတ္တိမက်....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဖြစ်ပျက်မြင်တာက.... (ဝိပဿနာမက်ပါ) ဖြစ်ပျက်အဆုံးမြင်တာက.... (သောတာပတ္တိမက်ပါ) ဒါဖြင့်ဗျာ ဒီနှစ်ညာဏ်တည်းနဲ့ ဦးခင်မောင် ကြိုးစားလိုက်မယ် ဆိုလို့ရှိယင် မရပေဘူးလား.... (ရပါတယ်ဘုရား)။

အကယ်၍မရခဲ့သော် ဘုန်းကြီးတို့ တကာတကာမတွေ့မှာ ခုနင်က အဓိပတိသုံးပါးရှိတယ်....(မှန်ပါ့)တပါးပါး ချို့နေလို့-(မှန်ပါ့) တပါးပါးအောင်ယင် မြင်ရမယ်....(မှန်ပါ့ဘုရား)။

သုံးပါးစလုံးတောင် မဟုတ်ပါဘူး၊ တပါးပါးအောင်ယင်.... (မြင်ပါတယ်ဘုရား)။

ဩော်....ဒါဖြင့် တကာတကာမတို့ မြတ်စွာဘုရားကောင်းစွာဟောထားတာ ကျုပ်တို့မမြင်တာသည် ကျုပ်တို့ တရားမလေးစားလို့မမြင်တာ....(မှန်လှပါဘုရား)။

ဦးခင်မောင် ဘယ်လိုဆုံးဖြတ်ချက်ချမလဲ.... (တရားမလေးစားလို့ မမြင်တာပါဘုရား)။

တကာတကာမတွေ့ ယနေ့ဟောတဲ့တရားသည်တဲ့ ပါဠိတော်လှတ်ပြီးသကာလ-ဘုရားဟောတာ လှတ်ပြီးသကာလ ဟောတာမဟုတ်ပါဘူးနော်-(မှန်ပါ့ဘုရား) ဒီနှစ်ညာဏ်နဲ့ ဟောထားတာက ပါဠိတော်က သုသိမပရိဗ္ဗိုဇ်မှာ ဦးခင်မောင် သေသေချာချာရှိတယ်....(မှန်ပါ့)။

ကိုင်း-ဒါဖြင့် သူသိမပရဗိုဇ်ကိုဘဲ ရှင်းကြပါစို့ ဦးခင်မောင်နော်....(မှန်ပါ့) တကာတကာမတို့ သူသိမပရိဗိုဇ်ကို မမေ့ပါနဲ့နော်....(မှန်ပါ့ဘုရား)။

သူသိမပရိဗိုဇ်က တောထဲကကြွလာတဲ့ ဝါတွင်းသုံးလပတ်လုံး အားထုတ်ပြီး ရဟန္တာတွေဖြစ်ပြီးလာတဲ့ ပုဂ္ဂိုလ်တွေ-အရှင်ဘုရားတို့ အရဟတ္တမဂ် အရဟတ္တဖိုလ် ရတယ်မဟုတ်လား....တဲ့ အေး-ရတယ်ကွာ....။

ရလို့ရှိယင်ကောင်းကင်ပြန်ပြီး မြေလျှိုးနိုင်ရဲ့လား-သူတပါး၏စိတ်ကို သိပါရဲ့လား-တဲ့၊ ဦးခင်မောင် သူဘာတွေမေးနေတာတုန်း....(သမထစျာန်လမ်းမေးနေတာပါ) လိုရင်းဟုတ်ကဲ့လား (မဟုတ်ပါဘုရား)။

အရှင်ဘုရားတို့ နိဗ္ဗာန်မြင်ရဲ့လား မေးလိုက်ယင်လဲ ဟိုကိုယ်တော်တွေက ဘယ်နှယ်ဖြေလိုက်တယ်ဆိုတာကလေး ယနေ့တော့ဖြင့် တကာတကာမတို့ ကောင်းကောင်းရှင်းပါလိမ့်မယ်....(မှန်ပါ့ဘုရား)။

ဒို့ဟာ ဒီနှစ်ဥာဏ်နဲ့ နိဗ္ဗာန်ရလာတယ်(မှန်ပါ့)ပေါ်ပြီ....(ပေါ်ပါပြီ) မပေါ်သေးဘူးလား.... (ပေါ်ပါပြီဘုရား) ဘယ်

နှစ်ဥာဏ်နဲ့ နိဗ္ဗာန်ရသလဲ(ဒီနှစ်ဥာဏ်နဲ့ နိဗ္ဗာန်ရပါတယ်) ဒီနှစ်ဥာဏ်နဲ့နိဗ္ဗာန်ရလာတယ်ဆိုတော့ဒီနှစ်ဥာဏ်မှာလဲပညာပြဋ္ဌာန်းတာဘဲ၊ ဒီဘက်ဥာဏ်မှာကော....(ပညာပြဋ္ဌာန်းပါတယ်ဘုရား)။

အဲဒါကြောင့် သူတို့က ဖြေလိုက်တယ်၊ ပညာ ဝိမုတ္တာ မယံ သုသိမ....တဲ့၊ သုသိမ=သုသိမ ပရိဗိုဇ်၊ မယံ=ငါတို့သည်၊ ပညာဝိမုတ္တာ=ပညာနဲ့ နိဗ္ဗာန်ကို မြင်လာကြ၏၊ (ဝါ)ကိလေသာမှလွတ်လာ၏ဆိုတော့ တကာတကာ့မတို့ ပညာနဲ့လွတ်လာတာ-(မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီ) ဝိပဿနာပညာ, မဂ်ပညာရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဘာနဲ့ လွတ်လာတာလဲ....(ဝိပဿနာပညာ,မဂ်ပညာနဲ့လွတ်လာတာပါ)ဝိပဿနာပညာ မဂ်ပညာနဲ့ ကျူပ်တို့သည် နိဗ္ဗာန်ကို ရောက်ခဲ့ပါတယ်(ဝါ)ကိလေသာ ချုပ်ငြိမ်းခဲ့ပါတယ် ဆိုတော့ သူ့ဟာအဖြေ မတည့်ဘူးလား.... (တည့်ပါတယ်ဘုရား)။

သို့သော် ဘာမှအခံမပါတဲ့ပုဂ္ဂိုလ် သုသိမပရိဗိုဇ်က တရားအခိုးလာတဲ့လူ၊ သူက အိတ်ဆောင် ဆိုတာလဲ နဂိုရိုက ဘာမှရှင်းရှင်းလင်းလင်း ပါခဲ့သူမဟုတ်တော့ ကျေကျေနပ်နပ်ဘဲ ဖြစ်သွားသလား.... မကျေမနပ် ဖြစ်နေသလား ဦးခင်မောင်ရ....(မကျေမနပ် ဖြစ်နေပါတယ်ဘုရား)။

သုသိမက ကျေနပ်ရဲ့လား တကာ့တကာမတို့....(မကျေနပ်ပါဘုရား) မကျေနပ်ဘူးတဲ့.... (မှန်ပါ့) အဲဒီတော့ အရှင်ဘုရားတို့....အရှင်ဘုရားတို့က ဝိပဿနာပညာ မဂ်ပညာနဲ့ ကိလေသာမှလွတ်လာတယ်၊ ကိလေသာလွတ်ငြိမ်းတဲ့နိဗ္ဗာန်ရောက်ခဲ့ပါတယ်၊ ကိလေသာမှ လွတ်ပါတယ်လို့ပြောတော့ အင်မတန်

ကျဉ်းလွန်းလှပါတယ်ဘုရား အဖြေဟာ၊ အကျယ်တဝင့်ကလေး ဖြေစမ်းပါဦး....။

ကိုမြရွှေ....ဘယ် နှယ်တောင်းပန်သတုန်း.... (အကျယ်တဝင့် ကလေး ဖြေစမ်းပါဦး)အကျယ်တဝင့် တပည့်တော်ဘို့ ဖြေစမ်း ပါဦးဆိုတော့ ကိုယ်တော်တွေက ဖြေရှာပါတယ် ဦးခင်မောင် ရ.... (မှန်လှပါဘုရား ။

သုသိမ....တဲ့ သုသိမ မယံ နိဗ္ဗာနကာ သုက္ခ ဝိပဿကာ၊ နိဗ္ဗာနကာ=ဒို့ စျာန်လမ်းမပါဘူးက္ခ၊ သုက္ခဝိပဿကာ=စျာန် ကို ချောက်ပြီးတော့ နေပါတယ်၊ စျာန် ချောက်တယ်ဆိုတာ စျာန်မပါဘူးဆိုတာ.... (မှန်ပါ့ဘုရား) ဝိပဿနာ မတွေ့နေဝ ဝိမုတ္တာ=ဝိပဿနာဉာဏ်နဲ့ ဒို့ကိလေသာမှလွတ်ပြီး နိဗ္ဗာန်မြင် တာပါက္ခ-ဆိုတော့ ဦးခင်မောင်.... မရှင်းသေးဘူးလား....(ရှင်း ပါတယ်ဘုရား)။

ဗျာန်ပါသတဲ့လား.... (မပါ-ပါဘုရား) စျာန်မပါတဲ့လမ်းနဲ့ ဒို့က ဝိပဿနာဉာဏ်နဲ့ ဘဲနိဗ္ဗာန်မြင်သွားတာပါက္ခာလို့ အကျယ် ဖြေလိုက်တယ်.... (မှန်ပါ့ဘုရား) ဦးဝ ....ကျေနပ်ပလား.... (ကျေ နပ်ပါပြီဘုရား)။

ဘယ်လိုပင် ဖြေငြားသော်လဲ တကာ တကာမတွေ့က စဉ်း စား....၊ ဘာမှအခံမပါတဲ့ ပုဂ္ဂိုလ်ဟာ အဖြေမှန်ကို မသိဘူး.... (မှန်ပါ့ဘုရား) တကာသစ်....ဘာတဲ့တုန်း.... (ဘာမှအခံမပါတဲ့ ပုဂ္ဂိုလိဟာ အဖြေမှန် မသိပါဘုရား) ဦးဇံရင်တို့....ကိုမြရွှေတို့.... ဘာမှ အခြေခံ မပါတော့ အဖြေမှန် သိပါရဲ့လား....(မသိပါ ဘုရား)။

ကိုင်း....ဒါဖြင့် ဘုန်းကြီးတို့ တကာ တကာမတွေ့ကတော့ သြော်....ဒီနှစ်ဥာဏ်နဲ့ ရတယ်ဆိုတာ ကျေနပ်ပလား....(ကျေနပ်ပါပြီ) အဲ....သုသိမထက် အများကြီးသာပြီ....(မှန်ပါ့)။

ရှေ့ပိုင်းက ဖြစ်ပျက်မြင်တာက ဘာဥာဏ်.... (ဝိပဿနာဥာဏ်ပါဘုရား) ဖြစ်ပျက် အဆုံးမြင်တာက....(မဂ်ဥာဏ်ပါ) မဂ်ဥာဏ်ဆိုတော့ ဒီနှစ်ဥာဏ်နဲ့ သူတို့ရဟန္တာ ဖြစ်လာခဲ့ကြတာ....(မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီ)။

ဒီနှစ်ဥာဏ်နဲ့ ဘာဖြစ်လာသတုံး....(ရဟန္တာဖြစ်လာပါတယ်) ရဟန္တာဖြစ်လာတယ်ဆိုတော့ သြော်....ရဟန္တာကြီးတွေက ဖြတာလား....သူများက ဖြတာလား....(ရဟန္တာကြီးတွေက ဖြတာပါဘုရား)ရဟန္တာကြီးတွေက ဖြတာဖြစ်နေတော့ ကိုမြရွှေတို့....ဦးဇင်္ဂရင်တို့ ကျုပ်တို့က သံသယရှိဘို့ လိုသေးသလား....(မလိုပါဘုရား) မလိုတော့ပါဘူး။

အဲဒီတော့ ဘုန်းကြီးတို့ တကာ တကာမတွေလဲ ရှေ့ပိုင်းက ဝိပဿနာဥာဏ်နဲ့ ဖြစ်ပျက် မြင်အောင် လုပ်ပါ....(မှန်ပါ့)ဖြစ်ပျက်မြင်တဲ့ ဝိပဿနာဥာဏ် ရင့်လာလို့ ရှိယင်ဖြင့် ဖြစ်ပျက်တွေ့ဆုံးသွားတဲ့နိဗ္ဗာန်ကိုလဲ နောက်ဥာဏ်က မြင်ပါလိမ့်မယ်- (မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီ)။

ဒါဖြင့် တကာ တကာမတွေ့ ဥာဏ်စဉ် သိပ်များပါကလား လို့မေးယင် ဘယ်နှယ်ပြောကြမလဲ (မများပါဘုရား)ရှည်ဥာဏ်၊ သိဥာဏ် ဒါဘဲရှိတယ်....(မှန်ပါ့)။

ဒီပြင်ဥာဏ်တွေဟာ ဝိပဿနာဥာဏ်ထဲ အကုန်ဝင်တာဘဲ (မှန်ပါ့ဘုရား)အဖြစ်မြင်တယ်၊ အပျက်မြင်တယ်၊ အပျက်မုန်း

တယ်၊ အပျက်ဆုံးတယ်၊ အပျက်ငြိုးငွေ့တယ်၊ အပျက်လျစ်လျူ
ရှုတယ်ဆိုတာ ဒီဉာဏ်ထဲ အကုန်ဝင်တာဘဲ....(မှန်လှပါဘုရား)
သဘောကျပလား.... (ကျပါပြီ)။

ဒီဉာဏ်ထဲ အကုန်ဝင်တာဘဲလို့ ဆုံးဖြတ်ချက်ချ....(မှန်လှပါ
ဘုရား)အင်း....ဉာဏ်စဉ် ၁၆-ပါးတို့ ဘာတို့ဆိုတာ ရှည်နေတာ
အခု သေသေချာချာ ရဟန္တာကြီးတွေက ဟောတာကတော့
နှစ်ဉာဏ်နဲ့ တက်ခဲ့တယ်ပြောတာ (မှန်ပါဘုရား)ရှင်းကြပလား
(ရှင်းပါပြီ)။

အခု ရဟန္တာကြီးတွေက ဘယ်နှစ်ဉာဏ်နဲ့တဲ့လဲ....(နှစ်ဉာဏ်
နဲ့ပါဘုရား)နှစ်ဉာဏ်နဲ့တက်ပြီး နိဗ္ဗာန်မြင်ပါတယ်လို့ သေသေ
ချာချာဖြေပါတယ်....(မှန်ပါ) ကျေနပ်ကြပလား.... (ကျေနပ်
ပါပြီဘုရား)။

အဲဒီတော့ ခင်ဗျားတို့လဲ ဘယ်ဉာဏ် ဘယ်ဉာဏ်လုပ်မနေနဲ့
ဖြစ်ပျက်မြင်ယင် ဝိပဿနာဉာဏ်ဘဲ....(မှန်ပါ) ရှုရင်းမတ္တာနဲ့ဖြစ်
ပျက်တွေ့ဆုံးသွားလို့ အဆုံးကို မြင်လို့ရှိယင် ဘာဆိုကြမယ်....
(မဂ်ဉာဏ်ပါဘုရား) မဂ်ဉာဏ်ဘဲ၊ တော်ပြီ ဒီလောက်ဆိုလို့ရှိ
ယင် ခင်ဗျားတို့ကြိုးသာကြိုးစားကြပါ....(မှန်ပါ)။

အဲဒီမဂ်ဉာဏ် ရသွားလို့ရှိယင်ခင်ဗျားတို့ ဘာမှမပူနဲ့တော့
ဘာမှမပူနဲ့ အပါယ် လေးပါးဆိုတာ ကိုယ့်ဟာကိုယ် သိပြီ၊
ငါအပါယ်လေးပါး မရောက်ဘူး၊ ငရဲ-တိရစ္ဆာန်-ပြိတ္တာ-အသု
ရကာယ်ဘုံ ငါမရောက်တော့ဘူး....(မှန်ပါ) အန္ဓ-အဋ္ဌ-အဝဲ
မဖြစ်တော့ဘူး၊ မိစ္ဆာဒိဋ္ဌိမျိုး မဖြစ်တော့ဘူး....(မှန်ပါ) မိစ္ဆာ
ဒိဋ္ဌိနတ်မျိုး၊ မိစ္ဆာဒိဋ္ဌိဗြဟ္မာမျိုးလဲ မဖြစ်တော့ဘူး.... (မှန်ပါ
ဘုရား)။

အထက်မင်္ဂတ္ဆကို သူ့ဟာသူ တခါတည်းတက်ပြီးသကာလ နိဗ္ဗာန်သာ သွားတော့မှာဘဲဆိုတာ မှတ်လိုက်တော့....(မှန်လှပါဘုရား) ဒါပူစရာရှိသေးရဲ့လား....(မရှိပါဘုရား)။

ဒါဖြင့် ဘုန်းကြီးကလဲ နည်းကောင်းပြတယ်၊ ပါဠိတော်လဲ သေသေချာချာပြပြန်တော့ ဘာမှဘုန်းကြီးအပေါ်လဲ သံသယမရှိနဲ့၊ ဘုရားအပေါ်လဲ သံသယမရှိနဲ့ ဟို....ရဟန္တာကြီးတွေကလဲ ဒီအတိုင်းပြောတာဘဲ၊ နောက်ဘုရားကလဲ တာဝန်ခံတာလာပါလိမ့်ဦးမယ်နော်....(မှန်ပါဘုရား)။

အဲဒီတော့ ခင်ဗျားတို့က ဘုရားဟောတဲ့အတိုင်း- ဘုန်းကြီးပြောတဲ့အတိုင်း ၁-နံပါတ် ဝိပဿနာဉာဏ်နဲ့ ဖြစ်ပျက်မြင်ဘို့အရေးဟာ ခင်ဗျားတို့အရေး....(မှန်ပါ)ရင့်လာဘို့အရေးဟာလဲ ခင်ဗျားတို့ပဲဘဲများမှ များလို့ရှိယင် ဘာဖြစ်မတုန်း....(ရင့်လာပါတယ်ဘုရား) ရင့်လာယင် ဒီဉာဏ်ပျောက်ပြီး နောက်ဉာဏ်ပေါ်မယ်....(မှန်ပါ)။

နောက်ဉာဏ်က ဘာကိုမြင်မယ်ထင်သတုန်း....(ဖြစ်ပျက် အဆုံးမြင်ပါတယ်)ဖြစ်ပျက်အဆုံးဆိုတော့ ခန္ဓာပါ ပျောက်သွားလိမ့်မယ်....(မှန်ပါဘုရား) ခန္ဓာတကိုယ်လုံးဟာ ဖြစ်ပျက်ကိုး....(မှန်ပါဘုရား)။

အဲဒီ ခန္ဓာကြီးပါ ပျောက်သွားပြီးသကာလ နိဗ္ဗာန်မြင်ပါလိမ့်မယ်(မှန်လှပါဘုရား)ကိုင်း-တကာတကာမတို့ယနေ့ညတရားဖြင့်မြင်ပုံနှစ်ခု ထူးခြားပလား.... (ထူးခြားပါပြီဘုရား)။

ဝိပဿနာဉာဏ်က ဘာမြင်မတုန်း.... (ဖြစ်ပျက်မြင်ပါမယ်ဘုရား) မဂ်ဉာဏ်ကဘာမြင်မလဲ-(နိဗ္ဗာန်မြင်ပါမယ်) ဖြစ်ပျက်

တွေ့မြင်ဘဲနဲ့ ဖြစ်ပျက် မရှိတာကိုမြင်တယ်-(မှန်ပါ့)သဘော ပါပလား....(ပါပါပြီ)။

အို....တယ်အဘိုးတန်ပါ ကလား၊ ဒို့....နိဗ္ဗာန်ဟာ အဝေး ကြီးလားမှတ်နေတယ်၊ နှစ်ဉာဏ်နဲ့ဆက်လိုက်လဲ ကိစ္စပြီးတာဘဲ ဆိုတာကော ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဒါနဲ့ သုသိမ-က အရှင်ဘုရားတို့-အရှင်ဘုရားတို့က ပညာနဲ့ ကိလေသာမှ လွတ်လာတယ်ဆိုလို့တော့ အရှင်ဘုရားတို့က စျာန်လဲမပါဘူး၊ စျာန်ချောက်ပြီးသကာလ ဝိပဿနာဉာဏ်ကနေပြီး မဂ်ဉာဏ်တက်ပြီး နိဗ္ဗာန်မြင်တာပါဘဲလို့ အရှင်ဘုရားတို့ ပြောတာ ကျဉ်းလွန်းပါတယ်ဆိုတော့ ဒီလောက်အကျယ်ပြောတာ တောင် ကျဉ်းနေသေးတော့ သုသိမ....တဲ့ မင်းနားလည်ချင်လဲ လည်တော့၊ မလည်ချင်လဲ နေတော့၊ ဒို့ဖြင့် စျာန်မပါဘဲနဲ့ နှစ်ဉာဏ်နဲ့ နိဗ္ဗာန်ရောက်ခဲ့တယ်....တဲ့.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ)။

စျာန်မပါဘဲနဲ့(နိဗ္ဗာန်ရောက်ခဲ့ပါတယ်) နှစ်ဉာဏ်နဲ့နိဗ္ဗာန် ရောက်ခဲ့တယ်၊ စျာန်မပါဘဲနဲ့ (နှစ်ဉာဏ်နဲ့ နိဗ္ဗာန်ရောက်ခဲ့ ပါတယ်ဘုရား)။

ကဲ့ယင်တောတွေကဲ့က မင်းနားလည်ချင်လဲ လည်တော့၊-မလည် ချင်လဲနေတော့လို့ ဦးခင်မောင်....ဒီစကား ထွက်လာတယ်.... (မှန်ပါ့)။

ဘယ်နယ်ကြောင့် ရဟန္တာကြီးတွေ ဖြစ်ပါလျက်သားနဲ့ ဒီစကား ထွက်ရပါလိမ့်မတုန်း....လို့ဆိုတော့ သူတို့ကသိတယ်၊

သြော်....သူသိမ ဒို့ဘယ်လိုပင် ဖြေငြားသော်လဲ သူနားလည်နိုင်တဲ့ ဥာဏ်စွမ်းမရှိဘူးလို့သိတယ်....(မှန်ပါ့ဘုရား)။

ဒါ့ကြောင့် မင်းနားလည်ချင်လဲ လည်တော့၊ မလည်ချင်လဲနေတော့၊ ဒို့တော့ဖြင့် နှစ်ဉာဏ်နဲ့ နိဗ္ဗာန်ရောက်ခဲ့တာဘဲ....(မှန်ပါ့ဘုရား)။

တကာတကာမတွေ့ ဘယ်လို မှတ်ကြမယ်.... (နှစ်ဉာဏ်နဲ့ နိဗ္ဗာန်ရောက်ပါတယ်ဘုရား)နှစ်ဉာဏ်နဲ့ နိဗ္ဗာန်ရောက်ခဲ့ကြတယ်ဆိုတာ သေသေချာချာဖြေပါတယ်....(မှန်ပါ့ဘုရား)။

ဒါနဲ့ တကာတကာမတို့ သူသိမ ပရိဗိုဇ်က ကျေနပ်ရဲ့လား....(မကျေနပ်ပါဘုရား) မကျေနပ်တော့ ဘုရားဆီ သွားတယ်....(မှန်ပါ့ဘုရား)။

မကျေနပ်တော့ ဘယ်သွားပါလိမ့်.... (ဘုရားဆီသွားပါတယ်ဘုရား)။

မကျေနပ်တော့ ဘုရားဆီသွားတယ်၊ ဘုရားဆီသွားပြီးအရှင်ဘုရား....တဲ့ တပည့်တော်ဟာ အရှင်ဘုရားဆီက "ခိဏာဇာတိ ဝုသိတံ ဗြဟ္မစရိယံ ကတံကရဏီယံ နာပရံဣတ္ထတ္တာယာတိ ပဇာနာတိ"လို့ သူတို့က ပြောကြပါတယ်၊ ဒါဟာ အရဟာတ္တဖိုလ်ရတဲ့ပုဂ္ဂိုလ်တွေလို့ ပြောပါတယ်။

အရဟာတ္တဖိုလ်ဉာဏ်နဲ့ နိဗ္ဗာန်ကိုမြင်တဲ့ ပုဂ္ဂိုလ်တွေ့ ပဋိသန္ဓေနေဘို့ မရှိတော့ဘူးလို့ ပြောလို့ တပည့်တော်က သွားမေးတယ် အရှင်ဘုရားတို့ ဒီအရဟာတ္တမဂ် အရဟာတ္တဖိုလ်ဉာဏ် ရတယ်ဆိုလို့ ရှိယင် အရှင်ဘုရားတို့ ကောင်းကင်ပျံနိုင်ရဲ့လား-မြေလျှိုးနိုင်ရဲ့

လား၊ သူတပါးစိတ်ကို သိရဲ့လားဆိုတာတွေ့ တပည့်တော်က သဘားမေးတယ်။

မေးတော့ သူတို့ကဒါတွေ့မဖြေဘဲနဲ့ ပညာနှစ်ဘက်နဲ့ကိုလေသာမှု လွှတ်တဲ့နိဗ္ဗာန် ရောက်ခဲ့တယ်လို့ဖြေတော့ တပည့်တော် နားမလည်ဘူး။

ဦးခင်မောင် နားလည်တယ်ပြောသလား....(နားမလည်ဘူးပြောပါတယ်)အဖြေကတော့ ကုန်နေပြီနော်....(မှန်ပါ့ဘုရား)။

အားလုံး နောက်ကတကာတကာမတွေ့ အဖြေကဘယ်နှယ်ဖြစ်နေသလဲ....(ကုန်နေပါတယ်ဘုရား)။

အဖြေကကုန်နေပြီ၊ အဖြေကဒီ့ပြင်လဲ ပြောစရာရှိသေးရဲ့လား....(မရှိပါဘုရား) အဲဒါကို သူက ဘယ်နှယ်ဖြစ်နေသလဲ (နားမလည်ပါဘုရား)။

နားမလည်တော့ ဘုရားဆိုတော့ တကာသစ်တို့မောင်မြတို့သာ ရိပ်မိတာပေါ့၊ဩော်....ဒီကောင်ခက်သေးတယ်၊သမထလမ်းဝိပဿနာလမ်းမှ သူကမရှင်းဘဲကိုး....(မှန်ပါ့ဘုရား)။

ဒါကြောင့်ဘုရား....တဲ့၊ သုသိမက ဘုရားကတော့ သူမရှင်းဘူးဆိုတာ သိပြီးပြီနော်(မှန်ပါ့ဘုရား)သိပြီးတဲ့ အခါကျတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သုသိမ....မင်းက နားမလည်ဘူး၊ နားမလည်တော့ ငါရှင်းပေးပါ ဦးမယ်ဆိုတဲ့ အဓိပ္ပါယ်မင်းလာလျှောက်တာဘဲ။

ဟုတ်ပါတယ်ဘုရား.... တပည့်တော်ကို ရှင်းပေးစမ်းပါဦးတဲ့.... (မှန်ပါ့ဘုရား) သူကတော့ ခိုးဘို့နော်၊ခိုးဘို့လာတာ....

မှတ်ပြီးယူသွားမှာဘဲ၊တကယ်ကျင့်မည်လူကော ဟုတ်ကဲ့လား....(မဟုတ်ပါဘုရား)။

ကျင့်မည်လူမဟုတ်ဘူး။ သူ....တရားသူခိုးအဖြစ်နဲ့ဝင်လာတဲ့ပုဂ္ဂိုလ်ဖြစ်ပါတယ်....(မှန်လှပါဘုရား)။

ဒါနဲ့ဘဲ သုသိမ-တဲ့ ငါဟောမယ်....မင်းနားထောင်ဆိုပြီးတော့ ဟို....ကိုယ်တော်တွေအတိုင်းဘဲ၊ပုဗ္ဗေခါ သုသိမ ဓမ္မဥိတိဉာဏံ ဟောတိ၊ပုဗ္ဗေ=ရှေးကာလ၌၊ဓမ္မဥိတိဉာဏံ=ဝိပဿနာဉာဏ်သည်၊ ဟောတိ=ဖြစ်၏။ရှေ့ကဝိပဿနာ ဉာဏ်ဖြစ်တယ်-(မှန်ပါ့ဘုရား) ပစ္ဆာနိဗ္ဗာနေဉာဏံ=နောက်ဉာဏ်က နိဗ္ဗာန်မြင်တဲ့ဉာဏ်ဘဲ....(မှန်ပါ့ဘုရား) ဘုရားက ဖြေလိုက်ပြန်တယ်....(မှန်လှပါဘုရား)။

ရှေ့ကဉာဏ်ဘာတဲ့....(ဝိပဿနာဉာဏ်ပါဘုရား)။

"ဓမ္မဥိတိဉာဏန္တိ ဝိပဿနာဉာဏံ"အဋ္ဌကထာဆရာက ဓမ္မဥိတိဉာဏ်ဆိုတာ ဝိပဿနာဉာဏ်ဘဲကဲ့ဆိုတော့ ရှေ့ပိုင်းက ဖြစ်ပျက်မြင်တဲ့ဉာဏ်.... (မှန်ပါ့ဘုရား) နောက်ပိုင်းက မဂ်ဉာဏ်ဘဲကွ၊ဒီနှစ်ဉာဏ်နဲ့ ဒီကိုယ်တော်တွေ ရဟန္တာ=ဖြစ်လာတာလို့ ဘုရားကထပ်မဖြည့်လိုက်ဘူးလား....(ဖြည့်ပါတယ်ဘုရား) ရှင်းကြရဲ့လား....(ရှင်းပါတယ်ဘုရား)။

ဟို....ကိုယ်တော်တွေဖြေတာနဲ့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးဆီ မသင်ကာလို့ သွားပြီးမေးပြန်တာနဲ့ တကာတကာမတို့မြင်တဲ့အတိုင်းဘဲတဲ့၊ဝိပဿနာဉာဏ်နဲ့ မဂ်ဉာဏ်ဘဲလို့ ဘုရားကလဲ နောက်ထပ်မပြောဘူးလား....(ပြောပါတယ်ဘုရား)။

အဲ....ပုဗ္ဗေခါ သုသိမ၊သုသိမ=သုသိမ၊ပုဗ္ဗေ=ရှေးကာလ၌ ခမ္မဋ္ဌိတိဉာဏံ=ဖြစ်ပျက်မြင်တဲ့ဝိပဿနာဉာဏ်သည်၊ဟောတိ=ဖြစ်၏....(မှန်လှပါဘုရား)ဒါဘဲဟောလိုက်တယ်၊ ပစ္ဆာ=နောက်ကာလ၌၊ နိဗ္ဗာနေဉာဏံ=နိဗ္ဗာန်ကို မြင်တဲ့ မဂ်ဉာဏ်သည် ဟောတိ=ဖြစ်၏ဆိုတော့ဖြစ်ပျက်အဆုံးကိုမြင်တဲ့ဉာဏ်ဘဲ (မှန်လှပါ ဘုရား)။

ဘယ်နှစ်ဉာဏ်ပါလိမ့်....(နှစ်ဉာဏ်ပါဘုရား)။

ဩော်....ဒါဖြင့် ဟို....ကိုယ်တော်တွေပြောတာနဲ့ ဘုရားထံမသင်ကာလို့ သူလျှောက်ထားပြီးမေးတော့လဲ ဘုရားက ဟို....ကိုယ်တော်တွေပြောတာကို တကာတကာမတို့ ကျော်လွန်ဖြဿလား....ဒီအတိုင်းဘဲလား (ဒီအတိုင်းပါဘုရား)။

ဒါဖြင့် ဦးခင်မောင် ဘုရားက ထောက်ခံချက် ပေးတာ....(မှန်ပါဘုရား)။

ဟို....ကိုယ်တော်တွေ ဟောဒါကိုဘုရားက ဘယ် နှယ်ပါလိမ့် (ထောက်ခံချက်ပေးပါတယ်ဘုရား) ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ ဒီနှစ်ဉာဏ်ကို လုပ်ရုံဘဲ....(မှန်လှပါဘုရား)။

ဘယ်လိုစဉ်းစားကြမယ်....(ဒီနှစ်ဉာဏ်လုပ်ရုံပါဘုရား)။

ဒီနေရာကြားစကားလေးတော့သွင်းချင်တယ်တဲ့၊ ခင်ဗျားတို့ ဒီနှစ်ဉာဏ်မှမလုပ်လို့ ရှိယင်ဖြင့် အပါယ်လေးပါးခန္ဓာနဲ့ ဆပ်ကြပေတော့....(မှန်ပါဘုရား)။

ဘယ်လိုဆုံးဖြတ်ချက် ချကြမလဲ.... (အပါယ်လေးပါးခန္ဓာနဲ့ ဆပ်ကြပေတော့) အပါယ်လေးပါး ခန္ဓာနဲ့....ဆိုတာ တကာ

တကာမတို့ အပြောလွယ်သလောက် မလွယ်ဘူးနော်.... (မှန်ပါ့ဘုရား) လွယ်ပါ့မလား....(မလွယ်ပါဘုရား)။

ငရဲမီးကလေး ပိုးစုန်းကြူးလောက်ဟာတောင်မှ လှည်းခြောက်စီးတိုက်-ခုနစ်စီးတိုက်ရှိတဲ့ ထင်းအစိုတွေ စုန်းကနဲချတာနဲ့ ပြောင်တာနဲ့ တချက်တည်း....(မှန်လှပါဘုရား)။

ငရဲမီးပုံကြီးထဲ ကျုပ်တို့ ရောက်ရမယ်ဆိုတော့ ဦးခင်မောင်ခံနိုင်ရည်ရှိပါ့မလား.... (မရှိပါဘုရား) ဦးဇံရင်တို့ ခံနိုင်ရည်ရှိပါ့မလား....(မရှိပါဘုရား)။

အဲဒါကြောင့် တကာတကာမတို့ငရဲမီးငြိမ်းနိုင်တာဒီနှစ်ဉာဏ်ဘဲရှိတယ်....(မှန်ပါ့ဘုရား) ဘယ်လိုဆိုကြမယ်.... (ငရဲမီးငြိမ်းနိုင်တာ ဒီနှစ်ဉာဏ်ဘဲရှိပါတယ်ဘုရား)။

တိရစ္ဆာန်အတွက် သိမ်းနိုင်တာကော.... (ဒီနှစ်ဉာဏ်ဘဲရှိပါတယ်ဘုရား) အပါယ်လေးပါးသိမ်းနိုင်တာကော....(ဒီနှစ်ဉာဏ်ဘဲ ရှိပါတယ်ဘုရား) အနု-အရဲ-အဝဲ ဘဝတွေမှ သိမ်းနိုင်တာကော....(ဒီနှစ်ဉာဏ်ဘဲရှိပါတယ်ဘုရား) အဆုံ-အ,အတွေ အဖြစ်မှ သိမ်းနိုင်တာကော....(ဒီနှစ်ဉာဏ်ဘဲ ရှိပါတယ်ဘုရား)။

အပါယ်သွားမည့် မိစ္ဆာဒိဋ္ဌလူမျိုးထဲမှာပဋိသန္ဓေမနေအောင် သိမ်းနိုင်တာကော....(ဒီနှစ်ဉာဏ်ဘဲရှိပါတယ်ဘုရား)။

ဒီနှစ်ဉာဏ်ဘဲ ရှိတော့တယ်ဆိုတော့ ဘုန်းကြီးတို့ တကာတကာမတွေက ဩော်....ဒီလိုသိဘို့ဘဝကလဲအတော်ခဲယဉ်းပါကလား....(ခဲယဉ်းပါတယ်ဘုရား)မခဲယဉ်းဘူးလား.... (ခဲယဉ်းပါတယ်ဘုရား)။

မိုးကုတ်ဝိပဿနာ လုပ်ငန်းစဉ်တရား (၅)

ဒီလိုသိဘို့ဘဝအလွန်ခဲယဉ်းတဲ့အထဲမှာ ဒီလိုသိပြီးသကာလ ဇနလျက်နဲ့ ဒီလိုသိရှိသလောက်အလုပ်-မလုပ်တော့ပါဘူး ဆိုယင် ဖြင့် ခန္ဓာနဲ့အပါယ်လေးပါးဆပ်ကြပေတော့....(မှန်ပါ့ဘုရား)။

ဘယ်သူ ဆပ်ဝံ့ကြပါ့မလဲ.... (မဆပ်ဝံ့ပါဘုရား) ဘယ်သူမှ မဆပ်ဝံ့ဘူးဆိုတာ သေချာပလား.... (သေချာပါပြီဘုရား) အဲဒါကြောင့် ခန္ဓာနဲ့မဆပ်နဲ့၊ ဥာဏ်နဲ့ဆပ်ပစ်လိုက်.... (မှန်ပါ့ဘုရား)ဘယ်လိုမှာပါလိမ့်(ခန္ဓာနဲ့မဆပ်ပါနဲ့၊ဥာဏ်နဲ့ဆပ်ပါ)။

ဥာဏ်နဲ့ဆပ်နော်....၊ ဂျီးဦးစွာ ဝိပဿနာဥာဏ်၊ နောက် မဂ်ဥာဏ်နဲ့ ဆပ်လိုက်လို့ရှိယင် တကာ တကာမတို့အကုန်ဇာတ် သိမ်းပါတယ်....(မှန်ပါ့ဘုရား) ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား) အားငယ်စရာမျှားပါသေးသလား.... (မပါ-ပါဘုရား)။

အ....ကိုယ့်ဟာကိုယ်ပျင်းတယ်၊ကိုယ့်ဟာကိုယ်ဖျင်းတယ်ဆိုလို့ရှိယင် မင်းခန္ဓာနဲ့ အပါယ်ဆပ်မလားလို့ ကိုယ့်ဟာကိုယ် သာမေးကြည့် (မှန်ပါ့ဘုရား) သူဘယ်လို အဖြေထုတ်လာမယ် ထင်သတုန်း.... (မဆပ်ဝံ့ပါဘုရား)။

မဆပ်ဝံ့ပါဘူး၊ မဆပ်ဝံ့ယင် မင်း ဒီနှစ်ဥာဏ်ရအောင်လုပ် (မှန်ပါ့) ကိုယ့်ကိုယ်ကို တိုက်တွန်းပါ....(မှန်ပါ့ဘုရား) ဘုရား က ကောင်းစွာဟောထားတဲ့တရား ကောင်းစွာ မြင်ရမယ်လို့ ဟောထားတဲ့တရား၊ မင်းသည်ကားလို့ဆိုယင် အဓိပတိမထားလို့ မင်းမမြင်တာလို့ ကိုယ့်ကိုယ်ကို ဆုံးမပါလို့ သတိပေးလိုက်တယ်....(မှန်ပါ့ဘုရား)။

အဆုံးအမ အခက်ဆုံးမှာလဲ ကိုယ့်ကိုယ်ကို အဆုံးအမ အခက်ဆုံးဆိုတာကော သေချာပလား....(သေချာပါပြီဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ ဒီထက် ကံကောင်းတာ မရှိဘူးခင်ဗျားတို့....(မှန်ပါ့ဘုရား)အဲဒီတော့ ဘုန်းကြီးကတော့ ဖြင့် ဘုန်ကြီးနဲ့လဲတွေ့ကြပြီ၊ ဘုရား တရားတော်တွေနဲ့တွေ့ရ တော့ ခင်ဗျားတို့ဟာ ကံကောင်းတယ်.... (မှန်ပါ့) ခင်ဗျားတို့ ဝမ်းထဲက ဖြစ်ပျက်မြင်တဲ့ဉာဏ် ကောင်းဘို့လိုတယ်....(မှန်ပါ့) ဖြစ်ပျက်အဆုံးမြင်တဲ့ဉာဏ် ကောင်းဘို့(လိုပါတယ်ဘုရား) ကဲ.... ကံကောင်းရုံနဲ့ ကိစ္စပြီးပါ့မလား(မပြီးပါဘုရား)ဉာဏ်ကောင်း မှကိစ္စပြီးမယ်....(မှန်လှပါဘုရား)သဘောကျပလား(ကျပါပြီ)။

အဲဒီတော့ ခင်ဗျားတို့ စဉ်းစားကြည့်ပါ၊ ခင်ဗျားတို့က အဖေကချမ်းသာတယ်၊ ကံကောင်းတယ်၊ ဘယ်ဟာသူချမ်းသာ၊ လို့ ကံကောင်းငြားသော်လဲ အပါယ်လေးပါးကဉာဏ်ကောင်းမှ ပိတ်မှာ....(မှန်ပါ့ဘုရား)။

အပါယ်လေးပါးကတော့ .... (ဉာဏ်ကောင်းမှ ပိတ်မှာပါ ဘုရား) ဉာဏ်ကောင်းမှ ပိတ်မှာဆိုတာ သေချာပလား....(သေ ချာပါပြီဘုရား)။

အဲဒီတော့ ခင်ဗျားတို့က ကံသာကောင်းချင်တာဘဲ ဉာဏ် ကောင်းချင်တာ ညည်းသံကို တခါမှ မကြားဘူး.... (မှန်လှပါ ဘုရား)ဖျင်းလိုက်တဲ့ တကာတကာ့မတွေ ရိပ်မိပလား....(ရိပ်မိ ပါပြီဘုရား)။

ကံများခေလိုက်တာ ဒါဘဲညည်းနေတာဘဲ၊ဘယ်တော့များ မှ တိုက်ကြီး တာကြီး ကားကြီးတွေနဲ့ နေရပါ့ ကံများခေ လိုက်တာ လာတယ်၊ ဉာဏ်များ ခေလိုက်တာလို့ လာရဲ့လား

(မလာပါဘုရား) အံမာလေး....တကယ့်ကိုးစားစရာ ကျတော့ သတိမထားမိဘူး.... (မှန်ပါ့) ခုနင်က အရိပ်ပြကလေး ခဏကလေး ကံကောင်းတာကျတော့ ဒီဘဝ မိဖုရားကြီးဟုတ်လား နောက်ဘဝ အပါယ်လေးပါး ကျတော့ ခင်ဗျားတို့က လှန်းလိုက်တာ (မှန်ပါ့ဘုရား) ဥပရိမိဖုရားကြီးတို့ ဟင်-ဒီဘဝမိဖုရားကြီး နောက်ဘဝ နောက်ချေးပိုးမ ကလေးဆိုတော့ ကောင်းသေးရဲ့လား....(မကောင်းပါဘုရား)။

အဲဒါ ကံစီမံသလို မခံရဘူးလား.... (ခံရပါတယ်) မိဖုရားကြီးဖြစ်တာလဲ ဘယ်သူ့ကြောင့်....(ကံကြောင့်ပါ)နောက်ချေးပိုးမကလေးဖြစ်တာကော....(ကံကြောင့်ပါဘဲ)ဆေး....ခင်ဗျားတို့က ကံများတယ်ခေသကိုးဆိုတော့ ကံဘဲ ခင်ဗျားတို့ ဖက်ပြီးသကာလ ထားကြတယ်၊ ဒီဥစ္စာက ပညာဝိမုတ္တာ ခေါမယံသုသိမ၊ ပညာနဲ့မှ အပါယ်လေးပါး တံခါးပိတ်သွားတယ်ကွ၊ နိဗ္ဗာန်မြင်တယ်ကွ ဆိုတော့ ကံမျှော်သင့်သလား....ဉာဏ်မျှော်သင့်သလား....(ဉာဏ်မျှော်သင့်ပါတယ်ဘုရား)။

ဦးခင်မောင် ဘာမျှော်မလဲ.... (ဉာဏ်မျှော်ပါမယ်ဘုရား) အို....ခင်ဗျားတို့ ဘုန်းကြီးရှေ့မို့ ပြောနေတာပါ၊ မြို့ထဲရွာထဲကျတော့ ကံ သမားချည်း ဖြစ်နေတာဘဲ .... ဒါ့ကြောင့် ထိထိုးနေကြတာပေါ့ဗျ၊ သဘောကျပလား....(ကျပါပြီ)ထိထိုးတာဟာ ဉာဏ်နဲ့ထိုးတာလား.... ကံနဲ့ထိုးတာလား....(ကံနဲ့ထိုးတာပါဘုရား)။

ကိုင်း....တကာတကာမတို့ ဉာဏ်နဲ့ထိုးလို့ရှိယင်ဖြင့် နေရာကျမှာဘဲ၊ ကံနဲ့သာ ထိုးနေကြမယ်ဆိုလို့ရှိယင်ဖြင့် နှစ်ကျပ်-နှစ်ကျပ်နဲ့မဲ့လှရော့မယ် ခင်ဗျားတို့ကလဲ.... (မှန်ပါ့ဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ အပါယ်လေးပါး တံခါးပိတ်တာ ကံလမ်းလား.... ဉာဏ်လမ်းလား.... (ဉာဏ်လမ်းပါဘုရား)ရှင်းပလား....(ရှင်းပါပြီဘုရား)။

အပါယ်လေးပါး တံခါး ပိတ်တာ.... (ဉာဏ်လမ်းပါဘုရား) နိဗ္ဗာန်မြင်တာ ကံနဲ့မြင်တာလား.... ဉာဏ်နဲ့မြင်တာလား.... (ဉာဏ်နဲ့မြင်တာပါဘုရား) သေချာပလား.... (သေချာပါပြီ)။

နိဗ္ဗာန်မြင်မှလဲ အပါယ်လေးပါး တံခါးပိတ်တယ် မဟုတ်လား....(မှန်ပါဘုရား) ကဲ....အားလုံး တကာတကာမတွေကော ကျေနပ်ကြပလား....(ကျေနပ်ပါပြီဘုရား)။

ကဲ....ဒါဖြင့်ခင်ဗျားတို့ ကံလမ်းသည်ကားလို့ ဆိုလို့ရှိယင် ခင်ဗျားတို့ကို ဘယ်လိုလုပ်တတ်ပါသတုန်းလို့ မေးဘို့အရေးကြီးတယ်....(မှန်ပါဘုရား)။

ကံကတော့ တခါတလေ နတ်ပြည်မျှားမြောက်တင်လိုက်တယ်.... (မှန်ပါ) တခါတလေ နတ်ပြည်မှ ဒယ်အိုးထဲတွန်းချလိုက်သေးတယ်....(မှန်ပါ)ကံ....ကံ....(မှန်ပါဘုရား)။

ကံက ခင်ဗျားတို့ကို လူ့ဘောလုံးဖြစ်အောင် လုပ်ပါတယ် (မှန်ပါ)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ကံက ခင်ဗျားတို့ကို ဘယ်နှယ် လုပ်သလဲ....(လူ့ဘောလုံးဖြစ်အောင်လုပ်ပါတယ်) လူ့ဘောလုံးဖြစ်အောင် လုပ်ပါတယ် (မှန်ပါ)အထက်မြောက်ကန်လိုက်ပြန်တာလဲ ကံဘဲ။ အထက်ကနေပြီး အောက်ကန်ချလိုက်တာကော....(ကံပါဘဲဘုရား)။

အဲကံကတော့ ဒီအတိုင်းဘဲ သွားမှာဘဲ.... (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ကံကြောင့် လူကောင်း နတ်ကောင်း မဖြစ်ဘူးဆိုလို့ကော ရရဲ့လား .... (မရပါဘုရား) အင်း....ဟင် လူကောင်း နတ်ကောင်းတွေဘဲ အပါယ်လေးပါး မသွားဘူးလို့ကော ဆိုလို့ ရရဲ့လား.... (မရပါဘုရား) ဘယ်သူ့ သတ္တိပါလိမ့် .... (ကံ သတ္တိပါဘုရား)။

ဉာဏ်သတ္တိကတော့ တကာတကာမတို့ အထက်ကိုသာသွားရတော့တယ်.... (မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

ဉာဏ်သတ္တိကတော့.... (အထက်ကိုသာ သွားရပါတယ်) အထက်ကိုသာသွားရတော့တယ်ဆိုတာသေချာပလား....(သေချာပါပြီဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့သည်ကားလို့ ဆိုယင် ဒီရဟန္တာကြီးတွေဖြတာက ဦးခင်မောင်-ပညာဝိမုတ္တာ ခေါမယံ သုသိမ၊ သုသိမ=သုသိမ၊ မယံ=ငါတို့သည်၊ပညာဝိမုတ္တာ=ပညာဉာဏ်နဲ့ ကိလေသာမှလွတ်တဲ့ နိဗ္ဗာန်ရောက်ခဲ့တာဘဲ....(မှန်ပါ့ဘုရား) ဖေါ်ကိုဖြတာဘဲ.... (မှန်ပါ့ဘုရား) သဘောပါကြ ပလား.... (ပါ-ပါပြီဘုရား)။

ဘာတုန်း....ကံလမ်းဖြတာလား-ဉာဏ်လမ်းဖြတာလား.... (ဉာဏ်လမ်းဖြပါတယ်ဘုရား) သေချာပြီနော်.... (သေချာပါပြီဘုရား)။

ကောင်းပြီ .... ဒါနဲ့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးကလဲ-ပုဗ္ဗေခါ သုသိမ ဓမ္မဋ္ဌိတိဉာဏ်၊ ဟောလာပြန်ပြီဘုရားကလဲ.... (မှန်ပါ့) ပစ္ဆာနိဗ္ဗာနေဉာဏ်တဲ့၊ မလာဘူးလား....(လာပါတယ်ဘုရား)။

ရှေ့ပိုင်းက ဓမ္မဋ္ဌိတိဉာဏ်တဲ့၊ နောက်ပိုင်းက....(နိဗ္ဗာန်သိတဲ့ဉာဏ်ပါဘုရား) နိဗ္ဗာန်သိတဲ့ မဂ်ဉာဏ်.... (မှန်လှပါဘုရား) ဒါဖြင့် တိုတိုပြောကြစို့ တကာ တကာမတို့ရဲ့နားလည်မှု၊ ဒါက စာသံပါနေတယ်။

ဓမ္မဋ္ဌိတိဉာဏ်ဆို ဝိပဿနာဉာဏ်၊ နိဗ္ဗာနေ ဉာဏ်ဆို မဂ္ဂဉာဏ်.... (မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီဘုရား) အဲဒီတော့ရှေ့ပိုင်းကဘာဉာဏ်....(ဝိပဿနာဉာဏ်ပါဘုရား) နောက်ပိုင်းက....(မဂ်ဉာဏ်ပါဘုရား)။

အဲဒါနဲ့ အပါယ်တံခါးပိတ်ပြီးလှတ်ခဲ့တယ်ဆိုတာ ဘုရားကလဲ နောက်ထပ်မဆင့်ဘူးလား....(ဆင့်ပါတယ်ဘုရား)။

အဲဒီလို ဘုရားက ဖြေလိုက်ပြန်တော့လဲ အားလုံး တကာတကာမတွေ့စဉ်းစားပါ၊ သုသိမဘာမှ အခံမပါတဲ့ပုဂ္ဂိုလ်ဖြစ်နေသောကြောင့် ကျေနပ်ပါရဲ့လား.... (မကျေနပ်ပါဘုရား)။

မကျေနပ်တော့ ဘုရားကလဲ ဦးဝတို့ တကာသစ်တို့ ကိုမြတို့ သုသိမ - မင်းနားလည်ချင်လည်၊ မလည်ချင်လဲနေတော့ ဖြေရပြန်ပြီ....(မှန်ပါ့)။

မင်းနားလည်ချင်လဲလည်တော့ မလည်ချင်လဲ နေတော့ကွာတဲ့၊ ငါဘုရား၏ သာသနာတော်မှာ မဂ်ဉာဏ် - ဖိုလ်ဉာဏ်ရတာ

ဟူသ၍ဟာ သမထ၏အကျိုး - သမထ၏အာနိသင် - သမထကြောင့်လို့ မင်းဘယ်တော့မှ မမှတ်နဲ့တဲ့၊ ဖြေလိုက်တယ်.... (မှန်ပါ့ဘုရား) သဘောပါပလား....(ပါ-ပါပြီဘုရား)။

ငါဘုရားသာသနာမှာ မဂ်ဉာဏ်....ဖိုလ်ဉာဏ်ရကြတဲ့ပုဂ္ဂိုလ် ဟူသ၍မှာသမထအကျိုး-သမထအာနိသင်-သမထကပြီးစေတယ်လို့ ဘယ်တော့မှ မင်းမမှတ်နဲ့တဲ့.... (မှန်ပါ့ဘုရား) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ကိုင်း-အဋ္ဌကထာဆရာကရော ဘုရားကရော အကုန် ဖြေချလိုက်တယ်.... (မှန်ပါ့)နိဗ္ဗာန်ရတဲ့ ပုဂ္ဂိုလ်ဟူသ၍ ဒုက္ခခပ်သိမ်းငြိမ်းတဲ့ ပုဂ္ဂိုလ်ဟူသ၍မှာဖြင့် သုသိမ-တဲ့-ဝိပဿနာဉာဏ်၏တံခိုး ဝိပဿနာဉာဏ်၏အကျိုး ဝိပဿနာဉာဏ်ကြောင့် ပြီးတယ်လို့ မင်းသေသေချာချာမှတ်တဲ့....(မှန်ပါ့ဘုရား)။

ဘယ်သူကဖြေတာတုန်း....(ဘုရားကဖြေတာပါဘုရား)ပေါ်ကြပလား....(ပေါ်ပါပြီ) ပြန်ပြောပါဦးမယ် တကာတကာမတို့ ပြန်ပြောပါဦးမယ် ခင်ဗျားတို့ အင်မတန်အရေးကြီးနေလို့သိလဲသိပါစေတော့လို့ နှစ်ဉာဏ်နဲ့ကိစ္စပြီးကြောင်းကိုလဲ ထင်ရှားပါစေတော့လို့ သေသေချာချာပြောနေတယ်လို့ မှတ်လိုက်စမ်းပါ (မှန်လှပါဘုရား)။

ဟော့သုသိမတဲ့ မင်းနားလည်ချင်လဲလည်၊ မလည်ချင်လဲနေတော့ ဘုရားက (မှန်ပါ့) ငါဘုရားသာသနာတော်မှာ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရတာဟူသ၍သမထကြောင့် သမထအာနိသင် သမထကပြီးစေတယ်လို့ မင်းဘယ်တော့မှ မမှတ်နဲ့တဲ့....(မှန်ပါ့

ဘုရား) ရှင်းပလား....(ရှင်းပါပြီ) ဝိပဿနာဉာဏ်၏အကျိုး ဝိပဿနာဉာဏ်ကြောင့်ရတယ်၊ ဝိပဿနာဉာဏ်ကြောင့်အကျိုး ပြီးတယ်ဆိုတာသာ မင်းသေသေချာချာမှတ်....(မှန်ပါဘုရား)။

ဘယ်သူက ပြောနေတာလဲ.... (ဘုရားကပြောတာပါ)ဒီနှစ် ဉာဏ်ပြောတယ်ဆိုတာ သေချာပလား....သေချာပါပြီ)။

ဒါဖြင့် တကာတကာမတို့ နိဗ္ဗာန်လိုချင်လို့ ဒုက္ခခပ်သိမ်း ငြိမ်းချင်ပါတယ်ဘုရားလို့ဆိုလို့ရှိယင်ဖြင့်ရှေ့ပိုင်းက ဝိပဿနာ ဉာဏ်ထားပါ.... (မှန်ပါ့)ရင့်လာလို့ရှိယင် ဘယ်ဉာဏ်ပေါ် မလဲ....မဂ်ဉာဏ်ပေါ်ပါမယ်)။

မဂ်ဉာဏ်ပေါ်တော့ သူပျောက်ပါတယ်(မှန်ပါ့) သူ့ဟာသူ ပျောက်သွားတယ်(မှန်ပါ့) မပျောက်ပေဘူးလား.... (ပျောက် ပါတယ်ဘုရား) ဒီငါးပါး ပျောက်ပြီးသကာလ ရှစ်ပါးပေါ် မလာပေဘူးလား....(ပေါ်လာပါတယ်ဘုရား)။

အဲ....ငါးပါးက အနိစ္စရောက်ပြီး ရှစ်ပါးက မဂ်အဖြစ်နဲ့ပေါ် လာပါတယ် (မှန်ပါ့ဘုရား) အဲဒါကြောင့် ဘုရားက ပဋ္ဌာန်း ပါဠိတော်မျှားကျလာတော့ တကာတကာမတွေ့ သေချာလိုက် တာ သခ်ါရေ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ။ သူ့ကို အနိစ္စ ဒုက္ခ အနတ္တမြင်တာ ဝိပဿနာဉာဏ်က(မှန်ပါ့) သူက သခ်ါရတရားကိုး....(မှန်ပါ့)။

သခ်ါရေ အနိစ္စတောဒုက္ခတော-အနတ္တတော ဒီသခ်ါရတရား တွေ့ကို အနိစ္စဒုက္ခအနတ္တလို့မြင်တာကဝိပဿတိ....တဲ့ဝိပဿနာ ဉာဏ်(မှန်ပါ့ဘုရား)။ ဒါပဋ္ဌာန်းပါဠိတော်-သခ်ါရ တရားကို....

အနိစ္စလို့မြင်တာက.... (ဝိပဿနာဉာဏ်ပါဘုရား) သဘောကျ ပလား.... (ကျပါပြီ)။

ကောင်းပြီ....ဒါဖြင့် ဝိပဿနာဉာဏ်အတွက်တော့ ဘုရားက ပဋ္ဌာန်းပါဦတော်မှာ ဒီလိုဟောတယ်ဆိုတော့ မသေချာသေး ဘူးလား ဦးခင်မောင်.... (သေချာပါတယ်ဘုရား)။

သခ်ါရေအနိစ္စတော - ဒုက္ခတောအနတ္တတော ဝိပဿတိ။ဒါကအနိစ္စ ဒုက္ခ အနတ္တပါက္ခဝတ္ဘဲ၊ဒါကဝိပဿနာဉာဏ်ပါ(မှန်ပါ့) သဘောကျပလား(ကျပါပြီ)သခ်ါရတရားကို အနိစ္စဒုက္ခအနတ္တ လို့မြင်တာက ဘာဉာဏ်ပါလိမ့်....(ဝိပဿနာဉာဏ်ပါဘုရား)။

အဲ....ဝိပဿနာဉာဏ်လဲ ဆုံးပါရော တကာတကာမတို့နိဗ္ဗာန်မ ဂ္ဂသဆိုတော့ ဒီ....နိဗ္ဗာန်မဂ္ဂသကြတော့ ဝိပဿနာပါသေးရဲ့ လား....(မပါပါဘုရား) ဝိပဿနာမပါဘူးတဲ့။

"နိဗ္ဗာန်မဂ္ဂသ အာရမ္မဏပစ္စယေန ပစ္စယောလို့ ဟောလိုက် ပြန်တော့ တကာတကာမတို့ သိတဲ့အတိုင်းတဲ့ စကားလဲ အင် မတန် ကြီးပါတယ်၊မှန်တာကလဲပဋ္ဌာန်းပါဦတော်ဖြစ်နေလို့အင် မတန်မှ သံယုတ်ပါဦတော်နဲ့ ပဋ္ဌာန်းနဲ့တထပ်ထဲသွားနေတယ်- (မှန်ပါ့ဘုရား)။

အဲဒီတော့ နိဗ္ဗာန်မဂ္ဂသဆိုသဖြင့် သခ်ါရေမဂ္ဂသလို့လာရဲ့ လား....(မလာပါဘုရား) ဒါဖြင့်ဒုက္ခအဆုံး နိဗ္ဗာန်မြင်တာက ဘာဉာဏ်ဆိုကြမယ်....(မဂ်ဉာဏ်ပါဘုရား) သခ်ါရဒုက္ခမြင်တာ ဘာဆိုကြမယ်....(ဝိပဿနာဉာဏ်ပါဘုရား)။

အဲ....သခ်ါရဒုက္ခမြင်တာကဝိပဿနာဉာဏ်၊ဒုက္ခအဆုံးနိဗ္ဗာန် မြင်တာက....(မဂ်ဉာဏ်ပါဘုရား) မဂ်ဉာဏ်ဆိုတာ သေချာ ပလား....(သေချာပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဘယ်နှစ်ညာဏ်နဲ့ ကိုစ္စပြီးပါလိမ့်မတုန်း....(နှစ်ညာဏ်နဲ့ ကိစ္စပြီးပါတယ်ဘုရား) နှစ်ညာဏ်နဲ့ကိစ္စပြီးတယ်ဆိုတာ သဘောကျပလား....(ကျပါပြီ)။

ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ့ ဘယ်လိုမျှား အားထုတ်ရမှာပါလိမ့်မတုန်းဆိုတာကော သံသယရှိသေးရဲ့လား....(မရှိပါဘုရား)။

ကိုယ့်ခန္ဓာ ကိုယ်ကြည့်ပြီး စမ်းသပ်ကြည့်နေ၊ အသက်ကလေးမှန်မှန်ရှူ၊ ရှူပြီးသကာလ စိုက်ကြည့်တော့ ဟိုကယား၊ ဒီကနာ၊ ဟိုစိတ်ကလေးပေါ်လာ၊ ဒီစိတ်ကလေးတွေ့ ပေါ်လာ၊ ပေါ်လာတာကလေးတွေ့က ခုနင်ကလဲမရှိဘူး၊ အခုလဲရှာမတွေ့ပြန်ဘူး၊ ခုနင်ကမရှိဘူး၊ အခုပေါ်လာပြီ၊ ပေါ်လာပြီးသူရှာမတွေ့ဘူးဆိုတဲ့ဥစ္စာသည် တကာတကာမတို့ အဲဒါ ခန္ဓာထဲက အနိစ္စတွေ့ပြနေတာ....(မှန်ပါဘုရား)။

ယားယင် ယားတဲ့နေရာအနိစ္စရှု၊စိတ်ကလေးပေါ်လာ၊ပေါ်လာတဲ့နေရာ....(အနိစ္စရှုရပါမယ်)မျက်လုံးထဲ မြင်စိတ်ကလေးပေါ်လာယင် မြင်စိတ်ကို....(အနိစ္စရှုရပါမယ်)ကြားစိတ်ကလေးပေါ်လာယင်....(အနိစ္စရှုရပါမယ်)ကြားစိတ်ကလေးရှု၊ သူဟာသည် "အဒဿနတော အာယန္တံ၊ ဘဂ္ဂါဂစ္ဆန္တိအဒဿနံ" မမြင်ရာအရပ်က ပေါ်လာတယ်၊ ချုပ်တော့လဲ မမြင်ရာအရပ်ဘဲသွားတယ်.... (မှန်ပါဘုရား) သဘောကျပလား.... (ကျပါပြီ) မမြင်ရာအရပ်က ပေါ်လာတယ်၊ ချုပ်သွားတော့လဲ (မမြင်ရာအရပ် သွားပါတယ်ဘုရား)။

ကဲ....ဒါဖြင့် တကာတကာမတို့ ဝိသုဒ္ဓိမဂ် အဋ္ဌကထာဆရာက ဥပမာနဲ့တကွပြလိုက်တယ်၊ ကောင်းကင်မှာ လျှပ်စစ်ကလေးတွေ့ တကာတကာတွေက မော့ကြည့်နေတာပေါ့၊ တိမ်ကြားထဲက ဖျတ်ကနဲ ထွက်မလာဘူးလား.... (ထွက်လာပါတယ် ဘုရား) ပြန်ဝင်တော့ကော.....(ဖျတ်ကနဲပါဘုရား) ဩော်.... အဲဒီ့အတိုင်းသာမှတ်ပါ.... (မှန်ပါဘုရား) ဒီမျက်လုံးထဲ ပေါ်လာတဲ့ စိတ်ကလေးဟာ ဖျတ်ကနဲပေါ်လာပြီး ဖျတ်ကနဲချုပ်သွားတာဘဲ.....(မှန်ပါ့) ဟို....လျှပ်စစ်ကမှ မြင်ရသေးတယ်နော် (မှန်ပါ့)။

ဒီဟာကတော့ ဩော်....ပေါ်လဲပေါ်တယ်၊ ရှိလဲမရှိဘူးလို့ မဂ္ဂင်ငါးပါးနဲ့ ရှုရှုပေး....(မှန်ပါ့)နားထဲကြားတဲ့ စိတ်ကလေးရှု၊ နှာခေါင်းထဲ နံတဲ့စိတ်ကလေး.... (ရှုရပါ့မယ်)လျှာပေါ်စားတဲ့ စိတ်ကလေး.... (ရှုရပါမယ်) ကိုယ်ပေါ်မှာ ယားတဲ့ယံတဲ့စိတ်ကလေး....(ရှုရပါမယ်) ကိုယ်ပေါ်မှာ ကောင်းတဲ့စိတ်ကလေး (ရှုရပါမယ်) ဝမ်းထဲမှာဝမ်းသာတဲ့စိတ်ကလေး....(ရှုရပါမယ်) ဝမ်းနည်းတဲ့စိတ်ကလေး....(ရှုရပါမယ်) ဥပေက္ခာထားတဲ့စိတ်ကလေး....(ရှုရမါမယ်)ဒေါသထားတဲ့စိတ်ကလေး....(ရှုရပါမယ်) သောကဖြစ်တဲ့စိတ်ကလေး....(ရှုရပါမယ်) သံသယဖြစ်တဲ့စိတ်ကလေး....(ရှုရပါမယ်) ကုက္ကုစ္စဖြစ်တဲ့စိတ်ကလေး....(ရှုရပါမယ်) အကုန်ရှုရမယ်ဆိုတာ သေချာကြပလား-(သေချာပါပြီဘုရား)။

အဲဒါ သန်ါရတရားတွေ့မို့ သန်ါရတရား ပျက်တတ်သည်လို့ မှတ်လိုက်စမ်းပါ.... (မှန်ပါ့ဘုရား) သန်ါရတရား.... (ပျက်တတ်ပါတယ်) ပေါ်လာတာ သန်ါရ၊ပျက်သွားတာ အနိစ္စ....

(မှန်ပါဘုရား) ပေါ်လာတာ.... (သင်္ခါရပါ) ပျက်သွားတာ.... (အနိစ္စပါဘုရား)။

အဲဒါကြောင့် သဗ္ဗေသင်္ခါရာ အနိစ္စာ (မှန်ပါ့) ပေါ်လာတာ (သင်္ခါရပါ) ပျက်သွားတာက.... (အနိစ္စပါဘုရား)အဲဒါပါဠိထဲ သွင်းလိုက်၊ သဗ္ဗေသင်္ခါရာ.... (အနိစ္စာပါဘုရား)အဲ.....သင်္ခါရဟာ ပျက်တယ်ကွတဲ့....(မှန်ပါ့) သဘောပါပလား....(ပါပါပြီ)။

အဲဒါကလေးတွေ တကာ တကာမတွေက ရှုလိုက်တဲ့အခါကျတော့ အပျက်မြင်တာသည် ဝိပဿနာမဂ်....(မှန်ပါ့)အပျက်အဆုံးမြင်တာသည် လောကုတ္တရာမဂ်.... (မှန်ပါ့) အပျက်မြင်တာသည်.... (ဝိပဿနာမဂ်) အပျက် အဆုံး မြင်တာသည်.... (လောကုတ္တရာမဂ် ပါဘုရား) လောကုတ္တရာမဂ်ဆိုတာ သေချာပလား....(သေချာပါပြီ)။

အဲဒီတော့ သုသိမကိုလဲ ဘုရားက ဘယ်နှစ်ဉာဏ် ဟောပါလိမ့်....(နှစ်ဉာဏ်ပါဘုရား) ရဟန္တာကြီးတွေကလဲ....(နှစ်ဉာဏ်ပါဘုရား) နှစ်ဉာဏ်ဘဲဟောတယ်။

အဲဒီတော့ သုသိမ-က ဘုရားဟောတာလဲ မကျေနပ်သေးဘူး(မှန်ပါ့ဘုရား)မကျေနပ်တော့ နက်ဖြန်ကျလာတော့မှသုသိမကို ရဟန္တာဖြစ်အောင် ဟောတဲ့တရား လာလိမ့်ဦးမယ်(မှန်ပါ့) သုသိမ ရဟန္တာဖြစ်ဦးမယ်.... (မှန်ပါ့ဘုရား)။

အဲဒီ ရဟန္တာဖြစ်ပြီးတော့မှ မင်းကောင်းကင်ပျံနိုင်သလား၊ မြေလျှိုးနိုင်သလား ဆိုတာ ဖွတ်မီးနဲ့ ဖွတ်ချည်ပါလိမ့်ဦးမယ် (မှန်ပါ့ဘုရား)။

အဲဒါ....နက်ဖြန်မှနာကြ ယနေ့တော်ကြဦးစို့။

သာဓု....သာဓု....သာဓု

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း - မိုးကုတ် ဆရာတော်ဘုရား
မန္တလေးမြို့၊ ဦးချစ်ဆွေမွာရုံ၌
ဟောကြားတော်မူသော

(တရားနာနည်း)

နိဿျဉ်း - တရားတော်

(၉ - ၃ - ၆၁)

နားက ဘုန်းကြီးပြောတာကို နာပါလို့ သတိပေးလိုက်တယ် နော်....ဉာဏ်က ခန္ဓာကိုယ် လှည့်ကြပါလို့၊ ထပ်ပြီးသတိပေး လိုက်ရပြန်တယ်နော်(မှန်ပါ့)။

တရားကတော့ တကာ တကာမတွေ့ နားကထောင်မှရမှာဘဲ ဉာဏ်ကတော့ဖြင့်.... (ခန္ဓာ လှည့်ရပါမယ်) ဉာဏ်ကတော့ဖြင့် ခန္ဓာလှည့်ရလိမ့်မယ်။- ဘာ့ကြောင့်တုံး....လို့ဆိုလို့ရှိယင် နားက တော့ဖြင့် ထောင်တတ်ရုံဘဲရှိပါတယ်၊ နားကကြားတတ်တဲ့သတ္တိ မှတ်တတ်တဲ့သတ္တိ ဒါလောက်ဘဲ ရှိပါတယ်တဲ့၊ ခန္ဓာထဲ ဘာဖြစ် နေတယ်ဆိုတဲ့ မြင်တတ်တဲ့သတ္တိကတော့ ဉာဏ်ကမှ မြင်တတ်တဲ့ သတ္တိရှိတယ်လို မှတ်ထားပါနော်....(မှန်ပါ့ဘုရား)။

အဲဒီတော့ 'ဒေသနာဉာဏာနုသာရေန ဉာဏံ ပေသေန္တသ ဉာဏုတ္တရဿ ဟောတိ' ဘုရားသခင်ကိုယ်တော်မြတ်ကြီးတရား ဟောတဲ့အခါကျတော့ တရားပွဲအဆုံးမှာ ဦးခင်မောင်တို့ ကျတ် တမ်းဝင်ကြတယ်လို့ မပါပါလားဗျာ....(ပါပါတယ်ဘုရား)။

မိုးကုတ်ဝိပဿနာ လုပ်ငန်းစဉ်တရား (၅)

အဲဒါ ဘယ်လိုမျှားနာလို့ ပါသွားပါလိမ့်မတုန်း....လို့ ဘုန်းကြီးတို့ တကာ တကာမတွေက မေးလို့ရှိယင်ဖြင့် ဦးဝ....ဒီဟာနားထောင်ကြည့်ပါနော်.... (မှန်ပါ့)။

ဒေသနာဉာဏာ နုသာရေန=ဘုရား ဟောတော်မူတဲ့ ဒေသနာဉာဏ်ကို အစဉ်လျှောက်သဖြင့် ဉာဏံပေသေန္တဿ=နားကတော့ တရားနာတာပါဘဲ၊ ဉာဏ်ကတော့ ခန္ဓာကိုယ်ထဲလှုပ်ပေးရမယ်.... (မှန်ပါ့)။

ဉာဏ်က ဘယ်လှုပ်ပေးရမယ်.... (ခန္ဓာကိုယ်ထဲ လှုပ်ပေးရပါမယ်)ဉာဏ်က ခန္ဓာကိုယ်ထဲ လှုပ်ပေးကြပါလို့ ခင်ဗျားတို့ ခန္ဓာကိုယ်ထဲ လှုပ်ပေးကြပါလို့ ခင်ဗျားတို့ကို သတိပေးလိုက်တယ်.... (မှန်ပါ့)။

အဲဒီလိုဖြစ်လာတဲ့ အခါကျတော့မှ နားက နာပြီးသကာလ၊ ဘုန်းကြီးဟောတဲ့တရား ဘုရားဟောတော်မူတဲ့တရားတွေ နားက နာပြီး သကာလ ဉာဏ်က ခန္ဓာကိုယ်ထဲမှာ လှုပ်ပေးပါ.... (မှန်ပါ့ဘုရား)။

ဒါကြောင့် ဒေသနာဉာဏာနုသာရေန=ဟောတဲ့ ဒေသနာဉာဏ်ကို အစဉ်လျှောက်သဖြင့် ဉာဏံ=ဉာဏ်ကို၊ပေသေန္တဿ=ခန္ဓာကိုယ်ထဲမှာလှုပ်သော ပုဂ္ဂိုလ်အား၊ ခန္ဓာကိုယ်ထဲ ဉာဏ်က လေးလှည့်ပါနော်....(မှန်ပါ့)။

ဘာဖြစ်သွားမတုန်းဆိုတော့ ဉာဏ်တွေရဿဟောတိ = အမြတ်ဆုံးမဂ်ဉာဏ်ဖြစ်သွားလိမ့်မကွာ....(မှန်ပါ့) အမြတ်ဆုံး မဂ်

ဥာဏ်ဖြစ်သွားတဲ့အခါကျတော့ တရားနာယင်း ကိုယ့်ဟာကိုယ် သောပန်ဖြစ်သွားမယ်.... (မှန်ပါ့)။

ဦးခင်မောင်ရေ.... တယ်အဘိုးတန်ပါကလား.... (အဘိုးတန် ပါတယ်ဘုရား)အားလုံး တကာ တကာမတွေ့ ဘုရားလက်ထက်က တရားနာနည်းနော်....(မှန်ပါ့) ဘုရားလက်ထက်က တရား နာနည်း ဦးဝတို့ ဂရုစိုက်ပါ။

ဒေသနာဉာဏာနုသာရေန=မြတ်စွာဘုရား ဟောတော်မူတဲ့ ဒေသနာဉာဏ်တွေကို- ဒေသနာဉာဏ်တွေကို နားကထောင် ပြီးသကာလ သြော်....ဒီလို ဟောနေပါကလား၊ ခန္ဓာကိုယ်ကြီး အကြောင်း ဒီလို ဟောနေပါကလား....လို့ နားကထောင်ရမယ် နော်....(မှန်ပါ့ဘုရား)။

နားကထောင်ပြီးသကာလ ဥာဏ်ပေသန္တဿ၊ ဥာဏ် = မိမိသန္တာန်ပါတဲ့ ဥာဏ်ကလေးကို၊ ပေသန္တဿ = ခန္ဓာကိုယ် ထဲမှာ လွှတ်လိုက်စမ်းပါ....(မှန်ပါ့)။

ဒါဖြင့် နားက တရားကိုနာ၊ ဥာဏ်က ခန္ဓာကိုယ်လှည့်.... (မှန်ပါ့)နားကဘာတဲ့.... (တရားနာရပါမယ်) ဥာဏ်ကဘာတဲ့ (ခန္ဓာကိုယ်လှည့်ရပါမယ်) ခန္ဓာကိုယ်လှည့်.... (မှန်ပါ့)။

တကာ တကာမတွေ့ ဒါ....ဘယ်နှယ်ကြောင့် ဒီလောက် အ ရေးတကြီး ပြောနေပါလိမ့်မတုန်းလို့ မေးတဲ့အခါကျတော့ ဒီအ ချိန်မှာ သမာဓိပညာတွေ့ကလဲ့ ကောင်းတဲ့အချိန် ဖြစ်နေတော့ တရားနာယင်းနဲ့လဲ့ ဘုရားလက်ထက်က ဘယ်သူ သောတာပန် တည်တယ်၊ ဘယ်သူ သကဒါဂါမ်, ဘယ်သူ အနာဂါမ်, နဿတို့

များဟော့လိုက်တာ ရဟန္တာကျအောင် တည်တာတွေ ရှိပြီး သကာလနေတာ ဘယ်နှယ်ကြောင့်ပါလိမ့်မတုံး မေးမှာစိုးတဲ့ အတွက် ဩော်....သူတို့တရားနာတာက နားက တရားကို နာပါ တယ်၊ဉာဏ်က ခန္ဓာကိုယ်ထဲမှာ လှတ်လိုက်သောကြောင့် (မှန် ပါ့) ဉာဏ်က ခန္ဓာကိုယ်ထဲမှာ အရှေ့ခိုင်းလိုက်သောကြောင့် ဉာဏ်ထက်ပြီးသကာလ ထက်တဲ့ မဂ်ဉာဏ် ပေါ်လာတယ်လို့ ပြောတာပါ....(မှန်ပါ့ဘုရား)။

ဒါဖြင့် တကာတကာမတို့ ဒီတရားနာနည်းအတိုင်း ဘုန်းကြီး တို့ တကာတကာမတွေကလဲ ဒီအတိုင်း နာကြရလိမ့်မနော်.... (မှန်ပါတယ်ဘုရား)။

ဘယ်ဆရာတော်ဟော်လို့ ဘယ်လုဘနာနာ၊ ဘယ်မှာဘနာ နာ ဩော်....နားက တရားနာရမယ်၊ ဉာဏ်က ခန္ဓာကိုယ်ထဲ စေလွှတ်ရမယ်....(မှန်ပါ့) ဦးခင်မောင်....ဉာဏ်က ဘာတဲ့.... (ခန္ဓာကိုယ်ထဲ စေလွှတ်ရပါမယ်ဘုရား)။

စေလွှတ်ပါမျှဒီးလာတော့ ဉာဏ်ထက်လာလိမ့်မယ်.... (မှန် ပါ့) အဲဒီ ဉာဏ်ထက်လာလို့ရှိယင်ဖြင့် တကာ တကာမတွေ အဲဒီ ထက်တဲ့ဉာဏ်က ပယ်ထိုက်တဲ့ သောတာပတ္တိ မဂ်ဉာဏ်က ပယ်ထိုက်တဲ့ ဒိဋ္ဌိဝိစိကိစ္ဆာ သီလဗ္ဗတပရာမာသ....ဆိုတဲ့ တရား တွေဟာ ပယ်ပြီးသား ဖြစ်သွားတယ်....(မှန်ပါ့)။

ဩော်....ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ တရားနာ နည်း နိဿည်းကို အခု ဆရာဘုန်းကြီးက ပေးလိုက်ပြန်တော့ တရားနာရင်းကို ကိစ္စပြီးနိုင်တဲ့ သဘောတွေလဲ အဋ္ဌကထာဆရာ

ရေးထားတဲ့အတွက် ဦးခင်မောင်ရေ....ဒီနာနည်းကိုလက်မလွှတ်ပါနဲ့....(မှန်ပါ့)။

တကာသစ်....ဘာတဲ့တုံး.... (ဒီနာနည်း လက်မလွှတ်ပါနဲ့) ဦးဇင်္ဂံရင်တို့ နာနည်းပေမဲ့ အရေးကြီးတယ်နော်....(ကြီးပါတယ်ဘုရား)။

နာနည်းပေမဲ့ တကာ တကာမတို့ အရေးကြီးတယ်ဆိုတာ သေသေချာချာမှတ်ကြပါ....(မှန်ပါ့)တရားနာတာ ဘုန်းကြီးကပြောတယ်၊ ကုသိုလ်ဖြစ်ရုံကလေး မနာလိုက်ပါနဲ့....(မှန်ပါ့) ပဋိစ္စသမုပ္ပါဒ် ပြတ်သည့်တိုင်အောင် နာလိုက်ပါ.... (မှန်ပါ့) ဦးခင်မောင် ဘယ်လိုမှာသတုံး....(ပဋိစ္စသမုပ္ပါဒ်ပြတ်သည့်တိုင်အောင် နာလိုက်ပါဘုရား)။

ပဋိစ္စသမုပ္ပါဒ်ပြတ်သည့်တိုင်အောင် နာလိုက်ပါလို့ဆိုတော့ နောက် အလုပ်နဲ့လဲ ပြပါလိမ့်မယ် တကာတကာမတို့ ပဋိစ္စသမုပ္ပါဒ်ပြတ်ဆိုတဲ့ဥစ္စာက ပဋိစ္စသမုပ္ပါဒ်က "ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ" ဆိုတာ ဦးခင်မောင် မပြတ်တာ....(မှန်ပါ့-မပြတ်တာပါ) မပြတ်တဲ့ ပါဠိတော်နော်.... (မှန်ပါ့)။

'ဧဝမေတဿကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ' ဆိုတာက ပြတ်လို့ နိဗ္ဗာန်ရောက်တာ ပြောတာ- (မှန်ပါ့) အဲဒါကြောင့် တကာ-တကာမတွေက နားက ဘာလုပ်ကြမယ်.... (နာရပါမယ်ဘုရား) နားကဖြင့် တရားဘဲ ဘုန်းကြီး ဟောတဲ့ ဝိပဿနာတရားဘဲ နာရမှာဘဲ....(မှန်ပါ့)။

မိုးကုတ်ဝိပဿနာ လုပ်ငန်းစဉ်တရား (၅)

သို့သော် နာရုံကလေးနဲ့ ပြီးသလားလို့....မေးတဲ့ အခါကျတော့ ဓမ္မသာဝနကုသိုလ်ကလေးနဲ့ တကာ တကာမတွေ့နိဗ္ဗာန် မရောက်နိုင်သေးတော့ ကိုယ့်ပဋိစ္စသမုပ္ပါဒ်ကို ကိုယ်ဖြတ်တော့ကို ဉာဏ်က ခန္ဓာထဲလှုတ်လိုက်တော့ ဉာဏ်က ဝေဒနာ ရှုတဲ့ပုဂ္ဂိုလ်ဟာ ဝေဒနာကို ဖြစ်ပျက်ရှုလိုက်၊ စိတ်ကြိုက်တဲ့ပုဂ္ဂိုလ်ဟာ စိတ်ကို ဖြစ်ပျက်ရှုပြီးသကာလ နာနေလိုက်တဲ့ အခါကျတော့ ဟော-ဦးခင်မောင်တို့....ဦးဝတို့....ပဋိစ္စယမုပ္ပါဒ် ပြတ်ပါရောလား။ဗျာ....(ပြတ်ပါတယ်ဘုရား)။

အဲဒါ ဉာဏ်က ခန္ဓာကိုယ်ထဲမှာ စေလှတ်လိုက်တဲ့ အတွက်နော်....(မှန်ပါ့)ဉာဏ်ကစေလှတ်လိုက်တော့ ဝိပဿနာဉာဏ်က ကိုယ့် ပဋိစ္စသမုပ္ပါဒ်ကို ဖြတ်ထားလိုက်တော့ နောက် ပဋိစ္စသမုပ္ပါဒ်ဖြတ်တဲ့ ဝိပဿနာ ဉာဏ်က ရင့်ကျက် လာပြန်တော့ ဉာဏ်က အဲဒီခန္ဓာကိုယ်ထဲလှုတ်လိုက်လို့ ရင့်ကျက်လာပြန်တော့လဲ ဉာဏုတ္တရဿ=ဉာဏ်သည်တဲ့၊ ဥတ္တရဿ = အထူးသဖြင့် မြတ်လာတယ်....(မှန်ပါ့) ကြီးကျယ်လာတယ်၊ ထက်မြက်လာတယ်ဆိုတာပါဘဲ့....(မှန်ပါ့)။

အဲဒီဉာဏ်တွေ့ ထက်မြက်လာပြီဆိုတော့ တကာတကာမတို့ ခုနင်ကဖြစ်ပျက်တွေ့မမြင်ဘဲနဲ့ နိဗ္ဗာန်ကိုမြင်တဲ့ ဉာဏ်မြတ်ကြီး တခု ဖြစ်လာတယ်လို့ ဆိုတဲ့ဥစ္စာ ဦးခင်မောင်တို့....တကာဝတို့ မှတ်မိပလား....(မှတ်မိပါပြီဘုရား)။

ဒါဖြင့် ပဌမဉာဏ်နဲ့ ခန္ဓာကိုယ်ထဲ လှုတ်တော့ကို မရင့်သေးဘူးပေါ့ဗျာ....(မှန်ပါ့)လှုတ်ပါမျှားလာတော့ ဘယ့်နှယ်ဆိုကြမလဲ....(ရင့်လာပါတယ်ဘုရား)။

ရင့်လာတော့ မဂ်ဉာဏ်ဖြစ်ပြီးသကာလ ပဋိစ္စသမုပ္ပါဒ်ကြီး ဘယ်နှယ် နေပါလိမ့်....(ပြတ်ပါတယ်ဘုရား) ဟာ့.... ပဋိစ္စသမုပ္ပါဒ် ပြတ်တယ်ဆိုတော့ စာလို ပဋိစ္စသမုပ္ပါဒ်၊ခန္ဓာလိုတော့ တကာတကာမတို့ ဒုက္ခပြတ်တာပါလား....(မှန်ပါ့)။

ခန္ဓာလိုတော့ ဘာတဲ့....(ဒုက္ခပြတ်တာပါဘုရား)ခန္ဓာအလို တော့ ဒုက္ခပြတ်တာ သိတော့ ဒုက္ခနိရောဓော နိဗ္ဗာနံ....(မှန်ပါ့) သဘောကျပလား (ကျပါပြီ) 'ဒုက္ခဿအန္တံ ကရိဿတိ' ဒုက္ခဿ = ဒုက္ခ၏၊ အန္တံ =အဆုံးကို၊ ကရိဿတိ= ထက်တဲ့ ဉာဏ်ကမျက်မှောက်ပြုနိုင်၏လို့....သံယုတ်ပါဠိတော်ကြီးအရဏဝတီသုတ်မှာ ဟောထားတော့ သြော်....ဉာဏ်ထက်လာလို့ ရှိယင်ဖြင့် ဒုက္ခအဆုံးမြင်တဲ့ ဉာဏ်လာတော့ ဒုက္ခကိုမရှိတော့ပါကလားဆိုတာ တကာဝတို့ ဦးခင်မောင်တို့ ပေါ်လာကြပြီနော် (ပေါ်လာပါပြီဘုရား)။

ဒါ့ကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ့ တရားလဲ နာကြပါ၊ဘယ်မှာမဆို တရားနာကြပါ နာပြီးသကာလ နာနည်းတော့ဖြင့် ဒီနည်း မပြောင်းပါနဲ့လို့ သတိပေးလိုက်ပါတယ်....(မှန်ပါ့)။

နားကဘာတဲ့-(တရားနာရမယ်)ဉဝဏ်က(ခန္ဓာကိုယ်လှည့်ရပါမယ်)လှည့်ဖန်များတော့ဉာဏ်ဘာဖြစ်သလဲ.... (ထက်ပါတယ်ဘုရား)။

ထက်လာလို့ရှိယင်ဖြင့် ဒီဉာဏ်သည် နိဗ္ဗာန်မျက်မှောက်ပြုပြီ....(မှန်ပါ့) နိဗ္ဗာန် မျက်မှောက်ပြုယင် ခန္ဓာပဋိစ္စသမုပ္ပါဒ်ဘယ်နှယ်နေသလဲ....(ပြတ်ပါတယ်) ဒါဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဟောတဲ့အတိုင်း....

ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာဘာပိုနော့ စျာယတော ဗြဟ္မဏာသ။
အထသ ကခ်ါ ဝပယန္တိ သဗ္ဗာ၊
ယတော ပစ္စယာနံ ခယံ အဝေဒီ....တဲ့။

သြော်....အကြောင်းတရားတွေ ချုပ်သွားတာဖြင့် သိလိုက်ပါပြီဆိုတော့ ဒုက္ခအကြောင်းတွေ ချုပ်မသွားသေးဘူးလား.... (ချုပ်ပါတယ်) အဲ....ဒုက္ခချုပ်တာ ဘာခေါ်ကြမယ်.... (နိဗ္ဗာန်ပါဘုရား)။

သြော်....ဒါဖြင့် တကာတကာမတို့နားက ဘုန်းကြီးတရားကို နာပါ၊ဉာဏ်က ခန္ဓာကိုယ်ထဲလှည့်ပါ၊လှည့်ဖန်များ၍ ဥဒ္ဒဝဏ်ထက် လို့ရှိယင် ဒုက္ခအဆုံး မြင်ပါတယ်....(မှန်ပါ့)၊

သေသေချာချာမှတ်ပါ တကာတကာမတို့ အင်မတန်ကြားရ ကြုံရခဲတယ်၊ကုသိုလ်ဖြစ်ရုံကလေးမနာလိုက်ပါနဲ့ ဆိုတာကလေး ဟာ ကုသိုလ်ဖြစ်ယင်ဘဲ ဘုန်းကြီးတို့က အများကြီးကျေနပ်ပါပြီ၊ အခုတော့ဖြင့် ဉာဏ်တွေကလဲ ထက်လာတဲ့ပုဂ္ဂိုလ်တွေ့ ဆရာဘုန်းကြီးကလဲ နည်းပေးပြီးသကာလ ဘုရားကလဲနည်းပေးထားပြီး ရှိပြန်တော့ သြော်....ဒို့သည် သံသရာမရှည်ပါနဲ့တော့ ဆိုပြီးသကာလ သံသရာပြတ်ချင်တော့ နားကတရားကိုနာ၊ ဉာဏ်က ခန္ဓာကိုယ်လွှတ်....(မှန်ပါ့)။

နားက(တရားနာ)ဉာဏ်ကတော့(ခန္ဓာကိုယ်လွှတ်ရပါမယ်) အဲ-ခန္ဓာကိုယ်ကြည့်လိုက်၊ကြည့်ဖန်များယင် ဒီဉာဏ် ဘာဖြစ်မယ်

(ထက်မြက်လာပါတယ်ဘုရား)အဲ့-ထက်မြက်လာလိမ့်မယ်၊မလာပေဘူးလား....(လာပါတယ်ဘုရား)။

အဲ့ဒီကဲ့သို့ထက်မြက်လာသည်နဲ့တပြိုင်နက်တည်း ဘုန်းကြီးတို့တကာတကာမတွေ့ ဥာဏ်ရတွေ့ရသာ ပေါ်တဲ့အတိုင်း ဥာဏ်ထက်မြက်လာပါရော၊ ဒုက္ခချုပ်တဲ့ နိဗ္ဗာန်မြင်ရပါပြီ(မြင်ရပါပြီဘုရား)။

အဲ့ဒီတော့ အထူးတလည်အားထုတ်စရာ ရှိသေးသလား....၊ ဒီနေရာမှာဘဲ ကိုယ့်ပါရမီ ကိုယ့်ဥာဏ်စွမ်းအလိုတ် ကိစ္စမပြီးနိုင်ပေဘူးလား....(ပြီးနိုင်ပါတယ်ဘုရား)။

အဲ့....ဒါကြောင့် ဘယ်နေရာဘဲ ပြီးပြီး၊ အလွယ်နဲ့ ပြီးလဲအကောင်းဆုံးပါဘဲ၊ပြီးဘို့ရာ အရေးသာ ကျုပ်တို့ ကြီးပါတယ်(မှန်ပါ့ဘုရား)မောင်မြတို့-သဘောကျပလား....(ကျပါပြီ) နားက ဘာလုပ်ကြမတုံးဟေ့....(နားကထောင်ရပါမယ်ဘုရား)။

နားက ခန္ဓာငါးပါး ဘုန်းကြီးဟောတဲ့ ဝေဒနာဖြစ်ပျက်, စိတ်ဖြစ်ပျက်,ရုပ်ဖြစ်ပျက်တွေ့ သူဟောနေတာ နာတာပေါ့ဗျာ-(မှန်ပါ့ဘုရား)ဥာဏ်ကမကြားဘူး တကာတကာမတို့ရဲ့ ကြားတာက နားက ကြားတာ....(မှန်ပါ့)။

နားကကြားတဲ့တရားတွေ့ကိုမှ ဥာဏ်နဲ့ ခန္ဓာကိုယ်ထဲ လွှတ်ကြည့်ရမယ်(မှန်ပါ့)သြော်....ကြားတဲ့အတိုင်း ကြားတာက ဖြစ်ပျက်တွေ့ ခန္ဓာကိုယ်ထဲမှာ သဗ္ဗေသင်္ခါရာ အနိစ္စာရယ်၊ အနိစ္စာဝတ သင်္ခါရာတွေ့သာ ရှိတယ်ဆိုတဲ့ဥစ္စာ နားက ကြားတောင်မှ ဥာဏ်က တကယ်ရှိ-မရှိ ခန္ဓာကိုယ်ထဲမှာဝေဘန်လာတယ်....(မှန်ပါ့ ဝေဘန်ပါတယ်ဘုရား)။

ဝေဘန်လိုက်တဲ့အခါကျတော့ ဉာဏ်နဲ့တွဲသွားလိမ့်မယ်.... (မှန်ပါ့)ဘယ်လိုပါလိမ့်....(ဉာဏ်နဲ့တွဲသွားပါလိမ့်မယ်)ဉာဏ်နဲ့တွဲသွားတဲ့အခါ ဟာ....ဒါဖြင့် ဖြစ်ပျက်နဲ့ ဝိပဿနာမဂ်နဲ့ ကိုက်ပါပေါ့လားဆိုပြီး ကြိုးစားပြီးသကာလ တကာတကာမ တွေ့ ဒီ ထိုင်ရင်းရှုလိုက်တာပေါ့ဗျာ....(မှန်ပါ့)။

ရှုလိုက်တော့ ဒီဉာဏ်သည် ရှုဖန်များလာတော့ ခန္ဓာကပဋိမတော့ ဖြစ်ပျက်တွေ့တာ နည်းတယ်နော်.... (မှန်ပါ့)နောက်ကျတော့ဖြစ်ပျက်တွေ့က တစပ်တည်းဖြစ်ပြီး မလာပေဘူးလား.... (လာပါတယ်ဘုရား)။

အဲဒီကဲ့သို့ လာတဲ့အခါကျတော့ဖြင့် ဦးခင်မောင်တို့-တကာဝတို့ ဉာဏ်ထက်လို့ မှတ်ပေတော့....(မှန်ပါ့) ဉာဏ်ထက်တော့ ဒီဉာဏ်သည်ကားလို့ ဆိုလို့ရှိယင် တကာတကာမတို့တဲ့ ဒီထက်ပိုထက်တဲ့ အခါကျတော့ ဒါတွေ့ ဒုက္ခသစ္စာဘဲလို့ ပိုင်းခြားချလိုက်တော့ ဒုက္ခတွေ့ ချုပ်မသွားဘူးလား.... (ချုပ်သွားပါတယ်ဘုရား)။

ဒုက္ခတွေ့ချုပ်သွားလို့ ရှိယင်ဖြင့်တဏှာချုပ်လို့ ဒုက္ခချုပ်တာဘဲ့....(မှန်ပါ့)ဒီဋ္ဌိချုပ်လို့.... (ဒုက္ခချုပ်တာပါဘုရား) ဝိစိကိစ္ဆာချုပ်လို့....(ဒုက္ခချုပ်တာပါဘုရား)။

အဲ....ဒုက္ခချုပ်တဲ့ ခုနင်က နိဗ္ဗာနံ မဂ္ဂဿ နိဗ္ဗာနံ ဖလဿ အာဝရမ္မဏပစ္စယေန ပစ္စယော ဆိုတဲ့ မဂ်ဉာဏ်,ဖိုလ်ဉာဏ်ပေါ်လာတယ်....(မှန်ပါ့) မပေါ်လာပေဘူးလား.... (ပေါ်လာပါတယ်ဘုရား)။

အဲဒါကြောင့် အင်မတန်ကံကောင်း အကြောင်းသင့်ပြီး သကာလ နေတဲ့အခါ တရားနာနည်းနိသျည်းကိုလဲ တကာတကာမတွေက အမှန်အကန်ရပြန်တော့ ဒို့သည်ကားလို့ ဆိုလို့ရှိယင် ဆရာဘုန်းကြီးမေးလဲဖြေမကွ-၊ သဘောကျပလား....(ကျပါပြီ) ဉာဏ်နဲ့လဲခန္ဓာကိုယ်မေးတဲ့အခါ - လှည့်နေမယ်ကွ(မှန်ပါ့)လှည့်ဖန်များယင် ဉာဏ်ဘာဖြစ်လာမလဲ(ထက်လာပါမယ်)ထက်လာလို့ရှိယင် ခန္ဓာပဋိစ္စသမုပ္ပါဒ် ဘာဖြစ်မလဲ-(ပြတ်ပါတယ်ဘုရား) ပြတ်မယ်ဆိုတာမသေချာဘူးလား.... (သေချာပါတယ်ဘုရား)။

ဒါ့ကြောင့် ယနေ့ ထူးထူးလည်လည်ဘဲ ဒီ တကာတကာမတွေ တရားနာနည်း နိသျည်းပြောရပါတယ် ဆိုတာကော သဘောကျပလား....(ကျပါပြီဘုရား)။

ကောင်းပြီ ဒီဥစ္စာ ဘယ်မှာလာပါလိမ့်မလဲလို့ မေးတဲ့အခါကျတော့မှ တကာတကာမတို့ အနာထပိဏ် သူဌေးကြီးရဲ့သားကာလဆိုတာ ကြားဘူးတဲ့ပုဂ္ဂိုလ်လဲ ကြားဘူးကြပါပြီ ဦးခင်မောင်....(မှန်ပါ့)အနာထပိဏ် သူဌေးကြီးရဲ့သား ဘယ်သူပါလိမ့်....(ကာလပါဘုရား)။

အေး....ကာလဆိုတဲ့သား ရှိတယ်နော်....၊ ဒါကလေး နည်းနည်း နားထောင်ပါဦး၊ ပြီးတော့မှ သုသိမကိုပြောတာပေါ့.... (မှန်ပါ့) တကာတကာမတို့ အနာထပိဏ် သူဌေးကြီးရဲ့သား ဘယ်သူပါလိမ့်....(ကာလပါဘုရား)။

အေး....ကာလ-ကာလ-နော်....(မှန်ပါ့)အနာထပိဏ် သူဌေးကြီးကတော့ သောတာပန် တည်းပြီးသကာလ နေတော့တယ်

ဦးခင်မောင်ရေ....(မှန်လှုပါဘုရား) သူ့သားက တေလေဖြစ်နေတယ်....(မှန်လှုပါ) သူကသောတာပန်၊ သားက ဘာတုန်း....(တေလေပါဘုရား)။

အင်း....အဖေကသောတာပန်၊ သားက တေလေဖြစ်နေတော့ အဖေလုပ်တဲ့ပုဂ္ဂိုလ်ဆိုတော့ ရင်သွေးဖြစ်တဲ့သားကို ဘယ်နည်းနှင့်မှ အပါယ်သွားတာ မကြည့်နိုင်ဘူး....(မှန်ပါ့)။

အပါယ်သွားတာ မကြည့်နိုင်တာ နဲ့ကွာ....ကာလ တို့မျိုးမိုက်လိုက်တာ၊ တနေ့မှာ ငါ့မှာ သံဃာငါးရာ နေ့တိုင်း ဖျာတွေခင်း ယာဂုတွေကပ် ဆွမ်းချိန်-ဆွမ်းကပ်လို့ ဒီလောက် သာသနာတော်ကြီး ငါ ချီးမြှောက်ပြီး သကာလနေတာ ကူဖေါ်လောင်ဖေါ်မရ၊ တရားနာဖေါ်မရ၊ နေ့တိုင်း အနုမောဒနာပြုတာလဲ ဒီအိမ်ပေါ်မှာ ဒီတိုက်ပေါ်မှာ ဒါလဲ အနုမောဒနာပြုဖေါ်မရဘူး၊ ငါ့ရှေ့တွင် ဒီအကောင် အပါယ်သွားတာတော့ ငါသည် အဖဖြစ်ပြီး မေတ္တာကရုဏာ တွေက မျှားလွှန်းလို့ သူ့ကိုဖြင့် မကြည့်နိုင်ဘူးဆိုပြီးသကာလ လောကကြီး၌ ငွေနှင့် ဖြားယောင်းလို့ရှိယင်ဖြင့် မရတဲ့ပုဂ္ဂိုလ်တော့ ရှားပါတယ် ဆိုပြီးသကာလ ဦးဝ-ရေ....ငွေနဲ့ဖြားယောင်းတယ်နော်....(မှန်လှုပါဘုရား) ဘာနဲ့ ဖြားယောင်းသလဲ....(ငွေနဲ့ ဖြားယောင်းပါတယ်ဘုရား)။

ငွေနဲ့ ဖြားယောင်းရပြန်တယ်၊ ကာလ-ရေ....အနာထပိဏ်သူဌေးကြီးက ခေါ်လိုက်တယ်၊ လာစမ်းပါဦးကွ၊ မင်းကွာ....ဘုရားကျောင်းတော်မှာ ငါ ကျောင်းတကာလဲ ဖြစ်နေတယ်၊ အဲဒီဘုရားကျောင်းမှာ မင်းနဲ့လဲ အင်မတန် အကျွမ်းဝင်တဲ့

သံဃာတွေဟာ အကုန်ရှိနေတာဘဲ၊ တနေ့တလေမျှား ကျောင်းသွားပြီး ဥပုဒ်စောင့်လို့ ရှိယင်ကွာ.... အဖလုပ်တဲ့ ပုဂ္ဂိုလ်က မုန့်ဘိုး တရာပေးမယ်ဟေ့.... (မှန်လှပါဘုရား) ဘယ်လောက်ပေးပါလိမ့်....(တရာပါဘုရား)။

အဟုတ်လားလို့၊ တရာဆိုပေမဲ့ ရှေးဥကတော့ ဦးခင်မောင် အဘိုးတန်တယ်နော်.... (မှန်ပါဘုရား) အခုတရာမျိုးနဲ့ သွားမတွက်နဲ့၊ ရှေးဥက အဘိုးစာန်တယ်လို့မှတ်ထားပါ....(မှန်ပါဘုရား)။

အဲဒီကဲ့သို့ တရာပေးမယ်ဆိုတော့ အဟုတ်လားလို့ မေးတယ်ဟုတ်ပါတယ်ကွ၊ ငါက ဘယ်လိမ်လိမ့်မတုံး၊ သောတာပန်ကဘယ်လိမ်လိမ့်မတုန်း ဦးခင်မောင်....(မှန်လှပါဘုရား) ဦးဝ....လိမ်ပါ့မလား....(မလိမ်ပါဘုရား)။

အဲ....မလိမ်တာနဲ့.... ငါမလိမ်ပါဘူးကွ၊ မင်း တနေ့တည်း ဥပုဒ်စောင့်၊ ပြန်လာလို့ရှိယင်ဖြင့် သေသေချာချာ ငွေတရာပေးပါမယ်ဆိုတော့ ကဲ....ကောင်းပြီ၊ ကျုပ် ဥပုဒ်သွားစောင့်မယ်ဆိုပြီးသကာလ ဘုရားကျောင်းတော် အနာထပိဏ်သူဌေးဆောက်တဲ့ကျောင်းမှာဘဲ သွားလိုက်တယ်၊ သွားပြီးသကာလ ဥပုဒ်စောင့်သလိုလို ဘာလိုလိုနဲ့ တကာဝ-ရေ.... ကျောင်းမှာအိပ်ပြီး ပြန်ခဲ့တာပေါ့....((မှန်လှပါဘုရား)။

သူက ငွေတရာလို့ချင်လို့ သွားတာကိုး....(မှန်လှပါ)ငွေတရာလို့ချင်လို့ သွားတာဖြစ်ပြီးသကာလနေတော့ သူသည် ငွေရဘို့ဘဲ တကာသစ်တို့ အရေးကြီးနေတယ်....(မှန်လှပါဘုရား)သီလ

ဆောက်တည်ဘို့ သူ့အရေးဟုတ်ပါရဲ့လား....(မဟုတ်ပါ)
ငွေရဘို့အရေးက သူ့အရေးပေါ့ဗျာ....(မှန်လှပါဘုရား)။
အဲဒီလိုနဲ့ဘဲ သူသွားပြီး ဆောက်တည်ပြီးသကာလ တည
အိပ်တယ်ကျောင်းမှာ၊ မနက်ကျတော့ ဘုရားနဲ့တက္ခ သံဃာ
ငါးရာကလဲ အိမ်ကြွလာတဲ့အခါ သူကနောက်ကနေပြီးလိုက်လာ
တာပေါ့ဗျာ....(မှန်ပါ့ဘုရား)။

အဖလုပ်တဲ့ပုဂ္ဂိုလ်က အိမ်ပြူတင်းပေါက်ကနေပြီး ထွက်ပြီး
ကြည့်လိုက်တယ်၊ ဩော်....ငါ့သားဖြင့် ညစာတောင် မစားဘဲ
နဲ့ညပုဲစောင့်လာတဲ့ဥစ္စာ သူ့အစေခံတွေကို ယာဂုတို့ ဘာတို့
ပြင်ထားကြပါကွာ၊ ကာလဟာ ညပုဲစောင့်လာတယ်ဟေ့-လို့
ဆိုပြီးသကာလ ဘုရားနဲ့အတူ အိမ်ပေါ် တက်လာပြီးသကာလ
ဘုရားကိုဆွမ်းတွေ ဘာတွေ ယာဂုတွေကပါ၊ သံဃာတော်တွေ
ကပ် ကာလလဲ အစေခံတွေပြောထားလို့ သူလဲ ဆာလာတယ်
ကွ၊ မင်းတို့က မြန်မြန်ပြင်ပြီး ဆင်ပြီး ကြွေးကြ မွေးကြကွ
ဆိုတော့ ဦးခင်မောင် ဘုရားနဲ့ သံဃာတွေကတော့ဘုန်းပေးနေ
ပြီ၊ ကာလက ဇွန်းတောင် မကိုင်ဘူးတဲ့ ယာဂုသောက်ဘို့....
(မှန်လှပါဘုရား)။

ဘာဖြစ်လို့ မကိုင်သတုန်းမေးတဲ့အခါကျတော့ ငွေမရယင်
မသောက်ဘူးကွတဲ့....ရိပ်မိပလား....(ရိပ်မိပါပြီ) ဘာဖြစ်တာပါ
လိမ့်....(ငွေမရလို့မသောက်တာပါ) ငွေမရ-မသောက်ဘူးဆို
တော့ တကာသစ် သေချာပြီဗျ (မှန်ပါ့)ဘယ်လို သေချာ
သတုန်း....(ငွေမရယင် မသောက်ပါ) ငွေမရယင်မသောက်
ဘူးဆိုတော့ ဦးခင်မောင်....အခက်ကြီးပါလားဗျ....ဟင်....(မှန်
ပါ့ဘုရား)။

အဲဒီလို ဖြစ်ပြီးသကာလနေတော့ အနာထပိဏ် သူဌေးကြီးကလဲ ဆွမ်းတွေ့ ဆန်ပြုတ်တွေအမျိုးမျိုးအဖုံဖုံကြိုက်တတ်ရာရာတွေမှာ သူမှာ သူဌေးဖြစ်လို့ အကုန် အစုံအလင် ကပ်ပြီး သကာလ သူသားဆီ လာရှာတာပေါ့၊ သမုဒယကတော့တကာတကာမတို့ သောတာပန်ပေမ့ ဒဋ္ဌဝစကစ္ဆာဿာ ပယဿေးတာကိုး....(မှန်လှပါ) သမုဒယ ၄-ပိုင်း ၁-ပိုင်းသာ ဆိုတော့ ၄-ပိုင်း၃-ပိုင်းက ကျန်နေသေးတယ်....(မှန်ပါ့ဘုရား)။

ကဲ....ဒါနဲ့ သူသားဆီလာတယ်၊ ဟေ့.... ကာလ၊ မင်း မငန့်ညက ဥပုသ်စောင့်တယ်၊ ထမင်းကလဲ ဆာလှမှာပေါ့၊ ယာဂုသောက်ပါလား၊ ဟာ....မသောက်ဘူးဗျာ....။

ဟာ....ဘယ်နှယ်ကြောင့် မသောက်တာတုန်း....တဲ့၊ အို....ငဋ္ဌ တရားပေးမယ်ဆိုတဲ့ဥစ္စာ ငဋ္ဌတရားရမှသောက်မယ်၊ အမောလေးဗျာ...ယာဂုသောက်ဘို့ကို ငဋ္ဌတရား ပေးရဦးမယ်တဲ့.... (မှန်ပါ့ဘုရား) တကာတကာမတို့ လှယ်ရဲ့လား....(မလှယ်ပါဘုရား) သဒ္ဓါဆိုတာ ပါရဲ့လား....(မပါ ပါဘုရား)။

အဲဒီတော့ သဒ္ဓါဆိုကာမပါဘဲ ဖြစ်ပြီးသကာလ နေတော့ အဖေလုပ်တဲ့ပုဂ္ဂိုလ်ဆိုတော့ ဦးခင်မောင်-ကြည့်မနေနိုင်ဘူးပေါ့ (မှန်ပါ့ဘုရား)။

ဒါနဲ့ ငဋ္ဌတရားယူပြီး ဒီနေ့ခချတော့မှ သူ့ကို ပေးတော့မှ တကာတကာမတို့ ခုနင်ကပြောတဲ့ ယာဂုကို သောက်ပါတယ်-(မှန်ပါ့ဘုရား)။

ဒါဖြင့် တကယ် သဒ္ဓါတရားပါရဲ့လား မေးယင် ဘယ်နှယ်ပြောမလဲ....(မပါ - ပါဘုရား) မပါ-ပါဘူး။ သို့သော် အဖေ

လုပ်တဲ့ပုဂ္ဂိုလ်မို့ ယဉ်းသွင်းရတဲ့ အဓိပ္ပါယ်ပေါ့ဗျာ.... (မှန်ပါ့ဘုရား)ခင်းဗျားတို့ သားတွေသမီးတွေလဲ ဒီလိုဘဲ ဟ.... သံဃာတော်တွေ ဝတ်ချကြဟ။ ဟ....ဆွမ်းကွမ်း,ကပ်ချေပါဟ။ ဟ.... ကျောင်းသွား ဘာကလေး ပို့ချေပါဟ ....အစရှိသည်နဲ့ ဒီလို ယဉ်းသွင်းကြရတာဘဲ....(မှန်ပါ့ဘုရား) သူလဲ ယဉ်းသွင်းရှာတာဘဲ။

ဒါနဲ့ ငွေတရာရတော့မှ ယာဂုသောက်ပြီး သကာလဒီနားမလာပါဘူး၊ သူ့ဟာသူ ငွေတရာ သုံးဖြုန်းပြီး သကာလဦးခင်မောင် ကုန်တာဘဲ....(မှန်လှုပါဘုရား)။

ဒါနဲ့ ငွေတရာနဲ့ ကျောင်းတော့ တခေါက်သွားဖေါ်ရပြီ ကွတော်ပြီ၊ ဒီအကောင် နောက် ၄-၅ -ရက် နေတဲ့အခါကျတော့ ကာလ လာပါဦးကွ၊ ငွေနဲ့ ဖြားယောင်းလို့ရမှန်းသိပြီ၊ ကျောင်းသွားလို့ပေါ့ဗျာ....(မှန်ပါ့)ကျောင်းသွားတယ် ဆိုကတည်းက နည်းနည်းတော့အဘိုးတန်လာပြီ....(မှန်ပါ့)။

ဒါနဲ့ ကာလရေ.... ဒီတခါတော့ကွာ တထောင်ဟေ့.... စျေးတက်သွားတယ်၊ ဒီတခါတော့ ကျောင်းသွားပြီး တရားကလေးတပုဒ်ထည်းမှတ်၊မှတ်လို့ရှိယင်တထောင်ပေးမယ်ကွတဲ့.... (မှန်လှုပါဘုရား)။

ဟုတ်ပါ့မလား....တဲ့၊အို....မင်းနှယ် အရင်တရာတုန်းက သေချာပြီးသားဘဲ၊ မင်းဟုတ်ပါ့မလားလို့ မေးမနေနဲ့တော့သွား သာသွား၊ တရားတပုဒ်ထည်းမှတ်မိလို့ရှိယင်တထောင်၊ ဂါထာ ၄-ပါဒရှိတဲ့အနက်က ရှစ်လုံးလောက် မှတ်မိယင်ဘဲ သူက တထောင်ပေးတော့မယ်....(မှန်ပါ့ဘုရား)။

အဲ....ဒါနဲ့ အရင်ဥတွေကလဲ သူဟာ ရ-တာသိနေတာနဲ့ ဒီတခါတော့သွားမှာဘဲ၊ ဥတထောင်ဆိုတော့ နည်းတာမဟုတ် ဘူးဆိုပြီးသကာလ တကာ တကာမတို့ ဥတထောင်ပေးပြီး ကျောင်းတော်သွား၍ တရားနာခိုင်းလိုက်တယ်၊ဥပုသ်စောင့်ပြီး တရားနာခဲ့ကွတဲ့။

ဒီတော့ ဘုရားတရားကို နာရှုတာဘဲ နားကနာလိုက်၊ ဥာဏ်ကခန္ဓာကိုယ်ထဲမလွှတ်တော့ ပျောက်ပျောက်သွားတယ်.... (မှန်ပါ့)။

နားကတော့....(နာပါတယ်ဘုရား) ဥာဏ်က ခန္ဓာကိုယ်ထဲ မလွှတ်တော့....(ပျောက်ပျောက်သွားတယ်) မဖြစ်သေးပါ ဘူး၊ ငါ့မှာ မှတ်မိမှ တထောင်ရမှာ....ဂွကျနေတာက၊ ရိပ်မိကြ ပလား....(ရိပ်မိပါပြီဘုရား)။

ဘယ်လိုမှ တထောင်ရမှာတုန်း.... (မှတ်မိမှတထောင်ရမှာ ပါ) မှတ်မိမှတထောင်ရမှာဖြစ်နေတော့ တကာတကာမတို့.... ဒီအတိုင်း မှတ်လို့တော့ မဖြစ်တော့ဘူး၊ နားကတွင်မှတ်လို့ တော့မဖြစ်ဘူး၊ ခန္ဓာထဲမှတ်မှရမှာ....ပေါ်လာတယ်....(မှန်ပါ့) တကာတကာမတို့ ဘယ်လိုမှတ်ရမှာတုန်း .... (ခန္ဓာထဲမှတ်မှ ရမှာပါဘုရား)။

အေး....ခင်ဗျားတို့လဲ ကာလအမျိုးတွေမို့ ဟောနေရတယ် နော်....ရိပ်မိကြပလား....(ရိပ်မိပါပြီ) ခင်ဗျားတို့လဲ တော်တော် ကြာ အိမ်ကျတော့ ဘုန်းကြီး ဘာဟောလိုက်ပါလိမ့်၊ အို.... ခလုတ်တိုက်တာနဲ့ မေ့လိုမေ့၊ စိတ်ကျွတ်တာနဲ့ မေ့လိုမေ့ တကာတကာမတို့ ကိုယ်နဲ့ ကာလနဲ့အတူတူဘဲမကျဘူးလား.... (ကျပါတယ်ဘုရား)။

အဲဒါကြောင့်....တဲ့ ဒီလိုလဲမဖြစ်ကြပါစေနဲ့ ဆိုပြီး သကာလ ခုနင်က စကတည်းက "ဒေသနာ ဉာဏာ နုသာရေန ဉာဏံ ပေသေန္တိသ ဉာဏုတ္တရဿ ဟောတိ" ဆိုပြီးသကာလ ဒီ-အဋ္ဌကထာပါဠိကို ဦးခင်မောင်ရေ.... ကိုးကားပြီး ဒီ-ဝတ္ထုထုတ်ခဲ့ရတယ်နော်....(မှန်ပါဘုရား)။

ဒါနဲ့ ဘုရားက သဗ္ဗေသခ်ါရာ အနိစ္စာတွေ ဟောလိုက် သဗ္ဗေသခ်ါရာဒုက္ခာတွေဟောလိုက်၊ ကာလ နားကတော့ကြား ပါရဲ့ ဘယ်ဟာ အနိစ္စ၊ ဘယ်ဟာ ဒုက္ခရယ်လို့ သူမသိဘူး....(မှန်ပါဘုရား)။

ဒါနဲ့ မဖြစ်ပါဘူးဆိုပြီးသကာလ မောင်မြရေ ခန္ဓာကိုယ်ထဲလှည့်လိုက်တယ်၊ ခန္ဓာကိုယ်ထဲ လှည့်လိုက်တော့ ခန္ဓာကိုယ်က ဖျတ်ဖျတ်-ဖျတ်ဖျတ်နဲ့ ပျက်စီးနေတာကလေးမြင်တော့ ဩော် ဒါ-အနိစ္စပါကလား.... ဩော်.... ဒါ-ဒုက္ခ ပါကလား ဩော်.... ဒါ....အနတ္တာဘဲဆိုတော့ ဩော်....အနိစ္စ ဒုက္ခ အနတ္တ ဟောတာ၊ ဒီ့ပြင်ဘာမှမဟောဘူး....(မှန်ပါ့) ဒီလို သူနာတာပေါ့ဗျာ....(မှန်ပါဘုရား) ဘယ်ကြည့် နာပါလိမ့်.... (ခန္ဓာကြည့် နာပါတယ် ဘုရား)။

ခန္ဓာကြည့်နာရင်းနဲ့ တကာတကာမတို့ ဉာဏ်က ခုနင်က ပြောသလို 'ဉာဏုတ္တရဿ ဟောတိ' ဆိုတဲ့အတိုင်း ဉာဏ်က အလွန်ကြီးကျယ် မြင့်မြတ်တဲ့ ဉာဏ်ကြီးဖြစ်လာတယ်....(မှန်ပါ့ ဘုရား)။

ဉာဏ်ကြီး ဖြစ်ပြီးသကာလ ဦးခင်မောင်.... နာရင်း မတ္တာ ခန္ဓာကိုယ်ထဲ ဉာဏ်လွှတ်လိုက်တာ သောတာပန် တည်သွားတယ်....(မှန်ပါဘုရား)။

တကာ တကာမတို့ ဘာဖြစ်သွားသလဲ.... (သောတာပန်တည် သွားပါတယ်ဘုရား) အဲဒါ ဓမ္မပဒမှာ လာပါတယ် တကာ တကာမတို့နော်....ဒါ....ဘယ်နယ်ကြောင့်တုန်း နာနည်းမှန်လို့ ပေါ့....(မှန်ပါဘုရား)။

ဒီမှာလဲ ဘုန်းကြီးတို့ အမိအဖဆွေမျိုး ဥာတကာ ညီအစ်ကို မောင်နှမတွေ ဖြစ်နေတော့ နာနည်းမှန်ဘို့ကလဲ အရေးကြီး သေးတယ်....(မှန်ပါဘုရား)။

ဦးဝ-ရေ-ဘယ်နယ်တုံး....(နာနည်းမှန်ဘို့အရေးကြီးပါတယ် ဘုရား) အားလုံး တကာ တကာမတွေ သေသေချာချာမှတ်ပါ၊ ကာလ- တရားနာနည်းကို အခုပြောတာ....(မှန်ပါ) ဘယ်သူ့ တရားနာနည်းပါလို့မ်....(ကာလ တရားနာနည်းပါဘုရား) အဲဒါ ကြောင့် ဘုန်းကြီးတို့ တကာ တကာမတွေလဲ သြော်....နားက တရား နာရပါကလား၊ နာတဲ့တရားကို ဥာဏ်က ခန္ဓာထဲမှာ စေ့လှတ်ရမယ်.... (မှန်ပါ) ထို့သို့ လှတ်လို့က်တဲ့ အခါကျတော့ နားကနာတဲ့ မှတ်သားမှုနဲ့ ဥာဏ်အမြင်နဲ့ သွားကိုက်ရမယ် (မှန်ပါဘုရား)။

ဦးခင်မောင်ရေ....နားက.... (နားက မှတ်သားမှုနဲ့ ဥာဏ် အမြင်နဲ့ သွားကိုက်ရပါမယ်ဘုရား) ဘာ့ကြောင့်တုန်း ဆိုတော့ နားက ပဥ္စဒ္ဒါရဖြစ်နေတော့ နိဗ္ဗာန်မရောက်နိုင်ဘူး (မှန်လှပါ) ဥာဏ်က မနောဒ္ဒါရဖြစ်ပြီးသကာလနေတော့ တကာတကာမတို့ ပဋိစ္စသမုပ္ပါဒ်ပြတ်တဲ့ မဂ်ဥာဏ် ဖြစ်နိုင်တယ်.... (မှန်ပါဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒီတော့....ဩော်....ဒီတရားဟာ ခုနင်က သုသိမဟောသလို နာနည်း ဟောတာအတော် အရေးကြီးပါကလားဆိုတာခင်ဗျား တို့တပဲ့လုံးမှတ်ပါ.... (မှန်လှပါ ဘုရား) အရေးမကြီးဘူလား.... (ကြီးပါတယ်ဘုရား)။

နို့မဟုတ်လို့ရှိယင် ဘုန်းကြီးတို့ တကာ တကာမတွေဟာ ဩော်.... တရားကို ဘုန်းကြီးက ပြောလဲ ပြောရှာတယ်....၊ ကောင်းလဲ-ကောင်းပါတယ်၊ ကျင့်ဘို့လဲကောင်းပါတယ်၊ ကျုပ်တို့က မလုပ်နိုင်ဘူး၊ ဒါနဲ့ပြန်ပြေးတာဘဲ....(မှန်ပါ့ဘုရား)။

တရားက ကောင်းလဲ ကောင်းပါပေတယ်....၊ မှန်လဲ မှန်ပါပေတယ်၊ ကိုယ်က မလုပ်နိုင်တာက ခက်တယ်၊ ဒါနဲ့ အားမထုတ်ဘူး၊ ပြန်တာဘဲ သူကတော့....(မှန်ပါ့) ခန္ဓာမှ မဟုတ်ဘဲကိုးဗျ-(မှန်ပါ့ဘုရား)။

အခုတော့ဖြင့် တကာ တကာမတွေက ကြွေးကို မထားပါနဲ့ တော့ဆိုတာ ပေါ်လာကြပလား.... (ပေါ်လာပါပြီ ဘုရား) တရားနာရင်း နားကဘာတုန်း....(နားက နားထောင်ရပါမယ်) အဲ....ဉာဏ်က ဘယ်လှတ်ပါလိမ့်.... (ခန္ဓာ လှတ်ပါတယ်ဘုရား) အဲ....အလုပ်ပါသွားပြီ....၊ အလုပ်ပါသွားပြီ....(မှန်ပါ့) တကာ တကာမတို့ အိမ်ကျမှ ခလုတ်တိုက်ပြီး ဘုန်းကြီးတရား အဖြုန်းတီးတော့မခံနိုင်ဘူး ခင်ဗျားတို့(မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

လေးသခြေ့နဲ့ကမ္ဘာတသိန်း ကာလပတ်လုံး ဆည်းပူးလို့ရတဲ့ ဉာဏ်တော်ကြီးနဲ့ ဟောထားတဲ့ တရားကို သားရေး

သမ်းရေး စီးပွားရေးကြောင့် ခလုတ်တိုက်တာနဲ့ ပျောက်ရမယ် ဆိုတော့ ဦးခင်မောင် အင်မတန် မနာဘူးလားဗျာ....(နာပါတယ်ဘုရား)။

အဲဒီတော့ အကြွေးတော့ မပေးနိုင်ဘူး၊ လက်ငင်းဘဲယူကြပေတော့... (မှန်ပါဘုရား) ရိပ်မိပလား....(ရိပ်မိပါပြီ) ဘာတဲ့ တုန်း....(အကြွေးတော့ မပေးနိုင်ဘူး၊ လက်ငင်းဘဲယူရပါမယ်) လက်ငင်းကို ယူသွားမှ တကာ တကာမတို့ လက်ငင်းဆိုတာက နားက ဘာလုပ်ရမယ်.... (နာရပါမယ်) ဥာဏ်က ခန္ဓာကိုယ်ထဲကို....(လွှတ်ရပါမယ်ဘုရား)။

လွှတ်ပါများယင် ဘာဖြစ်မယ်.... (ထက်ပါတယ် ဘုရား) အဲ....တနာရီအတွင်း လွှတ်လိုက်ရတဲ့ ဥာဏ်သည်....တဲ့၊ အများကြီး ထက်လိမ့်မယ်ဆိုတာ ဦးခင်မောင် ပေါ်လာရောပေါ့ဗျာ.... (ပေါ်ပါတယ်ဘုရား) မပေါ်လာပေဘူးလား.... (ပေါ်လာပါတယ်ဘုရား)။

နို့မဟုတ်လို့ ရှိယင်ဘော့ခင်ဗျားတို့က စနေ-အင်္ဂါတွေကသိပ် ရှေ့တယ်၊ ဘယ်နေ့ကျမှ ရက်ကလဲ မကောင်းသေးဘူး၊ ပြဿဒါးကစ့နေတယ် ဘယ်နေ့ကျမှ တရားအားထုတ်တာတောင် ပြဿဒါး ရှေးနေလို့ မဖြစ်ပါဘူး....(မှန်လှပါဘုရား)။

တချို့ တကာ တကာမတွေက အခုတော့ အလကားနေဦးမယ်၊ ဘန်ခွဲးလလောက်မှ၊ အို....ဖြစ်မှဖြစ်ရပလေ-(မှန်ပါ)တန် ခွဲးလ သင်္ကြန်ကျတာနဲ့ ခင်ဗျားတို့က သင်္ကြန်မကျခင် သေနိုင်တဲ့ဥစ္စာ ဒါလဲ-ကြည့်တာ မဟုတ်ဘူး၊ သင်္ကြန် စောင့်ချင်စောင့် နေဘာ...(မှန်ပါဘုရား)အင်မတန် မဆိုးဝါးဘူးလား....ဆိုးဝါးပါတယ်ဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ့မှာ သဿတ ဒိဋ္ဌိကလဲရှိတယ် ဦးခင်မောင်ရေ.... (မှန်လှုပါဘုရား) သင်္ကန်ကျအောင် ကိုယ့်ခန္ဓာကိုယ်ကြီး ခိုင်တယ် မြဲတယ်လို့ မယူလိုက်ဘူးလား.... (ယူလိုက်ပါတယ်ဘုရား) အဲဒါ ဘာဒိဋ္ဌိပါလိမ့်.... (သဿတဒိဋ္ဌိပါဘုရား)။

ကြော်.....ခင်ဗျားတို့ ပြောတာတော့ ဝမ်းသာရ မလိုလိုနဲ့ ဝမ်းထဲက ဒိဋ္ဌိကလဲ အပါယ်ချနေပါကလား.... (မှန်ပါ့ဘုရား) ကြော်....တပည့်တော်တို့ သင်္ကန်ကျယင်ဘုရာ့ ဟော....သင်္ကန်သုံးရက်၊ အစ္ဆန်းကလေးနဲ့ ထည့်လိုက်ဦးမယ် အကြိုရက်နဲ့-(မှန်ပါ့)နောက်ကျတဲ့အခါကျတော့ သိကြားမင်းကောင်းကင်တက်သွားတဲ့နောက်တောင်မှ လိုက်ပို့တဲ့တရက်နဲ့ ဘယ်နှစ်ရက်ကျသွားသလဲ....ငါးရက်....(မှန်ပါ့)။

အဲဒီကျယင်တော့ သေသေချာချာ ကြိုးစားမယ်၊ ဆိုင်တွေ့ဘာတွေ့ပိတ်ပြီးသကာလ ဦးခင်မောင် မလာဘူးလား....(လာပါတယ်ဘုရား။)

သင်္ကန်ကလဲ အဝေးကြီးကျန်သေးတယ်၊ အဝေးကြီးကျန်သေးတယ်....(မှန်ပါ့)မကျန်ဘူးလား-တကာတကာမတို့....(ကျန်ပါတယ်ဘုရား)။

ခန္ဓာကိုယ်ကြီးက အဲဒီကျအောင်ဘဲ ခိုင်ပါမယ်၊ တည်တံ့ပါမယ်လို့ တာဝန်ခံပေးထားသလား....(မပေးထားပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့အထင်နဲ့ ခန္ဓာဖြစ်စဉ်နဲ့တခြားစီ-(တခြားစီပါဘုရား) ခင်ဗျားတို့အထင်နဲ့.... (ခန္ဓာဖြစ်စဉ်နဲ့တခြားစီပါဘုရား)။

အဲဒီတခြားစီကိုလဲ မရိပ်မိတော့ ထင်ရာ ပြောနေတာဘဲ.... (မှန်ပါ့ဘုရား) ဦးခင်မောင်ကြီးတို့ ပြောမိသလား.... (ပြောမိပါတယ်ဘုရား) ဟာ-ခင်ဗျားတို့က,စပြောယင် တပဲ့လုံးဘဲဗျာ ဒီအတိုင်းကျနေတာဘဲ....(မှန်ပါ့)။

အဲဒါကြောင့် တကာတကာမတွေ့ ဒီအပြောတွေ့ဟာ ဘယ်ကလာတယ်ဆိုတာလဲ ရိပ်မိပလား- (ရိပ်မိပါပြီ သဿတဒိဋ္ဌကလာပါတယ်ဘုရား)။

အေး.... သဿတဒိဋ္ဌက သင်္ကြန်ရက်ကျအောင် ဒီခန္ဓာကိုယ်ကြီးဟာ ခိုင်တယ်-မြဲတယ်- တည်တံ့တယ်ဆိုတဲ့ ဒိဋ္ဌပါ မပါ.... (ပါ-ပါတယ်ဘုရား) ပါတော့ ဒါ- ဘာဒိဋ္ဌဆိုကြမလဲ-(သဿတဒိဋ္ဌပါဘုရား)။

ဩော်.....ခင်ဗျားတို့ မသိတဲ့ တကာ တကာမတွေ့ မသိတဲ့ အခေါ်ကြီး ခေါ်လိုက်ကြတာ.....၊ ဩော်.....ငါ့မြေးကလေးတွေ့ တော်လိုက်ကြတာ သင်္ကြန်တွင်း ကြိုးစားမလို့တဲ့.... (မှန်ပါ့)။

ဦးခင်မောင်.....ဒီလိုဘဲ သာမုခေါ်ချင်လဲ ရမ်းခေါ်ချင်ခေါ် မိလိမ့်မယ် (မှန်ပါ့ဘုရား) သူပြောနေ တာက ဘာဒိဋ္ဌလဲ.... (သဿတဒိဋ္ဌပါ) ဟာ....သူ့ဒိဋ္ဌ သာမုခေါ်မိရာ ရောက်နေတယ်....(မှန်ပါ့) သူ့ဒိဋ္ဌက အပါယ်သွားမည့်ဒိဋ္ဌ၊ ရိပ်မိပလား.... (ရိပ်မိပါပြီ)။

အဲဒါကြောင့် ခင်ဗျားတို့ မှန်းခြေဟူသ၍ဟာ သဿတဒိဋ္ဌက လာတာ....(မှန်ပါ့ဘုရား)မောင်မြ....ဘယ်က လာသတုန်း.... (သဿတဒိဋ္ဌက လာပါတယ်ဘုရား) ပေါ်ပလားကွ....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ရက်ရှေ့နေတဲ့ ပုဂ္ဂိုလ်မျိုး ဘာဒီဠိနဲ့ ရှေ့သလဲ.... (သဿတဒီဠိနဲ့ ရှေ့ပါတယ်) ဒါဖြင့် ဘယ်အလုပ်ကလေးပြီးမှ ဆိုတာကော.... (သဿတဒီဠိပါဘုရား) အင်း....ဟင်း....ဘယ်သူ့ကလေး ကျန်းမာလာမှဆိုတာကော....(သဿတဒီဠိပါဘုရား) ဘယ်အလုပ်ကလေး စာရင်းချုပ်ပြီးမှ ဆိုတာကော....သဿတဒီဠိပါဘဲဘုရား)။

သြော်....ခင်ဗျားတို့မှာ သဿတဒီဠိက အတော်ကြောက်စရာကောင်းနေပါကလား.... (မှန်လှပါဘုရား) သြော်....ရက်ရှေ့တာဟူသ၍ ဘယ်သူပါလိမ့်....(သဿတဒီဠိပါဘုရား)။

ကဲ....နောက်ကို ရှေ့ဝံ့ရင် ရှေ့ဗျာ၊ အဲဒါ အပါယ်သွားတဲ့ဒီဠိသာမှတ်ပေရော့....ရိပ်မိပလား....(ရိပ်မိပါပြီ) သဿတဒီဠိဟာ ဘယ်လောက် ကြောက်စရာ ကောင်းတယ်ဆိုတာ ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

အဲဒီဝတ္ထုကို မထုတ်ပါဘူး၊ အလွန်ရှည်နေမှာ စိုးလို့နော်.... (မှန်ပါ့ဘုရား)ရှည်နေမှာစိုးလို့ ကာလဝတ္ထုကိုဘဲ ဆုံးအောင်နည်းနည်းပြောလိုက်ပါဦးမယ်။

ကာလဟာ တကာတကာမတို့ နားကတော့ တရားနာတာဘဲနော်....(မှန်ပါ့) နာရင်း နာရင်းနဲ့ နားကနာရုံနဲ့ ပျောက်ပျောက်သွားတယ်.... (မှန်ပါ့) ဒါနဲ့မရပါဘူး၊ ခန္ဓာကိုယ်ပေါ်မှာ မှတ်မှပါဘဲဆိုပြီး ကာလ မမှတ်ဘူးလား.... (မှတ်ပါတယ်ဘုရား) မှတ်ရင်းမတ္တာ ဉာဏ် ခန္ဓာကိုယ်ထဲ လှုတ်လိုက်တော့ မောင်မြရေ တကာသစ်တို့ နေရာကျ မသွားဘူးလား.... ကျ) သွားပါတယ်ဘုရား)။

ဥာဏ် ဘယ်နှယ်ဖြစ်သွားသလဲ....(ထက်မြက်သွားပါတယ်) ထက်မြက်သွားတဲ့ အခါကျတော့ ဥာဏ်ထက်တယ်ဆိုတာ မဂ်ဆိုက်သွားတာ....(မှန်လှပါ) မဂ်ဆိုက်သွားတော့ သောတာပန်တည်သွားတယ်....(မှန်ပါ့ဘုရား)။

တကာတကာမတို့ တေလေ သောတာပန်တည်သွားတာ မြင်လိုက်ကဲ့လား.... (မှန်ပါ့ဘုရား) ဘယ်နှယ်ကြောင့် တည်ပါလိမ့်မတုန်း....ဥာဏ် ခန္ဓာကိုယ်လှတ်လို့.... (မှန်ပါ့ဘုရား) ဘယ်နှယ့်ကြောင့်တုန်း....(ဥာဏ်ခန္ဓာကိုယ် လှတ်လို့ပါဘုရား)။

အဲဒါကြောင့် တကာတကာမတို့ ဒီအထဲ နာတဲ့ပုဂ္ဂိုလ်အပြင် ဘက်ကနာတဲ့ပုဂ္ဂိုလ်တွေဥာဏ်ကဖြင့် ခန္ဓာကိုယ် လှတ်ပါဆိုတာကိုဖြင့် လေးစားစွာနဲ့ဘဲ ခင်ဗျားတို့ အကျိုးကြည့်ပြီး သကာလ ကာလဝတ္ထု သက်သေသာဓက လုံလောက် သောကြောင့်ဘဲ တိုက်တွန်းပါတယ်.... (မှန်ပါ့ဘုရား) မတိုက်တွန်းသင့်ဘူးလား (တိုက်ကွန်းသင့်ပါတယ်ဘုရား)။

နို့မဟုတ်လို့ရှိယင် ခင်ဗျားတို့ ရှေးနာနည်းနဲ့ ဆိုလို့ရှိယင် ဖြင့် လမ်းခလုတ်တိုက်တောင် မခံပါဘူး၊ ဦးခင်မောင်ခံသေးရဲ့လား....(မခံပါဘုရား)အဲဒီလောက်ထိအောင်ဘဲ အရုပ်ဆိုးတော့ ကောင်းနိုင်သေးရဲ့လား.... (မကောင်းနိုင်ပါဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ ကိုယ့်အရေးကို ခင်ဗျားတို့ ဖြုန်းတီးပစ်တာကော မရောက်ဘူးလား.... (ရောက်ပါတယ်ဘုရား) အဘိုးတန်တဲ့ ဓမ္မရတနာတွေကို ခလုတ်တိုက်တာနဲ့ ဖျောက်ဖျက်လှတ်လိုက်လို့ရှိယင်လဲ ခင်ဗျားတို့သည်တဲ့ အဘိုးတန် မသုံးတတ်ဘူးဆိုတဲ့ အဓိပ္ပါယ်လဲရောက်ပါတယ်....(မှန်ပါ့) မရောက်ဘူးလား....(ရောက်ပါတယ်ဘုရား)။

အေး....ဒီလိုလဲ မဖြစ်ကြပါစေနဲ့ ဆိုတာလဲ အားလုံးဘဲ တောင်းပန်ရပြန်တယ်....(မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီ ဘုရား)ဒါနဲ့ ဦးခင်မောင်....ကာလဘာဖြစ်သွား သတုန်း(သော တာပန် တည်သွားပါတယ်ဘုရား)။

အင်း....ဘယ်နှယ်ကြောင့် ဖြစ်သွားပါလိမ့်.... (ခန္ဓာကိုယ် ညာဏ်စိုက်လို့ပါဘုရား)ခန္ဓာထဲ ညာဏ်လွှတ်လိုက်တာနဲ့(မှန်ပါ့) ညာဏ်ထက်ပြီးသကာလ ဘာဖြစ်သွားသလဲ.... (သောတာပန်ဖြစ် သွားပါတယ်ဘုရား) သောတာပန် တည်သွားတယ်၊ ဒါနဲ့ တကာ တကာမတို့ ကာလ တရားနာနည်း သဘောကျပလား.... (ကျပါပြီ)။

ဒါနဲ့ဘဲ မနက်မိုးလင်းယင် သောတာပန်တည်ပြီး ညက သူ ကောင်းကောင်း မှန်မှန် အိပ်လို့ တရားဓမ္မတွေ နှုလုံးသွင်းလို့ ဒီလိုနဲ့နေပြီး မနက်ကျလာတဲ့ အခါကျတော့ သံဃာငါးရာ ဘုရားက ရှေ့ကနေပြီးသကာလ အနာထပိဏ်သူဌေးကြီးအိမ်ဘဲ ထုံးစံအတိုင်း ဦးခင်မောင်....ဦးဝ....ကွလာခဲ့ကြတယ်....(မှန်လှ ပါဘုရား)။

ကွလာတော့ အဖလှုပ်တဲ့ ပုဂ္ဂိုလ်ကတော့ ဂရုဏာက မကင်း ဘဲကိုး....(မှန်ပါ့)အပြင်ဘက် ပြူတင်းပေါက်ကထွက်ကြည့်တယ် ဘုရားလဲ ပါလာပြီ.... သံဃာ ငါးရာလဲ ကွတယ်.... ငါ့သား ကာလ-ကလဲ နောက်က ပါလာတယ်၊ သူ့သားကာလ အရေး တကြီး ထားကြည့်တာပါ.... (မှန်လှပါဘုရား) ရိပ်မိပလား.... (ရိပ်မိပါပြီ ဘုရား)။

သူ့သားကာလ အရေးတကြီး ထားပြီး ကြည့်လိုက်တော့ အို....ကာလ အရင်နဲ့မတူပါကလား....အရင်တုန်းကတော့ ငွေရတော့မှာဘဲဆိုပြီး ပြုံးကာ-ရှင်ကာနဲ့လာခဲ့တယ်၊ အခုအခါဖြင့် ကာလဟာ ကွန်ပြူတာသိပ်ကောင်းပါလား၊ စက္ကူကွန်ပြူတာလေအောက်ချလို့ နေပုံ-ထိုင်ပုံလဲ သပ်သပ်ရပ်ရပ်၊ ကာလကတော့ဖြင့် နေရာကျလာပြီထင်တယ်၊ သူ့အဖေက အကဲခတ်တယ်.... (မှန်လှပါဘုရား)။

ဒါနဲ့ သူစိတ်ထဲ ကာလက ပူလာတာက တကာ တကာမတို့ ဒီပြင်ဟာ ဘာမှမပူဘူး၊ အိမ်ကျလို့ရှိယင် ကာလရောင့်ရဲတဆောင်ယူတော့ဆိုပြီး လူသိနတ်ကြား ပေးမှာ စိုးရိမ်တယ်၊ ရိပ်မိပလား.... (ရိပ်မိပါပြီ)။

အရင်တုန်းကတော့ ယာဂုတောင် မသောက်တဲ့လူ....(မှန်ပါ) ဦးခင်မောင်....အခု ပြောင်းသွားလိုက်တာ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဘယ်နှယ်ပြောင်းသွားသတုန်းဗျ....(လူသိနတ်ကြားပေးမှာကို ကြောက်ပါတယ်) ပစ္စည်းပေးမှာကို ကြောက်နေတယ် (မှန်ပါ့ ပစ္စည်းပေးမှာကို အို....ငါ့ကို ငွေတဆောင်ယူချင်လို့ ကာလတရားသွား အားထုတ်နေတယ်ဆိုလို့ရှိယင် ကိုယ်ကျိုးဖြင့်နည်းပေါ့....(မှန်ပါဘုရား)။

ဒါနဲ့ သူစိတ်ထဲမှာဖြင့် ဒီပြင်ဟာ ဒါလောက်မပူဘူး တကာတကာမတို့ ကာလ-ငွေယူတော့မလား ဆိုတဲ့အသံ ကြားရမှာသိပ်ကြောက်တယ်.... (မှန်ပါ့)။

ဦးဝ-ရေ....မထူးဘူးလားဗျာ.... (ထူးပါတယ်ဘုရား) ဒီဌိ ဝိစိကိစ္ဆာကလေး ပယ်လိုက်ကာရှိသေးတယ် ဟိရိဩတ္တပ္ပတွေ ကပ်လာတယ်....(မှန်ပါ့ဘုရား) သဘောကျပလား.... (ကျပါပြီဘုရား။

ဒီဌိဝိစိကိစ္ဆာကလေး ပယ်လိုက်ကာရှိသေးတယ် ဘာကပ်လာသတုန်း....(ဟိရိဩတ္တပ္ပ ကပ်လာပါတယ်ဘုရား)ဟိရိဆိုတာ ရှက်တယ်၊ ဩတ္တပ္ပဆိုတာ သူများကြားသွားမှာလန့်တယ်....(မှန်ပါ့) သူဟာသူရှက်၊ သူဟာသူလန့်ပြီးသကာလ တကာ တကာမတို့ နေတယ်ဆိုတာကော ပေါ်လာပလား.... (ပေါ်ပါပြီဘုရား)။

ဒါနဲ့ သူအရေးအကြီးဆုံး ကြောက်လန့်နေတာ ပေါ်ကြပြီနော်(မှန်ပါ့)အိမ်ပေါ်အတက်မှာ သူ့အဖေ အနာထပိဏ်သူဌေးကြီးက ကာလ ဇဉ်တထောင် ယူတော့မလားကွ-၊ ဒါမေးလိုက်မှာစိုးတယ်- အဖေဆိုတော့လဲ မေးချင် မေးလိုက်မှာ.... (မှန်လှပါဘုရား)အရင်တုန်းက ယာဂု မသောက်ခဲ့တာကလေးက ရှိနေတယ်....(မှန်ပါ့)ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

အရင်တုန်းက သူဌေးမရတော့ ဘာတဲ့ (ယာဂုမသောက်ပါဘုရား) အေး....ယာဂုတောင် မသောက်ဘဲ ဖြစ်ပြီးသကာလ နေတော့ ဒီတခါတော့ဖြင့် အဖေကဘဲ လောက္ခတ် များများထားရပုံရနေတော့ ကာလ စားလစားကွ၊ ဇဉ်တထောင်ယူချင်ယူကွလို့ အရင်မှ သူ ဖျက်ထားတာကလေးကို ပြန်ပြီးတော့ လောက္ခတ်လုပ်လိုက်လို့ရှိယင် သူအရှက်ဆုံးဘဲတဲ့.... (မှန်ပါ့)။

တကာတကာမတို့ ဌေရမှာဘာဖြစ်သလဲ(ရှက်ပါတယ်ဘုရား) ဌေရမှာ ရှက်နေတယ်ဆိုတာ ဘာဖြစ်လို့ ရှက်တာတုန်းဗျာ....

(သောတာပန်တည်လို့ပါဘုရား) သောတာပန်တည်လို့၊ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ငွေ့လိုက်ရှာနေတဲ့ပုဂ္ဂိုလ်များ မရှက်ပါဘူး ဘာဖြစ်လို့တုန်း....သောတာပန် မတည်သေးဘူး ရိပ်မိပလား....(ရိပ်မိပါပြီ)ကဲ....ခင်ဗျားတို့ မရှက်တာလဲ ရှိပါစေတော့ နောက်တော့ ရှက်ပါလိမ့်မယ် ကြိုးစား....(မှန်ပါ့ဘုရား)။

ကြိုးစားယင် ဘာဖြစ်လာမယ်ထင်သတုန်း (သောတာပန်တည်ပါမယ်)ရှက်လာမယ်၊ ကြောက်လာမယ်ဆိုတာ သဘောကျပလား....(ကျပါပြီဘုရား)။

ဒါကြောင့်အဝတ်တွေဖုံးလွှမ်းပြီးသကာလနေတာဟိရိဩတ္တပ္ပရှိတယ်လို့ဆိုတာမဟုတ်ဘူး.... (မှန်ပါ့ဘုရား) သူတော်ကောင်းအလုပ်တွေ သူတော်ကောင်းမကြိုက်တဲ့ ပြောသံ ဆိုသံတွေ ကိုယ်ကပြောမိဆိုမိမှာ သိပ်ကြောက်တယ်-(မှန်ပါ့ဘုရား) ရှင်းပလား (ရှင်းပါပြီဘုရား)။

အဝတ်တွေဖုံးတယ်,အုပ်တယ်ဆိုတာ လှချင်,ပချင်လို့ အုပ်တာ၊ ဟိရိဩတ္တပ္ပမှ ဒီလောက်မဟုတ်ဘဲ တကာ တကာမတို့....(မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် တကာ တကာမတို့ သောတာပန်တည်မှ ခင်ဗျားတို့ အကြောက်,အရှက် ဇာတ်သိမ်းမယ်.... (မှန်ပါ့) ရှင်းပြီနော်.... (ရှင်းပါပြီဘုရား)။

ကဲ....ဒါဖြင့် ကာလကလဲ နောက်ကလိုက်လာ၊ ဘုရားကလဲ ဧ့ကကြွလာ-အဖေလုပ်တဲ့ ပုဂ္ဂိုလ်ကလဲ ကာလငွေ့ပေးချင်လို့ မျော်နေတာနဲ့ဆိုတော့ ဦးခင်မောင် ကာလနဲ့ သူ့အဖေနဲ့ ကန့်လန့်ဖြစ်ပြီ(မှန်ပါ့)သဘောကျပလား.... (ကျပါပြီဘုရား)။

အရင်တုန်းကတော့ မပေးလို့ ကန့်လန့်-(မှန်ပါ့) အခုဟာ တော့ပေးမှာကြောင့်-(ကန့်လန့်ပါဘုရား) ဘယ်နှယ်မထူးခြား ဘူးလားဗျာ....(ထူးခြားပါတယ်ဘုရား) အခုတော့ ကာလ-က ပေးမှာဘဲ စိုးရိမ်နေတယ်ဆိုတာ ပေါ်လာကြပလား.... (ပေါ် လာပါပြီဘုရား)။

ဒါနဲ့ အဖေလုပ်တဲ့ ပဋိပုဂ္ဂိုလ်ကတော့ ပြောထားတာပေါ့လေ- ကာလ လာပြီကွ၊မင်းတို့အစေခံတွေ သေသေချာချာ ကာလကို လိုတာ ထုတ်ပေး၊ လိုတာကျွေးငါ့သားဟာ အင်မတန်မှတရား မှတ်လာလိမ့်မယ်ကွ၊ ဒီနေ့ အင်မတန် နေရာကျနေပြီ၊အရင်လာ ပုံနဲ့တော့ မူတော့ အတော်ခြားနားတယ်၊ ပြာရီပြာယာတွေ မဟုတ်တော့ဘူးဆိုပြီး သကာလ ဘုရားနဲ့ သူ့အဖေတကာကြီးနဲ့ ဦးခင်မောင် သွားပြီးစကားပြောတယ်-(မှန်ပါ့) ကာလထူးခြား လာတယ်ဘုရား-အင်း-ဒီကလဲသောတာပန်ကိုးဗျ-(မှန်ပါ့) ကာ လ ထူးလာတယ်ဘုရ့....။

ဘယ်နှယ်ထူးသတုန်း တကာကြီးရ ပြောစမ်းပါဦး....အရင် တုန်းကတော့ဘုရား....ကာလသည်ကားလို့ ဆိုလို့ရှိယင်ဖြင့် ငွေ တရာပေးပြီးမင်းသည်ကားကျောင်းသွားပြီးတရက်ဥပုသ်စောင့် တရာပေးပါမယ် ဆိုပြန်လာတဲ့အခါကျတော့ ယာဂုတွေဘာတွေ တိုက်တဲ့အခါ သောက်ကိုမသောက်ဘူးဘုရား-ဘာလို့မသောက် သတုန်းမေးတော့ ငွေတရာမပေးလို့ ကျုပ်မသောက်ဘူး၊ အခု တော့ သူ့ဟာသူ မြိန်ရေရှက်ရေ သောက်ပြီးသကာလ နေလိုက် တာ ငွေအကြောင်းစကားကို မပြောတော့ဘူး....(မှန်ပါ့)။

ဟာ....တကာကြီး ဘာပြောမတုန်း၊ မပြောတော့ဘူးဆိုပြီး ဂါထာတခု ဘုရားက သောတာပန်တည်ယင် ဒီစိတ်ပေါ်တယ်

ဆိုတဲ့ ဂါထာ ရွတ်ပြလိုက်တယ်....(မှန်ပါဘုရား) တကာတကာ မတွေ့သေသေချာချာမှတ်ရလိမ့်မယ်....(မှန်ပါ့)သေသေချာချာ မှတ်ရလိမ့်မယ် တကာတကာမတို့....(မှန်ပါ့)။

ပထဗျာ ဧကရဇ္ဇေန၊ သဂ္ဂဿ ဂမနေနဝါ၊

သဗ္ဗလောကာ ဓိပစ္စေန၊ သောတာပတ္တိဖလံ ဝရံ။

ပထဗျာ=မြေတပြင်လုံးကိုအစိုးရတဲ့လေးကျွန်းသနင်းစကြာမင်းဖြစ်တဲ့ အဖြစ်ဆိုတဲ့ အကျိုးပေးတွေ ရှိတယ်တဲ့.... (မှန်ပါ့) လေးကျွန်းသနင်း စကြာမင်းအဖြစ်ဟာ အဲဒါ တော်တော်မြတ်တယ်လို့ ထားတာဘဲ၊ အခု သူ ရ,ထားတဲ့ သောတာပတ္တိဖိုလ် လောက် မမြတ်ဘူးတကာကြီးရ-တဲ့၊ဒေတထောင်လောက်တော့ မဖြုံ လောက်တော့ဘူးတဲ့.... (မှန်ပါဘုရား)။

လေးကျွန်းသနင်း စကြာမင်းစည်းစိမ်ပေးတော့ မယူတော့ ဘူးတဲ့(မှန်ပါဘုရား)အဲဒါထက်မြတ်နေတယ်....(မှန်ပါဘုရား)။

တကာတကာမတို့ လေးကျွန်းသနင်းစကြာမင်းစည်းစိမ်ကြီး ဟာ ဘာတဲ့....(မမြတ်ပါဘုရား) အဲ....သောတာပတ္တိမဂ်၊သော တာပတ္တိဖိုလ်က မြတ်နေတယ်....(မှန်ပါဘုရား)။

သဂ္ဂဿ ဂမနေနဝါ=နတ်ပြည်ရောက်သည်ထက်လဲ....၊နတ် ပြည်က အင်မတန်ချမ်းသာ, အင်မတန်ကျန်းမာ, ပဒေသာပင် ဆုတ်စား၊ အဲဒီဟာတွေပေးလဲတကာကြီးတဲ့ မယူတော့ဘူးတဲ့၊ သူ့သောတာပတ္တိဖိုလ်လောက် မမြတ်ဘူး....(မှန်ပါဘုရား) နတ် စည်းစိမ်ပေးလဲ မယူတော့ဘူးတဲ့....(မှန်ပါ့)။

သဗ္ဗလောကာဓိပစ္စေနတဲ့=အို....လောကကြီးတခုလုံးအကုန် အစိုးရတဲ့ စည်းစိမ်တွေမင်းယူတော့ပေးလဲ သူ့သောတာပတ္တိမဂ်

သောတာပတ္တိဖိုလ်လောက် သူသဘောမကျတော့ဘူးတဲ့ (မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

သူကသာ မြတ်တော့တယ် တကာကြီးလို့ ဟောလိုက်ပါတယ်၊ ဒီတော့ ငွေတထောင်ဟာ ပျောက်မသွားဘူးလား....(ပျောက်သွားပါတယ်)ဘာမျှားအသုံးကျသေးသလဲ....(ဘာမှအသုံးမကျပါဘုရား) ဘာမှ အသုံးမကျဘူးဆိုတာ ပေါ်လာပလား....(ပေါ်လာပါပြီ)။

အဲဒီတော့တကာတကာမတို့ပထဗျာ ကေရင်္ဂုန်=မြေတပြင်လုံးအစိုးရတဲ့စကြာမင်း စည်းစိမ်ထက်လဲ သောတာပတ္တိမဂ်ကမြတ်တယ်....(မှန်ပါ့) စကြဝတေးမင်းက အခု စကြဝတေးမင်းနက်ဖြန် ဒယ်အိုးထဲရောက်နိုင်တယ်....(မှန်ပါ့)။

ဒီနေ့စကြဝတေးမင်းနက်ဖြန်ဒယ်အိုးထဲမရောက်နိုင်ဘူးလား(ရောက်နိုင်ပါတယ်)ဘာတုံး သူ့မှာ ငါးပါးသီလ ရှိသေးတယ်(မှန်ပါ့)နိုစွသီလရပလား....(မရသေးပါဘုရား)မရသေးပါဘူး၊ အနိုစွသီလ ရှိပါသေးတယ် ဦးခင်မောင်.... (မှန်လှပါဘုရား)။

အဲဒီစည်းစိမ်ထက်လဲ အများကြီးသာပါတယ်ဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီ) သဂ္ဂဿဂမနေနဝါတဲ့=နတ်ရွာသုဂတိဖြဟ္မာပြည် ရောက်ရသည်ထက်လဲ ဘာတုန်း.... (မြတ်ပါတယ်ဘုရား)။

ဟိုဟာတွေက နတ်ပြည်ကနေပြီး နတ်သမီးငါးရာနဲ့ ဒယ်အိုးထဲထိုးကျတယ်....(မှန်ပါ့)မကျဘူးလား.... (ကျပါတယ်ဘုရား) ဖြဟ္မာကြီးတွေကကော တကာတကာမတို့ ဝက်ဖြစ်ရတာတွေကော မရှိဘူးလား....(ရှိပါတယ်ဘုရား) ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

သောတာပတ္တိမဂ် ရပြီးသားပုဂ္ဂိုလ်က ဒီကမ်းနဲ့ ဒီလမ်းကို အကုန်ရှောင်ပြီးသားရှားပြီးသားဖြစ်ပါတယ်- (မှန်ပါဘုရား)။ အဲဒီတော့ဘာအားငယ်စရာရှိသလဲ....(မရှိပါဘုရား)ဟိုဟာတွေထက် သာတယ်ဆိုတာကော တကာ တကာမတို့.... (သာပါတယ်ဘုရား) ထင်ရှားနေပြီဆိုတာ အားလုံး တကာဝတို့-ဦးခင်မောင်တို့ သေချာပလား....(သေချာပါပြီဘုရား)။

ယုတ်စွအဆုံးဘုရားကအလုံးစုံလောကတခုလုံးကိုတယောက်တည်းမင်းပြုပြီးနေတဲ့ စည်းစိမ်ထက်လဲ အခု သောတာပတ္တိမဂ် သောတာပတ္တိဖိုလ်ကသာတယ်တကာကြီးတဲ့၊ ဒါကြောင့် ကာလဟာ ငရဲမတောင်းတော့ဘူးတဲ့....(မှန်ပါဘုရား) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဒါက တကာတကာမတို့ ဗဟုသုတလဲဖြစ်စေတော့၊ တရားနာနည်းလဲ ကိုက်စေတော့ဆိုပြီး အချိန် တော်တော်ကုန်သွားတယ်....(မှန်ပါဘုရား) သို့သော် အဘိုးတော့ တန်သပေါ့ဗျာ.... (မှန်ပါ)အဘိုးမတန်ဘူးလား....(တန်ပါတယ်ဘုရား)။

အင်မတန်-တန်ပါတယ်တဲ့၊တရားနာတဲ့ နိဿည်းမှာ ကာလနည်းကို လိုက်ရမယ်....(မှန်ပါဘုရား) အားလုံးတပဲ့လုံး ဘယ်နည်းလိုက်ကြရမယ်....(ကာလနည်းလိုက်ကြရပါမယ်ဘုရား)။

ကဲ....ဒါဖြင့် ငပြာစမ်းပါဦး၊ နားက ဘာလုပ်ကြမယ်....(တရားနာရပါမယ်)နားကတရားနာမယ်၊ဉာဏ်က....(ခန္ဓာကိုယ်လှည့်ရပါမယ်ဘုရား)။

လှည့်ဖန်မျှားယင် ဘာဖြစ်မယ်....(ဉာဏ်ထက်လာပါတယ်ဘုရား) ဉာဏ်ထက်လာပြီး သောတာပန်တည်မယ်....(မှန်ပါ

ဘုရား) ကဲ....ကာလ ဒီအတိုင်းတည်တယ်....(မှန်ပါ့)ပေါ်ကြမလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့တကာတကာမတွေ့ ယနေ့ကစပြီးသကာလ ဘုန်းကြီးကလဲပြောနေတယ် တကာ တကာမတွေ့ကလဲကြိုးကြိုးစားစားဘဲ၊ ကိုယ့်အရေးကိုယ်သိပြီးသကာလ နာကြတော့ကိုင်း....ဒီနည်းဘဲ လုပ်ကြစို့ရဲ့....(မှန်လှပါဘုရား) ပေါ်ကြပလား(ပေါ်ပါပြီဘုရား)။

ကာလနည်းဘဲ....(လုပ်ကြစို့ရဲ့) ကာလနည်းဘဲလုပ်ကြစို့ဆိုတော့ ဒီထဲရောက်တယ်ဆိုလဲ ငြိမ်ငြိမ်နေ၊ကာလလို့နေ....(မှန်ပါဘုရား) ခင်ဗျားတို့ သိပ်ပြီးတော့ စကားတွေပြောမနေနဲ့ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

သိပ်ပြီးတော့ စကားတွေပြောမနေနဲ့၊ အချိန်စောစောလာဘို့လုပ်၊အေးအေးချမ်းချမ်းရှိတယ်ဆိုလဲဒီအတိုင်းဘဲ ကာလလို့ဘဲ ခန္ဓာထဲသာ ဉာဏ်လွှတ်ထား....(မှန်ပါ့ဘုရား)။

ဟောထားတဲ့တရားတွေ့ ခန္ဓာထဲ ဉာဏ်လွှတ်ထားတာပေါ့ဗျာ....(မှန်လှပါ) တရားကတော့ စုံပြီမဟုတ်လား....(စုံပါပြီဘုရား)။

အဲ....ဉာဏ်လွှတ်တာကလေး လို့နေသေးလို့ သောတာပန်မတည်သေးတာ....(မှန်လှပါဘုရား) ဉာဏ်သာလွှတ်ပြီးလို့ရှိယင် တကာတကာမတို့ ဘာမှမပူနဲ့တော့.... (မှန်ပါ့) ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ကိုင်း-ဒါဖြင့် တကာ တကာမတို့ သူသိမ ပရိဗိုဇ်ဆက်ကြပါစို့၊ တကာ တကာမတို့ အချိန်ကနည်းသွားပြီ....(မှန်ပါ့ဘုရား)

ဦးခင်မောင်ရေ-မနေ့က သုသိမပရိဗိုဇ်က ရဟန္တာကြီးတွေ ဖြေတာ ကျေနပ်ကဲ့လား.... (မကျေနပ်ပါဘုရား) ရဟန္တာကြီးတွေ ဒီပညာနဲ့ ကိုလေသာမှ လွတ်သွားတယ်ကွဲ့....(မှန်ပါ့)။

ပညာနဲ့ ကိလေသာမှလွတ်တယ်ဆိုတော့ တကာတကာမတို့ စာသုံးဖြစ်နေတယ်....(မှန်ပါ့)ပညာနဲ့ ဖြစ်ပျက် အားထုတ်လိုက်တာနဲ့ ဖြစ်ပျက်အဆုံးရောက်တဲ့-ဖြစ်ပျက်မြင်တဲ့ ရဟန္တာအဖြစ်ရောက်ခဲ့ပါတယ်ကွာ....(မှန်ပါ့ဘုရား) ပညာနဲ့ ဖြစ်ပျက်အဆုံးမြင်ခဲ့ပါတယ်....(မှန်ပါ့ဘုရား) ပညာနဲ့....(ဖြစ်ပျက်အဆုံးမြင်ခဲ့ပါတယ်ဘုရား)။

အဲ-ပညာနဲ့ ဖြစ်ပျက်အဆုံး မြင်ခဲ့ပါတယ်ဆိုသဖြင့် သမထပါဘူးဆိုတာ သဘောကျပလား....(ကျပါပြီ) ကိုင်း....ဒါနဲ့ ဒီရဟန္တာကြီးတွေပြောတာကိုဦးဝ - ရေ-သုသိမပရိဗိုဇ်ကတရားသူခိုးက ကျေနပ်ပါရဲ့လား....(မကျေနပ်ပါဘုရား)။

မကျေနပ်တော့ အရှင်ဘုရားတို့....တပည့်တော်ကို ကျေနပ်အောင်မပြောဘူးဆိုပြီးသကာလကိုယ်တော်တွေ့ကသူ၏စရိုက်ကို လဲသိပြီးသားနော်....(မှန်ပါ့) သူဟာ ဘယ်လိုပြောလို့မှနားလည်မည့်ပုဂ္ဂိုလ်မဟုတ်ဘူး ဘုရားဆီသွားမှာဘဲ....(မှန်ပါ့)။

အဲဒီတော့ သုသိမ နားလည်ချင်လဲ လည်တော့၊ မလည်ချင်လဲနေတော့ ဒို့ဖြင့်ပညာနဲ့ ဝိပဿနာရှုပြီးသကာလ ကိလေသာချုပ်ငြိမ်းရုပ်သိမ်းတဲ့ နိဗ္ဗာန်မြင်ပါတယ်ကွာ.... (မှန်လှပါ) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ပညာနဲ့ ဖြစ်ပျက်ရှုပြီးသကာလ ဖြစ်ပျက်အဆုံး ဖြစ်တဲ့ကိလေသာချုပ်ငြိမ်းရုပ်သိမ်းတဲ့ နိဗ္ဗာန်ကြီးငါတို့မြင်ပြီးသကာလ

ရောက်ခဲ့....ရခဲ့ကြတဲ့ ပုဂ္ဂိုလ်တွေပါ-ကွာ.....၊ မင်းသိချင်လဲသိ မသိချင်လဲနေ ဒါဘဲ.... (မှန်လှုပါဘုရား) သဘောပါပလား.... (ပါ-ပါပြီ)။

ငါတို့မှာ စျာန်မပါ-ပါဘူးကွ၊ စျာန်ခြောက်ပြီး သကာလ.... ဝိပဿနာနဲ့ကိလေသာမှလွတ်တဲ့ နိဗ္ဗာန်မြင်ရပါတယ်....(မှန်ပါ့) စျာန်မပါဘူးလို့ သေသေချာချာဖြေတာဘဲ....(မှန်ပါ့ဘုရား)။

အဲဒီတော့ စျာန်မပါဘူးဆိုငြားသော်လဲ တကာတကာမတို့ မဂ္ဂင်ငါးပါးကို ဘုန်းကြီးနည်းနည်း ရှင်းပြလိုက်တော့ သေချာပါတယ်နော်.... (မှန်ပါ့) သမာဓိဝိဋ္ဌိ သမာသက်ပွ-က ပညာမဂ္ဂင် (မှန်ပါ့) ဝီရိယ သတိ သမာဓိက သမာဓိ မဂ္ဂင်.... (မှန်လှုပါဘုရား)။

သို့သော်-တဲ့ဘက်အဖြစ်သာ ပါ-ပါတယ်တဲ့၊ သူတို့မပြဋ္ဌာန်းပါဘူး....၊ ဖြစ်ပျက် ရှုတဲ့အခါမှာ....(မှန်ပါ့)သမာဓိဝိဋ္ဌိနဲ့ သမာသက်ပွကသာ ပြဋ္ဌာန်းတယ်....(မှန်ပါ့ဘုရား)။

ဒီသုံးခုက မပြဋ္ဌာန်းဘဲနဲ့ ဖြစ်ဖေါ် ဖြစ်ဘက် မို့ ပါတာပါတဲ့....(မှန်ပါ့)ကောင်းကင်ပျံ-မြေလျှိုးတဲ့ စျာန်မဟုတ်ပါဘူး.... (မှန်ပါ့) သမာဓိတည်ကာမျှ ဥပစာရသမာဓိလောက်နဲ့ ဖြစ်ပါတယ်၊ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ့ ရှုသာရှုပါ၊ ရပါတယ်.... (မှန်ပါ့) အခုသေချာပြီ မဟုတ်လား....(သေချာပါပြီဘုရား)။

ဒါနဲ့ သုသိမသည် တကာတကာမတို့ ဒီကိုယ်တော်တွေ ဖြေလိုက်တာလဲ ဦးခင်မောင် မှန်လိုက်တာနော်.... (မှန်ပါ့) မှန်ပင် မှန်ငြားသော်လဲ ကျနပ်မှု သူ့မှာရပါရဲ့လား....(မရပါဘုရား)။

မရတော့ ဘုရားဆီ သွားလိုက်တယ် တကာတကာမတို့၊ ဘုရားဆီသွားတဲ့အခါကျတော့ အရှင်ဘုရား....အရှင်ဘုရားဆီက ခ ဏာ ဇာတိ ဝုသိတံ ဗြဟ္မစရိယံ ကတံကရဏီယံ နာပရံဣတ္ထတ္တာယာတိ လို့လျှောက်သွားကြတဲ့ တပည့်တော်တို့ ပဋိသန္ဓေနေမှုကုန်ပါပြီဘုရား၊ လုပ်စရာကိစ္စတွေလဲ ဘာမှ မရှိတော့ဘူးလို့ လျှောက်သွားကြတဲ့ပုဂ္ဂိုလ်တွေကို တပည့်တော် လိုက်ပြီးမေးပါတယ်ဘုရား၊ အရှင်ဘုရားတို့ ရဟန္တာဖြစ်တယ်ဆိုယင် ကောင်းကင်ပျံနိုင်ရဲ့လား.... မြေလျှိုးနိုင်ပါရဲ့လား-အစရှိသည်ဖြင့် တပည့်တော် မေးတဲ့အခါကျတော့ သူတို့က ပညာနဲ့ကိလေသာ မှလွတ်လာတာလို့ဖြေတော့ တပည့်တော်လဲမကျနပ်ဘူးဘုရား၊ ရဟန္တာဖြစ်ယင်သူကကောင်းကင်ပျံနိုင်ရမယ်၊မြေလျှိုးနိုင်ရမယ် အောက်မေ့ထားတာကိုး....(မှန်ပါ့)။

ဒါနဲ့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဟောရှာတယ်၊ ဟေ့-သုသိမ ပုဗ္ဗေခေါ် သုသိမဓမ္မဋ္ဌိတိဉာဏံ ဟောတိ၊ပစ္ဆာနိဗ္ဗာနေဉာဏံဆိုပြီး မနေ့ကပြောတာကိုဘဲ ထပ်ပြောရတယ်-(မှန်လှုပါဘုရား)။

နောက်ပိုင်းက မဂ္ဂင်ရှစ်ပါးပေါ့ဗျာ.... (မှန်ပါ့) ရှေ့ပိုင်းက မဂ္ဂင်ဘယ်နှစ်ပါးတုန်း....(ငါးပါးပါဘုရား)အဲ့ ပုဗ္ဗေခေါ် သုသိမဓမ္မဋ္ဌိတိဉာဏံ၊ ပုဗ္ဗေ=ရှေ့ပိုင်းက၊ ဓမ္မဋ္ဌိတိဉာဏံ=ဝိပဿနာဉာဏ်နဲ့ ဖြစ်ပျက်ကိုမြင်သည်၊ ဟောတိ=ဖြစ်၏။ရှေ့က ဝိပဿနာဉာဏ် ဖြစ်ပျက်ကိုမြင်တာဘဲ....(မှန်လှုပါဘုရား)။

ပစ္စဆိုဗ္ဘာနေဉာဏ်ကံတဲ့ဝိပဿနာဉာဏ်ချုပ်သွားပြီးသကာလ ဒီဘက်က ဖြစ်ပျက်မရှိတဲ့ (နိဗ္ဗာန်မြင်တာဘဲ....(မှန်ပါ့)မဂ်ဉာဏ်နဲ့နိဗ္ဗာန်မြင်တယ်.... (မှန်ပါ့)ဖျေ့ဉာဏ်က ဖြစ်ပျက်မြင်တယ်.... (မှန်ပါ့) နောက်ဉာဏ်က....(နိဗ္ဗာန်မြင်ပါတယ်ဘုရား)။

အဲ....ခင်ဗျားတို့ အားထုတ်ကြည့်၊တပဲလုံး အားထုတ်ကြည့် တကာတကာမတို့ တပဲလုံး အားထုတ်ကြည့်ပါ၊ ဖျေ့ပိုင်းကသာ ဆိုယင် ဖြစ်ပျက်ဘဲမြင်မယ်.... (မှန်ပါ့ဘုရား) ဟာ-တပည့်တော်တို့ ဖြစ်ပျက်ဘဲ ရှိသေးတယ်ဆိုယင် မပူနဲ့တော့....(မှန်ပါ့)။

ဖြစ်ပျက်ဘဲရှိသေးတယ်ဘုရား၊ ဖြစ်မှုပျက်မှုကလေးတွေ ခန္ဓာကိုယ်ယားတာကြည့်လိုက် မရှိတာဘဲတွေ့ပါတယ်၊ စိတ်ကလေးတွေ ပေါ်လာတာလဲ စားချင်တဲ့ စိတ်ကလေး ပေါ်လာတယ်၊ ပြန်တွေးလိုက်တယ် မရှိဘူးဆိုတာသိပါတယ်၊ အို....ဒါ ဖြစ်ပျက်မြင်ပြီဆိုတာအောက်မေ့....(မှန်ပါ့ဘုရား)။

ဒေါသကလေး ဖြစ်လာတယ်၊ ဒါကလေးက ရှိ,မရှိ ကြည့်လိုက်စမ်း ဦးခင်မောင်.... (မရှိပါဘုရား) တွေးစိတ်ပေါ်လာယင် ရှိသေးရဲ့လား(မရှိပါဘုရား)မရှိတော့ မရှိတာက အနိစ္စ၊ သိတာက မဂ္ဂဆိုတာ မသေချာဘူးလား....(သေချာပါတယ်)။

အဲဒီတော့ ဒါ-ဝိပဿနာဉာဏ်မဟုတ်ဘူးလား(ဟုတ်ပါတယ်ဘုရား) အဲ-ဝိပဿနာဉာဏ် လာလို့ရှိယင် သူ့နောက်က ဘာဉာဏ်လာမလဲ.... (မဂ်ဉာဏ်လာပါမယ် အနိဗ္ဗိကလေး-(မှန်ပါ့)။

တကာတကာမတို့ ဝေးသလား....(မဝေးပါဘုရား)ဒီစားပွဲပေါ်မှာဘဲကြည့်ပါ- ငါးခု(မှန်ပါ့)ငါးခုနဲ့ ရှစ်ခုဆိုတော့ တကာတတာမတွေ့သိတဲ့အတိုင်း ငါးခုဆုံးလို့ ရှိယင်ငါးခုရင့်ကျက်ယင် ဘာဖြစ်မယ်....(ရှစ်ခုဖြစ်ပါမယ်ဘုရား)။

ရှစ်ခုဖြစ်လို့ရှိယင် သောတာပတ္တိမဂ်.... (မှန်ပါဘုရား) ရှစ်ခုဖြစ်လို့ရှိယင်.... (သောတာပတ္တိမဂ်ပါဘုရား) အဲ-ငါးခုရင့်ယင် ရှစ်ခုဖြစ်ရမယ်....(မှန်ပါဘုရား) ငါးခုရင့်ဘို့က ခင်ဗျားတို့ တာဝန်-(မှန်ပါ့)ရှစ်ခုပေါ်မှူသည်ကားလို့ဆိုယင် အနန္တရပစ္စည်း.... (မှန်ပါဘုရား)။

အနန္တရ၏သတ်ို- (မှန်ပါ့) အနန္တရပစ္စယော=အခြားမရှိမူ၍ ကျေးဇူးပြုတယ်....(မှန်ပါ့)သဘောကျပလား....(ကျပါပြီ)သူနဲ့ သူ အခြားရှိသေးရဲ့လား(မရှိပါဘုရား)မရှိတော့ပါဘူး ဆိုတာပေါ်ပလား....(ပေါ်ပါပြီ)။

ဒါဖြင့် သူရင့်ဘို့ရာသာ အရေးကြီးတယ်....(မှန်ပါ့)နောက်ဆုံးပိတ်ရင့်တဲ့ ဝိပဿနာမဂ်နဲ့ သောတာပတ္တိမဂ်နဲ့ဟာ အနန္တရပစ္စည်းပါ....(မှန်ပါ့)။

သူက အနန္တရပစ္စည်း....၊ ဦးခင်မောင်,ဦးဝ ဒီဘက်ကအနန္တရပစ္စည်း၏ ပစ္စယုပ္ပန်ဆိုတော့ အကြောင်းနဲ့အကျိုး....(မှန်ပါ့) အနန္တရပစ္စယော=အခြားမရှိမူ၍ ကျေးဇူးပြုတယ်.... (မှန်ပါ့)။

အနန္တရပစ္စယောဘာတဲ့(အခြားမရှိမူ၍ကျေးဇူးပြုပါတယ်) အဲဒီဥာဏ်ရင့်လာလို့ရှိယင် ဒီဥာဏ်ပေါ်လာတော့ ကြားထဲမှာ ကိလေသာများ ခြားသေးသလား....(မခြားပါဘုရား)။

ဘာမှမခြားဘူးကဲ့၊သံယုတ်အဌကထာကလဲ သေသေချာချာဖွင့်တယ် ဒီဥစ္စာ၊ ဝိပဿနာဟာ အနန္တရပစ္စည်းဘဲတဲ့၊ မဂ်ဥာဏ်ဟာ အနန္တရပစ္စည်း၏ ပစ္စယုပ္ပန်အကျိုးတရားဘဲတဲ့ဆိုတော့.... မောင်ထွန်းလှိုင်တို့ အားငယ်စရာရှိရဲ့လား....(မရှိပါဘုရား)အင်မတန် ကျေးဇူးများပြီ....(များပါပြီဘုရား)။

အဲဒီတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဟောလိုက်တယ်၊ မင်းက ဟို-ရဟန္တာတွေပြောတာ မင်းမကျေနပ်ဘူး ဆိုတော့ ငါ့ကို လာမေးတော့လဲ ငါပြောရမှာပေါ့ကွာ- ဆိုပြီး ဘုရားကပြောလိုက်တယ်။

သုသိမ ရှေ့ပိုင်းက ဝိပဿနာဉာဏ်၊ နောက်ပိုင်းက မဂ်ဉာဏ်ကွ....ဖြေလိုက်ပြီ....(မှန်ပါ့)ဘာတဲ့တုန်း.... ရှေ့ပိုင်းက ဝိပဿနာဉာဏ်၊ နောက်ပိုင်းက မဂ်ဉာဏ်ပါဘုရား)။

အဲ-ဒါဘဲကွတဲ့၊ ဟို-ကိုယ်တော်တွေ ဖြေတာလဲဒါဘဲ-(မှန်ပါ့) တကာ တကာမတို့ ကောင်းကောင်း ကျေနပ်ပလား....(ကျေနပ်ပါပြီ)ရှေ့ပိုင်းက ဘာတုန်း....(ဝိပဿနာဉာဏ်ပါ) နောက်ပိုင်းက....(မဂ်ဉာဏ်ပါဘုရား)။

အဲ-ဝိပဿနာဉာဏ်ကဖြစ်ပျက်ကိုမြင်တယ်၊မဂ်ဉာဏ်ကနိဗ္ဗာန်ကိုမြင်တယ်....(မှန်လှပါဘုရား) မြင်ပုံချင်း သွားပြီး မထူးဘူးလား....(ထူးပါတယ် ဘုရား) အဲဒီတော့ ဖြစ်ပျက် မြင်ယင်ဘဲ ခင်ဗျားတို့ ဘာပူစရာ ရှိတော့သတုန်း....(မရှိပါဘုရား)။

ရင့်လာလို့ရှိယင်ဖြင့် အပျက်မြင် အပျက်မုန်း၊ မလောဘူးလား....(လောပါတယ်ဘုရား) ဒီ-အပျက်တွေဟာ ဒုက္ခသစ္စာတွေပါကလားဆိုယင် ဆုံးတော့မှာဘဲ....(မှန်ပါ့ဘုရား) မဆုံးပေဘူးလား....(ဆုံးပါတယ်ဘုရား)။

ဆုံးသွားလို့ ဒါဘာခေါ်ကြမယ်.... (နိဗ္ဗာန်ပါဘုရား) နိဗ္ဗာန်ဘဲဆိုတော့ နိဗ္ဗာန်မံ မဂ္ဂဿ သွားဖြစ်ပြီ.... (မှန်ပါ့ဘုရား) မဖြစ်ဖူးဘူးလား....(ဖြစ်ပါတယ်ဘုရား)။

ဒါလဲ တပည့်တော် နားမလည်ဘူးတဲ့.... (မှန်ပါ့) ဘယ်သူက ပါလိမ့်....(သုသိမ့်ကပါ)ဒါလဲ နားမလည်ဘူးဘုရား....တဲ့၊ ကဲ.... မောင်မြ မခက်လားကွာ....(ခက်ပါတယ်ဘုရား) ဦးဇော်ရင့်, ဒါလဲ နားမလည်ဘူးတဲ့၊ ကိုမြရွှေ....(မှန်ပါ့ဘုရား) မခက်ဘူးလားဗျာ (ခက်ပါတယ်ဘုရား)။

ခင်ဗျားတို့သာ အခုဆရာဘုန်းကြီးက ခေါင်းဆောင်ပြီး သကာလ ပြလိုက်တဲ့အတွက် သြော်....ဒို့အလုပ်က ဝိပဿနာ အလုပ်- ဒို့က ဖြစ်ပျက်မြင်ဘို့ အလုပ်က ဒို့အလုပ်.... (မှန်ပါ့ဘုရား)ရှင်းပလား....(ရှင်းပါပြီ) မင်္ဂလာဘို့အလုပ်က မင်္ဂအလုပ် (မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီ)။

ဖြစ်ပျက် မြင်ဘို့ အလုပ်က.... (တပည့်တော်တို့ အလုပ်ပါဘုရား)မင်္ဂလာဘို့အလုပ်က.... (မင်္ဂအလုပ်ပါဘုရား) မင်္ဂအလုပ်တဲ့၊ မင်္ဂကပေါ်ပါစေလို့ ပေါ်တာမဟုတ်ဘူး၊ သူရင့်လာယင် သူ့ဟာသူပေါ်တာ....(မှန်ပါ့ဘုရား)။

ဒါ့ကြောင့် တကာတကာမတို့ ဝါးနှစ်လုံးပွတ်တာ ပွဘို့ဟာသာ ပွတ်တဲ့ပုဂ္ဂိုလ်၏ အလုပ်....(မှန်ပါ့) ပွလှမကပွယင် မီးထွက်လာတဲ့ဥစ္စာက ဝါးအလုပ်.... (မှန်ပါ့ဘုရား) ရှင်းပလား.... (ရှင်းပါပြီ)။

ပဋ္ဌမပွဲအောင် လုပ်ရတာက....ပွတ်သော ပုဂ္ဂိုလ်၏ အလုပ်၊ သဘောကျပလား.... (ကျပါပြီ) အဲပွဲလှ,မက ပွဲတဲ့အခါကျတော့ မီးထွက်လာတာသည် တကာတကာမတို့ ပွတ်တဲ့ပုဂ္ဂိုလ်၏ စွမ်းရည်သတ္တိ ကင်းပါရဲ့လား.... (မကင်းပါဘုရား)။

ဒါဖြင့် ကျုပ်တို့ ပူအောင် မပုတ်သေးယင်ဖြင့် မီးမထွက်သေးဘူး....(မှန်ပါ့)ဒါဖြင့် ဖြိုင်ဖြိုင် မရှသေးယင် မင်္ဂမီးမထွက်သေးဘူး-(မှန်ပါ့) ဖြိုင်ဖြိုင်ရှယင်.... (မင်္ဂမီးထွက်ပါတယ်ဘုရား) သဘောပါပလား....(ပါ-ပါပြီ)။

ဒါဖြင့် ခန္ဓာထဲသာ ဉာဏ်လွှတ်ပါဆိုတာ အင်မတန် အရေးကြီးတဲ့ စကားပါကလား ဆိုတာ ပေါ်လာတယ်.... (ပေါ်လာပါတယ်ဘုရား) ပေါ်မလာဘူးလား.... (ပေါ်လာပါတယ်ဘုရား)။

ကောင်းပြီ....ဒါဖြင့် တကာတကာမတို့ ဘုရားကလဲ ရှေ့ပိုင်းက "ပုဗ္ဗဓေါ သုသိမ ဓမ္မဋ္ဌိဉာဏံ ဟောတိ၊ ပစ္ဆာနိဗ္ဗာနေ ဉာဏံ "(မှန်ပါ့)"ဓမ္မဋ္ဌိဉာဏန္တိဝိပဿနာဉာဏံ၊တံပဋ္ဌမတရုံ ဥပ္ပဇ္ဇတိ" - အဋ္ဌကထာ ဆရာက ဒါ ပဋ္ဌမသူအရင်ဖြစ်တာဘဲကွ၊ ပစ္ဆာနိဗ္ဗာနံ ဝိပဿနာယ အာစိဏ္ဏန္တေ=ဝိပဿနာ ရင့်ကျက်လာလို့ရှိယင်ကွာတဲ့ မင်္ဂဉာဏ် ပေါ်လာတယ်တဲ့.... (မှန်လှပါဘုရား)။

သူ-ရင့်ကျက်လာယင် ပေါ်လာတာတဲ့....(မှန်ပါ့) တံဒုတိယံ ဥပ္ပဇ္ဇတိတဲ့-မင်္ဂဉာဏ်ကတော့ ဒုတိယမှ ဖြစ်မယ်တဲ့၊ သူ-ရင့်ကျက်ယင် ဖြစ်တာဘဲတဲ့....(မှန်လှပါဘုရား) ရှင်းပလား(ရှင်းပါပြီ)။

ဒါဖြင့် ခင်ဗျားတို့အလုပ်က မီးထိုးဘို့အလုပ်ဘဲ၊ ဟင်းအိုးတွေ ဘာတွေ နှူးနှူးနပ်နပ် ရှအောင် မီးထုံးဘို့ အလုပ်ဟာ ခင်ဗျားတို့အလုပ်.... (မှန်ပါ့ဘုရား)။

နှူးနှူး ဖြစ်ဘို့ အလုပ်သည်ကားလို့ ဆိုလို့ရှိယင် တကာတကာမတို့ သူ့ဟာသူ ရေနွေးက လုပ်သွားမှာဘဲ.... (မှန်ပါ့

ဘုရား)မီးသာ ခင်ဗျားတို့က အဖန်ဖန်ထိုးဘို့ဘဲ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ဒီလိုဟောပြန်တော့လဲ နားမလည်ဘူးလို့ သုသိမ့်က ဖြစ်နေပြန်တော့ ဦးခင်မောင်.... အတော် ခက်နေတယ်.... (မှန်လှပါကဲ့.....သုသိမ မင်းနားလည်ချင်လဲလည် မလည်ချင်လဲ နေတော့ လာရပြန်တာဘဲ....(မှန်ပါ့)။

ငါဘုရား သာသနာတော်မှာကွာတဲ့၊ နာယံ သုသိမ မင်္ဂါဝါဖလံဝါ သမာဓိ နိသံသော" မင်ဖိုလ်ရတာဟာ သမာဓိအကျိုးလဲမဟုတ်ပါဘူးကွတဲ့၊ သဘောကျပလား.... (မှန်လှပါဘုရား) သမာဓိကြောင့် ပြီးတယ်လို့လဲ မယူလိုက်ပါနဲ့.... (မှန်ပါ့)ရှင်းပလား.... (ရှင်းပါပြီ)။

သမာဓိကြောင့်ဖြစ်တယ်၊ သမာဓိ၏အကျိုး၊ သမာဓိကြောင့် ပြီးဆုံးတယ်လို့....ဒီလို မယူလိုက်ပါနဲ့တဲ့....(မှန်ပါ့) ဝိပဿနာ ပဉနသာနိသံသော....တဲ့ .... အဋ္ဌကထာ ဆရာက၊ ဝိပဿနာ၏ အကျိုးဆက်ကြောင့်သာလျှင်တဲ့ နိဗ္ဗာန် ရတာပါတဲ့.... (မှန်လှပါ) ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား) ဘယ်သူ့ကြောင့် နိဗ္ဗာန်ရသလဲ....(ဝိပဿနာ၏ အကျိုးဆက်ကြောင့်ပါ ဘုရား)။

ဝိပဿနာကြောင့် နိဗ္ဗာန်ရတာကွ....တဲ့၊ မင်ဖိုလ်ဆိုတဲ့ဥစ္စာ သမာဓိ၏ စွမ်းရည်သတ္တိလဲ မဟုတ်ဘူး၊ သမာဓိကြောင့် ဖြစ်တယ်လို့လဲ မင်းယူကိုမယူနဲ့ကွတဲ့....(မှန်ပါ့) ဝိပဿနာကြောင့် ဖြစ်တယ်လို့ မင်းသေသေချာချာယူ....(မှန်လှပါဘုရား)ဆိုတော့ ဒီလိုပြောတာလဲ ဘုရားက ရှင်းမပြောဘူးလား.... (ပြောပါတယ် ဘုရား)။

မင်ဉာဏ် ဖိုလ်ဉာဏ် ရတယ်ဆိုတာ ဘယ်နှယ်ကြောင့်လဲ.... (ဝိပဿနာကြောင့်ပါ)ဝိပဿနာ ဉာဏ်ကြောင့် ရတာ၊ ဟာဒီ မင်ဉာဏ်ဟာ ဝိပဿနာဉာဏ်ကြောင့်ရတယ်....(မှန်ပါ့)။

နောက်ကမဂ္ဂင်ရှစ်ပါးဟာ ရှေ့ကဝိပဿနာ ဉာဏ်ကြောင့် ရတာ....(မှန်ပါ့) ဒီ့ပြင်နည်းကြောင့် ရတယ်လို့ ဘယ်တော့မှ မယူနဲ့....(မှန်ပါ့)သဘောကျပလား....)ကျပါပြီ)။

အဲဒီတော့ ဘုန်းကြီးတို့ တကာတကာမတွေ့ တိုက်တွန်း ရတယ်။ ဒီဉာဏ်အားထုတ်ယင် ဒီဉာဏ်ရမယ်.... (မှန်ပါ့ဘုရား)။

ဒီဉာဏ်ရလို့ရှိယင် ခင်ဗျားတို့ ဘဝများစ့ဉာက မိုက်လာတဲ့ အကုသိုလ်တွေက အခု အပါယ်ပို့မလို့၊ ရှေးဘဝတွေက ပါလာတာလဲ တပုံကြီးနော်....(မှန်ပါ့) ဒီဘဝမသိလို့ မိုက်ထားတာတွေ့ အပါယ်သွားဘို့တွေ့ကော.... (တပုံကြီးပါဘုရား)အဲဒါတွေ့ကို ဒီဉာဏ်တွေ့က အကုန် မီးရှို့ပစ်လိုက်တယ်.... (မှန်ပါ့ဘုရား) အဲဒီ့ အကုသိုလ်တွေ့ အကုန် မီးရှို့ ပစ်လိုက်တယ်....(မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒီတော့ ကြွေးရှိတဲ့ပုဂ္ဂိုလ်ဟာ အေးအေးမနေပါနဲ့ ဒီဉာဏ် ရအောင်လုပ်ပါ....(မှန်ပါ့ဘုရား) ဒီဉာဏ်ရအောင်လုပ်ပါဆိုတာ ဒီဉာဏ်ကိုကြိုးစား၊ ဒီဉာဏ်ကြိုးစားလို့ ထက်သန်ယင် ဒုတိယဉာဏ်ဟာ.... (အလိုလို ရပါတယ်ဘုရား) မရ-မရှိပါဘူးဆိုတာ သဘောကျပလား....(ကျပါပြီ) သေသေချာချာ ပေါ်ပလား.... (ပေါ်ပါပြီ ဘုရား)။

ဒါဖြင့် တကာတကာမတို့ ဘယ်ဉာဏ်ကို ရှေ့ထားပြီး အားထုတ်ရမလဲ....(ဝိပဿနာဉာဏ်ကို ရှေ့ထားပြီး အားထုတ်ရပါ

မယ်) အဲ....ခင်ဗျားတို့က ရှေးဦးစွာဖြစ်ပျက်သာ မြင်အောင် ကြည့်....(မှန်ပါ့) ယားလာယင် ယားတာကလေးဟာ ရှိသေး သလား....မရှိဘူးလား....ကြည့်စမ်း.... (မရှိပါဘုရား)။

မရှိတာဘာခေါ်မယ်.... (အနိစ္စပါဘုရား) သိတာက ဘာ ခေါ်မယ်....(မဂ္ဂပါဘုရား) ဟောသိတာ မဂ္ဂဆိုတာ ဒီငါးခု ပေါ်တာ....(မှန်ပါ့)ခင်ဗျားတို့ ဒီငါးခု ပေါ်ပြီ....(မှန်ပါ့)။

ဦးခင်မောင်.... ဒီငါးခု ပေါ်လာတဲ့ဥစ္စာ သာသနာတွင်း တရားလို့....သဘောကျပလား....(ကျပါပြီဘုရား) ကဲ....တကာ တကာမတို့ စားချင်တဲ့စိတ်ကလေး ပေါ်လာတယ်၊ ဆာလိုက် တာဆိုတော့ အို....ဆာတာကလေးဘဲ တကာတကာမတွေ ရှိ-မရှိ ကြည့်ပါဦး....(မှန်ပါ့)မရှိဘူးမဟုတ်လား.... (မှန်ပါ့)။

ဒါဖြင့် ဆာတာကလေးက အနိစ္စ၊ တွေးလုံးကလေးက(မဂ္ဂပါ ဘုရား) ဟာ....ဒီဥာဏ် ရတယ်၊ မရဘူးလား.... (ရပါတယ် ဘုရား (ဝိပဿနာဥာဏ်ဘဲ ပြန်ပြန်ရတယ်....(မှန်ပါ့) ဒါဖြင့် ဒီဥာဏ်ကို ရဖန်များလို့ ရင့်လာလို့ ရှိယင် တကာတကာမတို့ ဒီဥာဏ် အလိုလိုပေါ်မယ်....(မှန်ပါ့) သဘောကျပလား.... (ကျ ပါပြီဘုရား)။

အဲဒီတော့ တကာတကာမတို့ တာဝန်က ၁-မှာ တာဝန်ရှိ တယ်၊ ၂-ဟာ အလိုလိုပေါ်မယ်.... (မှန်ပါ့)။

၁-ကြိုးစားယင်....(၂-ဟာ အလိုလိုပေါ်ပါမယ်) ၂-အလိုလို ပေါ်မယ်ဆိုတာ မသေချာဘူးလား.... (သေချာပါတယ်) အဲဒီ ကော့ တကာတကာမတို့ တာဝန်က ၁-မှာ တာဝန် ရှိတယ်၊ ၂ ဟာ အလိုလို ပေါ်မယ်....(မှန်ပါ့ဘုရား)။

၁-ကြိုးစားယင်.... (၂-ဟာအလိုလိုပေါ်ပါတယ်ဘုရား) ၂-အလိုလိုပေါ်မယ်ဆိုတာ မသေချာဘူးလား....(သေချာပါတယ်ဘုရား) အဲဒီတော့ အားငယ်စရာ ရှိရဲ့လား....(မရှိပါဘုရား) တကာ တကာမတို့ ဒီသုသိမပရိဗိုဇ်သည်ဘုရားကိုက ၁-နဲ့ဟာ လိမ့်ဦးမယ် သူ့ကို....(မှန်ပါ့) ၁-ဉာဏ်အရင်မေးပြီး ပြဦးမယ်၊ ပြတဲ့အခါ ၂-ဉာဏ် သူ့ဟာသူ ပေါ်ဦးမယ်.... (မှန်ပါ့ဘုရား) ခိုးရင်းမတွန့်ကို ပေါ်ဦးမယ်....(မှန်ပါ့)။

အဲဒီဥစ္စာ သေချာတော့ တရားသူခိုးတောင် မဂ်ရသေးတာဘဲ၊ ဒီဟာ တရားလိုချင်လို့၊တရားလိုချင်လို့ ရအောင်လုပ်တဲ့ ပုဂ္ဂိုလ် ဘယ်မှာ မရဘဲ ရှိမလဲ....(မှန်ပါ့)။

ခိုးတဲ့လူတောင် ရဟန္တာဖြစ်သေးတယ်၊ တကယ်လိုချင်တဲ့လူ တကာတကာမတို့ ကိုယ့်ကိစ္စကိုယ့်ဉာဏ်နဲ့စေလွှတ်ယင်မပြီးဘဲ ရှိပါ့မလား....(မရှိပါဘုရား) သဘောကျပလား.... (ကျပါပြီ)။

အဲဒီတော့သုသိမ တနေ့က ကတည်းက တာဝန်ခံခဲ့တယ်၊ သူတည်ပုံပြောမယ်လို့ ဆိုတာ ကာလဝတ္ထုကို ပြောချင်တာနဲ့ ဦးခင်မောင်ရဲ့....အချိန်ကုန်သွားတယ်....(မှန်ပါ့)ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ကဲ....ယနေ့ ဒီတွင် တော်ကြဦးစို့။

သာဓု....သာဓု....သာဓု

ဤတွင် အမှတ်စဉ် ၅-ပြီးဆုံးပါပြီ။

(မှတ်ချက်)

(မှတ်ချက်)

(မှတ်ချက်)

ရနိုင်သောဌာနများ

ဤအဖွဲ့မှ ရိုက်နှိပ်ထုတ်ဝေပြီးထုတ်ဝေလတ္တံ့သောစာအုပ်များကို အောက်ဖေါ်ပြပါ ဌာနများတွင် ရရှိနိုင်ပါသည်။

အဖွဲ့မှရပ်ဝေးသို့တင်ပို့ခြင်းမပြုပါ။

ရန်ကုန်မြို့

(၁) ပညာအလင်းပြ စာအုပ်တိုက် ၁၃၀-ဗိုလ်ချုပ်လမ်း၊
(၂) ဗုဒ္ဓဓမ္မလောကစာစောင် ရွှေတိဂုံဘုရားလမ်း။
(၃) ဦးချစ်ထုံး၊အမှတ် ၃၃-ဘုန်းကြီးလမ်း။
(၄) ရွှေတိဂုံဘုရားတောင်ဘက်စောင်းတန်း ဦးချစ်တင်ဆိုင်နှင့် အခြားစာအုပ်ဆိုင်များ။
(၅) ဟံသာဝတီစာအုပ်ဆိုင်၊ဗိုလ်အောင်ကျော်လမ်း။

မန္တလေးမြို့နှင့်အခြားမြို့များ

(၆) သစ်ဘရားသားအယ်(လ်)ရုံ စျေးချိုတော်။
(၇) အောင်မြန်မာ စက္ကူဆိုင် အောက်လိုင်းစျေးချို။
(၈) ဦးဘထွေး ဂျစ်ကားတံဆိပ် အထည်တိုက် မုံရွာမြို့။
(၉) ဦးဘအုန်း - ဒေါ်ကျင်လှမ် (အုန်းဘရားသား) ၁၆-ကုန်စုံလမ်း၊ပုသိမ်မြို့။
(၁၀) အောင်နိုင်စာပေတိုက်၊ နဝရတ်သိဂီတိုက် ၁၁၅-အခန်းအမှတ် ဘီစီ-လမ်းမတော်၊ပြည်မြို့။
(၁၁) ရွှေမောင်းစာအုပ်ဆိုင်၊ဗိုလ်ချုပ်လမ်း၊ဟသ်ာဝတမြို့။
(၁၂) ဦးမောင်ရွှန်၊ ၁-စကာဝလမ်း၊ ရွှေတောင်ရပ်၊ မော်လမြိုင်မြို့။
(၁၃) ဦးတင်အောင်-ဒေါ်ခင်ကြည်၊ စျေးအနီးဆင်ဖြူကျွန်း သတိပြုရန်။ ။အဖွဲ့တည်ရာဌာနဌာနသို့လက်လီရောင်းချင်းမပြုပါ။

သာသနာရေးဂုဏ်ဒါယကာ
အရှင် ကေဝိဒမှ
လှူဒါန်းပါသည်။

ကျေးဇူးတော်ရှင်အာဂုမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရား၏

ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်

ပြန့်ပွားရေးအဖွဲ့မှ

ကမကထပြု၍ ဤစာအုပ်ကို ရိုက်နှိပ် ထုတ်ဝေသည်။